
www.burmeseclassic.com

THIHAYADANAR



BURMESE CLASSIC .com

ရွှေဥဒေါင်း

# ရှိတ်စပီးယားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် - | ၉၉၉/၂၀၀၂ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် - | ၉၂၉/၂၀၀၂ (၁၀) |

စီစဉ်သူ ■ ဦးသိမ်းစိုး

ပုံနှိပ်မှတ်တမ်း ■ ပထမအကြိမ်

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ ■ (၁၀၀၀)

ထုတ်ဝေသူ ■ ဦးသန်းဆွေ

(စစ်သည်တော်စာပေ)

၁၁၃၁/က၊ ဥယျာဉ်လမ်း၊ ဒဂုံတောင်။

မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်

အတွင်းပုံနှိပ် (ရာပြည့်အော့ဖ်ဆက်)

၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။

ကွန်ပျူတာစာစီ ■ သီဟရတနာ

မျက်နှာဖုံးပန်းချီ ■ ကိုဆန်း (Glory)

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ (၁၅၀၀)ကျပ်


## သီဟရတနာစာပေတိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်မမလေး၏ သူမ
၂။ ဂျာနယ်ကျော်မမလေး၏ ရင်မှတရှိုက်
၃။ ဂျာနယ်ကျော်မမလေး၏ မေတ္တာ
၄။ ဂျာနယ်ကျော်ဦးချစ်မောင်၏ သူ
၅။ ဂျာနယ်ကျော်မမလေး၏ နတ်ရေးငယ်ရွှေစာ
၆။ ဂျာနယ်ကျော်မမလေး၏ ကမ္ဘာမြေဝယ်
၇။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အိမ်ကြီးမာယာ
၈။ ဂျာနယ်ကျော်မမလေး၏ စိတ်
၉။ ဆောင်းဝင်းလတ်၏ လွမ်းလောက်ပေသည်
၁၀။ ဂျာနယ်ကျော်မမလေး၏ သူလိုမိန်းမ
၁၁။ မောင်သိန်းတန်၏ သည်အရွယ်
၁၂။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ သေခြင်းနှင့် အားမာန်
၁၃။ ပါရဂူ၏ ဘုရားကျောင်း တံမြက်လှည်းသမား
၁၄။ ဒေါက်တာခင်လေးမြင့်၏ ကျွန်ုပ်၏သဒ္ဒါ
၁၅။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ မုန်တိုင်း
၁၆။ ဂျာနယ်ကျော်မမလေး၏ ရွှေလင်းယုန်
၁၇။ ဂျာနယ်ကျော်မမလေး၏ ပုဂ္ဂလပညတ်
၁၈။ မြတ်ဆွေ၏ စာရေးဆရာတို့၏ အနီးအဝေးပုံရိပ်များ
၁၉။ မင်းဆွေ၏ နာမည်
၂၀။ မိချမ်းဝေ၏ အလွမ်းပင်ဆင့် ကျွမ်းရင်နှင့်
၂၁။ ဦးလှမို၏ ရဟန္တာအစ တောကျွှည
၂၂။ လူထုစိန်ဝင်း၏ ပထမအမျိုးသမီးလမ်းစွင်သူများ
၂၃။ ဂျာနယ်ကျော်မမလေး၏ ရဲဘော်ဖခင်မှတ်တမ်း
၂၄။ မင်းခိုင်ဦး၏ ပန်းတို့သည်လည်း ရန့်ချင်းပြိုင်မညီနိုင်
၂၅။ ဇော်နောင်၏ အာရှမျက်လုံးများဖြင့် အနောက်ကမ္ဘာကိုကြည့်[illegible]
၂၆။ ဟိန်းလတ်၏ သိစိတ်စိုးကြောင်းဖြစ်တည်မှုသစ် ပဥ္စလက်[illegible]မှန်
စာပေအနုပညာရေးရာ

www.burmeseclassic.com

www.burmeseclassic.com

၂၇။ ဂျာနယ်ကျော်မိသားစု၏ ဂျာနယ်ကျော်စီးဆင်းမှု
၂၈။ ရွှေဥဒေါင်း၏ အေဗရာဟင်လင်ကွန်း
၂၉။ ဒဂုန်တာရာ၏ မေ
၃၀။ နတ်နွယ်၏ ရင်သွေးနှင့် မိုရေးဗီးယား ဝတ္ထုတိုများ
၃၁။ ဂျာနယ်ကျော်မမလေး၏ သုခုမအနုပညာရှင်
၃၂။ ဂျာနယ်ကျော်မမလေး၏ အမြှု
၃၃။ ချစ်ဦးညို၏ လက်ဘဲဒီပချစ်သူ
၃၄။ ဂျာနယ်ကျော်မမလေး၏ တွေးတစိမ့်စိမ့်
၃၅။ မန္တလေးကလောင်စုံ၏ မဆုံဖြစ်ကြသူများ
၃၆။ လူထုဒေါ်အမာ၏ ငွေနှင့်လက်နက်
၃၇။ ဒဂုန်တာရာ၏ မြိုင်

**ရှိတ်စပီးယားဝတ္ထုတိုများ**

**သီဟရတနာစာပေတိုက်မှဆက်လက်ထုတ်ဝေမည့်စာ**

၃၈။ လူထုစိန်ဝင်း၏ အရှေ့ကိုမျှော်၍အနောက်ကိုကြည့်ခြင်း
၃၉။ ချစ်ဦးညို၏ သုဝဏ္ဏဘုမ္မိဝေဒနာ
၄၀။ ဟိန်းလတ်၏ ကမ္ဘာကျော်စာရေးဆရာများနှင့် သူတို့၏စာများ
၄၁။ ဆောင်းဝင်းလတ်၏ မီးပြတိုက်
၄၂။ မိချမ်းဝေ၏လှိုင်းနှစ်ထပ်ပင်လယ်
၄၃။ အောင်ဝေး၏ အေးမြမြမီးလျှံ
၄၄။ မင်းဆွေ၏ မနိုင်ငံ
၄၅။ မြသန်းတင့်၏ အညတရရုပ်ပုံလွှာ
၄၆။ မြသန်းတင့်၏ ကံကောင်း
၄၇။ မောင်ဝံသ၏ ကမ္ဘာ့ထိပ်တန်းနိုင်ငံများနိုင်ငံရေးစီးပွားရေးမြင်ကွင်းကျယ်လေ့လာချက်
၄၈။ မင်းသုဝဏ်၏ ပန်းနုံ့ပင်စည်
၄၉။ ရွှေဘိုမိမိကြီး၏ သာသနာပြုပုဂ္ဂိုလ်ကျော် ဓမ္မပါလ
၅၀။ ဒဂုန်တာရာ၏ စိမ်းမြရော
၅၁။ ဒဂုန်တာရာ၏ စန္ဒရားဆရာ (သို့) မဟာအချစ်
၅၂။ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ
၅၃။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ

## မာတိကာ

၁။ ဝင်းနစ္စမြို့ကုန်သည်ကြီး ၉
၂။ အော်သယ်လို ၂၇
၃။ ခက်ထန်သော မိန်းမစွာကို ဆုံးမခြင်း ၄၅
၄။ ရိုမီယိုနှင့် ဂျူလီယက် ၆၁
၅။ ကာလဝိပါက်နှောက်ပိုးတက် ၈၅
၆။ ဗာရိုနာမြို့သားသူငယ်ချင်းနှစ်ယောက် ၁၀၇
၇။ မဟုတ်တာအလုပ်ရှာ ၁၂၅
၈။ မက္ကဘက်(သ) ၁၄၇
၉။ ဒွါဒသမြောက်ည သို့မဟုတ် သင့်အလိုအတိုင်း ၁၅၉
၁၀။ အေသင်မြို့သားတိုင်မုန် ၁၇၇
၁၁။ ဒိန်းမက်မင်းသားဟမ်လက် ၁၉၇
၁၂။ လေမုန်တိုင်း ၂၀၉
၁၃။ နွေရာသီတစ်ညဥ့်အိပ်မက် ၂၂၇
၁၄။ ဆောင်းရာသီပုံပြင် ၂၃၉
၁၅။ ဆင်ဘယ်လိုင် ၂၅၅
၁၆။ သင့်သဘောအတိုင်း ၂၆၇
၁၇။ လီယာဘုရင် ၂၈၇
၁၈။ အဆုံးကောင်းခြင်းသည်သာပဓာန ၃၀၉
၁၉။ တိုင်ယာမြို့မှ ပါရီကလစ်မင်းသား ၃၂၅
၂၀။ အမှားမွေးနှစ်စုံ ၃၄၇

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ဗင်နစ်မြို့ကုန်သည်ကြီး

ဗင်နစ်မြို့၌နေထိုင်သော ဂျူး (ရဟူဒီ)လူမျိုး ရှိုင်းလော့သည် ခရစ်ယန်ကုန်သည်ကြီးများအား အတိုးနှုန်းကြီးစွာနှင့် ငွေချေးခြင်း အလုပ်ဖြင့် ကြွယ်ဝသော သူဌေးကြီးတစ်ယောက် ဖြစ်လာ၏။ ရှိုင်းလော့သည် ကြင်နာခြင်း ကင်းမဲ့သူတစ်ယောက်ဖြစ်၍၊ မိမိချေးထားသော ငွေများကို ကြပ်တည်းစွာ ပြန်လည်တောင်းခံတတ်သည့်အတွက်ကြောင့် လူများအားလုံးက မနှစ်သက်ကြဘဲ အထူးသဖြင့် ဗင်နစ်မြို့သားကုန်သည် အန်တော်နီယို၏ မုန်းတီးခြင်း ခံရသူဖြစ်၏။ အန်တော်နီယိုသည် ကြပ်တည်းဆင်းရဲသော လူများအား အတိုးမယူဘဲ ငွေချေးလေ့ရှိသည့်အတွက်ကြောင့် ရှိုင်းလော့ကလည်း ၎င်းအား အလွန်မုန်း၏။ သို့ဖြစ်၍ လောဘကြီးသော ရှိုင်းလော့နှင့်ရက်ရောသော အန်တော်နီယိုတို့မှာ ရန်သူကြီးများဖြစ်လာကြ၏။ အန်တော်နီယိုသည် ရှိုင်းလော့နှင့် ငွေလဲတိုက်တွင် ဆုံမိကြသည့်အခါတိုင်း ရှိုင်းလော့အား အတိုးကြီးစားသော လောဘသမားကြီးတစ်ယောက်ဟူ၍လည်းကောင်း၊ သနားကြင်နာခြင်း ကင်းမဲ့သူတစ်ယောက်ဟူ၍လည်းကောင်း ပြောင်ပြောင်ကြီးခေါ်ကာ ရှုတ်ချလေ့ရှိ၏။ ရှိုင်းလော့မှာအား ဤအတွက်ကြောင့် ဝမ်းထဲ၌ကြိတ်၍ ရန်ငြိုးထားသော်လည်း သည်းခံသော အမူအရာမျိုးဖော်ပြလေ့ရှိ၏။

သီဟရတနာစာပေတိုက်

www.burmeseclassi.com

www.burmeseclassic.com



အန်တော်နီယိုမှာ လူထဲတွင် အကြင်နာတတ်ဆုံး၊ စိတ်သဘောအကောင်းဆုံး သူတစ်ထူးကျေးဇူးပြုခြင်း၌ မွေ့လျော်တတ်ဆုံးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ စင်စစ်မှာ အန်တော်နီယိုသည် အီတလီပြည်သားအပေါင်းတို့အနက်တွင် ရှေးရောမမြို့သားတို့၏ ဂုဏ်ကျက်သရေကို အပေါ်လွင်ဆုံး ဖော်ပြသူတစ်ယောက်ဟု ဆိုထိုက်၏။ ဝင်နစ္စမြို့သူ မြို့သားတိုင်းက အန်တော်နီယိုအား လွန်စွာ ချစ်ခင်ကြသည်မှန်သော်လည်း ၎င်းနှင့် အချစ်ခင်ဆုံးသော မိတ်ဆွေမှာကား ဘာဆယ်နီယိုဖြစ်လေရာ ထိုသူမှာ အမျိုးမြတ်သလောက် ဥစ္စာမရှိဘဲ သူ၏ဂုဏ်ဒြပ်နှင့် လိုက်အောင် အထက်တန်းကျကျ နေထိုင်မိခြင်းကြောင့် ရှိသမျှသော ပစ္စည်းများ ကုန်ခမ်းလုမတတ်ဖြစ်နေလေ၏။ ဘာဆယ်နီယို၌ ငွေလိုတိုင်း အန်တော်နီယိုက ကူညီထောက်ပံ့လေ့ရှိရာ ထိုသူနှစ်ယောက်တို့မှာ တစ်စိတ်တည်း "တစ်အိတ်တည်း"ကဲ့သို့ ဝေငှသုံးစွဲလေ့ရှိကြလေသည်။

တစ်နေ့သ၌ ဘာဆယ်နီယိုသည် အန်တော်နီယိုထံသို့လာ၍ ပစ္စည်းဥစ္စာချမ်းသာသော မိန်းမတစ်ယောက်နှင့် လက်ထပ်ခြင်းအားဖြင့် မိမိ၏အခြေအနေကို မြှင့်တင်ဖို့ အကြံရှိကြောင်း၊ အမျိုးသမီး၏ ဖခင်မှာ မကြာမီက ကွယ်လွန်၍ တစ်ဦးတည်းသောထိုသမီးအတွက် ပစ္စည်းအမြောက်အမြား ထားခဲ့ကြောင်း၊ ဖခင်မသေမီက အမျိုးသမီး၏ နေအိမ်သို့ လည်ပတ်ဖူးရာတွင် မိမိအပေါ်၌ မေတ္တာသက်ဝင်သော အမူအယာမျိုးတွေ့သည်ဟု အကဲခတ်မိကြောင်း၊ မိမိမှာ ဤမျှလောက် အဆင့်အတန်းမြင့်သော အမျိုးသမီးတစ်ယောက်ထံသို့ လူပျိုလှည့်သွားလိုသော်လည်း ထိုက်တန်လောက်အောင် သားသားနားနား သွားဖို့မတတ်နိုင်ဘဲ ဖြစ်နေပါသောကြောင့် (ဒုကက်)ငွေ ၃၀၀၀မျှလောက် စိုက်ထုတ်ချေးငှားပါမည့်အကြောင်း တောင်းဆိုလေ၏။

အန်တော်နီယိုမှာ ထိုအချိန်၌ လက်ထဲတွင် ငွေမရှိဘဲ ဖြစ်နေသော်လည်း မကြာမီအတွင်း မိမိ၏ ကုန်သင်္ဘောများ ဆိုက်ရောက်လာတော့မည်ဖြစ်သောကြောင့် ဂျူးလူမျိုး ရှိုင်းလော့ထံသို့သွား၍ ချေးပေးမည်ဟု ပြောကာ ရှိုင်းလော့ထံသို့နှစ်ယောက်သား သွားကြလေ၏။

အန်တော်နီယိုသည် ရှိုင်းလော့ထံမှ ငွေ ၃၀၀၀ ချေးလိုကြောင်း၊ လိုချင်သလောက် အတိုးယူနိုင်ကြောင်း၊ မိမိ၏ ကုန်သင်္ဘောများ ဆိုက်ရောက်လာသောအခါ ပေးဆပ်မည်ဖြစ်ကြောင်း ပြော၏။ ရှိုင်းလော့စဉ်းစားမိသည်ကား "သူ့ကို ဒီတစ်ချက် ငါမိလိုက်လျှင် ငါခံခဲ့ရသမျှတွေ ကျေသွားအောင် နှံလိုက်မယ်။ သူက ငါ့ကို ဂျူးဆိုပြီး တစ်မျိုးလုံးမုန်းလိုက်သေး၊ သူ့ငွေကိုလည်း လူတကာကို အတိုးမယူဘဲ ချေးလိုက်သေး။ ကုန်သည်ကြီးတွေ အလည်မှာ ငါ့ကိုလည်း ကလော်တုတ်လိုက်သေး၊ ငါ့အပေါ်မှာ ဒီလောက် ဆိုးတဲ့လူတစ်ယောက်





ကို ငါက ချမ်းသာပေးလိုက်လျှင် ငါတို့တစ်မျိုးလုံး ကျိန်စာသင့်ရောပေါ့ဟယ်" စသည်ဖြင့် စိတ်ကူးလျက်ရှိ၏။ အန်တော်နီယိုသည် အကြံထုတ်လျက်ရှိသော ရှိုင်းလော့ကို မြင်သောအခါ စိတ်တိုလာသည်နှင့် "ဟေ့ရှိုင်းလော့ ကျုပ်ပြောတာ မကြားဘူးလား၊ ငွေချေးမလား၊ မချေးဘူးလားပြောစမ်း"ဟု ဝေါက်လျက် မေး၏။ ထိုအခါ ရှိုင်းလော့က "ဆရာကြီး အန်တော်နီယိုခင်ဗျား ငွေလဲတိုက်ပေါ်မှာ တွေ့ကြတိုင်း ခင်ဗျားက ကျွန်တော့်ကို လောဘကြီးသလေး၊ အတိုးကြီးစားသလေး ဘာလေးနဲ့ ကြိမ်းမောင်းရေရွတ်ခဲ့တယ် မဟုတ်ဘူးလား။ ကျွန်တော်ကတော့ ဂျူးလူမျိုးတို့ ထုံးစံအတိုင်း သည်းခံခဲ့တာချည်းမဟုတ်လား။ ပြီးတော့လည်း ခင်ဗျားက ကျွန်တော့်ကို မိစ္ဆာဒိဋ္ဌိလေး၊ လည်ချောင်းသွေးစုပ်တဲ့ ခွေးလေးဘာလေးနဲ့ဘဲဆိုပြီး တံတွေးနဲ့ ထွေး၊ ခြေထောက်နဲ့ ကန်ခဲ့ဖူးပေါင်းများလှပြီ မဟုတ်လား။ ခုတော့မှ ခင်ဗျားက ကျွန်တော့်ဆီလာပြီး "ငွေချေးစမ်းပါတဲ့"ပြောနေတယ်။ ခွေးဆိုတာမျိုးဟာ ငွေရှိနိုင်ပါ့မလားခင်ဗျာ။ ခွေးတစ်ကောင်က ငွေ ၃၀၀၀ ချေးဖို့ဆိုတာ ဖြစ်နိုင်ပါ့မလားခင်ဗျာ။ လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ကျွန်တော့်ကို တံတွေးနဲ့ ထွေးတယ်။ နောက်တစ်ကြိမ်မှာ ခွေးလို့ခေါ်ပြန်တယ်။ ဒီကျေးဇူးတွေကို ထောက်ထားပြီး ခင်ဗျားကို ကျွန်တော်က ငွေ ၃၀၀၀ ချေးရမှာတဲ့လားခင်ဗျား။ ပြောစမ်းပါဦး"ဟုဆို၏။ ထိုအခါ အန်တော်နီယိုက "ဟုတ်တယ်၊ ဟိုတုန်းက ခေါ်ရုံမကဘူး။ အခုလည်း ခေါ်ရဦးမယ့်ပုံ၊ တံတွေးနဲ့ ထွေးရဦးမယ့်ပုံ၊ ကန်ကျောက်ရဦးမယ့်ပုံ ပေါ်နေပြန်ပြီထင်တယ်။ ခင်ဗျားက ကျုပ်ကို ငွေချေးမယ်ဆိုလျှင် မိတ်ဆွေချင်း ချေးတဲ့သဘောမျိုး မထားပါနဲ့။ ရန်သူတစ်ယောက်ကို ချေးတဲ့သဘောမျိုးထားလိုက်ပါ။ ဒါမှ တကယ်လို့ ကျုပ်က ပြန်မဆပ်နိုင်လို့ရှိလျှင် ခင်ဗျား လုပ်ချင်သလို အားမနာတမ်း လုပ်နိုင်မယ်မဟုတ်ဘူးလား"ဟုပြော၏။ ထိုအခါ ရှိုင်းလော့က "နေစမ်းပါဦး၊ ဘယ်နှယ့်ကြောင့် ဒါလောက်ဆူပွက်နေရတာလဲ။ ကျွန်တော်က ခင်ဗျားနဲ့ မိတ်ဆွေဖြစ်ပြီး ချစ်ချစ်ခင်ခင် ဖြစ်လိုပါတယ်ဗျာ။ ခင်ဗျားက ကျွန်တော့်ကို အရှက်ခွဲခဲ့တာတွေကိုလည်း မေ့ဖျောက်ပစ်ချင်ပါတယ်။ ခင်ဗျား လိုချင်တဲ့ငွေကို ကျွန်တော်က ချေးပါ့မယ်။ အတိုးလည်း တစ်ပြားတစ်ချပ်မှ မယူပါဘူးဗျာ"ဟု ပြောလေ၏။

ရှိုင်းလော့က ဤကဲ့သို့ ခင်မင်သော လေသံနှင့် ပြောသောစကားကို ကြားရသောအခါ အန်တော်နီယိုမှာ အံ့အားသင့်လျက်ရှိ၏။ ထို့နောက် ရှိုင်းလော့က ဆက်လက်၍ ကြင်နာဟန်ဆောင်ကာ အန်တော်နီယို၏ မေတ္တာကိုသာ ခံယူလိုကြောင်း၊ အန်တော်နီယိုကို အလိုရှိသော ငွေသုံးထောင်ကို အတိုးမယူဘဲ ချေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိနှင့်အတူ ရှေ့နေတစ်ယောက်ယောက်ထံသို့ သွားကြ၍ ပြက်ရယ်သဘောနှင့် စာချုပ်ချုပ်စေလိုကြောင်း၊

www.burmeseclassic.com



အကယ်၍ မိမိထံမှ ချေးယူသော ငွေကို သတ်မှတ်ထားသောအချိန်တွင် မပေး ဆပ်နိုင်ခဲ့လျှင် အန်တော်နီယို၏ ကိုယ်မှ မိမိလိုချင်သော နေရာမှ အသား တစ်ပေါင် လှီးဖြတ်ယူနိုင်ပါသည်ဟု လက်မှတ်ထိုးစေလိုကြောင်း ပြောပြလေ၏။

"စိန်လိုက်ဗျာ၊ ကျုပ် သဘောတူတယ်။ ဒီလိုဆိုလျှင် အင်မတန် ကြင်နာတတ်တဲ့ ဂျူးတစ်ယောက်လို့တောင် ကျုပ်က ပြောလိုက်ချင်သေးတယ်" ဟု အန်တော်နီယိုကဆို၏။

ထိုအခါ ဘာဆယ်နီယိုက မိမိအတွက် ဤသို့သော စာချုပ်မျိုးကို လက်မှတ်မထိုးဖို့ အန်တော်နီယိုအား ဖျက်သေး၏။ သို့ရာတွင် အန်တော်နီယို က ၎င်းငွေကို ပေးဆပ်ရမည့်နေ့မတိုင်မီ ဤငွေထက် အဆပေါင်းများစွာ တန် ဘိုးရှိသော မိမိ၏ ကုန်သင်္ဘောကြီးများ ဆိုက်ရောက်လာမည်ဖြစ်၍ သူ၏ စာချုပ်အတိုင်း လက်မှတ်ထိုးမည်ဟု ပြော၏။

မိတ်ဆွေနှစ်ယောက်တို့ ငြင်းခုံလျက်ရှိခြင်းကို ကြားရသောအခါ ရှိုင်းလော့က "အို . . . ခမည်းတော် အာဗြဟမ် . . . အယုံအကြည် နည်း လှသော ခရစ်ယာန်နှစ်ယောက်နှင့် တွေ့နေရချေပြီတကား။ သူတို့ကိုယ်နှိုက်က တင်းမာသော သဘောထား ရှိကြသည့်အတွက်ကြောင့် သူတစ်ပါးအားလည်း ကိုယ်နှင့်နှိုင်းပြီး မယုံသင်္ကာဖြစ်နေကြသည်တကား . . . ။ ကျွန်တော်မေးစမ်း ပါရစေ ဘာဆယ်နီယို၊ တကယ်လို့ ရက်ချိန်းသတ်မှတ်ထားတဲ့နေ့မှာ ခင်ဗျား မိတ်ဆွေက ကျုပ်ငွေကို ပြန်မဆပ်နိုင်ဘူးထားပါဦး။ သူ့ရဲ့အသားတစ်ပေါင် ဟာ ကျုပ် ဘာမှ အသုံးကျလို့လည်းဗျ။ သိုးသား၊ အမဲသားဆိုလျှင်လည်း ဟုတ်သေးရဲ့။ လူသားတစ်ပေါင်ဟာ ကျုပ်မှာ ဘာလုပ်ဖို့လဲဗျ၊ ကျွန်တော်က မိတ်ဆွေ ဖြစ်ချင်လွန်းလို့ ကူညီရခြင်း သက်သက်ပါဗျ . . . ။ လိုချင်လည်း ယူ။ မလိုချင်လျှင်လည်း ထားခဲ့ရုံရှိတာပေါ့ဗျ"ဟုပြောလေ၏။

နောက်ဆုံး၌ ဘာဆယ်နီယိုသည် ရှိုင်းလော့၏ ပရိယာယ်စကားကို စိတ်မချသည်နှင့် အန်တော်နီယိုအား လက်မှတ်မထိုးဖို့ ဖျက်သော်လည်း အန် တော်နီယိုက နားမထောင်ဘဲ (ရှိုင်းလော့ပြောသည့်အတိုင်း) ပြက်ရယ်သဘော နှင့် လုပ်သော စာချုပ်ဖြစ်သည်ဟု ယူဆကာ လက်မှတ်ရေးထိုးခဲ့လေ၏။

ဘာဆယ်နီယို ချစ်ကြိုက်လျက်ရှိသော အမျိုးသမီးမှာ ဗင်နစ္စမြို့အနီး ရှိ ဘဲလ်မောင့်မြို့၌ နေထိုင်၍ အမည်မှာ ပိုးရှားဟုခေါ်လေသည်။ ထိုအမျိုး သမီး၏ ရုပ်ဆင်းသဏ္ဌာန်နှင့် အရည်အချင်းတို့မှာ ရာဇဝင်၌ ထင်ရှားကျော် စောသည့် ကေတို၏သမီး၊ ဘရုတတ်ခ်၏ဇနီး ပိုးရှားထက် နိမ့်ကျသည်မဟုတ် ပေ။

ဘာဆယ်နီယိုသည် လိုအပ်သော ငွေကို ရရှိရာတွင် ခြွေရံသင်းပင်း





များနှင့်တကွ ဘဲလ်မောင့်မြို့သို့ သားသားနားနား ထွက်လာခဲ့ကြရာ ၎င်းနှင့် အတူ ဂရာရှီယာနိုအမည်ရှိ တပည့်တစ်ယောက်လည်း လိုက်ပါလာ၏။ ပစ္စည်း ချမ်းသာလှသော အမျိုးသမီးပိုးရှားသည် ဘာဆယ်နီယို၏ မေတ္တာကို တုန့်ပြန် လက်ခံလေရကား များမကြာမီအတွင်း လက်ထပ်မင်္ဂလာဆောင်နှင်းရန် စီမံကြ လေ၏။

ဘာဆယ်နီယိုက မိမိ၌ ပစ္စည်းဥစ္စာ မရှိ၊ မျိုးရိုးကောင်းခြင်းတစ်ခုသာ လျှင် ဂုဏ်ယူစရာ ရှိကြောင်းနှင့် ပိုးရှားအား ဖွင့်ဟပြောပြလေရာ ပိုးရှားက လည်း ဘာဆယ်နီယိုအား ချစ်ကြိုက်ခြင်းမှာ ပစ္စည်းဥစ္စာကို မျှော်လင့်၍မဟုတ်၊ လူ၏အရည်အချင်းကို သဘောကျ၍သာ ဖြစ်ကြောင်း။ ဥစ္စာပစ္စည်းနှင့် ပတ် သက်၍မူ လင်တစ်ယောက်ဆီမှ မျှော်လင့်အားကိုးဖို့မလိုဘဲ မိမိ၌ လုံလောက် စွာ ရှိပါကြောင်း။ ဘာဆယ်နီယို၏ မြင့်မြတ်သော အရည်အချင်းများနှင့် လိုက် လျောထိုက်တန်စေခြင်းငှာ မိမိကိုယ်ကို ယခုထက် အပြန်တစ်ထောင် ပိုမိုလှပ ၍ အပြန်တစ်သောင်း ပိုမိုကြွယ်ဝစေချင်လှကြောင်း။ မိမိမှာ စာမတတ်၊ ပေ မတတ်၊ အရိုင်းသက်သက်မျှသာ ဖြစ်သော်လည်း ပညာသင်ဖို့ အရွယ်မလွန် သေးသည့်အလျောက် လင်တော်မောင်၏ ဆုံးမဩဝါဒကို ခံယူ၍ အရာရာ တွင် သွန်သင်ပြသပေးဖို့ ကိုယ့်ကိုယ်ကို အပ်နှင်းလိုပါကြောင်း စသည်များဖြင့် ရိုသေနူးညွတ်စွာ ပြောပြီးနောက် "ကျွန်မပိုင်တဲ့ ပစ္စည်းများနှင့်တကွ၊ ကျွန်မ တစ်ကိုယ်လုံးပါ ယနေ့မှစပြီး မောင့်ပစ္စည်းအဖြစ်သို့ လွှဲအပ်လိုက်ပါပြီမောင် ရယ်။ မနေ့တုန်းကဆိုလျှင် ဒီအဆောက်အဦးကြီးကို ကျွန်မပိုင်ဆိုင်ပြီး ကိုယ့် မင်းကိုယ့်ချင်း အဖြစ်နဲ့ ဟောဒီက ကျေးကျွန်အခြွေအရံတွေအပေါ်မှာ သခင် မလုပ်ခဲ့နိုင်ပါတယ်။ သို့သော် ဒီကနေ့ကစပြီး အဆောက်အဦးရော၊ ကျေးကျွန် အခြွေအရံတွေရော၊ ကျွန်မကိုယ်ရောဟာ ဟောဒီလက်စွပ်နဲ့အတူ မောင့်လက် သို့ အပိုင်စားအပ်နှင်းလိုက်ပါတယ်မောင်ရယ်"ဟုဆိုကာ လက်စွပ်တစ်ကွင်းကို ဘာဆယ်နီယိုသို့ ပေးအပ်လေ၏။

ဥစ္စာမဲ့ဖြစ်သော ယောကျ်ားတစ်ယောက်အား ဂုဏ်သရေရှိ၍ ဥစ္စာ လည်း ကြွယ်ဝသော အမျိုးသမီးတစ်ယောက်က ဤမျှလောက် မိမိကိုယ်ကို နှိမ့်ချစွာ အပ်နှင်းခြင်းခံရသော ဘာဆယ်နီယိုမှာ ကျေးဇူးလည်းတင် တအံ့ တဩလည်းဖြစ်မိသည်နှင့် စကားချောမောစွာ ပြန်မပြောတတ်တော့ဘဲ ထပ် ထပ်အအနှင့်ပင် ကျေးဇူးတင်လှကြောင်းပြော၍ လက်စွပ်ကိုဝတ်ရင်း ဘယ်နံ ရောအခါမှ ဤလက်စွပ်နှင့်ခွဲခွာလိမ့်မည်မဟုတ်ကြောင်းများနှင့်ကတိပေးလေ၏။

ပိုးရှားသည် ဘာဆယ်နီယို၏ မေတ္တာကို လက်ခံပါကြောင်းနှင့် ယဉ် ကျေးစွာ ပြောပြလျက် ရှိသည်။ ဘာဆယ်နီယို၏ တပည့် ဂရာရှီယာနိုနှင့်



www.burmeseclassi.com

www.burmeseclassic.com



ပိုးရှား၏ အပျိုတော် နယ်ရစ္စာတို့သည် အနီးအပါး၌ ရှိကြလေရာ ဂရာရှီယာနိုသည် မိမိ၏ဆရာနှင့် ပိုးရှားတို့အား နှစ်သိမ့်ဝမ်းမြောက်စေလိုသည်ဖြစ်၍ မိမိလည်း ၎င်းတို့စုံတွဲနှင့်အတူ တစ်ချိန်တည်း လက်ထပ်လိုပါကြောင်းပြောလေ၏။

ထိုအခါ ဘာဆယ်နီယိုက "ဒီလိုဆို သိပ်ဝမ်းသာတာပေါ့ ငါ့လူရာ၊ ဒါပေမယ့် မောင့်သတို့သမီးက ဘယ်မှာလဲ"ဟုမေး၏။

ဤတွင် ဂရာရှီယာနိုက ပိုးရှား၏ အပျိုတော် နယ်ရစ္စာနှင့် မိမိတို့ ချစ်ကြိုက်ကြ၍ ထိမ်းမြားလက်ထပ်ရန် သဘောတူပြီးဖြစ်ကြောင်း ပြောပြလေ၏။ ပိုးရှားက နယ်ရစ္စအား ဟုတ်ပါ၏လောဟု မေးရာ၊ နယ်ရစ္စာက "သခင်မ သဘောတူလျှင် ဟုတ်ပါသည်"ဟု ဝန်ခံ၏။ ပိုးရှားက သဘောတူကြောင်း ပြန်ပြောရာတွင် ဘာဆယ်နီယိုက နှစ်စုံတွဲတစ်ချိန်တည်း လက်ထပ်ကြရမည့်အတွက် ဝမ်းမြောက်လှကြောင်းပြောလေ၏။

ဤနည်းအားဖြင့် နှစ်စုံတွဲတို့သည် ကြည်နူးနှစ်သိမ့်လျက်ရှိကြစဉ် အန်တော်နီယိုထံမှ လူတစ်ယောက် ယောက်လာ၍ ကြောက်မက်ဖွယ် သတင်းဆိုးတစ်ခု ပါလာခဲ့၏။ ဘာဆယ်နီယိုသည် အန်တော်နီယို၏ စာကို ဖတ်လျက်ရှိစဉ် မျက်နှာပျက်သွားခြင်းကို ပိုးရှားမြင်ရ၍ ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးတစ်ယောက်ကွယ်လွန်သော သတင်းမျိုးဖြစ်လေသလောဟု မေးသဖြင့် ဘာဆယ်နီယိုက မောင့်မှာ ဘာပစ္စည်းမှ မရှိဘူးလို့ ပြောဖူးတယ်မဟုတ်လား။ အဲ့ဒါ စကားကုန်မဟုတ်သေးဘူး။ အမှန်ကတော့ ပစ္စည်းမရှိရုံမကသေးဘူး။ အကြွေးတင်နေတဲ့ လူတစ်ယောက် ဖြစ်နေပါတယ်ဗျာ"ဟု စကားခံပြီးနောက် မိမိအတွက် မိတ်ဆွေကြီး အန်တော်နီယိုက ရှိုင်းလော့ထံမှ ငွေချေးပေးလိုက်ရပုံ၊ ၎င်းငွေကို သတ်မှတ်ထားသော နေ့ရက်တွင် ပြန်မဆပ်နိုင်ခဲ့လျှင် အန်တော်နီယို၏ ကိုယ်မှ အသားတစ်ပေါင် လှီးယူဖို့ သဘောတူစာချုပ် ချုပ်ခဲ့ရပုံများကို ပြောပြ၍ အန်တော်နီယိုထံမှ စာကို ဖတ်ပြလေ၏။

"ချစ်လှစွာသော သူငယ်ချင်း ဘာဆယ်နီယို၊ ကျုပ် သင်္ဘောတွေအားလုံး နစ်မြုပ်ကုန်လေပြီ။ ရှိုင်းလော့နှင့် စာချုပ်အတိုင်း ပေးရပါတော့မည်။ သို့ဆိုလျှင် အသက်ရှင် နေဖို့ မဖြစ်နိုင်သောကြောင့် မသေမီအချိန်အတွင်း သူငယ် ချင်းနှင့် တွေလိုပါသည်။ သို့သော် သူငယ်ချင်း၏ သဘော အတိုင်း ပြုနိုင်ပါ၏။ သူငယ်ချင်းကိုယ်နှိုက်က မေတ္တာ အလျောက် မလာလိုခဲ့လျှင် ကျုပ်စာကြောင့်ဖြင့် မလာစေ လိုပါ"

ဤတွင် ပိုးရှားက "ဆောင်ရွက်စရာရှိတာတွေ မြန်မြန်ဆောင်ရွက်ပြီး ချက်ချင်းလိုက်သွားပါမောင်ရယ် . . .၊ မောင့်အတွက်ကြောင့် ဒီလိုမိတ်ဆွေကောင်းတစ်ယောက်မှာ ဆံတစ်ပင် ကျွတ်တာမခံနိုင်ပါဘူး။ ပေးစရာရှိတဲ့





အကြွေးကို အပြန်နှစ်ဆယ် ဆပ်ပါ့မယ်။ ယူသွားပါလေ မောင်ရယ် . . .။ ယခုလို တိုရေရှားရေ ဝယ်ထားရတဲ့ လင်တစ်ယောက်ဖြစ်လို့မို့ ဆထက်ထမ်းပိုးတိုးပြီး ချစ်ရဦးတော့မှာပဲ မောင်ရဲ့ . . ."ဟု ပြော၏။ ထို့နောက် ပိုးရှားက ဆက်လက်၍ မိမိပိုင်သော ပစ္စည်းများကို ဘာဆယ်နီယိုကို သုံးပိုင်ခွင့် ရှိစေခြင်းငှာ၊ ဗင်နစ္စသို့မသွားမီ လက်ထပ်သွားဖို့ အကြံပေး၍ ဆရာတပည့်နှစ်စုံတို့သည် တစ်နေ့တည်း လက်ထပ်ကြလေ၏။ လက်ထပ်ပြီးနောက် ဘာဆယ်နီယိုနှင့် ဂရာရှီယာနိုတို့သည် ဗင်နစ္စမြို့သို့ ချက်ချင်းပင် ထွက်ခွာသွားကြ၍ အန်တော်နီယိုအား အကျဉ်းထောင်ထဲ၌ တွေ့ကြရလေ၏။

ငွေသုံးထောင် ပေးဆပ်ရန် သတ်မှတ်ထားသော နေ့ရက်မှာ ကျော်လွန်ခဲ့ပြီဖြစ်၍ ရက်စက်လှသော ဂျူးသည် ဘာဆယ်နီယိုက ပေးဆပ်သော ငွေကို လက်မခံတော့ဘဲ အန်တော်နီယို၏ အသားတစ်ပေါင် ရဖို့ကိုသာ တောင်းခံလျက်ရှိ၏။ ဤအမှုကို ဗင်နစ္စမြို့ဝန်၏ရုံး၌ ကြားနာစစ်ဆေးရန် ရက်ချိန်းထား၍ ဘာဆယ်နီယိုမှာ သောကကြီးစွာနှင့် စောင့်ဆိုင်းနေရလေတော့၏။

ဘဲလ်မောင့်မြို့မှ ခရီးထွက်ခွာခါနီး၌ ပိုးရှားသည် ဘာဆယ်နီယိုအားအားပေးစကားပြောလျက် အမှုပြီးသောအခါတွင် အန်တော်နီယိုကို အိမ်သို့ တစ်ပါတည်း ဖိတ်ခေါ်ခဲ့ရန် မှာထားလိုက်၏။ သို့ရာတွင် ပိုးရှားသည် လင်သည်မောင်၏ သူငယ်ချင်းအတွက် စိုးရိမ်ပူပန်မိသဖြင့် တစ်ယောက်တည်း စဉ်းစားရင်း အန်တော်နီကို လွတ်မြောက်ရေးအတွက် တစ်နည်းတစ်လမ်းဖြင့် ကယ်ဆယ်နိုင်လျှင် ကောင်းလေစွဟု အကြံဖြစ်လေ၏။ ပိုးရှားသည် ဘာဆယ်နီယိုအား ဂုဏ်ပြုသည့်အနေဖြင့် မိမိကိုယ်ကို စာမတတ်၊ ပေမတတ်သော အရိုင်းမကလေးသက်သက် ဖြစ်သည့်အနေမျိုး ပြောခဲ့သော်လည်း စင်စစ်အားဖြင့်မူ မိမိ၏ စွမ်းရည်သတ္တိကို မိမိယုံကြည်သော အမျိုးသမီးတစ်ယောက် ဖြစ်သည့်အလျောက် ဗင်နစ္စမြို့သို့ ကိုယ်တိုင် လိုက်သွား၍ အန်တော်နီယိုအတွက် ခုခံကာကွယ်ပေးရန် ဆုံးဖြတ်လိုက်လေ၏။

ပိုးရှား၌ ဘဲလာရီယိုအမည်ရှိ ဥပဒေ ကျွမ်းကျင်သည့် ရှေ့နေဆွေမျိုးတစ်ယောက်ရှိရာ၊ အန်တော်နီယို၏ အမှုအကြောင်းကို ၎င်းတို့ထံ စာရေး၍ အကြံဉာဏ်တောင်းပြီးလျှင် သူ၏အကြံဉာဏ်နှင့်အတူ ရှေ့နေတို့၏ ဝတ်စုံတစ်ခုလည်း ပေးပို့လိုက်ရန် မှာထားလိုက်၏။ စာပို့သူ ပြန်လာသောအခါ ဝတ်စုံနှင့်တကွ ၎င်းအမှုနှင့် ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ရမည့်အကြောင်းများကိုပါ အကြံဉာဏ်ပေးပို့လိုက်လေသည်။

ပိုးရှားနှင့် နယ်ရစ္စာတို့သည် ယောကျ်ားအသွင် ဝတ်ဆင်ကြ၍ ပိုးရှားက ရှေ့နေအဖြစ်လည်းကောင်း၊ နယ်ရစ္စာက စာရေးအဖြစ်လည်းကောင်း



www.burmeseclassi.com

www.burmeseclassic.com



ဝတ်ဆင်ကာ ဗင်နစ္စမြို့သို့ ထွက်လာကြရာ အမှုစစ်ဆေးမည့်နေ့၌ပင် ဆိုက်ရောက်လာကြ၏။ တရားရုံး၌ မြို့ဝန်ကြီးနှင့် မင်းတိုင်ပင်အရာရှိကြီးများသည် ရုံးထိုင်လျက်ရှိကြရာ၊ ပိုးရှားနှင့် နယ်ရစ္စာတို့ ဝင်လာကြ၍ ရှေ့နေကြီးဘဲလာရီယို ထံမှ စာတစ်စောင်ကို မြို့ဝန်ကြီးလက်သို့ ပေးဆက်လိုက်၏။ ဘဲလာရီယို၏ စာ၌ အန်တော်နီယို အမှုကို မိမိကိုယ်တိုင် လျှောက်လဲရန် အကြံရှိသော်လည်း မကျန်းမာသဖြင့် မလာရောက်နိုင်ဘဲ ရှိရာတွင် ကိုယ်စားလှယ်အဖြစ်နှင့် ဒေါက်တာဘာလ်သာဇာ အမည်ရှိရှေ့နေတစ်ဦးကို လွှတ်လိုက်ရပါကြောင်း ပါရှိလေသည်။ မြို့ဝန်ကြီးသည် ဒေါက်တာ ဘာလ်သာဇာအား ကိုယ်စားလှယ်အဖြစ်နှင့် ဆောင်ရွက်ရန် ခွင့်ပြုပြီးနောက် ရှေ့နေတို့၏ ဝတ်လုံနှင့် ခေါင်းစွပ်ကြီးတို့ဖြင့် ဝတ်ဆင်ထားသည့် လူချောကလေးဒေါက်တာဘာလ်သာဇာအား အံ့ဩစွာနှင့် ငေးကြည့်နေသေး၏။

ထို့နောက် အန်တော်နီယိုနှင့် ရှိုင်းလော့တို့၏ အမှုကို စ၍ခေါ်လေပြီ။ တရားခွင်သို့ ရောက်သောအခါ ပိုးရှားသည် ပတ်ဝန်းကျင်သို့ လှမ်းကြည့်လိုက်ရာတွင် ကရုဏာစိတ် ကင်းမဲ့သော ရှိုင်းလော့ကိုလည်း မြင်ရ၏။ ဘာဆယ်နီယိုကိုလည်းမြင်ရ၏။ ဘာဆယ်နီယိုကမူ ပိုးရှားအား မမှတ်မိချေ။ ဘာဆယ်နီယိုသည် အန်တော်နီယိုအနီးတွင် စိုးရိမ်သောက ကြီးလှသော မျက်နှာထားနှင့် ရပ်လျက်ရှိ၏။

ပိုးရှားသည် အလွန်အရေးကြီးသော အလုပ်ဝတ္တရားကို ဆောင်ရွက်ရခြင်းပီပီ သတ္တိရှိလာ၍ ရဲရင့်စွာ အမှုဖွင့်လေ၏။ ရှေးဦးစွာ ရှိုင်းလော့ဘက်သို့ လှည့်လျက် ဗင်နစ္စမြို့ တရားဥပဒေအရ စာချုပ်တွင် ဖော်ပြပါရှိသည့်အတိုင်း ရနိုင်ခွင့်ရှိကြောင်း ပြောပြီးလျှင် ကြင်နာသနားခြင်းတည်းဟူသော မြင့်မြတ်လှသည့် ဂုဏ်ပုဒ်အကြောင်းကို နားဝင်လောက်အောင် ချိုသာဖျော့ဖြစ်စွာ ပြောပြလေရာ၊ ကြားရသူတိုင်း နူးညွတ်လောက်ပါသော်လည်း ရှိုင်းလော့မူကား မည်သို့မျှ မရှိဘဲ ဖြစ်နေ၏။ ပိုးရှားက ကြင်နာသနားခြင်းတည်းဟူသော ကရုဏာသဘောတရားဟူသည်မှာ ကောင်းကင်မှ မြေပေါ်သို့ကျသော မိုးဖွဲကလေးများကဲ့သို့ ညင်သာလှ၍ နှစ်ပြန်စီးအကျိုးပေးနိုင်ကြောင်း။ ကရုဏာသဘောတရားသည် ဖော်ပြသူအားလည်းကောင်း၊ ခံယူသူအားလည်းကောင်း အကျိုးကျေးဇူး ပြုစေတတ်သဖြင့် ဘုရင် ဧကရာဇ်တို့အားပင်လျှင် သရဖူထက် တန်ဘိုးရှိ၍ ဘုရားသခင်၏ ထူးကဲမြင့်မြတ်သော ဂုဏ်ထူးတစ်ခု ဖြစ်ကြောင်း။ တရားမှန်ကန်ခြင်းကို ကရုဏာတရားနှင့် တွဲဘက်နိုင်သလောက်၊ ဤဂုဏ်ပုဒ်သည် ဘုရားသခင်နှင့် အနီးကပ်ဆုံး ချဉ်းကပ်လာနိုင်ကြောင်း၊ လူသတ္တဝါအားလုံးသည် ဘုရားသခင်၏ ကရုဏာတော်ကို ခံယူရရှိနိုင်ဖို့ ဆုတောင်းကြရ





လေရာ၊ ထိုကဲ့သို့ ဆုတောင်းကြရခြင်းသည်ပင်လျှင် လူများကိုယ်တိုင်က အချင်းချင်း ကရုဏာထားတတ်ဖို့ သင်ကြားစာယူကြဖို့ မမေ့ထိုက်ကြောင်းနှင့် ရှိုင်းလော့အား သတိပေးစကား ပြောကြားလေ၏။ ရှိုင်းလော့ကမူ စာချုပ်တွင် ဖော်ပြပါရှိသည့်အတိုင်းသာ ရလိုပါကြောင်းနှင့် တောင်းခံလျက်ရှိရာ ပိုးရှားက "ချေးယူထားတဲ့ငွေကို သူက ပြန်မဆပ်နိုင်ဘူးတဲ့လား"ဟု မေးသဖြင့် ဘာဆယ်နီယိုက ချေးယူထားသော ငွေသုံးထောင်ကို သူ လိုချင်သလောက် အပြန်ပေါင်းများစွာ ပြန်ဆပ်ရန် အသင့် ရှိပါကြောင်း ပြော၏။ သို့ရာတွင် ရှိုင်းလော့သည် ငွေကို လက်မခံလိုကြောင်း ငြင်းပယ်၍ အန်တော်နီယို၏ အသားတစ်ပေါင်ကိုသာ လိုချင်ကြောင်း တောင်းခံလေ၏။ ဤတွင် ဘာဆယ်နီယိုက ရှေ့နေကလေးအား တရားဥပဒေသဘောကို အနည်းငယ် လိမ်ဖွဲ့ပြီး အန်တော်နီယို၏ အသက်ကို ကယ်ဆယ်ရန် တောင်းပန်လေ၏။ ပိုးရှားကမူ တရားဥပဒေ မည်သည်မှာ တစ်ကြိမ် ပြုလုပ်ပြီးသည့်နောက် မည်သူ့အတွက်မျှ ပြုပြင်ပြောင်းလဲရန် မဖြစ်နိုင်ကြောင်း၊ ဣန္ဒြေကြီးစွာနှင့် ပြောလိုက်ရာတွင် ရှိုင်းလော့က ရှေ့နေကလေးသည် မိမိဘက်သို့ လိုက်၍ပြောနေသည်ဟု ကျေနပ်သည့်လက္ခဏာနှင့် "ဒန်ယေလကိုယ်တိုင် တရားစီရင်ဘို့ ရောက်လာပြီ။ အရွယ်ငယ်သော်လည်း အလွန်ဉာဏ်ပညာရှိတဲ့ တရားသူကြီးမင်းချင်းပျား။ ခင်ဗျားကို ကျွန်တော် ဂုဏ်ပြုပါသည်"ဟု ကြွေးကြော်လေ၏။

ထို့နောက် ပိုးရှားသည် ရှိုင်းလော့ထံမှ စာချုပ်ကို တောင်းယူ ဖတ်ရှုပြီးနောက်ပေးဆပ်ရန် သတ်မှတ်ထားသော ရက်ချိန်းကျော်လွန်ပြီဖြစ်၍ အန်တော်နီယို၏ နှလုံးသားအနီးမှ အသားတစ်ပေါင်ကို ရှိုင်းလော့ လှီးဖြတ်ယူနိုင်ကြောင်း ပြော၏။ "သို့သော် ဂရုဏာရှေ့ထားပြီး ငွေကိုသာ ပြန်ယူပါ။ စာချုပ်ကို ဆုတ်ပစ်လိုက်ပါရစေ"ဟု ရှိုင်းလော့အားပြောရာ ရှိုင်းလော့မူကား သနားကြင်နာစိတ် လုံးဝမရှိဘဲ "ကျွန်တော့်ကို ဘယ်သူ့တရားခံ့လို့မှမရဘူး။ အသားတစ်ပေါင်ရမှ ကျေနပ်မှာဘဲ"ဟု ပြန်ပြော၏။ ပိုးရှားသည် အန်တော်နီယိုဘက်သို့ လှည့်လျက် "ကိုင်း . . . ဒီလိုဆိုလျှင် ခင်ဗျားရင်ဘတ်မှ လှီးယူဖို့ ပြင်ထားပေတော့ အန်တော်နီယို . . . "ဟုပြော၏။ ရှိုင်းလော့လည်း ဓားရှည်ကြီးတစ်လက်ကို ထက်မြက်အောင် ဖိနပ်ခွာနှင့် ခတ်လျက်ရှိရာ ပိုးရှားက အန်တော်နီယိုအား "ဘာများပြောစရာရှိပါသလဲ"ဟု မေး၏။ အန်တော်နီယိုသည် လုံးဝလက်လျှော့ထားသည့် အမူအရာနှင့် တည်ငြိမ်စွာ ပြန်ပြောသည်မှာ မိမိအဖို့မှာ သေဖို့ ပြင်ထားပြီဖြစ်သောကြောင့် စကား အနည်းငယ်မျှသာ ပြောပါတော့မည်ဟု စကားစပြီးနောက် ဘာဆယ်နီယိုဘက်သို့လှည့်လျက် "လက်ပေးစမ်းပါ ဘာဆယ်နီယို၊ နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ နှုတ်ဆက်လိုက်ပါရစေ၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအတွက်ကြောင့် ကျုပ် ဒုက္ခရောက်ရတယ်ဆိုပြီး ဝမ်းနည်းပက်လက်
ဖြစ်မနေပါလေနှင့်။ ခင်ဗျားကို ကျုပ်က ဘယ်လောက်ချစ်တယ်ဆိုတာ ခင်ဗျာ့
ဇနီးကိုသာ ပြောပြရစ်ပါတော့ဗျား"ဟု ပြော၏။ ဘာဆယ်နီယိုသည် အလွန်
တရာ ကြေကွဲဝမ်းနည်းသော အမူအရာနှင့် လက်ကိုအုပ်ကိုင်ကာ နှုတ်ဆက်
ရင်း "ပြောလိုက်ပါရစေဦး သူငယ်ချင်း အန်တော်နီယို၊ ကျုပ်မှာ အသက်တမျှ
ချစ်ခဲ့တဲ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ခဲ့ပါတယ်။ အဲဒီမယားရော၊ ကျုပ်အ
သက်ရော၊ ကမ္ဘာတစ်ခုလုံးကိုရော သူငယ်ချင်းရဲ့ အသက်ထက် ပိုပြီး မမြတ်
နိုးနိုင်ပါဘူး သူငယ်ချင်း။ အဲဒါတွေအားလုံးကို စွန့်လွှတ်လိုက်လို့ သူငယ်ချင်း
အသက်ရှင်နေရမည်ဆိုလျှင် အားလုံးစွန့်လွှတ်ဖို့ အဆင်သင့် ရှိပါတယ် သူ
ငယ်ချင်း"ဟု ပြောလေ၏။

ဘာဆယ်နီယို၏စကားကို ကြားရသောအခါ ပိုးရှားမှာ ကြင်နာတတ်
သော မိန်းမဖြစ်၍ အန်တော်နီယိုကဲ့သို့သော မိတ်ဆွေတစ်ယောက်အတွက်
ဘာဆယ်နီယိုက မိမိ၏ချစ်ခင်မှုကို ရဲရဲတောက် ဖော်ထုတ်ပြောဆိုခြင်းအတွက်
စိတ်၌ထိခိုက်ခြင်းမရှိသော်လည်း လင်ယောကျ်ားအား ခနဲ့စကား ပြောလိုက်
သေးသည်မှာ "ဒီအနားမှာ ခင်ဗျာ့မိန်းမ မရှိလို့ တော်သေးပါရဲ့ဗျား။ ခင်ဗျား
စကားကို မိန်းမ ကြားသွားလို့ရှိလျှင်တော့ ခင်ဗျားဒုက္ခပဲ"ပြောလိုက်လေသည်။
ထိုအခါ ဂရာရှီယာနိုကလည်း သူ့ဆရာ၏ အတုခိုးချင်သည်နှင့် "ကျွန်တော့်
မှာလည်း အလွန်ချစ်တဲ့ ဇနီးရှိပါတယ်။ အကယ်၍ ကျွန်တော့်ဇနီးက ကောင်း
ကင်ဘုံမှာရှိတဲ့ တန်ခိုးကြီးပုဂ္ဂိုလ်တစ်ပါးပါးထံမှာ ဟောဒီရှိုင်းလော့လက်မှ အန်
တော်နီယိုကို လွတ်အောင် တောင်းပန်ပေးနိုင်မည်ဆိုလျှင် ကျွန်တော့်မိန်းမ
တစ်ယောက် အဆုံးခံပြီး ကောင်းကင်ဘုံကို ပို့လိုက်ချင်ပါတယ် . . . "ဟု ပြော
လိုက်၏။ ထိုအခါ ပိုးရှား၏ စာရေးအဖြစ်နှင့် တရားခွင်တွင်ရှိနေသော
နယ်ရစ္စာက "ခင်ဗျားမိန်းမ မရှိခိုက်မို့လို့ တော်ပါသေးရဲ့ဗျာ။ သူ့ရှေ့မှာ ဒီစကား
မျိုးပြောလျှင် ခင်ဗျားတို့အိမ်တော့ ပွက်ပွက်ရိုက်သွားမှာပဲ"ဟု ပြောလေ၏။

ထိုအခါ စိတ်မရှည်နိုင်အောင် ဖြစ်နေသော ရှိုင်းလော့က "အလကား
စကားတွေနဲ့ အချိန်ဖြုန်းနေကြတယ်ဗျာတို့။ အမှုကိုသာ စီရင်ချက် ချပါတော့
ခင်ဗျား . . . "ဟု တိုက်တွန်းလေရာ တရားရုံးတော်ရှိ ပရိသတ်အားလုံးတို့မှာ
မကြားချင်သော စကားမျိုးကို ကြားရချေတော့မည်ဟု အောက်မေ့လျက် အန်
တော်နီယိုအတွက် နှလုံးမသာမယာ ဖြစ်နေကြလေတော့၏။

ပိုးရှားက "ချိန်ခွင်အသင့်ရှိပြီလော . . . "ဟု မေးပြီးနောက် ရှိုင်းလော့
အား မတော်တဆ သွေးလွန်ပြီး အန်တော်နီယို သေသွားမှာ စိုးရိမ်ရတယ်။
ဆရာဝန်အသင့်ခေါ်ထားပြီလား ရှိုင်းလော့"ဟု ပြောလိုက်သဖြင့် အန်တော်နီယို





သွေးလွန်ပြီး သေခြင်းကိုပင် မြင်လိုသော ရှိုင်းလော့က "စာချုပ်ထဲမှာ ဒီလို
မပါပါဘူးခင်ဗျာ . . . . "ဟု ပြော၏။ ပိုးရှားသည် "စာချုပ်ထဲမှာ ဒီအကြောင်း
မပါလျှင် ဘာဖြစ်သလဲ။ ခင်ဗျားက စေတနာနဲ့ ခေါ်ထားလျှင် ကောင်းတယ်
မဟုတ်လား"ဟု မေးရာ ရှိုင်းလော့ကမူ "စာချုပ်ထဲမှာ ဒီအကြောင်းမပါပါဘူး။
ရှာလို့မတွေ့ပါဘူး"ဟူ၍သာ ပြန်ပြောလျက်ရှိ၏။ ပိုးရှားက "ကိုင်း . . . ၊ ဒါဖြင့်
အသားတစ်ပေါင် ခင်ဗျားရတော့မယ်။ ဥပဒေကလည်း ခွင့်ပြုတယ်၊ ရုံးတော်က
လည်းပေးတယ်၊ အသားတစ်ပေါင်ကို အန်တော်နီယိုရဲ့ ရင်ဘတ်မှ လှီးယူချင်
ယူနိုင်တယ်။ ဥပဒေကလည်း ခွင့်ပြုတယ်။ ရုံးတော်ကလည်းပေးတယ်"ဟုပြော
ရာ ရှိုင်းလော့က "တည့်မတ်လိုက်တဲ့ ပညာရှိ တရားသူကြီးပါပေတကား။ ဒန်
ယေလကိုယ်တိုင် စီရင်ချက် ချပေတော့မည်"ဟု ဝမ်းသာအားရ ကြွေးကြော်ပြန်
လေ၏။ ထို့နောက် ရှိုင်းလော့သည် ဓားကြီးကို ထက်အောင်ခတ်ရင်း အန်တော်
နီယိုအား ကြည့်လျက် "ကိုင်း လာစမ်း၊ ပြင်ပေတော့"ဟုပြော၏။

ထိုအခါ ပိုးရှားက "ခဏဆိုင်းပါဦး ရှိုင်းလော့၊ တစ်ခုလိုနေပါသေး
တယ်။ စာချုပ်ထဲမှာ သွေးဆိုတဲ့ စကားမပါဘူး။ အသားတစ်ပေါင်လို့သာ ဆို
ထားတယ်။ အန်တော်နီယိုရဲ့ အသားတစ်ပေါင် လှီးယူတဲ့အခါမှာ ခရစ်ယာန်
သွေးတစ်စက်ကျခဲ့လို့ရှိလျှင် ခင်ဗျားရဲ့ မြေတွေရော၊ ပစ္စည်းပစ္စယတွေရော
အားလုံးအကုန် ဥပဒေအရ အစိုးရ ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းခံရလိမ့်
မယ် . . . "ဟု ပြော၏။ အသားတစ်ပေါင်ကို လုံးဝ သွေးမထွက်စေဘဲ လှီးယူ
ရန်မှာ အလျဉ်းမဖြစ်နိုင်သောအလုပ်ဖြစ်လေရကား၊ စာချုပ်ထဲ၌ "သွေး"ဟူ၍
မရှိပါ။ အသားတစ်ပေါင်ဟူ၍သာ ဖော်ပြပါရှိခြင်းကို "လွတ်ပေါက်"တစ်ခု
အနေဖြင့် တွေ့မြင်ရသော ပိုးရှား၏ ဉာဏ်စွမ်းကြောင့် အန်တော်နီယိုမှာ
အသက်ချမ်းသာရာရလေတော့၏။ တရားရုံးတော်အတွင်းရှိ ပရိသတ်အားလုံး
တို့သည် ပိုးရှား၏ ဉာဏ်စွမ်းထက်မြက်ခြင်းကို အံ့ဩချီးကျူးခြင်းဖြင့် ဩဘာ
ပေးကြလေရာ၊ ဂရာရှီယာနိုက ရှိုင်းလော့ကိုကြည့်လျက် "တည့်မတ်လှတဲ့ ပညာ
ရှိ တရားသူကြီးပါပေတကား။ ဒန်ယေလကိုယ်တိုင် စီရင်ချက် ချလိုက်ပါပြီ
ကော"ဟု ကြွေးကြော်လေ၏။

ရှိုင်းလော့သည် မိမိ၏ ရက်စက်သော အကြံအစည် မအောင်မြင်ဘဲ
ရှိရာတွင် အလွန်စိတ်ပျက်သော အမူအရာဖြင့် ငွေသုံးထောင်ကို ယူပါတော့
မည်ဟုပြော၏။ ဘာဆယ်နီယိုကလည်း မမျှော်လင့်ဘဲနှင့် အန်တော်နီယို လွတ်
မြောက်ခြင်းအတွက် ဝမ်းသာလှသည်နှင့် "ဟောဒီမှာငွေ . . . "ဟုပြော၏။
ဤတွင် ပိုးရှားက "ဖြည်းဖြည်းဗျ ဖြည်းဖြည်း၊ အလျင်မလိုစမ်းပါနဲ့၊ နေစမ်းပါဦး၊
ရှိုင်းလော့ဟာ ငွေရဘို့မရှိဘူး။ အပြစ်ဒဏ်ရဖို့သာရှိတယ်။ ကိုင်း . . . ရှိုင်းလော့၊



www.burmeseclassic.com

www.burmeseclassic.com



အသားလှီးယူရမယ်။ နည်းနည်းကလေးမှ လျော့တယ် ပိုတယ်မရှိစေရဘူး။ ချိန်ခွင်မှာချိန်လို့ ဆံချည်တစ်လုံးလောက် လျော့ခြင်း၊ ပိုခြင်း ရှိခဲ့လျှင် ဗင်နစ်မြို့ တရားဥပဒေအရ ခင်ဗျားအသက်လည်း သေရမယ်။ ရှိသမျှ စည်းစိမ်ဥစ္စာလည်း ဘဏ္ဍာတော်ဖြစ်စေရမယ်"ဟုပြောရာ ရှိုင်းလော့က "ကျွန်တော့်ငွေသာ ပြန်ပေးပါတော့ . . . ကျွန်တော်သွားချင်ပါပြီ"ဟု ပြောသည်နှင့် ဘာဆယ်နီယိုကလည်း "ရော့ပါဗျာ၊ ရော့ပါဗျာ"ဟု ပေးလျက်ရှိလေ၏။

ရှိုင်းလော့သည် ဘာဆယ်နီယိုလက်မှ ငွေကိုယူမည်ပြုရာ၊ ပိုးရှားက ဟန့်တားကာ "နေပါဦး ရှိုင်းလော့၊ ခင်ဗျားမှာ ဥပဒေအရ ငြိစွန်းနေတဲ့ အချက်တစ်ခုရှိသေးတယ်။ ဗင်နစ်မြို့တော် ဥပဒေအရမှာ မြို့တော်သားတစ်ယောက်၏အသက်ကို လုပ်ကြံရာရောက်တဲ့အတွက် ခင်ဗျား၏ ပစ္စည်းဥစ္စာ အားလုံးဟာ ဘဏ္ဍာတော်ဖြစ်သွားပြီ၊ ခင်ဗျာ့အသက်ကိုတောင် မြို့ဝန်ကြီးက ချမ်းသာပေးပါမှ ခင်ဗျားရှင်နေနိုင်တော့မယ်၊ ဒါကြောင့် မြို့ဝန်ကြီးရှေ့မှာ ဒူးထောက်ပြီး အသက်ချမ်းသာပေးဖို့ တောင်းပန်လိုက်ဦး . . . "ဟု ပြောလေ၏။

ထိုအခါ မြို့ဝန်ကြီးက "ကျွန်ုပ်တို့ ခရစ်ယာန်များနှင့် ခင်ဗျားတို့ဂျူးလူမျိုးများဟာ စိတ်သဘောထားချင်း ဘယ်လောက် ကွာခြားတယ်ဆိုတာကို ခင်ဗျားသတိရအောင် ခင်ဗျားမတောင်းပန်မီ အသက်ချမ်းသာပေးလိုက်တယ်။ သို့သော် ခင်ဗျာ့ဥစ္စာပစ္စည်းတစ်ဝက်ကို အန်တော်နီယို ပိုင်စေပြီး၊ ကျန်တစ်ဝက်ဟာ ဘဏ္ဍာတော်ဖြစ်စေရမည်"ဟု အမိန့်ချလေ၏။

ဤတွင် ရက်ရောသော သဘောရှိသည့် အန်တော်နီယိုက ရှိုင်းလော့၏ သမီးနှင့် သမက်တို့အားပေးပါမည်ဟု ရှိုင်းလော့လက်မှတ်ထိုးခဲ့လျှင် မိမိအတွက်စီရင်ချက် ချပေးသော ဥစ္စာပစ္စည်းကို မယူလိုဘဲ စွန့်လွှတ်ပါမည်ဟု ပြော၏။ ရှိုင်းလော့၏ တစ်ဦးတည်းသောသမီးသည် အန်တော်နီယို၏ မိတ်ဆွေတစ်ယောက်ဖြစ်သည့် လိုရင်ဇိုအမည်ရှိ ခရစ်ယန်လူငယ်တစ်ယောက်နှင့် လက်ထပ်သဖြင့် ရှိုင်းလော့က "အမွေပြတ်" ပြုလုပ်ထားခြင်းကို အန်တော်နီယို သိသောကြောင့်ဖြစ်လေသည်။

ရှိုင်းလော့သည် အန်တော်နီယို ပြောသည့်အတိုင်းပြုလုပ်ရန် သဘောတူရလေရာ၊ ရှိုင်းလော့မှာ အန်တော်နီယိုကို နှိပ်စက်လိုသော ကြံရွယ်ချက်လည်း အထမမြောက်သည့်ပြင်၊ မိမိ၏ ဥစ္စာပစ္စည်းများလည်း ဆုံးရှုံးကုန်ပြီဖြစ်၍ မြို့ဝန်ကြီးအား "ကျွန်တော်မျိုး နေမကောင်းပါ။ အိမ်ပြန်ပါရစေတော့၊ စာချုပ်ကို ကျွန်တော်မျိုးထံသို့ ပို့တော်မူပါ။ ပစ္စည်းတစ်ဝက်ကို သမီးသို့ ပေးပါတော့မည်"ဟု လျှောက်ထားသည်နှင့် မြို့ဝန်ကြီးက "ကိုင်း . . . ကိုင်း၊ သွားပါတော့၊ လက်မှတ်သာထိုးလိုက်ပါ။ ပြီးတော့ တစ်ခုပြောချင်သေးတယ်။ မောင်မင်း





ရက်စက်မိခြင်းအတွက် နောင်တတရားရပြီး ခရစ်ယာန်ဘာသာထဲဝင်မည်ဆိုလျှင် အပြစ်ချမ်းသာပေးပြီး ဘဏ္ဍာတော်အဖြစ် သိမ်းယူတဲ့ပစ္စည်းကို ပြန်ပေးမည်"ဟု မိန့်တော်မူလေသည်။

မြို့ဝန်ကြီးသည် ချုပ်နှောင်ထားသော အန်တော်နီယိုကို လွှတ်လိုက်၍ ရုံးဆင်းကြဖို့ အမိန့်ပေးပြီးနောက် အန်တော်နီယိုအတွက် အမှုလိုက်သော ရှေ့နေကလေး၏ ထက်မြက်သော ဉာဏ်နှင့် အရည်အချင်းတို့ကို ချီးကျူးကာ၊ မိမိ၏ နေအိမ်သို့ ညစာစားဖို့ ဖိတ်ကြားလေ၏။ ပိုးရှားမှာ ခင်ပွန်းသည် ဘာဆယ်နီယိုတို့ ပြန်မရောက်မီ အိမ်သို့ ပြန်ရောက်ရမည်ဖြစ်၍ မြို့ဝန်ကြီး၏ ဖော်ရွေခြင်းအတွက် ကျေးဇူးတင်စကား ပြောကာ အရေးကြီးသော ကိစ္စတစ်ခုရှိသည်နှင့် ချက်ချင်းပြန်ရမည်ဖြစ်ကြောင်းပြောလေရာ မြို့ဝန်ကြီးက အတူတကွ စားပွဲထိုင်ကြဖို့ အခွင့်မရခြင်းအတွက် ဝမ်းနည်းပါကြောင်း ပြောပြီးလျှင် အန်တော်နီယိုဘက်သို့လှည့်လျက် "ရှေ့နေကလေးရဲ့ ကျေးဇူးအင်မတန်ကြီးပေတယ်နော်။ ကျေးဇူးဆပ်ဖို့ သတိမမေ့ပါဘိနဲ့"ဟု ပြောလေ၏။

ထို့နောက် မြို့ဝန်ကြီးနှင့် တိုင်ပင်ခံ မှူးမတ်များသည် ရုံးဆင်းကြသည်တွင် ဘာဆယ်နီယိုက ပိုးရှားအား "ကျေးဇူးရှင်ကြီး ခင်ဗျား။ ခင်ဗျား၏ ဉာဏ်ပညာအစွမ်းကြောင့် ကျွန်တော့် မိတ်ဆွေကြီးမှာ ကြောက်မက်ဘွယ်ကောင်းလှတဲ့ အန္တရာယ်ကြီးမှ လွတ်ကင်းချမ်းသာရာရပါတော့သည်။ ရှိုင်းလော့ကို ပေးရမည့် ငွေသုံးထောင်ကို ကျွန်တော် ပေးပါရစေ၊ လက်ခံတော်မူပါ ခင်ဗျား"ဟု ပြောသဖြင့် အန်တော်နီယိုက ဖြည့်စွက်ကာ "ကျွန်တော်တို့၏ ကျေးဇူးရှင်ကြီးအဖြစ်နဲ့ တစ်သက်ပတ်လုံး အသိအမှတ် ပြုထားပြီး အကြောင်းကိစ္စရှိလျှင် ခိုင်းတော်မူပါ။ အချိန်မရွေး ဆောင်ရွက်ပေးကြမည်ဖြစ်ပါသည်"ဟု ပြောလေ၏။

ပိုးရှားသည် ဘာဆယ်နီယိုပေးသောငွေကို လက်မခံဘဲ ငြင်းလေရာ၊ ဘာဆယ်နီယိုက အကြိမ်ကြိမ်အထပ်ထပ် တိုက်တွန်းလျက် ရှိပြန်သည်နှင့် "ဒါဖြင့် ခင်ဗျား လက်အိတ်တစ်ခုကို ပေးခဲ့ဗျာ"ဟု ပြော၍ ဘာဆယ်နီယိုသည် လက်အိတ်ကို ချွတ်လိုက်ရာတွင် ပိုးရှားပေးထားသော လက်စွပ်သည် လက်ချောင်းပေါ်တွင် ပေါ်ထွက်လာလေ၏။ စင်စစ်မှာ ပိုးရှားသည် ဤလက်စွပ်ကို တောင်းယူလိုသည်နှင့် လက်အိတ်ကို ရှေးဦးစွာ တောင်းယူလိုက်ခြင်းဖြစ်၏။ ဤတွင် ပိုးရှားက "ကျွန်တော့်ကို မြတ်နိုးလှပါတယ်ဆိုလျှင် ခင်ဗျားလက်က လက်စွပ်ကို ပေးခဲ့လေဗျာ"ဟုပြောရာ ဘာဆယ်နီယိုမှာ အကြပ်ကျလျက်ရှိ၍ ၎င်းလက်စွပ်ကို ဇနီးသည်က ပေးစဉ်က ဘယ်တော့မျှ မပျောက်စေရပါဟု ကတိသစ္စာ ပြုထားခဲ့မိခြင်းကြောင့် ဗင်နစ်မြို့တော်၌ အဘိုးအထိုက်ဆုံးသော



www.burmeseclassic.com

www.burmeseclassic.com



အခြားလက်စွပ်တစ်ကွင်းကို ကြော်ငြာ၍ ဝယ်ပေးပါမည်ဖြစ်ကြောင်း ပြောကာ ငြင်းဆန်လေ၏။ ထိုအခါ ပိုးရှားသည် စိတ်ဆိုးချင်ယောင်ပြုလျက် "မပေးချင်တဲ့ပစ္စည်းတစ်ခုကို ငြင်းလိုတဲ့အခါမှာ ခင်ဗျားစကားဟာ ဆင်ခြေကောင်းတစ်ခုအဖြစ်နဲ့ အမှတ်အသား ပြုထားရဦးမှာပေါ့လေဗျာ"ဟုဆိုကာ ရုံးမှ ဆင်းသွားလေ၏။

ထိုအခါ အန်တော်နီယိုက "သူငယ်ချင်းရယ်၊ သူလိုချင်တဲ့ လက်စွပ်ကို ပေးလိုက်ပါဗျာ။ ကျုပ်ရဲ့ မေတ္တာနဲ့ ကျုပ်အတွက် ဆောင်ရွက်ပေးတဲ့ သူ့ကျေးကို ထောက်ထားပြီး ခင်ဗျားမိန်းမဆူမှာလောက်ကို ကြောက်မနေပါနဲ့ဗျာ"ဟု ပြော၏။ ဘာဆယ်နီယိုမှာ ကျေးဇူးကန်းရာ ရောက်နေသည့်အတွက် ရှက်တတ်တတ်ဖြစ်လာသည်နှင့် ပိုးရှားနောက်သို့ ဂရာရှီယာနိုကိုလွှတ်၍ လက်စွပ်ပို့ခိုင်းလိုက်လေ၏။ စာရေးယောင်ဆောင်သော နယ်ရစ္စာသည်လည်း ဂရာရှီယာနိုအား လက်စွပ်တစ်ကွင်း ပေးထားသည်ဖြစ်၍ လက်စွပ်ကိုတောင်းလေရာ ဂရာရှီယာနိုသည် မိမိ၏ဆရာ ဘာဆယ်နီယိုထက် အညံ့မခံလိုသည်နှင့် လက်စွပ်ကိုပေးလိုက်၏။ ထို့နောက် ပိုးရှားနှင့် နယ်ရစ္စာတို့သည် အိမ်သို့ ရောက်သောအခါ၌ မိမိတို့၏ လင်ယောကျ်ားများအား လက်စွပ်နှင့်ပတ်သက်၍ မည်ကဲ့သို့ ကျီစယ်လိုက်ကြမည့် အကြောင်းများကို ပြောပြကာ ရယ်မောလျက် သွားကြလေ၏။

ပိုးရှားသည် အိမ်သို့ ပြန်ရောက်သောအခါ ကောင်းသောအလုပ်တစ်ခုကို ပြုခဲ့သူတို့၏ ထုံးစံအတိုင်း ပျော်ရွှင်ချမ်းမြေ့စွာ ရှိနေ၍ မြင်ရတွေ့ရသမျှသော အချင်းအရာတို့ကို ကျေနပ်လျက်ရှိလေ၏။ လမင်းသည် ထိုညဉ့်ကဲ့သို့ တစ်ခါမျှ မသာဘူးဟု ထင်မိ၏။ တိမ်တိုက်ထဲသို့ လမင်းဝင်သွား၍ မှောင်မိုက်သွားဆဲတွင် ဘဲလ်မောင့်မြို့ရှိ မိမိတို့၏ နေအိမ်အတွင်း၌ ထွန်းတောက်လျက်ရှိသော မီးရောင်ကို မြင်ရပြန်သည်တွင် စိတ်ကြည်နူးခြင်းဖြစ်၍ နယ်ရစ္စာအား "ကြည့်လိုက်စမ်း နယ်ရစ္စာ၊ ငါတို့အိမ်ထဲမှာ ထွန်းထားတဲ့ဖယောင်းတိုင်က အလင်းရောင်ကို မြင်ရဲ့လား။ ဖယောင်းတိုင်ကလေးတစ်တိုင်က အလင်းရောင်ဟာ ဘယ်လောက်ဝေးဝေး ရောက်နိုင်သလဲမြင်ရဲ့လား။ မိုက်မှောင်လှတဲ့လောကကြီးမှာ ကောင်းမှုတစ်ခုဟာလည်း အဲဒီလိုပဲ အရာရောက်နိုင်တယ် နယ်ရစ္စာရဲ့" ဟု ပြောစဉ်တွင် မိမိတို့၏ အိမ်ဆီမှ တီးမှုတ်သံများ ကြားရသည်နှင့် "နားထောင်စမ်းနယ်ရစ္စာ၊ တီးမှုတ်သံဟာလည်း နေ့ခင်းမှာထက် သာယာကြည်နူးဘွယ်မကောင်းဘူးလား"ဟု ပြောလေ၏။

ထို့နောက် ပိုးရှားနှင့် နယ်ရစ္စာတို့သည် အိမ်သို့ရောက်လာကြ၍ မိမိတို့၏ဝတ်မြဲအဝတ်များ လဲလှယ်ပြီးလျှင် လင်ယောကျ်ားများကို စောင့်မျှော်လျက်





ရှိကြရာ ၎င်းတို့သည်လည်း အန်တော်နီယိုနှင့်အတူ ဆိုက်ရောက်လာကြလေ၏။ ဘာဆယ်နီယိုသည် အန်တော်နီယိုကို ပိုးရှားနှင့် မိတ်ဆက်ပေး၍ ဝမ်းမြောက်ဝမ်းသာ အချီအချ စကားပြောလျက် ရှိကြစဉ် နယ်ရစ္စာတို့ လင်မယားသည် အခန်းတစ်ထောင့်၌ စကား များလျက် ရှိကြလေ၏။ ထိုအခါ ပိုးရှားက "ခရီးရောက်မဆိုက် ရန်ဖြစ်နေကြ ပါပြီကောလား။ ဘာများလဲကွယ်တို့"ဟု မေးလိုက်ရာ ဂရာရှီယာနိုက "ဟောဒီမှာ မမရေ . . . ဘာမဟုတ်တဲ့ ရွှေလက်စွပ်ကလေးအတွက်နဲ့ ဆူပူနေပါတယ် ခင်ဗျာ၊ သူပေးထားတဲ့ လက်စွပ်ကလေးမို့ နှမြောလှသတဲ့ခင်ဗျ . . . သူ့လက် စွပ်ပေါ်မှာ ထိုးထားတဲ့ စာတမ်းကလေးကတော့ "ကျွန်ုပ်ကို ချစ်ပါ၊ မခွဲပါနှင့် . . . တဲ့၊ မမရဲ့"ဟု တိုင်လိုက်၏။

နယ်ရစ္စာကလည်း "လက်စွပ်အဘိုးမတန်တာတွေ၊ စာတမ်းအရေးမကြီးတာတွေ ပြောမနေပါနဲ့၊ ဘာဆိုင်လို့လဲ၊ ရှင့်ကို ကျွန်မက လက်စွပ်ကလေး ပေးတုန်းက မသေမချင်း ဝတ်ထားပါ့မယ်၊ ဘယ်တော့မှ မချွတ်ပါဘူးလို့ ရှင်က ကတိသစ္စာပြုတယ်မဟုတ်ဘူးလား။ အခုတော့ ရှင်က ရှေ့နေရဲ့ စာရေးကို ပေးပစ်ခဲ့တယ်ဆို၊ ကျွန်မသိပါတယ်။ မိန်းမတစ်ယောက်ကို ပေးထားခဲ့မှာပါ" ဟု ပြော၏။ ထိုအခါ ဘာဆယ်နီယိုက "မိုးကြိုးကျားသားကွယ်တို့၊ မဟုတ်ရပါဘူးဗျာ။ မင့်အရွယ်လောက်ရှိတဲ့ ပုကွကွ စာရေးတစ်ယောက်လက်ထဲ ပေးခဲ့တာပါ နယ်ရစ္စာရယ်။ အန်တော်နီယိုရဲ့ အသက်ကို ကယ်ဆယ်တဲ့ ရှေ့နေကလေးရဲ့ စာရေးကို ပေးခဲ့တာပါကွယ် . . .၊ စာရေးကလေးက တွတ်တီးတွတ်တာနဲ့ လက်စွပ်ကို တောင်းလေတော့ ငြင်းလို့ မကောင်းတာနဲ့ ပေးခဲ့ရပါတယ်ရှင်မရယ်"ဟု ပြောရာ၊ ပိုးရှားက "ကိုယ့်မယားရဲ့ လက်စွပ်ကို ပေးပစ်ခဲ့တာတော့ မောင့်အပြစ်ဘဲ ဂရာရှီယာနို၊ ကိုယ့်ယောကျ်ား ဘာဆယ်နီယိုကိုလည်း လက်စွပ်တစ်ကွင်းပေးထားတယ်။ သူကတော့ ဘယ်နည်းနဲ့မှ ပေးပစ်ခဲ့မယ့်လူ မဟုတ်ဘူး"ဟုပြော၏။ ဂရာရှီယာနိုသည် "သူခိုးသေဖော်ညှိ"ဟူသော စကားကဲ့သို့ သဘောထားလျက် "ကျွန်တော့်ဆရာ ဘာဆယ်နီယို ကိုယ်တိုင်က သူ့လက်စွပ်ကို ရှေ့နေကလေးအား ပေးလေတော့ သူ့စာရေးကလေးက ကျွန်တော့်လက်စွပ်ကို တောင်းလို့ ပေးလိုက်ရခြင်းဖြစ်ပါတယ် မမခင်ဗျား"ဟုပြောလေ၏။

ထိုစကားကို ကြားရသောအခါ ပိုးရှားသည် အလွန်စိတ်ဆိုးဟန်ဆောင်လျက် မိမိ၏လက်စွပ်ကို ပေးလိုက်ရချေမည်လောဟု ဘာဆယ်နီယိုအား ရန်တွေ့ကာ နယ်ရစ္စာပြောသည့်အတိုင်း မိန်းမတစ်ယောက်အား ပေးထားခဲ့ခြင်းဖြစ်ရမည်ဟု စွပ်စွဲလေ၏။ ဘာဆယ်နီယိုမှာ ဇနီးသည် စိတ်ဆိုးအောင်ပြုမိခြင်းအတွက် အလွန်တရာ စိတ်မချမ်းမသာ ဖြစ်လျက် "မဟုတ်ရှပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ဘုရားဆူးရပါစေရဲ့။ ဘယ်မိန်းမကိုမှ ပေးရခြင်း မဟုတ်ရိုးမှန်ပါတယ်။ အန်တော်နီယိုရဲ့ အမှုကို ဆောင်ရွက်ပေးတဲ့ ဘာလ်သာဇာခေါ်တဲ့ ဒေါက်တာကလေးက ငွေသုံးထောင်ကို မယူဘဲ ငြင်းပြီး လက်စွပ်ကို တောင်းလေတော့ မပေးပါရစေနဲ့လို့ ပြောရာမှာ စိတ်ဆိုးပြီး ထွက်သွားပါတယ်။ ဒီတော့ ဘယ့်နှယ်လုပ်ရမလဲနှမရယ်။ ကျုပ်ကို ကျေးဇူးကန်းတဲ့ လူတစ်ယောက်လို့ ထင်မှာ စိုးလေတော့ ဂရာရှီယာနိုကို လွှတ်ပြီး လက်စွပ်ကို ပေးခိုင်းလိုက်ရပါတယ်ဗျာ။ ဒီအတွက် မကျေနပ်လျှင် ခွင့်လွှတ်ဖို့ မောင်တောင်းပန်ပါတယ်။ တကယ်လို့ နှမပါလာလို့ရှိလျှင် နှမကိုယ်တိုင်က လက်စွပ်ကို တောင်းပြီး ဒေါက်တာကလေးကို ပေးလိမ့်မယ်ထင်ပါတယ်"ဟု ထုချေလေ၏။

ထိုအခါ အန်တော်နီယိုက "ဖြစ်မှ ဖြစ်ရလေဗျာတို့။ ကျွန်တော့်အတွက်ကြောင့် ရန်ဖြစ်ကုန်ကြရပါပြီကော"ဟု ညည်းညူလေရာ ပိုးရှားက ဤအတွက်ကြောင့် နှလုံးမသာယာခြင်း မဖြစ်သင့်ကြောင်း၊ မည်သည့်နည်းမဆို အန်တော်နီယိုလိုက်ပါလာခြင်းကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း ပြောလေ၏။ သို့ရာတွင် အန်တော်နီယိုက ဆက်လက်၍ "တစ်ခါတုန်းက ဘာဆယ်နီယိုအတွက် ကျွန်တော့်အသက်ကို အပေါင်ထားခဲ့ဖူးပါတယ်။ ခင်ဗျားလက်စွပ်ကို တောင်းယူသွားတဲ့ ဒေါက်တာကလေးက မကယ်လျှင် ခုအချိန်လောက်မှာ ကျွန်တော် သေပြီးဖြစ်နေပါပြီ။ နောက်နောင်ကို ခင်ဗျားအပေါ်မှာ ဘာဆယ်နီယိုက ဘယ်တော့မှ သစ္စာမဖောက်စေပါဘူးဆိုတာကို ကျွန်တော့်အသက်တွင်သာမက ဝိညာဉ်ပါထပ်ပြီး အပေါင်ထားဝံ့ပါသေးတယ်ခင်ဗျာ"ဟုပြောရာ ပိုးရှားက "ဒီလိုဆိုလျှင် ရှင်က တာဝန်ယူပြီး အာမခံတယ်ပေါ့လေ ဟုတ်လား၊ ဒါဖြင့် လက်စွပ်တစ်ကွင်းထပ်ပြီး ကျွန်မ ပေးပါဦးမယ်။ ဒီဟာကိုတော့ ဘယ်သူ့ကိုမှ ပေးမပစ်ပါစေနဲ့ရှင် . . ."ဟု ပြောကာ လက်စွပ်တစ်ကွင်း ပေးလေ၏။

ဘာဆယ်နီယိုသည် လက်စွပ်ကို သေချာစွာ ကြည့်ရာတွင် ယခင်လက်စွပ်နှင့် ထပ်တူထပ်မျှ ဖြစ်နေခြင်းကို တွေ့ရ၍ အံ့သြလျက်ရှိစဉ် ပိုးရှားက ဒေါက်တာဘာလ်သာဇာဆိုသော ရှေ့နေကလေးမှာ မိမိပင်ဖြစ်၍ စာရေးဆိုသူမှာ နယ်ရစ္စာပင်ဖြစ်ကြောင်း ဖွင့်ဟပြောပြလေရာ၊ ဘာဆယ်နီယိုမှာ ချစ်လှသော မိတ်ဆွေ အန်တော်နီယို၏ အသက်ကို ကယ်ဆယ်သူမှာ မိမိ၏ ဇနီးသည်ပင်ဖြစ်ကြောင်း သိရသည်နှင့် အံ့သြ၍မဆုံး ဝမ်းသာ၍မပြီးနိုင်အောင် ဖြစ်ရလေတော့၏။

ထို့နောက် ပိုးရှားသည် အန်တော်နီယိုအား ထပ်လောင်း၍ ခရီးဦးကြိုပြုရင်း မိမိ၏ လက်သို့ ကံအားလျော်စွာ ရောက်လာသော အန်တော်နီယို





၏ စာများကို အန်တော်နီယိုသို့ ပေးအပ်လေ၏။ စာများကို ဖွင့်ကြည့်သောအခါ ပင်လယ်၌ အန်တော်နီယို၏ ကုန်သင်္ဘောများ နစ်မြုပ်သည် ဆိုခြင်းမှာ မမှန်သတင်းဖြစ်၍၊ သင်္ဘောများအားလုံး ဆိပ်ကမ်းသို့ ဆိုက်ကပ်လာကြပြီဖြစ်ကြောင်းပါရှိလေ၏။ သို့ဖြစ်၍ နှလုံးမသာမယာဘွယ်သော အချင်းအရာများဖြင့်အစပြုခဲ့သော ကုန်သည်သူဌေးကြီး အန်တော်နီယို၏ ဝမ်းနည်းဘွယ်အဖြစ်အပျက်များမှာ ဝမ်းသာဘွယ်ရာသော အချင်းအရာများဖြင့် လက်စသိမ်းခဲ့သဖြင့် ဝမ်းနည်းခြင်းပျောက်၍ ပျော်ရွှင်ခြင်းသို့ ရောက်ခဲ့ကြရလေပြီ။ နောက်ဆုံးဖြစ်သော ဤအချိန်၌ကား လေးဦးသား (နှစ်စုံတွဲ)နှင့် အန်တော်နီယိုတို့သည် လက်စွပ်များ အဖြစ်အပျက်နှင့် လင်သည်မောင်များက မိမိတို့၏ ဇနီးများကို မမှတ်မိကြပုံအကြောင်းများကို စမြုံ့ပြန်ကာဖြင့် ပျော်တပြုံးပြုံးနှင့် ရယ်မဆုံးနိုင်အောင် ရှိနေကြလေတော့သတည်း။

*သွေးသောက်၊ အမှတ် (၁၆၆)၊ နိုဝင်ဘာလ၊ ၁၉၅၉ ခုနှစ်။*

□ □ □

www.burmeseclassi.com

www.burmeseclassic.com

## အော်သယ်လို

ပဲင်နစ္စမြို့၌ ကြွယ်ဝသော ဆီနိတ္တာ (မင်းတိုင်ပင်အမတ်) ဘရာဘန်ရှို တွင် ဒဲ့စ်ဒီမိုးနား အမည်ရှိ သမီးချောတစ်ယောက်၊ ရှိ၏။ ၎င်းအမျိုးသမီးမှာ အရည်အချင်း အမျိုးမျိုးနှင့် ပြည့်စုံသည့်အပြင် ကြွယ်ဝသော ဘခင်၏ တစ်ဦးတည်းသော အမွေခံအမွေစားလည်းဖြစ်သည့်အတွက်ကြောင့် များစွာသော လူကုံတန် အမျိုးသားများက ပိုးပန်းကြလေသည်။ သို့ရာတွင် ဒဲ့စ်ဒီမိုးနားသည် အမျိုးတူ လူကုံတန်များ၏ မေတ္တာကို တုန့်ပြန်ခြင်း မပြုမူ၍ မိမိတို့၏ နေအိမ်သို့ မကြာခဏ လာရောက်လည်ပတ်လေ့ရှိသည့် ဘခင်၏ မိတ်ဆွေ မူးလူမျိုး (အသားနက်)ကြီးတစ်ယောက်နှင့် ချစ်ခင်စုံဖက် မေတ္တာသက်လျက်ရှိ၏။ အကြောင်းမူကား ဒဲ့စ်ဒီမိုးနားသည် ယောက်ျားများ၌ ပြင်ပရုပ်ဆင်းသဏ္ဍာန်ထက် အတွင်းသဘောသည်သာလျှင် မြတ်နိုးစုံမက်ဘွယ်ရာ ဖြစ်သည်ဟု ယူဆသူတစ်ယောက်ဖြစ်ပေသောကြောင့်တည်း။ ဤသို့သော သဘောထားမှာ ချီးမွမ်းထိုက်ခြင်းကို မငြင်းနိုင်သော်လည်း အားကျအတုခိုးခြင်းငှာ ခဲယဉ်းသည်ဟု ဆိုသင့်ပေသည်။

ဒဲ့စ်ဒီမိုးနားသည် မိမိနှင့် မထိုက်တန်သော ယောက်ျားတစ်ယောက်ကို ရွေးချယ်ချစ်ကြိုက်ရချေသလောဟု ကဲ့ရဲ့ရှုတ်ချခြင်းငှာလည်း ထိုက်သည် မဟုတ်ပါပေ။ အသားအရေ မည်းနက်ခြင်းမှတစ်ပါး ဒဲ့စ်ဒီမိုးနား၏ ရည်းစား

**သီဟရတနာစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



မူးလူမျိုးမှာ ထိပ်ဆုံးတန်း အမျိုးသမီးတစ်ယောက်နှင့် မထိုက်တန်ဟု ဆိုလောက်သည့် အပြစ်အနာအဆာ တစ်ခုမျှမရှိပေ။ ထိုသူမှာ သူရသတ္တိနှင့် အထူးသဖြင့် ပြည့်စုံသော စစ်သားကောင်းတစ်ယောက်ဖြစ်၍ တိုင်းပြည်၏ ရန်သူဖြစ်သော တူရကီများအား ပြတ်ပြတ်သတ်သတ် တိုက်ခိုက်နှိမ်နင်းခြင်းအားဖြင့် စစ်ဗိုလ်ချုပ်ရာထူးသို့ ချီးမြှောက်ခန့်ထားခြင်း ခံရသည့်ပြင် တိုင်းပြည်၏ ချစ်မြတ်နိုးအားတိုးယုံကြည်ခြင်း ခံရသူတစ်ယောက်ဖြစ်ပေသည်။

မူးလူမျိုး စစ်ဗိုလ်ချုပ်သည် အတိုင်းတိုင်းအပြည်ပြည်တို့သို့ လှည့်လည် သွားရောက်ခဲ့ဖူး၍ မိမိ၏ အတွေ့အကြုံများနှင့် စွန့်စားခန်းများကို ပြောပြလေ့ရှိသည်ဖြစ်ရာ ဒဲ့စ်ဒီမိုးနားကလည်း အမျိုးသမီးများ ထုံးစံအတိုင်း စိတ်ဝင်စားစွာနှင့် နားထောင်မှတ်သားလေ့ရှိ၏။ စစ်တိုက်ခန်းများ၊ မြို့ကြီးများကို စစ်တပ်နှင့် ဝိုင်းထားခြင်းများ၊ မျက်နှာချင်းဆိုင်တိုက်ပွဲများ၊ ကုန်းတိုက်ပွဲ၊ ရေတိုက်ပွဲတို့၌ အသက်ကို စွန့်စားတိုက်ခိုက်ခဲ့ရပုံများ၊ ရန်သူ၏ နယ်နိမိတ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ရသောအခါများနှင့် တဒိန်းဒိန်းပစ်လျက်ရှိသော ရန်သူ၏ အမြောက်ဝသို့ ဖွတ်အတင်း ချဉ်းနင်းချီတက်ရသောအခါများ၌ အသက်ဆံဖျားလွတ်မြောက်ခဲ့ရပုံများ၊ ရန်သူ လက်တွင်းသို့ ရောက်သွား၍ ကျွန်အဖြစ်နှင့် ရောင်းစားခြင်း ခံရပုံများ၊ သူတစ်ပါး၏ ကျွန်အဖြစ်နှင့် ယုတ်ညံ့သော အလုပ်များကို လုပ်ခဲ့ရာမှ ထွက်ပြေးလွတ်မြောက်ခဲ့ရပုံများအစရှိသော အဖြစ်အပျက်များအပြင် တစ်တိုင်းတစ်ပြည်၌ ကြုံတွေ့ခဲ့ရသည့် တောကြီး၊ တောင်ကြီး၊ စိမ့်ကြီး၊ မြိုင်ကြီးများ၊ နက်မှောင်သော ဂူကြီးများ၊ ကျောက်တွင်းကြီးများ၊ ကျောက်ဆောင်ကြီးများ၊ တိမ်တိုက်ကဲ့သို့ တိုးဝင်သည့် တောင်ကြီးများ၊ ထူးဆန်းသော လူရိုင်းများ၊ လူသားစားသော ဘီလူးများ၊ ပခုံးအောက်၌ ဦးခေါင်းပေါက်သည့် အာဖရိက လူရိုင်းများ စသည်တို့ကို ဖက်စပ်ရောညှပ်ကာ ပြောပြလေ့ရှိ၏။ စစ်ဗိုလ်ချုပ် အော်သယ်လို၏ ကိုယ်တွေ့အခြင်းအရာများကို စိတ်ဝင်စားစွာကြားနာလျက် ရှိသော ဒဲ့စ်ဒီမိုးနားသည် အိမ်မှုကိစ္စများ ဆောင်ရွက်ရန်ရှိသော အခါများ၌ ခဏတဖြုတ် ထသွား၍ ကတိုက်ကရိုက်လုပ်ကိုင်ခဲ့ပြီးလျှင် မကြာမတင် ပြန်လာကာ ဆက်လက်နားထောင်လေ့ရှိ၏။ တစ်ခါက ဒဲ့စ်ဒီမိုးနားသည် အော်သယ်လို၏ ကိုယ်တွေ့အဖြစ်အပျက်များကို အပိုင်းပိုင်းအစစများသာ ကြားရ၍ အားမရသောကြောင့် တစ်ဆက်တည်း ဖြစ်အောင် အစီအစဉ်ဖြင့် ပြောပြရန်ပိုက်တွန်းလေရာ အော်သယ်လိုက သဘောတူ၍ မိမိငယ်စဉ်က ဆင်းရဲဒုက္ခရောက်ခဲ့ဖူးခြင်းတည်းဟူသော အချင်းအရာများကိုပါ ဖွဲ့နွဲ့စပ်ဟပ်ပြောပြသဖြင့် ဒဲ့စ်ဒီမိုးနားမှာ မျက်ရည်များကျခဲ့ရလေသည်။

ဝတ္ထုပြီးဆုံးသောအခါ၌ ဒဲ့စ်ဒီမိုးနားမှာ ပီတိဖြစ်ကာ ပင့်သက်တရှူ





ရှူနှင့် ရှိနေလေ၏။ အော်သယ်လိုပြောပြသော အကြောင်းအရာများမှာ အဟုတ်တကယ် ထူးဆန်းလှ၍ လွန်စွာ ကြေကွဲဝမ်းနည်းလောက်ပါပေသည်ဟူ၍လည်း ဝန်ခံ၏။ ပြောပြသော အချင်းအရာများမှာ မိမိ၏စိတ်ကို ထိခိုက်လှသောကြောင့် မကြားရလျှင် ကောင်းမည်ဟု ထင်မိသော်လည်း ထိုကဲ့သို့သော ယောကျ်ားမျိုးဖြစ်ရလျှင်ကောင်းလေစွဟု ဆုတောင်းမိကြောင်းနှင့်လည်း ဝန်ခံ၏။ နောက်ဆုံး၌ ဒဲ့စ်ဒီမိုးနားသည် ကျေးဇူးတင်ကြောင်း ပြောပြီးနောက် အော်သယ်လို၌ မိတ်ဆွေတစ်ယောက်ရှိ၍ မိမိအား ချစ်ကြိုက်သည် ဆိုပါက မိမိအား ဤဝတ္ထုမျိုးပြောပြဖို့ သင်ပေးလိုက်ပါမူ ထိုသူကို မိမိက မချစ်ကြိုက်ဘဲ နေနိုင်တော့မည်မဟုတ်ကြောင်း ပြောပြလေ၏။ ထိုကဲ့သို့ စကားရိပ်ပေးသောအမူဖြင့် ပြောမိရာတွင် မျက်နှာ၌ သွေးဖြန်းကာ ချစ်စရာကောင်းလှသော မျက်နှာထားမျိုး ဖြစ်ပေါ်လာသည်နှင့် အော်သယ်လိုသည် ထိုအချင်းအရာကို ရိပ်မိ၍ မိမိမေတ္တာကို စဖွင့်ပြောပြလိုက်လေရကား အခွင့်ကောင်းအခါကောင်း ကြုံကြိုက်သည်ဖြစ်၍ ဒဲ့စ်ဒီမိုးနားက မေတ္တာတုန့်ပြန်ကြောင်း ဝန်ခံကာ တိတ်တဆိတ် လက်ထပ်ရန်ပင် သဘောတူလိုက်လေသည်။

အော်သယ်လို၏ အသားရောင်သည်လည်းကောင်း၊ စီးပွားရေးအခြေအနေသည်လည်းကောင်း ဒဲ့စ်ဒီမိုးနား၏ ဘခင်ဘရာဘန်ရှိုက သမက်တစ်ယောက်အဖြစ်နှင့် လက်ခံသိမ်းပိုက်ချင်လောက်အောင် မဟုတ်ချေ။ ဘရာဘန်ရှိုသည် မိမိ၏သမီးကို အော်သယ်လိုနှင့် လွှတ်ထားခဲ့သော်လည်း ဗဲနစ်ရှန်အထက်တန်းစား အမျိုးသမီးများ၏ ထုံးစံအတိုင်း ဆီနိတ္တာအတန်းအစား အမျိုးတူ လူငယ်တစ်ယောက်ယောက်ကို မကြာမီ ရွေးချယ်လိမ့်မည်ဟု မျှော်လင့်ခဲ့၏။ ယခုမူကား အထင်မှားကြောင်း တွေ့ခဲ့ရလေပြီ။ ဒဲ့စ်ဒီမိုးနားသည် လူနက်တစ်ယောက်ကို ချစ်ကြိုက်ခဲ့၍ သူ၏အရည်အချင်းကို သဘောကျသည်နှင့် မိမိ၌ရှိသမျှတို့ကို သူ၏ လက်ဝယ်သို့ အလုံးစုံပုံ၍ အပ်ခဲ့လေပြီ။ ဒဲ့စ်ဒီမိုးနားသည် မိမိရွေးချယ်သည့် လင်ယောကျ်ားအပေါ်၌ အစွမ်းကုန် ချစ်ခင် ကြင်နာခြင်းရှိသည်ဖြစ်၍ အခြားသော အမျိုးသမီးများ၏ မျက်စိ၌ မည်သည့်နည်းနှင့်မျှ ချစ်ခင်စုံမက်ရန် မဖြစ်နိုင်လောက်သည့် အသားနက် လူမျိုးကိုပင် ဗဲနစ်ရှန်မြို့သား အထက်တန်းစား လူငယ်များအားလုံးထက် ချစ်မြတ်နိုးလျက် ရှိလေတော့၏။

အော်သယ်လိုနှင့် ဒဲ့စ်ဒီမိုးနားတို့မှာ တိတ်တဆိတ် ထိမ်းမြားလက်ထပ်ကြသော်လည်း ကြာရှည်စွာ လျှို့ဝှက်ထားရန် မဖြစ်နိုင်သည့်အလျောက် ဘခင် ဘရာဘန်ရှို၏နားသို့ ပေါက်ကြားလေတော့၏။ ထိုအခါ ဘရာဘန်ရှိုသည် မိမိသမီးအား မူးလူမျိုး အော်သယ်လိုက စုန်းအတတ်ဖြင့် ညှို့ပတ်ပြု



www.burmeseclassic.com

www.burmeseclassic.com

စားကာ ညှော့သည်တို့၏ ဝတ္ထုရားကိုလည်း မထောက်ထား၊ မိဘများ၏ သဘောတူညီမှုကိုလည်း တောင်းယူခြင်းမပြုဘဲ တိတ်တဆိတ်လက်ထပ်ယူခဲ့ပါကြောင်း လွှတ်တော်အစည်းအဝေးတွင် တင်လျှောက်စွပ်စွဲလေ၏။

ထိုအချိန်အခါ၌ တူရကီသင်္ဘောများသည် ဗဲနစ်ရှန်တို့ လက်ဝယ်၌ရှိသော ဆိုက်ပရတ်ကျွန်းကို တိုက်ခိုက်လုယူရန် အကြံအစည်နှင့် ချီတက်လာကြပြီဟူသော သတင်းရောက်ရှိလာရာတွင် ဗဲင်နစ္စအစိုးရသည် စစ်ဗိုလ်ချုပ် အော်သယ်လိုအား အသုံးချရန် အရေးတကြီး လိုအပ်လာလေ၏။ ဤသို့သော အခြေအနေ၌ တူရကီများ၏ ရန်ကို တွန်းလှန်ရန်မှာ အော်သယ်လိုသည်သာလျှင် အသင့်တော်ဆုံးသော စစ်ဗိုလ်ဖြစ်သည်ဟု အစိုးရက မြင်၏။ သို့ဖြစ်ရကား အော်သယ်လိုမှာ တိုင်းပြည်အတွက် အရေးအကြီးဆုံးသော ကိစ္စ၌ ဆောင်ရွက်နိုင်မည့် အရာခံတစ်ယောက်အဖြစ်နှင့်လည်းကောင်း၊ ဗဲင်နစ္စဥပဒေအရ သေဒဏ်ပေးနိုင်သည့် တရားခံတစ်ယောက်အဖြစ်နှင့်လည်းကောင်း လွှတ်တော်သို့ ရောက်ရှိလာလေ၏။

ဘရာဘန်ရှိမှာ အသက်အရွယ်ကြီးရင့်သော ဆီနိတ္တာကြီးတစ်ယောက်ဖြစ်သည့် အားလျော်စွာ လွှတ်တော်အမတ်ကြီးများသည် ၎င်း၏ စွပ်စွဲချက်ကို ရိုသေလေးစားစွာနှင့် ကြားနာကြရ၏။ သို့ရာတွင် ဘရာဘန်ရှိသည် အလွန်တရာဒေါသဖြစ်လျက် ရှိသည့်အလျောက် နင့်သီးသော စကားလုံးများဖြင့် အော်သယ်လိုအားပုတ်ခတ်ရေရွတ်သည့်ပြင် လုံလောက်သော အထောက်အထားများထက် စွပ်စွဲချက်သက်သက်တို့သာလျှင် များပြားလျက် ရှိရကား အော်သယ်လိုကဒဲ့စ်ဒီမိုးနားအား လူပျိုလှည့်စဉ်က မည်ကဲ့သို့သောနည်းဖြင့် (ကျွန်ုပ်တို့ အထက်တွင်ရေးသားဖော်ပြခဲ့သည့်အတိုင်း) တရားသူကြီးများသို့ ရိုးသားစွာလျှောက်ထားလေရာ တရားသူကြီးချုပ်ဖြစ်သော မြို့ဝန်ကြီးက အော်သယ်လိုသည် ဤနည်းအတိုင်း လူပျိုလှည့်ပါက မည်သည့်အမျိုးသမီးမျှမခံနိုင်။ မိမိ၏သမီးပင်ပါလောက်သင့်ကြောင်းနှင့် ထုတ်ဖော်ဝန်ခံလေ၏။ ထို့ပြင် အော်သယ်လိုသည် မိန်းကလေးအား စုန်းအတတ်ဖြင့် ချစ်ကြိုက်အောင်ပြုစားသည်ဟူသော ဘရာဘန်ရှို၏ စွပ်စွဲချက်မှာလည်း ယုတ္တိမတန်။ ထောက်ခံချက်လည်းမရှိ။ လူပျိုတစ်ယောက်က အပျိုတစ်ယောက်အား ချစ်ကြိုက်အောင် လုပ်ရိုးလုပ်စဉ် ဓမ္မတာအတိုင်း နားဝင်လောက်အောင် ပြောပြခြင်းမျှသာ ဖြစ်ပေသည်ဟု ဆိုလေသည်။

အော်သယ်လို၏ လျှောက်လဲချက်ကို ဒဲ့စ်ဒီမိုးနားကိုယ်တိုင်ရုံးတော်သို့လာ၍ ထောက်ခံခဲ့၏။ ဒဲ့စ်ဒီမိုးနားက မိမိအားပညာပေး၍ ကျွေးမွေးပြုစုခဲ့ခြင်းများအတွက် မွေးသဘခင်ကို ကျေးဇူးတင်ဘို့ ရှိသည့်ဝတ္တရားအတိုင်း ကျေးဇူး





တင်ပါသော်လည်း မိမိ၏မွေးသမိခင်သည် သူ၏ဘခင်ထက် ဘရာဘန်ရှိအားပို မိုလေးစားခဲ့သည့် နမူနာအတိုင်း မိမိကလည်း မိမိ၏ဘခင်ထက် လင်ယောကျ်ားဖြစ်သော အော်သယ်လိုအား ပိုမိုလေးစားရမည့် ဝတ္တရားရှိကြောင်းနှင့် ဖော်ထုတ်ပြောပြလေ၏။

ဘရာဘန်ရှိမှာ အော်သယ်လို အပေါ်၌အပြစ်ထင်ရှားအောင် ဖော်ပြရန် မတတ်နိုင်တော့သည်ဖြစ်၍ အော်သယ်လိုအား မိမိထံသို့ ခေါ်ပြီးလျှင် သမီးကိုပေးအပ်ရင်း ဝမ်းနည်းစကားပြောကြားလေ၏။ ဘရာဘန်ရှိက မိမိ၏ သမီးကို အော်သယ်လိုသို့ မလွှဲမရှောင်သာသောကြောင့်သာ ပေးရခြင်းဖြစ်ကြောင်း၊ အကယ်၍ မိမိ၌ ဒုတိယသမီးတစ်ယောက်ရှိခဲ့လျှင် ဤသမီး၏ အတုလိုက်၍ မိမိအားဆန့်ကျင်ဘက် ပြုကျင့်မည် စိုးရိမ်သည့် အတွက်ကြောင့် ခလောက်ဆွဲ၍ ထားမိလိမ့်မည် ထင်သဖြင့် ဒုတိယသမီး မရှိခြင်းအတွက် ဝမ်းသာပါသေးသည်ဟု ဖော်ထုတ်ဝန်ခံလေ၏။

အခက်အခဲကို ကျော်လွှန်ပြီးသည့်နောက် အခြားလူများအဘို့ရာ၌ အစာအဟာရနှင့် အနားယူခြင်းတို့သည် သဘာဝအတိုင်း လိုအပ်သော အရာများဖြစ်သကဲ့သို့ စစ်မှုထမ်းတစ်ယောက်၏ ပင်ပန်းကြမ်းတမ်းသော အလုပ်များသည် အော်သယ်လိုအဘို့ရာ၌ ဓမ္မတာကဲ့သို့ ဖြစ်လာ၍ ဆိုက်ပရတ်ကျွန်းတိုက်ခိုက်ရေးအတွက် စီမံဆောင်ရွက်လေရာ၊ ဒဲ့စ်ဒီမိုးနားမှာ လက်ထပ်ပြီးကာစ သတို့သမီးနှင့် သတို့သားတို့၏ ချစ်ကြည်နူးစွာ အတူတကွနေထိုင်ကြရခြင်းမျိုးထက် လင်ယောကျ်ား၏ ဂုဏ်ဒြပ်ကြီးမြင့်ရေးကို ပိုမိုလိုလားသူတစ်ယောက်ဖြစ်သည့်အလျောက် စစ်မြေပြင်သို့ ထွက်ကြရခြင်းကိုကြည်ရွှင်စွာ သဘောတူလေ၏။

ဆိုက်ပရတ်ကျွန်းသို့ အော်သယ်လိုနှင့် ဒဲ့စ်ဒီမိုးနားတို့ ဆိုက်ရောက်ကြပြီးနောက် များမကြာမီအတွင်း ပြင်းထန်သော လေမုန်တိုင်းကြီးသည် တူရကီသင်္ဘောတပ်ကြီးကို တိုက်ဝှေ့ဖျက်စီးပစ်လိုက်သည်ဟူသော သတင်းရောက်ရှိလာလေရာ ကျွန်းသူကျွန်းသားများမှာ ရန်သူများ ရုတ်တရက် တိုက်ခိုက်မည့် စိုးရိမ်မှုမှ သက်သာရာရကြလေ၏။ သို့ရာတွင် အော်သယ်လိုအဘို့မှာ လက်နက်ဖြင့်တိုက်ခိုက်ခြင်းမျိုးမဟုတ်ဘဲ၊ အခြားနည်းအားဖြင့်တိုက်ရသော စစ်ပွဲကြီး အစပြုလျက်ရှိလေပြီ။ အပြစ်ကင်းမဲ့သောဒဲ့စ်ဒီမိုးနား အပေါ်၌ မနာလိုဝန်တိုမှုကြောင့် အငြိုးဖွဲ့ကြသော ရန်သူများသည် တတိုင်းပြည်မှလာရောက်တိုက်ခိုက်ကြမည့် ရန်သူများထက်ပင် ဆိုးရွားပေသေးသည်။

စစ်ဗိုလ်ချုပ် အော်သယ်လို၏မိတ်ဆွေများအနက် အများဆုံး စိတ်ချယုံကြည်ခြင်း ခံရသူမှာ၊ ကဲဆီယိုအမည်ရှိ စစ်သားကလေး တစ်ယောက်ဖြစ်


www.burmeseclassi.com

www.burmeseclassic.com



၏။ မိုက်ကဲလ်ကဲ့ဆီယိုမှာ ဖလော်ရင့်မြို့သားတစ်ယောက်ဖြစ်၍ ရွှင်ပြခြင်း၊ ချစ်ကြိုက်တတ်ခြင်း၊ သာယာနာပျော်ဘွယ် ပြောဆိုတတ်ခြင်းတည်းဟူသော အခြားအရာများနှင့် ပြည့်စုံသည့်အလျောက် မိန်းမများသဘောကျတတ်သူတစ်ယောက်ဖြစ်ပေ၏။ ထိုလူငယ်မှာ ရုပ်ရည်ချောမော၍ သွက်လက်ချက်ချာသူတစ်ယောက်လည်းဖြစ်ရပေကား၊ ငယ်ရွယ်နုနယ်၍ ချောမောလှပသော အမျိုးသမီးတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ရသည့် အော်သယ်လိုကဲ့သို့သော လူလတ်အရွယ် လင်ယောကျ်ားမျိုး၏ မသင်္ကာခြင်းခံရတတ်သူတစ်ယောက် ဖြစ်နေပေတော့၏။ သို့ရာတွင် အော်သယ်လိုမူကား စိတ်သဘောထားမြင့်မြတ်သလောက် မနာလိုဝန်တိုခြင်းကင်းရှင်း၍ ယုတ်မာသောအမှုကို မိမိကိုယ်တိုင်မပြုနိုင်သည့်နည်းတူ၊ အခြားသူတို့အပေါ်၌လည်း မသင်္ကာခြင်းကင်းရှင်းသူတစ်ယောက်ဖြစ်ချေသည်။ အော်သယ်လိုသည် ဒဲ့စ်ဒီမိုးနားကို လူပျိုလှည့်စဉ်အခါက ကဲ့ဆီယိုအား"အောင်သွယ်" အဖြစ်နှင့် အသုံးချခဲ့ဘူး၏။ ထိုစဉ်ကအော်သယ်လိုသည် မိမိကိုယ်တိုင် အမျိုးသမီးများ နားဝင်ချိုစေတတ်သည့် သာယာနာပျော်ဘွယ်ရှိသော စကားမျိုးကိုပြောတတ်သူတစ်ယောက်မဟုတ်ဘဲ ကဲ့ဆီယိုသည်သာလျှင် ထိုသို့သောအရည်အချင်းမျိုးနှင့် ပြည့်စုံကြောင်းသိရှိသည်နှင့် ၎င်းအားဒဲ့စ်ဒီမိုးနားထံသို့ စေလွှတ်ကာ မိမိအတွက်လူပျိုလှည့်စေခဲ့လေသည်။ အော်သယ်လိုကဲ့သို့ သူရသတ္တိနှင့်ပြည့်စုံသူတစ်ယောက်အဘို့မှာ ထိုသို့ရိုးသားသောသဘောထားသည် ကဲ့ရဲ့စရာမဟုတ်၊ ဂုဏ်ယူစရာ အခြင်းအရာတစ်ခုအနေဖြင့် အသိအမှတ်ပြုထိုက်ပေသည်။ သို့ဖြစ်၍ ဒဲ့စ်ဒီမိုးနားသည် အော်သယ်လိုမှလွဲလျှင်(သိက္ခာရှိသော အမျိုးသမီးတို့၏ ထုံးစံအတိုင်း အရောတဝင်မလုပ်ဘဲ) ကဲ့ဆီယိုအား ဒုတိယ ခင်မင်ရင်းနှီးဆုံးသော မိတ်ဆွေတစ်ယောက်အနေဖြင့် ယုံကြည်စိတ်ချလေ့ရှိ၏။ လက်ထပ်ပြီးသည့်နောက်၌လည်း လင်မယားနှစ်ယောက်တို့သည် ကဲ့ဆီယိုအပေါ်၌ သဘောထားပြောင်းလဲခြင်း မရှိကြချေ။ ကဲ့ဆီယိုသည် စစ်ဗိုလ်ချုပ်အိမ်သို့ မကြာခဏလာရောက်လည်ပတ်၍စစ်ဗိုလ်ချုပ်ကလည်း ထိုသူ၏လွတ်လပ်သွက်လက်သော ပြောနည်းဆိုနည်း မျိုးကိုသဘောကျလှ၏။ စစ်ဗိုလ်ချုပ်ကိုယ်တိုင်မှာ ဣန္ဒြေကြီး၍ စကားနည်းသူတစ်ယောက်ဖြစ်ပေရာ၊ ဆန့်ကျင်ဘက်သဘာဝမျိုးကို လက်ခံချင်တတ်သော လူ၏သဘာဝအတိုင်း ကဲ့ဆီယို၏နှုတ်လျှာ ပေါ့ပါးသွက်လက်ခြင်းကိုနှစ်သက်သဘောကျလျက် ရှိ၏။ သို့ဖြစ်၍ ဆိုက်ပရတ်ကျွန်းသို့ ရောက်လာကြသောအခါ၌လည်း ကဲ့ဆီယိုနှင့်ဒဲ့စ်ဒီမိုးနားတို့သည် ရှေးအခါကကဲ့သို့ပင် အရောတဝင် ပြောဆိုရယ်မောကာ ရှိနေကြလေ၏။

မကြာသေးမီက အော်သယ်လိုသည် ကဲ့ဆီယိုအား လက်ဖတနင်





(စစ်ဗိုလ်ကလေး) အဖြစ်တိုးမြှင့်ခန့်ထား၍ ဗိုလ်ချုပ်၏ ယုံကြည်စိတ်ချရသောအပါးတော်မြဲ အဖြစ်နှင့် ထမ်းရွက်စေ၏။ ကဲ့ဆီယိုထက် ရာထူးကြီးသော အိုင်ယာဂိုသည်မိမိအပေါ် သို့ကျော်တက်၍ကဲ့ဆီယိုအား ခန့်ထားရချေမည်လောဟုမကျေမနပ်ဖြစ်ကာ ကဲ့ဆီယိုအား ပြက်ရယ်လှောင်ပြောင်လေ၏။ ကဲ့ဆီယိုသည်ကားမိန်းမသားများနှင့်သာ အပေါင်းအဖော်လုပ်တတ်သူဖြစ်၍ စစ်ပြင်ဆင်ရေးအတတ်၌ မိန်းကလေးတစ်ယောက်ထက် ဘာမျှပို၍ တတ်ကျွမ်းနားလည်သူမဟုတ်ကြောင်းနှင့် သရော်လေ့ရှိသည်။ အိုင်ယာဂိုသည် ကဲ့ဆီယိုအားမုန်းတီးသကဲ့သို့ အော်သယ်လိုအားလည်း မုန်းတီး၏။ မုန်းတီးခြင်းအကြောင်းမှာ ကဲ့ဆီယိုဘက်သို့ မျက်နှာလိုက်ခြင်းကြောင့် တစ်ချက်၊ မိမိ၏မယား အမီလီယာအားအော်သယ်လိုက ပိုးပန်းသည်ဟု မသင်္ကာသောကြောင့် တစ်ချက်ဖြစ်၏။ သို့ဖြစ်ရကား အိုင်ယာဂိုသည် အော်သယ်လိုလင်မယားနှင့်တစ်ကွ ကဲ့ဆီယိုပါတပေါင်းတည်း ပျက်ဆီးခြင်းတိုင်စေမည့် ကြောက်မက်ဖွယ်ကောင်းသော လက်စားချေလိုမှု အစီအစဉ်တစ်ခုကို စိတ်ကူးအကြံထုတ်လေတော့သည်။

အိုင်ယာဂိုမှာ ပရိယာယ်ဉာဏ် ကောင်းလှသောလူတစ်ယောက်ဖြစ်၍လူ့သဘာဝကိုလည်း နက်နဲစွာလေ့လာထားသူဖြစ်သည့်အတိုင်း (ကာယဒုက္ခမျှမက)လူ့သတ္တဝါများအား အထူးသဖြင့် ပင်ပန်းဆင်းရဲခြင်းဖြစ်စေနိုင်သော အခြင်းအရာများအနက် ဝန်တိုခြင်းတည်းဟူသော မစ္ဆရိယစိတ်သည် အဆိုးရွားဆုံးဖြစ်သည်ဟု နားလည်၏။ အကယ်၍ အော်သယ်လိုက ကဲ့ဆီယိုအားဒဲ့စ်ဒီမိုးနားနှင့် မသင်္ကာအောင် မိမိပြုလုပ်နိုင်ပါမူ အလွန်တရာအရသာရှိသော လက်စားချေမှုကြီးဖြစ်၍ ကဲ့ဆီယိုဖြစ်စေ၊ အော်သယ်လိုဖြစ်စေ၊နှစ်ယောက်စလုံးဖြစ်စေ သေကြေပျက်စီးနိုင်လိမ့်မည်ဟု တွက်ချက်မိလေ၏။

ဆိုက်ပရတ်ကျွန်းသို့ စစ်ဗိုလ်ချုပ် ဇနီးမောင်နှံတို့ဆိုက်ရောက်လာကြခြင်းနှင့် ရန်သူစစ်သင်္ဘောတပ်ကြီး ပျက်စီးခြင်းတည်းဟူသော သတင်းတို့ကြောင့် ကျွန်းသူ ကျွန်းသားများမှာ ပျော်ရွှင်ဝမ်းမြောက်ကြ၍ ပျော်ပွဲရွှင်ပွဲများကျင်းပကြ၏။ ကျွန်းသူ ကျွန်းသားများသည် ဝိုင်အရက်များကို"အလျှံပယ်" သောက်ကြ၍ စစ်ဗိုလ်ချုပ်အော်သယ်လိုနှင့် မယားချောဒဲ့စ်ဒီမိုးနားတို့ ကျန်းမာချမ်းသာကြပါစေဟူသော "တို့စ်"ဖြင့် တစ်ခွက်ပြီးတစ်ခွက် သောက်စားကြလေ၏။

တစ်ညသ၌ အော်သယ်လိုသည် ကဲ့ဆီယိုအား အရံတပ်တစ်တပ်ကိုစောင့်ကြပ်စေ၍ စစ်သားအချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်းအားဖြင့် ကျွန်းသူကျွန်းသားများ ထိတ်လန့် တုန်လှုပ်ခြင်း မဖြစ်စေရန်လည်းကောင်း၊ သခုမှဆိုက်ရောက်လာသောစစ်တပ်များနာမည်ပျက်၍ လူထုက ရွံမုန်းခြင်းမခံရစေ



www.burmeseclassic.com

www.burmeseclassic.com



ရန်လည်းကောင်း၊ စစ်သည်တော်များ အလွန်အမင်း သောက်စားမူးယစ်ခြင်းမှ ထိန်းသိမ်းရန်မှာထားလေ၏။ ထိုညဉ့်၌ အိုင်ယာဂိုသည် မိမိကြံတင် စီစဉ်ထားသည့် ပျက်စီးရာပျက်စီးကြောင်း အကြံဆိုးကြီးကို စတင်ဆောင်ရွက်လေ၏။ အိုင်ယာဂိုသည် ဗိုလ်ချုပ်အားသစ္စာရှိ၍ ချစ်ခင်ခြင်းကိုဖော်ပြရန်ဟူသော ပရိယာယ်ဖြင့် ကဲ့ဆီယိုအားအရက်များမူးအောင် သောက်ဖို့သွေးဆောင်လေရာ၊ စောင့်ကြပ်သောအရံတပ်ကို အုပ်ချုပ်ရသောအရာရှိတစ်ယောက်အဖို့မှာ မူးယစ်ခြင်းသည် ကြီးလေးသောပြစ်မှုတစ်ခုဖြစ်သည်။ ပထမ၌ ကဲ့ဆီယိုသည် အိုင်ယာဂို၏ ဖြားယောင်းခြင်းကို တွန်းလှန်နိုင်သော်လည်း အိုင်ယာဂို၏ ရိုးသားလွတ်လပ်ဟန်ဆောင်သော ပရိယာယ်ကိုမရိပ်မိသည်နှင့် တစ်ခွက်ပြီးတစ်ခွက်မော့လေတော့၏။ ထိုအတောအတွင်း အိုင်ယာဂိုကလည်း အရက်များလှိုင်လှိုင်ကြီးထုတ်ပေး၍ တေးချင်းများသီဆိုကာဖျော်ဖြေပေး၏။ နောက်ဆုံး၌ ကဲ့ဆီယိုမှာ မူးယစ်သောလူတို့၏ထုံးစံအတိုင်း လျှာသွက်လာ၍ ဒဲ့စ်ဒီမိုးနား၏ ချောမောလှပခြင်းအကြောင်းများကို ချီးကျူးပြောဆိုကာ မကြာခဏ"တို့စ်" လုပ်လေ၏။ နောက်ဆုံး၌ကဲ့ဆီယိုမှာ သေအရက်၏သတ္တိကြောင့် စိတ်ကိုမထိန်းနိုင် မသိမ်းနိုင်ဖြစ်လာ၍ အိုင်ယာဂိုက ရန်တိုက်ပေးသည့် လူတစ်ယောက်နှင့် ရန်ဖြစ်လေတော့သည်။ ဤတွင် မွန်တာနိုအမည်ရှိစစ်ဗိုလ်ကလေးတစ်ယောက်က ရန်ပွဲကိုဖြန်ဖြေလေရာ၊ ကဲ့ဆီယိုသည် မွန်တာနိုကိုရန်လုပ်၍ ဓါးချင်းယှဉ်ခုတ်ကြသည်တွင် မွန်တာနိုမှာ ဓါးထိသွားလေ၏။ ထိုအခါ အရံတပ်သားများသည် ဆူဆူညံညံဖြစ်ကြကုန်လေရာ၊ အိုင်ယာဂိုသည် (ရန်ပွဲအကြီးအကျယ်ဖြစ်သည့်အလား) ဗြတိုက်ခေါင်းလောင်းကြီးထိုးကာ တပ်လှန့်လေတော့၏။ စစ်ဗိုလ်ချုပ်သည် ခေါင်းလောင်းသံကြား၍ ကတိုက်ကရိုက် ပြေးထွက်လာပြီးလျှင် ကဲ့ဆီယိုအားစစ်ဆေးမေးမြန်းလေရာ၊ ကဲ့ဆီယိုမှာ ဗိုလ်ချုပ်ကိုမြင်ရ၍ အထိုက်အလျောက် အမူးပြေပျောက်သော်လည်းရှက်တက်တက်ဖြစ်သည်နှင့် နှုတ်ဆိတ်လျက်ရှိ၏။ ဤတွင် အိုင်ယာဂိုသည် မပြောလိုဘဲလျက်နှင့် ပြောရသည့်အနေမျိုးဖြင့် အဖြစ်အပျက်ကို ရှင်းလင်းပြောပြလေရာ၊ သူ၏စကားများမှာ ကဲ့ဆီယိုကို အပြစ်ပေါ့စေလိုသကဲ့သို့ ပြောဟန်ဆောင်သော်လည်း စင်စစ်အားဖြင့် အပြစ်ကြီးစေလိုသောစေတနာနှင့်ပြောခြင်းဖြစ်၏။ (မိမိကအရက်တိုက်ခြင်းကိုမူ ဖော်ထုတ်၍မပြောဘဲမြှုပ်ထားလေ၏။) အော်သယ်လိုမှာ စည်းကမ်းဥပဒေကို ကြပ်တည်းစွာလိုက်နာလေ့ရှိသော စစ်ဗိုလ်ချုပ်ဖြစ်ရကား၊ ကဲ့ဆီယိုအားရာထူးမှ လျှော့ချခြင်းဖြင့် အပြစ်ပေးလိုက်ရလေ၏။

ဤနည်းအားဖြင့် အိုင်ယာဂို၏ ဝဠ္ဍနဉာဏ်မှာ အောင်မြင်ခဲ့လေပြီ။ မိမိမုန်းတီးသော ပြိုင်ဘက်တစ်ယောက် ရာထူးမှလျော့ကျခဲ့လေပြီ။ သို့ရာတွင်





ဤကိစ္စမှာ ဤမျှနှင့်မပြီးသေးဘဲ ထိုညဉ့်က အဖြစ်အပျက်ကိုရှေ့အဖို့တွင်လည်း ဆက်လက်အသုံးပြုဖို့ အကြံထုတ်လေတော့၏။

ကဲ့ဆီယိုသည် အမူးပြေသည့် နောက်၌ မိမိ၏မှားယွင်းမိသောအပြစ်ကို မိတ်ဆွေဟန်ဆောင်သော အိုင်ယာဂိုအား ညည်းတွားပြောဆိုလေ၏။ မိမိမှာ ဗိုလ်ချုပ်ကြီးထံ မည်ကဲ့သို့ အသနားခံ၍ရာထူးပြန်ရအောင် ပြုလုပ်ရမည်မသိကြောင်းလည်း ပြောပြ၏။ အလွန်အကြူး မူးယစ်အောင်သောက်ခဲ့မိသောအရက် သမားတစ်ယောက်အနေဖြင့် မိမိကိုယ်ကိုလည်းရှုတ်ချပြောပြ၏။ ထိုအခါ အိုင်ယာဂိုသည် အရေးမကြီးသောပြစ်မှုတစ်ခုမျှသာဖြစ်၍ ပေါ့ပေါ့ဆဆ သဘောထားဟန် လက္ခဏာနှင့် မိမိဖြစ်စေ၊ မည်သည့်လူစားမျိုးဖြစ်စေ၊ တခါတရံတွင် မူးအောင်သောက်မိလိမ့်မည်ဖြစ်ကြောင်း၊ ဤအချိန်တွင် ညည်းတွားနေဖို့မလိုဘဲ သက်သာရာ သက်သာကြောင်းနည်းလမ်းကိုသာ ရှာကြံဖို့လိုကြောင်း၊ ယခုအခါ ၌ ဗိုလ်ချုပ်ကတော်သည် ဗိုလ်ချုပ်ဖြစ်နေ၍ အော်သယ်လိုကိုကြီးကိုင်နိုင်သော အခြေအနေရှိနေကြောင်း၊ ထိုဗိုလ်ချုပ်ထံ အသနားခံလိုလျှင် ဗိုလ်ချုပ်ကတော် အားချဉ်းကပ်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကတော် မှာ ပွင့်လင်း၍ ကျေးဇူးပြုတတ်သောသဘောထားရှိသူဖြစ်သည့်အလျောက်၊ ဤကိစ္စမျိုးတွင် ကဲ့ဆီယိုအတွက် ဆောင်ရွက်ပေးဖို့နှောင့်နှေးမည်မဟုတ်ကြောင်း သို့ဆိုလျှင် ဗိုလ်ချုပ်သည် ကဲ့ဆီယိုအပေါ်၌ အမျက်ပြေပျောက်၍ ရှေးနည်းအ တိုင်း ခင်မင်လေးစားလိမ့်ဖြစ်ကြောင်း အကြံပေးလေ၏။ အိုင်ယာဂိုပေးသော အကြံမှာ ကောင်းသောအကြံတစ်ခုဖြစ်ပါ၏။ သို့ရာတွင် တကယ့်စေတနာကောင်းနှင့် ပေးသောအကြံမဟုတ်ဘဲ ယုတ်မာသော ရည်ရွယ်ချက်နှင့်ပေးသော အကြံဖြစ်ကြောင်းမှာ နောင်အခါ၌ ထင်ရှားပေလိမ့်မည်။

ကဲ့ဆီယိုသည် အိုင်ယာဂို၏အကြံကို လိုက်နာ၍ဗိုလ်ချုပ်ကတော်အား ချဉ်းကပ်လေရာ ဗိုလ်ချုပ်အတော်မှာ မှန်ကန်သောအမှုကိစ္စဆိုပါကဆောင်ရွက်ပေးချင်တတ်သော ဝါသနာရှိသည့်အတိုင်း ဗိုလ်ချုပ်ထံသို့ အသနားခံရန်တာဝန်ယူလျက် ကဲ့ဆီယိုအတွက် အသက်ကိုအသေခံရစေဦးတော့၊ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကတိပြုလေ၏။ ၎င်းကတိအတိုင်း ဗိုလ်ချုပ်ကတော်သည် ဗိုလ်ချုပ်ထံသို့ ချဉ်းကပ်၍ ကဲ့ဆီယိုအတွက် စိတ်အားထက်သန်စွာနှင့် ကျင်လည်စွာ အသနားခံလေရာ၊ ဗိုလ်ချုပ်မှာ ကဲ့ဆီယိုအပေါ်၌ အလွန်တရာစိတ်ဆိုးခဲ့သည်မှန်သော်လည်း ဗိုလ်ချုပ်ကတော်၏ တောင်းပန်တိုးလျှိုးချက်ကို လက်မခံဘဲ မနေနိုင်အောင်ရှိလေတော့သည်။ ဗိုလ်ချုပ်ကပြစ်မှုကျူးလွန်ထားသူ တစ်ယောက်အား ရုတ်တရက်ချက်ချင်း ချမ်းသာပေးလိုက်လျှင် သင့်လျော်



www.burmeseclassic.com

www.burmeseclassic.com



မည်မဟုတ်သောကြောင့် အနည်းငယ်အချိန်ဆိုင်းဖို့ပြောသော်လည်း ဗိုလ်ချုပ်ကတော်က နောက်တစ်ညဖြစ်စေ၊ နောက်နေ့ နံနက်ဖြစ်စေ၊ အလွန်ဆုံးသဘက်ခါ နံနက်ဖြစ်စေ၊ ပြန်လည်ခန့်ထားဖို့နားပူလေ၏။ ထို့ပြင် ကဲ့ဆီယိုမှာ ပြုမိသောအမှားအတွက် နောင်တကြီးစွာရလျက်ရှိကြောင်း၊ သူ၏အပြစ်မှာလည်း ဤမျှလောက်ကြီးလေးစွာဒဏ်ပေးလောက်သော ပြစ်မှုမျိုးမဟုတ်ကြောင်းများနှင့်ထပ်လောင်းတောင်းပန်လေ၏။ ဗိုလ်ချုပ်က ခပ်ဆိုင်းဆိုင်းလုပ်လျက်ရှိသေးရာတွင် ဒဲ့စ်ဒီမိုးနားက"ဘယ့်နှယ်ပါလဲ၊ သခင်။ ကဲ့ဆီယိုအတွက်တောင်းပန်ရတာ ဒီလောက်တောင် ခဲခဲယဉ်းယဉ်း ဖြစ်သင့်ပါသလား။ ဟိုတုန်းက သခင့်အတွက် ကျွန်မဆီလာပြီး အောင်သွယ်ပေးတဲ့လူဟာ ကဲ့ဆီယိုမဟုတ်ပါလား၊ တစ်ခါတစ်လေမှာ ကျွန်မကသခင့်အပေါ်မှာ မကျေနပ်တဲ့အသံမျိုးနဲ့ တစ်ခွန်းတစ်လေပြောမိရာမှာ ကဲ့ဆီယိုကသခင့်ဘက်ကနေပြီး အားတက်သရော ခုခံကာကွယ်ပြောပေးတာများကို ကျွန်မသတိရသေးတယ်။ ဒီလိုလူတစ်ယောက်အတွက် ကျွန်မကိုယ်တိုင်က အသနားခံရတာများကို သခင်ကဆိုင်းတိုင်းတိုင်းလုပ်နေရပါသေးသလား။ သခင့်ကို ကျွန်မကအချစ်စမ်းနေတာမဟုတ်ပါဘူး။ အချစ်စမ်းချင်တယ်ဆိုလျှင် ဒီထက်အရေးကြီးတဲ့ ကိစ္စမျိုးမှာစမ်းရမှာပါသခင်" ဟုပြောလေ၏။

အော်သယ်လိုမှာ ဤမျှလောက် ကျင်လည်စွာ အသနားခံတတ်သော ဇနီးသည်အား ဘာကိုမျှမငြင်းဆန်နိုင်ဘဲ ရှိလေတော့၏။ နောက်ဆုံး၌ အော်သယ်လိုက ဒဲ့စ်ဒီမိုးနား၏ အသနားခံချက်ကိုလက်ခံ၍ အချိန်ကာလကိုသာ မိမိဆုံးဖြတ်ပါရစေ၊ ကဲ့ဆီယိုအား ရာထူးပြန်၍ခန့်ထားပါမည်ဟု ကတိပြုရလေ၏။

အော်သယ်လိုနှင့် အိုင်ယာဂိုတို့သည် ဒဲ့စ်ဒီမိုးနား၏ အခန်းသို့ဝင်လာကြစဉ် ကဲ့ဆီယိုသည် ဒဲ့စ်ဒီမိုးနားအား မိမိအတွက်အသနားခံပေးဖို့တောင်းပန်ပြီးနောက် အခြားတံခါးပေါက်မှထွက်သွားသည်ကို မြင်လိုက်ကြလေရာ၊ ပရိယာယ်များလှသော အိုင်ယာဂိုက သူ့ကိုယ်သူပြောသည့်အနေမျိုးနှင့်"ဘယ့်နှယ်ဟာ ပါလိမ့်" ဟုတီးတိုး ပြောလိုက်လေ၏။ အော်သယ်လိုသည် ဒဲ့စ်ဒီမိုးနားနှင့် စကားပြောရန်ရှိသည့်အတွက် အိုင်ယာဂို၏ စကားကို ဂရုမစိုက်မိသော်လည်း နောက်နောင်၌မူ ထိုစကားကို အမှတ်ရမိလေသည်။ ဒဲ့စ်ဒီမိုးနားထွက်သွားသည့်နောက်၌ အိုင်ယာဂိုက ဒဲ့စ်ဒီမိုးနားအား အော်သယ်လို လူပျိုလှည့်စဉ်က ကဲ့ဆီယိုသည် ၎င်းတို့အကြောင်းကို သိပါ၏လောဟု မေး၏။ အော်သယ်လိုကမိမိတို့အကြောင်းကို ကဲ့ဆီယိုသိရုံသာမက အောင်သွယ်အဖြစ်နှင့်ပင် ဆောင်ရွက်ပေးဘူးကြောင်းပြောပြသောအခါ အိုင်ယာဂိုသည် သတင်းဆိုးတစ်ခုကြားလိုက်





ရသည့် အမူအရာမျိုးနှင့် မျက်မှောင်ကြုတ်ကာ" ဟုတ်မှဟုတ်ကဲ့လားခင်ဗျာ"ဟု ပြောလိုက်၏။ ထိုအခါ အော်သယ်လိုမှာ အခန်းတွင်းသို့ဝင်လာကြစဉ်က ဒဲ့စ်ဒီမိုးနားနှင့် ကဲ့ဆီယိုတို့ကိုမြင်လိုက်ရ၍ အိုင်ယာဂိုကပြောလိုက်သောစကားကို သတိရသည်နှင့် အဓိပ္ပာယ်တစ်မျိုးနှင့် ပြောခြင်းဖြစ်ဟန်တူသည်ဟု စဉ်းစားမိလေ၏။ အော်သယ်လို၏အထင်မှာ အိုင်ယာဂိုသည် တည့်မတ်၍ ကြင်နာတတ်သော လူတစ်ယောက်ဖြစ်သည့်အလျောက် မပြောသင့်၍သာမပြောဘဲနေသည်၊ ပြောချင်သောစကားရှိလိမ့်မည်ဟု ထင်သည်နှင့်အိုင်ယာဂိုအား သိသလောက်ပြောသာပြောပါဟု တိုက်တွန်းလေ၏။

ထိုအခါ အိုင်ယာဂိုက မည်မျှလောက်ကြီးကျယ်ခမ်းနားသော နန်းတော်အဆောက်အဦးကြီးပင်ဖြစ်စေကာမူ အညစ်အကြေးများ ဝင်တတ်ခြင်းကဲ့သို့ မိမိစိတ်ထဲသို့လည်း မဖွယ်ရာသောအထင်အမြင်များ ဝင်လာခြင်း ဖြစ်နိုင်ကြောင်းနှင့်စကားခံပြီးနောက် မိမိ၏ထင်မြင်ချက်ကို ပြောမိခြင်းကြောင့် အော်သယ်လို၌ စိတ်စနောင့်စနင်းဖြစ်ရလျှင် တော်မည်မဟုတ်ကြောင်း မိမိ၏စိတ်အကြံကို အော်သယ်လိုသိရလျှင် စိတ်ငြိမ်းချမ်းမှုမရနိုင်ဘဲဖြစ်နိုင်ကြောင်း အနည်းငယ်မျှသော သင်္ကာမကင်းမှုကြောင့် လူကောင်းများ၌ နာမည်မပျက်စေလိုကြောင်းများနှင့်ပြောလေ၏။ ထိုစကားများကို အော်သယ်လိုကြားရ၍ အလွန်သိချင်သောစိတ်ဖြစ်ပေါ်လာရာတွင် အိုင်ယာဂိုသည် စိတ်ဆင်းရဲခြင်းကို လုံးဝမလိုလားသည့်ဟန်နှင့် သင်္ကာမကင်းမှုကြောင့် ဖြစ်ပေါ်တတ်သည့် ဝန်တိုမစ္ဆရိယစိတ်မျိုးကို လက်မခံဖို့သတိပေးလေ၏။ လူယုတ်မာအိုင်ယာဂိုသည် သင်္ကာမကင်းသော စိတ်ထားမျိုး မဖြစ်စေဖို့သတိပေးခြင်းအားဖြင့် အော်သယ်လို၏စိတ်၌သင်္ကာမကင်းမှု တိုး၍ဖြစ်ပေါ်စေအောင် ကျင်လည်စွာနှိုးဆွပေးလေရာ အော်သယ်လိုက"ကျွန်ုပ်သိပါတယ်၊ ကျွန်ုပ်၏မယားဟာ ချောတယ်၊ လှတယ်၊ အပေါင်းအသင်းခင်မင်တတ်တယ်၊ ပျော်တတ်ပါးတတ်တယ်၊ တေးချင်းဆိုတတ်တယ်၊ ကတတ်တယ်၊ သို့သော် သိက္ခာရှိတဲ့ အမျိုးသမီးတစ်ယောက်အဖို့မှာတော့ ဒီအလုပ်တွေဟာ သိက္ခာရှိတာဘဲ၊ ကျွန်ုပ်၏မယားဖောက်ပြန်တယ်ဆိုခဲ့လို့ရှိလျှင် ခိုင်လုံတဲ့အထောက်အထားလိုချင်တယ်"ဟုပြောလေ၏။ ထိုအခါ အိုင်ယာဂိုသည် ဒဲ့စ်ဒီမိုးနား၏မကောင်းသတင်းကို အော်သယ်လိုက အလွယ်တကူလက်မခံခြင်းအတွက် ဝမ်းသာဟန်ဆောင်လျက် ခိုင်လုံသောသက်သေခံ အထောက်အထားမျိုးကို မိမိမပြနိုင်ကြောင်း ထုတ်ဖော်ဝန်ခံသော်လည်း ကဲ့ဆီယိုနှင့် အတူရှိနေသည့်အခိုက်တွင် ဒဲ့စ်ဒီမိုးနား၏ အမူအရာကို အမှတ်မဲ့အကဲခတ်သင့်ကြောင်း၊ မိန်းမသားကို အလွယ်တကူလည်း သင်္ကာမကင်းမဖြစ်စေဘဲ၊ အလွန်အမင်းလည်း စိတ်မချသင့်ကြောင်း၊ အီတလီ အမျိုးသမီးများအ



www.burmeseclassi.com

www.burmeseclassic.com



ကြောင်းကို(လူမျိုးတူခြင်းဖြစ်၍) မိမိ ကောင်းကောင်းသိကြောင်း၊ ဗဲင်နစ္စမြို့တော်၌ အမျိုးသမီးများ"နောက်မီးလင်း" ကြခြင်းကို မိမိသိရကြောင်းပြောပြပြီးနောက် ဆက်လက်၍ ဒွဲစ်ဒီမိုးနားမှာ အော်သယ်လိုနှင့်လက်ထပ်ခြင်းကိစ္စတွင် ဘခင်ကိုလိမ်လည်လှည့်စားရာရောက်ကြောင်း၊ ဘယ်မျှလောက် ပိပိရိရိလှည့်စားတတ်ပါသနည်းဟူမူ၊ ဘခင်ဖြစ်သူက စုန်းအတတ်ဖြင့် ပြုစားခြင်းခံရသည်ဟူ၍ ထင်မှတ်ရလောက်အောင် တတ်နိုင်ကြောင်းပြောပြလေ၏။ ဤနောက်ဆုံးအကြောင်းပြချက်သည် အော်သယ်လို၏စိတ်ကို ထိခိုက်စေ၏။ အကြောင်းမူကားမွေးသဘခင်တစ်ယောက်လုံးကို လှည့်စားတတ်သော အမျိုးသမီးသည် လင်ယောကျ်ားကိုလည်း လှည့်စားနိုင်တန်ရာသည်ဟု တွေးစရာဖြစ်နေသောကြောင့်ပေတည်း။

အိုင်ယာဂိုသည် အော်သယ်လိုအား တုန်လှုပ်ချောက်ချားဖြစ်အောင်ပြောမိခြင်းအတွက် အပြစ်လွှတ်ပါရန် တောင်းပန်သေးရာ၊ အော်သယ်လိုသည်အတွင်း၌ တုန်လှုပ်သော်လည်း ဂရုမစိုက်ဟန်ဆောင်လျက် ပြောရန်ရှိသမျှကိုမချွင်းမချန်ပြောဖို့ တိုက်တွန်းလေ၏။ ထိုအခါ အိုင်ယာဂိုသည် မိတ်ဆွေတစ်ယောက်ဖြစ်သော ကဲ့ဆီယိုအကြောင်းကို မကောင်းပြောဖို့မလိုလားဟန်ဆောင်လျက် ဆက်လက်ပြောပြပြန်သည်မှာ ဒွဲစ်ဒီမိုးနားသည် အမျိုးတူခြင်းဖြစ်သောသတို့သားများ၏မေတ္တာကို လက်မခံဘဲ၊ မူးလူမျိုးတစ်ယောက်ဖြစ်သော အော်သယ်လိုနှင့် ထိမ်းမြားလက်ထပ်ခဲ့ခြင်းကို ထောက်ထားခြင်းအားဖြင့် ခေါင်းမာသောမိန်းမတစ်ယောက်ဖြစ်သည်မှာ ထင်ရှားကြောင်း၊ ထိုကဲ့သို့ လက်ထပ်ပြီးသည့်နောက် ဦးခေါင်းအေးအေးနှင့် စဉ်းစားမိရာတွင် ရုပ်ရည်ချောမောလှပ၍အမျိုးတူခြင်းဖြစ်သောအီတာလျံသတို့သားများနှင့် အော်သယ်လိုတို့ကို နှိုင်းယှဉ်ကြည့်ရှုတန်ရာပေကြောင်းပြောပြ၍ နောက်ဆုံး၌ကဲ့ဆီယိုအားရာထူးပြန်ခန့်ခြင်းကို အချိန်ဆိုင်းထားပါလျှင် ဒွဲစ်ဒီမိုးနားသည် သူ့အတွက်မည်မျှလောက်နားပူနားဆာ ပြုလုပ်ခြင်းကို တွေ့ရလိမ့်မည်ဖြစ်ကြောင်းပြောပြလေ၏။ အိုင်ယာဂိုသည် ရှေးဦးစွာ ကဲ့ဆီယိုအား ဒွဲစ်ဒီမိုးနားထံသို့ ချဉ်းကပ်ရန်အကြံပေး၍ဒွဲစ်ဒီမိုးနား၏ သနားကြင်နာတတ်သော သဘောထားကိုပင် ပျက်ဆီးရာပျက်ဆီးကြောင်းသို့ တွန်းပို့တတ်သည့် ဉာဏ်နီဉာဏ်နက်မှာကား၊ အကယ်ပင်အံ့သြလောက်ပါပေ၏။

ခွဲခါနီးတွင် အိုင်ယာဂိုသည် အော်သယ်လိုအား မိမိ၏ဇနီးနှင့်ပတ်သတ်၍ ခိုင်လုံသော အထောက်အထား မတွေ့ရှိရသေးမီအတောအတွင်း၌ အပြစ်ကင်းမဲ့ဖြူစင်သောဇနီးတစ်ယောက်အနေဖြင့် သဘောထားရန် အကြံပေးလေရာ၊ အော်သယ်လိုကလည်း သည်းခံ၍စောင့်ကြည့်ပါမည်ဟု ကတိပြု





လေ၏။ စင်စစ်သော်ကား လှည့်စားခြင်းခံရသော အော်သယ်လိုမှာ ထိုအချိန်မှစ၍ စိတ်ငြိမ်းချမ်းမှုရတော့သည် မရှိချေ။ ဘိန်းသည်လည်းကောင်း၊ ဆေးခြောက်သည်လည်းကောင်း၊ အိပ်ဆေးအမျိုးမျိုးသည်လည်းကောင်း၊ အော်သယ်လိုအားယခင်ကကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေရန်မတတ်နိုင်ဘဲရှိ၏။ အလုပ်ဝတ္တရား ဆောင်ရွက်ရခြင်းသည်လည်း အော်သယ်လိုအားငြီးငွေ့စေ၏။ လက်နက်စွဲကိုင် တိုက်ခိုက်ရခြင်းအလုပ်၌လည်း ပျော်ပိုက်ခြင်းမရှိတော့ချေ။ စစ်သားအစုအဝေးကို မြင်ရခြင်း၊ အောင်လံကို မြင်ရခြင်း၊ စစ်အခင်းအကျင်းကိုမြင်ရခြင်းသည်လည်းကောင်း၊ ဘင်သံ ခရာသံကြားရခြင်း၊ စစ်မြင်းဟီသံကိုကြားရခြင်းတို့သည်လည်းကောင်း၊ အော်သယ်လိုအားရင်ခုန်လှုပ်၍ စိတ်တက်ကြွခြင်းဖြစ်ခဲ့ဘူးသော်လည်း၊ ယခုအခါ၌မူ ထိုကဲ့သို့ မဖြစ်တော့ဘဲ စစ်သားတို့ဂုဏ်ယူလေ့ရှိသော အချင်းအရာများ၌ ဂုဏ်မယူတတ်တော့သည့်ပြင် စစ်တိုက်ရသည့်အလုပ်မျိုးနှင့်ပတ်သတ်၍ စိတ်ဓာတ်ပျော့ညံ့လျက်ရှိတော့၏။ တစ်ခါတစ်ရံတွင် မိမိ၏ဇနီးသည် သစ္စာရှိသည်ဟုထင်၍ တစ်ခါတစ်ရံတွင်လည်း၊ ဖောက်ပြန်သည်ဟု ထင်မိ၏။ တစ်ခါတစ်ရံတွင် အိုင်ယာဂိုသည် တည့်မတ်သည်ဟု ထင်မိ၍တစ်ခါတစ်ရံတွင်လည်း ထိုကဲ့သို့ မထင်မိချေ။ နောက်တစ်ခဏ၌ ဤအကြောင်းအရာများကို မိမိလုံးဝမသိဘဲ နေရခြင်းက ကောင်းဦးမည်ဟု စဉ်းစားမိ၏။ ဒွဲစ်ဒီမိုးနားက ကဲ့ဆီယိုအားချစ်ကြိုက်ဘိသည်ထားဘိဦး၊ မိမိမသိရလျှင် မိမိအဖို့ ကောင်းသည်ဟု စဉ်းစားမိ၏။ ဤကဲ့သို့ အတိအကျမဆုံးဖြတ်နိုင်သဖြင့် စိတ်ယောက်ယက်ခတ်ဖြစ်လျက်ရှိစဉ်၊ တစ်နေ့သ၌ အော်သယ်လိုသည် အိုင်ယာဂို၏ လည်မျိုကို ကိုင်ညှစ်လျက် ဒွဲစ်ဒီမိုးနားက ဖောက်ပြန်ကြောင်းကို လုံလောက်သော သက်သေခံအထောက်အထား ပြနိုင်လျှင်ပြ၊ မပြနိုင်လျှင် ယခုချက်ချင်းသတ်ပစ်မည်ဟု ခြိမ်းခြောက်ကာ အကြပ်ကိုင်လေ၏။ အိုင်ယာဂိုသည် မိမိ၏တည့်မတ်ရိုးသားခြင်းကို အလွဲထင်ရချေမည်လောဟု စိတ်ဆိုးဟန်ပြလျက် ဒွဲစ်ဒီမိုးနား၏ လက်ထဲ၌ စတော်ဘယ်ရီသီးများ ယက်ထည့်ထားသော လက်ကိုင်ပုဝါတစ်ထည်ကို တစ်ခါတစ်ရံတွင် မြင်ဘူးပါ၏လောဟု အော်သယ်လိုအားမေး၏။ အော်သယ်လိုက ၎င်းလက်ကိုင်ပုဝါမှာ မိမိက ဒွဲစ်ဒီမိုးနားအား ပထမဦးဆုံးပေးဘူးသည့် လက်ဆောင်တစ်ခုဖြစ်ကြောင်း ပြောရာတွင် အိုင်ယာဂိုက "အဲ့ဒီလက်ကိုင်ပုဝါနဲ့ ကဲ့ဆီယိုမျက်နှာသုတ်တာကို ကျွန်တော်ယနေ့မြင်ခဲ့ရပါတယ်" ဟု ပြောလေ၏။ ဤတွင် အော်သယ်လိုက "ခင်ဗျားပြောတဲ့အတိုင်း မှန်ခဲ့လို့ရှိလျှင် သင်းတို့နှစ်ယောက်လုံးကို လက်စားမချေရဘဲ ကျုပ်မနေဘူး။ ပထမဆုံးအလုပ်က ခင်ဗျားပြောတဲ့စကားအတိုင်းမှန်ကန်ကြောင်းကို သက်သေခံ ပြတဲ့သဘောနဲ့ ကဲ့ဆီယိုကို သုံးရက်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



သေအောင် သတ်ပစ်ရမယ်။ ဟိုကောင်မကိုတော့ ဘယ်လိုအပြစ်ပေးရမယ်ဆိုတာကို ကျုပ်အကြံထုတ်ဦးမယ်"ဟု ပြောလေ၏။

သက်ကမကင်းဖြစ်၍ မစ္ဆရိယ သဘောဝင်လျက်ရှိသူတစ်ယောက်အဖို့မှာ အသေးအဖွဲ အချင်းအရာများသည် ကျမ်းကြီး ကျမ်းဂန်သဖွယ် ခိုင်လုံသော သက်သေအထောက်အထားများဖြစ်လာတတ်၏။ ကဲ့ဆီယို၏လက်ထဲ၌ မယား၏လက်ကိုင်ပုဝါ ကို တွေ့ရသည်ဆိုလျှင်ပင် နှစ်ယောက်စလုံးကို သတ်ပစ်ဖို့ အကြောင်း အခိုင်အမာဖြစ်သည်ဟု ဆုံးဖြတ်ချက်ချတော့၏။ ၎င်းလက်ကိုင်ပုဝါကို မည်သည့်နည်းနှင့်ရသနည်းဟု ကဲ့ဆီယိုအားစစ်ဆေးမေးမြန်းဖို့ပင် လိုသည်မထင်တော့ချေ။ ဒဲ့စ်ဒီမိုးနားသည် ကဲ့ဆီယိုအား မည်သည့်အခါကမျှ ထိုလက်ကိုင်ပုဝါကို လက်ဆောင်မပေးခဲ့ဘူးသည့်အပြင် သစ္စာရှိသောမယားဖြစ်သည့်အလျောက် လင်ယောက်ျားက အမြတ်တနိုးပေးထားသောပစ္စည်းကို အခြားယောက်ျား တစ်ဦးတစ်ယောက်သို့ လက်ဆောင်ပေးခြင်းအားဖြင့် လင်ယောက်ျားအား ပြစ်မှားစော်ကားမည့် မိန်းမစားမျိုးလည်းမဟုတ်ချေ။ ကဲ့ဆီယိုနှင့် ဒဲ့စ်ဒီမိုးနားနှစ်ယောက်စလုံးပင် အော်သယ်လိုအား ပြစ်မှားခြင်းလုံးဝကင်းစင်သူများဖြစ်ကြ၏။ စင်စစ်သော်ကား ဆိုးရွားယုတ်မာသော အိုင်ယာဂိုသည် ကောက်ကျစ်ညစ်ပတ်သော အကြံအစည်များကို မအိပ်မနေကြံစည်တတ်သည့်အတိုင်း၊ သဘောကောင်းသော်လည်း စိတ်ဓာတ်ပျော့ညံ့သော သူ၏မယားအား လက်ကိုင်ပုဝါပုံစံ ကူးယူလို၍ဟု ပြောစေကာ ဒဲ့စ်ဒီမိုးနားထံမှ လက်ကိုင်ပုဝါကို ငှားရမ်းစေပြီးနောက် ကဲ့ဆီယိုမြင်လောက်သော နေရာ၌ချထားခြင်းအားဖြင့် ဒဲ့စ်ဒီမိုးနားက လက်ဆောင်ပေးခြင်းဖြစ်လေဟန် ဂုံးချောနိုင်ခြင်းဖြစ်လေသည်။

အော်သယ်လိုသည် ဒဲ့စ်ဒီမိုးနား၏ အဆောင်သို့ဝင်၍ ခေါင်းကိုက်ချင်ယောင်ဆောင်ကာ (တကယ်လည်းခေါင်းကိုက်ထိုက်သည်) နားထင်၌ ကပ်ထားရန်အတွက် လက်ကိုင်ပုဝါတစ်ထည်ငှားသဖြင့် ဒဲ့စ်ဒီမိုးနားက လက်ကိုင်ပုဝါတစ်ထည်ထုတ်ပေးသောအခါ "ဒီဟာမလိုချင်ဘူး။ ကျုပ်ပေးထားတဲ့ဟာ လိုချင်တယ်"ဟု ပြော၏။ ၎င်းလက်ကိုင်ပုဝါမှာ (ကျွန်ုပ်တို့သိရပြီးဖြစ်သည့်အတိုင်း) ဒဲ့စ်ဒီမိုးနားလက်ဝယ်၌ မရှိဘဲ ဖြစ်နေရာ အော်သယ်လိုက "ဘယ့်နှယ်လဲ၊ ပေ့ါလျော့လှချေတကား. . . . "ဟု ပြောပြီးနောက် ထိုလက်ကိုင်ပုဝါမှာ အီဂျစ်ရှင်းမိန်းမကြီးတစ်ယောက်က မိမိ၏မိခင်အား ပေးခဲ့သော လက်ကိုင်ပုဝါ ဖြစ်ကြောင်း၊ ၎င်းမိန်းမကြီးမှာ စုန်းမကြီးဖြစ်၍ သူတစ်ပါး၏ စိတ်အကြံကိုသိကြောင်း၊ လက်ကိုင်ပုဝါကိုကောင်းစွာသိမ်းထားလျှင် လှချစ်လှခင် ရှပါများ၍ လင်ယောက်ျားကလည်း ချစ်ခင်မြတ်နိုးလိမ့်မည်ဟု မိန်းမကြီးကမိခင်အားမှာ





ထားခဲ့ကြောင်း၊ လက်ကိုင်ပုဝါ ပျောက်ဆုံးသွားသည်ဖြစ်စေ၊ တစ်ယောက်ယောက်သို့ ပေးပစ်လိုက်သူဖြစ်စေ၊ လင်ယောက်ျားက မချစ်တော့ဘဲ မုန်းလာတတ်သည်ဖြစ်ကြောင်း။ မိခင် သေခါနီးတွင် မိမိအားပေးခဲ့၍ လက်ထပ်သောအခါ၌ ဇနီးအားလက်ဆောင်ပေးရစ်ဖို့ မှာထားခဲ့ကြောင်း၊ မိခင်၏အမှာအတိုင်း ဇနီးအားပေးခြင်းဖြစ်ကြောင်း၊ လက်ကိုင်ပုဝါကို သတိဝိရိယနှင့် သိမ်းဆည်း၍ မျက်လုံးကိုဂရုစိုက်သကဲ့သို့ ဂရုစိုက်စေလိုကြောင်း ပြောလေ၏။ ဒဲ့စ်ဒီမိုးနားသည် ထိတ်လန့်လာ၍ "ဟုတ်ရဲ့လားသခင်"ဟု မေးရာ အော်သယ်လိုက"ဒီအတိုင်းမှာခဲ့ပါတယ်"ဟု ပြန်ပြောပြီးနောက် ဆက်လက်၍ ထိုလက်ကိုင်ပုဝါမှာ ဆေးစီရင်ထားသော လက်ကိုင်ပုဝါဖြစ်ကြောင်း လွန်ခဲ့သော နှစ်ပေါင်း၂၀၀ခန့်က ပရောဖက်မကြီးတစ်ယောက် စီရင်ခဲ့သောလက်ကိုင်ပုဝါကို ယက်လုပ်သော ပိုးမျှင်များမှာ တစ်သီးတစ်ခြားစီရင်ထားသည့် ပိုးကောင်များမှ ထုတ်ယူရသော ပိုးမျှင်များဖြစ်ကြောင်း၊ ပိုးမျှင်များကို အရောင်ဆိုးရာ၌လည်း မပုပ်မသိုးအောင် ဆေးစိမ်ထားသည့်သမီးကညာများ၏ နှလုံးသားဖြင့် ဆေးဆိုးယူရကြောင်းနှင့် ပြောပြလေရာ၊ ဒဲ့စ်ဒီမိုးနားမှာ လက်ကိုင်ပုဝါ၏ အံ့ဩဖွယ်ဖြစ်သော သတ္တိထူးများအကြောင်းကို ကြားရ၍ သေလုဘနန်း ထိတ်လန့်သွားလေ၏။ အကြောင်းမူကား ဒဲ့စ်ဒီမိုးနားသည် မိမိ၏လက်ဝယ်၌ လက်ကိုင်ပုဝါ မရှိတော့သောအဖြစ်ကိုသိ၍ လင်ယောက်ျား၏ ချစ်မြတ်နိုးခြင်းမခံရတော့ဘဲ ဆုံးရှုံးရတော့မည်ဟု စိုးရိမ်ပူပန်မိသောကြောင့်ပေတည်း။

ထိုအခါ အော်သယ်လိုသည် တစ်စုံတစ်ခု အရမ်းပြုလိုက်တော့မည်ကဲ့သို့ အလန့်တကြား ထလိုက်ပြီးနောက် လက်ကိုင်ပုဝါ တောင်းပြန်လေရာ၊ ဒဲ့စ်ဒီမိုးနားသည် လက်ကိုင်ပုဝါ မပေးနိုင်ဘဲ ရှိသည်နှင့် လင်ယောက်ျားအား နက်နဲသောအကြောင်းအရာများကိုချည်း မစဉ်းစားစေဘဲ အာရုံပြောင်းလွှဲပေးလိုသည်ဖြစ်၍ လက်ကိုင်ပုဝါအကြောင်းကို ပြောပြီးမှ ကဲ့ဆီယိုအတွက် မိမိ၏အသနားခံသောကိစ္စကို အချိန်ဆွဲလို၍ဖြစ်သည်ဟု မိမိရိပ်မိကြောင်းနှင့် ပြုံးရယ်ကာ ပြောပြီးလျှင်(အိုင်ယာဂိုက ကြိုတင်ပြောထားသည့်အတိုင်း) ကဲ့ဆီယိုအကြောင်းကို ချီးကျူးပြောဆိုလေရာ အော်သယ်လိုမှာ ရပ်တည်မှု မရအောင် စိတ်စေလာသည်နှင့် အခန်းပြင်သို့ဂြုန်းကနဲထွက်သွားလေရကား ဒဲ့စ်ဒီမိုးနားမှာ မိမိအပေါ်၌မယုံသင်္ကာ ဖြစ်လျက်ရှိလေပြီဟု စိုးရိမ်ပူပန်မိလေ၏။

ဒဲ့စ်ဒီမိုးနားသည် ဘယ်သို့ပြုရမည်ဟု မကြံတတ်အောင် ဖြစ်နေရာမှ သဘောထားမြင့်မြတ်သော လင်ယောက်ျား အော်သယ်လိုအား မိမိ အတိခတ်မှားလေပြီတကားဟု မိမိကိုယ်ကို ပြစ်တင်ရှုတ်ချလျက် ဝဲင်နစွမြို့တော်မှ မကောင်းသတင်း တစ်စုံတစ်ရာ ကြားရသောကြောင့်လည်းကောင်း၊ အစိုးရ



www.burmeseclassi.com

www.burmeseclassic.com



ကိစ္စတစ်ခုခုကြောင့်သော်လည်းကောင်း၊ စိတ်နောက်ကျိ ရှာဟန်တူ၍ ခါတိုင်းကဲ့သို့ မကြည်ရွှင်နိုင်ရှာခြင်း ဖြစ်လိမ့်မည်ဟု တွေးတောပြီးနောက် ယောကျ်ားများမှာ နတ်သိကြားများမဟုတ်သောကြောင့်လင်မယားအဖြစ်နှင့် နေထိုင်သောအခါတွင် လက်ထပ်သောနေ့မှာကဲ့သို့ မယား၏အလိုသို့ တစ်လိုက်တည်းလိုက်နေဖို့ မမျှော်လင့်ထိုက်ကြောင်းများနှင့် မိမိကိုယ်ကို ဖျောင်းဖျပြောဆိုလျက်ရှိလေ၏။

အော်သယ်လိုသည် ဒဲ့စ်ဒီမိုးနားနှင့် နောက်တစ်ကြိမ်တွေ့ဆုံသောအခါ၌ မိမိအပေါ်၌သစ္စာဖေါက်ကြောင်းပြောရန် နာမည်ကိုမဖေါ်ဘဲ အခြားယောကျ်ားတစ်ယောက်အား ချစ်ခင်စုံမက်လျက်ရှိသည်ဟု ဖွင့်ဟစွပ်စွဲကာ မျက်ရည်များကျလာလေရာ ဒဲ့စ်ဒီမိုးနားက "ဖြစ်မှဖြစ်ရပလေ သခင်၊ တယ်ကဲဆိုးတဲ့နေ့ပါတကား၊ ဘာကြောင့် ငိုရတာလဲသခင်" ဟု မေးလေ၏။ ထိုအခါ အော်သယ်လိုက မိမိမှာဆင်းရဲမွဲတေခြင်း၊ အနာရောဂါစွဲကပ်ခြင်း၊ အသရေပျက်ခြင်းစသော အဖြစ်ဆိုးများကို သည်းခံနိုင်သော်လည်း ချစ်လှသောမယား၏သစ္စာဖေါက်ခြင်းမှုကား အသည်းနှလုံးကွဲလောက်အောင် နာလှကြောင်းပြောပြ၍ ဒဲ့စ်ဒီမိုးနားအား အဆင်းလှ၍ရနံ့မွှေးသော်လည်း တန်ဖိုးမရှိသော ပေါက်ပင်နှင့် နှိုင်းပြီးလျှင် လူ့ပြည်၌ မမွေးဖွားဘဲနေပါက ကောင်းလိမ့်မည်ထင်ကြောင်း ပြောလေ၏။ ထို့နောက် အော်သယ်လိုထွက်သွားသောအခါ ဒဲ့စ်ဒီမိုးနားမှာ မိမိအပေါ်၌ အလွဲထင်ခြင်းအတွက် တအံ့တဩဖြစ်ကာ ထိုင်းမှိုင်းတွေဝေလာသည်နှင့် အစေခံကိုခေါ်၍ အိပ်ရာခင်းစေပြီးလျှင် လက်ထပ်သည့်ညကခင်းသော အိပ်ရာလွှမ်းကို ခင်းကျင်းစေပြီး၍ နို့စို့ကလေးများကို သွန်သင်သည့်အခါ သိမ်မွေ့သောနည်းဖြင့်သာ သွန်သင်ရကြောင်း၊ လင်တော်မောင်က မိမိအား အပြစ်ဆိုခြင်းမှာ ကလေးသူငယ်သဘောနှင့် သွန်သင်ဆုံးမခြင်းမျှသာ ဖြစ်ပေကြောင်း စသည်ဖြင့် ဆင်ခြင်သုံးသပ်ရှာလေသည်။

ဒဲ့စ်ဒီမိုးနားသည် အိပ်ရာပေါ်၌လဲလျောင်းကာ လင်တော်မောင် ဝင်လာလိမ့်မည်ဟု စောင့်မျှော်ရင်း အိပ်ပျော်သွားလေရာ. . . အော်သယ်လိုသည် ဇနီးကို အဆုံးစီရင်ရန် အကြံဆိုးနှင့် ဝင်လာလေ၏။ သို့ရာတွင် ကုတင်ပေါ်၌ အိပ်ပျော်လျက်ရှိသော ဒဲ့စ်ဒီမိုးနားကိုမြင်သောအခါ၊ သွေးထွက်အောင်ပြုလုပ်၍မတော်၊ ကျောက်သလင်းကဲ့သို့ ဖွေးဖွေးဖြူသော အသားပေါ်တွင်လည်း အမာရွတ်ထင်အောင် လုပ်၍မတော်ဟု စဉ်းစားမိလေ၏။ သို့ရာတွင် အဆုံးစီရင်ဖို့မှုကား ဆုံးဖြတ်ခဲ့ပြီးလေပြီ။ ဤမိန်းမအား အရှင်ထားခဲ့လျှင် မိမိအား ဒုက္ခပေးသကဲ့သို့ အခြားယောကျ်ားများကိုလည်း ဒုက္ခပေးဦးတော့မည်ဟု သဘောပိုက်ထားလေသည်၊ ထို့နောက် အော်သယ်လိုသည် နောက်ဆုံးနမ်းခြင်းအဖြစ်





နှင့် နမ်းရှုပ်လေရာ အလွန်ချိုမွှေးလှသည်ဖြစ်သောကြောင့် နောက်တစ်ကြိမ်ထပ်၍နမ်းရင်း ငိုကြွေးမိလေ၏။

အော်သယ်လို၏ နမ်းရှုပ်ခြင်းများကြောင့် ဒဲ့စ်ဒီမိုးနားသည် လန့်နိုးလာ၍ အော်သယ်လိုအား ကြည့်လိုက်ရာတွင် အောက်နှုတ်ခမ်းကိုကိုက်ကာ မျက်လုံးများ ကလယ်ကလယ် ဖြစ်လျက်ရှိခြင်းကို မြင်ရ၍ ဤသို့သော အချင်းအရာမျိုးမှာ အော်သယ်လိုအဖို့၌ စိတ်ကြမ်းဝင်သောအခါမျိုး၌သာ ဖြစ်တတ်ခြင်းကိုလည်း ဒဲ့စ်ဒီမိုးနားသိ၏။ ဤတွင် အော်သယ်လိုက သတ်တော့မည့်အကြောင်း၊ လူကိုသတ်သော်လည်း ဝိဉာဉ်ကို မသတ်လိုသောကြောင့် ဘုရားရှိခိုးပြီး သေဖို့ပြင်ဆင်ရန်ပြောလေ၏။ အပြစ်ကင်းမဲ့သော ဒဲ့စ်ဒီမိုးနားသည် ပြုသမျှခံရတော့မည်ကိုမြင်၍ အသက်ကို ချမ်းသာပေးပြီး မိမိ၏အပြစ်ကို ဖော်ထုတ်ပြောပြရန်တောင်းပန်ရှာ၏။ ထိုအခါ အော်သယ်လိုက ကဲ့ဆီယို၏အမည်ကိုထုတ်ပြော၍ လက်ကိုင်ပုဝါပေးကြောင်းစွပ်စွဲလေရာ အမြစ်လုံးဝမရှိဘဲလျက်အထင်လွဲခံရသော ဒဲ့စ်ဒီမိုးနားသည် မိမိ၌ လုံးဝအပြစ်မရှိကြောင်းများနှင့် ပြောပြတောင်းပန်အသနားခံမည်ပြုဆဲတွင် အော်သယ်လိုသည် နားမထောင်တော့ဘဲ အိပ်ရာလွှမ်းဖြင့် ဒဲ့စ်ဒီမိုးနားအား ရစ်ပတ်ကာ မွန်းသတ်လိုက်လေတော့၏။

ထိုခဏ၌ အိုင်ယာဂိုက လူသတ်သမားတစ်ယောက်ကို ငှား၍အသတ်ခိုင်းသဖြင့် သွေးသံရဲရဲရှိနေသော ကဲ့ဆီယိုအား အိမ်ထဲသို့သွင်းလာကြလေ၏။ လူသတ်သမားသည် ကဲ့ဆီယိုအား သေအောင်မသတ်နိုင်ဘဲ ဒဏ်ရာရရုံမျှလောက်သာ လုပ်နိုင်လေရာ အိုင်ယာဂိုသည် တစ်ခါတည်းနှုတ်ပိတ်စေရန်အကြံဖြင့် လူသတ်သမားကို သတ်ပစ်လိုက်၏။ သို့ရာတွင် လူသတ်သမား၏အကျီအိတ်ထဲ၌ စာတစ်စောင်တွေ့ရှိလေရာ ၎င်းစာ၌ အိုင်ယာဂို၏ယုတ်မာသော အကြံအစည်နှင့်တစ်ကွ ကဲ့ဆီယို၏ အမြစ်ကင်းစင်သောအဖြစ်ကို ယုံမှားသံသယရှိလောက်အောင် ဖော်ထုတ်ရှင်းလင်းရေးသားထားလေသည်။ ကဲ့ဆီယိုသည် အော်သယ်လိုထံသို့လာ၍ အိုင်ယာဂိုအားသတ်ခိုင်းလောက်အောင် မိမိ၌ မည်သည့်ပြစ်ချက်ရှိပါသနည်းဟု မေးလေ၏။

အဖြစ်အပျက်အချင်းအရာကို ဟုတ်တိုင်းမှန်ရာ သိရှိရသောအခါ အော်သယ်လိုမှာ မိုးကြိုးထိမှန်သကဲ့သို့ ဖြစ်သွား၍ မိမိမှာလူသတ်သမားတစ်ယောက်ဖြစ်နေကြောင်း၊ မိမိ၏ဇနီး ဒဲ့စ်ဒီမိုးနားမှာလည်း မည်သည့်အပြစ်မျှမရှိဘဲ မိမိအပေါ် အခါခပ်သိမ်း သစ္စာရှိခဲ့သော မယားဖြစ်ကြောင်း သိရှိရသည်နှင့် လူ့ပြည်တွင် အသက်ရှင်လျက်မနေလိုတော့ဘဲ မိမိ၏ဓါးဦးပေါ်သို့ ပစ်လဲယင်းဒဲ့စ်ဒီမိုးနား၏အလောင်းပေါ်သို့ထိုးချကာအသက်ကုန်ဆုံးရှာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ လက်လွတ်စပယ် ပြုလုပ်သော အခြင်းအရာကို အနီးရှိလူများ မြင်ကြရသောအခါ အလွန်တရာ ထိတ်လန့်အံ့ဩခြင်းဖြစ်ကြရ၏။ အကြောင်းမူကား အော်သယ်လိုမှာ လူယုတ်မာ အိုင်ယာဂို၏ ဝက်နှဉာဏ်ဖြင့် လှည့်စားဖျက်ဆီးခြင်း မခံရမီအခါက အလွန်တရာ သတင်းမွှေး၍ ချစ်ခင်မြတ်နိုးတတ်သော လင်ကောင်းတစ်ယောက် ဖြစ်ချေသည်ဟု သိခဲ့ကြရသောကြောင့်ပေတည်း။

အော်သယ်လိုကား စူးစမ်းဆင်ခြင်မှု မရှိဘဲအရမ်းချစ်မိသော လင်ယောက်ျားမှန်ပေသည်။ ယောက်ျားပြီသသော အော်သယ်လိုသည် မိမိ၏အမှားကိုမြင်သောအခါ၌ အလွယ်တကူနှင့် မျက်ရည်ကျတတ်သူတစ်ယောက် မဟုတ်ပါဘဲလျက် မျက်ရည်များမဆည်နိုင်အောင် ကျခဲ့လေသည်။ အော်သယ်လိုကွယ်လွန်သောအခါ၌ ၎င်း၏တစ်သက်လုံးတောက်ပပြောင်လက်ခဲ့သော ကိုယ်ကျင့်တရားနှင့် သူရသတ္တိတို့ကို လူအများတို့က သတိရလျက်ကျန်ရစ်ခဲ့၏။ ၎င်း၏ရာထူး၌ ဆက်ခံလုပ်ကိုင်သော စစ်ဗိုလ်ချုပ်အိုင်ယာဂိုအား ဥပဒေအရ အဆုံးစီရင်ရန် အပြစ်ပေး၍ နှမြောဘွယ်ကောင်းလှသော စစ်ဗိုလ်ချုပ်အော်သယ်လို အကြောင်းကိုလည်း ဗဲနစ်မြို့တော်အစိုးရထံသို့ အစီရင်ခံစာပို့လိုက်လေသတည်း။

*သွေးသောက်၊ အမှတ် (၁၆၇)၊ ဒီဇင်ဘာလ၊ ၁၉၅၉ ခုနှစ်။*

□ □ □

## ခက်ထန်သော မိန်းမစွာကို ဆုံးမခြင်း

အီတလီပြည် ပါဒူဝါမြို့၌ ဘက်တစ္စတာအမည်ရှိ သူဌေးကြီးတစ်ယောက်တွင် ကက်သရင်းနှင့် ဘလန်ကာတည်းဟူသော သမီးနှစ်ယောက်ရှိ၏။ သမီးအကြီးကက်သရင်းမှာ အလွန်တရာမာနကြီး၍ ခက်ထန်သောသဘောရှိသည့်အလျောက် လူအများတို့က နှုတ်သီးကောင်းသော ကက်သရင်းဟု ခေါ်ကြ၏။ လူပျိုများသည် သိမ်မွေ့ယဉ်ကျေးသော ညီမဘလန်ကာကို လိုချင်ကြသော်လည်း ဘခင်သူဌေးကြီး ဘက်တစ္စတာက အစ်မအကြီး ကက်သရင်းကို ရှေးဦးစွာ နေရာချထားပြီးမှ ဘလန်ကာကို လင်ပေးစားမည်ဟု ပြောလေ့ရှိ၏။ ကက်သရင်းမှာ ၎င်း၏ ခက်ထန်တင်းမာ၍ နှုတ်သီးကောင်းသော ဝါသနာအတွက်ကြောင့် လင်ရဖို့မဖြစ်နိုင်သလောက်ရှိနေခဲ့ရာ၊ အစ်မအကြီး စွံကာမှ ညီမကိုလင်ပေးစားမည် ဆိုခြင်းအားဖြင့် ညီမအတွက်လုံးဝလမ်းပိတ်ထားသကဲ့သို့ ဖြစ်ရခြင်းအတွက် လူအများကသူဌေးကြီးကို အပြစ်ဆိုကြလေသည်။

တစ်နေ့သ၌ ပီထရူချီယို အမည်ရှိ လူပျိုတစ်ယောက်သည် အိမ်ထောင်ဘက်ရှာရန်အတွက် ပါဒူဝါမြို့သို့ ရောက်လာလေရာ၊ ထိုသူသည် ကက်သရင်း၏ခက်ထန်တင်းမာ၍ နှုတ်သီးကောင်းခြင်းတို့ကြောင့် စိတ်မပျက်ဘဲ ရုပ်ရည်ချောမော၍ ပစ္စည်းပေါခြင်းအကြောင်းကိုလည်း သိရသည်နှင့် ၎င်းမိန်း



www.burmeseclassic.com

www.burmeseclassic.com



မကို ရအောင်ယူပြီး နူးနပ်ပျော့ပြောင်းအောင် ဆုံးမယူမည်ဟု ဆုံးဖြတ်ချက်ချလေ၏။ စင်စစ်မှာ ကက်သရင်းကို နူးညွတ်ပျော့ပြောင်းလာအောင် ဆုံးမပဲ့ပြင်ပေးနိုင်လောက်သည့် အရည်အချင်းမျိုးနှင့် ပတ်သတ်၍လည်း ပီထရူချီယိုကဲ့သို့ ပြည့်စုံလုံလောက်သူရှားပေလိမ့်မည်။ ထိုသူသည် ကက်သရင်းကဲ့သို့ပင် စိတ်ကြီးသူတစ်ယောက်ဖြစ်သည့်ပြင်၊ ပညာကြီးခြင်း၊ နှလုံးပြည့်ဝခြင်း၊ ရွှင်ပြခြင်း၊ တခ်နုပ္ပတ္တိဉာဏ် ထက်မြက်ခြင်းတည်းဟူသော အရည်အချင်းများနှင့်လည်း ပြည့်စုံ၏။ ထိုသူသည် ဒေါသကြီးဟန်ဆောင်ဖို့ လိုအပ်သောအခါများတွင် အဟုတ်တကယ်ဒေါသဖြစ်နေသကဲ့သို့ ပြုမူပြောဆိုနိုင်သော်လည်း ဝမ်းထဲ၌မူ ကြည်ကြည်လင်လင် ရွှင်ရွှင်ပြပြနှင့် ပြုံးပြုံးကလေးနေတတ်သူဖြစ်၏။ ဒေါသကို ဒေါသနှင့် တိုက်ခြင်းအားဖြင့် အကျိုးမရှိယုံသာမက ရန်ဖြစ်ရုံမျှသာရှိခြင်းကိုလည်း သိမြင်သူ ဖြစ်သည့်အလျောက် ဒေါသချင်းမပြိုင်မူ၍ သိမ်မွေ့သော နည်းတစ်မျိုးဖြင့် တိုက်တတ်သူဖြစ်သည်။ သို့ရာတွင် တစ်လက်မမျှ အလျှော့ပေးခြင်းကား မရှိ လိုသောအရာကိုရအောင် ယူတတ်သူဖြစ်လေသည်။

ပီထရူချီယိုသည် ကက်သရင်း၏အိမ်သို့ လူပျိုလှည့်ရန်သွားရောက်ရာတွင် ရှေးဦးစွာ ဘခင်ဘက်တစ္စတာသို့ချဉ်းကပ်၍ ခွင့်တောင်း၏။ ပီထရူချီယိုက သမီးချောကက်သရင်း၏ ယဉ်ကျေးသိမ်မွေ့၍ နူးညံ့ပျော့ပြောင်းခြင်းတို့ကြောင့် သတင်းမွှေးလှသဖြင့် ဗာရိုနာမြို့မှ လာရောက်ခဲ့ခြင်းဖြစ်ပါသည်ဟု ပြော၏။ ဘခင်ဘက်တစ္စတာသည် ကက်သရင်းကို လက်လွှတ်ချင်လှပြီဖြစ်သော်လည်း သတင်းမွှေးလှပါသည် ဆိုသည့်အတိုင်း ဖွင့်ဟဝန်ခံလျက်ရှိစဉ် ကက်သရင်းအား ဂီတသင်ပြလျက်ရှိသောစောင်းဆရာသည် အခြားသောအခန်းမှပြေးထွက်လာ၍ မိမိ၏ဦးခေါင်းကို ကက်သရင်းက စောင်းနှင့်ရိုက်လွှတ်ကြောင်းတိုင်တန်းလေ၏။ ဘက်တစ္စတာက ဖြစ်ပျက်ပုံ အကြောင်းအရာကို မေးမြန်းစုံစမ်းရာတွင် တပည့်မကက်သရင်း၏စောင်းတီးပုံ နေရာမကျသေးခြင်းကို ဝေဖန်မိသဖြင့် မိမိအားဘဝင်မြင့်သည်ဟုဆိုကာ ဦးခေါင်းကိုစောင်းနှင့်ရိုက်ပါသည်ဟု စောင်းဆရာကပြောပြလေ၏။ စောင်းဆရာ၏ တိုင်တမ်းချက်ကို ကြားရသောအခါ ပီထရူချီယိုက "တယ်ပြီးသတ္တိကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါပေတကား၊ ကျွန်တော်တော့ သိပ်ပြီးအားရတယ်ခင်ဗျာ။ တွေ့စမ်းချင်ပါဘိတယ်" ဟု ဝင်ပြောပြီးနောက် ဆက်လက်၍ "သူဌေးကြီးခင်ဗျား ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စတွေရှိနေတဲ့အတွက် နေ့တိုင်းလာဖို့ မတတ်နိုင်အောင်ဖြစ်နေပါတယ်။ ကျွန်တော့ရဲ့ ဘခင်ကိုလည်း သူဌေးကြီး သိပြီးဖြစ်ပါတယ်။ ဘခင်ကွယ်လွန်တဲ့နောက် သူ၏ အမွေအနှစ်ပစ္စည်းအားလုံးကို ကျွန်တော်တစ်ဦးတည် ဆက်ခံရရှိပါတယ်။ ကျွန်တော်တစ်ခုမေးပါရစေ၊ သူဌေး





ကြီးရဲ့ သမီးကသဘောကျလို့ လက်ထပ်ကြတဲ့အခါမှာ သူဌေးကြီးက ဘယ်လောက်လက်ဖွဲ့မှာလဲ ခင်ဗျား" ဟု မေးလေ၏။ သမီးကို လူပျိုလှည့်မည့် လုလင်ပျိုတစ်ယောက်အဖို့ရာ၌ ၎င်းမေးခွန်းမှာ တုံးတိတိရိုင်းလွန်းလှသည်ဟု သူဌေးကြီးယူဆသော်လည်း၊ သမီးကိုစွံလိုလှသည့် အတွက်ကြောင့် လက်ထပ်သောနေ့၌ ကရောင်းဒင်္ဂါးနှစ်သောင်း လက်ဖွဲ့မည့်အကြောင်း၊ မိမိကွယ်လွန်သောအခါ၌လည်း အမွေပစ္စည်းတစ်ဝက်ပေးမည့်အကြောင်း ပြောလေ၏။ ထိုကဲ့သို့ သဘောတူညီချက်ရရှိကြပြီးနောက် သူဌေးကြီးသည် သမီးထံသို့သွား၍ အဖြစ်အပျက်ကို ပြောပြပြီးလျှင် ပီထရူချီယိုအား လက်သင့်ခံ၍ စကားပြောရန် စေလွှတ်လေ၏။

ထိုအတောအတွင်း၌ ပီထရူချီယိုသည် ကက်သရင်းအား မည်ကဲ့သို့ လူပျိုလှည့်ရမည်ကို စိတ်ကူးလျက်ရှိ၏။ ပီထရူချီယိုစဉ်းစားမိသည်မှာကား "ကက်သရင်းဝင်လာတဲ့အခါမှာ ငါကခက်ထန်ထန်ပြော၍ လူပျိုလှည့်မည်။ ငါ့ကိုဆူဆူပုတ်ပုတ်လုပ်လျှင် ကြီးကြာသံ၊ကရဝိတ်သံကဲ့သို့သာယာလှပပေတယ်လို့ ချီးကျူးမည်။ ငါ့ကိုမျက်မှောင်ကြုတ်ပြလျှင် ဆီးနှင်းခတဲ့နှင်းဆီပန်းပွင့်ကဲ့သို့ ကြည့်၍ကောင်းလှတယ်လို့ ပြောမည်။ ငါ့ကို စကားမပြောဘဲ နှုတ်ဆိတ်နေလျှင်လည်း လိမ္မာရေးခြား စကားတတ်လှပါပေတယ်လို့ ချီးမွမ်းမည်။ ငါ့ကို မောင်းထုတ်လျှင်လည်း အလိုရှိသလောက် နေတော်မူပါလို့ ပင့်ဖိတ်သည့်အလား ကျေးဇူးတင်စကား ပြောမည်" စသည်ဖြင့် စီမံကိန်းရေးဆွဲလျက် ရှိလေ၏။ ကက်သရင်းသည်ဟန်ကြီးပန်ကြီးအမူအယာနှင့် အခန်းတွင်းသို့ဝင်လာသောအခါ ပီထရူချီယိုက "မင်္ဂလာရှိတဲ့နံနက်ခင်းပါ၊ ကိတ်ရေ မင်းနာမည်ဟာ ဒီလိုဘဲ ခေါ်ကြတယ်ဟုတ်လား" ဟု နှုတ်ဆက်လိုက်ရာ၊ ('ကိတ်'ဟူသည်မှာ ကက်သရင်းဟူသော နာမည်ကို မလေးမစားအတိုချုံး၍ ခေါ်လိုက်ခြင်းဖြစ်၏) ကက်သရင်းသည် မိမိအားဤကဲ့သို့ခေါ်ဝေါ်ခြင်းကို မနှစ်သက်သည်နှင့် ပမာမခန့်အမူအယာမျိုးဖြင့်၊ "ကျုပ်ကိုစကားပြောလျှင် ကက်သရင်းလို့ ခေါ်တတ်ပါစေ" ဟု ပြန်ပြောလိုက်၏။ ထိုအခါ ပီထရူချီယိုက "မုသားမသုံးပါနဲ့ မိန်းကလေး၊ လူတွေက မင်းကို ကိတ်လို့ခေါ်သူကခေါ်တယ်၊ ချစ်စရာ ကိတ်ကလေးလို့ ခေါ်သူက ခေါ်တယ်၊ နှုတ်သီးကောင်းလျှာပါးမလေးလို့ ခေါ်သူက ခေါ်တယ်၊ ကျုပ်အားလုံး သိပါတယ်၊ ကျုပ်မျက်စိထဲမှာတော့ ခရစ်ယန်လောကတစ်ခုလုံးမှာ၊ မင်းအချောဆုံး အလှဆုံးလို ဖြစ်နေပါတယ်၊ ရောက်လေရာ အရပ်ဒေသတိုင်းမှာ အင်မတန်ယဉ်ကျေးသိမ်မွေ့တဲ့မိန်းကလေး တစ်ယောက်ရယ်လို့ သတင်းမွှေးလှလေတော့၊ လူပျိုလှည့်ရအောင် ကျုပ်လာခဲ့ခြင်းဖြစ်ပါတယ်" ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပီထရူချီယိုနှင့် ကက်သရင်းတို့ အချီအချပြောကြသော စကားလုံးများမှာ လူပျိုနှင့် အပျို ပြောနေကြသော စကားလုံးမျိုးမဟုတ်သဖြင့် အတော်ထူးဆန်းသော လူပျိုလှည့်နည်း ဖြစ်နေတော့၏။ ကက်သရင်းသည် နှုတ်သီးကောင်းလှသည်ဟု နာမည်ကြီးသည့်အတိုင်း ဒေါသတကြီးနှင့် အော်ကြီးဟစ်ကျယ်ပြောလေသမျှကို ပီထရူချီယိုသည် ဒေါသနှင့် မတုန့်ပြန်မူ၍ အလွန်တရာ နှုတ်ချိုပါပေသည် စသည်များဖြင့်သာ ချီးကျူးစကားပြောလေ၏။ နောက်ဆုံး၌ ပီထရူချီယိုသည် ဘခင်သူဌေးကြီး၏ ခြေသံကြား၍ (လူပျိုလှည့်ခြင်းကိစ္စကို အတိုချုံးပြီး လက်စသိမ်းလိုက်တော့သည့် အမူအယာမျိုးဖြင့်) "စကားမရှည်ကြပါစို့နဲ့ ကက်သရင်း၊ မင်းအဖေက မင်းကိုကျုပ်နဲ့ သဘောတူပြီးဖြစ်လို့မို့ ခန်းဝင်ပစ္စည်းတွေ ဘာတွေတောင် သတ်မှတ်ပြီးပါပြီ၊ သို့မို့ကြောင့် မင်းကဘာပြောလို့ ဘယ့်နှယ်လုပ်နေနေ မင်းနဲ့ကျုပ်နဲ့ လက်ထပ်ကြရမှာကတော့ မတိမ်းမရှောင်နိုင်တဲ့ ကိစ္စကြီးဖြစ်နေပါပြီ" ဟု ပြောလေ၏။

သူဌေးကြီး ဝင်လာသောအခါ ပီထရူချီယိုက ကက်သရင်းသည် မိမိ၏ စကားကို ကြည်ဖြူစွာနှင့် လက်ခံပြီးကြောင်း၊ လာမည့် တနင်္ဂနွေနေ့၌ လက်ထပ်ကြရန်ကိုပင် သဘောတူ သတ်မှတ်ပြီးကြောင်း ပြောပြလေ၏။ ထိုအခါ ကက်သရင်းသည် ထိုကဲ့သို့မဟုတ်ရကြောင်း ငြင်းဆိုလျက်"လာမည့် တနင်္ဂနွေနေ့မှာ ဒီလူနဲ့လက်ထပ်မှာတော့မဟုတ်ဘူး၊ ဒီလူကြိုးစင်တင် သတ်တာကိုတော့ မြင်ချင်တာအမှန်ပါဘဲ" ဟု ပြောပြီးနောက် ထိုကဲ့သို့ ရူးသွပ်သောလူတစ်ယောက်နှင့် ပေးစားချင်သည့်အတွက် ဘခင်အား ဆူပူ ပြစ်တင်လေ၏။ ဤတွင် ပီထရူချီယိုက သူဌေးကြီးအား ရှက်ရမ်းရမ်း၍ ပြောသောကက်သရင်း၏စကားကို မယုံကြည်စေလိုကြောင်း၊ ဘခင်၏ ရှေ့မှောက်၌ ဤကဲ့သို့ မချစ်ကြိုက်ချင်ယောင်ဆောင်ဖို့ မိမိတို့တိုင်ပင်ထားကြကြောင်း၊ ဘခင်ကွယ်ရာ၌ မိမိတို့နှစ်ဦးမှာ ကြင်နာစွာနှင့် ချစ်ရည်သွေးသော စကားမျိုးကိုသာ ပြောကြကြောင်း ပြောပြပြီးနောက် ကက်သရင်းဘက်သို့ လှည့်လျက် "လက်ပေးစမ်းပါကွယ် ကိတ်ရယ်၊ ဗင်းနစ်မြို့တော်ကြီးသွားပြီး မင်းဝတ်ဖို့ မင်္ဂလာဝတ်စုံ သွားဝယ်ချေပါဦးမယ်၊ မင်္ဂလာအခမ်းအနား ပြင်ဆင်ဖို့ ကိစ္စကိုတော့၊ သူဌေးကြီးကိုဘဲ ကျွန်တော်လွှဲခဲ့ပါရစေတော့ခင်ဗျား၊ မင်္ဂလာဆောင်တဲ့နေ့မှာ ကျွန်တော့မယားသားသားနားနား၊ သိုက်သိုက်မြိုက်မြိုက်၊ လှလှပပကြီး ဝတ်စားဆင်ယင်ဖို့ကို ကျွန်တော် တာဝန်ယူပါတယ်။ ကိုင်း. . . ကိတ်ရေ၊ တနင်္ဂနွေနေ့မှာ လက်ထပ်ကြမှာမို့ မောင့်ကိုကစ်(စ်)ပေးလိုက်ဦးလေ"ဟု ပြောလေ၏။တနင်္ဂနွေနေ့၌ မင်္ဂလာအခမ်းအနားသို့ လာရောက်ကြသော ပရိသတ်များသည် နေအိမ်သို့ စုံလင်စွာရောက်ရှိကြပြီ ဖြစ်သော်လည်း သတို့သားမပေါ်လာသေးဘဲ





ရှိနေရာ၊ ကက်သရင်းမှာ မိမိအား တမင်သက်သက် ပြက်ရယ်ပြုကာ အရှက်ခွဲခြင်းဖြစ်လေသည်ဟု ငိုယိုလျက်ရှိ၏။ နောက်ဆုံး၌ ပီထရူချီယို ရောက်လာပါ၏။ သို့ရာတွင် ကက်သရင်းဖို့ ဝယ်ယူခဲ့မည်ဟု ကတိပြုထားသည့် မင်္ဂလာဝတ်စုံလည်းမပါ၊ သူကိုယ်တိုင်မှာလည်း သတို့သားတစ်ယောက်ကဲ့သို့ သားသားနားနား ဝတ်စားဆင်ခြင်းမရှိဘဲ၊ အခမ်းအနားပွဲ တစ်ခုလုံးကို ပြက်ရယ်ပြုသည့်သဘောနှင့် တော်ရိုလျော်ရို ဝတ်ဆင်လာခဲ့လေ၏။ ပီထရူချီယိုသည် နောက်လိုက်တပည့်တစ်ယောက် ခေါ်လာခဲ့ရာ၊ ဆရာတပည့်နှစ်ယောက်စလုံးမှာ မြင်းစုတ်ကလေးတစ်စီးစီ စီးလျက် ပေါက်လာကြလေ၏။

အမြင်မတော်သော ပရိသတ်များက ပီထရူချီယိုအား အကြည့်ရခက်သည်နှင့် အဝတ်သစ်များလဲလှယ်ဆင်မြန်းဖို့ တိုက်တွန်းကြလေသော်လည်း သတို့သားက ကက်သရင်းသည်မိမိနှင့် လက်ထပ်မည်ဖြစ်ကြောင်း၊ အဝတ်နှင့်လက်ထပ်မည်မဟုတ်ကြောင်း ပြော၏။ ဧည့်သည်များသည် ပီထရိုချီယိုအားတိုက်တွန်းတောင်းပန်၍ မရဘဲရှိရာ လက်လျှော့ကာဖြင့် ဘုရားရှိခိုးကျောင်းသို့ လက်ထပ်ရန်သွားကြရလေ၏။ လက်ထပ်အခမ်းအနားတွင်လည်း သတို့သားသည် သွပ်ချောင်ချောင် ပြုမူလျက်ရှိ၏။ ဘုန်းတော်ကြီးက ပီထရူချီယိုအား ကက်သရင်းကို မယားအဖြစ်ပေါင်းသင်းလိုပါသလောဟုမေးရာတွင် သတို့သားသည်"ဟုတ်ပါသည်ခင်ဗျား" ဟု အော်ကြီးဟစ်ကျယ် ပြောလိုက်သဖြင့် ဘုန်းတော်ကြီးမှာ အလန့်တကြား ဖြစ်စေကာ၊ စာအုပ်ကြီးကို လက်မှလွှတ်ချလိုက်မိ၏။ ထို့နောက် ဘုန်းတော်ကြီးသည် စာအုပ်ကြီးကို ကုန်း၍ကောက်ယူစဉ် သတို့သားက လက်နှင့်ပုတ်ချလိုက်သဖြင့် ဘုန်းကြီးရောစာအုပ်ပါ ကြမ်းပေါ်သို့ ကျသွားလေ၏။ ထို့နောက်ဆက်လက်၍ ခရစ်ယာန်ထုံးစံအတိုင်း သတို့သားအားလည်းကောင်း၊ သတို့သမီးအားလည်းကောင်း၊ ဘုန်းတော်ကြီးက အမေးအဖြေများပြုလုပ်လေရာ၊ သတို့သားသည် မိမိ၏ အလှည့်တွင် ကြမ်းပြင်ကိုခြေနှင့် ဆောင့်ကာ ကျယ်လောင်စွာ ကျမ်းသစ္စာပြုလေရကား၊ စိတ်ကြီးလှသော ကက်သရင်းကိုယ်တိုင်မှာ ကြောက်ရွံ့တုန်လှုပ်လာ၍ တစ်ကိုယ်လုံးဆတ်ဆတ်ခါလျက်ရှိ၏။ လက်ထပ် အခမ်းအနားပြီးဆုံး၍ ဘုရားရှိခိုးကျောင်းမှ မထွက်ရသေးမီပင် သတို့သားသည် ဝိုင်အရက် တောင်းယူ၍ဧည့်ပရိသတ်အပေါင်းကျန်းမာချမ်းသာစေကြောင်းဖြင့် ကျယ်လောင်စွာဆုတောင်းကာ 'တို့စ်' လုပ်ပြီးနောက် ဖန်ခွက်ထဲ၌ ကျန်သော ဝိုင်အရက်ကို တံခါးစောင့်၏မျက်နှာသို့ တည့်တည့်ကြီး ပက်လိုက်လေ၏။ ဤသို့ပြုရခြင်းမှာ အခြားအကြောင်းကြောင့်မဟုတ်၊ တံခါးစောင့်၏ မုတ်ဆိတ်မွေးမှာ ထူထူထဲထဲ မဟုတ်ဘဲ ပါးပါးလျလျ ရှိနေသည့်အတွက်ကြောင့် မြေသြဇာထက်သန်စေရန် ရေအစား ဝိုင်အရက်

www.burmeseclassic.com



ဖြင့် သွန်းလောင်းပေးရခြင်းဖြစ်ပါသည်ဟု ပြောသေး၏။ ဤမျှလောက် ထူးဆန်းသော လက်ထပ်ပွဲကို ဧည့်ပရိတ်သတ်တို့ ကြုံရခဲကြပေလိမ့်မည်။ စင်စစ်သော်ကား ပီထရူချိယိုသည် ထိုကဲ့သို့ ပရမ်းပတာပြုလုပ်ခြင်းမှာ ခက်ထန်လှသော ကက်သရင်းအား နူးညံ့ပျော့ပြောင်းအောင် ဆုံးမဖို့ စိတ်ကူးထားသည့် မိမိ၏ လုပ်ငန်းစဉ်အတိုင်း ပလ္လင်ခံသော သဘောမျှဖြစ်သည်။ နေအိမ်သို့ပြန်ရောက်ကြသောအခါ ဘခင်သူဌေးကြီးသည် ဧည့်သည်များအတွက်စားပွဲကြီးတည်ခင်း ပြင်ဆင်ထားသော်လည်း ပီထရူချိယိုသည် စားပွဲထိုင်ဖို့အချိန်မရှိ၊ မိမိ၏ ဒေသသို့ချက်ချင်းပြန်တော့မည်ဟုဆိုကာ ကက်သရင်းအားဆွဲခေါ်လေ၏။ ယောက္ခမကြီးကတား၍ သတို့သမီးကက်သရင်းက ဒေါသတကြီးနှင့် မလိုက်ပါရစေနှင့်ဦးဟု ငြင်းသော်လည်းမရဘဲ၊ မိမိ၏မယားကို မိမိပိုင်ဆိုင်ခွင့်ရှိသည်ဆိုကာ ဆွဲခေါ်သွားလေရာ၊ ဧည့်ပရိတ်သတ်တို့မှာ ပီထရူချိယို၏ ခက်ထန်တင်းမာသော အမူအယာကို လန့်ကြသည်နှင့် တားဆီးရန်မဝံ့ကြချေ။

ပီထရူချိယိုသည် ကက်သရင်းအား မြင်းစုတ်ကလေးတစ်စီးပေါ်သို့ တင်၍ ၎င်းတို့ ဆရာတပည့်မှာလည်း မြင်းစုတ်ကိုယ်စီစီးပြီးလျှင် ရွှံ့နွံတစ်လှည့် ခဲတစ်လှည့်ဖြင့် ကြမ်းတမ်းသော လမ်းများတစ်လျှောက် ခရီးထွက်ခဲ့ကြလေ၏။ လမ်းခရီး၌ ကက်သရင်း၏မြင်းပိန်မကလေးသည် မကြာခဏ ခလုပ်တိုက်၍ ဟပ်ထိုးလဲတော့မည်ပြုသည့် အခါများတွင် ပီထရူချိယိုသည် မနိုင့်တနိုင်နှင့် ရုန်းရရှာသော မြင်းပိန်ကလေးအား အစိမ်းလိုက် ဝါးစားတော့မည့်နှယ်၊ ငေါက်အော်ရေရွတ်ကြိမ်းမောင်းလေ၏။ သူ၏အပြုအမူကို မြင်ရလျှင် ဤလူကဲ့သို့ ဒေါသကြီးသောလူသည် ကမ္ဘာပေါ်တွင် ရှိမည်မဟုတ်ဟူ၍ပင် ထင်ရလောက်ပေသည်။

လမ်းတစ်လျှောက်လုံး၌ ပီထရူချိယိုသည် မြင်းပိန်ကလေးနှင့် သူ၏ တပည့်တို့ကို တစ်လှည့်စီရေရွတ်ကြိမ်းမောင်းကာဖြင့် ပင်ပန်းကြီးစွာ ခရီးသွားကြရပြီးနောက် သူ၏နေအိမ်သို့ ဆိုက်ရောက်လာကြ၏။ ပီထရူချိယိုသည် ကက်သရင်းအား ကြင်နာလှသောအမူအယာနှင့် ဧည့်ခံသော်လည်း၊ သူ၏စိတ်ထဲ၌ကား ဤညအဖို့ရာ၌ ကက်သရင်းအားအနားလည်းမပေး၊ စားစရာလည်း မကျွေးဘဲ ထားမည်ဟု ဆုံးဖြတ်ပြီးဖြစ်သော်လည်း မကြာမီ အစေခံများသည် စားသောက်ဖွယ်ရာများကို သားသားနားနားတည်ခင်းပြင်ဆင်ကြ၍၊ လင်မယားနှစ်ယောက်တို့သည် စားပွဲ၌ထိုင်မိကြသည်တွင် ပီထရူချိယိုသည် စားစရာများကို တစ်ခုပြီးတစ်ခု အပြစ်ရှာကာ၊ ကြမ်းပေါ်သို့ ပစ်ချပြီးလျှင် နောက်ဆုံးတွင် စားပွဲတစ်ခုလုံးကို သိမ်းလိုက်ရန်အမိန့်ပေးလေ၏။ ထိုအတောအတွင်း ပီထရူချိယိုက မကောင်းတကောင်းချက်ပြုတ်ထားသော အစားအစာများကို ဇနီးသည်





အား ကျွေးမွေးခြင်းအားဖြင့် ဘေးဥပါဒ် မဖြစ်စေလိုကြောင်းများနှင့် တွင်တွင်ကြီးပြောပြလျက်ရှိလေသည်။ ကက်သရင်းမှာ အပန်းလည်းမဖြေရ၊ အစာလည်း မစားရဘဲ၊ အိပ်ရာသို့ဝင်ရလေတော့ရာ၊ ပီထရူချိယိုသည် အိပ်ရာကိုနေရာတကျ မခင်းကျင်းမပြင်ဆင်တတ် ကောင်းလောဟု အစေခံများအား ဆူပူကြိမ်းမောင်းကာ ခေါင်းအုံးနှင့်မွေ့ယာတို့ကို ကြမ်းပေါ်သို့ ဖြန့်ကျဲလွှင့်ပစ်လိုက်လေရကား၊ ကက်သရင်းမှာ ကုလားထိုင်ပေါ်၌ ငိုက်ရလေတော့သည်။ သို့နှင့်လည်း ချောချောမောမော စိတ်ချလက်ချ ငိုက်ရသေးသည်မဟုတ်ချေ။ ခရီးပန်းလှသော ကက်သရင်းသည် ကုလားထိုင်ပေါ်၌ လစ်ခနဲဖြစ်၍ မှေးကနဲအိပ်ပျော်တော့မည်ပြုသည်နှင့် တစ်ပြိုင်နက် ပီထရူချိယိုသည် အိပ်ရာကိုမျှ နေရာကျအောင်မခင်းတတ်သော အစေခံများဟူ၍ အော်ကြီးဟစ်ကျယ်နှင့် အလန့်တကြား ဆူပူကြိမ်းမောင်းပြန်ရာတွင် ကက်သရင်းမှာ မှေးသောမျက်လုံးများ ပြူးကျယ်၍ ထွက်လာရလေတော့သည်။

နောက်တစ်နေ့၌လည်း ပီထရူချိယိုသည် ယမန်နေ့ကနည်းတူ ပြုမူပြန်၏။ သို့ရာတွင် ကက်သရင်းအားမူ ကြင်နာသော အမူအယာနှင့် ချိုသာသော စကားတို့ကိုသာ ပြောလေသည်။ ကက်သရင်းက စားစရာများကို စားမည်ပြုသော အခါ၌မူကား၊ ပီထရူချိယိုသည် ကောင်းမွန်စွာ ချက်ပြုတ်ပြင်ဆင်ခြင်း မပြုကောင်းလားဟု အပြစ်အမျိုးမျိုးပြောကာ ယခင်နည်းအတိုင်းကြမ်းပေါ်သို့ လွှင့်ပစ်လေ၏။ နောက်ဆုံး၌ မာန်မာန ထောင်လွှားခဲ့လှသော ကက်သရင်းမှာ အစေခံများအား စားစရာများ တိတ်တဆိတ်ယူပေးဖို့ တောင်းပန်ပြောဆိုရလေတော့သည်။ သို့ရာတွင် အစေခံများမှာ ပီထရူချိယိုက သွန်သင်ထားပြီးဖြစ်သောကြောင့်၊ မိမိတို့၏ သခင့်အမိန့်မရဘဲ မည်သည့်အရာကိုမျှ မပေးဝံ့ကြောင်းနှင့် ငြင်းဆန်ကြလေ၏။ ထိုအခါ ကက်သရင်းက "ဘယ့်နှယ်လုပ်ကြတာလဲကွယ်တို့ ငါ့ကို အငတ်ထားပြီး သတ်ချင်လို့ လက်ထပ်ယူလေရောလားကွယ်တို့၊ ငါတို့အဖေ့ အိမ်ပေါက်မှာ လာတောင်းတဲ့ သူတောင်းစားကိုတောင်မှ စားစရာကလေးပေးပါသေးတယ်၊ ဘယ်သူ့ဆီကမှ ဘယ်တော့မှ ဘာတစ်ခုမတောင်းဘူးတဲ့ ငါလိုမိန်းမတစ်ယောက်လုံးကို အစာမကျွေးဘဲ အငတ်ထားလို့ထား၊ မအိပ်နိုင်အောင်ဆူလို့ဆူ၊ ငါ့မှာ ခေါင်းတွေ မူးနေပါပြီကွယ်တို့၊ ဒီဟာတွေ အားလုံးထက် အခံရအခက်ဆုံးကတော့ ဒီအစာတွေစားပြီး ဒီအိပ်ရာမှာအိပ်လိုက်ရလျှင် ငါဘဲ သေရတော့မလိုလို၊ ဒါကြောင့်မို့ ငါ့ကို မသေစေရအောင် အင်မတန် မေတ္တာ ကရုဏာကြီးနဲ့ သူကကာကွယ်စောင့်ရှောက် ပေးနေရသလိုလို လုပ်လိုက်ချင်သေးတယ်၊ အဲဒီဟာက အခံရအခက်ဆုံးပါပဲကွယ်တို့" ဟု တစ်ယောက်တည်း ညည်းတွားရေရွတ်လေတော့၏။



www.burmeseclassi.com

www.burmeseclassic.com



ထိုခဏ၌ ပီထဂူချီယိုသည် အခန်းထဲသို့ ဝင်လာ၍ (လုံးဝအစာတော်၍ သေစေလိုသော ရည်ရွယ်ချက် မရှိသည့်အလျောက်) အစာအနည်းငယ် ဆောင်ယူခဲ့လျက် "နွတ်ချိုလှတဲ့ ကျုပ်နှမကြီးတစ်ယောက် ဘယ်လိုများနေပါသလဲဗျား၊ ဒီမှာလေ ကျုပ်နှမကြီးစားဖို့ ကျုပ်ကိုယ်တိုင်စိတ်တိုင်းကျချက်ယူလာခဲ့တဲ့ အမဲသားကလေး စားစမ်းပါအုံး၊ ဘယ်လောက်ချစ်တယ်ဆိုတာ သိလောက်ပြီမဟုတ်လား၊ ဒီလောက်ဂရုစိုက်တတ်တဲ့ လင်တစ်ယောက်ကို ကျေးဇူးတင်ထိုက်တယ်မဟုတ်လား၊ ဘယ့်နှယ်လဲ ကျေးဇူးတင်စကား တစ်ခွန်းတစ်လေမျှ ပြောဖော်မရဘူးလား၊ သြော်. . . နှမကြီးက အမဲသားမကြိုက်တတ်ဘူး ထင်တယ်၊ ဒီလိုဆိုလျှင် ကျုပ်ကိုယ်တိုင် စီမံခဲ့ရတာတွေဟာ ခဲလေသမျှသဲရေကျ ဖြစ်ကုန်တော့တာပေါ့လေ" ဟု ဆိုကာ အစေခံတစ်ယောက်အား အမဲသားပန်းကန်ကို ပြန်ယူသွားဖို့ အမိန့်ပေးလိုက်လေ၏။ ထိုအခါ ကက်သရင်း၏ ထောင်လွှားသောမာနမှာ ဆာလောင်မွတ်သိပ်ခြင်းကြောင့် ကျိုးနိမ့်လျက် ရှိသည်ဖြစ်၍ (ဝမ်းထဲ၌ စိတ်ဆိုးလျက်ရှိသော်လည်း) "နေပါစေရှင်၊ တောင်းပန်ပါရစေ" ဟုဆိုရလေ၏။ သို့ရာတွင် ဤမျှလောက်နှင့် မကျေနပ်သေးသော ပီထဂူချီယိုက " ကျေးဇူးပြုခြင်းခံရတတ်သည်ဆိုလျှင် ကျေးဇူးတင်စကားပြောကောင်းပါတယ်။ ကျုပ်ကို ကျေးဇူးမတင်ချင်လျှင် ကျုပ်ချက်ခဲ့တဲ့အမဲသားကိုလည်း မစားပါနဲ့" ဟု ပြောသည်နှင့် ကက်သရင်းသည် မပြောချင်ပြောချင်နှင့်ပင် "ကျေးဇူးတင်ပါတယ်ရှင်" ဟု ပြောရလေ၏။ ဤတွင် ပီထဂူချီယိုက "ဒီလိုမှပေါ့ ချစ်နှမလေးရယ်"ဟု ဆိုကာ အမဲသားအနည်းငယ်ကို ကျွေးလေ၏။ ထို့နောက် ပီထဂူချီယိုက "ကိုင်းချစ်နှမလေးရေ့၊ နှမတို့အိမ်ကို ဒီတစ်ခါသွားလျှင် အကောင်းဆုံးပိုးဖဲအဝတ်တွေ၊ လက်ဝတ်လက်စားတွင်၊ စိန်တွေရွှေတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် သိုက်သိုက်မြိုက်မြိုက် သားသားနားနားကြီး သွားကြရမယ်ကွဲ့" ဟုပြောကာ ကက်သရင်းအတွက် အဝတ်အစားများတိုင်းထွာ ချုပ်လုပ်ရန်ဆို၍ အပ်ချုပ်သမားနှင့် အထည်သည်တစ်ယောက်ကို ခေါ်သွင်းလိုက်လေ၏။ အထည်သည်လည်း အဝတ်အထည်အမျိုးမျိုးတို့နှင့် ဝင်လာလေရာ၊ ပီထဂူချီယိုသည် စားလျက်တန်းလန်းရှိနေသေးသော အမဲသားပန်းကန်ကို အစေခံတစ်ယောက်သို့ လှမ်းပေးလိုက်၍ "တယ်ပြီးဝလွယ်တာကိုး"ဟု ပြော၏။ ထို့နောက် အထည်သည်သည် ပိုးထည်ဖဲထည် အမျိုးမျိုးတို့နှင့်အတူ ကက်သရင်းအတွက် မှာထားသော ဦးထုပ်တစ်လုံးကိုပြလေရာ၊ ပီထဂူချီယိုသည် ဦးထုပ်ကိုကိုင်ကြည့်လျက် "ဘယ်လိုဦးထုပ်လဲ ယာဂုထဲထည့်ပြုတ်လာတဲ့ ဦးထုပ်လား၊ အရွယ်ကလည်း သစ်ကျားသီးခွံလောက်ရှိရဲ့၊ ဘယ့်နှယ်လုပ် ဆောင်းဖြစ်မှာလဲ၊ ဒီထက်ကြီးကြီးလုပ်လာမှပေါ့" ဟုဆိုကာ ပြန်ပေးလိုက်ရာတွင် ကက်သရင်းက "ကျွန်





မကြိုက်ပါတယ် ဒီဟာကိုဘဲယူပါရစေ၊ မိန်းမတွေအားလုံး ဒီလိုဟာမျိုးကို ဆောင်းကြပါတယ်"ဟု ပြောသောအခါ၊ ပီထဂူချီယိုက "မင်းကသူများနဲ့ မတူဘူး၊ သူများနဲ့တူတဲ့အခါကျတော့မှ ဒီဟာမျိုးဆောင်းနိုင်တယ်"ဟု ပြောလေ၏။ ကက်သရင်းသည် အမဲသားအနည်းငယ်စားလိုက်ရပြီဖြစ်၍ ခွန်အားပြည့်တင်းလာသည်နှင့် ခပ်ထန်ထန်ဖြစ်လာကာ "ဘယ့်နှယ်လဲရှင် ကျွန်မတော့ ဘာမျှ မပြောရတော့ဘူးလား၊ ကျွန်မလည်း နို့စို့နေတဲ့ ကလေးတစ်ယောက်မဟုတ်ပါဘူး၊ ရှင်လောက်မကတဲ့လူတွေတောင် ကျွန်မပြောတာကို နားထောင်ကြရပါတယ်၊ ရှင်နားမကြားချင်လျှင် နားဆို့ထားလိုက်ပါတော့လား"ဟု ပြော၏။ ပီထဂူချီယိုမှာ အပြန်အလှန် ရန်တွေ့ခြင်းထက် အရာရောက်သော နည်းလမ်းကောင်းတစ်ခုကို တွေ့ထားသည်ဖြစ်၍ ကက်သရင်း၏ခက်ထန်သော စကားလုံးများကို အလျဉ်းဂရုမစိုက်ဘဲ"ချစ်နှမပြောတာမှန်တယ်၊ ဒီဦးထုပ်က အလကားဦးထုပ်ဘဲ၊ ဒီလိုဦးထုပ်မျိုးကို မကြိုက်ဘူးလို့ ချစ်နှမပြောတဲ့အတွက် နှမကို အထင်ကြီးပြီးပိုချစ်လာတယ်"ဟု ပြော၏။ ကက်သရင်းကလည်း"ချစ်ချင်ချစ်၊ မချစ်ချင်ချစ်နေ၊ ကျုပ်ကတော့ ဒီဦးထုပ်ကိုဘဲ ကြိုက်တယ်၊ ဒီဦးထုပ်ရလျှင်ရ၊ မရလျှင် ဘယ်ဦးထုပ်မှ မလိုချင်ဘူး" ဟု ပြော၏။ ပီထဂူချီယိုသည် ကက်သရင်း၏ စကားကိုနားမလည်ချင်လျက်ပြုလျက် "သြော်. . . နှမကဂါဝန်ကို ကြည့်ချင်တယ်လား" ဟုပြောလိုက်ရာ၊ အပ်ချုပ်သည်လည်း လှပစွာချုပ်ယူခဲ့သော ဂါဝန်တစ်ထည်ကို ထုတ်ပြလေ၏။ ပီထဂူချီယိုသည် ကက်သရင်းအတွက်ဦးထုပ်ကိုလည်းကောင်း၊ ဂါဝန်ကိုလည်းကောင်း၊ ဝယ်ပေးရန်ကြံရွယ်ချက် မရှိသည့်အလျောက် မနှစ်သက်သော အမူအရာနှင့် ဂါဝန်ကိုကြည့်လျက်"မြတ်စွာဘုရားသခင် ကယ်တော်မူပါ၊ ဘယ်လို ရုပ်ဖျက်တဲ့ အဝတ်ကြီးမျိုးပါလိမ့် ကွယ်တို့ ဒီဟာက လက်မောင်းတဲ့လား၊ ဘုရား. . . ဘုရား၊ အမြောက်ပြောင်းဝကြီးလား အောက်မေ့ရတယ်၊ ဌာပနာသွတ်တဲ့ ပုံကြီးလို မွန်းမံချယ်လှယ်ထားလိုက်ချေသေးဗျား"ဟု မဲ့ရွဲ့ကာပြောလေ၏။

ထိုအခါ အပ်ချုပ်သမားက "ခင်ဗျား မှာထားခဲ့တဲ့အတိုင်း ခေတ်ဆန်ဆန် ချုပ်ပေးပါဆိုလို့ ချုပ်ခဲ့တာပါပဲခင်ဗျာ" ဟုပြော၍ ကက်သရင်းကလည်း ၎င်းဂါဝန်ထက် ပုံပန်းကျသော ဂါဝန်ကိုမိမိမမြင်ဘူးကြောင်း ပြောလေ၏။ ဂါဝန်ကို ကက်သရင်းသဘောကျသည် ဆိုလျှင်ပင် ပီထဂူချီယိုသည် မဝယ်ဘဲနေဖို့ စိတ်ထဲ၌ ဆုံးဖြတ်ချက်ချလိုက်လေပြီ။ သို့ဖြစ်၍ ပီထဂူချီယို၏ စိတ်ထဲ၌ အပ်ချုပ်သည်နှင့် အထည်သည်တို့အား ၎င်းတို့၏ပစ္စည်းများအတွက် ငွေပေး၍ ဝယ်ပြီးလျှင် မိမိ၏ထူးဆန်းသော အမူအရာအတွက် ရှင်းလင်းပြောပြလိုသော်လည်း ပစ္စည်းများကိုလည်းမဝယ်ယူ၊ ရှင်းလင်းပြောပြခြင်းလည်းမပြု



www.burmeseclassi.com

www.burmeseclassic.com



ဘဲ၊ ၎င်းတို့အား ဟစ်အော်ငေါက်ငန်းကာ ရိုက်မောင်းပုတ်မောင်းပြုတော့မည့်ဟန်နှင့်အခန်းထဲမှမောင်းထုတ်လိုက်လေ၏။ ထို့နောက် ပီထရူချီယိုသည် ကက်သရင်းဘက်သို့လှည့်လျက် "ကိုင်း. . . လာဟေ့၊ ကက်သရင်း၊ မင်းဖေဖေတို့အိမ်ကို ခါးကအဝတ်နဲ့ဘဲ တော်သလိုသွားကြပါစို့ကွယ်"ဟု ပြောလေ၏။ ပီထရူချီယိုသည် ခရီးသွားရန် အတွက်မြင်းများပြင်ဖို့ အမိန့်ပေးရာ၊ ထိုအချိန်မှာနေ့လည်ဖြစ်သော်လည်း၊ နံနက် ၇ နာရီမျှသာ ရှိသေးလေဟန်နှင့် ဘခင်သူဌေးကြီးအိမ်သို့ ညစာစားမှီ ဆိုက်ရောက်စေရမည်ဟု ပြော၏။ ထိုအခါ ကက်သရင်းသည် ပီထရူချီယို၏စိတ်လိုက်မာန်ပါရှိလှသော အမူအရာကို စိမ့်၍ကြောက်လာသည်နှင့် "ကျွန်မပြောပါရစေရှင်၊ ယခု ခုနှစ်နာရီထိုးနေပါပြီ၊ အဖေတို့အိမ်ကို ညစာစားဖို့ အချိန်မှီရောက်မယ်မထင်ပါဘူး" ဟု မရဲတရဲနှင့်ပြောလေရာ၊ ပီထရူချီယိုကမူကား၊ ကက်သရင်းအားဘခင်အိမ်သို့ ခေါ်မသွားမှီ မိမိပြောသမျှစကားတို့ကို အကြွင်းမဲ့လက်ခံလိုက်လျောသည်အထိ လုံးဝနှိမ်နင်းပေးရမည်ဟု ကြံရွယ်ထားသည့်အတိုင်း၊ နေကိုလည်းကောင်း၊ အချိန်ကိုလည်းကောင်း၊ မိမိကအစိုးရလေဟန်ဖြင့် မိမိပြောသလို၊ ကက်သရင်း လိုက်ပြောရမည်ဟု ဆိုကာ "ဘယ့်နှယ်လုပ်တာလဲ- ရှင်မ၊ ကျုပ်ပြောလေသမျှ၊ လုပ်လေသမျှကို ရှင်မကကန့်လန့်တိုက်ပြီး ပြောနေပါကောလား။ ဒီလိုဆိုလျှင် ကျုပ်တို့ ဒီတစ်နေ့ခရီးမထွက်သေးဘူး။ ကျုပ်ပြောသလို လိုက်ပြီးပြောတတ်တဲ့ အခါကျတော့မှ ခရီးထွက်ရမယ်"ဟု ပြော၏။ သို့ဖြစ်၍ကက်သရင်းမှာ ပီထရူချီယိုပြောသလို လိုက်၍ပြောတတ်ဖို့ တစ်နေ့လုံးလုံး လေ့ကျင့်ရပြန်၏။ ပီထရူချီယိုသည် ကက်သရင်း၏ ခက်ထန်မောက်မာသောသဘောကို လုံးဝကျိုးနွံအောင် မနှိမ်နင်းနိုင်မချင်း ဘခင်၏အိမ်သို့ မသွားသေးဟု ဆုံးဖြတ်ထား၏။ သင့်တော်လောက်ပြီထင်၍ ခရီးထွက်လာကြသောအခါ၌ပင် ပီထရူချီယိုက "လသာသည်" ဟု ပြောခြင်းကို ကက်သရင်းက"နေပူတာဖြစ်ပါလိမ့်မယ်ရှင်" ဟု ထင်မြင်ချက် ပေးမိခြင်းအတွက်ကြောင့် အိမ်သို့ လှည့်ပြန်မည်ပြုလုပ်သေး၏။

ပီထရူချီယိုက "ကလန်အဆန်မပြောနဲ့ ရှင်မ၊ ကျုပ်က'လ'ဆိုလျှင် 'လ'ဖြစ်ရမယ်၊ 'ကြယ်'ဆိုလျှင်'ကြယ်'ဖြစ်ရမယ်။ ဟုတ်တာမဟုတ်တာ နားမလည်ဘူး၊ ကျုပ်ပြောတာဖြစ်ရမယ်၊ နို့မဟုတ်လျှင် ရှေ့ဆက်မသွားဘူး၊ ဒီနေရာကလှည့်ပြန်မယ်" ဟုဆိုကာ၊ လှည့်ပြန်တော့မည်ကဲ့သို့ ပြုသေး၏။ ထိုအခါ ကက်သရင်းမှာ မာနထောင်လွှားသော ကက်သရင်းလည်းမဟုတ်တော့၊ နှုတ်သီးကောင်းသော ကက်သရင်းလည်းမဟုတ်နိုင်တော့ဘဲ၊ အလွန်တရာ ကျိုးနွံသော မယားကောင်းတစ်ယောက် ဖြစ်လာပြီးလျှင်"ကျွန်မတောင်းပန်ပါတယ်





ရှင်၊ ဒီလောက်ဝေးဝေးရောက်လာကြပြီးမှတော့ ပြန်မလှည့်ကြပါစို့နဲ့၊ ရှေ့ဆက်ပြီးသွားကြပါစို့ရှင်၊ နောက်နောင်ကိုတော့ ရှင်က 'နေ'ဆို'နေ' ပါဘဲ၊ 'လ'ဆို 'လ'ပါဘဲ၊ ဒါမှမဟုတ်သေးလို့ ရှင်က'ဖယောင်းတိုင်' လို့ဆိုလျှင်လည်း ကျွန်မက 'ဖယောင်းတိုင်' ပါဘဲလို့ ကျမ်းကိုင်ပြီးပြောပါတော့မယ်ရှင်"ဟု ပြောလေ၏။ ပီထရူချီယိုသည် ကတိပြုရုံနှင့် မယုံသေးဘဲ၊ လက်တွေ့စမ်းသပ်ကြည့်လို သေးသည်နှင့် "ကျုပ်က'လ'ပါလို့ပြောနေတယ်" ဟုဆိုလိုက်ရာ ကက်သရင်းကလည်း"ဟုတ်ပါတယ်ရှင်'လ'မှန်းကျွန်မသိပါတယ်" ဟု ပြန်ပြော၏။

"မဟုတ်တာမပြောနဲ့ 'နေ' မမြင်ဘူးလား"ဟု ပြောလျှင် ကက်သရင်းက "မှန်ပါတယ်ရှင်'နေ'ကြီးကို ကျွန်မမြင်ပါတယ်၊ ရှင်က'နေ'ဆိုလျှင်'နေ'-'နေ' မဟုတ်ဘူးဆိုလျှင် 'နေ'မဟုတ်ဘူး၊ ရှင်ပြောချင့်တာပြော ကျွန်မအားလုံးလိုက်နာတယ်၊ ယခုလဲ လိုက်နာတယ်၊ တစ်သက်လုံးလည်း လိုက်နာပါတော့မယ်ရှင်"

ဤတွင်မှ ပီထရူချီယိုသည် ဆက်လက်၍ခရီးထွက်ခဲ့ပြန်လေ၏။ လမ်းခရီး၌ ပီထရူချီယိုသည် ကက်သရင်း၏နူးညွတ်ပျော့ပြောင်းခြင်းမှာ ကြာရှည်ခံပါမည်လောဟု စမ်းသပ်လိုသေးသည်နှင့် ဘိုးကြီးအိုတစ်ယောက်ကို တွေ့ရာတွင် 'မိန်းမပျို' ကလေးတစ်ယောက်အနေဖြင့် နှုတ်ဆက်လိုက်ပြီးနောက် ကက်သရင်းအား"တယ်ချောတဲ့ မိန်းကလေးဘဲဟေ့နော်"ဟု ပြောကာ အဘိုးကြီး၏ ရှုံ့တွရွတ်တွသော ပါးများကို ဖောင်းပွနီမြန်းသော ပါးများသဖွယ်ချီးကျူး၍ ကြယ်နှစ်ပွင့်ကဲ့သို့ တောက်ပသော မျက်လုံးများဟူ၍လည်း ပြောပြီးလျှင်အဘိုးကြီးကို ပွေ့ဖက်နှုတ်ဆက်ဖို့ ကက်သရင်းအား တိုက်တွန်းလေ၏။ ကက်သရင်းသည် အဘိုးကြီးအား ပီထရူချီယိုနည်းတူ ချီးမွမ်းလျက် "တယ်ပြီးချောတဲ့ ကုမာရီအပျိုဖူးန်းကလေးပါတကား၊ ချစ်စရာ ကောင်းလိုက်ပါဘိသနော်၊ ဘယ်မှာနေလို့ ဘယ်ကိုသွားမလို့လဲ မိန်းကလေးရယ်၊ ဒီလို ချောတဲ့လှတဲ့ သမီးကလေးမျိုးကို မွေးရတဲ့ မိခင်ဘခင်များဟာလဲ သိပ်ကံကောင်းတာပဲနော်" ဟု ကရားရေသွန်ပြောလေတော့သည်။

ယို၊ "ဘာတွေလျှောက်ပြောနေသလဲ ကက်သရင်း ရူးများနေတော့သလား၊ ဒီဟာက မိန်းကလေးမဟုတ်ဘူး၊ ပါးရေတွေ တွန့်လိမ်နေတဲ့ ဘိုးကြီးကို ခါးကုန်းကြီးကွဲ့"

ရင်း၊ "ဩော်. . . ဟုတ်ပါရဲ့လေ၊ မျက်စိတွေဘာဖြစ်ပါလိမ့်၊ ကျွန်မှားလို့ တောင်းပန်ပါတယ် အဘိုးရယ်. . .၊ နေပူလွန်းလို့ မျက်စိတွေကျိန်းပြီး အလွဲလွဲအချော်ချော် မြင်နေလို့ ခေါ်မိခေါ်ရာ ခေါ်မိခြင်းဖြစ်ပါတယ်၊ ပန်းခံပါရှင်"



www.burmeseclassi.com

www.burmeseclassic.com



ယို။ "အဘိုး- ဘယ်သွားမလို့လဲ၊ ကျွန်တော်တို့နဲ့ ခရီးဆုံလျှင် အတူတူ သွားကြရအောင်အဘိုးရယ်"

အဘိုး။ "ကောင်းပါလေ့၊ အမိတို့ မောင်တို့ရယ်၊ အဘိုးနာမည်က ဗင်ဆင်ရှိုပါတဲ့၊ ပါဒူဝါမြို့မှာ သားတစ်ယောက်ရှိလေတော့ သူ့ဆီသွားလည်မလို့ပါ၊ အမိတို့ မောင်တို့ရယ်"

ပီထရူချီယိုသည် ဤအဘိုးကြီးကား ကက်သရင်း၏ညီမ ဘလန်ကာကို လက်ထပ်မည့် လူဆင်ရှို၏ ဘခင်ဗင်ဆင်ရှို ဖြစ်ကြောင်းသိ၍ သူဌေးသမီးနှင့် လက်ထပ်မည့် သူ၏သားအကြောင်းကို အဘိုးကြီးဝမ်းမြောက် ဝမ်းသာ ပြောပြလေ၏။ သို့ဖြစ်၍ ပီထရူချီယို ဇနီးမောင်နှံနှင့် အဘိုးကြီးတို့သည် အတူတကွ ဆက်လက် ခရီးသွားကြ၍ သူဌေးကြီး ဘက်တစ္စတာ၏နေအိမ်သို့ ဆိုက်ရောက်လာကြရာတွင် ဘလန်ကာနှင့်လူဆင်ရှိုတို့၏ လက်ထပ်မင်္ဂလာပွဲအတွက် ခမ်းနားစွာ ပြင်ဆင်ထားခြင်းကို တွေ့ရလေ၏။ သူဌေးကြီး ဘက်တစ္စတာသည် သမီးအကြီး ကက်သရင်းအိမ်ထောင်ကျပြီဖြစ်၍ ဘလန်ကာအား လက်ထပ်ခွင့် ပြုလိုက်ခြင်းဖြစ်လေသည်။

ပီထရူချီယိုတို့လူစုသည် အိမ်တွင်းသို့ဝင်သွားကြသောအခါ သူဌေးကြီးသည် ၎င်းတို့အား ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုလေရာ၊ ၎င်းနေအိမ်၌ မကြာသေးမီက လက်ထပ်ကြသည့် လင်မယားတစ်စုံလည်း ရောက်ရှိနေလေသည်။

ဘလန်ကာ၏ယောကျ်ား လူဆင်ရှိုသည်လည်းကောင်း၊ မကြာသေးမီက လက်ထပ်သည့် ဟော်တင်ဆီယိုသည်လည်းကောင်း၊ ပီထရူချီယို၏ဇနီး ကက်သရင်း၏ တင်းမာခက်ထန်သော သဘောကိုသိကြသူများဖြစ်၍ ပီထရူချီယို၏ ကံဆိုးခြင်းကို ပြက်ရယ်ပြုလိုကြသည့်ပြင် မိမိတို့၏ဇနီးများ စိတ်နှလုံးပြည့်ဝခြင်းကို အသားယူကာ အလွန်တရာ နှစ်သိမ့်ကျေနပ်လျက်ရှိကြ၏။ ပီထရူချီယိုသည် သူငယ်ချင်းများ၏ ပြက်ရယ်ပြုခြင်းကို မည်သို့မျှ တုန့်ပြန်ခြင်းမပြုဘဲ၊ စားပွဲစားပြီး၍ မိန်းမများ အခြားအခန်းသို့ ထသွားကြသည့်တိုင်အောင် ဆိတ်ဆိတ်နေသေး၏။ အမျိုးသမီးများသည် စားသောက်ပြီး၍ အခြားအခန်းသို့ ထသွားကြသောအခါ၌မူ၊ ယောက္ခမကြီး ဘက်တစ္စတာကိုယ်တိုင် လူငယ်များနှင့် ရောနှောကာ၊ ပီထရူချီယိုအား ကျီစယ်လေရာ၊ ပီထရူချီယိုက မိမိ၏မယားသည် လူဘင်ရှိုနှင့် ဟော်တင်ဆီယိုတို့၏ မယားများထက် လင်၏စကားကို နားထောင်ကြောင်း ပြောလိုက်သည်တွင် ယောက္ခမကြီး ဘက်တစ္စတာက "မဟုတ်ဘူးငါ့သား၊ မင်းမယားဟာ ငါ့သမီးပါဘဲ၊ ဒီအထဲမှာတော့ မင်းမယား အဆိုးဆုံးဘဲကွဲ့၊ ငါသိပါတယ်"ဟု ပြော၏။ ထိုအခါ-ပီထရူချီယိုက "ဘယ်ဟုတ်





မှာလဲ၊ သတ္တိရှိလျှင် လောင်းချင်တယ်ဗျာ၊ ကိုယ့်မယားကို ကိုယ်ခေါ်ကြည့်ရအောင် ခေါ်လိုက်လျှင် ခေါ်လိုက်ခြင်းထလာတဲ့ မိန်းမကအနိုင်ယူတမ်းလေ၊ ကိုင်းဘယ်လောက် လောင်းဝံ့ကြသလဲ"ဟု မေးလိုက်ရာ လူနှစ်ယောက်တို့သည်လည်း မိမိတို့မယားများ၏ ကိုးနွံခြင်းကို စိတ်ချလျက်ရှိသည်နှင့် သေချာပေါက်ထား၍ ကရောင်းဒင်္ဂါး နှစ်ဆယ်လောင်းစားရန် သဘောတူကြလေ၏။ ပီထရူချီယိုက ဤမျှလောက်သောငွေကို ခွေးချင်းပြိုင်ရာ၌ပင် လောင်းစားကြ၍ မယားချင်းပြိုင်သော ဤကိစ္စတွင် ထိုလောင်းကြေးထက် အဆပေါင်းနှစ်ဆယ်မျှ ပို၍ လောင်းသင့်ကြောင်း ပြောရာတွင် လူငယ်နှစ်ယောက်တို့လည်း ကရောင်းဒင်္ဂါး တစ်ရာစီလောင်းရန် သဘောတူကြလေ၏။

ရှေးဦးစွာ ဘလန်ကာ၏ယောကျ်ား လူဆင်ရှိုသည် ဘလန်ကာထံသို့ အစေခံတစ်ယောက်လွှတ်၍ ခေါ်စေရာ မကြာမီအစေခံ ပြန်လာ၍ "အလုပ်ရှုပ်နေသောကြောင့် မလာနိုင်သေးပါ"ဟု ဘလန်ကာ မှာလိုက်ကြောင်း ပြောလေ၏။ ဤတွင် ပီထရူချီယိုက "အလုပ်ရှုပ်နေသတဲ့ ဟုတ်လား၊ ကိုယ့်မယားအပေါ်မှာ တယ်ပြီးသြဇာကောင်းတဲ့ လူပါတကား"ဟု ပြောလိုက်ရာ၊ အခြားလူများက "ကက်သရင်းကို ခေါ်တဲ့အခါကျတော့- ဒီထက်ဆိုးဆိုးရွားရွား မပြောရလိုက်လျှင် တော်ပေတာပေါ့"ဟု ဆိုကာ၊ ရယ်မောကြလေ၏။ ထို့နောက် ဟော်တင်ဆီယိုသည် အစေခံအား "သွားစမ်း ငါ့မယားကို ငါ့ဆီလာဖို့တောင်းပန်ပါတယ်လို့ ပြောစမ်းချေ" ဟုဆိုကာ စေလွှတ်လိုက်ရာ၊ ပီထရူချီယိုက "ဟား-ဟား. . . . တောင်းပန်ပါတယ်တဲ့ ဒီလိုချော့ခေါ်လျှင်တော့ လာမှာပေါ့လေ"ဟု ပြော၏။ ဟော်တင်ဆီယိုကလည်း "ခင်ဗျား အလှည့်ကျတော့ တောင်းပန်လို့ တောင်လာရဲ့လားလို့ ကြည့်ကြသေးတာပေါ့ဗျာ"ဟု ပြန်ပြော၏။ မကြာမီ အစေခံပြန်လာ၍ ဟော်တင်ဆီယိုက "ဘယ့်နှယ်လဲဟေ့ ပါမလာဘူးလား" ဟု မေးရာ အစေခံက "မပါလာဘူးဆရာ၊ တွေ့ချင်လျှင် သူ့ဆီလာခဲ့ပါလို့ မှာလိုက်တယ်"ဟု ပြောလေ၏။ ဤတွင် ပီထရူချီယိုက "တစ်ယောက်ထက် တစ်ယောက် ဆိုးနေပါပြီကောလား"ဟု ရယ်ကာမောကာပြောလျက် အစေခံအား "ဟေ့လူ မင်းသခင်မဆီသွားပြီး ငါကခုချက်ချင်းလိုက်လာဖို့ အမိန့်ပေးလိုက်တယ်လို့ ပြောစမ်းချေ"ဟု စေခိုင်းလိုက်သဖြင့် အခြားလူများလည်း လာမည်မထင်သောကြောင့် ပြုံးစိစိလုပ်နေကြစဉ်၊ သူဌေးကြီး ဘက်တစ္စတာက "မိုးကြိုးကျားသားကွယ်တို့ ကက်သရင်းလိုက်လာတယ်ဟေ့"ဟု ပြောလိုက်၏။ ကက်သရင်းသည် ပီထရူချီယိုအနီးသို့ ချဉ်းကပ်လျက် "ကျွန်မကိုခေါ်တယ်ဆို ဘာကိစ္စရှိလို့ပါလဲ ရှင်"ဟု ရိုသေစွာမေးလေ၏။ ပီထရူချီယိုက "မင်းညီမ ဘလန်ကာနဲ့ ဟော်တင်ဆီယိုရဲ့ မိန်းမတွေကောကွဲ့"ဟု မေးလိုက်ရာ၊ ကက်သရင်းက "သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဧည့်ခန်းထဲက မီးဖိုနားမှာထိုင်ပြီး စကားပြောနေကြပါတယ်ရှင်” ဟု ပြောသည်နှင့် ပီထဂူချီယိုက “သွားစမ်းဟေ့ သူတို့နှစ်ယောက်လုံး ချက်ချင်း လာခဲ့လို့ ခေါ်စမ်းချေ”ဟု ပြောသည်တွင် ကက်သရင်းလည်း ချက်ချင်းပြန် ထွက်လာခဲ့လေ၏။ ထိုအခါ လူစင်ရှိုက “အံ့ဩစရာကြီး ဖြစ်နေပါပြီကော” ဟုဆိုရာ ဟော်တင်ဆီယိုကလည်း “ဟုတ်ပါပေ့ဗျာ၊ ဘယ်လိုအဓိပ္ပာယ်များပါ လိမ့်”ဟု ပြောလိုက်၏။ ပီထဂူချီယိုက “ဘယ်လိုအဓိပ္ပာယ်ရမှာလဲဗျ၊ ငြိမ်းချမ်း ခြင်း၊ ချစ်ခင်ခြင်း၊ သင့်မြတ်ခြင်း၊ ဩဇာညောင်းခြင်း၊ ကြည်နူးခြင်း၊ စိတ်ချမ်း သာခြင်း ဆိုတဲ့ အဓိပ္ပာယ်တွေပေါ့ဗျ” ဟုပြောလေ၏။ ကက်သရင်း၏ဘခင် သူဌေးကြီးသည် သမီး၏ပြောင်းလဲခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် “နေရာကျလိုက်လေ ငါ့သားရယ်၊ လောင်းကြေးကို မင်းနိုင်ပြီဟေ့၊ ဒါတင်မက သေးဘူး ငါ့သမီးကို ပြုပြင်ပေးတဲ့အတွက် ငါကကရောင်းဒင်္ဂါး နှစ်သောင်းထပ် ပြီး လက်ဖွဲ့လိုက်ဦးမယ်ကွ” ဟုပြောရာ ပီထဂူချီယိုက “နေပါဦး အဖေရဲ့ ကျွန်တော်က ဒီလောက်မကဘူး အစွမ်းပြချင်ပါသေးတယ်၊ အဖေ့သမီးဟာ ဘယ်လောက်များ ကျိုးနွံပြီး လိမ္မာရေးခြားရှိလှတယ်ဆိုတာကို ကျွန်တော်ပြပါ ရစေဦး”ဟု ပြောလေ၏။ ထိုခဏ၌ ကက်သရင်းသည် မိန်းမနှစ်ယောက်တို့ကို ခေါ်လျက် ဝင်လာလေရာ ပီထဂူချီယိုက “မြင်ကြရဲ့လား သူကိုယ်တိုင် လာရုံ မကသေးဘူး ဆုံးမခက်လှတဲ့ မယားတစ်စုံကိုတောင် ပါအောင်ခေါ်ခဲ့နိုင်တယ် ဟုတ်လား၊ ဟေ့ကက်သရင်း မင်းဆောင်းထားတဲ့ ဦးထုပ်ဟာ မင်းနဲ့မလိုက်ပါ ဘူးကွယ်၊ လွှင့်ပစ်လိုက်စမ်းပါ” ဟု ပြောလိုက်ရာ ကက်သရင်းသည် ဦးထုပ်ကို ချက်ချင်းချွတ်၍ ပစ်ချလိုက်လေ၏။ ဤတွင် ဟော်တင်ဆီယို၏ မယားက “ဘုရားသခင် ကယ်တော်မူပါ၊ ဒီလိုအဖြစ်မျိုးတော့ ကျွန်မတို့မရောက်ပါရစေ နဲ့” ဟု ပြော၍၊ ဘလန်ကာကလည်း “မယားဝတ္တရားဆိုတာ ဒီလိုများဖြင့် ခက်ရချေရဲ့ရှင်တို့”ဟု ပြောလေ၏။ ထိုအခါ ဘလန်ကာ၏ ယောကျ်ားက “မခက်နဲ့ ရှင်မရေ့ သူလိုမကျိုးနွံတဲ့အတွက် ကျုပ်မှာ ငွေတစ်ရာဆုံးရှုံးသွားရ ပြီ”ဟု ပြောသဖြင့် ဘလန်ကာက “ကျုပ်ကိုတင်စားပြီး အလောင်းအစားလုပ် တာက မောင်ဘဲမိုက်တာမဟုတ်လား ကြံကြံစည်စည်တော်” ဟုပြန်ပြော၏။ ဤတွင် ပီထဂူချီယိုက ကက်သရင်းအား “ကိုင်းနှမရေ့ လင်သားအပေါ်မှာ မယားဝတ္တရား ဘယ်လိုရှိတယ်ဆိုတာ ဟောဒီကမိန်းမနှစ်ယောက်ကို သိသွား အောင်ပြောပြလိုက်စမ်းပါကွယ်”ဟု ခိုင်းလိုက်ရာ ကက်သရင်းသည် လင် ယောကျ်ား၏စကားကို မြေဝယ်မကျ နားထောင်တိုက်ခြင်းတည်း ဟူသော မ ယားတို့၏ ဝတ္တရားအကြောင်းကို နှုတ်လျှာ သွက်လက်စွာနှင့် ပြောပြလေရကား ကြားရသူအပေါင်းတို့မှာ အံ့အားသင့်စွာနှင့် ငေးလျက်ရှိကြလေ၏။ ထိုအချိန်





မှစ၍ ကက်သရင်းမှာ “နှုတ်သီးကောင်း”ဆိုသော နာမည်ဆိုးပျောက်၍ ပါဒူ ဝါတစ်မြို့လုံးတွင် လင့်ဝတ္တရားကို နားအလည်ဆုံး အကျေပွန်ဆုံးသော မယား တစ်ယောက်အဖြစ်နှင့် သတင်းမွှေးလျက် ရှိပါလေတော့သတည်း။

သွေးသောက်၊ အမှတ် (၁၆၈)၊ ဇန်နဝါရီလ၊ ၁၉၆၀ ခုနှစ်။

□ □ □

www.burmeseclassi.com

www.burmeseclassic.com

## ရိုမီယိုနှင့် ဂျူလီယက်

တာရွန်နာမြို့၌ ကပူလက်နှင့် မွန်တေဂူအမည်ရှိ အလွန်ကြွယ်ဝသော သူဌေးကြီးနှစ်ယောက်ရှိ၏။ ၎င်းတို့သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် အကြီးအကျယ် ရန်ငြိုးဖွဲ့ကြသည်ဖြစ်၍ သူဌေးကြီးအချင်းချင်းသာမက ၎င်းတို့၏အိမ်သူအိမ်သားများ၊ ဆွေမျိုးညာတိများ၊ ကျေးကျွန်ခြွေရံများတိုင်အောင် တစ်ဘက်နှင့်တစ်ဘက် လွန်စွာမုန်းတီးလျက် ရှိကြ၏။ မည်မျှလောက် မုန်းတီးကြပါသနည်းမူ မွန်တေဂူ၏ အစေခံတစ်ယောက်သည် ကပူလက်၏ အစေခံတစ်ယောက်နှင့် တွေ့ဆုံမိကြသည်ဖြစ်စေ၊ ကပူလက်၏ အိမ်သူအိမ်သား တစ်ယောက်နှင့် မွန်တေဂူ၏ အိမ်သူအိမ်သားတစ်ယောက် မတော်တဆ တွေ့ဆုံမိကြသည်ဖြစ်စေ၊ တစ်ဘက်နှင့်တစ်ဘက် ပက်ပက်စက်စက် ပြောဆိုကြရုံမျှမက တစ်ခါတစ်ရံတွင် သွေးထွက်သံယို ဖြစ်ကြရသည့်တိုင်အောင် သတ်ပုတ်ခုတ်ထစ်တတ်ကြ၏။ ထိုကဲ့သို့ မတော်တဆ တွေ့ဆုံမိကြရာမှ ဖြစ်သွားရသော ရန်ပွဲများကြောင့် တာရွန်နာမြို့၏ ငြိမ်းချမ်းဆိတ်ငြိမ်သော လမ်းများမှာ မကြာခဏ ပွက်ပွက်ရိုက်မျှ ဆူညံသွားရလေတော့၏။

တစ်နေ့သ၌ သူဌေးကြီးကပူလက်သည် ညစာစားပွဲကြီးတစ်ခု တည်ခင်းကျွေးမွေးရာ တာရွန်နာမြို့ပေါ်မှ အထက်တန်းစား မိန်းမချော မိန်းမလှများနှင့် ဂုဏ်အသရေရှိသည့် ဧည့်သည်တော်များအား ပင့်ဖိတ်ထား၏။ သို့ဖြစ်၍

သီဟရတနာစာပေတိုက်

www.burmeseclassi.com

www.burmeseclassic.com



တာရွန်နာမြို့မှ နာမည်ကျော် မိန်းမချော၊ မိန်မလှအားလုံးသည်လည်း ညစာစားပွဲသို့ လာရောက်ကြရာ မွန်တေဂူ၏ အဆက်အနွယ် ဆွေမျိုးသားချင်းမဟုတ်သူ အားလုံးတို့အား ကောင်းမွန်စွာ ကြိုဆိုဧည့်ခံကြ၏။ ကပူလက်၏ ထမင်းစားပွဲကြီးသို့ သူဌေးကြီး မွန်တေဂူ၏သား ရိုမီယိုကချစ်ကြိုက်လျက်ရှိသော မိန်းမချော ရိုဇာလင်လည်းလာရောက်၏။ ၎င်းထမင်းစားပွဲသို့ မွန်တေဂူ၏ အဆက်အနွယ်တစ်ယောက် လာရောက်ခဲ့လျှင် ဘေးအန္တရာယ်မကင်းသည် မှန်သော်လည်း ရိုမီယို၏ သူငယ်ချင်းတစ်ယောက်ဖြစ်သော ဘင်ဗိုလီယိုသည် ရိုမီယိုအား လိုက်ခဲ့ရန် သွေးဆောင်လေ၏။ သူ၏ရည်ရွယ်ချက်မှာ သူငယ်ချင်း ရိုမီယိုအား ရိုဇာလင်ကို တွေ့မြင်ရုံသာမက တာရွန်နာမြို့ပေါ်မှ လက်ရွေးစင် အချောအလှ မိန်းမပျိုများနှင့် နှိုင်းယှဉ်လျှင် သူငယ်ချင်းက အလွန်လှပသည် ထင်ရသော ရိုဇာလင်မှာ ငန်းတစ်ကောင်အဖြစ်မှ ကျီးကန်းတစ်ကောင် အဖြစ်သို့ ပြောင်းလဲသွားသည်ကို တွေ့မြင်ရပါလိမ့်မည်ဟု ပြောပြ၏။ ရိုမီယိုသည် သူငယ်ချင်း ဘင်ဗိုလီယို၏စကားကို အယုံအကြည်မရှိသော်လည်း ချစ်လှသော ရိုဇာလင်ကို တွေ့မြင်လိုသည့်အတွက်ကြောင့် ထမင်းစားပွဲသို့ လိုက်ပါရန် သဘောတူလေ၏။ ရိုမီယိုမှာ ရိုဇာလင်အပေါ်၌ အသဲစွဲမတတ် ချစ်ခင်စုံမက်သည်ဖြစ်၍ မအိပ်နိုင် မစားနိုင် ဖြစ်ရုံမျှမက အပေါင်းအဖော်များနှင့် ခွဲခွာ၍ ရိုဇာလင့် အကြောင်းကို တစ်ယောက်တည်း စဉ်းစားစိတ်ကူးနေတတ်သူ ဖြစ်လေသည်။ ရိုဇာလင်ကမူ ရိုမီယို၏ မေတ္တာကို တုံ့ပြန်ခြင်းမရှိရုံသာမက မျက်နှာသာပေးခြင်းပင် မရှိခဲ့ချေ။ သို့ဖြစ်၍ ဘင်ဗိုလီယိုက အဟုတ်တကယ် ချောမောလှပသော အထက်တန်းစား မိန်းမပျိုများကို ရိုမီယိုမြင်ရခြင်းအားဖြင့် သူငယ်ချင်း၏ 'တဘီးလိမ့်' အချစ်ရောဂါကို ကုသနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့၏။

ကပူလက်၏ ညစာစားပွဲကြီးသို့ ဘင်ဗိုလီယိုနှင့် ရိုမီယိုတို့ သွားရောက်ကြ၍ ၎င်းတို့၏ သူငယ်ချင်း မာကူရှို အမည်ရှိ လူငယ်တစ်ယောက်လည်း လိုက်ပါလာ၏။ ၎င်းတို့အားလုံးမှာ မျက်နှာဖုံးများ တပ်ဆင်လျက်ရှိကြလေ၏။ အိမ်ရှင်သူဌေးကြီး ကပူလက်သည် လူငယ်သုံးယောက်တို့အား ခရီးဦးကြိုပြု၍ ဖိနပ်မပေါက်သော ခြေထောက်ရှိသည့် မိန်းမပျိုဟူသမျှသည် ၎င်းတို့နှင့် တွဲဖက်၍ ကကြပါလိမ့်မည်ဟု ပြော၏။ သူဌေးကြီး ကပူလက်မှာ အူရွှင်လျက်ရှိသည်ဖြစ်၍ မိမိငယ်စဉ်က ထမင်းစားပွဲများသို့ မျက်နှာဖုံးတပ်၍ သွားခဲ့ဘူးကြောင်း၊ သို့မှသာလျှင်မိန်းမများအား မိမိတို့ပြောလိုရာကို တီးတိုးစကား ပြောနိုင်ခွင့်ရှိကြောင်းများနှင့် ရယ်မောကာပြောလေ၏။ ထို့နောက် ကပွဲအစပြုလေရာ ရိုမီယိုသည် အလွန်တရာချောမောလှပသော မိန်းမပျိုတစ်ယောက်ကို မြင်လိုက်ရသဖြင့် ရုတ်တရက် အံ့အားသင့်ခဲ့၏။ ရိုမီယို၏စိတ်ထဲမှ ထိုမိန်းမသည်





မီးရှူးတိုင်များကိုပင် ပို၍တောက်ပအောင် သင်ပေးနိုင်လိမ့်မည် ဟူ၍လည်းကောင်း၊ လူနက်တစ်ယောက်၏ လက်တွင်ဝတ်ဆင်ထားသော ပတ္တမြားကျောက်ကဲ့သို့ တောက်ပလှပေသည် ဟူ၍လည်းကောင်း၊ လူပြည်နှင့်မတန်သော လှပခြင်းမျိုး ဖြစ်ချေသည်ဟူ၍လည်းကောင်း၊ ကျီးကန်းများအလယ်၌ ချိုးဖြူတစ်ကောင်ကဲ့သို့ ထိုမိန်းမပျို၏ ရုပ်အဆင်းနှင့် ကိုယ်ဟန်အမူအယာတို့သည် အခြားသော မိန်းမများ၏အလယ်၌ ရှု၍မဝနိုင်အောင် တင့်တယ်လှပပေသည် ဟူ၍လည်းကောင်း မှတ်ထင်မိတော့လေ၏။ ရိုမီယိုသည် ဤအကြောင်းကို သူ၏သူငယ်ချင်း ဘင်ဗိုလီယိုအား အားရပါးရ ချီးကျူးပြောဆိုလျက်ရှိစဉ် သူဌေးကြီးကပူလက်၏ တူတစ်ယောက်ဖြစ်သော တိုင်းဘောသည် ကြားမိလေရာ ရိုမီယို၏အသံ ဖြစ်သည်ဟုသိလေ၏။ တိုင်းဘောမှာ စိတ်ဆတ်၍ ဒေါသကြီးသူတစ်ယောက်ဖြစ်သည်တွင် ဤထမင်းစားပွဲသို့ မွန်တေဂူ အဆက်အနွယ်တစ်ယောက်က မျက်နှာဖုံးတပ်ကာ ရုပ်ဖျောက်လာ၍ ဝေဖန်ပြောဆိုရချေမည်လောဟု မခံမရပ်နိုင်ဖြစ်လေ၏။ သို့ဖြစ်၍ တိုင်းဘောသည် ရိုမီယိုအား ဆူပူကြိမ်းမောင်းရုံသာမက အသေသတ်မည်ပင် ပြုသေး၏။ သို့ရာတွင် သူဌေးကြီးကပူလက်မှာ မိမိ၏နေအိမ်၌ ခိုက်ရန်မဖြစ်စေလိုသည် တစ်ကြောင်း၊ ဧည့်သည်တော်များအား ရိုသေလေးစားသည် တစ်ကြောင်း၊ရိုမီယိုမှာလည်း သိပ်သည်းသော အမူအရာရှိသည့် လူကောင်းကလေး တစ်ယောက်ဖြစ်သည်ဟု တာရွန်နာတစ်မြို့လုံးက ပြောကြ၍ လူဂုဏ်တန် တစ်ယောက်ကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းလျက်ရှိသည်ကို တွေ့ရသည် တစ်ကြောင်းကြောင့် တိုင်းဘော၏ ဆူဆူပူပူပြုမူခြင်းကို ဟန့်တား၍ ထားလိုက်၏။ သို့ဖြစ်၍ တိုင်းဘောမှာ ဦးကြီး၏စကားကြောင့် မိမိ၏စိတ်ကို ချုပ်တည်းထားလိုက်ရသော်လည်း ရိုမီယို၏ ကျူးကျော်စော်ကားခြင်းအတွက် တစ်ချိန်တစ်ခါ၌ တစ်နေရာရာတွင် ဆုံးမရဦးမည်ဟု သန္နိဋ္ဌာန်ချလေ၏။

ကပွဲရပ်နားသောအခါ ရိုမီယိုသည် အဆိုပါမိန်းမချော ရပ်လျက်ရှိသော နေရာသို့ လှမ်းကြည့်လျက် အနီးသို့ချဉ်းကပ်ပြီးလျှင် မိန်းမပျိုလက်ကို ဖြည်းညှင်းစွာကိုင်ကာ မိမိသည် ဤလက်ကလေးကို ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ရိုသေလေးစားပါကြောင်း၊ မိမိ၏ ကိုင်တွယ်မှုကြောင့် ယုတ်နိမ့်သွားသည် ဆိုပါလျှင် မိမိမှာ အပြစ်ကျူးလွန်မိသော ဘုရားဖူးတစ်ယောက်ကဲ့သို့ လက်ကလေးကို နမ်းရှုတ်ခြင်းအားဖြင့် အပြစ်ဒဏ် ထမ်းလိုပါကြောင်းနှင့် ယဉ်ကျေးသိမ်မွေ့စွာ ပြောပြလေ၏။ ထိုအခါ မိန်းမပျိုက "သင်၏ရိုသေလေးစားပုံမှာ အလွန်အဆင်ပြေ၍ ယဉ်ကျေးသိမ်မွေ့ပါပေသည်။ ရိုသေလေးစားခြင်းခံရသူများမှာ လက်များရှိကြသည်သာ ဖြစ်၍ ကြည်ညိုလေးစားသူက ထိရှုသာထိခွင့်



www.burmeseclassi.com

www.burmeseclassic.com



ရှိသည်၊ နမ်းရှုတ်ခြင်းကား မပြုထိုက်ပါ"ဟု ပြန်ပြော၏။ ထိုအခါ ရိုမီယိုက "ရိုသေလေးစားခြင်း ခံရသူများ၌ နှုတ်ခမ်းများ ရှိသည်မဟုတ်ပါလော. . ." ဟု မေး၏။ (ကစ်စ်ပေးခြင်းကို ဆိုလိုသည်။) မိန်းမပျိုက "နှုတ်ခမ်းများရှိခြင်းကားမှန်ပါသည်။ သို့ရာတွင် ဆုတောင်းရွတ်ဆိုခြင်း အတွက်သာ အသုံးပြုရပါသည်. . . . "ဟုပြန်ပြော၏။ ရိုမီယိုက "ကောင်းလှပါပြီ ခင်ဗျာ. . . သို့ဆိုလျှင် ကျွန်တော် ဆုတောင်းရွတ်ဆိုပါရစေ. . . ကျွန်တော် စိတ်အားမငယ်ရလေအောင် ကျွန်တော်၏ ဆုတောင်းအတိုင်း ဖြည့်တော်မူပါ" ဟုပြောလေ၏။ မိမိတို့၏ အချစ်ပြဿနာကို ဖြေရှင်းရန်အတွက် ဤနည်းဖြင့် အစပြုလျက်ရှိကြစဉ် မိန်းမပျိုအား မိခင်ကခေါ်သွားလေရာ ရိုမီယိုသည် ထိုသားအမိနှစ်ယောက်မှာ မည်သူမည်ဝါတို့ ဖြစ်လေသည်ဟု စုံစမ်းသဖြင့် အတုမရှိအောင် ချောမောလှပသော မိန်းမပျိုမှာ သူဌေးကြီး ကပူလက်၏သမီး ဂျူလီယက်ဖြစ်ကြောင်းသိရှိရလေ၏။ ဤတွင်မှ ရိုမီယိုမှာ မိမိတို့ မွန်တေဂူအမျိုးအနွယ်နှင့် ကမ္ဘာရန်ကြီးဖြစ်သော ကပူလက်အမျိုးအနွယ် တစ်ယောက်အား ချစ်ကြိုက်မိချေပြီတကားဟု သိရလေတော့၏။ ရိုမီယိုမှာ ဤအတွက်ကြောင့် စိတ်ဒုက္ခဖြစ်ရသော်လည်း မိန်းမပျိုအား မချစ်ကြိုက်ဘဲမနေနိုင်အောင် ရှိတော့၏။ ဂျူလီယက်မှာလည်း မိမိနှင့် စကားပြောခဲ့သောလူငယ်မှာ မွန်တေဂူ အမျိုးအနွယ်ဖြစ်သော ရိုမီယိုဖြစ်ကြောင်း သိရှိရသည့်တွင် ရိုမီယို၏မေတ္တာကို တုံ့ပြန်လျက်ရှိသည်ဖြစ်၍ ရိုမီယိုကဲ့သို့ပင် စိတ်ဆင်းရဲရလေ၏။ ဂျူလီယက်သည် အမျိုးအနွယ်အားဖြင့် ရန်သူကြီး တစ်ယောက်ဟူ၍ မှတ်ယူထိုက်သည့် လုလင်ပျိုတစ်ယောက်အား မချစ်ကြိုက်ဘဲ မနေနိုင်အောင်ရှိသည် ဆိုခြင်းမှာ အလွန်တရာခိုင်မြဲ နက်နဲသောချစ်ကြိုက်မှုကြီး ဖြစ်ရချေမည်ဟု စဉ်းစားမိလေသည်။

သန်းခေါင်တိုင် ရောက်လတ်သော်. . . ရိုမီယိုသည် သူငယ်ချင်းများနှင့်အတူ ထမင်းစားပွဲကြီးမှ ထွက်ခွာသွား၏။ သို့ရာတွင် ရိုမီယိုမှာ မိမိ၏နှလုံးသည်းပွတ်ကို ဖြုတ်၍ထားခဲ့ခြင်းကဲ့သို့ ရှိနေသည်ဖြစ်၍ သူငယ်ချင်းများနှင့်ခွဲခွာပြီးလျှင် ဂျူလီယက်၏ အိမ်နောက်ဖေး ဥယျာဉ်နံရံကို ကျော်လွှားကာဝင်သွားလေ၏။ မျှားမကြာမီ ဂျူလီယက်သည် နေအိမ်အထပ်ထပ် ပြူတင်းပေါက်တစ်ခုမှ ပြူထွက်လာရာ ၎င်း၏မျက်နှာသည် အရှေ့အရပ်မှ ပြူထွက်လာသည့် နေမင်းသဖွယ် ထွန်းလင်းတောက်ပ ဘိတော့သည်ဟူ၍ရိုမီယိုမှတ်ထင်မိ၏။ ထိုအခိုက်၌ ဥယျာဉ်ထဲသို့ လရောင်ထိုးဝင်လျက်ရှိရာ. . . ရိုမီယို၏စိတ်ထဲ၌ လမင်းသည် နေမင်းကဲ့သို့ ထွန်းတောက်သည့် ဂျူလီယက်၏ မျက်နှာကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားရှာသည်ဟူ၍ပင် တွေးထင်မိ၏။

ထိုခဏ၌ ဂျူလီယက်သည် လက်ပေါ်တွင် မေးတင်လျက်ရှိရာ ရိုမီ





ယို၏စိတ်ထဲ၌ ဂျူလီယက်၏ပါးပြင်ကို ထိလျက်ရှိသော လက်အိတ်မှာ ကံကောင်းလှပေသည်ဟု အောက်မေ့ကာ၊ မိမိကိုယ်တိုင် လက်အိတ်ကလေးဖြစ်လိုက်ချင်တော့၏။ ဂျူလီယက်သည် မိမိအား ကြားမြင်သူမရှိဟု မှတ်ထင်သည့်အလျောက်၊ ပင့်သက်ရှူကာ "သြော်-ငါ့နှယ်နော်"ဟု ညည်းတွားလိုက်မိရာတွင် ရိုမီယိုသည် ဂျူလီယက်၏အသံကို ကြားလိုက်ရသဖြင့် စိတ်ထဲ၌ ရိုးတိုးရွတဖြစ်လာသည်နှင့် ဂျူလီယက်မကြားစေဘဲ ပြောလိုက်စမ်းပါဦး နတ်သမီးကလေးရယ်၊ တစ်ခွန်းလောက် ထပ်ပြီးပြောလိုက်စမ်းပါဦး။ ကျုပ်စိတ်ထဲမှာတော့ လူသားနဲ့ မတန်တဲ့ကောင်းကင်ဘုံက နတ်သမီးကလေး တစ်ယောက်ရယ်လို့ ထင်မိပါတော့တယ်"ဟု ဖြည်းညှင်းစွာ ပြောလိုက်မိ၏။ ဂျူလီယက်သည် မိမိအားမြင်ကြားသူမရှိဟု မှတ်ထင်သည်နှင့် ညဦးခိုက်တွင်မှ စတင်ချစ်ကြိုက်ခဲ့မိသော လုလင်ပျိုအား တသကာဖြင့် "သြော်-ရိုမီယို-ရိုမီယို၊ ခုနေခါ ဘယ်ဆီများရောက်နေရှာပါလိမ့်နော်၊ ကျွန်မကိုချစ်ရင် ရှင့်နာမည်နဲ့အမျိုးအနွယ်ကိုပါ စွန့်ပစ်လိုက်ပါတော့လားရှင်။ ရှင်က မစွန့်နိုင်ဘူးဆိုရင်လည်း ကျွန်မကို ချစ်ကြောင်းဖော်ထုတ်ပြီး၊ သစ္စာပြုရုံကလေးပြုပါ။ ကျွန်မက အမျိုးအနွယ်ရော နာမည်ပါစွန့်ပစ်လိုက်ပါ့မယ်" ဟုပြောလိုက်၏။ ရိုမီယိုမှာ အားတက်ဖွယ်သော ဤစကားကိုကြားလိုက်ရသည်တွင် တုံ့ပြန်၍ ပြောလိုက်ချင်သော်လည်း ဆက်လက်၍ကြားလိုသေးသဖြင့် ဆိတ်ဆိတ်သာ နေခဲ့၏။ ဂျူလီယက်သည် မိမိ၏စိတ်ထဲ၌ရှိသောအချင်းအရာများကို တစ်ယောက်တည်းဖော်ထုတ်ကာ ညည်းညူရင်း ရိုမီယိုအားမွန်တေဂူအမျိုးအနွယ် တစ်ယောက်ဖြစ်ရချေသလောဟု ပြစ်တင်ကာ၊ အခြားလူတစ်ယောက်ဖြစ်စေလိုကြောင်း၊ အကယ်၍ သူ၏နာမည်ကို စွန့်ပစ်နိုင်သည်ဆိုပါလျှင်၊ ဘာမျှတန်ဖိုးမရှိသော ၎င်းနာမည်အစား မိမိတစ်ကိုယ်လုံးကို ရနိုင်ကြောင်းနှင့် ရော်ရမ်းပြောဆိုမိလေ၏။ ရိုမီယိုမှာလည်း ဤမျှလောက် ချစ်ခင်ကြင်နာသော စကားလုံးများကို ကြားရသည်တွင် မိမိ၏စိတ်ကို ချုပ်တည်းရန်မတတ်နိုင်တော့ဘဲ၊ မိမိကြားလောက်အောင် ပြောဆိုသော စကားလုံးများ ဖြစ်သည်ဟု ယူဆကာ၊ မိမိအားရိုမီယိုဟု မခေါ်ဘဲ ချစ်သဲဟုခေါ်လိုသည်ဖြစ်စေ၊ မှည့်ခေါ်လိုသောနာမည်ဖြင့် မှည့်ခေါ်နိုင်ပါကြောင်းများနှင့် အသံထုတ်ကာပြောလိုက်လေ၏။

ဂျူလီယက်သည် ဥယျာဉ်ထဲမှ ယောကျ်ားသံကြားရသဖြင့် ထိတ်လန့်သွား၏။ မှောင်မိုက်သော ညဉ့်အချိန်ဖြစ်၍ မည်သူမည်ဝါဖြစ်သည်ဟု မသိနိုင်ဘဲ စိတ်ထဲ၌ရှိသော အချင်းအရာကို ထုတ်ဖော်ပြောဆိုမိသည့်အတွက် ရိုမီယိုသည် ဂျူလီယက်၏ မေတ္တာကိုသိရှိသွားခဲ့လေသည်။ သို့ရာတွင် ရိုမီယိုက နောက်တစ်ကြိမ် စကားပြောလိုက်သော အခါ၌မူကား စကားလုံးများစွာ မကြား



www.burmeseclassi.com

www.burmeseclassic.com



လိုက်ရသေးမီကပင် ဂျူလီယက်သည် ရိုမီယိုဖြစ်ကြောင်းကို ချက်ချင်းပင် သိရှိ၍ ဥယျာဉ်နံရံကို ကျော်လွှားကာ ပတ်ခဲ့ခြင်းအတွက် ပြစ်တင်ပြောဆိုလေ၏။ အဘယ့်ကြောင့်ဆိုသော် ဂျူလီယက်၏ အိမ်သူအိမ်သားများသည် မွန်တေဂူအဆက်အနွယ်ဖြစ်သော ရိုမီယိုအား တွေ့ရှိခဲ့လျှင် အသက်ဆုံးအောင်စီရင်ကြမည် ဖြစ်ပေသောကြောင့်တည်း။

"အလိုလေးဗျာ၊ နှမရဲ့မျက်စိနဲ့ စိမ်းစိမ်းကားကား ကြည့်လိုက်မည်ကို လူပေါင်းနှစ်ဆယ်က ဓါးတွေနဲ့ ဝိုင်းခုတ်မှာထက် ကြောက်ပါသေးတယ်ဗျာ။ နှမကမောင့်ကို ကြင်နာစွာနဲ့တစ်ချက်ကြည့်လိုက်ရင် လူပေါင်းနှစ်ဆယ်က ရန်မူတာကို မောင်မကြောက်ပါဘူး။ နှမရဲ့မေတ္တာကို မခံယူရဘဲ အသက်ရှင်နေရခြင်းထက် ရန်သူနှစ်ဆယ်က ခုတ်ထစ်သတ်ဖြတ်ခြင်းကို ခံလိုပါသေးတယ်"

"ဒီနေရာ ရောက်အောင် ရှင်ဘယ်လိုလုပ်လာသလဲ၊ ဘယ်သူက လမ်းညွှန်လိုက်ပါသလဲ"

"ဘယ်သူကမှ လမ်းမညွှန်ပါ။ မေတ္တာစိတ်ဓာတ်က လမ်းညွှန်လိုက်ပါတယ်။ မောင်ဟာ ပင်လယ်ပြင်ကြီးမှာ သွားလာတတ်တဲ့ ခရီးကြောင်းပြာတာ တစ်ယောက်မဟုတ်ဘဲသော်လည်း၊ မောင်နဲ့ နှမဟာ သမုဒ္ဒရာကြီးခြားနားနေစေကာမူ မတွေ့တွေ့အောင် စွန့်စားပြီးရှာမည့်သူဖြစ်ပါတယ်"

ထိုစကားကို ကြားရသောအခါ ဂျူလီယက်၏ မျက်နှာမှာ နီမြန်းသွားခဲ့၏။ အကြောင်းမူကား ဂျူလီယက်သည် ရိုမီယိုအပေါ်၌ မေတ္တာသက်ဝင်ကြောင်းကို ကိုယ့်ဟာကိုယ် သိရုံမျှမက ရိုမီယိုသိအောင် ထုတ်ဖော်ဝန်ခံမိခြင်းကို သတိရမိသောကြောင့်ပေတည်း။ ဂျူလီယက်သည် မိမိပြောခဲ့မိသော စကားများကို ပြန်လည်ရုတ်သိမ်းလိုသော်လည်း မဖြစ်နိုင်တော့ချေ။ အထက်တန်းစား အမျိုးသမီးများ၏ ဟုံးစံမှာ ယောက်ျားတစ်ယောက်က လူပျိုလှည့်သည့်အခါတွင် ဝမ်းထဲ၌ မည်မျှပင် ချစ်ကြိုက်စေကာမူ မကြိုက်လေဟန်နှင့် မျက်မှောင်ကြုတ်ကာ ငြင်းဆန်မှသာလျှင် ယောက်ျားများက အညာလွယ်လွန်းသည်ဟု မမှတ်ယူဘဲ ချစ်ခင်မြတ်နိုးတတ်ကြသည် ဖြစ်သောကြောင့် ဂျူလီယက်သည် တကိုယ်တည်း ရှိနေသည်အထင်နှင့် ထုတ်ဖော်ပြောဆိုမိခဲ့သော စကားများအတွက် ဝမ်းနည်းမိ၏။ အကြောင်းမူကား လူတို့၏သဘောဝမှာ အလွယ်တကူရနိုင်သော ပစ္စည်းကိုတန်ဖိုးမထားဘဲ ခဲယဉ်းလေလေ၊ အမြတ်တနိုးသိမ်းပိုက်ချင်လေလေ ဖြစ်တတ်သောကြောင့်ပေတည်း။ သို့ရာတွင် ဂျူလီယက်အဖို့မှာကား ထိုကဲ့သို့ ပရိယာယ်ဟန်ဆောင်မှု ပြုနိုင်ခွင့် မရှိတော့ချေ။ မိမိတစ်ကိုယ်တည်း ရှိနေသည်အထင်နှင့် ဖော်ထုတ်ပြောဆိုမိခဲ့သော မေတ္တာစကားတို့ကို ရိုမီယိုကြားခဲ့ရပြီးလေပြီ။ သို့ဖြစ်၍ အကြောင်းအားလျော်စွာ ဖန်တီးခဲ့သည့်





ဤအခြေအနေတွင် ဟုတ်တိုင်းမှန်ရာ ရိုးသားစွာ ဝန်ခံခြင်းသည်သာလျှင် အကောင်းဆုံးနည်းလမ်း ဖြစ်သည့်အလျောက် ဂျူလီယက်သည် ရိုမီယိုကြားခဲ့ရသည့် မိမိ၏စကားများအတိုင်း ဟုတ်မှန်ကြောင်းကို ဖွင့်ဟဝန်ခံပြီးနောက် မိမိအား အညှာလွယ်လွန်းသည် ဟူ၍လည်းကောင်း၊ မဖွယ်ရာသောစိတ်သဘောမျိုးရှိသည် ဟူ၍လည်းကောင်း မယူဆဘဲ အခြေအနေက ဖန်တီးလာသည့်အလျောက် မိမိ၏မေတ္တာကို ရိုမီယိုသိသွားခြင်းမျှသာ ဖြစ်သည်ဟု ယူဆရန် တောင်းပန်လေ၏။ ထို့နောက် ဂျူလီယက်က ဆက်လက်၍မိမိပြုမူပုံမှာ အထက်တန်းအမျိုးသမီးတို့၏ အိန္ဒြေနှင့် မညီညွတ်ဟူ၍ ပြစ်တင်ဖွယ်ရှိသော်ငြားလည်း၊ အလွန်အိန္ဒြေကြီး၍ ပရိယာယ်ဟန်ဆောင်တတ်သော အမျိုးသမီးများထက် မေတ္တာစစ်မှန်ခြင်းကို ထင်ရှားအောင်ဖော်ပြပါမည်ဟု ပြောလေ၏။

ရိုမီယိုကဤမျှလောက် ဂုဏ်သိက္ခာနှင့် ပြည့်စုံသည့် ဂျူလီယက်အပေါ်၌ အထင်သေးမှုမျိုးကို ဘယ်သောအခါမှ စိတ်ကူးမထည့်ပါကြောင်းနှင့် ဘုရားသခင်ကို တိုင်တည်ကာ သစ္စာပြုမည်လုပ်သည်တွင် ဂျူလီယက်က ကျိန်ဆိုဖို့မလိုကြောင်းပြောကာ ဟန့်တားလိုက်၏။ စင်စစ်သော်ကား ဂျူလီယက်သည် ရိုမီယို၏မေတ္တာကို လက်ခံရခြင်းအတွက် ဝမ်းမြောက်သည်မှန်သော်လည်း ရုတ်တရက်ချောင်တခင် ဖြစ်ခဲ့ရသော ထိုညဉ့်၏ အဖြစ်အပျက်များမှာ စဉ်းစားဆင်ခြင်မှုနည်းလွန်း၍ လျှင်မြန်လွန်းအားကြီးသည်ဟု အောက်မေ့သည်နှင့် ဝမ်းမသာနိုင်ဘဲရှိ၏။ ရိုမီယိုက မေတ္တာကိုတောင်းခံခြင်းမပြုမီ မိမိက (တစ်ကိုယ်တည်းရှိနေသည် အထင်နှင့်) ဖွင့်ဟဝန်ခံသကဲ့သို့ ဖြစ်ရခြင်းအတွက် ရှက်ဖွယ်ရာဖြစ်ရသည် မှန်သော်လည်း၊ မိမိ၏စကားကို ပြန်လည်ရုပ်သိမ်းရန် မဖြစ်နိုင်စေကာမူ၊ ရုပ်သိမ်းလိုပါကြောင်း၊ ထိုကဲ့သို့ ရုပ်သိမ်းရာတွင်လည်း မချစ်မကြိုက်ဘဲလျက်နှင့် ချစ်ကြိုက်ပါသည်ဟု ပြောမိသောကြောင့် မဟုတ်၊ ချစ်ကြိုက်ပါကြောင်းကို တစ်ဖန်ထပ်၍ ပြောလိုသောကြောင့်မျှသာဖြစ်ကြောင်း၊ မိမိ၏မေတ္တာမှာ သမုဒ္ဒရာကဲ့သို့ ကျယ်ဝန်း၍ သမုဒ္ဒရာကဲ့သို့ပင် နက်နဲလှပါကြောင်းများနှင့် ပြောပြလေ၏။ သမီးရည်းစားနှစ်ယောက်တို့သည် ထိုကဲ့သို့ ချစ်ရေးဆိုလျက်ရှိကြစဉ် ဂျူလီယက်နှင့် အတူအိပ်ရသော အထိန်းတော်ကြီးသည် အိပ်ချိန်လွန်နေပြီဟုဆိုကာ ဂျူလီယက်အားအိပ်ရာသို့ ခေါ်သွားလေ၏။ သို့ရာတွင် ဂျူလီယက်သည် ပြူတင်းပေါက်သို့ တဖန်ပြေးလာ၍ ရိုမီယိုအား စကားသုံးလေးခွန်းပြောလိုက်သေး၏။ ၄င်းစကား၏ အဓိပ္ပာယ်မှာ ရိုမီယိုသည် မိမိအားရိုးသားစွာ ချစ်ကြိုက်၍ လက်ထပ်မည်ဖြစ်ပါလျှင် နက်ဖြန်နံနက်တွင် ရိုမီယိုထံ စေတမန်တစ်ယောက် လွှတ်လိုက်မည့်အကြောင်း၊ စေတမန်အား လက်ထပ်ဖို့အချိန်နှင့် နေရာကို ပြောလိုက်ဖို့အကြောင်း မှာထားပြီးလျှင်၊ မိမိ



www.burmeseclassi.com

www.burmeseclassic.com



၏စည်းစိမ်ကို ရိုမီယိုသို့အပ်နှင်း၍၊ ကမ္ဘာအစွန်းသို့ရောက်အောင် ရိုမီယိုနောက်မှ တကောက်ကောက် လိုက်ပါမည့်အကြောင်း ပြောပြလေ၏။ ထိုအတောအတွင်း အထိန်းတော်ကြီးသည် ဂျူလီယက်အား အကြိမ်ကြိမ်ခေါ်လျက်ရှိရာ ဂျူလီယက်မှာ ပြူတင်းပေါက်နှင့် အိပ်ရာတို့ကို ကြိမ်ဖန်များစွာ ကူးချည်၊ သန်းချည်ဖြစ်နေတော့၏။ ဂျူလီယက်၏ စိတ်ထဲ၌ ရိုမီယိုအပေါ်တွင် ကြိုးတန်းလန်းနှင့်ကိုင်ထားသော ငှက်ကလေးအပေါ်တွင် သူငယ်မကလေးတစ်ယောက် သဘောထားခြင်းကဲ့သို့သာ ရှိတော့၏။ သူငယ်မသည် ငှက်ကလေးကို ကြိုးတန်းလန်းနှင့် လွှတ်လိုက်၍ ငှက်ကလေးသည် နှစ်ခုန်သုံးခုန်မျှ ပြေးလွှားလျက်ရှိစဉ် သူငယ်မသည် ငှက်ကလေးကို ကြိုးဖြင့်ပြန်၍ ဆွဲခေါ်လိုက်ခြင်းကဲ့သို့ ရှိတော့၏။ ဂျူလီယက်သည် ရိုမီယိုနှင့် မခွဲခွာနိုင်ရှိသကဲ့သို့ ရိုမီယိုသည်လည်း မခွဲခွာနိုင်ဘဲဖြစ်နေ၏၊ ၎င်းတို့၏နားထဲ၌ တစ်ယောက်နှင့်တစ်ယောက် တုံ့ပြန်ပြောဆိုကြသော စကားသံများသည် အသာယာဆုံးသော တူရိယာတီးမှုတ်ခြင်းကဲ့သို့ ရှိတော့၏။ သို့ရာတွင် နောက်ဆုံး၌ကား သမီးရည်းစားနှစ်ယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်ကာ ခွဲခွာကြရလေတော့၏။

ထိုအချိန်၌ကား အရုဏ်တက်လျက်ရှိပြီဖြစ်ရာ ရိုမီယိုမှာ ဂျူလီယက်နှင့်တွေ့ဆုံရပုံ အချင်းအရာများကို ပြန်လှန်တွေးတောရသည်နှင့် အိပ်ချင်စိတ်မရှိသဖြင့် နေအိမ်သို့မပြန်ဘဲ ဘုန်းတော်ကြီးလောရင့်နှင့် တိုင်ပင်ရန် ဘုန်းကြီးကျောင်းသို့ သွားလေ၏၊ ဘုန်းတော်ကြီးသည် နံနက်စောစောထ၍ ဘုရားဝတ်ပြုလျက်ရှိရာမှ ရိုမီယိုကိုမြင်သောအခါ ဤလူငယ်ကား တစ်ညဉ့်လုံးမအိပ်ဘဲ ရည်းစားတစ်ယောက်ယောက်နှင့် ချစ်ရေးဆိုခြင်းအားဖြင့် အချိန်ကုန်ခဲ့ခြင်းဖြစ်တန်ရာသည်ဟု ဟုတ်မှန်သည့်အတိုင်း တွေးထင်မိ၏။ ဘုန်းတော်ကြီးသည် တစ်နည်းအားဖြင့် မှန်အောင်တွေးတတ်သော်လည်း တစ်နည်းအားဖြင့်ကား မှားသေး၏။ ဘုန်းတော်ကြီးအထင်ကား၊ ရိုမီယိုသည် ရိုဇာလင်နှင့် အချိန်ကုန်ခဲ့သည်ဟု တွေးထင်ခြင်းကား မှားခဲ့လေပြီ။ ရိုမီယိုက ဂျူလီယက်နှင့် ချစ်ကြိုက်လျက်ရှိကြောင်းကို လျှောက်ထား၍ ထိုနေ့၌ပင် ၎င်းတို့အားလက်ထပ်ပေးဖို့ တောင်းပန်သောအခါတွင် ဘုန်းတော်ကြီးသည် အလွန်အံ့သြသောအမူအရာနှင့် လက်များကိုမြှောက်ကာ မျက်လုံးများကို အထက်သို့လှန်ကြည့်လျက်ရှိလေ၏။ အကြောင်းမူကား ဘုန်းတော်ကြီးသည် ရိုမီယိုနှင့် ရိုဇာလင်တို့အကြောင်းကို သိပြီးဖြစ်၍ မိမိ၏မေတ္တာကို တုံ့ပြန်ခြင်းမရှိကြောင်းနှင့် ရိုမီယိုက ညည်းညူတိုင်တန်းခြင်းများကို ကြားခဲ့ရပြီးဖြစ်သည်နှင့် ရိုမီယို၏ မေတ္တာကူးခုန်ပြောင်းလဲခြင်းမြန်လွန်းလှသည်ဟု ယူဆသောကြောင့်ပေတည်း။ ထို့ကြောင့် ဘုန်းတော်ကြီးက လူငယ်များ၏မေတ္တာသည် အသဲနှလုံး၌မတည်ဘဲ





မျက်လုံး၌ တည်ဟန်ရှိသည်ဟု မိန့်တော်မူ၏။ သို့ရာတွင် ရိုမီယိုက မိမိအားမချစ်သောရိုဇာလင်ကို ချစ်ကြိုက်ရချေမည်လောဟု ဘုန်းတော်ကြီးကိုယ်တိုင်က မိမိအား မောင်းမဲဘူးခြင်းကို လျှောက်ထားပြီးလျှင် မိမိနှင့် ဂျူလီယက်တို့မှာ အပြန်အလှန်ချစ်ကြိုက်စုံမက်ကြသော သမီးရည်းစားများ ဖြစ်ကြပါသည်ဟု လျှောက်ထားရာတွင်မှ ဘုန်းတော်ကြီးလည်း လက်ထပ်ပေးရန် သဘောတူလေ၏။ ထို့ပြင် ဘုန်းတော်ကြီးကိုယ်တိုင်ကလည်း ဂျူလီယက်နှင့် ရိုမီယိုတို့ထိမ်းမြား လက်ထပ်လိုက်ရပါမူကား ကပူလက် အဆက်အနွယ်များနှင့် မွန်တေဂူ အဆက်အနွယ်တို့ ကမ္ဘာ့ရန်ဘက် ဖြစ်ခဲ့ကြသော အရေးမှာလည်း ပြီးငြိမ်းတန်ကောင်းပါ၏ဟု မျှော်လင့်လေသည်။ ဘုန်းတော်ကြီးသည် ကပူလက်နှင့် မွန်တေဂူတို့ မသင့်မတင့်ဖြစ်ကြရခြင်းကို မလိုလားသည်ဖြစ်၍ နှစ်ဦးနှစ်ဘက်တို့အား သင့်မြတ်အောင် ကြိမ်ဖန်များစွာ ဖြန်ဖြေစကားပြော၍ တရားဟောခဲ့ဘူးသော်လည်း မအောင်မြင်ဘဲရှိခဲ့၏။ ဘုန်းတော်ကြီးသည် သူဌေးကြီးနှစ်ဦးတို့ သင့်မြတ်ခြင်းကို မျှော်လင့်သောကြောင့် တစ်ကြောင်း၊ ရိုမီယိုအားလည်း အလွန်တရာ ကြင်နာချစ်ခင်၍ မငြင်းဆန်နိုင်ဘဲ ရှိသည့်အကြောင်းကြောင့်၊ ထိမ်းမြားလက်ထပ်ပေးရန် သဘောတူခဲ့လေ၏၊

ရိုမီယိုမှာ ဘုန်းတော်ကြီး၏ သဘောတူညီမှု ရရှိသဖြင့် ဝမ်းမြောက်ဝမ်းသာရှိနေရာ ဂျူလီယက်မှာလည်း ရိုမီယို့ထံသို့ စေလွှတ်လိုက်သည့် စေတမန်ထံမှ အကြောင်းခြင်းရာကို သိရှိရသည်ဖြစ်၍ လက်ထပ်ရန်အတွက် ဘုန်းတော်ကြီးကျောင်းသို့ စောစောစီးစီး ရောက်လာလေ၏။ ဘုန်းတော်ကြီးမှာလည်း ရိုမီယိုနှင့် ဂျူလီယက်တို့ ထိမ်းမြားလက်ထပ်ခြင်းအတွက်ကြောင့် မွန်တေဂူအမျိုးနှင့် ကပူလက်အမျိုးတို့ သင့်သင့်မြတ်မြတ် ဆက်ဆံနိုင်ကြပါစေသတည်းဟု ဘုရားသခင်အား ဆုတောင်းလျက်ရှိလေ၏၊

လက်ထပ်ပြီးသည်နှင့် တပြိုင်နက် ဂျူလီယက်သည်အိမ်သို့ ပြန်သွား၍ ယမန်ညဉ့်က တွေ့ဆုံကြသည့် ဥယျာဉ်ထဲတွင် ရိုမီယိုနှင့် တွေ့ဆုံကြဖို့ အချိန်းအချက် ပေးထားကြသည့်အတိုင်း နေဝင်ပါစေတော့ဟူ၍ ဆုတောင်းလျက်ရှိလေတော့သည်။ ပွဲလမ်းသဘင်တစ်ခု၌ အဝတ်အစားသစ် ဝတ်ရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ပွဲနေ့တိုင်း ရောက်ပါစေတော့ဟု ဆုတောင်းတတ်သော ကလေးသူငယ် တစ်ယောက်ကဲ့သို့ ဂျူလီယက်မှာလည်း ညတိုင်ရောက်ပါစေတော့ဟူ၍သာ ဆုတောင်းလျက်ရှိလေတော့၏။

ထိုနေ့မွန်းတည့်ချိန်ကပင် ရိုမီယို၏မိတ်ဆွေများဖြစ်သော ဘင်ဗိုလီယိုနှင့် မာကူရှီတို့သည် ဗာရွန်နာမြို့ရှိလမ်းပေါ်၌ လျှောက်သွားလျက်ရှိကြစဉ် စိတ်မြန်သော တိုင်းဘောဦးဆောင်လာသည့် ကပူလက် အမျိုးသားအဖွဲ့တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆုံမိကြလေ၏။ တိုင်းဘောမှာ သူဌေးကြီးကပူလက်၏ ညစာစားပွဲ၌ ရိုမီယို နှင့် ရန်ဖြစ်ချင်သော လူငယ်ပင်ဖြစ်လေသည်။ တိုင်းဘောသည် မာကူရှိုကို မြင်သောအခါ မွန်တေဂူမျိုးတစ်ယောက်ဖြစ်သော ရိုမီယိုနှင့် ပေါင်းသင်းဆက် ဆံရချေမည်လောဟု တုံးဓါးကြီးစွပ်စွဲလိုက်၏။ မာကူရှိုမှာလည်း တိုင်းဘောကဲ့ သို့ပင် စိတ်ဆတ်သော လူငယ်တစ်ယောက် ဖြစ်သည့်အလျောက် တိုင်းဘော၏ စွပ်စွဲချက်ကို ခပ်ဆတ်ဆတ်ပင် ပြန်ပြောလိုက်၏။ သူငယ်ချင်း ဘင်ဗိုလီယို သည် လူငယ်နှစ်ယောက်တို့၏ ခိုက်ရန်ဖြစ်မည့် အရေးကြောင့် ကြေအေး အောင်ပြောသော်လည်း မရတော့ဘဲ ရန်ဖြစ်ကြတော့မည် ပြုဆဲတွင် ရိုမီယို သည်လည်း ထိုလမ်းသို့ လျှောက်လာသည်ဖြစ်၍ ဒေါသကြီးသော တိုင်းဘော သည် မာကူရှိုအားထားခဲ့၍ ရိုမီယိုဘက်သို့လှည့်ပြီးလျှင် "ဟေ့- လူယုတ်မာ ကြီး" ဟူ၍ အရှက်တကွဲခေါ်လိုက်လေ၏။ ရိုမီယိုသည် ဂျူလီယက်နှင့် ဆွေ မျိုးတော်စပ်၍ ဂျူလီယက်က ခင်မင်လေးစားဟန်ရှိသည့် တိုင်းဘောနှင့် ခိုက် ရန်မဖြစ်ရအောင် တိမ်းရှောင်လိုသည့်ပြင် မွန်တေဂူမျိုးဖြစ်သော ရိုမီယိုသည် ပင်ကိုယ်အားဖြင့် စဉ်းစားဉာဏ်ရှိ၍ သိမ်မွေ့သော စိတ်သဘောရှိသူ တစ် ယောက်ဖြစ်သည်နှင့် ကပူလက်အမျိုးများနှင့် ရန်ဖြစ်ရခြင်းကိစ္စတွင် ဘယ်အခါ မျှ စိတ်ဝင်စားခြင်းမရှိခဲ့ချေ။ အခြားအကြောင်းတစ်ရပ်မှာလည်း သူ၏ရည်းစား ဂျူလီယက်မှာ ကပူလက်အမည်ခံသူ တစ်ယောက်ဖြစ်နေ၍ ရိုမီယို၏စိတ်ထဲ ၌ ကပူလက်ဟူသော အမည်သည် ဒေါသဖြစ်စေဖို့မဟုတ်၊ အမျက်ပြေပျောက်ဖို့ သာ ရှိသည်ဟု အောက်မေ့မိ၏။ သို့ဖြစ်၍ ရိုမီယိုသည် တိုင်းဘောအား ကြေ ရာကြေကြောင်းပြောကာ၊ မိမိကိုယ်တိုင် မွန်တေဂူအမျိုးတစ်ယောက် ဖြစ်သော် ငြားလည်း၊ ကပူလက်ဟူသော နာမည်ကို နှုတ်ဖြင့်ခေါ်လိုက်ရခြင်းကြောင့် အရ သာတစ်မျိုးရှိသကဲ့သို့ တိုင်းဘောအား "ကောင်းသော ကပူလက်" ဟူ၍ ဖြည်း ညှင်းစွာ ခေါ်ဝေါ်နှုတ်ဆက်လေ၏။ သို့ရာတွင် မွန်တေဂူဟူသော အမည်ကို ငရဲသဖွယ် ရွံမုန်းသော တိုင်းဘောသည် ရိုမီယို၏ သိမ်မွေ့သော အမူအယာကို လက်မခံဘဲ၊ သူ၏ဓါးရှည်ကို ဆွဲထုတ်လေ၏။ မာကူရှိုမူကား တိုင်းဘောနှင့် ရန်မဖြစ်လိုသည့် ရိုမီယို၏လျှို့ဝှက်သော အကြောင်းရင်းကို မသိရှာသည်ဖြစ် ၍၊ ရိုမီယို၏ သီးခံခြင်းကို ဂုဏ်နိမ့်သော အရှုံးပေးမှုတစ်ခုဟူ၍ ယူဆသည်နှင့် တိုင်းဘောအား ယုတ်နိမ့်သော အမည်များဖြင့် ခေါ်ဝေါ်ကာ၊ မိမိနှင့်ဆက်လက် ရန်ဖြစ်ဖို့သာ ကြိုးစားသဖြင့် တိုင်းဘောနှင့် မာကူရှိုတို့ ထိုးသတ်ကြလေရာ ရိုမီယိုနှင့် ဘင်ဗိုလီယိုတို့က ဖြန်ဖြေကြသည့်အထဲမှာပင်၊ မာကူရှိုမှာ သေ လောက်သော ဒဏ်ရာရ၍ ကျသွားလေ၏။ ရိုမီယိုမှာ သူငယ်ချင်းမာကူရှို ကျ ဆုံးခြင်းကို မြင်ရသည့်ခါ၌ကား၊ မိမိ၏ဒေါသကို ချုပ်တည်းရန် မတတ်နိုင်တော့





ဘဲ၊ မိမိအား တိုင်းဘောက ခေါ်ဝေါ်ဘူးသည့်အတိုင်း၊ တိုင်းဘောအား "ဟေ့- လူယုတ်မာ" ဟူ၍ ခေါ်ဝေါ်လိုက်လေတော့၏။ ဤတွင် တိုင်းဘောနှင့် ရိုမီယို တို့ တိုက်ပွဲဖြစ်ကြပြန်ရာ တိုင်းဘောကျဆုံးလေ၏။ ၎င်းတို့တိုက်ပွဲမှာ ဗာရွန် နာမြို့လယ်ခေါင်ကြီးတွင် မွန်းတည့်အချိန်ကြီး၌ ဖြစ်ကြရခြင်းဖြစ်သောကြောင့် သတင်းပြန့်နှံ့ပြီးလျှင်မြို့သူမြို့သားတစ်စုတို့ ဝိုင်းအုံရောက်လာကြရာ ၎င်းတို့ အထဲတွင် သူဌေးကြီး ကပူလက်လင်မယားနှင့် မွန်တေဂူလင်မယားတို့ လည်း ပါလာလေ၏။ နောက်များ မကြာမီ မင်းသားကြီးကိုယ်တိုင် ရောက်လာ၍ တိုင်း ဘော၏ လက်ချက်ဖြင့် ကျဆုံးသည့် မာကူရှိုနှင့် ဆွေမျိုးတော်စပ်သည့်အပြင်၊ မွန်တေဂူအမျိုးနှင့် ကပူလက်အမျိုးတို့ မကြာခဏခိုက်ရန်ဖြစ်ပွားခြင်းကြောင့်၊ သူ၏အုပ်ချုပ်ရေးကို အနှောင့်အယှက် ပြုသည်ဟု ယူဆသည်ဖြစ်၍ ဤရန် ပွဲတွင် အပြစ်ရှိသူအား ပြင်းထန်စွာ အရေးယူမည်ဟု သန္နိဋ္ဌာန်ချလာခဲ့၏။ ဘင်ဗိုလီယိုမှာ ဤရန်ပွဲတွင် မျက်မြင်သက်သေတစ်ယောက် ဖြစ်လေရကား၊ မင်းသားကြီးသည် ၎င်းအားဖြစ်ပျက်ပုံ အချင်းအရာကို စေ့စုံစွာ လျှောက်ထား ရန် အမိန့်ပေးလေ၏။ ဘင်ဗိုလီယိုသည် သူငယ်ချင်းရိုမီယိုအား မထိခိုက်စေ ဘဲ ရန်ဖြစ်ရခြင်း အကြောင်းအရင်းကို တတ်နိုင်သမျှ မှန်ကန်စွာလျှောက်ထား သော်လည်း၊ မိမိ၏ သူငယ်ချင်းများအား တတ်နိုင်သမျှ ဖော့၍ပြော၏။ သူဌေး ကတော်ကြီး လေဒီကပူလက်မှာ မိမိ၏တူတစ်ယောက် ဖြစ်သောတိုင်းဘော ကျဆုံးခြင်းအတွက် မခံချင်လှသည်နှင့် လက်စားချေရန် အကြံပြုလျက် မင်း သားကြီးအား တရားသဖြင့် အရေးယူဖို့အကြောင်း၊ ရိုမီယို၏ သူငယ်ချင်းဖြစ် သော ဘင်ဗိုလီယိုသည်၏ ထွက်ဆိုချက်ကို မယုံကြည်သင့်ကြောင်း။ ဘင်ဗိုလီ ယိုမှာ မျက်နှာလိုက်သည့် သက်သေတစ်ယောက်ဖြစ်ကြောင်း စသည်များဖြင့် မင်းသားအား တင်လျှောက်လေ၏။ သူဌေးကတော်ကြီး လေဒီကပူလက်မှာ ရိုမီယိုသည် ဂျူလီယက်နှင့် လက်ထပ်ပြီးဖြစ်၍၊ မိမိ၏သားမက်တော်နေကြောင်း မသိသည်နှင့် ရိုမီယိုအပြစ်ရဖို့ ဖိနှိပ်ကာ လျှောက်လဲလျက် ရှိလေ၏။ အခြား တစ်ဘက်တွင်လည်း သူဌေးကတော်ကြီး လေဒီမွန်တေဂူက တိုင်းဘောသည် မာကူရှိုကို သတ်သူဖြစ်၍ ဥပဒေအရ အသက်ဆုံးရှုံးခြင်း ခံထိုက်သူ ဖြစ်သော ကြောင့်၊ တိုင်းဘောအား သတ်ခြင်းအတွက် မိမိ၏သား ရိုမီယို၌ အပြစ်ဒဏ် ခံရဖို့ မထိုက်ကြောင်း စသည်ဖြင့် သားအတွက် ကာကွယ်လျှောက်လဲလေ၏။ မင်းသားကြီးသည် သူဌေးကတော်ကြီး နှစ်ဦးတို့၏ ကိုယ့်ဘက်ယက်ကာ လျှောက်လဲခြင်းများကို လက်မခံဘဲ အဖြစ်အပျက်ပေါ်တွင် အခြေတည်၍ စဉ်းစားဆင်ခြင်ပြီးနောက် စီရင်ချက်ချလေ၏။ ၎င်းစီရင်ချက်အရမှာ ရိုမီယို သည် ဗာရွန်နာမြို့၌ နေထိုင်ခွင့်မရှိဘဲ ပြည်နှင်ဒဏ် ခံရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နာရီအနည်းငယ်က လက်ထပ်ပြီးခဲ့သော ဂျူလီယက်အဖို့မှာ ထိုသတင်းအတွက်ကြောင့် နှလုံးမသာမယာ ဖြစ်ရရုံသာမကဘဲ မင်းသားကြီး၏ စီရင်ချက်အတိုင်း ဆိုပါလျှင်၊ လင်ဖြစ်သူ ရိုမီယိုနှင့် ပေါင်းသင်းဖို့မရှိတော့ဘဲ တစ်ခါတည်း ခွဲခွာရချေတော့မည်။ ဂျူလီယက်သည် ၎င်းသတင်းကို ကြားသိရသောအခါ၊ ပထမ၌ မိမိ၏ မောင်ဝမ်းကွဲတစ်ယောက်ကို သတ်ရချေမည်လောဟု ရိုမီယိုအပေါ်၌ ဒေါသဖြစ်မိ၏။ ဂျူလီယက်သည် ရိုမီယိုအား ရုပ်ရည် ချောလှသလောက် အနိုင်ကျင့်တတ်သူ တစ်ယောက်ဟူ၍လည်းကောင်း၊ နတ်သားနှင့်တူသော သူရဲတစ်ယောက်ဟူ၍ လည်းကောင်း၊ ဝံပုလွေသဘာဝရှိသော သိုးတစ်ကောင်ဟူ၍လည်းကောင်း၊ ပန်းပွင့်နှင့်တူသော မျက်နှာရှိ၍ မြွေစိတ်ရှိသူ တစ်ယောက်ဟူ၍လည်းကောင်း၊ ဆန့်ကျင်ဘက် အမည်များဖြင့် ခေါ်ဝေါ်ခြင်းကို ထောက်ခြင်းအားဖြင့်၊ စိတ်ထဲတွင် အချစ်နှင့် ဒေါသတွဲဖက်ယှဉ်ပြိုင်လျက် ရှိကြောင်းသိနိုင်လေ၏။ သို့ရာတွင် နောက်ဆုံး၌မူကား အချစ်သည် အနိုင်ရ၍ ရိုမီယို၏လက်ချက်ဖြင့် သေရသော တိုင်းဘောအတွက် ဝမ်းနည်းမိခြင်းမှသည် တိုင်းဘော၏ လက်ချက်ဖြင့် အသက်မသေရသည့် မိမိ၏ ခင်ပွန်းသည်အတွက် ဝမ်းမြောက်ခြင်းသို့ ကူးပြောင်းလာလေတော့၏။ ထို့နောက်တွင်မူကား ပြည်နှင်ဒဏ်ခံရသော ရိုမီယိုအတွက် နှလုံးပူပန်ခြင်းကြောင့် မျက်ရည်များ ယိုစီးကျလေ၏။ ရိုမီယိုပြည်နှင်ဒဏ် ခံရခြင်းတည်းဟူသော အချင်းအရာသည် တိုင်းဘောပေါင်း မြောက်များစွာ သေရခြင်းထက် နှမြောဖွယ်ကောင်းသည်ဟု ဂျူလီယက် ယူဆလေတော့သည်။

တိုက်ပွဲဖြစ်သည့်နောက်၌ ရိုမီယိုသည် ဘုန်းတော်ကြီးလောရင့်၏ တိုက်ခန်းထဲ၌ ခိုအောင်းလျက်ရှိရာ မင်းသား၏ စီရင်ချက်ကို ကြားသိရသောအခါ၌ ပြည်နှင်ဒဏ်အမိန့်သည် သေရခြင်းထက်ပင် ကြောက်မက်ဖွယ် ကောင်းသည်ဟု ယူဆမိ၏။ ရိုမီယိုအဖို့မှာ ဗာရွန်နာမြို့ရိုးအပြင်ဘက်၌ နေစရာကမ္ဘာမြေမရှိဟူ၍ လည်းကောင်း၊ ဂျူလီယက်ရှိသော အရပ်သည်သာလျှင် ကောင်းကင်ဘုံဖြစ်၍၊ ထိုမှတစ်ပါးသော အရပ်ဒေသဟူသမျှမှာ ညှင်းပန်းနှိပ်စက်ခြင်း သက်သက်ဖြစ်သည့် ငရဲပြည်ဖြစ်လေ၏။ ဘုန်းတော်ကြီးသည် ရိုမီယို၏ ပူဆွေးခြင်းကို တရားဓမ္မဖြင့် ဖြေဆည်ပေးရန် ကြိုးစားရာ၏။ သို့ရာတွင် ဖျတ်ဖျတ်လူးပူလောင်လျက် ရှိသော ရိုမီယိုသည် မည်သည့်တရားဓမ္မကိုမျှ နားမဝင်ဘဲ လူရူးကဲ့သို့ မိမိဆံပင်ကိုဆွဲဖြစ်၍ တစ်ကိုယ်လုံးကိုလည်း မြေကြီးပေါ်သို့ ပစ်လှဲကာ လူးလိမ့်လျက်ရှိ၏။ ယင်းကဲ့သို့ အမြင်မကောင်းအောင် ရှိနေခိုက်တွင် ဂျူလီယက်ထံမှ အမှာစကားရောက်လာ၍ အနည်းငယ် သက်သာရာရသည်တွင် ဘုန်းတော်ကြီးသည် အခွင့်ကောင်းယူကာ ရိုမီယို၏ ယောကျ်ား





မပီသသော အမူအယာကို ပြစ်တင်ပြောဆိုလေ၏။ တိုင်းဘောကို သတ်ခဲ့ပြီးနောက် မိမိကိုယ်ကိုလည်း သတ်ဦးမည့်အပြင် မိမိအသက်ရှင်ပါမှ ရှင်နိုင်မည်ဖြစ်သော ဇနီးဂျူလီယက်အားလည်း အသေသတ်ဦးမည့်ပုံ ပေါ်လျက်ရှိသည်ဟု ပြောလေ၏။ ဆက်လက်၍ ဘုန်းတော်ကြီးက လူ၏ကိုယ်ကာယသည် သတ္တိ၏ ထောက်ခံခြင်း မရှိလျှင် ဖယောင်းသဖွယ် ပျော့အိအိ ဖြစ်တတ်ကြောင်း၊ စင်စစ်မှာ သေစားသေစေဟူသော အပြစ်ဒဏ်မျိုး မပေးဘဲ ပြည်နှင်ဒဏ်မျှလောက်ပေးခြင်းမှာ မင်းသား၏ထောက်ထားသက်ညှာခြင်း ဖြစ်ကြောင်း၊ တိုင်းဘော၏ လက်ချက်ဖြင့် မသေရဘဲ တိုင်းဘောကိုသတ်၍ အသက်ရှင်လျက်ရှိခြင်းသည် ဝမ်းသာဖွယ်ရာတစ်မျိုး ဖြစ်ကြောင်း၊ ဂျူလီယက်လည်း အသက်ရှင်လျက်ရှိ၍ မိမိ၏ဇနီးဖြစ်ရခြင်းသည် စိတ်ချမ်းသာဖွယ်ရာ တစ်ခုဖြစ်ကြောင်း၊ ဤအချင်းအရာများကို နှလုံးမသွင်းဘဲ စိတ်ကောက်ပြီး အရမ်းမဲ့ပြုမူသော မိန်းကလေးတစ်ယောက်ကဲ့သို့ ရိုမီယိုပြုမူလျက်ရှိကြောင်း၊ စိတ်ပျက်အားလျော့သောသူတို့ မည်သည် စိတ်ဒုက္ခကြီး ရောက်၍သေရတတ်ကြောင်း စသည်များဖြင့် ဘုန်းတော်ကြီးက ဟောပြောလေ၏။ ဘုန်းတော်ကြီး၏ စကားကြောင့် ရိုမီယိုမှာ အနည်းငယ်သက်သာရာရ၍ စိတ်တည်ငြိမ်ခြင်း ရှိသောအခါတွင် ဘုန်းတော်ကြီးက ရိုမီယိုအား ယနေ့ညတွင် ဂျူလီယက်ထံသို့ သွား၍နှုတ်ဆက်ပြီးနောက် မင်တူဝါမြို့သို့ သွားရောက်နေထိုင်ရမည် ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦး လက်ထပ်ပြီးခြင်းကို ဘုန်းတော်ကြီးက သင့်လျော်သောအခါတွင် ဖော်ထုတ်ကြေငြာလိုက်ခြင်းအားဖြင့် ကပူလက်အမျိုးနှင့် မွန်တေဂူအမျိုးတို့ ရန်ငြိုးပြေပျောက်ဖွယ်ရှိကြောင်း၊ ထိုအခါတွင် မင်းသားကလည်း အပြစ်ဒဏ်မှချမ်းသာပေး၍ ဗာရွန်နာမြို့သို့ ဝမ်းမြောက်စွာ ပြန်လာနိုင်မည်ဖြစ်ကြောင်း စသည်များဖြင့် ဟောပြနားချလေ၏။ ရိုမီယိုသည် ဘုန်းတော်ကြီး၏ အကြံပေးချက်ကို နားဝင်သည်ဖြစ်၍ ပြောသည့်အတိုင်း လိုက်နာပါတော့မည်ဆိုကာ ဂျူလီယက်ထံသို့ ထွက်လာလေ၏။ ရိုမီယို၏အကြံမှာ ထိုတစ်ညအဖို့တွင် ဂျူလီယက်နှင့် အတူနေ၍ မိုးသောက်ချိန်တွင် မင်တူဝါမြို့သို့ တစ်ကိုယ်တည်းထွက်သွားပြီးလျှင် ဘုန်းတော်ကြီးထံမှ အဖြစ်အပျက် အကျိုးအကြောင်းများ ရေးသားပေးပို့သည့်စာများကို စောင့်မျှော်ရန်ဖြစ်လေသည်။ ထိုည၌ ရိုမီယိုသည် ဂျူလီယက်၏ မေတ္တာဖွင့်ဟဝန်ခံခြင်းကို ကြားခဲ့ရသည့် ဥယျာဉ်မှ ဂျူလီယက်၏အခန်းသို့ တိတ်တဆိတ်ဝင်ရောက်ကာ ဂျူလီယက်နှင့် အချိန်ကုန်လွန်စေခဲ့၏။ ထိုညဉ့်သည်ကား လက်ထပ်ပြီးခါစဖြစ်သော ဇနီးမောင်နှံနှစ်ယောက်အဖို့ စိတ်အချမ်းသာဆုံးနှင့် အပျော်ရွှင်ဆုံးသောညဖြစ်၏။ သို့ရာတွင် ဇနီးမောင်နှံအတူနေရသဖြင့် ခံစားရသောကြည်ရွှင်မှုမှာ နံနက်တွင်ခွဲခွာရမည့်အရေးနှင့် ထိုနေ့၌



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်သော အချင်းအရာများ အကြောင်းကို တွေးတော လိုက်သောအခါ၌တွင် ဝမ်းနည်းကြေကွဲခြင်းနှင့် ရောစပ်လျက်ရှိတော့၏။ ဇနီးမောင်နှံတို့အဖို့မှာ ထို ညဥ့်သည် တိုတောင်းလွန်းလှသည်ဟု ထင်မိကြ၏။ ဂျူလီယက်သည် မိုးစွေ ငှက်၏ နံနက်အချိန် မြူးတူးအော်မြည်သံကို ကြားရသောအခါ ညအချိန်တွင် အော်မြည်တတ်သော နိုက်တင်ဂေးငှက်သံဟု မှတ်ထင်မိ၏။ သို့ရာတွင် စင်စစ် အားဖြင့် မိုးစွေငှက်၏ နံနက်ချိန် အော်မြည်သံဖြစ်ကြောင်း သိရှိရသည်တွင် သာယာနာပျော်ဖွယ် ရှိသည်ဟုဆိုကြသော ထိုငှက်သံသည် မသာမယာ ငြီးငွေ့ ဖွယ်ရာ ရှိသည်ဟု ထင်မိ၏။ အရှေ့မျက်နှာမှ တိုးထွက်လာသည့် နေရောင် ခြည်တို့သည်လည်း ဇနီးမောင်နှံတို့ ခွဲခွာဖို့ အချိန်တန်ပြီဟု သတိပေးလျက် ရှိလေပြီ။ ခွဲခါနီး၌ ရိုမီယိုသည် ဂျူလီယက်အား ရင်လေးစွာနှင့် နှုတ်ဆက်၍ မင်တူဝါမြို့မှ တစ်နာရီလျှင် စာတစ်စောင်ကျ နေ့စဥ်မှန်မှန် ရေးပါမည်ဟု ကတိပြုသွား၏၊ ရိုမီယိုသည် ဂျူလီယက်၏ အခန်းပြတင်းပေါက်မှ ဥယျာဉ်ထဲ သို့ဆင်း၍ မြေကြီးပေါ်၌ ရပ်လျက်ရှိစဉ်၊ ရင်လေးလှသော ဂျူလီယက်၏ မျက် စေ့ထဲ၌ သင်းချိုင်းအောက်တွင် မြှုပ်ထားသည့် အလောင်းကဲ့သို့ မြင်မိတော့၏။ ရိုမီယိုကလည်း ဂျူလီယက်ကို ဤနည်းအတိုင်းပင် မြင်လျက်ရှိ၏။ နောက်ဆုံး ၌ ရိုမီယိုမှာ မိုးသောက်ချိန်လွန်သည့်နောက်၊ တာရှန်နာမြို့တွင်း၌ တွေ့ရှိသွား ပါမူကား အသက်သေရမည်ဖြစ်သောကြောင့် ဥယျာဉ်ထဲမှ ကတိုက်ကရိုက် ထွက်လာခဲ့ရလေတော့၏။

ဤအဖြစ်အပျက်မှာ ကံဆိုးသော ဇနီးမောင်နှံတို့၏ ကြေကွဲဖွယ် ကောင်းသော ဇာတ်လမ်းအစမျှသာဖြစ်၏။ ရိုမီယိုထွက်သွားပြီးသည့်နောက်၊ ရက်ပေါင်းများစွာ မကြာသေးမီ ဘခင်သူဌေးကြီးကပူလက်သည် ဂျူလီယက် အား သတို့သားတစ်ယောက်နှင့် လက်ထပ်ရန်စီမံလေ၏။ ဂျူလီယက်နှင့် လက် ထပ်ရန် ရွေးချယ်ထားသည့် သတို့သားမှာ ပါရီအမည်ရှိ မှူးမျိုးမတ်နွယ် တစ် ယောက်ဖြစ်၍ သတ္တိရှိသည့် လူဂုဏ်တန်ကလေးဖြစ်ရာ၊ အကယ်၍ ဂျူလီယက် သည် ရိုမီယိုနှင့် မတွေ့ဘူးပါက ဂျူလီယက်က ငြင်းပယ်နိုင်လောက်သည့် လူငယ်တစ်ယောက် မဟုတ်ပါပေ။ ထိုသူသည် ဂျူလီယက်နှင့် ရိုမီယိုတို့လက် ထပ်ပြီး ဖြစ်ကြောင်းကိုလည်း မသိခဲ့ချေ။

ဘခင်သူဌေးကြီးသည် ဂျူလီယက်အား မိမိ၏အစီအစဉ်ကို ပြောပြ သောအခါ၊ ဂျူလီယက်မှာ လွန်စွာထိတ်လန့်၍ မကြံတတ်အောင်ဖြစ်လေ၏။ အသက်ငယ်ရွယ်လွန်းသဖြင့် လက်ထပ်ရန် မသင့်တော်သေးကြောင်းနှင့် မကြာ မီက မောင်တစ်ယောက် သေဆုံးခြင်းကြောင့် သောကမီး တောက်လောင်သ ဖြင့် လင်ယောက်ျားတစ်ယောက်အား ရွှင်ပြသော မျက်နှာဖြင့်ကြည့်ရန် မဖြစ်





နိုင်ကြောင်း၊ သေလွန်သော မောင်တစ်ယောက်၏ဈာပနကိစ္စ ပြီးခါစတွင် လက် ထပ်မင်္ဂလာ ဆောင်နှင်းပါက၊ မိမိတို့ကပူလက် အမျိုးသည် မလျော်ကန်သော အမှုကို ပြုလေသည်ဟု ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုစရာ ရှိကြောင်း စသည်များ ဖြင့် စိတ်ကူးရှိသလောက်၊ ဘခင်အား အကြောင်းပြကာ တောင်းပန်ငြင်းဆို လေ၏၊ မိမိမှာ လက်ထပ်ပြီး ဖြစ်ပါသည်ဟူသော အကြောင်းရင်း အမှန်ကို မူကား ဖော်ထုတ်၍မပြောချေ။ ဘခင် သူဌေးကြီးသည် ဂျူလီယက်၏ ဆင် ခြေဆင်လက် အကြောင်းပြချက်များကို လုံးဝလက်မခံဘဲ၊ လာမည့် ကြာသာပ တေးနေ့တွင် သတို့သားပါရီနှင့် လက်ထပ်ရမည် ဖြစ်သောကြောင့် အသင့်ပြင် ဆင် ထားရမည်ဟူ၍ တစ်ချက်လွှတ် အမိန့်ပေးလေ၏။ သူဌေးကြီးမှာ ဥစ္စာ လည်းပေါ၊ အရွယ်လည်းငယ်၊ အမျိုးလည်းမြတ်သော သားမက်လောင်းတစ် ယောက်ကို ရှာပေးသည်ဖြစ်၍၊ တာရှန်နာတစ်မြို့လုံးတွင် ထိပ်ဆုံးတန်း အမျိုး သမီးများပင် ဝမ်းမြောက်ဝမ်းသာ လက်ခံကြရမည့် သတို့သားမျိုး ဖြစ်သော ကြောင့် သမီးဖြစ်သူက ရှက်ကြောက်လေဟန်ဖြင့် ငြင်းပယ်ခြင်းကို သီးမခံနိုင် အောင် ရှိလေတော့၏။

ထိုကဲ့သို့ အကျဉ်းအကြပ် ကျလျက်ရှိရာတွင် ဂျူလီယက်သည် ဘုန်း တော်ကြီး လောရင့်အား အဖြစ်သနစ်ကို ဖွင့်ဟပြောပြကာ တိုင်ပင်လေရာ ဘုန်းတော်ကြီးက ဂျူလီယက်အား မိမိပေးလိုသည့် အကြံကိုလိုက်နာနိုင်လောက် အောင် စိတ်ကြံ့ခိုင်မှု ရှိပါ၏လောဟုမေး၏။ ဂျူလီယက်က မိမိ၏ခင်ပွန်း ရို မီယိုတစ်ယောက်လုံး အသက်ရှင်လျက်ရှိစဉ် ပါရီနှင့် လက်ထပ်ရမည့်အစား သင်းချိုင်းထဲသို့ အရှင်လတ်လတ် ဆင်းလိုပါတော့သည်ဟု ဖြေဆိုလေ၏။ ဤ တွင် ဘုန်းတော်ကြီးသည် ဂျူလီယက်အား အိမ်သို့ပြန်သွား၍ ကြည်ရွှင်သော မျက်နှာထားပြီးလျှင် ဘခင်၏ဆန္ဒအတိုင်း ပါရီနှင့်လက်ထပ်ရန် သဘောတူညီ ပါပြီဟု ပြောစေလေ၏။ ပါရီနှင့် လက်မထပ်မီ တစ်ညတွင်လည်း ပုလင်းထဲ မှ ဆေးရည်ကို သောက်ဖို့မှာကြား၏။ ဆေးပုလင်းကို ပေးလိုက်၏။ ထိုဆေးရည် ကို သောက်ခြင်း၏ အာနိသင်မှာ လေးဆယ့်နှစ်နာရီတိုင်တိုင် အသက်မရှူဘဲ လူသေကဲ့သို့ အေးအေးစက်စက် ရှိနေမည်ဖြစ်၏။ သတို့သားသည် လက်ထပ် ရန်လာသောအခါတွင် ဂျူလီယက်အား အသက်မရှိသော အလောင်းကဲ့သို့ တွေ့ရှိရမည်ဖြစ်၏။ ထို့နောက် ၎င်းတိုင်းပြည်ထုံးစံအတိုင်း အလောင်းကို ခေါင်း ပေါ်တွင်တင်၍ သုဿန်သို့ ပို့ဆောင်ကြပြီးလျှင် ကပူလက်အမျိုးအနွယ်များ၏ အလောင်းများထားသည့် မြေတိုက်အတွင်းသို့ သွတ်သွင်းကြလိမ့်မည်၊ သတ္တိ ကောင်းသူဖြစ်၍ ၎င်းအကြံကို လိုက်နာခဲ့လျှင် ဆေးရည်သောက်ပြီးနောက် လေးဆယ့်နှစ်နာရီကြာသောအခါ၌ အိပ်မက်မက်ရာမှ နိုးလာသကဲ့သို့ ကေန်



www.burmeseclassic.com

www.burmeseclassic.com



မုချနိုးလာလိမ့်မည်။ ထိုကဲ့သို့ နိုးမလာမီ ရိုမီယိုအား အကြောင်းချင်းရာကို ပြောကြားထားမည်ဖြစ်၍ ရိုမီယိုက ကြိုတင်လာရောက် စောင့်ဆိုင်းပြီးလျှင် နိုးလာသည်နှင့် တပြိုင်နက် မင်တူဝါမြို့သို့ ခေါ်ဆောင်ကြည်းသွားလိမ့်မည်။ ဂျူလီယက်မှာ ရိုမီယိုကို ချစ်ခင်သည်ကတစ်ကြောင်း၊ ပါရီကို လက်မထပ်လိုသည်ကတစ်ကြောင်းကြောင့်၊ကြောက်မက်ဖွယ်ကောင်းသော ဤအကြံကို လိုက်နာရန် သဘောတူ၍ မှာထားသည့်အတိုင်း ပြုလုပ်ပါမည်ဟု ကတိပြုကာ ဆေးပုလင်းကို ယူသွားလေ၏။

ဘုန်းကြီးကျောင်းမှ ထွက်လာပြီးနောက် ဂျူလီယက်သည် ပါရီနှင့် တွေ့၍ လက်ထပ်ရန် သဘောတူပါသည်ဟု လှည့်စားကာ ကတိပြုလိုက်၏။ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် ဤအကြောင်းကို ကြားသိရသောအခါ ဝမ်းမြောက်ဝမ်းသာ ရှိကြလေ၏။ ယခင်က ငြင်းပယ်ပြီးနောက် သဘောကျပါသည်ဟု ယခုလက်ခံလာသည်တွင် သူဌေးကြီးမှာ နှစ်ထောင်းအားရဖြစ်လာသည်နှင့် 'ချစ်သမီး' ဟု အကြိမ်ကြိမ်ခေါ်ကာ လူအိုတစ်ယောက် အဖြစ်မှ လူပျိုကလေး တစ်ယောက်အဖြစ်သို့ ကူးပြောင်းသွားသည် ထင်ရလောက်အောင် နုပျိုလာလေတော့သည်။ သူဌေးကြီး၏ အိမ်သူအိမ်သားများမှာ လက်ထပ်မင်္ဂလာအခမ်းအနားအတွက် စီစဉ်ကြသဖြင့် လှုပ်လှုပ်ရွရွရှိနေကြ၏။ သူဌေးကြီးသည် ဗာရွန်နာမြို့တွင် မည်သည့်အခါကမျှ မကြုံဘူးသည့် လက်ထပ်မင်္ဂလာပွဲကြီးတစ်ခု ဖြစ်စေရမည်ဟုဆိုကာ ငွေကိုချွေတာခြင်းမရှိဘဲ ရက်ရောစွာပြင်ဆင်ကြလေ၏။

ကြာသာပတေးနေ့၌ လက်ထပ်မင်္ဂလာ ဆောင်နှင်းရန် သတ်မှတ်ထားရာ ဂျူလီယက်သည် ဗုဒ္ဓဟူးနေ့ညတွင် ဆေးရည်ကိုသောက်လိုက်လေ၏။ ဆေးရည်သောက်ခါနီး၌ မိမိနှင့် ရိုမီယိုတို့အား လက်ထပ်ပေးခြင်းကို လူမသိစေရန်အတွက် ဘုန်းတော်ကြီးက မိမိအား အဆိပ်ရည်ကို ပေးလိုက်ခြင်း ဖြစ်လေသလောဟု ဂျူလီယက်စဉ်းစားမိသဖြင့် တွန့်ဆုတ်သွားသေး၏။ သို့ရာတွင် ဘုန်းတော်ကြီးက အလွန်ဖြူစင်သော လဝံသ ပုဂ္ဂိုလ်ကြီးပေသည်တကားဟု ဂျူလီယက်သတိရမိ၏။ သို့နှင့်ပင်ဆက်လက်၍ ပူပန်မိပြန်သည်မှာ အကယ်၍ ရိုမီယိုမရောက်မီ ဆေးတန်ခိုးပြေပျောက်၍ နိုးလာငြားအံ့။ ကပ္ပူလက်အမျိုးအနွယ်များ၏ အရိုးများဖြင့်ပြည့်လျက်ရှိသော မြေတိုက်ကြီးဖြစ်သည့်အတွက်ကြောင့်၊ မနေ့တစ်နေ့ကမှ သွေးရဲသံရဲနှင့် သေဆုံးရသည့် တိုင်းဘော၏ အလောင်းမှာလည်း မိမိ၏အနီးတွင်ရှိနေမည်ဖြစ်၍ ကြောက်မက်ဖွယ်ရာကြီး ဖြစ်နေမည် မဟုတ်ပါလောဟု မိမိကိုယ်ကိုမိမိ မေးမိပြန်၏။ ထို့ပြင်လည်း ကွယ်လွန်ပြီးသောလူများသည် မိမိတို့၏ အလောင်းများ မြှုပ်နှံရာ သင်းချိုင်းသို့





လာရောက်၍ အလောင်းများအနီးတွင် ရစ်သီရစ်သီ လုပ်တတ်ကြသည် ဆိုသည့် ပုံဝတ္ထုများအကြောင်းကိုလည်း သတိရလာသေး၏။ မည်သို့ပင်ဖြစ်စေ၊ ရိုမီယိုအပေါ်၌ ချစ်ကြိုက်စွဲမက်သော မေတ္တာနှင့် ပါရီအား မလိုချင်သည့် ရွံရှာသောစိတ်တို့သည် တစ်ဖန်ပေါ်လာပြန်သည်နှင့် ဂျူလီယက်သည် ဆေးရည်ကို မျက်စေ့မှိတ်ကာ တစ်ချက်တည်း မျိုချလိုက်သဖြင့် မြောမေ့သွားလေတော့၏။

နောက်တစ်နေ့နံနက်၌ သတို့သားပါရီ ရောက်လာ၍ သတို့သမီးအား အတီးအမှုတ်ဖြင့် နှိုးမည်ပြုသောအခါ ဂျူလီယက်မှာ အသက်မရှိသော လူသေကောင်သဖွယ် ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုအခါတွင် သူဌေးကြီးကပ္ပူလက်၏ တစ်အိမ်ထောင်လုံးလှုပ်လှုပ်ရွရွ ဆူဆူညံညံဖြစ်သွားလေတော့ရာ သနားဖွယ်ကောင်းသော ပါရီမှာ လက်မထပ်ရသေးမီ သေမင်း၏ လက်ချက်ကြောင့် ကွာရှင်းပြီးဖြစ်ချေပြီတကားဟု အောက်မေ့ကာ ရင်ပတ်စည်တီးဖြစ်ရာ၏။ သူဌေးကြီး လင်မယားတို့မှာလည်း တစ်ဦးတည်းသော သမီးအား ထိုက်တန်သောသတို့သားနှင့် လက်ထပ်ပေးစားမည့်အတွက် ရွှင်တပြုံးပြုံး ရှိခဲ့ကြရာမှ ရုတ်တရက်ရှောင်တခင် သေမင်း၏ လက်သို့ပါသွားရချေပြီ တကားဟုဆိုကာ ရေရွတ်ညည်းတွားလျက် ရှိုက်ကြီးတငင် ငိုကြွေးကြလေ၏။ မင်္ဂလာဆောင်အခမ်းအနားအတွက် စီမံထားသော ဝတ္ထုပစ္စည်းများမှာလည်း ဈာပနကိစ္စအတွက် အသုံးပြုရန် စီမံကြရလေတော့သည်။ မင်္ဂလာစားပွဲမှာ ဈာပနစားပွဲအဖြစ်သို့ ရောက်သွား၍ မင်္ဂလာ တေးသီချင်းများမှာလည်း မျောက်မင်းအူသံတေးသွားသို့ ပြောင်းလဲကာ သီဆိုတီးမှုတ်ကြရလေတော့သည်။ သတို့သမီးနှင့် သတို့သားတို့ လျှောက်သွားမည့် လမ်းပေါ်တွင် ဖြန့်ဖြူးကြရန်ဝယ်ယူထားသည့် ပန်းများမှာလည်း အလောင်းအနီးတွင် တည်ထားရသည့် ပန်ကုံးပန်းခွေများအဖြစ်သို့ ရောက်သွားကြရလေ၏။ သတို့သမီးနှင့် သတို့သားတို့အား လက်ထပ်ပေးရမည့် ဘုန်းတော်ကြီးမှာလည်း အလောင်းကိုမြှုပ်နှံရာ၌ သမ္မာကျမ်းစာဖတ်ရသည့် ဘုန်းတော်ကြီးအဖြစ်သို့ ရောက်သွားတော့၏။ ဘုရားရှိခိုးကျောင်းသို့ သွားရမည်ဖြစ်သော အစီအစဉ်တစ်ခုမပျက်သော်လည်း လက်ထပ်မင်္ဂလာအတွက် သွားကြရခြင်းမဟုတ်တော့ဘဲ ဖုတ်ကြည်းသင်္ဂြိုဟ်ရန်အတွက် သွားကြရခြင်းဖြစ်လေတော့၏။

သတင်းဆိုးများသည် သတင်းကောင်းများထက် လျှင်မြန်စွာ ပြန့်နှံ့တတ်သော ထုံးစံရှိသည့်အတိုင်း ဘုန်းတော်ကြီးလောရင့်က ဂျူလီယက်၏ သေခြင်းမှာ တကယ်သေခြင်း မဟုတ်ကြောင်းနှင့် ပြောကြားရန် ရိုမီယိုထံစေလွှတ်လိုက်သော စေတမန်မရောက်သေးမီ ဂျူလီယက်သေရှာပြီဟူသော သတင်း



www.burmeseclassi.com

www.burmeseclassic.com



သည် မင်တူဝါမြို့ရှိ ရိုမီယိုထံသို့ အလျှင်ရောက်သွားလေ၏။ သို့ဖြစ်၍ ဂျူလီယက်အား ထည့်သွင်းထားသော မြေတိုက်တွင်းသို့ ရိုမီယိုသွားရောက် ခေါ်ယူရမည်ဟူသော စေတမန်၏စကားကို မကြားရမီ ဂျူလီယက်၏ဈာပနသတင်းကို ရှေးဦးစွာကြားရလေတော့သည်။ ထိုသတင်းမကြားမီအချိန်၌ ရိုမီယိုမှာ မည်သို့သောအကြောင်းကြောင့်မသိ အခါတိုင်းနှင့်မတူအောင် ကြည်ရွှင်ပေါ့ပါးလျက်ရှိသည်ဖြစ်၍ အိပ်မက်မြင်မက်သေး၏။ အိပ်မက်ထဲ၌ မိမိသေဆုံး၍ ဂျူလီယက်ရောက်လာပြီးလျှင် နှုတ်ခမ်းခြင်းတေ့ကာ အသက်ငွေ့မှုတ်သွင်းလိုက်ခြင်းအားဖြင့် မိမိပြန်ရှင်လာ၍ ရှင်ဘုရင်ဖြစ်လာသည်ဟု မြင်မက်လေ၏။ ဗာရွန်နာမြို့မှ လူတစ်ယောက်ရောက်လာသောအခါ၊ မိမိမြင်မက်ထားသလို အိပ်မက်အတိုင်း သတင်းကောင်းပါလာလိမ့်မည်ဟု ရိုမီယိုမှတ်ထင်မိ၏။ သို့ရာတွင် အိပ်မက်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဂျူလီယက်သေဆုံးသည်ဟူသော သတင်းကိုကြားရသောအခါ၊ ရိုမီယိုသည် ထိုည၌ပင် ဗာရွန်နာမြို့သို့သွား၍ ဂျူလီယက်၏ အလောင်းကိုကြည့်ရန် အကြံအစည်နှင့် ချက်ချင်းမြင်းပြင်စေ၏။ စိတ်ဒုက္ခရောက်သဖြင့် ကြံမိကြံရာ ကြံစည်တတ်သော လူများအဖို့မှာ မကောင်းသောစိတ်ကူးမျိုး ပေါ်ပေါက်တတ်သည့်အတိုင်း၊ ရိုမီယိုသည် မင်တူဝါမြို့ရှိ ဘယဆေးဆိုင် တစ်ဆိုင်ရှေ့မှ ဖြတ်သွားဘူးခြင်းကို သတိရ၍ ဘယဆေးသည်၏ နုံချာသော အဝတ်အစားများကိုလည်းကောင်း၊ ညစ်ပတ်ပေရေသော ကြွက်လှျောက်များအပေါ်တွင် သေတ္တာလွတ်များ တင်ထားခြင်းကိုလည်းကောင်း၊ တွေ့မြင်ရခြင်းအားဖြင့် ဤလူကား စီးပွားရေးကြပ်တည်းသူ တစ်ယောက်ဖြစ်လိမ့်မည်ဟု စဉ်းစားမိ၏။ ရိုမီယိုစိတ်ကူးမိသည်ကား မင်တူဝါမြို့ဥပဒေအရမှာ အဆိပ်ရောင်းခြင်းသည် သေဒဏ်အပြစ်ပေးခံရသော ပြစ်မှုတစ်ခုဖြစ်သော်လည်း၊ ဤဆင်းရဲသော ဘယဆေးသည်သည် ဝယ်သူရှိက အဆိပ်ရောင်းသူ တစ်ယောက်ဖြစ်လိမ့်မည်ဟု စဉ်းစားမိဘူး၏။ ယခုအချိန်တွင် ရိုမီယိုသည် ထိုစဉ်က ဖြစ်ပေါ်ခဲ့သော စိတ်ကူးကို သတိရ၍ ဘယဆေးဆိုင်သို့သွားပြီးလျှင်၊ ငွေအမြောက်အများပေးကာ အဆိပ်ရည်ကို ဝယ်ယူလေရာ၊ ထိုလူသည် ပထမတွင် ငြင်းဆန်သော်လည်း၊ ဆင်းရဲခြင်း၏ သွေးဆောင်မှုကြောင့် ရိုမီယိုအလိုရှိသော အဆိပ်ရည်ကိုရောင်းလိုက်၏။ ဘယဆေးသည်က လူပေါင်းနှစ်ဆယ်၏ ခွန်အားမျိုးရှိသူပင်ဖြစ်စေ၊ ဤအဆိပ်ရည်ကို သောက်မိလျှင် ချက်ချင်းပင်သေနိုင်သည်ဟူ၍လည်း ပြောပြလိုက်၏။

ရိုမီယိုသည် အဆိပ်ရည်ကိုဝယ်၍ ဗာရွန်နာမြို့သို့ ယွက်လာခဲ့ရာ၊ သူ၏အကြံမှာ မိမိတွေ့လိုသော ဇနီးသည်ဂျူလီယက်၏ အလောင်းကိုအားရအောင် ကြည့်ပြီးနောက်၊ အဆိပ်ရည်ကိုသောက်၍ ဂျူလီယက်အနီးတွင် လဲ





သေရန်ဖြစ်လေသည်။ ရိုမီယိုသည် သန်းခေါင်ယံအချိန်တွင် ဗာရွန်နာမြို့သို့ ဆိုက်ရောက်၍ ကပူလက် အဆက်အနွယ်များ မြှုပ်နှံသည့် သင်းချိုင်းကို တွေ့အောင်ရှာလေ၏။ (ဗိုင်းတိုင်းပြည်ရှိ ခရစ်ယာန်ဘာသာဝင်တို့၏ ထုံးစံမှာ ဘုရားရှိခိုးကျောင်း ဝင်းကြီးအတွင်း၌ သင်းချိုင်းတည်ထားကြသည်။ )ရိုမီယိုသည် မှန်အိမ်တစ်လုံး၊ တူရွင်းတစ်ချောင်းနှင့် ဂဏန်းလက်မတစ်ချောင်းယူ၍ သင်းချိုင်းသို့သွားပြီးလျှင် တံခါးကန့်လန့်ကို လိန်ဖွင့်မည်ပြုဆဲတွင် လူတစ်ယောက်အသံဖြင့် "လူယုတ်မာ မွန်တေဂူ"ဟု ခေါ်လိုက်ကာ ယုတ်မာသောအလုပ်ကို မလုပ်ရန် တားဆီးလေ၏။ ထိုလူမှာ အခြားမဟုတ်၊ ဂျူလီယက်နှင့် လက်ထပ်ရန် စီမံထားဘူးသည့် ပါရီပင်ဖြစ်ရာ ပါရီသည် ဤကာလဤအချိန်၌ ဂျူလီယက်၏ သင်းချိုင်းမှာ ပန်းခွေများချ၍မယားလောင်း၏ အလောင်းအနီးတွင် ငိုကြွေးရန်ဖြစ်လေ၏။ ပါရီသည် ဂျူလီယက်၏အလောင်းနှင့် ပတ်သတ်၍အဘယ်အကြောင်းကြောင့် ရိုမီယိုစိတ်ဝင်စားခြင်းရှိသည်ဟု မသိရသော်လည်း ရိုမီယိုကားမွန်တေဂူ တစ်ယောက်ဖြစ်၍ ကပူလက်အမျိုးအားလုံးကို ရန်သူဟူ၍ သဘောထားတတ်ကြောင်း သိရှိပြီးသည်ဖြစ်သည်နှင့် ကောင်းသောအကြံအစည်နှင့် လာရောက်ခြင်းမဟုတ်၊ ယုတ်မာသောအကြံဖြင့် လာရောက်ခြင်းဖြစ်ရမည်ဟု တွေးထင်လိုက်၏။ သို့ဖြစ်၍ ပါရီက တံခါးကိုမဖွင့်ရန် ဒေါသနှင့်ပြောလိုက်ပြီးနောက် ရိုမီယိုမှာ ဗာရွန်နာမြို့ ဥပဒေအရ ပြည်နှင်ဒဏ်ပေးခြင်းခံရသည့် ရာဇဝတ်ကောင်တစ်ယောက်ဖြစ်၍ ဗာရွန်နာမြို့တွင်း၌ တွေ့ရှိခဲ့လျှင် ကွပ်ညှပ်ခြင်းခံရမည် ဖြစ်သည့်အတိုင်း မိမိက သတင်းပေးလိုက်မည်ဟူ၍လည်း ခြိမ်းခြောက်လေ၏။ ရိုမီယိုကမူ မိမိအားမနှောင့်ယှက်ရန် တောင်းပန်၍ တိုင်းဘောကဲ့သို့ မသေချင်ပါနဲ့ဟု ပြောပြီးလျှင် မိမိကို စိတ်ဆိုးအောင် မလုပ်ပါနှင့်ဟု ပြောလေ၏။ သို့ရာတွင် ပါရီသည်ရိုမီယို၏ သတိပေးခြင်းကို လက်မခံဘဲ ရိုမီယိုအား ရာဇဝတ်ကောင်တစ်ယောက်အနေဖြင့် လက်ရဖမ်းဆီးရန် ကြိုးစားလေရာ ရိုမီယိုကလည်း ခုခံသဖြင့် တိုက်ပွဲဖြစ်ကြ ၍ ပါရီကျဆုံးလေ၏။ ရိုမီယိုသည် မှန်အိမ်ကိုယူ၍ မိမိ၏လက်ချက်ဖြစ်သေရ သောလူမှာ မည်သူဖြစ်လေသနည်းဟု ကြည့်ရှုရာတွင်မှ ပါရီဖြစ်ကြောင်းသိရှိ လေ၏။ ရိုမီယိုသည် မင်တူဝါမြို့မှထွက်လာစဉ် လမ်းခရီး၌ ပါရီနှင့် ဂျူလီယက် တို့အကြောင်းကို ကြားခဲ့ရသည်ဖြစ်၍ ကံတူအကျိုးပေးခြင်း ဖြစ်သည်ဟု အောက်မေ့ကာ ပါရီ၏လက်ကိုဆုပ်ကိုင်လျက် ဂျူလီယက်နှင့်ယှဉ်ကာ မြှုပ်နှံပေးမည် အကြံနှင့် မြေတိုက်ခန်းကိုဖွင့်လေ၏။ ဂျူလီယက်၏အလောင်းမှာ သေပြီဟုဆိုရသော်လည်း အသက်ရှင်လျက် ရှိစဉ်အခါကအတိုင်း တစ်စုံတစ်ရာပြောင်းလဲခြင်းမရှိဘဲ အလွန်တရာချောမောလျက်ပင် ရှိလေရာ သေမင်း



www.burmeseclassic.com

www.burmeseclassic.com



သည် အကြံအစည်တစ်မျိုးနှင့် ဂျူလီယက်ကို ခေါ်ဆောင်သွားသည်ဟူ၍ပင် ထင်ရလောက်ပေ၏။ ဂျူလီယက်မှာ အဆိပ်ရည်ကိုသောက်ပြီးနောက် အိပ်မောကျလျက် ရှိခြင်းဖြစ်သည့်အတိုင်း လတ်ဆတ်ကြည်လင်သော မျက်နှာရှိလေ၏။ ဂျူလီယက်အနီး၌ကား တိုင်းဘော၏ သွေးစွန်းသော အလောင်းရှိလေ၏။ ရိုမီယိုသည် တိုင်းဘော၏အလောင်းကို မြင်ရသောအခါ မိမိအားခွင့်လွှတ်ရန်တောင်းပန်၍ ဂျူလီယက်ကို အကြောင်းပြုပြီး 'ယောက်ဖ' ဟူ၍ ကြင်နာစွာခေါ်မိသေး၏။

ရိုမီယိုသည် ဂျူလီယက်၏ အလောင်းနှင့် နှုတ်ခမ်းခြင်းထိကာ နှုတ်ဆက်ပြီးနောက် ဘယဆေးသည်ထံမှ ဝယ်ယူခဲ့သော အဆိပ်ရည်ကို သောက်လိုက်ရာ ဂျူလီယက်သောက်ခဲ့သော အဆိပ်မျိုးမဟုတ်သောကြောင့် မကြာမီအတွင်း အဟုတ်တကယ် သေဆုံးလေ၏။ ဂျူလီယက်မှာမူ အဆိပ်ငွေ့ပြေပျောက်လုနီးပြီဖြစ်၍ နစ်မြောရာမှနိုးလာပြီးလျှင် ရိုမီယိုအား အချိန်မှီအောင် မလာရောက်လေသလောဟု အပြစ်ပြောမည်ပြုနေသေး၏။

ဤအချိန်မှာကား ဘုန်းတော်ကြီးက နစ်မျောရာမှ လည်လာလိမ့်မည်ဟု ပြောထားသော အချိန်ပင်ဖြစ်လေ၏။ ဘုန်းတော်ကြီးသည်လည်း မင်တွူဝါမြို့ရှိ ရိုမီယိုထံသို့ ရေးသားပေးပို့လိုက်သော စာများသည်ရိုမီယိုလက်သို့ အချိန်မှီမရောက်ကြောင်းကို သိရှိရ၍ မှန်အိမ်နှင့်ပုဆိန်တစ်လက်ကို ဆောင်ယူကာ ဂျူလီယက်အား မြေတိုက်ခန်းမှ ထုတ်ပေးရန် လာခဲ့လေ၏။ သို့ရာတွင် ဘုန်းတော်ကြီးသည် မြေတိုက်အတွင်းသို့ရောက်သောအခါ မီးရောင်လင်းလျက်ရှိသည့်ပြင် ဓါးများ၊ သွေးစက်များကို တွေ့ရသဖြင့် အံ့သြလျက်ရှိလေ၏။

ဘုန်းတော်ကြီးသည် ဖြစ်ပျက်ခြင်းရာကို မတွေးတောတတ်ဘဲ အံ့အားသင့်လျက်ရှိစဉ် ဂျူလီယက်သည် နစ်မျောရာမှ သတိရလာ၍ဘုန်းတော်ကြီးကိုမြင်လိုက်ရသည်တွင် ဘုန်းတော်ကြီးနှင့်မိမိတို့ ပြုလုပ်ထားခဲ့သော အစီအစဉ်ကို သတိရသည်နှင့် ရိုမီယိုဘယ်မှာနည်းဟု မေးလိုက်၏။ ဘုန်းတော်ကြီးသည် အသံတစ်ခုကြားရသည်နှင့် ဂျူလီယက်အား မြေတိုက်ခန်းထဲမှ ခေါ်လေရာ စင်စစ်သော်ကား ဘုရားသခင်သည် ဘုန်းတော်ကြီးနှင့် ဂျူလီယက်တို့၏ ကြံတင်စီမံထားသော အစီအစဉ်ကို ဖျက်ဆီးလိုက်လေသည်။ ထိုခဏ၌ ဘုန်းတော်ကြီးသည် သင်းချိုင်းတွင်းသို့လူများဝင်လာကြသည့် အသံများကိုကြား၍ ထိတ်လန့်သည်နှင့် ထွက်ပြေးခဲ့လေသည်။ ဂျူလီယက်သည် ရိုမီယို၏ လက်ထဲ၌ ဆုပ်ကိုင်ထားသည့် အဆိပ်ခွက်ကို မြင်လိုက်သောအခါ၊ ရိုမီယိုသေရခြင်း၏ အကြောင်းရင်းမှန်ကို ရိပ်မိ၍၊ အဆိပ်ခွက်ထဲ၌ အဆိပ်အကပ်အသပ်ကျန်ခဲ့သေးလျှင် သောက်မည်ကြံသော်လည်း၊ အဆိပ်မကျန်တော့သည်နှင့် ရို





မီယို၏ နှုတ်ခမ်းများ၌ အဆိပ်အကပ်အသပ် ကျန်လိမ့်ဦးမည်ဟု အောက်မေ့ကာ ပူနွေးလျက်ပင်ရှိသေးသော ရိုမီယို၏အလောင်းနှင့် နှုတ်ခမ်းချင်းထိလိုက်သေး၏။ ထိုအခိုက်တွင် လူသံများချဉ်းကပ်လာသည်ကို ကြားရသည်နှင့် ဂျူလီယက်သည် မိမိဆောင်ထားသော ဓါးမြှောင်ကိုထုတ်ယူ၍ ရင်ပတ်ကိုထိုးစိုက်ပြီးလျှင်၊ ရိုမီယိုနှင့် အလောင်းချင်းယှဉ်ကာ သေလိုက်လေတော့၏။

ထိုအချိန်၌ ကင်းစောင့်များသည် သင်းချိုင်းဆီသို့လာလျက်ရှိကြလေသည်။ ပါရီ၏ တပည့်တစ်ယောက်သည် မိမိ၏သခင်နှင့် ရိုမီယိုတို့ တိုက်ပွဲဖြစ်ကြခြင်းကိုမြင်ရ၍ အလန့်တကြားဟစ်အော်လိုက်ရာတွင် မြို့သူမြို့သားများနိုးလာကြ၍ လမ်းများပေါ်၌လျှောက်ကာ“ပါရီ” “ရိုမီယို” “ဂျူလီယက်” ဟူသော နာမည်များကို ကြွေးကြော်ကာ ဆူညံစွာရှိနေကြလေ၏။ ထိုသူတို့သည် ဖြစ်ပျက်ချင်းရာကို စုံလင်စွာမသိရဘဲ အရမ်းမဲ့ဟစ်အော်လျက်ရှိကြရာ သူဌေးကြီးမွန်တေဂူနှင့် သူဌေးကြီးကပူလက်တို့သည်လည်း အိပ်ယာမှထလာကြ၍ မင်းသားကြီးနှင့်အတူ ဆူညံခြင်း၏အကြောင်းအရင်းကို စုံစမ်းရန်ထွက်လာကြလေ၏။ ကင်းစောင့်များသည် ဆုဿန်ထဲမှ တုန်တုန်ရီရီနှင့် ငိုကြွေးမြည်တမ်းကာ ထွက်ပြေးလာသော ဘုန်းတော်ကြီးနှင့် တွေ့၍ဖမ်းဆီးထားလိုက်ကြ၏။ မြို့သူမြို့သား အမြောက်အများတို့သည် ကပူလက်အမျိုးတို့၏ သင်းချိုင်းအနီး၌ စုရုံးလျက်ရှိကြရာတွင် မင်းသားကြီးသည် ဘုန်းတော်ကြီးအား ဖြစ်ပျက်ချင်းရာကို ပြောပြပါရန်တောင်းခံလေ၏။

ဤတွင်မှ ဘုန်းတော်ကြီးသည် သူဌေးကြီးနှစ်ဦးတို့၏ ရှေ့မှောက်တွင် ရိုမီယိုနှင့် ဂျူလီယက်တို့၏ အချစ်ဇာတ်လမ်းကိုလည်းကောင်း၊ ၎င်းတို့၏လက်ထပ်ရေးကိစ္စ၌ မိမိဆောင်ရွက်ခဲ့ရပုံကိုလည်းကောင်း၊ ထိုကဲ့သို့ လက်ထပ်ပေးလိုက်ခြင်းအားဖြင့် မွန်တေဂူအမျိုးနှင့် ကပူလက်အမျိုးတို့ ရန်စဲသွားလိုက်မည်ဟု မိမိမျှော်လင့်ခဲ့ပုံကိုလည်းကောင်း၊ ဟုတ်တိုင်းမှန်ရာပြောပြလေ၏။ ယခုသေဆုံးလျက်ရှိသော ရိုမီယိုမှာ ဂျူလီယက်၏ခင်ပွန်းဖြစ်၍၊ ဂျူလီယက်သည်လည်း ရိုမီယို၏ သစ္စာရှိသောမယားဖြစ်ကြောင်း၊ ချစ်သူနှစ်ဦးတို့ လက်ထပ်သည့်အကြောင်းကို မိမိက ဖော်ထုတ်ပြောပြရန် အခွင့်ကောင်းစောင့်လျက်ရှိစဉ် ဂျူလီယက်ကို ယောက်ျားပေးစားဖို့ စီမံကြခြင်းဖြစ်ကြောင်း။ ဂျူလီယက်သည်လည်း တစ်ကြိမ်လက်ထပ်ပြီးဖြစ်၍ ဒုတိယအကြိမ်ထပ်မံ လက်ထပ်ရန်မဖြစ်နိုင်သောကြောင့် (မိမိက အကြံပေးသည့်အတိုင်း) အိပ်ဆေးကို မျိုလိုက်သဖြင့် လူအားလုံးကသေပြီဟု ထင်မှတ်ကြကြောင်း၊ ဤအတောအတွင်း ရိုမီယိုထံသို့ စာရေး၍အိပ်ဆေးအာနိသင်ပြယ်သောအခါတွင် ဂျူလီယက်ကို ခေါ်ထုတ်သွားရန် မှာကြားလိုက်ကြောင်း၊ ၎င်းစာကိုရိုမီယိုမရရှိဘဲ အလွဲလွဲ



www.burmeseclassic.com

www.burmeseclassic.com



အချော်ချော် ဖြစ်ခဲ့ရကြောင်း၊ စသည်များဖြင့် ဘုန်းတော်ကြီးက ပြောပြလေ၏။ ဘုန်းတော်ကြီးသည် ရိုမီယိုတို့၏အဖြစ်အပျက်ကို ဤမျှထက်ပို၍မသိဘဲ မိမိသိသလောက် အထက်ပါအတိုင်း ပြောပြပြီးနောက် ဆက်လက်၍ ဂျူလီယက်အား မြေတိုက်ခန်းထဲမှ ခေါ်ဆောင်သွားရန်မိမိလာရောက်ရာတွင် ပါရီနှင့် ရိုမီယိုတို့၏ အလောင်းများကို အံ့ဩစွာတွေ့ရှိရကြောင်း ပြောပြလေ၏။ ဤနေရာတွင် ၎င်းကိုဇာတ်လမ်း ဆက်လက်ပြောပြသူမှာ ပါရီ၏တပည့်ဖြစ်လေရာ ထိုသူကပါရီနှင့် ရိုမီယိုတို့တိုက်ပွဲဖြစ်ကြခြင်းကို မိမိမြင်ရကြောင်းပြောပြလေ၏။ ၎င်းနောက် ထိုအဖြစ်အပျက်ကို ဖြည့်စွက်ပြောပြသူမှာ ရိုမီယို၏တပည့် ဖြစ်လေရာ ထိုသူက ရိုမီယိုသည် ဘခင်သူဌေးကြီးထံသို့ ပေးရန်ဖြစ်သောစာများကို မိမိ၏လက်ဝယ်သို့ အပ်နှံထားခဲ့ကြောင်း။ ၎င်းစာများကို ရိုမီယိုသေဆုံးသောအခါတွင် ဘခင်သူဌေးကြီးလက်သို့ ပေးအပ်ရန် ရိုမီယိုကမှာထားခဲ့ကြောင်း။ ၎င်းစာများ၌ ဂျူလီယက်နှင့် မိမိလက်ထပ်ပြီးကြောင်းကို ဝန်ခံ၍မိခင်ဘခင်တို့က အပြစ်မှ ချမ်းသာပေးကြပါမည့်အကြောင်း တောင်းပန်သည့်အပြင် ဘယဆေးသည်တစ်ဦးထံမှ အဆိပ်ရည်ဝယ်ယူကြောင်းကို ဝန်ခံ၍ ဂျူလီယက်နှင့်အလောင်းချင်းယှဉ်ကာ သေတော့မည့် အကြံအစည်နှင့် တာရွန်နာမြို့သို့ ပြန်လာခဲ့ခြင်းဖြစ်ကြောင်းများ ရေးသားပါရှိလေသည်။ အထက်ပါ အဖြစ်အပျက်များကို ဆက်စပ်ဆင်ခြင်သည်ရှိသော် ဘုန်းတော်ကြီးမှာ ရိုမီယို၊ ဂျူလီယက်နှင့် ပါရီတို့ သေဆုံးရခြင်းကိစ္စနှင့် ပတ်သတ်၍ ငြိစွန်းခြင်းမရှိကြောင်း ထင်ရှားသည်ဖြစ်ရာ ၎င်း၏ တာဝန်မှာ ရိုမီယိုနှင့် ဂျူလီယက်တို့ ပြန်လည်ပေါင်းစည်းမိဖို့ စေတနာကောင်းဖြင့် အကြံဉာဏ်ထုတ်ခဲ့မိခြင်း မျှသာဖြစ်လေသည်။

ပုဂ္ဂိုလ်အသီးသီးတို့ ပြောကြသည့် အကြောင်းချင်းရာများကို ကြားနာရပြီးသည့်နောက်မင်းသားကြီးသည် မွန်တေဂူနှင့် ကပူလက်တို့ဘက်သို့လှည့်လျက် ၎င်းတို့၏ ကြမ်းကြုတ်၍ အဓိပ္ပာယ်မရှိသော ရန်ငြိုးဖွဲ့ခြင်းအတွက် အပြစ်တင်ပြီးလျှင် ၎င်းတို့၏မိုက်မဲခြင်းအတွက် ဘုရားသခင်၏ ထူးဆန်းစွာဒဏ်ခတ်တော်မူခြင်း ဖြစ်ကြောင်းကိုညွှန်ပြလေ၏။ ဤတွင် ငြိုးသူရန်ဘက်များ ဖြစ်ခဲ့ကြဘူးသော သူဌေးကြီးနှစ်ဦးတို့သည် တစ်ယောက်နှင့်တစ်ယောက် ပြေပျောက်၍၊ မိမိတို့၏ ရန်ငြိုးကို သားနှင့်သမီးတို့၏အလောင်းများနှင့်အတူ မြှုပ်နှံလိုက်ကြဖို့ သဘောတူညီကြလေ၏။ ၎င်းနောက် ကပူလက်သည် မွန်တေဂူ၏လက်ကိုကိုင်ဆွဲလျက်၊ မိမိတို့၏သားနှင့်သမီးတို့ လက်ထပ်ခဲ့ကြခြင်းကို အသိအမှတ်ပြုသည့် အဓိပ္ပာယ်နှင့် "နောင်တော်ကြီး" ဟူ၍ ခေါ်ဝေါ်လေ၏။ မွန်တေဂူကမူ ချွေးမဂျူလီယက်၏ ပုံသဏ္ဌာန်အတိုင်း ရွှေဖြင့်ရုပ်ထုပြုလုပ်ပါမည်ဟု ကတိပေးပြီးလျှင်၊ တာရွန်နာတစ်မြို့လုံးတွင် ဂျူလီယက်၏ရွှေသားရုပ်





ထုထက် အချိုးကျသူ မရှိနိုင်လောက်အောင် ပထမတန်းပန်းပုဆရာ၏ လက်ရာဖြင့် ထုလုပ်ပါစေမည်ဟု ပြောလေ၏။ ဤတွင်ကပူလက်ကလည်း ရိုမီယို၏ပုံသဏ္ဌာန်ကို ရွှေသားဖြင့် ထုလုပ်ရန် မိမိကတာဝန်ယူပါသည်ဟု ပြောလေ၏။ ဤနည်းအားဖြင့် သူဌေးကြီးနှစ်ယောက်တို့သည် အချိန်လွန်သောအခါမှ တစ်ယောက်နှင့်တစ်ယောက် ယဉ်ကျေးမှု ယှဉ်ပြိုင်လျက်ရှိလေတော့၏။ ထိုသူနှစ်ဦးတို့၏ အကြိတ်အခဲမကြေနိုင်သည့် ရန်ငြိုးသည်ကား၊ မိမိတို့၏ သားနှင့်သမီးတို့၏ အသက်ဆုံးရှုံးခြင်းအားဖြင့်သာလျှင်၊ ပျောက်ပြယ်အောင် ကုစားနိုင်ပေတော့သည်ဟု ဆိုရန်ရှိပေတော့သတည်း။

သွေးသောက်၊ အမှတ် (၁၇၀)၊ မတ်လ၊ ၁၉၆၀ ခုနှစ်။

□ □ □

www.burmeseclassi.com

www.burmeseclassic.com

## ကာလဝိပါက် နောက်ပိုးတက်

တစ်ရံရောအခါ ဗီယာနာမြို့တော်၌ အလွန်တရာ စိတ်သဘော နူးညံ့သိမ်မွေ့သော မြို့စားကြီးတစ်ပါး အုပ်ချုပ်စိုးစံလျက်ရှိရာ မြို့သူမြို့သား အချို့တို့သည် မြို့စားကြီး၏ စိတ်နှလုံးကောင်းခြင်းကို အခွင့်ကောင်းယူကာ ဥပဒေများကို ချိုးဖောက်ကြသော်လည်း မြို့စားကြီးသည် အရေးမယူဘဲ နေခဲ့၏။ ဥပဒေများအနက် တစ်ခုသော ဥပဒေမှာ မြို့စားကြီး၏ နန်းသက်တစ်ခုလုံးတွင် တစ်ကြိမ်တစ်ခါမျှ အရေးယူခြင်းမရှိခဲ့ဘူးသည့် အတွက်ကြောင့် လူအများတို့သည် ဥပဒေတည်ရှိခြင်းကိုပင် မေ့လျော့လျက်ရှိကြ၏။

ရင်းဥပဒေမှာကား အကြင်ယောကျ်ားတစ်ယောက်သည် မိမိ၏ဇနီးမဟုတ်သော မိန်းမတစ်ယောက်နှင့် ပေါင်းဖက်နေထိုင်ခဲ့လျှင် သေဒဏ်ပေးရမည်ဟူသော ဥပဒေပင်ဖြစ်လေသည်။ အချို့ယောကျ်ားများသည် မြို့စားကြီး၏ သဘောကောင်းမှုကြောင့် ရင်းဥပဒေရှိသည်ဟူ၍ပင် အမှတ်မထားကြတော့ဘဲ သူ-ငါကစ ချိုးဖောက်ကြသည်တွင် လက်ထပ်မင်္ဂလာဆိုင်ရာ စည်းကမ်းများပျက်ပြယ်၍ သမီးရှင်များက မိမိတို့၏သမီးများမှာ လူညစ်များ၏ ဖြားယောင်းသွေးဆောင်ခြင်း ခံရ၍ မိဘများကိုစွန့်ပစ်ကာ အပျော်မယားများအဖြစ်နှင့် နေထိုင်လျက်ရှိကြောင်းများနှင့် ဘုရင်ထံသို့ လျှောက်ထားတိုင်တမ်းကြလေ၏။

သဘောကောင်းလှသော မြို့စားကြီးသည် မြို့သူမြို့သား ယောကျ်ားများ၏ ဆိုးညစ်ကြခြင်းများကို ကြားသိရ၍ စိတ်မကောင်းဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အရေးယူအပြစ်ပေးလိုက်ပါက သဘောကောင်းသော မြို့စားကြီးအဖြစ်နှင့် ချစ်ခင်လာခဲ့ကြရာမှ ရက်စက်သော မြို့စားကြီးအဖြစ်နှင့် မုန်းတီးသွားကြမည့် အရေးကို တွေးတောစိုးရိမ်မိ၏။ သို့ဖြစ်၍ မြို့စားကြီး စိတ်ကူးမိသည်မှာ မိမိ၏နေရာတွင် ကိုယ်စားလှယ်တစ်ယောက် ထားခဲ့၍မိမိကိုယ်တိုင် တိမ်းရှောင်နေပြီးလျှင် ဆိုးညစ်သော ယောကျ်ားများအား ဥပဒေအလျောက် အရေးယူရစေသော မိမိအပေါ်၌ လူအများက မုန်တီးခြင်းသက်သာရာ ရလိမ့်မည်ဟု အကြံဖြစ်လေ၏။

အိန်ဂျလိုဆိုသူမှာ ဗီယာနာမြို့တွင် သိက္ခာသမာဓိနှင့် ပြည့်စုံသည့် သူတော်ကောင်းကြီး တစ်ယောက်ဟူ၍ နာမည်ကြီးလျက်ရှိရာ မြို့စားသည် ၎င်းပုဂ္ဂိုလ်ကြီးအား မိမိ၏ကိုယ်စားအဖြစ်နှင့် တိုင်းပြည်ကိုအုပ်ချုပ်ရန် ရွေးချယ်လေ၏။ မြို့စားသည် မိမိ၏အကြံအစည်ကို ဝန်ကြီးချုပ် အဲ့စ်ကေလက်အား ပြောပြသောအခါ ဝန်ကြီးချုပ်က "ဗီယာနာမြို့၌ ဤမျှလောက် ကြီးလေးသော တာဝန်ကို ကျေလည်အောင် ထမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ရှိခဲ့လျှင် ထိုသူမှာ အိန်ဂျလိုပင်ဖြစ်ပါသည်" ဟု တင်လျှောက်လေ၏။ နောက်ဆုံး၌ မြို့စားသည် ပိုလန်ပြည်သို့ ခရီးထွက်တော်မူမည်ဟု ကြေငြာပြီးလျှင် အိန်ဂျလိုအား ကိုယ်စားလှယ်အဖြစ်နှင့် ခန့်ထားခဲ့လေ၏။ စင်စစ်မှာကား မြို့စားသည် ဗီယာနာမြို့မှ ထွက်ခွာသော်လည်း မကြာမီ ဘုန်းတော်ကြီးအသွင်နှင့် တိတ်တဆိတ်ပြန်လာ၍ "သူတော်ကောင်း"ဟု နာမည်ကြီးသည့် အိန်ဂျလို၏ အုပ်ချုပ်ပုံကို စောင့်ကြည့်လျက် ရှိလေ၏။

အိန်ဂျလိုသည် မြို့တော်ကို ကိုယ်စားလှယ်အဖြစ်နှင့် အုပ်ချုပ်လျက်ရှိခိုက်တွင် ကလော်ဒီယိုအမည်ရှိ လူကုံတန်တစ်ယောက်သည် အမျိုးသမီးတစ်ယောက်အား မိဘများထံမှ ဖြားယောင်းသွေးဆောင်၍ (လက်မထပ်ဘဲ) ပေါင်းသင်းနေထိုင်လျက်ရှိရာ၊ မြို့စားကြီး၏ ကိုယ်စားလှယ်တော် အိန်ဂျလိုသည် ကလော်ဒီယိုအား ဖမ်းဆီးချုပ်နှောင်၍ တရားဥပဒေအရ ဦးခေါင်းဖြတ်၍ သတ်ရန်အမိန့်ပေးလေ၏။ မြို့သူမြို့သားများသည် ကလော်ဒီယို၏ အမှု၌အကြီးအကျယ် စိတ်ဝင်စားခြင်း ရှိကြသည့်အလျောက် ချမ်းသာပေးရန် လျှောက်ထားအသနားခံကြလေရာ အမတ်ချုပ်ကြီး အဲ့စ်ကေလက်ကိုယ်တိုင်က ကိုယ်စားလှယ်တော်ကြီးထံသို့ ချဉ်းကပ်၍ ကလော်ဒီယို၏ဖခင်မှာ မိမိနှင့်ခင်မင်ရင်းနှီးသည့် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်ပါသောကြောင့် ထိုလူကြီး၏ မျက်နှာကို ထောက်ထားခြင်းအားဖြင့် ကလော်ဒီယိုအား အပြစ်မှချမ်းသာပေးပါရန် အသနားခံလေ၏။ သို့ရာတွင် အိန်ဂျလိုကမူ တရားဥပဒေဟူသည်မှာ "စာခြောက်ရုပ်" ကဲ့သို့သဘောမထားသင့်ကြောင်း၊ စာများအား ခြောက်





လှန့်ရန်အတွက် ပြုလုပ်ထားသော "စာခြောက်ရုပ်"မှာ ဘာမျှမလုပ်တတ်ကြကြောင်းကို စာကလေးများ သိရှိကြသောအခါ ကြောက်လန့်ခြင်းမရှိတော့ဘဲ ဦးခေါင်းပေါ်၌ တက်၍နားတတ်သည့်နည်းတူ ဥပဒေတစ်ခု ပြုလုပ်ပြီးနောက် ၎င်းအားအရေးယူ အပြစ်ပေးခြင်း မရှိခဲ့လျှင် လူသူလေးပါးလေးစားခြင်း မရှိတော့ဘဲ အချည်းအနှီး ဖြစ်သွားနိုင်သောကြောင့် ဥပဒေအတိုင်း သေဒဏ်ပေးရမည်ဟု ပြန်ပြော၏။

ကလော်ဒီယို၏ သူငယ်ချင်းတစ်ယောက်ဖြစ်သော လူစီယိုသည် ကလော်ဒီယိုနှင့်တွေ့ရန် အကျဉ်းထောင်ထဲသို့ ဝင်လာလေရာ၊ ကလော်ဒီယိုက "ကျုပ်အတွက် ကိစ္စတစ်ခု ဆောင်ရွက်ပေးစမ်းပါ သူငယ်ချင်း၊ ကျုပ်နှမ အစ်ဇာဘဲလ်ဟာ ဒီကနေ့ စိန်ကလဲယား သီလရှင်ကျောင်းမှာ သီလရှင်ပြုပါလိမ့်မယ်။ ကျုပ်အဖြစ်အပျက်ကို ပြောပြပြီး ကိုယ်စားလှယ်တော်ကြီး အိန်ဂျလိုထံသို့ သူကိုယ်တိုင်သွားပြီး အသနားခံပေးပါလို့ တိုက်တွန်းပေးပါသူငယ်ချင်း၊ ကျုပ်နှမ အစ်ဇာဘဲလ်ဟာ ချေငံစွာပြောတတ်သူ ဖြစ်လို့မို့ သူကိုယ်တိုင် အသနားခံလျှင်တော့ ငြင်းပယ်နိုင်လိမ့်မယ် မဟုတ်ဘူးလို့ ကျုပ်ယုံကြည်ပါတယ်၊ တစ်ကြောင်းကလဲ လူဆိုတာမျိုးဟာ ငယ်ရွယ်သူ မိန်းကလေးတစ်ယောက်က ဝမ်းနည်းပက်လက်နဲ့ အသနားခံတဲ့အခါမှာ ငြင်းပယ်ဖို့ ခဲယဉ်းတတ်ပါတယ်. . . ဒါကြောင့်မို့ ကျုပ်နှမအစ်ဇာဘဲလ်ထံ ချက်ချင်းသွားပြီး ပြောပေးစမ်းပါ သူငယ်ချင်း" ဟု တောင်းပန်လေ၏။

သီလရှင်ကျောင်းများ၏ စည်းကမ်းဥပဒေအရမှာ မိန်းကလေးတစ်ယောက်သည် သီလရှင်ပြုလိုသောအခါတွင် ကျောင်းသို့ဝင်၍ အစမ်းသဘောဖြင့် အချိန်အတန်ကြာ ဩဝါဒခံယူလေရာ ကျေနပ်လောက်သောအခါမှ သီလရှင်ပြုရသော ထုံးစံရှိ၏။ ကလော်ဒီယို၏ နှမအစ်ဇာဘဲလ်မှာလည်း ထိုနေ့တွင် သီလရှင်ကျောင်းသို့ဝင်၍ သီလရှင်ပြုပေးရန်အတွက် "ပညာသင်" အဖြစ်နှင့် ဩဝါဒခံယူရန် ဆုံးဖြတ်ပြီး ဖြစ်လေသည်။ အစ်ဇာဘဲလ်သည် ကျောင်းထဲတွင် သီလရှင်ကြီးတစ်ပါးထံမှ ဥပဒေစည်းကမ်းများကို စုံစမ်းမေးမြန်းလျက်ရှိစဉ် ကလော်ဒီယို၏ သူငယ်ချင်းလူစီယိုသည် သီလရှင်ကျောင်းတံခါး အနီးမှရပ်လျက် "ဤကျောင်း၌ ငြိမ်းချမ်းခြင်းတည်ပါစေသတည်း" ဟု ထုံးစံအတိုင်း ရွတ်ဆိုလိုက်ရာ အစ်ဇာဘဲလ်က "အပြင်မှာ ဘယ်သူလဲ"ဟု မေးလိုက်၏။

သီလရှင်ကြီး "ယောကျ်ားသံနဲ့တူတယ်. . . ချစ်သမီး အစ်ဇာဘဲလ်. . . သည်းသွားပြီးစုံစမ်းချေသည်းကတော့သီလရှင်မဖြစ်သေးလို့သွားခွင့်ရှိတယ်၊ ဒါကတော့ သွားခွင့်မရှိဘူး၊ ညည်းလဲဘဲ သီလရှင်ဖြစ်ပြီးတဲ့ အခါကျတော့



www.burmeseclassic.com

www.burmeseclassic.com



မယ် တော်သီလရှင်ကြီး ရှေ့မှတစ်ပါး ယောကျ်ားများနဲ့ စကားပြောခွင့်မရှိဘူး၊ စကားပြောတဲ့အခါမှာလည်း မျက်နှာဖုံးအဝတ်ဖုံးထားရမယ်၊ မျက်နှာကို မမြင်စေရဘူး၊ မျက်နှာမှာ မျက်နှာဖုံးမရှိလျှင်လည်း လုံးဝစကားပြောခွင့် မရှိဘူး နားလည်လား"

အစ်ဇာဘဲလ် "ဒီပြင်အခွင့်အရေးများကော မရှိဘူးလားမယ်တော်"

သီလရှင်ကြီး"ဒီလောက်အခွင့်အရေးရလျှင် မတော်သေးဘူးလားသမီးရယ်"

အစ်ဇာဘဲလ် "အခွင့်အရေးလိုချင်လို့ မေးခြင်းမဟုတ်ပါဘူး မယ်တော်. . . ဒီ့ထက်ကြပ်တည်းတဲ့ စည်းကမ်းတွေ ရှိစေချင်လို့ မေးခြင်းဖြစ်ပါတယ်"

ထိုခဏ၌ ကျောင်းအပြင်ဘက်မှ ခေါ်လျက်ရှိသော လူစီယို၏အသံကို ကြားကြရပြန်၏။

သီလရှင်ကြီး "ဟော. . . နေပြန်ပြီ၊ သွားတွေ့လိုက်ပါသမီးရယ်"

အစ်ဇာဘဲလ်သည် ကျောင်းအပြင်သို့ ထွက်လာ၍လူစီယိုက သီလရှင်ကျောင်း ထုံးစံအတိုင်း နှုတ်ဆက်ရာတွင်. . .

အစ်ဇာဘဲလ် "ငြိမ်းချမ်းခြင်းနှင့် တိုးတက်ကြီးပွားခြင်း တည်ပါစေ၊ ရှင်ဘယ်သူလဲ"

လူစီယို(ရိုသေကိုင်းရှိုင်းသော အမူအယာနှင့်)"ကလော်ဒီယိုရဲ့နှမ အစ်ဇာဘဲလ်နဲ့ တွေ့ပါရစေခင်ဗျာ. . . ကလော်ဒီယိုဒုက္ခရောက်နေလို့ပါ"

ဘဲလ်"ဘယ်လို ဒုက္ခရောက်နေတာလဲရှင်. . . ကျွန်မက ကလော်ဒီယိုရဲ့နှမ အစ်ဇာဘဲလ်ပါဘဲ"

ယို"ကလော်ဒီယို အဖမ်းခံရလို့ ထောင်ထဲရောက်နေပါတယ် ခင်ဗျာ"

ဘဲလ် "ဩော်. . . ဒုက္ခ. . . ဒုက္ခ. . . ဘာအမှုနဲ့ ထောင်ထဲရောက်ရတာလဲရှင်"

ထိုအခါ လူစီယိုသည် ကလော်ဒီယို၏ အဖြစ်အပျက်ကို ပြောပြလေ၏။

ဘဲလ်"ဩော်. . . တန်တော့ ကျွန်မညီမကလေး ဂျူလီယက်နဲ့ မှတ်တယ်"

စင်စစ်မှာ အစ်ဇာဘဲလ်နှင့် ဂျူလီယက်တို့သည် ဆွေမျိုးမတော်စပ်ကြသော်လည်း ကျောင်းနေဘက် သူငယ်ချင်းများ ဖြစ်ကြ၍ အလွန်တရာ ချစ်ခင်ကြင်နာကြသည့် အတွက်ကြောင့် "ညီမလေး"ဟု ခေါ်ခြင်းဖြစ်လေသည်။ အစ်ဇာဘဲလ်သည် ဂျူလီယက်နှင့် ကလော်ဒီယိုတို့ ချစ်ကြိုက်ကြခြင်းအ





ကြောင်းကိုလည်း သိပြီးဖြစ်၍ ကလော်ဒီယိုသွေးဆောင်ရာသို့ ဂျူလီယက် ပါသွားခြင်းဖြစ်တန်ရာသည်ဟု တွေးမိလေ၏။

ယို "မှန်ပါတယ်ခင်ဗျာ၊ ဂျူလီယက်နဲ့ပါဘဲ"

ဘဲလ် "ဒီလိုဆိုလဲ ကလော်ဒီယိုက ဂျူလီယက်ကို လက်ထပ်ယူလိုက်ရုံပေါ့ရှင်"

ယို "ဒီလောက်မလွယ်လှဘူး ခင်ဗျ၊ ကလော်ဒီယိုကတော့ လက်ထပ်ယူလိုက်ချင်တာပေါ့. . . နို့ပေမယ့် မြို့စားကြီးကိုယ်စားလှယ် အုပ်ချုပ်တဲ့ အိန်ဂျလိုက ဥပဒေ ဖောက်ဖျက်ရမလားဆိုပြီး ကလော်ဒီယိုကို သေဒဏ်ပေးဖို့ အမိန့်ချထားပါတယ်. . . ယခု ကျွန်တော်လာရောက်ရတဲ့ ကိစ္စကတော့ အိန်ဂျလိုထံ ခင်ဗျားကိုယ်တိုင်သွားပြီး သူ့အတွက် အသနားခံပေးပါလို့ ကလော်ဒီယိုက ပြောခိုင်းလိုက်လို့ပါဘဲ. . . ခင်ဗျားပြောပေးလျှင်တော့ အိန်ဂျလိုနားဝင်ကောင်းပါရဲ့လို့ ကလော်ဒီယိုက မျှော်လင့်နေပါတယ်"

ဘဲလ် "ဖြစ်မှဖြစ်ရလေရှင်. . . အိန်ဂျလိုနားဝင်အောင် ပြောတတ်ဖို့ရာ ကျွန်မမှာဘာများ အစွမ်းရှိလို့လဲရှင်"

ယို "ကိုယ့်ကိုကိုယ် အထင်မသေးပါနဲ့ခင်ဗျာ၊ အိန်ဂျလိုကို ခင်ဗျားပြောလျှင်ရနိုင်ပါတယ်၊ ယောကျ်ားဆိုတာမျိုးဟာ မိန်းမပျိုကလေးများက ငိုကာယိုကာနဲ့ ဒူးထောက်ပြီး တိုးလျှိုးတောင်းပန် အသနားခံတဲ့ အခါကျလျှင် လိုက်လျောတတ်ပါတယ်၊မောင်ကြီးတစ်ယောက်အတွက် ကြိုးစားပေးဖို့ ကျွန်တော်က ကူညီပြီးတိုက်တွန်းပါရစေဗျာ"

ဘဲလ်"ကိုင်း. . . ဒီလိုဆို ကျွန်မကြိုးစားပေးရတာပေါ့ရှင်. . . သီလရှင်ကြီးကို အကျိုးကြောင်းပြောပြပြီး အိန်ဂျလိုဆီကို ကျွန်မသွားပါ့မယ်. . . မောင်ကြီးကိုလည်း ပြောထားလိုက်ပါတော့. . . ဒီကနေ့ည စကားပြန်ပါ့မယ်လို့. . . နော်ရှင်"

အစ်ဇာဘဲလ်သည် နန်းတော်သို့ဝင်၍ အိန်ဂျလိုရှေ့မှောက်၌ ဒူးထောက်ကာ အသနားခံသည်မှာ. . .

ဘဲလ် "ကျွန်တော်မျိုးမ လျှောက်ထားရန်ရှိလို့မို့ ခွင့်ပြုတော်မူပါ မြို့စားကြီးဘုရား"

လို "ဘာများလျှောက်ထားရန် ရှိသလဲ. . . မိန်းကလေး လျှောက်ထားစေဗျာ"

ဤတွင် အစ်ဇာဘဲလ်သည် မောင်ကြီးကလော်ဒီယိုအတွက် ကရုဏာသက်လောက်သော စကားလုံးများဖြင့် စီကာပတ်ကုံး တင်လျှောက်ကာ အသက်မှ ချမ်းသာပေးပါရန် အသနားခံလေ၏။ နောက်ဆုံး၌ အိန်ဂျလိုက. . .



www.burmeseclassic.com

www.burmeseclassic.com



လို "မဖြစ်နိုင်ဘူးမိန်းကလေး၊ ကလော်ဒီယိုကို အဆုံးစီရင်ဖို့ အမိန့်ပေးပြီးပြီ၊ သေဖို့ဘဲရှိတယ်"

ဘဲလ် "အောင်မယ်မင်း. . . ရက်စက်လိုက်တဲ့ ဥပဒေကြီးဟဲ့နော်. . . မောင်ကြီးတစ်ယောက် ဆုံးရှုံးရတော့မှာပါတကား၊ မြို့စားကြီးသာ ဂုဏ်သိက္ခာမပျက်အောင်နေနိုင်ပါစေတော်"

ယင်းသို့ ပြောဆိုပြီးနောက် အစ်ဇာဘဲလ်သည် မြို့စားကြီး၏ရှေ့မှောက်မှ ထွက်ခွာမည်ပြုလေရာ အတူလိုက်ပါလာသော လူစီယိုက. . .

ယို "သည်လောက်လွယ်လွယ်နဲ့ လက်မလျှော့ပါနဲ့ အစ်ဇာဘဲလ်၊ သည်တစ်ခါထပ်ဝင်ပြီး သူ့ရှေ့မှာ ဒူးထောက်၊ ရှိုက်ကြီးတငင်နဲ့ငို၊ သူ့အဝတ်ကို ကိုင်ဆွဲပြီး မနေမနား အသနားခံပါမှပေါ့၊ အေးစက်စက်ကြီး တောင်းပန်လို့ ဘယ်မှာရမလဲ. . . မောင်ကြီးတစ်ယောက်လုံးရဲ့ အသက်ကို ချမ်းသာပေးဖို့ အသနားခံရာမှာ အပ်တစ်ချောင်း တောင်းတာမျိုးလို အေးအေးစက်စက် လုပ်လို့ ရနိုင်ပါ့မလား. . . "ဟု ပြောကာ တိုက်တွန်းလေ၏။

ထိုအခါ အစ်ဇာဘဲလ်သည် အိန်ဂျလိုထံသို့ တစ်ဖန်ပြန်ဝင်၍ လူစီယိုပြောသည့်အတိုင်း ငိုကြွေးကာပူဆာလျက် ထပ်လောင်းအသနားခံပြန်လေရာ အိန်ဂျလိုက. . .

လို "အမိန့်ချပြီးပြီ မိန်းကလေး၊ မဖြစ်နိုင်တော့ဘူး နောက်ကျနေပြီ"

ဘဲလ် "နောက်ကျတယ်ဆိုတာ မဟုတ်နိုင်ပါဘူး မြို့စားကြီး၊ စကားဆိုတာ တစ်ကြိမ်ပြောပြီး ပြန်နုတ်ချင်လဲ ဖြစ်နိုင်ပါတယ်၊ ရှင်ဘုရင်များမှာ သရဖူဟာ တင့်တယ်သလို ထိုထက်မက ကရုဏာသဘောဟာ အဆပေါင်းများစွာ တင့်တယ်စေနိုင်ပါတယ်၊ ဒါ့ကြောင့် ကျွန်တော်မရဲ့ မောင်ကြီးအပေါ်မှာ ကရုဏာထားပြီး. . ."

လို "တော်လောက်ပါပြီ မိန်းကလေးရယ် ပြန်ပါတော့"

သို့ရာတွင်အစ်ဇာဘဲလ်သည် လက်မလျှော့သေးဘဲ၊ ဆက်လက်၍ တင်လျှောက်ပြန်၏။

ဘဲလ် "ကျွန်တော်မရဲ့မောင်ကြီးဟာ မြို့စားကြီးရဲ့ နေရာမှာရှိနေပြီး၊ မြို့စားကြီးက မောင်ကြီးရဲ့နေရာမှာ ရောက်နေလို့ မောင်ကြီးမှားခဲ့သလို မြို့စားကြီး မှားလို့ရှိလျှင် မောင်ကြီးကတော့ မြို့စားကြီးကို ချမ်းသာပေးမှာ ဧကန်ဖြစ်ပါတယ်။ မြို့စားကြီးလိုတော့ ကရုဏာကင်းမဲ့နိုင်မယ် မဟုတ်ပါဘူး။ ကျွန်တော်မက မြို့စားကြီးရဲ့နေရာရောက်ပြီး၊ မြို့စားကြီးက ကျွန်တော်မရဲ့နေရာရောက်နေလို့ ယခုလို အသနားခံလို့ရှိလျှင် မြို့စားကြီးကတင်းမာသလို ကျွန်တော်မက တင်းမာရက်လိမ့်မယ် ထင်ပါသလား၊ တရားသူကြီး အဖြစ်မှာ ဘယ်





လိုရှိတယ်၊ အကျဉ်းသမားတစ်ယောက်၏ အဖြစ်ရောက်နေတော့ ဘယ်လိုရှိတယ်ဆိုတာကို မြို့စားကြီး သိစမ်းစေချင်ပါတယ်"

လို "တော်ပါတော့ မိန်းကလေး ကလော်ဒီယိုကို အပြစ်ပေးတာက ကျုပ်မဟုတ်ဘူး၊ ဥပဒေက အပြစ်ပေးတာမိန်းကလေးရဲ့၊ ကျုပ်ရဲ့ဆွေမျိုးတစ်ယောက် ညီတစ်ယောက်၊ သားတစ်ယောက်ဖြစ်စေကာမူ ဒီအတိုင်းအပြစ်ပေးရမှာဘဲ၊ နက်ဖြန်မှာ သူ့ကိုအဆုံးစီရင်ရမယ်"

ဘဲလ် "နက်ဖြန်တဲ့လား မြို့စားကြီး ဒီလိုဆို မြန်လွန်းလှချေကလား၊ မြို့စားကြီးဘုရား ချမ်းသာပေးတော်မူပါ ဘုရား၊ သူ့ခမျာမှာ သေဖို့ရာ မပြင်ဆင်ရသေးရှာပါဘူး ဘုရား၊ စားဖို့ရာ သတ်တဲ့ကြက်ကိုတောင် သူ့အချိန်နဲ့သူ သတ်ရပါတယ်၊ လူရင့်မကြီးတစ်ယောက်လုံးကို ပြင်ဆင်ဖို့ အချိန်မပေးဘဲ သတ်မည်ဆိုလျှင် မတရားလွန်းရာ ကျပါလိမ့်မည်ဘုရား၊ မောင်ကြီးကျူးလွန်တဲ့ အပြစ်မျိုးကို ကျူးလွန်သူအမြောက်အများ ရှိသော်လည်း အပြစ်ခံရဘူးသူမရှိ၊ ကျွန်တော်မရဲ့ မောင်ကြီးကျတော့မှ သေဒဏ်စီရင်မယ်ဆိုလို့ မတရားပါဘူးဘုရား၊ စဉ်းစားတော်မူပါ မြို့စားကြီး၊ ဒီအပြစ်မျိုးအတွက် ပထမဦးဆုံး သေဒဏ်ပေးခံရသူဟာ ကျွန်တော်မရဲ့မောင်ကြီး ဖြစ်နေပြီး၊ ပထမဦးဆုံး သေဒဏ်စီရင်သူဟာလည်း မြို့စားကြီး ဖြစ်နေပါလိမ့်မည်ဘုရား၊ မြို့စားကြီးရဲ့စိတ်ကို ကိုယ့်ဟာကိုယ် မေးကြည့်တော်မူပါ၊ ကျွန်တော်မရဲ့ မောင်ကြီးကျူးလွန်မိတဲ့ အပြစ်မျိုးမှကင်းရှင်းနိုင်ပါရဲ့လားလို့၊ အကယ်၍ မကင်းရှင်းနိုင်ပါဘူးလို့ ဖြောင့်ချက်ပေးခဲ့လို့ရှိလျှင်၊ ကျွန်တော်မရဲ့ မောင်ကြီးကိုလည်း ထောက်ထောက်ညှာညှာ စဉ်းစားထိုက်ပါသည်ဘုရား"

အစ်ဇာဘဲလ် တင်လျှောက်သော စကားများအနက်၊ နောက်ဆုံးစကားလုံးသည် အိန်ဂျလို၏စိတ်ကို အများဆုံးထိခိုက်စေ၏။ အကြောင်းမှုကား အစ်ဇာဘဲလ်၏ ချောမောလှပသော ရုပ်အဆင်းသည် သူ၏စိတ်ကို ဖောက်ပြန်လာ၍ မလျော်သော အကြံအစည်များ ဖြစ်ပေါ်လာပြီးလျှင် ကလော်ဒီယိုကျူးလွန်ခဲ့သော အပြစ်မျိုးကိုကျူးလွန်ချင်သော စိတ်ကူးများပေါ်ပေါက်လာပေသောကြောင့်တည်း။ ဤတွင် (ခေတ္တ) မြို့စားကြီးမှာ စိတ်ထဲ၌ လွန်ဆွဲသကဲ့သို့ ရှိနေသည်နှင့် အစ်ဇာဘဲလ်၏ မျက်နှာကိုမကြည့်ဝံ့ဘဲ မျက်နှာလွှဲ၍ သွားလေရာ အစ်ဇာဘဲလ်က-

ဘဲလ် "ဒီဘက်ကို လှည့်တော်မူပါဦး မြို့စားကြီးဘုရား၊ ကျွန်တော်မျိုးမက လာဘ်သပကာ ပေးပါရစေ၊ လှည့်တော်မူပါဦးဘုရား"

လို(အံ့သြစွာနှင့် လှည့်ကြည့်လျက်) "အလို ဘယ်လိုများလာဘ်ထိုးမှာပါလိမ့်"



www.burmeseclassi.com

www.burmeseclassic.com



ဘဲလ် "တစ်ခြားဟာမဟုတ်ပါဘူးဘုရား၊ အလွန်တရာဖြူစင်တဲ့ လာဘ်သပ်ပကာမျိုးပါ၊ ရွှေငွေလဲမဟုတ်၊ ကျောက်သံပတ္တမြားလဲမဟုတ်၊ လောကီစည်းစိမ်ကို စွန့်လွှတ်ပြီး၊သာသနာရေးအတွက် ကြိုးပမ်းနေကြလို့မို့ အလွန်စင်ကြယ်တဲ့ စိတ်နှလုံးရှိသည့် သီလရှင်ပေါင်းများစွာတို့က မြို့စားကြီးအတွက် ဝိုင်းဖွဲ့ကာ ဘုရားသခင်ထံဆုတောင်းပေးကြသည့် လာဘ်မျိုးပါဘုရား"

လို "ကောင်းပြီ နက်ဖြန်တော့ လာခဲ့ဦး"

မြို့စားကြီး၏ မိန့်ခွန်းကို ထောက်ခြင်းအားဖြင့် ကလော်ဒီယိုမှာ ယုတ်စွအဆုံး တစ်နေ့တစ်ရက်ဖြစ်စေ၊ အသက်ရှင်နေခွင့် ရှိလိမ့်မည်ဟု အစ်ဇာဘဲလ် မျှော်လင့်ချက်ရှိသည့်ပြင်၊ နက်ဖြန်တွင် တစ်ကြိမ်ထပ်၍ အသနားခံခွင့် ရရှိလိမ့်ဦးမည် ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်သောကြောင့်၊ အစ်ဇာဘဲလ်သည် စိတ်အားတက်လျက်၊ မြို့စားကြီး၏ ရှေ့တော်မှ ထွက်လာခဲ့လေသည်။ ထွက်ခါနီး၌

ဘဲလ် "အရှင် ဘုရား၏ ဂုဏ်သိက္ခာကို ဘုရားသခင် ထိန်းသိမ်းစောင့်ရှောက် ပေးတော်မူပါစေသတည်း"ဟု ရွတ်ဆိုဆုတောင်းခဲ့သေးရာ အိန်ဂျလိုကလည်း "တောင်းတဲ့ဆုအတိုင်း ပြည့်စုံပါစေ"ဟု ပြန်ပြောလိုက်၏။

အစ်ဇာဘဲလ် ထွက်သွားသည့်နောက်၊ အိန်ဂျလိုသည် မိမိ၏စိတ်ဖောက်ပြန်ခြင်းကို ရိပ်မိသည်ဖြစ်၍ "ဘယ့်နှယ်ဟာလဲ၊ ငါဘယ်လိုဖြစ်တာလဲ ဒီမိန်းကလေးကို ငါချစ်ကြိုက်နေပြီလား၊ သူ့မျက်နှာကလေးမြင်ပြီး၊ သူ့အသံကလေးကို ကြားချင်နေပြီလား၊ ဘာတွေများငါလျှောက်ပြီး စိတ်ကူးနေသလဲ၊ မာန်နတ်က ငါကဲ့သို့သော သူတော်ကောင်းကို သူတော်ကောင်းအချင်းချင်း ဖြားယောင်းခိုင်းလိုက်သလား၊ သာမန် မိန်းမမျိုးတွေ ဖြားယောင်းလို့ မရခဲ့တဲ့ ငါသူတော်ကောင်းတစ်ယောက်ဟာ သူတော်ကောင်းမကလေး ဖြားယောင်းတော့မှ ငါ့စိတ်ဖောက်ပြန်နေပြီလား၊ မိန်းမနောက်ကိုလိုက်ကြတဲ့ ယောကျ်ားတွေမြင်ရတိုင်း၊ ငါပြုံးခဲ့မိတာ ဒီတစ်ခါတော့ မပြုံးနိုင်အောင် ရှိနေပါပြီကော"စသည်များဖြင့် တွေးတောလျက် ကျန်ရစ်လေ၏။

ထိုညဉ့်အဖို့ရာ၌ အိန်ဂျလိုမှာ မိမိကသေဒဏ်စီရင်ထားသည့် ကလော်ဒီယိုထက်ပင် စိတ်၏ဆင်းရဲခြင်းဖြစ်ရ၏။ ကလော်ဒီယိုအဖို့မှာ ဘုန်းတော်ကြီးယောင်ဆောင်နေသည့် မြို့စားကြီး(အစစ်) ကိုယ်တော်တိုင် တောထဲသို့ ကြွရောက်ကာ၊ သံဝေဂတရားအကြောင်းနှင့် ငြိမ်းချမ်းရေးအကြောင်းတို့ကို ပြောဟောခြင်းအားဖြင့် ကောင်းကင်ဘုံသို့ လမ်းဖွင့်ပေးတော်မူလျက်ရှိရာ (ခေတ္တ) မြို့စားကြီးအိန်ဂျလိုမှာမူ စိတ်နှလုံးဖြူစင်သော အစ်ဇာဘဲလ်အား ဖျက်လိုဖျက်ဆီး ကျင့်ကြံလိုသော စိတ်ကူးများနှင့် ထိုအပြုအမူ၏ မလျော်ကန်ခြင်းကြောင့်





ကုက္ကုစ္စ(ပူပန်မှု) ဖြစ်ရခြင်းတို့သည် သူ၏စိတ်ထဲ၌ တစ်ပြန်တစ်လှန် သူ့ဘက်ငါ့ဘက် လွန်ဆွဲသည့်အလား ရှိနေလေတော့၏။ နောက်ဆုံး၌ အိန်ဂျလို၏စိတ်ထဲတွင် မကောင်းသော အကြံအစည်ဘက်က အနိုင်ရသွားလေရကား၊ မိန်းကလေး၏ မောင်ကြီးအသက်ကို ဘန်းပြကာဖြင့် သွေးဆောင်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

နောက်တစ်နေ့ နံနက်၌ အစ်ဇာဘဲလ်သည် နန်းတော်သို့ဝင်သွားသောအခါ အိန်ဂျလိုသည် မိမိထံသို့ မိန်းကလေးတစ်ကိုယ်တည်း ဝင်ခဲ့စေရန် စီမံထား၏။ နှစ်ကိုယ်တည်း ဆိုင်မိကြသောအခါ အိန်ဂျလိုက ကလော်ဒီယိုသို့ ဂျူလီယက်အပ်နှင်းသည့် နည်းတူ၊ မိမိသို့ အစ်ဇာဘဲလ် အပ်နှင်းနိုင်ပါမူ ကလော်ဒီယို၏အသက်ကို ချမ်းသာပေးမည်ဖြစ်ကြောင်း မြွောလေ၏။ အစ်ဇာဘဲလ်မှာလည်း ကြောင်တောင်ငေးလျက် ကြည့်နေစဉ်-

လို "အမှန်အတိုင်း ဖွင့်ပြောရမယ်ဆိုလျှင် မိန်းကလေးကို ကျုပ်ကတကယ်ချစ်နေပြီကွဲ့"

ဘဲလ် "မောင်ကြီး ကလော်ဒီယိုကလည်း၊ ဂျူလီယက်ကို ဒီလိုချစ်တာမျိုးပါဘဲဘုရား၊ ဒါနဲ့တောင် သေဒဏ်ပေးရပါသလားဘုရား"

လို"ဂျူလီယက် ပြုသလို မိန်းကလေးက ညဉ့်အချိန်မှာ ကျုပ်ဆီကိုလာမယ်ဆိုလျှင်၊ ကလော်ဒီယိုကို အသက်ချမ်းသာပေးပါ့မယ်"

အစ်ဇာဘဲလ်မှာ ထိုစကားကို ကြားရသောအခါတွင် မိမိ၏မောင်ကြီးအား သေဒဏ်စီရင်ထားသည့် ပြစ်မှုမျိုးကို မြို့စားကိုယ်တိုင် ကျူးလွန်ဖို့ ဖြားယောင်းသွေးဆောင်လျက် ရှိချေပြီတကားဟု အံ့အားသင့်လျက် ရှိသည်နှင့်. . .

ဘဲလ် "ကျွန်တော်မအတွက် ပြုသလို မောင်ကြီးအတွက်လည်း ကျွန်တော်မပြုဖို့ အသင့်ရှိပါတယ်၊ အကယ်၍ မောင်ကြီးနေရာမှာ ကျွန်တော်မရောက်နေပြီး ဦးခေါင်းဖြတ်ခံရလုဆဲဆဲ ရှိနေစေဦးတော့. . . ကျွန်တော်မရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် အရှက်ကွဲနည်းမျိုးနဲ့ ကိုယ့်အသက်ကို ဝယ်ယူဖို့ကိုတော့ ကျွန်တော်မ သဘောတူနိုင်မည် မဟုတ်ပါဘုရား"

ဤသို့တင်လျှောက်ပြီးနောက် အစ်ဇာဘဲလ်ကဆက်လက်၍ မြို့စား၏စကားများမှာ တကယ်ပြောခြင်းမဟုတ်၊ မိမိအား သီလစမ်းသည့်အနေဖြင့် ပြောခြင်းမျှသာ ဖြစ်သည်ဟု ယူဆကြောင်း ပြောရာတွင်. . .

လို "ယုံပါတော့ မိန်းကလေး. . . ချစ်တယ်ဆိုတာ တကယ့်ကိုချစ်လွန်းလို့ ပြောတာပါ၊ သိက္ခာသမာဓိရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့စကားကို ယုံကြည်ပါ မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



ဤစကားကိုကြားလိုက်ရသောအခါ အစ်ဇာဘဲလ်သည် သိက္ခာသမာဓိရှိသော လူတစ်ယောက်က ဤစကားမျိုးပြောရချေသလောဟု စဉ်းစားမိ၍ သိက္ခာသမာဓိဟူသော စကားလုံးကို သုံးနှုန်းခြင်းအတွက်ပင် မခံချင်လှသည်နှင့်-

ဘဲလ် "အလိုလေး- ဘုရား-ဘုရား သိက္ခာသမာဓိရှိတဲ့ လူကြီးတစ်ဦးတစ်ယောက်က ဒီလောက်ယုတ်မာတဲ့ အကြံအစည်မျိုးကို ကြံစည်သတဲ့တော်၊ ဖြစ်မှဖြစ်ရပလေ၊ ကျွန်မပြောလိုက်မယ်နော် အိန်ဂျလို ရှင်ဟာဘယ်လောက်ယုတ်မာတဲ့ လူကြီးတစ်ယောက်ဖြစ်တယ်ဆိုတာကို တစ်မြို့လုံးသိကုန်အောင် ဖော်ထုတ်ပြီး ပြောပြလိုက်မယ်၊ မပြောစေချင်လျှင် မောင်ကြီးရဲ့အသက်ကို ချမ်းသာပေးတဲ့အကြောင်း စာရေးပြီးလက်မှတ်ထိုး၊ နို့မဟုတ်လျှင် ရှင့်အကြောင်းကို တစ်ကမ္ဘာလုံးသိအောင် ကြွေးကြော်လိုက်မယ်- နားလည်လား"

လို"မင်းစကားကို ဘယ်သူကယုံမှာလဲ အစ်ဇာဘဲလ်၊ ငါ့မှာနံမည်ပျက်ဘူးခြင်းလည်းမရှိ အနေအထိုင်ကလည်း စင်ကြယ်ခဲ့လေတော့ မင်းစကားနဲ့ငါ့စကား ဘယ်သူ့စကားကို ယုံကြမလဲ၊ စိတ်ကူးမလွဲပါနဲ့ မိန်းကလေး၊ ငါ့အလိုလိုက်ပြီး မောင်ကြီးရဲ့အသက်ကို ကယ်လိုက်ပါ၊ နို့မဟုတ်လျှင် နက်ဖြန်ခါသူသေရလိမ့်မယ် ကြားရဲ့လား၊ ငါ့ကိုကန့်လန့်တိုက်ပြီး အရှက်ခွဲချင်တယ်ဆိုလျှင်လည်း၊ လုပ်ချင်ရာလုပ်၊ ပြောချင်တာပြောချေ၊ နင့်စကားထက် ငါ့စကားကိုယုံမယ့်လူချည့်ဘဲ၊ ကိုင်း-နက်ဖြန်ခါ စကားပြန်လှည့်"

အစ်ဇာဘဲလ်သည် မြို့စား၏နန်းတော်မှ ထွက်လာ၍ ကလော်ဒီယိုအား ချုပ်နှောင်ထားသည့် အကျဉ်းထောင်သို့ လာခဲ့သည်။ "သူပြောတာလဲ ဟုတ်တုတ်တုတ်ဘဲ၊ သူနဲ့ငါနဲ့ ပြိုင်ပြောရလျှင် ငါ့ကိုယုံကြည်မှာ မဟုတ်ဘူး၊ သူ့ကိုယုံကြည်မှာချည်းဘဲ" ဟု စဉ်းစားမိလေ၏။ ထောင်ထဲသို့ ရောက်သောအခါ ဘုန်းတော်ကြီးအသွင် ဝတ်ဆင်ထားသော မြို့စားကြီး (အစစ်)နှင့် ကလော်ဒီယိုတို့ ဘာသာရေး ဆွေးနွေးနှီးနှောလျက် ရှိကြသည်ကို တွေ့ရလေ၏။ မြို့စားကြီးသည် ဂျူလီယက်ထံသို့လည်း ရောက်ခဲ့၍ မိမိတို့ လွန်ကျူးမိသောအပြစ်အတွက် နောင်တတရားရစေဖို့လည်း ဟောပြောခဲ့ပြီးလေပြီ။ ဂျူလီယက်ကမူ ကလော်ဒီယိုဖြားယောင်းသည့်အတိုင်း အညာလွယ်ကာ လိုက်ပါမိခြင်းအတွက် မိမိပင်လျှင် သာ၍အပြစ်ကြီးလေးပါကြောင်းနှင့် ဝန်ခံလိုက်လေ၏။

အစ်ဇာဘဲလ်သည် ကလော်ဒီယို၏ အခန်းသို့ဝင်သွား၍ ဘုန်းတော်ကြီးနှင့် မောင်ကြီးကိုမြင်ရာတွင် "ငြိမ်းချမ်းခြင်းတည်ပါစေ၊ တရားရေအေးတိုက်ကျွေးတော်မူပါ အရှင်ဘုရား" ဟု လျှောက်ထားလေ၏။

ဘုန်းတော်ကြီး "ဘယ်သူလဲဟဲ့ ဝင်ခဲ့လေ. . . စေတနာကောင်းနဲ့ ဆု





တောင်းသူကို ခရီးဦးကြိုပြုရပေမယ်ပေါ့"

ဘဲလ်"တပည့်တော်မက ကလော်ဒီယိုနဲ့ စကားတစ်ခွန်းနှစ်ခွန်း ပြောစရာရှိလို့ပါဘုရား"

ဘုန်းတော်ကြီးအသွင် ဝတ်ဆင်ထားသော မြို့စားကြီးသည် အခန်းမှ ဖယ်ရှားပေးပြီးလျှင် ထောင်မှူးအား ထိုသူနှစ်ယောက်တို့ ပြောစကားများကို ကြားနိုင်လောက်သည့် နေရာသို့ မိမိကိုပို့ထားခဲ့ရန် အမိန့်ပေးလေ၏။

ယို "ဘယ့်နှယ်လဲနှမလေး သတင်းထူးများပါခဲ့ပါသလား" ဟု မေးရာတွင် အစ်ဇာဘဲလ်က သတင်းကောင်းမပါကြောင်း၊ နက်ဖြန်တွင် သေဖို့ပြင်ထားရမည့် အကြောင်းပြောလေ၏။

ယို "မျှော်လင့်စရာကလေးများ တစ်ခုမျှ မရှိတော့ဘူးလား နှမလေးရယ်. . . "

ဘဲလ် "လွတ်မြောက်ဖို့ လမ်းတစ်ခုတော့ ရှိပါရဲ့ နို့ပေမယ့် ဒီလမ်းကိုလိုက်လျှင် မောင်ကြီးမှာဂုဏ်သိက္ခာဆိုလို့ တစ်ရွေးသားမျှ ကျန်တော့မယ် မဟုတ်ဘူး မောင်ကြီးရေ့"

ယို "မောင်ကြီး နားလည်အောင် တိုက်ရိုက်ဖွင့်ပြောစမ်းပါ နှမလေးရယ်"

ဘဲလ် "မောင်ကြီးကို ပြောပြရမှာ နှမတွန့်လိုက်တာ မောင်ကြီးရယ်၊ မောင်ကြီးက အသက်ရှင်နေဖို့ကို သိပ်ပြီးမက်မောနေတယ် ထင်ပါတယ်၊ ကိုယ့်ဂုဏ်အသရေ ဆုံးရှုံးချင်ဆုံးရှုံးရစေ၊ လူပြည်မှာ လေးငါးခြောက်နှစ်လောက်ဖြစ်စေ၊ အသက်ရှင်နေချင်ပါတယ်လို့ မောင်ကြီးသဘောထားတယ်ထင်တယ်. . . ကျွန်မမေးစမ်းပါရစေ. . . သေရမှာကို မောင်ကြီးကြောက်သလား၊ သေရတယ်ဆိုတာမျိုးဟာ ကြိုတင်ပြီးစဉ်းစားခိုက်မှာသာ ကြောက်စရာကောင်းတာပါ မောင်ကြီးရယ်၊ လက်တွေ့ကြတော့ ဒီလောက်မဟုတ်ပါဘူး၊ ပိုးကောင်ကလေးတစ်ကောင်ကို ခြေနဲ့နင်းမိလို့ သေရရှာတာနဲ့ လူကောင်ကြီးကိုယ်တိုင် သေရခြင်းနဲ့ဟာ အတူတူဝေဒနာ ခံစားရတာပါဘဲ မောင်ကြီးရယ်"

ယို "နှမလေးက မောင်ကြီးကို သတ္တိနည်းတယ်ထင်လို့လား. . . သေရမှာ အမှန်ဘဲလို့ဆိုလျှင် အိန္ဒြေမပျက် သေနိုင်တဲ့သတ္တိရှိပါတယ် နှမလေး"

ဘဲလ် "ဟောဒါမှ နှမလေးရဲ့မောင်ကြီး. . . ဟုတ်တယ်. . . မောင်ကြီး သေရတော့မှာကတော့ အမှန်ဘဲ၊ သို့သော် မောင်ကြီးစဉ်းစားစရာတစ်ခုကတော့ သူတော်ကောင်းယောင် ဆောင်နေတဲ့ (ခေတ္တ) မြို့စားကြီးကပြောနေတယ်၊ ကျွန်မကိုယ်ကို သူ့လက်သို့ အပ်နှင်းနိုင်ခဲ့လို့ရှိလျှင် မောင်ကြီးရဲ့အသက်ကို ချမ်းသာပေးမယ်တဲ့၊ ကျွန်မရဲ့အသက်ကို တောင်းလျှင်တော့ မောင်ကြီးရဲ့



www.burmeseclassi.com

www.burmeseclassic.com



အသက်ကို ကယ်လိုတဲ့အတွက် မဆိုင်းမတွ အပ်နှင်းနိုင်ပါတယ်. . . အပ်ကလေး တစ်ချောင်းလောက်တောင် ဂရုမစိုက်ပါဘူး၊ အရှက်ဆိုတော့ အသက်ထက်ခဲယဉ်းပါတယ်"

ယို"ကျေးဇူးတင်ပါတယ် နှမလေးရယ်"

ဘဲလ် "နက်ဖြန်သေဖို့ အသင့်ပြင်ထားပေတော့နော်. . . မောင်ကြီး"

ယို "သေရမှာဆိုတာကတော့ ကြောက်စရာကြီးတစ်ခုပဲနော်"

ဘဲလ် "အရှက်ကွဲပြီး အသက်ရှင်နေရခြင်းဟာက ပိုပြီးကြောက်ဖို့ကောင်းပါတယ်"

ကလော်ဒီယိုသည် မိမိကိုယ်ကို သတ္တိနည်းသူတစ်ယောက် မဟုတ်ကြောင်းပြောခဲ့သော်လည်း ဧကန်မုချ သေရချေတော့မည်ဟု လက်တွေ့ဆင်ခြင်လိုက်သောအခါတွင် ကြောက်စိတ်ဝင်လာသည်ဖြစ်၍. . . .

ယို "နှမလေးရယ် မောင်ကြီးမသေပါရစေနဲ့ဦးကွယ်. . . မောင်ကြီးအသက်ကို ကယ်ဖို့အတွက် အရှက်ကိုစွန့်လိုက်ရစေကာမူ နှမလေးအဖို့မှာတော့ မကောင်းမှုလို့ မဆိုနိုင်ပါဘူး၊ ကောင်းမှုတစ်ခုလို့ ဆိုသင့်ပါတယ် နှမလေးရယ်"

ဘဲလ် "အလို. . . သတ္တိကြောင်တဲ့ မောင်ကြီးပါတကား. . . ကိုယ့်အသက်တစ်ချောင်းကို နှမျောတဲ့အတွက်တာနဲ့ နှမအရင်းရဲ့ အရှက်နဲ့ လဲယူတော့မှာလားမောင်ကြီး၊ ထို့. . . ကျွန်မထင်ခဲ့မိတာကတော့ မောင်ကြီးမှာ ဦးခေါင်း ၂၀ ရှိလို့မို့ စင်းတုံး ၂၀ ပေါ်မှာ ဦးခေါင်းတစ်လုံးစီတင်ပြီး အဖြတ်ခံလျှင်သာခံမယ်၊ နှမလေးရဲ့အရှက်ကိုတော့ အထိမခံပေဘူးလို့ ထင်ခဲ့မိတယ်၊ လက်စသတ်တော့. . ."

ယို "နားထောင်စမ်းပါဦး၊ မောင်ကြီးပြောပါရစေ နှမလေးရယ်"

ကလော်ဒီယိုသည် မိမိ၏အသက်ကို နှမ၏အရှက်ဖြင့် ဝယ်ယူလိုခြင်းနှင့် ပတ်သတ်၍ ဆင်ခြေဆင်လက်များ ထုတ်ပြဦးမည်ပြုဆဲတွင် ဘုန်းတော်ကြီး (မြို့စားအစစ်) သည် အခန်းတွင်းသို့ ဝင်လာပြီးလျှင်-

ဘုန်း "သင်တို့ မောင်နှမတိုင်ပင်ကြတဲ့ အချင်းအရာအားလုံးကို ငါကြားရပြီ၊ အိန်ဂျလိုက အစ်ဇာဘဲလ်ကို တကယ်ဖြားယောင်းခြင်း မဟုတ်ဘူး၊ မိန်းကလေးရဲ့စိတ်ကို စမ်းခြင်းမျှသာ ဖြစ်တယ်၊ အစ်ဇာဘဲလ်ဟာ တကယ်ဖြူစင်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်လို့မို့ ဖြားယောင်းတဲ့အတိုင်း မလိုက်လျောဘဲ ငြင်းဆန်လိုက်တဲ့အတွက် အိန်ဂျလို ဝမ်းသာသွားတယ်၊ ဒီတော့ အသက်ချမ်းသာပေးဖို့ဆိုတာကို မမျှော်လင့်လေနဲ့ ဘုရားသခင်ထံဆုတောင်းပြီး သေဖို့သာပြင်ထားပေတော့ ကလော်ဒီယို"

ယို (နောင်တ,တရားရသည်နှင့်) "ဘုရားတပည့်တော်





ပြောမိတဲ့စကားများအတွက် နှမလေးထံအပြစ်လွတ်ဖို့ တောင်းပန်ပါရစေဘုရား၊ ယခုမှာ ဆိုလျှင် ဘုရားတပည့်တော်ရဲ့ အသက်ကို နှမြောတွယ်တာခြင်းမရှိရုံသာမက မြန်မြန်စွန့်ပါရစေတော့လို့ လျှောက်ထား လိုပါတော့သည်ဘုရား"

ထို့နောက် ကလော်ဒီယိုသည် အစ်ဇာဘဲလ်အား မိမိပြောခဲ့မိသောစကားများအတွက် ရှက်လှသည်နှင့် ထိုင်ရာမှထသွားလေရာ ဘုန်းတော်ကြီးနှင့် အစ်ဇာဘဲလ်တို့ နှစ်ဦးတည်း ရှိနေကြသောအခါ ဘုန်းတော်ကြီးသည် အစ်ဇာဘဲလ်၏ မြင့်မြတ်သော စိတ်ထားကို ချီးကျူးလေ၏။

ဘုန်း "မိန်းကလေးက ရုပ်ရည်ချောမောသလောက် စိတ်သဘောထားမြင့်မြတ်လှပါပေတကား"

ဘဲလ် "အိန်ဂျလိုရဲ့ ယုတ်မာမှုကို မြို့စားကြီး သိတော်မမူရှာဘူး အရှင်ဘုရား၊ မြို့စားကြီးပြန်ကြွလာလို့ရှိလျှင် တပည့်တော်မက သူ့အကြောင်းလျှောက်ထားဦးမယ်ဘုရား"

ဘုန်း "လျှောက်ထားချင်လျှင်လဲ လျှောက်ထားပေါ့၊ သို့သော် ယခုအတိုင်းဆိုလျှင်တော့ အိန်ဂျလိုကငြင်းနေမှာဘဲ၊ မိန်းကလေးရဲ့ စွပ်စွဲချက်ကို ဘယ်သူကမှ ယုံကြည်မယ်မထင်ဘူး၊ ကိုင်း ဒီတော့ ငါပြောမည့်စကားကို ကောင်းကောင်းနားထောင်စမ်း၊ ငါပြောတဲ့အတိုင်း လုပ်ခဲ့လို့ရှိလျှင် အပြစ်မရှိဘဲလျက်နှင့် ဒုက္ခရောက်နေရှာတဲ့ မိန်းမတစ်ယောက်ကိုလည်း ကယ်ဆယ်ရာရောက်မယ်၊ မိန်းကလေး မောင်ကြီးဟာလည်း ရာဇဝတ်ပြစ်ဒဏ်မှ လွတ်ကင်းသွားမယ်၊ မိန်းကလေးရဲ့ အရှက်နဲ့ဝယ်ယူဖို့လည်း မလိုဘူး၊ တိုင်းတစ်ပါးသွားနေတဲ့ မြို့စားကြီး ပြန်ရောက်လာလျှင်လည်း နှစ်သိမ့်စေမယ်၊ မကောင်းဘူးလား မိန်းကလေး"

ဘဲလ် "အလွန်ကောင်းလှပါတယ် ဘုရား၊ တပည့်တော်မရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် အလုပ်မျိုးမှလွဲလျှင် အဆင်သင့်ပါဘုရား"

ဘုန်း "သဘောထားမြင့်မြတ်သလောက် သတ္တိကောင်းပေတာဘဲကိုး"

ထို့နောက်ဘုန်းတော်ကြီးက ပင်လယ်ခရီး၌ သေဆုံးသည့် စစ်ဗိုလ်ကြီးဖရက်ဒြစ်၏နှမ မေရီယာနာအကြောင်းကို ကြားဘူးပါ၏လောဟု မေးတော့၏။

ဘဲလ် "တပည့်တော်မ ကြားဘူးပါတယ် အရှင်ဘုရား၊ သတင်းမွှေးတဲ့ အမျိုးသမီးတစ်ယောက်ပါပေဘုရား"

ဘုန်း "အဲဒီမေရီယာနာဟာ အိန်ဂျလိုရဲ့မယားဘဲ၊ သင်္ဘောနစ်မြုပ်သွားရာမှာ မေရီယာနာရဲ့ လက်ဖွဲ့ပစ္စည်းတွေအားလုံး ပါသွားတယ်၊ ဒီအတွက်ကြောင့် မေရီယာနာမှာ ဘယ်လိုများထိခိုက်သွားသလဲ နားထောင်ဦး၊ သူ့ခမြာမှာ အလွန်ချစ်ခင်တဲ့ မောင်ကြီးတစ်ယောက်လည်း ဆုံးရှုံးရသေး၊ ပစ္စည်းတွေလည်းပါသွားသေး၊ ဒါတင်မကသေးဘူး ခင်ပွန်းသည် အိန်ဂျလိုကလည်း သူ့အာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သစ္စာဖောက်တယ်လို့ စွပ်စွဲပြီး စွန့်ပစ်လိုက်တယ်၊ အမှန်ကတော့ မေရီယာနာက ဘယ်သူနဲ့မှ ချစ်ကြိုက်မိလို့ မဟုတ်ရှာပါဘူး၊ လက်ထပ်ပစ္စည်းတွေ ပါမလာတာနဲ့ ရိုးမယ်ဖွဲ့ပြီး အိန်ဂျလိုက စွန့်ပစ်လိုက်ခြင်းဖြစ်ပါတယ်၊ မေရီယာနာ ဒုက္ခဖြစ်စေဖို့ ဖြည့်စွက်ပေးသလို အချက်တစ်ခုကတော့ မိမိကိုမတရား စွပ်စွဲတဲ့အိန်ဂျလိုအပေါ်မှာ စိတ်မနာနိုင်တဲ့အပြင် မေရီယာနာက ကြောင်သူတော်ကြီးကိုဘဲ တန်းတန်းစွဲဖြစ်ပြီး မျက်ရည်နဲ့မျက်ခွက် ဖြစ်နေရှာတယ်"ဟု ပြောပြီးနောက် အစ်ဇာဘဲလ်ဆောင်ရွက်ရမည့် ကိစ္စနှင့် ပတ်သက်၍ ဆက်လက်ရှင်းပြလေ၏။

အစ်ဇာဘဲလ်ဆောင်ရွက်ရမည်မှာကား၊ အိန်ဂျလိုထံသို့သွား၍ ဖြားယောင်းသွေးဆောင်သည့်အတိုင်း လိုက်နာပါတော့မည်ဟု ပြောပြီးလျှင် သန်းခေါင်အချိန်တွင် လာခဲ့ပါမည်ဟု ချိန်းဆိုခဲ့ရန် ဤနည်းအားဖြင့် ကလော်ဒီယို၏ အသက်ချမ်းသာခွင့်ရပါစေမည်ဟု အိန်ဂျလိုထံမှ ကတိခံချက် ရယူခဲ့ရန်နှင့် မိမိကိုယ်စား မေရီယာနာအား အိန်ဂျလိုထံ (မှောင်မိုက်ထဲ၌) ပို့ထားခဲ့ရန်တို့ ဖြစ်လေသည်။ ထို့နောက် ဘုန်းတော်ကြီးက ဆက်လက်၍. . .

ဘုန်း "မေရီယာနာကို အိန်ဂျလိုဆီ ပို့ပေးခြင်းဟာ မလျော်တဲ့ အလုပ်တစ်ခုလို့ မထင်လေနဲ့နော် မိန်းကလေး၊ သူတို့ဟာ လင်မယားဘဲ၊ လင်ထံကို မယားပို့ပေးလို့ အပြစ်မရှိပါဘူး"

အစ်ဇာဘဲလ်သည် ဘုန်းတော်ကြီး၏ အစီအစဉ်ကို နှစ်သက်သဘောကျ၍ ထောင်ထဲမှထွက်လာခဲ့ရာ ဘုန်းတော်ကြီးလည်း မေရီယာနာအား ခွဲခွာသွားလေ၏။ မြို့စားကြီးသည် (ဘုန်းတော်ကြီးအသွင်နှင့်) မေရီယာနာ၏ နေအိမ်သို့ ယခင်ကတည်းက သွားရောက်ဘူး၍ တရားရေအေး တိုက်ကျွေးခြင်းအားဖြင့် အပူပျောက်အောင် ဟောပြောသွန်သင်ခဲ့ဘူးသည်နှင့် မေရီယာနာ၏ အဖြစ်အပျက်ကို သိရှိပြီးဖြစ်လေသည်။ မေရီယာနာသည် မြို့စားကြီးဟူ၍မသိဘဲ ဘုန်းတော်ကြီးတစ်ပါး အဖြစ်နှင့်သာ သိရှိထားသော်လည်း အိန်ဂျလိုနှင့်တွေ့ဆုံဖို့ကိစ္စတွင် ဘုန်းတော်ကြီးစီမံသည့်အတိုင်း လိုက်နာရန်သဘောတူလေ၏။

အစ်ဇာဘဲလ်သည် အိန်ဂျလိုနှင့် တွေ့ခဲ့ပြီးသည့်နောက် ဘုန်းတော်ကြီးနှင့် ချိန်းဆိုထားသည့်အတိုင်း မေရီယာနာ၏ နေအိမ်သို့လာလေ၏။

ဘုန်း "ရောက်လာတာအချိန်အတော်ဘဲဟေ့၊ ဘယ့်နှယ်လဲ အိန်ဂျလိုဆီက ဘာသတင်းများ ပါခဲ့သလဲ"

အစ်ဇာဘဲလ်သည် အိန်ဂျလိုနှင့်တွေ့ဆုံခဲ့ရပုံ အချင်းအရာကို ပြောပြပြီးနောက် ဘဲလ်၊ အိန်ဂျလိုမှာ အုတ်နံရံ ဝိုင်းကာထားတဲ့ ဥယျာဉ်တစ်ခု ရှိပါတယ်၊ ဥယျာဉ်အနောက်ဘက်ပိုင်းမှာ စပျစ်ခြံတစ်ခုရှိပါတယ်၊ စပျစ်ခြံမှာ တံ





ခါးကလေးတစ်ခု ရှိပါတယ်"ဟု ပြော၍ အိန်ဂျလိုက ပေးအပ်လိုက်သည့် သော့နှစ်ချောင်းကို ပြပြီးလျှင် ဆက်လက်၍

ဘဲလ် "ဟောဒီသော့အကြီးက စပျစ်ခြံတံခါးကို ဖွင့်ဖို့ပါ၊ သော့အငယ်ကတော့ စပျစ်ခြံမှာ ဥယျာဉ်ထဲကို သွားဖို့ပါ၊ တပည့်တော်မ,က ညအချိန်မှာ သူ့ဆီကိုလာခေါ်ဖို့ ကတိပြုခဲ့လို့ သူကမောင်ကြီးရဲ့အသက်ကို ချမ်းသာပေးဖို့ ကတိထားလိုက်ပါတယ်၊ တပည့်တော်မ ဝင်လာဖို့လမ်းကို သူကနှစ်ကြိမ်တိုင်တိုင် လိုက်ပြလို့ သေသေချာချာ မှတ်သားလာခဲ့ပါတယ် ဘုရား"

ဘုန်း "မိန်းကလေးနဲ့ အိန်ဂျလိုနဲ့ အချိန်းအချက် သဘောနဲ့ အမှတ်သညာ တစ်ခုခုပေးထားသေးသလား ပေးထားလျှင် မေရီယာနာကို ပြောပြလိုက်ပါဦး"

ဘဲလ် "အမှတ်သညာ ပေးမထားပါဘုရား၊ မှောင်မိုက်တဲ့အချိန်မှာ လာခဲ့ဖို့သာမှာလိုက်ပါတယ်။ တပည့်တော်မ,က အချိန်ကြာကြာကြီးတော့ မနေနိုင်ဘူး၊ အစေခံတစ်ယောက်လည်း ခေါ်ခဲ့မယ်၊ အစေခံကတော့ မောင်ကြီးကိစ္စအတွက် လာရခြင်းဖြစ်တယ်လို့ ပြောထားရပါတယ်လို့ ပြောခဲ့ပါတယ်ဘုရား"

ဘုန်းတော်ကြီးသည် အစ်ဇာဘဲလ်၏ အစီအစဉ် နေရာကျကြောင်းကို ချီးကျူးပြောဆိုလေရာ၊ အစ်ဇာဘဲလ်သည် မေရီယာနာဘက်သို့ လှည့်လျက်-

ဘဲလ် "အိန်ဂျလိုကို စကားများများပြောဖို့ မလိုဘူးနော်၊ ပြန်ခါနီးတော့က

"မောင်ကြီးကိစ္စကို မမေ့ပါနဲ့လို့ တိုးတိုးကလေး လေသံနဲ့ပြောခဲ့နော်"

ထိုညဉ့်၌ အစ်ဇာဘဲလ်သည် မေရီယာနာကိုခေါ်၍ ချိန်းထားသောနေရာသို့ သွားကြလေရာ မိန်းကလေးမှာ မိမိ၏ဂုဏ်သိက္ခာလည်း မညှိုးမပျက်စေဘဲ၊ မောင်ကြီး၏အသက်ကို ကယ်ဆယ်နိုင်လေပြီဟု ဝမ်းသာလျက်ရှိ၏။ ဘုန်းတော်ကြီးကမူ ကလော်ဒီယိုကတွက် စိတ်မချသည်နှင့် အကျဉ်းထောင်သို့ ကြွသွား၏။ ဤသို့ ကြွသွားခြင်းမှာလည်း ကလော်ဒီယိုအဖို့ ကံကောင်းခြင်းတစ်ခုဖြစ်၏။ သို့မဟုတ်ပါမူကား ကလော်ဒီယိုမှာ ထိုညဉ့်၌ပင် ခေါင်းဖြတ်၍ သတ်ခြင်းခံရပေတော့မည်။

အကျဉ်းထောင်တွင်းသို့ ဘုန်းတော်ကြီးရောက်ပြီးသည့်နောက် မကြာမီအတွင်း အိန်ဂျလိုထံမှ အမိန့်တစ်ခုရောက်လာ၏။ ၎င်းအမိန့်အရမှာ အကျဉ်းသမား ကလော်ဒီယို၏ ဦးခေါင်းကိုဖြတ်ပြီးလျှင် နံနက်ငါးနာရီအချိန်တွင် မိမိထံသို့ပို့ရန် ဖြစ်လေသည်။ ဘုန်းတော်ကြီးသည် ဤအကြောင်းကို သိရသောအခါ၊ မြို့စား (အစစ်)၏ လက်ရေးနှင့်တကွ တံဆိပ်ခတ်နှိပ်ထားသော စာတစ်စောင်ကို ထောင်ပိုင်ကြီးအားပြလေရာ ၎င်းစာ၌ ကလော်ဒီယိုအား ဦးခေါင်းဖြတ်ရန်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို အချိန်ရွှေ့ဆိုင်းထား၍ ထောင်ထဲတွင် ငင်းညဥ့်ကသေဆုံးသော အကျဉ်းသမားတစ်ယောက်၏ ဦးခေါင်းကို ဖြတ်ယူပြီးလျှင် အိန်ဂျလိုထံသို့ ပို့ရန်ပါရှိလေသည်။ ထောင်ပိုင်သည် ဘုန်းတော်ကြီး၏စာကို ဖတ်ကြည့်သောအခါ မြို့စားကြီးဟူ၍ မသိသော်လည်း မြို့စားကြီး ကြည်ညိုလေးစားသည့် ဘုန်းတော်ကြီးတစ်ပါး ဖြစ်သောကြောင့် သာလျှင်ဤစာကို ဆောင်ယူနိုင်ခဲ့ခြင်း ဖြစ်ရမည်ဟု ယုံကြည်သည်နှင့် စာတွင်ပါရှိသည့်အတိုင်း လိုက်နာ၍ အကျဉ်းသမား၏ ဦးခေါင်းကို အိန်ဂျလိုထံသို့ပို့ရန် စီမံထားလေ၏။

ထို့နောက် ဘုန်းတော်ကြီးသည် မြို့စားကြီးအဖြစ်နှင့် အိန်ဂျလိုထံသို့ စာတစ်စောင်ရေးပို့လိုက်၏။ ၎င်းစာ၌ပါရှိသော အချက်အလက်များမှာ မိမိအဖို့ ခရီးဆက်လက်သွားရန် အကြောင်းမညီညွတ်သဖြင့် ဗီယာနာမြို့တော်သို့ နက်ဖြန်နံနက်တွင် ပြန်ရောက်လာမည်ဖြစ်ကြောင်း၊ မိမိအား အိန်ဂျလိုကိုယ်တိုင် မြို့တံခါးမှ ကြိုဆို၍ မြို့စားကြီးရာထူးကို မိမိသို့ပြန်လည် အပ်နှင်းရမည်ဖြစ်ကြောင်း၊ ၎င်းပြင် မကျေနပ်မှုရှိသဖြင့် မိမိထံလျှောက်ထား တိုင်တန်းလိုသော မြို့သူမြို့သားများရှိခဲ့လျှင် မြို့တံခါးဝမှစောင့်၍ လျှောက်ထားနိုင်ခွင့်ရှိကြောင်းကိုလည်း ကြိုတင်ကြေငြာထားရမည့် အကြောင်းများပါရှိလေ၏။

နံနက်စောစော၌ အစ်ဇာဘဲလ်သည် အကျဉ်းထောင်သို့ ရောက်လာလေရာ ၎င်းအားစောင့်မျှော်လျက်ရှိသော ဘုန်းတော်ကြီးသည် လျှို့ဝှက်သော အကြောင်းတစ်ခုရှိသည်ဖြစ်၍ ကလော်ဒီယိုဦးခေါင်းဖြတ်၍ သတ်ခြင်းခံရပြီးလေပြီဟုပြောရန် အကြံပြုထား၏။ သို့ဖြစ်၍ အစ်ဇာဘဲလ်က အိန်ဂျလိုထံမှ ကလော်ဒီယိုအား ချမ်းသာပေးသော အမိန့်စာရောက်ပါ၏လောဟု မေးလျှောက်ရာတွင် ဘုန်းတော်ကြီးက ကလော်ဒီယိုမှာ အကျဉ်းထောင်မှ လွတ်ခြင်းမဟုတ်ဘဲ ကမ္ဘာလောကကြီးမှ ကျွတ်လွတ်သွားပြီးဖြစ်ကြောင်း၊ သူ၏ဦးခေါင်းကိုဖြတ်၍ အိန်ဂျလိုထံသို့ ပို့လိုက်ကြပြီဖြစ်ကြောင်း ပြောလေ၏။

ဘဲလ် "အောင်မယ်လေးဘုရား. . . ဟောဒီကံဆိုးမရဲ့ အကြောင်းမလှရှာတဲ့ မောင်ကြီးတစ်ယောက် ဆုံးရှာပြီလားဘုရား၊ မတရားလိုက်တဲ့ လောကကြီး၊ ဆိုးရွားယုတ်မာလိုက်တဲ့ အိန်ဂျလိုဟဲ့နော်. . . "ဟု ရေရွတ်မြည်တမ်းလေ၏။

ထိုအခါ ဘုန်းတော်ကြီးသည် အစ်ဇာဘဲလ်အား လောကဓံအကြောင်းကို တရားပြ၍ ဟောပြောသဖြင့် အစ်ဇာဘဲလ်မှာ အတော်အတန် သက်သာရာရရှိလာသည်တွင် ဘုန်းတော်ကြီးကဆက်လက်၍ မြို့စား (အစစ်) ပြန်ရောက်ဖို့ အချိန်နီးပြီဖြစ်ကြောင်း၊ ပြန်ရောက်လာသောအခါတွင် အိန်ဂျလိုနှင့်ပတ်သတ်၍ မြို့စားကြီးအား မည်သို့မည်ပုံ လျှောက်ထားရမည့်အကြောင်း၊ ယင်းသို့





လျှောက်ထားတိုင်တန်းရာတွင် အစဦး၌ မိန်းကလေးအပေါ်သို့ အမှုပတ်ဦးမည်ကဲ့သို့ ဖြစ်တတ်သော်လည်း ထိတ်လန့်စိုးရိမ်ခြင်း မရှိဖို့အကြောင်းများနှင့် ဆင်ခြင်ပြောဆိုလေ၏။ ထို့နောက် ဘုန်းတော်ကြီးသည် အစ်ဇာဘဲလ်နှင့် ခွဲခွာ၍ မေရီယာနာ၏ နေအိမ်သို့သွားပြီးလျှင် မေရီယာနာဆောင်ရွက်ရမည့် တာဝန်များကို ညွှန်ပြသွန်သင်ပေးလေ၏။

နောက်ဆုံး၌ ဘုန်းတော်ကြီးသည် မေရီယာနာ၏ နေအိမ်မှထွက်လာခဲ့၍ ဘုန်းတော်ကြီးအသွင်မှ မိမိ၏နဂိုမူလဖြစ်သော မြို့စားကြီးအသွင်သို့ ပြောင်းလဲကာ ဝတ်လုံကြီးများနှင့်တကွ ခမ်းနားသိုက်မြိုက်စွာ ဝတ်ဆင်ပြီးလျှင် မြို့တံခါးသို့ ကြွရောက်ဝင်လာလေရာ သစ္စာရှိသော မြို့သူမြို့သားများက သောင်းသောင်းဖျဖျ ကြိုဆိုကာဖြင့် မြို့တွင်းသို့ဝင်လာလေ၏။ မြို့တံခါးမှစောင့်ကြိုလျက်ရှိသော (ခေတ္တ) မြို့စား အိန်ဂျလိုသည်လည်း စာရွက်စာတမ်းများနှင့်တကွ မြို့စားကြီးရာထူးကို လွှဲပြောင်းပေးအပ်လေ၏။ ထိုအခိုက်တွင် အစ်ဇာဘဲလ်သည် မြို့စားကြီးထံသို့ ချဉ်းကပ်၍ လျှောက်ထားရန်ရှိကြောင်း ခွင့်တောင်းပြီးလျှင်. . .

ဘဲလ် "မြို့စားကြီးဘုရား. . . ကျွန်တော်မသည် မိန်းကလေးတစ်ယောက်ကို သွေးဆောင်ဖြားယောင်းမှုဖြင့် သေဒဏ်စီရင်ခြင်းခံရသော ကလော်ဒီယို၏ နှမဖြစ်ပါသည်။ ကျွန်တော်မ၏ မောင်ကြီးအသက် ချမ်းသာရာရစိမ့်သောငှာ ကျွန်တော်မသည် ခေတ္တမြို့စားကြီး အိန်ဂျလိုထံသို့ ချဉ်းကပ်ဒူးထောက်ဝပ်လျှိုးကာ မျက်ရည်အသွယ်သွယ်ဖြင့် အသနားခံခဲ့ပါသည်။ ထိုအခါ အိန်ဂျလိုက ကျွန်တော်မ၏ကိုယ်ကို သူ့အားအပ်နှင်းပါမှ မောင်ကြီး၏အသက်ကို ချမ်းသာပေးနိုင်မည်ဟု ပြောပါသည်။ ကျွန်တော်မမှာ အလွန်ရှက်တတ်သူဖြစ်သော်လည်း မောင်ကြီးတစ်ယောက်၏ အသက်ကို ကယ်လိုသည့်အတွက်ကြောင့် အိန်ဂျလို၏ ဖြားယောင်းချက်အတိုင်း လိုက်နာမိပါသည်။ သို့ပါလျက် အိန်ဂျလိုသည် ချမ်းသာပေးမည်ဆိုသော ကတိအတိုင်းမတည်ဘဲ နောက်တစ်နေ့နံနက်တွင် မောင်ကြီးကိုသတ်၍ ဦးခေါင်းကို သူ့ထံသို့ပို့ရန် အမိန့်ထုတ်ပါသည်"ဟု တင်လျှောက်လေ၏။

မြို့စားကြီးသည် အစ်ဇာဘဲလ်၏စကားကို မယုံကြည်နိုင်ဟန်ပြုလျက်ရှိသည်တွင် အိန်ဂျလိုက "ဤမိန်းကလေးမှာ မောင်ကြီးတစ်ယောက်ဆုံးရှုံး၍ စိတ်ဂယောင်ချောက်ချားဖြစ်၍ ပြောမိပြောရာ ပြောခြင်းမျှသာဖြစ်ပါသည်. . . "ဟု တင်လျှောက်၏။

ထိုခဏတွင် ဒုတိယ လျှောက်ထားလိုသူတစ်ဦးဖြစ်သော မေရီယာနာသည် မြို့စားကြီးထံသို့ ချဉ်းကပ်လျက်. . .



www.burmeseclassi.com

www.burmeseclassic.com

နာ "မြို့စားကြီးဘုရား. . . ကျွန်တော်မသည် အိန်ဂျလို၏ မယားကြီး ဖြစ်ပါသည်။ ခုနင်က အစ်ဇာဘဲလ်တင်လျှောက်သော စကားများသည် မုသား စကားများဖြစ်ပါသည်။ မိန်းကလေးပြောသည့်ညသို့ အိန်ဂျလိုသည် မိန်းကလေး နှင့်အတူ မနေပါဘုရား၊ ဥယျာဉ်ထဲက အိမ်ကလေးတွင် ကျွန်တော်မနှင့် အတူ နေပါသည်ဘုရား၊ ဤစကားမှန်ကန်ခဲ့လျှင် ကျွန်တော်မသည် ထိုင်ရာမှထနိုင် ပါရစေ၊ မုသားစကားဖြစ်ခဲ့လျှင်၊ ဤနေရာတွင် ကျောက်ရုပ်ဖြစ်ပါစေသတည်း"

ယင်းသို့ တင်လျှောက်ပြီးနောက်၊ မေရီယာနာသည် ထိုင်ရာမှ ထလိုက် လေရာ ပရိသတ်တို့လည်း အံ့အားသင့်လျက်ရှိကြ၏။ အစ်ဇာဘဲလ်ကမူ (မြို့ စားကြီးက ကြိုတင်သွန်သင်ထားသည့်အတိုင်း) မိမိ၏စကားမှန်ကန်ခြင်းကို ဘုန်းတော်ကြီး လိုဒိုစစ်ဆိုသူအား သက်သေထူနိုင်ပါသည်ဟု ပြောလေ၏။ (လိုဒိုစစ်မှာ ဘုန်းတော်ကြီးအသွင် ယူစဉ်က မြို့စားကြီးခံယူထားသည့် ဘွဲ့တော် ဖြစ်လေသည်။) စင်စစ်သော်ကား အစ်ဇာဘဲလ်နှင့် မေရီယာနာနှစ်ယောက် လုံးတို့သည် ဘုန်းတော်ကြီး သွန်သင်ထားသည့်အတိုင်း တင်လျှောက်ကြခြင်း ဖြစ်၏။ (မြို့စားကြီး) ၏ အကြံမှာ အစ်ဇာဘဲလ်သည် စင်စစ်အားဖြင့် "အပျို ရည်"မပျက်ခြင်း အကြောင်းကို တစ်မြို့လုံးသိရှိစေရန်၊ ဤကဲ့သို့စီမံထားခြင်း ဖြစ်လေသည်။ သို့ရာတွင် မြို့စားကြီး၏ ရည်ရွယ်ချက်ကို မရိပ်မိသော အိန်ဂျ လိုကမူ အစ်ဇာဘဲလ်နှင့် မေရီယာနာတို့၏ စကားချင်းကွဲလွဲမှုကို အခွင့်ကောင်း ယူခြင်းအားဖြင့် အစ်ဇာဘဲလ်၏ စွပ်စွဲချက်များ၍ မိမိ၌အပြစ်မရှိကြောင်း ရှင်း ပြရန်အကြံဖြစ်လေ၏။

လို(မတရားစွပ်စွဲ၍ ဝမ်းနည်းလေဟန် မျက်နှာထားမျိုးနှင့်) "မြို့စား ကြီးဘုရား ကျွန်တော်မျိုးအား စွပ်စွဲကြခြင်းများကို ပြုံး၍ခံမည် ကြံစည်မိသော် လည်း မခံမရပ်နိုင်အောင် ဖြစ်လာသဖြင့် လျှောက်ထားခွင့် ပြုတော်မူပါဘုရား"

မြို့စား "လျှောက်ထားစေဗျား"

လို "ဤမိန်းမနှစ်ယောက်က ကျွန်တော်မျိုးအား တစ်ယောက်တစ်မျိုး စီ စွပ်စွဲကြခြင်းကို ထောက်ခြင်းအားဖြင့် သူတို့၏စကားများကို လုံးဝယုံကြည် ဖွယ်မရှိကြောင်း ထင်ရှားနေပါပြီဘုရား၊ သို့ရာတွင် ယခုကဲ့သို့ သူတို့ပြုမူပြော ဆိုကြခြင်းဟာ သူတို့သဘောအတိုင်း ဟုတ်မည်မထင် တစ်စုံတစ်ယောက်က မြှောက်ပေးသည့်အတွက် လျှောက်မိလျှောက်ရာတွေကို တင်လျှောက်ကြခြင်း ဖြစ်ပါလိမ့်မည် ဘုရား၊ မြှောက်ပေးတဲ့လူကို ကျွန်တော်မျိုးတွေ့အောင် ရှာပါရ စေဘုရား၊ ခွင့်ပြုတော်မူပါ"

မြို့စား "မှန်ပေတယ်၊ ရှာထိုက်ပေတာပေါ့၊ တွေ့တဲ့အခါကျတော့ ကြိုက်သလိုဆုံးမခွင့် ရှိစေရမှာပေါ့၊ ဘယ်မှာလဲ ဝန်ကြီးချုပ် အဲစ်ကာလတ် ကော"





လတ် "ရှိကြောင်းပါဘုရား"

မြို့စား "ကိုင်း-ဝန်ကြီးချုပ်ကလည်း မြှော်ပေးတဲ့ကိစ္စမှာ အိန်ဂျလိုကို အကူအညီပေးလိုက်ပါဗျာ၊ တွေ့သောအခါကျတော့ သင့်တော်တဲ့အပြစ်ဒဏ် မျိုး စီရင်ကြရုံပေါ့၊ ကိုင်း- ကျုပ်လဲ နားဦးမယ်၊ သို့သော် အိန်ဂျလိုမှာတော့ဒီ ကိစ္စမရှင်းလင်းမချင်း ဘယ်မှမသွားပါနှင့်"

ငင်းနောက် မြို့စားကြီးကြွသွားရာတွင် အိန်ဂျလိုမှာ မိမိ၏အမှုတွင် မိမိပင်တရားသူကြီး၊ မိမိပင် ဒိုင်လူကြီး ဖြစ်ရချေပြီဟု ကျေနပ်လျက်ရှိ၏။ သို့ရာတွင် မြို့စားကြီးမှာ ခဏတာမျှသာ ထွက်သွားခြင်းဖြစ်၍ မကြာမီအတွင်း ၌ပင် မြို့စား၏ အဝတ်တန်ဆာများအစား၊ ဘုန်းတော်ကြီးအဝတ်ဖြင့် ဝတ်ဆင် ကာ အိန်ဂျလိုနှင့် ဝန်ကြီးချုပ် အဲစ်ကာလတ်ထံသို့ ပြန်လာလေ၏။ အဲစ်ကာ လတ်သည် အိန်ဂျလိုအား စွပ်စွဲချက်များကို မယုံကြည်သည်ဖြစ်၍ ဘုန်းတော် ကြီးအား "ကြွတော်မူပါ အရှင်ဘုရား၊ မိန်းမနှစ်ယောက်ကို မြှောက်ပေးသူဟာ အရှင်ဘုရား မဟုတ်ပါလား"ဟု မေးလျှောက်၏။

ဘုန်း "မြို့စားကြီးဘယ်မှာလဲ၊ ငါပြောစရာရှိတဲ့ စကားကို မြို့စားကြီး ကြားစေချင်တယ်"

လတ် "တပည့်တော်တို့ကို မိန့်တော်မူပါ။ မြို့စားကြီးက တာဝန်လွှဲ အပ်ခဲ့သူများ ဖြစ်ပါသည်ဘုရား. . . မှန်သည့်အတိုင်း မိန့်တော်မူပါဘုရား"

ဘုန်း "အေး. . . ငါက ပြောစရာရှိတာကို ရဲရဲကြီးပြောမယ်. . ."ဟု ဆိုကာ အစ်ဇာဘဲလ်က စွပ်စွဲသော တရားခံအိန်ဂျလိုအား သူ့အမှုတွင် သူ့ဟာ သူ တရားသူကြီးအဖြစ်နှင့် လွှဲထားခဲ့သော မြို့စားကြီးကို အပြစ်တင်ပြီးနောက် ဗီယာနာမြို့ကြီး၌ မိမိစောင့်ကြည့်နေခဲ့သည့် အတောအတွင်း မတရားပြုကျင့် မှု အမြောက်အများ တွေ့ရကြောင်းနှင့် ပွင့်လင်းစွာရှုတ်ချပြစ်တင်ရာတွင် ဝန် ကြီးချုပ်အဲ့စ်ကာလတ်သည် နှုတ်လျှာရဲလှသော ဘုန်းတော်ကြီးအား သွားပုပ် လေလွင့် ပြောရချေမည်လောဟုဆိုကာ အကျဉ်းထောင်သို့ ဖမ်းဆီးခေါ်ဆောင် သွားရန် အမိန့်ပေးလေ၏။ ဤတွင် ဘုန်းတော်ကြီးသည် အပေါ်ဝတ်ရုံကို ချွတ် ခွာ၍ မြို့စားကြီးအဝတ်နှင့်ပြလိုက်ရာ ပရိသတ်များ အံ့အားသင့်သလောက် အိန်ဂျလိုမှာ အကြီးအကျယ် အိန္နေ့ပျက်သွားလေ၏။

ထို့နောက် မြို့စားကြီးသည် ရှေးဦးစွာ အစ်ဇာဘဲလ်ဘက်သို့ လှည့် လျက်. . .

မြို့ "ရှေ့တိုးခဲ့,စားပါ အစ်ဇာဘဲလ်၊ ဘုန်းတော်ကြီးက မြို့စားကြီးဖြစ် လည်း စိတ်နှလုံးမပြောင်းလဲပါဘူး၊ မိန်းကလေးအတွက် ဆောင်ရွက်ပေးဖို့ အသင့်ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘဲလ် "ကျွန်တော်မျိုးမ တစ်ဦးတစ်ယောက်က မြို့စားကြီးတစ်ပါးလုံးကို အလုပ်ပေးပြီး ဒုက္ခပေးမိတဲ့အတွက် ခွင့်လွှတ်တော်မူပါဘုရား"

မြို့စားကြီးကမူ မောင်ကြီးကလော်ဒီယို၏ အသက်ကို မကယ်ဆယ်နိုင်ခဲ့ခြင်းအတွက် မိမိပင်အပြစ်လွှတ်ဖို့ တောင်းပန်ရန်ရှိသေးကြောင်းပြော၏။ (မြို့စားကြီး၏ ရည်ရွယ်ချက်မှာ အစ်ဇာဘဲလ်၏ နှလုံးရည်ကို အကဲစမ်းလိုသေးသည်ဖြစ်သောကြောင့် မောင်ကြီးကလော်ဒီယို အသက်ရှင်လျက် ရှိနေခြင်းကို ထုတ်ဖော်၍မပြောဘဲထားခြင်းဖြစ်လေသည်။)

အိန်ဂျလိုသည် မိမိ၏ယုတ်မာသော အပြုအမူများကို မြို့စားကြီးက တိတ်တဆိတ် စောင့်ကြည့်လျက်ရှိခြင်းကို ရိပ်မိလာသည်နှင့်. . .

လို "မြို့စား ကိုယ်တော်ကြီးဘုရား၊ ကျွန်တော်မျိုးရဲ့ အပြုအမူများကို တန်ခိုးတော် အနန္တနှင့် ပြည့်စုံသောဘုရားသခင်သဖွယ် မြို့စားကြီးက စောင့်ကြည့်ခဲ့ခြင်းများကို ကျွန်တော်မျိုး မရိပ်မိဘူးဆိုလျှင် အလွန်တရာ မသိသားဆိုးရွားရာရောက်ပါတော့မည်၊ သို့မို့ကြောင့် ကျွန်တော်မျိုး၏အရှက်ကို အချိန်ကြာရှည်အောင်မဆွဲဘဲ ကျွန်တော်မျိုး၏ဖြောင့်ဆိုချက်အရ ချက်ချင်းစစ်ဆေးပြီး ခုချက်ချင်း သေဒဏ်စီရင်တော်မူပါ မြို့စားကြီးဘုရား"

မြို့ "အိန်ဂျလို သင်၏အပြစ်ကား ထင်ရှားလျက်ရှိလေပြီ၊ ကလော်ဒီယို၏ ဦးခေါင်း တင်၍ဖြတ်သော စင်းတုံးပေါ်သို့ သင်၏ဦးခေါင်း တင်၍ဖြတ်ရန် ငါစီရင်ချက်ချသည်၊ သင်ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကိုမူ မေရီယာနာက ဆက်ခံစေရန် ငါအမိန့်ပေးသည်၊ မေရီယာနာမှာ ဥစ္စာပစ္စည်းရ၍ လင်တစ်ယောက် ဆုံးရှုံးရသောကြောင့် လင်နှင့်ပစ္စည်းလဲယူရသကဲ့သို့ ဖြစ်နေချေပြီ၊ သို့သော် ပစ္စည်းရှင်တစ်ဦးဖြစ်လာသောကြောင့် သူ့ထက်သာသော လင်တစ်ယောက်ကို ဝယ်ယူနိုင်လိမ့်မည်ဟု ငါမျှော်လင့်သည်" ထိုအခါ မေရီယာနာက လျှောက်ထားသည်မှာ. . .

နာ "ကောင်းမြတ်တော်မူလှသော မြို့စားကြီးဘုရား. . . ကျွန်တော်မသည် အခြားလင်တစ်ယောက်ကိုလည်း မလိုချင်၊ သူ့ထက်သာသော လင်ကိုလည်း အလိုမရှိပါဘုရား. . . "ဟု လျှောက်ထားပြီးလျှင် ကလော်ဒီယိုအတွက် အစ်ဇာဘဲလ် အသနားခံဘူးသကဲ့သို့ အိန်ဂျလို၏အသက်ကို ချမ်းသာပေးတော်မူပါရန် ဒူးထောက်ကာ တောင်းပန်လျှောက်ထားသည်မှာ. . .

နာ "သိမ်မွေ့နူးညံ့သော စိတ်သဘောရှိ၍ ကောင်းမြတ်လှသော မြို့စားကြီးဘုရား၊ ဘယ်လိုပင်ဆိုးသော်လည်း ကျွန်တော်မ၏ လင်ယောကျ်ားဖြစ်လို့မို့ အသက်ကိုချမ်းသာပေးဖို့ အသနားခံပါရစေဘုရား. . . အစ်ဇာဘဲလ်ရေ. . . လာစမ်းပါဦး၊ ကျွန်မကို ကူပြီး တောင်းပန်ပေးစမ်းပါဦး၊ တစ်သက်ပတ်လုံး





ရှင့်ထံမှာ ကျွန်ခံဆိုခံပါ့မယ်. . . ကျွန်မကိုကူညီပါဦးရှင်"

မြို့ "အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို ခိုင်းနေပြန်ပါပြီ၊ အစ်ဇာဘဲလ်က သူ့မောင်ကြီးကို သတ်တဲ့လူအတွက် ဘယ်လိုလုပ်ပြီး တောင်းပန်ပေးနိုင်မှာလဲ၊ တကယ်လို့ တောင်းပန်ပေးလျှင်တော့ ကလော်ဒီယိုက သင်္ချိုင်းမှထလာပြီး သူ့နှမကို အရှင်လတ်လတ် ဆွဲခေါ်သွားမှာပေါ့"

သို့ရာတွင် မေရီယာနာသည် အိန်ဂျလိုအတွက် တောင်းပန်ပေးပါရန် အစ်ဇာဘဲလ်အား ဆက်လက်ပူဆာလျက် ရှိသည်မှာ. . .

နာ "လာစမ်းပါဦး အစ်ဇာဘဲလ်၊ ရှင်ကသဘောထား ကြီးပါတယ်ရှင်၊ လာစမ်းပါဟောဒီမှာ ကျွန်မနဲ့ယှဉ်ထိုင်ပြီး ဒူးကလေးထောက်၊ လက်ကလေးမြှောက်ရုံကလေး မြှောက်ထားပါ၊ ပါးစပ်ကဘာမျှ မပြောချင်နေ၊ ကျွန်မကအားလုံးပြောပါ့မယ်ရှင်၊ ဆိုရိုးစကားတစ်ခု ရှိပါတယ်ရှင်၊ ကောင်းလှပါတယ်ဆိုတဲ့ ယောကျ်ားများဟာ အပြစ်အနာအဆာတွေ ထဲကနေပြီး လူကောင်းဖြစ်သွားကြရတာပါဘဲတဲ့၊ အများအားဖြင့်တော့ အပြစ်အနာအဆာကလေး နည်းနည်းပါးပါး ရှိမှသာ သာပြီးကောင်းတတ်ပါတယ်တဲ့၊ ကျွန်မလင်ဟာလဲ အဲဒီလိုဘဲဖြစ်နိုင်ပါတယ်၊ လာစမ်းပါရှင် ဒီအနားမှာ ဒူးထောက်လှည့်စမ်းပါ"

မြို့ "ကလော်ဒီယိုကို သတ်မိန့်ပေးတဲ့အတွက် အိန်ဂျလို သေစေရမည်"

အစ်ဇာဘဲလ်သည် မေရီယာနှင့်ယှဉ်ကာ ဒူးထောက်လိုက်သည်ကို မြင်လိုက်ရသောအခါ အလွန်စိတ်နှလုံးကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားသော မြို့စားကြီးမှာ ဝမ်းသာလျက်ရှိလေ၏။

ဘဲလ် "ဘုန်းတော်ကြီးလှသော မြို့စားကြီးဘုရား စီရင်ချက် ချမှတ်ထားသည့် အိန်ဂျလိုကို အသက်ရှင်လျက်ရှိတဲ့ ကျွန်တော်မရဲ့မောင်ကြီး ကလော်ဒီယို အဖြစ်နဲ့မြင်တော်မူပါဘုရား၊ အိန်ဂျလိုသည် ကျွန်တော်မကို မမြင်ရမီအခါက သိက္ခာသမာဓိနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တန်ရာသည်ဟု ကျွန်တော်မ ယုံကြည်ပါသည်ဘုရား၊ ဤအချက်ကို ထောက်ထားပြီး သူ့အသက်ကို ချမ်းသာပေးတော်မူပါဘုရား၊ ကျွန်တော်မရဲ့ မောင်ကြီးဟာ ဥပဒေအရ အပြစ်ရှိသော အမှုကိုပြုမိခြင်းအတွက် သေရခြင်းဖြစ်သောကြောင့် တရားသော သေခြင်းဟု ဆိုထိုက်ပါသည်ဘုရား"

မြို့စားကြီးသည် ရန်သူကြီး တစ်ယောက်သဖွယ် သဘောထားထိုက်သော အိန်ဂျလိုအတွက် အစ်ဇာဘဲလ်ကဤမျှလောက် သဘောထားကြီးစွာနှင့် တင်လျှောက်အသနားခံသော စကားများကိုကြားရသောအခါ၌ လွန်စွာနှစ်သိမ့်လှသည်ဖြစ်၍ ထောင်ထဲ၌ သေမည်ရှင်မည်မသိနိုင်ဘဲ မျှော်လင့်လင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com

စောင့်နေရသည့် ကလော်ဒီယိုအား ခေါ်ခဲ့စေပြီးလျှင် မောင်နှမနှစ်ယောက်တို့အား ဆုံစည်းစေလျက် အစ်ဇာဘဲလ်အား ပြောသည်မှာ-

မြို့ "သင့်လက်ပေးစမ်း၊ အစ်ဇာဘဲလ် သင့်မျက်နှာကို ထောက်ထားပြီး ကလော်ဒီယိုကို ငါချမ်းသာပေးတယ်၊ သူနဲ့ငါနဲ့ ညီအစ်ကိုတော်ကြရအောင်၊ ငါ့မေတ္တာကို လက်ခံပါလား အစ်ဇာဘဲလ်"

ထိုအခါ၌မူ အိန်ဂျလိုမှာ အသက်ချမ်းသာရာ ရပြီဖြစ်ကြောင်းရိပ်မိသည်နှင့် ကြည်ရွှင်သောမျက်နှာဖြစ်လာခြင်းကို မြို့စားကြီးမြင်ရသည်တွင်-

မြို့ "ကိုင်း-အိန်ဂျလို သင့်မယားကို ကြင်ကြင်နာနာ ပေါင်းသင်းပေတော့ မေရီယာနာ တော်လှတဲ့အတွက် သင့်အသက်ကို ကျွန်ုပ်ချမ်းသာပေးတယ်၊ စိတ်ချမ်းချမ်းသာသာ ပေါင်းသင်းကြပေတော့ အိန်ဂျလိုကိုလည်း ကြင်နာပါနော်၊ သင့်မယားက ကျွန်ုပ်ကိုအားလုံး ဖွင့်ပြောပြီးဖြစ်လို့မို့ ဘယ်လောက်အကျင့်စာရိတ္တကောင်းတဲ့ မိန်းမတစ်ယောက်ဖြစ်ကြောင်း၊ ကျွန်ုပ်သိရပြီးပြီ"

အိန်ဂျလိုမှာလည်း ခေတ္တမျှ အာဏာလက်ကိုင်ပြုရသည့် အခိုက်အတန့် ကလေးအတွင်း၌ မိမိ၏စိတ်သဘောသည် မည်မျှလောက် တင်းမာခက်ထန်သွားခဲ့သည့် အကြောင်းကို စဉ်းစားမိသဖြင့် နောင်တတရားရလျက်ရှိလေ၏။

မြို့စားကြီးသည် ကလော်ဒီယိုအား ဂျူလီယက်နှင့် ထိမ်းမြားလက်ထပ်စေ၍ မိမိကိုယ်တိုင်မှာလည်း အစ်ဇာဘဲယ်၏ မြင့်မြတ်ဖြူစင်သော စိတ်နှလုံးကို သဘောကျလှသည် ဖြစ်၍ မိမိ၏မေတ္တာကို လက်ခံရန် အစ်ဇာဘဲလ်အား ထပ်လောင်းတိုက်တွန်းလေ၏။ အစ်ဇာဘဲလ်မှာလည်း သီလရှင် မပြုရသေးသည်ဖြစ်၍ အိမ်ထောင်ပြုနိုင်ခွင့် ရှိသေးသည်ဖြစ်၍ ဘုန်းတော်ကြီးအသွင်ဖြင့် မိမိအတွက် ဆောင်ရွက်ပေးခဲ့သော ကျေးဇူးများကို ထောက်ထားခြင်းအားဖြင့် ဝမ်းမြောက်စွာလက်ခံသဘောတူလေ၏။ အစ်ဇာဘဲလ်သည် မြို့စားကတော်ကြီးဖြစ်လာသောအခါ တွင် ၎င်း၏သိက္ခာစောင့်စည်းခြင်း တည်းဟူသောနမူနာကို အတုယူကြသည်ဖြစ်သောကြောင့် ဗီယာနာမြို့သူ အမျိုးသမီးကလေးများသည် ဂျူလီယက်၏အမှားမျိုးမှ ရှောင်ကြဉ်ရန် သတိတရားရကြလေ၏။ ကရုဏာတရားကို ချစ်မြတ်နိုးသော မြို့စားကြီးသည် အစ်ဇာဘဲလ်နှင့်အတူ နန်းထိုင်ရ၍ မြို့စားတကာအနက်တွင် ချမ်းသာသုခနှင့် အပြည့်စုံဆုံးသော မြို့စားကြီးတစ်ပါးအဖြစ်နှင့် အသက်ရှည်စွာ အုပ်ချုပ်စိုးစံ ကြရလေသတည်း။

သွေးသောက်၊ အမှတ် (၁၇၁)၊ ဧပြီလ၊ ၁၉၆၀ ခုနှစ်။

❏ ❏ ❏

## တရိုနာမြို့သား သူငယ်ချင်းနှစ်ယောက်

ရှေးသရောအခါ တာရိုနာမြို့တွင် ဗလင်တိုင်နှင့် ပရိုတီယတ်(စ)အမည်ရှိ လူကုံတန်သူငယ်ချင်း နှစ်ယောက်ရှိရာ၊ ထိုလူငယ်နှစ်ယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် မဖောက်မပြန် ကြာရှည်လေးမြင့် ခိုင်မြဲစွာချစ်ခင်ခဲ့ကြသော မိတ်ဆွေများဖြစ်ကြ၏။ ၎င်းတို့သည် အတူတကွ ပညာသင်ကြားကြ၍ ပရိုတီယတ်(စ) လူပျိုလှည့်သွားသော အချိန်မှတပါး အားလပ်သောအခါများတွင် တစ်ယောက်ကိုတစ်ယောက် အဖော်ပြုကာ မခွဲမခွာ နေလေ့ရှိကြ၏။

သူငယ်ချင်းနှစ်ယောက်တို့သည် နေရာတကာတွင် သဘောတူညီခြင်းရှိကြ၍ အမျိုးသမီးဂျူလီယာအား ပရိုတီယတ်(စ) ကချစ်ကြိုက်သော ကိစ္စနှင့် လူပျိုလှည့်သွားသော ကိစ္စများ၌သာလျှင် သဘောကွဲလွဲခြင်းရှိကြ၏။ ဗလင်တိုင်မှာမူ မည်သူ့ကိုမျှ ချစ်ကြိုက်ဖူးခြင်းမရှိသေးသူ တစ်ယောက်ဖြစ်သည့် အလျောက် သူငယ်ချင်းပရိုတီယတ်(စ)ကသူ၏ ရည်းစားဂျူလီယာ အကြောင်းကို ချည်းခဏခဏ ပြောခြင်းများကိုကြားရ၍ တစ်ခါတစ်ရံ နားငြီးသည်နှင့် မိမိအဖို့မှာ ချစ်ကြိုက်သော စိတ်မျိုးကို ဘယ်တော့မှ လက်ခံလိမ့်မည် မဟုတ်ကြောင်း၊ ပျော်ချည်တစ်ခါ ပူချည်တစ်လှည့်ဖြင့် စိတ်သောက ရောက်ရသောအဖြစ်မျိုးထက် လူပျိုစင်အဖြစ်နှင့် လွတ်လပ်စွာတကိုယ်ရည်တကာယ နေရခြင်းမျိုးကို

သီဟရတနာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်သည် ဆိုကာ ပရိုတီယတ်(စ)၏ ရည်းစားထားခြင်းအလုပ်ကို ပြက်ရယ်ပြောင်လှောင်ဆိုလေ့ရှိ၏။

တစ်နေ့သော နံနက်၌ ဗလင်တိုင်သည် ပရိုတီယတ်(စ)ထံသို့လာ၍ မိုင်လင်မြို့သို့ သွားရန်ကိစ္စရှိသောကြောင့် သူငယ်ချင်းနှင့် ကာလအတန်ကြာ ခွဲခွာရမည့် အကြောင်းပြောလေ၏။ ပရိုတီယတ်(စ)သည် သူငယ်ချင်းနှင့် မခွဲခွာလိုသည်ဖြစ်၍ ဗလင်တိုင်အား မိုင်လင်မြို့သို့ မသွားရန်အကြောင်း အမျိုးမျိုးပြ၍ တား၏။ သို့ရာတွင် ဗလင်တိုင်က "ကျုပ်ကိုမတားပါနဲ့ သူငယ်ချင်း၊ အရွယ်ရှိတုန်း အချိန်ကလေးအတွင်း အိမ်မှာထိုင်ပြီး လူပျင်းကြီးတစ်ယောက်အနေနဲ့ အလကားအချိန်မဖြုန်းလိုဘူး၊ အိမ်မှာချည်းထိုင်နေလို့ အကြားအမြင်ဗဟုသုတခေါင်းပါးပြီး ဉာဏ်ထိုင်းတတ်တယ် သူငယ်ချင်းရဲ့၊ သူငယ်ချင်းမှာ ရည်းစားဂျူလီယာရဲ့ မျက်နှာချိုကလေးကို ကြည့်ပြီးပီတိဖြစ်နေလို့သာပေါ့၊ နို့မဟုတ်လျှင် ကျုပ်နဲ့အတူ လိုက်ခဲ့ပါလို့ ခေါ်သွားချင်တာဘဲ၊ အခုတော့ သူငယ်ချင်းမှာ ပိုးပန်းရတဲ့အလုပ်ရှိနေလေတော့ မခေါ်တော့ပါဘူး၊ သူပိုးပန်းမှု အောင်မြင်ပါစေလို့သာ ဆုတောင်းသွားပါတော့မယ်"ဟုပြန်ပြောလေ၏။

ထို့နောက် သူငယ်ချင်းနှစ်ယောက်တို့သည် တစ်ယောက်အပေါ်၌ တစ်ယောက် စိတ်ပြောင်းလဲခြင်း မရှိဘဲ ခိုင်မြဲသော မိတ်ဆွေများအဖြစ်နှင့် တည်နေကြဖို့ အပြန်အလှန်သစ္စာပြုကာ ခွဲခွာကြမည်ပြုဆဲတွင် ပရိုတီယတ်(စ)က "သူငယ်ချင်းရယ်. . . တစ်မြို့တစ်ရွာရောက်လို့ ထူးထူးဆန်းဆန်းများ တွေ့မြင်ရတဲ့အခါတိုင်း ကျုပ်ကိုသတိရပြီး နှစ်ယောက်အတူတကွ ပျော်ကြရလျှင်ကောင်းလေစွလို့ အာရုံပြုလိုက်ပါတော့ဗျား"ဟု မှာထားလိုက်လေ၏။

ဗလင်တိုင်သည် ၎င်းနေ့၌ပင် မိုင်လင်မြို့သို့ ခရီးထွက်လေရာ ပရိုတီယတ်(စ) သည် ဂျူလီယာထံသို့ စာတစ်စောင်ရေး၍ ဂျူလီယာ၏ အစေခံမလူစက်တာ၏ လက်သို့ပေးအပ်ပြီးလျှင် ၎င်း၏သခင်မသို့ပေးရန် မှာထားလိုက်လေ၏။

ဂျူလီယာသည် မိမိအား ပရိုတီယတ်(စ)က ချစ်ကြိုက်သကဲ့သို့ ပရိုတီယတ်(စ)ကို ချစ်ကြိုက်လျက်ရှိသော်လည်း ဣန္ဒြေစောင့်စည်းသော မိန်းမတစ်ယောက်ဖြစ်သည့်အလျောက် 'အညာလွယ်' လွန်းလျှင် မိန်းမဣန္ဒြေမဲ့ရာရောက်သည်ဟု ယူဆသည်နှင့် ပရိုတီယတ်(စ)၏ မေတ္တာကို တုန့်ပြန်ကြောင်းကို ဖွင့်ဟဝန်ခံခြင်းမပြုဘဲ ထားခြင်းကြောင့် ပရိုတီယတ်(စ)မှာ စိတ်ချလက်ချမရှိရဘဲ သို့လောသို့လောဖြင့် စောင့်မျှော်နေရလေတော့၏။

အစေခံမ လူစက်တာသည် ပရိုတီယတ်(စ)၏ စာကို သခင်မ၏လက်သို့ပေးအပ်သောအခါ ဂျူလီယာက စာကိုယူခဲ့ရချေမည်လောဟု ကြိမ်း





မောင်းကာ စာကိုလက်မခံဘဲ လူစက်တာအား အခန်းထဲမှ ထွက်သွားရန် မောင်းထုတ်လိုက်လေ၏။ သို့ရာတွင် ဂျူလီယာသည် စာထဲ၌ ရေးသားပါရှိမည့် အကြောင်းအရာများကို သိချင်လှသည်နှင့် လူစက်တာကို ပြန်ခေါ်ပြီးလျှင် "ဘယ်နှစ်နာရီ ထိုးပြီလဲ" ဟုမေး၏။ လူစက်တာကမူ မိမိ၏သခင်မသည် အချိန်နာရီကို သိလို၍မဟုတ်၊ စာထဲ၌ပါသော အကြောင်းအရာများကို သိလိုသောကြောင့် မေးခြင်းဖြစ်သည်ဟု တွေးမိသည်နှင့် သခင်မ၏ မေးခွန်းကိုမဖြေဘဲ စာကိုသာထုတ်၍ ပေးပြန်လေ၏။ ဤတွင်ဂျူလီယာသည် မိမိ၏စိတ်အကြံကို တွေးဆနိုင်ရမည်လောဟု လူစက်တာအား စိတ်ဆိုးကာစာကိုယူ၍ ဆုတ်ဖြဲပြီးနောက် ကြမ်းပေါ်သို့ ပြန့်ကြဲလျက်ရှိသော စာရွက်စုတ်များကို ကောက်ယူမည်ပြုစဉ် ဂျူလီယာက "နေပါစေ ထားပစ်ခဲ့ပါ ညီးအလုပ် မဟုတ်ပါဘူး"ဟု ငေါက်ထုတ်လိုက်လေ၏။

ထို့နောက် ဂျူလီယာသည် စာရွက်စုတ်ကလေးများကို ကောက်ယူ၍ စပ်ဟပ်ကာဖတ်ကြည့်ရာတွင် ရှေးဦးစွာ "ချစ်စိတ်မွှန်၍ အသည်းကွဲမတတ်ဖြစ်နေသော ပရိုတီယတ်(စ)" ဟူသော စကားလုံးကလေးများကို တွေ့လိုက်ရသည်။ ဂျူလီယာသည် စာရွက်စုတ်ကလေးများကို ဆက်လက်စပ်ဟပ်ကာ ဖတ်ရှုပြန်ရာတွင် စာတစ်စောင်လုံး၏ အဓိပ္ပာယ်ကို အတိအကျ အကုန်အစင်နားမလည်နိုင်သော်လည်း အထက်ပါစကားလုံး၏ အဓိပ္ပာယ်မျိုး ဖော်ပြသည့် မေတ္တာစကားလုံး အမြောက်အများကို တွေ့ရသည်နှင့် "သနားပါတယ်ကွယ်၊ ချစ်စိတ်မွှန်ပြီး အသည်းကွဲရတော့မတတ် ဆိုပါကလား၊ ကိုင်း-ဒီမှာနေကြ" ဟုဆိုကာ စာရွက်စုတ်ကလေးများကို မိမိ၏ရင်ခွင်ထဲသို့ ထိုးထည့်၍ ထားလိုက်လေ၏။ ၎င်းနောက် ဂျူလီယာသည် ဤမျှလောက် ကြင်နာသော အနက်အဓိပ္ပာယ်များ ပါရှိသည့် စာရွက်ကိုရက်ရက်စက်စက် ဆုတ်ပစ်မိချေပြီတကားဟု နောင်တရသည်နှင့် ပရိုတီယတ်(စ)ထံသို့ ဘယ်အခါမျှ မရေးဘူးသည့် ကြင်နာသော စာမျိုးတစ်စောင် စီကုံးရေးသားလေ၏။

ပရိုတီယတ်(စ)သည် ဂျူလီယာထံမှ ပြန်စာကိုရရှိ၍ ကြည်နူးရွှင်မြူးဝမ်းမြောက်စွာ ဖတ်ရှုရင်း "နေရာကျလိုက်တာ ကော်တာပဲဟေ့ လူကိုယ်တိုင်မပြောနဲ့ဦးတော့၊ စာလုံးလေးတွေကိုက ချစ်စရာကောင်းလိုက်တာ ပါလားကွယ်တို့" စသည်များဖြင့် တတွတ်တွတ်ရေရွတ်ပြောဆိုလျက်ရှိစဉ်သူ၏ဘခင်ဝင်လာ၍။

"ဘာလဲဟေ့၊ ဘယ်ကစာလဲကွဲ့၊ဘာအကြောင်းများလဲ"ဟုမေးလေ၏။

"မိုင်လင်မြို့ရောက်နေတဲ့ သူငယ်ချင်းဗလင်တိုင် ဆီကစာပါဖေဖေ"

"ဘာသတင်းများပါသလဲဟေ့ ပြစမ်း၊ ငါဖတ်ကြည့်မယ်"



www.burmeseclassi.com

www.burmeseclassic.com



"သတင်းထူးမပါပါဘူးဖေဖေ၊ မိုင်လင်မြို့ဝန်ကြီးက သူ့ကို အင်မတန်ခင်မင်လို့မို့ အထူးအရေးပေးတဲ့ အကြောင်းပါဘဲ၊ ကျွန်တော့်ကိုလဲ သူနဲ့အတူရှိနေလျှင် သိပ်ကောင်းမှာဘဲ ဆိုတဲ့အကြောင်းလည်းပါတယ်ဖေဖေ. . ."

"သူနဲ့အတူ ရှိစေချင်တယ်ဆိုတဲ့ စေတနာနဲ့ပတ်သက်ပြီး မင်းဆန္ဒကကော ဘယ်လိုလဲကွဲ့"

"ဒါကတော့ ကျွန်တော်တို့ သူငယ်ချင်းချင်းဘယ်လို စေတနာထားတယ်ဆိုပေမင့် ဖေဖေ့ဆုံးဖြတ်ချက်အတိုင်း ဖြစ်ရမှာပေါ့ ဖေဖေ. . ."

ပရိုတီယတ်(စ)၏ ဘခင်မှာ မကြာသေးမီကလေးကပင် ပရိုတီယတ်(စ)အကြောင်းနှင့်သတ်၍ မိတ်ဆွေတစ်ယောက်နှင့် ဆွေးနွေးခဲ့ဘူးရာ၊ ၎င်းမိတ်ဆွေက အခြားသော လူငယ်များသည် တစ်မြို့တစ်ရွာသို့ သွား ၍ ကြီးပွားရာကြီးပွားကြောင်း ရှာကြံလျက် ရှိကြစဉ် ပရိုတီယတ်(စ)အား အိမ်၌အလကားထားသည်မှာ အဲ့သြဖို့ကောင်းကြောင်း၊ အချို့လူငယ်များမှာ စစ်မှုထမ်းအဖြစ်နှင့် လည်းကောင်း၊ ဟချို့မှာ တိုင်းသစ်၊ ပြည်သစ်များ ရှာဖွေ ခြင်းဖြင့်လည်းကောင်း၊ အချို့မှာ နိုင်ငံခြားတက္ကသိုလ်များတွင် ပညာဗဟုသုတ ဆည်းပူးခြင်းဖြင့် လည်းကောင်း၊ ဗလင်တိုင်မှာလည်း မိုင်လင်မြို့သို့သွား၍ မြို့ဝန်ကြီးထံတွင် အမှုထမ်းခြင်းဖြင့်လည်းကောင်း၊ ကြီးပွားရေးအတွက် အနည်း နည်းအဖုံဖုံ ကြိုးစားလျက် ရှိကြကြောင်း၊ ပရိုတီယတ်(စ)မှာလည်း ထိုသို့သော အလုပ်မျိုးတို့ကို ဆောင်ရွက်နိုင်သောလူငယ် တစ်ယောက်ဖြစ်ပါလျက် အိမ်တွင် အလကားထိုင်စားလျက် ရှိကြောင်း၊ ယခုချက်ချင်းလက်ငင်း ကိစ္စမရှိဟု ဆိုနိုင်သော်လည်း ကြီးပြင်းလာသောအခါတွင် ပရိုတီယတ်(စ)အဖို့မှာ နစ်နာ ဖွယ်ရှိကြောင်းများနှင့် ပြောဆိုဘူးလေသည်။

ပရိုတီယတ်(စ)၏ ဘခင်သည် ၎င်းမိတ်ဆွေ၏ စကားများကို နားဝင်လျက်ရှိခဲ့ရာ၊ ပရိုတီယတ်(စ)က ဗလင်တိုင်၏ အတူတကွနေလိုသော ဆန္ဒရှိကြောင်းကို ပြောပြသောအခါတွင် ဘခင်သည် ၎င်း၏သားကို ဗလင်တိုင်ရှိနေသည့် မိုင်လင်မြို့သို့ပို့ရန် ဆုံးဖြတ်လိုက်လေ၏။ သို့ဖြစ်၍ ဘခင်သည် ပရိုတီယတ်(စ)အား မိမိ၏ဆုံးဖြတ်ချက်ကို ရုတ်တရက် ပြောပြလိုက်ရာတွင် ပရိုတီယတ်(စ)မှာ အကြီးအကျယ် အံ့အားသင့်လျက်ရှိ၏။ ဘခင်သည်သား၏-အံ့သြသော မျက်နှာထားကို မြင်ရသောအခါ "ဘာလဲကွဲ့ မင်းကအံ့အားသင့်နေသလား၊ သားသမီးကို ငါကအကျိုးတွေ၊ အကြောင်းတွေ ရှင်းလင်းပြောပြနေတဲ့ ဝါသနာမရှိဘူးဆိုတာ မင်းသိပြီမဟုတ်လား၊ စကားရှည်ရှည်မပြောဘူး ငါကသွားဆို မင်းသွားရမယ်၊ ကြာကြာမဆိုင်းဘူး နက်ဖြန်ခါ မင်းသွားရမယ်၊ အားလုံးအသင့်ပြင်ထားဟေ့"





ပရိုတီယတ်(စ)သည် ဆင်ခြေဆင်လက်ပေးခြင်းကို လက်ခံလေ့မရှိသော ဘခင်၏ဝါသနာကို သိပြီးဖြစ်၍ ဂျူလီယာ၏စာကို ဗလင်တိုင်၏စာဖြစ်လေဟန်နှင့် ဘခင်အား လှည့်စားပြောဆို လိုက်မိသည့် မိမိ၏အပြစ်ကိုသာလျှင် ယူကြုံးမရ ဖြစ်လျက်ရှိရလေတော့၏။ သွားရတော့မည်မှာကား သေချာပြီးဖြစ်၍ အချိန်ရွှေ့ဆိုင်းဖို့ပင် တတ်နိုင်တော့သည် မဟုတ်ချေ။

ဂျူလီယာသည် ပရိုတီယတ်(စ) အကြောင်းကို ကြားသိရသောအခါ အချိန်ကြာရှည်စွာ ခွဲခွာကြရမည့်အဖြစ်ကို သိမြင်၍ ယခင်ကကဲ့သို့ ဣန္ဒြေဆည်ကာ ဟန်မလုပ်နိုင်တော့ဘဲ နှစ်ဦးသား တွေ့ဆုံလျက် ချစ်ကြိုက်ကြောင်းဖွင့်ဟဝန်ခံရုံသာမက "မောင်ကလွဲလျှင် ဖွဲနှင့်ဆန်ကွဲ"ဟူသော စကားလုံးမျိုးဖြင့် မိမိတို့၏မေတ္တာကို အပြန်အလှန် သစ္စာပြုကြလေတော့သည်။ ပရိုတီယတ်(စ)နှင့် ဂျူလီယာတို့သည် လက်စွပ်ချင်းလဲလှယ်ကြ၍ တစ်ယောက်နှင့်တစ်ယောက် စွဲမြဲစွာချစ်ကြိုက်သော အထိမ်းအမှတ်ဖြင့် ဘယ်တော့မှ မချွတ်စတမ်းဆိုကာ ကတိပြုကြသေး၏။ ထို့နောက်မှ ပရိုတီယတ်(စ)သည် ဝမ်းနည်းပက်လက်နှင့်ပင် သူငယ်ချင်း ဗလင်တိုင့်ရှိနေသော မိုင်လင်မြို့သို့ ခရီးထွက်ခဲ့လေ၏။

ဗလင်တိုင်မှာ ပရိုတီယတ်(စ)က သူ၏ဘခင်အား ဖြန်းသန်းပြောဆိုဘူးသည့်အတိုင်း မိုင်လင်မြို့ဝန်ကြီး၏ ချစ်ခင်မြတ်နိုးခြင်းကို အဟုတ်တကယ်ခံယူ ရရှိထားလေ၏။ အခြားသော ထူးခြားချက်တစ်ခု ရှိသေးသည်မှာလည်း ဗလင်တိုင်သည် ရည်းစားထားခြင်းအလုပ်၌ ဝါသနာမရှိကြောင်း၊ တစ်ကိုယ်ရည်တစ်ကာယ လွတ်လပ်စွာ နေရခြင်းမျိုးကိုသာ နှစ်သက်ကြောင်းဖြင့် ပရိုတီယတ်(စ)အား ပြောဘူးသော်လည်း မိုင်လင်မြို့သို့ ရောက်သောအခါ၌မူ ပရိုတီယတ်(စ)ကဲ့သို့ပင် ချစ်ကြိုက်သူရှိနေခဲ့လေပြီ။

ဗလင်တိုင်အား ယင်းကဲ့သို့ စိတ်သဘောပြောင်းလဲအောင် ဖွမ်းဆောင်နိုင်သူမှာကား မိုင်လင်မြို့ဝန်ကြီး၏သမီး ဆီလ်ဗီယာပင်ဖြစ်၍ 'တဘီးလိမ့်' အဖြစ်မျိုးမဟုတ်ဘဲ အပြန်အလှန် ချစ်ကြိုက်ကြသည့် သမီးရည်းစားအခြေအနေသို့ ရောက်ခဲ့ကြလေပြီ။ မြို့ဝန်ကြီးသည် ဗလင်တိုင်အား ချစ်ခင်မြတ်နိုးသည် မှန်သော်လည်း မိမိ၏သမီးကိုမူ မိမိ၏နန်းတော်၌ မင်းခစားယောကျာ်း တစ်ယောက်ဖြစ်သော သူရီယိုဆိုသူနှင့် ထိမ်းမြားလက်ထပ်ရန် ရည်မှန်းထားသည် ဖြစ်သောကြောင့် ဗလင်တိုင့်နှင့် ဆီလ်ဗီယာတို့သည် မိမိတို့၏ ချစ်ကြိုက်မှုကို မြို့ဝန်ကြီးမသိစေဘဲ လျှို့ဝှက်ထားကြရလေသည်။ ဆီလ်ဗီယာ၏ မျက်စိ၌သူ ရီယိုသည် ဗလင်တိုင်၏ အရည်အချင်းမျိုးမရှိဟု မြင်သည့်အတွက်ကြောင့် မနှစ်မြို့နိုင်ဘဲ အထင်သေးလျက်ရှိလေ၏။

သီဟရတနာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ပြိုင်ဘက်များဖြစ်ကြသောဗလင်တိုင်နှင့်သူရီယိုတို့သည် ဆီလ်ဗီယာထံသို့ လူပျိုလှည့်လာကြရင်း ဆုံစည်းလျက်ရှိကြသည်တွင် ဗလင်တိုင်သည် သူရီယိုပြောသမျှ စကားများကို ရယ်စရာချည်းဖြစ်အောင် ပြုလုပ်လျက်ရှိ၏။ ထိုခဏတွင် မြို့ဝန်ကြီးသည် အခန်းတွင်းသို့ ဝင်လာ၍ဗလင်တိုင်အား သူငယ်ချင်း ပရိုတီယတ်(စ) ဆိုက်ရောက်လာကြောင်း ပြောလေရာ၊ ဗလင်တိုင်က သူငယ်ချင်း ပရိုတီယတ်(စ)၏ ဂုဏ်ပုဒ်များ အကြောင်းကို ချီးကျူးလျက် သူငယ်ချင်းကို ဤအိမ်၌တွေ့ရမည့်အတွက် ဝမ်းသာကြောင်းပြောသဖြင့် မြို့ဝန်ကြီးက သမီးဆီလ်ဗီယာနှင့် သမက်လောင်း သူရီယိုတို့အား ပရိုတီယတ်(စ)ကို ခရီးဦးကြိုပြုကြရန် ပြောဆဲတွင် ပရိုတီယတ်(စ)သည် အခန်းထဲသို့ ဝင်လာလေ၏။ ထိုအခါ ဗလင်တိုင်သည် ပရိုတီယတ်(စ)နှင့် ဆီလ်ဗီယာတို့အား မိတ်ဆက်ပေး၍ မိမိ၏သူငယ်ချင်းကိုလည်း မိမိကဲ့သို့ပင် ဆီလ်ဗီယာ၏ ကျေးကျွန်တစ်ယောက်အနေဖြင့် သဘောထားဖို့ ယဉ်ကျေးစွာပြောလေ၏။

ဗလင်တိုင်နှင့် ပရိုတီယတ်(စ)တို့သည် မြို့ဝန်ကြီး၏အိမ်မှ ဆင်းလာကြ သောအခါ ဗလင်တိုင်က-

"ဘယ့်နှယ်လဲသူငယ်ချင်း ဗာရိုနာမြို့က လူတွေအကြောင်း ကြားပါရစေအုံးလားဗျာ၊ ဂျူလီယာတို့ကော ဘယ့်နှယ်လဲ၊ ခင်ဗျားတို့ အချစ်ပြဿနာကော. . . ဘယ်လိုအခြေအနေ ဆိုက်နေသလဲဗျ၊ ပြောပြစမ်းပါအုံး"

"ခင်ဗျားက အချစ်ဇာတ်လမ်းမျိုး နားထောင်ရတာ ငြီးငွေ့တတ်တယ်လို့ ကျုပ်သိထားလေတော့ ပြောမပြချင်တော့ပါဘူးဗျာ"

"မလုပ်ပါနဲ့ဗျ ကျုပ်ကအခု တစ်မျိုးဖြစ်နေပြီ၊ ခင်ဗျားကို ကဲ့ရဲ့မိတာတွေ ကျုပ်မှာဝဋ်လည်နေပြီဗျို့၊ ခင်ဗျား ဖြစ်တုန်းကတော့ တော်ရုံလောက်တယ် ကျုပ်မှာတော့ အိပ်လို့မပျော်၊ စားလို့မဝင် ဖြစ်နေပြီဗျ၊ ချစ်စိတ်ဆိုတာမျိုးဟာ တယ်ပြီးမွန်တတ်ပါလား သူငယ်ချင်း၊ ဟန်လျှင်ဟန်သလောက် ဝမ်းမြူးရပြီး မဟန်လျှင်မဟန်သလောက် စိတ်ရှုပ်ရတဲ့ဟာမျိုးဘဲ၊ ကျုပ်သဘောပေါက်လာပြီဗျို့၊ ခုတလောများတော့ ကျုပ်က အချစ်အကြောင်းကလွဲပြီး ဘာစကားမှ မပြောချင်တော့ဘူးဗျို့၊ စားလဲဒီစိတ်, သွားလဲဒီစိတ်, အိပ်လဲဒီစိတ်, မှိတ်လဲဒီ စိတ်ဆိုတာ ဟုတ်ပေတာပဲ သူငယ်ချင်းရယ်"

အချစ်အတွက်ကြောင့် ဗလင်တိုင်၏ စိတ်သဘောပြောင်းလဲလာခြင်းကို ပရိုတီယတ်(စ)တွေ့ခြင်းမှာ ဝမ်းသာဖွယ်သော အောင်မြင်မှုတစ်ခုဟူ၍ ဆိုရမည်ဖြစ်သော်လည်း၊ ပရိုတီယတ်(စ) အဖို့၌ ဝမ်းမသာနိုင်အောင် ဖြစ်နေသည့် အချင်းအရာတစ်ခု ပေါ်ပေါက်လျက်ရှိလေပြီ။ ပရိုတီယတ်(စ)မှာ မြို့ဝန်ကြီး၏သမီး ဆီလ်ဗီယာကို တစ်ထိုင်တည်း မြင်ခဲ့ရရုံနှင့်ပင် အဟုန်ပြင်းထန်စွာ





ချစ်မုန်တိုင်းကြီးတိုက်ခတ် တိုးဝှေ့ခြင်းခံခဲ့ရသည် ဖြစ်သောကြောင့်၊ သစ္စာရှိသော သူငယ်ချင်းအဖြစ်မှ မဖောက်မပြန်ဘဲ၊ တည်မြဲစွာ ချစ်ကြိုက်သော ရည်းစားအဖြစ်မှလည်းကောင်း၊ တစ်ခါတည်း လျှောဆင်းသွားခဲ့လေပြီ။ ပရိုတီယတ်(စ)သည် ဆီလ်ဗီယာအား တစ်ကြိမ်တည်း မြင်ခဲ့ရရုံမျှနှင့် ဂျူလီယာအား ချစ်ကြိုက်စွဲလမ်းခဲ့သော စိတ်သည် အိပ်မက်သဖွယ် ပျောက်ပြယ်သွား၍၊ တစ်သက်ပတ်လုံး ချစ်ခဲ့လှပါသည်ဆိုသော သူငယ်ချင်း ဗလင်တိုင်၏ ရည်းစားကိုလည်း လုယူလိုသော လောဘဇောတိုက်လျက် ရှိခဲ့လေပြီ။ ပထမ၌ ပရိုတီယတ်(စ)မှာ လူကောင်းတစ်ယောက်ဖြစ်ခဲ့ရာမှ စိတ်ဆိုးဝင်လာသူတို့၏ ထုံးစံအတိုင်း သူငယ်ချင်းအပေါ်၌လည်းကောင်း၊ ရည်းစားအပေါ်၌လည်းကောင်း၊ ဖောက်လွဲဖောက်ပြန် ကျင့်ကြံရမည့်အတွက် စိတ်မသိုးမသန့် ဖြစ်မိ၏။ သို့ရာတွင် နောက်ဆုံး၌မူကား၊ စိတ်အင်အားနည်း၍ လောဘဇောတိုက်ခြင်း ခံရသူတို့၏ ထုံးစံအတိုင်း "တတ်နိုင်ပါဘူး" ဟု အောက်မေ့ကာ၊ လောဘတိုက်တွန်းသည့် စိတ်ဆိုးကိုပင် လက်ခံလိုက်လေတော့၏။

ဗလင်တိုင်ကမူ၊ ချစ်လှသောသူငယ်ချင်းဆို၍ ယုံကြည်စိတ်ချလျက်ရှိသည့်အတိုင်း၊ မိမိနှင့်ဆီလ်ဗီယာတို့၏ အဖြစ်အပျက်ကို ပရိုတီယတ်(စ)အား အလုံးစုံဖွင့်ဟ တိုင်ပင်လေ၏။ မိမိတို့၏ ချစ်ကြိုက်မှုကို မြို့ဝန်ကြီး မသိစေရအောင် လျှို့ဝှက်ထားရခြင်းကကြောင်း၊ နောက်ဆုံး၌ မြို့ဝန်ကြီး သဘောတူရန် မျှော်လင့်ချက် မရှိတော့မည့်အတွက်ကြောင့်၊ တိတ်တဆိတ် ထွက်ပြေးကြရန် ဆုံးဖြတ်၍ ထိုနေ့ည သန်းခေါင်အချိန်တွင်၊ မင်တုဝါမြို့သို့ ပြေးကြဖို့ စီမံထားကြောင်း၊ ဆီလ်ဗီယာမှာလည်း မြို့ဝန်ကြီး၏ အိမ်တော်ပြူတင်းပေါက်မှ ကြိုးလှေခါးဖြင့် လျှောဆင်းလာမည် ဖြစ်ကြောင်း ပြောပြီးလျှင်၊ ကြိုးလှေခါးကိုပင် သူငယ်ချင်းအားပြလေ၏။

ပရိုတီယတ်(စ)သည် ဗလင်တိုင်၏ လျှို့ဝှက်သော စီမံကိန်းအကြောင်းကို ကြားသိရသောအခါ၊ မြို့ဝန်ကြီး၏ အိမ်တော်သို့သွား၍ မြို့ဝန်ကြီးအား အလုံးစုံ သတင်းပေးလေတော့သည်။

ပရိုတီယတ်(စ)သည် ဤအကြောင်းကို မြို့ဝန်ကြီးထံသို့ သတင်းပို့ရာတွင်လည်း တိုက်ရိုက်ပြောသေးသည် မဟုတ်ဘဲ မိမိအပေါ်သို့ အကျိုးသက်ရောက်စေလိုသည့် ကြံရွယ်ချက်ဖြင့် ဥာဏ်နီဥာဏ်နက်ထုတ်ကာ သွယ်ဝိုက်၍ ပြောပြသေး၏။ ပရိုတီယတ်(စ)က မိမိအလွန်ချစ်ခင်လာခဲ့သော သူငယ်ချင်းတစ်ဦးတစ်ယောက်၏ လျှို့ဝှက်သော အကြံအစည်တစ်ခုကို မြို့ဝန်ကြီးထံသို့ သတင်းပို့ရခြင်းမှာ၊ မိမိအား ကြင်နာလေးစားခြင်း ဖော်ပြလျက်ရှိသည့် မြို့ဝန်ကြီး၏ ကျေးဇူးကို ထောက်ထားသည့် အတွက်သာဖြစ်ကြောင်း၊ မြို့ဝန်ကြီးအ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်၌ ထိုကဲ့သို့ ထောက်ထားစရာ အကြောင်းမရှိဟု ဆိုပါလျှင် လောက၌ရှိသမျှသော စည်းစိမ်ဥစ္စာရတနာရွှေငွေများကို ပုံပေးသော်ငြားလည်း၊ သူငယ်ချင်းအပေါ်၌ သစ္စာဖောက်ရက်လိမ့်မည် မဟုတ်ကြောင်းများနှင့် စကားပလ္လင်ခံပြီးနောက်၊ ဗလင်တိုင်၏ အကြံအစည်နှင့်တကွ၊ ဝတ်လုံ(အင်္ကျီရှည်ကြီး) အောက်၌ ဖုံးဝှက်ယူလာခဲ့သည့် ကြိုးလှေခါး အကြောင်းကိုပါပြောပြလေ၏။

မြို့ဝန်ကြီး၏ စိတ်ထဲ၌ ပရိုတီယတ်(စ)သည် သူငယ်ချင်းပင်ဖြစ်စေကာမူ၊ မတရားသောအမှုကို ပြုမည်ဆိုပါက၊ ဖွင့်ဟ၍ပြောသည့်တိုင်အောင် ရိုးသားဖြောင့်မတ်သော လူငယ်တစ်ယောက် ဖြစ်ချေသည်တကားဟု ယူဆသည်နှင့် ချီးမွမ်းစကားပြောပြီးလျှင်၊ မိမိအား သတင်းပေးသူ၏ အမည်ကို ဗလင်တိုင်အား ဖော်ထုတ်ပြောပြခြင်းမပြုဘဲ၊ ဗလင်တိုင်၏အကြံအစည်ကို မိမိ၏ စိတ်ကူးဉာဏ်ဖြင့် ပေါ်ပေါက်အောင်လုပ်ယူသည့်အလား၊ ပြုမူပါမည်ဟူ၍လည်း ကတိထားလေ၏။ ထို့နောက် မြို့ဝန်ကြီးသည် ဗလင်တိုင်လာမည့်လမ်းမှ စောင့်မျှော်လျက်ရှိရာ၊ ဗလင်တိုင်သည်လည်း ထိုညနေတွင် အင်္ကျီရှည်ကြီးကိုဝတ်လျက် တစ်စုံတစ်ခုသော အရာဝတ္ထုကိုဖုံးဝှက်ကာ၊ မြို့ဝန်ကြီး၏ အိမ်တော်သို့ ခပ်သုတ်သုတ်လျှောက်လာသည်ကို တွေ့မြင်ရလေ၏။

မြို့ဝန်ကြီးသည် လမ်းခရီးမှဆီးကြို၍ဤကဲ့သို့သုတ်ခြေတင်ရလောက်အောင် မည်သည့်အရေးကြီးသော ကိစ္စမျိုးရှိသနည်းဟုမေးရာ၊ ဗလင်တိုင်ကတာရိနာမြို့သို့ ခရီးထွက်မည့် "လူကြုံ" တစ်ယောက်ရှိပါသောကြောင့်၊ မိမိ၏စာများ ပေးလိုက်လိုသည့်အတွက် ထိုလူကြုံကိုမှီအောင် မြန်မြန်လျှောက်လာရခြင်း ဖြစ်ပါသည်ဟု ပြော၏။ ဗလင်တိုင်၏ မုသားစကားသည် ပရိုတီယတ်(စ)က သူ၏ဘခင်အား လှည့်စားပြောဆိုခဲ့သော မုသားစကားကဲ့သို့ပင် အကျိုးမသက်ရောက်ဘဲ ရှိလေတော့လေသည်၊ ဤတွင် မြို့ဝန်ကြီးက. . .

"စာပေးလိုက်ရမည့်ကိစ္စက အရေးကြီးလို့လား"

"သိပ်အရေးကြီးလှတယ်လို့တော့ မဟုတ်ပါဘူး ဝန်မင်းခင်ဗျား။ ဝန်မင်းလက်အောက်မှာ အမှုထမ်းရွက်လို့ အလွန်စိတ်ချမ်းသာပြီး၊ ကျန်းမာစွာရှိတဲ့ အကြောင်းလောက်ပါဘဲ၊ ဝန်မင်းခင်ဗျား"

"ဒီလောက်အရေးကြီးတဲ့ ကိစ္စမဟုတ်လျှင်လည်း ခဏလောက်ထိုင်စမ်းပါဦး ဗလင်တိုင်၊ ကျွန်ုပ်အတွက် တိုင်ပင်စရာကိစ္စတစ်ခုရှိလို့ အကြံဉာဏ်ပေးသွားစမ်းပါဦး မောင်ရယ်"

ထို့နောက် မြို့ဝန်ကြီးသည် ဗလင်တိုင်၏ အကြံအစည်ကို ပေါ်လာအောင် ညှစ်ထုတ်ရန် အကြံဖြင့်ဇာတ်ကွက်ဆင်ကာ လှည့်ဖြားပြောပြလေ၏။ မြို့ဝန်ကြီးက၊ မိမိ၏သမီး ဆီလ်ဗီယာကို (ဗလင်တိုင် သိသည့်အတိုင်း) သူရီယို





နှင့် ထိမ်းမြားရန် ကြံရွယ်ထားကြောင်း။ သို့ရာတွင် ဆီလ်ဗီယာသည် မိမိ၏စကားကို နားမထောင်ဘဲ ခေါင်းမာလျက်ရှိကြောင်း၊ ထို့အတွက်ကြောင့် မိမိ၏သမီးကို မိမိမချစ်နိုင်တော့ဘဲ ဖြစ်နေကြောင်း၊ ဤမျှလောက်မိုက်မဲလှ၍ ဝတ္တရားပျက်ကွက်သော သမီးဆီလ်ဗီယာကို လိုချင်သူယူစေတော့ဟု စွန့်ပစ်ပြီးလျှင် (မုဆိုးဖိုအဖြစ်နှင့် နေခဲ့ရာမှ) နောက်အိမ်ထောင် ပြုတော့မည်ဖြစ်ကြောင်း။ ဆီလ်ဗီယာကို ယူလိုသောလူသည် ရုပ်အဆင်းမှတစ်ပါး၊ လက်ဖွဲ့ပစ္စည်း တစ်ပြားတစ်ချပ်မှ မိမိထံမှ မျှော်လင့်ရန်မရှိကြောင်းနှင့် ပြောပြလေ၏။

ဗလင်တိုင်မှာ မည်သို့သော ရည်ရွယ်ချက်ဖြင့် မြို့ဝန်ကြီးက ဤသို့သောစကားမျိုးကို ပြောလေသနည်းဟု မတွေးတောတတ်သည်နှင့် ဤကိစ္စတွင်မည် ကဲ့သို့ မိမိက ဆောင်ရွက်စေလိုပါသနည်းဟု မေးလေ၏။ မြို့ဝန်ကြီးက "သည် လိုဖြစ်နေတယ် ဗလင်တိုင်၊ ကျွန်ုပ်လက်ထပ်ယူမည့် မိန်းမဟာက၊ ရှက်တတ် တာကတစ်ကြောင်း၊ ကျွန်ုပ်ကိုယ်တိုင်ကလည်း အသက်ကြီးလာလို့မို့ မောင်တို့ လို ခေတ်မှီအောင် လူပျိုစကား မပြောတတ်တာက တစ်ကြောင်း ဒါကြောင့်မို့ လို့ ဘယ်လိုစကားမျိုးပြောပြီး၊ ဘယ်လိုလူပျိုလှည့်ရမည်ဆိုတာကို တဆိတ် လောက်သင်ပေးစမ်းပါလား ဗလင်တိုင်" ဟုပြောလေ၏။

ထိုအခါ ဗလင်တိုင်သည် ၎င်းခေတ်အခါက လူပျိုလှည့်ကြပုံစံနစ်နည်း နာများ အကြောင်းကို အကြမ်းဖျင်းပြောပြ၍ မကြာခဏသွားရောက်တွေ့ဆုံ ကာ လက်ဆောင်ကလေးများလည်း ပါးဖို့လိုအပ်ကြောင်း အကြံပေး၏။

ဤတွင်မြို့ဝန်ကြီးက မိမိချစ်ကြိုက်သော မိန်းမသည် မိမိကပေးပို့လိုက်သော လက်ဆောင်ပစ္စည်းများကို လက်မခံဘဲ ငြင်းပယ်ဘူးကြောင်း။ ထို့ပြင်လည်း ၎င်း၏ဘခင်သည် သမီးကိုအလွန်ကြပ်တည်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားသည် ဖြစ်သောကြောင့် မည်သည့်နည်းနှင့်မျှ နေ့အချိန်တွင် သွားရောက်တွေ့ဆုံရန် မဖြစ်နိုင်ကြောင်းပြောပြလေ၏။

"ဒီလိုဆို ညအချိန်မှာ သွားတွေ့ပေါ့၊ ဝန်မင်းခင်ဗျား"

"ညကျပြန်တော့လဲ တံခါးတွေပိတ်ပြီး သော့ခတ်ထားတယ် မောင်ရဲ့"

ထိုအခါ ဗလင်တိုင်က တံခါးအားလုံး ပိတ်ထားသော်လည်း ပြူတင်းပေါက်မှ ဝင်နိုင်ကြောင်း။ ထိုကိစ္စမျိုးအတွက်မှာ ကြိုးလှေကားသည် အကောင်းဆုံးဖြစ်ကြောင်း။ အလိုရှိခဲ့လျှင် ကြိုးလှေကားတစ်ခုကို မိမိရှာပေးနိုင်ကြောင်း။ ထိုသို့သော ကြိုးလှေကားကို ထင်ပေါ်စွာ မယူခဲ့ဘဲ မိမိဝတ်ထားသည့် ဝတ်လုံကြီးမျိုးအောက်တွင် လျှို့ဝှက်၍ယူခဲ့နိုင်ကြောင်း ပြောလေ၏။

ဤတွင် ထိုအဖြေသို့ ရောက်စေရန် စကားများ၍ လာခဲ့သော မြို့ဝန်ကြီးက "ဒါဖြင့် နေရာကျလိုက်တာ၊ မောင့်ဝတ်လုံကြီးကို ခဏငှားလိုက်



www.burmeseclassi.com

www.burmeseclassic.com



ပါလား မောင်ရယ်"ဟု ပြောပြောဆိုဆိုနှင့် ဗလင်တိုင်၏ ဝတ်လုံကြီးကို ဆွဲချွတ်လိုက်လေရကား ကြိုးလှေကားသာမက ဆီလ်ဗီယာထံမှ ပေးထားသည့် စာတစ်စောင်ကိုပါ တွေ့ရလေ၏။ မြို့ဝန်ကြီးသည် ၎င်းစာကို ချက်ချင်းဖတ်ကြည့်ရာတွင် ဗလင်တိုင်နှင့် ဆီလ်ဗီယာတို့ ထွက်ပြေးကြမည့် အစီအစဉ်များ အသေးစိတ်ရေးသား ဖော်ပြထားခြင်းကို တွေ့ရလေ၏။ မြို့ဝန်ကြီးသည် မိမိကမြှောက်စားသူကောင်း ပြုခြင်းခံရပါလျက်နှင့် ကျေးဇူးရှင်ကို ကျေးစွပ်သော လူတစ်ယောက်ဖြစ်ချေသည်ဟု စွပ်စွဲကာ ဗလင်တိုင်အား မိုင်လင်မြို့တော်သို့ ဘယ်သောအခါမှ မဝင်စေရဟု ဆိုကာတစ်ခါတည်း နှင်ထုတ်လိုက်လေ၏။ ဗလင်တိုင်မှာ ရည်းစားသည်ဆီလ်ဗီယာကိုမျှ နှုတ်ဆက်ခွင့်မရရှိတော့ဘဲ ချက်ချင်းပင် ထွက်ခွာသွားရလေတော့၏။

ပရိုတီယတ်(စ)သည် သူငယ်ချင်း ဗလင်တိုင်အား မိုင်လင်မြို့၌ အထက် ပါနည်းအားဖြင့် သစ္စာဖောက်လျက်ရှိစဉ် ဗာရိုနာမြို့၌ ဂျူလီယာသည် ပရိုတီ ယတ်(စ)အတွက် လွမ်းဆွတ်ကြေကွဲလျက် ရှိလေ၏။ နောက်ဆုံး၌ ဂျူလီယာမှာ မိန်းမတို့၏ဣန္ဒြေကို ထိမ်းသိမ်းရန်ပင် မတတ်နိုင်တော့သည်နှင့် ဗာရိုနာမြို့မှ ထွက်၍ ပရိုတီယတ်(စ)ကိုရှာရန် မိုင်လင်မြို့သို့ လာခဲ့လေ၏။ ၎င်းနှင့်အတူ အစေခံမကလေး လူစက်တာကိုလည်း ခေါ်လာခဲ့ရာ လမ်းခရီးတွင် ယောကျ်ားများ၏ နှောင့်ယှက်ခြင်းမှ ကင်းစေရန်အကြံနှင့် ယောကျ်ားလေးများသဖွယ် ဝတ်ဆင်ခဲ့ကြလေ၏။ သူငယ်မနှစ်ယောက်တို့သည် ဗလင်တိုင်အား မိုင်လင်မြို့မှ နှင်ထုတ်ခြင်း ခံရပြီးသည့် နောက်၊ မကြာမတင်ပင် မိုင်လင်မြို့သို့ ဆိုက်ရောက်သွားကြလေ၏။

ဂျူလီယာနှင့် လူစက်တာတို့သည် မိုင်လင်မြို့သို့ မွန်းတည့်အချိန်တွင် ဆိုက်ရောက်သွားကြ၍ ဟော်တယ်ကလေးတစ်ခု၌ တည်းခိုနေထိုင်ကြ၏။ ဂျူလီယာမှာ ရည်းစားပရိုတီယတ်(စ)ကကြောင်းကိုသာ တွေးတောစိတ်ကူးလျက်ရှိသည့်အလျောက် ခရီးရောက်မဆိုက်ပင် ဟော်တယ်ပိုင်ရှင်အား ပရိုတီယတ်(စ) အကြောင်းကို စုံစမ်းမေးမြန်းလေ၏။

ဟော်တယ်ပိုင်ရှင်သည် (သူ၏အထင်အရ) ရုပ်ရည်ချောမောသည့် လူဂုဏ်တန်ကလေး တစ်ဦးတစ်ယောက်က မိမိအား အရေးတဝင် ခေါ်ငင်မေး မြန်းခြင်း ပြုပေသည်ဆိုကာ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိရာ သဘောကောင်းသော လူပျိုကြီးတစ်ယောက်လည်း ဖြစ်သည့်အလျောက် ဂျူလီယာ၏ ညှိုးငယ်သော မျက်နှာကလေးကိုမြင်ရ၍ သနားကြင်နာသော စိတ်များဖြစ်မိလေ၏။ သို့ဖြစ်၍ ဟော်တယ်ပိုင်ရှင်သည် ထိုနေ့ညနေတွင် လုလင်ပျိုတစ်ဦးက ၎င်းချစ်ကြိုက်လျက်ရှိသော မိန်းမပျိုကလေး၏ နေအိမ်ပြူတင်းပေါက်မှ





တီးမှုတ်သီဆိုမည့် နေရာသို့လိုက်၍ပို့မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော တီးမှုတ်သီဆိုသံကို နားထောင်ရခြင်းအားဖြင့် စိတ်ညစ်ညူးခြင်းပြေပျောက်၍ ကြည်ရွှင်လာနိုင်ဖွယ်ရာရှိကြောင်း ပြောပြလေ၏။

ဂျူလီယာ၏မျက်နှာ ညှိုးငယ်ခြင်းအကြောင်းမှာ ဤသို့သော အတွေးအခေါ်ကြောင့်ဖြစ်၏။ ပရိုတီယတ်(စ)သည် မိမိအားဣန္ဒြေကြီးသော မိန်းကလေးတစ်ယောက် ဖြစ်သည်ဆို၍မြတ်နိုးခဲ့ခြင်းဖြစ်ရာ မိမိကပရိုတီယတ်(စ) ရှိသော မိုင်လင်မြို့သို့ဣန္ဒြေမဲ့စွာနှင့် လိုက်လာခဲ့မိခြင်းအတွက်ကြောင့် မိမိအပေါ်၌ အထင်အမြင်သေးပြီးလျှင် ချစ်ခင်မြတ်နိုးသောစိတ် ပျက်ပြယ်သွားချေတော့ မည်လောဟု စိုးရိမ်ပူပန်လျက်ရှိသောကြောင့် ဖြစ်လေသည်။

ဟော်တယ်ပိုင်ရှင်က တီးမှုတ်သီဆိုခြင်းကို အပျင်းပြေနားထောင်ရန် ဖိတ်ခေါ်သောအခါ ဂျူလီယာသည် နားထောင်လိုလှသောကြောင့် မဟုတ်ဘဲ မတော်တဆ ပရိုတီယတ်(စ)ကို တွေ့လိုတွေ့ငြားဟူသော မျှော်လင့်ချက်ဖြင့်၊ လိုက်ပါရန် ဝမ်းမြောက်ဝမ်းသာ သဘောတူလေ၏။

ဂျူလီယာသည် ဟော်တယ်ပိုင်ရှင်နှင့်အတူ လိုက်လာ၍မြို့ဝန်ကြီး၏ အိမ်တော်အနီးသို့ ရောက်ကြသောအခါ ဟော်တယ်ပိုင်ရှင်မျှော်လင့်သကဲ့သို့ ပျော်စရာနှင့်မတွေ့ရဘဲ စိတ်ညစ်စရာနှင့်ကြုံရလေ၏။ အကြောင်းမူကား မိမိ၏ရည်းစား ပရိုတီယတ်(စ)သည် မြို့ဝန်ကြီး၏ အိမ်တော်ပြူတင်းပေါက်အောက်မှရပ်လျက် သမီးတော်ဆီလ်ဗီယာအား ချစ်ကြိုက်လှပါကြောင်းနှင့် ဖွဲ့နွဲ့ရေးသားထားသည့် တေးချင်းတစ်ပုဒ်ကို နှုတ်မှသီဆိုရင်း စောင်းတီးလျက်ရှိခြင်းကို မြင်ရကြားရသောကြောင့်ပေတည်း။ ထိုခဏတွင် ပြူတင်းပေါက်အနီးမှ ရပ်လျက်ရှိသော ဆီလ်ဗီယာကလည်း ပရိုတီယတ်(စ)ဘက်သို့လှည့်ကာ ငယ်ရည်းစားကိုပစ်၍ သူငယ်ချင်းအပေါ်၌ သစ္စာဖောက်သည့် နှစ်ပြန်စီးယုတ်မာသော ပရိုတီယတ်(စ)၏ အပြုအမူအကြောင်းကို ပြစ်တင်ပြောဆိုလျက်ရှိလေ၏။ ထိုနောက် ဆီလ်ဗီယာသည် မြို့မှနှင်ထုတ်ခြင်းခံရသည့် ဗလင်တိုင်အပေါ်တွင် မပျက်သောမေတ္တာရှိ၍ ပရိုတီယတ်(စ)၏ သစ္စာဖောက်ခြင်းကို စက်ဆုပ်လှသည် ဖြစ်သောကြောင့် ပရိုတီယတ်(စ)၏ ချွဲပျစ်သောမေတ္တာတေးသွားကို နားမထောင်ဘဲ ပြူတင်းပေါက်မှခွာသွားလေ၏။

ဂျူလီယာမှာမိမိတွေ့မြင်ကြားသိရသော အချင်းအရာများကြောင့် လွန်စွာစိတ်မချမ်းမသာ ဖြစ်ရသော်လည်း ပရိုတီယတ်(စ)အား ချစ်ကြိုက်သော စိတ်မူကား ယုတ်လျော့ခြင်းမရှိချေ။ သို့ဖြစ်၍ဂျူလီယာသည် ပရိုတီယတ်(စ)အကြောင်းကို ဆက်လက်စုံစမ်းရာတွင် ပရိုတီယတ်(စ)မှာ အစေခံတစ်ယောက်အလုပ်မှထွက်သွားသဖြင့် ၎င်း၏နေရာတွင် နောက်တစ်ယောက်အလိုရှိ



www.burmeseclassi.com

www.burmeseclassic.com



ကြောင်းကြားသိရသည်နှင့် ဟော်တယ်ပိုင်ရှင်အား ချဉ်းကပ်ကာ ပရိုတီယတ်(စ)၏အစေခံအဖြစ်နှင့် မိမိအားသွင်းပေးဖို့ပြောလေ၏။ ဂျူလီယာသည် ပရိုတီယတ်(စ)၏ အစေခံအလုပ်ကိုရရှိ၍ အမှုထမ်းလျက်ရှိသော်လည်း ပရိုတီယတ်(စ)ကမူဂျူလီယာကို မမှတ်မိဘဲ ယောကျ်ားကလေးတစ်ယောက် ဖြစ်သည်အထင်နှင့် ဆီလ်ဗီယာထံသို့ လက်ဆောင်များပို့ခိုင်းလေ့ရှိသည့်ပြင် ဂျူလီယာနှင့် လဲလှယ်ဝတ်ဆင်ထားသည့် လက်စွပ်တစ်ကွင်းကိုပင် ပို့ခိုင်းလိုက်လေ၏။

ဂျူလီယာသည်(မိမိပေးထားသော)လက်စွပ်နှင့် ဆီလ်ဗီယာထံသို့သွား၍ လက်ဆောင်ပေးရာတွင် လက်မခံဘဲတောက်တောက်ခါးခါး ပြောကာငြင်းပယ်လိုက်သဖြင့် လွန်စွာကျေနပ်လှ၍ ဆီလ်ဗီယာအားလည်း ပရိုတီယတ်(စ)၏ရည်းစား ဂျူလီယာဆိုသူတစ်ယောက်အကြောင်းကို ပြောပြလေ၏။ ဂျူလီယာသည် ဆီလ်ဗီယာအား (မိမိအကြောင်းကို မိမိပြောရခြင်းဖြစ်၍ စုံလင်စွာအသေးစိတ်သိထားပြီး ဖြစ်သည့်အတိုင်း ပရိုတီယတ်(စ)၏ ငယ်ရည်းစားဂျူလီယာခမြာမှာ ရည်းစားအပူကြောင့် မစားနိုင်၊ မအိပ်နိုင်၊ တပိန်ပိန်တညှော်ညှော် ဖြစ်နေရှာပုံ အကြောင်းများကို အကျယ်တဝင့်ဖွဲ့နွဲ့ကာ စိကာပတ်ကုံး ပြောပြလေ၏။ နောက်ဆုံး၌ အစေခံယောကျ်ားအသွင် ဝတ်ဆင်ထားသော ဂျူလီယာက "ပရိုတီယတ်(စ)ရဲ့ရည်းစား ဂျူလီယာဟာလေ ကျွန်တော့်အရွယ်လောက်ဘဲ မမရဲ့။ ကျွန်တော့်အလုံးအရပ်မျိုး၊ ကျွန်တော့်အသားမျိုး၊ ကျွန်တော့်မျက်လုံးမျိုး၊ ကျွန်တော့်ဆံပင်မျိုးဘဲ မမရဲ့"ဟု ပြောပြလေ၏။ (ဂျူလီယာမှာ ယောကျ်ားလေးတစ်ယောက်အသွင် ဝတ်ဆင်ထားရာတွင် လူချောကလေးတစ်ယောက်ပင် ဖြစ်၏။) ဆီလ်ဗီယာမှာ ဂျူလီယာအတွက် (ကိုယ့်ဟာကိုယ် အလွမ်းသယ်၍ ပြောခြင်းဖြစ်သော) အစေခံကလေး၏ စကားများကို ကြားရသောအခါ ဂျူလီယာအပေါ်၌ ယူကြုံးမရဆိုရမလောက် ကြင်နာသနားခြင်းဖြစ်သည်နှင့် "တော်တော်လဲရက်စက်တဲ့ လူတစ်ယောက်ဘဲ၊ ကြည့်ပါဦးတော့။ ဟိုတစ်ယောက်နဲ့လဲလှယ် ဝတ်ထားတဲ့လက်စွပ်ကို ကိုယ့်လာပေးသတဲ့။ တတ်လည်းတတ်နိုင်တဲ့လူတစ်ယောက်ဘဲ"ဟု ပြောပြီးနောက် အစေခံယောကျ်ားလေးအသွင် ဝတ်ဆင်ထားသည့် ဂျူလီယာအား "ရော့ဟော့. . . လူကလေး၊ သစ္စာဖောက်ခံရတဲ့ ဂျူလီယာကို မင်းကသနားပုံရတာ ငါမြင်တာနဲ့ မင်းကိုသဘောကျနေပြီဟော့။ ရော့. . . ဟောဒါ မင်းသုံးဖို့" ဆိုကာ ပိုက်ဆံအိတ်တစ်လုံးကို ပေးလေ၏။ ဂျူလီယာမှာလည်း ဆီလ်ဗီယာ၏ စိတ်နေသဘောထားကို သိနေရခြင်းအတွက် စိတ်အားလျော့ခြင်း ပြေပျောက်ကာ အားတက်လျက်ရှိလေ၏။

ဤနေရာ၌ မိုင်လင်မြို့မှ နှင်ထုတ်ခြင်းခံရသည့်ဗလင်တိုင်အကြောင်းကို ဆက်လက်ဖော်ပြရပေဦးမည်။ ဗလင်တိုင်မှာ မိုင်လင်မြို့မှ ထွက်လာသော





အခါတွင် ဘခင်ရှိသည့်ဗာရိုနာမြို့သို့ မျက်နှာငယ်နှင့်ပြန်သွားရန် အလိုမရှိသည်နှင့် ရောက်ချင်ရာရောက်စေတော့ဟု သဘောထားကာ ခြေဦးလှည့်ရာသို့ လျှောက်လာခဲ့လေ၏။ ချစ်လှစွာသော ဆီလ်ဗီယာကိုထားခဲ့ရသဖြင့် လေးလံသောခြေထောက်များနှင့် လျှောက်လာခဲ့ရ၍ တောအုပ်တစ်ခုသို့ ရောက်လာရာတွင် လူဆိုးဓါးပြများနှင့်တွေ့သဖြင့် ဖမ်းဆီးကာပါသမျှသော ပစ္စည်းကိုပေးခဲ့ရန် တောင်းကြလေ၏။

ဗလင်တိုင်က မိမိမှာမြို့တော်မှ နှင်ထုတ်ခြင်းခံရသည့် ဒုက္ခသည်တစ်ဦးဖြစ်သဖြင့်ခါး၌ ဝတ်ထားသောအဝတ်မှတစ်ပါး၊ ပစ္စည်းတစ်စုံတစ်ရာ မပါရှိကြောင်း ပြောလေ၏။

ထိုအခါ ဓါးပြများသည်ဗလင်တိုင်၏ ယောကျ်ားပီသ၍ခန့်ညားသောအဆင်းသဏ္ဍာန်ကို သဘောကျလှ၍ ဗလင်တိုင်အားမိမိတို့နှင့် အတူနေထိုင်ကာ မိမိတို့အထက်မှဦးစီးဦးကိုင်ပြုလျက် ဗိုလ်လုပ်မည်ဆိုပါလျှင် မိမိတို့ကတပည့်ငယ်သားများ အဖြစ်နှင့်ဩဇာခံယူကြမည်ဖြစ်ကြောင်း ထိုကဲ့သို့ပြုလုပ်ရန် သဘောမတူဘဲ ငြင်းဆန်ပါမူကား ဗလင်တိုင်အား သတ်ပစ်လိမ့်မည်ဖြစ်ကြောင်း ပြောကြလေ၏။

ဗလင်တိုင်မှာမိမိကိုယ်ကို မည်သည့်အဖြစ်သို့ ရောက်ရသည်ဖြစ်စေ၊ ဂရုမစိုက်သော အခြေအနေမျိုးသို့ ဆိုက်ရောက်လျက်ရှိသည်ဖြစ်၍ မိန်းမများနှင့် သနားဖွယ်ကောင်းသော ခရီးသည်များအား စော်ကားခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း မပြုပါဟု ပဋိဉာဉ်ပေးကြပါက ဓါးပြဗိုလ်လုပ်ရန်သဘောတူပါမည်ဟု ပြန်ပြောလေ၏။

သို့ဖြစ်၍ ဗလင်တိုင်မှာ ဒဏ္ဍာရီဝတ္ထုများ၌ နာမည်ကြီးလှသည့် ဓါးပြဗိုလ်ကြီး ရော်ဘင်ဟုကဲ့သို့ဖြစ်လာ၍ တစ်နေ့တွင်ဆီလ်ဗီယာနှင့် အောက်ပါနည်းအတိုင်း တွေ့ဆုံမိကြလေ၏။

မြို့ဝန်ကြီး၏သမီး ဆီလ်ဗီယာမှာ သူရီယိုနှင့်လက်ထပ်ရန် ဘခင်ကြီး၏ တိုက်တွန်းခြင်းကို မနာယူနိုင်သည်ဖြစ်၍ နောက်ဆုံး၌ဗလင်တိုင်ရောက်နေသည်ဟု သတင်းကြားသည့် မန်တူဝါမြို့သို့လိုက်သွားရန်ဆုံးဖြတ်လေ၏။ စင်စစ်မှာ ဗလင်တိုင်သည် ဆီလ်ဗီယာကြားသည့်အတိုင်း မန်တူဝါမြို့သို့ ရောက်ခြင်းမဟုတ်ဘဲ၊ တောအုပ်တစ်ခုတွင် ဓါးပြဗိုလ်အဖြစ်နှင့်ရှိနေ၍ မိမိကိုယ်တိုင် လုယက်တိုက်ခိုက်ခြင်း အလုပ်မျိုးတွင် အပါအဝင်မပြုမူ၍ မိမိ၏တပည့်ငယ်သားများ လုယက်တိုက်ခိုက်ကြသောအခါများ၌ ခရီးသည်များအား အကြောင်းမဲ့သက်သက် ညှင်းပန်းနှိပ်စက်ခြင်း မပြုလုပ်မိကြစေရန်မျှသာ ဆောင်ရွက်လျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ဆီလ်ဗီယာသည် မြို့ဝန်ကြီး၏အမှုထမ်းများအနက်မှ စိတ်ချရသောလူကြီးတစ်ယောက်ကို အစောင့်အရှောက်အဖြစ်နှင့် ခေါ်ခဲ့၍ တိတ်တဆိတ် ထွက်ပြေးခဲ့လေ၏။ ထိုလူကြီး၏အမည်မှာ အဂ္ဂလာမူးဟု ခေါ်လေသည်။ ဆီလ်ဗီယာနှင့် အဂ္ဂလာမူးတို့သည် ဓါးပြများရှိနေသော တောအုပ်သို့ ရောက်ကြသောအခါ၊ ဓါးပြတစ်ယောက်သည် ဆီလ်ဗီယာကိုဖမ်းဆီး၍ အဂ္ဂလာမူးကိုလည်း ဖမ်းဦးမည်ပြုသော်လည်း မမိလိုက်ဘဲ လွတ်မြောက်သွားလေ၏။

ဆီလ်ဗီယာမှာ ဓါးပြ၏လက်တွင်းသို့ ရောက်ရသဖြင့် ထိတ်လန့်တုန်လှုပ်လျက်ရှိရာ ထိုအခြင်းအရာကို တွေ့မြင်ရသောဓါးပြက ထိတ်လန့်တုန်လှုပ်ဖို့မရှိကြောင်း၊ မိန်းကလေးအား ဂူတစ်ခုထဲ၌ရှိသော ၎င်းတို့၏ဗိုလ်ကြီးထံသို့ ခေါ်သွားမည်ဖြစ်ကြောင်း၊ ဗိုလ်ကြီးမှာ စိတ်သဘောထားမြင့်မြတ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ မိန်းမများအပေါ်၌ အခါခပ်သိမ်းထောက်ထား ညှာတာတတ်ကြောင်းပြောလေ၏။ ဆီလ်ဗီယာမှာမူ သဘောထားမြင့်မြတ်သော ဓါးပြဗိုလ်ဟူသည်မှာ နားလည်ဖို့ခက်သောစကားမျိုး ဖြစ်သဖြင့် ထိတ်လန့်တုန်လှုပ်ခြင်းမပြေပျောက်နိုင်ရှာဘဲ၊ "ဗလင်တိုင်ရေ. . . ရှင့်အတွက်ကြောင့် ဒုက္ခရောက်ရတဲ့ နှမလေးကို မြင်လှည့်ပါဦး"ဟု တသ,ညည်းညူမိလေ၏။

ဓါးပြသည် ဆီလ်ဗီယာအား ဗိုလ်ကြီးထံသို့ခေါ်သွားစဉ် လူယုတ်မာပရိုတီယတ်(စ)နှင့် ပက်ပင်းပါတွေ့ဆုံလေ၏။ တွေ့ရပုံကား ဤသို့တည်း။ ပရိုတီယတ်(စ)သည် ဆီလ်ဗီယာထွက်ပြေးကြောင်း ကြားသိရသောအခါ ယောကျ်ားကလေးအသွင် ဝတ်ဆင်ထားသည့် တပည့်ဂျူလီယာကိုခေါ်၍ ဆီလ်ဗီယာကိုရှာရန် တောအုပ်သို့ထွက်လာခဲ့ရာတွင် ဆုံမိကြခြင်းဖြစ်လေသည်။ ပရိုတီယတ်(စ)သည် ဆီလ်ဗီယာအား ဖမ်းထားသည့်ဓါးပြကို တိုက်ခိုက်ကာ ဆီလ်ဗီယာအား ကယ်ဆယ်လိုက်သဖြင့် ဆီလ်ဗီယာက ကျေးဇူးတင်ခြင်းကို အခွင့်ကောင်းယူလျက် လူပျိုစကားပြောလေတော့ရာ အနီး၌ရှိနေသော ဂျူလီယာမှာကယ်ဆယ်သောကျေးဇူးကို ထောက်ထားသောအားဖြင့် ဆီလ်ဗီယာသည် ပရိုတီယတ်(စ)၏ မေတ္တာစကားကို လက်ခံချေတော့မည်ဟု အကြီးအကျယ်စိုးရိမ်ပူပန်လျက် ရှိရှာလေ၏။ ထိုခဏ၌ပင် ဗလင်တိုင်ဆိုက်ရောက်လာလေ၏။ ဗလင်တိုင်မှာမိမိ၏ တပည့်တစ်ယောက်က အမျိုးသမီးတစ်ယောက်အား ဖမ်းဆီးထားသည်ဟူသော သတင်းကိုကြားသည်နှင့် ထောက်လှမ်းစုံစမ်းရန် ထွက်လာခဲ့ခြင်းဖြစ်လေသည်။

ပရိုတီယတ်(စ)သည် ဆီလ်ဗီယာအား လူပျိုစကားပြောလျက်ရှိစဉ် ဗ လင်တိုင်နှင့် ပက်ပင်းပါတွေ့လိုက်ရသည်တွင် သူငယ်ချင်းအပေါ်၌ အလွန်





ရက်လှ၍ နှောင်တအကြီးအကျယ်ရကာ မိမိပြစ်မှားမိသမျှသော အပြစ်မျိုးအတွက် ချမ်းသာပေး၍ခွင့်လွှတ်ပါရန် ဗလင်တိုင်အားတောင်းပန်ဝန်ချလေ၏။ စိတ်သဘောထားကြီး၍မြင့်မြတ်သော ဗလင်တိုင်သည်သူငယ်ချင်းအား အပြစ်လွှတ်ရုံမျှမက မိမိချစ်ခင်မြတ်နိုးလှသော ဆီလ်ဗီယာအပေါ်၌ထားရှိသော မေတ္တာကိုရုတ်သိမ်း၍ သူငယ်ချင်းအတွက် ရှောင်ဖယ်ပေးပါမည်ဟူ၍ပင် (သဘောကောင်းလွန်းအားကြီးစွာနှင့်) ပြောလေ၏။ ဤစကားကိုကြားရသော ဂျူလီယာမှာ မိမိ၏ရည်းစား ပရိုတီယတ်(စ)သည် ဗလင်တိုင်၏သဘောကောင်းခြင်းကို အခွင့်ကောင်းယူ၍ ဆီလ်ဗီယာကိုသိမ်းပိုက်နိုင်ရန် ကြိုးစားချေတော့မည်ဟု စဉ်းစားမိသည်နှင့်ထိုနေရာ၌ပင် မူးမေ့ကာလဲသွားသဖြင့် ဝိုင်းဝန်း၍ သတိရအောင်လုပ်ပေးကြရ၏။ ဆီလ်ဗီယာမှာ ရက်ရောလွန်းလှသော ဗလင်တိုင်အပေါ်၌ စိတ်ခုစရာကောင်းလှသော်လည်း မူးမေ့လျက်ရှိသောဂျူလီယာကို သတိရအောင် လုပ်ပေးရသည်ကတစ်ဘက်၊ ချစ်လှသောရည်းစားကို စွန့်လွှတ်ခြင်းဟူသည်မှာ အပြောလွယ်သလောက် အလုပ်ခက်သောကိစ္စဖြစ်၍ စေတနာကောင်းနှင့် ရုတ်တရက်ပြောလိုက်သော်လည်း၊ အဟုတ်တကယ် ပြုနိုင်သည်လည်း မထင်သည်လည်းတစ်ကြောင်းကြောင့် ဗလင်တိုင်အပေါ်၌ စိတ်ဆိုးလှအောင်မဖြစ်ခဲ့ချေ။

ဂျူလီယာသည်မူးမေ့ရာမှ သတိရလာသောအခါ "ဩော်. . . ကျွန်တော် သတိမေ့နေတဲ့ကိစ္စတစ်ခုရှိပါသေးတယ်။ ကျွန်တော့်ဆရာက ဟောဒီလပ်စွပ်ကို သခင်မဆီလ်ဗီယာသို့ပေးဖို့ ပြောထားတာရှိပါသေးတယ်"ဟုဆိုကာ လက်စွပ်တစ်ကွင်းကိုထုတ်၍ ဆီလ်ဗီယာသို့ပေးလေ၏။ ပရိုတီယတ်(စ)သည် ဂျူလီယာနှင့်လက်စွပ်ချင်းလဲလှယ် ထားဘူးသည်ဖြစ်ရာ၊ ဂျူလီယာထံမှရရှိသော လက်စွပ်ကို (ဂျူလီယာထံမှန်းမသိသည်နှင့်) မိမိ၏တပည့်အား ဆီလ်ဗီယာလက်သို့ပေးရန် အပ်နှင်းထားဘူးလေသည်။ ယောကျ်ားကလေး အယောင်ဆောင်ထားသော ဂျူလီယာသည် ပရိုတီယတ်(စ)ကပေးခိုင်းသော လက်စွပ်ကိုမပေးဘဲ မိမိအားပရိုတီယတ်(စ)ကပေးဘူးသော လက်စွပ်ကိုထုတ်ပေးလိုက်လေ၏။ ပရိုတီယတ်(စ)သည် အံ့သြသောမျက်နှာနှင့် လက်စွပ်ကိုကြည့်လျက် "ဘယ့်နှယ်ဟာလဲကွဲ့ တပည့်ရဲ့၊ ဒီလက်စွပ်က ဂျူလီယာကိုငါပေးဘူးတဲ့ လက်စွပ်ပါလား ကွဲ့" ဟု ပြောလိုက်သဖြင့် တပည့်ယောင်ဆောင်သော ဂျူလီယာက "မှန်ပါတယ်ဆရာ၊ ဂျူလီယာကိုယ်တိုင်က ကျွန်တော့်ကိုဒီလက်စွပ်ပေးပြီး ဂျူလီယာကိုယ်တိုင်ဘဲ ယခုယူလာခြင်းဖြစ်ပါတယ်"ဟု ပြန်ပြောလေ၏။

ပရိုတီယတ်(စ)သည် ထိုစကားကိုရုတ်တရက် နားမလည်သဖြင့် တပည့်(ဂျူလီယာ)အားစိုက်ငေးကာ ကြည့်နေရာမှ ထိုသူငယ်ကား အခြားသူမ



www.burmeseclassi.com

www.burmeseclassic.com



ဟုတ်၊ မိမိ၏ရည်းစားဂျူလီယာပင်ဖြစ်ကြောင်း ရိပ်မိသိရှိလေ၏။ ထိုအခါတွင်မှ ပရိုတီယတ်(စ)မှာ မိမိအပေါ်၌ ဂျူလီယာ၏မေတ္တာသည် အဘယ်မျှလောက်ကြီးမား၍ မိမိအတွက်ဘယ်ကဲ့သို့ အပင်ပန်းခံရှာပုံများကို ကွင်းကွင်းကွက်ကွက်ပေါ်လာအောင်စဉ်းစားမိသည်နှင့် ဂျူလီယာအပေါ်၌ ယခင်ကထားရှိခဲ့သော မေတ္တာအဟုန်သည် ပရိုတီယတ်(စ)၏နှလုံးသားကို အရှိန်ပြင်းစွာတိုးဝှေ့လေရကား ဂျူလီယာအားကြင်နာစွာပွေ့ဖက်လျက် ဆီလ်ဗီယာကိုလည်း သဘောထားကြီးလှသော ဗလင်တိုင်၏လက်သို့ပြန်အပ်လေ၏။

ဗလင်တိုင်နှင့် ပရိုတီယတ်(စ)တို့မှာသူငယ်ချင်းချင်းလည်းအရေလည်ကြ၍ ကိုယ့်ရည်းစားနှင့်ကိုယ် ပေါင်းစည်းမိကြသဖြင့် လေးဦးသားလုံးဝမ်းသာမဆုံး ရွှင်တပြုံးပြုံးရှိနေကြစဉ် ဆီလ်ဗီယာကိုလိုက်၍ရှာကြသည့် ဘခင်မြို့ဝန်ကြီးနှင့် သူရီယိုတို့ဆိုက်ရောက်လာကြလေ၏။

သူရီယိုသည် ရှေးဦးစွာချဉ်းကပ်၍ ဆီလ်ဗီယာကိုကိုင်ဆွဲကာ၊ "ဒီဟာကျုပ်ရည်းစားပါ"ဟုပြောသည်တွင် ဗလင်တိုင်က "နောက် ဆုတ်လိုက်ပါ သူရီယို။ ဒီစကားမျိုးနောက်တစ်ခွန်း ထပ်ပြောလျှင်ခင်ဗျားသေသွားမယ်၊ လက်ဖျားကလေးနဲ့ နောက်ထပ်တို့ကြည့်စမ်း. . . ခင်ဗျားအသက် ပျောက်ရပြီမှတ်ပေတော့"ဟုဆို၏။ သူရီယိုမှာ သူရဲဘောနည်းသူတစ်ယောက် ဖြစ်ရကား ဗလင်တိုင်၏ ကြုံးဝါးခြင်းကို ကြားရသောအခါ နောက်သို့ဆုတ်လျက် ဆီလ်ဗီယာကို မိမိဂရုမစိုက်နိုင်ကြောင်း၊ ကိုယ့်ကိုမကြိုက်သော မိန်းမတစ်ယောက်အတွက် ရန်ဖြစ်ခြင်းဟူသည်မှာ လူရိုးလူမိုက်များ၏ အလုပ်ဖြစ်ကြောင်းပြော၍ ငြိမ်သက်စွာနေလေ၏။

မြို့ဝန်ကြီးသည် သူရီယို၏ သတ္တိညံ့ခြင်းကိုတွေ့ရသောအခါ ၎င်း၏ညံ့ ဖျင်းနုံချာပုံကို ကဲ့ရဲ့ရှုတ်ချပြီးနောက် ဗလင်တိုင်ဘက်သို့လှည့်လျက် "မောင့် စိတ်သဘောထားကို ကျွန်ုပ်ချီးကျူးတယ်၊ ဘုရင်မနဲ့တောင် ထိုက်တန်တဲ့ယောက်ျားတစ်ယောက်ပေဘဲ။ သမီးတော် ဆီလ်ဗီယာကို မောင်နဲ့ကျွန်ုပ် သဘောတူပါပြီ" ဟု ပြောလေ၏။ ဗလင်တိုင်သည် နှိမ့်ချသောအမူအရာနှင့် မြို့ဝန်ကြီး၏လက်ကို နှုတ်ခမ်းဖြင့်ထိကာ အရိုအသေပြု၍ ကျေးဇူးတင်စကားပြောကြားပြီးနောက်၊ မြို့ဝန်ကြီး၏ စိတ်နှလုံးကြည်ရွှင်ခိုက်တွင် အခွင့်ကောင်းယူမည်ဟု အောက်မေ့ကာ မိမိ၏တပည့်ငယ်သားများအနက်တွင် လူကောင်းသူကောင်း အမြောက်အများပါရှိ၍ လွန်ခဲ့ပြီးသောပြစ်မှုများအတွက် ချမ်းသာပေးကာ မြို့တော်အတွက် အသုံးချမည်ဆိုပါက သစ္စာရှိသောမင်းမှုထမ်းများဖြစ်လာနိုင်ဖို့ရှိပါကြောင်း၊ ၎င်းတို့အနက် အမြောက်အများမှာ လူဆိုးများမဟုတ်ကြ၊ မိမိကဲ့သို့နိုင်ငံရေးပြစ်မှုဖြင့် နှင်ထုတ်ခြင်းခံနေကြရသူများ ဖြစ်ပါ





ကြောင်းနှင့် လျှောက်ထားလေရာ၊ မြို့ဝန်ကြီးလည်း ဗလင်တိုင်၏တင်လျှောက်ချက်ကို လက်ခံ၍ထိုလူစုအား ချမ်းသာခွင့်ပေးရန် သဘောတူညီလေ၏။

နောက်ဆုံး၌မြို့ဝန်ကြီးသည်အချစ်မွှန်ခြင်းအတွက်ကြောင့်ဖောက်လွှဲဖောက်ပြန်ကျင့်ကြံခဲ့မိသော ပရိုတီယတ်(စ)၏ ကျူးလွန်မှုများအတွက် ခပ်နာနာ 'လက်ချာ' ပေးခြင်းအားဖြင့် ပရိုတီယတ်(စ)အား ပြစ်တင်ဆုံးမပြီးနောက် ဤမျှလောက် အရှက်ရသည်ဆိုလျှင် အပြစ်ဒဏ်အနေဖြင့် လုံလောက်ပြီဟု မြို့ဝန်ကြီးယူဆလေသည်။ ၎င်းနောက် ချစ်သူလေးယောက်တို့သည် မြို့ဝန်ကြီးနှင့်အတူ မိုင်လင်မြို့သို့လိုက်ပါသွားကြ၍ ထိုနှစ်စုံတွဲတို့၏ မင်္ဂလာအခမ်းအနားကို မြို့ဝန်ကြီးကိုယ်တိုင် သိုက်မြိုက်ကြီးကျယ်စွာ ဆောင်ရွက်ပေးလိုက်လေသတည်း။

သွေးသောက်၊ အမှတ် (၁၇၂)၊ မေလ၊ ၁၉၆၀ ခုနှစ်။

□ □ □

www.burmeseclassi.com

www.burmeseclassic.com

## မဟုတ်တာ အလုပ်ရှာ

မဲ့ဆီနာမြို့ ဘုရင်ခံ လီယိုနာတို့၌ ဟီးရိုးအမည်ရှိ သမီးတစ်ယောက်နှင့် ဘီးထရစ်(စ်)အမည်ရှိ တူမတစ်ယောက်ရှိ၏။ ဘီးထရစ်(စ်)မှာ ရွှင်ပျသော စိတ်သဘော ရှိသူဖြစ်သည့်အလျောက်၊ ကြန့်ကြီးသောဟီးရိုးအား ပျော်ရွှင်ဖွယ်သော စကားများဖြင့် ဖျော်ဖြေလေ့ရှိ၏။ မည်သည့်အခြေအနေ၌ မည်သို့သော အခြင်းအရာမျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ အရွှင်လှသော ဘီးထရစ်(စ်)အဖို့မှာ ပြက်ရယ်ပြုစရာနှင့် ပျော်စရာကြီးအနေဖြင့်သာ မြင်လေ့ရှိသည်။

ဤအဖြစ်အပျက်ကို စတင်ဖော်ပြသည့်အချိန်အခါ၌ဒေသတစ်ခုတွင် စစ်ပွဲကြီးတစ်ပွဲကိုအောင်မြင်စွာ တိုက်ခိုက်ခဲ့ပြီးသော သတ္တိကောင်းလှသည့် လူကုံတန်စစ်ဗိုလ်ကလေး တစ်စုသည်စစ်မြေပြင်မှ ပြန်လာကြပြီးနောက် မဲ့ဆီနာမြို့မှဖြတ်သန်း သွားကြသည်တွင် ဘုရင်ခံလီယိုနာတို့၏ နန်းတော်သို့ဝင်ရောက်လည်ပတ်ကြ၏။ အဆိုပါ လူကုံတန် စစ်ဗိုလ်ကလေးများအနက်တွင် အာရဂွန်ပြည်မှ မင်းသားကြီးပီဒရိုလည်းကောင်း၊ သူ၏မိတ်ဆွေ ဖလော်ရင်မြို့စား ကလော်ဒီယိုလည်းကောင်း၊ မဒူဝါမြို့စား ဘယ်နီဒစ်လည်းကောင်း ပါရှိကြ၏။

အဆိုပါစစ်ဗိုလ်ကလေးများသည် ဘုရင်ခံလီယိုနာတို့၏ နန်းတော်သို့ ယခင်ကလည်း ရောက်ဘူးသူများဖြစ်ကြသည့်အတိုင်း၊ ဘုရင်ခံသည် ၎င်းတို့အား မိမိ၏သမီးဟီးရိုး၊ တူမဘီးထရစ်(စ်)တို့နှင့် မိတ်ဟောင်းဆွေဟောင်းများသဖွယ် မိတ်ဆက်ပေးလေ၏။

သိဟရတနာစာပေတိုက်

www.burmeseclassic.com



ပါဒုဝါမြို့စားဘယ်နီဒစ်သည် နှုတ်လျှာသွက်လက်၍ ရွှင်ပြသောလူငယ်တစ်ယောက် ဖြစ်သည့်အလျောက် နန်းတော်သို့ရောက်၍ ဘုရင်ခံ၏အိမ်သူအိမ်သားများနှင့် မျက်နှာချင်းဆိုင်မိကြသည်ဆိုလျှင်ပင်၊ ရယ်ကာမောကာဖြင့် စကားအမျှင်မပြတ်ရလေအောင် ကရားရေသွန် ပြောလေတော့၏။ ဘုရင်ခံ၏တူမ ဘီးထရစ်(စ်)မှာ မိမိထက်ပို၍နှုတ်လျှာသွက်သည်ဆိုသော လူနှင့်တွေ့ရလျှင် မခံချင်တတ်သူတစ်ယောက် ဖြစ်လေရကား၊ ဘယ်နီဒစ်စကားမဆုံးမီ ကြားဝင်ကာ "ရှင်ဘယ်လိုလူလဲ၊ ဘယ်နီဒစ်၊ ရှင့်စကားကိုဘယ်သူကမှ နားမထောင်ပါဘဲနဲ့ တစ်ယောက်တည်း လျှောက်ပြောလို့ ဖြစ်နိုင်သကိုးရှင်"ဟု ပြောလိုက်ရာ ဘယ်နီဒစ်မှာမိမိကဲ့သို့ပင် နှုတ်ပေါ့သောမိန်းကလေးတစ်ယောက်နှင့် တွေ့နေရပြီးဖြစ်၍ စိတ်ထဲ၌တော်တော်ကြီး အောင့်သွားလေ၏။ ဘယ်နီဒစ်သည် ဤနန်းတော်သို့ယခင်တစ်ခေါက် ရောက်ခဲ့ဘူးစဉ်ကလည်း၊ ဘီးထရစ်(စ်)၏ သရော်ခြင်းခံခဲ့ရဘူးပြီဖြစ်ရာ ဘုရင်ခံ၏တူမဖြစ်၍ ဂုဏ်သရေရှိသောအမျိုးသမီးတစ်ယောက် မှန်ပါလျက် ဤမျှလောက်နှုတ်ပေါ့ရလေသလောဟု စိတ်ထဲတွင်မကျေမချမ်းဖြစ်မိလေ၏။ သူတစ်ပါးတို့အား ပြက်ရယ်ပြောင်လှောင်ပြောဆိုတတ်သော လူများသည်မိမိတို့အား အခြားလူများက ကရော်ချော်မယ်ပြောခြင်း ခံရသည့်အခါ စိတ်ခုတတ်သော သဘာဝရှိတတ်ကြလေရာ ဘယ်နီဒစ်နှင့် ဘီးထရစ်(စ်)တို့မှာလည်း ထိုသို့သောလူစားမျိုးပင် ဖြစ်ကြလေသည်။ ယခုအကြိမ်သာမဟုတ် ယခင်ကလည်းဤသူနှစ်ယောက်တို့ မျက်နှာချင်းဆိုင်မိကြသည်ဆိုလျှင် တစ်ယောက်ကိုတစ်ယောက် နာအောင်အပြန်အလှန် 'ကိုက်' တတ်ကြလေရာ နောက်ဆုံးတွင် တစ်ယောက်အပေါ်၌တစ်ယောက် စိတ်ခုကြခြင်းဖြင့်သာ အဆုံးသတ်လေ့ရှိသည်။

ဤတစ်ချိန်၌ဘီးထရစ်(စ်)က ဘယ်နီဒစ်အားနားထောင်သူမရှိဘဲလျက် တစ်ယောက်တည်း လေပန်းလျက်ရှိရချေသလောဟု ပြောလိုက်ရာတွင် ဘယ်နီဒစ်သည် ယခုမှပင်ဘီးထရစ်(စ်)ကို သတိပြုလိုက်မိသည့်ဟန်နှင့် ရုတ်တရက်လှည့်ကာ "အလို. . . မချောတစ်ယောက်၊ ရှိရှာသေးသကိုး"ဟု ပြန်၍တွယ်လိုက်၏။ ထိုအချိန်မှစ၍ မောင်သွက်နှင့်မသွက်တို့သည် တစ်ယောက်ကိုတစ်ယောက် အညှာမပေးဘဲ အပြန်အလှန် 'ကိုက်' ကြလေရာ အနီးရှိလူများလည်း တဝေါဝေါတသောသော ရယ်မောလျက်ရှိကြ၏။ ဘီးထရစ်(စ်)၏အလှည့်တွင် ဘီးထရစ်(စ်)က "စစ်ပွဲမှာရှင်က ရန်သူဘယ်နှစ်ယောက်များ သတ်နိုင်ခဲ့လို့လဲ၊ ရှင်သတ်ခဲ့တဲ့လူများရှိလျှင် ကျွန်မကအစိမ်းလိုက် ကိုက်စားပြချင်လှတယ်ရှင်" ဟုပြောလိုက်ရာ၊ ဤစကားမှာ ဘယ်နီဒစ်၏ရဲစွမ်းသတ္တိကို ထိခိုက်သောစကားလုံးဖြစ်သော်လည်း ဘယ်နီဒစ်မှာ သူ၏ရဲစွမ်းသတ္တိနှင့်ပတ်သတ်၍ မည်သူတစ်





ဦးတစ်ယောက်ကမျှ ယုံမှားသံသယဖြစ်ခဲ့ဘူးခြင်း မရှိသည့်အတွက်ကြောင့် ဘီးထရစ်(စ်)၏ 'ကလော်'လုံးကို သီးခံနိုင်ပါသေး၏။ သို့ရာတွင် ဘီးထရစ်(စ်)သည် ဘယ်နီဒစ်၏ 'ကိုက်လုံး'များကို မင်းသားကြီးပီဒရိုက အားရပါးရ ရယ်မောခြင်းများကို သတိပြုမိပြန်ရာတွင် ဆက်လက်၍ဘယ်နီဒစ်အား မင်းသားကြီး၏ ကြေးတန်းစားလူရွှင်တော် တစ်ယောက်ဖြစ်သည်ဟု တွယ်လိုက်ပြန်သောအခါ၌မူကား၊ ဘယ်နီဒစ်မှာ အသည်းသို့ခိုက်အောင်နာလှ၍ ဘီးထရစ်(စ်)အပေါ်၌ အဟုတ်တကယ် မုန်းတီးသောစိတ် ဖြစ်ပေါ်လာခဲ့လေပြီ၊ အကြောင်းမူကား လူတို့၏သဘာဝမှာ လုံးဝမမှန်ကန်သော အခြင်းအရာတစ်ခုဖြင့် စွပ်စွဲခြင်းထက် တစ်ဝက်တစ်ပျက် မှန်ကန်၍ ဟုတ်တုတ်တုတ်ရှိသော အခြင်းအရာမျိုးဖြင့် စွပ်စွဲခံရခြင်းကိုပို၍ စိတ်နာတတ်သောကြောင့်ပေတည်း။ ဘယ်နီဒစ်သည် မင်းသားကြီး၏ "ကြေးတန်းစားလူရွှင်တော်" မဟုတ်စေကာမူ မင်းသားကြီးရယ်မောရအောင် ဖျော်ဖြေလိုသော ရည်ရွယ်ချက်ရှိခြင်းကား အမှန်ပင်ဖြစ်သည်။

ဘီးထရစ်(စ်)နှင့်ဘယ်နီဒစ်တို့ အပြန်အလှန်တွယ်လျက်ရှိကြစဉ် ဘုရင် ခံ၏သမီးဟီးရိုးမှာ တိတ်ဆိတ်စွာရှိနေလေရာ မင်းသားကြီး၏မိတ်ဆွေကလော်ဒီယိုသည် ဟီးရိုး၏အမူအယာကိုလည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်ကိုလည်းကောင်း၊ မျက်နှာကိုလည်းကောင်း၊ တစိမ့်စိမ့်ကြည့်ကာ အကဲခတ်လျက်ရှိ၏။ သူ၏စိတ်ထဲ၌ ဤမိန်းကလေးအား ယခင်တစ်ခေါက် မိမိရောက်ဖူးစဉ်ကထက် အဆပေါင်းများစွာ ပိုမိုလှပလျက်ရှိသည်ဟု အောက်မေ့မိလေ၏။ မင်းသားကြီးပီဒရိုသည် ဘုရင်ခံအနီးတွင်ထိုင်လျက်၊ ဘီးထရစ်(စ်)နှင့် ဘယ်နီဒစ်တို့၏ တွယ်လုံးများကို ရယ်မောလျက်ရှိစဉ်၊ ဘုရင်ခံအနီးသို့တိုးကာ တီးတိုးပြောလိုက်သည်မှာ "တကယ်သွက်ပြီး အချက်ကျအောင်ပြောတတ်တဲ့ မိန်းကလေးပါပဲခင်ဗျာ၊ ကျွန်တော့်စိတ်ထဲမှာ ဒီမိန်းကလေးနဲ့ ဘယ်နီဒစ်နဲ့ ပေးစားလိုက်ရလျှင် သိပ်ပြီးဖက်မိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်"ဟုပြော၏။ ထိုအခါ ဘုရင်ခံက "မဖြစ်ပါဘူးမင်းသားကြီး၊ သူတို့နှစ်ယောက်ညားပြီး အတူတူနေကြရလျှင် တနင်္ဂနွေတစ်ပတ်မခံဘူး ရူးကုန်ကြပါလိမ့်မယ်"ဟု ပြန်ပြောလေ၏။ သို့ရာတွင် မင်းသားကြီး၏ စိတ်ထဲ၌မူကား၊ ဤမျှလောက် သွက်လက်သောသူနှစ်ဦးကို ဖက်စပ်ပေးရလျှင်၊ အလွန်ကြည့်၍ကောင်းသော အိမ်ထောင်တစ်စုံဖြစ်လာနိုင်ဖွယ်ရာ ရှိသည်ဟု ယုံကြည်ကာ အကြံထုတ်လျက်ရှိလေ၏။

မင်းသားကြီးပီဒရိုတို့လူစုသည် ဘုရင်ခံ၏နန်းတော်မှပြန်လာကြသောအခါ၊ ဘီးထရစ်(စ်)တို့အား လက်ထပ်ပေးလိုသော မိမိ၏စိတ်ကူးအပြင် အခြားသောစုံတွဲတစ်ခုလည်း ရှိနေသေးခြင်းကို မင်းသားကြီးတွေ့ရလေ၏။ ကလော်ဒီယိုသည် ဘုရင်ခံ၏သမီးဟီးရိုးအကြောင်းကို လိုက်လိုက်လှဲလှဲ ချီးကျူးပြောဆို



www.burmeseclassic.com

www.burmeseclassic.com



လေရာ မင်းသားကြီးလည်း ကလော်ဒီယို၏အခြေအနေကို ရိပ်မိ၍သဘောကျသည်နှင့် ဤသို့တီးခေါက်စုံစမ်း၏။

"ဘယ့်နှယ်လဲကိုယ့်လူ၊ ခင်ဗျားက ဟီးရိုးကိုကြိုက်နေပြီလား‌ဗျ"

"ဟိုအရင်တစ်ခေါက်က မဲ့ဆီနာမြို့ဝင်ပြီး ဘုရင်ခံရဲ့နန်းတော်မှာဟီးရိုးကိုမြင်ခဲ့ရတုန်းကတော့၊ စစ်သားတစ်ယောက်ရဲ့ မျက်စိနဲ့ကြည့်ခဲ့လို့မို့ သဘောကျရုံလောက်သာ ကျခဲ့မိပါတယ်၊ ချစ်ကြိုက်ဖို့သတိမရခဲ့ပါဘူး၊ ဒီတစ်ခေါက်တော့ စစ်ပွဲကလည်းပြီးလို့မို့ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ကြဖို့ စိတ်ကူးတွေဖြစ်ပေါ်လာပြီး၊ ဟီးရိုးကိုမြင်ရတဲ့အခါမှာ သဘောကျရုံ၊ ခင်မင်ရုံမကတော့ဘဲ ချစ်ကြိုက်မြတ်နိုးတဲ့ စိတ်တွေဝင်လာခဲ့ပါတယ်၊ တကယ်သေသေချာချာကြည့်တော့ တကယ့်ကိုချောတဲ့မိန်းကလေးဘဲခင်ဗျ"

မင်းသားကြီးသည် မိတ်ဆွေကလော်ဒီယို၏ဝန်ခံချက်ကို ကြားရသောအခါ လွန်စွာစိတ်ကျေနပ်သည်ဖြစ်၍ မိမိကိုယ်တိုင်ဘုရင်ခံထံသို့ ချဉ်းကပ်ပြီးလျှင် ကလော်ဒီယိုနှင့် ဟီးရိုးတို့အား လက်ထပ်ပေးစားရန် တိုက်တွန်းလေရာ ဘုရင်ခံကသဘောတူလေ၏။ ထို့နောက် မင်းသားကြီးသည် ဟီးရိုးနှင့်တွေ့ပြန်၍ ကလော်ဒီယို၏အရည်အချင်းနှင့် မြင့်မြတ်သောအကျင့်စာရိတ္တ ရှိခြင်းအကြောင်းတို့ကို ချီးကျူးပြောဆိုလေရာ နောက်ဆုံး၌ ဘခင်ရောသမီးပါ သဘောတူညီကြသည်နှင့် ထိမ်းမြားလက်ထပ်ဖို့ နေ့ကောင်းရက်သာ ရွေးချယ်ကြလေ၏။

ကလော်ဒီယိုနှင့် ဟီးရိုးတို့လက်ထပ်ဖို့ရွေးချယ်သတ်မှတ်သောနေ့ရက်မှာ ရက်အနည်းငယ်မျှသာလိုတော့သည် ဖြစ်သော်လည်း လိုချင်သောအရာကို အမြန်ဆုံးရချင်တတ်သည့် လူငယ်တို့သဘာဝအတိုင်း ကလော်ဒီယိုမှာ ရက်အနည်းငယ်မျှစောင့်ရခြင်းအတွက်ပင်၊ နေမထိထိုင်မထိ ရှိနေလေ၏။ မင်းသားကြီးသည် ထိုအခြင်းအရာကိုသိမြင်ရာတွင် ကလော်ဒီယိုအား စိတ်ဝင်စားစရာအလုပ်တစ်ခု ပေးထားဦးမှတော်မည်ဟု စဉ်းစားမိသည်နှင့် အကြံတစ်ခုပေါ်လာလေ၏။ ၎င်းအကြံမှာ ဘီးထရစ်(စ်)နှင့် ဘယ်နီဒစ်တို့အား တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်လာကြစေရန် မည်ကဲ့သို့ ဝိုင်းဝန်းဖန်တီးပေးကြမည်ဟု စိတ်ကူးထုတ်ကြရန်ဖြစ်လေသည်။ ကလော်ဒီယိုသည် မင်းသားကြီး၏အကြံကို သဘောကျလျက်ရှိရာ ဘုရင်ခံကလည်း မိမိတတ်နိုင်သမျှ ကူညီဆောင်ရွက်ပါမည်ဟု ကတိပြုလေ၏။ ဟီးရိုးကိုယ်တိုင်ကလည်း မိမိ၏ညီမတစ်ယောက် လင်ကောင်းရစေဖို့ဖြစ်သော ဤအကြံအစည်ကို ကူညီဝိုင်းဝန်းဆောင်ရွက်ရန် သဘောတူလေ၏။ မင်းသားကြီး၏ အစီအစဉ်မှာ မိမိတို့ယောကျ်ားများက ဘီးထရစ်(စ်)သည် ဘယ်နီဒစ်အား ချစ်ကြိုက်လျက်ရှိရှာသည်ဟု ဘယ်နီဒစ်ယုံကြည်





လာအောင် လျှော်ခတ်ပြောဆိုကြ၍ ဟီးရိုးကလည်း ဘယ်နီဒစ်သည် ဘီးထရစ်(စ်)အပေါ်၌ သေလုမတတ် ချစ်ကြိုက်လျက်ရှိသည်ဟု ဘီးထရစ်(စ်)ယုံကြည်လာအောင် ဖန်တီးပြောပြရန် ဖြစ်လေသည်။

မင်းသားကြီးနှင့် ကလော်ဒီယိုတို့သည် ဘုရင်ခံနှင့်အတူ ဥယျာဉ်အတွင်းသို့သွားကြ၍ စောင့်နေကြရာ ပန်းရုံတစ်ရုံထဲသို့ ဘယ်နီဒစ်ဝင်သွားသည်ကို မြင်ကြသည်နှင့်တပြိုင်နက် ပန်းရုံနောက်၌ရှိသော သစ်ပင်အုပ်စုအောက်သို့ ဘယ်နီဒစ်မမြင်အောင် ဝင်သွားကြလေ၏။ ထို့နောက် ၎င်းတို့သုံးဦးသည် ဘယ်နီဒစ်ကြားလောက်အောင် အောက်ပါအတိုင်းတိုင်ပင် ပြောဆိုကြလေသည်။

မင်း။ "ဘယ်လိုတဲ့ ဘုရင်ခံမင်းရဲ့ ဟိုတစ်နေ့တုန်းက ခင်ဗျားပြောတဲ့ကိစ္စဟာလေ၊ ဆက်ပြောစမ်းပါဦးခင်ဗျ၊ တူမတော်ဘီးထရစ်(စ်)က ကျွန်တော်တို့မိတ်ဆွေ ဘယ်နီဒစ်ကို ချစ်ကြိုက်နေရှာတယ်ဆိုတာ တကယ်ဘဲလားခင်ဗျာ၊ ကျွန်တော့်စိတ်အထင်ကတော့ တူမတော်ဘီးထရစ်(စ်)ဟာ ဘယ်နီဒစ်ကိုလဲ ကြိုက်လိမ့်မယ်မထင်ဘူး၊ ဘယ်ယောကျ်ားကိုမှလဲ ချစ်ကြိုက်လိမ့်မယ် မထင်မိပေဘူးခင်ဗျာ"

ရင်။ "ကျွန်တော်လဲမထင်မိပါပေဘူး၊ မင်းသားကြီးခင်ဗျာ၊ မိန်းကလေး ရဲ့ အမူအယာကို ကြည့်ရပုံကဘယ်နီဒစ်ကို တော်တော်ရွံပုံရတယ်၊ နို့ပေမဲ့သူ့ စိတ်ထဲကတော့ ဘယ်နီဒစ်ကိုအသဲစွဲအောင်ချစ်ကြိုက်နေရှာနေတယ် မင်းသား ကြီးရဲ့"

ယို။ "မှန်တယ်မင်းသားကြီး၊ ဟီးရိုးကလဲကျွန်တော့်ကို ပြောဘူးတယ်၊ ဘီးထရစ်(စ်)က ဘယ်နီဒစ်ကိုကြိုက်လိုက်ပုံများတော့ မပြောပါနဲ့တော့၊ သူကချစ်သလို တုန့်ပြန်ပြီးမချစ်လို့ရှိလျှင်တော့၊ လူ့ပြည်မှာတောင် မနေချင်တော့ပါဘူးလို့ ပြောရှာသတဲ့ မင်းသားကြီးရဲ့။ ရင်ကွဲနာနဲ့ သေရလိမ့်မယ်ထင်တယ်လို့တောင် ပြောသေးသတဲ့ခင်ဗျာ"

ထို့နောက် ကလော်ဒီယိုနှင့် ဘုရင်ခံတို့က ဘယ်နီဒစ်သည် မိန်းမဟူသမျှကို ပြက်ရယ်ပြုလုပ်ပြောဆိုတတ်၍ အထူးသဖြင့်ဘီးထရစ်(စ်)အား သရော်ပြောင်လှောင်ခြင်းကို မိမိတို့၏မျက်စိနှင့်မြင်ကြရ၍ နားနှင့်လည်းကြားရဘူးသည် ဖြစ်သောကြောင့် ဘီးထရစ်(စ်)က ဘယ်နီဒစ်ကို ချစ်ကြိုက်သည်ဆိုခြင်းမှာ မယုံကြည်နိုင်လောက်အောင် အံ့ဩမိကြောင်းနှင့် ပြန်ပြောကြလေ၏။

မင်းသားကြီးသည် ကလော်ဒီယိုနှင့်ဘုရင်ခံတို့၏စကားကို နားထောင်ရင်း "တဘီးလိမ့်" ချစ်ကြိုက်နေရှာသော ဘီးထရစ်(စ်)အပေါ်၌ သနားကရုဏာစိတ် ဖြစ်လာဟန်ပြုကာ-



www.burmeseclassi.com

www.burmeseclassic.com



မင်း။ "ဒီလိုဆိုလျှင် ကျွန်တော်တို့လူ ဘယ်နီဒစ်ကို ဒီအကြောင်းတွေ ဖွင့်ပြီးပြောဖို့ မကောင်းပေဘူးလားခင်ဗျာ"

ယို။ "ပြောလို့ဘာထူးမှာလဲ မင်းသားကြီး၊ သူကအသားယူပြီး၊ ဘီးထရစ်(စ်)ကို ပြောင်လားလျှောင်လား လုပ်ချင်လုပ်မည့် လူတစ်ယောက်ဘဲ"

မင်း။ "ဒီလိုများလုပ်လျှင်တော့. . . ခင်ဗျာ့လူကိုကြိုးစင်တင်ပြီး သတ်ပစ်ဖို့ကောင်းတော့တာပေါ့။ ဘီးထရစ်(စ်)လိုမိန်းကလေးမျိုးကို ခင်ဗျားလူဘယ်တော့ရဦးမှာလဲဗျ၊ စိတ်နေသဘောထား သိပ်ကောင်းတာဘဲ၊ ဘယ်နီဒစ်လိုလူကို ချစ်ကြိုက်မိတဲ့အချက်တစ်ခုလောက်ဘဲ သူ့ကိုအပြစ်ဆိုစရာရှိတယ်၊ ကျွန်တော်တော့ အဲဒီအချက်တစ်ခုကလွဲလျှင် ဒီမိန်းကလေးကိုသိပ်ကျေနပ်တယ်ဗျာ"

ဤသို့ပြောပြီးနောက် မင်းသားကြီးသည် မိမိ၏အဖော်များကို ခေါ်လျက် သစ်ပင်အုပ်စုအောက်မှ ထွက်သွားကြလေရာ ၎င်းတို့ပြောစကားအားလုံးကို ကြားလိုက်ရသော ဘယ်နီဒစ်သည် ပန်းရုံအောက်၌ တွေဝေစဉ်းစားကာ တစ်ယောက်တည်း ကျန်ရစ်လေ၏။

မင်းသားကြီးတို့လူစု၏ အကြံအစည်ကို လုံးဝမရိပ်မိသော ဘယ်နီဒစ်မှာ အထက်ပါစကားများကို ကြားရသောအခါ၊ ပထမ၌အလွန်အံ့ဩသော်လည်း၊ မိမိတို့၏ကောင်းသတင်းဆိုလျှင် အလွယ်တကူလက်ခံယုံကြည်ချင်တတ်သော လူ၏သဘာဝအတိုင်း အထက်ပါအချင်းအရာသည် အဟုတ်တကယ်မှန်ကန်သည်ဟု ယုံကြည်မိလေတော့သည်။ သို့ဖြစ်၍ ဘယ်နီဒစ်စဉ်းစားမိသည်မှာကား "ငါ့ကိုလှည့်စားခြင်းမဟုတ်၊ အမှန်အတိုင်း ပြောကြားခြင်းဖြစ်လိမ့်မည်။ ပြောပုံဆိုပုံလေသံကလည်း သရော်ကြသည့်လက္ခဏာမရှိ၊ တည်တည်ကြီး ပြောကြခြင်းဖြစ်သည်၊ ဘုရင်ခံ၏သမီးဟီးရိုးကိုယ်တိုင်ကပင် ဘီးထရစ်(စ်)ကို သနားလျက်ရှိသည်ဟူသော စကားလည်းပါရှိသည်၊ ငါ့ကိုအသဲစွဲအောင် ချစ်ကြိုက်သောမိန်းကလေး တစ်ဦးတစ်ယောက်၏ မေတ္တာကို ငါကလည်း တုန့်ပြန်ပါမှ လျော်ကန်ချေတော့မည်။ ငါကိုယ်တိုင်မှာ မိန်းမမယူဘဲ လူပျိုကြီးလုပ်၍ တစ်သက်လုံးနေမည်ဟု စိတ်ကူးခဲ့ဘူးသော်လည်း လက်ရှိအခြေအနေအရမှာ ၎င်းအကြံကိုဖျက်ပစ်မှ တော်လိမ့်မည်ထင်သည်။ အလွန်တော်သော မိန်းကလေးတစ်ယောက်ဖြစ်သည်ဟု သူတို့ပြောသွားကြရာ ပြောသည့်အတိုင်း ဟုတ်ပုံလည်းရသည်။ ငါ့ကို ချစ်ကြိုက်မိသော ပြစ်ချက်ကလေးတစ်ခုတည်းသာ ရှိသည်ဟုပြောကြရာ ငါကဲ့သို့သောယောကျ်ားတစ်ယောက်အား ချစ်ကြိုက်ခြင်းသည် ပြစ်ချက်တစ်ခုဟု မယူဆထိုက်ချေ။ ဟောပြောရင်းဆိုရင်း ဘီးထရစ်(စ်)လာနေချေပြီ။ ဒီကနေ့မြင်ရပုံကတော့ မိန်းမချောကလေး





တစ်ယောက်ပေဘဲ၊ သူ့မျက်နှာထားကြည့်ရတာက ငါ့ကိုချစ်ကြိုက်နေရှာတဲ့ အထိမ်းအမှတ်တွေလဲမြင်ရတယ်. . ." စသည်များဖြင့် စဉ်းစားစိတ်ကူးလျက်ရှိလေ၏။

ထိုခဏ၌ ဘီးထရစ်(စ်)သည် ဘယ်နီဒစ်အနီးသို့ရောက်လာ၍ ထုံးစံအတိုင်း ခပ်ဆတ်ဆတ်ပြောသည်မှာ. . .

"ညစာစားဖို့ ခေါ်ခိုင်းလို့ရှင့်ဆီကို မလာချင်ဘဲနဲ့ လာခဲ့ရတယ်" ဟု ပြော၏။

ဘယ်နီဒစ်သည် ဘီးထရစ်(စ်)အား ဘယ်အခါမှ ယဉ်ယဉ်ကျေးကျေး စကားပြောဘူးခြင်းမရှိသော်လည်း ဤတစ်ကြိမ်မှာမူ ယဉ်ကျေးစွာဖြင့်. . .

"ကျွန်တော့်အတွက် ဒုက္ခခံပြီးဆောင်ရွက်ခြင်းအတွက် ကျေးဇူးအထူးတင်ပါတယ်ဗျာ. . ."ဟုပြောလေ၏။

ဘီးထရစ်(စ်)ကမူ ထုံးစံအတိုင်း ခပ်ထန်ထန်ပင် သုံးလေးခွန်းပြောပြီးနောက် ထွက်သွားလေရာ ဘယ်နီဒစ်ကမူကား မိမိအားစကားကြမ်းကြမ်းပြောသော်လည်း စိတ်ထဲ၌မူ မိမိအပေါ်၌ ကြင်နာခြင်းရှိသည့် အရိပ်နိမိတ်များ တွေ့ရသည်ဟု ထင်စားမိလေ၏။ သို့ဖြစ်၍ ဘယ်နီဒစ်သည် သူ့ဟာသူတစ်ယောက်တည်း ပြောမိသည်မှာ "ဒီမိန်းကလေးကိုမှ ငါကမသနားတတ်လျှင် ငါဟာလူဆိုးတစ်ယောက် ဖြစ်တော့မှာဘဲ. . . သူ့ကိုမှငါက မချစ်လျှင် ငါဟာ ဂျူးလူမျိုးတစ်ယောက် ဖြစ်ရတော့မှာဘဲ၊ ငါသွားပြီးသူ့ကို ကြည့်ချေဦးမှတော်မှာဘဲ"ဟုဆိုကာ ထ,လာခဲ့လေ၏။

ဘယ်နီဒစ်မှာ မင်းသားကြီးတို့လူစုက ထောင်ထားသည့် ပိုက်ကွန်ထဲသို့ တိုးဝင်လျက်ရှိပြီဖြစ်ရာ ဘီးထရစ်(စ်)အား ဖြားယောင်းရန်အတွက် ဟီးရိုး၏တာဝန်သာ ကျန်လေတော့သည်။ ဟီးရိုးသည် မိမိ၏အခြေအရံအဖြစ်နှင့် အတူတကွနေထိုင်လျက်ရှိသော အူဆူလာနှင့် မာဂရက်အမည်ရှိ မိန်းမနှစ်ယောက်တို့ကိုခေါ်၍ မာဂရက်အားပြောသည်မှာ. . .

"မာဂရက်ရေ အိမ်ရှေ့ဆောင်ထဲမှာ မင်းသားကြီးတို့လူစုနဲ့ စကားပြောနေတဲ့ ဘီးထရစ်(စ်)ဆီကိုသွားပြီး တိုးတိုးကလေးပြောပြချေစမ်းပါ၊ ဘယ်လိုပြောရမလဲဆိုတော့၊ ကျွန်မနဲ့ အူဆူလာတို့က ဥယျာဉ်ထဲမှာ စကြံလျှောက်ရင်း သူ့အကြောင်း ပြောနေကြတယ်လို့ပြောပါ၊ ဘာပြောနေကြတယ်ဆိုတာကို သိချင်လျှင် လိုက်ပြီးနားထောင် လှည့်စမ်းပါလို့ ပြောပါ၊ ပန်းရုံထဲကချောင်းပြီးနားထောင်လျှင် အားလုံးကြားနိုင်တယ်လို့ပြောပါ၊ ကိုင်း. . . မြန်မြန်သွားနော်"

"စိတ်ချပါမမရဲ့၊ ကျွန်မချက်ချင်းပါအောင် ခေါ်လာခဲ့ပါမယ်"

ဤပန်းရုံသည်ကား မင်းသားကြီးတို့ ပြောစကားကို ဘယ်နီဒစ်က



www.burmeseclassi.com

www.burmeseclassic.com



တိတ် တဆိတ်နားထောင်၍ ကြားလိုက်ရသော ပန်းရုံပင်ဖြစ်လေသည်။

မာဂရက်ထွက်သွားသောအခါ ဟီးရိုးသည် အူဆူလာနှင့်အတူ စကြ်ံလျှောက်ရင်းမှာထား သွန်သင်သည်မှာ-

"ဒီမလေအူဆူလာ ဘီးထရစ်(စ်)ရောက်လာတဲ့အခါကျတော့ရှင်နဲ့ကျွန်မနဲ့က ဒီနေရာမှာ စကြ်ံလျှောက်ရင်း၊ ဘယ်နီဒစ်အကြောင်းချည်း ပြောနေကြမယ်၊ ကျွန်မကဘယ်နီဒစ်အကြောင်းကို တစ်ခွန်းလောက်ချီးကျူးလိုက်လျှင်၊ ရှင်ကဆယ်ခွန်းလောက်ချီးကျူးပြီး၊ မိုးထိအောင် မြှောက်ပြောရမယ်၊ ကျွန်မပြောမည့်စကားက ဘယ်နီဒစ်ဟာ ဘီးထရစ်(စ်)ကို မအိပ်နိုင်မစားနိုင်အောင် ချစ်ကြိုက်နေပါတယ်ဆိုတဲ့အကြောင်းဘဲ၊ ကိုင်း. . . ဟောဟိုက ဘီးထရစ်(စ်)လာနေပြီ၊ ကျွန်မပြောထားတဲ့ အစီအစဉ်အတိုင်းပြောနော်၊ မမေ့ပါနဲ့"

"ဟုတ်ကဲ့ပါ မမရဲ့"

ဘီးထရစ်(စ်)သည် မာဂရက်၏မှာထားချက်အတိုင်းဟီးရိုးနှင့်အူဆူလာတို့၏ ပြောစကားများကို ချောင်း၍နားထောင်ရန် ပန်းရုံထဲသို့ဝင်လေရာ ဟီးရိုးနှင့်အူဆူလာတို့လည်း စကြ်ံလျှောက်ရင်း၊ အောက်ပါအတိုင်း စကားပြောကြလေ၏။

ဟီး။ (အူဆူလာ၏စကားကို ပြန်ချေသည့်ဟန်နှင့်) "ဒီလိုလည်းမဟုတ်ဘူးအူဆူလာရဲ့၊ ဘီးထရစ်(စ်)က အင်မတန်မာနကြီးတယ်၊ ရှက်တတ်ရွံတတ်လိုက်တာကလဲလွန်လို့ လုံးဝလူ့ကပ်မခံတဲ့ ကျောက်ဆောင်ပေါ်က ငှက်ရိုင်းကလေးလိုဘဲ"

ဆူ။ "ဒါထက်နေပါဦး မမရဲ့၊ ဘယ်နီဒစ်က ဘီးထရစ်(စ်)ကို မအိပ်နိုင်မစားနိုင်လောက်အောင် စွဲလမ်းနေတယ်ဆိုတာ၊ တကယ်ဘဲလားမမရယ်"

ဟီး။ "တကယ်ကိုမှ တကယ်ပါအူဆူလာရယ်၊ မင်းသားကြီးကလည်းပြောတယ်. . . ကလော်ဒီယိုကလည်း အထပ်ထပ်ကျွန်မကိုပြောပါတယ်၊ သူတို့နှစ်ယောက်လုံးက ဒီအကြောင်းကို ဘီးထရစ်(စ်)သိအောင် ပြောပေးဖို့ကျွန်မကို အကြိမ်ကြိမ်တိုက်တွန်းနေကြတယ်. . . နို့ပေမဲ့ ကျွန်မကပြန်ပြောလိုက်ရတယ်. . . ဘယ်နီဒစ်ကို ရှင်တို့ချစ်ကြလို့ရှိလျှင် ဒီအကြောင်းကို ဘီးထရစ်(စ်)မသိပါစေနဲ့လို့"

အူ။ "မှန်တာဘဲမမရဲ့. . . ဒီအကြောင်းကို ဘီးထရစ်(စ်)သိသွားရင်တော့ ဘီးထရစ်(စ်)က ဘယ်နီဒစ်မခံမရပ်နိုင်လောက်အောင် ဖိနှိပ်ပြီးသိပ်ပြောတော့မှာစေကန်ဘဲ"

ဟီး။ "ဟုတ်တယ် အူဆူလာရဲ့၊ ဘီးထရစ်(စ်)ရဲ့ ဝါသနာကလဲ ဘယ်လောက်အရည်အချင်းရှိလို့ ဘယ်လောက်ချော ဘယ်လောက်တော်တဲ့ လူတစ်





ယောက်ဖြစ်စေကာမူ သူ့ကိုကြိုက်တယ်ဆိုလျှင် နှိပ်လိုက်မလား၊ နှိမ်လိုက်မလား၊ တွယ်လိုက်မလားချည့်ဘဲ၊ ကိုယ့်ညီမအကြောင်း ကိုယ်သိတာပေါ့"

အူ။ "ဒီဝါသနာတစ်ခုကတော့ မကောင်းပါဘူးမမရယ်"

ဟီး။ "မကောင်းတာတော့ အမှန်ဘဲ. . . နို့ပေမဲ့ သူ့ကိုဘယ်သူပြောဝံ့မှာလဲ. . . ကျွန်မကအရဲစွန့်ပြီးပြောပြလျှင် ကျွန်မကိုလွင့်သွားအောင် ဝေါက်ပစ်လိုက်မယ်"

အူ။ "တစ်ခုတော့ ကျွန်မပြောပါရစေ မမရယ်၊ မမရဲ့ညီမကိုမမအကဲခတ်ဟာ တဆိတ်တော့များလွန်းပါတယ် ထင်ပါရဲ့မမရယ်. . . ဘယ်နီဒစ်လိုတကယ်တော်တဲ့ လူတစ်ယောက်ကိုတော့ တောက်တောက်ခါးခါး ငြင်းမယ်မထင်ပါဘူး မမရယ်၊ သူလဲဒါလောက်တော့ သိတတ်ပါလိမ့်မယ်"

ဟီး။ "သူ့မြို့မှာတော့ တကယ့်ထိပ်သီး နာမည်ကြီးလူတစ်ယောက်ပေါ့အူဆူလာ၊ ကလော်ဒီယိုကလွဲလျှင် သူဘဲရှိတော့တယ်ဆိုဘဲ"

ဤနေရာတွင် ဟီးရိုးကဤအကြောင်းကို ဤမျှလောက်ပြောပြလျှင်တော်လောက်ပြီဟူသော အဓိပ္ပာယ်နှင့် အချက်ပေးလိုက်လေရာ အူဆူလာသည်ဤအကြောင်းကိုဖြတ်ကာ စကားပြောင်းလဲလိုက်သည်မှာ. . .

အူ။ "နေပါဦးမမရဲ့၊ မမတို့ မင်္ဂလာဆောင်မှာက ဘယ်တော့တုန်းမမရဲ့"

ဟီး။ "နက်ဖြန်ခါလေ၊ ကျွန်မဖို့ အဝတ်အစားတွေတောင်ရောက်လာပြီ. . . ကိုင်း. . . လာစမ်းပါဦးအူဆူလာ၊ ဘယ်အဝတ်ကို ဘယ်လိုဝတ်ရမယ်ဆိုတာ ကြည့်ရှုရွေးချယ်ပြီး ပြပေးစမ်းပါဦး. . . လာပါရှင်"

ဟီးရိုးနှင့်အူဆူလာတို့ ထွက်သွားကြသောအခါ ၎င်းတို့၏စကားအလုံးစုံကို ကြားလိုက်ရသော ဘီးထရစ်(စ်)သည် ရင်ထဲ၌တဒိန်းဒိန်းခုန်လျက်ရှိရာမှ "ဟုတ်မှဟုတ်ကြရဲ့လားကွယ်တို့. . . ကိုင်း. . . ဒီလိုဆိုလျှင်တော့ ကြီးခဲ့သမျှမာနတွေ အာဃာတတွေ အားလုံးဖျောက်ပြီး ကိုယ့်ကိုကိုယ်ပြုပြင်ပါတော့မယ်၊ ဘယ်နီဒစ်မောင်မောင်ရေ့၊ ကျွန်မကို ချစ်သာချစ်၊ ကြိုက်သာကြိုက်ပါတော့၊ မောင့်မေတ္တာကို တုန့်ပြန်ဖို့ ကျွန်မကြိုးစားပါတော့မယ်ရှင်"ဟု တစ်ယောက်တည်း စိတ်ကူးလျက်ရှိလေ၏။

မင်းသားကြီး၏ ပရိယာယ်ကြောင့် ရန်သူကြီးများအဖြစ်မှ ချစ်ခင်သောမိတ်ဆွေများအဖြစ်သို့ ပြောင်းလဲလာကြသည့် ဘယ်နီဒစ်နှင့် ဘီးထရစ်(စ်)တို့ ပထမအကြိမ်တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ကြခြင်းကို တွေ့မြင်ရလျှင် ပျော်စရာကြီးတစ်ခု ဖြစ်လိမ့်မည်ဟု မျှော်လင့်လျက်ရှိကြ၏။ သို့ရာတွင် ထိုအချိန်၌ ဟီးရိုးအဖို့ ဝမ်းနည်းဖွယ်ဖြစ်ပေါ်လာသော အချင်းအရာ



www.burmeseclassi.com

www.burmeseclassic.com



တစ်ခုကို ဖော်ပြရပေဦးမည်။ ဟီးရိုးနှင့်ကလော်ဒီယိုတို့ လက်မထပ်ကြရသေးမီ တစ်နေ့၌ပင် ထိုအချင်းအရာ ဖြစ်ပေါ်လာလေ၏။

မင်းသားကြီးပီဒရိုမှာ ဂျွန်အမည်ရှိ အဖေတူအမေကွဲ ညီတစ်ယောက်ရှိလေရာ ထိုသူသည်စစ်ပွဲမှ အပြန်တွင် မင်းသားကြီးနှင့်အတူ မဲ့ဆီနာမြို့သို့ ဆိုက်ရောက်လာခဲ့၏။ ဂျွန်မှာဝန်တိုတတ်သော ဝါသနာရှိသဖြင့် လောကကြီးကို ရန်လုပ်ကာ မကြည်မသာရှိတတ်သူတစ်ယောက် ဖြစ်သည့်အလျောက် ကောက်ကျစ်စဉ်းလဲသော အကြံအစည်များဖြင့် အချိန်ကုန်တတ်လေသည်။ ဂျွန်သည်မိမိ၏အစ်ကို မင်းသားကြီးအားမုန်းတီး၍ ကလော်ဒီယိုအားလည်း မင်းသားကြီးနှင့် ချစ်ခင်သည့်အတွက်ကြောင့် ဝန်တိုလျက်ရှိရာ ထိုသူနှစ်ယောက်တို့ စိတ်မချမ်းမသာဖြစ်စေလိုသော ကြံရွယ်ချက်ဖြင့် ဟီးရိုးနှင့်ကလော်ဒီယိုတို့၏ လက်ထပ်ပွဲကို ပျက်စီးအောင်ကြံစည်လေ၏။ သို့ဖြစ်၍ ဂျွန်သည် သူကဲ့သို့ပင် စိတ်ယုတ်မာရှိသော ဘိုရက်ချိုအမည်ရှိ လူတစ်ယောက်အား ငွေအမြောက်အများ ပေးပါမည်ဟုကတိပြု၍ ယုတ်မာသောအစီအစဉ်တစ်ခု ပြုလုပ်ကြလေ၏။ ဘိုရက်ချိုသည် ဟီးရိုး၏မိန်းမဖော်ဖြစ်သော မာဂရက်နှင့် ချစ်ကြိုက်လျက်ရှိရာ ဂျွန်သည်ထိုအချင်းအရာကို သိရှိ၍ မာဂရက်၏အကူအညီကို ရအောင်ယူစေပြီးလျှင် ဟီးရိုးအားနာမည်ပျက်အောင် လုပ်ရန်စီစဉ်လေ၏။ ၎င်းအစီအစဉ်အရမှာ ဘိုရက်ချိုသည် မာဂရက်အားဟီးရိုး၏အဝတ်အစားဝတ်လျက်၊ ဟီးရိုး၏အိပ်ခန်းပြတင်းပေါက်မှ ထိုညတွင် ဘိုရက်ချိုနှင့် စကားပြောစေရန်ဖြစ်လေသည်။ ဘိုရက်ချိုသည် မာဂရက်ထံမှ ဤအတိုင်းပြုလုပ်ပါမည်ဟု ဝန်ခံချက်ရပြီးသောအခါ ဂျွန်သည်မင်းသားကြီးနှင့် ကလော်ဒီယိုတို့ထံသို့သွား၍ ဟီးရိုးသည် ညအချိန်များတွင် သူ၏ပြတင်းပေါက်မှ ယောကျ်ားများနှင့် စကားပြောသည်အထိ လော်လီသော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်းပြောပြလေ၏။ ထိုည၌မှာ ဟီးရိုးနှင့်ကလော်ဒီယိုတို့ လက်မထပ်မီည၌ ဖြစ်ရာ မင်းသားကြီးနှင့်ကလော်ဒီယိုတို့သည် ဂျွန်နှင့်အတူ လိုက်ကြည့်ရန်သဘောတူကြလေရာ ကလော်ဒီယိုကလည်း "ခင်ဗျား ပြောတဲ့အတိုင်းဟုတ်မှန်ခဲ့လျှင်၊ နက်ဖြန်ဘုရားရှိခိုးကျောင်းထဲမှာ လက်ထပ်တုန်း ပရိသတ်တွေရှေ့မှာ အရှက်ကွဲအောင်ဖော်ထုတ်ပြီး ဖွင့်ချလိုက်မယ်ဗျာ"ဟု ပြောလေ၏။ မင်းသားကြီးကလည်း "ဟုတ်တယ်ဗျာ ခင်ဗျားတို့လက်ထပ်ဖို့အရေးမှာ ကျွန်တော်ကူညီဆောင်ရွက်ပေးခဲ့လို့မို့ အရှက်ခွဲတဲ့နေရာမှာလည်း ကျွန်တော်ပါကူပြီး အရှက်ခွဲပေးမယ်ဗျာ"ဟု ထောက်ခံပြောဆိုလေ၏။

ထိုည၌ မင်းသားကြီးနှင့်ကလော်ဒီယိုတို့သည် ဂျွန်နှင့်အတူလိုက်လာကြ၍ ဟီးရိုး၏အိပ်ခန်းပြတင်းပေါက် အနီးသို့ရောက်ကြသောအခါ ပြတင်း





ပေါက်မှ ရပ်လျက်ရှိသောမာဂရက်နှင့် ပြတင်းပေါက်အောက်မှ ရပ်လျက်ရှိသော ဘိုရက်ချိုတို့ စကားပြောလျက်ရှိကြသည်ကို တွေ့ကြရလေ၏။ သို့ရာတွင် မာဂရက်မှာ ဟီးရိုးဝတ်နေကြဖြစ်သည့် အဝတ်များကိုဝတ်ဆင်လျက်ရှိသည်ဖြစ်၍ မင်းသားကြီးနှင့်ကလော်ဒီယိုတို့က ဂျွန်ပြောထားသည့်အတိုင်း ဟီးရိုးသည် ယောကျ်ားတစ်ယောက်နှင့် စကားပြောသည်ဟု ယုံကြည်သွားကြလေ၏။

ထိုအချင်းအရာကို တွေ့မြင်ရသောကလော်ဒီယိုမှာ ဒေါသအမျက်ချောင်းချောင်းထွက်လျက် ဟီးရိုးအပေါ်၌ ချစ်မြတ်နိုးခဲ့သမျှတို့မှာ မုန်းတီးခြင်းသို့ ချက်ချင်းပြောင်းလဲသွား၍၊ မိမိပြောထားသည့်အတိုင်း၊ နက်ဖြန်လက်ထပ်မင်္ဂလာပွဲတွင် ဤကိစ္စကိုအလုံးစုံ ဖွင့်ချမည်ဟုပြောလေ၏။ မင်းသားကြီးကလည်း လက်ထပ်မည့်ဆဲဆဲညဉ့်၌ ဤမျှလောက်ဖောက်ပြန်သည့် မိန်းကလေးအား အရှက်ခွဲခြင်းသည်သာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ထောက်ခံလေ၏။

နောက်တစ်နေ့၌ လက်ထပ်မင်္ဂလာအခမ်းအနားအတွက် ပရိသတ်များ စုံလင်စွာရောက်ကြ၍ဘုရားရှိခိုးကျောင်းကြီးအတွင်း၌ ကလော်ဒီယိုနှင့်ဟီးရိုးတို့သည် ခရစ်ယာန် ဘုန်းတော်ကြီးရှေ့တွင်ရပ်လျက် ဘုန်းတော်ကြီးသည် လက်ထပ်ခြင်းကိစ္စကို စတင်ဆောင်ရွက်တော့မည်ပြုသည်တွင် ကလော်ဒီယိုသည် အလွန်တရာ စိတ်အားထက်သန်လှ၍ တုန်ရီသောအသံဖြင့် ဟီးရိုး၏အဖြစ်အပျက်ကို ဖော်ထုတ်စွပ်စွဲလေ၏။ ဟီးရိုးသည် ကလော်ဒီယို၏စွပ်စွဲချက်များကို ကြားရသောအခါ အလွန်တရာအံ့ဩလျက် "ပြောပုံကြမ်းတမ်းလှချေလား. . . နေလို့မှကောင်းပါလေစမောင်ရယ်" ဟုပြောရှာ၏။

ထိုအခါ ဟီးရိုး၏ဘခင် ဘုရင်ခံလီယိုနာတိုမှာ အကြီးအကျယ် တုန်လှုပ်ခြောက်ချားခြင်းဖြစ်သည်နှင့် မင်းသားကြီးအား "မင်းသားကြီးက ငြိမ်ချက်သားကောင်းလှချေလား ခင်ဗျား. . . ဘာတစ်ခွန်းမှမပြောတော့ဘူးလား"ဟုဆို၏။ ဤတွင် မင်းသားကြီးက "ကျွန်တော်ဘာပြောနိုင်ဦးမှာလဲခင်ဗျာ၊ ကျွန်တော်ကိုယ်တိုင် စေ့စပ်ပြီးပေးစားမည်ကြံတဲ့ မိန်းမတစ်ယောက်လုံးက ဖောက်လွဲဖောက်ပြန်ပြုကျင့်တယ်ဆိုတော့ ကျွန်တော်ပါအရှက်ကြီးကွဲရတော့တာပေါ့ ခင်ဗျာ၊ ကလော်ဒီယိုကစွပ်စွဲတဲ့ကိစ္စဟာ မှန်တယ်ခင်ဗျ၊ ကျွန်တော်ရယ်၊ ကျွန်တော့်ညီရယ်၊ ကလော်ဒီယိုရယ် မနေ့ညတုန်းက ဘုရင်ခံကြီးရဲ့သမီးဟီးရိုးဟာ သူ့အခန်းပြတင်းပေါက်မှာရပ်ပြီး အောက်ကယောကျ်ားတစ်ယောက်နဲ့ စကားပြောနေကြတာကို ကျွန်တော်တို့ကိုယ်တိုင် ဒိဋ္ဌမြင်ခဲ့ရတယ်ခင်ဗျ၊ ကျွန်တော်ဘာတတ်နိုင်ဦးမှာလည်း ခင်ဗျာ"

ဘယ်နီဒစ်သည် ဤစကားများကိုကြားရ၍ လက်ထပ်မင်္ဂလာခဲ့အခြေ



www.burmeseclassi.com

www.burmeseclassic.com



အနေကို မြင်ရသောအခါ "ဘယ်လိုဟာပါလိမ့်ဗျာ. . . မင်္ဂလာဆောင်နဲ့လဲ မတူပါကလား"ဟု ပြောလိုက်၏။

ထိုအခါဟီးရိုးသည် ကြက်သေသေ့လျက်ငေးကြည့်နေရာမှ "ဘုရားသခင်ကယ်တော်မူပါ"ဟု ပြောပြောဆိုဆိုနှင့် ရှေ့သို့ထိုးလဲသွား၍ လူသေကဲ့သို့ မလှုပ်မရှားရှိနေလေ၏။ ကလော်ဒီယိုနှင့် မင်းသားကြီးတို့မှာမူ ဒေါသအဟုန်ကြောင့် သနားကရုဏာ လုံးဝကင်းသည့်လက္ခဏာနှင့် ကြမ်းပေါ်၌လဲလျက်ရှိသော ဟီးရိုးအားလည်းကောင်း၊ အကြီးအကျယ် စိတ်ဒုက္ခရောက်လျက်ရှိသော ဘခင်ဘုရင်ခံအားလည်းကောင်း၊ လှည့်၍မျှပင်မကြည့်ကြတော့ဘဲ ဘုရားရှိခိုးကျောင်းကြီးထဲမှ ထွက်သွားကြလေ၏။

ဘယ်နီဒစ်မှာမူ မိတ်ဆွေများနှင့်အတူမလိုက်ဘဲ ဟီးရိုးအားပွေ့ထူလျက်ရှိသော ဘီးထရစ်(စ်)အနီးသို့ ချဉ်းကပ်ကာ "ဘယ့်နှယ်ရှိသလဲ"ဟု မေးရာ ဘီးထရစ်(စ်)က "သေပါပြီရှင့်၊ ကျွန်မအစ်မကြီး သေပါပြီရှင့်" ဟု ပြန်ပြောလေ၏။

ဘီးထရစ်(စ်)ကမူ အစ်မဖြစ်သူ ဟီးရိုး၏ ကြွေ့သိက္ခာစောင့်စည်းကြောင်းကို ကောင်းကောင်းကြီးသိသည်ဖြစ်၍ ကလော်ဒီယိုနှင့် မင်းသားကြီးတို့၏စွပ်စွဲချက်ကို လုံးဝအယုံအကြည်မရှိချေ။ သို့ရာတွင် ဘခင်ဘုရင်ခံမူကားထိုကဲ့သို့မဟုတ်ချေ။ သို့ဖြစ်ရကား ဘုရင်ခံသည် ကလော်ဒီယိုတို့၏ စွပ်စွဲချက်ကို လက်ခံယုံကြည်သဖြင့် အကြီးအကျယ်အရှက်ရပြီးလျှင် နစ်မျောလျက်ရှိသော ချစ်သမီးဟီးရိုး၏ မျက်နှာကလေးကိုကြည့်ကာ "သေဟာကကောင်းပါလိမ့်မယ်ကွယ်"ဟု ညည်းတွားရေရွတ်မိရှာလေ၏။

ဘုန်းတော်ကြီးသည် လူ့သဘာဝကို လေ့လာခဲ့သောပညာရှိပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်၍ ဟီးရိုး၏မျက်နှာထားကို တလျှောက်လုံးအကဲခတ်လာခဲ့၏။ စွပ်စွဲခြင်းခံရသောအခါတွင် ဟီးရိုး၏မျက်နှာပြောင်းလဲသွားပုံကိုလည်းကောင်း၊ ပြောင်းလဲခြင်းမှာလည်း ဟုတ်မှန်သည့်အတွက်ကြောင့် ရှက်သောမျက်နှာထားမျိုးမဟုတ်၊ မဟုတ်မမှန်လုပ်ကြံစွပ်စွဲခြင်း ခံရသည့်အတွက်ကြောင့် ရှက်နာနာသော မျက်နှာထားမျိုးဖြစ်လာပုံကိုလည်းကောင်း၊ ဟီးရိုး၏မျက်နှာမှာ ရုတ်တရက်သွေးဖြန်း၍ နီမြန်းရာမှ သွေးဆုတ်ပြီး ဖြူရော်ရော်ဖြစ်သွားပုံကိုလည်းကောင်း၊ ဟီးရိုး၏မျက်လုံးများမှာလည်း မတရားသဖြင့် စွပ်စွဲခြင်းခံရသောကြောင့် မခံချင်သည့်သဘောနှင့် ရုတ်တရက် ဝင်းကနဲလက်သွားပုံကိုလည်းကောင်း မြင်လိုက်ရသည်ဖြစ်၍ ဘုန်းတော်ကြီးသည် ဘခင်ဘုရင်ခံကြီးအားပြောသည်မှာ-

"ကျွန်ုပ်ကိုလူရူးလို့ခေါ်ချင်ခေါ်၊ ကျွန်ုပ်ပြောစကားကိုလည်း မယုံချင်





နေ ကျွန်ုပ်၏အသက်အရွယ်နှင့် သမာဓိကိုလည်း မရှိသေချင်နေ၊ ကျွန်ုပ်၏ထင်မြင်ချက်ကိုတော့ ထုတ်ဖော်ပြောပါရစေ၊ ဒီမိန်းကလေးဟာ အပြစ်လုံးဝမရှိဘဲလျက်နှင့် မဟုတ်မတရား စွပ်စွဲခြင်းခံရရှာတယ်လို့ ကျွန်ုပ်ယုံကြည်တယ်"ဟုမိန့်တော်မူလိုက်လေ၏။

ဟီးရိုးသည် သတိလစ်၍နစ်မျောသွားရာမှ သတိရလာရာတွင် ဘုန်းတော်ကြီးက "ငါ့ကိုပြောပြစမ်းပါဦး မိန်းကလေးရဲ့ စွပ်စွဲခံရတာက ၁ သ်ယောကျ်ားနဲ့တဲ့လဲ"

"ဘုရားတပည့်တော်မ မသိပါဘုရား၊ စွပ်စွဲသူများကတော့ သိကြမလားမဆိုနိုင်ပါဘုရား" ဟု လျှောက်ထားပြီးနောက်၊ ဘခင်ဘုရင်ခံဘက်သို့လှည့်လျက်-

"ကျွန်မစကားတစ်ခွန်းပြောပါရစေဖေဖေ၊ ကျွန်မဟာ ယောကျ်ားတစ်ဦးတစ်ယောက်နဲ့ အချိန်မတော်တွေ့ဆုံ စကားပြောလို့ဖြစ်စေ၊ မနေ့ညတုန်းက ယောကျ်ားနဲ့ဖြစ်ဖြစ်၊ မိန်းမနဲ့ဖြစ်ဖြစ်၊ သတ္တဝါတစ်ဦးတစ်ယောက်နဲ့ တွေ့ဆုံစကားပြောတယ်လို့ဖြစ်စေ၊ ထင်ရှားအောင်သက်သေသာဓက ဖော်ပြနိုင်ကြလို့ရှိလျှင် ကျွန်မကိုသမီးအဖြစ်မှ စွန့်ပယ်လိုက်ပါ၊ မုန်းချင်တိုင်း မုန်းလိုက်ပါ၊ မသေမချင်းနှိပ်စက်လိုက်ပါ ဖေဖေရယ်၊ ကျွန်မခံဝံ့ပါတယ်"ဟု ပြောလေ၏။

ထိုအခါဘုန်းတော်ကြီးက "မင်းသားကြီးနဲ့ကလော်ဒီယိုတို့ဟာ သက်သက်မဲ့ အထင်မှားနေကြပြီနဲ့တူတယ်. . . "ဟုပြောပြီးနောက် ဘုရင်ခံအားအကြံတစ်ခုပေးလေ၏။ ၎င်းအကြံမှာ သမီးဟီးရိုးသေဆုံးပြီဟု ကြေငြာသင့်ကြောင်း၊ မင်းသားကြီးနှင့် ကလော်ဒီယိုတို့သည် သေငယ်ဇောနှင့် နစ်မျောသော ဟီးရိုးကို မြင်သွားကြသည်ဖြစ်သောကြောင့်. . . သေသည်ဆိုခြင်းကို ယုံကြည်ကြမည်ဖြစ်ကြောင်း၊ ဘုရင်ခံကိုယ်တိုင်ကလည်း သမီးတစ်ယောက် သေဆုံးခြင်းအတွက်ကြောင့် ဝမ်းနည်းသော အထိမ်းအမှတ်ဖြင့် ထုံးစံအတိုင်း အဝတ်နက်ဝတ်ဆင်ပြီးလျှင် သမီးအတွက် ကျောက်ရုပ်တစ်ခုတည်ထားရမည့်အကြောင်း အကြံပေးလေ၏။ ထိုအခါ ဘုရင်ခံကြီးက. . . .

"ဒီလိုလုပ်တော့ ဘာအကျိုးရှိမှာလဲဘုရား"

"ဟီးရိုးသေတယ်လို့ ကြားလိုက်ရတဲ့အခါမှာ မင်းသားကြီးနဲ့ကလော်ဒီယိုတို့ဟာ မိန်းကလေးအပေါ်မှာ ကရုဏာသက်လာကြဖို့ရှိတယ်။ သို့သော်ဒါလောက်မကဘူး၊ အကျိုးသက်ရောက်ဖို့ရှိသေးတယ်။ အကယ်၍ ကလော်ဒီယိုသည် ဟီးရိုးအပေါ်၌ စစ်မှန်တဲ့မေတ္တာ ထားခဲ့ဘူးတယ်ဆိုလို့ရှိလျှင် သူပြောမိတဲ့စကားအတွက်ကြောင့် ဟီးရိုးသေသွားရတယ်လို့ ကြင်နာတဲ့စိတ်ဖြစ်ပေါ်လာပြီး ငါပြောမိတာ မှားလေခြင်းလို့ နောင်တ,တရားရဖို့ရှိတယ်။ သူစွပ်စွဲတဲ့အ



www.burmeseclassi.com

www.burmeseclassic.com



တိုင်း မှန်ကန်တယ်လို့ ယုံကြည်စေဦးတော့. . . သူလုပ်ပုံဟာ ရက်စက်လွန်းရာ ကျတယ်လို့စဉ်းစားမိလိမ့်မယ်" ဟု မိန့်တော်မူလေ၏။

ထိုအခါအနီး၌ရှိနေသော ဘယ်နီဒစ်ကဘုရင်ခံလီယိုနာတိုအား. . .

"ဘုန်းတော်ကြီးရဲ့ အကြံအတိုင်း လိုက်နာသင့်ပါတယ်ခင်ဗျာ. . ကျွန်တော်ဟာ မင်းသားကြီးနဲ့ကလော်ဒီယိုတို့ရဲ့ မိတ်ဆွေကြီးတစ်ယောက်ဖြစ်သော်လည်း သူတို့ကိုဒီအကြောင်းမပြောပါဘူး၊ နှုတ်လုံဖို့ကျွန်တော် ကတိထားပါတယ် ဘုရင်ခံကြီးခင်ဗျာ"ဟုပြော၏။

လီယိုနာတိုသည် ဘယ်နီဒစ်တိုက်တွန်းသည့်အတိုင်း ဘုန်းတော်ကြီး၏အကြံကို လိုက်နာပါတော့မည်ဟု ကတိပြုရင်း "ကျွန်ုပ်မှာတော့ စိတ်ထိခိုက်လွန်းလို့မို့ ဘယ်သူကမဆို အပ်ချည်မျှင်ကလေးနဲ့ ဆွဲခေါ်ဦးတော့ လိုက်ရတော့မည့် အဖြစ်မျိုးရောက်နေပါပြီဗျာတို့" ဟုညည်းညူလေ၏။

ထို့နောက် ဘုန်းတော်ကြီးသည် ဟီးရိုးတို့သားအဖကို ခေါ်သွားလေရာ၊ ဘယ်နီဒစ်နှင့် ဘီးထရစ်(စ်)တို့နှစ်ယောက်တည်းသာ ကျန်ရစ်လေ၏။ ၎င်းတို့ နှစ်ယောက်တည်း တွေ့ဆုံသည့်အခါ၌ဘယ်ကဲ့သို့ ရှိလိမ့်မည်ဟု တွေးဆကာရယ်မောရင်း မျှော်လင့်ခဲ့ကြသည့် မင်းသားကြီးနှင့်ကလော်ဒီယိုတို့မှာ စောင့်မျှော်ခဲ့ကြသည့်အတိုင်း မမြင်ကြရသည့်ပြင် ပျော်ရွှင်ဖို့ကိုလည်း သတိမရနိုင်ကြဘဲ မင်္ဂလာပွဲပျက်ရခြင်းနှင့် ပတ်သတ်၍ အလွန်တရာ စိတ်ညစ်ညူးလျက်ရှိကြလေ၏။

ဘယ်နီဒစ်နှင့် ဘီးထရစ်(စ်)တို့ နှစ်ယောက်တည်းရှိကြသောအခါ၊ ဘယ်နီဒစ်က

"ဘယ့်နှယ်လဲဗျာ၊ တရှုတ်ရှုတ်ငိုလို့ အားမရနိုင်သေးဘူးလား"

"အားမရနိုင်ဘူးတော်ရေ့. တစ်သက်လုံး ငိုမဆုံးနိုင်အောင်ဖြစ်ရတော့ မှာဘဲ"

"ကျွန်တော့်အထင်ကတော့ ဟီးရိုးဟာသက်သက်မဲ့ အထင်လွဲခံရရှာတာနဲ့တူတယ်"

"ယခုလိုအထင်လွဲခံရတာကို ပျောက်အောင်ရှင်းပေးနိုင်တဲ့လူများရှိလျှင် ကျွန်မကဘာမဆို လုပ်ပေးနိုင်ပါရဲ့ရှင်"

"ကျွန်တော်ခင်ဗျားကို ချစ်လာပြီဗျာ၊ ခိုင်းချင်တာခိုင်း၊ ကျွန်တော်လုပ်ပေးမယ်၊ ဘယ်လိုလုပ်ပေးရမလဲ"

"ဒီကလဲ ချစ်တာပါဘဲ၊ ယုံချင်ယုံမယုံချင်နေ၊ ကျွန်မမုသားမပြောတတ်ဘူး။ တကယ်ပါ နို့ပေမယ့် ခုချက်ချင်းအဖို့ရာကတော့ ဟီးရိုးအတွက် ပူလောင်လှတယ်ရှင်ကြီးရေ့"





"ကိုင်း. . . တစ်ယောက်နဲ့တစ်ယောက် မေတ္တာစုန့်ပြန်ကြပြီဆိုတဲ့နောက်တော့ ခိုင်းချင်တာခိုင်းဗျာ ဆောင်ရွက်ပေးပါ့မယ်"

"တကယ်လားရှင်"

"တကယ်ပါဗျာ"

"ကိုင်း. . . ဒါဖြင့်ကလော်ဒီယိုကို သတ်ပေးစမ်းရှင်"

"ဟာ. . . ဒါတော့မလုပ်နဲ့ဗျာ၊ သူကဆိုးတာမဟုတ်ဘူး၊ အထင်မှားလို့ ဖြစ်ချင်ဖြစ်မှာဘဲ"

"ကျွန်မရဲ့အစ်မကြီးဟီးရိုးကို ယုတ်ယုတ်မာမာ လူပုံထဲမှာစွပ်စွဲခြင်းဟာ ဆိုးတာမဟုတ်ဘူးလားရှင်၊ ဟီးရိုးကိုအရှက်တကွဲ အကျိုးနည်းဖြစ်အောင်ပြောခြင်းဟာ ဆိုးတာမဟုတ်သေးဘူးလားရှင်၊ ကျွန်မကိုယ်တိုင် ယောကျ်ားဖြစ်စမ်းချင်တယ်၊ ကိုယ်တိုင် ယောကျ်ားမဖြစ်နိုင်လို့ရှိလျှင်လည်း ကျွန်မအတွက် ဆောင်ရွက်ပေးတဲ့ သတ္တိရှိတဲ့မိတ်ဆွေကောင်းတစ်ယောက်လောက် ရစမ်းချင်တယ်"

"ယုံပါဗျာ. . . ကျွန်တော်ဟာ မိတ်ဆွေကောင်းတစ်ယောက်ပါဗျာ"

"ကျွန်မအတွက် ဆောင်ရွက်ပေးဝံ့တဲ့သတ္တိမှမရှိတာ. . . ဘာအသုံးကျသလဲ"

"နေစမ်းပါဦးဗျာ ကလော်ဒီယိုက ဟီးရိုးကိုပြစ်မှားတယ်လို့ထင်သလား"

"ပြစ်မှားတာပေါ့ရှင်၊ ဘယ်လောက်နစ်နာသလဲ"

"ကောင်းပြီ. . . ကလော်ဒီယိုကို ကျုပ်ချဲလင့်ချ်လုပ်မယ်၊ စိတ်ချ. . . ကိုင်. . . ဟီးရိုးဆီသွားပြီး စိတ်သက်သာရာရအောင် ပြောချေပေတော့"

ဘီးထရစ်(စ်)သည် ဘယ်နီဒစ်အား သူ၏ချစ်လှသောမိတ်ဆွေ ကလော် ဒီယိုနှင့် ဓါးချင်းယှဉ်ခုတ်သည်အထိ စိတ်ဆိုးအောင်ဆွပေးလျက်ရှိစဉ် ဘုရင် ခံလီယိုနာတိုသည် ရင်ကွဲနာနှင့်သေဆုံးရသော မိမိ၏သမီးအတွက် မင်းသားကြီးနှင့်ကလော်ဒီယိုတို့အပေါ် မကျေမချမ်းဖြစ်၍ တစ်ယောက်ချင်းဓါးချင်းယှဉ်ခုတ်ရန် ချဲလင့်ချ်လုပ်လျက်ရှိလေ၏။ သို့ရာတွင် မင်းသားကြီးနှင့် ကလော်ဒီယိုတို့သည် ဘုရင်ခံကြီး၏ အသက်ကြီးခြင်းကိုလည်းကောင်း၊ ဝမ်းနည်းကြေကွဲဖွယ်သော အဖြစ်အပျက်ကိုလည်းကောင်း၊ ရိုသေလေးစားကြသည်ဖြစ်၍ "ကျွန်တော်ဘို့နဲ့ ရန်မဖြစ်ချင်ပါနဲ့ခင်ဗျာ"ဟုဆိုကာ ချော့မော့တောင်းပန်ကြလေ၏။ ထိုခဏတွင် ဘယ်နီဒစ်ရောက်လာ၍ ဟီးရိုးအားပြစ်မှားခြင်းအတွက် မိမိနှင့်ဓါးချင်းယှဉ်ခုတ်ရမည်ဟု ကလော်ဒီယိုအား ချဲလင့်ချ်လုပ်လေ၏။ ထိုအခါမင်းသားကြီးနှင့်ကလော်ဒီယိုတို့က ဘယ်နီဒစ်အား ဘီး



www.burmeseclassic.com

www.burmeseclassic.com



ထရစ်(စ်)က မြှောက်ပေးလိုက်ခြင်းဖြစ်ဟန်တူသည်ဟု တစ်ယောက်နှင့် တစ်ယောက်ပြောကြ၏။ မည်သို့ပင်ဖြစ်စေ ကလော်ဒီယိုမှာ ဘယ်နီဒစ်၏ ချဲ့လင့်ချက်ကို ငြင်းပယ်ရန်မဖြစ်နိုင်တော့ဘဲ လက်ခံရတော့မည့်အခြေအနေသို့ ဆိုက်ရောက်လျက်ရှိစဉ် ဟီးရိုး၌ အပြစ်မရှိကြောင်း ထင်ရှားစေမည့် အခြားနည်းလမ်းကောင်းတစ်ခု ပေါ်ပေါက်လာလေတော့၏။

မင်းသားကြီးနှင့်ကလော်ဒီယိုတို့သည် ဘယ်နီဒစ်၏ချဲ့လင့်ချက်အကြောင်းကို ဆွေးနွေးတိုင်ပင်လျက်ရှိစဉ် အရာရှိတစ်ယောက်သည် ဘိုရက်ချီကိုဖမ်း၍ မင်းသားကြီးထံသို့ ခေါ်သွင်းလာခဲ့လေ၏။ ဘိုရက်ချီမှာ မင်းသားကြီး၏ညီတော် ဂျွန်နှင့်အတူ ဟီးရိုးအပေါ်၌ မကောင်းကြံခဲ့ကြသောအလုပ်ကို သူ၏မိတ်ဆွေတစ်ယောက်အား ကြွားဝါပြောဆိုနေခိုက်တွင် မင်းမှုထမ်းများက ကြား၍ (မင်းသားကြီး၏တပည့်တစ်ယောက် ဖြစ်သည့်အလျောက်) မင်းသားကြီးထံသို့ ဖမ်းပို့လိုက်ကြခြင်းဖြစ်လေသည်။

ဘိုရက်ချီကထိုညတွင် ပြူတင်းပေါက်မှ မိမိနှင့်စကားပြောသူမှာ ဟီးရိုးမဟုတ်၊ ဟီးရိုး၏အဝတ်ကိုဝတ်ထားသည့် မာဂရက်မျှသာဖြစ်ကြောင်း ဖြောင့်ချက်ပေးလေရာ မင်းသားကြီးနှင့်တကွ ကလော်ဒီယိုတို့သည် ဟီးရိုး၌လုံးဝအပြစ်ကင်းစင်ကြောင်းကို ကျေနပ်စွာသိရှိကြရလေ၏။ အကယ်၍ ကလော်ဒီယို၏စိတ်ထဲ၌ သံသယအကပ်အသပ် ကျန်သေးသည်ဆိုစေဦးတော့ မင်းသားကြီး၏ညီတော် ဂျွန်ထွက်ပြေးခြင်းက ထိုသံသယကို လုံးဝဖျောက်ဖျက်ပစ်နိုင်လောက်ပေသည်။ အကြောင်းမူကား ဂျွန်သည်ဘိုရက်ချီက ဖြောင့်ချက်ပေးသည်ဟု ကြားသည်နှင့်တပြိုင်နက် နောင်တော်ကိုကြောက်သည်နှင့် မဲဆီနာမြို့မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီ ဖြစ်ပေသောကြောင့်တည်း။

ကလော်ဒီယိုမှာ ဟီးရိုးအား မဟုတ်မတရား စွပ်စွဲမိခြင်းအတွက်ကြောင့် ဟီးရိုးသေရှာရသည်ဆိုသော် ယူကြုံးမရဖြစ်လျက်ရှိ၏။ မင်းသားကြီးက ကလော်ဒီယိုအား အသည်းနှလုံးကိုသံချွန်နှင့် ထိုးဆွသကဲ့သို့ အခံရခက်သည်မဟုတ်ပါလောဟု မေးရာတွင်ကလော်ဒီယိုက ဘိုရက်ချီ၏ဖြောင့်ချက်ကို မိမိနားထောင်လျက်ရှိစဉ် အဆိပ်သောက်ထားဘိသကဲ့သို့ ခံရခက်လှကြောင်းနှင့် ပြန်ပြောလေ၏။

ထို့နောက် နောင်တအကြီးအကျယ်ရလျက်ရှိသော ကလော်ဒီယိုသည် ဟီးရိုးအပေါ်၌ မိမိပြစ်မှားခဲ့မိခြင်းအတွက် ခွင့်လွှတ်ပါရန်ဘုရင်ခံထံ တောင်းပန်အသနားခံပြီးလျှင် မိမိ၏မိုက်မဲခဲ့မိခြင်းအတွက် ပေးလိုသောဒဏ်ကို ပေးပါ။ မိမိထမ်းဖို့ အသင့်ရှိပါကြောင်း ပြောလေ၏။

ထိုအခါ ဘုရင်ခံလီယိုနာတိုက ဟီးရိုး၌ညီမဝမ်းကွဲ တစ်ယောက်ရှိ၍





ဟီးရိုးသေသည့်နောက်တွင် ၎င်းမိန်းကလေးကို မိမိကအမွေစားအမွေခံအဖြစ်နှင့် မွေးစားထားကြောင်း၊ ထိုသူငယ်မမှာ ဟီးရိုးနှင့်ရုပ်ဆင်းသဏ္ဌာန်တူကြောင်း ၎င်းမိန်းကလေးနှင့် နက်ဖြန်နံနက် လက်ထပ်ယူမည်ဆိုပါက ကလော်ဒီယိုအပေါ်၌ မိမိကျေနပ်နိုင်မည်ဖြစ်ကြောင်း ပြောလေ၏။ ကလော်ဒီယိုကလည်း ဒဏ်ထမ်းပါမည်ဟု မိမိပြောပြီးဖြစ်သောကြောင့် ကုလားနက်မတစ်ယောက်ပင်ဖြစ်စေ၊ လက်ထပ်ယူပါမည့်အကြောင်း ကတိပေးလေ၏။ သို့ရာတွင် ကလော်ဒီယို၏ စိတ်ထဲ၌မူကား ဟီးရိုးအားလွမ်းဆွတ်တမ်းတလျက်ရှိသဖြင့် တစ်ညဉ့်လုံး မအိပ်နိုင်ဘဲ မျက်ရည်တရွှဲရွှဲဖြစ်နေသည်နှင့် ညတွင်းချင်းပင် ဟီးရိုး၏ သင်္ချိုင်းသို့ထသွားကာ တမ်းတငိုယိုရလေသည်။

နံနက်လင်းသောအခါ ကလော်ဒီယိုသည် ဘုရားရှိခိုးကျောင်းသို့ မင်းသားကြီးနှင့်အတူ ထွက်လာခဲ့ရာ လက်ထပ်ပေးမည့် ဘုန်းတော်ကြီးသည်လည်းကောင်း၊ လီယိုနာတိုသည်လည်းကောင်း၊ သတို့သမီးသည်လည်းကောင်း ရောက်နှင့်နေကြလေပြီ။ လီယိုနာတိုသည် မိမိ၏တူမဖြစ်သော သတို့သမီးကို ကလော်ဒီယို၏လက်သို့ အပ်လေရာသတို့သမီးမှာ မျက်နှာဖုံးစွပ်ထားသောကြောင့် မျက်နှာကိုမမြင်ရချေ။

ကလော်ဒီယိုသည် မျက်နှာဖုံးစွပ်ထားသော သတို့သမီးအား "ဘုန်းတော်ကြီးရှေ့မှာ သင့်လက်ကိုပေးပါ။ ကျွန်ုပ်ကိုသဘောကျလျှင် လက်ထပ်ဖို့အဆင်သင့်ပါပဲ"ဟုပြောရာ သတို့သမီးက "ကျွန်မအသက်ရှင်တုန်းက ရှင့်မယားကြီးပါပဲ" ဟုဆိုကာ မျက်နှာဖုံးကိုချွတ်လိုက်၏။ သတို့သမီးမှာ ဘုရင်ခံ၏တူမမဟုတ် သမီးဟီးရိုးပင်ဖြစ်နေသည်ကို တွေ့ရလေ၏။ ကလော်ဒီယိုမှာ ထိုအချင်းအရာကို တွေ့ရသောအခါ သေရှာပြီဟုထင်မှတ်ခဲ့သော ဟီးရိုးတစ်ယောက် ပြန်ရှင်လာခြင်းအတွက် အံ့ဩခြင်းသည် ဝမ်းမြောက်ခြင်းထက် လွန်ကဲနိုင်လိမ့်မည် မဟုတ်ချေ။ မင်းသားကြီးမှာလည်း ကြီးစွာသော အံ့ဩခြင်းဖြင့် ငေးကြည့်လျက်ရှိရာမှ "ဒီမိန်းကလေးဟာ သေရှာပြီဆိုတဲ့ဟီးရိုးမဟုတ်လား" ဟု မေးလေရာ၊ ဘုန်းတော်ကြီးက လက်ထပ်ခြင်းကိစ္စပြီးစီးသောအခါမှ အလုံးစုံရှင်းလင်းပြောပြပါမည်ဟု ပြော၍ . . . လက်ထပ်ပေးမည်ပြုစဉ် ဘယ်နီဒစ်က မိမိနှင့် ဘီးထရစ်(စ်)တို့ကိုလည်း တစ်ချိန်တည်းတွင် လက်ထပ်ပေးရန်တောင်းပန်လေ၏။ ဘီးထရစ်(စ်)ကမူ လက်ထပ်ရန်ငြင်းလျက်ရှိရာ၊ ဘယ်နီဒစ်က မိမိအားဘီးထရစ်(စ်) ချစ်ကြိုက်ခြင်းကို ဟီးရိုးအားသက်သေထူလေ၏။ ဤတွင် ဘီးထရစ်(စ်)နှင့် ဘယ်နီဒစ်တို့၏ အချစ်ပြဿနာကို ဖြေရှင်းကြလေရာ၊ သူက အလျှင် ချစ်ကြိုက်သည်၊ ငါကအလျှင် ချစ်ကြိုက်သည် ဆိုခြင်းကိုလည်း အကြီးအကျယ်ငြင်းခုန်ကြရသေး၏။ နောက်ဆုံး၌ကား ဤသူနှစ်ယောက်တို့မှာ မည်



www.burmeseclassic.com

www.burmeseclassic.com

သူကမည်သူ့အားမျှ အလျင်ချစ်ကြိုက်ခြင်းမဟုတ်ဘဲ စပ်ကြားလူများ၏ လှော်ခတ်ဖန်တီးမှုကြောင့် တစ်ယောက်ကိုတစ်ယောက် ချစ်ကြိုက်ရာရောက်အောင် တွန်းပို့ကြခြင်းဖြစ်ကြောင်း ပေါ်ထွက်လာလေတော့၏။ သို့ရာတွင် ထိုအချိန်၌မူ ဘယ်နီဒစ်သည်လည်းကောင်း၊ ဘီးထရစ်(စ်)သည်လည်းကောင်း အထင်မှား၍ ချစ်ကြိုက်ခဲ့မိသောအဖြစ်မှ ပြန်ဆုတ်ရန်မဖြစ်နိုင်တော့ဘဲ အဟုတ်တကယ် မေတ္တာသက်ဝင် ချစ်ခင်ကြင်နာသော အဖြစ်မျိုးသို့ဆိုက်ရောက်လျက် ရှိနေကြရကား (အပြွက်ပြွက်နှင့် နှာခေါင်းသွေးထွက်သည်ဆိုသော မြန်မာစကားပုံအတိုင်း) ရှေ့သို့ဆက်ကြရန်သာရှိလေတော့သည်။ သို့ရာတွင် ဤသူနှစ်ယောက်တို့မှာ တစ်ယောက်ကိုတစ်ယောက် 'ခနဲ့'ချင်တတ်သော ဝါသနာအတိုင်း ဘယ်နီဒစ်က မိမိအားချစ်ကြိုက်လှပါသည်ဟု ပြောသောကြောင့် သနားသဖြင့် ချစ်မိပါသည်ဟုပြောရာ၊ ဘီးထရစ်(စ်)ကလည်း မိမိကိုမရလျှက် သေရပါတော့မည်ဟု ပြောကြသည့်အတွက်ကြောင့် ကရုဏာအလျောက် လက်ခံရခြင်းဖြစ်ကြောင်းနှင့် အားကျမခံ ပြန်ပြောလေ၏။ မည်သို့ပင်ဖြစ်စေ ဘီးထရစ်(စ်)နှင့် ဘယ်နီဒစ်တို့မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နောက်သို့ဆုတ်ရန် မဖြစ်နိုင်သောအခြေသို့ ဆိုက်ရောက်လျက်ရှိကြပြီ ဖြစ်သောကြောင့် ကလော်ဒီယိုနှင့်ဟီးရိုးတို့ စုံတွဲလက်ထပ်အပြီးတွင် ဆက်လက်၍ ဒုတိယစုံတွဲအဖြစ်နှင့် လက်ထပ်လိုက်ကြလေတော့သည်။

မဲ့ဆီနာမြို့မှ တိမ်းရှောင်ထွက်ပြေးသော ညီတော်ဂျွန်မင်းသားမှာလည်း ထိုနေ့၌ပင် လက်ရဖမ်းမိသဖြင့် မြို့တော်သို့ ပြန်ရောက်လာရာ၊ နောင်တော် မင်းသားကြီးက အပြစ်ဒဏ်အကြီးအကျယ် မပေးသော်လည်း သူတစ်ပါးအပေါ်၌ အကောက်ကြံတတ်သော ထိုမင်းသားမှာ ထိုလူစုမဆင်းရဲဘဲ ၎င်းတို့ ပျော်ရွှင်လျက်ရှိခြင်းကို မြင်ရခြင်းသည်ပင်လျှင် သူ့အဖို့ရာ၌လုံလောက်သော အပြစ်ဒဏ်ကြီးတစ်ခုအနေဖြင့် သဘောထားထိုက်လှပြီ ဖြစ်ပါသတည်း။

*သွေးသောက်၊ အမှတ် (၁၇၃)၊ ဇွန်လ၊ ၁၉၆၀ ခုနှစ်၊*

□ □ □

## မက္ကဘက်(သ)

စကော့ထလန်ပြည်ကို စိတ်သဘောကောင်းသောဒန်ကင်ဘုရင် အုပ်ချုပ်စိုးစံစဉ်အခါက ၎င်း၏လက်အောက်တွင် မက္ကဘက်(သ)သည် ဒန်ကင်ဘုရင်နှင့် ဆွေမျိုးရင်းချာတော်စပ်လေရာ စစ်တိုက်ခိုက်ရာတွင် သူရသတ္တိနှင့်ပြည့်စုံသူတစ်ယောက်ဖြစ်သည့်အလျောက် ဘုရင်၏နန်းတော်ကြီးတွင် လူချစ်လူခင်ပေါ်များလှပေ၏။ မကြာသေးမီကလည်း မက္ကဘက်(သ)သည် နော်ဝေးပြည်မှ စစ်တပ်များ၏ အကူအညီဖြင့် ထကြွသောင်းကျန်းသည့် ပြည်တွင်းသူပုန်များကို အမြောက်အများ သေကျေပျက်စီးအောင် တိုက်ခိုက်နှိမ်နင်းခဲ့ခြင်းအားဖြင့် တိုး၍နာမည်ကြီးခဲ့သော စစ်ဗိုလ်ကြီးဖြစ်လေသည်။

မက္ကဘက်(သ)နှင့်အခြားစစ်ဗိုလ်ကြီး တစ်ဦးဖြစ်သူဘန်ကိုတို့သည် သူပုန်များကိုတိုက်ခိုက်နှိမ်နင်းပြီးနောက် ခြောက်သွေ့သော လဟာပြင်ကြီးတစ်ခုမှ ဖြတ်သန်းပြန်လာကြစဉ် ထူးဆန်းသောမိန်းမကြီး သုံးယောက်နှင့် တွေ့ဆုံမိကြ၏။ မိန်းမကြီးသုံးယောက်တို့မှာ မိန်းမဟုဆိုရသော်လည်း မုတ်ဆိတ်များပါရှိကြလေရာ ၎င်းတို့၏တွန့်လိပ်သော အသားအရေနှင့် လူရိုင်းတို့၏အဝတ်အစားများကြောင့် လူသတ္တဝါများနှင့်မတူဘဲ ရှိနေကြလေ၏။ မက္ကဘက်(သ)သည် မိန်းမကြီးများအား စကားပြောမည်ပြုသောအခါ ၎င်းတို့သည် [illegible]ဆိတ်



www.burmeseclassi.com

www.burmeseclassic.com



နေစေလိုသောသဘောနှင့် အရေတွန့်လိပ်သော လက်ချောင်းများကို နှုတ်ခမ်းပေါ်တွင်တင်လျက် ပထမမိန်းမကြီးက မက္ကဘက်(သ)အား "ဂလဲမစ်(စ)မြို့စားကြီး" ဟူ၍ခေါ်လိုက်ရာ မက္ကဘက်(သ)မှာ မိမိအားသိရလေသလောဟု အံ့ဩမိ၏။ ၎င်းနောက် ဒုတိယမိန်းမကြီးက "ကော်ဒေါ်မြို့စားကြီး"ဟု ခေါ်လိုက်ပြန်သောအခါ မက္ကဘက်(သ)မှာ သာ၍ပင်အံ့ဩမိပြန်၏။ တဖန် တတိယမိန်းမကြီးက မက္ကဘက်(သ)အား "မင်းလောင်း. . . "ဟူ၍ခေါ်လိုက်ပြန်ရာတွင် စကော့တလန်ပြည့်ရှင် ဘုရင်ဒန်ကင်၌ သားတော်များရှိသည် ဖြစ်သောကြောင့် မည်သည့်နည်းနှင့်မျှ မိမိအဖို့ ဘုရင်ဖြစ်နိုင်ရန် မျှော်လင့်ချက်မရှိခြင်းကို သိပြီးဖြစ်သောမက္ကဘက်(သ)မှာ ဆထက်ထမ်းပိုးတိုး၍ အံ့ဩရမိလေ၏။ ထို့နောက် မိန်းမကြီးသုံးယောက်တို့သည် စစ်ဗိုလ်ကြီးဘန်ကိုဘက်သို့ လှည့်လျက် ပဟေဠိဆန်ဆန် စကားမျိုးဖြင့် "မက္ကဘက်(သ)ထက် ကြီးလည်းကြီး ငယ်လည်းငယ်မည့်လူ"ဟူ၍လည်းကောင်း၊ "မက္ကဘက်(သ)လောက် မချမ်းသာသော်လည်း ပို၍ချမ်းသာမည့်လူ" ဟူ၍လည်းကောင်း ပြောကြပြီးလျှင် သူကိုယ်တိုင် ဘုရင်မဖြစ်ရသော်လည်း သူ၏အဆက်အနွယ်များကား စကော့တလန်ပြည်ကြီးကို စိုးမိုးအုပ်ချုပ်လိမ့်မည်ဟု နိမိတ်ဖတ်ကြလေ၏။ ထိုကဲ့သို့ ဗေဒင်ဟောကြပြီးနောက် မိန်းမကြီးသုံးယောက်တို့သည် ပျောက်ကွယ်သွားကြသည်တွင် စစ်ဗိုလ်ကြီးများက စုန်းမကြီး ညီအစ်မသုံးယောက် ဖြစ်ကြသည်ဟုသိကြလေ၏။

စစ်ဗိုလ်ကြီးနှစ်ယောက်တို့သည် ဤထူးဆန်းသောအဖြစ်အပျက်ကို တွေးတောဆင်ခြင်လျက်ရှိကြစဉ် ဒန်ကင်ဘုရင်ထံမှ စေတမန်တစ်ယောက်ရောက်လာ၍ မက္ကဘက်(သ)အား ကော်ဒေါ်မြို့စားကြီးအဖြစ် ခန့်အပ်တော်မူကြောင်းနှင့် အမိန့်တော်စာချွန်ကို ဖတ်ပြလေ၏။ ဤတွင်ဘုရင်၏ အမိန့်တော်သည် စုန်းမကြီးသုံးယောက်တို့ နိမိတ်ဖတ်သောကိန်းနှင့် ကိုက်ညီလျက်ရှိသည်ဟု အောက်မေ့ကာ မက္ကဘက်(သ)မှာ များစွာအံ့ဩလျက် စေတမန်အားမည်သို့မျှပြန်မပြောနိုင်ဘဲ ဆိတ်ဆိတ်သာငေးကြည့်နေမိလေ၏။ ထိုအတောအတွင်း မက္ကဘက်(သ)၏စိတ်ထဲ၌ကား စုန်းမကြီးများ၏ ဟောကိန်းသည်တစ်ခုမှန်ခဲ့လျှင် ကျန်တစ်ခုလည်း မှန်စရာရှိသည်ဟုတွေးဆကာ "ငါသည် တစ်နေ့သောအခါ၌ ဘုရင်ဖြစ်ရဦးမည့်ပုံ ပေါ်နေချေပြီ"ဟု စဉ်းစားမိလေ၏။

ထို့နောက် မက္ကဘက်(သ)သည် ဘန်ကိုဘက်သို့လှည့်လျက်. . . "ဘယ့်နှယ်လဲဘန်ကို. . . ကျွန်ုပ်ကိုနိမိတ်ဖတ်သွားကြတာကတော့ဖြင့် မှန်နေချေပြီ. . . သင့်အဆက်အနွယ်များ ရှင်ဘုရင်ဖြစ်ကြလိမ့်မယ်လို့ မမျှော်လင့်ဘူးလား" ဟုမေးလိုက်၏။





ဘန်ကိုက "သင့်ကိုယ်တိုင်ကတော့ မှန်လက်စနဲ့မှန်လိမ့်မယ်ဆိုပြီး ရှင် ဘုရင်ဖြစ်ဖို့ စိတ်ကူးနေပြီထင်တယ်. . . သတိထားပါ မက္ကဘက်(သ)၊ စုန်းမကြီးများရဲ့ စကားဆိုတာမျိုးဟာ အသေးအဖွဲ့ကိစ္စတွေမှာ မှန်ကန်ပေမယ်လို့ အကြီးအကျယ်ကိစ္စမျိုးတွေကျတော့ ချောက်ချတတ်တယ်" ဟုပြန်ပြောလေ၏။

သို့ရာတွင် မက္ကဘက်(သ)မှာမူ စုန်းမများ၏စကားတစ်ခွန်း မှန်ကန်ခြင်းအတွက်ကြောင့် ဟုတ်လှပြီထင်လျက်ရှိသည်နှင့် ဘန်ကို၏သတိပေးစကားကို နားမဝင်အောင်ရှိလေရာ. . . ထိုအချိန်မှစ၍ မက္ကဘက်(သ)သည် စကော့တလန်ပြည် ထီးနန်းကိုဆက်ခံစိုးစံဖို့ စိတ်ကူးများဖြင့်သာ အချိန်ကုန်လျက်ရှိလေတော့၏။

ဌာနသို့ပြန်ရောက်ကြသောအခါ မက္ကဘက်(သ)သည် မိမိ၏ဇနီးအား စုန်းမကြီးများ၏ နိမိတ်ဖတ်ခြင်းအကြောင်းနှင့် တစ်ဝက်တစ်ပြက် မှန်ကန်လျက်ရှိခြင်း အကြောင်းကိုပြောပြလေ၏။ ဇနီးဖြစ်သူမှာ ဆိုးယုတ်သူဖြစ်၍ ရာထူးစည်းစိမ်ကို မက်မောသောမိန်းမတစ်ယောက် ဖြစ်သည့်အလျောက် ၎င်းတို့လင်မယား ကြီးကျယ်ဖို့အတွက်ဆိုလျှင် ဘာမဆိုကြံစည်ဝံ့သူ တစ်ယောက်ဖြစ်လေသည်။ မက္ကဘက်(သ)မူကား၊ ကြီးကျယ်သော ရာထူးကိုလိုလားတောင့်တစေကာမူ စုန်းမကြီးများ နိမိတ်ဖတ်သည့်အတိုင်း မိမိဘုရင်ဖြစ်ဖို့ဆိုပါက လက်ရှိဘုရင်ကို လုပ်ကြံသတ်ဖြတ်ခြင်းအားဖြင့်သာ ဖြစ်နိုင်ဖို့ရှိခြင်းကိုသိ၍ ရက်စက်လှသောထိုအမှုကိုပြုရန် နှောင့်နှေးခြင်းရှိနေသဖြင့် ဇနီးဖြစ်သူက တဖွဖွတိုက်တွန်းလျက်ရှိလေ၏။

ထိုအချိန်၌ ဒန်ကင်ဘုရင်သည် မက္ကဘက်(သ)၏ စစ်အောင်မြင်ခြင်းအတွက် စစ်ဗိုလ်ကြီးအားဂုဏ်ပြုသောအနေဖြင့် မိမိ၏သားနှစ်ယောက်ဖြစ်သည့် မော်လ်ကုမ်းနှင့် ဒေါ်နဲလ်ဘိန်းတို့အပြင် နောက်ပါခြွေရံမြောက်များစွာတို့နှင့်အတူ မက္ကဘက်(သ)၏နေအိမ်သို့ ကြွရောက်ကာ တည်းခိုနေထိုင်တော်မူလေ၏။

မက္ကဘက်(သ)၏ရဲတိုက်ကြီးမှာ ရှုခင်းသာယာလှသော အရပ်ဒေသ၌တည်ရှိ၍ လေကောင်းလေသန့်ဖြင့် ချိုမွှေးလျက်ရှိသည့်ပြင်၊ အဆောက်အဦး၏အစွန်အဖျားများတွင် ပျံလွှားငှက်ငယ်များ၏အသိုက်များ ဆောက်လုပ်ထားခြင်းအားဖြင့် တစ်မျိုးကြည့်ဖွယ်ကောင်းလှ၏။ ၎င်းငှက်မျိုး အသိုက်ဆောက်လုပ်သည့် အရပ်ဒေသမှာ လေကြမ်းမတိုက်ဘဲ လေပြေလေညှင်းများသာ တဖြူးဖြူးတိုက်သည်ဆို၍ လူတို့နှစ်သက်မြတ်နိုးတတ်ကြ၏။ ဒန်ကင်ဘုရင်သည် ရဲတိုက်နှင့်တကွ အိမ်ရှင်မလေဒီမက္ကဘက်(သ)၏ ဧည့်ဝတ်ကျေပုံ၊ လောကဝတ်ပြုပုံတို့ကို နှစ်သက်တော်မူလေရာ လေဒီမက္ကဘက်(သ)မှာ ကောက်ကျစ်စဉ်းလဲ



www.burmeseclassi.com

www.burmeseclassic.com



သော စိတ်သဘောထားကို ပြုံးရွှင်ကြည်ဖြူသော မျက်နှာထားဖြင့် ဖုံးကွယ်ထားတတ်သူဖြစ်သည့်အလျောက် မြွေဆိုးနှင့်တူသော သဘာဝကိုမွေးကြိုင်လှသော ပန်းပွင့်ကလေးဖြင့် လွှမ်းအုပ်ထားသကဲ့သို့ ပြုမူတတ်သူဖြစ်လေသည်။

ဒန်ကင်ဘုရင်သည် ခရီးပန်းခဲ့သည်နှင့်ခပ်စောစောပင်စက်တော်ခေါ်တော်မူရာ၊ အိပ်ဖန်စောင့်နှစ်ယောက်တို့သည် ဘုရင်၏အဆောင်တော်တွင် အိပ်ကြရ၏။ ဘုရင်မင်းမြတ်သည် မိမိအားဧည့်ဝန်ပြုပုံကို အထူးတလည်နှစ်သက်တော်မူသည်နှင့် စက်တော်ဆောင်သို့မဝင်မီ လေဒီမက္ကဘက်(သ)အား လက်ဆောင်များ ပေးသနားတော်မူလေရာ၊ ၎င်းတို့အနက်တွင် စိန်ကြီးတစ်လုံးပါရှိ၍ "အလွန်တရာကြင်နာတတ်သော လေဒီမက္ကဘက်(သ)အဖို့" ဟူ၍ခေါ်ဝေါ် သုံးနှုန်းတော်မူလေသည်။

ကမ္ဘာလောကတစ်ခြမ်းသည် မှောင်မိုက်၍ဆိုးညစ်သောလူများအား မကောင်းသောအိပ်မက်မျိုးဖြင့် နှိပ်စက်လျက်၊ လူသတ်သမားနှင့် ဝံပုလွေများ သာထွက်၍ လည်ပတ်တတ်သည့် ညဥ့်သန်းခေါင်အချိန်တိုင် ရောက်သောအခါ လေဒီမက္ကဘက်(သ)သည် ဘုရင်ကိုလုပ်ကြံရန် အိပ်ရာမှနိုးလေ၏။ လေဒီမက္ကဘက်(သ)သည် မိန်းမသားနှင့်မတန်သည့် ဤကြမ်းကြုတ်သောအမှုကို မိမိကိုယ်တိုင်ပြုရန်မဟုတ်သော်လည်း လင်စစ်ဗိုလ်ကြီး၏ စိုတ်သဘောထားကို သိ၍ ရက်ရက်စက်စက်ပြုလုပ်ဝံ့မည့်သူ မဟုတ်ဟုစိုးရိမ်သည့်အတွက်ကြောင့် ပါဝင်ရခြင်းဖြစ်လေသည်။ စစ်ဗိုလ်ကြီးမက္ကဘက်(သ)မှာ ကြီးပွားခြင်းကို မက်မောသူတစ်ယောက်ဖြစ်သော်လည်း ပြတ်ပြတ်သတ်သတ် ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စမျိုးနှင့် သနားကရုဏာဖက်၍ ပျော့ပျော့ညံ့ညံ့ရှိတတ်သည်ဟု လေဒီမက္ကဘက်(သ)စိုးရိမ်ပူပန်မိ၏။ လေဒီမက္ကဘက်(သ)၏ တိုက်တွန်းချက်ကြောင့် ဘုရင်ကိုသတ်ရန်သဘောတူပြီးဖြစ်သော်လည်း မက္ကဘက်(သ)၌လိုအပ်သော တင်းမာမှုရှိပါမည်လောဟု လေဒီမက္ကဘက်(သ) ယုံမှားသံသယဖြစ်၏။ မိမိ၏ခင်ပွန်းစစ်ဗိုလ်ကြီးသည် မိမိထက်ညှာတာတတ်သော စိတ်သဘောရှိကြောင်းကို လေဒီမက္ကဘက်(သ)သိပြီးဖြစ်၍ အချက်ထဲတွင် ကရုဏာစိတ်ဝင်ချေမည်လောဟု စိုးရိမ်မိ၏။ သို့ဖြစ်၍ လေဒီမက္ကဘက်(သ)သည် စောစောကတည်းက အိပ်ဖန်စောင့်မှူးအား ဝိုင်အရက်များတိုက်ထားသဖြင့် မူးယစ်ကာ အိပ်မောကျလျက်ရှိစဉ် ဓါးမြှောင်တစ်လက်ကိုကိုင်ကာ အဆောင်တော်သို့ဝင်သွားပြီးလျှင် ဒန်ကင်ဘုရင်၏ညောင်စောင်းအနီးသို့ ချဉ်းကပ်၍မျက်နှာကိုသေချာစွာ ကြည့်မိရာတွင် မိမိဘခင်၏မျက်နှာနှင့် တူသည်ထင်သောကြောင့် ဆက်လက်၍ အလုပ်မလုပ်ဝံ့ဘဲတန့်နေလေ၏။

ဤတွင်လေဒီမက္ကဘက်(သ)သည် အဆောင်တော်မှပြန်ထွက်လာခဲ့





၍ လင်စစ်ဗိုလ်ကြီးနှင့် တိုင်ပင်ကြလေရာ၊ စစ်ဗိုလ်ကြီးမှာ စိတ်အားပျော့လျက်ရှိ၍ ဤလုပ်ကြံသောအမှုကို မပြုထိုက်သည့်အချက်အလက်များစွာ ရှိသည်ဟု ထင်မြင်လျက်ရှိလေပြီ။ မက္ကဘက်(သ)သည် စဉ်းစားဆင်ခြင်မိသည်မှာကား မိမိသည်ဘုရင်၏ ကျေးတော်မျိုး ကျွန်တော်မျိုးတစ်ယောက် ဖြစ်သည်သာမက ဆွေမျိုးရင်းချာတစ်ယောက်လည်း တော်စပ်ကြောင်း၊ ၎င်းအပြင် ထိုနေ့အဖို့၌ အိမ်ရှင်တစ်ယောက်လည်းဖြစ်နေ၍ ဧည့်သည်အားကိုယ်တိုင်သတ်ဖို့ မဆိုထားနှင့် သူတစ်ပါးတို့လုပ်ကြံမည့် ဘေးအန္တရာယ်မှပင် ခုခံကာကွယ်ပေးဖို့ ဝတ္တရားရှိကြောင်း စသည်တို့အပြင် ဒန်ကင်ဘုရင်၏ တရားမျှတ၍ သနားကြင်နာတတ်သော စိတ်သဘောရှိခြင်း၊ တိုင်းသူပြည်သားတို့နှင့် ဆက်ဆံရေးတွင်လုံးဝအပြစ်ဆိုစရာမရှိခြင်း၊ ဆွေတော်မျိုးတော်များအပေါ်၌ ထောက်ထားညှာတာတတ်ခြင်း၊ အထူးသဖြင့် မိမိအပေါ်၌ကြင်နာတတ်ခြင်း ဤသို့သောဘုရင်မျိုးသည် ဘုရားသခင်၏ အထူးစောင့်ရှောက်ခြင်းခံထိုက်၍၊ ၎င်းကိုလုပ်ကြံသူအား တိုင်းသူပြည်သားများက လက်တုန့်ပြန်ကြဖို့ဝတ္တရားရှိခြင်း၊ မိမိကိုယ်တိုင်မှာလည်း ဒန်ကင်ဘုရင်၏ သူကောင်းပြုမှုကြောင့် ဗိုလ်ပုံအလယ်၌ တင့်တယ်စွာရှိခြင်း၊ မိမိကဲ့သို့သောလူတစ်ယောက်က ဤမျှလောက်ကောက်ကျစ်ညစ်ပတ်သော အမှုမျိုးကိုပြုမိခဲ့လျှင် ပြောမပြနိုင်လောက်အောင် ကျေးဇူးကန်းရာရောက်ခြင်း စသည်များအကြောင်းကို ဆင်ခြင်သုံးသပ်မိလေ၏။

လေဒီမက္ကဘက်(သ)သည် လင်ယောကျ်ားနှင့်တိုင်ပင်ရန်ဝင်လာသောအခါ စစ်ဗိုလ်ကြီးမှာ လုပ်သင့်မလုပ်သင့် ချီတုံချတုံဖြစ်နေရာမှ ကောင်းသောဘက်သို့ ယိမ်းယိုင်ပြီး မလုပ်သင့်ဟုဆုံးဖြတ်ထားသော အခြေအနေသို့ ဆိုက်ရောက်နေခြင်းကို တွေ့ရလေ၏။ သို့ရာတွင် လေဒီမက္ကဘက်(သ)မှာ မကောင်းသော အကြံအစည်ပြုနေခိုက်၌ အလွယ်တကူဖျက်၍မရသော ဝါသနာရှိသူတစ်ယောက်ဖြစ်သည့်အတိုင်း လင်ယောကျ်ားနား၀င်စေရန် မိမိ၏ဆိုးယုတ်သောစိတ်ဓာတ်ကို သွင်းပေးသည့်အနေဖြင့် ဆင်ခြေဆင်လက် အမျိုးမျိုးပြကာ ဖြားယောင်းသွေးဆောင်လေ၏။ လေဒီမက္ကဘက်(သ)က ဤအလုပ်မှာ အလွန်လွယ်ကူသော အလုပ်တစ်ခုဖြစ်ကြောင်း၊ အချိန်အနည်းငယ်အတွင်း ပြီးစီးအောင် လုပ်နိုင်ကြောင်း၊ တစ်ညတာအတွင်း ဆောင်ရွက်လိုက်ရုံမျှနှင့် မိမိတို့ အဖို့ တစ်သက်ပတ်လုံး ဩဇာအာဏာလက်ကိုင်ပြုနိုင်မည့်အကြောင်း ပြောပြ ပြီးလျှင် လင်ယောကျ်ားအားလည်း ခဏခဏစိတ်ပြောင်းလဲသဖြင့် မကြံ့မခိုင် သူရဲဘောနည်းလှသော ယောကျ်ားတစ်ယောက်ဖြစ်သည်ဆို၍ အပြစ်တင်ရှုတ် ချလေ၏။ ထို့နောက်ဆက်လက်၍ မိမိမှာနို့တိုက်ကျွေးဖူးသော မိခင်တစ်ဦး ဖြစ်သဖြင့် မိမိ၏နို့ရည်ဝင်ဘူးသည့် သားတစ်ယောက်အပေါ်၌



www.burmeseclassi.com

www.burmeseclassic.com



အဘယ်မျှလောက် ချစ်ခင်ကြင်နာတတ်သည်ကို နားလည်သော်လည်း ထိုကလေးကိုသတ် ဖို့ ဆုံးဖြတ်ပြီးဖြစ်ပါက ပြုံးပြုံးရယ်ရယ်နှင့်ပင် မိမိ၏ရင်ခွင်၌ နို့စို့လျက်ရှိသောသားကလေးကို ရင်ခွင်မှဆွဲထုတ်ကာ ပေါက်သတ်ဖို့အသင့်ရှိကြောင်းပြောရ၏။ ထို့ပြင်လည်း ဒန်ကင်ဘုရင်ကို လုပ်ကြံသတ်ဖြတ်ပြီးသည့်နောက် အရက်မူးသောအိပ်ဖန်စောင့်များ အပေါ်သို့လွှဲချရန်မှာ အလွန်လွယ်ကူကြောင်းပြောပြပြီးလျှင် လင်ယောကျ်ားစစ်ဗိုလ်ကြီး၏ ယိမ်းယိုင်သောစိတ်ဓာတ်ကို မိမိ၏လျှာအစွမ်းဖြင့် ဖြည့်တင်းထူထောင်ပေးလေရကား စစ်ဗိုလ်ကြီးမှာ (ပြောပါများမယားစကားအောင်သည်ဟူသော စကားပုံအရ) ရက်စက်သော ထိုအမှုကိုပြုရန် သဘောတူရလေတော့၏။

စစ်ဗိုလ်ကြီးမက္ကဘက်(သ)သည် ဓါးမြှောင်ကိုလက်တွင်ကိုင်လျက် ဒန်ကင်ဘုရင်၏အခန်းတွင်းသို့ မှောင်မိုက်ထဲ၌ဖြည်းညင်းစွာ ဝင်သွားလေ၏။ ယင်းသို့ဝင်သွားစဥ် မက္ကဘက်(သ)သည် မိမိဘက်သို့ဓါးရိုးလှည့်ထားသည့် ဓါးမြှောင်တစ်လက်၏ ဓါးသွားတွင်သွေးများတစ်စက်တစ်စက် စီးကျနေခြင်းကို လေထဲ၌ မိမိမြင်ရသည်ဟု ထင်မိ၏။ သို့ရာတွင် မိမိမြင်ရသောထိုဓါးမြှောင်ကို လက်ဖြင့်ကိုင်ဖမ်းလိုက်သောအခါ၌ ဘာမျှမတွေ့ရဘဲ၊လေကိုသာဆုပ်ကိုင်မိသဖြင့် မိမိပြုရမည့်အလုပ်၏ ရက်စက်မှုကြောင့် သွေးလေချောက်ချားပြီး ထင်ယောင်ထင်မှား မြင်မိခြင်းမျှသာဖြစ်သည်ဟု စဉ်းစားမိလေ၏။

ထို့နောက်မက္ကဘက်(သ)သည် ကြောက်စိတ်ကိုဖျောက်၍ ဘုရင်၏အဆောင်တော်တွင်းသို့ ဆက်လက်ဝင်သွားပြီးလျှင် ဓါးမြှောင်ဖြင့် တစ်ချက်တည်းထိုးကာ ဘုရင်ကိုအဆုံးစီရင်လိုက်လေ၏။ ထိုခဏ၌ အိပ်ဖန်စောင့်နှစ်ယောက်အနက် တစ်ယောက်သည် အိပ်ပျော်ရင်း ယောင်ရမ်းကာရယ်လိုက်ရာ အခြားတစ်ယောက်က "လူသတ်နေပါပြီဗျို့"ဟု လွှတ်ခနဲအော်လိုက်၏။ ဤတွင်အိပ်ဖန်စောင့် နှစ်ယောက်စလုံးနိုးလာကြ၍ ဘုရားသခင်ကိုအာရုံပြုကာ ဆုတောင်းကြပြီးနောက် တစ်ယောက်က"ကျွန်တော်မျိုးတို့အား ကောင်းချီးမင်္ဂလာပြုတော်မူပါ" ဟုလွှတ်ခနဲ ရွတ်ဆိုလိုက်၍ အခြားတစ်ယောက်က. . . "ဆုတောင်းသည့်အတိုင်း ပြည့်စုံပါစေသတည်း"ဟု ဆိုလိုက်ပြီးနောက် ဆက်လက်၍တစ်ဖန်အိပ်ပျော်သွားကြပြန်လေ၏။ မက္ကဘက်(သ)သည် ထိုသူတို့၏ဆုတောင်းသံကို ကြားရသောအခါ "တောင်းသည့်ဆုအတိုင်း ပြည့်စုံပါစေသတည်း. . . "ဟု ရွတ်ဆိုရန်ကြိုးစားသေး၏။ သို့ရာတွင် ၎င်း၏ဆုတောင်းမှာ လည်ချောင်းထဲမှမထွက်လာဘဲ. . . တစ်ဆို့လျက်ခံနေတော့သည်။

နောက်တစ်ဖန်မက္ကဘက်(သ)၏ နားထဲ၌ဟစ်အော်သော အသံများကြားရပြန်သည်မှာ "မအိပ်နဲ့တော့၊ မက္ကဘက်(သ)က အိပ်ပျော်ခြင်းကို သတ်





လိုက်လေပြီ၊ အပြစ်ကင်း၍ ခွန်အားဖြစ်စေသော အိပ်ပျော်ခြင်းကိုမက္ကဘက်(သ)သတ်ပစ်လိုက်လေပြီ" ဟူသည်ပင်ဖြစ်၏။ ထို့နောက်တွင်လည်း ဆက်လက်၍ "မအိပ်နဲ့တော့ မအိပ်နဲ့တော့ မက္ကဘက်(သ)က အိပ်ခြင်းကိုသတ်ပစ်လိုက်လေပြီ၊ မက္ကဘက်(သ)ဘယ်တော့မှ မအိပ်နိုင်တော့ဘူး" အစရှိသည့် ဟစ်အော်သံများသည် မက္ကဘက်(သ)၏နားထဲတွင် အဆက်မပြတ် ဒလစပ်ကြားလျက်ရှိလေတော့၏။

မက္ကဘက်(သ)သည် အထက်ပါကြောက်မက်ဖွယ်သော စိတ်ခြောက်ချားခြင်းကို ခံစားလျက်ဇနီးထံသို့ပြန်လာခဲ့ရာ ပထမ၌သူ၏ဇနီးကမူ မက္ကဘက်(သ)သည် ဘုရင်ကိုမသတ်ဖြစ်ဘဲ ပြန်လာခဲ့သည်ဟုထင်မိ၏။ သို့ရာတွင် လေဒီမက္ကဘက်(သ)သည် လင်ယောကျ်ား၏တုန်လှုပ်ချောက်ချားသော အမူအယာနှင့် သွေးစွန်းပေလျက်ရှိသော ဓါးမြှောင်ကိုမြင်ရသောအခါမှ ကိစ္စပြီးခဲ့ကြောင်းသိ၍ လင်၏လက်မှဓါးမြှောင်ကို ယူပြီးလျှင်၊ အဆောင်တော်ထဲသို့ဝင်ကာ အိပ်ဖန်စောင့်နှစ်ယောက်တို့၏ ပါးပြင်နှင့်လက်များကို ဓါးမြှောင်မှသွေးများဖြင့် သုတ်လိမ်းပေးလေ၏။ ၎င်း၏ရည်ရွယ်ချက်မှာ ဘုရင်အားအိပ်ဖန်စောင့်များက သတ်သည်ဟု ထင်ကြစေရန်ဖြစ်လေသည်။ လင်ယောကျ်ားအားမူကား သူရဲဘောနည်းလှကြောင်းနှင့် ကြိမ်းမောင်းကာ လက်များကိုရေဆေးရန်လွှတ်လိုက်လေ၏။

နံနက်လင်းသောအခါ ဒန်ကင်ဘုရင်မှာ ရန်သူလက်ချက်ဖြင့် နတ်ရွာစံလွန်ရကြောင်း သိရှိကြလေရာ မက္ကဘက် (သ) ဇနီးမောင်နှံတို့သည် ဘုရင်အတွက် ယူကြုံးမရ ဖြစ်ကြဟန်ဆောင်ကာ အချင်းအရာနှင့်တကွ ဓားမြှောင်ကိုပါ ထုတ်ပြကြသော်လည်း ဘုရင်၏ အခြွေအရံများကမူ မက္ကဘက် (သ) အပေါ်၌သာ သင်္ကာမကင်း ဖြစ်လျက်ရှိကြ၏။ သာမန်အမှုထမ်းများသာ ဖြစ်သော အိပ်ဖန်စောင့်နှစ်ယောက်တို့က ဘုရင်အား လုပ်ကြံသတ်ဖြတ်ခြင်းဟူသည်မှာ အဓိပ္ပာယ်မရှိဟု ယူဆကြ၏။ လုပ်ကြံချင်း လုပ်ကြံလျှင် မက္ကဘက်(သ)သာ ဖြစ်ရမည်ဟု စဉ်းစားကြ၏။ ယင်းသို့သော အခြေအနေတွင် ဒန်ကင်ဘုရင်၏ သားအကြီးဖြစ်သူ မော်လ်ကုမ်းသည် အင်္ဂလန်ပြည်၊ အင်္ဂလိပ်ဘုရင်၏ နန်းတော်သို့ ထွက်ပြေး၍ သားအငယ် ဒေါ်နဲလ်ဘိန်းကလည်း အိုင်ယာလန်ပြည်သို့ ထွက်ပြေးလေ၏။

ဒန်ကင်ဘုရင်၏ ထီးနန်း ဆက်ခံကြရမည့် သားတော်နှစ်ယောက်ကိုယ်တိုင်က စကော့တလန်ပြည်မှ တိမ်းရှောင်ထွက်ပြေးကြသည်တွင် ဘုရင်၏ အနီးစပ်ဆုံး ဆွေမျိုးတော်သူမှာ မက္ကဘက်(သ)ပင် ရှိလေတော့ရကား မက္ကဘက်(သ)မှာ စကော့တလန်ပြည် ထီးနန်းကို ဆက်ခံရလေတော့၏။ သို့ဖြစ်



www.burmeseclassi.com

www.burmeseclassic.com



၍ စုန်းမကြီး ညီအစ်မ သုံးယောက်တို့ နိမိတ်ဖတ်ခဲ့ဖူးသည့်အတိုင်း အဟုတ်တကယ် ဖြစ်လျက်ရှိခဲ့လေပြီ။

မက္ကဘက်(သ)တို့ ဇနီးမောင်နှံသည် ရှင်ဘုရင်နှင့် မိဖုရားအဖြစ်သို့ ရောက်လျက်ရှိကြပြီဖြစ်သော်လည်း စိတ်နှလုံးချမ်းမြေ့ နိုင်[illegible]သည်ကား မဟုတ်ချေ။ အကြောင်းမူကား စုန်းမကြီး များ၏ ဟောကိန်းအရမှာ မက္ကဘက်(သ) ရှင်ဘုရင် ဖြစ်သော်လည်း ထီးမွေ နန်းမွေကို ၎င်း၏ သားသမီးများက မဆက်ခံနိုင်ဘဲ စစ်ဗိုလ်ကြီး ဘန်ကို၏ သားများက ဆက်ခံကြရလိမ့်မည်ဆိုခြင်းကို မမေ့နိုင်ဘဲ ရှိကြသောကြောင့်ပေတည်း။ မက္ကဘက်(သ) ဇနီးမောင်နှံတို့ စဉ်းစားမိကြသည်မှာ မိမိတို့ကိုယ်တိုင်က ဤမျှလောက် ကြီးကျယ်သော ဖြစ်မှုကြီးကို ကျူးလွန်ခဲ့ရပြီးနောက် မိမိတို့၏ မျှော်မှန်းချက်အတိုင်းရသော ထီးမွေ နန်းမွေကို မိမိတို့၏ သားသမီးများက မဆက်ခံရဘဲ ဘန်ကို၏ အဆက်အနွယ်များက ဆက်ခံကြလိမ့်မည်ဆိုခြင်းအတွက် မခံမရပ်နိုင်အောင် ဖြစ်ကြသည်နှင့် ဘန်ကိုနှင့် ၎င်း၏သားကို သုတ်သင်ရှင်းလင်းပစ်ခြင်းအားဖြင့် စုန်းမကြီးများ၏ ဟောကိန်းပျက်အောင် စီမံကြမည်ဟု သန္နိဋ္ဌာန် ချကြလေ၏။

၎င်းအကြံအစည်အရ မက္ကဘက်(သ)ဇနီး မောင်နှံတို့သည် ညစာစားပွဲကြီးတစ်ခု ကျင်းပ၍ တိုင်းပြည်အတွင်းရှိ မြို့စား၊ နယ်စား အရာရှိ အရာခံ အားလုံးတို့ကို ဖိတ်ခေါ်ထားရာ ဘန်ကိုနှင့် ၎င်း၏သား ဖလီယန့်(စ်)တို့အား အထူးတလည် အရေးပေးကာ ဖိတ်ကြားထား၏။ ဘန်ကိုတို့သားအဘနှစ်ယောက်သည် ညဥ့်အချိန်တွင် ဘုရင်၏ ညစာစားပွဲသို့ လာရောက်ကြလေရာ မက္ကဘက်(သ) သည် လမ်းခရီးတွင် လူသတ်သမားများ ချထား၍ သားအဘ နှစ်ယောက်ကိုသတ်ရန် စီမံထား၏။ လူသတ်သမားများသည် သားအဘနှစ်ယောက်ကို ချောင်းမြောင်းသတ်ဖြတ်ကြရာတွင် ဘခင်အား သတ်မိသော်လည်း သားဖြစ်သူ ဖလီယန့်(စ်)မှုကား လွတ်မြောက်ထွက်ပြေးသွားနိုင်လေ၏။ နောင်အခါ၌ စကော့တလန်ပြည်တွင် ဆဋ္ဌမမြောက် ဂျိမ်း(စ်) ဘုရင်ဟူ၍လည်းကောင်း၊ ထီးနန်းနှစ်ခုစလုံးကို ဘုရင်တစ်ပါးလည်း စုပေါင်းအုပ်ချုပ်ခဲ့သည့် ဘုရင်သည်ကား အထက်ပါ ဖလီယန့်(စ်)၏ အဆက်အနွယ် တစ်ယောက်ပင် ဖြစ်လေသည်။

ညစာစားပွဲကြီး၌ မိဖုရားကြီးသည် ဧည့်ပရိသတ်များအား မိဖုရားပီပီ ခံ့ခံ့ညားညား ဣန္ဒြေရရနှင့် ကျက်သရေရှိစွာ ဖော်ဖော်ရွေရွေ ဧည့်ခံတတ်သည် ဖြစ်၍ ယခင်က မယုံသင်္ကာ ဖြစ်ခဲ့မိဖူးသည့် ဧည့်သည်တော်များသည်ပင် မိဖုရားကြီးအပေါ်တွင် လွန်စွာ စိတ်ကျေနပ်လျက်ရှိကြ၏။ ဘုရင် မက္ကဘက်(သ) ကလည်း ဧည့်သည်တော်များအား မိန့်ခွန်းမြွက်ကြားရာတွင် တိုင်း





ပြည်၌ အမြင့်မြတ်ဆုံး ဖြစ်သည့် အထွဋ်အထိပ် ပုဂ္ဂိုလ်ကြီးများ ကြွရောက်လာကြသဖြင့် မိမိက ဧည့်ဝတ်ပြုခွင့် ရရှိခြင်းအတွက် အလွန်ဝမ်းမြောက်လှကြောင်း၊ သို့ရာတွင် အထွဋ်အထိပ်ပေါင်း စုံသည်ဟု ဆိုရသော်လည်း မိမိ၏ မိတ်ဆွေကြီးဘန်ကိုတစ်ယောက် မရောက်လာဘဲ ရှိသဖြင့် တွေ့သောအခါတွင်မှ ပေါ့လျော့မှုအတွက် အပြစ်တင်ရရုံသာရှိပါစေ၊ မတော်တဆ တစ်စုံတစ်ရာမဖြစ်ပါစေနှင့်ဟု ဆုတောင်းရပါကြောင်းနှင့် အမိန့်ရှိလေ၏။ ၎င်းမိန့်ခွန်းဆုံးသည်နှင့်တစ်ပြိုင်နက် ဘန်ကိုသည် ကိုယ်ထင်ပြသည့်အနေဖြင့် စားပွဲခန်းမကြီးထဲသို့ ဝင်လာ၍ မက္ကဘက်(သ) ထိုင်မည်ပြုသော ကုလားထိုင်၌ ဝင်ထိုင်လိုက်လေရာ မက္ကဘက်(သ)မှာ တစ္ဆေကြောက်တတ်သူ မဟုတ်ဘဲ နှတ်ဆိုးနှင့်ပင် မျက်နှာချင်း ဆိုင်ဝံ့သူတစ်ယောက် ဖြစ်သော်ငြားလည်း ဘန်ကိုကို မြင်လိုက်ရသောအခါ၌ သူ့မျက်နှာ ဖြူဖတ် ဖြူလျော် ဖြစ်သွားပြီးလျှင် ကြက်သေသေကာ ကြောင်တောင်ကြီးငေးလျက် ကြည့်နေလေ၏။ မိဖုရားနှင့် ဧည့်သည်တော်များမှာမူ ဘန်ကို၏ ကိုယ်ထင်ပြခြင်းကို မမြင်ကြရဘဲ ကုလားထိုင်ကို ငေးကြည့်နေသော မက္ကဘက်(သ)ကိုသာ မြင်ကြရသည် ဖြစ်သောကြောင့်၊ ရှင်ဘုရင် "မင်တက်မိ"နေလေသလောဟု တွေးထင်ကြ၏။ ထိုအခါ မိဖုရားသည် ကိုယ်ထင်ပြခြင်းကို မမြင်ရသော်လည်း အဖြစ်အပျက်ကို ရိပ်မိသည့်လက္ခဏာနှင့် မက္ကဘက်(သ)အနီးသို့ ချဉ်းကပ်၍ ဒန်ကင်ဘုရင်အား သတ်မည်ပြုစဉ်က မြင်လိုက်ရဖူးသည့် ဓားမြှောင်ကဲ့သို့ စိတ်ထဲ၌ ထင်ရခြင်းမျှသာ ဖြစ်ပါလိမ့်မည်ဆိုကာ တီးတိုးသတိပေးလေ၏။ သို့ရာတွင် မက္ကဘက်(သ)သည် ဘန်ကိုကိုသာ ငေးကြည့်နေ၍ မိဖုရားနှင့် ဧည့်သည်တော်များ ပြောစကားကို မကြားသကဲ့သို့ ရှိနေလျက် ဘန်ကိုအား မတောက်တခေါက် စကားမျိုး ပြောလျက်ရှိရာ ၎င်းစကားများမှာ အဓိပ္ပာယ်တစ်မျိုးရှိ၍ ဧည့်သည်တော်များ ရိပ်မိမည်စိုးသောကြောင့် မိဖုရားသည် တစ်ခါတစ်ရံ ဤသို့ဖြစ်တတ်ပါသည်ဟု မက္ကဘက်(သ) အကြောင်းကို ပြောပြ၍ ဧည့်သည်တော်များ ပြန်ကြစေရန် ဧည့်ခံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်လေ၏။

မက္ကဘက်(သ)မှာ (မိဖုရားပြောသည့်အတိုင်း) ဤကဲ့သို့ မကြာခဏ ဖြစ်လေတော့၏။ မက္ကဘက်(သ)သာမက ၎င်း၏ မိဖုရားမှာလည်း ဤနည်းအတိုင်း ဖြစ်လာ၍ ဇနီးမောင်နှံအတူတကွ စက်တော်ခေါ်လျက် ရှိကြစဉ်တွင် ကြောက်မက်ဖွယ်သော အိပ်မက်များကြောင့် လန့်နိုးကြ၏။ ဘန်ကို၏ ကိုယ်ထင်ပြခြင်းအားဖြင့် အနှောင့်အယှက် ခံကြရရုံသာမက လွတ်မြောက်ထွက်ပြေးသွားသည့် ဖလီယန့်(စ)၏ အဆက်အနွယ်များသည် စကော့တလန်ပြည်ကို စိုးမိုးအုပ်ချုပ်လိမ့်မည်ဟူသော အတွေးအခေါ်သည်လည်း ၎င်းတို့ ဇနီးမောင်



www.burmeseclassic.com

www.burmeseclassic.com



နှံအား ဒုက္ခပေးလျက်ရှိလေတော့၏။ ယင်းကဲ့သို့ တစ်ခဏတာမျှ စိတ်ငြိမ်းချမ်းမှုမရနိုင်ကြဘဲ ရှိနေရာတွင် မက္ကဘက်(သ)သည် စုန်းမကြီး ညီအစ်မ သုံးယောက်ကို တွေ့အောင်ရှာ၍ ဘယ်မျှလောက်အထိ ဆိုးဆိုးရွားရွား ဖြစ်ဖို့ရှိခြင်းကို အဆုံးတိုင်သိရအောင် လုပ်မည်ဟု သန္နိဋ္ဌာန် ချလေ၏။

မက္ကဘက်(သ)သည် စုန်းမကြီးများကို ခြောက်သွေ့သော ကွင်းကြီးတစ်ခုတွင် တွေ့ရလေ၏။ စုန်းမကြီးများသည်လည်း မက္ကဘက်(သ) ရောက်လာမည့်အကြောင်းကို ကြိုတင်သိနှင့်ကြ၍ အနာဂတ် အဖြစ်အပျက်ကို သိနိုင်မည့် ကြောက်မက်ဖွယ်သော ပယောဂ ဆေးဝါးယန္တရားများ စီရင်လျက် ရှိကြ၏။ ၎င်းတို့ ဖော်စပ်သည့် ဆေးဝါးကရိယာများမှာ ဖားကောင်များ၊ လင်းနို့များ၊ မြွေများ၊ ရေပုတ်သင်၏မျက်လုံးများ၊ ခွေး၏လျှာများ၊ အိမ်မြှောင်၏ ခြေထောက်များ၊ ဇီးကွက်၏အတောင်များ၊ နဂါး၏ အကြေးခွံများ၊ ဝံပုလွေ၏ သွားများ၊ ငါးမန်း၏ အစာအိမ်များ၊ ခြောက်နေသော စုန်းမ၏ ပဥ္စမငါးပါး၊ သန်းခေါင်အချိန်၌ တူးဖော်ထားသည့် အဆိပ်ပင်၏အမြစ်၊ ဆိတ်သည်းခြေ၊ ရဟူဒီ၏ အသည်း၊ သချိုင်းကုန်း၌ပေါက်သော ထင်းရှူးမြစ်၊ နို့စို့ကလေးအလောင်းမှ ဖြတ်ယူထားသည့် လက်ချောင်းကလေးတစ်ချောင်း စသည်တို့ ဖြစ်လေသည်။ အဆိုပါပစ္စည်းများကို ဒယ်အိုးကြီးတစ်လုံးတွင်ထည့်ကျို၍ ပွက်ပွက်ဆူလာသောအခါတွင် မျောက်သွေး လောင်းထည့်ခြင်းအားဖြင့် ဝေမကျအောင် လုပ်ရ၏။ ထို့နောက်မှ မိမိမွေးသော ကလေးများကို စားပစ်သည့် ဝက်ဘီလူးမ၏ သွေးကို လောင်းထည့်ရ၏။ ထို့ပြင် မီးတောက်ထဲသို့လည်း ကားစင်တင်၍ သတ်သော ရာဇဝတ်ကောင်၏ ကားစင်မှ စီးကျသော အဆီများကို ခြစ်ယူထားရာမှ မီးတောက်အောင် ပစ်ထည့်ရ၏။ ဤကဲ့သို့ ဖော်စပ်စီရင်ထားသည့် ပယောဂဆေးဝါး၏ တန်ခိုးသတ္တိကြောင့် သရဲသဘက်စသော နာနာဘာဝကောင်များအား သိလိုသော အမေးပုစ္ဆာများ မေး၍ အဖြေရနိုင်သည်ဟု ဆိုလေသည်။

မက္ကဘက်(သ)သည် စုန်းမကြီးများနှင့် တွေ့ဆုံရာတွင် ၎င်းတို့က မက္ကဘက်(သ)၏ အမေးပုစ္ဆာများကို မိမိတို့ ဖြေစေလိုသလော၊ သို့တည်းမဟုတ် နာနာဘာဝကောင်များကိုယ်တိုင် ဖြေစေလိုသလောဟု မေး၏။ မက္ကဘက်(သ)သည် ကြောက်မက်ဖွယ်ကောင်းလှသော ဆေးဝါးဖော်စပ်ပုံကို မြင်ရသော်လည်း ကြောက်ရွံ့ခြင်းမရှိဘဲ "နာနာဘာဝ ကောင်တွေ ဘယ်မှာလဲ၊ ကျွန်ုပ်ကြည့်ချင်တယ်"ဟု ရဲဝံ့စွာ ပြန်ပြောလိုက်၏။ ဤတွင် စုန်းမကြီးများသည် နာနာဘာဝကောင်များကို ဆင့်ခေါ်လိုက်သဖြင့် သုံးဦးပေါ်ထွက်လာ၏။ ပထမ နာနာဘာဝမှာ လက်နှစ်ဘက် တပ်ထားသည့် ဦးခေါင်းတစ်လုံးအသွင်ဖြင့် ပေါ်လာလေရာ ၎င်းက မက္ကဘက်(သ)အား ဖိုက်(ဖ)နယ်စားကို သတိပြုဖို့ပြော၏။





မက္ကဘက်(သ)မှာ မက္ကဒတ်အမည်ရှိ ဖိုက်(ဖ) နယ်စားကိုသိ၍ ၎င်းအပေါ်၌ အာဃာတ ထားလျက်ရှိသဖြင့် သတိပေးခြင်းအတွက် ကျေးဇူးတင်ပါသည်ဟု ပြောလေ၏။

ဒုတိယပေါ်လာသော နာနာဘာဝမှာ သွေးစွန်းပေလျက်ရှိသော ကလေးသူငယ်တစ်ယောက်၏ အသွင်ရှိလျက် မက္ကဘက်(သ)အား နာမည်ဖြင့် ခေါ်ပြီးလျှင် အမိဝမ်းမှ မွေးဖွားသော လူသားဆိုလျှင် မက္ကဘက်(သ)အား အန္တရာယ်ပြုနိုင်ဖို့ မရှိသောကြောင့် ကြောက်ရွံ့စရာ ဘာမျှမရှိကြောင်း၊ အခါခပ်သိမ်း ရဲရင့်စွာနှင့် သတ်ဖို့ ဖြတ်ဖို့ ဝန်မလေးဘဲ စိတ်တင်းတင်းထားဖို့ အားပေးလေ၏။ ထိုစကားကိုကြားရသောအခါ မက္ကဘက်(သ)က "ဒီလိုဆိုလျှင် မက္ကဒတ်ကို ဘာကြောက်စရာရှိသလဲ၊ သူဖာသာ နေစမ်းပါစေပေါ့။ သို့သော် နေဦးလေ၊ မဟုတ်သေးဘူးထင်တယ်၊ စိတ်ချသည်ထက် စိတ်ချရအောင် သုတ်သင်ပစ်လိုက်မှ တော်မယ်ထင်တယ်။ သို့မှ ကြောက်တတ်တဲ့ သဘာဝတွေအားလုံး လွင့်စင်ပြီး၊ စိတ်ချလက်ချ အိပ်ရလိမ့်မယ်"ဟု ပြောလေ၏။

ဒုတိယနာနာဘာဝ ပျောက်ကွယ်သွားပြီးနောက် တတိယနာနာဘာဝမှာ ဦးခေါင်းတွင် သစ်တစ်ပင်ကို သရဖူကဲ့သို့ ဆောင်းထားသည့် သူငယ်တစ်ယောက်အသွင်ဖြင့် ပေါ်လာလေ၏။ ထိုသူငယ်ကလည်း မက္ကဘက်(သ)၏ နာမည်ကို ခေါ်လျက် သူတစ်ပါးကို လုပ်ကြံခြင်းများအတွက် ဘာမျှ စိုးရိမ်ပူပန်ဖို့ မရှိကြောင်း၊ ဒန်ဆီနိန်တောင်ကုန်းမှ ဘာနမ်တောအုပ်ကြီး မိမိထံသို့ မလာသမျှ ကာလပတ်လုံး ဘယ်သူမျှ မက္ကဘက်(သ)အား ပျက်စီးခြင်းတိုင်အောင် စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ကြောင်း ပြောလေ၏။ ထိုအခါ မက္ကဘက်(သ)က "ကောင်းလှပြီ၊ နေရာကျလှပြီ၊ မြေကြီးမှာ အမြစ်တွယ်နေတဲ့ တောအုပ်ကြီးကို ငါ့ဆီရောက်အောင် ဘယ်သူတတ်နိုင်မတဲ့လဲ၊ ဒီလိုဆိုလျှင် ငါ့မှာ ဘေးအန္တရာယ်အလျင်းမရှိဘူး ဆိုတာနဲ့အတူတူပေါ့။ ဒီအတိုင်းဆိုလျှင် ငါ့ကိုသတ်နိုင်တဲ့လူ မရှိလို့မို့ သက်တမ်းစေ့အောင် ငါနေရတော့မယ်ပေါ့။ သို့သော်တစ်ခုတော့ ငါသိစမ်းချင်ပါတယ်လေ။ တတ်နိုင်လျှင် တဆိတ်လောက်ပြောစမ်းပါ။ ဘန်ကိုရဲ့ အဆက်အနွယ်ဟာ ကျွန်ုပ်၏ ထီးနန်းကို ဆက်ခံကြမှာတဲ့လား"ဟု မေးလိုက်လေ၏။ ထိုခဏ၌ ခွင်ပေါ်တွင် ထည်ထားသော ဒယ်အိုးကြီးသည် မြေကြီးထဲသို့ နစ်မြုပ်၍ တီးလုံးမှုတ်သံများ ပေါ်ထွက်လာသည်နှင့်အတူ ဘုရင်များသဖွယ် ဝတ်ဆင်ထားသည့် လူ၏ အရိပ် ရှစ်ခုတို့သည် မက္ကဘက်(သ) ရှေ့မှ တစ်ယောက်စီ ဖြတ်သွားကြလေရာ၊ နောက်ဆုံးအရိပ်မှာ ဘန်ကိုဖြစ်၍ ၎င်း၏လက်တွင် မှန်တစ်ချပ်ကို ကိုင်ထား၏။ မှန်ထဲ၌ကား အခြားသောဘုရင် အရိပ်များလည်း ထင်ရှားစွာ ပေါ်ထွက်လျက် ရှိရာ ဘန်ကို



www.burmeseclassi.com

www.burmeseclassic.com



သည်တစ်ကိုယ်လုံး သွေးများ စွန်းပေလျက်ရှိသော်လည်း မက္ကဘက်(သ)အား ကြည့်၍ ပြုံးပြီးလျှင် မှန်ထဲရှိ အရိပ်များကို လက်ညှိုးညွှန်ပြသွားလေ၏၊ ဤအချင်းအရာကို မြင်ရခြင်းအားဖြင့် မက္ကဘက်(သ)သည် မှန်ထဲ၌ ပေါ်သည့် အရိပ်များသည်ကား မိမိ၏ ထီးနန်းရိုပ်ရာကို ဆက်ခံကြမည့် ဘန်ကို၏ အဆက်အနွယ်များပင် ဖြစ်ကြသည်ဟု သိရှိရလေ၏။ ထိုခဏ၌ သာယာညှင်းပြောင်းတီးမှုတ်သည့် အသံများ ပေါ်ထွက်လာ၍ စုန်းမကြီးများသည် မက္ကဘက်(သ) အား နှုတ်ဆက်ကာ ကွယ်ပျောက်သွားကြလေ၏။ ထိုအချိန်မှစ၍ မက္ကဘက်(သ) သည် ရက်စက်ကြမ်းကြုတ်သော အပြုအမူမျိုးကိုသာ စိတ်ကူးတွေးတောလျက် ရှိလေတော့၏။

မက္ကဘက်(သ)သည် စုန်းမကြီးများ၏ ဂူမှ ပြန်လာခဲ့ပြီးနောက် ပထမဦးဆုံး ကြားသိရသော သတင်းတစ်ရပ်မှာ ဖိုက်(ဖ)နယ်စား မက္ကဒတ်သည် အင်္ဂလန်ပြည်သို့ ထွက်ပြေးသွား၍ ဒန်ကင်ဘုရင်၏ သားအကြီး (နန်းမွေခံအစစ်ဖြစ်သည့်) မော်လ်ကုမ်းအား စကော့တလန်ပြည် ဘုရင်တင်မြှောက်ရန်အတွက် စုဆောင်းလျက်ရှိသော စစ်တပ်ကြီးတွင် ဝင်ရောက်အမှုထမ်းလျက်ရှိကြောင်း ဟူသည်ပင်ဖြစ်သည်။ မက္ကဘက်(သ)သည် ၎င်းသတင်းကို ကြားရသည်တွင် ဒေါသအမျက် ချောင်းချောင်းထွက်လျက် ရဲတိုက်၌ ထားခဲ့သည့် မက္ကဒတ်၏ သားမယားများကိုလည်းကောင်း၊ မက္ကဒတ်၏ ဆွေမျိုးတော်စပ်သူ ဟူသမျှတို့ကိုလည်းကောင်း ကွပ်မျက် သုတ်သင်လိုက်လေ၏။

ဤအပြုအမူနှင့် အခြားအလားတူ အပြုအမူများအတွက်ကြောင့် စကော့တလန်ပြည်၌ ဩဇာတိက္ကမနှင့် ပြည့်စုံသူအပေါင်းတို့သည် မက္ကဘက်(သ) အပေါ်၌ မေတ္တာပျက်ကုန်ကြ၍ တတ်နိုင်သူများသည် ထွက်ပြေးကြပြီးလျှင် မော်လ်ကုမ်း မင်းသားနှင့် မက္ကဒတ်နယ်စားကြီးတို့၏ စစ်တပ်သို့ ဝင်၍ အမှုထမ်းကြလေ၏။ မတတ်နိုင်သူများသည်လည်း မက္ကဘက်(သ)ကို မေတ္တာမထားကြဘဲ အင်္ဂလန်ပြည်ဘက်မှ ချီတက်လာသည့် မော်လ်ကုမ်း၏ စစ်တပ်ကြီး အောင်မြင်ကြောင်းအတွက်သာ ဆုတောင်းကြလေတော့၏။ သို့ဖြစ်ရကား မက္ကဘက်(သ)မှာ အင်္ဂလန်မှ ချီတက်လာသော စစ်တပ်ကြီးကို ခုခံတိုက်ခိုက်ရန်အတွက် စစ်သား စုဆောင်းရခြင်းသည်ပင်လျှင် မလွယ်ကူဘဲ နှောင့်နှေး ကြန့်ကြာလျက်ရှိ၏။ စကော့တလန်ပြည်သားတိုင်းသည် ရက်စက်လှသော မက္ကဘက်(သ)အား မုန်းတီးကြ၍ ၎င်းအား လေးစားကြည်ညိုသူလည်း မရှိ၊ ယုံကြည်သူလည်းမရှိတော့ချေ။ ဤသို့သော အခြေအနေတွင် မက္ကဘက်(သ)သည် မိမိ၏ လက်ချက်ဖြင့် သင်္ချိုင်းသို့ ရောက်သွားသည့် ဒန်ကင်ဘုရင်၏ အဖြစ်ကပင် တော်သေးသည်ဟု အောက်မေ့မိတော့၏။ ဒန်ကင်





အဖို့မှာ အဆိပ်ကိုလည်းကောင်း၊ ဓားလှံလက်နက်ကိုလည်းကောင်း၊ ပြည်တွင်းသားတို့၏ မုန်းတီးခြင်းကိုလည်းကောင်း၊ ပြင်ပရန်သူတို့၏ တိုက်ခိုက်ခြင်းကိုလည်းကောင်း ကြောက်ဖွယ်ရာ မရှိတော့သဖြင့် ငြိမ်းချမ်းသေးသည်ဟူ၍ မက္ကဘက်(သ) စဉ်းစားမိလေ၏။

မက္ကဘက်(သ) ဘုရင်၌ ယင်းကဲ့သို့ အကျပ်အတည်း အကြီးအကျယ် ကြုံတွေ့လျက်ရှိစဉ် မိဖုရားကြီးလည်း ရုတ်တရက် နတ်ရွာစံလွန်ခဲ့လေပြီ။ ("နတ်ရွာစံ" ဟူသော စကားလုံးကို ဘာသာပြန်သူတို့၏ ထုံးစံအတိုင်း သုံးနှုန်းရသော်လည်း စိတ်ထဲ၌ အောင့်သက်သက် ရှိပါဘိသည်။) မက္ကဘက်(သ)မှာ မိဖုရားကြီးရှိစဉ်အခါက ကြောက်မက်ဖွယ်သော အိပ်မက်များ၊ စိတ်ကူးများ ဖြစ်ပေါ်လာသည့်အခါများတွင် မိဖုရားကြီး၏ "ရင်ငွေ့လှုံ"ကာ အားပေးစကားများ ကြားရခြင်းအားဖြင့် အထိုက်အလျောက် စိတ်သက်သာရာ ရနိုင်ခဲ့သော်လည်း ယခုမူကား ထိုကဲ့သို့ ဖျော်ဖြေရမည့်သူ၊ အားပေးမည့်သူ မရှိတော့ချေ။ မိဖုရားကြီးမှာ ပြုခဲ့မိသော အပြစ်ကြောင့် နှလုံးပူပန်ခြင်းတည်းဟူသော ကုက္ကုစ္စဒဏ်နှင့် တိုင်းသူပြည်သား လူအများတို့၏ မုန်းတီးခြင်းဒဏ် မခံမရပ်နိုင်သဖြင့် မိမိ ကိုယ်ကို အဆုံးစီရင်လိုက်သည်ဟု လူအများက တွေးဆကြ၏။ သို့ဖြစ်ရကား မက္ကဘက်(သ)ဘုရင်မှာ ၎င်းအား ချစ်ခင်ကြင်နာမည့်သူ၊ ဂရုစိုက်မည့်သူများဟူ၍လည်းကောင်း၊ မိမိအကြံအစည်များကို ဖွင့်ဟ၍ တိုင်ပင်ဆွေးနွေးရမည့်မိတ်ဆွေဟူ၍လည်းကောင်း တစ်ယောက်တစ်လေမျှပင်မရှိဘဲ ဖြစ်နေလေတော့၏။

တစ်ခါတစ်ရံတွင် မက္ကဘက်(သ)သည် အသက်ရှင်လျက် မနေလိုတော့ဘဲ သေလိုက်ချင်တော့၏။ သို့ရာတွင် မော်လ်ကုမ်းမင်းသား၏ စစ်တပ်ကြီး နီးကပ်လာပြီဟူသော သတင်းကို ကြားရသည်၌မူကား ယောက်ျားတို့၏ သတ္တိကောင်းသည် ပြန်ပေါ်လာခဲ့၍ ရန်သူကို ခုခံတိုက်ခိုက်ရင်း သံချပ်အကျႌ ဝတ်လျက် အသက် အသေခံရခြင်းက မြတ်သည်ဟု ဆုံးဖြတ်လိုက်လေ၏။ ဤနေရာ၌ မက္ကဘက်(သ)အဖို့ အားတက်ဖွယ်ရာတစ်ခု သတိရလာသည်မှာ စုန်းမကြီးများ၏ ဟောကိန်းအရ လူမိန်းမက မွေးဖွားသည့် လူသားမှန်လျှင် မိမိ၏ အသက်ကို သတ်နိုင်ဖို့ မရှိဟူသည်ပင်ဖြစ်၏။ ဘာနမ်တောအုပ်က မိမိထံသို့ ရွှေ့ပြောင်းလာကာမှ မိမိအား လုပ်ကြံနိုင်လိမ့်မည်ဆိုခြင်းမှာလည်း မြေကြီး၌ပေါက်သော တောအုပ်တစ်ခုလုံးက မိမိရှိရာသို့ လာဖို့ဟူသည်မှာ မဖြစ်နိုင်သော အချင်းအရာဖြစ်၍ မိမိအား လုပ်ကြံရန် မဖြစ်နိုင်ဟုဆိုခြင်းနှင့် အတူတူပင် ဖြစ်သည်ဟု စဉ်းစားမိ၏။ သို့ဖြစ်၍ မက္ကဘက်(သ)သည် စစ်တပ်ဖြင့် ဝိုင်းရံတိုက်ခိုက်ခြင်းကို ခံနိုင်သည့် မိမိ၏ ရဲတိုက်တံခါးကို ပိတ်ဆို့လျက်



www.burmeseclassic.com

www.burmeseclassic.com



မော်လ်ကုမ်း၏ စစ်တပ် ချီတက်လာမည်ကို စောင့်မျှော်နေလေ၏။ ယင်းသို့ရှိစဉ် တစ်နေ့သ၌ စေတမန်တစ်ယောက်သည် မက္ကဘက်(သ)ထံသို့ ရောက်လာ၍ မိမိ တွေ့မြင်ခဲ့သော အချင်းအရာကို ရုတ်တရက် ပြောမပြနိုင်သေးအောင် တအံ့တသြ ဖြစ်နေ၏။ နောက်ဆုံး၌ စေတမန်က ပြောပြသည်မှာ တောင်ကုန်းပေါ်၌ မိမိ ကင်းစောင့်လျက်ရှိစဉ်၊ ဘာနမ်တောအုပ်ကြီး ရွေ့လျားသွားခြင်းကို မြင်လိုက်ရပါသည်ဟုဆို၏။ ထိုအခါ မက္ကဘက်(သ)က "ဟဲ့ . . . မုသားဆိုတဲ့ ကျွန်ယုတ် နင့်စကား မဟုတ်ခဲ့လျှင် နင့်ကို သစ်ပင်မှာ တွဲလောင်းဆွဲပြီး အငတ်ထားသတ်မယ်၊ နင့်စကား မှန်လျှင်တော့ ငါ့ကို နင်လုပ်ချင်သလိုလုပ်၊ ငါ ဂရုမစိုက်ဘူး"ဟုပြောလေ၏။ သို့ရာတွင် ပြောမည့်သာ ပြောရသည်။ မက္ကဘက်(သ) သည် စုန်းမကြီးများ၏ ဝေ့လည်လည် ပြောခဲ့သည့် စကားအဓိပ္ပာယ်ကို ဆင်ခြင်မိသဖြင့် ကြောထဲမှ စိမ့်၍တက်အောင် ကြောက်ရွံ့တုန်လှုပ်လျက် ရှိလေပြီ။ ဘာနမ် တောအုပ်ကြီး ရွေ့မလာမချင်း စိုးရိမ်စရာမရှိဟုဆိုရာ ယခုမူ တောအုပ်ကြီး ရွေ့လာနေခြင်းကို မြင်ရမည်ဟု ပြောသူက ပြောနေလေပြီ။ နောက်ဆုံး၌ မက္ကဘက်(သ)က "ကိုင်းရှိစေ၊ ဒီကောင်ပြောတဲ့ တောအုပ်ကြီး ရွေ့လာတယ်ဆိုလျှင်တော့ လက်နက်ကိုင်စွဲပြီး ထွက်တိုက်ကြရုံ ရှိတော့တာပေါ့။ ဒီမှာ ထိုင်နေလို့အပိုပဲ၊ ထွက်ပြေးဖို့လည်း လွတ်မည်မထင်ဘူး။ ငါလည်း သေချင်ပါပြီ၊ သေရတာပဲ ကောင်းပါတယ်"ဟု ပြောပြောဆိုဆိုနှင့်ပင် မက္ကဘက်(သ)သည် လက်နက်ကိုင်စွဲကာ ရဲတိုက်ပြင်သို့ ထွက်လာခဲ့ရာ ရန်သူများလည်း ရဲတိုက်ဝသို့ ရောက်နေကြလေပြီ။

စေတမန်က တောအုပ်ကြီး ရွေ့လာသည်ကို မြင်ရမည်ဟုဆိုခြင်းမှာ ဤသို့သော အကြောင်းပေတည်း။ မော်လ်ကုမ်းမင်းသားသည် စစ်တပ်နှင့်အတူ ချီတက်လာခဲ့၍ ဘာနမ်တောအုပ်သို့ ဆိုက်ရောက်ကြသောအခါ စစ်မှုရေးရာ၌ ကျွမ်းကျင်သော မော်လ်ကုမ်းမင်းသားက မိမိတို့၏ စစ်တပ်အင်အားကို ရန်သူများ မခန့်မှန်းနိုင်စေခြင်းငှာ စစ်သည်တော်များအား သစ်ကိုင်းတစ်ခက်စီ ခုတ်ကာ မိမိတို့ကိုယ်ကို ဖုံးအုပ် ကာကွယ်ထားရန် အမိန့်ပေးလေ၏။ ဤနည်းဖြင့် စစ်သည်တော်များ ချီတက်ကြရာတွင် အဝေးမှ မြင်ရသူတို့အဖို့မှာ တောအုပ်ကြီးရွေ့လာသည်ဟုထင်ကြရ၍ စေတမန်က မက္ကဘက်(သ)ထံသို့ တင်လျှောက်ခြင်းဖြစ်လေသည်။ မက္ကဘက်(သ)မှာ ဤအချင်းအရာကို မသိရသူဖြစ်၍ တောအုပ်ကြီး ရွေ့လာသည်ဆိုကတည်းက စုန်းမကြီးများ၏ ဟောကိန်း မှန်ချေတော့မည်ဆိုကာ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ခဲ့ရလေသည်။

မက္ကဘက်(သ)သည် နိုင်လိမ့်မည်ဟူသော ယုံကြည်ချက် မရှိသော်လည်း မိမိ၌ ရှိသမျှသော စစ်သည်တော်များနှင့် အတူ ရန်သူကို ခုခံ တိုက်





ခိုက်၏။ စင်စစ်အားဖြင့်မူကား မက္ကဘက်(သ)၏ နောက်ပါ စစ်သားများသည် မက္ကဘက်(သ) အပေါ်၌ မေတ္တာမထားဘဲ မော်လ်ကုမ်းမင်းသားဘက်သို့ မေတ္တာပို့ကာ ဝတ်ကျေတန်းကျေ တိုက်ချင်ယောင်ဆောင်ကြသူများ ဖြစ်ကြ၏။ သို့နှင့်ပင် မက္ကဘက်(သ)သည် သတ္တိကောင်းသော စစ်သူကြီးတစ်ဦး ဖြစ်ခဲ့ဖူးသည့်အတိုင်း မိမိပတ်ဝန်းကျင်၌ရှိသော ရန်သူများကို ဒေါသတကြီးနှင့် စိတ်အားထက်သန်စွာ ထိုးဆွခုတ်ထစ်ကာဖြင့် ရှေ့သို့ ချဉ်းနင်းဝင်ရောက်သွားခဲ့ရာတွင် ဖိုက်(ဖ)နယ်စား မက္ကဒတ်နှင့် ရင်ဆိုင်မိကြလေ၏။ ဤတွင် မက္ကဘက်(သ)သည် မက္ကဒတ်ကို သတိထားဖို့ စုန်းမကြီးများက မှာထားသွားသည့်စကားကို ရုတ်တရက် သတိရသည်နှင့် ချာကနဲ လှည့်ကာ တိမ်းရှောင်မည်ပြုသော်လည်း မက္ကဘက်(သ)ကို တမင်လိုက်၍ရှာနေသော မက္ကဒတ်က ရှေ့မှာတားဆီးထားပြီးလျှင် မိမိ၏ သားမယားများအား သတ်ဖြတ်ခြင်းအတွက် မက္ကဘက်(သ)ကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလေ၏။ မက္ကဘက်(သ)သည် မက်ကဒတ်စွပ်စွဲသည့်အတိုင်း အမှန်အပြစ်ရှိသူဖြစ်၍ မက္ကဒတ်နှင့် မျက်နှာချင်းမဆိုင်ဝံ့ဘဲ ရှောင်လွှဲတိမ်းဖယ်ရန် ကြိုးစားလျက်ရှိရာ မက္ကဒတ်က မက္ကဘက်(သ)အားမတရားသဖြင့် အနိုင်ကျင့်သော လူယုတ်မာဟူ၍လည်းကောင်း၊ လူသတ်သမားဟူ၍လည်းကောင်း၊ ငရဲပြည်သို့ ဖောက်ထိုးဆင်းမည့်သူ ဟူ၍လည်းကောင်း၊ လူဆိုးလူညစ်ဟူ၍လည်းကောင်း၊အကြိမ်ကြိမ်အထပ်ထပ်ခေါ်ကာရန်စလေ၏။

ထိုအခါ မက္ကဘက်(သ)သည် စုန်းမကြီးများ၏ ဟောကိန်းအရ လူမိန်းမက မွေးသည့် မည်သို့သော လူသားကမှ မိမိအား နာကျင်အောင် မလုပ်နိုင်ဟူသော စကားကို ဘွားကနဲသတိရလာသည်နှင့်ခပ်ပြုံးပြုံးပင်မက္ကဒတ်ဘက်သို့ မျက် မှာလှည့်ကာ "ကျွန်ုပ်ကို ရန်မူ၍ သင့်အဖို့ ပင်ပန်းရုံသာရှိမည်။ သင့်ဓားဖြင့် လေကိုခုတ်၍ အရာထင်လျှင်သာ ထင်မည်။ ကျွန်ုပ်ကို ဒဏ်ရာထင်အောင် သင်မတတ်နိုင်။ ကျွန်ုပ်ကား လူမိန်းမ၏ ဝမ်းမှ ထွက်သောလူသား၏လက်နက်ဖြင့်ဒဏ်ချက်မချနိုင်၊လက်နက်"ပြီး"သူဖြစ်သည်"ဟုပြော၏။

မက္ကဒတ်ကလည်း "ကျွန်ုပ်ကား လူမိန်းမ၏ ဝမ်းမှ ထွက်နေကျ လမ်းအတိုင်း ထွက်ခဲ့သူမဟုတ် . . .။ ခွဲထုတ်၍ ယူရသူဖြစ်သည်။ လူသာမန်များ၏ ဓားချက်ကို သင် "ပီး"သော်လည်း ကျွန်ုပ်၏ ဓားမူကား သင့်ကို ထုတ်ချင်းပေါက်နိုင်သည်"ဟုဆို၏။

မက္ကဘက်(သ)မှာ ထိုစကားကို ကြားရ၍ စိတ်အားလျော့လာသည်နှင့် "ငါ့ကို လှည့်စားသည့် စုန်းမများ ပျက်စီးပါစေ၊ အဓိပ္ပာယ်နှစ်ခွရှိသော စကားလုံးများသုံးကာ လူသားကို လှည့်စားပြီး၊ မျှော်လင့်ချက်ပေးတော့တစ်မျိုး၊ တကယ်ဖြစ်တာကတစ်မျိုး ပေါက်ပေါက်ရှာရှာ ယုတ္တိယုတ္တာနဲ့ လိမ်ညာတဲ့



www.burmeseclassi.com

www.burmeseclassic.com



စုန်းကဝေ၊ တစ္ဆေမြေဘုတ်ဘီလူးမှစ၍ နာနာဘာဝအပေါင်းကို ဝေးဝေးက ရှောင်ကြဖို့ သတိပေးလိုက်ရသည် လူသားတို့"ဟု ရေရွတ်ပြီးနောက် မက္ကဒတ်အားလည်း "သင်နှင့်ကျွန်ုပ် မသတ်နိုင်"ဟုဆိုကာ ငြင်းလေ၏။

မက္ကဒတ်ကလည်း "သို့ဆိုလျှင် အသက်ရှင်လျက် နေစေလော့၊ သို့သော် သင်ရှိရာအရပ်တွင် "အနိုင်ကျင့်သော ဉာဏ်လူယုတ်မာကြီးကို ကြည့်ကြလော့"ဟူသော စကားလုံးများကို ကမ္ပည်းထိုး၍ ချိတ်ဆွဲထားရလိမ့်မည်"ဟု ဆို၏။

ထိုအခါ စိတ်ပျက်အားလျော့သည့်အထဲမှ သတ္တိပေါ်ထွက်လာသော မက္ကဘက်(သ)က "မော်လ်ကုမ်း၏ ခြေရှင်းမှမြေကို ငုံ့နမ်းပြီး၊ ပြည်သူလူထု ပြက်ရယ်ပြုခြင်းကို ငါမခံလို၊ ဘာနမ်တောအုပ်ကြီး ရွေ့လာပြီး လူမိန်းမက မွေးထုတ်သူမဟုတ်တဲ့ သင်ကိုယ်တိုင်က ငါ့ကို အန်တုဝံ့လာပြုပေမယ့် ငါမကြောက်၊ လာခဲ့စမ်းဟဲ့ တစ်ချီတစ်ပွဲ စမ်းလိုက်မယ်"ဟု ဆိုကာ မက္ကဒတ်အား စတင်၍ တိုက်ခိုက်လေ၏။ မက္ကဒတ်လည်း မက္ကဘက်(သ)နှင့် အကြိတ်အနယ် တိုက်ခိုက်လေရာ နောက်ဆုံး၌ အနိုင်ရ၍ မက္ကဘက်(သ)၏ ဦးခေါင်းကို ဖြတ်ပြီးလျှင် စကော့တလန်ပြည်၏ ဘုရင်အစစ်ဖြစ်သည့် မော်လ်ကုမ်းမင်းသားသို့ ဆက်သလေ၏။ သဘောကောင်းသော ဒန်ကင်ဘုရင်၏ သားတော် မော်လ်ကုမ်းသည် မတရားသဖြင့် လုယူသိမ်းပိုက်ထားသည့် မက္ကဘက်(သ)၏ လက်ဝယ်မှ မိမိပိုင်ဆိုင်သည့် ထီးနန်းကို ပြန်လည်ရရှိသည့်အလျောက် ပြည်သူလူထု၏ ကြည်ညိုမြတ်နိုးခြင်းကို လက်ခံရရှိကာ စကော့တလန်ပြည်ကို နှစ်ပေါင်းများစွာ အုပ်ချုပ်စိုးစံရလေတော့သတည်း။

*သွေးသောက်၊ အမှတ် (၁၇၄)၊ ဇူလိုင်လ၊ ၁၉၆၀ ခုနှစ်၊*

□ □ □

## ဒွါဒသမြောက်ည သို့မဟုတ် သင့်အလိုအတိုင်း

အီတလီပြည် မဲဆလိန်မြို့၌ ဆီဘဲ့စ်တီယန်နှင့် ဗိုင်အိုလာအမည်ရှိ လူကုံတန် အမွှာမွေး မောင်နှမနှစ်ယောက် ရှိကြရာ၊ တစ်ယောက်နှင့် တစ်ယောက် အဝတ်အစားမှတစ်ပါး မခွဲခြားနိုင်လောက်အောင် တူညီသော ရုပ်ဆင်းသဏ္ဌာန်ရှိကြသည်ဖြစ်၍ တစ်မြို့လုံးက အံ့သြကြရ၏။ ထိုမောင်နှမမှာ မွေးဖွားစဉ်က တစ်နာရီအတွင်း၌ နှစ်ယောက် မွေးဖွားခဲ့ကြသည့်အတိုင်း တစ်နာရီအတွင်း၌ပင် နှစ်ယောက်အတူ သေဆုံးကြမည့်ကဲ့သို့ ဖြစ်ခဲ့၏။

အကြောင်းမူကား မောင်နှမနှစ်ယောက်တို့သည် ပင်လယ်ခရီးဖြင့် အတူတကွ ခရီးသွားလျက်ရှိကြစဉ် ဣလီရီယား ကမ်းခြေအနီးတွင် သင်္ဘောပျက်ခြင်းနှင့် ကြုံခဲ့ရသောကြောင့်ပေတည်း။ ၎င်းတို့ စီးနင်းလိုက်ပါသော သင်္ဘောသည် လေမုန်တိုင်းမိ၍ ကျောက်ဆောင်တစ်ခုနှင့် တိုက်ခိုက် နစ်မြုပ်သဖြင့် ခရီးသည် အနည်းငယ်မျှသာလျှင် အသက်ချမ်းသာရာ ရကြလေ၏။ သင်္ဘော ကပ္ပိတန်နှင့် သင်္ဘောသား အနည်းငယ်တို့သည် လှေငယ်တစ်စင်းဖြင့် ကမ်းသို့ ဆိုက်ကပ်နိုင်ကြလေရာ၊ လှေပေါ်တွင် နှမဗိုင်အိုလာ ပါလာခဲ့၏။ ဗိုင်အိုလာမှာ မိမိ အသက်ချမ်းသာခြင်းအတွက် ဝမ်းမမြောက်နိုင်ဘဲ မောင်ဖြစ်သူ ဆီဘဲ့စ်တီယန် အသက်ဆုံးရှုံးခြင်းအတွက် ငိုယိုတမ်းတလျက်ရှိလေ၏။ ကပ္ပိတန်ကမူ သင်္ဘောကြေကွဲသွားသောအချိန်တွင် ရွက်တိုင်တစ်ခု၌ တွယ်ဖက် လိုက်ပါသွားသည့် ဆီဘဲ့စ်တီယန်ကို မိမိမြင်လိုက်ရ၍ ကမ်းပေါ်သို့ လှိုင်းများရိုက်ခတ် တင်ပို့ခြင်းအားဖြင့် အသက် ချမ်းသာရ ရဖို့ရှိကြောင်းနှင့် ဗိုင်အိုလာ နှစ်သိမ့်စေရန် အားပေးစကား ပြောကြားလေ၏။ ဗိုင်အိုလာသည်



www.burmeseclassi.com

www.burmeseclassic.com



ကပ္ပိတန်၏စကားကိုကြားရ၍ အားရှိလာပြီးနောက် ကိုယ်ရေးကိုယ်တာအတွက် ဆင်ခြင်ရာတွင် နေရင်းဌာနီနှင့် ဝေးကွာလှသော ဤဒေသ၌ မည်သို့ ပြုရမည် မသိသည်နှင့် ကပ္ပိတန်အား ယခုရောက်ရှိနေကြသော ဣလီရိယားနယ် အကြောင်းကို သိပါ၏လောဟု မေး၏။

တန် ။ "ကောင်းကောင်းသိပါတယ်။ ဒီနေရာနဲ့ ကျွန်တော်မွေးတဲ့ နေရာဟာ သုံးမိုင်လောက်သာ ဝေးပါတယ်။"

လာ ။ "ဒီနယ်ကို ဘယ်သူအုပ်ချုပ်ပါသလဲ"

တန် ။ "အော်ဆီနိုခေါ်တဲ့ နယ်စားကြီးတစ်ယောက် အုပ်ချုပ်ပါတယ်။ အမျိုးမြတ်သလောက် သိက္ခာရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးပါဘဲ"

လာ ။ "ဪ . . . ကျွန်မ ဖေဖေပြောတာ ကြားဖူးပါတယ်ရှင်၊ လူပျိုကြီး ဆို"

တန် ။ "ခုထက်ထိလည်း လူပျိုကြီးပါပဲ။ လွန်ခဲ့တဲ့ တစ်လလောက်က ကျွန်တော် ရောက်ခဲ့သေးတယ်။ လူတွေကတော့ ထုံးစံအတိုင်း မျက်နှာကြီးတဲ့ ပုဂ္ဂိုလ်များအကြောင်းဆိုလျှင် ပါးစပ်စိမထားတတ်အောင် ပြောချင်ကြတာပဲ။ နယ်စားကြီး အော်ဆီနိုနဲ့ အော်လီဗီယာ အကြောင်းကို သိပ်ပြောကြတာပဲ"

လာ ။ "အော်လီဗီယာဆိုတာက ဘယ်သူလဲရှင်"

တန် ။ "အော်လီဗီယာဆိုတာက လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကွယ်လွန်သွားတဲ့ အမတ်ကြီးတစ်ယောက်ရဲ့ သမီးချောပဲ။ ဂုဏ်သိက္ခာရှိတဲ့ အမျိုးသမီးလေးလို့ လူတိုင်းက ချီးကျူးကြတယ်။ အမတ်ကြီး သေသွားတော့ မောင်နှမနှစ်ယောက် ကျန်ရစ်ရာမှာ မောင်ကလည်း မကြာသေးမီက ကွယ်လွန်သွားပြန်တယ်။ ဒီတော့ကာ အော်လီဗီယာက သူ့မောင်အတွက် အလွန် ပူဆွေးဒုက္ခ ရောက်လေတော့ ဘယ်သူနဲ့မှ အတွေ့မခံဘူး၊ တစ်ကိုယ်တည်း နေတော့တာပဲတဲ့"

ဤစကားကို ကြားရသောအခါ ဗိုင်အိုလာမှာ မိမိကိုယ်တိုင် မောင်အတွက် ပူပန်လျက် ရှိသူဖြစ်သည့်အလောက် ကံတူအကျိုးပေးဆိုသော စကားကဲ့သို့ မောင်ဆုံးချင်း အတူနေရလျှင် ကောင်းလေစွဟု စိတ်ကူး ဖြစ်ပေါ်လေ၏။ သို့ဖြစ်၍ ဗိုင်အိုလာသည် ကပ္ပိတန်အား အော်လီဗီယာနှင့် မိမိတို့ကို မိတ်ဆက်ပေးရန် ပြော၍ အတူနေကာ အမှုထမ်းလိုပါသည်ဟုဆို၏။ သို့ရာတွင် ကပ္ပိတန်က အော်လီဗီယာသည် မောင်ဆုံးပြီးကတည်းက ၎င်း၏ အိမ်တွင်းသို့ မည်သူမျှ မဝင်စေရ၊ နယ်စားကြီး ကိုယ်တိုင်ပင် ဝင်ခွင့်မရှိသဖြင့် အတူနေခွင့်ရဖို့ အလွန်ခဲယဉ်းမည်ဖြစ်ကြောင်း ပြော၏။ ဤတွင် ဗိုင်အိုလာသည် ယောကျ်ားအသွင်





ဝတ်ဆင်၍ နယ်စားကြီး အော်ဆီနို၏အိမ်တော်တွင် အမှုထမ်းရန် အကြံဖြစ်လေ၏။ မိန်းကလေး တစ်ယောက်သည် ယောကျ်ားအသွင်ဝတ်ဆင်၍ အမှုထမ်းမည်ဆိုသော အကြံအစည်မှာ အမှန်ခဲယဉ်းလှသောအလုပ်ဖြစ်သော်လည်း တစ်ပြည်တစ်နယ်သို့ရောက်၍ ဒိုက်ုးရာမဲ့ဖြစ်နေသော ဗိုင်အိုလာအဖို့မှာ ကြံမိကြံရာ ကြံရရှာခြင်း ဖြစ်၍ ခွင့်လွှတ်ကြရပေမည်။

ဗိုင်အိုလာသည် ကပ္ပိတန်၏ ရိုးသားပုံရခြင်းနှင့်၊ မိမိအား သနားကြင်နာပုံရခြင်းတို့ကို အကဲခတ်မိသည်ဖြစ်၍ မိမိ၏ အကြံအစည်ကို ဖွင့်ဟတိုင်ပင်လေရာ ကပ္ပိတန်ကလည်း အကူအညီပေးရန် သဘောတူလေ၏။ ဗိုင်အိုလာသည် ကပ္ပိတန်အား ငွေထုပ်ပေး၍ မိမိ၏ မောင် ဆီဘဲ့စ်တီယန် ဝတ်တတ်သည့် အဝတ်အစားမျိုးကို ဝယ်ယူစေပြီးလျှင် ယောကျ်ားကလေးအသွင် ဝတ်ဆင်လိုက်ရာ ဆီဘဲ့တီယန်နှင့် အလွန်တူလှသောကြောင့် မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းကို နောင်တွင် တွေ့ရပါလိမ့်မည်။ (အကြောင်းမူကား ဆီဘဲ့စ်တီယန်မှာလည်း သင်္ဘောပျက်ရာတွင် မသေဘဲ အသက်ရှင်လျက် ရှိပေသောကြောင့်တည်း။)

ကပ္ပိတန်သည် ဗိုင်အိုလာအား ယောကျ်ားလို ဝတ်ပေးပြီးနောက် နယ်စားကြီး အော်ဆီနိုနှင့် သိကျွမ်းသည်ဖြစ်၍ အိမ်တော်သို့ ခေါ်သွားပြီးလျှင် ဆီဇာရီယိုအမည်နှင့် မိတ်ဆက်ပေးလေ၏။ အော်ဆီနိုသည် ဆီဇာရီယို (ဗိုင်အိုလာ)၏ ချောလှသော ရုပ်ရည်နှင့် သိုက်မြိုက်သိမ်မွေ့သောအမူအရာကို မြင်ရသည်တွင် အလွန် သဘောကျသဖြင့် မိမိ၏ အိမ်တော်တွင် လူပျိုတော်ကလေးတစ်ယောက်အဖြစ် ခန့်ထားလိုက်လေ၏။ ဗိုင်အိုလာသည် မိမိထမ်းရွက်ချင်သော ရာထူးကိုရ၍ အော်ဆီနို၏ အမှုကြီးငယ်တို့ကို ကျိုးနွံရိုသေစွာ ထမ်းဆောင်လေရကား အော်ဆီနိုသည် ၎င်းအား အကြီးအကဲဖြစ်သော အပါးတော်မြဲ လူပျိုတော်အဖြစ်သို့ တင်မြှောက်လိုက်လေ၏။ အော်ဆီနိုသည် အမတ်ကြီး၏သမီး အော်လီဗီယာအား ချစ်ကြိုက်ခဲ့ပုံများအကြောင်းကို ဆီဇာရီယိုသို့ ဖွင့်လှန်၍ ပြောပြလေ၏။ အော်ဆီနိုက အော်လီဗီယာအား တစ်ဖက်သတ် (တဘီးလိမ့်) ချစ်ကြိုက်ခဲ့၍ မေတ္တာတုန့်ပြန်ခြင်း မရှိပုံ၊ မိမိအား အချစ်မဝင်ဘဲ အပြစ်တင်တတ်ပုံ၊ အကြိမ်ကြိမ်အဖန်ဖန် ငြင်းဆန်ပုံ၊ တစ်ခဏမျှပင် အတွေ့မခံပုံ၊ တစ်လျှောက်လုံး စွဲမက်လာခဲ့သည့်အတွက်ကြောင့် ဓားခုတ်လှံထိုးမှစ၍ ယောကျ်ားမြတ်တို့ အသားယူကာ ပျော်ရွှင်စွာ လေ့ကျင့်ကြသော အလုပ်ဟူသမျှတို့ကို စွန့်ပယ်ထားခဲ့ပုံ၊ အော်လီဗီယာအကြောင်းကိုသာ တတွေးတည်းတွေးလျက် တဆွေးတည်း ဆွေးခဲ့ရပုံ၊ ယောကျ်ားပီပီ တက်တက်ကြွကြွ လုပ်လုပ်ရှားရှား မရှိတော့ဘဲ တေးကဗျာ ဂီတစသည့် မိန်းမတို့၏ အလုပ်များဖြင့်



www.burmeseclassi.com

www.burmeseclassic.com



ဝိမ်ခံကာ တခွေခွေ တနုံးနုံး တရိရိတယိုင်ယိုင် တမှိုင်မှိုင်တတွေတွေ ဖြစ်ခဲ့ရပုံစသည်များကို ပြန်ပြောင်းပြောပြလေ၏။ အော်ဆီနိုသည် မှုကြီးမတ်ရာ ပညာရှိများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ အကြံဉာဏ်ယူခြင်းစသည်ဖြင့် မပြုတော့ဘဲ လူပျိုတော်ကလေး ဆီဇာရီယိုနှင့် တပူးတွဲတွဲလုပ်ကာ အထက်ပါအကြောင်းအရာများကို ပြောပြခြင်းအားဖြင့် အချိန်ကုန်လွန်စေသည် ဖြစ်သောကြောင့် အတိုင်ပင်ခံ ပညာရှိကြီးများက မိမိတို့၏ နယ်စားကြီး ပျက်စီးခြင်းတိုင်ချေမည်လော်ဟု စိုးရိမ်ပူပန်မိကြလေ၏။

ရုပ်ဆင်းလှပသော လူပျိုကလေးများ၏ အချစ်ပြဿနာနှင့် ပတ်သက်၍ ဖွင့်ဟတိုင်ပင်ခြင်း ခံရသော မိန်းမပျိုကလေးများ အဖို့မှာ အန္တရာယ်များလှချေ၏။ အော်လီဗီယာအား ချစ်ကြိုက်သည့်အတွက်ကြောင့် အော်ဆီနိုက မိမိခံစားရသည်ဆိုသော ဒုက္ခဝေဒနာများသည် အော်ဆီနိုအား ချစ်ကြိုက်သည့်အတွက် ဆီဇာရီယို (ဗိုင်အိုလာ)ခံစားရသော ဒုက္ခဝေဒနာများ ဖြစ်လာလေတော့၏။ ဗိုင်အိုလာ၏ စိတ်ထဲ၌ အလွန်တရာ ချောလှ၍ မြင်ရသူတိုင်း မချီးမွမ်းဘဲ မနေနိုင်သည့် မိမိ၏ ဆရာသခင် အော်ဆီနိုအား အော်လီဗီယာက မချစ်ကြိုက်နိုင်ဆိုခြင်းမှာ နားမလည်နိုင်အောင် အံ့ဩဖွယ်ရာကြီးတစ်ခု ဖြစ်နေသည်နှင့် ဗိုင်အိုလာက အော်ဆီနိုအားလည်း ဘာမှ နားမလည်သော အော်လီဗီယာအား ချစ်ခင်မြတ်နိုးခြင်းအား အကျိုးမရှိကြောင်း ပြောပြလေ၏။ ထို့နောက် ဗိုင်အိုလာက . . .

"ကျွန်တော် ပြောပါရစေ ဆရာခင်ဗျား။ အော်လီဗီယာကို ဆရာက ချစ်သလို၊ မိန်းမတစ်ယောက် ဆရာ့ကို ချစ်နေတယ်ဆိုပါတော့။ (တကယ်ရှိချင်လည်း ရှိမှာပဲဆရာ) ဆရာက မိန်းမပျိုကို မချစ်နိုင်ပါဘူးလို့ ပြောလို့ရှိလျှင် မိန်းမပျိုဟာ ဆရာ့စကားအရနဲ့ပဲ ကျေနပ်ရမယ် မဟုတ်လား"ဟု ပြော၏။ ထိုအခါ အော်ဆီနိုက အော်လီဗီယာအား မိမိက ချစ်သလို မိမိအား မည်သည့် မိန်းမပျိုကမှ ချစ်ရန် မဖြစ်နိုင်ကြောင်း။ မည်သည့် မိန်းမပျို၏ နှလုံးသားတွင်မှ မိမိ၏ ကြီးမားသော မေတ္တာမျိုး ဆန့်နိုင်မည် မဟုတ်ကြောင်း။ သို့ဖြစ်၍ အော်လီဗီယာအပေါ်၌ မိမိထားရှိသော မေတ္တာကို မည်သည့် မိန်းမပျို၏ မေတ္တာနှင့်မျှ နှိုင်းယှဉ်ချက်ထုတ်ရန် မဖြစ်နိုင်ကြောင်း ပြောပြလေ၏။ ဗိုင်အိုလာသည် အော်ဆီနို၏ ထင်မြင်ချက်ကို လေးစားသော်လည်း သူပြောသည့်အတိုင်း မှန်ကန်သည်ဟု မထင်နိုင်ပဲရှိ၏။ ဗိုင်အိုလာ၏ အထင်မှာလည်း အော်ဆီနိုအတွက် မိမိ၏ နှလုံးသားထဲ၌ရှိသော မေတ္တာစိတ်သည် အော်လီဗီယာအပေါ်၌ အော်ဆီနို၏ မေတ္တာစိတ်ကဲ့သို့ပင် ကြီးထွားသည်ဟု ယူဆလေသည်။ သို့ဖြစ်၍ ဗိုင်အိုလာက . . .





"တစ်ခုတော့ ကျွန်တော်သိတယ် ဆရာ"

"ဘာ့သိတာလဲကွ၊ မင်းက"

"မိန်းမများက ယောကျ်ားကို ဘယ်ပုံချစ်တယ်၊ ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော် သိတယ်။ သူတို့လည်းပဲ ကျွန်တော်တို့ ယောကျ်ားများလိုပဲ စွဲစွဲမြဲမြဲ ခဲခဲကြိတ်ကြိတ် ချစ်တတ်ကြတာပါပဲ ဆရာရဲ့။ ကျွန်တော့် ဘခင်မှာ သမီးတစ်ယောက် ရှိတယ်ဆရာ။ မိန်းကလေးက သူ့ရည်းစားကို ဘယ်လောက်များ ချစ်လိုက်သလဲဆိုတော့ ဆရာ့ကို ကျွန်တော်က ချစ်သလိုပဲ ချစ်ရှာတယ်"

"ဟဲ့ . . . ဘယ့်နှယ်ဟာလဲ၊ မင့်ဟာ ရောထွေးကုန်ပြီကော"

"ကျွန်တော်ဟာ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့လို့ရှိရင် ပြောတာပါဆရာရဲ့"

"နောက်တော့ ဒီမိန်းကလေး ဘာဖြစ်သလဲ"

"သူ့အချစ် ပြဿနာကို သူမရှင်းနိုင်ဘဲနဲ့ တမှိုင်မှိုင် တတွေတွေဖြစ်ပြီး တပိန်ပိန်တညှော်ညှော်နဲ့ အတွင်းဆွေးဆွေးပြီး . . .

"နောက်ဆုံးကျတော့ သေသွားရှာရောလား . . ."

ဗိုင်အိုလာသည် အော်ဆီနိုအပေါ်၌ မိမိ၏ ချစ်ခြင်းကို ပုံနှိုင်း၍ ပြောလိုခြင်းမျှသာ ဖြစ်သည်နှင့် အော်ဆီနို၏မေးခွန်းကို တိကျအောင် အဖြေမပေးဘဲ ဝေ့လည်ချောင်ပတ် လုပ်လိုက်လေ၏။

အော်ဆီနိုနှင့် ဗိုင်အိုလာတို့ စကားပြောလျက်ရှိစဉ် အော်လီဗီယာထံသို့ အော်ဆီနို စေလွှတ်လိုက်သော အစေခံတစ်ယောက် ပြန်ရောက်လာ၍ သခင်မ အော်လီဗီယာနှင့် မိမိတွေ့ခွင့်မရခဲ့ဘဲ အစေခံမနှင့်သာ တွေ့ခဲ့ရကြောင်း၊ အစေခံမထံမှ တစ်ဆင့်စကား ကြားခဲ့ရသည်မှာ သခင်မကလေးသည် ၇ နှစ်တိုင်တိုင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မျက်နှာမပြဘဲ ခေါင်းမြီးခြုံကာ အခန်းထဲတွင် စကြ်လျှောက်ရင်း မောင်ကို လွမ်းဆွတ်သော မျက်ရည်များဖြင့် ကြမ်းပြင်ကို ဆေးကြောလိမ့်မည်ဟု ကြားခဲ့ရကြောင်း ပြောလေ၏။ အော်ဆီနိုထိုစကားကို ကြားရသောအခါ ကွယ်လွန်ပြီးသော မောင်တစ်ယောက်အား ဤမျှလောက် ချစ်နိုင်သည်ဆိုလျှင် အသက်ရှင်လျက် အတုန့်အပြန် ချစ်နိုင်သည့် ရည်းစားဆိုပါက ဘယ်လောက်များ ချစ်ရှာပေလိမ့်မည်နည်းဟု အောက်မေ့မိ၏။ ထို့နောက် အော်ဆီနိုသည် ဗိုင်အိုလာဘက်သို့ လှည့်လျက် "ဒီမလေ ဆီဇာရီယို ငါ့မှာ ဖြစ်ပေါ်နေတဲ့ အချစ်ပြဿနာအကြောင်းကို ပြောပြပြီးလို့ မင်းအားလုံး သိနေပြီ။ ဒီတော့ကာ အော်လီဗီယာအိမ်ကို မင်းသွားစမ်းချေပါ၊ အိမ်ထဲ မဝင်ရဘူးဆိုလို့လည်း ပြန်မလာခဲ့နဲ့။ တံခါးနားမှာ ဖွတ်ရပ်နေ၊ ဝင်ခွင့်



www.burmeseclassi.com

www.burmeseclassic.com



မပြုမချင်း မပြန်ဘူး၊ ရပ်တဲ့နေရာမှာ အမြစ်တွယ်ပြီး အပင်ပေါက်ပစေ၊ မပြန်တော့ဘူးလို့ မင်းကပြောပါ"

"စကားပြောခွင့် ရတော့ကော၊ ကျွန်တော်က ဘယ်သို့ ပြောရမှာလဲ ဆရာ"

"စကားပြောခွင့် ရတဲ့အခါကျတော့ သူ့ကို ငါက ဘယ်လောက် ချစ်ကြိုက်နေကြောင်း မင်းက ပြောပြပါ။ ငါက သူ့အပေါ်မှာ ဘယ်လောက် စွဲလန်းနေတယ်။ ဘယ်လို သစ္စာရှိတယ်ဆိုတဲ့ အကြောင်းတွေကို မင်းက အကျယ်တဝင့် ပြောပြပါ၊ ကြန္ဒြေကြီးနဲ့ ပြောတတ်တဲ့လူ့စကားကို သူ နားမဝင်ပေမယ့် မင်းလို လူပျိုကလေးမျိုးပြောတဲ့ စကားကိုတော့ သူ နားထောင်ပါလိမ့်မယ်"

ထိုအခါ ဗိုင်အိုလာသည် အော်ဆီနိုစေခိုင်းသည့်အတိုင်း ဆောင်ရွက်ရန် ထွက်လာခဲ့လေ၏။ သို့ရာတွင် ဗိုင်အိုလာမှာ မိမိက ချစ်ကြိုက်လျက် ရှိသော ယောက်ျားအတွက် အောင်သွယ်ပေးရမည့်အလုပ် ဖြစ်သောကြောင့် လိုလိုချင်ချင် ထွက်လာခဲ့သည်မဟုတ်ဘဲ မလွှဲသာ၍ လာခဲ့ရခြင်းဖြစ်၏။ သို့ရာတွင် ဗိုင်အိုလာသည် ဆောင်ရွက်ပေးပါမည်ဟု တာဝန်ယူခဲ့သည်ဖြစ်သောကြောင့် သစ္စာရှိစွာနှင့် ဆောင်ရွက်လေရာ အော်လီဗီယာသည် တံခါးပေါက်၌ လူငယ်တစ်ယောက် ရောက်နေ၍ မတွေ့ရလျှင် မပြန်ဘူးဆိုကာ ဇွတ်ပေလျက် ရပ်နေကြောင်း ကြားသိရလေ၏။ တံခါးမှူးက အော်လီဗီယာအား . . .

"သခင်မ နေမကောင်းဘူးလို့ ပြောတော့၊ သူက သိပါတယ်တဲ့။ ဒါကြောင့်မို့လို့ တွေ့ရအောင် လာပါတယ်တဲ့။ သခင်မ အိပ်ပျော်နေပါတယ်လို့ ပြောပြန်တော့လည်း သူက သိပါတယ်တဲ့။ ဒါပေမယ့် သခင်မနဲ့ တွေ့ရပြီးမှ သူ ပြန်မှာပဲတဲ့။ သခင်မရဲ့ ဘယ်နှယ်လုပ်ရမလဲ၊ ခက်တာပဲ။ သခင်မက တွေ့ချင်တွေ့၊ မတွေ့ချင်နေ၊ သူကတော့ဖြင့် သခင်မနဲ့ မတွေ့ရဘဲ မပြန်တော့ဘူးတဲ့ ပြောပါတယ်"ဟု ပြော၏။

အော်လီဗီယာသည် ဤမျှလောက် ခေါင်းမာ၍ ဇွတ်ပေသောသူကား မည်သူ ဖြစ်လေသနည်းဟု သိချင်သောဆန္ဒ ဖြစ်ပေါ်လာသည်နှင့် ထိုလူအား ခေါ်သွင်းခဲ့ရန် အမိန့်ပေးလိုက်ပြီးလျှင် မျက်နှာကိုဖုံးကွယ်စေရန် ခေါင်းမြီးခြုံထားလိုက်လေ၏။ အော်လီဗီယာ တွေးဆမိသည်မှာ ဤလူငယ်သည် အော်ဆီနိုထံမှ စေလွှတ်လိုက်ခြင်းဖြစ်၍ ချစ်စကား၊ ကြိုက်စကားမျိုးဖြင့် နားပူနားဆာ ကြားရချေဦးတော့မည်ဟု ပြင်ဆင်ထားလေ၏။ ဗိုင်အိုလာသည် အော်လီဗီယာ ရှေ့သို့ ဝင်လာသောအခါ တတ်နိုင်သမျှ ယောက်ျားဟန်ပါသော အမူအရာမျိုး ရှိစေလျက် မြို့စားကြီး၊ နယ်စားကြီးတို့၏ လူပျိုတော်များ သုံးနှုန်းတတ်သည့် ယဉ်ကျေးသိမ်မွေ့သော စကားလုံးမျိုးဖြင့် ပြောသည်မှာ . . .





"ပြိုင်ဘက်မရှိအောင် ချောမောလှပတဲ့ အမျိုးသမီးခင်ဗျား၊ အိမ်ရှင်သခင်မကိုယ်တိုင် ဟုတ်မဟုတ်ကို ကျွန်တော် သိပါရစေခင်ဗျား၊ ယခုလို မေးရခြင်းက သခင်မကိုယ်တိုင် ဟုတ်မဟုတ်ကို ကျွန်တော် သိပါရစေခင်ဗျား။သခင်မကိုယ်တိုင် မဟုတ်ခဲ့လျှင် 'အရေးမပါ အရာမရောက် ဘဲလျက် အလဟဿ အချိန်ကုန်ခံပြီး စကားပြောမိမည်ကို စိုးရိမ်လို့ မေးရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အခြားအကြောင်းတစ်ခုမှာလည်း ကျွန်တော့်ကို သေသေ ချာချာ သင်ကြားပြီး လွှတ်လိုက်ခြင်းဖြစ်လို့မို့ ပြောရမည့်စကားကို အာဂုံဆောင် ပြီး ကျက်မှတ်လာခဲ့ရပါတယ်ခင်ဗျာ"

"မောင်ရင်က ဘယ်က လာခဲ့တာလဲ"

"ကျွန်တော် ကျက်မှတ်လာခဲ့တဲ့ စကားလုံးများမှအပ ကျွန်တော် ဘာမျှ မပြောတတ်ပါဘူးခင်ဗျား။ ယခု မေးခွန်းဟာ ကျွန်တော် ကျက်လာခဲ့တဲ့ စာထဲမှာ မပါပါဘူးခင်ဗျား"

"ဘယ့်နှယ်လူလဲ၊ မောင်ရင်က လူပြက်လား"

"လူပြက် မဟုတ်ရပါခင်ဗျား။ သို့သော် ကျွန်တော်ဟာ ယခု အမြင်အတိုင်းလည်း မဟုတ်ပါခင်ဗျား"

(ယောက်ျား တစ်ယောက်မဟုတ်၊ မိန်းမသားမျှသာဖြစ်ခြင်းကို စောင်းချိပ်၍ ပြောလိုက်ခြင်းဖြစ်သည်။)

ထို့နောက် အိမ်ရှင် သခင်မကိုယ်တိုင် ဟုတ်မဟုတ် ထပ်ဆင့်၍ မေးပြန်ရာ၊ အော်လီဗီယာက ဟုတ်ကြောင်း ဖြေဆိုလေသည်။ ဤတွင် ဗိုင်အိုလာသည် ဆရာ၏ကိစ္စကို မဆောင်ရွက်သေးမီ အော်လီဗီယာ၏ မျက်နှာကို မြင်လိုသည်နှင့် ခေါင်းမြီးခြုံကို လှစ်ပြရန် တောင်းပန်လေ၏။ ဤတောင်းခံချက်မှာ ရဲတင်းလွန်းရာ ကျသော်လည်း အော်လီဗီယာသည် ဗိုင်အိုလာကို မြင်လိုက်ရကတည်းက သဘောကျလျက် ရှိသည်နှင့် ၎င်း၏ တောင်းပန်ချက်အတိုင်း ခေါင်းမြီးခြုံကို လှစ်ပြမည်ပြုစဉ် . . .

"မောင်ရင့်ဆရာက မျက်နှာကိုကြည့်ပြီးမှ ပြောစရာရှိတာကို ပြောပါလို့ မှာလိုက်သလား"ဟုမေးပြီးလျှင် ၇ နှစ်တိုင်တိုင် ခေါင်းမြီးခြုံထားပါမည်ဟူသော သန္နိဋ္ဌာန်ကို မေ့လျော့၍ ခေါင်းမြီးခြုံကို ဖွင့်ပြလိုက်လေ၏။

"ကိုင်း . . . ကန့်လန့်ကာကို လှပ်ပြီး အရုပ်ကို ပြရမှာပေါ့၊ ဆိုစမ်း ဘယ့်နှယ်နေသလဲ"

"အဖြူပေါ်မှာ ပန်းရောင် သန်းနေခြင်းဟာ သဘာဝ ကိုယ်တိုင်က လှပအောင် တမင် ခြယ်လှယ် ဖန်တီးထားခြင်းပါပေပဲ။ သို့သော် သခင်မရဲ့ အဆင်းကို ပုံတူကူးယူခွင့်မပြုဘဲ သင်္ချိုင်းထဲယူသွားမည်ဆိုလျှင် ရက်စက်ရာ



www.burmeseclassi.com

www.burmeseclassic.com



ကျတော့မှာပေါ့ သခင်မ ခင်ဗျား"

"ဒီလောက်အထိလည်း မရက်စက်ပါဘူး မောင်ရင်၊ အဆင်းကို ပုံတူ မကူးရသော်လည်း စာရင်းလုပ်ပြီး ထားခဲ့ပါတယ်။ ကိုင်း . . . မှတ်ထားနော်၊ မနီတနီ နှုတ်ခမ်းက ၂ခု၊ ပြာမွဲမွဲ မျက်စိက ၂လုံး၊ မျက်ခွံကဖုံးလို့၊ လည်ပင်းကတစ်ခု၊ မေးစေ့ကတစ်ခုပေါ့ မောင်ရင်၊ မှတ်သားမိပြီလား၊ နေစမ်းပါဦး မောင်ရင်ရဲ့၊ ဒီက ရုပ်ဆင်းသဏ္ဌာန်ကို ချီးမွမ်းဖို့ မောင်ရင့်ကို လွှတ်လိုက်တာလား"

"သခင်မကို ကျွန်တော်သိရပါပြီ။ တကယ်လည်းချော၊ ချောသလောက်လည်း မာနကြီးတဲ့ မိန်းမတစ်ယောက်ပါပဲ။ ကျွန်တော့် ဆရာကတော့ သခင်မကို အင်မတန် ချစ်ကြိုက်နေပါတယ်။ သခင်မဟာ အလှဘုရင်မ ဖြစ်စေဦးတော့၊ ကျွန်တော့် ဆရာရဲ့ မေတ္တာမျိုးကိုတော့ တုန့်ပြန်ထိုက်ပါတယ်။ ကျွန်တော့်ဆရာက ချစ်ကြိုက်နေပုံများ ပြောရလျှင် ငိုချင်သလိုလို၊ ရယ်ချင်သလိုလို၊ ရှိုက်ချင်သလိုလို၊ တညည်းညည်း တညူညူ တမှိုင်မှိုင် တတွေတွေ ဖြစ်နေရှာတော့တာပါပဲ။ သခင်မလေးခင်ဗျာ"

"မောင်ရင့်ဆရာက ဒီကစိတ်ကို သိပြီးပါ ချစ်ကြိုက်လို့ မဖြစ်နိုင်ဘူး ဆိုတာကို သူသိပါတယ်။ သူရဲ့အစွမ်းသတ္တိ၊ သူ့ရဲ့သိက္ခာ သမာဓိနှင့်တကွ အမျိုးအနွယ် မြင့်မြတ်ခြင်း၊ အကျင့်စာရိတ္တ ဖြူစင်ခြင်းများကို အားလုံးသိပါတယ်။ လူတိုင်းကလည်း သူ့အကြောင်းကို အကောင်းချည်း ပြောကြတာ ကြားရပါတယ်။ သို့သော် သူ့ကို ဒီက မချစ်ကြိုက်နိုင်တာ အမှန်ပါပဲ။ ဒီအကြောင်းကို သူ သိလောက်တာ ကြာလှပြီ မောင်ရင်"

"သခင်မကို ဆရာက ချစ်သလို ကျွန်တော်က ချစ်ခဲ့လို့ရှိလျှင် ဘယ်လို လုပ်မယ် ထင်သလဲ။ သခင်မရဲ့ တံခါးဝမှာ တဲကလေးဆောက်ပြီး လာနေမယ်။ သခင်မရဲ့ နာမည်ကို တစ်နေ့လုံး တကျော်ကျော်နဲ့ ခေါ်နေမယ်။ သခင်မ အကြောင်းကို လင်္ကာစီကုံးပြီး တစ်ညလုံး သီဆိုနေမယ်။ တောတွေ၊ တောင်တွေဆီက အော်လီဗီယာဆိုတဲ့ နာမည်ဟာ ပဲ့တင်ထပ်ပြီး ပြန်လာသည့်တိုင်အောင် မရပ်မနား သီဆိုနေမယ်။ မြေပေါ်မှာလည်း သခင်မ မနေနိုင်အောင်၊ လေထဲမှာလည်း သခင်မ မနေနိုင်အောင် အဆက်မပြတ် မရပ်မဆိုင်း နားပူနေမှာမို့ သခင်မက မသနားဘဲ မနေနိုင်အောင် လုပ်မှာပဲခင်ဗျ"

"တယ်လာတဲ့ လူပါတကား၊ မောင်ရင်က ဘယ်လို အဆက်အနွယ် ထဲကပါလိမ့်"

"ကျွန်တော်ရဲ့ လက်ရှိ အခြေအနေဟာ မဆိုးလှပါဘူး။ နို့ပေမယ့် ကျွန်တော့် အဆက်အနွယ်ကတော့ ဒီလောက် မကပါဘူး သခင်မလေးခင်ဗျား။ ကျွန်တော်ဟာ လူ့ကုံတန်ထဲကပါပဲ"





အော်လီဗီယာသည် ဗိုင်အိုလာအား (ပုဂ္ဂိုလ်အနေဖြင့်) မောင်းနှင်ထုတ်ရန် အလိုမရှိသော်လည်း အော်ဆီနို၏ အောင်သွယ်တစ်ယောက် အနေဖြင့် လက်မခံလိုသည်ဖြစ်၍ . . .

"ကိုင်း . . . မောင်ရင်၊ ကိုယ့်ဆရာဆီကိုယ် ပြန်ပါလေတော့။ သူ့မေတ္တာကိုတော့ လက်မခံပါရစေနဲ့လို့ ပြောလိုက်ပါ။ ဒီကို လူလွှတ်လား၊ ဘာလား မလုပ်ပါစေနဲ့တော့။ သို့သော် သူ ဘယ်လို ဖြစ်သွားတယ်ဆိုတာကိုတော့ မောင်ရင် ကိုယ်တိုင် လာပြောချင်လျှင် ပြောနိုင်ခွင့် ရှိပါတယ်"ဟု မှာထားလိုက်လေ၏။

ဗိုင်အိုလာသည် အော်လီဗီယာအား "ရက်စက်လှသော မိန်းမချော" ဟု ခေါ်ဝေါ်ကာ နှုတ်ဆက်ပြီးနောက် ပြန်သွားလေ၏။ ဗိုင်အိုလာ ထွက်သွားသောအခါ အော်လီဗီယာသည် ဗိုင်အိုလာ ပြောခဲ့သည့် စကားများအနက်မှ "သူ၏ အဆက်အနွယ်သည် လက်ရှိအခြေအနေမျှလောက်မက" ဟူသော စကားတစ်ခွန်းကို အကြိမ်ကြိမ် အထပ်ထပ် သုံးသပ်မိလေ၏။ နောက်ဆုံး၌ အော်လီဗီယာ၏ စိတ်ထဲတွင် "လူ့ကုံတန်ထဲကဆိုတာ ဟုတ်လောက်ပါတယ်။ ပြောပုံဆိုပုံရယ်၊ သူ့မျက်နှာရယ်၊ သူ့ကိုယ် အနေအထားရယ်၊ ခြေဟန် လက်ဟန်ရယ်၊ စိတ် ခပ်ဆတ်ဆတ်ရှိပုံရယ်၊ အားလုံး ပေါင်းကြည့်လိုက်လျှင် လူ့ကုံတန်ထဲကဆိုတာ ဟုတ်မှာပါပဲ"ဟု စဉ်းစားမိလေ၏။ ထို့နောက် နယ်စားကြီး နေရာတွင် အော်ဆီနို ဖြစ်မည့်အစား ဤသူငယ် ဖြစ်ရလျှင် ကောင်းလေစွဟူ၍လည်း ကြံဆမိ၏။ ဤတွင် အော်လီဗီယာသည် လူပျိုတော် ဆီဇာရီယိုအပေါ်၌ မိမိ မေတ္တာသက်ဝင်လျက်ရှိကြောင်း ရိပ်မိသည်နှင့် ဤမျှလောက် လျင်မြန်စွာ ချစ်ကြိုက်ရချေသလောဟု မိမိကိုယ်မိမိ အပြစ်တင်လျက်ရှိ၏။ သို့ရာတွင် လူသတ္တဝါတို့ မည်သည်မှာ မိမိကိုယ်မိမိတို့ အပြစ်တင်သောအခါမျိုးတွင် လိုက်လိုက်လှဲလှဲ နက်နက်နဲနဲ ဖြစ်ခဲလှသည့်အလျောက် အော်လီဗီယာသည် လုလင်ပျို ဆီဇာရီယိုနှင့် မိမိ၏ ဂုဏ်ရည် မတူခြင်းတည်းဟူသော အချင်းအရာကိုလည်းကောင်း၊ လူ့ကုံတန် အမျိုးသမီးတို့ စောင့်ထိန်းအပ်သည့် ဣန္ဒြေကိုလည်းကောင်း မေ့ပျောက်၍ လုလင်ပျို ဆီဇာရီယိုအား ပိုးပန်းလိုသော အကြံ ဖြစ်ပေါ်လာပြီးလျှင် ဆီဇာရီယိုထံသို့ စိန်လက်စွပ်တစ်ကွင်းနှင့် အစေခံ တစ်ယောက် စေလွှတ်လိုက်၏။ ၎င်းလက်စွပ်မှာ အော်ဆီနိုက မိမိအား ပေးလိုက်သော လက်ဆောင်ဖြစ်၍ ဆီဇာရီယို မေ့ကျန်ရစ်ခြင်း ဖြစ်သည်ဟု ပြောပြရန်လည်း အစေခံအား မှာထားလိုက်လေ၏။ စိန်လက်စွပ် ပေးလိုက်ခြင်းမှာ ဆီဇာရီယိုအပေါ်၌ မေတ္တာသက်ဝင်လျက်ရှိခြင်းကို ဆီဇာရီယို ရိပ်မိစေရန် ပရိယာယ်ဉာဏ်ဆင်လိုခြင်း ဖြစ်ပေရာ၊ ဆီဇာရီယိုကလည်း လက်စွပ်ယူသွားခြင်း မရှိ



www.burmeseclassi.com

www.burmeseclassic.com



သောကြောင့် အော်လီဗီယာ၏ ပရိယာယ်ကို ရိပ်မိ၏။ ထို့ပြင် မိမိနှင့် စကားပြောခဲ့စဉ်က အော်လီဗီယာ၏ မျက်နှာထားနှင့် အမူအရာတို့မှာ မိမိအား သဘောကျသည့် လက္ခဏာများ တွေ့ရသည်နှင့် မိမိ၏ ဆရာက ချစ်ကြိုက်သော အော်လီဗီယာသည် မိမိအား ချစ်ကြိုက်လျက် ရှိလေပြီဟု ဗိုင်အိုလာ တွေးမိလေ၏။ "ခက်လှချေသည်တကား၊ အော်လီဗီယာမှာ အိပ်မက်ထဲကလူကို ချစ်ကြိုက်မိသကဲ့သို့ ဖြစ်နေရှာလေပြီ။ ငါက ယောကျ်ားအသွင်နှင့် သွားမိခြင်းကြောင့် အော်ဆီနိုကို ငါက ချစ်ကြိုက်သလို၊ အော်လီဗီယာက ငါ့ကို ချစ်ကြိုက်နေချေပြီတကား"ဟု ဗိုင်အိုလာ စဉ်းစားမိလေ၏။

ဗိုင်အိုလာသည် အော်ဆီနိုထံသို့ ပြန်ရောက်သောအခါ မိမိ၏ "အောင်သွယ်"အလုပ် မအောင်မြင်ခဲ့ကြောင်း၊ နောက်ထပ်၍ အနှောင့်အယှက် မပြုပါနှင့်တော့ဟု အော်လီဗီယာက မှာလိုက်ကြောင်းနှင့် အော်ဆီနိုအား ပြောပြလေ၏။ သို့ရာတွင် မျှော်လင့်ချက် မကုန်သေးသည့် အော်ဆီနိုကမူ အော်လီဗီယာအား မိမိ၏ တပည့် "နှုး"ရလျှင် ပါလိမ့်မည်ဟု ယူဆလျက်ပင် ရှိသည်ဖြစ်၍ နောက်တစ်နေ့တွင် တစ်ခေါက်သွားဖို့ တပည့်အား တိုက်တွန်းပြန်လေ၏။ ဤအတောအတွင်း၌ အော်ဆီနိုသည် မေတ္တာတုန့်ပြန်ခြင်းမရှိဘဲ "တဘီးလိမ့်" ချစ်ကြိုက်ရသောသူတို့၏ စိတ်ဒုက္ခရောက်ရပုံအကြောင်းကို ဖွဲ့နွဲ့စီကုံးထားသည့် ရှေးသီချင်းတစ်ပုဒ်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းပက်လက်ရှိသော သံနေသံထားဖြင့် သီဆိုပြလေရာ သီချင်း၌ ပါရှိသော အနက်အဓိပ္ပာယ်များသည် ဗိုင်အိုလာ၏ နှလုံးသား၌ ကြုံတွေ့ခံစားနေရခြင်းနှင့် ထပ်တူထပ်မျှ ရှိနေရကား၊ ဗိုင်အိုလာမှာ ညှိုးငယ်သော မျက်နှာထား ဖြစ်ပေါ်လာလေ၏။ ထိုအချင်းအရာကို အော်ဆီနို တွေ့မြင်ရသောအခါ "ဘယ့်နှယ်လဲကွဲ့ ငါ့တပည့်ရဲ့" မင့်မျက်နှာ ကြည့်ရပုံက လူပင် ငယ်သော်လည်း အချစ်ပြဿနာနဲ့ ကြုံရဖူးတယ် ထင်တယ်၊ ဟုတ်ဘူးလားဟေ့"ဟု မေးလိုက်၏။

"ဟုတ်ကဲ့ ကြုံရဖူးပါတယ်ဆရာ"

"မင်းကြုံဖူးတာ ဘယ်လိုမိန်းမလဲကွဲ့၊ ဘယ်အရွယ်လောက် ရှိပြီလဲ"

"ဆရာ့အရွယ်လောက်၊ ဆရာ့ အသားအရေမျိုးပါပဲခင်ဗျာ"

အော်ဆီနိုမှာ အသားညိုညို ဖြစ်သည့်ပြင် ဗိုင်အိုလာထက် အသက်ကြီးသည်ပြင် မိမိထက် အသက်ကြီးပြီး ယောကျ်ားလိုညိုသော မိန်းမကို ချစ်ကြိုက်ရလေသလောဟု ပြုံးမိလေ၏။ စင်စစ်သော်ကား ဗိုင်အိုလာသည် အော်ဆီနိုကဲ့သို့သော မိန်းမကို ဆိုလိုခြင်းမဟုတ်၊ အော်ဆီနို ကိုယ်တိုင်ကို ဆိုလိုခြင်းဖြစ်လေသည်။

ဗိုင်အိုလာသည် အော်လီဗီယာထံသို့ နောက်တစ်ခေါက် ရောက်





သောအခါ၌၊ ယခင်တစ်ခေါက်ကကဲ့သို့ အခက်အခဲမရှိဘဲ လွယ်လင့်တကူပင် ဝင်ခွင့် ရလေ၏။ အစေခံများသည် မိမိတို့၏ သခင်မက မည်သူ့အား လိုလားသည်၊ မည်သူ့ကို မလိုလားဟု သိတတ်ကြ၏။ ဗိုင်အိုလာ ရောက်သွားသည်နှင့် တံခါးမကြီးကို ကျယ်ကျယ်ကြီး ဖွင့်ပေး၍ သခင်မ၏ အဆောင်သို့ ရိုသေစွာ လိုက်ပို့ကြ၏။ ဗိုင်အိုလာက မိမိ၏ ဆရာသခင် အော်ဆီနိုအတွက် အသနားခံရန် ထပ်မံလာရောက်ရခြင်းဖြစ်ကြောင်း ပြောပြသောအခါ အော်လီဗီယာက အော်ဆီနိုအတွက် အောင်သွယ်စကားမျိုးကို မိမိ လက်မခံနိုင်ကြောင်း၊ ကိုယ်ရေးကိုယ်တာအတွက် ပြောမည်ဆိုပါမူ နတ်ပြည်မှ တူရိယာသံမျိုးထက် နားဝင်ချိုမည် ဖြစ်ကြောင်း ပြောပြလေ၏။ ဤစကားသည် အတော်ပွင့်လင်းသော အဓိပ္ပာယ်ရှိပေရာ အော်လီဗီယာသည် ဤမျှလောက်မကဘဲ ဖွင့်ဟ၍ မိမိ၏ ချစ်ကြိုက်ခြင်းကို အတည့်အလင်း ဝန်ခံလေ၏။ ဗိုင်အိုလာသည် အော်လီဗီယာ၏ ဝန်ခံချက်ကို ကြားရ၍ နှစ်သက်ခြင်းမရှိဘဲ စိတ်ရှုပ်သော မျက်နှာထား ဖြစ်ပေါ်လာခြင်းကို အော်လီဗီယာ မြင်သောအခါ . . .

"သဘောမကျလို့ အပြစ်တင်တဲ့ အနေနဲ့ နှုတ်ခမ်းကလေး စူထားလိုက်ပုံက ကြည့်လို့လှပြီး၊ ချစ်စရာကောင်းလိုက်ပါဘိတယ် ဆီဇာရီယိုရယ်၊ ဂေါင်က မာနကြီး တခွဲသားနဲ့ မျက်နှာထားကြီးတင်းထားပေမယ့် ဒီကတော့ဖြင့် ကိုယ့်မေတ္တာကို မျိုသိပ်မထားနိုင်လို့မို့ အရှက်ကို မငဲ့ဘဲ ဖွင့်ပြောရပါတော့တယ် ဂေါင်ရယ်"ဟု ပြောလေ၏။ သို့ရာတွင် အော်လီဗီယာ၏ သွေးဆောင်ခြင်းများသည် ဗိုင်အိုလာ၏ နားထဲ၌ အချည်းနှီးမျှသာ ဖြစ်တော့၏။ ဗိုင်အိုလာသည် ဤနေရာသို့ ဘယ်တော့မှ မလာတော့ဟုဆိုကာ အိမ်ပေါ်မှ ဆင်းသွားလေရာ၊ ထွက်ခါနီးတွင်လည်း မည်သည့် မိန်းမကိုမျှ တစ်သက်လုံး ချစ်ကြိုက်လိမ့်မည် မဟုတ်ဟု ပြောသွားလေ၏။

ဗိုင်အိုလာသည် အော်လီဗီယာ၏ နေအိမ်မှ ဆင်းလာခဲ့သည်နှင့် တစ်ပြိုင်နက် သတ္တိစွမ်းသော လူတစ်ယောက်နှင့် တွေ့ရလေ၏။ ထိုသူမှာ အော်လီဗီယာကို ပိုးပန်းဖူး၍ ငြင်းပယ်ခြင်းခံရဖူးသူတစ်ယောက် ဖြစ်လေရာ၊ အော်လီဗီယာသည် အော်ဆီနို၏ လူပျိုတော်ကို ချစ်ကြိုက်သည်ဟု သတင်းရသည်နှင့် တစ်ယောက်ချင်းသတ်ရန် ခဲ့လင့်ခဲ့လုပ်လေ၏။ ဗိုင်အိုလာမှာ ယောကျ်ားအသွင် ဝတ်ဆင်ထားသော်လည်း မိမိဆောင်ထားသောဓားကို စေ့စေ့ကြည့်ရန်ပင် မဝံ့သူဖြစ်၍ အကြပ်ကျလျက် ရှိလေပြီ။

ခဲ့လင့်ခဲ့ လုပ်သောလူသည် ဓားကို ဆွဲထုတ်လျက် ဗိုင်အိုလာ အနီးသို့ ချဉ်းကပ်လာသောအခါ ဗိုင်အိုလာသည် မိမိယောကျ်ားအစစ်မဟုတ်ခြင်းကို ဖွင့်ဟ ပြောပြရချေတော့မည်လောဟု စဉ်းစားမိလေ၏။ ထိုခဏ၌ ယောကျ်ား



www.burmeseclassi.com

www.burmeseclassic.com



ကောင်းတစ်ယောက်ပေါ်လာ၍ ဗိုင်အိုလာနှင့် သိဟောင်းကျွမ်းဟောင်းဖြစ်လေဟန် အကာအကွယ်ပေးကာ ပဿမလူအား "ဒီကလေးအပေါ်မှာ ခင်ဗျား မကျေနပ်တာရှိလျှင် ကျုပ် တာဝန်ယူတယ်။ ကိုင်း . . . လာ လုပ်ချင်တာလုပ်"ဟုဆိုကာ ဓားကို ထုတ်လေ၏။ ဗိုင်အိုလာသည် မိမိအား ကာကွယ်ပေးသည့်ယောကျ်ားအား ကျေးဇူးတင်စကားပြောဖို့ပင် အချိန်မရမီ ပုလိပ်အရာရှိများရောက်လာကြ၍ ဗိုင်အိုလာ၏ ကျေးဇူးရှင်ကို ဖမ်းဆီးကြလေ၏။ အရာရှိများက နှစ်ပေါင်းအတန်ကြာက ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုအတွက်ကြောင့် ဖမ်းဆီးရသည်ဟု ပြောရာတွင် ကျေးဇူးရှင်ယောကျ်ားသည် ဗိုင်အိုလာဘက်သို့ လှည့်လျက် "မောင့်ကို လိုက်ရှာမိလို့ ကျုပ် ဒီလို ဖြစ်ရတာပဲ၊ ကိုင်း . . . ကျုပ်ငွေအိတ်ကို ကျုပ် ပြန်ပေးပါတော့၊ ကျုပ်ခံရတာ ကိစ္စမရှိပါဘူး။ မောင့်ကို အကာအကွယ်မပေးနိုင်တော့တဲ့အတွက် ဝမ်းနည်းပါတယ်။ အံ့သြပြီး ငေးကြည့်မနေပါနဲ့၊ စိတ်သက်သာအောင်နေပါ"ဟု ပြောလေ၏။ ဗိုင်အိုလာသည် အံ့သြသောမျက်နှာထားနှင့် ငေးကြည့်လျက် လူကိုလည်း မသိကြောင်း၊ ငွေအိတ်လည်း မရဖူးကြောင်း ပြောပြီးနောက် သူ၏ ကျေးဇူးကို ထောက်ထားသောအားဖြင့် မိမိ၌ ရှိသမျှသော ငွေအနည်းငယ်ကို ထိုလူအား ပေးလေ၏။ ထိုအခါ ထိုလူသည် ဗိုင်အိုလာအား ကျေးဇူးကန်းကြောင်း၊ ကြင်နာတရား နည်းပါးကြောင်းများနှင့် နာကျည်းလောက်အောင် စွပ်စွဲလေ၏။ ထိုလူက ဆက်လက်၍ "ကြည့်ကြစမ်းပါဗျာတို့၊ သူ့အသက်ကို ကယ်ဆယ်ခဲ့ရပြီး ဣလိရီယာမြို့ကို သူ့အတွက်ကြောင့် လိုက်လာခဲ့ရတာ အခုတော့ ကျုပ် အဖမ်းခံနေရပါပြီ။ သူ့အတွက်ကြောင့်ချည်း ကျုပ်ခံရတာပါဘဲဗျာတို့"ဟု ရေရွတ်တိုင်တမ်းလေ၏။

ပုလိပ်အရာရှိများသည် ထိုလူ၏ တိုင်တမ်းချက်များကို စိတ်ဝင်စားခြင်းမရှိဘဲ "ဒါတွေက ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲ"ဟုဆိုကာ ထိုလူကို ဆွဲခေါ်သွားကြလေ၏။ ထိုလူသည် ပုလိပ်နောက်သို့ ပါသွားစဉ် ဗိုင်အိုလာ ရှိရာသို့ လှမ်းကြည့်လျက် "ဆီဘဲ့စ်တီယန်"ဟူသော အမည်ဖြင့် ခေါ်ကာ မိတ်ဆွေတစ်ယောက်အား အရေးမလုပ်ဘဲ ပစ်ထားရချေသလောဟု မြည်တွန်တောက်တီးလေ၏။ ဗိုင်အိုလာသည် မိမိအား "ဆီဘဲ့စ်တီယန်"ဟု ခေါ်သံကို ကြားရသောအခါ ဒလဒွန်း ဆွဲခေါ်သွားသည့် အကျဉ်းသားအား မီအောင်လိုက်၍ မေးမြန်းရန် အချိန်မရသော်လည်း ၎င်း၏ မောင်ဖြစ်သူနှင့် မှားယွင်းဟန်ရှိသည်ဟု တွေးမိလေ၏။ သို့ဖြစ်၍ ထိုလူက အသက်ကယ်ဆယ်ရဘူးကြောင်း ပြောခြင်းကို ထောက်ခြင်းအားဖြင့် ဆီဘဲ့စ်တီယန်မှာ အသက်ရှင်လျက်ရှိကောင်းပါ၏ဟု မျှော်လင့်ရန် ရှိနေ၏။ စင်စစ်သော်လည်းကောင်း ဗိုင်အိုလာ တွေးထင်သည့်အတိုင်းပင် ဖြစ်ခဲ့လေပြီ။ အဖမ်းခံရသောလူမှာ အန်တော်နီယို





အမည်ရှိ သင်္ဘောကပ္ပိတန်တစ်ယောက်ဖြစ်ရာ ဆီဘဲ့စ်တီယန်သည် သမုဒ္ဒရာကျောတွင် ရွက်တိုင်ကို ဖက်လျက်မျောနေစဉ် အန်တော်နီယို သင်္ဘောနှင့်တွေ့၍ ဆယ်ယူကယ်တင်လိုက်ရခြင်းဖြစ်လေသည်။ အန်တော်နီယိုသည် ဆီဘဲ့စ်တီယန်အား လွန်စွာ ချစ်ခင်တွယ်တာလှသည်နှင့် ဆီဘဲ့စ်တီယန် သွားရာသို့ မခွဲမခွာ လိုက်ပါလျက်ရှိ၏။ ဆီဘဲ့စ်တီယန်က နယ်စားကြီး အော်ဆီနိုအုပ်ချုပ်သော ဣလိရီးယားနယ်သို့ ရောက်လိုကြောင်းပြောသောအခါ အန်တော်နီယိုသည် မိမိ၏ ဘေးအန္တရာယ်ကို မြင်လျက်နှင့်ပင် အတူလိုက်ပါလေ၏။ ဘေးအန္တရာယ်ဟူသည်မှာ အန်တော်နီယိုသည် ပင်လယ်အနီးတွင် အော်ဆီနို၏ တူတစ်ယောက်နှင့် တိုက်ပွဲဖြစ်ဖူး၍ ထိုသူအား ဒဏ်ရာ အနာတရ ရစေခဲ့ဖူးခြင်းပင်ဖြစ်၏။ ထိုအတွက်ကြောင့် အန်တော်နီယိုအား ဖမ်းဆီးခြင်း ဖြစ်လေသည်။

အန်တော်နီယိုနှင့် ဗိုင်အိုလာတို့ မဆုံဆည်းမိကြမီ နာရီအနည်းငယ်တွင် အန်တော်နီယိုနှင့် ဆီဘဲ့စ်တီယန်တို့သည် ထိုပြည်သို့ အတူတကွ ဆိုက်ရောက်လာကြ၏။ အန်တော်နီယိုသည် မိမိ၏ ငွေအိတ်ကို ဆီဘဲ့စ်တီယန်သို့ အပ်လိုက်၍ အလိုရှိသော ဝတ္ထုပစ္စည်းများ ဝယ်ယူရန် ပြောပြီးနောက် ကိစ္စပြီးစီးသောအခါ၌ ဟော်တယ်သို့ လာခဲ့ရန် မှာထား၍ ထွက်လာခဲ့ခြင်းဖြစ်၏။ ဆီဘဲ့စ်တီယန်သည် ဈေးဝယ်ရာ၌ ကြာသင့်သည်ထက် ပို၍ကြာသောကြောင့် အန်တော်နီယိုသည် စောင့်မျှော်နေသော ဟော်တယ်မှ ထွက်လာခဲ့၍ ဆီဘဲ့စ်တီယန်ကို လိုက်လံရှာဖွေရာတွင် ဗိုင်အိုလာနှင့် တွေ့ဆုံကြခြင်းဖြစ်လေသည်။ ကပ္ပိတန်သည် ဗိုင်အိုလာကို မြင်သောအခါ မိမိလိုက်၍ ရှာသော ဆီဘဲ့စ်တီယန်နှင့် ရုပ်ဆင်းသဏ္ဍာန် တူသဖြင့် ဆီဘဲ့စ်တီယန်ပင်ဖြစ်သည်အထင်နှင့် ကာကွယ်ပေးရန် ဓားကို ဆွဲထုတ်လိုက်ခြင်းဖြစ်ရာ ဗိုင်အိုလာက မိမိအား အသိအမှတ်လည်းမပြု၊ တောင်းသော ငွေအိတ်ကိုလည်း ပြန်မပေးဘဲ နေသည်နှင့် ကျေးဇူးကန်းသည်ဟု စွပ်စွဲခြင်း ဖြစ်လေသည်။

ကပ္ပိတန် အန်တော်နီယိုအား ပုလိပ်များက ဖမ်းသွားသောအခါ ဗိုင်အိုလာသည် မိမိအား ထပ်မံ၍ ချဲ့လင့်ချ် လုပ်ဦးမည်ကို ကြောက်သည်နှင့် သုတ်ခြေတင်ကာ အိမ်သို့ ပြန်လာခဲ့လေ၏။ ကပ္ပိတန်ကို ဖမ်းသွား၍ ဗိုင်အိုလာလည်း အိမ်သို့ ပြန်သွားသည့်နောက်တွင် ဆီဘဲ့စ်တီယန်သည် ထိုနေရာသို့ ရောက်လာလေရာ စောစောက ဗိုင်အိုလာအား ချဲ့လင့်ချ်လုပ်သောလူသည် ဆီဘဲ့စ်တီယန်ကို မြင်သောအခါ မိမိ၏ ရန်သူ ပြန်လာသည်အထင်နှင့် "အောင်မယ် ကိုယ့်လူ ပြန်လာသေးသကိုး၊ ကိုင်းဗျာ . . . မှတ်ကရော"ဟုဆိုကာ ဆီဘဲ့စ်တီယန်အား ရန်စသောအနေဖြင့် လက်သီးနှင့် ထိုးလိုက်၏။ ဆီဘဲ့စ်



www.burmeseclassic.com

တီယန်မှာ သွေးကြောင်သူတစ်ယောက် မဟုတ်လေရကား ထိုသူအား လက်သီးနှင့် တစ်ချက် ပြန်ထိုးပြီးလျှင် ဓားကို ဆွဲထုတ်လေ၏။

ထိုခဏ၌ အော်လီဗီယာသည် အိမ်ထဲမှ ထွက်လာ၍ သတ်ပွဲ ပြင်ဆင်လျက်ရှိသော ဆီဘဲ့စ်တီယန်ကို မြင်သည်တွင် ဆီဇာရီယို (ဗိုင်အိုလာ) ထင်မှတ်သည်နှင့် ထိုလူ၏ စော်ကားခံရခြင်းအတွက် ဝမ်းနည်းစကားပြောကာ အိမ်ထဲသို့ ဖိတ်ခေါ်လေ၏။ ဆီဘဲ့စ်တီယန်သည် ထိုလူ၏ စော်ကားရန်စခြင်းကိုလည်းကောင်း၊ အော်လီဗီယာ၏ လောကဝတ်ပျူငှာ ဖိတ်ခေါ်ခြင်းကိုလည်းကောင်း အံ့ဩသော်လည်း ဖိတ်ခေါ်ခြင်းကို လက်ခံ၍ အိမ်ထဲသို့ လိုက်သွားလေ၏၊ အော်လီဗီယာကမူ လူမှားခြင်းကို မသိသည်နှင့် ဆီဇာရီယိုသည် မိမိအပေါ်၌ လိုက်လိုက်လျောလျော ရှိ၍ အမူအယာ ပြောင်းလာသည်ဟု မှတ်ထင်မိလေ၏၊ အဘယ်ကြောင့်ဆိုသော် ယခင်ကမူ မိမိ၏ မေတ္တာကို တုန့်ပြန်ခြင်းမရှိဘဲ ဟန်ကြီးပန်ကြီး လုပ်ခဲ့ရာမှ မျက်နှာထား ချိုသာစွာ ဖြစ်လာခြင်းကို တွေ့ရသောကြောင့်ပေတည်း။

ဆီဘဲ့စ်တီယန်သည် အော်လီဗီယာ၏ ချော့မြူခြင်းများကို တွန်းလှန်ဖယ်ရှားခြင်းမပြုဘဲ ကြည်ဖြူစွာ လက်ခံလျက်ရှိရာ အမျိုးသမီး၏ အပြုအမူကို နားမလည်နိုင်သဖြင့် စိတ်မှ နှံ့ပါလေ၏လောဟု သံသယဖြစ်မိ၏။ သို့ရာတွင် အော်လီဗီယာသည် ကြီးကျယ်ခမ်းနားသော အိမ်ကြီးကို ပိုင်ဆိုင်သည့် အိမ်ရှင်မ ဖြစ်နေခြင်းတစ်ချက်၊ အစေခံများအား နေရာတကျ အုပ်ချုပ်စီမံလျက်ရှိခြင်းတစ်ချက်၊ မိမိအပေါ်၌ ရုတ်တရက်ချက်ချင်း ပျူပျူငှာငှာ ရှိလွန်းခြင်းမှတစ်ပါး အစစအရာရာ သပ်သပ်ရပ်ရပ်နှင့် လွန်စွာ ကျနေရခြင်းတစ်ချက်၊ ထိုထိုသော အချက်များကို တွေ့ရ၍ ကျေနပ်သည့်အတွက်ကြောင့် ဆီဘဲ့စ်တီယန်သည် အော်လီဗီယာ၏ မေတ္တာကို လက်ခံချင်သကဲ့သို့ ရှိနေ၏။ အော်လီဗီယာကလည်း (သူ၏အထင်) ဆီဇာရီယိုသည် မိမိအပေါ်၌ စိတ်ပြောင်းလဲပြီး မေတ္တာသက်ဝင်လာသည်ဟု ယူဆ၍ စိတ်ကောင်းဝင်ခိုက်တွင် အခွင့်ကောင်းယူလိုက်မည်ဟု သဘောပိုက်ကာ မိမိ၏နေအိမ်သို့ ဘုန်းကြီးတစ်ပါး ကြွရောက်နေခိုက်နှင့်ကြုံသဖြင့် ချက်ချင်း လက်ထပ်ကြရန် အကြံပေးလေ၏။ ဆီဘဲ့စ်တီယန်သည် ၎င်းအကြံကို သဘောတူ၍ ချက်ချင်းပင် လက်ထပ်လိုက်ကြ၏။ ထို့နောက် ဆီဘဲ့စ်တီယန်သည် မိမိ၏ ကုသိုလ်ကံကောင်းခြင်းအကြောင်းကို မိတ်ဆွေ ကပ္ပိတန်အား ပြောပြလိုသည်နှင့် ၎င်းအားရှာရန် အိမ်မှ ထွက်လာခဲ့လေ၏။

ထိုအတောအတွင်း၌ အော်ဆီနိုသည် အော်လီဗီယာထံသို့ အလည်လာရန် ထွက်လာခဲ့ရာ လမ်းခရီးတွင် ပုလိပ်အရာရှိများသည် ကပ္ပိတန်ကို





ဖမ်း၍ နယ်စားကြီးထံသို့ ခေါ်လာကြသည်နှင့် ပက်ပင်းပါတွေ့ရလေ၏။ အော်ဆီနိုနှင့်အတူ လူပျိုတော် ဆီဇာရီယို (ဗိုင်အိုလာ)လည်း ပါလာ၏။ ကပ္ပိတန်အန်တော်နီယိုသည် ဗိုင်အိုလာကို မြင်သောအခါ (သူ၏ မိတ်ဆွေဆီဘဲ့စ်တီယန် ဖြစ်သည် အထင်နှင့်) နယ်စားကြီး အော်ဆီနိုအား လူပျိုတော်ကလေးအကြောင်းကို တိုင်တန်းလေ၏။ ကပ္ပိတန်က ၎င်းအား ပင်လယ်ထဲမှ ကယ်ဆယ်လိုက်ရပုံ၊ ကြင်နာစွာ ပြုစုစောင့်ရှောက်ခဲ့ရပုံ၊ လွန်ခဲ့သော သုံးလပတ်လုံး အတူတကွ နေခဲ့ကြပုံ၊ မိမိအပေါ်၌ ကျေးဇူးကန်းပုံများအကြောင်းကို အော်ဆီနိုအား ပြောပြလေ၏။ ထိုခဏ၌ အော်လီဗီယာသည် လပ်ထပ်ပြီးခါစ လင်တော်မောင် ထွက်သွားသည်မှာ ကြာလွန်းလှသည်ဆို၍ လိုက်ရှာရန် အိမ်မှ ထွက်လာခဲ့ရာ လမ်းခရီးတွင် အော်ဆီနိုတို့ လူစုနှင့် ဆုံမိလေ၏။ အော်ဆီနိုသည် အော်လီဗီယာ မြင်သောအခါ အန်တော်နီယို၏ စကားကို နားမထောင်တော့ဘဲ "နေစမ်းပါဦး၊ ဟောဟိုမှာ နတ်သမီးတစ်ယောက် မြေပေါ်မှာ ခြေလျှင်လျှောက်လာနေပါတယ်။ ချောလည်းချော၊ လှလည်းလှပါပေ့ကွယ်"ဟု ပြောရာမှ အန်တော်နီယိုဘက်သို့ တစ်ဖန် လှည့်လျက် "မောင်မင်းက ဘာတွေလျှောက်ပြောနေသလဲ၊ ဒီလူကလေးတွေ ကျွန်ုပ်ဆီမှာ အမှုထမ်းနေတာ သုံးလရှိနေပြီ"ဟုဆိုကာ ပုလိပ်များအား အကျဉ်းသမားကို ဖယ်ရှားရန် အမိန့်ပေးလိုက်လေ၏။

အော်ဆီနိုက နတ်သမီးဟုဆိုသော အော်လီဗီယာသည် အော်ဆီနိုအား အရေးမလုပ်ဘဲ ဆီဇာရီယို (ဗိုင်အိုလာ)ကိုလာ ကြင်နာ ချစ်ခင်သောစကားမျိုး ပြောသည်တွင် အော်ဆီနို၏ စိတ်ထဲ၌ မိမိ၏တပည့်သည် မိမိအတွက် အောင်သွယ်ခြင်းမဟုတ်ဘဲ အော်လီဗီယာကို သူဟာသူ လူပျိုလှည့်ခဲ့သည်အထင်နှင့် ဗိုင်အိုလာ အပေါ်တွင် အမျက်ပြင်းစွာထွက်၍ ကြိမ်းမောင်းရေရွတ်လေ၏။ ထို့နောက် အော်ဆီနိုက ဗိုင်အိုလာအား "လာစမ်းမောင်မင်း၊ ငါ့နောက် လိုက်ခဲ့စမ်း၊ မင်းနဲ့ငါနဲ့ တွေ့ကြရောပေါ့"ဟု ပြောကာ ခေါ်လေ၏။ အော်ဆီနိုသည် ဗိုင်အိုလာအပေါ်၌ မနာလို ဝန်တိုစိတ်ဖြင့် ချက်ချင်း သတ်ပစ်ရန် အကြံနှင့် ခေါ်ခြင်းဖြစ်သည်ဟု ဗိုင်အိုလာ ရိပ်မိသော်လည်း ဗိုင်အိုလာသည် အော်ဆီနိုအပေါ်၌ မေတ္တာစိတ် ကြီးမားလှသည်ဖြစ်၍ ကြောက်စိတ်ဖြစ်မလာဘဲ မိမိအား သတ်လိုလျှင် ဝမ်းမြောက်စွာ အသေခံပါမည်ဟု ပြောလေ၏။ ဗိုင်အိုလာအား မိမိ၏ လင်ယောကျ်ား (ဆီဘဲ့စ်တီယန်)မှတ်ထင်လျက် အော်လီဗီယာကမူ အော်ဆီနိုနောက်သို့ မိမိ၏လင် လိုက်ပါသွားမည်ကို သဘော မတူနိုင်ဘဲ "မောင် ဘယ်ကို သွားမလို့လဲ မောင်ရယ်"ဟု ဆိုကာ ဆွဲထားလေ၏။ ဗိုင်အိုလာကလည်း "အော်ဆီနိုနောက်ကို လိုက်မယ်လို့ ... သူ့ကို

www.burmeseclassic.com



အသက်ထက် မျှစ်ပါသေးတယ်"ဟု ပြန်ပြော၏။ သို့ရာတွင် အော်လီဗီယာသည် (မိမိခင်ပွန်း ထင်မှတ်လျက်ရှိသော)ဗိုင်အိုလာအား ထွက်သွားခွင့်မပေးဘဲ လွန်ခဲ့သော ၂ နာရီအတွင်းကမှ လက်ထပ်ထားသည့် မိမိ၏ယောကျ်ား ဖြစ်သည်ဟုဆိုကာ လက်ထပ်ပေးသည့် ဘုန်းကြီးကို ပင့်ခေါ်၍ သက်သေထူလေ၏။ ဗိုင်အိုလာက လက်ထပ်သည် ဆိုခြင်းမှာ မဟုတ်ရကြောင်း ငြင်းသော်လည်း အော်ဆီနိုသည် အော်လီဗီယာနှင့် ဘုန်းကြီး၏ စကားကို လက်ခံ ယုံကြည်သည်ဖြစ်၍ မိမိ၏ တပည့် ဆီဇာရီယိုသည် မိမိ ချစ်ကြိုက်သော အော်လီဗီယာကို လုပျိုလုည့်၍ ယူထားခဲ့လေပြီဟု မှတ်ထင်လေ၏။ သို့ရာတွင် အော်ဆီနိုသည် လွန်ပြီးသော ကိစ္စအတွက် ဘာမျှ မတတ်နိုင်တော့ပြီ အောက်မေ့၍ မိမိကို ကြိုက်သော အော်လီဗီယာနှင့် သစ္စာဖောက်တပည့် ဗိုင်အိုလာတို့အား "ကိုင်း . . . သွားချင်ရာ သွားကြတော့၊ နင်တို့မျက်နှာ ငါ မကြည့်ချင်ဘူး"ဟု မောင်းထုတ်ဆဲတွင် ထူးဆန်းသော အချင်းအရာတစ်ခု ဖြစ်လာရပြန်လေ၏။ ထိုခဏ၌ ဆီဘဲစ်တီယန် ရောက်လာ၍ အော်လီဗီယာမှာ မိမိ၏ မယားဖြစ်ကြောင်း ပြောသေ၏။ (ဟုတ်လည်း ဟုတ်ပေသည်။) အော်ဆီနို၊ အော်လီဗီယာ၊ ဗိုင်အိုလာ (ဆီဇာရီယို)နှင့် ဆီဘဲစ်တီယန်တို့ လေးဦးသားသည် ရုပ်တူ အသံတူဖြစ်သော မောင်နှမ နှစ်ယောက်တို့ကြောင့် အံ့ဩစွာနှင့် ငေးကြည့်လျက်ရှိကြစဉ် မောင်နှမနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် မေးမြန်း စုံစမ်းကြလေ၏။ ဗိုင်အိုလာကမူ သေပြီဟု ယူဆထားသည့် မောင်တစ်ယောက်ကို မြင်ရသဖြင့် ဟုတ်ပါလေစဟု သံသယဖြစ်လျက်ရှိရာ ဆီဘဲစ်တီယန်ကလည်း သေဆုံးပြီဟု မှတ်ယူထားသည့် နှမတစ်ယောက်အား ယောကျ်ားအသွင်ဖြင့် တွေ့ရခြင်းကြောင့် အံ့ဩခြင်း ဖြစ်လေသည်။ နောက်ဆုံး၌မူ ဗိုင်အိုလာက မိမိမှာ ယောကျ်ားအသွင် ဝတ်ထားသည့် ဗိုင်အိုလာဖြစ်ကြောင်း ဖော်ထုတ် ဝန်ခံလိုက်လေ၏။

မောင်နှင့်နှမ ရုပ်တူ၊ အသံတူ ဖြစ်ကြခြင်းကြောင့် ပေါ်ပေါက်ခဲ့သည့် အများတော်ပုံ ပြဿနာကြီးကို ဖြေရှင်းပြီးကြသောအခါ မိန်းမသားအချင်းချင်း အထင်မှားပြီး ချစ်ကြိုက်ခဲ့မိသည့် အော်လီဗီယာ၏ အမှားတော်ပုံကို ဝိုင်းဝန်း ရယ်မောကြလေ၏။ အော်လီဗီယာကမူ နှမ ဗိုင်အိုလာဖြစ်သည်အထင်နှင့် ဆီဘဲစ်တီယန်အား မှားယွင်းလက်ထပ်မိခြင်းအတွက် မိမိအဖို့ နစ်နာခြင်းမရှိဟုဆိုကာ မှားယွင်းသည့်အတိုင်း အတည်ဖြစ်ဖို့သာ ရှိတော့သည်ဟု ရယ်မောပြောဆိုလေ၏။ (ဤသူလေးဦးအနက်တွင် အော်လီဗီယာမှာ ရယ်ချင်ဆုံး ဖြစ်လိမ့်မည်ထင်၏။)

အော်လီဗီယာမှာ ဆီဘဲစ်တီယန်နှင့် အခိုင်အမာ လက်ထပ်ပြီးပြီဖြစ်





၍ အော်ဆီနိုအတွက် မျှော်လင့်ချက် လုံးဝ ကုန်ဆုံးလေပြီ။ သို့ရာတွင် အော်ဆီနိုမှာ မျှော်လင့်ချက် ကုန်ဆုံးရခြင်းနှင့်အတူ အော်လီဗီယာအပေါ် တပ်မက်စွဲလန်းခဲ့သည့် မေတ္တာစိတ်ဓာတ်သည်လည်း ကုန်ခမ်းလွင့်စင်သွားခဲ့ပြီဖြစ်၍ မိမိ၏တပည့် ဆီဇာရီယို အဖြစ်မှ ဗိုင်အိုလာတည်းဟူသော မိန်းမချောကလေး တစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားခြင်းအကြောင်းကိုသာ အာရုံစူးစိုက်လျက်ရှိလေ၏။ ဤတွင် အော်ဆီနိုသည် ယောကျ်ားအသွင် ဝတ်ဆင်ထားသည့် ဗိုင်အိုလာအား ဂရုတစိုက် ကြည့်လိုက်မိသည်တွင် ယခင်ကတည်းက လူချောကလေးတစ်ယောက်ဟု ယူဆလာခဲ့သည့် ဗိုင်အိုလာအား မိန်းမ အဝတ်တန်ဆာဖြင့် (အမှန်အတိုင်း) ဝတ်ဆင်လိုက်ရပါမူ အလွန်ချောမောသော မိန်းမတစ်ယောက် ဖြစ်လာလိမ့်မည်ဟု သဘောပေါက်လျက်ရှိလေ၏။ ထို့နောက် ယခင်က ဗိုင်အိုလာ၏ မေတ္တာစကားလုံးများကို ပြန်လည်သုံးသပ်လိုက်ရာတွင် အော်ဆီနို၏ စိတ်ထဲ၌ အခိုပ္ပာယ်ရှင်းလင်းသွားသည်နှင့် တစ်ပြိုင်နက် ၎င်း၏ နှလုံးသားတွင် မေတ္တာဓာတ် တိုးပွားသည်နှင့် ဗိုင်အိုလာအား လက်ထပ်ရန် ဆုံးဖြတ်ချက် ချလိုက်လေ၏။ သို့ဖြစ်၍ အော်ဆီနိုသည် ဗိုင်အိုလာဘက်သို့ လှည့်လျက် (နှုတ်ကျိုးနေသေးသည်ဖြစ်၍)

"ဟေ့ . . . ငါ့တပည့် ငါ့ကို ချစ်သလို ဘယ်လို မိန်းမကိုမှ မချစ်နိုင်ပါဘူးလို့ မင်းပြောဖူးတယ် ဟုတ်လား။ နုနယ်လှတဲ့ မိန်းမသားတစ်ယောက်ဖြစ်ပါလျက် ငါ၏ ကိစ္စကြီးငယ်တို့ကို သစ္စာရှိစွာနဲ့ ထမ်းရွက်ခဲ့တဲ့အတွက် ဆရာတပည့်အဖြစ်ကနေပြီး ဆရာရဲ့ သခင်မအဖြစ်သို့ တင်မြှောက်လိုပါတယ်။ နယ်စားကတော်ကြီးအဖြစ်ကို လက်ခံပါ"ဟု ပြောလေ၏။

အော်လီဗီယာသည် အော်ဆီနို၏ မေတ္တာပြောင်းလဲသွားခြင်းကို တွေ့ရသောအခါ အားလုံးအတွက် ကျေနပ်နှစ်သိမ့်လှသည်ဖြစ်၍ အော်ဆီနိုနှင့် ဗိုင်အိုလာတို့အား မိမိ၏ အိမ်တွင်းသို့ ဖိတ်ခေါ်၍ နံနက်ခင်းက မိမိနှင့် ဆီဘဲစ်တီယန်တို့အား လက်ထပ်ပေးခဲ့သည့် ဘုန်းကြီးအား အော်ဆီနိုနှင့် ဗိုင်အိုလာတို့အား လက်ထပ်ပေးရန် စီမံပေးလေ၏။ သို့ဖြစ်၍ တစ်နေ့တည်းမွေးလျက် ကံတူအကျိုးပေးဖြစ်သည့် မောင်နှမနှစ်ယောက်တို့မှာ လက်ထပ်ရာ၌ပင် တစ်နေ့တည်း လက်ထပ်ကြရ၍ လေမုန်တိုင်းကြောင့် သဘောပျက်ရခြင်းသည်ပင် လျှင် နှစ်ဦးစလုံးအတွက် ကောင်းစေဖို့ ဖန်တီးရာ ရောက်လေတော့သတည်း။

သွေးသောက်၊ အမှတ် (၁၇၅)၊ ဩဂုတ်လ၊ ၁၉၆၀ ခုနှစ်။

❑ ❑ ❑

www.burmeseclassi.com

www.burmeseclassic.com

## အေသင်မြို့သား တိုင်မုန်

အေသင်မြို့သား လူကုံတန်တစ်ယောက်ဖြစ်သော တိုင်မုန်မှာ ဥစ္စာ ဓန ပေါကြွယ်ဝသူ တစ်ယောက်ဖြစ်၍ 'လက်ဖွာ'သောနေရာတွင် စည်းကမ်းသတ် မရှိသူတစ်ယောက်ဖြစ်၏။ သူသည် ကြွယ်ဝ၍ ဝင်ငွေကောင်းသလောက် ဖောဖောသီသီ သုံးတတ်သည့်အတိုင်း လူတန်းစားမရွေး ပေးကမ်းစွန့်ကြဲရာတွင် ဝင်ငွေနှင့် ထွက်ငွေမမျှဘဲ ဖြစ်ခဲ့၏။ ဆင်းရဲနွမ်းပါးသူများသာလျှင် တိုင်မုန်၏ ရက်ရောခြင်းအတွက် အကျိုးခံစားကြရသည်မဟုတ်၊ လူကုံတန် ဆိုသူများပင် တိုင်မုန်ထံတွင် မှီခိုကပ်ရပ် စားသောက်လေ့ရှိကြ၏။ စားကောင်းသောက်ဖွယ် ကြိုက်တတ်သူများသည် တိုင်မုန်၏ စားပွဲသို့ လာရောက်၍ တိုင်မုန်ကလည်း လာလေသမျှသော လူများကို လက်ခံကျွေးမွေးလေ့ရှိ၏။ သူ၏ ကြွယ်ဝသလောက် လက်ဖွာခြင်း၊ ရက်ရောခြင်းတည်းဟူသော သဘောထားကြောင့် တိုင်မုန်အား မချစ်ခင်သောလူဟူ၍ မရှိချေ။ စိတ်ထား အမျိုးမျိုး ရှိကြသူများသည် တိုင်မုန်၏ အမှုကိစ္စကို ဆောင်ရွက်လိုကြ၍ "ကပ်ပါးရပ်ပါး"များသာမက၊ သူတစ်ပါး၏ အပြစ်ကို ရှုတတ်၊ မြင်တတ်သောလူများသည်ပင် တိုင်မုန်သို့ ချဉ်းကပ်ကာ အခွင့်အရေး ယူတတ်ကြ၏။ အပျော်အပါး မလိုက်စားဘဲ လောက၏ စည်းစိမ်ခံစားမှု ဟူသမျှသည် အကျိုးမရှိ၊ အနှစ်သာရမရှိ၊ အချည်းနှီးမှုသာ ဖြစ်သည်ဟု ပြောတတ်ကြသော လူများသည်လည်း တိုင်မုန်၏



www.burmeseclassi.com

www.burmeseclassic.com



စားပွဲသို့ ဝင်ရောက်စားသောက်ကြ၍ တိုင်မုန်က လောကဝတ် ပျူငှာ ဧည့်ခံပြုစုခြင်းအတွက် ကြည်နူး ရွှင်မြူးဖြစ်ကြလေ၏။

လက်ာဆရာတစ်ယောက်သည် လင်္ကာတစ်ပုဒ်ရေး၍ တိုင်မုန်အား ဂုဏ်ပြုသောအနေဖြင့် ၎င်း၏နာမည်ကို ဖော်ပြလိုက်သည်ဆိုလျှင် တိုင်းသူပြည်သားတို့၏ အထင်ကြီးခြင်း ခံရ၍ တွင်ကျယ်စွာ ရောင်းရရုံသာမက တိုင်မုန်၏ စားပွဲသို့လည်း ဝင်နိုင်ခွင့်ရှိ၍ အသပြာလက်ဆောင်ရဖို့ သေချာလေတော့သည်။ ပန်းချီကားတစ်ခု ရောင်းချင်သော ပန်းချီဆရာ တစ်ယောက်သည်လည်း တိုင်မုန်ထံသို့ ချဉ်းကပ်ကာ ၎င်းပန်းချီကား၏ လက်ရာနှင့်ပတ်သက်၍ တိုင်မုန်၏ ထင်မြင်ချက်ကို ကြားလိုပါသည်ဟု ပြောလိုက်လျှင် တိုင်မုန်သည် ပန်းချီကားကို ဝယ်ယူဖို့ သေချာလေတော့သည်။ ကျောက်ကုန်သည်များ သို့မဟုတ် အဖိုးတန် အထည်အဝတ်များရောင်းသည့် ပိုးကုန်သည်များသည်လည်း အဖိုးထိုက်တန်လွန်းသဖြင့် ရောင်း၍ မစွံသော အထည်များ ရှိသည့်အခါ တိုင်မုန်ထံသို့ ယူလာ၍ ပြသခဲ့လျှင် သဘောကောင်းသော တိုင်မုန်သည် ကုန်သည်များဆိုသော သဘောအတိုင်း ဝယ်ယူရုံသာမက မိမိတို့ ရှေ့ဦးစွာ လာရောက်ပြသခြင်းအတွက် ကျေးဇူးတတင် သဘောထားခြင်း ခံကြရပေသေး၏။ သို့ဖြစ်၍ တိုင်မုန်၏ နေအိမ်မှာ တကယ်အသုံးဝင်ခြင်းမရှိဘဲ အလဟဿ ဘန်းပြရုံလောက်သာရှိသော ဝတ္ထုပစ္စည်းမျိုးတို့ဖြင့် ပြည့်နှက်လျက် ရှိလေတော့၏။ နောက်ဆုံး၌ တိုင်မုန်၏ နေအိမ်မှာ ကိစ္စမရှိဘဲ လာကြသည့်လူလေများ၊ ညာလိုင်းမြှောက်ပင့်တတ်သော လက်ာဆရာများ၊ ပန်းချီဆရာများ၊ အမြတ်ကြီးစားဈေးသည်များ၊ လူကုံတန် ယောက်ကျားမိန်းမများ၊ မင်းမှိ စိုးကပ်များ စသည်တို့ဖြင့် ပြည့်နှက်လျက် ရှိ၍ ကျယ်ကျယ်တစ်မျိုး၊ တီးတိုးတစ်ဖုံ မြှောက်ကြ၊ ပင့်ကြ၊ ချီးမွမ်းကြ၊ ထောပနာပြုကြသည်များမှာ အသံမစဲအောင် ရှိတော့၏။ အချို့ကလည်း တိုင်မုန်စီးသော မြင်းကုန်းနှီးမှ ခြေနင်းကွင်းသည်ပင် ဓာတ်တော်၊ မွေတော်သဘွယ် ရှိခိုးပူဇော်ရတော့မည်ကဲ့သို့ ပြုမူကြ၍ အချို့ကလည်း မိမိတို့ ရှူရှိုက်သည့် လေသည်ပင်လျှင် တိုင်မုန်၏ ခွင့်ပြုချက်ကြောင့် ရရှိခြင်း ဖြစ်၍ ကျေးဇူးရှင်ကြီးတစ်ယောက်သဖွယ် သဘောထားသကဲ့သို့ ပြောကြလေသည်။

တိုင်မုန်ထံသို့ နေ့စဉ်အမျှ လာရောက်ကြသည့် လူငယ်များအနက် အချို့မှာ ဆွေကြီးမျိုးကြီး ဖြစ်သော်လည်း အသုံးအစွဲကြီး၍ 'ထွက်သက် ဝင်သက်' မမျှသဖြင့် ကြွေးမှုနှင့် ထောင်ကျရာတွင် တိုင်မုန်က ပေးဆပ်ရွေးနှုတ်ယူထားရသူများ ဖြစ်၏။ ထိုလူငယ်များသည် တိုင်မုန်၏ နေအိမ်မှ ထွက်ခွာတော့သည်မရှိဘဲ တိုင်မုန်၏ အတုကို ခိုးယူကြရာတွင် ငွေဝင်ကောင်းအောင် မတတ်နိုင်ကြသော်လည်း အကောင်းကြိုက်၊ အကောင်းစားခြင်းတို့၌မူ တိုင်မုန်





၏ ခြေရာကို နင်းနိုင်ကြလေသည်။ ၎င်းတို့အနက် ဗင်တီဒီယက်အမည်ရှိ လူငယ်တစ်ယောက်မှာမူ မကြာသေးမီက ကျပ်ချိန် ငွေသား ၂၅၀၀၀ မျှ ကြွေးမှုဖြစ်၍ တိုင်မုန်က ရွေးနှုတ်ယူထားရသူ ဖြစ်လေသည်။

တိုင်မုန်၏ နေအိမ်၌ စုရုံးရောက်တတ်သော လူစုအနက်တွင် လက်ဆောင်ပဏ္ဏာကလေးများနှင့် လာကြသော လူများလည်း မရှားလှပေ။ ၎င်းတို့နှင့်အတူ ပါလာသော ပစ္စည်းအနက် ခွေးတစ်ကောင်၊ သို့မဟုတ် မြင်းတစ်ကောင်၊ ဝတ္ထုပစ္စည်း တစ်ခုခုကို တိုင်မုန်က ချီးမွမ်းစကား တစ်ခွန်းတစ်လေ ပြောလိုက်သည်ဆိုလျှင် သို့မဟုတ် မြင်း၊ သို့မဟုတ် ဝတ္ထုပစ္စည်းသည် နောက်တစ်နေ့တွင် တိုင်မုန်ထံသို့ လက်ဆောင်အဖြစ် ရောက်လာ၍ လက်ခံပါရန် ပန်ကြားချက်နှင့်တကွ ပါလာလေတော့၏။ ဤတွင် တိုင်မုန်သည် ၎င်းလက်ဆောင်ထက် ဆယ်ဆဆယ်ထမ်းပိုးမက ထိုက်တန်သော ဝတ္ထုပစ္စည်းမျိုးဖြင့် လက်ဆောင်ပြန်ရလေတော့သည်။ ထိုလူစုသည် တိုင်မုန်အား လက်ဆောင်ပေးရခြင်းမှာ သေချာပေါက် အမြတ်ကြီး ပေါ်ထွက်နိုင်သည့် ရင်းနှီးမှု တစ်ခုဟူ၍ နားလည်ကြလေ၏။ တစ်နေ့သ၌ တိုင်မုန်သည် လူစီယတ်ဆိုသူ၏ ငွေသားကကြိုးတန်ဆာပလာများ ဆင်ထားသည့် မြင်းဖြူလေးစီးတပ် ရထားကို ချီးကျူးစကား ပြောလိုက်မိရာ လူစီယတ်သည် မြင်းနှင့် ရထားကို တိုင်မုန်အား လက်ဆောင်ပေးလေတော့၏။ လူကိုလတ်ဆိုသူ တစ်ယောက်ကလည်း တိုင်မုန် ချီးမွမ်းသံ ကြားရဖူးသည့် (ဂရေးကောင်း) ခွေးကြီး နှစ်ကောင်ကို တိုင်မုန်ထံသို့ လက်ဆောင်အဖြစ်နှင့် ပို့လိုက်၏။ တိုင်မုန်သည် လာဘ်မြူခြင်းမျှသာ ဖြစ်သော ထိုလူမျိုး၏ လက်ဆောင်ပေးခြင်းကို မရိပ်မိသည်နှင့် အဆပေါင်းနှစ်ဆယ်မက ထိုက်တန်သည့် ကျောက်သံပတ္တမြား လက်ဝတ်လက်စားများဖြင့် လက်ဆောင်ပြန်လိုက်လေ၏။

တစ်ခါတစ်ရံတွင်လည်း ဤလူစုသည် တိုက်ရိုက်ကျူးလွန်သော နည်းဖြင့် ပြောင်ပြောင်ကြီး မြှောက်ပင့်ကာ တိုင်မုန်၏ ပစ္စည်းကို ရအောင် ချူ၍ယူတတ်ကြ၏။ ဥပမာ တိုင်မုန်၏ လက်ဝယ်ရှိသော ပစ္စည်းတစ်စုံတစ်ခုကို အတုမရှိအောင် လှပလေဟန်၊ ကောင်းမွန်လေဟန်ဖြင့် မြှောက်ပင့်ချီးကျူးပြောဆိုကြလေရာ သဘောလွယ်၍ ရက်ရောသော တိုင်မုန်သည် ၎င်းတို့၏ ချီးကျူးစကားကို ကြားရသောအခါ ထိုပစ္စည်းကို လက်ဆောင်ပေးလေ့ ရှိသည်ဖြစ်၍ ၎င်းလူစုသည် ဘာတစ်ခုမျှ အလုပ်လုပ်ရခြင်းမရှိဘဲ စကားဖြင့် မြှောက်ရုံမျှနှင့်ပင် အချောင်ရရှိကြလေတော့၏။ တစ်နေ့သ၌ ဂုဏ်သရေရှိ လူညာတစ်ယောက်သည် တိုင်မုန်စီးသော မြင်းနီကြီးမှာ အလွန်တရာ အဆက်အတွင်းကျ၍ ခြေဟန်လက်ဟန်လှပပေသည်ဟု ချီးကျူးပြောဆိုခြင်းအားဖြင့် မြင်းကြီး



www.burmeseclassi.com

www.burmeseclassic.com



ကို ချ၍ ယူလိုက်ဘူး၏။ တိုင်မုန်၏ အယူအဆမှာ လူတစ်ယောက်သည် ပစ္စည်းတစ်ခုခုကို လိုက်လိုက်လဲလဲ ချီးကျူးသည်ဆိုကတည်းက ထိုပစ္စည်းကို လိုချင်ကြောင်း ထင်ရှားသည်ဖြစ်၍ ထိုသူ၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းလိုက်ခြင်း ဖြစ်လေသည်။ တိုင်မုန်သည် လူညာများ၏ စိတ်ကို မိမိ၏စိတ်နှင့် နှိုင်းစာ၍ မိမိက ၎င်းတို့အပေါ်၌ မေတ္တာထားသည့်နည်းတူ၊ ထိုလူစုကလည်း မိမိအပေါ်တွင် မေတ္တာထားသည်ဟု ယူဆပြီးလျှင် မိမိ၌ အင်ပိုင်ယာနိုင်ငံကြီး လက်ကိုင်ရှိသည်ဆိုလျှင်လည်း ထိုလူများအား ခွဲခြမ်းဝေငှပေးလိမ့်မည်သာ ဖြစ်လေသည်။

တိုင်မုန်သည် မိမိ၏ ပစ္စည်းဥစ္စာများကို လူညာများအား စွန့်ကြဲပေးကမ်းခြင်းအားဖြင့် ကုန်ခမ်းသွားသည်မဟုတ်၊ မြင့်မြတ်သော နည်းများတွင် သုံးခြင်းအားဖြင့် ကုန်စေခြင်းဖြစ်သည်ဟု ယူဆ၏။ တစ်နေ့သ၌ တိုင်မုန်၏ သစ္စာရှိသော ကျေးကျွန်တစ်ယောက်သည် သူဌေးတစ်ယောက်၏ သမီးတစ်ယောက်နှင့် ချစ်ကြိုက် စုံမက်လျက်ရှိရာ သူဌေးက ၎င်း၏ သမီးကို ငွေစင် ၁၅၀၀၀ ကျပ် တင်တောင်းနိုင်သော ယောက်ျားနှင့်သာ ပေးစားမည်ဆိုသောကြောင့် တိုင်မုန်သည် မိမိ၏ ကျေးကျွန်အတွက် လိုအပ်သော ငွေစင်ကို စိုက်ထုတ်ချီးမြှင့်လိုက်၏။ သို့ရာတွင် အများအားဖြင့်မူ တိုင်မုန်သည် မိမိအားကပ်၍မျှ ယူသော လူညာလူပေါ်များကို လူကြီးလူကောင်းကြီးများဟု ထင်ကာ ထိုသူအား ပေးကမ်း ချီးမြှင့်ရခြင်းအားဖြင့် အကုန်အကျ များခဲ့လေ၏။ ထိုလူစု၏ မျက်နှာချိုသွေးမှုကြောင့် ပေးကမ်းချီးမြှင့်ရခြင်းများကိုလည်း လူပညာရှိရဟန်းပညာရှိများက ချီးကျူးထောက်ခံကြသည်ဟူ၍ တိုင်မုန် ယူဆလျက်ရှိ၏။ တိုင်မုန်သည် မိမိ၏ နေအိမ်တွင် လူညာများ၏ အလည့်၌ထိုင်လျက် အတူတကွ စားသောက်သုံးဖြုန်းလျက်ရှိစဉ် မိမိ၌ မိတ်ဆွေ အလွန်တရာ ပေါများလှသည်။ တစ်ဦး၏ ပစ္စည်းကို တစ်ဦးက ယူငင် သုံးဖြုန်းခြင်းဟူသည်မှာ အလွန်တရာ ကြင်နာချစ်ခင်သော မိတ်ဆွေအချင်းချင်းသာ ဖြစ်နိုင်သည်ဟု အောက်မေ့ကာ များစွာ ဝမ်းသာ ကြည်နူးခြင်းဖြစ်လေ၏။ စင်စစ်သော်ကား ထိုလူစု၏ ပစ္စည်းကို တိုင်မုန်က သုံးဖြုန်းရခြင်းဟူ၍မရှိ။ ၎င်းတို့ကသာလျှင် တိုင်မုန်၏ ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းသဖွယ် သုံးဖြုန်းကြခြင်းဖြစ်လေသည်။

တိုင်မုန်သည် မိမိ ကိုယ်တိုင်က ရွှေဖြစ်အောင် လုပ်တတ်သည့်နှယ်၊ အတိုင်းအထွာမရှိ အကန့်အသတ်မရှိ၊ ချွေတာခြင်းမရှိ၊ ရက်ရက်ရောရော ဖောဖောသီသီနေ့ရှိသမျှ လူညာများနှင့်အတူ တဖြုန်းဖြုန်း တရုန်းရုန်း ဖြုန်းတီးလျက်ရှိရာတွင် သူ၏ ပစ္စည်းဥစ္စာများမှာ တစ်နေ့တစ်ခြား လျော့ပါး ဆုတ်ယုတ်လျက်ရှိလေ၏။ သို့ဆိုလျှင် လူညာများသည် တိုင်မုန်အား သတိပေးလိမ့်





မည် ထင်ကြသလော . . .၊ ဝေးသေး၏။ ထိုသူတို့ကမူ အကြည်ဆိုက်လျက် ဝမ်းဗိုက်ကားအောင် စားကြဖို့သာ ပြင်ထားကြလေ၏။

ထိုသို့သော အခြေအနေ၌ ဘဏ္ဍာစိုး ဖလေးဗိယတ်သည် မိမိ၏ သခင်ထံသို့ ချဉ်းကပ်၍ ငွေဝင်ငွေထွက် စာရင်းအင်းများကို တင်ပြခြင်းအားဖြင့် ဘဏ္ဍာရေး အခြေအနေကို (ကျေးကျွန်တစ်ယောက်၏ အရာဌာနမဟုတ်ပါဘဲလျက်) မျက်ရည်ကြီးငယ်ကျကာ ဝမ်းနည်းပက်လက်ပြောပြခြင်း၊ သတိပေးခြင်း ပြုလုပ်ပါသော်လည်း အချည်းနှီးပင်ဖြစ်လေ၏။ တိုင်မုန်သည် ဘဏ္ဍာစိုးက တင်ပြသော ငွေစာရင်းကိုလည်း မကြည့်၊ တိုးလျှိုးထောင်းပန်သော စကားကိုလည်း နားမထောင်ဘဲ အခြားစကားများဖြတ်၍ ပြောခြင်းအားဖြင့် ပိတ်ပစ်လေ့ရှိ၏။ မွဲလတ္တံ့သော သူဌေးတစ်ယောက်သည် မိမိ၏ ပစ္စည်းဥစ္စာ ကုန်ခမ်းတော့မည်ဟူသော စကားမျိုးကို မကြားချင်တတ်ခြင်းမှာ ဓမ္မတာပင် ဖြစ်ပေသောကြောင့်တည်း။ စားပွဲခန်းကြီးနှင့် ဧည့်ခန်းကြီးမှာ သောက်စားမူးယစ်ကြသော လူညာများဖြင့် ပြည့်ကြပ်လျက် ဖန်ခွက်များမှ ဖိတ်ကြသော ဝိုင်အရက်များသည် ကြမ်းပြင်တစ်ခုလုံးတွင် ချောင်းစီးမတတ် ရွှဲရွှဲစိုလျှက် အခန်းရှိသမျှတို့မှာ မီးအိမ်ကြီးများဖြင့် ထိန်ထိန်ဝင်း၍ တီးသံ, မှုတ်သံ, သီဆိုသံများဖြင့် ဆူညံလျက်ရှိစဉ်တွင် သစ္စာရှိသော ဘဏ္ဍာစိုး ဖလေဗိယတ်သည် ချောင်တစ်ချောင်သို့ သွား၍ မျက်ရည်ရွှဲရွှဲစိုသည့်တိုင်အောင် ငိုကြွေးမြည်တမ်းရှာ၏။ မိမိ၏ သခင်၌ ငွေကြေးကုန်ခမ်း၍ မကျွေးနိုင်၊ မမွေးနိုင် ရှိသောအခါတွင် "တော်ပါပေသည်၊ ရက်ရောပါပေသည်"ဟူ၍ ချီးကျူးထောပနာ ပြုကြသည့် လူညာတစ်စုသည် ဆောင်းမိုး တစ်ကြိမ် ရွာသွန်းလိုက်သော အခါ၌ ပျောက်ပျက်သွားကြသည့် ယင်ကောင်များသဖွယ် တစ်ကောင်တစ်မြီးမျှ မရှိတော့ဘဲ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ကုန်ကြတော့မည့် အရေးကို ဖလေဗိယတ် တွေးတောဝမ်းနည်းမိရှာလေတော့သည်။

တစ်ချိန်တစ်ခါ၌မူ တိုင်မုန်မှာ ဘဏ္ဍာစိုး၏ စကားကို နားမထောင်၍ မဖြစ်သော အခြေအနေသို့ ဆိုက်ရောက်လေတော့သည်။ ငွေရေး ကြေးရေး အခြေအနေမှာ တကယ်ပင် ကြပ်တည်းလျက်ရှိလေပြီး တိုင်မုန်က ဘဏ္ဍာစိုးအား မြေတစ်ချို့တစ်ဝက်ကို ရောင်းခြင်းအားဖြင့် ငွေရအောင် ရှာဖို့ ပြောရာတွင် ဘဏ္ဍာစိုးက တိုင်မုန် ပိုင်ဆိုင်သော မြေများအနက် အများစုမှာ အချို့ရောင်း၍ အချို့ကို ပေါင်နှံပြီးဖြစ်နေကြောင်း၊ ကျွင်းကျန်သော မြေအားလုံးကို ရောင်းချဦးတော့ တင်ရှိထားသော အကြွေးများကို တစ်ဝက်မျှပင် ပေးဆပ်နိုင်မည် မဟုတ်ကြောင်း ပြောလေ၏။ တိုင်မုန်သည် ထိုစကားကို ကြားရသောအခါ အလွန်တရာ အံ့ဩသည်နှင့်



www.burmeseclassi.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ ကျွန်ုပ်ရဲ့ မြေတွေဟာက အေသင်မြို့ကနေပြီး၊ လေ စီဒီမုန်မြို့ ရောက်အောင် ရှိနေတယ် မဟုတ်ဘူးလား"

"မှန်ပါတယ် သခင်၊ သို့သော်လည်း ကမ္ဘာမြေကြီးတစ်ခုလုံးတောင် မကုန်ခမ်းနိုင်တာမျိုး မဟုတ်လေတော့ သခင်ရက်ရောပုံနဲ့ဆိုလျှင် မကြာမီအ တွင်း ကုန်ခမ်းသွားနိုင်ပါတယ်ခင်ဗျား"

ထိုအခါ တိုင်မုန်ကမူ မိမိ၏ပစ္စည်း ကုန်ခမ်းရခြင်းမှာ ယုတ်ညံ့သော ရည်ရွယ်ချက်နှင့် ကုန်ခမ်းရခြင်းမဟုတ်၊ မိမိ၏ မိတ်ဆွေများသို့ ပေးကမ်းစွန့် ကြဲခြင်းအားဖြင့် ကုန်ခမ်းခြင်းမျှသာ ဖြစ်သည်ဟု ကိုယ့်ဟာကိုယ် ဖြေဆည်ရ လေ၏။ သို့ဖြစ်၍ တိုင်မုန်သည် ငိုယိုလျက်ရှိသော ဘဏ္ဍာစိုးအား မိမိ၌ မိတ် ဆွေကောင်းများရှိနေခြင်းကြောင့် ပစ္စည်းအတွက် အခက်အခဲမကြုံနိုင်ကြောင်း၊ ကူညီ စောင့်မ မည့်လူ ပေါ်လာမည်ဖြစ်ကြောင်းနှင့် နှစ်သိမ့်အောင် ပြောပြ သေ၏။ တိုင်မုန်၏အထင်မှာ မိမိက ကျွေးမွေးပြုစုထားခဲ့သော မိတ်ဆွေများ အား မိမိ၏ အခက်အခဲကို တင်ပြလိုက်ပါက မိမိ လိုသမျှသော ငွေကြေးမျှကို အလွယ်တကူ ကြည်ကြည်ဖြူဖြူ စိုက်ထုတ်ချေးငှားကြလိမ့်မည်ဟု ထင်မိရှာ လေသည်။ ထို့နောက် တိုင်မုန်သည် မိမိက ရက်ရက်ရောရော ပေးကမ်းချီး မြှောက်ခဲ့ဖူးသည့် လူစီယတ်၊ လူကုလတ်အစရှိသည့် လူကုံတန် မိတ်ဆွေများ ထံသို့ လူစေလွှတ်ကာ အကူအညီ တောင်းလေ၏။ ထို့ပြင်လည်း မိမိက အကြွေး ဆပ်ပြီး ထောင်ထဲမှ ထုတ်နှုတ်ကယ်ဆယ်ဖူးသည့် ဗင်တီလီယတ်သည် ယခု အခါ၌ အမွေအနှစ် အမြောက်အမြား ဆက်ခံ ရရှိထားသဖြင့် ကြွယ်ဝချမ်းသာ လျက်ရှိသောကြောင့် မိမိအား ကျေးဇူးတုံ့ပြန်လိမ့်မည်ဆိုကာ လူလွှတ်လိုက် လေ၏။ တိုင်မုန်သည် ဗင်တီလီယတ်ထံမှ မိမိ ချေးထားသည့် ငွေစင် ၂၅,၀၀၀ ကို ပြန်ဆပ်ဖို့ တောင်း၍ အခြားသူဌေးမိတ်ဆွေများထံမှလည်း ငွေစင် ၂၅၀,၀၀၀မျှစီ ချေးငှားကြဖို့ မှာထားလိုက်၏။ တိုင်မုန်၏ အထင်မှာ ၎င်းမိတ် ဆွေများသည် တတ်နိုင်သူများ ဖြစ်ကြ၍ ဤမျှလောက်ကို မဆိုထားဘိ၊ ဤ ထက် အဆပေါင်းငါးဆယ် သို့မဟုတ် ငါးရာမျှ မိမိက ချေးယူလိုလျှင်လည်း အလွယ်တကူနှင့် ထုတ်ပေးကြလိမ့်မည်ဟု ယုံကြည်လျက်ရှိ၏။

တိုင်မုန်သည် လူကုလတ်ထံသို့ ရှေးဦးစွာ လူလွှတ်လိုက်၏။ လူကု လတ်သည် ယမန်နေ့ညဉ့်က ငွေအင်တုံကြီးတစ်လုံးနှင့် ငွေဖလားကြီးတစ်ခု လက်ခံရရှိသည်ဟု အိပ်မက် မြင်မက်ထားလေရာ တိုင်မုန်က စေလွှတ်လိုက် သည့် အစေခံ ရောက်လာ၍ မြင်လိုက်ရသောအခါတွင် မိမိ၏ အိပ်မက်အတိုင်း တိုင်မုန်က ငွေအင်တုံနှင့် ငွေဖလားကြီးများ ပို့ပေးလိုက်လေသလောဟု တွေး ထင်မိ၏။ သို့ရာတွင် တိုင်မုန်၏ တပည့်သည် မိမိလာရောက်သော ကိစ္စကို





ပြောပြသောအခါ လူကုလတ်သည် မိမိသည် တိုင်မုန်၌ ဤသို့သော အဖြစ်မျိုး ကြုံတွေ့ရမည်ဆိုခြင်းကို မဆွကတည်းက ကြိုတင် သိရှိထားကြောင်း၊ တိုင်မုန်၏ ထမင်းစားပွဲသို့ မိမိ လာရောက်သော အခါတိုင်း ဤအကြောင်းကို တိုင်မုန်အား သတိပေးမည်ဟု အကြိမ်ကြိမ် ကြံစည်ခဲ့ဖူးကြောင်း၊ ပစ္စည်းသုံးရာတွင် ချွေတာ မှုရှိဖို့ သတိပေးလိုကြောင်း၊ သို့ရာတွင် မိမိ၏ သတိပေးစကားကို နာယူလိမ့် မည် မထင်သည့်အတွက်ကြောင့် မပြောဘဲ နေခဲ့ရကြောင်း ပြောပြလေ၏။ တိုင်မုန်၏ ထမင်းကို အကြိမ်ကြိမ်စားဖူး၍ သူ၏ လက်ဆောင်ပဏ္ဏာများကို လည်း လက်ခံရရှိဖူးသည် ဆိုခြင်းမှာ မှန်ကန်သော စကားဖြစ်ပါ၏။ သို့ရာတွင် တိုင်မုန်အား သတိပေးရန် ကြံစည်ဖူးသည်ဆိုခြင်းမှာကား၊ မုသားစကား သက် သက်ဖြစ်ပါ၏။ ("ကပ်ပါးရပ်ပါး" စားသောက်သော လူများသည် မိမိတို့အ တွက် လာဘ်ပိတ်သော စကားမျိုးကို ဘယ်တော့မှ ပြောလိမ့်မည်မဟုတ်ချေ) နောက်ဆုံး၌ လူကုလတ်သည် မိမိအား မတွေ့ခဲ့ရပါဟု ပြောရန် အစေခံအား နှုတ်ပိတ်၍ ငွေအနည်းငယ် လာဘ်ထိုးကာ လွှတ်လိုက်လေ၏။

လူစီယတ်ထံသို့ စေလွှတ်လိုက်သည့် အစေခံမှာလည်း အောင်မြင် ခြင်း မရှိချေ။ တိုင်မုန်၏ စားပွဲ၌ ဝမ်းဗိုက်ပြည့်၍ အံထွက်မတတ် အကြိမ်ကြိမ် စားခဲ့သောက်ခဲ့ဖူးရုံမက အဖိုးထိုက်တန်သော လက်ဆောင် အမြောက်အမြား ကိုပင် လက်ခံရရှိဖူးသည့် လူစီယတ်သည် တိုင်မုန်၏ ဘဏ္ဍာရေး အခြေအနေ ကို အစေခံထံမှ ကြားရသောအခါ ပထမတွင် မယုံကြည်နိုင်သလောက်ဖြစ် ၍ အံ့အားသင့်လျက်ရှိ၏။ ထို့နောက် အဟုတ်ဘဲကယ်ပင် ဖြစ်ကြောင်း ယုံ ကြည်ရသောအခါတွင် လူစီယတ်က အလွန်တရာ ဝမ်းနည်းသော အမူအရာ နှင့် ယမန်နေ့ကပင် အဖိုးတန် ပစ္စည်းတစ်ခု ဝယ်ယူလိုက်မိသဖြင့် ယနေ့အဘို့ တွင် လက် ကျန်ငွေ လုံးဝမရှိဘဲ ဖြစ်နေကြောင်း၊ ဤမျှလောက် စိတ်နှလုံး ကောင်းသော မိတ်ဆွေတစ်ယောက်အား ကျေးဇူးပြုရန် မတတ်နိုင်ခြင်းအတွက် မိမိ အလွန်ဝမ်းနည်းကြောင်းနှင့် ပြောပြလေ၏။

သူတစ်ပါး ကျွေးသောထမင်းကို မြှောက်ပင့်ကာ ညာစားတတ်သော သူသည် (လူမွဲများသာမဟုတ်၊ ညာစားတတ်သော သူဌေးမျိုးလည်း ရှိသည်။) အဘယ်မှာ မိတ်ကောင်း၊ ဆွေကောင်းတစ်ယောက် ဖြစ်နိုင်ပါမည်နည်း။ မြှောက်ကာပင့်ကာဖြင့် 'ချူ'တတ်သူဖြစ်လျှင် မိတ်ဆွေစစ် မဟုတ်နိုင်၊ လူညာ စစ်စစ်သာဖြစ်၏။ တိုင်မုန်သည် လူစီယတ်အပေါ်၌ ဖခင်တစ်ယောက်ကဲ့သို့ ထောက်ပံ့ကူညီခဲ့ခြင်းကို လူတိုင်းသိ၏။ လူစီယတ်၏ အစေခံများအတွက် လခ ကို တိုင်မုန်ကပင် စိုက်ထုတ်၍ ရှင်းပေးရဖူး၏။ လူကြွားတစ်ယောက်ဖြစ်သော လူစီယတ်သည် ခမ်းနားကြီးကျယ်သော နေအိမ်ကြီးများကို တစ်လုံးပြီးတစ်လုံး



www.burmeseclassi.com

www.burmeseclassic.com



ဆောက်၍ လက်သမားပန်းရံသမားများအား ပေးချေရန် ငွေမရှိသောအခါ တိုင်မုန်ကပင် စိုက်ထုတ်၍ ပေးချေဖူး၏။ တိုင်မုန်က လူစီယတ်အား ထောက်ပံ့ခဲ့ဖူးသည့် ငွေကြေးကို နှိုင်းယှဉ်လိုက်မည်ဆိုပါက ရက်ရောသော လူတစ်ယောက်သည် သူတောင်းစားတစ်ယောက်အား စွန့်ကြဲသော ငွေကြေးလောက်မျှပင် များပြားသည် မဟုတ်ချေ။ လူစီယတ်သည် တကယ် ကျေးဇူးကန်းသည့် လူ့တိရစ္ဆာန်တစ်ယောက် ဖြစ်ချေသည်တကား။

တိုင်မုန်၏ စားပွဲ၌ အကြိမ်ကြိမ် မျှဆိုခဲ့ကြဖူးသည့် အခြားသော သူဌေးလူညာများသည် ငွေချေးရန်လာသော တိုင်မုန်၏ အစေခံအား တိုက်ရိုက်ငြင်းပယ်လိုက်ကြသည်ဖြစ်စေ၊ ဤအကြောင်း၊ ထိုအကြောင်းများဖြင့် ပရိယာယ်သုံးကာ လိမ်လည်ပြောဆိုကြသည်ဖြစ်စေ၊ ပြုလုပ်ကြသည်ချည်း ဖြစ်၏။ တိုင်မုန်က ငွေစင် ၂၅,၀၀၀ ချေးငှားခြင်းမဟုတ်ဘဲ သက်သက် ထုတ်ပေးပြီး ထောင်ထဲမှ ရွေးနုတ်ယူခဲ့ရဖူးသည့် ဗင်တီဒီယတ်သည်ပင်လျှင် ယခုအချိန်၌ ကြွယ်ဝနေပြီဖြစ်ပါလျက် အကူအညီမပေးဘဲ တော်အောင် လျှော်အောင် အကြောင်းပြကာ ငြင်းပယ်လိုက်လေ၏။

တိုင်မုန်မှာ ကြွယ်ဝ ချမ်းသာစဉ်အခါက ခေါ် ချင်ပြောချင်သူများနှင့် ကပ်ပါးရပ်ပါး ညာစားသူများ ပေါများခဲ့ရာမှ ယခုအခါ ဆင်းရဲနွမ်းပါး ဖြစ်လာရာတွင် ရှောင်ကြဉ်သူပေါများလျှက် ရှိလေပြီ၊ တိုင်မုန်အား ယခင်က ရက်ရောပါပေသည်၊ ပေးရက်ကမ်းရက်ပါပေသည်၊ လက်ဖွာပါပေသည် စသည်ဖြင့် ဟိုးလေးတကျော် ချီးကျူးပြောဆိုခဲ့ကြသည့် လူများကပင်လျှင် ယခုအခါတွင် သူ၏ ရက်ရောခြင်းသည် မိုက်မဲခြင်း ဖြစ်သည်ဟူ၍လည်းကောင်း၊ သူ၏ လက်ဖွာခြင်းမှာ အရမ်းကျသည်ဟူ၍လည်းကောင်း အရှက်ကင်းမဲ့စွာ ပုတ်ခတ်ကဲ့ရဲ့ကြလေတော့သည်။ စင်စစ်မှာ တိုင်မုန်၏ မိုက်မဲခြင်းသည် အခြားမဟုတ်၊ ထိုမျှလောက် ညံ့ဖျင်းသော သူများကို မိတ်ဆွေကောင်းများ အနေနှင့် ရွေးချယ်ကာ ချီးမြှောက်ထောက်ပံ့မိခြင်းပင် ဖြစ်လေသည်၊ ယခုအခါ၌မူ တိုင်မုန်၏ အိမ်ကြီးမှာ ထိုလူစုက ရှုံမုန်းစရာ၊ ရှောင်ကွင်းစရာ အိမ်ကြီး ဖြစ်နေ၍ ယခင်ကကဲ့သို့ ဝင်ချင်သော အချိန်တွင် ဝင်ပြီး စားချင်ရာ၊ သောက်ချင်ရာများကို စားကြသောက်ကြသည့် အိမ်ကြီးမဟုတ်တော့ချေ။ ယခင်ကကဲ့သို့ တဝုန်းဝုန်း၊ တဖျံုးဖျံုး စားကြသောက်ကြ၊ ပျော်ကြရွှင်ကြ၊ ရယ်ကြ၊ မောကြခြင်းဖြင့် တဝေါဝေါ တသောသော မရှိတော့ဘဲ၊ မရဘဲ မနေနိုင် ဘာမဆိုယူမည်ဆိုသော ကြွေးရှင် မြီရှင်များဖြင့် ကြွက်ကြွက်ဆူအောင် ဝိုင်းရံတောင်းခံလျက် ရှိကြသဖြင့် တိုင်မုန်ခမျာမှာ မိမိ၏ အိမ်ပင် ဖြစ်ပါလျက် ထွက်ခွင့်ဝင်ခွင့် မရှိသည့် အချုပ်ထောင်ကြီးသဖွယ် အကျဉ်းကျလျက်ရှိ၏။ ကြွေးရှင်





များမှာလည်း တိုင်မုန်က သွေးဖြင့် ဆပ်မည်ဆိုလျှင် ယူကြမည့် လူများဖြစ်လေရာ၊ အကယ်၍ မုန်တိုင်က ငွေစင် ၅၀၀၀ ကို သွေးတစ်စက်ထား၍ ပေးဆပ်သဖြင့် ထိုလူစုက လက်ခံကြမည် ဆိုစေဦးတော့ တိုင်မုန်၏ ကိုယ်၌ သွေးလုံလောက်စွာရှိမည် မဟုတ်ပေ။

ထိုကဲ့သို့ မရုန်းနိုင်မကယ်နိုင်အောင် အကျဉ်းအကြပ် လိုလျက်ရှိသော အခြေအနေတွင် ဝင်လုဆဲဆဲရှိသော နေမင်းသည် အထူးဝင်းထိန်တောက်ထွန်းသောရောင်ခြည်ဖြင့် ထိန်ထိန်လင်းလိုက်သောအခါ၌ လူအများက တအံ့တသြ ငေးမောကြည့်လိုက်ရခြင်းကဲ့သို့ တိုင်မုန်သည် အလွန်ကြီးကျယ် ခမ်းနားသည့် ညစာစားပွဲကြီးတစ်ခု ကျင်းပလိုက်ရာတွင် လူအများ အံ့သြငေးမောလျက် ရှိကြ၏။ ၎င်းစားပွဲကြီးသို့ ယခင်က မိမိ သိကြားနေကျဖြစ်သည့် မိတ်ဆွေဟောင်းများသာကမ အေသင်တစ်မြို့လုံးမှ ယောကျ်ားမိန်းမ လူကုံတန် အထက်တန်းစားဟူသမျှကိုလည်း ဘိတ်မန္တကပြုထား၏။ ၎င်းစားပွဲကြီးသို့ လူစီယတ်၊ လူကုလတ်၊ ဗင်တီဒီယတ်မှစ၍ မိတ်ဆွေဟောင်းအားလုံးပင် လာရောက်ကြ၏။ ထိုသူတို့သည် တိုင်မုန်၏ ခမ်းနားသော ဧည့်ခံပွဲကြီးကို မြင်ကြရသည်တွင် စဉ်းစားမိကြသည်မှာကား၊ တိုင်မုန်သည် ဆင်းရဲချင်ယောင် ဆောင်၍ ငွေချေးခြင်းအားဖြင့် ငါတို့အား အကဲစမ်းခြင်းမျှသာ ဖြစ်ဟန်ရှိသည်။ သူက အချစ်စမ်းစဉ် ငါတို့က ထုတ်ချေးလိုက်မိလျှင် ငါတို့၏ ငွေကိုလည်း သူက ယူမည်မဟုတ်ဘဲ ငါတို့မှာ အချောင်သက်သက် အထင်ကြီး ခံရဖို့ ရှိသည်။ သူက အကဲစမ်းခြင်းကို ငါတို့က မရိပ်မိဘဲ ငြင်းပယ်လိုက်မိခြင်းမှာ ငါတို့ အလွန်ထူလေ၊ အလေစွတကား ငါတို့မှာ အခွင့်ကောင်းတစ်ခု လက်လွတ်သွားချေပြီတကား စသည်များဖြင့် ကိုယ့်ကိုယ်ကို အပြစ်တင်မိကြသေး၏။ ထိုသူတို့သည် တိုင်မုန်မွဲသွားပြီဟု ထင်မိစဉ်က မိမိတို့၏ စားကျက်ကောင်းကြီးတစ်ခု ကွယ်ပျောက်သွားချေပြီဟု နှမြောခဲ့မိကြရာမှ ယခုအခါတွင် တကယ်မွဲခြင်းမဟုတ်၊ ဟန်ဆောင်ခြင်းမျှသာ ဖြစ်၍ စားရသောက်ရချေဦးတော့မည်ဟု စဉ်းစားမိကြရာတွင် အလွန်ပျော်ရွှင် ကြည်နူးလျက် ရှိကြလေ၏။ သို့ဖြစ်၍ ထိုသူတို့သည် တိုင်မုန်အနီးသို့ ချဉ်းကပ်၍ တိုင်မွန်က အကူအညီတောင်းသော အချိန်တွင် မိမိတို့ လက်ဝယ်၌ ငွေကြေး မလွယ်ကူသောကြောင့် အကူအညီ မပေးနိုင်ခြင်းအတွက် အလွန်တရာ ဝမ်းနည်းလှပါကြောင်းများနှင့် ပရိယာယ်လုပ်ကာ သူ့ထက်ငါ အလုအယက် ပြောကြလေ၏။ တိုင်မုန်ကမူ အရေးမကြီးလှသော အချင်းအရာတစ်ခုအတွက် စကားတစ်ခုလုပ်၍ ပြောဖို့မလိုကြောင်း၊ မိမိကိုယ်တိုင်ကလည်း ထိုအဖြစ်အပျက်ကို အမှတ်အသားမထားဘဲ မေ့ပျောက်ပစ်လိုက်ပြီဖြစ်ကြောင်း ပြန်ပြောလေ၏။ စိတ်ထားနုံချာလှသော ထိုလူကုံတန်များကမူ



www.burmeseclassi.com

www.burmeseclassic.com

တိုင်မုန်မွဲပြီထင်သောအခါ၌ ကူညီဖို့ ငြင်းဆန်ခဲ့ကြသော်လည်း တကယ်မွဲခြင်း မဟုတ်ဟု ၎င်းတို့က ထင်ကြသောအခါတွင် မိမိတို့၏ ငြင်းဆန်ခြင်းအတွက် အရှက်မရှိဘဲ တိုင်မုန်၏ ညည့်ခံပွဲကြီးသို့ မျက်နှာပြောင်တိုက်ကာ လာရောက်ကြလေ၏။ ပျံလွှားငှက်များသည် နေသာသည့်အခါတွင် ပေါ်လာ၍ ဆောင်းရိပ်ဝင်သည်နှင့်တစ်ပြိုင်နက် ပျံပြေးတတ်ကြလေရာ ဤလူစုသည်လည်း မိတ်ဆွေတစ်ယောက် ကောင်းစားသောအခိုက်၌သာလျှင် ဝင်ဝင်ထွက်ထွက်နှင့် "ပါးဖြဲနားဖြဲ" စားသောက်တတ်ကြ၍ မွဲသော အရိပ်အရောင်မြင်သည်နှင့် တစ်ပြိုင်နက် "ဖုတ်ဖက်ခါ၍" ထသွားတတ်ကြသည်ဖြစ်ရကား "လူပျံလွှားငှက်"ဟူ၍ ခေါ်ဆိုထိုက်ပေသည်။ တိုင်မုန်၏ ညည့်ခံပွဲကြီး၌ အခမ်းအနားဖွင့်ပြီဖြစ်၍ တီးမှုတ်သံများ စတင်ပေါ်ထွက်လာစဉ်၊ အငွေ့ချောင်းချောင်း ထွက်လျက်ရှိသော စားသောက်ဖွယ် ပန်းကန်များကိုလည်း အစေခံများက ယူလာ၍ စားပွဲကြီးတွင် တည်ခင်းကြလေ၏။ အချို့ ညည့်သည်များက မွဲသွားပြီဆိုသော တိုင်မုန်သည် ဤစားသောက်ဖွယ်များကို အဘယ်နည်းနှင့် ဝယ်ယူနိုင်ပါလေသနည်းဟု အံ့သြတွေးတောလျက်ရှိကြစဉ်၊ တိုင်မုန်က အချက်ပေးလိုက်သည်နှင့် အစေခံများသည် ပန်းကန်များတွင် အုပ်ထားသည့် အဖုံးများကို လှပ်လိုက်ကြလေရာ၊ ညည့်သည်များ မျှော်လင့်သည့် ခဲဘွယ်ဘောဇဉ် အကြော်၊ အလှော်၊ အချက်၊ အနှပ်မျိုးမဟုတ်ဘဲ အငွေ့ထွက်လျက်ရှိသော ရေနွေး သက်သက်မျှသာဖြစ်သည်ကို တွေ့ရလေ၏။ ဤတွင် တိုန်မုန်က "သောက်ကြလေဗျာ၊ စားကြလေဗျာ၊ အားမနာကြပါနဲ့လေ၊ ခင်ဗျားတို့နဲ့ ထိုက်တန်တဲ့ အစာကို ကျုပ်က ကျွေးတာဘဲ၊ ရှေ့ပါလေ၊ သောက်ကြပါလေ"ဟုဆိုကာ ပန်းကန်ကြီးများထဲ၌ ပါရှိသော ရေနွေးကို လက်ဖြင့်ကော်လျက် ညည့်သည်များ၏ မျက်ခွက်များသို့ စွက်ခနဲ၊ စွက်ခနဲ ကော်၍ ပက်လေရာ ညည့်သည်များသည် ၎င်းတို့၏ ဦးထုပ်များကို ကောက်ယူကာ အခန်းပြင်သို့ အလုအယက် အပြေးအလွှား ထွက်သွားကြလေ၏။ တိုင်မုန်ကလည်း ၎င်းတို့၏ နောက်မှလိုက်လျက် "မျက်နှာချိုသွေးတတ်တဲ့ သွေးစုတ်ကောင်တွေ၊ ပရိယာယ် ဟန်ဆောင်ပြီး ညာစား၊ ဝါးစား ကပ်ပါးရပ်ပါးတွေ၊ ချစ်ဟန်ဆောင်တဲ့ ဝံပုလွေတွေ၊ နှိမ့်ချခြင်းပြုတဲ့ ဝက်ဝံတွေ၊ သာပေါင်းညာစားတွေ၊ အစာရှိမှ အုံတတ်တဲ့ ယင်ကောင်တွေ" စသည်ဖြင့် ဟစ်အော်ကြွေးကြော်လေ၏။ ညည့်သည်များသည် လင်နှင့်မယား လှပစွာ ဝတ်စားပြင်ဆင်ကာ စုံတွဲ လာကြခြင်းဖြစ်လေရာ ၎င်းတို့၏နောက်မှ လိုက်၍ ဟစ်သော တိုင်မုန်၏ ကြွေးကြော်သံများကြောင့် သူ့ထက်ငါ အလျင် ထွက်နိုင်အောင် အလုအယက် တိုးဝှေ့ကြရခြင်းကြောင့် ဦးထုပ် ပျောက်သူပျောက်၊ လက်ဝတ်လက်စား ကျွတ်သူကျွတ်၊ အဝတ်စုတ်သူ စုတ်ဖြင့် ဖရိုဖရဲ ကစင့်ကရဲ ပြေး





ထွက်လာကြရလေ၏။ ထိုသူတို့ကမူ တိုင်မုန်အား "ဥစ္စာရူး"တစ်ယောက်ဟူ၍ မှတ်ထင်သွားကြလေတော့သည်။

၎င်းညည့်ခံပွဲမှာ တိုင်မုန်၏ နောက်ဆုံး ညည့်ခံပွဲဖြစ်လေရာ တိုင်မုန်သည် ဤမိတ်ဆွေညာများနှင့်တကွ အေသင်မြို့ကြီးကို တစ်ခါတည်း စွန့်ခွာထွက်သွားလေတော့၏။ တိုင်မုန်သည် အေသင်မြို့မှ ထွက်လာခဲ့၍ တောအုပ်ထဲသို့ ဝင်ရာတွင် တစ်မြို့လုံး ပြုတ်ပြုတ်ပြုန်းအောင် ပျက်စီးပါစေ၊ လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ် တစ်ကောင်တစ်မြီးမှ မကျန်ပါစေနဲ့၊ အန္တရာယ်မျိုး ၉၆ပါးလုံး သင့်ကြပါစေ၊ ကပ်ကြီးသုံးပါးလုံး ဆိုက်ရောက်ပါစေ၊ မြို့တံတိုင်းကြီး ပြိုကျပြီး အားလုံးပိပြား သေကုန်ကြပါစေ စသည်ဖြင့် ကြိမ်းဆဲပြီးလျှင် သားရဲတိရစ္ဆာန်တို့နေသော တောကြီးထဲသို့ ဝင်လေ၏။ တိုင်မုန်၏ စိတ်ထဲ၌ တောတိရစ္ဆာန်များအနက်မှ အကြမ်းကြုတ်ဆုံး၊ အဆိုးဆုံးသော သားရဲတိရစ္ဆာန်သည် လူသားထက် ကောင်းသေးသည်ဟူသော အယူ စွဲကပ်သွားခဲ့လေပြီ။ တိုင်မုန်သည် လူသားတို့ ဝတ်သော အဝတ်ကိုချွတ်၍ တုံးလုံး ထွက်လာခဲ့ပြီးလျှင် ဂူတစ်ခုတူး၍ တိရစ္ဆာန်များနေသည့်အတိုင်း တစ်ကိုယ်တည်းနေတော့၏။ တိရစ္ဆာန်များစားသည့် သစ်ဥ၊ သစ်ဖု၊ သစ်ခေါက်၊ သစ်သီးကိုသာစား၍ လူတွေ့လျှင် ရှောင်ပြေး၏။ တောတိရစ္ဆာန်များနှင့် ပေါင်းသင်းရခြင်းသည် လူသားများနှင့် ပေါင်းသင်းရခြင်းထက် ကောင်းသေးသည်ဟု မှတ်ယူလေတော့၏။

ပစ္စည်းဥစ္စာ ပေါကြွယ်ဝ၍ လူတိုင်း ချီးမွမ်းရသော တိုင်မုန်အဖြစ်မှ လူသားဟူသမျှကို မုန်းပြီး တုံးလုံးနေသော တိုင်မုန်အဖြစ်သို့ ပြောင်းလဲသွားလေပြီ။ ညာစားဝါးစား လူကပ်ပါးများသည် အဘယ်မှာ ရှိကြလေသနည်း။ ကျေးကျွန်ခြွေရံ သင်းပင်းတို့သည် ဘယ်သို့ ရောက်ကုန်ကြလေသနည်း။ တောကြီးထဲ၌ တိုက်ခတ်သောလေသည် တိုင်မုန်၏ ကျောပြင်ကို အကျီသဖွယ် နွေးအောင် ပြုလုပ်ပေးပါမည်လော။ သစ်ပင်များသည် သူ၏ အစေအပါးအဖြစ်နှင့် သူခိုင်းသမျှကို ဆောင်ရွက်ပေးကြမည်လော။ အေးမြသော စမ်းချောင်းရေသည် သူ့အား ပူနွေးသော ဟင်းချိုရည်များ တိုက်ကျွေးပါမည်လော။ တောထဲမှ တိရစ္ဆာန်ရိုင်းများသည် သူ၏လက်ကို လျက်ပေးခြင်း၊ အားပေးခြင်းအားဖြင့် နှစ်သိမ့်အောင် ပြုလုပ်ပေးကြပါမည်လော။

တစ်နေ့သ၌ တိုင်မုန်သည် မိမိ စားရန်အတွက် သစ်မြစ်များ တူးလျက်ရှိစဉ် မာချာသော အရာဝတ္ထုတစ်ခုကို တူရွင်းဖြင့် ခိုက်မိ၏။ တိုင်မုန်ကြည့်လိုက်သောအခါ ရွှေတုံးကြီးတစ်ခု ဖြစ်နေရုံသာမက ၎င်းရွှေတုံးမျိုး အမြောက်အမြားရှိသည့် ရွှေပုံကြီးထဲမှ ရွှေတစ်တုံးမျှသာ ဖြစ်သည်ကို တွေ့ရ၏။ စင်စစ်မှာ သူဌေးကြီးတစ်ယောက်သည် တိုင်းပြည် ဆူပူမှုဖြင့် စိတ်မချရ



www.burmeseclassi.com

www.burmeseclassic.com



သော ခေတ်အခါက မိမိ၏ ရွှေများကို ထိုသစ်ပင်မြစ်ရင်း၌ မြှုပ်နှံထားရာမှ မည်သူ့ကိုမျှ အသိမပေးနိုင်မီ ရုတ်တရက် ရှောင်တခင် သေဆုံးသွားခဲ့ခြင်း ဖြစ်လေသည်။

တိုင်မုန်သည် ယခင်က စိတ်မျိုး ရှိခဲ့ပါမူ ဤရွှေတုံးများကို အသုံးချခြင်းအားဖြင့် "သာပေါင်းညာစား"မိတ်ဆွေအမြောက်အမြားကို ဝယ်ယူနိုင်မည် ဖြစ်၏။ သို့ရာတွင် တိုင်မုန်မှာ သစ္စာမရှိသော လူ့လောကကို အော့နှလုံးနာလျက်ရှိ၍ လူ့လောက၌ မက်မောကြသော ဤရွှေကိုပင် အံဆိပ်အတောက် သဖွယ် မှတ်ထင်လျက်ရှိသောကြောင့် ဤရွှေတုံးကြီးများကို တူးဖော်ခြင်းလည်း မပြု၊ မည်သူ့အားမျှလည်း မသိစေဘဲ ၎င်းတို့ကို မူလအတိုင်း မြေကြီးထဲ၌ပင် ထားခဲ့ရန် အကြံဖြစ်၏။ ထို့နောက် တိုင်မုန်သည် (လူသားဟူသမျှကိုလွန်စွာ ရွံမုန်းလျက် ရှိသည့်အတိုင်း)ဆက်လက်၍ စိတ်ကူး ဖြစ်ပေါ်လာပြန်သည်မှာ လူသားများသည် ဤရွှေအတွက်ပင် အတိုင်းမသိအောင် ဒုက္ခရောက်လျက် ရှိသည်။ ဤရွှေအတွက်ကြောင့် ခိုးမှုတိုက်မှုများ၊ ညှင်းပန်းနှိပ်စက်မှုများ၊ မတရားပြုကျင့်မှုများ၊ လာဘ်စားမှုများ၊ အဓမ္မမှုများ၊ သတ်ဖြတ်မှုများ ဖြစ်ကြရသည်။ သို့ဖြစ်၍ မိမိသည် ရွှေတုံးများကို ပြန်၍ မဖုံးဘဲ လူသားတစ်မျိုးလုံး ဆင်းရဲဒုက္ခ ရောက်စိမ့်သောငှာ ၎င်းတို့ လက်ဝယ်သို့ ဤရွှေများကို ရောက်အောင်ပို့ပေးမည်ဟု စိတ်ကူးပေါက်၏။ ထိုခဏ၌ စစ်သားအချို့သည် တိုင်မုန်ရှိသော နေရာအနီးသို့ ရောက်လာကြရာ အေသင်မြို့သား စစ်ဗိုလ်ကြီး အယ်လ်စီဘီယာဒီ၏ စစ်တပ်မှ ဖြစ်ကြ၏။ ထိုစစ်ဗိုလ်ကြီးမှာ အေသင်လွှတ်တော် ဆီနိတ္တာ အမတ်များကို ရွံမုန်းသည့်အတွက်ကြောင့် တိုက်ခိုက်ရန် လာခဲ့ခြင်းဖြစ်၏။ (အေသင်မြို့သူ မြို့သားများမှာ အလွန်ကျေးဇူးကန်းသော လူများဖြစ်သည်ဟု ထိုခေတ်က နာမည်ကြီးလျက်ရှိရာ ၎င်းတို့အတွက် ခုခံကာကွယ်တိုက်ခိုက်ပေးရသော စစ်ဗိုလ်ကြီးများနှင့် လူကောင်း၊ သူကောင်းများသည် ၎င်းတို့အား ရွံမုန်းကြသည်သာများလေ၏။) အေသင်မြို့သား ဟူသမျှကို ရွံမုန်းလျက်ရှိသော တိုင်မုန်သည် စစ်သားများ ချီတက်ကြသောကိစ္စကို သိရသော အခါ လွန်စွာ အားရဝမ်းသာဖြစ်သည်နှင့် စစ်ဗိုလ်ကြီးအား အကူအညီ ပေးလိုသောအကြံ ဖြစ်ပေါ်လာလေ၏။ သို့ဖြစ်၍ တိုင်မုန်သည် စစ်ဗိုလ်ကြီးကို တွေ့အောင်ရှာ၍ မိမိ၏ ဆန္ဒအတိုင်းဖြစ်အောင် ဆောင်ရွက်မည်ဆိုပါက ရွှေအမြောက်အမြား ပေးပါမည်ဟု ပြောပြီးလျှင် မိမိ၏ ဆန္ဒကို စစ်ဗိုလ်ကြီးအား ပြောပြလေ၏။ တိုင်မုန်ဖြစ်စေလိုသော ဆန္ဒမှာကား အခြားမဟုတ်။ အေသင်မြို့ကြီးကို ဖျက်ဆီး၍ မြေကြီးနှင့် တညီတညာတည်းဖြစ်အောင် ဖြိုပစ်ရမည်။ အေသင်မြို့သူ၊ မြို့သားဟူသမျှကို ပျိုပျိုအိုအို၊ ကြီးကြီးငယ်ငယ်၊ အနုအရင့်





အထီးအမ,မရွေး မည်သူ့ကိုမျှ ချမ်းသာမပေးဘဲ အားလုံးပြောင်စင်အောင် သတ်ပစ်ရမည်။ ဆံပင်ဖြူဖြူ မုတ်ဆိတ်ဖားဖား၊ အဘိုးအိုကြီးများကိုလည်း ချန်မထားရ။ (၎င်းတို့အားလုံးသည် အတိုးကြီးစားသူများဖြစ်သည်။) ပြုံးပြုံးရွှင်ရွှင်နှင့် အပြစ်ကင်းစင်သော အသွင်ရှိသည့် ကလေးသူငယ်များကိုလည်း မသတ်ဘဲ မနေရ။ (၎င်းတို့လည်း ကြီးပျင်းလာသောအခါ၌ သစ္စာဖောက်များ ဖြစ်လာကြလိမ့်မည်။) သနားစဖွယ် မျက်နှာငယ်ကလေးများကို မြင်၍လည်း မသနားရ။ ငိုယို တောင်းပန်ကြသော အသံများကို ကြားရ၍လည်း ကရုဏာမဖြစ်ရ။ ရင်ခွင်၌ သားပိုက်ထားသော မိခင်များကိုလည်းကောင်း၊ ချစ်ကြိုက်ဖွယ်ကောင်းသည့် မိန်းမပျိုကလေးများကိုလည်းကောင်း၊ နို့စို့သော ကလေးသူငယ်ကလေးများကိုလည်းကောင်း ချန်လှပ်မထားရ။ ချမ်းသာမပေးရ။ အားလုံးကုန်ပြောင်စင်အောင် တစ်ယောက်မကျန် သုတ်သင် ရှင်းလင်းပစ်ရမည် ဟူသည်ပင် ဖြစ်လေ၏။

စစ်ဗိုလ်ကြီးနှင့် တပ်သားများ ချီတက်သွားကြသည့်နောက်၌ တိုင်မုန်သည် လူနှင့်မတူ တိရစ္ဆာန်၏ အနေအထိုင်မျိုးဖြင့် တစ်ကိုယ်တည်း ဆက်လက်နေထိုင်လျက်ရှိရာ တစ်နေ့သ၌ လူတစ်ယောက်သည် တိုင်မုန်၏ ဂူဝတွင် တရိုတသေ အလေးပြုသော အမူအရာနှင့် မတ်တတ်ရပ်လျက် ရှိသည်ကို အံ့သြစွာနှင့် တွေ့မြင်ရလေ၏။ ထိုသူမှာ အခြားမဟုတ်။ ဘဏ္ဍာစိုး ဖလေဗီယတ်ဖြစ်၍ မိမိ၏ သခင်ကို လွမ်းဆွတ်သည်နှင့် တောကြီး အထပ်ထပ် ဖြတ်ကျော်ကာ လိုက်လံရှာဖွေပြီးလျှင် ဝတ်ကြီးဝတ်ငယ် ပြုပါရစေဟူ၍ ခွင့်တောင်းရန် ဖြစ်လေသည်။ ပထမ၌ ဖလေဗီယတ်သည် တောတိရစ္ဆာန်ရိုင်းသဖွယ် ပစ္စုဒ္ဒေရ နေထိုင်လျက်ရှိသော တိုင်မုန်ကို မြင်သောအခါ စကားမပြောနိုင်အောင် အံ့သြလှသည်နှင့် ကြောင်တောင်တောင် ငေးကာကြည့်နေမိလေ၏။ နောက်ဆုံး၌ ဖလေဗီယတ်သည် စကားပြောနိုင်သော အခြေအနေသို့ ရောက်၍ မိမိ လိုက်လာခြင်းအကြောင်းကို ရှိုက်ကြီးတစ်ငင်နှင့် ပြောပြသောအခါ တိုင်မုန်သည် လူသားတစ်ဦးတစ်ယောက် မိမိအပေါ်၌ ကြင်နာတွယ်တာခြင်းရှိပါသည် ဆိုခြင်းကို မယုံကြည်နိုင်၊ နားမလည်နိုင်အောင် ဖြစ်နေလေ၏။ ဖလေဗီယတ်မှာ လူသားတစ်ယောက်၏ ပုံသဏ္ဌာန်ရှိနေသည်ဖြစ်သောကြောင့် တိုင်မုန်က သူ၏ မျက်ရည်ကျခြင်းကို မယုံကြည်နိုင်ဘဲ မိမိအား အကောက်ကြံစည်ရန်အတွက် လိုက်လာခြင်းဖြစ်သည်ဟူ၍ပင် သင်္ကာမကင်း ဖြစ်နေ၏။ ဤတွင် ဖလေဗီယတ်က သခင်တိုင်မုန်အား ကျေးဇူးရှင်ကြီးတစ်ယောက်အနေဖြင့် သဘောထားကာ ပင်ပန်းကြီးစွာဖြင့် လိုက်လံရှာဖွေခဲ့ရခြင်းဖြစ်ကြောင်း၊ သခင်၏ ဝတ်ကြီးဝတ်ငယ်များကို ဆောင်ရွက်ကာဖြင့် တစ်သက်ပတ်လုံး အမှု



www.burmeseclassi.com

www.burmeseclassic.com



ထမ်းလိုပါကြောင်း ပြောသည့်အခါတွင်မှ တိုင်မုန်က လူသားအမျိုးအနွယ်ဟူသမျှတွင် ရိုးဖြောင့်၍ သစ္စာရှိသူ တစ်ယောက်တစ်လေတော့ ရှိပေသေးသည်ဟု စဉ်းစားမိလေ၏။ သို့ရာတွင် ဖလေဗီယတ်မှာ လူသား၏ မျက်နှာနှင့် ပုံသဏ္ဌာန်ရှိနေလေရကား လူသားကို စက်ဆုပ်ရွံမုန်းသော တိုင်မုန်သည် သူ၏ မျက်နှာကိုလည်း ကြည့်၍မရ၊ အသံကိုလည်း မကြားလိုဘဲ ရှိသည်နှင့် တစ်ဦးတည်းသော လူရိုးလူကောင်းဟူ၍ ယုံကြည်စေကာမူ ၎င်း၏ လုပ်ကျွေးသမှု ပြုစုခြင်းကို လက်မခံဘဲ ငြင်းပယ်လိုက်သည်နှင့် ဖလေဗီယတ်လည်း ထွက်လာခဲ့ရလေ၏။

သို့ရာတွင် ဖလေဗီယတ်ထက် ကြီးကျယ်သော လူများသည် တိုင်မုန်၏ ဆိတ်ငြိမ်ခြင်းကို နှောင့်ယှက်ဖျက်ဆီးရန် ရောက်လာကြချေဦးမည်။ အကြောင်းမူကား သူတော်ကောင်းတိုင်းအပေါ်တွင် ကျေးဇူးကန်းခဲ့ကြသည့် အေသင်မြို့သူမြို့သား လူကုံတန်များသည် မိမိတို့၏ ယုတ်ညံ့သော သဘောထားကို ရိပ်မိလာကြ၍ တိုင်မုန်အား ပြစ်မှားခဲ့ကြခြင်းအတွက် နောင်တ ဟရားရသောအချိန် ရောက်လာပြီ ဖြစ်လေသောကြောင့်တည်း။ စစ်သူကြီး အယ်လ်စီဘီယာဒ်သည် အေသင်မြို့ကို စစ်တပ်ကြီးဖြင့် ဝိုင်းထား၍ တစ်မြို့လုံးကို မြေလှန်ဖျက်ဆီးပစ်ရန် ကြုံးဝါးလျက်ရှိ၏။ တိုင်မုန်သည် ယခင်အခါများ၌ စစ်သူကြီးအဖြစ်နှင့် အမှုထမ်းဖူး၍ ရဲစွမ်းသတ္တိရှိရှိနှင့် ကျင်လည်စွာ တိုင်းပြည်အတွက် ခုခံကာကွယ်တိုက်ခိုက်ခဲ့သူဖြစ်ပေရကား မြို့ကို ဝိုင်းရံထားသည့် ဤမျှလောက်ကြီးမားသော စစ်တပ်အင်အားကို တိုက်ခိုက်တွန်းလှန်နိုင်သူကား တိုင်မုန်တစ်ယောက်တည်းသာ ရှိသည်ဆိုကာ တိုင်မုန်ကို တ,သကြလေ၏။

တစ်နေ့သ၌ လွှတ်တော်အမတ်ကြီးများသည် စည်းဝေးပွဲတစ်ခု ကျင်းပ၍ တိုင်မုန်ထံသို့ စေလွှတ်ရန် ကိုယ်စားလှယ်အဖွဲ့တစ်ခု ရွေးချယ်ကြလေ၏။ တိုင်မုန် ဆင်းရဲစဉ်က မထီမဲ့မြင် ပြုခဲ့ကြသော လွှတ်တော်အမတ်များသည် မိမိတို့၌ အကြပ်အတည်း ကြုံတွေ့ရသော ထိုအချိန်တွင် ကိုယ်စားလှယ်အဖြစ်နှင့် ချဉ်းကပ်ကြလေ၏။ ထိုသူတို့သည် တိုင်မုန်အပေါ်၌ မိမိတို့က ဆိုးခဲ့သမျှ သနားကရုဏာ ကင်းခဲ့သမျှအတွက် မိမိတို့အား တိုင်မုန်က ကျေးဇူးတတင်ရှိလိမ့်မည်ဟု မျှော်လင့်ကြလေသလော မပြောတတ်ပေ။

ထိုလူစု၏ ဆိုးရွားနုံချာမှုကြောင့် အေသင်မြို့မှ ထွက်ပြေးခဲ့ရသည့် တိုင်မုန်အား ၎င်းမြို့သို့ ပြန်လာရန် မျက်ရည်ကြီးငယ်ဖြင့် ငိုယိုဖော တိုက်တွန်းတောင်းပန်ကြလေ၏။ ထိုလူစုက တိုင်မုန်အား စိန်၊ ရွှေ ဥစ္စာပစ္စည်းဖြင့်လည်းကောင်း၊ တန်ခိုးအာဏာဖြင့်လည်းကောင်း၊ ရာထူး ဌာနန္တရဖြင့်လည်းကောင်း၊ ဂုဏ်ထူးဘွဲ့ထူးများဖြင့်လည်းကောင်း၊ မြို့သူမြို့သားများ၏ ချီးကျူးဂုဏ်ပြုခြင်း





ဖြင့်လည်းကောင်း ဖြားယောင်းသွေးဆောင်ကြပြီးလျှင် မိမိတို့၏ ပစ္စည်းဥစ္စာများနှင့်တကွ အသက်အိုးအိမ် စသည်များကိုပါ အပ်နှင်းပါမည်ဟု ဆိုကာ တိုင်မုန်အား ချော့၍ခေါ်ကြလေ၏။ သို့ရာတွင် တစ်ခါက အလွန် ရက်ရောခဲ့သော တိုင်မုန်၊ မြို့သူမြို့သားများ၏ အားကိုးကြီးတစ်ခု ဖြစ်သော တိုင်မုန်၊ သူရသတ္တိနှင့် ပြည့်စုံသော တိုင်မုန်မှာ ယခုအခါ၌ ကိုယ်တုံးလုံးနေ၍ လူသား တစ်မျိုးလုံးကို ရွံမုန်းသော တိုင်မုန် ဖြစ်နေခဲ့လေပြီ။ စစ်သူကြီး အယ်လ်စီဘီယာဒီသည် မြို့သူမြို့သား အားလုံးကို တစ်ယောက်မကျန် သတ်ပစ်သော်လည်း တိုင်မုန် ဂရုမစိုက်တော့ချေ။ စစ်သူကြီးက နို့စို့ကလေးမှ လူအိုကြီးမကျန် သတ်ပစ်ပြီး မြို့ကြီးကို ပြာကျအောင် မီးရှို့ပစ်သော်လည်း တိုင်မုန် ဝမ်းနည်းမည် မဟုတ်သည့်ပြင် ဝမ်းသာပေလိမ့်ဦးမည်။ တိုင်မုန်သည် ဤလူစုအား ဤအကြောင်းကို ထုတ်ဖော်ပြောပြ၍ အေသင်တစ်မြို့လုံးတွင် ရန်သူ၏ ဓားဖြင့် လှီးဖြတ်ခြင်း မခံထိုက်သော လည်ချောင်းဟူ၍ တစ်ခုမျှမရှိဟူ၍လည်း ထပ်ဆင့် ပြောပြလိုက်သေး၏။

တိုင်မုန်သည် စိတ်ပျက်အားလျော့စွာဖြင့် ငိုကြွေးမြည်တန်းလျက်ရှိသော ဆီနိတ္တာအမတ်များအား အထက်ပါအတိုင်း ပြောပြီးနောက် အေသင်မြို့သူမြို့သားများအား စကားတစ်လုံး နောက်ဆုံးမှာလိုက်ချင်ပါသေးသည်ဟု ဆို၏။ တိုင်မုန်က "စစ်သူကြီး အယ်လ်ဘီယာဒီ၏ ဒေါသအလျောက် စီရင်မည့် ဘေးအန္တရာယ်ဆိုးကြီးမှ မြို့သူမြို့သားများ လွတ်ကင်းချမ်းသာရာ ရလိုကြလျှင် ကျွန်ုပ်အကြံတစ်ခုတော့ ပေးလိုက်ပါမည်။ ကျွန်ုပ်မသေမီ နောက်ဆုံးသော ကျေးဇူးပြုခြင်းအနေဖြင့် မှာလိုက်စရာ စကားတစ်ခွန်းတော့ ရှိပါသေးသည်"ဟု ပြောလိုက်ရာတွင် ဆီနိတ္တာအမတ်ကြီးများသည် အားတက်လာကြ၍ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အကြံကောင်းတစ်ခု ကြားရချေတော့မည်ဟု မျှော်လင့်ကြ၏။ ထို့နောက် တိုင်မုန်က မိမိ၏ ဂူဝတွင် သစ်ပင်ကြီးတစ်ပင်ရှိ၍ မကြာမီ မိမိခုတ်လှဲဖို့ ကြံစည်ထားကြောင်း မြို့သူ မြို့သားများအနက်မှ အကြီးအငယ် မရွေး၊ ယောကျ်ားမိန်းမ မရွေး စစ်သူကြီး အယ်လ်ဆီယာဒီ၏ လက်ချက်မှ လွတ်ကင်းချမ်းသာရာ ရလိုသူ ရှိခဲ့လျှင် ၎င်းသစ်ပင်ကြီး ရှိခိုက်တွင် အသုံးချနိုင်ကြောင်း ပြောလေ၏။ အဓိပ္ပာယ်မှာ ထိုသစ်ပင်ကြီးသို့ လာ၍ မိမိတို့ကိုယ်ကို ကြိုးဆွဲချ၍ သေနိုင်ကြသည်ဟု ဆိုလိုသည်။

ဤစကားသည်ကား တိုင်မုန်၏ ပါးစပ်မှ နောက်ဆုံးပြောသော စကားဖြစ်၍ တိုင်မုန်ကို မြင်ကြရခြင်းမှာလည်း ဤတစ်ကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်လေ၏။ နောက်များမကြာမီ စစ်သားတစ်ယောက်သည် တိုင်မုန်နေသော ဂူနှင့် မလှမ်းမကမ်းရှိ ပင်လယ်ကမ်းခြေတွင် သချိုင်းတစ်ခု တွေ့ရှိလေရာ



www.burmeseclassi.com

www.burmeseclassic.com



ငှင်းတွင် အောက်ပါကမ္ပည်း ရေးထိုးထားခြင်းကိုလည်း တွေ့ရ၏။

"ဤသူကား အသက်ရှင်လျက် ရှိစဉ်တွင် အသက်ရှင်နေသော လူသား အားလုံးကို မုန်းတီး၍ သေကာနီးဆဲဆဲတွင်လည်း လူယုတ်မာအားလုံး ကပ်သင့်၍ သေကြပါစေဟု ကျိန်ဆဲသွားသူ ဖြစ်လေသည်။"

တိုင်မုန်သည် မိမိကိုယ်မိမိ သတ်၍ သေလေသလော၊ သို့တည်း မဟုတ် လူသားဟူသမျှကို ရွံမုန်းသည်နှင့် အော့နှလုံးနာပြီး သေနလောက်သည် အထိ ဖြစ်ရလေသလော၊ မည်သူမျှ မပြောနိုင်စေကာမူ ထိုကမ္ပည်းမှာ သူနှင့် အလွန် သင့်တော်၍ လူသားကို အသက်ထက်ဆုံး မုန်းတီးသူတစ်ယောက်ဖြစ် သည့်အတိုင်း အစအဆုံး ညီညွတ်ပါပေသည်ဟု လူတိုင်းက သဘောတူကြရ ၏။ တိုင်မုန်သည် သူ၏ သင်္ချိုင်းကို ပင်လယ်ကမ်းခြေ၌ တည်ဖို့ ရွေးချယ်ခြင်း မှာလည်း လူလောက၏ လူလိမ်၊ လူကောက်၊ လူညာ၊ လူယုတ်တို့၏ ငိုကြွေး ခြင်းကို မခံယူလိုဘဲ ပင်လယ်ရေပြင်ကြီး၏ ငိုကြွေးခြင်းကိုသာ ခံယူလိုသည်ဆို သော အဓိပ္ပာယ်သက်ရောက်သည်ဖြစ်သောကြောင့် မိမိကိုယ်ကို အမွန်းတင်ရာ ရောက်သည်ဟု ယူဆသူအချို့ပင် ရှိကြပါသေးသတည်း။

*သွေးသောက်၊ အမှတ် (၁၇၆)၊ စက်တင်ဘာလ၊ ၁၉၆၀ ခုနှစ်၊*

□ □ □

## ဒိန်းမတ်မင်းသား ဟဲမ်လက်

ဒိန်းမတ်ပြည် မိဖုရားကြီး ဂါးထရုသည် ဘုရင်ဟဲမ်လက် နတ်ရွာစံ သည်နောက် နှစ်လခန့်အတွင်း ဘုရင်၏ ညီတော် ကလောဒီယတ်နှင့် ထိမ်း မြားလက်ထပ်ရာတွင် တိုင်းသူပြည်သား လူအများက မိဖုရားကြီးအား ကြင်နာ ခြင်းနည်းပါးသည်ဟူ၍လည်းကောင်း၊ မတော်တလျော် ပြုသည်ဟူ၍လည်း ကောင်း ကဲ့ရဲ့ပြစ်တင်ကြလေသည်။ ညီတော် ကလောဒီယတ်မှာလည်း နောင် တော်ဘုရင် ဟဲမ်လက်ထက် ရုပ်ရည်အားဖြင့်လည်းကောင်း၊ အရည်အချင်း အားဖြင့်လည်းကောင်း ယုတ်နိမ့်၍ ညံ့ဖျင်းသော စိတ်နေသဘောထား ရှိသူတစ် ဦးဖြစ်သည့်အလျောက် နောင်တော် ဘုရင်ကို လုပ်ကြံပြီးလျှင် သားတော် ဟဲမ် လက်ကလေး၏ ထီးနန်းကို လုယူ၍ မိဖုရားကြီး (မရီး)ကို လက်ထပ်ခြင်း ဖြစ် သည်ဟု တိုင်းသူ ပြည်သားတို့က သင်္ကာမကင်း ဖြစ်လျက် ရှိကြလေ၏။

ဟဲမ်လက်မင်းသားကလေးသည် နတ်ရွာစံ ဘုရင်ခမည်းတော်အား ဘုရားတစ်ဆူ ဂူတစ်လုံးဟူဘိသို့ ကြည်ညိုလေးစားခြင်း ရှိသည့်အလျောက် မယ်တော်၏ အပြုအမူကို လွန်စွာ မကျေမနပ်ဖြစ်ခဲ့၏။ ဟဲမ်လက်မင်းသား ကိုယ်တိုင်ကလည်း သန့်ရှင်းစွာထားမြင့်မြတ်သည့်ပြင် အပြုအမူတစ်ခု၏ လျော် ကန်ခြင်း၊ မလျော်ကန်ခြင်းကို သိတတ်သူ ဖြစ်သည့်အလျောက် မယ်တော် လုပ်ပုံအတွက် ရှက်သည်ကတစ်ကြောင်း၊ ခမည်းတော်အတွက် ကြေကွဲ ဝမ်း နည်းသည်က တစ်ကြောင်း၊ စိတ်နှလုံး မကြည်မရွှင် ဖြစ်ရုံသာမက ရုပ်အဆင်း ပင် ညှိုးနွမ်းဆုတ်ယုတ်လျက်ရှိလေ၏။ သို့ဖြစ်၍ မင်းသားသည် မင်းညီ မင်းသားတို့ လေ့လာအပ်သည့် အားကစားနှင့် ကိုယ်လက်ကြံ့ခိုင်ရေးအလုပ်များ ကိုလည်းကောင်း၊ စိတ်နှလုံးပျော်ရွှင် ကြည်လင်ဖွယ်သော အလေ့အလာများကို



www.burmeseclassi.com

www.burmeseclassic.com



လည်းကောင်း၊ စာအုပ်များကိုလည်းကောင်း၊ အလျှင်းစွန့်လွှတ်ကာ တမှိုင်မှိုင် တတွေတွေ ရှိနေလေ၏။ မင်းသား၏ အမြင်၌ လောကကြီးသည် ပန်းပင်များ အားလုံးခြောက်သွေ့၍ ပေါင်းပင်များချည်း သန့်စွမ်းထွန်းကားလျက်ရှိသော ဥယျာဉ်ကြီးသဖွယ် ဖြစ်နေလေတော့၏။

မျှော်မှန်းချက် အပြည့်အဝရှိသော မင်းသားကလေးတစ်ပါးအဖို့ အရာ၌ ထီးမွေ၊ နန်းမွေ ဆုံးရှုံးရခြင်းသည် စိတ်ထိခိုက်လောက်သည့် နစ်နာမှု ကြီးတစ်ခု ဖြစ်သော်ငြားလည်း ၎င်းအချင်းအရာထက် ဟဲမ်လက်၏ စိတ်ကို အကြီးအကျယ် ထိခိုက်ခြင်းမှာ အလွန်တရာ ချစ်ခင်ကြင်နာသည့် ဖခင်ကောင်း တစ်ယောက်လည်းဖြစ်၊ လင်ကောင်းတစ်ယောက်လည်းဖြစ်သော ဘုရင် ဟဲလ် မလက် နတ်ရွာစံ၍ နှစ်လမျှ မပြည့်သေးမီ ခမည်းတော်၏ ညီတော်နှင့် လက် ထပ်ထိမ်းမြားရသော မယ်တော်၏ အပြုအမူပင် ဖြစ်လေသည်။ မတ်အရင်းနှင့် လက်ထပ်ခြင်းသည်ပင် ဆိုးရွားလှပြီဖြစ်ရာ အချိန်ကလည်း သိက္ခာမဲ့လောက် အောင် တိုတောင်းလှ ၍ မတ်တော်မောင် ဘုရင် မပီသသော အကျင့်စာရိတ္တ ရှိခြင်းသည်လည်း မင်းသား၏ စိတ်ကို ပို၍ ထိခိုက်စေ၏။ ဤအချင်းအရာ သည် မင်းသား၏အဖို့ရာ၌ တိုင်းပြည် ဆယ်ပြည် ဆုံးရှုံးရခြင်းထက် ဝမ်းနည်း ကြေကွဲခြင်း ဖြစ်စေလေ၏။

မယ်တော် ဂါထရုနှင့် ပထွေးတော် ကလောဒီယတ်တို့သည် မင်းသား အား ညှိုးငယ်ခြင်း ပြေပျောက်အောင် ကြိုးစားကြသော်လည်း အချည်းနှီးပင် ရှိ၏။ မင်းသားသည် ခမည်းတော် နတ်ရွာစံခြင်းအတွက် ဝမ်းနည်းသော အထိမ်းအမှတ်ဖြင့် (ဥရောပတိုက်ထုံးစံအတိုင်း) အနက်ဝတ်ရုံ ဝတ်ဆင်လျက် ရှိရာ၊ ၎င်းအဝတ်အနက်ကို မယ်တော်နှင့် ပထွေးတော်တို့ လက်ထပ်သောနေ့ ၌ပင် လဲလှယ်ခြင်းလည်းမပြု၊ လက်ထပ်ပွဲအတွက် ကျင်းပသည့် ပျော်ပွဲရွှင်ပွဲ များ၌လည်း အပါအဝင်မပြုဘဲ တစ်ကိုယ်တည်း နေခဲ့လေ၏။

မင်းသား၏ စိတ်ကို အများဆုံး ဒုက္ခပေးလျက်ရှိသော အချင်းအရာ တစ်ခုမှာ ခမည်းတော် နတ်ရွာစံလွန်တော်မူရသည့် အကြောင်းနှင့် စပ်လျဉ်း ၍ သံသယမကင်းဘဲ ရှိနေခြင်းပင်ဖြစ်၏။ ပထွေးတော် ကလောဒီယတ်က ဟဲမ်လက်ဘုရင်မှာ မြွေပေါက်၍ နတ်ရွာစံရသည်ဟု သတင်းလွှင့်ရာ မင်းသား ကမူ ထိုမြွေသည် အခြားမဟုတ်၊ ကလောဒီယတ်ပင်ဖြစ်ရမည်ဟု ယုံကြည် လျက်ရှိ၏။ ရိုးရိုးစကားဖြင့် ဖော်ပြရသော် ကလောဒီယတ်သည် မိမိ၏ခမည်း တော်ကို သတ်၍ နန်းထိုင်လျက်ရှိသည်ဆိုခြင်းပင်ဖြစ်လေ၏။

မင်းသား၏ စိတ်ထဲ၌ မရှင်းမလင်း ဖြစ်နေသော အချက်အလက် များသည်ကား မိမိ၏ မသင်္ကာမှုသည် တကယ်မှန် မမှန် ခမည်းတော်အား





လုပ်ကြံခြင်းကို မယ်တော်သိမသိ၊ အလိုတူ အလိုပါ ဟုတ်မဟုတ် ဟူသည်တို့ ပင်ဖြစ်ရာ၊ ဤအချက်အလက်များကို အတိအကျ ဆုံးဖြတ်ချက် မချနိုင်သည့် အတွက်ကြောင့် တွေဝေငေးမှိုင်လျက်ရှိရခြင်းဖြစ်လေသည်။

ထိုအတောအတွင်း၌ မင်းသား ကြားသိရသော သတင်းတစ်ခုမှာ နန်းတော်ကြီးရှေ့၌ရှိသော စင်္ကြံပေါ်တွင် ဘုရင်ဟဲမ်လက်သည် သန်းခေါင် အချိန်တွင် သုံးညတိုင်တိုင်ဆက်၍ ကိုယ်ထင်ပြခြင်းကို ကင်းစောင့် တပ်သား များ မြင်ကြရသည် ဆိုခြင်းပင်ဖြစ်လေသည်။ ကိုယ်ထင်ပြပုံမှာ ဘုရင်ကြီးသည် ဝတ်ဆင်နေကျဖြစ်သော သံကိုယ်ကြပ် ဝတ်စုံကို ခြေဆုံးခေါင်းဆုံး ဝတ်ထား သည်ဆိုရာ၊ ထိုအချင်းအရာကို မြင်လိုက်ရသူများအနက်တွင် မင်းသားနှင့် အလွန်ချစ်ကျွမ်းဝင်သည့် ဟော်ရေရှို ဆိုသူလည်း ပါဝင်ကြောင်း မြင်လိုက်သူ အားလုံးတို့က ပြောကြရာတွင် အချိန်နာရီနှင့် ဝတ်ဆင်ပုံမှာ တစ်ထပ်တည်း ကိုက်ညီလျက်ရှိကြောင်း၊ မြင်ကြရသော အချိန်မှာ သန်းခေါင် ၁၂ နာရီ တိတိ ဖြစ်ကြောင်း၊ ဘုရင်၏ မျက်နှာတော်မှာ ဖျော့တော့သော အဆင်းရှိ၍ မျက်နှာ ထားမှာ ဒေါသအထိမ်းအမှတ်ထက် ဝမ်းနည်းသော လက္ခဏာသည် ပို၍ ထင် ရှားကြောင်း၊ မုတ်ဆိတ်မွေးမှာ အသက်ရှင်စဉ်ကအတိုင်း အဖြူနှင့်အနက် ရော နှောလျက် ရှိသော်လည်း စုတ်ဖွားကြီး ရှိနေသဖြင့် ကြောက်မက်ဖွယ်သော အဆင်းရှိနေကြောင်း၊ ကင်းစောင့်သမားများက ခေါ်စမ်းသောအခါ စကား တုန့်ပြန်၍ မပြောဘဲ နေကြောင်း၊ သို့သော် တစ်ကြိမ်၌မူ စကားပြောတော့မည် ကဲ့သို့ ဦးခေါင်း ထောင်လိုက်ရာတွင် သန်းခေါင်ကြက် တွန်လိုက်သည်နှင့် တစ်စုံတစ်ရာ မပြောတော့ဘဲ ရုတ်တရက် ကွယ်ပျောက်သွားကြောင်းဟူသော သတင်းများပင် ဖြစ်လေသည်။

မင်းသားသည် အထက်ပါ သတင်းကို ကြားရသောအခါ၊ တစ်ဦး၏ စကားနှင့် အခြားတစ်ဦး၏ စကားမှာ ထပ်တူထပ်မျှဖြစ်၍ ခမည်းတော် ဟဲမ် လက်ဘုရင်သည်ပင် ကိုယ်ထင်ပြခြင်း ဖြစ်တန်ရာသည်ဟု ယုံကြည်သည်နှင့် ထိုည၌တွင် စစ်သားများနှင့်အတူ ကင်းစောင့်ရန် ဆုံးဖြတ်လေ၏။ မင်းသား၏ ထင်မြင်ချက်မှာ ခမည်းတော်သည် အကြောင်းမဲ့ ကိုယ်ထင်ပြခြင်းမဟုတ်၊ အကြောင်းတစ်ခု ဧကန်ရှိရမည်။ အခြားစစ်သားများအား ဘာမျှ မပြောသော် လည်း မိမိအားမူ တစ်စုံတစ်ရာ ပြောလိမ့်မည်ဟု ယူဆသည်နှင့် ညအချိန် တိုင်ရောက်ဖို့ကို စိတ်အားကြီးစွာနှင့် စောင့်မျှော်လျက် ရှိလေ၏။

ထိုည၌ မင်းသားသည် မိတ်ဆွေ ဟော်ရေရှိုအပြင် အခြားစစ်သား တစ်ယောက်နှင့်အတူ ကိုယ်ထင်ပြနေကျဆိုသော စင်္ကြံပေါ်၌ စောင့်မျှော်လျက် ရှိကြရာ၊ ထိုညဉ့်မှာ အထူးချမ်းအေးသော ညဖြစ်၍ မင်းသားနှင့် ဖော်လူနှစ်



www.burmeseclassi.com

www.burmeseclassic.com



ယောက်တို့သည် ချမ်းအေးပုံအကြောင်းကို ပြောလျက် ရှိကြစဉ် ဟော်ရေရှိုက "ဟော . . . လာပြီ လာပြီ"ဟု ပြောလိုက်လေ၏။

မင်းသားသည် ကိုယ်ထင်ပြနေသော ခမည်းတော်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ရုတ်တရက် အံ့ဩ၍ ထိတ်လန့်သွား၏။ မင်းသားက ဤသို့ ကိုယ်ထင်ပြခြင်းသည် ကောင်းဖို့လော၊ ဆိုးဖို့လော မသိနိုင်သည်နှင့် ကောင်းကင်ဘုံရှိ တမန်တော်များအား အကာအကွယ် ပေးကြပါမည့်အကြောင်း တောင်းပန်လေ၏။ နောက်တစ်ခဏ၌မူ ကိုယ်ထင်ပြသောသူသည် မိမိ၏ ခမည်းတော် အသက်ရှင်လျက်ရှိစဉ်ကအတိုင်း ဖြစ်နေခြင်းကြောင့်တစ်ကြောင်း၊ မိမိအား ဂရုဏာအားကြီးသော ကြည့်ခြင်းမျိုးဖြင့် ကြည့်လျက်၊ မိမိနှင့် စကားပြောလိုဟန် ရှိခြင်းကို မြင်ရသောကြောင့်တစ်ကြောင်း ထိတ်လန့်ခြင်း ပြေပျောက်ပြီးလျှင် ခမည်းတော်အား အသံထွက်၍ ခေါ်လိုက်လေ၏။

မင်းသား "ခမည်းတော် ဘုရင်ဟဲမ်လက်ပါလော . . ."ဟု လွတ်ခနဲ မေးလိုက်ပြီးလျှင် သင်္ချိုင်းကို စွန့်ခွာ၍ ကိုယ်ထင်ပြရန် ကြွလာခြင်းမှာ ကိစ္စတစ်စုံတစ်ရာ ရှိပါသလော၊ ကိစ္စရှိသည်ဆိုလျှင်လည်း အမိန့်ရှိဖို့အကြောင်း လျှောက်ထားလေ၏။ ထိုအခါ ဟဲမ်လက်သည် မင်းသားနှင့် တွေ့လို၍ ဤနေရာထက် လူသူကင်းရှင်းသော အခြားတစ်နေရာသို့ လိုက်ခဲ့ရန် လက်ဟန် အမူအရာဖြင့် ခေါ်ငင်လေ၏။ ဟော်ရေရှိုနှင့် မာဘဲလတ်တို့သည် ဝိညာဉ်ကောင်း မဟုတ်ဘဲ ဝိညာဉ်ဆိုး ဖြစ်နေခဲ့လျှင် မင်းသားအား တောင်ထိပ်သို့ ခေါ်သွားပြီး တွန်းချသည်ဖြစ်စေ၊ ပင်လယ်ကမ်းသို့ ခေါ်သွားပြီး ရေနှစ်သတ်သည်ဖြစ်စေ၊ သို့တည်းမဟုတ် ကြောက်မက်ဖွယ်သော အဆင်းသဏ္ဌာန်ကို ပြပြီး မင်းသားအား ရူးသွပ်သွားအောင် ခြောက်လှန့်သည် ဖြစ်စေ ပြုမည်ကို စိုးကြသောကြောင့် မလိုက်ဖို့ တားဆီးကြလေ၏။ သို့ရာတွင် မင်းသားသည် ၎င်း၏အသက်ကို ကာကွယ်ခြင်း၊ နှမြောခြင်း လုံးဝကင်းလျက်ရှိသည်ဖြစ်၍ ၎င်းတို့၏ တောင်းပန်သတိပေးခြင်းများကို နားမထောင်ချေ။ မင်းသားက ကိုယ်ထင်ပြသူလည်း ဝိညာဉ်ဖြစ်၍ မိမိလည်း ဝိညာဉ်ပင်ဖြစ်ရာ ဝိညာဉ်တစ်ခုက အခြားဝိညာဉ်တစ်ခုအား ဆုံးရှုံးနစ်နာအောင် တတ်နိုင်ဖို့မရှိကြောင်းပြောကာ မိမိအား ဇွတ်အဓမ္မ ဆွဲထားသော လူနှစ်ယောက်တို့၏ လက်မှ အတင်းရုန်းကန် ဖယ်ထွက်ခဲ့ပြီးလျှင် ဟဲမ်လက်နောက်သို့ လိုက်သွားလေ၏။

သားအဖ နှစ်ယောက်တည်း ရှိကြသောအခါ ဝိညာဉ်(တစ္ဆေ)က "မိမိသည် နတ်ရွာစံဘုရင် ဟဲမ်လက်၏ ဝိညာဉ်ဖြစ်၍ ရက်စက်စွာ သတ်ဖြတ်ခြင်း ခံရကြောင်း ပြောပြပြီးလျှင် သတ်ပုံ သတ်နည်းနှင့်တကွ ပြောပြလေ၏။ သတ်သူမှာ (မင်းသားက မသင်္ကာခဲ့သည့်အတိုင်း) ဘထွေးတော် ကလောဒီယတ်





ဖြစ်၍ ထီးနန်းကို လုယူရန်အတွက် ဖြစ်ကြောင်းကိုလည်း ပြောပြ၏။ ဘုရင်ဟဲမ်လက်သည် (ပြုနေကျ ထုံးစံအတိုင်း) ညနေစောင်းချိန်တွင် ဥယျာဉ်ထဲ၌ စက်တော်ခေါ်လျက်ရှိစဉ် ယုတ်မာသော ညီတော် ကလောဒီယက်သည် အဆိပ်ရည်တစ်မျိုးကိုနားထဲသို့ လောင်းထည့်သဖြင့် တစ်ကိုယ်လုံးရှိ သွေးကြောများသို့ ပြန့်နှံ့ပြီးလျှင် သွေးများ ခမ်းခြောက်၍ နူနာရောဂါ စွဲကပ်သည့်နှယ် ကိုယ်ရေမှာ အဆီအပြား ကုန်ခမ်းပြီး အကြေးခွံများ ကွာကျကြောင်း။ ဤနည်းအားဖြင့် အသက်ခန္ဓာကြွေရ၍ ထီးနန်းရော၊ မိဖုရားပါ ဆုံးရှုံးရကြောင်း ပြောပြပြီးနောက်၊ ခမည်းတော်အား အကယ်စင်စစ် ချစ်မြတ်နိုးခြင်း ရှိခဲ့ဖူးသည်မှန်ပါက ဘထွေး ကလောဒီယတ်အပေါ်၌ လက်စားချေဖို့ တိုက်တွန်းလေ၏။ ၎င်းနောက် ဟဲမ်လက်က ဆက်လက်၍ မင်းသား၏မယ်တော် မိဖုရားကြီး ဂါထရုသည် လင်ကြီးဖြစ်သော မိမိအပေါ်၌ သစ္စာဖောက်ပြီး ကလောဒီယတ်နှင့် လက်ထပ်ခြင်းအတွက် ညည်းညူပြစ်တင်လေ၏။ သို့ရာတွင် ဟဲမ်လက်က ကလောဒီယတ်အပေါ်၌မည်သည့်နည်းဖြင့်လက်စားချေသည်ဖြစ်စေ၊မယ်တော်မိဖုရားကြီး ဂါထရုအား မထိခိုက်စေမူ၍ ၎င်း၏အပြစ်အတွက် ဒဏ်ခတ်ဖို့ရာ ဘုရားသခင်သို့သာ လွှဲအပ်ထားဖို့ကိုလည်း ပြောပြလေ၏။ မင်းသားသည် ခမည်းတော်၏ သွန်သင်ချက်အတိုင်း မြေဝယ်မကျ လိုက်နာဆောင်ရွက်ပါမည်ဟု ကတိပြုလိုက်သည်တွင် ဟဲမ်လက်၏ ဝိညာဉ်လည်း ကွယ်ပျောက်သွားလေ၏။

မင်းသားတစ်ပါးတည်း ကျန်ရစ်သောအခါ မိမိ ကြုံတွေ့ခဲ့ဖူးသည့် အချင်းအရာများနှင့်တကွ စာအုပ်များမှ ကျက်မှတ် ဆည်းပူးထားသည့် ဗဟုသုတအားလုံးကို ချက်ချင်း မေ့ဖျောက်ပြီးလျှင် "ခမည်းတော်မှာထားသည့် ကိစ္စတစ်ခုတည်းကိုသာ မှတ်မိပါစေသတည်း"ဟု နက်နဲစွာ သစ္စာပြုလိုက်လေ၏။ ၎င်းနောက် မင်းသားသည် ခမည်းတော်မှာခဲ့သော အချင်းအရာများကို မိတ်ဆွေဟော်ရေရှိုမှတစ်ပါး မည်သူ့အားမျှ မပြောပြဘဲ လျှို့ဝှက်ထား၏။ မာဘဲလတ်အားလည်း ထိုနေ့ည၌ တွေ့ကြုံခဲ့ရသော အဖြစ်အပျက် အချင်းအရာများကို တစ်ဦးတစ်ယောက်ကိုမျှ ပြောမပြဖို့ နှုတ်ပိတ်ထားလေ၏။

မင်းသား ဟဲမ်လက်မှာ ယခင်ကတည်းကပင် သူ၏ ဒုက္ခများကြောင့် စိတ်အား ပျော့နွဲ့လျက်ရှိရာ သည်အတွင်း ခမည်းတော်နှင့် ထိုညဉ့် တွေ့ဆုံလိုက်ရသောအခါ၌ စိတ်ချောက်ချားခြင်းဖြစ်၍ ကတုန်ကရီ ရှိနေလေ၏။ ယင်းသို့ဆိုလျှင် ဘထွေးတော် ဘုရင် ကလောဒီယတ်သည် သူလုပ်ခဲ့သော အမှုများကို မိမိက ရိပ်မိသည်ဟုထင်ပြီးလျှင် လက်စားချေမည်ကို ကြောက်သည်နှင့် မိမိအား စောင့်ကြပ်ကြည့်ရှုနေမည်ကို မင်းသားက စိုးရိမ်သည်ဖြစ်သောကြောင့် ရူးသွပ်ချင်ယောင် ဆောင်ဖို့ သိန္နဋ္ဌာန်ချလိုက်လေ၏။ ဘထွေးတော်သည် မိမိအား

www.burmeseclassic.com



ရှူးသည်ဟု ယုံကြည်ခဲ့လျှင် အရူးတစ်ယောက်အနေဖြင့် ခက်ခဲ ကြီးကျယ်သော
အကြံအစည်မျိုးကို စိတ်ကူးရလိမ့်မည်မဟုတ်ဟု စိတ်ချမည်ဖြစ်၍ မိမိ ကြံ
စည်ချင်တိုင်း ကြံစည်ခွင့် ရလိမ့်မည်ဟု မင်းသား စဉ်းစားမိလေ၏။

ဟဲမ်လက် မင်းသားသည် ဝတ်ပုံစားပုံ၊ ပြောပုံဆိုပုံ ကိုယ်ဟန်အမူ
အရာတို့တွင် လူရူးတစ်ယောက်နှင့်တူအောင် ကျကျနန ဟန်ဆောင်တတ်ရာ
တွင် ကလောဒိယတ်နှင့် မိဖုရား ဂါထရုတ်တို့က တကယ်ရူးသွပ်သည်ဟူ၍ပင်
ယုံကြည်ကြလေ၏။ သို့ရာတွင် ရူးသွပ်ရသော အကြောင်းရင်းမှာ ခမည်းတော်
ကွယ်လွန်ခြင်းအတွက် မဟုတ်နိုင်။ အချစ်ပြဿနာကြောင့် ဖြစ်ရမည်ဟု တွေး
ဆကြပြီးလျှင် မင်းသား၏ ရည်းစားကိုလည်း တွေ့ရပြီဟု ထင်ကြလေသည်။

မင်းသားသည် ထိုကဲ့သို့ ရူးချင်ယောင် မဆောင်မီအချိန်က ဘုရင်၏
အမတ်ချုပ်ကြီး ပိုလိုနီယတ်၏သမီး အိုဖီလီယာနှင့် ချစ်ကြိုက်ခဲ့ဖူးလေသည်။
မင်းသားသည် အိုဖီလီယာထံသို့ လက်စွပ်နှင့်စာများ ပေးဖူး၍ အိုဖီလီယာက
လည်း မင်းသား၏ မေတ္တာကို ယုံကြည့်စွာနှင့် လက်ခံ တုန့်ပြန်ခဲ့လေ၏။ သို့ရာ
တွင် မင်းသားသည် ရူးသွပ်ချင်ယောင် ဆောင်သောနေ့မှစ၍ အိုဖီလီယာ
အပေါ်၌ စိမ်းကားရက်စက်၍ ကြင်နာမှုမဲ့သော အမူအရာမျိုး ဖော်ပြလေရာ
မိန်းကလေးကမူ မိမိအပေါ်၌ ချစ်ခင်ကြင်နာမှု ဆုတ်ယုတ်လျော့ပါးသည်ဟု
မယူဆဘဲ ဦးနှောက်ပျက်သည့် ရောဂါကြောင့် မိမိအား ဂရုစိုက်မှု နည်းပါး
ခြင်း ဖြစ်တန်ရာသည်ဟု တွေးထင်လေ၏။ မိန်းကလေး၏ ထင်မြင်ချက်မှာ
ဟဲမ်လက်သည် မိမိအပေါ်၌ မေတ္တာပျက်ကွက်ခြင်းမဟုတ်၊ ကြည်လင်ချိုသာ
သော အသံမျိုး ထွက်စေတတ်သည့် ခေါင်းလောင်းသည်ပင် ကြမ်းတမ်းစွာ
ဆောင့်လှုပ်သောအခါတွင် မသာယာသော အသံမျိုး ထွက်နိုင်ခြင်းကဲ့သို့ မင်း
သားကလေးမှာလည်း စိတ်အတော် ညစ်ညူးရခြင်းအတွက်ကြောင့် မိမိအပေါ်
တွင် ကြင်နာမှု နည်းပါးလေဟန် သင်ရခြင်းဖြစ်သည်ဟု စဉ်းစားလေသည်။

ခမည်းတော်အတွက် ဘွေးတော်အပေါ်၌ လက်စားချေရန်ဖြစ်သည့်
ကြမ်းကြုတ်သော အကြံအစည်မျိုးသည် ချစ်ကြိုက်ခြင်း၊ ပိုးပန်းခြင်းဟု ဆိုအပ်
သည့် သိမ်မွေ့နူးညံ့သော အလုပ်မျိုးနှင့် မဆီလျော်၊ မအပ်စပ်ဟူ၍ မင်းသား
ယူဆစေကာမူ ချစ်လှသော ရည်းစား အိုဖီလီယာအား သတိမရဘဲ မနေနိုင်
အောင်ရှိ၏။ ထိုကဲ့သို့ သတိရသော တစ်ချိန်တစ်ခါ၌ မိမိ၏ ဥပေက္ခာဆန်သော
အပြုအမူသည် အိုဖီလီယာ၏ အသည်းနှလုံးကို ထိခိုက်နာကျင်စေလိမ့်မည်
ဟု မင်းသား စိတ်ကူးမိသည်နှင့် အိုဖီလီယာထံသို့ စာတစ်စောင် စီကုံးရေးသား
လေ၏။ ၎င်းစာမှာ ရူးသွပ်သော လူတစ်ယောက်နှင့် လျော်ညီအောင် ခပ်ကြမ်း
ကြမ်း အသုံးအနှုန်းများ ပါရှိသော်လည်း အိုဖီလီယာအပေါ်၌ ချစ်ခင်ကြင်နာ





မှုမှာ ယခင်ကထက် တစ်ရွေးတစ်သားခန့်မျှ မလျော့သည့်အကြောင်းကို ထင်
ရှားလောက်အောင် ရေးသားထား၏။ အမိပ္ပာယ်အကျဉ်းချုပ်မှာ ကြယ်တာရာ
များကို မီးတောက်မီးလျှံများဟူ၍ ထင်လိုထင်၊ နေမင်းသည် ရွေ့လျောလျက်ရှိ
သည်ဟု ယူဆချင်လျှင် ယူဆ၊ မှန်ကန်သော သစ္စာတရားကို မုသားဟူ၍
ထင်ချင်ထင်။ သို့သော် မိမိ၏ မေတ္တာကိုမူ ဘယ်သောအခါမှ ယုံမှား သံသယ
မရှိသင့်ကြောင်းနှင့် ရေးသားဖော်ပြထားလေ၏။ အိုဖီလီယာသည် မင်းသား၏
စာကို (ဝတ္တရားအတိုင်း) မိမိ၏ ဖခင်အား ပြလေရာ အမတ်ချုပ်ကြီးကလည်း
ဘုရင်နှင့် မိဖုရားသို့ ပြလေ၏။ ထိုအချိန်မှစ၍ မင်းသား၏ ရောဂါမှာ အချစ်
ရောဂါဖြစ်၍ ချစ်ရူး ရူးခြင်း ဖြစ်သည်ဟု ဘုရင်နှင့် မိဖုရားတို့က ယူဆကြ
လေ၏။ မိဖုရားဂါထရုကမူ မိမိ၏ သားသည် အိုဖီလီယာ၏ လှပသော ရုပ်
အဆင်းကြောင့် ရူးသွပ်ရခြင်းဖြစ်လျှင် အိုဖီလီယာနှင့် ပေးစားလိုက်သောအခါ၌
ရူးသွပ်ရောဂါ ပျောက်လိမ့်မည်ဟု မျှော်လင့်ယုံကြည်လေ၏။

သို့ရာတွင် ဟဲမ်လက်မင်းသား၏ ရောဂါမှာ မိဖုရားကြီး ထင်သည်
ထက် နက်နဲစွာ အမြစ်တွယ်လျက်ရှိ၏။ မင်းသားသည် ခမည်းတော်၏ ကိုယ်
ထင်ပြခြင်းကို မျက်စိထဲတွင် အမြဲမြင်လျက်ရှိ၍ ခမည်းတော် စေခိုင်းသည့်
အတိုင်း မဆောင်ရွက်ရသေးမချင်း၊ နေမထိ ထိုင်မသာ ဖြစ်လျက်ရှိ၏။
မဆောင်ရွက်ရသေးဘဲ တစ်နာရီ အသက်ရှင်လျက် ရှိနေရခြင်းသည် ဒုစရိုက်
မှု ပြုကျင့်လျက် ရှိခြင်းကဲ့သို့ မင်းသားအဖို့ ဝန်လေးလျက်ရှိ၏။ သို့ရာတွင်
ကိုယ်ရံတော်များဖြင့် အစဉ်မပြတ် စောင့်ကြပ်ဝိုင်းရံလျက်ရှိသော ရှင်ဘုရင်အား
လုပ်ကြံဖို့ရာ လွယ်ကူသော အလုပ်တစ်ခု မဟုတ်ချေ။ ကိုယ်ရံတော်များကို
ထားပါဦး။ အနီးအပါး၌ မယ်တော် မိဖုရားကြီး ရှိနေခြင်းသည်ပင် လုပ်ကြံ
ရေးအတွက် အခက်အခဲကြီးတစ်ခု ဖြစ်လေသည်။ ထို့ပြင်လည်း မိမိ လုပ်ကြံရ
မည့်ပုဂ္ဂိုလ်မှာ မယ်တော်၏ ကြင်ယာတော်ဖြစ်ခြင်းအတွက်ကြောင့် မင်းသား
အဘို့၌ အခက်ကြီးတစ်ခု ဖြစ်နေ၏။ နူးညံ့သိမ်မွေ့သော စိတ်သဘောရှိသည့်
ဟဲမ်လက်အဖို့မှာ လူသားတစ်ယောက်၏ အသက်ကို သတ်ဖြတ်ရခြင်းတည်း
ဟူသော အလုပ်သည် အလွန် ကြမ်းကြုတ်ရက်စက်၍ ကြောက်မက်ဖွယ်သော
အလုပ်ကြီးတစ်ခု ဖြစ်၏။ မင်းသား ဟဲမ်လက်မှာ ကြာရှည်စွာ စိတ်ညစ်ညူး
ညှိုးနွမ်းလာခဲ့ရသူဖြစ်၍ အလွန်အကျွံဖြစ်သော ဤအမှုမျိုးကို ပြုရန်အတွက်
အထူးသဖြင့် တွန့်ဆုတ်ဖင့်နွှဲခြင်း ဖြစ်လျက်ရှိ၏။ ထိုမှတစ်ပါးလည်း မင်းသား
မြင်လိုက်ရသော ဝိညာဉ် (တစ္ဆေ)မှာ ခမည်းတော်ကိုယ်တိုင် ကိုယ်ထင်ပြခြင်း
ဟုတ်ပါလေ၏လောဟူသော သံသယကလည်း ရှိနေသေး၏။ မာန်နတ်သည်
လည်း အသွင်အမျိုးမျိုး ဖန်ဆင်းနိုင်သည်ဆိုရာ မိမိ၏ စိတ်ညစ်ညူးခြင်းကို



www.burmeseclassi.com

www.burmeseclassic.com



အခွင့်ကောင်းယူကာ ခမည်းတော်၏ အသွင်ဖြင့် ဤကြမ်းကြုတ်ရက်စက်သော အမှုကို ပြုဖို့ ဖြားယောင်းသွေးဆောင်ခြင်းလည်း ဖြစ်နိုင်သည်ဟု စဉ်းစားမိ၏။ သို့ဖြစ်၍ ဤမျှလောက် အရေးကြီးသော အမှုကို ပြုရာတွင် တစ္ဆေအဖြစ်နှင့် ကိုယ်ထင်ပြခြင်းမျှလောက်နှင့် မပြီးဘဲ ထို့ထက် ခိုင်လုံသော အထောက်အထား ရှိသင့်သည်ဖြစ်၍ သေချာအောင် ဆက်လက် ထောက်လှမ်းစုံစမ်းပါဦးမည်ဟု ဆုံးဖြတ်လေ၏။

ဟဲမ်လက်မင်းသားသည် ဤကဲ့သို့ မဝေခွဲနိုင်သောအဖြစ်၌ ရှိနေစဉ် နန်းတော်သို့ ဇာတ်သဘင်အဖွဲ့ ရောက်လာ၍ ၎င်းအနက်တွင် ယခင်က ဟဲမ်လက်နှစ်သက် သဘောကျဖူးသည့် ဇာတ်သမားများလည်း ပါလာကြ၏။ ၎င်းဇာတ်အဖွဲ့သည် ထရွိုင်ဘုရင် အသတ်ခံရသောအခါ၌ မိဖုရားကြီး ဒုက္ခရောက်ပုံကို ယခင်က တစ်ကြိမ်ကပြဖူး၍ ဟဲမ်လက် ကြည့်ရဖူးသည်နှင့် ၎င်းဇာတ်လမ်းကို မိမိအား ပြန်ပြောင်းပြောပြရန် မိမိနှင့် ခင်မင်သော ဇာတ်သမားတစ်ယောက်အား စေခိုင်းလေ၏။ ဇာတ်သမားက ထရွိုင်မြို့ကြီးတွင် ပရိယံ ဘုရင် အသတ်ခံရ၍ တစ်မြို့လုံး မီးလောင်ပြာကျပြီး မြို့သူ မြို့သားများ သေကြေပျက်စီးကြသဖြင့် မိဖုရားကြီး ဒုက္ခရောက်ရပုံ၊ ဦးခေါင်းပေါ်တွင် သရဖူအစား အဝတ်စုတ်ကြီးကိုပတ်လျက် ဘိနပ်မပါဘဲ နန်းတော်ထဲ၌ တောင်ပြေးမြောက်ပြေး လျှောက်၍ပြေးပုံ၊ မင်းတို့၏ ဝတ်ရုံကြီး ဝတ်ရမည့်အစား တွေ့ရာမှ ကမ္ဗလာကို ဆွဲယူလာခဲ့သည့် စောင်တစ်ထည်ကို ကိုယ်၌ ရစ်ပတ်ထားပုံ အစရှိသော အဖြစ်အပျက်များကို သရုပ်ပါပါနှင့် သဘာဝကျကျ ပြောပြလေရကား နားထောင်ရသူအပေါင်း မျက်ရည်ကျရရုံမျှမက၊ ပြောပြသူ ကိုယ်တိုင်မှာလည်း လက်ငင်းဖြစ်နေသည့် အချင်းအရာတစ်ခုဟူ၍ မှတ်ထင်လာသည့် လက္ခဏာနှင့် ပြောရင်းပြောရင်း မျက်ရည် တရွှဲရွှဲနှင့် အသံတုန်ရီလျက် ရှိလေ၏။ ဟဲမ်လက် မင်းသားသည် ဇာတ်သမား ပြောပြသည့် ဇာတ်လမ်းကို နားထောင်ရင်း စဉ်းစားမိသည်မှာ လွန်ခဲ့သော နှစ်ပေါင်း ရာ,ထောင်က ဖြစ်ခဲ့သော အချင်းအရာကို ပြန်လည်ဖော်ထုတ်ကာမျှနှင့် ဇာတ်သမားအဖို့ မျက်ရည်တောက်တောက်ကျရသည်ဆိုလျှင် ခမည်းတော် တစ်ယောက်လုံး တကယ်အသတ်ခံရပါလျက်နှင့် လက်စားချေဖို့ မကြိုးစားဘဲ ဤမျှလောက် အချိန်ဆွဲလျက်ရှိသော မိမိမှာ မနာတတ်အောင် ထိုင်းမှိုင်းသောစိတ်မျိုး ရှိချေသည်တကားဟု စဉ်းစားမိလေ၏။ ၎င်းပြင် အထက်ပါဇာတ်လမ်းကို ပြောပြသော ဇာတ်သမားနှင့် ၎င်းအား နားထောင်ကြရသော ပရိသတ်၏ စိတ်၌ ထိခိုက်ပုံကို ဆင်ခြင်မိပြန်ရာတွင်လည်း မင်းသားသည် ဇာတ်ပွဲတစ်ခု၌ လူသတ်ခန်းကို ကြည့်ရသော ပရိသတ်အနက်မှ လူသတ်ကောင်တစ်ယောက်သည် မိမိကြည့်ရသော လူသတ်





ဇာတ်ကွက်နှင့် မိမိ သတ်ခဲ့ဖူးသည့် သတ်ပုံသတ်နည်းတို့၏ တူညီခြင်းကို သတိရသည်နှင့် မိမိပြုခဲ့ဖူးသော လူသတ်မှုကို ဇာတ်ပွဲထဲ၌ပင် ဖော်ထုတ်ဝန်ခံဖူးသည်ဆိုခြင်းကို မင်းသား သတိရလာ၏။ သို့ဖြစ်၍ ဟဲမ်လက်မင်းသား စိတ်ကူးမိသည်မှာ ခမည်းတော် လုပ်ကြံခြင်းခံရပုံနှင့် ဆင်ဆင်တူသော ဇာတ်လမ်းတစ်ခုကို ကလောဒီယတ်နှင့် မယ်တော်တို့ ရှေ့တွင် ပြစေပြီး၊ မယ်တော်နှင့် ကလောဒီယတ်တို့ မျက်နှာထားပုံများကို မိမိ အကဲခတ်ရလျှင် ၎င်းတို့နှစ်ဦး အကြောင်းကို မိမိကိုယ်တိုင် ယုံမှား သံသယကင်းသည်အထိ တပ်အပ်သေချာ သိနိုင်ခွင့် ရှိလိမ့်မည်ဟု စိတ်ကူးမိလေ၏။ ဤတွင် မင်းသားသည် ခမည်းတော် လုပ်ကြံခြင်း ခံရပုံ ဇာတ်လမ်းအတိုင်း ဇာတ်သမားများအား ပြောပြ၍ ဇာတ်ကရန် စီစဉ်ကြပြီးလျှင် ဇာတ်ပွဲသို့ မယ်တော်နှင့် ဘထွေးတို့အား ပင့်ဖိတ်လေ၏။

မင်းသားဆင်ထားသည့် ဇာတ်လမ်းမှာ ဗီယာနာမြို့တွင် မြို့စားကြီး လုပ်ကြံခံရပုံအကြောင်းဖြစ်၏။ ဖြစ်ပျက်ပုံမှာ မြို့စားကြီးသည် ဥယျာဉ်ထဲ၌ အိပ်ပျော်လျက်ရှိစဉ် ညီတစ်ယောက်က မြို့စားကြီး၏ နားထဲသို့ အဆိပ်ရည်လောင်းသတ်ပြီးလျှင် မြို့စားကြီး သေသောအခါတွင် မြို့စားကတော်ကို ညီက လက်ထပ်ယူခြင်းပင်ဖြစ်၏။ ၎င်းဇာတ်လမ်းကို ဇာတ်သမားများ ကပြသော ပွဲသို့ ကလောဒီယတ်နှင့် မယ်တော်တို့သာမက နန်းတော်သူ နန်းတော်သားများလည်း လာရောက် ကြည့်ရှုကြလေရာ ဟဲမ်လက်မင်းသားသည် ဘုရင်အနီးတွင် ထိုင်လျက် ၎င်း၏ မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်လျက်ရှိ၏။ ဇာတ်ပွဲအစ၌ မြို့စားကြီးနှင့် မြို့စားကတော်ကြီးတို့ စကားပြောလျက်ရှိရာ မြို့စားကတော်ကြီးက မိမိသည် မြို့စားကြီးအား အခြားသော မိန်းမများနှင့် မနှိုင်းယှဉ်သာလောက်အောင် ချစ်ခင်ကြင်နာခြင်းရှိကြောင်း၊ မတော်တဆ (လွဲစေဖယ်စေ) မြို့စားကြီး အလျင်သေ၍ မိမိကျန်ရစ်ခဲ့သည်ရှိသော် မည်သည့်နည်းနှင့်မျှ နောက်အိမ်ထောင် ပြုလိမ့်မည် မဟုတ်ကြောင်း၊ နောက်အိမ်ထောင် ပြုရက်သော မိန်းမများမှာ ပထမ လင်ကြီးကို သတ်သော မိန်းမယုတ်မျိုးသာဖြစ်ကြောင်း ပြောလေ၏။ ဤစကားကို ကြားရသောအခါ ဘုရင်ရော မိဖုရားပါ နားခါးကြဟန်ရှိပေရာ ဘုရင်မှာမူကား မျက်နှာ ဖြူဖတ်ဖြူလျော် ဖြစ်သွားသည်အထိ ကြွေ့ ပျက်သွားခြင်းကို မင်းသား မြင်လိုက်ရ၏။ ထို့နောက် အိပ်ပျော်နေသော မြို့စားကြီး၏ နားရွက်ထဲသို့ ညီက အဆိပ်ရည်လောင်းထည့်ရန် လာသောအခန်းသို့ ရောက်သောအခါ၌မူ ကလောဒီယတ်သည် မိမိ လုပ်ကြံပုံနှင့် အဆင်တူနေခြင်းကို သတိရသည်နှင့် ဇာတ်ဆုံးအောင် မကြည့်နိုင်တော့ဘဲ ရုတ်တရက် နေမကောင်းပုံ အကြောင်းပြပြီးလျှင် ပွဲမှထ၍ မိမိ၏ အဆောင်သို့ ဝင်သွားလေ၏။ ဘုရင်ထွက်သွားရာတွင် ဇာတ်ပွဲကို ရုပ်သိမ်းသော်လည်း မင်း



www.burmeseclassi.com

www.burmeseclassic.com



သားသည် ခမည်းတော်အား ဘဒွေးတော်က လုပ်ကြံခြင်းနှင့် ပတ်သက်၍ သံသယ ကင်းရှင်းလောက်အောင် သိလိုက်ရပြီးလေပြီ။ ထို့နောက် မင်းသားသည် ခမည်းတော်အတွက် ဘဒွေးတော်အပေါ်၌ မည်သို့နည်းဖြင့် လက်စားချေရမည်ကို တွေးတောစိတ်ကူးလျက်ရှိစဉ် မယ်တော်က ၎င်း၏ အဆောင်သို့ အခစားဝင်ရန် ခေါ်သည်နှင့် မယ်တော်ထံသို့ သွားလေ၏။

မယ်တော်က မင်းသားအား ခေါ်ခြင်းမှာ ကလောဒီယတ်၏ တိုက်တွန်းချက်အတိုင်း ဖြစ်လေရာ မယ်တော်က မင်းသား၏ ပြုမူနေထိုင်ပုံများအတွက် ဘုရင်သည်လည်းကောင်း၊ မိမိသည်လည်းကောင်း၊ ကျေနပ်နှစ်သိမ့်ခြင်း မရှိခြင်းကို ပြောပြကာ ဆုံးမဩဝါဒပေးရန်ဖြစ်၏။ ကလောဒီယတ်သည် သားအမိနှစ်ယောက်တို့ ပြောကြသောစကားများကို အလုံးစုံ သိလိုသည်ဖြစ်၍ အမတ်ချုပ်ကြီး ပိုလိုနီယတ်အား မိဖုရား၏ အဆောင်ထဲတွင် ကန့်လန့်ကာနောက်မှ တိတ်တဆိတ် ချောင်း၍ နားထောင်ဖို့ စီမံထားလေ၏။ ဘုရင်သည် မိဖုရားကို မယုံကြည်သောကြောင့်မဟုတ်၊ သားအမိဖြစ်ခြင်းကြောင့် တိုင်ပင်ကြသောစကားများကို အလုံးစုံ ပြန်မပြောဘဲ ချွင်းချန်ထားလိမ့်မည် ထင်သောကြောင့်ဖြစ်လေသည်။ အမတ်ချုပ်ကြီး ပိုလိုနီယတ်မှာလည်း လျှို့ဝှက်သော တိုင်းပြည်မှုရေးရာကိစ္စများတွင် တစ်သက်ပတ်လုံး လေ့လာထားခဲ့သူတစ်ယောက်ဖြစ်၍ ဤအလုပ်မျိုးနှင့် အလွန်သင့်တော်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လေသည်။

ဟဲမ်လက်သည် မယ်တော်၏ အဆောင်သို့ ရောက်သောအခါ မယ်တော်က ဟဲမ်လက်၏ နေထိုင်ပြုမူပုံများနှင့် ပတ်သက်၍ ပြစ်တင်ပြောဆိုပြီးလျှင် ထိုအတွက်ကြောင့် 'ခမည်းတော်' ဘုရင် ကလောဒီယတ် (မိမိ၏ လင်ယောကျ်ားဖြစ်၍ 'ခမည်းတော်'ဟု သုံးနှုန်းခြင်းဖြစ်သည်။)အား အကြီးအကျယ် စိတ်ဒုက္ခရောက်စေကြောင်းများနှင့် မြည်တွန်တောက်တီးလေ၏။ ဟဲမ်လက်မင်းသားသည် မိမိ၏ ခမည်းတော် (သူ၏ နောင်တော်)ကို သတ်သောလူတစ်ယောက်အား 'ခမည်းတော်' အနေဖြင့် မယ်တော်က သုံးနှုန်းပြောဆိုခြင်းအတွက် မခံမရပ်နိုင်အောင်ရှိသည်နှင့် "မယ်တော်ဘုရားက ခမည်းတော်အား စော်ကားလျက် ရှိပါသည်"ဟု ခပ်ဆတ်ဆတ် ပြန်ပြောရာတွင် မယ်တော်က "စကားပိုတွေကို မပြောစမ်းပါနှင့်"ဟု ပြောလေ၏။ ဟဲမ်လက်ကလည်း ပြောခွင့်ရှိ၍ ပြောခြင်းဖြစ်ပါသည်ဟုဆို၏။ ထိုအခါ မယ်တော်က "ယခု စကားပြောနေတာဟာ ဘယ်သူနဲ့ ပြောနေတယ်ထင်လို့လဲ"ဟု မေး၏။ ဤတွင် ဟဲမ်လက်က မိမိသိ ပါကြောင်း၊ မတ်ကို လက်ထပ်ယူပြီး မိဖုရားဖြစ်အောင်လုပ်တဲ့ မိမိ၏ မယ်တော် ဖြစ်ကြောင်း သိပါသည်ဟု ပြန်ပြောလေ၏။ မိဖုရားကလည်း





မိမိအား ဤကဲ့သို့ မိုက်ရိုင်းစွာ စကားပြောလျှင် မိမိကိုယ်တိုင် မပြောဘဲ ထိုက်တန်သော လူကို လွှတ်လိုက်ရမည်ဆိုကာ ထွက်သွားမည်ပြုလေ၏။ "ထိုက်တန်သောလူ" ဟူ သည်မှာ ဘုရင် ကလောဒီယတ်ဖြစ်စေ၊ အမတ်ချုပ်ကြီး ပိုလိုနီယတ်ဖြစ်စေ ဆိုလိုခြင်းဖြစ်လေသည်။

သို့ရာတွင် ဟဲမ်လက်သည် မယ်တော်အား ထွက်သွားခွင့်မပြုဘဲ ၎င်း၏ ဆိုးရွားယုတ်မာသော အပြုအမူများကို ပေါ်အောင် စစ်တော့မည်ဟု အောက်မေ့ကာ မယ်တော်၏ လက်ကောက်ဝတ်ကို ကြပ်တည်းစွာ ဆုပ်ကိုင်လျက် နေရာတွင် ပြန်၍ ထိုင်စေ၏။ မိဖုရားသည် မင်းသား၏ စိတ်အားထက်သန်သော အမူအရာကို လန့်လာ၍ လူရူးတစ်ယောက်ဖြစ်သည့်အလျောက် လုပ်ချင်ရာ လုပ်တတ်သည်ဟု စိုးရိမ်သည်နှင့် အသံပြုလိုက်လေ၏။ ထိုခဏ၌ ကန့်လန့်ကာနောက်မှလည်း "မိဖုရားကို ကယ်ကြပါ၊ ကယ်ကြပါ"ဟူသော ဟစ်အော်သံ ထွက်လာလေရာ ဟဲမ်လက်က ဘုရင် ကလောဒီယတ်အသံ ထင်သည်နှင့် ဓားကို ထုတ်ပြီးလျှင် အသံကြားရာဖြစ်သော ကန့်လန့်ကာနောက်ဆီသို့ အချက်ပေါင်းများစွာ ထိုးလေ၏။ သေလောက်ပြီ ထင်သောအခါမှ မင်းသားသည် ကန့်လန့်ကာနောက်၌ရှိသော လူကို ဆွဲထုတ်လိုက်ရာ အမတ်ချုပ်ကြီး ပိုလိုနီယတ်ဖြစ်ကြောင်း တွေ့ရလေ၏။ ထိုအခါ မိဖုရားက "ရက်ရက်စက်စက် လုပ်လိုက်ပါပေ့ကွယ်"ဟုဆိုရာ ဟဲမ်လက်က "ဘာများ ရက်စက်လို့လဲ မယ်တော်၊ လင်ယောကျ်ားကို သတ်ပြီး မတ်နဲ့ နန်းထိုင်တဲ့ မယ်တော့် အလုပ်လောက် မဆိုးရွားသေးပါဘူး"ဟု ပြောလေ၏။

ဟဲမ်လက်သည် ဤမျှလောက် ပြောင်တင်းစွာ ပြောပြီးသည်နောက်မှ ပြန်ဆုတ်ရန် မဖြစ်နိုင်တော့ဘဲ ရှိရာတွင် ရှေ့သို့ တိုး၍ ပွင့်လင်းစွာ ပြောလေတော့၏။ သားသမီးတို့မည်သည် မိဘတို့၏ အပြစ်ကို ညာညာတာတာ စဉ်းစားအပ်သည့် ဝတ္တရား ရှိသည်မှန်သော်လည်း ကျူးလွန်သော ပြစ်မှုသည် အလွန်တရာ ဆိုးရွားယုတ်မာသောအခါ၌မူကား မွေးသမိခင်ပင် ဖြစ်စေကာမူလည်း ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုသင့်က ပြောဆိုရပေလိမ့်မည်။ သို့ရာတွင် ထိုကဲ့သို့ ပြစ်တင်ပြောဆိုသောအခါတွင် မိခင်အား ကဲ့ရဲ့ရှုတ်ချလိုသော စေတနာနှင့် မဟုတ်ဘဲ ဆိုးရွားယုတ်မာသော လမ်းစဉ်ကို စွန့်လွှတ်၍ လူကောင်း သူကောင်း ဖြစ်လာစေလိုသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း ဖြစ်သင့်ပေသည်။ သို့ဖြစ်၍ သိက္ခာသမာဓိနှင့် ပြည့်စုံသော ဟဲမ်လက်မင်းသားသည် သနားဖွယ်ကောင်းသော အမူအရာနှင့် မယ်တော်အား တင်လျှောက်ရာတွင် ခမည်းတော်ကို သတ်သည့် မတ်တစ်ယောက်အား အလျင်စလို ထိမ်းမြားလက်ထပ်၍ မိဖုရားအဖြစ် ခံယူသော အပြုအမူ၏ ဆိုးရွားယုတ်မာပုံအချင်း



www.burmeseclassic.com

www.burmeseclassic.com



အရာကို ဖော်ထုတ်ရှင်းပြလေ၏။ မယ်တော်၏ အပြုအမူကြောင့် မိန်းမသား တစ်မျိုးလုံး၏ ဂုဏ်သိက္ခာ ညှိုးပုပ်စေကြောင်း၊ မိန်းမများက လင်ယောက်ျား အပေါ်၌ ပြုကြသော သစ္စာစကားများမှာ ယုံကြည်စရာ မဟုတ်တော့ဘဲ အလဟဿ ဖြစ်သွားနိုင်ကြောင်း၊ မိန်းမတို့၏ ဣန္ဒြေ၊ မိန်းမတို့၏ ဖြူစင်သော အကျင့်၊ သစ္စာရှိသော အပြုအမူဟူသော စကားများသည် အဓိပ္ပာယ်မရှိသည့် အချည်းနှီး စကားများ ဖြစ်သွားနိုင်ကြောင်း စသည်များဖြင့် ပြောပြလေ၏။ ၎င်းနောက် မင်းသားသည် နတ်ရွာစံ ခမည်းတော်၏ ရုပ်ပုံကားနှင့် လက်ရှိ ဘုရင် (မယ်တော်၏ နောက်လင်) ကလောဒီယတ်၏ ရုပ်ပုံကားကို ထုတ်ပြ၍ ဤယောက်ျားနှစ်ယောက်တို့ကို ယှဉ်ကြည့်ပြီး မည်မျှ ခြားနားခြင်း ရှိသည်ကို မြင်အောင်ကြည့်ဖို့ပြောလေ၏။ မင်းသားက ခမည်းတော်၏ ခံ့ညား၍ ကျက်သရေရှိသော ရုပ်အင်္ဂါလက္ခဏာတို့ကို တစ်ခုစီထောက်ပြပြီးနောက် မယ်တော်၏လက်ရှိ ခင်ပွန်းသည် ဘုရင် ကလောဒီယတ်နှင့် ခြားချင်တိုင်း ခြားနားပုံများကို အသေးစိတ် ထောက်ပြလေ၏။ မယ်တော် မိဖုရားသည် သားတော်၏ ညွှန်ပြချက်ကြောင့် မိမိ၏ အပြစ်ကို စေ့စေ့တွေးပြီး ရေးရေးထင်မြင်လာပြီးလျှင် ထိုအတွက်ကြောင့် သားတော် မင်းသား၏ အပေါ်၌ ရွံရှက်သောစိတ် ဖြစ်ပေါ် လာလေ၏။ ထိုအခါမှ မင်းသားက နောင်တော်ကိုသတ်ပြီး ဇနီးကို လုယူသည့် မတ်တစ်ယောက်နှင့်အတူ နန်းထိုင်ရခြင်း၏ ယုတ်ညံ့နုံချာပုံကို အကျယ်တဝင့် ပြောပြလျက်ရှိစဉ် နတ်ရွာစံဘုရင် ဟဲမ်လက်သည် ရှေးယခင်က ရုပ်ဆင်း သဏ္ဌာန်အတိုင်း ကိုယ်ထင်ပြသည့်အနေဖြင့် ၎င်းတို့၏ရှေ့တွင် ပေါ်လာလေ ၏။ ထိုအခါက မင်းသားက "ဘယ်အရာကို အလိုရှိ၍ လာရောက်ခြင်းဖြစ်ပါ သနည်း"ဟု မေးရာ၊ ဘုရင် ဟဲမ်လက်၏ ဝိညာဉ်(တစ္ဆေ)က "လက်စားချေဖို့ တာဝန်ယူထားသည့်အလုပ်ကို မင်းသား မေ့လျော့လျက်ရှိသည်"ဟု သတိပေး လေ၏။ ထို့နောက် ဝိညာဉ်က ဝမ်းနည်းထိတ်လန့်လျက်ရှိသော မယ်တော်အား နှစ်သိမ့်စကား ပြောဖို့ မင်းသားအား မှာထားပြီးလျှင် ကွယ်ပျောက်သွားလေ၏။ ဘုရင်ဟဲမ်လက်၏ ဝိညာဉ်ကိုယ်ထင်ပြခြင်းကို မင်းသားတစ်ဦးတည်း မြင်လိုက် ရ၍ မိဖုရားကြီး မမြင်လိုက်ရဘဲ ရှိလေရာ၊ မိဖုရားသည် တစ်ကိုယ်တည်း စကားပြောလျက်ရှိသော သားတော် မင်းသားကို မြင်ရသောအခါ၌ ရူးသွပ်ရော ဂါ ထလာခြင်းဖြစ်သည်ဟု ထင်မိ၏။ မင်းသားက ခမည်းတော် ကိုယ်ထင်ပြလာ ခြင်းအကြောင်းကို ပြောပြသော်လည်း မယ်တော်မှာ မယုံနိုင်ဘဲ ဖြစ်နေ၏။ မင်းသားက ခမည်းတော် ကိုယ်ထင်ပြလာခြင်းမှာ မိမိရူးသွပ်သောကြောင့် မဟုတ်၊ မယ်တော်၏ ကျင့်ကြံပုံ နေရာမကျသည့်အတွက်ကြောင့် ဖြစ်ကြောင်း ပြောပြပြီးလျှင် မိမိ၏ သွေးသည် အရူးတစ်ယောက်၏ လှုပ်ခုန်ခြင်းမျိုးမဟုတ်ဘဲ





မှန်မှန်ကြီး လှုပ်ခုန်လျက် ရှိခြင်းကို မယ်တော်သိစေရန် လက်ကို သွေးစမ်းကြည့်ဖို့ ထိုးပေးလေ၏။ ထို့နောက် မင်းသားက မယ်တော်အား မိမိ၏ အပြစ်များကို ဘုရားသခင်သို့ ဝန်ခံ၍ အပြစ်လွှတ်ဖို့ တောင်းပန်သင့်ကြောင်း ရှေ့အဖို့တွင် ကလောဒီယတ်နှင့်အတူ မနေဘဲ ခွဲခွာရမည့်အကြောင်း၊ မယ်တော်က ခမည်း တော်အား လွမ်းဆွတ် ကြင်နာစိတ်ဖြင့် သတိရ၍ မိမိအပေါ်၌ မယ်တော်ပီပီ စိတ်ထားပါမူ မယ်တော်၏ အပြစ်အတွက် ချမ်းသာပေးရန် ဘုရားသခင်အား မိမိအသနားခံမည် ဖြစ်ကြောင်းများကို မျက်ရည်စက်လက်ဖြင့် မယ်တော်အား တောင်းပန်ပြောဆိုလေ၏။ မယ်တော်ကလည်း မင်းသား၏ တောင်းပန်ချက် အတိုင်း အလုံးစုံလိုက်နာ ဆောင်ရွက်ပါမည်ဟု ကတိပြုပြီးနောက် သားအမိ ဆွေးနွေးခန်း ပြီးဆုံးလေ၏။

ဤတွင် ဟဲမ်လက်သည် မိမိမှားနှင့် ထိုးသတ်ထားသူ၏ အလောင်း ကို သေချာစွာ ကြည့်မိလေရာ ချစ်လှသော ရည်းစား၏ဖခင် အမတ်ချုပ်ကြီး ပိုလိုနီယတ်ဖြစ်ကြောင်း တွေ့ရ၍ ဝမ်းနည်းပက်လက် ငိုကြွေးလေ၏။

ကလောဒီယတ်ဘုရင်သည် ဟဲမ်လက်မင်းသားအား အမတ်ချုပ်ကြီး ကို သတ်မှုနှင့် သေဒဏ်ပေးလိုက်သော်လည်း တိုင်းသူပြည်သားများက မင်းသား အား အလွန် ချစ်ခင်ကြသည်တစ်ကြောင်း၊ မိဖုရားကြီး ကိုယ်တိုင်၌ကလည်း အခြားအပြစ်များရှိစေကာမူ သားတော် မင်းသားကလေးအား ဝတ္တရားမပျက် ဘဲ မိခင်၏ ကြင်နာမှု ရှိသည်တစ်ကြောင်းကြောင့် ပရိယာယ်ဉာဏ် တစ်မျိုးဖြင့် မင်းသားအား တိုင်းပြည်အပြင်သို့ ရောက်အောင် စီမံလေ၏။ ကလောဒီယတ် က အမတ်ချုပ်ကြီးကို သတ်ခြင်းအတွက်ကြောင့် ပြည်သူလူထုသည် မင်းသား အပေါ်၌ အမျက်ထွက်ကြ၍ လုပ်ကြံ သတ်ဖြတ်ကြလိမ့်မည်ဟု အကြောင်းပြ ကာ မင်းသားအား အင်္ဂလန်ပြည်သို့ပို့ရန် စီစဉ်လေ၏။ အင်္ဂလန်ပြည်သည် ထိုအခါ၌ ဒိန်းမတ်ပြည်၏ လက်အောက်ခံ ဖြစ်လေရာ ကလောဒီယတ်သည် အင်္ဂလိပ် ရှင်ဘုရင်ထံသို့ စာတစ်စောင် ရေးသား၏။ ၎င်းစာ၌ ဟဲမ်လက်မင်း သားအား အင်္ဂလန်ပြည်သို့ ရောက်ရောက်ချင်း အဆုံးစီရင်ရန် မှာထားလိုက်၏။ ထို့နောက် ကလောဒီယတ်သည် ဟဲမ်လက်မင်းသားနှင့်အတူ ကျေးကျွန်နှစ် ယောက်ထည့်လိုက်၍ အင်္ဂလန်ပြည်သို့ သွားမည့် သင်္ဘောတစ်စင်းပေါ်တွင် တင်လွှတ်လိုက်လေ၏။ ဟဲမ်လက်မင်းသားသည် ကလောဒီယတ်ကို မသင်္ကာ သည်နှင့် အင်္ဂလိပ်ဘုရင်ထံသို့ ပို့လိုက်သောစာကို တိတ်တဆိတ် ခိုးဖတ်လေရာ အကြောင်းချင်းရာကို ရိပ်မိ၍ အမည်ကို ဖျက်ပြီးလျှင် ကျေးကျွန်နှစ်ယောက်တို့ ၏ အမည်များကို ထည့်ထားလိုက်လေ၏။ သင်္ဘောသည် ပင်လယ်ပြင်သို့ ရောက်သောအခါ ပင်လယ်ဓားပြများနှင့် တွေ့၍ စစ်ပွဲဖြစ်ရာတွင် မင်းသား



www.burmeseclassi.com

www.burmeseclassic.com



သည် သူရသတ္တိကောင်းသူတစ်ယောက် ဖြစ်သည့်အလျောက် ဓားကို ကိုင်စွဲလျက် ဓားပြသင်္ဘောပေါ်သို့ တက်သွားလေ၏။ မင်းသားသည် ဓားပြများနှင့် ရင်ဆိုင်တိုက်ခိုက်လျက်ရှိစဉ် ကျေးကျွန်နှစ်ယောက်တို့သည် မင်းသားကို ပစ်ထားခဲ့၍ အင်္ဂလန်ပြည်သို့ ဆက်လက်လွင့်သွားကြလေ၏။

ဓားပြများသည် သတ္တိကောင်းသော မင်းသားကို မြင်ကြသောအခါ ဒိန်းမတ်ပြည်မှ ဟဲမ်လက်မင်းသားဖြစ်ကြောင်းကို သိကြ၍ ဘုရင်ထံမှ နောက်နောင်အခါများတွင် မျက်နှာကောင်းရစေရန် ရည်ရွယ်ချက်နှင့် ဟဲမ်လက်အား ကောင်းမွန်စွာ ပြုစုထားကြပြီးနောက် ဒိန်းမတ်ကမ်းခြေသို့ ဆိုက်ကပ်ကာ မင်းသားကို ကမ်းပေါ်၌ ချထားခဲ့ကြလေ၏။ ကမ်းပေါ်သို့ ရောက်သောအခါ မင်းသားသည် အဖြစ်အပျက်အချင်းအရာကို ကလောဒီယတ်ထံသို့ စာတစ်စောင်ရေးသား၍ နန်းတော်သို့ မကြာမီ အခစား ဝင်ရောက်မည်ဖြစ်ကြောင်း ဖော်ပြလိုက်လေ၏။ မြို့တော်သို့ ပြန်ရောက်သောအခါ ဟဲမ်လက်မင်းသားသည် ကြေကွဲဝမ်းနည်းဖွယ် အချင်းအရာများကို ကြုံတွေ့ရလေ၏။

မင်းသားတွေ့ရသော အချင်းအရာမှာ ရည်စား အိုဖီလီယာ၏ ဈာပနပင်ဖြစ်၏။ အိုဖီလီယာသည် မိမိ၏ ဖခင်များ အခြားသူက သတ်သည်မဟုတ်၊ ချစ်လှပါသည်ဆိုသော ဟဲမ်လက်မင်းသားက သတ်ခြင်းဖြစ်ကြောင်း သိရှိရသည်တွင် အကြီးအကျယ် စိတ်ထိခိုက်၍ ရူးသွပ်သကဲ့သို့ ဖြစ်ပြီးလျှင် ဖခင်အတွက် "လွမ်းသူပန်းခွေ"ဟုဆိုကာ ပန်းကုံးကြီးကို လည်ပင်းတွင် စွပ်လျက် ဤမှ ထိုမှ လှည့်လည် သွားလာလေ၏။ ယင်းသို့ လှည့်လည်ရာ စမ်းချောင်းတစ်ချောင်းသို့ ရောက်သွား၍ ကမ်းမှ ရေပေါ်သို့ ကိုင်းညွတ်ကာ ပေါက်လျက်ရှိသော မိုးမခပင် တစ်ပင်ပေါ်သို့ တက်ရာတွင် သစ်ကိုင်းကျိုး၍ ရေထဲသို့ ကျသွားလေ၏။ ပထမ၌ အိုဖီလီယာ၏ ချောက်သွေ့သော အဝတ်များကြောင့် ရုတ်တရက် မနစ်မြုပ်ဘဲရှိရာ အိုဖီလီယာသည် ချောင်းထဲ၌ မျောပါလျက်ရှိစဉ် ရည်းစားကို တမ်းတခြင်း၊ ဖခင်အတွက် ကြေကွဲဝမ်းနည်းခြင်းတည်းဟူသော တေးချင်းများကို ဖွဲ့ကာနွဲ့ကာ သီဆိုရင်း ပါသွားလေ၏။ အတန်ကြာသော်မှ အဝတ်များ ရေဝလာသည်နှင့် အိုဖီလီယာမှာ ကြည်လင်သော ရေမျက်နှာပြင်မှ နွံနွံထူသည့် ရေအောက်သို့ နစ်မြုပ်သွားလေတော့၏။ ဟဲမ်လက် ပြန်ရောက်လာသောအခါ၌ အိုဖီလီယာ၏ ဈာပနကိစ္စဆောင်ရွက်သူများနှင့် တွေ့ကြုံရခြင်းဖြစ်လေရာ ၎င်းတို့အနက် ဘုရင်နှင့် မိဖုရားတို့လည်း ပါဝင်လေသည်။

ဟဲမ်လက်မင်းသားသည် အဖြစ်အပျက်ကို မသိသည်နှင့် ရပ်၍ ကြည့်နေရာ (ထိုခေတ်ထုံးစံအတိုင်း) အပျိုစင်သေဆုံးသော မိန်းကလေး၏ သင်္ချိုင်းပေါ်သို့ ပန်းဖြူများ ကြဲဖြန့်ကြလေ၏။ ပန်းကြဲသူများအနက်တွင် မယ်





တော်မိဖုရားကြီးလည်း ပါဝင်လေရာ မိဖုရားကြီးသည် ပန်းဖြူများကို ကြဲဖြန့်ရင်း "ငြိမ်းချမ်းစွာ အိပ်နေရစ်ရှာတော့ မိန်းကလေး၊ ငါ့သားနဲ့ လက်ထပ်တဲ့ မင်္ဂလာညောင်စောင်းမှာ ပန်းမွေ့ယာခင်းရလိမ့်မယ်လို့ ထင်ခဲ့တာ၊ အခုတော့ သင်္ချိုင်းမှာ ပန်းကြဲနေရပါပြီကော. . . "ဟု ညည်းတွား ရေရွတ်လေ၏။ ထိုခဏ၌ အိုဖီလီယာ၏ မောင်သည် တွင်းထဲသို့ ခုန်ဆင်း၍ မိမိအား နှမနှင့်အတူ မြှုပ်လိုက်ကြဖို့ ပြောလေ၏။ ထိုအခါ ဟဲမ်လက် မင်းသားသည် အိုဖီလီယာအား မိမိထက်ချစ်သူ မရှိနိုင်ဟု မှတ်ထင်ခဲ့ရာ ၎င်း၏မောင်က ထိုကဲ့သို့ ချစ်စွမ်းပြခြင်းကို မခံနိုင်သည့် လက္ခဏာနှင့် သူလည်း တွင်းထဲသို့ ခုန်ဆင်းချလိုက်လေ၏။ မောင်ဖြစ်သူသည် ဟဲမ်လက်ဖြစ်ခြင်းကို သိ၍ သူ့အတွက်ကြေ ့ ဖခင်ရော၊ နှမပါ သေဆုံးရသည်ဆိုကာ မင်းသား၏ လည်ပင်းကို ကိုင်ညှစ်လေရာ မသာပို့သူများက ဖြန်ဖြေလိုက်ရ၏။ ၎င်းနောက် မင်းသားက အိုဖီလီယာအတွက် မိမိထက် ဝမ်းနည်းသူ မရှိခြင်းကို ပြလို၍ တွင်းထဲသို့ ခုန်ချခြင်းဖြစ်ကြောင်း ပြောပြရာတွင် မောင်ဖြစ်သူလည်း စိတ်ကျေနပ်လေတော့သည်။

ကလောဒီယတ်ဘုရင်သည် ဖခင်နှင့် နှမ ဆုံးရှုံးရခြင်းအတွက် ဤမျှလောက် ကြေကွဲဝမ်းနည်းသောမောင်၏ အဖြစ်ကို မြင်ရာတွင် ဟဲမ်လက်ကို သေကြောင်းကြံရေးအတွက် ဤမောင်ကို အသုံးချရမည်ဟု အကြံရလေ၏။ ကလောဒီယတ်သည် မောင်ဖြစ်သူ ဟဲမ်လက်နှင့် အပျော်တမ်း ဓားခုတ်ပွဲကျင်းပရန် ချဲ့လင့်ချိုလုပ်စေရာ ဟဲမ်လက်က သဘောတူသည်နှင့် ရက်ချိန်းကြလေ၏။ ၎င်းဓားခုတ်ပွဲသို့ နန်းတွင်းသူ နန်းတွင်းသားအားလုံး လာရောက်ကြည့်ရှုကြလေရာ မောင်၏ ဓားတွင် အဆိပ်သုတ်လိမ်းထားရန် ကလောဒီယတ်က စီမံထား၏။ လူငယ်နှစ်ယောက်စလုံးသည် ဓားခုတ်ကျင်လည်သည့် နာမည်ကြီးများ ဖြစ်ကြသည့်အလျောက် နန်းတွင်းသားများသည် ဓားခုတ်ပွဲတွင် အကြီးအကျယ် အလောင်းအစား ပြုလုပ်ကြ၏။ အပျော်တမ်း ဓားခုတ်ပွဲများ၏ စည်းကမ်းအရမှာ ဓားဦးကို ချွန်ထက်အောင် လုပ်ခွင့်မရှိဘဲ တုံးတုံးမျှသာရှိစေရ၏။ ဟဲမ်လက်သည် ၎င်းစည်းကမ်းအတိုင်း လိုက်နာလျက် ရှိရာ မောင်ဖြစ်သူ၏ ဓားကို စစ်ဆေးကြည့်ရှုခြင်းပင်ရှိချေ။ ထိုသူ၏ ဓားမှုကား ထက်မြက်သော ဓားဦးရှိရုံသာမက အဆိပ်ပင် သုတ်လိမ်းထားသေး၏။ ဓားခုတ်ပွဲ အစပြုသောအခါ မောင်ဖြစ်သူသည် တကယ်အစွမ်းမပြဘဲ ဟဲမ်လက်အားပင် အသာပေး၍ ဓားကစားလျက်ရှိရာ ကလောဒီယတ်သည် ထိုသူ၏ ဉာဏ်ကိုရိပ်မိ၍ ဟဲမ်လက်၏ ဘက်တော်သားတစ်ယောက်အနေဖြင့် ဟန်ဆောင်ကာ ဟဲမ်လက်အား ဩဘာပေးလျက်ရှိ၏။ သို့ရာတွင် အတန်ကြာ၍ သွေးပူလာသောအခါ၌ မောင်သည် ဟဲမ်လက်အား ဖိ၍လိုက်ပြီး တကယ်ထိုးလိုက်ရာ အဆိပ်လူးသော



www.burmeseclassi.com

www.burmeseclassic.com



ဓားဖြစ်ခြင်းကြောင့် သေလောက်သော ဒဏ်ရာ ရရှိသွားလေ၏။ ဤတွင် ဟဲမ်လက်သည် မောင်၏ ညစ်ပတ်ခြင်းကို သိလေသလော မဆိုနိုင်။ ၎င်း၏ဓားကို ရအောင်လုယူ၍ မောင်အား ထိုးလိုက်ရာ ချက်ကောင်းကို ထိသွားလေ၏။

ထိုခဏ၌ ဘုရင်နှင့်အတူ ဓားခုတ်ပွဲ ကြည့်လျက်ရှိသော မယ်တော်မိဖုရားကြီးသည် "သေပါပြီ၊အဆိပ်တွေသောက်မိပါပြီ"ဟု အလန့်တကြား အော်လိုက်လေ၏။ ဖြစ်ရပုံမှာ ဤသို့တည်း။ ကလောဒီယတ်သည် သူ သေချာသည်ထက် သေချာအောင်ဆို၍ (မောင်က ချော်သွားခဲ့လျှင်) ဟဲမ်လက် သောက်ရန်အတွက် အဆိပ်ခတ်ထားသော အဖျော်ရည်ခွက်တစ်ခု ပြင်ထားရာ ဤအကြောင်းကို မသိသော မိဖုရားသည် ရေငတ်သည်နှင့် ယူ၍ သောက်လိုက်မိခြင်းဖြစ်ရာ မိဖုရားသည် မကြာမီအတွင်း ကွယ်လွန်သွားရာ သေခါနီး၌ အဆိပ်သောက်မိပါသည်ဟု ပြောသွားနိုင်သေးသည်။

ဟဲမ်လက်မင်းသားသည် မသင်္ကာသည်နှင့် စုံစမ်းမည်ဟု တံခါးများကို ချက်ချင်းပိတ်ဖို့ အမိန့်ပေးလေရာ အိုဖီလီယာ၏မောင်က သေခါနီးဆဲဆဲနေရာတွင် မိမိ၏ ညစ်ပတ်မှုကို ဖွင့်ဟဝန်ခံ၍ ကလောဒီယတ်၏ အကြံဖြစ်ကြောင်းကို ဖော်ထုတ်ပြောပြလေ၏။ မောင်သည် ဟဲမ်လက်၌ ထိထားသောဓားချက်မှာ အလွန် ပြင်းသော အဆိပ်ရည် ပါရှိသည်ဖြစ်၍ မကြာမီ သေရမည့်အကြောင်း သတိပေးပြီးလျှင်၊ အသက်ပျောက်သွားလေ၏။ ဤတွင် ဟဲမ်လက်သည် ကလောဒီယတ်ဘက်သို့ ရုတ်တရက် လှည့်၍ အဆိပ်လူးထားသည့် (မိမိ၏ လက်၌ရှိသော) ဓားဖြင့် ကလောဒီယတ်ရင်ဘတ်ကို အားကုန်နှစ်၍ ထိုးလိုက်ရာ ဘုရင်လည်း ပွဲချင်းပြီး သေဆုံးလေ၏။ ထို့နောက် မင်းသားသည် သူငယ်ချင်း ဟော်ရေရှိုဘက်သို့လှည့်လျက် ဤအဖြစ်အပျက်များကို ကမ္ဘာသို့ တင်ပြရန် မှာထားလေရာ ဟော်ရေရှိုသည် ဟဲမ်လက်နှင့်အတူ လိုက်၍သေရန် အကြံပြုထားပါလျက်၊ သူငယ်ချင်း၏ မှာထားခြင်းကို လေးစားသောအားဖြင့် ကိုယ့်ကိုယ်ကို သတ်၍ မသေဘဲ မှာခဲ့သည့်အတိုင်း လိုက်နာပါမည်ဟု ကတိထားရလေ၏။ ၎င်းနောက် ဟဲမ်လက်မင်းသားသည် ဓားဒဏ်ရာမှ အဆိပ်တက်လာ၍ ကွယ်လွန်ရရှာလေရာ တိုင်းသူ ပြည်သားတို့သည် အဖြစ်အပျက်အလုံးစုံကို ဟော်ရေရှိုထံမှ ကြားသိရသည်ဖြစ်၍ မင်းသားပီသသော ရုပ်လက္ခဏာနှင့်တကွ စိတ်နှလုံးကောင်းလည်းရှိသော ဟဲမ်လက် ဆုံးရှုံးရခြင်းအတွက် နှမြောတသ၍ မဆုံးအောင် ရှိရစ်ကြလေတော့သနည်း။

*သွေးသောက်၊ အမှတ် (၁၇၇)၊ အောက်တိုဘာလ၊ ၁၉၆၀ ခုနှစ်။*

□ □ □

## လေမုန်တိုင်း

သမုဒ္ဒရာအလည်၌ တည်ရှိသော ကျွန်းကြီး တစ်ကျွန်းတွင် ပရော့စ်ပါရိုအမည်ရှိ အဘိုးကြီးနှင့် ၎င်း၏ သမီးချော ပိုင်ရင်ဒါတို့ နှစ်ယောက်တည်း နေထိုင်လျက်ရှိရာ မိန်းကလေးမှာ ငယ်စဉ်ကတည်းက ဤကျွန်းသို့ ရောက်လာကြခြင်းဖြစ်သည့်အတွက်၊ ဖခင် ပရော့စ်ပါရိုမှတစ်ပါး ယောကျ်ားဆို၍ တစ်ဦးတစ်ယောက်မျှ မတွေ့မြင်ရဖူးချေ။

သားအဖနှစ်ယောက်တို့သည် ကျောက်တောင်ကြီး၌ ရေစားသဖြင့် ဖြစ်ပေါ်နေသော ဂူကြီးတစ်ခုတွင် နေထိုင်ကြရာ ဂူကြီးမှာလည်း အခန်းများဖွဲ့ထားသည့်နှယ် အကန့်အသတ်ဖြစ်နေ၍ တစ်ခုသော အကန့်တွင် အဘိုးကြီးသည် မှော်အတတ်နှင့် ဆိုင်သော စာအုပ်များထား၍ စာကြည့်ခန်းအဖြစ်နှင့် အသုံးပြုလေ၏။ ထိုခေတ်၌ ပညာရှိဆိုသောလူများသည် မှော်အတတ်ကို အနည်းနှင့်အများ လေ့လာ လိုက်စားတတ်ကြ၏။ အဘိုးကြီး ပရော့စ်ပါရိုကိုယ်တိုင်လည်း ဤအတတ်၌ အတော်အတန် ကျွမ်းကျင်၍ အသုံးချဖို့ အခါအခွင့်ဖြစ်ပေါ်လာ၏။ အဘိုးကြီး သားအဘမရောက်မီအခါက ဤကျွန်းတွင် ဆိုက်ကိုရက်အမည်ရှိ ကဝေမကြီး တစ်ယောက်နေထိုင်လျက်ရှိရာ ၎င်းသားအဖဆိုက်ရောက်ခါနီးတွင် ကဝေမကြီး သေဆုံးသွား၏။ စုန်းမကြီးသည် ၎င်းကျွန်းရှိ နာနာဘာဝများအပေါ်တွင် ကြီးစိုးလျက်ရှိရာ မိမိစေခိုင်းသည့် အလုပ်များကို

www.burmeseclassic.com



မလုပ်ဘဲ ငြင်းဆန်သော ဝိညာဉ်(နာနာဘာဝ)များကို သစ်ပင်ကြီးများ၏ ပင်စည်ထဲသို့ သွတ်သွင်းထားခဲ့၏။ အဘိုးကြီးရောက်လာသောအခါတွင် သူ၏မှော်အတတ်ဖြင့် ဤအကြောင်းကိုသိ၍ ၎င်းတို့ကို အချုပ်အနှောင်မှ လွှတ်ပေးလိုက်သည်တွင် အဘိုးကြီးအား ကျေးဇူးတင်ကြသဖြင့် ခိုင်းစေသမျှ ဆောင်ရွက်ပေးသည့် အစေခံကောင်းများ ဖြစ်လာလေ၏။ "နာနာဘာဝ"များအနက် အကြီးအကဲမှာ အေရီယဲလ်ဟု ခေါ်လေသည်။

အေရီယဲလ်သည် အလွန်ဖျတ်လတ် သွက်လက်သော 'မှင်စာ' ကလေးဖြစ်၍ အနှောင့်အယှက် မပြုတတ်သော်လည်း 'နောက်'ချင်သော ဉာဉ်ကလေးတစ်ခုရှိ၏။ သူသည် မိမိအား သစ်ဝင်ထဲ၌ သွတ်သွင်းထားခဲ့သော ကဝေမကြီး ဆိုက်ကိုရက်၏ သားဖြစ်သူ ကယ်လီဘန်အား ရန်ငြိုးထား၍ အခွင့်ကြုံတိုင်း ညှင်းဆဲတတ်လေသည်။ ကယ်လီဘန်မှာ လူသားဖြစ်သော ကဝေမကြီးက မွေးဖွားထားခဲ့ခြင်းဖြစ်သော်လည်း လူသားနှင့် အလျှင်းမတူဘဲ ကြောက်ခမန်းလိလိ ရုပ်အဆင်းရှိသူဖြစ်၏။ တစ်နေ့သ၌ အဘိုးကြီးသည် ကယ်လီဘန်ကို တောထဲတွင်တွေ့၍ မိမိ၏ ဂူသို့ ခေါ်လာခဲ့ပြီးလျှင် စကားပြောတတ်ဖို့ သင်ပေး၏။ ကယ်လီဘန်၏ ပုံသဏ္ဌာန်မှာ လူနှင့် မတူဘဲ မျောက်အိုကြီးတစ်ကောင်နှင့်တူ၏။ အဘိုးကြီးသည် ကယ်လီဘန်အား "တောက်တိုမယ်ရ"ခိုင်းရအောင်ဟူသော ရည်ရွယ်ချက်ဖြင့် တိုလီမိုလီအလုပ်ကလေးများ သင်ပေးသော်လည်း ကယ်လီဘန်သည် ဦးနှောက်သုံးရသော အလုပ်မျိုးတွင် ဘာတစ်ခုမျှ သင်၍ မရသည်နှင့် ထင်းခွေ၊ ရေခပ်စသော အလုပ်ကြမ်းမျိုး၌လောက်သာ အသုံးချနိုင်လေသည်။ ၎င်းအလုပ်များ၌ပင် ကောင်းကောင်း မလုပ်ချင်သောကြောင့် မှင်စာ အေရီယဲလ်က စောင့်၍ ခိုင်းပေးရလေသည်။

ကယ်လီဘန်သည် အလွန် ပျင်းတတ်၍ အလုပ်မလုပ်ဘဲ နေသောအခါများတွင် (အဘိုးကြီးမှတပါး မည်သူကမျှ မမြင်နိုင်စွမ်းသော) အေရီယဲလ်သည် ကယ်လီဘန်၏ လည်ကုတ်ကို ဆိတ်ပေး၏။ တစ်ခါတစ်ရံတွင် ရွှံ့နွံထဲသို့ တွန်းချ၏။ တစ်ခါတစ်ရံတွင်လည်း ကြီးမားသော မျောက်ကြီးတစ်ကောင်အယောင်ဆောင်ကာ လန့်ဖြန့်အောင် ဖြဲခြောက်တတ်လေသည်။ တစ်ခါတစ်ရံတွင် ကယ်လီဘန်လာမည့် လမ်းတွင် ဖြူယောင်ဆောင်ကာ ဆူးများကို ထောင်ပြခြင်းအားဖြင့် လမ်းမလျှောက်ဝံ့အောင် လုပ်တတ်၏။ အဘိုးကြီးခိုင်းသော အလုပ်များကို ကောင်းစွာ မလုပ်ဘဲ ခိုကပ်ချင်သော အခါတိုင်း အေရီယဲလ်သည် အထက်ပါ နည်းအမျိုးမျိုးတို့ဖြင့် ခြောက်လှန့်ပေးလေ၏။

အဘိုးကြီးသည် အေရီယဲလ်နှင့်တကွ အခြားသော 'နာနာဘာဝ'များကိုလည်း နိုင်နင်းသည်ဖြစ်သောကြောင့် ၎င်းတို့၏ အကူအညီဖြင့် သမုဒ္ဒရာ





လှိုင်းနှင့် လေမုန်တိုင်းကိုပင် အစိုးရလျက်ရှိ၏။ တစ်နေ့သ၌ အဘိုးကြီးသည် သူ၏ 'အတတ်'ဖြင့် မုန်တိုင်းကြီး တိုက်ခတ်စေ၍ လှိုင်းတံပိုးများ ထကြွလျက်ရှိစဉ် သင်္ဘောကြီးတစ်စင်းမှာ လှိုင်းထဲတွင် လူးလိမ့်၍ သင်္ဘောပေါ်၌ ခရီးသည်အမြောက်အမြား ဒုက္ခရောက်လျက်ရှိ၏။ အဘိုးကြီးသည် ဤအချင်းအရာကို သမီးအား ခေါ်၍ပြရာ သမီးက "ဒီလှိုင်းတံပိုးကြီးတွေ ထလာအောင် ဖေဖေ လုပ်နိုင်တယ်ဆိုလျှင် လှိုင်းတွေ ငြိမ်သွားအောင် လုပ်ပါတော့လားဖေဖေ၊ သင်္ဘောပေါ်မှ ခရီးသည်တွေ သေကုန်ရှာကြတော့မယ်။ ဟော . . . ကြည့်ပါလား၊ သင်္ဘောနဲ့ ကျောက်ဆောင်နဲ့ တိုက်တော့မယ်၊ ကယ်ပါ ဖေဖေ၊ လူတွေကို သနားပါတယ် ဖေဖေရယ်" ဟု ပြောလေ၏။

ထိုအခါ အဘိုးကြီးက "မစိုးရိမ်ပါနဲ့ သမီးရယ်၊ ကိစ္စမရှိပါဘူး။ ခရီးသည်တစ်ယောက်မှ မသေစေရပါဘူး။ ဖေဖေက အမိန့်ပေးထားပါတယ်။ သမီးကို ပြချင်လို့ လုပ်နေတာပါ။ သမီးက ကိုယ့်ကိုယ်ကို ဘယ်သူမှန်းလည်း မသိ၊ ဘယ်က ရောက်လာမှန်းလည်းမသိ၊ ငါဟာ သမီးရဲ့ အဖေဖြစ်တယ်၊ ဒီဂူကြီးထဲမှာ သားအဖ နှစ်ယောက် နေကြရတယ်ဆိုတာထက်ပိုပြီး ငါ့သမီး ဘာမျှ မသိရှာဘူး။ ငါတို့ သားအဖနှစ်ယောက် ဒီရောက်လာကြတုန်းက သမီးက သုံးနှစ်သမီး ရှိသေးလေတော့ ဘာမှ မှတ်မိမှာ မဟုတ်ဘူးဟုတ်စ"

"မှတ်မိတာပေါ့ ဖေဖေရယ်"

"ဟေ . . . သမီးက ဘာများ မှတ်မိလို့လဲ"

"သမီးက အိပ်မက်ထဲမှာလို ရေးရေးကလေးတော့ မှတ်မိသေးတယ်။ ဟိုတုန်းက သမီးကို မိန်းကလေး ငါးယောက်က ထိန်းကြရတယ် မဟုတ်လား ဖေဖေ"

"အေး ဟုတ်တယ်၊ ငါးယောက်တောင်မကဘူး၊ သမီးက ဒါတွေတောင် မှတ်မိတယ်ကိုး၊ ဒီနေရာကို ဘယ်လို ရောက်လာကြတယ်ဆိုတာကော မှတ်မိသေးလား . . ."

"ဒါကတော့ မမှတ်မိတော့ဘူး ဖေဖေ"

"ဟို . . . လွန်ခဲ့တဲ့ ၁၂ နှစ်လောက်တုန်းက ဖေဖေက ဟိုင်လန်မြို့စားကြီးကွဲ၊ သမီးက ဖေဖေ့ရဲ့ တစ်ဦးတည်းသော သမီးဖြစ်တယ်။ ဖေဖေ့မှာ အန်တိုနီယိုဆိုတဲ့ ညီတစ်ယောက်ရှိတယ်။ ဖေဖေက အတတ်ပညာ ဆည်းပူးဖို့ ဝါသနာပါလေတော့ တိုင်းရေးပြည်မှုအားလုံးကို သူ့လွှဲထားပြီး ပညာဘက်ကို ဖိလိုက်ခဲ့တယ်။ ဖေဖေက တိုင်းပြည်မှု ရေးရာများကို လှည့်မကြည့်တော့ဘဲ သူ့နဲ့ လုံးလုံးကြီး လွှဲထားတဲ့အခါမှာ သူက သူ့ကိုယ်သူ မြို့စားကြီး အမြဲတမ်းဖြစ်အောင် အကောက်ကြံလာတယ်။ ဒီတော့ သူက တိုင်းသူပြည်သားတွေ ချစ်



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်၊ ပြီးတော့ ဖေဖေ့ရန်သူနေပဲလ် ဘုရင်နဲ့ ပူးပေါင်းပြီး ဖေဖေ့ကို ဖြုတ်ချကြတယ် . . . "

"ဒီလိုဆိုရင် ဟိုတုန်းက သမီးတို့ကို ဘာကြောင့် တစ်ခါတည်း သေအောင် မသတ်သလဲ ဖေဖေ"

"သတ်တော့ သတ်ချင်တယ်၊ ဖေဖေ့ကို ချစ်မြတ်နိုးကြတဲ့ တိုင်းသူပြည်သားတွေက အများကြီး ရှိနေလေတော့ မသတ်ဝံ့ဘူး သမီးရဲ့။ ဒီတော့ ဘယ့်နှယ်လုပ်သလဲဆို ဖေဖေတို့ သားအဖ နှစ်ယောက်ကို သင်္ဘောတစ်စင်းပေါ်မှာတင်၊ ကမ်းခြေနဲ့ ဝေးဝေးကြီးရောက်အောင် ရွက်လွှင့်၊ သင်္ဘောကို ရပ်ခိုင်း၊ တို့ သားအဖကို ရွက်မပါတဲ့ လှေကလေးတစ်စင်းပေါ် ရွှေ့တင်ပြီး ပင်လယ်ထဲ မျှောပစ်ခဲ့တာကိုး သမီးရဲ့"

"လုပ်ရက်ပေ့ ဖေဖေရယ်"

"သို့သော် ဖေဖေ့ကို ချစ်ခင်တဲ့ မိတ်ဆွေကြီး ဂွန်ဇလိုက လှေထဲမှာ ရေရယ်၊ စားနပ်ရိက္ခာရယ်၊ အဝတ်အစားတွေရယ်၊ စာအုပ်တချို့ရယ်၊ တိတ်တဆိတ် ထည့်ပေးလိုက်လို့ တော်သေးတယ် သမီးရဲ့"

"ကောင်းပါလေ့ ဖေဖေရယ်၊ နို့ပေမယ့် သမီးအတွက်ကြောင့် ဖေဖေ ဒုက္ခများမှာဘဲနော်"

"ဒီလို မဟုတ်ပေါင် သမီးရယ်၊ သမီးတစ်ယောက်ပါလာလို့ ဖေဖေ့မှာ အများကြီး အားပြည့်ပါတယ်။ သမီးရဲ့ ပြုံးချိုတဲ့ မျက်နှာကလေးကို မြင်ရလို့ ဒုက္ခတွေ အများကြီး ဖေဖေ သည်းခံနိုင်တယ်။ စားနပ်ရိက္ခာလည်းကုန်ရော၊ ဒီကျွန်းကို ဖေဖေတို့ ရောက်လာကြရော။ ဒီရောက်လာကတည်းက သမီးကို ပညာ သင်ပေးရခြင်းဟာ ဖေဖေရဲ့ အလုပ်ကြီးတစ်ခုပဲ။ သမီးက ဖေဖေ သင်ပြပေးသလောက် တတ်မြောက်လေ့လာတော့ သိပ်ဝမ်းသာတာပဲ . . . "

"သမီး တစ်ခုမေးပါရစေ၊ ဖေဖေ ဒီလေမုန်တိုင်းကြီး ထအောင် လုပ်ခြင်းဟာ ဘာကို ရည်ရွယ်ချက် ရှိလို့လဲ ဖေဖေ"

"သမီးက သိချင်လို့ရှိ ပြောရတာပေါ့၊ ဒီလေမုန်တိုင်းကြောင့် ဖေဖေ့ရန်သူနေပဲလ်ဘုရင်နဲ့ ဖေဖေ့ညီတော် ဒီကျွန်းပေါ်မှာ တင်နေကြပြီ သမီးရဲ့"

ယင်းသို့ ပြောပြီးနောက် အဘိုးကြီးသည် သမီးအား ဆေးကြိမ်လုံးနှင့် တို့လိုက်သဖြင့် မိန်းကလေး အိပ်ပျော်သွားလေ၏။ ထိုအခါ အေရီယဲလ်ရောက်လာ၍ လေမုန်တိုင်းအကြောင်းနှင့် သင်္ဘောပေါ်မှ ခရီးသည်များအား မည်ကဲ့သို့ နေရာချထားခဲ့ပုံများကို ပြောပြလေ၏။ သမီးကလေးသည် အေရီယဲလ်နှင့် အခြားနာနာဘာဝများကို မမြင်သော်လည်း ၎င်းနှင့် တိုင်ပင်သည့်အခါ မိမိ၏ဖခင်သည် တစ်ယောက်တည်း စကားပြောသည်ဟု ထင်မည်စိုးသောကြောင့်





သမီးအား အိပ်မွေ့ချလိုက်ခြင်း ဖြစ်လေသည်။

အဘိုးကြီးသည် အေရီယဲလ်အား ၎င်းဆောင်ရွက်ခဲ့ပုံများကို မေးမြန်းရာတွင် အေရီယဲလ်က လေပြင်းမုန်တိုင်းကြီး တိုက်ခတ်သဖြင့် သင်္ဘောပေါ်မှ ခရီးသည်များနှင့် သင်္ဘောသားများ တုန်လှုပ်ချောက်ချားပုံကိုလည်းကောင်း၊ နေပဲလ်ဘုရင်၏ သားတော် ဖါဒီနင်က ရေထဲသို့ ခုန်ချပုံကိုလည်းကောင်း၊ ထိုအချင်းအရာကို မြင်ရ၍ သူ့ခမည်းတော် နေပဲလ်ဘုရင်က ဖါဒီနင် ပျက်စီးဆုံးရှုံးလေပြီဟု မှတ်ထင်ပုံကိုလည်းကောင်း ပြောပြလေ၏။

ထို့နောက် အေရီယဲလ်က ဆက်လက်၍ ဖါဒီနင်မင်းသားကလေးသည် သူ၏ ခမည်းတော် နေပဲလ်ဘုရင် နတ်ရွာစံလွန်ရှာပြီ အထင်နှင့် တစ်နေရာ၌ ထိုင်ကာ ငိုကြွေးမြည်တမ်းလျက်ရှိပုံနှင့် မင်းသားကလေးမှာ ထိခိုက်နာကျင်ခြင်းမရှိဘဲ ကောင်းမွန်စွာ ရှိနေပုံတို့ကို ပြောပြလေ၏။

ထိုအခါ အဘိုးကြီးက "ကောင်းပြီ၊ နေရာကျပြီ၊ မင်းသားကို ဒီခေါ်ခဲ့၊ သမီးတော်နဲ့ တွေ့စေရမယ်၊ နေပဲလ်ဘုရင်နဲ့ငါ့ညီကောဘယ်မှာလဲ"ဟုမေးလေရာ အေရီယဲလ်က ဘုရင်နှင့် ညီတော်တို့သည် မင်းသားကို လိုက်လံရှာဖွေလျက်ရှိကြကြောင်း၊ ရှာပင်ရှာကြသော်လည်း မင်းသားကလေး သေရှာပြီဟု သူတို့ထင်နေကြကြောင်း၊ အခြားသင်္ဘောသားများကို တစ်ယောက်မကျန် ကုန်းပေါ်သို့ ရောက်နေကြပြီဖြစ်ကြောင်း၊ သို့သော် တစ်ယောက်တစ်ကွဲစီ ရှိနေကြသည်ဖြစ်၍ အခြားလူများ သေကုန်ကြပြီး မိမိတစ်ယောက်တည်းသာ အသက်ချမ်းသာရ ရသည်ဟု အသီးသီးထင်လျက် ရှိကြကြောင်း၊ သင်္ဘောမှာလည်း ၎င်းတို့၏မျက်စိဖြင့် မမြင်နိုင်စေကာမူ မပျက်စီးဘဲ ကမ်းခြေတစ်နေရာတွင် ကပ်လျက်ရှိကြောင်း ပြောလေ၏။

အဘိုးကြီးက "ငါ့တပည့်တော်တယ်ဟေ့၊ လုပ်ပုံ တယ်ပြီး သပ်ယပ်တယ်၊ သို့သော် ငါ ခိုင်းစရာ အလုပ်ရှိသေးတယ်"ဟုပြော၏။

"ခိုင်းဦးမှာလား ဆရာကြီးရယ်၊ ကျွန်တော့်ကို လွတ်လပ်ခြင်း ပေးမယ်ဆိုတဲ့ ဂတိကိုမေ့ပြီလား ဆရာကြီးရယ်၊ ကျွန်တော်ဟာ ဆရာကြီး ခိုင်းသမျှကို သစ္စာ ရှိစွာနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ လိမ်လို့လည်း မပြောပါဘူး။ အမှားအယွင်းလည်း မရှိပါဘူး။ ခိုင်းတဲ့ အလုပ်ကိုလည်း မညည်းမတွားဘဲ သွက်သွက်လက်လက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် ဆရာကြီး ဂတိထားခဲ့တဲ့အတိုင်း လွတ်လပ်ခွင့် ပေးပါတော့ ဆရာကြီးရယ်"

"မင်း ပြောတာလဲ ဟုတ်ပါရဲ့၊ နို့ပေမယ့် ဘယ်လို ဒုက္ခရောက်နေတဲ့အထဲက မင့်ကို ငါကယ်ဆယ်ခဲ့တယ်ဆိုတာကိုလည်း မမေ့သင့်ဘူး၊ မင့်ကို ညှဉ်းဆဲခဲ့တဲ့ ကဝေမကြီးဟာ ဘယ်မှာမွေးသလဲ၊ ငါ သိချင်တယ် ပြောစမ်း"



www.burmeseclassi.com

www.burmeseclassic.com

"အဲလ်ဂျီးယားပြည်နယ်မှာ မွေးပါတယ် ဆရာကြီး"

"ဪ . . . ဟုတ်လား၊ သို့သော် မင့်ကို ငါ မကယ်ဆယ်မီအချိန်က မင်း ဘယ်လို ဒုက္ခရောက်ခဲ့ရတယ်ဆိုတာကို မင်း မေ့နေပုံပေါ်လို့ ငါက ပြောပြရဦးမယ်။ အဲဒီ ကဝေမကြီး ဆိုက်ကိုရက်ဟာ အဲလ်ဂျီးယားပြည်မှာ မကြားဝံ့ မနာသာအောင် ဆိုးသွမ်းယုတ်မာတဲ့ အမှုများကို ပြုတဲ့အတွက် တိုင်းပြည်မှ နှင်ထုတ်ပြီး သင်္ဘောသားများက သူ့ကို ဒီကျွန်းပေါ်မှာ ချပစ်ထားခဲ့ကြတယ်။ အဲဒီအခါမှာ မင်းက ခွန်အားသေးငယ်တဲ့ မှင်စာကလေး ဖြစ်လေတော့ သူခိုင်းတဲ့ အလုပ်တွေကို ကောင်းကောင်း လုပ်မပေးနိုင်ဘူး။ ဒါကြောင့် သူက မင့်ကို သစ်ပင်ကြီးတစ်ပင်ရဲ့ ပင်စည်ထဲမှာ သွတ်သျှောင်ထားခဲ့တယ်။ ငါ ရောက်လာတော့ မင်းက တအော်တည်းအော်၊ တညည်းတည်း ညည်းနေလေတော့ ငါက ထုတ်လွှတ်ပေးလိုက်ရတယ်၊ အဲဒါကို မင်းမှတ်မိသေးရဲ့လား"

"သည်းခံပါ ဆရာကြီးခင်ဗျား၊ ဆရာကြီး ခိုင်းသမျှကို ကျွန်တော် ဆက်လက်ပြီး ဆောင်ရွက်ပေးပါတော့မယ် ဆရာကြီး ခင်ဗျား . . ."

"အေး . . . ကောင်းပြီ၊ ဒီလိုဆို မင့်ကို ငါ လွတ်လပ်ခြင်းပေးမယ်။ သို့သော် ငါ့ခိုင်းစရာလေး ရှိသေးတယ်" ဟုပြော၍ ဆောင်ရွက်ရမည့်အလုပ်ကို ပြောပြလေရာ၊ အေရီယဲလ်သည် ဝမ်းမြောက် ဝမ်းသာ ထွက်သွားလေ၏။ ရှေးဦးစွာ အေရီယဲလ်သည် ဖါဒီနင်မင်းသားဆီသို့ သွားလေရာ၊ မင်းသားသည် ယခင်ကအတိုင်း မြက်ခင်းပေါ်တွင် ထိုင်၍ ညည်းတွားရေရွတ်လျက်ရှိလေ၏။

အေရီယဲလ်သည် မင်းသားအနီးသို့ ချဉ်းကပ်၍ မိမိနောက်မှ လိုက်ခဲ့ရန် ခေါ်လေရာ မင်းသားလည်း လိုက်ပါလာလေ၏။ အဘိုးကြီး သားအဖနှစ်ယောက်တို့သည် ထိုအချိန်တွင် သစ်ပင်ကြီး တစ်ပင်၏ အရိပ်အောက်တွင် ထိုင်လျက်ရှိကြလေရာ၊ အေရီယဲလ်သည် မင်းသားကို အနီးသို့ ခေါ်သွားသည်တွင် သမီးတော် ဟိုင်ရင်ဒါသည်ဘခင်မှတစ်ပါး အခြားယောကျ်ားတစ်ဦး တစ်ယောက်ကိုမျှ မမြင်ဘူးသည်နှင့် ဖါဒီနင် မင်းသားအား အံ့သြစွာနှင့် ငေးကြည့်နေလေ၏။ ထိုအခါ ဘခင်က "ငါ့သမီး ဘာများ ငေးကြည့်နေသလဲ"ဟု မေးသဖြင့် သမီးက "ဟိုကလာတာ တစ္ဆေလား၊ မှင်စာလား၊ နာနာဘာဝလား ဖေဖေ၊ ဟိုကြည့် ဒီကြည့်နှင့် ပုံပန်းကလေးက ချောက ချောသနဲ့၊ တစ္ဆေ၊ မှင်စာတော့ ဟုတ်မထင်ဘူး ဖေဖေ"

"မဟုတ်ဘူး သမီးရဲ့၊ ဒီဟာက သမီးတို့ ဖေဖေတို့လိုပဲ စားတတ်တယ်။ သောက်တတ်တယ်၊ အိပ်တတ်တယ်၊ ဖေဖေတို့လိုပဲ အာရုံခံစားတတ်တဲ့ အာရုံကြောတွေရှိတယ်၊ ဒီသူငယ်က သင်္ဘောထဲက ခရီးသည်တစ်ယောက်ပဲ၊ သူ့အဖော်များ ပျောက်လို့ လိုက်ရှာနေဟန်တူတယ်။ သူက ပူဆွေးဒုက္ခ ရောက်နေ





လို့ ညှိုးငယ်နေရှာတယ်။ နို့မဟုတ်ရင် အင်မတန် ချောမည့် လူကလေး တစ်ယောက်ပဲ"

ယောကျ်ားအားလုံးသည် သူ၏ ဖခင်ကဲ့သို့ ကြန္နေကြီးသော မျက်နှာထားမျိုးနှင့် မုတ်ဆိတ်စုတ်ဖွားကြီးရှိကြလိမ့်မည်ဟု မှတ်ထင်လျက်ရှိသော ဟိုင်ရင်ဒါသည် မင်းသားချောကလေးကို မြင်ရသောအခါ အလွန်သဘောကျလျက်ရှိ၏။ ဖါဒီနင် မင်းသားကလည်း လူသူ တွေ့ရလိမ့်မည်ဟု မမျှော်လင့်သည့် ဤကျွန်းကြီးပေါ်တွင် အလွန်လှပသော ဟိုင်ရင်ဒါကို မြင်လိုက်ရသောအခါ ဤကျွန်းကို အုပ်စိုးသော နတ်သမီးတစ်ယောက် ဖြစ်သည်ထင်၍ ၎င်းထင်သည့်အတိုင်း ခေါ်ငင် နှုတ်ဆက်လေ၏။

ဟိုင်ရင်ဒါက မိမိသည် နတ်သမီးမဟုတ်၊ သာမန် လူသား မိန်းကလေး တစ်ယောက်မျှသာ ဖြစ်ပါသည်ဟု ပြော၍ မိမိအကြောင်းကို အကျယ်တဝင့် ဆက်ပြောပြမည် ပြုရာတွင် ပရော့စ်ပါရိုက စကားဖြတ်၍ ဝင်ပြောလိုက်၏။ မင်းသားကလေးနှင့် မင်းသမီးကလေးသည် (စင်စစ်မှာ ဟိုရင်ဒါသည် မင်းသမီးတစ်ယောက်ပင်ဖြစ်ပါသည်။) တစ်ယောက်ကို တစ်ယောက် မြင်လျှင်မြင်ချင်း ချစ်ကြိုက်လျက် ရှိကြောင်းကို ရိပ်မိသည်နှင့် ပရော့စ်ပါရိုက တစ်ယောက်နှင့်တစ်ယောက် ခင်ခင်မင်မင် ရှိပုံရခြင်းကို တွေ့ရ၍ ဝမ်းမြောက်ကြောင်း ပြောပြီးနောက် ဖါဒီနင်၏ စိတ်ကို စမ်းလိုသည်နှင့် အခက်အခဲတစ်ခု ဖန်တီးပေးရန် စိတ်ကူးဖြစ်ပေါ်လာ၏။ သို့ဖြစ်၍ ပရော့စ်ပါရိုသည် ခက်ထန်တင်းမာသော မျက်နှာထားမျိုးနှင့် မင်းသားအနီးသို့ ချဉ်းကပ်လျက် မင်းသားအား မိမိ၏ကျွန်းကို လုယူရန် အကြံနှင့် ရောက်လာသော သူလျှိုတစ်ယောက် ဖြစ်သည်ဟု စွပ်စွဲလေ၏။ ထို့နောက် ဆက်လက်၍ မင်းသားအား "လာလိုက်ခဲ့၊ သင့်လည်ပင်းနဲ့ ခြေထောက်ကို ပူးချည်ထားရမည်။ ပင်လယ်ရေတိုက်ပြီး သစ်မြစ်ခြောက်နဲ့ ဝက်သစ်ချခွံခြောက်ကို ကျွေးထားရမည်" ဟု ပြောလေ၏။

ထိုအခါ ဖါဒီနင်မင်းသားက "သင့်လောက် ခွန်အားဗလမျိုးကိုတော့ ကျုပ်မကြောက်၊ သင် ကျွေးတိုင်း ကျုပ်မစား"ဟု ဆိုကာ ဓားကို ဆွဲထုတ်လေရာ ပရော့စ်ပါရိုသည် ဆေးကြိမ်လုံးကို ဝင့်လိုက်ခြင်းအားဖြင့် မင်းသားအား ရပ်နေသော နေရာ၌ အမြစ်တွယ်သကဲ့သို့ ဖြစ်သွားစေ၍ မလှုပ်မရှားနိုင်အောင် လုပ်လိုက်လေ၏။

ဤတွင် ဟိုင်ရင်ဒါက "ကြမ်းလှချေတကား ဖေဖေရယ်၊ သူ့အတွက် သမီးက တာဝန်ယူပါတယ်၊ ချမ်းသာပေးပါ ဖေဖေ၊ ဖေဖေမှ လွဲပြီး ယောကျ်ားဆို၍ သူတစ်ယောက်သာ မြင်ရဖူးသော်လည်း သစ္စာရှိတဲ့ လူတစ်ယောက်ကဲ့သို့ သမီး ယုံကြည်ပါတယ် ဖေဖေ"ဟု ပြော၏။


www.burmeseclassic.com

www.burmeseclassic.com

ပရော့စ်ပါရိုလည်း "တိတ်တိတ်နေစမ်း သမီး၊ နောက်တစ်ခွန်း ထပ်ပြောလျှင် သမီးကို အပြစ်ဆိုရလိမ့်မည်၊ လူလိမ်၊ လူညာမှန်းမသိ၊ ဘာမှန်းမသိနဲ့ ရှေ့နေလိုက်ချင် ရသလား ဟင်၊ သမီးက ကယ်လီဘာန်နဲ့ ဒီလူလောက်ကိုသာ မြင်ဖူးလေတော့ လောကကြီးမှာ သူပြင် ယောက်ျားမရှိဘူး မှတ်နေတာကိုး၊ ဖေဖေ ပြောမယ် သမီးရေ့၊ ဒီလူက ကယ်လီဘာန်ထက် သာသလောက်၊ ဒီလူထက်သာတဲ့ ယောက်ျားတွေ လောကမှာ အများကြီး ရှိတယ် သမီးရဲ့"ဟု ပြော၏။ ဤစကားမှာ မင်းသားအပေါ်၌ သမီး၏ စိတ်ထားပုံကို စုံစမ်းလိုသောကြောင့် ဖြစ်လေသည်။

ထိုအခါ ဟိုင်ရင်ဒါက "သမီးက နှိမ့်ချတဲ့ သဘော ရှိပါတယ် ဖေဖေ၊ သိပ်လောဘမကြီးပါဘူး၊ ဒီလူလောက်ဆိုလျှင် တော်ပါပြီ။ သူ့ထက် ကောင်းတယ်ဆိုတဲ့ လူကိုလည်း မတွေ့လိုတော့ပါဘူး ဖေဖေ . . ."

ပရော့စ်ပါရိုက မင်းသားအား "လာခဲ့စမ်း၊ ဟေ့ . . . သူငယ်၊ ငါ့စကားကို မင်း နားမထောင်ဘဲ နေလို့မရပါဘူး . . ."

"မှန်ပါပေတယ် ခင်ဗျာ"ဟု မင်းသားက ဝန်ခံရလေ၏။ မင်းသားသည် မှော်အတတ်ဖြင့် မိမိအား ချုပ်ကိုင်ထားခြင်းကို မရိပ်မိသည်နှင့် အဘိုးကြီးခေါ်ရာသို့ မငြင်းမဆန် လိုက်မိခြင်းအတွက် ကိုယ့်ဟာကိုယ် အံ့ဩမိလေ၏။ မင်းသားသည် အဘိုးကြီးနောက်သို့ လိုက်လာစဉ်၊ ဟိုင်ရင်ဒါအား မျက်စိတဆုံး လှည့်ကြည့်လျက် "ငါ့စိတ်ဟာ ဘယ်လို ဖြစ်တာပါလိမ့်မယ်၊ အိပ်မက်ထဲမှာလို ရီးတီးယားတားကြီး ဖြစ်နေပါပြီကောလား၊ ဒီလူကြီးက သူ ခြိမ်းခြောက်တဲ့အတိုင်း ချုပ်နှောင်ထားချင် ထားပါစေတော့၊ ဒီမိန်းကလေးကို တစ်နေ့တစ်ခါလောက် မျှော်ကြည့်လို့မြင်ရလျှင် တော်ပါသေးရဲ့လေ"ဟု ဆိုကာ ဂူထဲသို့ ဝင်လိုက်သွားလေ၏။

ပရော့စ်ပါရိုသည် ဖါဒီနင်အား ကြာရှည်စွာ လှောင်မထားဘဲ ဂူပြင်သို့ ထုတ်၍ ခက်ခဲသော အလုပ်တစ်ခုကို ဆောင်ရွက်ဖို့ ပေးထားလေ၏။ သူ၏ သမီးအားလည်း ထိုအလုပ်၏ ခဲယဉ်းပုံကို အသိပေးပြီးနောက် ဂူထဲသို့ ပြန်ဝင်သွားကာ သမီးနှင့် မင်းသားတို့ကို တစောင်းမှ အကဲခတ်လျက် ရှိလေ၏။

ပရော့စ်ပါရိုသည် မင်းသားအား လေးလံသော သစ်တုံးများကို တစ်စုတည်းဖြစ်အောင် ပုံထားသည့် အလုပ်ပေး၏။ ဘုရင်၏ သားတော်ဟူသည်မှာ အလုပ်ကြမ်းလုပ်ရန် အလေ့အကျင့် မရှိသည့်အလျောက် များမကြာမီ မောကြီးဟိုက်ကြီး ဖြစ်နေခြင်းကို မင်းသမီး တွေ့မြင်ရလေ၏။

မင်းသမီးက "သိပ် ပင်ပင် ပန်းပန်းကြီး အလုပ်မလုပ်ပါနဲ့ မောင်တော်၊ ဖေဖေက စာဖတ်နေလေတော့ မမြင်နိုင်ပါဘူး၊ သုံးနာရီလောက်တော့





နားသာနားပါ၊ သူ မသိပါဘူး"

"မနားဝံ့ပါဘူးဗျာ၊ ခိုင်းထားတဲ့ အလုပ်ကို ပြီးအောင် လုပ်ပြီးမှ နားပါတော့မယ်ဗျာ"

"ရှင် နားနေပါဦးအားရှင်၊ ကျွန်မက ရှင့်အတွက် ကူလုပ်ပေးမယ်လေ"

မင်းသားသည် မင်းသမီး၏ အကူအညီကို လက်မခံဘဲ ဆက်လက်၍ သယ်ပိုးပါသော်လည်း မင်းသမီးက စကားမပြတ်ရအောင် တစ်ပြောတည်း ပြောလျက်ရှိသောကြောင့် အလုပ်မှာ များစွာ ဖင့်နွှေးလျက် ရှိ၏။

ပရော့စ်ပါရိုသည် မင်းသားအား ထိုအလုပ်ကို စေခိုင်းရာ၌ တကယ်လုပ်စေလို၍မဟုတ်ဘဲ မင်းသား၏ မေတ္တာစိတ်ကို စုံစမ်းလို၍မျှသာ ဖြစ်ရကား မင်းသမီး ထင်သည့်အတိုင်း စာကြည့်ခန်းထဲတွင် စာဖတ်၍မရဘဲ သူတို့နှစ်ယောက်အနီး၌ ကိုယ်ဖျောက်ကာ စောင့်ကြည့်ရင်း သူတို့ ပြောစကားများကိုလည်း နားထောင်လျက်ရှိလေ၏။

ဖါဒီနင်က မင်းသမီး၏ နာမည်ကို မေးလေရာ၊ မင်းသမီးက "ဖေဖေက မပြောရဘူးလို့ မှာထားပါတယ်။ ဒါပေမယ့် ဟိုင်ရင်ဒါတဲ့ရှင့်"ဟု ပြော၏။

အနီးမှ နားထောင်လျက်ရှိသော ပရော့စ်ပါရိုသည် သမီး၏ စကားကို ကြားရ၍ ပြုံးမိသော်လည်း မိန်းကလေးက မင်းသားအား ချစ်ကြိုက်အောင် သူ၏ မှော်အတတ်နှင့် လုပ်ထားခြင်းဖြစ်သောကြောင့် မိမိ၏ စကားကို နားမထောင်ဘဲ နာမည်ကို ဖော်ပြောခြင်းအတွက် အပြစ်မတင်နိုင်ချေ။ ထို့နောက် ဖါဒီနင်က မိန်းကလေးအား ရှည်လျားစွာ ချစ်ကြိုက်စကား ပြောခြင်းကိုလည်း ကြားရလေ၏။ မင်းသားက ကမ္ဘာပေါ်၌ မိမိ တွေ့မြင်ရဖူးသမျှသော မိန်းကလေးများအနက်တွင် အချောဆုံး၊ အလှဆုံးဟု ပြောရာတွင် ဟိုင်ရင်ဒါက "ကျွန်မကတော့ ဘယ်မိန်းမကိုမှလည်း မမြင်ရပါဘူး၊ ယောက်ျားတွေဟာ ဘယ်လို ပုံပန်းသဏ္ဌာန်ရှိကြတယ်လို့လဲ ကျွန်မ မသိရပါဘူး။ နို့ပေမယ့် မှန်တဲ့အတိုင်း ဖွင့်ပြောရလျှင် ရှင်ကလွဲပြီး ဘယ်လိုအဖော်မှ မလိုချင်ပါဘူး။ ရှင့်ထက် သဘောကျစရာကောင်းတဲ့ ရုပ်ဆင်းသဏ္ဌာန်ကိုလည်း ကျွန်မဖြင့် စိတ်ကူးလို့တောင် မရနိုင်ပါဘူး။ဟော . . . ကြည့်စမ်း၊ ဖေဖေ မှာထားတဲ့ စကားတွေကို မေ့ပြီး ပြောမိပြောရာတွေ လျှောက်ပြီး ပြောနေမိပါကောလားရှင်တို့ . . ."

သမီး၏ စကားကို အနားမှ ကပ်၍ နားထောင်လျက်ရှိသော အဘိုးကြီးသည် အထက်ပါစကားကို ကြားရသောအခါ ဦးခေါင်းညိတ်၍ ပြုံးမိလေ၏။ သူ၏ စိတ်ထဲ၌ကား "ဟုတ်လှပြီ၊ နေရာကျလှပြီ၊ ငါဆင်ထားတဲ့အတိုင်း ဖြစ်နေပြီ၊ ငါ့သမီးလေး နေပဲလ် မိဖုရားဖြစ်တော့မှာပဲ"ဟု သဘောကျလျက် ရှိ၏။



www.burmeseclassi.com

www.burmeseclassic.com



ဖါဒီနင်မင်းသားလည်း နောက်တစ်ချိ စကားရှည်ရှည် ပြောပြန်ရာတွင် မိမိမှာ နေပဲလ်ဘုရင်၏ သားတော်ဖြစ်၍ ဟိုင်ရင်ဒါအား မိဖုရား တင်မြှောက်လိုပါသည်ဟု ပြောလေ၏။

ဟိုင်ရင်ဒါကလည်း ဝမ်းသာလွန်း၍ မျက်ရည်ကျသည်ဆိုလျှင် ရှုးသည်ဟု ဆိုကြမည်ဖြစ်ကြောင်း၊ ပွင့်ပွင့်တည့်တည့် ပြောရမည်ဆိုလျှင် မိမိအား လက်ထပ်မည်ဆိုပါက မိဖုရား လုပ်ဖို့ အသင့်ရှိကြောင်း ပြောလေ၏။

ဖါဒီနင်က ကျေးဇူးတင်စကား ပြောမည်အပြုတွင် ပရော့စ်ပါရိုသည် ၎င်းတို့၏ ရှေ့မှောက်၌ ဘွားကနဲ ပေါ်လာလျှက် . . .

"မကြောက်ကြနဲ့ ခလေးတို့၊ မင်းတို့ ပြောတာတွေကို ငါ အားလုံးကြားရပြီးပြီ။ ကိုင်း . . . ဖါဒီနင်လည်း နားထောင်၊ မင့်ကို အလုပ်ကြမ်းတွေ ခိုင်းခြင်းဟာ ငါ လွန်တယ်လို့ဆိုလျှင် ဆိုနိုင်ပါတယ်။ သို့သော် ဒီအတွက် မင်း ကျေနပ်အောင် ငါ့သမီးတော်နဲ့ လက်ထပ်ခွင့်ပြုပါတယ်။ မင့် မေတ္တာကို စုံစမ်းလိုတဲ့အတွက် အလုပ်ကြမ်းတွေ တမင်ခိုင်းခြင်းဖြစ်တယ်။ စုံစမ်းတဲ့အတိုင်း ကျေနပ်ဖွယ်ရှိကြောင်းကို ငါတွေ့ရပြီ။ ဒါကြောင့် ငါ့သမီးကို မင်း ယူပါတော့" ဟု ပြောလေ၏။ ၎င်းနောက် ပရော့စ်ပါရိုက မိမိမှာ ကိစ္စတစ်ခု ရှိသောကြောင့် ခေတ္တသွားရဦးမည့်အကြောင်း၊ မိမိ ပြန်လာသည့်တိုင်အောင် တိုင်ပင်ဆွေးနွေးစရာ ရှိပါက ဆွေးနွေးနိုင်ခွင့်ရှိကြောင်း ပြော၍ ထွက်သွားလေ၏။

ပရော့စ်ပါရိုသည် မင်းသားနှင့် မင်းသမီး ရှိရာမှ ထွက်လာခဲ့ပြီးနောက် အေရီယဲလ်ကို ခေါ်လိုက်သဖြင့် ပေါ်လာလေ၏။ အေရီယဲလ်မှာ ပရော့စ်ပါရို၏ ညီတော်နှင့် နေပဲလ်ဘုရင်တို့နှင့် ပတ်သက်၍ မိမိ ဆောင်ရွက်ခဲ့ပုံအကြောင်းကို ပြောချင်အားကြီးနှင့် ဘွားကနဲ ပေါ်လာလေ၏။ အေရီယဲလ်က မိမိသည် ထိုလူနှစ်ယောက်တို့အား အသံဆိုးကြီးများဖြင့်လည်းကောင်း၊ ကြောက်မက်ဖွယ်သော အဆင်းသဏ္ဍာန်များအားဖြင့်လည်းကောင်း ခြောက်လှန့်ပေးဖြင့် ၎င်းတို့ တုန်လှုပ်ခြောက်ချားပုံများ အကြောင်းကို ၎င်းလူနှစ်ယောက်တို့သည် ဆာလောင်မွတ်သိပ်သဖြင့် လှည့်လည်ကာ စားစရာ ရှာဖွေလျက်ရှိစဉ် မိမိက မွန်မြတ်သော ခဲဘွယ်ဘောဇဉ်များကို ၎င်းတို့ရှေ့၌ ဘန်းခင်းသဖြင့် စားသောက်ကြမည်ပြုဆဲတွင် မိမိက ကြောက်မက်ဖွယ်ကောင်းသော သဏ္ဍာန်ရှိသည့် သတ္တဝါကောင်ကြီးအဖြစ်နှင့် ဘွားကနဲ ပေါ်လာ၍ စားစရာများကို ကုန်စင်အောင် စားပစ်လိုက်ကြောင်း၊ ထို့နောက် ၎င်းသတ္တဝါကြီးက သူတို့နှစ်ယောက်အား စကားပြောသေးကြောင်း၊ ပြောပုံကား ပရော့စ်ပါရို၏ တိုင်းပြည်ကို ၎င်းတို့နှစ်ယောက်က လုယူပြီး သားအဖ နှစ်ယောက်အား ပင်လယ်ထဲ၌ ချထားခဲ့သော ယုတ်မာမှုကြောင့် ယခု လက်တွေ့ ဒုက္ခများကို ခံစားနေကြ





ရခြင်းဖြစ်သည်ဟု ပြောခဲ့ကြောင်းနှင့် ပြောပြလေ၏။

နေပဲလ်ဘုရင်နှင့် ပရော့စ်ပါရို၏ ညီယုတ်မာ အန်တိုနီယိုတို့သည် ပရော့စ်ပါရို သားအဖနှစ်ယောက်အပေါ်၌ မတရား ပြုခဲ့မိကြခြင်းအတွက် နောင်တ အကြီးအကျယ် ရကြလေ၏။ အေရီယဲလ်ကလည်း ၎င်းတို့၏ နောင်တရမှုများမှာ တကယ်ရိုးသားစွာ နောင်တရခြင်းဖြစ်၍ မှင်စာကလေးမျှသာဖြစ်သော သူကိုယ်တိုင်ပင် ၎င်းတို့အပေါ်၌ မသနားတော့ဘဲ မနေနိုင်အောင်ဖြစ်မိကြောင်း ပြောပြလေ၏။

ထိုအခါ ပရော့စ်ပါရိုက "ကိုင်း . . . ဒီလိုဆိုလျှင် သူတို့နှစ်ယောက်ကို သွားခေါ်ချေတော့၊ နာနာဘာဝလောကထဲက မင်းလို မှင်စာကတောင် သူတို့ကို သနားတယ်ဆိုလျှင် လူသားအချင်းချင်း ဖြစ်တဲ့ ငါလို လူတစ်ယောက်က မသနားဘူးဆိုလို့ မဖြစ်နိုင်ဘူး။ သွား မြန်မြန်ခေါ်ခဲ့"ဟုစေခိုင်းလိုက်လေ၏။

အေရီယဲလ်သည် ချက်ချင်း ထွက်သွား၍ နေပဲလ်ဘုရင်နှင့် အန်တိုနီယိုတို့အပြင် ဂွန်ဇလိုကိုပါ ခေါ်ခဲ့လေ၏။ ဂွန်ဇလိုမှာ ပရော့စ်ပါရိုတို့ သားအဖကို လှေကလေးနှင့် ထည့်၍ မျှောစဉ်က စားနပ်ရိက္ခာနှင့် စာအုပ်များ တိတ်တဆိတ် ထည့်ပေးလိုက်ဖူးသည့် ဂွန်ဇလိုပင် ဖြစ်လေသည်။

ဘုရင်နှင့် အန်တိုနီယိုတို့မှာ ဝမ်းနည်းခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းတည်းဟူသော 'အချင်းအရာများကို အပြင်းအထန် ခံစားခဲ့ကြရသည်ဖြစ်၍ ထိုင်းမှိုင်းတွေဝေလျှက် ရှိကြသောကြောင့် ပရော့စ်ပါရိုအား မမှတ်မိဘဲ ဖြစ်နေကြ၏။ ပရော့စ်ပါရိုသည် ဂွန်ဇလိုကို မြင်လျှင်မြင်ချင်း မိမိတို့ သားအဖ၏ အသက်သခင် ကျေးဇူးရှင်ဖြစ်ကြောင်းပြော၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်သည်တွင်မှ ဘုရင်နှင့် အန်တိုနီယိုတို့က မိမိတို့ ပြစ်မှားခဲ့သည့် ပရော့စ်ပါရိုဖြစ်ကြောင်း သိရှိကြလေ၏။

အန်တိုနီယိုသည် တကယ့် နောင်တကြီးရ၍ မျက်ရည် စက်လက်နှင့် နောင်တော် ပရော့စ်ပါရိုအား ဝမ်းနည်းစကား ပြောကာ ဝန်ချတောင်းပန်လေရာ၊ နေပဲလ်ဘုရင်ကလည်း အန်တိုနီယို၏ ယုတ်မာသော အကြံအစည်ကို ကူညီအားပေးခဲ့မိခြင်းအတွက် မှားယွင်းကြောင်း ဝန်ခံ၍ ချမ်းသာပေးရန် တောင်းပန်လေသည်။ ပရော့စ်ပါရိုသည် ထိုလူနှစ်ယောက်အား အပြစ်မှ ချမ်းသာပေးကြောင်း ပြောရာ သူတို့နှစ်ယောက်ကလည်း ပရော့စ်ပါရိုထံမှ လုယူထားသည့် ပြည်နယ်ကို ပြန်လည် အပ်နှင်းပါမည်ဟု ကတိပြုကြလေ၏။ ထို့နောက် ပရော့စ်ပါရိုက နေပဲလ်ဘုရင်အား "သင့်အတွက် လက်ဆောင်တစ်ခု ပေးရန်ရှိသည်"ဟုဆိုကာ ဂူတံခါးတစ်ချပ်ကို ဖွင့်ပြလိုက်ရာတွင် စစ်ဘုရင်ကစားလျှက်ရှိကြသော ဖါဒီနင် မင်းသားနှင့် ဟိုင်ရင်ဒါတို့ကို တွေ့ရလေ၏။



www.burmeseclassi.com

www.burmeseclassic.com



နေပဲလ်ဘုရင်နှင့် ဖါဒီနင် မင်းသားတို့မှာတစ်ယောက်ကိုတစ်ယောက် သေပြီဟု ထင်မှတ်လျက်ရှိကြရာမှ ယခုကဲ့သို့ မျက်နှာချင်းဆိုင် ဘွားကနဲ ပြန်တွေ့လိုက်ကြရသည်တွင် ဝမ်းသာလုံးကြီး ဆို့မတတ် ဖြစ်သွားကြလေ၏။

ဟိုင်ရင်ဒါသည် ထိုလူစုကို မြင်လိုက်ရသောအခါ "အလိုလေးရှင်၊ တကယ့် လူသားတွေပါ တကား၊ ဒီလို လူသားမျိုးတွေ နေကြတဲ့ ကမ္ဘာလောကကြီးဆိုလျှင် ပျော်စရာကြီးတစ်ခု ဖြစ်မှာပဲနော်"ဟု အံ့ဩစွာနှင့် လွှတ်ကနဲ ပြောလိုက်၏။

နေပဲလ်ဘုရင်သည်လည်း ဟိုင်ရင်ဒါကို မြင်ရသောအခါ ရှေးဦးစွာ ဖါဒီနင် မြင်ရစဉ်က တအံ့တဩ ဖြစ်ခဲ့ရဖူးသည့်နည်းတူ အကြီးအကျယ် အံ့ဩ ငေးမောလျက်ရှိ၏။

ဘုရင်သည် ဟိုရင်ဒါအား ငေးကြည့်လျက်ရှိရာမှ "ဒီမိန်းကလေး ဘယ်သူပါလိမ့်၊ ကျွန်ုပ်တို့ သားအဖကို ခွဲပြီးမှ ပြန်တွေ့အောင် လုပ်ပေးတဲ့ နတ်သမီးထင်ပါတယ်"ဟု ပြော၏။

ထိုအခါ ဖါဒီနင်မင်းသားသည် ဟိုင်ရင်ဒါကို ရှေးဦးစွာ တွေ့ခဲ့စဉ် အထင်မှားခဲ့ဖူးသည့်အတိုင်း ခမည်းတော်လည်း အထင်မှားချေသည်ဟု ရိပ်မိကာ ပြုံးရယ်လျက် "မဟုတ်ရပါ ခမည်းတော်ဘုရား၊ သားတော်မောင်ရဲ့ ကြင်ယာတော်လောင်း ဖြစ်၍ လူသားစင်စစ် ဖြစ်ပါသည်။ ခမည်းတော်ဘုရား အသက်ရှင်လျက် ရှိခြင်းကို မသိရသည့်အတွက် ခမည်းတော်ထံ အခွင့်တောင်းခြင်း မပြုနိုင်ဘဲ သားတော်မောင် ကိုယ်တိုင် ရွေးချယ်လိုက်ရခြင်းဖြစ်ပါသည်။ မိန်းကလေးသည် ဟိုင်လင်မြို့စားကြီး ပရော့စ်ပါရို၏ သမီးတော် ဟိုင်ရင်ဒါ ဖြစ်ပါသည်။ မြို့စားကြီး ကိုယ်တိုင်ကပင် သားတော်မောင်နှင့် သဘောတူ၍ ထိမ်းမြားလက်ထပ်ခွင့် ပြုပြီးဖြစ်ပါသည်"ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရင်ကလည်း "ဒီလိုဆိုလျှင် ငါ့သမီးတော်ပေါ့။ ကိုယ့်သမီးတော်ကို ကိုယ်က ပြန်ပြီး အပြစ်လွှတ်ဖို့ တောင်းပန်ရတယ် ဆိုတာကတော့ တော်တော် ဂွကျတာပဲ။ သို့သော် ဘာပဲဖြစ်ဖြစ် တောင်းပန်ဖို့က ဝတ္တရားရှိပေတာကိုး" ဟုပြော၏။

ဤတွင် ပရော့စ်ပါရိုက "ဒီဟာတွေ ရှိပါစေတော့၊ တောင်းပန်နေဖို့ မလိုပါဘူး၊ လွန်ပြီးဖြစ်တဲ့ ကိစ္စတွေအတွက် အမှတ်မထားဘဲ ယခုကဲ့သို့ ငြိမ်းငြိမ်းချမ်းချမ်းနှင့် ကျေကျေနပ်နပ်နဲ့ လက်စသတ်သွားတဲ့အတွက် ဝမ်းသာကြဖို့ပဲ ရှိပါတယ်"ဟု ပြောလေ၏။ ၎င်းနောက် သဘောထားကြီးသော ပရော့စ်ပါရိုသည် ညီတော် အန်တိုနီယိုအား ကြင်နာစွာ ပွေ့ဖက်၍ လွန်ခဲ့ပြီးသည်များကို အမှတ်မထားဘဲ လုံးဝ ချမ်းသာပေးကြောင်း အချင်းအရာအားလုံးသည် ဘုရား





သခင်၏ စီမံချက်အရဖြစ်၍ ဝမ်းနည်းစရာ မဟုတ်၊ ဝမ်းသာဖို့ပင် ရှိကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မိမိအား တိုင်းပြည်မှ နှင်ထုတ်ကြသည့်အတွက်ကြောင့်သာ သမီးတော်မှာ နေပဲလ်ဘုရင်၏ မိဖုရားကြီးဖြစ်ဖို့ လမ်းပွင့်လာကြောင်း၊ ဤကျွန်းသို့ ရောက်ကြ၍ ဖါဒီနင်မင်းသားနှင့် သမီးတော် ဟိုင်ရင်ဒါတို့ တွေ့ဆုံခွင့်ရရှိသောကြောင့်သာလျှင် ဤဝမ်းသာဖွယ်ကောင်းသော အဖြစ်အပျက်မျိုး ပေါ်ထွက်လာရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ အလုံးစုံ ကြိုတင်ဖန်တီးပေးနိုင်သည့် တန်ဖိုးတော် အနန္တနှင့် ပြည့်စုံတော်မူသည့် ဘုရားသခင်၏ ကျေးဇူးတော်ကိုသာ ချီးကျူးကြဖို့လိုကြောင်း ပြောလေ၏။

ပရော့စ်ပါရိုသည် အထက်ပါ စကားကို ပြောဆိုရာ၌ ညီတော် အန်တိုနီယိုအား နှစ်သိမ့်စေရန် ရည်ရွယ်ချက်ရှိလေရာ အန်တိုနီယိုသည် နောင်ပေါ်၏ မြင့်မြတ်သော စိတ်နှလုံးနှင့် သဘောထားကြီးခြင်းအကြောင်းကို ထင်ရှားစွာ သိရှိရသည်တွင် မည်သို့မျှ ပြန်မပြောနိုင်အောင် ရင်ထဲ၌ ဆို့လျက်ရှိ၍ မျက်ရည်များ အသွယ်သွယ် ယိုစီးကျလေ၏။ ဂွန်ဇလိုသည်လည်း အလွန်ဆိုးရွားသော အဖြစ်အပျက်များသည် ဤကဲ့သို့ ကျေနပ်ဖွယ်ရာ လက်စသိမ်းသွားခြင်းကို မြင်ရသောအခါ ညီတော်၊ နောင်တော် နှစ်ပါးလုံးအတွက် ဝမ်းမြောက်လှသည်နှင့် မျက်ရည် မဆည်နိုင်အောင်ဖြစ်လျက် ဖါဒီနင်မင်းသားနှင့် ဟိုင်ရင်ဒါတို့အတွက်လည်း ဘုရားသခင်ခံမှ ကောင်းကြီးမင်္ဂလာ ချပေးသနားတော်မူပါမည့်အကြောင်း အထပ်ထပ်ဆုတောင်းလေ၏။

ပရော့စ်ပါရိုက ၎င်းတို့ စီးနင်းလိုက်ပါကြမည့် သင်္ဘောသည် ဆိပ်ကမ်းတစ်ခုတွင် မပျက်မစီးဘဲ ဆိုက်ကပ်လျက်ရှိကြောင်း၊ သင်္ဘောသားများ အားလုံးသည်လည်း သင်္ဘောပေါ်တွင် ကျန်းမာစွာ ရှိကြကြောင်း၊ နောက်တစ်နေ့နံနက်တွင် သင်္ဘောထွက်ခွာသောအခါ၌ မိမိတို့ သားအဖ နှစ်ယောက်တို့လည်း လိုက်ပါကြမည်ဖြစ်ကြောင်းပြော၍ မိမိ၏ ဂူ၌ရှိသမျှသော စားစရာများကို ထုတ်ကျွေးပြီးလျှင် ဤကျွန်းပေါ်သို့ သားအဖနှစ်ယောက်တို့ ဆိုက်ကပ်ရပုံ၊ မည်ကဲ့သို့ နေထိုင်စားသောက်ကြပုံ အကြောင်းအရာများကိုလည်း ပြောပြလေ၏။ ၎င်းတို့ စားသောက်ကြစဉ် တစ်ယောက်တည်းသော အစေခံမှာ ကယ်လီဘန်ဖြစ်ရာ ထိုသူသည် အလွန်အရုပ်ဆိုးသော်လည်း ဧည့်သည်များအား သပ်ယပ်စွာ ခင်းကျင်းပြင်ဆင်ပေးတတ်ခြင်းကို ၎င်းတို့ မြင်ကြရ၍ အလွန် အံ့ဩကြရလေသည်။

ကျွန်းမှ မထွက်ခွာမီ ပရော့စ်ပါရိုသည် အေရီယဲလ်အား လွတ်လပ်ခြင်းပေး၍ သဘောရှိ သွားလာခွင့် ပြုလိုက်ရာ အေရီယဲလ်မှာ ပရော့စ်ပါရို၏ အမှုကြီးငယ်တို့ကို ဆောင်ရွက်ခဲ့ရာတွင် ရွှင်ရွှင်ပျပျ ရှိသော်လည်း လွတ်လပ်



www.burmeseclassi.com

www.burmeseclassic.com



ခြင်းကို မြှတ်နိုးသူ ဖြစ်သည့်အလျောက် အခွင့်ပြုလိုက်သည်နှင့်တစ်ပြိုင်နက် ဝမ်းမြောက်ဝမ်းသာ ခုန်ပေါက် ထွက်လာခဲ့ပြီးလျှင် ကောင်းကင်၌ ငှက်ကဲ့သို့ ပျံဝဲခြင်း၊ သစ်သီးသစ်ရွက်များနှင့် ပန်းများအလယ်၌ လိပ်ပြာကဲ့သို့ ဤမှထိုမှ ခေါက်တုန့်ခေါက်ပြန် ပျံသန်းခြင်း၊ သစ်ပင်ကြီးများအောက်၌ မြက်ခင်းပေါ်တွင် လှူးလိမ့်ခြင်း စသည်ဖြင့် မြူးတူးပျော်ရွှင်စွာ ရှိနေလေ၏။

လွှတ်ခါနီး၌ ပရော့စ်ပါရိုက "မင့်ကို လွှတ်လိုက်ရတာ ငါတော့ သိပ်ပြီး နှမြောတာပဲဟေ့၊ သို့သော် ထားခဲ့တဲ့ ကတိအတိုင်း လွှတ်လိုက်ပါတယ်၊ သွားပေတော့ အေရီယဲလ်" ဟု ဆို၏။

အေရီယဲလ်ကလည်း လွှတ်လပ်ခွင့်ရသဖြင့် အထက်ပါနည်းအတိုင်း မြူးတူးပျော်ပါး၍ အားရပြီးသည်နောက်တွင် မိမိ၏ သခင်ဖြစ်ဖူးသည့် ပရော့စ်ပါရိုအား ၎င်းတို့ သွားရမည့် သမုဒ္ဒရာခရီးတွင် ချောချောမောမော ရောက်စေမှု အတွက် တသုန်သုန် မှန်မှန်တိုက်ခတ်သည့် လေပြေလေညှင်းကလေးဖြင့် ကူညီပေးပါဦးမည်ဟု ကတိပြုသွားလေ၏။

ပရော့စ်ပါရိုသည် မိမိ၏ မှော်အတတ် စာအုပ်ကြီးများနှင့် ဆေးကြိမ်လုံးကို မြေကြီးထဲ၌ မြှုပ်ထားခဲ့၍ ၎င်းတို့ကို ဘယ်တော့မှ အသုံးမချတော့ပါဟု သစ္စာပြုခဲ့လေ၏။ နောက်တစ်နေ့ နံနက်၌ ပရော့စ်ပါရိုတို့ လူစုသည် သင်္ဘောနှင့် ခရီးထွက်ခဲ့ကြရာ အေရီယဲလ်၏ စောင့်ရှောက်မှုကြောင့် တိုင်းပြည်သို့ ချောမောလျင်မြန်စွာ ဆိုက်ရောက်ကြလေ၏။ ပရော့စ်ပါရိုသည် မိမိ၏ ပစ္စည်းဖြစ်သော ဟိုင်လန်နယ်ကို ပြန်လည်ရရှိ၍ အုပ်ချုပ်စိုးစံရလေရာ ဖါဒီနင်နှင့် ဟိုင်ရင်ဒါတို့ လက်ထပ် မင်္ဂလာပွဲမှာလည်း နှစ်ဘက်သော မိဘတို့က ခိတ်ရောကိုယ်ပါ စီမံကြသည့်အတွက်ကြောင့် ခမ်းနားကြီးကျယ်ဆုံးသော မင်္ဂလာပွဲကြီးတစ်ခု အဖြစ်နှင့် ကာလကြာရှည်စွ ထင်ရှားကျော်ကြားလျက်ရှိရစ်ပါသတည်း။

သွေးသောက်၊ အမှတ် (၁၇၈)၊ နိုဝင်ဘာလ၊ ၁၉၆၀ ခုနှစ်။

□ □ □

# နွေရာသီတစ်ညဉ့်အိပ်မက်

အေသင်မြို့၌ ပြုလုပ်ထားသော ဥပဒေအရမှာ မိဘများသည် မိမိတို့၏ သမီးများကို မိမိတို့ သဘောတူသော သတို့သားနှင့် ထိမ်းမြားလက်ထပ်စေနိုင်သော အခွင့်အရေးရှိ၏။ အကယ်၍ သမီးတစ်ယောက်သည် ဘခင်ပေးစားသော ယောက်ျားကို မယူလိုပါဟု ငြင်းဆန်ခဲ့ပါမူကား ဘခင်သည် သမီးအားအသက်ဆုံးရှုံးအောင် စီရင်ပေးရန် ရုံးတော်သို့ လျှောက်ထားနိုင်ခွင့်ရှိလေသည်။ သို့ရာတွင် မိဘများသည် မိမိတို့၏ သမီးများကို အသက်ဆုံးရှုံးအောင် စီရင်ခြင်းကို မမြင်လိုသည်ဖြစ်သောကြောင့် သမီးများက တစ်ခါတစ်ရံ ဘခင်၏ အလိုအတိုင်း မလိုက်နာဘဲ ငြင်းဆန်စေကာမူလည်း ဥပဒေအတိုင်း စီရင်ပေးဖို့ လျှောက်ထားသော မိဘ နည်းပါးလှလေသည်။ သို့ဖြစ်၍ မိဘများသည် သားသမီးများကို ၎င်းဥပဒေဖြင့် ခြိမ်းခြောက်ကြသော်လည်း အဟုတ်တကယ် အပြစ်ပေးရန် လျှောက်ထားသော မိဘဟူ၍မူကား အလွန်ရှားလှ၏။

အခါတစ်ပါး၌မူကား ဧဂျီယပ်(စ်) အမည်ရှိ အဘိုးကြီးတစ်ယောက်သည် အေသင်မြို့စားကြီးထံသို့ လာရောက်၍ မိမိ၏ သမီး ဟာမီယာသည် ဒီမီထရတ်အမည်ရှိ အေသင်မြို့သား လူငယ်တစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ရန် အမိန့်ပေးသော်လည်း မိမိ၏ စကားကို မလိုက်နာဘဲ လိုင်ဆင်ဒါ အမည်ရှိ အခြား အေသင်မြို့သား လူငယ်တစ်ယောက်နှင့် ချစ်ကြိုက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ သမီးအား အေသင်မြို့ ဥပဒေအရ သေဒဏ်အပြစ်ပေးရန် အကြောင်းနှင့် မြို့စားအား လျှောက်ထားလေ၏။

သီဟရတနာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သမီးဟာမီယာသည်ဘခင်၏စကားကို မနာယူနိုင်ခြင်းအကြောင်းမှာ ဒီမီထရတ်သည် မိမိသူငယ်ချင်း ဟယ်လီနာနှင့် ချစ်ခင်စုံမက်ခဲ့ဖူးကြောင်း၊ ဟယ်လီနာသည်လည်း ဒီမီထရတ်အား ယခုတိုင် နှစ်သက်စွဲလန်းလျက်ရှိကြောင်း ဖခင်အား ပြောပြလေရာ၊ စင်စစ်မှာ ဟာမီယာ၏ အကြောင်းပြချက်သည် လုံလောက်သော်လည်း ဘခင် ဧဂျီယပ်စ်သည် လက်မခံဘဲ မြို့စားကြီးထံသို့ လျှောက်ထားခြင်း ဖြစ်လေသည်။

မြို့စားကြီးမှာ သနားကြင်နာတတ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သော်လည်း တိုင်းပြည်၏ ဥပဒေကို ပြင်ဆင်ပြောင်းလဲနိုင်သော အာဏာမရှိချေ။ သို့ဖြစ်၍ မြို့စားကြီးသည် ဟာမီယာအား ဤကိစ္စကို စဉ်းစားဆင်ခြင်ရန်အတွက် လေးရက်မျှ အချိန်ပေး၏။ ထိုလေးရက် ကုန်ဆုံးသောအခါ၌ ဘခင်၏ ဆန္ဒအတိုင်း မလိုက်နာခဲ့လျှင် အသက်ဆုံးရှုံးခြင်း ခံရမည်ဟု အမိန့်ချမှတ်လေ၏။

ဟာမီယာသည် မြို့စားကြီး ရုံးတော်မှ ဆင်းလာသောအခါတွင် ရည်းစား လိုက်ဆင်ဒါထံသို့ သွား၍ မိမိ၏ အခက်အခဲကို ပြောပြလေ၏။ လိုက်ဆင်ဒါကို စွန့်လွှတ်၍ ဒီမီထရတ်အား လက်ထပ်လျှင်ထပ်၊ သို့မဟုတ်ခဲ့လျှင် လေးရက်ကုန်ဆုံးသောအခါ၌ အသက်ဆုံးရှုံးရမည်ဖြစ်လေသည်။

လိုက်ဆင်ဒါမှာ ဤနှလုံးမသာယာဘွယ် သတင်းကို ဟာမီယာ့ထံမှ ကြားသိရသောအခါ အကြီးအကျယ် စိတ်ဒုက္ခရောက်လျက်ရှိ၏။ သို့ရာတွင် အေသင်မြို့နှင့် အတော်ခရီးကွာလှမ်းသော နေရာတစ်ခုတွင် မိမိ၏ အဒေါ်တစ်ယောက်ရှိနေခြင်းကို လိုက်ဆင်ဒါ သတိရ၏။ ၎င်းနေရာ၌မူ အထက်ပါ ဥပဒေ၏ အာဏာစက် မပြန့်နိုင်သော အဖြစ်ကိုလည်း လိုက်ဆင်ဒါသိ၏။ သို့ဖြစ်၍ လိုက်ဆင်ဒါသည် ဟာမီယာအား ၎င်း၏ အဒေါ်ရှိရာသို့ တိတ်တဆိတ် အတူတကွ ထွက်သွားကြပြီးလျှင် ထိုနေရာ၌ပင် လက်ထပ်ကြရန် အကြံပေးလေ၏။ နောက်ဆုံး၌ လိုက်ဆင်ဒါက အေသင်မြို့ အပြင်ဘက် မိုင်အနည်းငယ်ဝေးသော တောအုပ်တစ်ခု၌ ရှေးအခါက ဟယ်လီနာနှင့်အတူ သုံးယောက်တွဲ လမ်းလျှောက်ခဲ့ဖူးကြသည့်နေရာတွင် ထိုနေ့ည တွေ့ဆုံကြဖို့ ချိန်းဆိုလေ၏။

ဟာမီယာသည် လိုက်ဆင်ဒါ၏ အကြံကို ဝမ်းမြောက်စွာ လက်ခံ၍ မိမိ ထွက်ပြေးမည့်အကြောင်းကို မည်သူ့အားမျှ မပြောဘဲ သူငယ်ချင်း ဟယ်လီနာတစ်ယောက်တည်းကိုသာ ပြောပြလေ၏။ မိန်းကလေးတို့ မည်သည်မှာ အချစ်ပြဿနာနှင့် ပတ်သက်သောအခါတွင် မိုက်မဲသောအမှုများကို ပြုလေ့ရှိတတ်သည့်အတိုင်း ဟယ်လီနာသည် ဟာမီယာ၏ အကြံကို ဒီမီထရတ်အား သေးနုတ်စွာနှင့် ပြောလိုက်လေ၏။ ဤသို့ ပြုခြင်းအားဖြင့် ဟယ်လီနာမှာ တောအုပ်သို့ ဧကန်မုချ သွားမည်ဖြစ်သော ဒီမီထရတ်အား နောက်မှ နောက်ယောင်





ခံ၍ လိုက်ရခြင်းမှတစ်ပါး မိမိအဖို့ မည်သို့မျှ အကျိုးကျေးဇူး မရှိခြင်းကို သိပါလျက်နှင့် သူငယ်ချင်း၏ လျှို့ဝှက်သော အကြံကို ပြောပြလိုက်ခြင်းမှာ ဟယ်လီနာ၏ မိုက်မဲမှုပေတည်း။

လိုက်ဆင်ဒါနှင့် ဟာမီယာတို့ တွေ့ဆုံကြဖို့ ချိန်းဆိုထားသည့် တောအုပ်မှာကား တောစောင့်နတ်သမီး နတ်သားများ မကြာခဏ ပေါ်လာတတ်သည့် ဌာနတစ်ခုဖြစ်လေ၏။

နတ်မင်းသား အိုဘရွန်နှင့် နတ်မင်းသမီး တီတန်နီယာတို့သည် ၎င်းတို့၏ နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းများနှင့် ထိုတောအုပ်တွင် သန်းခေါင်ယံ ပျော်ပွဲစားများ ကျင်းပလေ့ရှိလေသည်။

နတ်မင်းသား အိုဘရွန်နှင့် နတ်မင်းသမီး တီတန်နီယာတို့မှာ ထိုအချိန်အခါတွင် သဘောကွဲလွဲမှု တစ်ခု ရှိသည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက် သဘောမျိုး သက်ဝင်လျက် ရှိကြ၏။ နတ်မင်းသားနှင့် နတ်မင်းသမီးသည် ဤတောအုပ်၌ အပျော်အပါး ထွက်လာကြသည်ဆိုသော်လည်း မျက်နှာချင်းဆိုင်မိသည်နှင့် တပြိုင်နက် ရန်ခိုက်ဒေါသဖြစ်ကြ၍ အချေအတင် ဆူပူလေ့ရှိကြရာ အခြွေအရံဖြစ်သော နတ်သမီးနတ်သားများမှာ သစ်ပင်ကြို သစ်ပင်ကြား၊ ချုံကြိုချုံကြားများသို့ ပြေးလွှားခိုအောင်းကြရလေသည်။

နတ်မင်းသားနှင့် နတ်မင်းသမီးတို့ သဘောကွဲလွဲကြရသော အချင်းအရာတစ်ခုမှာ နတ်မင်းသမီး တီတန်နီယာသည် မိမိ၏မိတ်ဆွေ နတ်သမီးတစ်ယောက်က မွေးဖွားထားခဲ့သည့် နတ်သားလေးတစ်ယောက်ကို ၎င်း၏ မိခင် ကွယ်လွန်သောအခါ၌ အချစ်တော်လေးအနေဖြင့် မွေးစားထားခဲ့ရာ၊ နတ်မင်းသားသည် အဆိုပါ နတ်သူငယ်ကို မိမိအား ပေးဖို့ အကြိမ်ကြိမ်တောင်းခဲ့သော်လည်း နတ်သမီးက အကြိမ်ကြိမ်ပင် ငြင်းဆန်ခဲ့ကြလေသည်။

လိုက်ဆင်ဒါနှင့် ဟာမီယာတို့ တွေ့ဆုံကြဖို့ ချိန်းဆိုထားသည့် ညဉ့်၌ နတ်မင်းသမီး တီတန်နီယာသည် မိမိ၏ အခြွေအရံ နတ်သမီးများနှင့်အတူ တောအုပ်အတွင်း၌ လမ်းလျှောက်ထွက်လာကြစဉ်၊ နတ်သားအခြွေအရံနှင့် လမ်းလျှောက်ထွက်လာသော နတ်မင်းသား အိုဘရွန်နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံကြလေ၏။

နတ်မင်းသမီးနှင့် နတ်သားတို့ မျက်နှာချင်းဆိုင် တွေ့ဆုံကြသည်နှင့် တစ်ပြိုင်နက် နတ်မင်းသားက နတ်သူငယ်ကို တောင်းသဖြင့် နတ်မင်းသမီးက မပေးနိုင်ကြောင်း ငြင်းဆိုခြင်း၊ နတ်မင်းသားက အလွန်နှမြောတွန့်တိုတတ်သည်ဟု နတ်မင်းသမီးအား စွပ်စွဲခြင်း၊ နတ်မင်းသမီးကလည်း နတ်မင်းသားအလွန်တရာ မနာလိုဝန်တိုတတ်သည်ဟု စွပ်စွဲခြင်းတို့ကြောင့် ဆူညံမျက်ကွ



www.burmeseclassi.com

www.burmeseclassic.com



ရာတွင် နှစ်ဘက်အခြေအရံများဖြစ်ကြသော နတ်သမီး၊ နတ်သားများမှာ မနေတတ်မထိုင်တတ်ဖြစ်ကြ၍ ထွက်ပြေးကြရတော့မလိုလို၊ ပုန်းအောင်းရတော့မလို ဖြစ်နေကြလေ၏။

နောက်ဆုံး၌ နတ်မင်းသမီးက "စိတ်နှလုံး တုံးတုံးချလိုက်ပါတော့ မောင်တော်၊ မောင်တော်ရဲ့ နတ်ပြည်တစ်ခုလုံးပေးပြီး ဝယ်မယ်ဆိုရင်တောင် နတ်သူ ငယ်ကိုတော့ မပေးနိုင်ပါဘူး၊ လက်လျှော့လိုက်ပါတော့ မောင်တော်"ဟု ပြောရာ တွင် နတ်မင်းသားက . . . "သဘောရှိလုပ်စမ်းပါ၊ နောင်ကျတော့သာ အံ့မယ် လေး မတပါနဲ့၊ ပြောနေကြာရော့မယ်၊ ဒီကနေ့ည မိုးမလင်းမီ နှမလေး ဒုက္ခ ရောက်စေ့မယ် . . . "ဟု ပြန်ပြောလေ၏။

နတ်မင်းသား အိုဘရွန်သည် ၎င်း၏ ကျွန်ယုံတော် ပတ်(က်)အား ရှေ့တော်သို့ ဆင့်ခေါ်ရန် ချက်ချင်း အမိန့်ပေးလေ၏။

ပတ်(က်)သည် ပါးရေနပ်ရေရှိ၍ ရှုပ်ချင်ပွေချင်သော နတ်သား ကလေး တစ်ဦးဖြစ်သည့်အလျောက် အနီးအပါးရှိ ကျေးရွာများတွင် နောက် ချင်ပြောင်ချင်သူတစ်ဦး ဖြစ်ခဲ့လေသည်။ တစ်ခါတစ်ရံတွင် ထောပတ်ချက်ရန် အတွက် ပြင်ဆင်ထားသောနွားနို့အိုးထဲမှ မလိုင်များကို နှုတ်ယူသွားခြင်း၊ တစ် ခါတစ်ရံတွင်လည်း နွားနို့မှ ထုတ်လုပ်ထားသော မလိုင်များကို ထောပတ်ဖြစ် အောင်ပြုလုပ်ရာတွင် ပတ်(က်)သည် မလိုင်အိုးထဲသို့ ခုန်ဆင်းကာ တောင်ခုန် မြောက်ခုန် ပြုလုပ်သောကြောင့် မလိုင်မှာ ထောပတ်မဖြစ်နိုင်ဘဲ ရှိနေခြင်း၊ တစ်ခါတစ်ရံတွင် ယောကျ်ားကလေးများ ပြုလုပ်သော စပျစ်ရည်အိုးထဲသို့ ခုန် ဆင်းခါ နှောင့်ယှက်ခြင်းအားဖြင့် စပျစ်ရည်လုပ်၍မရအောင် နှောင့်ယှက်ခြင်း၊ တစ်ခါတစ်ရံတွင် မိန်းမကြီးများ စပျစ်ရည်ထည့်သော ချိုင့်ထဲသို့ ဂဏန်း ယောင်ဆောင်ခါ ခုန်ဆင်းပြီးလျှင် စပျစ်သောက်မည်ပြုနေသော မိန်းမကြီး၏ နှုတ်ခမ်းကို လက်မနှင့် ညှပ်လိုက်သဖြင့် အလန့်တကြား ခုန်ပေါက်ရာတွင် မိန်းမကြီး၏ အဝတ်အစားတွင် စပျစ်ရည်များ ဖိတ်စင်ခြင်း၊ တစ်ခါတစ်ရံတွင် မိန်းမကြီးတစ်ယောက်သည် သုံးချောင်းထောက်ခုံပေါ်တွင်ထိုင်ခါ အခြားမိန်းမ များအား အမျှင်မပြတ်အောင် စကားကောင်းလျက်ရှိစဉ် ပတ်(က်)သည် သုံး ချောင်းထောက်ခုံမှ ခြေတစ်ချောင်းကို ဖြုတ်ယူလိုက်၍ မိန်းမကြီး ဂွမ်းပြန်ကျ စေခြင်းအားဖြင့် အခြားမိန်းမကြီးများက ဝိုင်း၍ ရယ်မောကြခြင်းအစရှိသည့် နောက်ပြောင်ခြင်းအမျိုးမျိုးတို့ကို ဖန်တီးသူဖြစ်လေသည်။

နတ်မင်းသား အိုဘရွန်သည် နှုတ်ရှုပ်နတ်နောက်တစ်ယောက်ဖြစ် သော ပတ်(က်)ရောက်လာသောအခါ၌ ဤသို့ အမိန့်ပေးလေ၏။ "ငါ့တပည့် နတ်နောက်၊ ငါခိုင်းသည့်အတိုင်း မင်းလုပ်ရမည်"ဟု ပြောရာတွင် ပတ်(က်)





သည် နတ်မင်းသား ရှေ့၌ ရိုသေစွာ ဦးညွှတ်လျက်ရှိလေ၏။ ထို့နောက် အိုဘရွန်က ဆက်လက်၍ "အပျင်းပြေ မေတ္တာဆိုတဲ့ပန်းကို မောင်မင်းသိ သလား၊ ခရမ်းရောင်အဆင်းရှိတယ်လေ . . . "ဟု ပြောရာ ပတ်(က်)က သိ ကြောင်းပြန်ပြောလေ၏။ ထို့နောက် အိုဘရွန်က "ဒီပန်းရဲ့ တန်ခိုးသတ္တိက ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အိပ်ပျော်နေခိုက်မှာ သူ့မျက်ခွံပေါ်သို့ ဒီပန်း ဝတ်ဆံက အရည်ကို ညှစ်ချလိုက်လို့ရှိရင် သူနိုးလာတဲ့အခါမှာ ပထမဦးဆုံးမြင်ရ တဲ့လူကို တန်းတန်းစွဲ ကြိုက်တော့တာပဲ။ ဒီပန်းကို မင်းရအောင် သွားရှာချေ" ဟု ပြောသဖြင့် ပတ်(က်)က ထိုပန်းကို မည်သို့ အသုံးချပါမည်နည်း . . . ဟု မေး၏။ ထိုအခါ အိုဘရွန်က "ငါ့အကြံ ဒီလိုရှိတယ်၊ နှမတော် နတ်သမီး တီ တန်နီယာ အိပ်ပျော်ခိုက်မှာ သူ့မျက်ခွံပေါ်သို့ ဒီပန်းရည်ကို ညှစ်ချလိုက်မယ်၊ နှမတော် နိုးလာတဲ့အခါမှာ သူ့အနားမှာ ခြင်္သေ့ဖြစ်ဖြစ်၊ ဝက်ဝံဖြစ်ဖြစ်၊ မျောက် ကြီးဖြစ်ဖြစ်၊ ဘာကောင်ပဲဖြစ်ဖြစ် ရှိနေစေ။ အဲဒီ တိရစ္ဆာန်ကို နှမတော်က မြင်မှာပဲ။ အဲဒီလို သူ့မှာ အခက်ကြုံခိုက် ငါက သူမပေးနိုင်ပါဘူးလို့ ငြင်းနေတဲ့ နတ်သူငယ်ကို ရအောင်တောင်းယူမယ်။ ရပြီဆိုတော့မှ သူ့မျက်ခွံပေါ်ကို အခြား ပန်းတစ်မျိုးကအရည်ကို ညှစ်ချပြီး ဖြေဆေးအဖြစ်နဲ့ ကုပေးလိုက်မယ်။ ကိုင်း . . . ငါ့တပည့် မြန်မြန်ရအောင် ယူချေတော့"ဟု ပြောလေ၏။

ပတ်(က်)သည် သူတစ်ပါးအား နောက်ပြောင်ရသောအလုပ်ကို မစား နိုင်၊ မသောက်နိုင် နှစ်သက်သူတစ်ယောက်ဖြစ်၍ အိုဘရွန်စေခိုင်းသော အလုပ် ကို ဆောင်ရွက်ရန် ဝမ်းမြောက်ဝမ်းသာ ထွက်သွားလေ၏။ အိုဘရွန်သည် ပတ်(က်) ပြန်လာအောင် စောင့်မျှော်လျက်ရှိစဉ်၊ ဒီမီထရတ်နှင့် ဟယ်လီနာတို့ သည် တောအုပ်သို့ ဝင်လာကြလေ၏။ ဒီမီထရတ်က မိမိနောက်သို့ တန်းတန်း စွဲ လိုက်ရချေသလောဟု ဟယ်လီနာအား ကြိမ်းမောင်းရေရွတ်သော စကားများ ကို အိုဘရွန်ကြားရ၏။ ဒီမီထရတ်က မိမိနောက်ကို တကောက်ကောက်လိုက် ခြင်းအတွက် အရှက်နဲသော မိန်းမတစ်ယောက်ဖြစ်သည်ဟု ဟယ်လီနာအား ကြိမ်းလေရာ၊ ဟယ်လီနာကလည်း မိမိအား ရှေးယခင်က ချစ်ပါသည်၊ ကြိုက်ပါ သည်ဟု ဖွင့်ဟပြောဆိုပြီးနောက် ယခုမှ သစ္စာဖောက်ရချေသလောဟု ဆိုကာ တုန့်ပြန်မြည်တွန်ရင်း ဒီမီထရတ်နောက်သို့ လိုက်လေ၏။ သို့ဖြစ်၍ ဒီမီထရတ် ကရှေ့မှပြေး၍ ဟယ်လီနာက နောက်မှ တကောက်ကောက်လိုက်ခြင်းကို နတ် မင်းသား အိုဘရွန်တွေ့မြင်ရလေ၏။

သမီးရည်းစားများအား ကြင်နာတတ်သော နတ်မင်းသား အိုဘရွန် သည်ဟယ်လီနာအတွက်ကရုဏာဖြစ်မိလေ၏။ ဒီမီထရတ်သည်ဟယ်လီနာအား ချစ်ကြိုက်ခဲ့ဖူးစဉ်အခါက ဤသာယာသော တောအုပ်ထဲ၌ လသာသာတွင်



www.burmeseclassi.com

www.burmeseclassic.com



သမီးရည်းစားနှစ်ယောက်တို့ လက်တွဲကာ လမ်းလျှောက်ကြခြင်းကို အိုဘရွန် မြင်ခဲ့ဖူးကောင်း မြင်ခဲ့ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ပတ်(က်)သည် ခရမ်းရောင်ပန်းပွင့်လေးကို ဆောင်ယူလာသောအခါ အိုဘရွန်က ဒီပန်းတစ်ပွင့်ကို ယူသွားချေ၊ မထီမဲ့မြင်ပြုနေတဲ့ လူပျိုကလေးတစ်ယောက်ကို အေသင်မြို့သူ မိန်းကလေးတစ်ယောက်က ချစ်ကြိုက်နေတယ်။ လုလင်ပျို အိပ်ပျော်နေခိုက်တွင် သူ့မျက်စေ့ထဲသို့ ပန်းရည်ကို ညှစ်ချပါလေ။ သို့သော် လုလင်ပျိုနိုးလာတဲ့အခါ မိန်းကလေးကို ရှေးဦးစွာ မြင်နိုင်စေရအောင် သူ့အနီးမှာ မိန်းကလေး ရှိခိုက်တွင်မှ ညှစ်ချပါလေ။ လုလင်ပျိုမှာ အေသင်မြို့သား အဝတ်အစားမျိုး ဝတ်ဆင်ထားတယ်၊ မမှားစေနှင့်"ဟု ပြောလေ၏။

ပတ်(က်)သည် အိုဘရွန်မှာထားသည့်အတိုင်း နေရာတကျဆောင်ရွက်ပါမည်ဟု ကတိပြုသည်တွင် အိုဘရွန်သည် နတ်မင်းသမီး တီတန်နီယာ၏ အိပ်ခန်းဆောင်သို့ နတ်သမီးမမြင်စေဘဲ တိတ်တဆိတ်ဝင်သွားလေ၏။ တီတန်နီယာမှာလည်း အိပ်ရာပေါ်တွင် အိပ်စက်ရန် ပြင်ဆင်လျက်ရှိ၏။ နတ်မင်းသမီး၏ အိပ်ခန်းဆောင်မှာ စမ်းချောင်းတစ်ခု၏ ကမ္ဘားပေါ်၌ တည်ရှိ၍ လှပမွှေးကြိုင်သော ပန်းပွင့်အမျိုးမျိုးတို့သည် ပန်းပင်များမှ အစီအရီ အတွဲအရွဲ ဖူးပွင့်လျက်ရှိကြ၏။ နတ်မင်းသမီးသည် ဤနေရာတွင် ညတိုင်း အချိန်အနည်းငယ်မျှ စက်တော်ခေါ်လေ့ရှိ၏။ ဤနတ်မင်းသားနှင့် နတ်မင်းသမီးမျိုးမှာ အရွယ်အားဖြင့် အလွန်သေးငယ်သည်ဖြစ်သောကြောင့် နန်းတော်ကြားမြွေ၏ အရေခွံကို တဘက်သဖွယ် ကိုယ်တွင်လွှမ်းခြုံကာ အိပ်စက်နိုင်လေ၏။

အိုဘရွန်ရောက်သွားသောအခါ တီတန်နီယာသည် မိမိ၏ ကျေးကျွန်များအား မိမိစက်တော်ခေါ်ခိုက်တွင် ဆောင်ရွက်ရန် အလုပ်များကို စီစဉ်ပြောပြလျက်ရှိလေ၏၊ နတ်မင်းသမီးက ကျေးကျွန်ဖြစ်သော နတ်သမီးများအား "သင်တို့သည် ငါစက်ခုတော်ခေါ်ခိုက်တွင် နှင်းဆီအဖူးအငုံများကို စားတတ်သည့် ရောဂါပိုးများကို သုတ်သင်ပစ်ရမည်၊ နတ်သမီးအချို့က ငါ့အတွက် ဝတ်လုံချုပ်ရန် လင်းနို့များ၏ ပါးလွှာသော အတောင်များကို လုယူရမည်။ အချို့က ငါ၏ ညောင်စောင်းအနီးသို့ ဇီးကွက်များ လာ၍ မမြည်နိုင်စေရန် စောင့်၍ မောင်းထုတ်ရမည်၊ ကိုင်း . . . အားလုံး တညီတညာတည်း တေးချင်းဆိုကြစမ်း၊ ငါအိပ်တော့မယ်"ဟု အမိန့်ပေးလိုက်ရာတွင် ကျေးကျွန်နတ်သမီးများသည် သာယာလှစွာသောအသံဖြင့် တေးချင်းသီဆိုကြလေ၏။

ကျေးကျွန်နတ်သမီးများသည် တေးချင်းသီဆိုကြသဖြင့် နတ်သမီး အိပ်ပျော်သွားရာတွင် မိမိတို့အား စေခိုင်းခဲ့သော အလုပ်များကို ဆောင်ရွက်ရန် ထွက်သွားကြလေ၏။ ထိုနေ့၌ အိုဘရွန်သည် နှမတော် တီတန်နီယာအနီးသို့





ဖြည်းညှင်းစွာ ချဉ်းကပ်၍ ခရမ်းရောင် ပန်းရည်အချို့ကို မျက်ခွံပေါ်သို့ ညှစ်ထည့်ပေးလေ၏။ ယင်းသို့ ညှစ်ထည့်စဉ် "သင်အိပ်ရာမှ နိုးသောအခါ ရှေးဦးစွာ မြင်ရသော သတ္တဝါကို တန်းတန်းစွဲ ချစ်ပါစေသတည်း"ဟု ရွတ်ဆိုလေ၏။

ဟာမီယာ့အကြောင်းကို ဖော်ပြရသော်၊ ထိုမိန်းကလေးသည် ၎င်းညတွင် ဖခင်၏ အိမ်မှ တိတ်တဆိတ် ထွက်လာခဲ့လေပြီ။ ဤကဲ့သို့ မပြုလျှင်လည်း ဟာမီယာမှာ ဒီမီထရတ်ကို ငြင်းပယ်သည့်အတွက် အသက်ဆုံးရှုံးခြင်းခံရမည်ဖြစ်လေသည်။ ဟာမီယာသည် တောအုပ်သို့ရောက်သောအခါ လိုက်ဆင်ဒါသည် သူ၏ အဒေါ်အိမ်သို့ ခေါ်ဆောင်သွားရန် စောင့်မျှော်လျက် ရှိသည်နှင့် တွေ့ကြလေ၏။ သို့ရာတွင် တောအုပ်ကြီးကို ဖြတ်သန်းလာကြ၍ ခရီးတစ်ဝက် ရောက်ကြသည်တွင် ဟာမီယာမှာ ပင်ပန်းနွမ်းနယ်လျက်ရှိလေပြီ။ ထိုအခါ လိုက်ဆင်ဒါသည် အသက်ကိုစွန့်၍ မိမိခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့သော ဟာမီယာအပေါ်၌ သနားကြင်နာခြင်းရှိသည်ဖြစ်၍ ချောင်းကမ္ဘားပေါ်တွင် နူးညံ့သော မြက်ခင်းပေါ်၌ နံနက်တိုင်အောင် အပန်းဖြေစေရန် ပြောပြီးလျှင် မိမိကိုယ်တိုင်လည်း မလှမ်းမကမ်းမှ လှဲလျောင်းလိုက်ရာတွင် နှစ်ယောက်စလုံး အိပ်ပျော်သွားကြလေ၏။ နောက်များမကြာမီ အိုဘရွန်၏ ကျေးကျွန်ဖြစ်သော ပတ်(က်)သည် ထိုနေရာသို့ ရောက်လာလေရာ . . . အေသင်မြို့သားတို့ ထုံးစံအတိုင်း ဝတ်ဆင်ထားသည့် လူချောကလေးနှင့် မိန်းမပျိုကလေးတစ်ယောက်တို့ တွေ့မြင်ကြရသည်တွင် မိမိ၏ သခင် ညွှန်ကြားလိုက်သော စုံတွဲပင် ဖြစ်ရမည်ဟု တွေးတောထင်မိလေ၏။ လုလင်ပျိုနှင့် မိန်းကလေးတို့မှာ ချောင်းကမ္ဘားပေါ်၌ အိပ်ပျော်လျက်ရှိကြလေရာ ဤသည်ကား မထီမဲ့မြင်ပြုသော လုလင်ပျိုနှင့် တန်းတန်းစွဲလိုက်သော မိန်းမပျိုပင်ဖြစ်ရမည်ဟု ယူဆလေ၏။ ထို့ပြင်လည်း ပတ်(က်) ကြံဆမိသည်မှာ ဤနေရာတွင် လုလင်ပျိုနှင့် မိန်းကလေးတစ်ဦးသာ ရှိကြသည်ဖြစ်သောကြောင့် လုလင်ပျိုနိုးသည်နှင့် တစ်ပြိုင်နက် ဤမိန်းကလေးမှတစ်ပါး အခြားသူတို့ကို တွေ့မြင်နိုင်ဘွယ်ရာမရှိဟူ၍လည်း ယူဆမိလေ၏။ သို့ဖြစ်၍ ပတ်(က်)သည် တောင်တောင်အီအီ မစဉ်းစားတော့ဘဲ လုလင်ပျို၏ မျက်လုံးထဲသို့ ခရမ်းရောင်ပန်းရည်ကို ညှစ်ထည့်လေ၏။ သို့ရာတွင် အလွဲလွဲအချော်ချော် ဖြစ်ရပုံမှာကား . . .။ လိုက်ဆင်ဒါ နိုးလာသောအခါ ဟယ်လီနာသည် ထိုနေရာသို့ ရောက်လာ၍ လိုက်ဆင်ဒါသည် ဟာမီယာကို အလျင်ဆုံးမြင်ရမည့်အစား ဟယ်လီနာကို ရှေးဦးစွာ တွေ့မြင်မိလေ၏။ ဤတွင် တန်ခိုးထက်မြက်လှသော ခရမ်းရောင်ပန်းရည်သည် လိုက်ဆင်ဒါ၏စိတ်ကို ပြုပြင်ပြောင်းလဲလိုက်သည်ဖြစ်၍ လိုက်ဆင်ဒါသည် ဟာမီယာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်၌ ချစ်ကြိုက်လာခဲ့သည့် မေတ္တာအားလုံး ပျောက်ပြယ်သွားပြီး ၎င်းအစား ဟယ်လီနာအား တန်းတန်းစွဲ ချစ်ကြိုက်မိလေ၏။

အကယ်၍ လိုက်ဆင်ဒါ နိုးလာသည်နှင့် တစ်ပြိုက်နက် ဟာမီယာအား မြင်လိုက်ရပါမူ ပတ်(က်)သည် စုံတွဲချင်း မှားသည့်အတွက်ကြောင့် အရေးကြီးလှမည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် လိုက်ဆင်ဒါသည် ဟာမီယာအား မူလကတည်းက ချစ်ကြိုက်ပြီးဖြစ်ပေသောကြောင့်တည်း။ ယခုမှာမူ လိုက်ဆင်ဒါသည် ခရမ်းရောင်ပန်းရည်၏ သတ္တိကြောင့် ချစ်လှစွာသော ရည်းစားဟာမီယာကို လုံးလုံးမေ့လျော့ခါ အခြားသော မိန်းမပျိုတစ်ယောက်၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပြေးပြီး၊ ဟာမီယာအား တောကြီးထဲ၌ တစ်ယောက်တည်း ပစ်ထားခဲ့ခြင်းမှာ ဝမ်းနည်းဘွယ်သော အချင်းအရာတစ်ခု ဖြစ်လေသည်။

ဤနည်းအားဖြင့် မဖွယ်သော အချင်းအရာများ ဖြစ်ပေါ်လာလေတော့သည်။ ယခင်က ဖော်ပြခဲ့သည့်အတိုင်း ဟယ်လီနာသည် ဒီမီထရက် နောက်သို့ မှီအောင်လိုက်ဖို့ ကြိုးစားလေရာ ဒီမီထရက်သည်လည်း ဟယ်လီနာကို လွတ်အောင်ရှောင်ခါ ထွက်ပြေးလေ၏။ ဤတွင် မိန်းကလေးတို့မည်သည် ယောက်ျားကလေးကို မှီအောင် ကြာရှည်စွာ မပြေးနိုင်သည်နှင့် ဟယ်လီနာမှာ ဒီမီထရက်နောက်မှ ကွဲကျန်ရစ်လေ၏။ ဟယ်လီနာသည် ဒီမီထရက်ကို မျက်ခြည်ပြတ်သွားသဖြင့် စိတ်ညှိုးငယ်စွာနှင့် တစ်ယောက်တည်း လှည့်လည်ရှာဖွေလျက်ရှိစဉ် လိုက်ဆင်ဒါ အိပ်ပျော်လျက်ရှိသော နေရာသို့ ဆိုက်ရောက်လာခြင်း ဖြစ်လေသည်။ ထိုအခါ ဟယ်လီနာက "အလို၊ မြေကြီးပေါ်မှာ အိပ်နေသူဟာ လိုက်ဆင်ဒါပါတကား၊ အိပ်ပျော်နေသလား၊ သေနေရှာသလား မပြောတတ်ဘူး"ဟုဆိုကာ လိုက်ဆင်ဒါအား လက်ဖြင့် ဖြည်းညှင်းစွာ ထိလိုက်လျက် "ရှင့် . . . ကိုလူပျို၊ အသက်ရှင်သူ ဖြစ်လျှင်ထပါလော့"ဟု ပြော၏။ ထိုအခါ လိုက်ဆင်ဒါသည် မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာ ခရမ်းရောင်ပန်းရည်၏ သတ္တိကြောင့် ဟယ်လီနာအား ချစ်ကြိုက်စကား ပြောလေတော့၏။ လိုက်ဆင်ဒါက ချိုးငှက်သည် ကျီးကန်းထက် လှပသကဲ့သို့၊ ဟယ်လီနာသည်လည်း ဟာမီယာထက် လှပကြောင်း၊ ဟယ်လီနာအတွက်ဆိုပါလျှင် မီးပုံကြီးကို ဖြတ်ကျော်၍ မိမိက လိုက်ရန်အသင့်ရှိကြောင်း အစရှိသည်ဖြင့် သမီးရည်းစားတို့ ပြောလေ့ရှိသော ချစ်စကား၊ ကြိုက်စကားမျိုးကို ကရားရေသွန် ပြောလေတော့သည်။ ဟယ်လီနာသည် မိမိ၏ သူငယ်ချင်း ဟာမီယာ၏ ရည်းစားဖြစ်သော လိုက်ဆင်ဒါကို သိသည့်ပြင်၊ ၎င်းတို့နှစ်ဦးမှာလည်း လက်ထပ်ဖို့ သစ္စာပြုပြီးဖြစ်သည့် အကြောင်းကိုလည်း သိသည်ဖြစ်၍ မိမိအား လိုက်ဆင်ဒါက လူပျိုစကား ပြော





ခြင်းကို ကြားရသောအခါတွင် ကရော်ကမည် ပြောခြင်းဖြစ်သည်အထင်နှင့် လိုက်ဆင်ဒါအပေါ်၌ အကြီးအကျယ် ဒေါသထွက်လေ၏။ ဟယ်လီနာက "ဖြစ်ရပလေနော်၊ ငါ့နှယ် ကံဆိုးပါဘိ၊ လူတိုင်းက ငါ့ကို ကရော်ကမည် ပြောနေကြပါပြီကောလား၊ ဒီမှာကြည့်စမ်းပါ လိုက်ဆင်ဒါ၊ ဒီမီထရက်က ကျွန်မကို ကြင်နာတဲ့စကားကလေး တစ်ခွန်း ပြောဖော်မရလို့ စိတ်ညစ်နေရတဲ့အထဲမှာ ရှင်ကလာပြီး ပြောင်လား၊ လှောင်လားနဲ့ မထီမဲ့မြင် ပြုနေရသလားရှင်၊ ရှင်ဟာ နူးညံ့သိမ်မွေ့တဲ့ စိတ်သဘောထားရှိတဲ့မိကောင်းဘခင် သားတစ်ယောက် ဖြစ်တယ်လို့ ကျွန်မထင်မိတာ မှားနေပြီလားရှင် . . ."ဟု ပြောပြောဆိုဆို ဟယ်လီနာသည် ထွက်သွားလေ၏။ လိုက်ဆင်ဒါကမူ အိပ်ပျော်လျက်ရှိသော ဟာမီယာကို လုံးဝသတိမရဘဲ ဟယ်လီနာ့နောက်သို့ ပြေးလိုက်သွားလေ၏။

ဟာမီယာသည် အိပ်ရာမှ နိုးလာသောအခါ တစ်ကိုယ်တည်းရှိနေသော အဖြစ်ကို တွေ့ရ၍ များစွာ ထိတ်လန့် တုန်လှုပ်လေ၏။ ဟာမီယာသည် လိုက်ဆင်ဒါ ဘာဖြစ်သည်ကိုလည်းကောင်း၊ ဘယ်နေရာသို့ သွား၍ ရှာရမည်ကိုလည်းကောင်း မသိရှာသည်နှင့် တောအုပ်ကြီးထဲတွင် ဤမှထိုမှ လှည့်လည်လျက်ရှိလေ၏။ ဤအတောအတွင်း၌ ဒီမီထရက်သည် ဟာမီယာနှင့် လိုက်ဆင်ဒါတို့ကို လိုက်လံရှာဖွေရင်း ၎င်းတို့ကို မတွေ့သည်နှင့် ခရီးပန်း၍ အိပ်ပျော်လျက်ရှိသည်ကို နတ်သား အိုဘရွန် တွေ့မြင်ရလေ၏။ အိုဘရွန်သည် ပတ်(က်)အား မေးမြန်းစုံစမ်းသည်တွင် ခရမ်းရောင်ပန်းရည်ကို တလွဲ လူတစ်ယောက်၏ မျက်ခွံထဲသို့ ညှစ်ထည့်ခဲ့ကြောင်း သိရသည်ဖြစ်ရာ ယခုအခါ၌မူ မိမိ ပထမရည်ရွယ်သော လုလင်ပျို ဒီမီထရက်ကို တွေ့ရသည်နှင့် အိပ်ပျော်လျက်ရှိသော ဒီမီထရက်၏ မျက်လုံးထဲသို့ခရမ်းရောင်ပန်းရည်ကို ညှစ်ထည့်လိုက်သဖြင့် ဒီမီထရက်နိုးလာလေ၏။ ဒီမီထရက် နိုးလာသည်နှင့် တစ်ပြိုင်နက် ဟယ်လီနာကို ရှေးဦးစွာ တွေ့မြင်ရသည်နှင့် ချစ်စိတ်ဝင်လာပြီးလျှင် လိုက်ဆင်ဒါနည်းတူ ဟယ်လီနာအား လူပျိုစကား ပြောလေတော့၏။

ထိုခဏ၌ လိုက်ဆင်ဒါနောက်မှ ဟာမီယာက တကောက်ကောက် လိုက်ပါလျက် စုံတွဲလိုက်ပေါ်လာကြလေ၏။ (ပတ်(က်)၏ အမှားကြောင့် ဟာမီယာသည် ရည်းစား လိုက်ဆင်ဒါနောက်သို့ တကောက်ကောက်လိုက်နေရခြင်း ဖြစ်လေသည်။) ယင်းသို့ တွေ့ဆုံကြရာတွင် လိုက်ဆင်ဒါနှင့် ဒီမီထရက်တို့သည် ခရမ်းရောင်ပန်းရည်၏ သတ္တိကြောင့် ဟယ်လီနာအား ပြိုင်တူ ချစ်ကြိုက်လျက်ရှိကြ၍ ဟယ်လီနာအား နှစ်ယောက်စလုံးပင် လူပျိုလှည့်ကြလေ၏။

ဤသို့အချင်းအရာကြောင့်အလွန်အံ့ဩလျက်ရှိသောဟယ်လီနာသည် မိမိ သူငယ်ချင်း ဟာမီယာနှင့် လုလင်ပျိုနှစ်ယောက်တို့က မိမိအား အရှုံးလုပ်



www.burmeseclassi.com

www.burmeseclassic.com



ကြရန် တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ဖန်တီးလျက်ရှိကြသည်ဟု တွေးထင်မိလေ၏။ ဟာမီယာ ကိုယ်တိုင်မှာလည်း ဟယ်လီနာကဲ့သို့ပင် အကြီးအကျယ် အံ့ဩလျက်ရှိ၏။ ယခင်ကမူ လိုက်ဆင်ဒါနှင့် ဒီမီထရတ်တို့သည် မိမိအား တစ်ပြိုင်တည်း အလုအယက် ချစ်ကြိုက်ခဲ့ကြရာမှ ယခုအခါ ဟယ်လီနာအား အလုအယက် ချစ်ကြိုက်နေခြင်းကို နားမလည်နိုင်အောင် ရှိ၏။ ဤအချင်းအရာကို ဟယ်လီနာအဖို့ ရယ်ဖွယ်ဖြစ်အောင် ပြောင်လှောင်ခြင်းဖြစ်သည်ဟု ထင်မိသော်လည်း ဟာမီယာအဖို့မှာမူ ရယ်စရာမဟုတ်ဘဲ အလွန်အရေးကြီးသော ကိစ္စတစ်ခု ဖြစ်နေခဲ့လေသည်။ ဟာမီယာနှင့် ဟယ်လီနာတို့မှာ တစ်ဦးနှင့် တစ်ဦး အလွန်ချစ်ခင်ကြင်နာသော သူငယ်ချင်းများ ဖြစ်ခဲ့ရာမှ တစ်ယောက်နှင့် တစ်ယောက် ရန်ဖြစ်ရသော အခြေအနေသို့ ရောက်လာရလေ၏။

ဟယ်လီနာက "အင်မတန် ကြင်နာခြင်းကင်းမဲ့တဲ့ ဟာမီယာပါတကား၊ လိုက်ဆင်ဒါက ကျွန်မကို ချစ်စကား ကြိုက်စကားတွေနဲ့ ပြောင်လှောင်ပြီး လှူပျိုလှည့်အောင် ရှင်က မြှောက်ပေးတယ်ပေါ့လေ၊ ဟိုတုန်းက ကျွန်မမျက်နှာကို မကြည့်ချင်ပါဘူးဆိုတဲ့ ဒီမီထရတ်ကလည်း ကျွန်မကို နတ်သမီးလေး၊ သခင်မလေး၊ အသဲလေး၊ နှလုံးလေး၊ အသက်ကလေးနဲ့ ခေါ်ခေါ်ပြီး လှူပျိုစကားပြောအောင် ရှင်က တိုက်တွန်းပေးတာပေါ့လေ။ ကျွန်မကို ဒီလောက်တောင် ရွံမုန်းနေတဲ့ လူတစ်ယောက်က ချက်ချင်းလက်ငင်းပြောင်းလဲလာပြီး ကရော်ကမည်နဲ့ လှူပျိုစကားပြောတာဟာ ရှင်က မြှောက်ပေးလို့ ဖြစ်ရမှာပဲ။ ကိုယ့်သူငယ်ချင်းကို အရှုံးဖြစ်အောင် ယောကျ်ားတွေကို မြှောက်ပေးတယ်ဆိုတာများတော့ အံ့ဩလောက်ပါရဲ့ ဟာမီယာ . . .၊ ကျောင်းမှာတုန်းက အတူတူနေကြပြီး တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ကြင်နာခဲ့ကြတာများကို မေ့ကုန်ပြီလား သူငယ်ချင်းရယ်၊ ဟိုအခါတုန်းက ထိုင်ခုံတစ်ခုပေါ်မှာ နှစ်ယောက်သား အတူထိုင်ပြီး တေးချင်းအတူတူဆို၊ ဇာအဝတ်တစ်ထည်တည်းမှာ ဇာအပ်တစ်ချောင်းစီနဲ့ အတူတူထိုး၊ တစ်ကိုင်းထဲမှာ သီးတဲ့ ချယ်ရီသီးလေးနှစ်လုံးလို တပွတ်တည်းအတူသီးတဲ့ ဟာမီယာနဲ့ ဟယ်လီနာတို့ ဖြစ်ခဲ့ပါလျက် ယောကျ်ားကလေးတွေကို မြှောက်ပေးပြီး ကျွန်မကို အရှုံးလုပ်ရက်တာများ ရက်စက်ပါပေ့ သူငယ်ချင်းရယ်"ဟု ပြောလေ၏။

ထိုအခါ ဟာမီယာကလည်း "ရှင်ပြောသမျှ စကားအတွက် ကျွန်မ အပြစ်မတင်လိုပါဘူး၊ အံ့ဩတာလောက်ရှိပါတယ်။ ရှင်ကသာ ကျွန်မကို အပြစ်ဆိုပါတယ်၊ ကျွန်မက မပြစ်မဆိုပါဘူး"ဟု ပြန်ပြော၏။

ဟယ်လီနာကလည်း "လုပ်စမ်းပါ သူငယ်ချင်းရယ်၊ ဟန်ဆောင်နေ





စမ်းပါ။ မျက်နှာထားကြီးနဲ့ ကြွန္ဓေလုပ်ပြီး ပြောစမ်းပါ၊ ပြီးတော့မှ ဟိုဘက်လှည့်ပြီး ကျုပ်ကို ရှုံ့လားမဲ့လားနဲ့ ပြောင်လှောင်ဦးမယ်ပေါ့လေ . . .၊ ပြီးတော့မှ ကိုယ်တို့ အချင်းချင်း မျက်နှာချင်းဆိုင်ပြီး ကျုပ်ပို သရော်ကြမယ်၊ ပြောင်ကြမယ်ပေါ့လေ၊ အမိရဲ့ ရင်သားထဲမှာ သနားကြင်နာစိတ်၊ ညှာတာတဲ့သဘောယဉ်ကျေးသိမ်မွေ့တဲ့ အချင်းအရာမျိုး တဆိတ်ကလေးလောက် ရှိတယ်ဆိုရင် ကျုပ်ကို ဒီလိုလုပ်ရက်မှာ မဟုတ်ပါဘူး အမိရယ်"

ဟာမီယာနှင့် ဟယ်လီနာတို့သည် တစ်ယောက်နှင့်တစ်ယောက် ခွန်းကြီးခွန်းငယ် အပြန်အလှန် ပြောဆိုလျက်ရှိကြစဉ် ဒီမီထရတ်နှင့် လိုက်ဆင်ဒါတို့သည် ထိုနေရာမှ ထွက်ခွာသွားကြ၍ ဟယ်လီနာကို သူရထိုက်၊ ငါရထိုက် ဆုံးဖြတ်ရန်အတွက် တိုက်ပွဲဆင်ကြကုန်၏။

လုလင်ပျိုများထွက်သွားသည်ကို မြင်တွေ့ကြသောအခါ ဟာမီယာနှင့် ဟယ်လီနာတို့သည် ရန်ဖြစ်ခြင်းကို ရပ်ဆိုင်း၍ ၎င်းတို့ ရည်းစားများကို ရှာဖွေရန် တောအုပ်ထဲသို့ ဝင်သွားကြလေ၏။

ယောကျ်ားများရော မိန်းမများပါ ထွက်သွားကြသောအခါ နတ်မင်းသား အိုဘရွန်နှင့် တပည့်ကျော် ပတ်(က်)တို့သည် ၎င်းတို့၏ ရန်ပွဲကို ကြည့်ရှုနားထောင်လျက်ရှိရာမှ အိုဘရွန်က ပတ်(က်)အား "ဒီဟာတွေဟာ မင်းပေါ့လျော့တဲ့အတွက် ဖြစ်ရတာပဲ။ ဒါမှမဟုတ်ဘဲ မင်းက တမင်တကာ လုပ်တာများလား ပတ်(က်)ရယ်"ဟု မေး၏။ ထိုအခါ ပတ်(က်)က "တမင်တကာ လုပ်ခြင်းမဟုတ်၊ မှားယွင်းခြင်းဖြစ်ပါသည် ဘုရား၊ အရှင်ဘုရားက အေသင်မြို့သားအဝတ်အစားနှင့် ယောကျ်ားကို ကျွန်တော်မျိုး တွေ့အောင်ရှာရမယ်လို့ အမိန့်ရှိတယ်မဟုတ်ပါလား ဘုရား၊ အမိန့်တော်အတိုင်း ကျွန်တော်မျိုးတွေ့အောင်ရှာပါသည်။ သို့သော် ကျွန်တော်မျိုးကတော့ အခုလိုမှားယွင်းတဲ့အတွက် ဝမ်းနည်းမဆုံးပါဘုရား . . .၊ သူတို့ မိန်းကလေးချင်း ရန်ဖြစ်တာ နားထောင်လို့ကောင်းလှပါတယ်ဘုရား"ဟု လျှောက်ထားလေ၏။ အိုဘရွန်က "ဒီမီထရတ်နှင့် လိုက်ဆင်ဒါတို့ နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ကြဖို့နေရာလွတ်တစ်ခု သွားရှာကြတယ်ဆိုတာကို မောင်မင်းကြားလိုက်ရတယ်မဟုတ်လား၊ မောင်မင်းကို အလုပ်တစ်ခု ပေးမယ်၊ ဒီကနေ့ည ဆီးနှင်းတွေကျပြီး တစ်ယောက်နဲ့တစ်ယောက် မမြင်ရအောင် မောင်မင်းဖန်ဆင်းထားလိုက်ရမယ်။ ဒါမှ သူတို့နှစ်ယောက် အချင်းချင်း မမြင်နိုင်ဘဲ လူကွဲသွားကြလိမ့်မယ်။ ပြီးတော့ အလုပ်တစ်ခုကလည်း သူတို့အသံနဲ့တူအောင် မောင်မင်းက အသံထုတ်ဖော်ပြောပြီး တစ်ယောက်နဲ့တစ်ယောက် ကွဲကွာသွားအောင် မောင်မင်းက မှားခေါ်သွားရမယ်။နှစ်ယောက်စလုံးကိုမောနေအောင် မှားခေါ်သွားပြီး ငပ်ပန်း



www.burmeseclassi.com

www.burmeseclassic.com



လွန်းလို့ လှဲအိပ်ကြတဲ့အခါမှာ လိုက်ဆင်ဒါရဲ့ မျက်စိထဲကို ဟောဒီပန်းရည်ကို ညှစ်ထည့်ရမယ်။ သူနိုးလာတဲ့အခါမှာ ဟယ်လီနာကို သူခုနင်က ချစ်ခဲ့တာတွေ မေ့ပြီး ရှေးကအတိုင်း ဟာမီယာအပေါ်မှာ ကြင်နာတဲ့စိတ် ပြန်ဝင်လာလို့ လိုက်ရှာလိမ့်မယ်။ ဒီအခါမှာ မိန်းကလေးနှစ်ယောက်ဟာ ကိုယ်ကြိုက်တဲ့ ယောကျ်ားကိုယ့်ကိုချစ်နေတာ တွေ့ရပြီး ခုနင်က အဖြစ်အပျက်တွေဟာ တကယ်မဟုတ်တဲ့ အိပ်မက်တွေပါတကားလို့ သဘောထားပြီး ချစ်ကြိုက်သူအသီးသီးနဲ့ စုံတွဲနှစ်တွဲလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလိမ့်မယ်။ ကိုင်း . . . မြန်မြန် လုပ်ချေဟေ့။ ငါ့လူ ငါတော့ နှမတော် တီတန်နီယာ နိုးလာပြီး ဘယ်လိုသတ္တဝါမျိုးတွေလို့ ချစ်ကြိုက်နေတယ်ဆိုတာကို သွားကြည့်စမ်းဦးမယ်"ဟု ပြောလေ၏။

အိုဘရွန်ရောက်သွားသောအခါ တီတန်နီယာမှာ အိပ်ပျော်လျက်ပင် ရှိသေးရာ အနီး၌ကား တောထဲတွင် မျက်စိလယ် လမ်းမှား၍ မောပန်းစွာနှင့် အိပ်ပျော်နေသော တောသားလူပြက်တစ်ယောက်ကို တွေ့ရလေ၏။ ထိုအခါ အိုဘရွန်က ငါ့နှမတော်တော့ ဒီကောင်ကြီးကို တန်းတန်းစွဲ ချစ်စေရမှာပဲဟု ဆိုကာ တောသားလူပြက်၏ ဦးခေါင်းအစား မြည်း၏ ဦးခေါင်းကို တပ်ပေးလိုက်ရာ တောသား၏ကိုယ်နှင့် မြည်း၏ ဦးခေါင်းတို့မှာ အလွန် စပ်ဟပ်မိ၍ သဘာဝကျလှပေ၏။ အိုဘရွန်သည် မြည်း၏ ဦးခေါင်းကို တောသား၏ ပခုံးပေါ်တွင် ဖြည်းညင်းစွာ တပ်ပေးလိုက်ရာ တောသားသည် အိပ်ရာမှ နိုးလာ၍ ထသွားပြီးလျှင် မိမိ၏ ပြောင်းလဲသော အချင်းအရာကို အလျဉ်းမသိဘဲ နတ်သမီး တီတန်နီယာအိပ်ပျော်လျက်သော နေရာအနီးသို့ ရောက်သွားလေ၏။

တီတန်နီယာသည် မျက်လုံးများကို ဖွင့်လိုက်၍ ခရမ်းရောင်ပန်းရည် ဝင်သွားရာတွင် တောသား လူပြက်ကိုမြင်၍ "တကယ်ချော တကယ်လှတဲ့ နတ်သားလေးပါကလား၊ ချစ်စရာ ကောင်းလိုက်ပါဘိသနော်။ မောင် အဆင်းလှသလို၊ ဉာဏ်ပညာ ရှိပါရဲ့လားမောင်"ဟု မေးလေ၏။

လူပြက်က "ဉာဏ်ပညာ ရှိတာ မရှိတာ အရေးမကြီးပါဘူး သခင်မရယ်၊ ဒီတောထဲက ပြန်ထွက်နိုင်လောက်အောင် ဉာဏ်ကလေးလောက်ရှိရင် ကျွန်ုပ်အဖို့ လုံလောက်ပါပြီ"ဟု ပြော၏။

တီတန်နီယာသည် မြည်းခေါင်းတပ်ထားသော လူပြက်ကို တန်းတန်းစွဲ ချစ်ကြိုက်နေပြီဖြစ်၍ "ဒီတောထဲက ထွက်မသွားချင်ပါနဲ့တော့ မောင်တော်၊ ကျွန်မဟာ သာမည နတ်သမီးတစ်ယောက် မဟုတ်ပါဘူး။ ရှင့်ကို ကျွန်မက အသည်းစွဲအောင် ချစ်ကြိုက်နေပါပြီ၊ ကျွန်မနဲ့အတူ လိုက်ခဲ့ပါ။ မောင်တော်ကို ခစားဖို့ နတ်သမီးတွေ၊ နတ်သားတွေ အမြောက်အမြား ပေးထားပါ့မယ်"ဟု ပြော၍ နတ်အခြွေအရံလေးယောက်တို့ကို ခေါ်ယူလိုက်လေ၏။ ၎င်းတို့၏





အမည်များမှာ 'စတော်ပဲပွင့်'၊ 'ပင့်ကူမွှေး'၊ 'ပိုးဖလံ'၊ 'မုံညင်းစေ့'တို့ ဖြစ်လေသည်။

နတ်သမီး တီတန်နီယာက နတ်သားများအား "ဒီချစ်စရာကောင်းလှတဲ့ လူမြည်းကြီးကို သင်တို့ စောင့်ရှောက်ခစားရမယ်။ သူကြည့်လို့ ကောင်းအောင် ကပြရမယ်၊ စပျစ်သီးတို့၊ ပန်းသီးတို့ ကျွေးမွေးရမယ်၊ ပျားအုံကပျားလဘို့ကို ယူပြီး တည်ခင်းကျွေးမွေးရမယ်"ဟု ပြောပြီးလျှင် မြည်းခေါင်းတပ်ထားသော တောသားဘက်သို့ လှည့်လျက် "လာပါ မောင်တော်၊ နှမတော်အနားမှာ ထိုင်စမ်းပါ၊ မောင်တော်ရဲ့ ပါးမွေးကလေးများကို ယုယုယယ ကိုင်ကြည့်ပြီး မောင်တော်ရဲ့ နားရွက်ကြီးများကို နမ်းစမ်းပါရစေ"ဟု ပြောလေ၏။

ထိုအခါ မြည်းခေါင်းတပ်ထားသော တောသားသည် နတ်မင်းသမီး၏ ဖြားယောင်းသွေးဆောင်ခြင်းကို များစွာ ဂရုမစိုက်သော်လည်း အခြွေအရံလေးယောက်ရှိသည့်အတွက်ကြောင့် မိမိအဖို့ လွှန်စွာဂုဏ်ယူလျက် "စတော်ပဲပွင့်ရေ ဘယ်မှာလဲဟေ့" ဟု မေးလိုက်၏။

စတော်ပဲပွင့်ခေါ် နတ်သမီးလည်း "ဒီမှာ ရှိပါတယ် ဘုရား"ဟု ပြန်ပြော၏။ တောသားကလည်း "လာခဲ့စမ်း၊ ငါ့ခေါင်းကို လက်နဲ့ ဖြည်းဖြည်းကလေး ကုတ်ပေးစမ်း၊ ပင့်ကူမွှေးကောဟေ့၊ ဘယ်မလဲ" ဟုမေး၏။

ပင့်ကူမွှေးခေါ် နတ်သမီးကလည်း "ဒီမှာရှိပါတယ်ဘုရား"ဟုပြော၏။

တောသားလူပြက်က "လာစမ်းဟေ့ ပင့်ကူမွှေး၊ ဟောဟိုသစ်ပင်ပေါ်က ပျားအုံကို ငါ့ဆီ ဖြုတ်ယူခဲ့စမ်း၊ ဖြည်းဖြည်းလုပ်နော်၊ ပျားရည်တွေဖိတ်ပြီး မင့်တစ်ကိုယ်လုံး ရွှဲကုန်လိမ့်မယ် မုံညင်းစေ့ကောဟေ့"

မုံညင်းစေ့ကလည်း "ဒီမှာပါဘုရား၊ ဘာများ အလိုတော်ရှိပါသလဲ" ဟု မေး၏။

တောသား လူပြက်က "ဘာမှ အလိုတော်မရှိပါဘူး မုံညင်းစေ့ရယ်၊ စတော်ပဲပွင့် လုပ်သလို ငါ့ခေါင်းကို ကူပြီးလုပ်ပေးစမ်းပါ၊ ငါ့မျက်နှာမှာ အမွေးတွေ ထူလှချေလားဟေ့၊ ဆတ္တာသည်ဆီသွားပြီး ရိတ်ဦးမှထင်တယ်"

နတ်မင်းသမီး တီတန်နီယာကလည်း "ချစ်လှစွာသော မောင်တော်ဘုရား၊ ဘာများ ပွဲတော်တည်ချင်ပါသလဲ၊ အကျွန်ုပ်မှာ အလွန် သတ္တိကောင်းတဲ့ နတ်သူငယ်တစ်ယောက်ရှိပါတယ်။ ရှဉ့်သိုက်ကို တွေ့ရအောင်ရှာပြီး အသိုက်ထဲက သစ်သီးမျိုးစုံကို ဆောင်ကြဉ်းပေးနိုင်ပါတယ်"ဟုပြော၏။

လူပြက်သည် မြည်း၏ ဦးခေါင်းရှိသည်ဖြစ်၍ မြည်းများကြိုက်တတ်သောအစာကို စားလိုသည်နှင့် ဒီပြင် အစာမစားချင်ပါဘူး၊ စတော်ပဲစေ့ခြောက်တစ်ဆုပ်စာလောက်ယူပေးစမ်းပါ၊ ဒီအတောအတွင်းမှာ ကျူပ်ကို မနှောင့်ယှက်



www.burmeseclassi.com

www.burmeseclassic.com



ကြပါစေနဲ့၊ ကျုပ်အိပ်ချင်တယ်"ဟု ပြောလေ၏။

တီတန်နီယာကလည်း "စက်တော်ခေါ်ပါမောင်တော်၊ နှမလေးက ရင်ခွင်ထဲမှာ ပွေ့ပြီး ပုခက်ကို ငြိမ့်ငြိမ့်ကလေး လှုပ်သိပ်ပါ့မယ်။ နှမလေးကတော့ မောင်တော်ဘုရားကို အင်မတန်ကြီး ချစ်ပြီး တစ်ခဏကလေးမှ မခွဲနိုင်တော့ပါဘူးမောင်တော်"ဟု ပြော၏။

နတ်မင်းသားအိုဘရွန်သည် မြည်းခေါင်းတပ်သော လူပြက်ကို ရင်ခွင်ထဲ၌ ယုယစွာ ပွေ့ပိုက်ထားသော တီတန်နီယာကို မြင်သောအခါ အနီးသို့ ချဉ်းကပ်၍ မြည်းတိရစ္ဆာန် တစ်ကောင်ကို ယုယပိုက်ထွေးကလေးပမာ ချစ်ခင်ကြင်နာသလောဟု ပြစ်တင်ပြောဆိုလေ၏။

ထိုအခိုက်တွင် တီတန်နီယာသည် မြည်း၏ ဦးခေါင်းပေါ်သို့ ပန်းများ ပန်ဆင်ပေး၍ မိမိ၏ ရင်ခွင်ထဲ၌ ပွေ့ပိုက်ကာ သိပ်လျှက်ရှိသောကြောင့် အိုဘရွန်၏ ပြစ်တင်ခြင်းကို ငြင်းကွယ်ရန် မတတ်နိုင်ချေ။

အိုဘရွန်သည် တီတန်နီယာအား နာလိုခံခက် ရှိအောင် အချိန်အတန်ကြာ ပြစ်တင်ပြောဆိုပြီးနောက် ယခင်က တောင်းဖူးသည့် နတ်သူငယ်ကို မိမိအားပေးရန် တောင်းဆိုပြန်ရာ တီတန်နီယာမှာ မြည်းခေါင်းတပ်သော အချစ်တော်ကို ရင်ခွင်ထဲ၌ ပွေ့ပိုက်မိသည်ကို ပက်ပင်းပါ တွေ့မြင်သွားသည် ဖြစ်သောကြောင့် အိုဘရွန်တောင်းဆိုခြင်းကို မငြင်းဆန်ဝံ့ဘဲ နတ်သူငယ်ကို ပေးလိုက်ရလေ၏။

အိုဘရွန်သည် မိမိလိုချင်သော နတ်သူငယ်ကို ရရှိသည်ဖြစ်၍ မိမိ၏နောက်ပြောင်ခြင်းကြောင့် အရှက်တကွဲ ဖြစ်နေရှာသော နတ်သမီး တီတန်နီယာအား သနားသည်နှင့် ပန်းရည်အနည်းငယ်ကို ဖြေဆေး အဖြစ်နှင့် တီတန်နီယာ၏ မျက်လုံးထဲသို့ ခပ်ပေးလိုက်လေ၏။ ထိုအခါ တီတန်နီယာသည် ချက်ချင်းပင် ပကတိ စိတ်အတိုင်း ဖြစ်လာ၍ မြည်းခေါင်းတပ်သော သတ္တဝါကောင်ကြီးကို မည်သည့်နည်းနှင့်ယုယပိုက်ထွေးမိချေသနည်းဟု အံ့ဩလျက် စက်ဆုပ်ရွံရှာသောစိတ် ဖြစ်ပေါ်လာလေ၏။

အိုဘရွန်သည်လည်း တောသားလူပြက်၏ ခေါင်းမှ မြည်းဦးခေါင်းကို ဖြုတ်၍ နဂိုအတိုင်း ဖြစ်စေပြီးလျှင် တောသားအား အိပ်ရေးဝအောင် အိပ်စေရန် ပစ်ထားခဲ့လေ၏။

အိုဘရွန်နှင့် တီတန်နီယာတို့သည် ထိုအချိန်တွင် တစ်ဘက်နှင့်တစ်ဘက် အမျက်ပြေပျောက်၍ ပကတိအတိုင်း ချစ်ခင်ကြင်နာစွာ ရှိနေကြလေရာ အိုဘရွန်က သမီးရည်းစား နှစ်စုံတို့အကြောင်းနှင့် ၎င်းတို့၏ ခိုက်ရန်ဖြစ်ပွားခြင်းများအကြောင်းကို တီတန်နီယာအား ပြန်ပြောင်းပြောပြလေ၏။ ထိုအခါ





တီတန်နီယာသည် အိုဘရွန်နှင့် အတူလိုက်၍ သမီးရည်းစားနှစ်စုံတို့၏ အဖြစ်အပျက်ကို ဆုံးခန်းတိုင် ကြည့်ကြရန် သဘောတူလေ၏။

အိုဘရွန်နှင့် တီတန်နီယာတို့သည် တောထဲသို့ လိုက်၍ ရှာကြရာတွင် မြက်ခင်းပေါ်၌ တစ်ယောက်နှင့်တစ်ယောက် မနီးမဝေးတွင် အိပ်ပျော်လျက်ရှိကြသော သမီးရည်းစားနှစ်စုံတို့ကို တွေ့ကြလေ၏။ ပတ်(က်)သည် မိမိ၏ အမှားကို ပြင်ဆင်ရန်အတွက် ၎င်းတို့လေးဦးသားကို ထိုနေရာသို့ ရောက်အောင် တစ်ယောက်နှင့်တစ်ယောက် မမြင်စေဘဲ ဖြားယောင်းလှည့်စားကာ ခေါ်ထားခြင်းဖြစ်လေ၏။ လိုက်ဆင်ဒါ၏ မျက်လုံး၌ ခပ်ထားသည့် ခရမ်းရောင်ပန်းရည်ကိုလည်း သတ္တိပြေပျောက်စေခြင်းငှာ အိုဘရွန်ထံမှ ရရှိသော ဖြေဆေးရည်ဖြင့် ခပ်ပြီးခဲ့လေပြီ။

ဟာမီယာသည် ရှေးဦးစွာ နိုးလာ၍ ပျောက်ဆုံးနေသော လိုက်ဆင်ဒါအား မိမိအပါး၌ အိပ်ပျော်နေခြင်းကို တွေ့ရသောအခါ မိမိ၏ ရည်းစားအား ကြည့်ကာ စိတ်ဖောက်ပြန်သော အခြင်းအရာကို အံ့ဩမိလေ၏။ လိုက်ဆင်ဒါသည်လည်း မျက်လုံးများကို ဖွင့်ကြည့်၍ ချစ်လှစွာသော ဟာမီယာကို မြင်လိုက်ရသောအခါ ခရမ်းရောင် ပန်းရည်၏ ဇာန်ခိုးသတ္တိ ပျောက်ပြယ်ပြီးဖြစ်၍ ဟာမီယာကို ယခင်အတိုင်း ချစ်ကြိုက်လေ၏။ ထို့နောက် သမီးရည်းစား နှစ်ယောက်တို့သည် ညဉ့်ဦးယံက အဖြစ်အပျက်များကို ပြန်ပြောင်းပြောပြကြရာတွင် ဆန်းကြယ်သော အိပ်မက်တစ်ခုကို နှစ်ယောက်လုံး ဆင်တူမြင်မက်ကြခြင်း ဖြစ်လေသလောဟု အံ့ဩမိကြလေသည်။

ဟယ်လီနာနှင့် ဒီမီထရတ်တို့သည်လည်း အိပ်ရာမှ နိုးလာကြလေရာ ဟယ်လီနာမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လိုက်ရခြင်းအတွက်ကြောင့် ယခင်က စိတ်ဆိုးခြင်းနှင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်းတို့ ပြေပျောက်သွား၍ ဒီမီထရတ်က ချစ်ကြိုက်စကား ပြောခြင်းများကို ဝမ်းမြောက်ဝမ်းသာလက်ခံလေရာ . . .၊ ဒီမီထရတ်၏ စကားများမှာလည်း ပြက်ရယ်ပြောင်လှောင်ခြင်းမဟုတ်၊ တကယ့်သဘောနှင့် ပြောခြင်းဖြစ်သည်ဟူ၍လည်း ဟယ်လီနာ ယုံကြည်လေ၏။

ဟယ်လီနာနှင့် ဟာမီယာတို့မှာ တစ်ယောက်ကို တစ်ယောက် ပြိုင်ဘက်သဘွယ် သဘောထားခဲ့ကြရာမှ မိတ်ဆွေစစ်များအဖြစ်သို့ ရောက်လာကြလေ၏။ မိန်းကလေးနှစ်ယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် ဒေါသတကြီးနှင့် နစ်နာအောင် အပြန်အလှန် ပြောဆိုခဲ့ကြသည့် စကားလုံးများကို မေ့ပျောက်လိုက်ကြ၍ လက်ရှိအခြေအနေအရ ရှေ့အဖို့ မည်ကဲ့သို့ ပြုလုပ်သင့်သည်ကို တိုင်ပင်ကြလေ၏။ ထိုအခါ၌ ဒီမီထရတ်မှာ ဟာမီယာကို ရယူလိုသော ဆန္ဒလုံးဝ ကင်းရှင်းပြီဖြစ်၍ ဟာမီယာ၏ ဘခင်ထံသို့ ချဉ်းကပ်ပြီးလျှင်



www.burmeseclassi.com

www.burmeseclassic.com



ဟာမီယာအား သေဒဏ်အပြစ် ပေးထားသည့် စီရင်ချက်ကို ရုပ်သိမ်းအောင် တိုက်တွန်းပြောဆိုပါမည်ဟု သဘောတူလေ၏။ သို့ဖြစ်၍ ဒီမီထရတ်သည် ၎င်းကိစ္စအတွက် အေသင်မြို့သို့ ပြန်ဦးမည်ပြုဆဲတွင် ထွက်ပြေးသော သမီး ဟာမီယာကိုလိုက်၍ ရှာသော ဧဂျီယပ်စ်ရောက်လာခြင်းကို အံ့ဩစွာ တွေ့ကြရလေ၏။

ဧဂျီယပ်စ်သည် မိမိသမီးကို ဒီမီထရတ်က လက်ထပ်ရန် အလိုမရှိကြောင်း သိရသောအခါ လိုက်ဆင်ဒါနှင့် ပေးစားရန် သဘောတူ၍ ဟာမီယာအားသေဒဏ်ပေးရန် သတ်မှတ်ထားသည့် စတုတ္ထနေ့၌ပင် လက်ထပ်ကြဖို့ စီမံလေ၏။ ၎င်းနေ့၌ပင် ဟယ်လီနာနှင့် ဒီမီထရတ်တို့လည်း ထိမ်းမြားလက်ထပ်ကြရန် သဘောတူလေ၏။

နတ်မင်းသား အိုဘရွန်နှင့် နတ်မင်းသမီး တီတန်နီယာတို့သည် မိမိတို့အား လူသားများက မမြင်စေရဘဲ ရည်းစားနှစ်စုံတို့၏ ချောချောမောမော ကိစ္စ ပြီးဆုံးခြင်းကို မြင်ကြရ၍ ဝမ်းမြောက်ဝမ်းသာ ရှိကြသည်နှင့် အေသင်မြို့၌ နှစ်စုံတွဲတို့ လက်ထပ်သော နေ့၌ပင် နတ်ဇနီးမောင်နှံတို့လည်း နတ်သမီး နတ်သားလောကတစ်ခုလုံး၌ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ကာ ထောက်ခံအားပေးကြလေ၏။

ဤအဖြစ်အပျက်ကို ဖတ်ရှုရသော သူတို့က နတ်သမီး၊ နတ်သားများ အကြောင်းဟူသည်မှာ ဖြစ်နိုင်သော အကြောင်းအရာမဟုတ်။ ယုတ္တိ ယုတ္တာ မရှိဟု ဆိုကြပါမူကား၊ ဖော်ပြခဲ့ပြီးသော အဖြစ်အပျက်များသည် အဟုတ်တကယ်ဖြစ်ခဲ့ခြင်းမဟုတ်။ ထိုသူတို့၏ အိပ်မက်များသာဖြစ်သည်ဟူ၍လည်း ယူဆနိုင်ကြပါသည်။ သို့ဖြစ်၍ နွေရာသီ ညတစ်ညအတွင်း အိပ်မက်တစ်ခုထဲ၌ ဖြစ်ပျက်ခဲ့သော အချင်းအရာများကို ရေးသားဖော်ပြခြင်းအားဖြင့် စာဖတ်သူတို့သည် ကျွန်ုပ်အား အပြစ်ဆိုကြလိမ့်မည်မဟုတ်ဟု မျှော်လင့်ပါသည်။

*သွေးသောက်၊ အမှတ် (၁၇၉)၊ ဒီဇင်ဘာလ၊ ၁၉၆၀ ခုနှစ်။*

□ □ □

## ဆောင်းရာသီပုံပြင်

စစ္စလီဘုရင် လီယွန်တီနှင့် ၎င်း၏ မိဖုရား ဟာမိုင်တို့သည် တစ်ဦးနှင့်တစ်ဦး အလွန်တရာ ချစ်ခင်သင့်မြတ်စွာ ထီးနန်းစည်းစိမ်ကို အတူတကွ ခံစားလျက်ရှိကြ၏။ လီယွန်တီဘုရင်သည် အကျင့်စာရိတ္တ အလွန်ဖြူစင်သော မိဖုရားကြီး ဟာမိုင်၏ ချစ်ခင် မြတ်နိုးခြင်းကို ခံယူရသည်ဖြစ်၍ အလွန်တရာ နှစ်သိမ့်ချမ်းမြေ့လျက်ရှိရာ ဘုရင်၏ တစ်ခုတည်းသော ဆန္ဒမှာ ကျောင်းနေဘက်သူငယ်ချင်း ဖြစ်ခဲ့ဖူးသည့် ဟိုတီးမီးယားဘုရင် ပိုလီဆိန်းနှင့် မိဖုရားကြီး ဟာမိုင်တို့အား မိတ်ဆက်ပေးလိုသည့် တောင့်တမှု တစ်ခုတည်းသာလျှင် မပြည့်စုံဘဲ ရှိနေလေ၏။ ၎င်းတို့၏ ခမည်းတော်များ နတ်ရွာစံလွန်ပြီးနောက် ထီးနန်းရိပ်ရာကို အသီးသီး ဆက်ခံလျက်ရှိကြရာတွင် ဘုရင်သူငယ်ချင်း နှစ်ယောက်တို့သည် နှစ်ပေါင်းများစွာ ကွဲကွာလျက် ရှိကြသည်အတွင်း လက်ဆောင်ပဏ္ဏာများ၊ သဝဏ်လွှာများနှင့် သံတမန်များ အပြန်အလှန် ဆက်သစေလွှတ်လေ့ရှိ၏။

ဘုရင် လီယွန်တီသည် ပိုလီဆိန်းထံသို့ ပင့်ဖိတ်သည့် သဝဏ်လွှာများ အတန်တန် ပေးပို့ခဲ့သော်လည်း မကြွရောက်နိုင်ဘဲ ရှိခဲ့ရာ နောက်ဆုံးတွင်မှ ပိုလီဆိန်း ဘုရင်သည် အကြည်တော် နန်းစံသည့် စစ္စလီ နန်းတော်သို့ အလည်အပတ် ကြွရောက်နိုင်ခဲ့လေသည်။

ပထမ၌ လီယွန်တီဘုရင်မှာ အကြည်တော် ပိုလီဆိန်း ကြွရောက်လာခြင်းအတွက် စိတ်ကြည်ရွှင် ချမ်းသာခြင်းမှ တပါး မနှစ်သိမ့်ဘွယ်ရာ မတွေ့



www.burmeseclassi.com

www.burmeseclassic.com



ရချေ၏။ လီယွန်တီသည် မိဖုရားကြီးနှင့် သူငယ်ချင်း ဘုရင်တို့အား မိတ်ဆက်ပေး၍ ၎င်းတို့ ကြည်ဖြူစွာ နှုတ်ခွန်းဆက်ခြင်းကို တွေ့မြင်ရသည့်အခါ မိမိတောင့်တချက် ပြည့်စုံပေပြီတကားဟု လွန်စွာ ကြည်နူးလျက်ရှိ၏။ သူငယ်ချင်း နှစ်ယောက်တို့သည် ကျောင်းသားဘဝ၌ အတူတကွ ကစားခုန်စား ပြုလုပ်ခဲ့ကြခြင်းမှစ၍ ရှေးဟောင်းနှောင်းဖြစ်များကို အပြန်အလှန် ပြောပြကြလေရာ၊ မိဖုရားကြီး ဟာမွိုင်သည်လည်း နားထောင်လျက် ရှိ၍ လိုအပ်သော နေရာတွင် ကြည်ရွှင်စွာ ဖြည့်စွက်ပြောဆိုလျက်ရှိ၏။

ရက်ပေါင်း အတန်ညောင်းသောအခါ ပိုလီဆိန်းဘုရင်သည် မိမိ၏နိုင်ငံသို့ ပြန်ကြွမည် ပြင်ဆင်ရာတွင် လီယွန်တီဘုရင်က မပြန်ဖို့ တားဆီး၍ မရသဖြင့် လီယွန်တီသည် မိဖုရားကြီးကိုပါ ကူညီတားဆီးဖို့ တိုက်တွန်း၏။ မိဖုရားကြီးသည်လည်း ဘုရင်၏ တိုက်တွန်းချက်အရ ဧည့်သည်ဘုရင်အား ကူညီ တားဆီးရလေသည်။

ထိုအချိန်မှစ၍ ဟာမွိုင်မိဖုရားမှာ ဆိုးရွားသော အဖြစ်အပျက်နှင့် ကြုံတွေ့ရလေသည်။ သူငယ်ချင်း လီယွန်တီ တားဆီး၍မရသော ပိုလီဆိန်းဘုရင်သည် ဟာမွိုင်မိဖုရားကြီး၏ သိမ်မွေ့နူးညံ့သော စကားများဖြင့် တားဆီးရာတွင်မူကား ရက်သတ္တပတ်အနည်းငယ် ဆက်လက်နေထိုင်ရန် သဘောတူလေ၏။ ဤတွင် လီယွန်ဘုရင်သည် သူငယ်ချင်း၏ ရိုးသားဖြောင့်မတ်ခြင်းနှင့် သိက္ခာ စောင့်စည်းခြင်းကိုလည်းကောင်း၊ မိဖုရားကြီး၏ ဖြူစင်သော အကျင့်စာရိတ္တကိုလည်းကောင်း သိရှိပြီးဖြစ်ပါလျက်နှင့်ပင် သင်္ကာမကင်းသောစိတ်ဖြစ်ပေါ်လာလေ၏။ ဘုရင်၏ ဆန္ဒအတိုင်း လိုက်လျောကာ ဧည့်သည်အား ဝတ္တရားကျေပွန်အောင် မိဖုရားကြီးက စောင့်ရှောက်ရခြင်းဖြစ်ပါလျက် လီယွန်တီသည် မယုံသင်္ကာမှု ဖြစ်လျက်ရှိ၏။ သို့ဖြစ်၍ သစ္စာရှိသော မိတ်ဆွေတစ်ယောက်နှင့် အကြင်နာဆုံးသော လင်သားတစ်ယောက်ဖြစ်သည့် လီယွန်တီမှာ မသင်္ကာမှု အတွက်ကြောင့် လူစိတ်ပျောက်၍ တိရစ္ဆာန်သဘွယ် ရိုင်းပျသောစိတ်ဝင်လာလေ၏။ ဘုရင်သည် မိမိ၏ နန်းတော်၌ အကြီးဆုံးဖြစ်သော ဝန်ကြီးတမီလိုကို ခေါ်ယူ၍ မိမိ၏ မသင်္ကာမှုအကြောင်းကို ပြောပြပြီးလျှင် ပိုလီဆိန်းဘုရင်အား အဆိပ်ကျွေး၍ သတ်ရန် စေခိုင်းလေ၏။

ဝန်ကြီး ကမီလိုမှာ သူတော်ကောင်းတစ်ယောက်ဖြစ်၍ လီယွန်တီဘုရင်၏ မသင်္ကာခြင်းမှာ လုံးဝအခြေအမြစ် မရှိကြောင်းသိရှိရာတွင် ပိုလီဆိန်းဘုရင်အား အဆိပ်ကျွေး၍ မသတ်ဘဲ လီယွန်တီ ဘုရင်၏ အကြံအစည်ကိုထုတ်ဖော် တင်လျှောက်ပြီးလျှင် ၎င်းနှင့်အတူ စစ္စလီပြည်မှ ထွက်ပြေးကြရန်သဘောတူလေ၏။ ပိုလီဆိန်းဘုရင်သည် ဝန်ကြီးကမီလို၏ အကူအညီဖြင့်





ဘိုဟီးမီးယားပြည်သို့ ချောမောစွာ ရောက်သွားလေရာ၊ ကမီလိုသည် ထိုအချိန်မှစ၍ ပိုလီဆိန်းဘုရင်၏ နန်းတော်တွင် အထူးလေးစား မြတ်နိုးသော ဝန်ကြီးတစ်ယောက်ဖြစ်လာလေ၏။

လီယွန်တီသည် သူငယ်ချင်း ပိုလီဆိန်း ထွက်ပြေးခြင်းကို သိရှိရသောအခါ ပြင်းထန်စွာ အမျက်ထွက်၍ မိဖုရားကြီး၏ အဆောင်တော်သို့ ဝင်သွားလေ၏။ ထိုအခိုက်၌ ဟာမွိုင်မိဖုရားကြီးသည် သားတော်ကလေး မာမိလီယက်စ်နှင့်အတူ ထိုင်ကာ သားတော်က ပြောပြသည့် ပုံဝတ္ထုတစ်ခုကို နားထောင်လျက်ရှိရာ ဘုရင်သည် အဆောင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် သားတော်ကို ဖယ်ရှား၍ မိဖုရားအား အကျဉ်းထောင်၌ ချုထားလိုက်လေ၏။ သားတော်ကလေးသည် ငယ်ရွယ် နုနယ်လှသေးသော်လည်း မယ်တော်အား အလွန်ကြင်နာတတ်သည်ဖြစ်ရာ မယ်တော်အား အရှက်ခွဲ၍ အကျဉ်းထောင်သို့ ပို့ထားခြင်းကို သိရသောအခါတွင် စိတ်နှလုံး အလွန်ထိခိုက်၍ တဖြည်းဖြည်း ကြုံလှီဖျော့တော့ကာ မစားနိုင်၊ မအိပ်နိုင် ဖြစ်သည်နှင့် ရင်ကွဲနာဖြင့် သေဆုံးရှာလိမ့်မည်ဟူ၍ပင် မှတ်ထင်ကြလေ၏။

လီယွန်တီသည် မိဖုရားကြီးကို အကျဉ်းချထားပြီးနောက် ကျေးကျွန်နှစ်ယောက်ကို ပညာရှိ ကဝေမကြီးတစ်ယောက်ထံသို့ စေလွှတ်၍ မိဖုရားကြီးသည် မိမိအပေါ်၌ သစ္စာဖောက်သည်၊ မဖောက်သည်ကို စုံစမ်းမေးမြန်းစေလေ၏။

ဟာမွိုင်မိဖုရားသည် ထောင်ထဲသို့ ရောက်၍ မကြာမီအတွင်း၌ပင် သမီးကလေးတစ်ယောက် ဖွားမြင်လေ၏။ မိဖုရားသည် အလွန်လှပသော သမီးတော်ကလေးအား ချစ်ခင်လှသည်ဖြစ်၍ တစ်ခါတစ်ရံတွင်

"ငါ့သမီးတော်လေးရယ်၊ ငါ့မှာ သမီးတော်လိုပဲ အပြစ်ကင်းပါတယ်ကွယ်"ဟု ပြောလေ့ရှိ၏။

ဟာမွိုင်မိဖုရားကြီး၌ စိတ်သဘော မြင့်မြတ်သည့် ဝန်ကတော် ပေါ်လီနာအမည်ရှိ မိတ်ဆွေတစ်ဦးရှိ၏။ ပေါ်လီနာသည် မိဖုရားကြီး သားဖွားမြင်ကြောင်းကို ကြားသိရသောအခါ မိဖုရားကြီးအား ချုပ်လှောင်ထားသည့် အကျဉ်းထောင်သို့ သွား၍ မိဖုရားကြီး၏ အပျိုတော် အမီလီယာအား ပြောသည်မှာ

"မိဖုရားကြီးကို သံတော်ဦးတင်လိုက်ပါ အမီလီယာ၊ ကျွန်မကို ယုံကြည်လို့ရှိလျှင် ဖွားမြင်စ သမီးတော်ကလေးကို ကျွန်မ လက်ထဲ အပ်လိုက်ပါစေ၊ သမီးတော်ကလေးကို ဘုရင့်ထံ ကျွန်မကိုယ်တိုင် ယူသွားပါမည်။ အပြစ်ကင်းမဲ့တဲ့ သမီးတော်ကလေးကို ကိုယ်တိုင် မျက်စေ့နဲ့ မြင်ရတဲ့အခါမှာ ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကရုဏာသက်ပြီး စိတ်ပြောင်းလဲသွားနိုင်ပါတယ်"ဟု ပြော၏။

ထိုအခါ အပျိုတော် အမီလီယာက "ဝန်ကတော်ရဲ့စကားကို မိဖုရားထံကျမ တင်လျှောက်ပါမယ်။ မိဖုရားက သမီးတော်ကလေးကို ဘုရင့်ထံ ပြသဝံ့တဲ့ မိတ်ဆွေတစ်ယောက်ရှိလျှင် ကောင်းလေစွလို့ ဒီကနေ့ပဲ တောင့်တနေပါသေးတယ်"

"မိဖုရားကြီးကို လျှောက်ထားလိုက်ပါ အမီလီယာ။ သူ့အကြောင်းကို ဘုရင့်ထံ ကျွန်မက ရဲရဲကြီး တင်လျှောက်ဖို့ တာဝန်ယူပါတယ့်လို့"

"မိဖုရားကြီးအပေါ်မှာ ကြင်နာတဲ့ သဘောထားသည့်အတွက် ဝန်ကတော်မှာ အခါခပ်သိမ်း ချမ်းသာပါစေရှင်"

ထို့နောက် အပျိုတော် အမီလီယာသည် မိဖုရားကြီးထံသို့သွား၍ ဝန်ကတော်ပြောသည့်အတိုင်း တင်လျှောက်လေရာ မိဖုရားကြီးမှာ ဤမျှလောက်သတ္တိကောင်းသော မိတ်ဆွေတစ်ဦး ပေါ်လာလိမ့်မည်ဟု မမျှော်လင့်သည်နှင့် ဝန်ကတော်၏ အကြံပေးချက်ကို လက်ခံ၍ သမီးတော်ကလေးကို ဝန်ကတော်လက်သို့ အပ်နှင်းလိုက်ရန် သဘောတူရလေ၏။

ဝန်ကတော်သည် သမီးတော်ကလေးကို ပွေ့ချီ၍ ထောင်ထဲမှ ထွက်လာခဲ့လေ၏။ ၎င်း၏ ခင်ပွန်းဖြစ်သော ဝန်ကြီးသည် ဝန်ကတော်၏ အကြံအစည်ကို သိရှိရသောအခါ ဘုရင်၏ရာဇမာန်ရှခြင်းခံရလိမ့်မည်ဟု စိုးရိမ်ပူပန်သည်နှင့် ဝန်ကတော်၏ အကြံကို ဖျက်ဆီးကာ ၎င်းအကြံအတိုင်း မဆောင်ရွက်ဖို့ တားဆီးလေ၏။ သို့ရာတွင် ဝန်ကတော်သည် လင်ယောကျ်ား၏ စကားကို နားမထောင်ဘဲ ဘုရင့်ရှေ့တော်သို့ သမီးတော်ကလေးကို တင်ပြပြီးနောက် ဟာမွိုင်မိဖုရားဘက်မှ ခုခံကာကွယ်သည့် အနေဖြင့် ဘုရင်အား လျှောက်ထားလေ၏။ ဝန်ကတော်က ဘုရင်သည် အလွန်တရာ ရက်စက်ကြောင်း အပြစ်လုံးဝမရှိသော မိဖုရားကြီးနှင့် သမီးတော်ကလေးတို့ အပေါ်၌ ကရုဏာ ထားသင့်ကြောင်း စသည်အားဖြင့် အပြစ်ဆိုချည်တစ်ခါ၊ တောင်းပန်ချည်တစ်လှည့် တင်လျှောက်လေ၏။ သို့ရာတွင် လီယွန်တီဘုရင်သည် ဝန်ကတော် တင်လျှောက်သောစကားများကြောင့် ကြင်နာသောစိတ် မဖြစ်ပေါ်သည့်ပြင် အမျက်တော် ထွက်သည်ဖြစ်၍ ဝန်ကြီးအား ၎င်း၏ ဇနီးကို ရှေ့တော်မှ ချက်ချင်းဆွဲထုတ်သွားရန် အမိန့်ပေးလေ၏။

ဝန်ကတော်သည် ဘုရင့်ရှေ့တော်မှ ထွက်သွားရသော်လည်း ဘုရင်သည် မိမိရင်သွေးဖြစ်သော သမီးတော်လေးကို သေချာစွာ ရှုမြင်ရသောအခါတွင် ကရုဏာသက်လိမ့်မည်ဟု မျှော်လင့်သည်နှင့် မင်းသမီးလေးကို ယူမသွားဘဲ ဘုရင့်ရှေ့၌ ချထားခဲ့လေ၏။





ဝန်ကတော် စေတနာကောင်းရှိခြင်းကား မှန်ပါ၏။ သို့ရာတွင် ၎င်း၏ ထင်မြင်ချက်ကား မှားခဲ့လေပြီ။ ဝန်ကတော် ထွက်သွားသည်နှင့် တစ်ပြိုင်နက် ဘုရင်သည် ကြင်နာခြင်းကင်းမဲ့စွာနှင့် ဝန်ကတော်၏ ခင်ပွန်းဖြစ်သည့် ဝန်ကြီးအား သမီးတော်ကလေးကို ပင်လယ်ပြင်သို့ ယူသွား၍ ကျွန်းတစ်ကျွန်းတွင် စွန့်ပစ်ထားခဲ့ရန် အမိန့်ပေးလေ၏။

ဤဝန်ကြီးမှာ ဝန်ကတော်ကဲ့သို့ သနား ကြင်နာတတ်သော သဘောရှိသူတစ်ယောက် မဟုတ်ရကား၊ ဘုရင်၏ အမိန့်အတိုင်း တိကျစွာ လိုက်နာမည်ဖြစ်လေသည်။ သို့ဖြစ်၍ ဝန်ကြီးသည် သမီးတော်ကလေးကို သင်္ဘောပေါ်တွင် တင်၍ ပင်လယ်ပြင်သို့ ယူသွားပြီးလျှင် ပထမဦးဆုံး တွေ့သော ကျွန်းတစ်ကျွန်းပေါ်၌ စွန့်ပစ်ထားခဲ့မည်ဟု ကြံစည်လေ၏။

လီယွန်တီဘုရင်သည် မိဖုရားကြီး ဟာမွိုင်ကား သစ္စာဖောက်သော မယားတစ်ယောက် ဖြစ်သည်ဟု စိတ်ချလက်ချ ယူဆလျက် ရှိသည်ဖြစ်၍ ပညာရှိ ကဝေမကြီးထံ မေးမြန်းစုံစမ်းရန် စေလွှတ်လိုက်သည့် ကျေးကျွန်နှစ်ယောက် ပြန်ရောက်လာသည့်တိုင်အောင်ပင် မစောင့်ဆိုင်းတော့ချေ။ မိဖုရားကြီးသည် သမီးတော်လေး ဆုံးရှုံးရခြင်းအတွက်ကြောင့် ကြေကွဲဝမ်းနည်းခြင်း မပြေပျောက်သေးမီပင် လီယွန်တီသည် ဟာမွိုင်အား တရားသူကြီးများရုံးသို့ တင်ပြီးလျှင် တိုင်းသူပြည်သားများရှေ့တွင် သစ္စာဖောက်မှုနှင့် စစ်ဆေးရန် အမိန့်ပေးလေ၏။ ဟာမွိုင်မိဖုရားကို စစ်ဆေးလျက်ရှိသော ပြည်သူ့ရုံးတော်ကြီး၌ တရားသူကြီးများ၊ မှူးကြီးမတ်ရာ အရာရှိကြီးများနှင့် ထိပ်တန်း လူကုံတန်ကြီးများသည် စုရုံးရောက်ရှိနေကြစဉ် မိဖုရား ဟာမွိုင်၌ အပြစ်ရှိ၊ မရှိ စုံစမ်းမေးမြန်းရန်အတွက် စေလွှတ်လိုက်သော ကျေးကျွန်နှစ်ဦးတို့သည် တရားခွင်သို့ ဝင်လာကြ၍ ကဝေပညာရှိကြီးထံမှ ချိပ်တံဆိပ်ပိတ်၍ ပေးလိုက်သောဆုံးဖြတ်ချက်ကို ဘုရင်၏ လက်သို့ ပေးဆက်ကြလေ၏။ လီယွန်တီဘုရင်သည် ပိတ်ထားသော ချိပ်တံဆိပ်ကို ဖောက်ဖွင့်စေ၍ ဆုံးဖြတ်ချက်ကို ပရိသတ်အား ဖတ်ပြစေရာ၊ ၎င်းဆုံးဖြတ်ချက် မှာ အောက်ပါအတိုင်းဖြစ်လေသည်။ "မိဖုရားကြီးဟာမွိုင်၌ လုံးဝအပြစ်မရှိ၊ ပိုလီဆိန်းဘုရင်၌ အပြစ်ဆိုဘွယ်ရာ ဘာမျှမရှိ၊ ကမီလိုသည် သစ္စာရှိသောကျေး ကျွန်တစ်ယောက်ဖြစ်သည်။ လီယွန်တီဘုရင်သည် မနာလိုတတ်၍ ရက်စက် သောဘုရင်ဖြစ်သည်။ ၎င်းဘုရင်သည် ပျောက်ဆုံးနေသော အမွေခံကို ရှာမ တွေ့ခဲ့လျှင် ၎င်း၏ ထီးနန်းကို ဆက်ခံသူမရှိဘဲ ဖြစ်လိမ့်မည်" ဟူ၍ပါရှိလေသည်။

လီယွန်တီ ဘုရင်သည် ကဝေပညာရှိ၏ ဆုံးဖြတ်ချက်ကို အယုံအကြည် မရှိချေ။ ဘုရင်က "ဤဆုံးဖြတ်ချက်သည် ဟာမွိုင်မိဖုရားကြီး၏



www.burmeseclassi.com

www.burmeseclassic.com



မိတ်ဆွေများက လိမ်လည်လှည့်စား ရေးသားထားခြင်းမျှသာ ဖြစ်သည်။ ထို့ကြောင့် မိဖုရားကြီးအား ဆက်လက်စစ်ဆေးစေ"ဟု အမိန့်ပေးလေ၏။ လီယွန်တီဘုရင်က ထိုကဲ့သို့ အမိန့်ပေးလေ၏။ လီယွန်တီဘုရင်က ထိုကဲ့သို့ အမိန့်ပေးလျက်ရှိစဉ် လူတစ်ယောက်သည် တရားခွင်သို့ ဝင်လာ၍ သားတော် မာမိလီယက်စ် မင်းသားမှာ မယ်တော်ကို ရုံးတင်စစ်ဆေး၍ အပြစ်ပေးလိမ့်မည်ဆိုသော သတင်းကို ကြားသိရသဖြင့် ရှက်လည်းရှက်၊ ဝမ်းလည်းနည်းသည်နှင့် ရင်ကွဲနာဖြင့် ရုတ်တရက် ကွယ်လွန်သွားကြောင်း ဘုရင်အား လျှောက်ထားလေသည်။

ဟာမွိုင်မိဖုရားကြီးသည် မိမိအတွက်ကြောင့် ရင်ကွဲနာကျ၍ သေဆုံးသော သားတော်အကြောင်းကို ကြားသိရသောအခါ တရားခွင်တွင် မူးမေ့သွားလေ၏။ လီယွန်တီဘုရင်သည်လည်း သားတော်၏ အကြောင်းကို ကြားရ၍ ရင်ဆို့သွားရာတွင် မိဖုရားကြီးအား ကရုဏာစိတ်ဖြစ်ပေါ်လာ၍ အပျိုတော် ပေါ်လီနာနှင့် အခြားသော မိန်းမအခြွေအရံများအား မိဖုရားကြီးကို ရုံးပြင်သို့ ထုတ်သွားရန် အမိန့်ပေးလေ၏။ ပေါ်လီနာနှင့် အခြား အပျိုတော်များသည် မိဖုရားကြီးအား ရုံးပြင်သို့ ထုတ်သွားကြလေရာ မကြာမီ ပေါ်လီနာပြန်ဝင်လာ၍ ဟာမွိုင်မိဖုရားကြီးမှာ နတ်ရွာစံရှာလေပြီဟု ဘုရင်အား လျှောက်ထားလေ၏။

လီယွန်တီဘုရင်သည် မိဖုရားကြီး နတ်ရွာစံကြောင်းကို ကြားရသောအခါတွင်မှ မိဖုရားကြီးအပေါ်၌ ရက်ရက်စက်စက် ပြုခဲ့မိခြင်းအတွက် နောင်တတရား ရလေ၏။ မိမိ၏ ရက်စက်မှုကြောင့် မိဖုရားကြီး ရင်ကွဲနာနှင့် သေဆုံးရှာသည်ဟု ယူဆသည်နှင့် လီယွန်တီဘုရင်သည် မိဖုရားကြီးကား မိမိထင်ခဲ့သည့်အတိုင်း မဟုတ်ရှာဘဲ အပြစ်လုံးဝ ကင်းသည်ဟု ယုံကြည်လာပြီးလျှင် ကဝေပညာရှိ၏ အဆုံးအဖြတ်သည် မှန်ကန်သည်ဟု ယူဆလေ၏။ ထိုအဆုံးအဖြတ်၌ "ပျောက်ဆုံးသူကို ရှာမတွေ့ခဲ့လျှင်"ဆိုသော အပိုဒ်သည် သမီးတော်ကလေးကို ဆိုလိုသည်ဟုသိ၍ မိမိ၌ သားတော်လည်း မရှိတော့သဖြင့် မိမိ၏ ထီးနန်းကို ဆက်ခံစိုးစံမည့် အမွေခံ ရှိတော့မည် မဟုတ်ဘဲ နန်းဆက် ပြတ်ရချေတော့မည်ဟု နားလည်လေ၏။ ဘုရင်သည် မိမိ၏ တိုင်းပြည်ကို ပေးရသည် ဖြစ်စေ၊ သမီးတော်လေးကို ပြန်တွေ့အောင် ရှာလို၏။ သို့ဖြစ်၍ လီယွန်တီဘုရင်သည် နောင်တတရား ကြီးစွာရ၍ အလွန်ဝမ်းနည်းစွာဖြင့် နှစ်ပေါင်းများစွာ တချုံးချုံးအန်းနုံး ဖြစ်နေရလေ၏။

သမီးတော်ကလေးအား ပင်လယ်ပြင်သို့ သင်္ဘောဖြင့် တင်ဆောင်သွားသောဝန်ကြီးမှာ ဘိုဟီးမီးယားကမ်းခြေတွင် လေပြင်းမုန်တိုင်းမိ၍ ၎င်းပြည်ထဲ၌ သင်္ဘောတင်လျက်ရှိလေ၏။ ဘိုဟီးမီးယားပြည်မှာ ပိုလီဆိန်းဘုရင်





အုပ်စိုးသော တိုင်းပြည်ဖြစ်ခြင်းကို သတိရကြပေလိမ့်မည်။ ဝန်ကြီးသည် ကမ်းပေါ်သို့ သင်္ဘောတင်လျက်ရှိရာတွင် သမီးတော်ကလေးကို ဘုရင်စေခိုင်းသည့်အတိုင်း စွန့်ပစ်ထားခဲ့လေသည်။

ဝန်ကြီးသည် သမီးတော်ကလေးကို တစ်နေရာတွင် ချထားခဲ့၍ သင်္ဘောသို့ ပြန်ဆင်းလာရာတွင် ဝက်ဝံတစ်ကောင် တောထဲမှထွက်လာ၍ ဝန်ကြီးအား ကိုက်သတ်လိုက်သည်ဖြစ်သောကြောင့် ဘုရင် လီယွန်တီအား ပြန်လည်လျှောက်ထားခွင့် မရတော့ချေ။

သမီးတော်ကလေးမှာ မင်းသမီးပီပီ အဘိုးတန်အဝတ်အစားများနှင့် ကျောက်သံပတ္တမြားများဖြင့် ဝတ်ဆင်ထား၏။ ဟာမွိုင်မိဖုရားသည် သမီးတော်လေးကို ဘုရင့်ထံသို့ ပို့လိုက်စဉ်အခါ သမီးကလေးကို မြင်လျှင် ချစ်ခင်ကြင်နာခြင်းရှိပါစေဟူသော ရည်ရွယ်ချက်ဖြင့် လှပစွာဆင်ယင်ဝတ်စားပေးလိုက်ခြင်းဖြစ်သည်။ ဝန်ကြီးသည်လည်း မင်းသမီးကလေး ဝတ်ဆင်ထားသည့် ဂါဝန်တွင် စာတစ်ရွက်ကို တွယ်ကပ်ပေးလိုက်ရာ ၎င်းစာရွက်၌ "ပါဒီတာ" ဟူသော နာမည်အပြင် ဂုဏ်အဆင့်အတန်း မြင့်ခြင်းအကြောင်းနှင့် ကံဆိုးခြင်းအကြောင်းတို့ကိုလည်း မထင်မရှား ရေးသားထားလေသည်။

ဝန်ကြီးစွန့်ပစ်ထားခဲ့သော သမီးတော်ကလေးအား သိုးကျောင်းသားတစ်ယောက်က တွေ့ရှိရာ၊ ထိုသူမှာ သနားကြင်နာတတ်သူဖြစ်၍ မိန်းကလေးကို နေအိမ်သို့ ပွေ့ချီသွားပြီးလျှင် မယား၏လက်သို့ ပေးအပ်၍ ပြုစုထိန်းသိမ်းစေ၏။ သိုးကျောင်းသားသည် မိန်းကလေး၌ ဝတ်ဆင်ထားသည့် ကျောက်သံပတ္တမြားတို့ကို အခြားလူများ သိမည်စိုးသည်နှင့် ၎င်းဒေသ၌ မနေတော့ဘဲ အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားကြလေ၏။ ထိုအရပ်သို့ရောက်သောအခါ သိုးကျောင်းသားသည် လက်ဝတ်လက်စား တချို့တဝက်ကို မြှုပ်ထား၍ တချို့တဝက်ဖြင့် သိုးများဝယ်ယူကာ ကြွယ်ဝသော သိုးပိုင်ရှင်ကြီးတစ်ယောက် ဖြစ်လာလေ၏။ သိုးကျောင်းသား လင်မယားသည် ပါဒီတာအား မိမိတို့၏ ရင်သွေးသဖွယ် မွေးကျွေးသုတ်သင်လာခဲ့သည်ဖြစ်၍ ပါဒီတာသည် မိမိကိုယ်ကို သိုးကျောင်းသား၏ သမီးတစ်ယောက်ဟူ၍ပင် မှတ်ထင်လာခဲ့လေ၏။ မင်းသမီးကလေး ပါဒီတာသည် တဖြည်းဖြည်း ကြီးပြင်းလာရာတွင် ရုပ်ရည်အလွန်တရာချောမောလှပသော မိန်းမပျိုကလေးတစ်ယောက် ဖြစ်လာ၏။ ပါဒီတာမှာ သိုးကျောင်းသားတစ်ယောက်၏ သမီးများ ထုံးစံအတိုင်း အထက်တန်းကျသော ပညာသင်ကြားမှုသော်လည်းကောင်း၊ သွန်သင်ပဲ့ပြင်မှုသော်လည်းကောင်း မခံယူခဲ့ရသော်လည်း မင်းမျိုးမင်းနွယ်တည်းဟူသော မိဘတို့၏ သွေးသားဖြစ်သည့် အလျောက် ယဉ်ကျေးသိမ်မွေ့သော အမူအရာနှင့် စိတ်နေသဘောထားများ

သီဟရတနာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ခံရရှိသည် ဖြစ်သောကြောင့် သိုးကျောင်းသားတစ်ယောက်၏ သမီးနှင့် မတူဘဲ နန်းတော်ကြီးအတွင်း၌ ကြီးပြင်းလာခဲ့ရသည့် သမီးကညာတစ်ယောက်ဟူ၍ မှတ်ထင်ကြရလေ၏။

ဘိုဟီးမီးယားဘုရင် ပိုလီဆိန်း၌ ဖလော်ရီဇယ်လ်အမည်ရှိ တစ်ဦးတည်းသော သားတော်တစ်ပါးရှိ၏။ ၎င်းမင်းသားကလေးသည် တောကစားထွက်စဉ် သိုးကျောင်းသား၏ အိမ်အနီးသို့ ရောက်သွား၍ ပါဒီတာကို မြင်ရသောအခါတွင် ပါဒီတာ၏ ရုပ်ဆင်းအင်္ဂါ ကိုယ်ဟန်အမူအရာတို့၏ တင့်တယ်ခြင်းကို သဘောကျသည်နှင့် ချက်ချင်းပင် နှစ်သက်စုံမက်လေ၏။ ထိုနေ့မှစ၍ မင်းသားကလေးသည် သာမန်အရပ်သား တစ်ယောက်အနေဖြင့် ပါဒီတာ၏ အိမ်သို့ မကြာခဏ လာရောက်လည်ပတ်လေ့ရှိ၏။

ပိုလီဆိန်းဘုရင်သည် မကြာခဏ သားတော်လေးအလည်အပတ်ထွက်ခြင်းကို သိရသည်နှင့် ကျေးကျွန်များအား သားတော်ကို အမှတ်မဲ့ စောင့်ကြည့်စေရာတွင် သိုးကျောင်းသား၏ သမီး ပါဒီတာနှင့် ချစ်ကြိုက်လျက်ရှိကြောင်း သိရှိရလေ၏။

တစ်နေ့သ၌ ဘုရင်သည် မိမိအသက်ကို ကယ်ဆယ်ဖူးသည့် ကမီလိုကိုခေါ်၍ သိုးကျောင်းသား၏ အိမ်သို့ အတူတကွ သွားရောက်ကြလေ၏။

ဘုရင်နှင့် ကမီလိုတို့သည် ဆင်းရဲသားများအသွင်အပြင်ဖြင့် သိုးကျောင်းသား၏နေအိမ်သို့ ရောက်သွားကြသောအခါ အိမ်သူအိမ်သားများသည် သိုးမွေးဖြတ်သော ရာသီဖြစ်သည့်အလျောက် အထိမ်းအမှတ်ပွဲတစ်ခု ကျင်းပလျက်ရှိကြလေ၏။

သိုးကျောင်းသားများ၏ ထုံးစံမှာ ၎င်းပွဲအခမ်းအနားသို့ မျက်နှာစိမ်းမျက်နှာကျက်မရွေး လာရောက်သမျှသော လူများကို ဧည့်ခံကျွေးမွေးကြလေရာ၊ ဘုရင်နှင့် ကမီလိုတို့အားလည်း အိမ်တွင်းသို့ ဖိတ်ခေါ်၍ အတူတကွ ပျော်ရွှင်စွာ စားသောက်ပါရန် ဖိတ်ခေါ်ကျွေးမွေးလေ၏။

အိမ်တွင်း၌ကား အထိုက်အလျောက် သပ်ယပ်လှပစွာ ခင်းကျင်းပြင်ဆင်ထား၍ စားပွဲကြီးများတွင်လည်း စားစရာမျိုးစုံ တည်ခင်းပြင်ဆင်ထားလေရာ၊ လူအားလုံးသည် ပျော်ရွှင်ရယ်မောလျက်ရှိကြလေ၏။ အချို့သော လူပျိုအပျိုများသည် မြက်ခင်းပေါ်တွင် စုံတွဲကလျက်ရှိကြရာ၊ အချို့သော လူပျိုကလေးများသည်လည်း အိမ်ရှေ့၌ တည်ခင်းရောင်းချလျက်ရှိသည့် ဈေးသည်တစ်ယောက်ထံမှ ကစားစရာ၊ ဝတ်ဆင်စရာပစ္စည်းအမျိုးမျိုးတို့ကို ဝယ်ယူလျက်ရှိကြလေ၏။

ဤကဲ့သို့ ပျော်ပျော်ရွှင်ရွှင် ဆူဆူညံညံ စည်စည်ကားကား ရှိနေကြစဉ်





မင်းသားကလေး ဖလော်ရီဇယ်လ်နှင့် ပါဒီတာတို့သည် လူပြတ်လတ်သောချောင်တစ်ခုတွင် အေးအေးဆေးဆေး ထိုင်လျက်ရှိကြ၏။ ၎င်းတို့သည် အခြားသော လူငယ်များကဲ့သို့ ဆူညံစွာ ကခုန်ပျော်ရွှင်နေရခြင်းထက် တစ်ယောက်နှင့်တစ်ယောက် တိတ်ဆိတ်စွာ စကားပြောနေရခြင်းကို ပိုမို၍ နှစ်သက်ကြဟန်ရှိလေသည်။

ဘုရင်နှင့် ကမီလိုတို့မှာ ရုပ်ဖျက်ထားကြသည်ဖြစ်သောကြောင့် မင်းသားကလေးသည် ၎င်းတို့အား မမှတ်မိဘဲရှိ၏။ ဘုရင်သည် သားတော်နှင့် ပါဒီတာအနီးသို့ ချဉ်းကပ်၍ ၎င်းတို့ ပြောသောစကားကို နားထောင်ရလေ၏။ ပါဒီတာသည် မင်းသားနှင့် စကားပြောရာတွင် အလွန်ယဉ်ကျေးသိမ်မွေ့သော အမူအရာ ရှိသည်ဖြစ်၍ ဘုရင်က ကမီလိုအား ပြောသည်မှာ "အောက်တန်းမိန်းကလေးထဲမှာတော့ အလှဆုံးတစ်ယောက်ဖြစ်သည်။ သူပြောသမျှ လုပ်သမျှသည် သူနှင့်မတန်၊ သည်လိုနေရာမျိုးနှင့်မတန်၊ အလွန် အထက်တန်းကျသည်" ဟုပြော၏။

ကမီလိုကလည်း "ဤမိန်းကလေးသည် နွားနို့ထဲမှ နှုတ်ထားသည့် မလိုင်အဆီအနှစ်နှင့်တူပေသည်"ဟု ပြော၏။

ထို့နောက် ဘုရင်က သိုးကျောင်းသားကြီးအား သူ့သမီးနှင့် စကားပြောနေသော လူပျိုသည် မည်သူဖြစ်ပါသနည်းဟု မေးရာ၊ သိုးကျောင်းသားက မိမိသမီး၏ ရည်းစားဖြစ်ကြောင်း၊ ၎င်းတို့သည် တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ကြိုက်ကြ၍ မည်သူက မည်သူ့ထက် ပို၍ချစ်သည်ဟု ဆုံးဖြတ်ရန်ပင် ခဲယဉ်းကြောင်း၊ ၎င်းတို့နှစ်ယောက် လက်ထပ်ကြလျှင် မိမိက အဘိုးတန်ပစ္စည်းအမြောက်အမြား လက်ဖွဲ့နိုင်ကြောင်း ပြောပြလေ၏။ (သိုးကျောင်းသားသည် သိုးအုပ်များဝယ်ပြီးနောက် ကြွင်းကျန်သော ကျောက်သံပတ္တမြားများကို ပါဒီတာ လက်ထပ်သောအခါ၌ လက်ဖွဲ့ရန်အတွက် မြှုပ်နှံထားခြင်းဖြစ်လေသည်။)

ထို့နောက် ဘုရင်သည် မိမိ၏ သားတော်မင်းသားကလေးအား မသိဟန်ပြုလျက် "ဟော့ . . . မောင်ရင်၊ မောင်တို့က သူတစ်ပါးလို ပျော်ပွဲ အခမ်းအနားကို ဂရုမစိုက်ဘဲ ကိုယ့်ဟာနဲ့ကိုယ် ကျေနပ်နေကြသကိုး . . .၊ ငါတို့ငယ်ငယ်တုန်းကတော့ ကိုယ့်ရည်းစားကိုယ် လက်ဆောင်တွေအမျိုးမျိုး ပေးကြတယ်၊ မောင်ရင်ကတော့ ဘာတစ်ခုမှ ဝယ်မပေးဘူး။ ဈေးသည်တောင် ထွက်သွားပြီ၊ ဘာလက်ဆောင်များ ပေးစရာရှိသလဲမောင်"ဟု မေးလေ၏။

မင်းသားသည် မိမိ၏ ခမည်းတော်ဖြစ်ကြောင်း မသိသည်နှင့် ပြန်ပြောသည်မှာ "ပါဒီတာက ဈေးသည်ရောင်းတဲ့ အဝတ်အထည်ပစ္စည်းမျိုးကို



www.burmeseclassi.com

www.burmeseclassic.com



သဘောမကျဘူး ဘကြီးရဲ့၊ သူ သဘောကျတဲ့ ပစ္စည်းက ကျွန်တော့်နှလုံးသားထဲမှာ သိမ်းထားပါတယ်"ဟု ပြော၍ ပါဒီတာဘက်သို့ လှည့်ကာပြောသည်မှာ "နားထောင်လှည့်စမ်းပါ ပါဒီတာ၊ ဟောဒီက ဘကြီးက သူကိုယ်တိုင် သမီးရည်းစား ထားခဲ့ဖူးပါတယ်တဲ့၊ လားစမ်းပါဦး၊ ဒီဘကြီးရှေ့မှာ ဖော်ထုတ်ပြီး ပြောစမ်းပါရစေ"ဟုဆိုကာ ခေါ်လေ၏။ ထို့နောက် မင်းသားသည် ပါဒီတာအား ချစ်ကြိုက်ကြောင်းကို ဖော်ထုတ်ပြောပြ၍ ဧည့်သည်ဘကြီးအားလည်း မိမိပြောသော စကားကို သက်သေခံပါဟူ၍ ပြောလေ၏။

ဤတွင် ပိုလီဆိန်းဘုရင်သည် ဆင်းရဲသားအသွင် ဆောင်ထားခြင်းကိုဖျက်၍ နဂိုအတိုင်း ဖော်ပြလိုက်ပြီးလျှင် "ငါကလားကွယ် မင်းစကားကို သက်သေခံမှာ၊ ကိုယ်နဲ့မထိုက်တန်၊ ဟိုအောက်ဆုံးတန်းက သိုးထိန်းရဲ့သမီးကို မင်းကချစ်ကြိုက်စုံမက်တာတဲ့လား၊ မင်းလောက် မိုက်မဲတဲ့ သတ္တဝါ ဘယ်မှာ ရှိသေးသလဲ"ဟုပြောလေ၏။ ၎င်းနောက် ဘုရင်သည် ပါဒီတာဘက်သို့ လှည့်၍ မိမိ၏သားကို လက်ခံခဲ့လျှင် ၎င်းတို့သားအဘနှစ်ယောက်စလုံးအား သေခြင်းဆိုးနှင့် သေရစေမည်ဟု ကြိမ်းဝါးလေ၏။

နောက်ဆုံး၌ ဘုရင်သည် ဒေါသကြီးစွာနှင့် ၎င်းနေရာမှ ထွက်လာခဲ့ရာ၊ ကမီလိုနှင့် မင်းသားတို့လည်း နောက်မှ လိုက်ပါလာကြလေ၏။

ဘုရင် ကြွသွားသောအခါ ပါဒီတာသည် မင်းသွေးဖြစ်သည့်အလျောက် ဘုရင်၏ ကြုံးဝါးချက်များကြောင့် စိတ်ထွက်လာသည်ဖြစ်၍ ပြောသည်မှာ "ကျွန်မတို့ကို ဘယ်လိုပင် ကြုံးဝါးပေမယ့် ကျွန်မ မကြောက်ပါဘူး။ ဘုရင်က မောင်းမဲနေစဉ် ကျွန်မက နေမင်းဟာ ဘုရင့်နန်းတော်ရယ်လို့ ရွေးပြီး ထွန်းလင်းတောက်ပစေသည်မဟုတ်၊ သိုးကျောင်းသားအိမ်ကိုလည်း အတူတူပဲ ထွန်းလင်းတောက်ပစေတာပါပဲလို့ ပြောမလို့ တစ်ကြိမ်နှစ်ကြိမ် ကြံမိပါသေးတယ်"ဟု ဘခင်သိုးကျောင်းသားကြီးအား ပြောလေ၏။ နောက်ဆုံး၌ ပါဒီတာသည် ဝမ်းနည်းသောအသံဖြင့် ဆက်လက်၍ "တော်ပါပြီအဖေ၊ ဒီကနေ့ကစပြီး မိဖုရားကြီးဖြစ်ဖို့ စိတ်ကူးယဉ်မှုတွေကို ဖျောက်ပစ်ပြီး သိုးထိန်းသမီးပီပီ ကျွန်မ အလုပ်လုပ်ပါတော့မယ်၊ ကိုင်း . . . သိုးတွေဆီသွားပြီး သိုးမတွေကို နို့ညှစ်ချေပါတော့မယ်၊ အဖေ သွားပါတော့"ဟုဆိုကာ ထသွားလေ၏။

သနားကြင်နာတတ်သော ကမီလိုသည် ဘုရင်က ကြုံးဝါးမာန်မဲစဉ် အခိုက်တွင် ပါဒီတာ၏ မကြောက်မရွံ့ ရဲဝံ့တည်ကြည်စွာ ရှိသော အမူအရာကို သဘောကျသည်ဖြစ်၍ မင်းသားကလည်း ပါဒီတာအား အလွန်ချစ်ကြိုက်လျက်ရှိသဖြင့် ခမည်းတော်၏ အမိန့်အတိုင်း လိုက်နာမည့် လက္ခဏာ မရှိခြင်းကို ရိပ်မိသည်နှင့် အားလုံးအတွက် အဆင်ပြေအောင် အကြံတစ်ခုပေါ်လာလေ၏။





ကမီလိုသည် ဟာမ္မိုင်မိဖုရားကြီးကိစ္စနှင့် ပတ်သက်၍ မိမိ၏ ဘုရင်သခင်ဟောင်း လီယွန်တီ နားလည်မှုရှိသဖြင့် နောင်တကြီးစွာ ရရှိကြောင်းကို ကြားသိရပြီးဖြစ်၏။ ထို့ပြင် ကမီလိုသည် ယခုအခါ၌ ပိုလီဆိန်းဘုရင်၏ လူယုံတော်အဖြစ်သို့ ရောက်လျက်ရှိသော်လည်း မိမိ၏တိုင်းပြည်ဖြစ်သော စစ္စလီပြည်သို့ သွားရောက်ချင်စိတ်ရှိ၍ အရှင်သခင်ဟောင်းဖြစ်သည့် လီယွန်တီဘုရင်အားလည်း ဖူးတွေ့ချင်သောဆန္ဒ ဖြစ်ပေါ်လျက်ရှိ၏။ သို့ဖြစ်၍ ကမီလိုသည် မင်းသားကလေးနှင့် ပါဒီတာတို့အား မိမိနှင့်အတူ စစ္စလီပြည်သို့ ထွက်ပြေးကြပြီးလျှင် လီယွန်တီဘုရင်အား မိမိက အကြောင်းချင်းရာ အမျိုးစုံကို တင်လျှောက်၍ ၎င်းဘုရင်၏ အကူအညီဖြင့် ပိုလီဆိန်းဘုရင်အား မင်းသားနှင့် ပါဒီတာတို့ ထိမ်းမြားလက်ထပ်ခြင်းကို သဘောတူညီလာအောင် သွေးဆောင်တိုက်တွန်းပေးစေဖို့ မိမိ၌ အကြံအစည် ရှိကြောင်း ပြောပြလေ၏။

မင်းသားကလေးနှင့် ပါဒီတာတို့သည် ကမီလို၏ အကြံကို သဘောတူကြ၍ ထွက်ပြေးရန်အတွက် အစီအစဉ်အားလုံး ပြုလုပ်ပြီးဖြစ်သော ကမီလိုသည် သိုးထိန်းကြီးကိုပါခေါ်၍ လီယွန်တီဘုရင် စိုးစံသည့် စစ္စလီပြည်သို့ သင်္ဘောလွှင့်သွားကြလေ၏။

၎င်းတို့ လေးဦးသားသည် လီယွန်တီဘုရင်၏ တိုင်းပြည်သို့ ချောမောစွာ ဆိုက်ရောက်၍ နန်းတော်သို့ ဝင်ကြလေရာ၊ လီယွန်တီသည် ဟာမ္မိုင်မိဖုရားကြီးနှင့် သမီးတော်ကလေးအတွက် ကြေကွဲဝမ်းနည်းသဖြင့် လွမ်းဆွေးတသလျက်ပင်ရှိနေ၏။ ကမီလိုတို့ ဝင်သွားသောအခါ လီယွန်တီသည် ကမီလိုအား ဝမ်းမြောက်ဝမ်းသာ လက်ခံ၍ ဖလော်ရီဇယ်လ်မင်းသားကလေးအားလည်း ကြည်ဖြူဖော်ရွေစွာ ခရီး ဦးကြိုပြုလေ၏။ မင်းသားကလေးက ပါဒီတာအား မိမိ၏ ကြင်ယာတော်အဖြစ်နှင့် လီယွန်တီနှင့် မိတ်ဆက်ပေးရာတွင် လီယွန်တီသည် ပါဒီတာကို စူးစိုက်ကာ တစ်ကြည့်တည်း ကြည့်လျက်ရှိ၏။ လီယွန်တီသည် မိဖုရားကြီး ဟာမ္မိုင်နှင့် ပါဒီတာတို့၏ ရုပ်အသွင် တူညီကြခြင်းကို မြင်သည်နှင့် မိဖုရားအား လွမ်းဆွတ်သောစိတ်သစ် ဖြစ်ပေါ်လာပြီးလျှင် မိမိသည် သမီးတော်လေးအား ရက်စက်စွာမစွန့်ပစ်လိုက်ပါမူ ဤအရွယ်လောက်ပင် ရှိနေ၍ ဤသို့ပင် ချောမောလှပရှာလိမ့်မည်ဟု ဝမ်းနည်းစွာ ပြောပြလေ၏။ ထို့နောက် ဘုရင်သည် မင်းသားဘက်သို့ လှည့်လျက် ပိုလီဆိန်းဘုရင်နှင့် ဟာမ္မိုင်မိဖုရားကြီးတို့ အပေါ်၌ မိမိ အထင်မမှားခဲ့လျှင် ငယ်သူငယ်ချင်းနှစ်ယောက်မှာ ယခုတိုင် မိတ်မပျက်ဘဲ ခင်မင်ရင်းနှီးစွာပင် ရှိနေကြမည့်အကြောင်းများနှင့် ငြီးတွားပြောဆိုလေ၏။

သိုးထိန်းကြီးသည် ပါဒီတာအား လီယွန်တီက စိတ်ဝင်စားသော အမူ



www.burmeseclassi.com

www.burmeseclassic.com



အရာနှင့် ကြည့်လျက်ရှိ၍ သမီးတော်ကလေးတစ်ပါး စွန့်ပစ်ဖူးခြင်းအကြောင်း ပြောသည်ကို ကြားရသောအခါ၊ ပါဒီတာ၏ ကိုယ်၌ ဝတ်ဆင်ထားသည့် လက်ဝတ်လက်စား ကျောက်သံပတ္တမြားများအကြောင်းကိုလည်း စဉ်းစားမိသည်နှင့် မိမိကောက်ယူ မွေးစားခဲ့သော ပါဒီတာသည် ဘုရင် စွန့်ပစ်လိုက်သည့် သမီးတော်ကလေးပင် ဖြစ်ရမည်ဟု စိတ်ကူးကြံဆလျက် ရှိလေ၏။

သိုးထိန်းကြီးသည် ပါဒီတာအား ကောက်ရပုံကို ဘုရင်အား တင်လျှောက်သောအခါ မိဖုရား၏ အပျိုတော် ပေါ်လီနာလည်း အနီး၌ရှိ၏။ သိုးထိန်းကြီးက မိမိသည် မိန်းကလေးအား ပင်လယ်ကမ်းခြေအနီး၌ ကောက်ရပုံ အဖြစ်အပျက်ကို အသေးစိတ် တင်လျှောက်၍ ၎င်းအား စွန့်ပစ်ထားခဲ့သည့် ဝန်ကြီးကိုလည်း ဝက်ဝံကိုက်၍ သေရပုံနှင့်တကွ ကလေးမ၏ ဂါဝန်၌ ပြင်ဆင်ထားသည့် လက်ဝတ်လက်စား ကျောက်သံပတ္တမြားနှင့် ဂါဝန်ကလေးကိုလည်းကောင်း၊ ဂါဝန်၌ တွယ်ကပ်ထားသည့် 'ပါဒီတာ'ဟူသော လက်ရေးစာလုံးပါသည့် စာရွက်ကိုလည်းကောင်း ပြသလေ၏။ ဝန်ကတော် ပေါ်လီနာသည် ၎င်းပစ္စည်းများကို မြင်သောအခါ ကျောက်သံပတ္တမြားများသည် မိဖုရားကြီး ကိုယ်တိုင်ဆင်ပြင်ပေးလိုက်ပြီးဖြစ်၍'ပါဒီတာ'ဟူသော လက်ရေးစာလုံးမှာလည်း မိမိခင်ပွန်း၏ လက်ရေးဖြစ်ကြောင်း သက်သေခံလေ၏။ လီယွန်တီဘုရင်နှင့်တကွ အခြားလူများသည်လည်း ပစ္စည်းများကို မြင်ရရုံမက ဝန်ကတော်၏ ထွက်ဆိုချက်ကို ကြားကြရသောအခါ ပါဒီတာသည်ကား လီယွန်တီဘုရင်နှင့် ဟာမီယွန်မိဖုရားကြီးတို့၏ သမီးတော် အစစ်ဖြစ်ကြောင်း ယုံမှားသံသယ မရှိနိုင်ကြချေ။ ဝန်ကတော် ပေါ်လီနာမှာမူ ခင်ပွန်းသည်အား ဝက်ဝံကိုက်သတ်၍ သေရကြောင်း အတိအကျသိရ၍ ဝမ်းနည်းခြင်းကား တစ်ဘက်ဖြစ်၊ ကဝေပညာရှိ၏ ဟောကိန်းအတိုင်း ထီးမွေ ဆက်ခံမည့်သူ ပြန်တွေ့သဖြင့် ဝမ်းသာခြင်းကားတစ်ဘက် ဖြစ်နေလေ၏။ လီယွန်တီ ဘုရင်မူကား ပါဒီတာသည် မိမိ၏ ရင်သွေးစစ်စစ် ဖြစ်ကြောင်း သိရသည်နှင့် တစ်ပြိုင်နက် ဟာမီယွန်မိဖုရားကြီးကို လွမ်းဆွတ်တမ်းတလျက် သမီးတော်ကို သူမယ်တော်မြင်ရလျှင် ကောင်းလေစွဟု သတိရသည်နှင့် "သြော် . . . မိဖုရားကြီး၊ သြော် . . . မိဖုရားကြီး" ဟု တသကာ ဘာစကားမျှ မပြောနိုင်ဘဲ ကြာရှည်စွာ ရေရွတ်မြည်တမ်းလျက်ရှိလေ၏။

ယင်းသို့ ရှိကြစဉ် ဝန်ကတော် ပေါ်လီနာက ဘုရင်အား တင်လျှောက်သည်မှာ မိမိ၏ နေအိမ်တွင် အီတာလျံ ပန်းပုကျော်ကြီးတစ်ယောက် ထုလုပ်ထားသည့် ဟာမီယွန်မိဖုရားကြီး၏ ကျောက်ရုပ်တစ်ခုရှိကြောင်း၊ ၎င်းမှာ မိဖုရားကြီးနှင့် အံ့သြလောက်အောင်တူလှ၍ ဘုရင်မြင်ရလျှင် ကျောက်ရုပ်မထင်ဘဲ





မိဖုရားကြီးကိုယ်တိုင် ဖြစ်သည်ဟု ဆိုလိမ့်မည်ဖြစ်ကြောင်း တင်လျှောက်သည်တွင် ဘုရင်သည် ၎င်းကျောက်ရုပ်ကို ကြည့်လိုသည်ဟု မိန့်သည်နှင့် ၎င်းတို့အားလုံးသည် ဝန်ကတော်၏ အိမ်သို့ လိုက်သွားကြလေ၏။ ဘုရင်သည် မိဖုရားနှင့် တူလှသည်ဆိုသောကြောင့် ကြည့်လိုခြင်းနှင့်အတူ ပါဒီတာကိုလည်း မမြင်ဖူးသော မယ်တော် မိဖုရားကြီး၏ ရုပ်သဏ္ဍာန်ကို မြင်ဖူးလိုရှာသည်နှင့် သားအဖနှစ်ဦးတို့သည် စိတ်အားထက်သန်စွာ လိုက်ပါသွားကြလေ၏။

နေအိမ်သို့ ရောက်ကြ၍ ဝန်ကတော်သည် ကျောက်ရုပ်ထုထားသော အခန်းကို ဖုံးထားသည့် ခန်းဆီးကန့်လန့်ကာကို လှပ်လိုက်ရာတွင် ကျောက်ရုပ်မှာ ဟာမီယွန်မိဖုရားကြီးနှင့် အလွန်တူလှသောကြောင့် လီယွန်တီဘုရင်မှာ မိဖုရားအတွက် ဝမ်းနည်းလွမ်းဆွတ်လှသည်နှင့် အချိန်ကြာရှည်စွာ စကားလည်းမပြောနိုင်၊ လှုပ်လည်း မလှုပ်ရှားနိုင်ဘဲ ကြောင်တောင်တောင်ကြီးငေးလျက်ရှိလေ၏။

ထိုအခါ ဝန်ကတော် ပေါ်လီနာက ဘုရင်၏ တိတ်ဆိတ်ခြင်းသည် အံ့သြသည့်အဓိပ္ပာယ်ရှိ၍ မိမိသဘောကျကြောင်း တင်လျှောက်ပြီးလျှင် "ဘယ်လိုပါလဲအရှင်ဘုရား၊ မိဖုရားကြီးနှင့် အင်မတန် တူတယ် မဟုတ်ပါလားဘုရား" ဟု မေးလျှောက်လေ၏။

လီယွန်တီဘုရင်ကလည်း "တူပါပေတယ်၊ အင်မတန် တူပါပေတယ်၊ ဟာမီယွန်ကို ဦးစွာ ပထမ ငါလူပျိုလှည့်စဉ်က ခံ့ခံ့ညားညားကြီး ရပ်နေလိုက်ပုံဟာ ဒီအတိုင်းပဲ။ သို့သော် နေစမ်းပါဦး ပေါ်လီနာ၊ ဟာမီယွန်ဟာ ဟိုတုန်းက ဒီလောက်မရင့်သေးဘူး ဟုတ်လား"ဟုမေး၏။

၎င်းတွင် ပေါ်လီနာက "ဒါကြောင့် ပန်းပုဆရာ လက်မြောက်တယ်လို့ ချီးမွမ်းကြရတာပါဘုရား၊ ပန်းပုဆရာက ဟိုတုန်းက ပုံသဏ္ဍာန်အတိုင်း မထုဘဲ ယခုအခါမှာ မိဖုရားကြီး အသက်ရှင်လျက် ရှိခဲ့လျှင် ဘယ်လိုနေလိမ့်မယ်ဆိုတာကို ခန့်မှန်းပြီး ထုလုပ်ထားတဲ့အတွက် လက်စွမ်းထက်တယ်လို့ ဆိုရပါတယ်ဘုရား၊ တော်ကြပါစို့ ဘုရား၊ ကန့်လန့်ကာ ပိတ်ပါရစေတော့၊ တော်တော်ကြာလျှင် ဘုရင်မင်းမြတ်က မိဖုရားကြီးဟာ လှုပ်ရှားနေတယ်လို့ အမိန့်ရှိမှာတောင် စိုးရပါတယ်ဘုရား"ဟု လျှောက်ထားလေ၏။

ထိုအခါ လီယွန်တီဘုရင်ကလည်း "နေပါစေဦး ပေါ်လီနာ၊ ကန့်လန့်ကာကို မပိတ်ပါနဲ့ဦး၊ အောင်မယ်လေးကွယ်တို့ ကြည့်စမ်းပါ ကမီလို၊ ရုပ်တုဆိုပေမင့် အသက်ရှူနေတယ်လို့ မထင်ရဘူးလား၊ မျက်လုံးကလေးတွေက မျှော်တောင်ခတ်နေသလိုလို တူလှချေကွယ်တို့"ဟု ဆို၏။

ပေါ်လီနာကလည်း "ကန့်လန့်ကာကို ပိတ်လိုက်ပါရစေတော့ ဘုရား၊



www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရားမှာ လွမ်းစိတ်တွေမွှန်ပြီး ရုပ်ထုဟာ အသက်ရှင်ပါတယ်လို့ မိန့်တော်မူမှာကို ကြောက်ရပါတယ်ဘုရား"ဟု လျှောက်ထားလေ၏။

ဘုရင် "အသက်ရှိနေတယ်ထင်လို့ ဖြစ်လျှင် နှစ်ပေါင်း ၂၀လောက် ထင်နေစမ်းပါရစေ ပေါ်လီနာ၊ ဟော . . . ပြောရင်းဆိုရင်း အသက်ရှူလာပါပြီကောလား၊ အသက်ငွေ့နဲ့တူအောင် ဘယ်လို ဆောက်မျိုးနဲ့ ထုထားပါလိမ့် ပန်းပုဆရာရယ်၊ မောင်မင်းတို့က မရယ်ကြနဲ့နော်၊ ငါနမ်းတော့မယ်ဟေ့"ဟု ပြောပြောဆိုဆို ခြေလှမ်းပြင်ရာတွင် . . .

ပေါ်လီနာက "သည်းခံတော်မူပါဘုရား၊ အရှင်ဘုရား နှုတ်ခမ်းကို ဆီဆေးတွေ လူးကုန်ပါလိမ့်မယ်ဘုရား၊ နှုတ်ခမ်းမှာဆိုးထားတဲ့ ဆေးဟာက ကောင်းကောင်းမခြောက်သေးပါဘုရား၊ ကန့်လန့်ကာကို ပိတ်လိုက်ပါရစေတော့ဘုရား"ဟု ဆို၏။

ဘုရင်ကလည်း "နေစမ်းပါဦး ပေါ်လီနာ၊ အနှစ် ၂၀ လောက် ကြည့်နေစမ်းပါရစေဦး"ဟု ဆို၏။

သမီးတော် ပါဒီတာကလည်း ရုပ်ထုရှေ့တွင် ဒူးထောက်ကာ မယ်တော်၏ လှပသော ရုပ်ဆင်းသဏ္ဌာန်ကို အံ့သြငေးမောလျက်ရှိရာမှ မိမိလည်း ခမည်းတော်ဘုရင်နည်းတူ နှစ်ပေါင်း ၂၀ တိုင်တိုင် ကြည့်နေနိုင်ပါကြောင်း ပြောလေ၏။

ဝန်ကတော် ပေါ်လီနာလည်း "သည်းခံတော်မူပါဘုရား၊ ကန့်လန့်ကာကိုပိတ်ထားဖို့ ခွင့်ပြုလျှင် ပြုတော်မူပါ၊ သို့မဟုတ်ခဲ့လျှင် ဒီထက် အံ့ဘွယ်သရဲတွေ ကြုံကြရပါလိမ့်မယ်ဘုရား၊ ဘုရားကျွန်မက ဒီအရုပ်ကို လှုပ်ရှားအောင်လည်း လုပ်နိုင်ပါတယ်ဘုရား၊ ဒီလို လုပ်လိုက်လျှင် ဘုရင်မင်းမြတ်က ကျွန်တော်မျိုးမကို ပညာတတ်တဲ့ စုန်းမရယ်လို့ စွပ်စွဲပါလိမ့်မယ်ဘုရား"ဟု လျှောက်ထားလေ၏။

လီယွန်တီဘုရင်ကလည်း "သင် လုပ်ပြသမျှကို ငါ ကြည့်လိုသည်။ စကားပြောခိုင်းလျှင်လည်း ငါ နားထောင်လိုသည်၊ ခိုင်းပြစမ်းပါ"ဟု ဆို၏။

ထိုအခါ ပေါ်လီနာသည် လက်ဖြင့် အချက်ပေးလိုက်ရာတွင် အလွန်တရာ သာယာညင်းပြောင်းရှိသော တီးမှုတ်သံများ ပေါ်ထွက်လာ၍ ဟာမွိုင်ရုပ်ထုသည်လည်း ခုံပေါ်မှ အောက်သို့ ဆင်းသက်လာပြီးလျှင် လီယွန်တီဘုရင်၏လည်ပင်းကို ဖက်လေ၏။ ၎င်းနောက် ကျောက်ရုပ်သည် အသံထွက်အောင် စကားပြော၍ လီယွန်တီဘုရင်အတွက်လည်းကောင်း၊ ပါဒီတာ မင်းသမီးအတွက်လည်းကောင်း ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံပါစေကြောင်းနှင့် ဆုမွန်တောင်းလေ၏။





ကျောက်ရုပ်က ဘုရင်၏ လည်ပင်းကိုဖက်ပြီး သားအဖနှစ်ယောက်တို့အတွက် ဆုတောင်းသည် ဆိုခြင်းမှာ အံ့ဩဘွယ်ရာမဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ကျောက်ရုပ်သည် ဟာမွိုင်မိဖုရားကြီး စင်စစ်ဖြစ်ပေသောကြောင့်တည်း။

ဝန်ကတော် ပေါ်လီနာသည် ဟာမွိုင်မိဖုရား၏ အသက်ကို ကယ်ဆယ်ရန် အကောင်းဆုံးနည်းလမ်းမှာ မိဖုရားကြီး နတ်ရွာစံလေပြီဟု ဘုရင်အားတင်လျှောက်ထားရန်ဖြစ်သည်ဟု ယူဆသည့်အလျောက် ဘုရင်အား ထိုကဲ့သို့ သွားတင်လျှောက်ခဲ့ခြင်း ဖြစ်လေသည်။ ထို့နောက်တွင်လည်း မိဖုရားကြီး အသက်ရှင်လျက်ရှိကြောင်းကို လုံးဝမသိစေဘဲ မိမိနှင့် အတူထားပြီးလျှင် သမီးတော် ပါဒီတာကို ပြန်တွေ့သောအခါတွင်မှ ထိုကဲ့သို့ ဖော်ထုတ်ရန် အကြံပြုခြင်းဖြစ်လေသည်။ ဟာမွိုင်မိဖုရားသည် မိမိအား အထင်မှား၍ စော်ကားခြင်းများအတွက် ဘုရင်အား အပြစ်လွှတ်ခဲ့သည်မှာ ကြာလှပြီဖြစ်သော်လည်း သမီးတော်လေးအား ရက်ရက်စက်စက် ပြုမူခြင်းအတွက်မူ မကျေချမ်းနိုင်အောင် ရှိခဲ့လေသည်။

လီယွန်တီဘုရင်မူကား နတ်ရွာစံပြီ ထင်ခဲ့ရသည့် မိဖုရားကြီး ပြန်၍ ရှင်လာသည့်ပြင် ပျောက်ဆုံးသော သမီးတော်ကိုလည်း ပြန်တွေ့ရသည်ဖြစ်သောကြောင့် နှစ်ပေါင်းများစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရာမှ ရုတ်တရက် သုခ အကြီးအကျယ် တွေ့ရသည်နှင့် ဝမ်းသားလုံးဆို့မတတ် ဖြစ်၍ ရပ်တည်ရာမရအောင် ရှိနေလေ၏။

ဘုရင်၏ ပတ်ဝန်းကျင်၌ ဝမ်းသာစကား၊ ချစ်ခင်စကားနှင့် ကောင်းချီးသြဘာစကားများ ပြောလိုက်ကြသည်မှာ ဆူညံလျက်ရှိ၏။ ဘုရင်နှင့် မိဖုရားတို့သည် သိုးထိန်း၏ သမီးအဖြစ်နှင့်သာ သိရသော သမီးတော် ပါဒီတာအား ချစ်ကြိုက်ဖော်ရပေသော ဖလော်ရီဇယ်လ် မင်းသားကလေးအား ကျေးဇူးတင်မဆုံးအောင် ရှိကြသည့်ပြင် ချုံထဲမှ ကောက်ယူမွေးစားသော သိုးထိန်းအားလည်း ကောင်းချီးမင်္ဂလာ ပြုကြလေ၏။ ဝန်ကတော် ပေါ်လီနာနှင့် ကမီလိုတို့သည်လည်း မိမိတို့က စေတနာနှင့် ဆောင်ရွက်ခဲ့သည့် ကိစ္စများ ချောမောအောင်မြင်ခြင်းအတွက် ဝမ်းသာမဆုံး တပြုံးပြုံး ရှိနေကြလေ၏။

လူအားလုံး ဝမ်းမြောက်ဝမ်းသာ ရှိနေကြသည့်အထဲတွင် ဝမ်းသာစရာအပေါ် ဝမ်းသာစရာ ဆင့်၍ ဖြစ်ရပုံများကား၊ ဘိုဟီးမီးယားပြည်ရှင် ပိုလီဆိန်းသည် လီယွန်တီနန်းတော်သို့ ဆိုက်ရောက်လာလေ၏။

ပိုလီဆိန်းဘုရင်သည် မိမိ၏ သားတော်နှင့် ကမီလိုတို့ ပျောက်ဆုံးခြင်းကို သိရသည်နှင့် တပြိုင်နက် သူတိုင်းပြည်ကို လွမ်းဆွတ်ပုံရသော ကမီလို၏



www.burmeseclassi.com

www.burmeseclassic.com



စိတ်ကို ရိပ်မိသည်နှင့် ချက်ချင်းသဘောပြင်စေ၍ လိုက်လာရာ တကယ့်အချိန်ကောင်းတွင် စစ္စလီပြည်သို့ ဆိုက်ရောက်လာခြင်းဖြစ်လေသည်။

ပိုလီဆိန်းဘုရင်သည်လည်း ဝမ်းသာမဆုံး တပြုံးပြုံးဖြစ်နေကြသည့် ကျောင်းနေဘက်သူငယ်ချင်း လီယွန်တီဘုရင်တို့ လူစုနှင့် တွေ့ရာတွင် သူလည်း အပါအဝင်ပြု၍ ပျော်ရွှင်ကြည်နူးလျက်ရှိလေ၏။ ပိုလီဆိန်းသည် မိမိအား အထင်မှားခဲ့သော လီယွန်တီအား အပြစ်လွှတ်နိုင်သည်ဖြစ်၍ ရှေးယခင်ငယ်စဉ်ကအတိုင်း တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ချစ်ခင်ကြင်နာခြင်း ရှိနိုင်ကြလေသည်။ ပါဒီတာမှာလည်း သိုးထိန်း၏ သမီးမဟုတ်၊ စစ္စလီပြည်ရှင်၏တစ်ဦးတည်းသော သမီးတော် ဖြစ်နေပေရကား၊ ပိုလီဆိန်းသည် မိမိ၏သားတော်နှင့် ဝမ်းမြောက်စွာ သဘောတူညီလေ၏။

ဟာမွိုင်မိဖုရားကြီးမှာ ဒုက္ခကြီးစွာ ကြုံခဲ့ရာမှ အလုံးစုံ သက်ာရှင်းပြီဖြစ်သည့်ပြင် ပျောက်ဆုံးနေသော ပါဒီတာကိုလည်း ပြန်လည်တွေ့ရှိရပြီဖြစ်သောကြောင့် ကျေနပ်ဆုံးသော မိဖုရားတစ်ပါးသာမက၊ အပျော်ဆုံးသော မိခင်တစ်ဦးအနေဖြင့် နှစ်ပေါင်းများစွာ နန်းစံရပေတော့သတည်း။

*သွေးသောက်၊ အမှတ် (၁၈၀)၊ ဇန်နဝါရီလ၊ ၁၉၆၁ ခုနှစ်။*

□ □ □

## ဆင်ဘယ်လိုင်

ရောမပြည်ကြီးကို ဆီဇာဘုရင် စိုးမိုးအုပ်ချုပ်စဉ်က အင်္ဂလန်ပြည်တွင် (ထိုစဉ်က ဗြိတိန်ဟုခေါ်သည်။) ဆင်ဘယ်လိုင်အမည်ရှိ ဘုရင့်တစ်ပါး စိုးစံလျက်ရှိ၏။

ဆင်ဘယ်လိုင်၏ ပထမမိဖုရားသည် သားတော်နှစ်ယောက်နှင့် သမီးတော်တစ်ယောက် ငယ်ရွယ်စဉ်ကပင် နတ်ရွာစံလွန်လေသည်။ သားသမီး သုံးယောက်အနက် အကြီးဆုံးဖြစ်သော အီမိုဂျင်မင်းသမီးမှာ ခမည်းတော်၏ နန်းတွင်း၌ ကြီးပြင်းရသော်လည်း သားတော်ကလေးနှစ်ပါးမှာမူ သုံးနှစ်သားနှင့် တစ်နှစ်သားအရွယ်များတွင် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့လေ၏။ မင်းသားကလေး နှစ်ပါးအား ဘယ်သူက-ခိုးယူ၍ ဘယ်အဖြစ်သို့ ရောက်ကြသည်ကို ဘုရင်ဆင်ဘယ်လိုင် ထောက်လှမ်းစုံစမ်း၍ မရဘဲ ရှိခဲ့၏။

ဆင်ဘယ်လိုင်သည် ဒုတိယအကြိမ် လက်ထပ်သည့် ဒုတိယမိဖုရားမှာ မိုက်မဲရက်စက်၍ အကောက်ကြံတတ်သော မိန်းမတစ်ယောက်ဖြစ်သည်နှင့် ပထမမယားမှ မွေးဖွားခဲ့သည့် အီမိုဂျင်မင်းသမီးကလေးအား ကြင်နာမှု လုံးဝကင်းခဲ့လေသည်။

ဒုတိယမယားသည် အပျိုမဟုတ်ဘဲ မုဆိုးမတစ်ယောက်ဖြစ်၍ ပထမအိမ်ထောင်နှင့် ဖွားမြင်ခဲ့သည့် သားတစ်ယောက်ရှိရာ ၎င်းသားကို အီမိုဂျင်



www.burmeseclassi.com

www.burmeseclassic.com



မင်းသမီးနှင့်ပေးစားရန် အကြံပြုလျက်ရှိ၏။ ဤနည်းအားဖြင့် ဆင်ဘယ်လိုင်ဘုရင် နတ်ရွာစံသောအခါတွင် ၎င်း၏သား ကလိုတင်အား သရဖူဆောင်းနိုင်စေရန် ဖြစ်လေသည်။ ဘုရင်၏ ပျောက်ဆုံးနေသော သားတော်လေးနှစ်ပါးအား ပြန်မတွေ့ခဲ့လျှင် အီမိုဂျင်မင်းသမီးပင် ဘုရင်မဖြစ်လာ၍ ကလိုတင်နှင့်အတူ နန်းစံရလိမ့်မည်ဟု တွက်ကိန်းချထားသည်။ သို့ရာတွင် အီမိုဂျင်မင်းသမီးသည် ခမည်းတော်နှင့် မိထွေး မသိစေဘဲ သတို့သားတစ်ယောက်နှင့် တိတ်တဆိတ်လက်ထပ်လိုက်ခြင်းအားဖြင့် သူ၏အကြံကို ပျက်စီးစေခဲ့လေသည်။

မင်းသမီးကလေး၏ ကြင်ယာတော်မှာ ပေါ့စတူးမတ်(စ်) အမည်ရှိ ထိုခေတ်အခါတွင် စာပေအတတ်ဆုံးနှင့် လူမှုရေးရာတွင် အကျွမ်းကျင်ဆုံးသော လူငယ်တစ်ယောက်ဖြစ်လေသည်။ သူ၏ ဖခင်မှာ ဆင်ဘယ်လိုင်ဘုရင်အတွက် တိုက်ခိုက်သော စစ်ပွဲများတွင် ကျဆုံး၍ သူ၏ မိခင်မှာလည်း ခင်ပွန်းအတွက်ကြောင့် ရင်ကွဲနာနှင့် သေဆုံးခဲ့လေသည်။

ဆင်ဘယ်လိုင် ဘုရင်သည် မိဘမရှိသော ထိုသူငယ်လေးအား သနားကြင်နာခြင်းရှိသည်ဖြစ်၍ ၎င်းအား မွေးစားသည့်သဘောနှင့် နန်းတွင်းသို့ ခေါ်ယူကာ ပညာသင်ပေးပြီးလျှင် ပေါ့စတူးမတ်(စ်)ဟူသောအမည်ကို မှည့်လေ၏။ (ပေါ့စတူးမတ်(စ်)ဟူသော အမည်မှာ ဖခင်သေဆုံးပြီးသည့်နောက် မွေးဖွားသောကလေးဟု အဓိပ္ပာယ်ရှိလေသည်။)

အီမိုဂျင်မင်းသမီးနှင့် ပေါ့စတူးမတ်(စ်)တို့မှာ နန်းတော်ကြီးအတွင်း၌ ငယ်စဉ်ကတည်းက ပညာသင်ဘက်၊ ကစားဘက်များဖြစ်ကြသည့်အလျောက် တစ်ဦးအပေါ် တစ်ဦး ချစ်ခင်ကြင်နာခြင်းရှိကြလေရာ ကြီးပြင်းလာသောအခါတွင်လည်း ချစ်ခင်ခြင်းသည် ချစ်ကြိုက်ခြင်းသို့ ကူးပြောင်းလာသည်နှင့် ဘုရင်မသိအောင် တိတ်တဆိတ်လက်ထပ်လိုက်ကြခြင်းဖြစ်လေသည်။

မိဖုရားသည် မင်းသမီးကလေးအား စောင့်ကြည့်ရန် သူလျှိုများ ချထားသည်ဖြစ်၍ လက်ထပ်ခြင်းကို သိရှိရသောအခါ မိမိအကြံ ပျက်ချေပြီတကားဟု စိတ်လည်းပျက်၊ ဒေါသလည်းထွက်သည်နှင့် သမီးတော်၏ လက်ထပ်ခြင်းအကြောင်းကို ဘုရင်အားတင်လျှောက်လေ၏။

ဆင်ဘယ်လိုင်သည် ဤသတင်းကို ကြားရသောအခါ မိမိ၏ ဂုဏ်သိက္ခာကို မစောင့်ဆည်းဘဲ ကျေးတော်မျိုး၊ ကျွန်တော်မျိုးတစ်ယောက်နှင့် လက်ထပ်ရချေသလောဆိုကာ ဒေါသအမျက်ချောင်းချောင်းထွက်သည်နှင့် ပေါ့စတူးမတ်(စ်)အား မိမိစိုးစံသော ဗြိတိန်ပြည်မှ ရာသက်ပန် နှင်ထုတ်လိုက်လေ၏။

ပေါ့စတူးမတ်(စ်)သည် တိုင်းပြည်မှ နှင်ထုတ်ခြင်းခံရသည်နှင့် ရောမပြည်ကြီးသို့ သွားရောက်နေထိုင်ရန် ဆုံးဖြတ်ခဲ့ရာ ထိုကဲ့သို့ မသွားမီ မိဖုရား





သည် ခင်ပွန်းတစ်ယောက် ဆုံးရှုံးသော အီမိုဂျင်မင်းသမီးအား သနားကရုဏာရှိလေဟန်ဖြင့် ၎င်းတို့ ဇနီးမောင်နှံအား တိတ်တဆိတ် တွေ့ဆုံခွင့်ရစေရန် စီမံပေးလေ၏။

ဤကဲ့သို့ သနားဟန်ဆောင်ခြင်းမှာ မိဖုရားသည် မိမိ၏သား ကလိုတင်အတွက် ရှေ့အဖို့တွင် စီစဉ်ထားသော စိတ်ကူးတစ်ခုရှိ၍ ၎င်းအစီအစဉ်အောင်မြင်စေခြင်းငှာဖြစ်လေသည်။ မိဖုရား၏အကြံမှာ ပေါ့စတူးမတ်(စ်) ထွက်သွားသောအခါ၌ သမီးတော်၏ လက်ထပ်ခြင်းသည် ခမည်းတော်၏ သဘောတူညီမှု မရရှိသောကြောင့် တရားမဝင်၊ အတည်မဖြစ်နိုင်ကြောင်းနှင့် အီမိုဂျင် မင်းသမီးအား ဖြားယောင်းပြောဆိုရန် ဖြစ်လေသည်။

အီမိုဂျင်နှင့် ပေါ့စတူးမတ်(စ်)တို့သည် ခွဲခွာခါနီးတွင် အလွန်တရာကြင်နာချစ်ခင်ကြသည့်အလျောက် ကြေကွဲဝမ်းနည်းစွာနှင့် နှုတ်ဆက်ကြလေ၏။ မင်းသမီးက မိမိ၏မယ်တော် မိဖုရားကြီး ဝတ်ဆင်ခဲ့သည့် စိန်လက်စွပ်တစ်ကွင်းကို ပေါ့စတူးမတ်(စ်)အားပေးလိုက်ရာ ခင်ပွန်းသည်က ၎င်းလက်စွပ်နှင့် ဘယ်အခါမှ မခွဲခွာပါဟု သစ္စာပြုလေ၏။ နောက် ၎င်းကလည်း မင်းသမီး၏ လက်မောင်းသို့ လက်ကောက်တစ်ခု စွပ်ပေး၍ မိမိ၏ ချစ်ခင်ကြင်နာခြင်း အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ လက်ကောက်ကို အထူးထိန်းသိမ်းထားဖို့ မှာကြားလေ၏။ နောက်ဆုံး၌ ဇနီး၊ ခင်ပွန်းနှစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် ဘယ်တော့မှ မမေ့ဘဲ အဆုံးတိုင် စွဲမြဲချစ်ခင်ကြမည့်အကြောင်းများနှင့် ကတိသစ္စာပြု၍ ခွဲခွာကြရလေ၏။

အီမိုဂျင်မင်းသမီးသည် ခမည်းတော်၏ နန်းတွင်း၌ အခြွေအရံများအလယ်တွင် တစ်ကိုယ်တည်းသဖွယ် ညှိုးငယ်စွာ နေရစ်ရလေရာ ပေါ့စတူးမတ်(စ်)လည်း မိမိ၏ ဆုံးဖြတ်ချက်အတိုင်း ရောမပြည်သို့ ရောက်သွားလေ၏။

ရောမပြည်ကြီး၌ ပေါ့စတူးမတ်(စ်)သည် အတိုင်းတိုင်းအပြည်ပြည်မှ ပျော်ရွှင်စွာ နေတတ်ကြသော လူပျိုလူရွယ်ကလေးများနှင့် ရောနှောကာ နေထိုင်လျက်ရှိသည်တွင် လူငယ်တို့သဘာဝ မိန်းမချောအကြောင်းများကို ပြောကြ၍ လူငယ်အသီးသီးသည် မိမိ၏ တိုင်းပြည်မှ မိန်းမများ ချောလှပုံ၊ အထူးသဖြင့် မိမိ၏ ရည်းစား ချောလှပုံ အကြောင်းများကို အားပါးတရ ပြောပြလေ၏။ ပေါ့စတူးမတ်မှာလည်း အီမိုဂျင်မင်းသမီးကို အစဉ်အမြဲ သတိရလျက် ရှိသည့်အလျောက် အီမိုဂျင်မှာ မိန်းမတကာတို့အနက်တွင် အကျင့်အဖြူစင်ဆုံး၊ ပညာအရှိဆုံး၊ သစ္စာအရှိဆုံး မိန်းမချောတစ်ယောက်ဖြစ်သည်ဟု ပြောလေ၏။

လူငယ်များအနက်တွင် အိုက်ချီမိုအမည်ရှိ ရောမပြည်သားတစ်ယောက် ပါရှိလေရာ ထိုလူသည် ရောမပြည်သူများထက် ဗြိတိန်ပြည်သူတစ်



www.burmeseclassi.com

www.burmeseclassic.com



ယောက်က သာသည်ဟု ချီးကျူးပြောဆိုခြင်းအတွက် မခံမရပ်နိုင်အောင်ဖြစ်သည်နှင့် ပေါ့စတူးမတ်(စ်)၏စကားကို မယုံကြည်နိုင်ဟု ပြောလေ၏။ ဤတွင် ပေါ့စတူးမတ်(စ်)ကလည်း မိမိ၏စကားမှန်ကန်ကြောင်း ခုခံပြောဆိုသဖြင့် အပြန်အလှန် အငြင်းအခုံ ဖြစ်ကြရာတွင် အိုက်ချီမိုက မိမိကိုယ်တိုင် ဗြိတိန်ပြည်သို့သွား၍ ပေါ့စတူးမတ်(စ်)၏ မယား အီမိုဂျင်မင်းသမီးကို ရအောင် လူပျိုလှည့်ပြစမ်းချင်သည်ဟု ပြော၏။

နောက်ဆုံး၌ နှစ်ဦးသဘောတူ အလောင်းအစားလုပ်ကြသည်မှာ အကယ်၍ အိုက်ချီမိုသည် အီမိုဂျင်မင်းသမီးကိုရအောင် လူပျိုမလှည့်နိုင်ခဲ့လျှင် အိုက်ချီမိုက ပေါ့စတူးမတ်(စ်)အား ငွေအမြောက်အမြားပေးရမည်၊ အခြားတစ်ဘက်၌လည်း အိုက်ချီမိုသည် ပေါ့စတူးမတ်(စ်)အား ပေးခဲ့သော လက်ကောက်ကို မင်းသမီးထံမှ ရအောင်တောင်းယူနိုင်ခဲ့သည်ဖြစ်အံ့။ ပေါ့စတူးမတ်(စ်)က မင်းသမီးပေးလိုက်သော စိန်လက်စွပ်ကို အိုက်ချီမိုအား ပေးရမည်ဖြစ်လေသည်။ ပေါ့စတူးမတ်(စ်)သည် မိမိ၏ ဇနီး မင်းသမီး၏ သစ္စာရှိခြင်းကို စိတ်ချယုံကြည်လျက်ရှိသောကြောင့် ဤလောင်းစားမှုတွင် မိမိက သေချာပေါက် နိုင်ရမည်ဟု သဘောထားလျက်ရှိ၏။

အိုက်ချီမိုသည် ဗြိတိန်ပြည်သို့ရောက်၍ ဂုဏ်အသရေရှိ အထက်တန်းစား လူတစ်ယောက် ဖြစ်သည့်အလျောက် နန်းတော်ထဲသို့ ဝင်ခွင့်ရရှိရာတွင် မင်းသမီးသည် ခင်ပွန်းသည်၏ မိတ်ဆွေဖြစ်သည်ဆိုသောကြောင့် အိုက်ချီမိုအား ပျူပျူငှာငှာ ယဉ်ကျေးစွာ ခရီးဦးကြိုပြုလေသည်။ သို့ရာတွင် အိုက်ချီမိုက မင်းသမီးအား လူပျိုစကားပြောသောအခါ၌မူကား မင်းသမီးက ခါးခါးသီးသီး ငြင်းပယ်လိုက်သည်နှင့် အိုက်ချီမိုမှာ မိမိ၏အကြံ မအောင်ဘဲ အလောင်းအစား၌ဝ်ရှုံး၍ မိမိ ရှုံးရချေတော့မည်ဟု သိရှိလေ၏။

အိုက်ချီမိုသည် ပေါ့စတူးမတ်(စ်)နှင့် လောင်းတမ်းပြုလုပ်ထားသောကိစ္စတွင် နိုင်ချင်လှသည်ဖြစ်သောကြောင့် ဖြောင့်ဖြောင့်နည်းနှင့် မနိုင်ရလျှင် ကွေ့ကောက်သော နည်းဖြင့် နိုင်စေရမည်ဟု အကြံပြုလေ၏။ သို့ဖြစ်၍ အိုက်ချီမိုသည် မင်းသမီး၏ အဆောင်ကိုင်များအား ငွေအမြောက်အမြား လာဘ်ထိုးပြီးလျှင် မိမိအား မင်းသမီး၏ အဆောင်အတွင်းသို့ သွတ်သွင်း၍ ဘီရိုကြီးတစ်လုံးတွင် ထည့်ထားစေလေ၏။ မင်းသမီးသည် အိပ်ရာသို့ဝင်၍ အိပ်ပျော်နေသောအခါမှ အိုက်ချီမိုသည် ဘီရိုကြီးထဲမှ ထွက်လာ၍ မင်းသမီးအဆောင်အခြေအနေကို သေချာစွာ ကြည့်ရှုပြီးလျှင် တွေ့မြင်ရသမျှကို ရေးမှတ်ယူခဲ့၏။ အထူးသဖြင့် မင်းသမီး၏ လည်ပင်း၌ရှိသော မှည့်ကလေးတစ်လုံးကိုလည်း မှတ်သားခဲ့၏။ ထို့နောက် မင်းသမီး၏ လက်မောင်းတွင် ဝတ်ဆင်ထားသော





လက်ကောက်ကို ဖြုတ်ယူ၍ ဘီရိုကြီးထဲသို့ ပြန်ဝင်လိုက်လေ၏။ နောက်တစ်နေ့၌ အိုက်ချီမိုသည် ရောမပြည်သို့ အလျင်အမြန်ပြန်သွား၍ မင်းသမီးက မိမိအား လက်ကောက်ပေးလိုက်ရုံသာမက မင်းသမီးနှင့်အတူ တစ်ညအိပ်ခဲ့ရသေးသည်ဟု ပေါ့စတူးမတ်(စ်)အား ပြောပြလေ၏။ အိုက်ချီမိုက ပြောပြပုံမှာ "အီမိုဂျင်မင်းသမီးရဲ့ အဆောင်တော်ထဲမှာ ပိုးပြင်မှာ ငွေချည်နဲ့ထိုးထားတဲ့ အရုပ်ကားကြီးတစ်ခု မြင်ခဲ့ရသေးတယ်။ လှလည်း လှပါပေ့ဗျာ။ ငွေချည်နဲ့ထိုးထားတဲ့ ဇာတ်လမ်းကတော့ ကလီယိုပတ်ထရာ ဘုရင်မနဲ့ ရည်းစား အန်ထော်နီတို့ ချစ်ရည်သွေးကြတဲ့ ဇာတ်လမ်းပဲဗျ။ သရုပ်ဖော်ထားလိုက်ပုံဟာ သဘာဝ ကျပါပေ့ဗျာ"ဟု ပြော၏။

"မှန်တော့မှန်တယ်၊ နို့ပေမယ့် သူတစ်ပါးပြောတာ ကြားခဲ့တာပါ၊ ခင်ဗျားကိုယ်တိုင် မြင်ခဲ့တာ မဟုတ်ပါဘူး . . . ."

"ပြီးတော့ ခေါင်းတိုင်ကလည်း အဆောင်တော် တောင်ဘက်မှာပါတယ်ဗျ၊ ခေါင်းတိုင်မှာ ဆွဲထားတဲ့ အရုပ်ကားကလည်း ဒိုင်ယာနာ ရေချိုးနေတဲ့ပုံဗျ၊ ဒီကားဟာလည်း သဘာဝကျလွန်းလို့ ဒိုင်ယာနာကိုယ်တိုင် အရုပ်ကားထဲမှ ကြွထွက်လာမလားလို့တောင် ထင်ရတယ် . . ."

"ဒီဟာလည်း ခင်ဗျား ကြားခဲ့တာ ဖြစ်မှာပဲ၊ ဒီအရုပ်ကားအကြောင်းကို ဟိုပြည်မှာ လူတိုင်းပြောကြတာကိုး"

"ပြီးတော့ မျက်နှာကြက်လည်း ရှိသေးတယ်ဗျ၊ အရုပ်တွေ ရေးထားလိုက်တာ လှလိုက်ပါပေ့ဗျာ။ ပြီးတော့လည်း မီးလှုံစရာ မီးဖိုကြီးအနီးမှာ ခြေတစ်ချောင်းစီမြှောက်ပြီး မတ်တတ်ရပ်နေကြတဲ့ ငွေသူငယ်တော်ရုပ် နှစ်ရုပ်က မျက်ခုံးချီပြီး ပြုံးနေလိုက်ကြပုံက သရုပ်ပါလိုက်ပါပေ့ဗျာ"ဟု ပြောပြီးနောက် အိုက်ချီမိုသည် လက်ကောက်ကို ထုတ်ပြလျက် "ဒီဟာ ခင်ဗျား သိတယ် မဟုတ်လား၊ မင်းသမီးက ကျွန်တော့်ကို ပေးလိုက်တယ်။ သူကိုယ်တိုင် လက်မောင်းက ဖြုတ်ပေးလိုက်တာဗျ။ လက်ကောက် ဖြုတ်ပေးလိုက်ပုံလေးကို မျက်စိထဲမှာ မြင်ယောင်မိပါသေးတယ်။ လက်ကောက်ပေးရာမှာ သူက ဘယ့်နှယ်ပြောသလဲဆိုတော့ "တစ်ခါတုန်းကတော့ ဒီဟာကို အမြတ်တနိုး သဘောထားမိခဲ့ပါတယ်လို့ ပြောရှာသေးတယ်ဗျ"ဟု ပြောလေ၏။ နောက်ဆုံး၌ အိုက်ချီမိုသည် မင်းသမီး၏ လည်ပင်း၌ရှိသော မှည့်ကလေးတည်နေပုံကို အသေးစိတ်ပြောပြလေ၏။

ပေါ့စတူးမတ်(စ်)သည် အိုက်ချီမို၏ စကားများကို ကြားကာစ၌ ဟုတ်များဟုတ်လေသလောဟူသော သံသယဖြင့် နှလုံးမသာမယာရှိနေရာမှ မှည့်အကြောင်းကို ကြားရသောအခါ၌မူကား အီမိုဂျင်အပေါ်တွင် ပြင်းစွာ အမျက်



www.burmeseclassi.com

www.burmeseclassic.com



ထွက်၍ သစ္စာမရှိသော မယားတစ်ယောက်ဟုဆိုကာ ဆူပူရေရွတ်လေ၏။ ထို့နောက် ပေါ့စတူးမတ်(စ်)သည် အိုက်ချီမိုနှင့် အလောင်းအစား ပြုထားသည့်အတိုင်း မိမိ ရှုံးပေသည်ဟုဆိုကာ အီမိုဂျင်ပေးထားသည့် စိန်လက်စွပ်ကို အိုက်ချီမိုသို့ ပေးလိုက်လေ၏။

ငင်းနောက် ပေါ့စတူးမတ်(စ်)သည် မင်းသမီးအပေါ်၌ မယုံသင်္ကာရှိသည့်အလျောက် ဗြိတိန်ပြည်၌ရှိသော မိတ်ဆွေ ပီဆန်နီရိုထံသို့ အလွန်ပြင်းထန်သော စာတစ်စောင်ရေးလိုက်၏။ ပီဆန်နီရိုမှာ အီမိုဂျင်မင်းသမီး၏ အခြွေအရံတစ်ယောက်ဖြစ်၍ ပေါ့စတူးမတ်(စ်)အပေါ်၌ အလွန်သစ္စာရှိသော မိတ်ဆွေတစ်ယောက်ဖြစ်၏။ ငင်းစာထဲ၌ မင်းသမီး၏ သစ္စာဖောက်ခြင်းအကြောင်းကို လုံလောက်သော သက်သေခံချက်များဖော်ပြပြီးလျှင် မင်းသမီးကို ဝေလနယ်ရှိ ပင်လယ်ဆိပ်ကမ်းတစ်ခုသို့ သွေးဆောင်ခေါ်သွားပြီးလျှင် သတ်ပစ်ဖို့ ဟိုက်တွန်းလေ၏။ ထို့ပြင် ပေါ့စတူးမတ်(စ်)သည် မင်းသမီးထံသို့လည်း စာတစ်စောင် ရေးသားပေးဖို့လိုက်သည်။ ငင်းစာ၌ မိမိမှာ မင်းသမီးကို မတွေ့ရလျှင် ရင်ကွဲနာနှင့် သေရတော့မည်ဖြစ်၍ ဗြိတိန်ပြည်သို့ ပြန်လာခဲ့လျှင် သေဒဏ်ပေးခြင်း ခံရမည်ဖြစ်သောကြောင့် ဝေလနယ်ရှိ မီလ်ဒ်ဖို့ဟေဗင်ဆိပ်ကမ်းသို့ လာခဲ့မည်ဖြစ်ကြောင်း၊ ငင်းဆိပ်ကမ်းသို့ ပီဆန်နီရိုနှင့်အတူ လာ၍ မိမိနှင့် တွေ့ဆုံဖို့အကြောင်း ပါရှိလေသည်။ မင်းသမီးသည် ခင်ပွန်းအပေါ်၌ အလွန်တရာ ချစ်မြတ်နိုး၍ အလုံးစုံ ယုံကြည်သည့်အလျောက် ပေါ့စတူးမတ်(စ်)ထံမှ စာရသောညဉ့်ပင် ပီဆန်နီရိုနှင့်အတူပင်လယ်ဆိပ်ကမ်းသို့သွားကြလေ၏။

ခရီးအဆုံးသို့ ရောက်ခါနီးတွင် ပီဆန်နီရိုသည် ပေါ့စတူးမတ်(စ်)အပေါ်၌ သစ္စာရှိသည် မှန်သော်လည်း ယုတ်မာသော ကိစ္စတစ်ခုတွင် သစ္စာမရှိနိုင်သည်ဖြစ်၍ ပေါ့စတူးမတ်(စ်)၏ ရက်စက်သောအကြံကို မင်းသမီးအားဖွင့်ဟပြောပြလေ၏။

မင်းသမီးမှာ ချစ်မြတ်နိုးလှစွာသော လင်ယောက်ျားနှင့် တွေ့ဆုံဖို့မဟုတ်ဘဲ လင်ယောက်ျားက မိမိကို သတ်ပစ်ဖို့ အကြံနှင့် ခေါ်ယူခြင်းဖြစ်ကြောင်း သိရသောအခါ အတိုင်းမသိ ကြေကွဲဝမ်းနည်းခြင်းဖြစ်ရရှာလေ၏။

ပီဆန်နီရိုသည် မင်းသမီးစိတ်သက်သာအောင် ချော့မော့ပြောဆို၍ ပေါ့စတူးမတ်(စ်)သည် မိမိအမှားကို မြင်သည့်အချိန်တိုင်အောင် သည်းခံစောင့်ဆိုင်းဖို့ အကြံပေးလေ၏။ ထိုအတောအတွင်း၌ မင်းသမီးသည် ခမည်းတော်၏ နန်းတော်သို့ ပြန်သွားရန် ငြင်းဆန်လျက်ရှိရာတွင် ပီဆန်နီရိုက တစ်ရပ်တစ်ကျေးသို့ တိမ်းရှောင်ထွက်ပြေးသည်ဆိုကာမူ ယောက်ျားအသွင်ဖြင့် ဝတ်ဆင်ပါမှ လမ်းခရီးတွင် လုံခြုံမှု ရှိနိုင်ပါလိမ့်မည်ဟု အကြံပေးလေ၏။ မင်းသမီး





သည် ငင်းအကြံကို လက်ခံ၍ ရောမပြည်သို့ လိုက်သွားပြီးလျှင် ပေါ့စတူးမတ်(စ်)နှင့် တွေ့ဆုံ၍ အကြောင်းချင်းရာကို စုံစမ်းမည်ဟု အကြံပြုလေ၏။ မင်းသမီးသည် မိမိအပေါ်၌ ရက်စက်သော ခင်ပွန်းတစ်ယောက်ဆိုသော်လည်း မချစ်ခင်ဘဲ မနေနိုင်အောင် ဖြစ်နေရှာလေ၏။

ပီဆန်နီရိုသည် မင်းသမီးအတွက် ယောက်ျားဝတ်စုံတစ်စုံရှာပေး၍ နန်းတော်သို့ မပြန်ဘဲ မဖြစ်သည်နှင့် မင်းသမီးကို ထားခဲ့ရလေရာ ခွဲခါနီး၌ မိဖုရားကြီးက မိမိအား ကိုးဆယ့်ခြောက်ပါး ရောဂါများအတွက် ပေးထားဖူးသည့် ဆေးတစ်ပုလင်းကို မင်းသမီးအား ပေးထားခဲ့လေ၏။

မိဖုရားသည် ပီဆန်နီရိုအား မင်းသမီးတို့ ဇနီးမောင်နှံနှင့် ချစ်ခင်သော မိတ်ဆွေတစ်ယောက်ဖြစ်သည်ဆိုကာ မုန်းတီးသည်နှင့် ငင်းအား ဤအဆိပ်ရည်ပုလင်းကို ပေးထားခြင်းဖြစ်လေသည်။ မိဖုရားသည် သမားတော်ကြီးတစ်ယောက်အား အဆိပ်ရည်တစ်ပုလင်း ဖော်စပ်ပေးရန် စေခိုင်းရာ သမားတော်သည် မိဖုရား၏ ယုတ်မာဆိုးမိုက်သော စိတ်နေသဘောထားကို သိသည်ဖြစ်၍ အကယ်သေစေသော အဆိပ်ရည်ကိုမပေးဘဲ အချိန်အနည်းငယ် မိန်းမောစေသော ဆေးကို ဖော်စပ်ပေးလေ၏။ ငင်းဆေးရည်ကို သောက်သောသူသည် အသက်မရှိသည့် လက္ခဏာနှင့် နာရီအနည်းငယ်မျှ မိန်းမောပြီးနောက် ပြန်၍ ရှင်နိုင်မည်ဖြစ်လေသည်။ ပီဆန်နီရိုသည် မိဖုရားပေးထားသော ဆေးရည်ပုလင်းကို မင်းသမီးအားပေး၍ လမ်းခရီး၌ မမာမကျန်းရှိခဲ့သော် ဤဆေးရည်ကို မှီဝဲဖို့ မှာထားလိုက်လေ၏။ နောက်ဆုံး၌ ပီဆန်နီရိုသည် မင်းသမီးအား လမ်းခရီးတစ်လျှောက်တွင် ဘေးရန်ခပ်သိမ်းကင်း၍ ယခု ကြုံတွေ့ရသော စိတ်ဆင်းရဲမှုအပေါင်းတို့မှ လွတ်ငြိမ်းပါစေဟု ဆုမွန်ကောင်းတောင်းကာ မင်းသမီးနှင့် ခွဲခွာခဲ့လေ၏။

အီမိုဂျင်မင်းသမီးမှာ ကံကောင်းထောက်မသည်ဖြစ်၍ ငယ်စဉ်က ပျောက်ဆုံးသွားသည့် မောင်တော်မင်းသားကလေးနှစ်ပါး၏ ဂူသို့ ဆိုက်ရောက်သွားလေ၏။ မင်းသားကလေးများကို ခိုးယူဝှက်ထားသည့် ဘီလားရီးယပ်စ်မှာ ဆင်ဘယ်လိုင် ဘုရင်၏ နန်းတော်တွင် ဝန်ကြီးတစ်ယောက်ဖြစ်ခဲ့ရာ ဘုရင်သည် ငင်းဝန်ကြီးအား သစ္စာဖောက်မှုနှင့် မတရားစွပ်စွဲကာ တိုင်းပြည်မှ နှင်ထုတ်လိုက်၏။ ဝန်ကြီးသည် မိမိအား မတရားသဖြင့် စွပ်စွဲသည့်အတွက်ကြောင့် ဘုရင့်အား လက်စားချေသည့်သဘောနှင့် မင်းသားကလေးနှစ်ပါးကို ခိုးယူလာခဲ့ပြီးလျှင် တောအုပ်တစ်ခုအတွင်း၌ ဂူကြီးတစ်ခု၌ မိမိနှင့်အတူ နေထိုင်ကာ ဝှက်ထားလေ၏။ ဝန်ကြီးသည် ဘုရင်ကို လက်စားချေသည့် သဘောနှင့် ခိုးယူခဲ့ခြင်းဖြစ်သော်လည်း မင်းသားကလေးများနှင့် အတူတကွ နေထိုင်



www.burmeseclassi.com

www.burmeseclassic.com



ကြရာတွင် မိမိ၏ သားကလေးများသဘွယ် ချစ်ခင်ကြင်နာခြင်းရှိသည်ဖြစ်၍ မိမိကိုယ်တိုင် ဂရုတစိုက် ပညာသင်ကြားပေးရာတွင် မင်းသားကလေးများသည် သတ္တိဗျတ္တိနှင့် ပြည့်စုံသော လူပျိုကလေးများ ဖြစ်လာကြလေ၏။ ၎င်းတို့ သုံးဦးသည် တောကြီးထဲတွင် သားကောင်များကို ပစ်ခတ်စားသောက်၍ မုဆိုးအလုပ်ဖြင့် အသက်မွေးလျက်ရှိကြလေရာ မင်းသားကလေးများသည် ကြံ့ခိုင်သန်စွမ်းသော ကိုယ်လက်အင်္ဂါနှင့် ရဲဝံ့စွန့်စားသော စိတ်သဘောထား ရှိကြသည်ဖြစ်သောကြောင့် တောတိရစ္ဆာန်များကို လိုက်လံ သတ်ဖြတ်ရသည့် မုဆိုးအလုပ်မျှလောက်ဖြင့် မရောင့်ရဲနိုင်ကြပဲ လူချင်းတိုက်ရသည့် စစ်ပွဲများသို့ ဝင်ရောက်အမှုထမ်းကာ လူစွမ်းပြပါရစေဟုဝန်ကြီးအားမကြာခဏနားပူကြလေ၏။

မင်းသမီး အီမိုဂျင်သည် မောင်တော်မင်းသားကလေးများ နေထိုင်ကြသည့် ဂူကြီးသို့ ကံအားလျော်စွာ ရောက်သွားလေ၏။ မင်းသမီးသည် တောအုပ်ကြီးတစ်ခုကိုဖြတ်၍ မီလ်ဒ်ဖို့ဟေဗင် ဆိပ်ကမ်းသို့ လျှောက်သွားလျက်ရှိစဉ် မျက်စိလည် လမ်းမှားသွားခဲ့ခြင်းဖြစ်၏။ မင်းသမီး၏အကြံမှာ ၎င်းဆိပ်ကမ်းမှ ရောမပြည်သို့ သင်္ဘောဖြင့် လိုက်သွားရန်ဖြစ်လေသည်။ မင်းသမီးသည် စားစရာများ ဝယ်ယူရရှိနိုင်သောနေရာကို ရှာမတွေ့သည်နှင့် ခရီးကလည်းပန်း၊ ဆာလောင်မွတ်သိပ်ခြင်းကလည်း ဖိစီးလျက်ရှိသောကြောင့် သေလုမတတ် ဖြစ်နေလေသည်။ ယောကျာ်းဝတ်စုံဖြင့် ဝတ်ဆင်ထားကာမျှဖြင့် ယောကျာ်းတို့၏ ကာယဗလနှင့် ယောကျာ်းတို့၏ ခန္ဓာကိုယ်ရှိသည်မဟုတ်သောကြောင့် နန်းတော်၌ သိမ်မွေ့နူးညံ့စွာ နေထိုင်လာခဲ့ရသော မင်းသမီးမှာ အလွန်တရာ ပင်ပန်းနွမ်းနယ်လျက် ရှိရှာလေပြီ။ မင်းသမီးသည် ဂူကြီးကို မြင်သောအခါ မိမိအား အစာရေစာ ကျွေးမွေးနိုင်မည့်သူ ရှိကောင်းပါ၏ဟူသော မျှော်လင့်ချက်ဖြင့် ဂူကြီးထဲသို့ ဝင်သွားလေ၏။ ဂူထဲ၌ကား လူတစ်ယောက်မျှ မတွေ့ရချေ။ မင်းသမီးသည် ဂူထဲ၌ လိုက်လံ ရှာဖွေရာတွင် အသားကင်အချို့ကိုတွေ့၍ အလွန်တရာ ဆာလောင်မွတ်သိပ်လှပြီဖြစ်သောကြောင့် ဥစ္စာရှင်၏ ဖိတ်ခေါ်ခြင်းကို မစောင့်နိုင်ဘဲ အသားကင်အချို့ကို ယူ၍ စားလေ၏။ ယင်းသို့ရှိစဉ် မင်းသမီး စိတ်ကူးမိသည်မှာ ယောကျာ်းအယောင်ဆောင်၍ ယောကျာ်းလိုနေရခြင်းသည် ပင်ပန်းလှစွာတကား၊ နှစ်ညတိုင်တိုင် မြေကြီးပေါ်တွင်သာ အိပ်ခဲ့ရလေပြီ၊ ငါ၏ သန္နိဋ္ဌာန်ကြောင့်သော ခံနိုင်ရည်ရှိတော့သည်။ သို့မဟုတ်လျှင် ငါလဲ၍ သေလောက်ပေပြီ။ ပီဆန်နီရိုက မီလ်ဒ်ဖို့ဟေဗင်ဆိပ်ကမ်းကို တောင်ထိပ်ပေါ်မှ ငါ့အား ပြသောအခါ အနီးကလေးဟု ငါထင်မိသည်။ ခြေလျှင်လျှောက်ရတော့ ဝေးလှချည်တကား စသည်ဖြင့် ငြီးတွားမိရှာသည်။ ထို့နောက် ခင်ပွန်းသည် ပေါ့စတူးမတ်(စ်)၏ ရက်စက်သော အကြံအစည်ကို သတိရသည်





နှင့် ရင်ထဲ၌ ဆို့လာသဖြင့် "ရက်စက်လှချည်လား မောင်တော် ပေါ့စတူးမတ်(စ်)"ဟူ၍ ညည်းရှာပြန်သည်။ ထိုအခိုက်၌ မင်းသားလေးများနှင့် ဝန်ကြီးဘီလားရီးယပ်စ်တို့သည် အမဲလိုက်ရာမှ ပြန်လာကြ၍ ဂူဝသို့ ရောက်ကြလေ၏။ ဝန်ကြီးက မင်းသားနှစ်ပါးအား ပိုလီဒိုနှင့် ကက်တ်ဝေါလ်ဟူသော အမည်များ ပေးထား၍ မင်းသားများသည် ဝန်ကြီးအား ဘခင်ဟူ၍ မှတ်ထင်ကြ၏။

ဝန်ကြီးသည် ဂူထဲသို့ ရှေ့ဆုံးမှ ဝင်လာ၍ အီမိုဂျင်မင်းသမီးကို မြင်သောအခါ မင်းသားနှစ်ပါးအား ဂူထဲသို့ မဝင်ကြသေးရန် တားဆီးထား၍ "နေကြဦးဟေ့၊ မဝင်ခဲ့ကြနှင့်ဦး၊ နတ်သားတွေလား မပြောတတ်ဘူး၊ သို့ပေမယ့် အသားကင်ကိုတော့ စားနေတယ်၊ လူသားပဲ ထင်ပါရဲ့"ဟု ပြော၏။

မင်းသားများက "ဘာဖြစ်လို့လဲ ဖေဖေ"ဟု မေးကြရာ ဝန်ကြီးက "ဂူထဲမှာ ကောင်းကင်တမန်လေးလား၊ လူထူးကလေးတစ်ယောက်လေလား မပြောတတ်ဘူး။ အသားကင်တွေကို စားနေတယ်ဟေ့"ဟု ပြန်ပြော၏။ အီမိုဂျင်မင်းသမီးမှာ ယောကျာ်းကလေးဝတ်စုံနှင့် သူမတူအောင် ချောမောလှပပါပေသည်။

မင်းသမီးသည် လူသံများကြားသည်နှင့် ဂူအပြင်သို့ ထွက်လာ၍ သားအဖ (၃)ယောက်တို့အား ဤသို့ပြော၏။ "သူတော်ကောင်းများခင်ဗျာ၊ ကျွန်တော့်ကို ရန်မမူကြပါနှင့်၊ ကျွန်တော့်အား ခင်ဗျားတို့ရဲ့ အသားကင်ကို တောင်းယူဖို့ဖြစ်စေ၊ ငွေနှင့် ဝယ်ဖို့ဖြစ်စေ၊ အကြံအစည်နှင့် ဂူထဲ ဝင်မိခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်ဟာ ခင်ဗျားတို့ ပစ္စည်းကို ခိုးယူခြင်းမရှိပါ။ မြေကြီးပေါ်မှာ ရွှေမှုန်များ ဖြန့်ကျဲထားသော်လည်း ကျွန်တော် ခိုးမည်မဟုတ်ပါ။ အသားကင်ကို ကျွန်တော် စားပြီးသည့်နောက် ငွေပေးခဲ့ဖို့ ကျွန်တော် ကြံပါတယ်။ ရော့ပါခင်ဗျာ၊ အသားကင်အတွက် ငွေယူကြပါ။ ငွေပေးရသော်လည်း ခင်ဗျားတို့ကို ကျွန်တော်က ကျေးဇူးတင်လို့ မဆုံးပါဘူးခင်ဗျာ"ဟု ပြောလေ၏။ သားအဖသုံးယောက်တို့သည် မင်းသမီးပေးသောငွေကို မယူကြဘဲ အကြောက်အကန်ငြင်းဆန်လျက် ရှိကြသည်တွင် မင်းသမီးက "ခင်ဗျားတို့က ကျွန်တော့်ကို စိတ်ဆိုးနေကြတယ်ထင်တယ်။ ကျွန်တော့်ကို ဂူထဲဝင်မိတဲ့အတွက် သတ်ပစ်မယ်ဆိုရင် ခံရုံရှိတာပါပဲခင်ဗျာ။ သို့သော် ကျွန်တော့်အဖို့တော့ မထူးပါဘူး။ ဂူထဲဝင်ပြီး အသားကင်ကလေးမှ မစားရရင် ကျွန်တော်ငတ်ပြီး သေရမှာပါပဲ ခင်ဗျား"ဟုပြောလေ၏။

ထိုအခါ ဝန်ကြီးက "နေစမ်းပါဦးကွယ့်၊ မင်းက ဘယ်သွားမလို့လဲ၊ မင်းနာမည်က ဘယ့်နှယ်ခေါ်သလဲ"ဟုမေး၏။

မင်းသမီးက "ကျွန်တော့်နာမည် ဖိုက်ဒီးလ်ပါတဲ့ခင်ဗျား၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးတစ်ယောက် အီတလီပြည်ကို သွားပါတယ်။ မိလ်ဒ်ဖို့ဟေဗင်ဆိုတဲ့ ဆိပ်ကမ်းမှာ သင်္ဘောစီးမယ်ဆိုလို့ ကျွန်တော်သွားရာမှာ လမ်းမှားပြီး ရိက္ခာပြတ်လပ်လေတော့ ဂူထဲဝင်ပြီး အသားကင် စားမိပါတယ်"ဟု ပြော၏။

ဘီလားရီးယပ်စ်က "လူကလေးရယ်၊ ငါတို့ဟာ ဂူကြီးထဲမှာနေလို့ လူရိုင်းတွေမထင်ပါနဲ့ကွယ်၊ ငါတို့နဲ့ မင်းတွေ့ရတာ ကံကောင်းတယ်မှတ်ပါ။ မိုးလည်းချုပ်လုပြီ။ ဒီမှာ တစ်ညအိပ်ပြီး ငါတို့ ကျွေးမွေးတာကို စားသွားပါဦးဟော့၊ ငါ့သားများ ဒီလူကလေးကို ဧည့်ဝတ်ပြုကြပါကွယ်"ဟု ပြောလေ၏။

ထိုအခါ မင်းသမီး၏ မောင်တော်များ ဖြစ်သော ညီအစ်ကိုနှစ်ယောက်က မင်းသမီးအား ယုယကြင်နာသော စကားများဖြင့် ခရီးဦးကြို ပြုကြပြီးလျှင် ညီအစ်ကိုအရင်းတမျှ ချစ်ခင်ပါသည်ဟု ပြောကြ၏။ ထို့နောက် ၎င်းတို့အားလုံးသည် ဂူထဲသို့ဝင်၍ လတ်လတ်ဆတ်ဆတ် ပစ်သတ်လာခဲ့ကြသည့် သမင်သားများကို မင်းသမီးက ညစာအတွက် ကူညီချက်ပြုတ်ပေးလေ၏။ ဤခေတ်၌မူ ဘုရင့်သမီးတော်ကဲ့သို့ အထက်တန်းစား မိန်းကလေးများသည် ချက်ပြုတ်မှုတွင် အပါအဝင် မပြုကြသော်လည်း ထိုခေတ်၌ကား အသုံးဝင်သော အတတ်ပညာတစ်ခုအနေနှင့် သင်ကြားကြရသည်ဖြစ်သောကြောင့် အီမိုဂျင်သည် တတ်ကျွမ်းသူတစ်ယောက်ဖြစ်လေသည်။ မောင်တော်ကလေးများ ဖြစ်ကြသော မင်းသား ညီနောင်ကလည်း ဖိုက်ဒီးလ်၏ ကျင်လည်မှုကို ချီးကျူးပြောဆိုကြလေ၏။ ညစာစားသောက်ပြီးနောက် မင်းသမီးသည် အိမ်ရှင်များအား တေးချင်းဖြင့် ဖျော်ဖြေလေရာ ကောင်းကင်တမန်၏ အသံကဲ့သို့ သာယာလှပါသည်ဟု ချီးမြှောက်ပြောဆိုကြလေ၏။

ထို့နောက် မင်းသားညီနောင်က ဖိုက်ဒီး(လ်)၏ ပြုံးရယ်ပုံကလေးမှာ အလွန် ချိုလှသော်လည်း သူ၏ မျက်နှာမှာ ညှိုးငယ်သော လက္ခဏာရှိသည်ဖြစ်၍ ဒုက္ခအကြီးအကျယ် တွေ့ကြုံခဲ့ပုံရသည်ဟု အကဲခတ်ကြလေ၏။

မင်းသားညီနောင်သည် ဖိုက်ဒီး(လ်)၏ သိမ်မွေ့သော အမူအယာတို့ကြောင့် (သို့မဟုတ် သွေးပြောသောကြောင့်ပေလော) မင်းသမီးကလေးအား အလွန်ချစ်ခင်ကြင်နာကြလေရာ၊ မင်းသမီးကလည်း မင်းသား ညီနောင်အပေါ်၌ အလားတူ ကြင်နာခြင်းရှိခဲ့လေ၏။ မင်းသမီးကမူ ပေါ့စတူးမတ်(စ်)ထံသို့ သွားဖို့ကိစ္စမရှိခဲ့လျှင် ဤဂူကြီးတွင် ၎င်းတို့နှင့် တစ်သက်လုံးနေနိုင်ပါ၏ဟု အောက်မေ့မိ၏။ ယခုလည်း မိလ်ဒ်ဖို့ဟေဗင်ဆိပ်ကမ်းသို့ ခရီးဆက်လက်မသွားမီ ဤဂူကြီး၌ ခရီးပန်းခြင်း ပြေပျောက်သည့်တိုင်အောင် နားနေပါမည်ဟု သဘောတူလေ၏။

အမဲလိုက်၍ ရခဲ့သော သမင်သားများအားလုံး ကုန်၍ ထပ်မံရရှိ





အောင် တောလည်ထွက်ကြသောအခါ ဖိုက်ဒီးလ်သည် ကောင်းစွာ မကျန်းမာသဖြင့် ၎င်းတို့နှင့်အတူ မလိုက်နိုင်ဘဲ နေရစ်ခဲ့ရ၏။ ထိုကဲ့သို့ မကျန်းမမာဖြစ်ရခြင်းမှာ ခင်ပွန်းသည် ပေါ့စတူးမတ်(စ်)၏ စိမ်းကားရက်စက်မှုအကြောင်းကို စဉ်းစားမိသောကြောင့်လည်းကောင်း၊ ခရီးပန်းလှသောကြောင့်လည်းကောင်း ဖြစ်ရပေမည်။

မင်းသားများသည် ဖိုက်ဒီးလ်ကို နှုတ်ဆက်၍ တောလည်ထွက်သွားကြရာ ညီနောင်နှစ်ယောက်တို့သည် လမ်းတစ်လျှောက်လုံး ဖိုက်ဒီးလ်၏ယဉ်ကျေးသိမ်မွေ့သော အမူအယာနှင့် မြင့်မြတ်ဟန်ရှိသော စိတ်နေသဘောထားတို့ကို ချီးကျူးပြောဆိုသွားကြလေ၏။

အီမိုဂျင်သည် ဂူထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ မအီမသာ ရှိသည်နှင့် ပီဆန်နီရို ပေးလိုက်သော ဆေးရည်ကို သောက်ချလိုက်ရာ မကြာမီအတွင်း သေငယ်ဇောနှင့် မြောသကဲ့သို့ ရှိသော အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။

ဘီလားရီးယပ်စ်နှင့် မင်းသားညီနောင်တို့သည် တောလည်ရာမှ ပြန်ရောက်လာကြသောအခါ နောင်တော်မင်းသားသည် ဂူထဲသို့ ရှေးဦးစွာ ဝင်သွား၍ ဖိုက်ဒီးလ်ကို မြင်ရာတွင် အိပ်ပျော်လျက်ရှိသည် အထင်နှင့် ခြေသံမပြင်းစေဘဲ ဖြေးညင်းစွာ ဝင်သွားလေ၏။ (မင်းညီမင်းသားဖြစ်သောကြောင့် တောထဲ၌ ကြီးပြင်းရသော်လည်း ယဉ်ကျေးသိမ်မွေ့ခြင်းရှိပေသည်။) သို့ရာတွင် ဖိုက်ဒီးလ်အား အချိန်တန်၍ နှိုးမရသည်တွင် သေရှာပြီဟု မှတ်ထင်ကြသည်နှင့် မင်းသားများသည် တစ်သက်လုံး မခွဲခဲ့ဖူးသည့် ညီအစ်ကိုအရင်းတမျှ ကြေကွဲဝမ်းနည်းခြင်းဖြစ်ကြရလေ၏။ ဘီလားရီးယပ်စ်သည် ဖိုက်ဒီးလ်၏ အလောင်းကို တောထဲသို့ ထုတ်၍ ထိုခေတ်ကထုံးစံအတိုင်း ဓမ္မသီချင်းများ သီဆိုကာဖြင့် ဈာပန ကိစ္စကို ဆောင်ရွက်ရန် စီမံလေ၏။

မင်းသားညီနောင်တို့သည် ဖိုက်ဒီးလ်ကို သစ်ပင်ကြီးများ ထူထပ်သော နေရာသို့ ဆောင်ယူသွားကြ၍ မြက်ခင်းပေါ်၌ ချထားပြီးလျှင် ဖိုက်ဒီးလ်၏ ထွက်သွားလေပြီးသော ဝိညာဉ်အတွက် လွမ်းဆွတ်တမ်းတသည့် ဓမ္မသီချင်းများ သီဆိုကြလျက် သစ်ရွက်များ ပန်းများနှင့် ဖုံးအုပ်ထားကြလေ၏။ ဈာပနကိစ္စပြီးစီးသည့်နောက် မင်းသားများသည် ကြေကွဲဝမ်းနည်းသော မျက်နှာများဖြင့် ပြန်သွားကြလေ၏။

အီမိုဂျင်မင်းသမီးသည် မင်းသားများ ပြန်သွားပြီးနောက် မကြာမီပင် ဆေးတန်ခိုး ပြယ်သည်နှင့် အိပ်ပျော်ရာမှ နိုးလာ၍ မိမိ၏ ကိုယ်ပေါ်၌ ဖုံးအုပ်ထားသော သစ်ရွက်များနှင့် ပန်းများကို ဖယ်ချကာ မြက်ခင်းပေါ်မှ



www.burmeseclassi.com

www.burmeseclassic.com



ထလိုက်လေ၏။ မင်းသမီးက မိမိသည် အိပ်မက် မက်နေသည်အထင်နှင့် "ဂူကြီးထဲရောက်ပြီး ချက်ပြုတ်ကျွေးမွေးရတယ်လို့ အိပ်မက်မက်နေလိုက်တာ အခုတော့ တစ်ကိုယ်လုံးမှာ ပန်းပွင့်တွေဖုံးလို့ ဘယ်လို အဖြစ်မျိုး ရောက်နေရပါလိမ့်"ဟု အံ့သြလျက်ရှိလေ၏။ မင်းသမီးသည် ဂူသို့ရောက်အောင်လည်း မသွားတတ်၊ မင်းသားညီနောင်တို့ကိုလည်း မတွေ့ရဘဲ ရှိသည်နှင့် အကယ်ပင် အိပ်မက်မက်သည်ဟု အထင်နှင့် မီလ်ဒ်ဖို့ဟေဗင်ဆိပ်ကမ်းသို့ ရော်ရမ်းမှန်းဆကာ ထွက်လာခဲ့လေ၏။ သူ၏အကြံမှာ ၎င်းဆိပ်ကမ်းမှ ဣတလီပြည်ထွက်မည့် သင်္ဘောဖြင့် လိုက်ပါ၍ ယောက်ျားကလေးအသွင်နှင့် ခင်ပွန်းသည် ပေါ်စတူးမတ်(စ်)ကို တွေ့အောင်ရှာရန်ဖြစ်လေသည်။

သို့ရာတွင် ထိုအတောအတွင်း၌ ကြီးကျယ်သော အဖြစ်အပျက်များ ဖြစ်ပွားလျက်ရှိရာ မင်းသမီးမှုကား ဤအကြောင်းကို ဘာမျှမသိရှာချေ။ ရောမဘုရင်ဆီဇာနှင့် ဗြိတိန်ဘုရင် ဆင်ဘယ်လိုင်တို့သည် စစ်ဖြစ်လျက်ရှိကြ၍ ရောမစစ်သည်တော်များသည် ဗြိတိန်ပြည်သို့ သင်္ဘောများနှင့် စစ်ချီတက်လာကြပြီးလျှင် ကမ်းသို့ ရောက်၍ အီမိုဂျင်မင်းသမီးရှိနေသော တောအုပ်အတွင်းသို့ ဆိုက်ရောက်လျက် ရှိကြလေပြီ။ ၎င်းစစ်တပ်ကြီးများနှင့်အတူ ပေါ်စတူးမတ်(စ်)လည်း ပါလာလေ၏။

ပေါ်စတူးမတ်(စ်)သည် ရောမစစ်တပ်ကြီးနှင့်အတူ ချီတက်လာခဲ့သော်လည်း သူ၏ အကြံမှာ ရောမဘုရင်ဘက်မှ သူ၏ တိုင်းပြည်သားများကို တိုက်ခိုက်ရန်မဟုတ်၊ ဗြိတိန်စစ်တပ်နှင့် ပူးပေါင်းပြီးလျှင် မိမိအား နှင်ထုတ်သည့် ဆင်ဘယ်လိုင်ဘုရင်ဘက်မှ တိုက်ခိုက်ရန် ဖြစ်လေသည်။

ပေါ်စတူးမတ်(စ်)၏ မိတ်ဆွေ ပီဆန်နီရိုသည် ပေါ်စတူးမတ်(စ်)ထံသို့ စာတစ်စောင် ထည့်လိုက်ရာ ၎င်းစာ၌ မိမိသည် ပေါ်စတူးမတ်(စ်) ခိုင်းစေသည့်အတိုင်း ဆောင်ရွက်၍ အီမိုဂျင်မင်းသမီးကိုသတ်လိုက်ပြီးပြီဟု ပါရှိလေသည်။ သို့ဖြစ်၍ ပေါ်စတူးမတ်(စ်)သည် မိမိ၏ဇနီး အီမိုဂျင် မင်းသမီးကား မိမိအပေါ်၌ သစ္စာဖောက်သည်ဟု ယုံကြည်လျက်ပင် ရှိစေကာမူ မိမိက စေခိုင်းခြင်းအတွက် သေဆုံးရရှာသည်ဟူသော အယူအဆကြောင့် စိတ်မချမ်းမသာရှိသည် ဖြစ်စေ၊ ဖြစ်ချင်ရာဖြစ်စေတော့ဟူသော အကြံနှင့် ဗြိတိန်ပြည်သို့ ပြန်လာခဲ့ခြင်းဖြစ်လေသည်။

အီမိုဂျင် မင်းသမီးသည် မီလ်ဒ်ဖို့ဟေဗင်ဆိပ်ကမ်းသို့ မရောက်မီ ရောမစစ်တပ်၏ လက်တွင်းသို့ ကျရောက်သွားလေရာ၊ ရောမစစ်သူကြီး လူစီယပ်(စ်)သည် အီမိုဂျင်၏ ရုပ်ရည်လက္ခဏာကို သဘောကျသည်နှင့် မိမိ၏ အပါးတော်မြဲအဖြစ် ခန့်ထားလိုက်လေ၏။





ဆင်ဘယ်လိုင် ဘုရင်၏ စစ်တပ်သည် ရန်သူစစ်တပ်ကို တိုက်ခိုက်တွန်းလှန်ရန် ချီတက်လာခဲ့ရာ မင်းသားညီနောင်ရှိသော တောအုပ်သို့ ရောက်သောအခါမင်းသားညီနောင်တို့သည်ဘုရင်၏တပ်တော်သို့ဝင်ရောက်ကြလေ၏။

မင်းသား ညီနောင်တို့သည် မိမိတို့ ခမည်းတော် ဘုရင်၏ စစ်တပ်ဟူ၍ မသိဘဲ ရဲစွမ်းသတ္တိပြလိုသည့်အတွက်ကြောင့် စစ်တပ်ထဲသို့ ဝင်ကြခြင်းဖြစ်ရာ ဝန်ကြီးဟောင်း ဘီလားရီးယပ်(စ်)သည်လည်း ၎င်းတို့နှင့်အတူ တိုက်ခိုက်လေ၏။ ဘီလားရီးယပ်(စ်)သည် ဆင်ဘယ်လိုင်၏ သားတော်နှစ်ပါးကို ခိုးယူဝှက်ထားမိသည့်အတွက် နောင်တရလျက်ရှိသည်ဖြစ်ရာ၊ သူကိုယ်တိုင် ငယ်စဉ်က စစ်မှုထမ်းတစ်ယောက် ဖြစ်ခဲ့ဖူးသောကြောင့် မိမိ၏ အရှင်သခင်ဘက်မှ ပါဝင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

ဗြိတိန်စစ်တပ်ကြီးနှင့် ရောမစစ်တပ်ကြီးတို့ တွေ့ဆုံကြ၍ အပြင်းအထန် တိုက်ခိုက်ကြရာတွင် ဗြိတိန်စစ်တပ်သည် အရေးနိမ့်၍ ဆင်ဘယ်လိုင်ဘုရင်မှာလည်း ကျဆုံးလုဘနန်း အရေးနိမ့်လျက်ရှိလေသည်။ သို့ရာတွင် ပေါ်စတူးမတ်(စ်)နှင့် ဝန်ကြီးဟောင်း ဘီလားရီးယပ်(စ်)တို့၏ ကျွမ်းကျင်မှုနှင့် မင်းသားညီနောင်တို့၏ ရဲစွမ်းသတ္တိကြောင့် အခြေအနေမှာ ပြောင်းလဲသွားခဲ့လေသည်။ ၎င်းတို့ လေးဦးသည် ဆင်ဘယ်လိုင်ဘုရင်ကို အသက်ချမ်းသာအောင် ကယ်ဆယ်နိုင်ခဲ့သည့်ပြင် စစ်ပွဲ အခြေအနေကိုလည်း ပြောင်းလဲစေနိုင်သဖြင့် ဗြိတိန်စစ်တပ်ဘက်က အနိုင်ရခဲ့လေသည်။ စစ်ပွဲကြီး ပြီးဆုံးသောအခါ ပေါ်စတူးမတ်(စ်)သည် မိမိကိုယ်ကို စစ်ပွဲ၌ ကျစေတော့ဆိုကာ တိုက်ခိုက်ခဲ့ပါလျက် မကျဘဲရှိရာတွင် ဘုရင့်အမိန့်ကို ဖီဆန်မှုဖြင့် အသေခံပါတော့မည်ဆိုကာ ဆင်ဘယ်လိုင်၏ အရာရှိများလက်သို့ မိမိကိုယ်ကို အပ်နှင်းလိုက်လေ၏။

မင်းသမီးအီမိုဂျင်နှင့် ၎င်း၏ဆရာ စစ်ဗိုလ်ကြီးတို့အား ၎င်းမင်းသမီးကို လှည့်စားသည့် အိုက်ချီမိုအား ၎င်းဗြိတိန်စစ်သားများက ဖမ်းဆီး၍ ဆင်ဘယ်လိုင်ဘုရင်ထံသို့ ခေါ်သွားကြ၏။ အိုက်ချီမိုမှာ ရောမစစ်တပ်တွင် စစ်ဗိုလ်တစ်ယောက်ဖြစ်သည်။ ၎င်းတို့သုံးဦးသည် ဘုရင်၏ ရှေ့တော်၌ရှိစဉ် ပေါ်စတူးမတ်(စ်)အားလည်း သေဒဏ်စီရင်ချက် ချရန် ဘုရင့်ထံသို့ သွင်းလာကြလေ၏။ ထိုအခိုက်တွင် ဝန်ကြီးဟောင်း ဘီလားရီးယပ်စ်နှင့် မင်းသားညီနောင်တို့အားလည်း ၎င်းတို့၏ စွမ်းရည်သတ္တိအတွက် ဆုလာဘ်များဖြင့် ချီးမြှောက်ရန် ဘုရင့်ရှေ့တော်သို့ သွင်းလာကြ၏။ ပီဆန်နီရိုမှာလည်း ဘုရင်၏ အမှုထမ်းဖြစ်၍ ရှေ့တော်၌ ရှိလေသည်။

သို့ဖြစ်၍ ဘုရင့်ရှေ့တော်သို့ တစ်ချိန်တည်းရောက်ရှိနေကြသူများမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေ့ါစတူးမတ်(စ်)နှင့် အီမိုဂျင် မင်းသမီးအပြင် မင်းသမီး၏ ဆရာသခင်ရောမ စစ်ဗိုလ်ကြီးအားလည်းကောင်း၊ သစ္စာရှိသော ပီဆန်နီရိုနှင့် ကောက်ကျစ် စဉ်းလဲသော အိုက်ချီမိုလည်းကောင်း၊ မင်းသားညီနောင်တို့ကို ခိုးသွားသည့် ဝန်ကြီးဟောင်း ဘီလားရီးယပ်စ်နှင့် မင်းသားညီနောင်တို့လည်းကောင်း ဖြစ်ကြလေသည်။

မင်းသမီး၏ ဆရာသခင်ဖြစ်သော ရောမစစ်ဗိုလ်ကြီးက ရှေးဦးစွာ တင်လျှောက်လေရာ ကျန်သောလူများသည် ဘုရင့်ရှေ့တော်တွင် တိတ်ဆိတ်စွာ ရပ်နေကြ၍ ရင်ဘတ်များ ခုန်လှုပ်လျက် ရှိကြ၏။

ပေ့ါစတူးမတ်(စ်)မှာ တောသားတစ်ယောက်အသွင် ဝတ်ဆင်ထားသော်လည်း မင်းသမီးက သိ၏။ သို့ရာတွင် ယောကျာ်းလေးအသွင် ဝတ်ဆင်ထားသည့် မင်းသမီးကိုမူကား ပေ့ါစတူးမတ်(စ်)က မသိချေ။ မင်းသမီးသည် အိုက်ချီမိုကိုလည်းသိ၍ သူ၏လက်တွင် ဝတ်ဆင်ထားသည့် စိန်လက်စွပ်မှာလည်း မိမိ၏ လက်စွပ်ဖြစ်ကြောင်း သိ၏။ သို့ရာတွင် မိမိအား ဒုက္ခရောက်အောင် ဖန်တီးသည့် အိုက်ချီမို၏ ကောက်ကျစ်စဉ်းလဲမှုများကိုမူကား မသိချေ။ အီမိုဂျင်မင်းသမီးသည် အခြားလူများနှင့်အတူ စစ်သုံ့ပန်းအဖြစ်နှင့် ဘုရင့်ရှေ့တော်သို့ ရပ်လျက်ရှိ၏။ ပီဆန်နီရိုမှာ မင်းသမီးအတွက် ယောကျာ်းဝတ်စုံ ရှာပေးလိုက်ရသည်ဖြစ်၍ မင်းသမီးကိုသိ၏၊ ပီဆန်နီရိုက ဤသည်ကား ငါ၏ သခင်မဖြစ်သည်။ သခင်မ အသက်ရှင်လျက်ရှိသည်ဖြစ်၍ ရှေ့အဖို့ရာ၌ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကိစ္စမရှိဟု အောက်မေ့မိ၏။ ဝန်ကြီးဟောင်း ဘီလားရီးယပ်စ်သည်လည်း မင်းသမီးကို မှတ်မိ၍ "ဒီသူငယ်ဟာ သေရာမှ ပြန်ရှင်လာလေသလား"ဟု မင်းသားတစ်ပါးအား မေးသေး၏။ နောင်တော်မင်းသားကလည်း "သဲတစ်မှုန်နဲ့ တစ်မှုန် တူသလိုပဲ ဒီလူကလေးဟာ ကွယ်လွန်သူ ဖိုက်ဒီးလ်နဲ့တူလိုက်တာပါလား . . ."ဟု ပြန်ပြော၏။ ညီတော်မင်းသားကလေးကလည်း "သေရာမှ ပြန်ရှင်လာလေရောလားနော် . . ."ဟု ပြော၏။ ထိုအခါ ဘီလားရီးယပ်စ်က "တိတ်တိတ်နေကြပါ၊ လူကလေးတို့ရယ်၊ ဖိုက်ဒီးလ်ဖြစ်ရင် ငါတို့ကို နှုတ်မဆက်ဘဲ နေပါ့မလား . . ."ဟု ပြော၏။ မင်းသားအငယ်ကလည်း "သူသေတာကို ကျွန်တော့်မျက်စိနဲ့ မြင်ခဲ့ရပါတယ်"ဟု ပြောရာ ဘီလားရီးယပ်စ်က "တိတ်တိတ်နေပါကွယ် . . ."ဟုပြောလိုက်၏။

ပေ့ါစတူးမတ်(စ်)သည် ရှေ့တော်တွင် ရပ်လျက် မိမိအား သေဒဏ်စီရင်ချက် ချပါစေဟု ဆုတောင်းလျက်ရှိ၏။ ပေ့ါစတူးမတ်(စ်)က ဘုရင်၏ အသက်ကို မိမိတို့ ကယ်ဆယ်ခဲ့ရကြောင်း ထုတ်ဖော်တင်လျှောက်သော် မိမိ အသက်ကို ချမ်းသာပေးမည်စိုးသောကြောင့် ထိုကဲ့သို့ မတင်လျှောက်ရန်





သံမိဋ္ဌာန် ချထားလေသည်။

အီမိုဂျင်မင်းသမီးအား အပါးတော်မြဲ အဖြစ်နှင့် ထိန်းသိမ်းမွေးမြူထားခဲ့သော ရောမစစ်သူကြီး လူစီးယပ်စ်မှာ (အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း) ဘုရင်အား ရှေးဦးစွာ တင်လျှောက်ခဲ့သည် ဖြစ်လေသည်။ စစ်ဗိုလ်ကြီးသည် သူရသတ္တိနှင့် ပြည့်စုံသည့်ပြင် မြင့်မြတ်သော စိတ်သဘောလည်းရှိသည်ဖြစ်၍ ဘုရင်အား ဤသို့တင်လျှောက်၏။ "အသင်သည် သုံ့ပန်းများကို ကြေးငွေဖြင့် အရွေးမခံဘဲ အဆုံးစီရင်သည်ဟု ကြားသိရပါသည်။ ကျွန်ုပ်သည် ရောမလူမျိုးတစ်ယောက်ဖြစ်၍ ရောမလူမျိုးတစ်ယောက်ပီပီ ကြံ့ကြံ့ခိုင်ခိုင် အသေခံရဲပါသည်။ သို့ရာတွင် ကျွန်ုပ်တောင်းပန်လိုသော ကိစ္စတစ်ခုရှိပါသည်"ဟုပြော၍ အီမိုဂျင်မင်းသမီးအား ဘုရင့်ရှေ့တော်သို့ ထုတ်ကာ ဆက်လက်၍ ပြောပြန်သည်မှာ "ဤသူငယ်မှာ ဗြိတိန်ဇာတိဖြစ်ပါသည်။ သူတစ်ယောက်အတွက် ငွေကြေးဖြင့် အရွေးခံပါ။ ကျွန်ုပ်၏ အပါးတော်မြဲဖြစ်ပါသည်။ ဆရာသမားအပေါ်၌ ကြင်နာတတ်ခြင်း ဝတ္တရားသိခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ဖြောင့်မှန်သော သဘောထားရှိခြင်း၊ ပြုစုစောင့်ရှောက်တတ်ခြင်း အရာဌာနတွင် ဤသူငယ်ကို မှီနိုင်သော အပါးတော်မြဲဆို၍ ရဖူးသော ဆရာမရှိနိုင်ပါ။ သူသည် ရောမစစ်ဗိုလ်ကြီးတစ်ယောက် လက်အောက်၌ အမှုထမ်းရသော်လည်း ဗြိတိန်သားတစ်ယောက်အား ပြစ်မှားဖူးခြင်း မရှိပါ။ အခြားသူများအား ချမ်းသာမပေးလျှင် ရှိပါစေ၊ ဤသူငယ်တစ်ယောက်ကိုတော့ ချမ်းသာပေးပါ"ဟု လျှောက်ထားလေ၏။

ဆင်ဘယ်လိုင်ဘုရင်သည် မိမိ သမီးတော်ကို စေ့စေ့စပ်စပ်ကြည့်လေ၏၊ ဘုရင်သည် ယောကျာ်းကလေးသဖွယ် ဝတ်ထားသော မင်းသမီးကို မမှတ်မိသော်လည်း သွေးပြောသည်ဟူသော စကားအတိုင်း မင်းသမီးကို မြင်ရခြင်းအားဖြင့် သူ၏နှလုံးသားသည် လှုပ်ခုန်ဟန်တူ၏။ သို့ဖြစ်၍ ဘုရင်က အမိန့်ရှိသည်မှာ "ဒီသူငယ့်မျက်နှာကို ငါမြင်ဖူးပါသည် ထင်သည်၊ ဘယ်ကာလ ဘယ်ဌာနမှာ မြင်ဖူးလေသည်မမှတ်မိ၊ ဒီသူငယ်အသက်ကို ငါချမ်းသာပေးမည်၊ မောင်မင်းအသက်ကို ငါချမ်းသာပေးရုံသာမက တောင်းချင်တဲ့ ဆုကို တောင်းပါ ပေးမည်၊ ဤသုံ့ပန်းများအနက်မှ ဘယ်သူ့အသက်ကို တောင်းလိုသနည်း၊ ငါ ချမ်းသာပေးမည်"ဟု မိန့်တော်မူ၏။

ထိုအခါ မင်းသမီးက "ကျေးဇူးတော် အလွန်ကြီးပါကြောင်း"

အလိုရှိသောဆုကို တောင်းနိုင်သည် ဆိုခြင်းမှာ အလိုရှိသောအရာကို တောင်းစေ၊ မိမိပေးမည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်" လူအားလုံးတို့သည် စစ်ဗိုလ်ကြီး၏ အပါးတော်မြဲက မည်သည့်ဆုကို တောင်းလေမည်နည်းဟု နား



www.burmeseclassi.com

www.burmeseclassic.com



စွင့်လျှက်ရှိကြ၏။ ထိုအခါ ရောမစစ်ဗိုလ်ကြီး လူးစီးယပ်(စ်)က မင်းသမီးအား "ငါ့ကို ငါ မတောင်းခဲ့ပါဘူး လူကလေးရယ်၊ သို့သော် လူကလေးက ငါ့အသက်ကို ချမ်းသာပေးဖို့ တောင်းပန်လိမ့်မယ်ဆိုတာ ငါသိပါတယ်"ဟု ပြော၏။ အီမိုဂျင်မင်းသမီးကလည်း "မဟုတ်သေးပါဆရာ၊ ကျွန်တော် တောင်းချင်တဲ့ ဆုတစ်ခု ရှိပါသေးတယ်၊ ဆရာ့အတွက် ကျွန်တော် မတောင်းနိုင်သေးပါ"ဟု ပြော၏။

မင်းသမီး၏စကားသည် ဆရာ စစ်ဗိုလ်ကြီးအပေါ်၌ ကျေးဇူးကန်းရာကျသောကြောင့် စစ်ဗိုလ်ကြီးမှာ အံ့အားသင့်လျက်ရှိ၏။

မင်းသမီးသည် အိုက်ချီမိုံ၏ မျက်နှာကို စေ့စေ့ကြည့်လျက် သူ၏ လက်၌ ဝတ်ထားသော စိန်လက်စွပ်ကို မည်သည့်နည်းနှင့် ရရှိထားသည်ဟု ဟုတ်မှန်သည့်အတိုင်း ပြောပါရစေဟု ဘုရင့်အား လျှောက်ထားလေ၏။

ဘုရင်သည် မင်းသမီးတောင်းသောဆုကို ပေးသနားတော်မူ၍ အိုက်ချီမိုအား စိန်လက်စွပ်အကြောင်းကို ဟုတ်တိုင်းမှန်ရာပြောမပြပါက သေချင်းဆိုးနှင့် သေစေရမည်ဟု ခြိမ်းခြောက်လေ၏။.

အိုက်ဂျီမိုသည် မိမိ၏ ညစ်ပတ်မှုများကို အလုံးစုံ ဖွင့်ပြော၍ ပေါ့စတူးမတ်(စ်)နှင့် အလောင်းအစား လုပ်ပုံ၊ ထိုသူအား မိမိလှည့်စားခဲ့ပုံများကို အလုံးစုံ ဖော်ထုတ်ဝန်ခံလေ၏။

ပေါ့စတူးမတ်(စ်)သည် မိမိ၏ဇနီး၌ အပြစ်လုံးဝ မရှိခြင်းကို ကြားသိရသောအခါတွင် စိတ်ထဲ၌ မည်ကဲ့သို့ရှိသည်ကို ရေးသားဖော်ပြရန်ပင် မတတ်နိုင်ချေ။ သူသည် ဘုရင့်ရှေ့တော်သို့ ထွက်လာ၍ မိမိ၏ ဇနီးမင်းသမီးအား သတ်ပစ်ရန် ပီဆန်နီရိုကို စေခိုင်းမိပါကြောင်းနှင့် ထုတ်ဖော်ဝန်ခံပြီးလျှင် "ဖြစ်ရလေခြင်း အီမိုဂျင်၊ ငါ့မယားကလေး အီမိုဂျင်၊ အို . . . အီမိုဂျင် . . . အီမိုဂျင်" ဟု ဟစ်အော်ငိုကြွေးလျက် ရှိလေ၏။

အီမိုဂျင်မင်းသမီးသည် ခင်ပွန်းသည်၏ ပူဆွေးဒုက္ခရောက်ခြင်းကို မိမိ မသေကြောင်းကို ဖော်ထုတ်၍မပြောဘဲ မနေနိုင်တော့သည်နှင့် စစ်ဗိုလ်ကြီး၏အပါးတော်မြဲဆိုသည်မှာ အီမိုဂျင်မင်းသမီးပင် ဖြစ်ကြောင်း ဖော်ထုတ်ပြောပြလိုက်ရာ ပေါ့စတူးမတ်(စ်)မှာ ချစ်လှစွာသော ဇနီးမင်းသမီးကို သတ်ခဲ့မိချေသည်ဟူသော ပူဆွေးဒုက္ခရောက်ခြင်းမှ သက်သာရာရရုံမက မင်းသမီးကိုပင် အရှင်လတ်လတ် တွေ့ရှိရပြန်သောကြောင့် မည်မျှလောက် ဝမ်းမြောက်ဝမ်းသာဖြစ်လိုက်သည်ကို စာဖွဲ့ရန်ပင် မရှိနိုင်ဘဲ ရှိပါတော့သည်။

ဆင်ဘယ်လိုင် ဘုရင်မှာလည်း ပျောက်ဆုံးသော သမီးကို ပြန်တွေ့ရသဖြင့် လွန်စွာ ဝမ်းမြောက်သည်ဖြစ်၍ ပေါ့စတူးမတ်(စ်)၏ အသက်ကို ချမ်းသာပေးရုံမျှမက သမက်တော်အဖြစ်နှင့်လည်း လက်ခံရန်သဘောတူညီလေ၏။





ဝန်ကြီးဟောင်း ဘီလားရီးယပ်စ်သည်လည်း ဘုရင်နှင့် သမီးတော် သမက်တော်တို့ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရှိကြသော ဤအချိန်ကို အခွင့်ကောင်းယူလျက် ဘုရင်၏ သားတော်ကလေးနှစ်ပါးကို မိမိခိုးယူဝှက်ထားမိကြောင်း ဝန်ခံပြီးလျှင် မင်းသားညီနောင်တို့ကို ဘုရင်သို့ အပ်လေ၏။

ဆယ်ဘယ်လိုင်ဘုရင်သည် ဝန်ကြီးဟောင်း ဘီလားရီးယပ်စ်အား အပြစ်မှ ချမ်းသာပေးလိုက်၏။ အလုံးစုံ အဆင်ပြေ၍ ဤမျှလောက် ဝမ်းမြောက်ဝမ်းသာဖြစ်သင့်သော အချိန်အခါမျိုးတွင် အဘယ်သူသည် အပြစ်ပေးဖို့ စိတ်ကူးရနိုင်ပါအံ့နည်း။ ပျောက်ဆုံးသော သမီးတော်ကို ပြန်တွေ့၍ မိမိအသက်ကို စွန့်စွန့်စားစား ခုခံ ကာကွယ်ပေးသော လူငယ်နှစ်ယောက်မှာလည်း ပျောက်ဆုံးနေသော သားတော်နှစ်ပါးပင်ဖြစ်သည်ဟု သိရခြင်းမှာ ဘုရင့်အဖို့ရာ၌ မမျှော်လင့်နိုင်သာ ဝမ်းသာမှုကြီးတစ်ခု ဖြစ်ချေ၏။

ထိုအခါ အီမိုဂျင်မှာ မိမိ၏ဆရာ စစ်ဗိုလ်ကြီးအတွက် ဆောင်ရွက်ပေးရန် အချိန်တန်ပြီဖြစ်ရာ ၎င်း၏အသက်ကို ချမ်းသာပေးဖို့ ခမည်းတော်အား လျှောက်ထားသည့်အတိုင်း ခမည်းတော်ကလည်း အလွယ်တကူပင် ချမ်းသာပေးလေ၏။ ဤတွင် ရောမစစ်ဗိုလ်ကြီး လူစီးယပ်စ်ကလည်း ရောမပြည်နှင့် ဗြိတိန်ပြည်တို့ စစ်ဖြစ်သည့်ကိစ္စတွင် နှစ်ဦးနှစ်ဘက် ကျေနပ်အောင် စေ့စပ်ပေးသည်နှင့် ထိုနှစ်ပြည်ထောင်တို့မှာ မဟာမိတ်များ ဖြစ်လာကြ၍ နှစ်ပေါင်းများစွာတိုင်အောင် ငြိမ်းချမ်းစွာ တည်နေနိုင်ကြလေ၏။

ဆင်ဘယ်လိုင်ဘုရင်၏ ဆိုးယုတ်သော မိဖုရားသည် မိမိ၏အကြံအစည်များ မအောင်မြင်သဖြင့် စိတ်ညစ်ညူး၍ မကျန်းမမာနှင့် သေရပုံကိုလည်းကောင်း၊ ၎င်း၏ သားကလိုတင်သည်လည်း အခြားသူတစ်ယောက်အား စော်ကားရာမှ ခိုက်ရန်ဖြစ်ကြပြီးလျှင် တိုက်ပွဲ၌ ကျဆုံးရပုံကိုလည်းကောင်း ဤမျှလောက် ပျော်ရွှင်ဘွယ်ကောင်းသော အချိန်အခါမျိုးတွင် အသေးစိတ် မဖော်ပြတော့ဘဲ အမြွက်မျှသာ ဖော်ပြလိုက်ပါတော့သည်။ အကျဉ်းချုံးလိုက်ရသော် ထိုက်တန်သော လူများသည် ပျော်ရွှင်ဘွယ်သော အချင်းအရာများနှင့် ကြုံတွေ့ကြရလေရာ၊ စဉ်းလဲသော အိုက်ချီမိုပင်လျှင် သူ၏ စဉ်းလဲမှုများ မအောင်မြင်ခြင်းကို ထောက်ညှာသောအားဖြင့် အထူးတလည် အပြစ်ဒဏ် မပေးဘဲ သူ၏နေရင်းဌာန ရောမပြည်သို့ ပြန်ပို့လိုက်ပါတော့သတည်း။

သွေးသောက်၊ အမှတ် (၁၈၁)၊ ဖေဖော်ဝါရီလ၊ ၁၉၆၁ ခုနှစ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## သင့်သဘောအတိုင်း

ပြင်သစ်ပြည်သည် နယ်ကလေးများအဖြစ်နှင့် အစိတ်စိတ်အမွှာမွှာ ကွဲပြားလျက် ရှိစဉ်က ၎င်းနယ်တစ်နယ်တွင် နောင်တော်နယ်စားကြီးကို နန်းချ၍ အုပ်ချုပ်စိုးစံလျက်ရှိသော ညီတော်နယ်စားတစ်ယောက်ရှိ၏။

မိမိအုပ်ချုပ်သော နယ်ပယ်မှ နှင်ထုတ်ခြင်းခံသော နောင်တော်နယ်စားကြီးသည် သစ္စာရှိသော နောက်ပါ အနည်းငယ်နှင့်အတူ အာဒင်တောအုပ်သို့ ဝင်၍ ငြိမ်းချမ်းစွာ နေထိုင်လျက်ရှိ၏။ နယ်စားကြီးအား ချစ်ခင်သော ၎င်းမိတ်ဆွေများသည် ညီတော် အုပ်ချုပ်သည့် ဌာနတွင် မနေလိုကြသည်ဖြစ်၍ နောင်တော်ကြီးနောက်သို့ လိုက်ပါသွားကြခြင်းဖြစ်ရာ ၎င်းတို့၏ နယ်မြေများမှ ထွက်သော ကောက်ပဲသီးနှံများသည် ညီတော်၏ ဘဏ္ဍာတော် ဖြစ်သွားသဖြင့် ညီတော်မှာ ကြွယ်ဝချမ်းသာလျှက်ရှိ၏။ အချိန်ကာလ ကြာရှည်လတ်သော် ၎င်းနောက်ပါများသည် တောထဲ၌ လွတ်လပ်ချောင်ချိစွာ သွားလာနေထိုင်ကြရခြင်းကို နန်းတော်ကြီး၌ ခမ်းနားသိုက်မြိုက်စွာ နေထိုင်ရခြင်းထက် စိတ်သာယာမှု ရှိသည်ဟု ယူဆကြလေ၏။ နောင်တော်ကြီး၏ နောက်ပါတို့သည် အင်္ဂလန်ပြည်မှရော်ဘင်ဟုဒ်ကဲ့သို့တောအလိုက်နေထိုင်ရခြင်းကိုနှစ်သက်လာကြသည်ဖြစ်ရာ ညီတော်၏နယ်မှ အမျိုးမြင့်မြတ်သော လူများသည်လည်း နောင်တော်ကြီးရှိနေသည့် အာဒင်တောအုပ်သို့ ရွှေ့ပြောင်းလာကြ၍ လွတ်လပ်ချောင်ချိစွာ အတူတကွ နေထိုင်ကြလေ၏။ နွေရာသီများတွင် သစ်ပင်ကြီးများ

www.burmeseclassic.com



၏ အရိပ်ထဲ၌ မြက်ခင်းပေါ်တွင် လဲလျောင်းခါ သမင်ရိုင်းများ ပြေးလွှားခုတ်ပေါက်ကြခြင်းကို စိတ်ကြည်လင်စွာဖြင့် မျှော်ကြည့်ကြ၏။ ထိုသူတို့သည် သမင်များကို မြင်ရဖန်များသဖြင့် ချစ်ခင်ကြင်နာခြင်း ရှိကြသည်ဖြစ်သောကြောင့် အစာအာဟာရအတွက် ရံဖန်ရံခါ ပစ်ခတ်သတ်ဖြတ် စားသောက်ရခြင်းကိုပင် မှို့၍မကျနိုင်အောင် ရှိကြလေ၏။

ဆောင်းရာသီများ၌ နောင်တော်နယ်စားကြီးသည် ချမ်းအေးသော ဥတုကြောင့် မိမိ၏ အနေအထိုင်ကို ငြီးငွေ့သလိုလို ရှိသောအခါများတွင် ညည်းညူမိသည်မှာ "အေးမြသော ဆောင်းလေသည် ငါ့ကို မြှောက်ပင့်၍ မပြော၊ အေးလျှင် အေးသည့်အတိုင်း ငါ၏ ကိုယ်ပေါ်၌ တိုက်ခတ်သည်။ လေအေးသည် ငါ၏ကိုယ်ကို သွားနှင့် ကိုက်သကဲ့သို့ ခံရခက်စေသော်လည်း ၎င်း၏ သွားများသည် မညှာတာခြင်းနှင့် ကျေးဇူးကန်းခြင်းတို့ကဲ့သို့ အခံရခက်လောက်အောင် ထက်မြက်သည်ဟု ငါမထင်၊ လူများသည် ပင်ပန်းဆင်းရဲခြင်းကို ဒုက္ခတစ်ခုအနေနှင့် ပြောတတ်ကြသော်လည်း ဒုက္ခထဲမှ ကောင်းသော သင်ခန်းစာ ထုတ်ယူနိုင်ခြင်းကို ငါ တွေ့ရသည်။ စက်ဆုတ်ရွံရှာဘွယ် ကောင်းသောဖား၏ ဦးခေါင်းမှ ထုတ်ယူသည့် ဆေးရည်သည် အချို့ရောဂါအတွက် အသုံးဝင်သကဲ့သို့ ရှိပါဘိသည်" စသည်ဖြင့် စိတ်ကူးများ ပေါ်ပေါက်လေ၏။ ဤနည်းအားဖြင့် နောင်တော် နယ်စားကြီးသည် မြင်လေသမျှမှ တရားရအောင် ဆင်ခြင်သုံးသပ်တတ်သည် ဖြစ်၍ မြို့ကြီးပြကြီးများနှင့် ဝေးကွာလှသော ဤတောအုပ်ကြီးထဲတွင် သစ်ပင်များ၊ စမ်းချောင်းများ၊ ကျောက်ခဲများ အစရှိသည်တို့မှ သင်ခန်းစာရအောင် ထုတ်ယူနိုင်ခဲ့လေသည်။

နောင်တော် နယ်စားကြီး၌ ရိုဇာလင်အမည်ရှိ တစ်ဦးတည်းသော သမီးတော်ရှိရာ ညီတော်ဖရက်ဒရစ် နယ်စားသည် နောင်တော်ကို နှင်ထုတ်သောအခါ၌ တူမတော် ရိုဇာလင်ကို မိမိ၏ သမီး ဆီလီယာနှင့် အဖော်ရစေရန် ခဲ့ယူထားလိုက်၏။ ညီတော် နောင်တော်တို့မှာ နယ်လုမှုအတွက်ကြောင့် ရန်သူများဖြစ်လာကြရသော်လည်း ညီအစ်မ ဝမ်းကွဲများဖြစ်သော ရိုဇာလင်နှင့် ဆီလီယာတို့မှာ တစ်ယောက်နှင့်တစ်ယောက် အလွန်တရာ ချစ်ခင်ကြင်နာခြင်း ရှိကြလေ၏။ ဆီလီယာသည် မိမိ၏ ဖခင်က ရိုဇာလင်၏ ဖခင်ကို မတရားသဖြင့် ပြုကျင့်ခြင်းအတွက် ရိုဇာလင်အား မိမိ တတ်နိုင်သမျှသောနည်းဖြင့် စိတ်ပြေအောင် ပြုလုပ်၏။ တစ်ခါတစ်ရံ ရိုဇာလင်သည် ဖခင်နှင့် ခွဲခွာရ၍ မတရား ပြုကျင့်သော ဘခွေးတော်အပေါ်တွင် မှီခိုရခြင်းအတွက် စိတ်မချမ်းမသာ ညှိုးငယ်စွာ ရှိရာတွင် ဆီလီယာသည် ရိုဇာလင်အား စိတ်သက်သာမှု ရစေခြင်းငှာ အမျိုးမျိုးသောနည်းတို့ဖြင့် နှစ်သိမ့်အောင် ပြုလေ့ရှိ၏။





တစ်နေ့သ၌ ဆီလီယာသည် ညှိုးငယ်စွာ ရှိနေသော ရိုဇာလင်အား စိတ်ပြေလက်ပျောက် ရှိစေရန် ဖျော်ဖြေစကား ပြောကြားလျက်ရှိစဉ် နယ်စားကြီးထံမှ ကျေးကျွန်တစ်ယောက် ဝင်လာ၍ နပန်းပွဲတစ်ခု ကျင်းပမည်ဖြစ်ကြောင်း ကြည့်ရှုလိုကြလျှင် နန်းတော်ရှေ့၌ ရှိသော မြေကွက်လပ်သို့ ချက်ချင်းလိုက်ခဲ့ရမည့် အကြောင်းပြောလေရာ ဆီလီယာသည် ရိုဇာလင် အပျင်းပြေစေခြင်းငှာ နပန်းပွဲကို လိုက်၍ကြည့်ရန် သဘောတူလိုက်လေ၏။

ယခုခေတ်အခါ၌ နပန်းလုံးခြင်းအတတ်မှာ တောသား လူကြမ်းများသာ လေ့ကျင့်ကြသော်လည်း ထိုစဉ်ကမူ အလတ်တန်းစား လူများသည် ၎င်းအတတ်ကို အလေ့အကျင့် ပြုလုပ်ကြ၍ နန်းတော်ကြီးများတွင် မင်းသား၊ မင်းသမီးများနှင့် နန်းတွင်းသူ၊ နန်းတွင်းသားများရှေ့တွင် ကျင်းပသည့် နပန်းပွဲကြည့်ရန် သွားကြရာတွင် သေလောက်အောင် အန္တရာယ်ဖြစ်နိုင်သည့် နပန်းပွဲတစ်ခု ဖြစ်နေခြင်းကို တွေ့ရ၏။ ကာယဗလ အလွန်ကောင်း၍ နပန်းပွဲပေါင်းများစွာတွင် တစ်ဘက်သားကို သေအောင် သတ်နိုင်ခဲ့သည့် အလွန်ကျင်လည်သော လူကြီးတစ်ယောက်ကတစ်ဘက်၊ အသက်အရွယ်သေးငယ်၍ ပျော့ပျောင်းနုနယ်သည့် လူကလေးတစ်ယောက်ကတစ်ဘက် ယှဉ်ပြိုင်လုံးသတ်ကြမည်ဖြစ်သောကြောင့် ပရိသတ်သည် လူသတ်ပွဲ ကြည့်ရလိမ့်မည်ဟု ထင်မှတ်ကြလေ၏။

နယ်စား ဖရက်ဒရစ်သည် ဆီလီယာနှင့် ရိုဇာလင်ညီအစ်မတို့ကို မြင်သောအခါ . . .

"ငါ့သမီးနှင့်တူမက နပန်းပွဲ ကြည့်ရအောင် လာကြသလား၊ နပန်းလုံးကြမည့် လူနှစ်ယောက်ဟာက အလုံးအဖန်ချင်း ကွာလွန်းလို့ ကြည့်ကောင်းမည်မထင်ဘူး၊ နုနုနယ်နယ်နှင့် လူငယ်ကလေးကို သနားပါတယ် သမီးတို့ရယ်၊ ဒီပွဲကို မသတ်ဖို့ သူ့ကို တောင်းပန်လိုက်ကြပါကွယ်ရို့"ဟု ပြောလေ၏။

ဆီလီယာတို့ ညီအစ်မသည် ဘခင် ခိုင်းစေသော အလုပ်ကို ဝမ်းမြောက်စွာ ဆောင်ရွက်လိုကြသည်ဖြစ်၍ ရှေးဦးစွာ ဆီလီယာသည် လူငယ်အနီးသို့ ချဉ်းကပ်ကာ . . .

ဤမျှလောက် ကြမ်းတမ်းထွားကျိုင်းသော နပန်းသမားကြီးနှင့် လုံးသတ်ခြင်း မပြုရန် တောင်းပန်လေ၏။ ထို့နောက် ရိုဇာလင်သည် လူငယ်အနီးသို့ ချဉ်းကပ်ပြန်၍ သူ၏ ဘေးအန္တရာယ်အတွက် အစိုးရိမ်ကြီးသော အမူအယာနှင့် ကြင်နာစွာ တောင်းပန်ပြောဆိုလေရာ ထိုလူငယ်သည် ရိုဇာလင်၏ တောင်းပန်စကားကို နားမထောင်သည့်ပြင် ရိုဇာလင်၏ မျက်စိအောက်၌ မိမိ၏ အစွမ်းကို ပြလိုသောစိတ်များ ပြင်းထန်စွာ ဖြစ်ပေါ်လာလေ၏။ ထိုလူငယ်သည် ဆီလီ



www.burmeseclassi.com

www.burmeseclassic.com



ယာနှင့် ရိုဇာလင်တို့၏ တောင်းပန်ခြင်းကို မနာယူနိုင်ကြောင်းဖြင့် ယဉ်ကျေးသော စကားလုံးများနှင့် ငြင်းပယ်လိုက်ရာတွင် ညီအစ်မ နှစ်ယောက်တို့သည် ထိုလူငယ်၏ ဘေးအန္တရာယ်အတွက် သာ၍ပင် စိုးရိမ်ပူပန်ခြင်း ဖြစ်လာကြလေ၏။ နောက်ဆုံး၌ ထိုလူငယ်က ပြောသည်မှာ

"ဒီလောက် ချောမောလှပတဲ့ မိန်းမပျိုနှစ်ယောက်က တောင်းပန်သည်ဆိုလျှင် ဘာမဆို လိုက်လျောသင့်သော်လည်း ဒီကိစ္စမှာ ကျွန်တော် မလိုက်လျောနိုင်သည့်အတွက် ဝမ်းနည်းပါတယ်။ ကျွန်တော်က ပြန်ပြီး တောင်းပန်ချင်တာကတော့ ဒီနပန်းပွဲမှာ ကျွန်တော့်ဘက်က မေတ္တာပို့ကြစေလိုပါတယ်။ ဒီပွဲမှာ ကျွန်တော် ရှုံးရုံမကဘဲ အသက်ပါ ဆုံးသွားလို့ရှိလျှင်လည်း သေချင်လှတဲ့လူတစ်ယောက် သူ့ဆန္ဒ ပြည့်သွားရုံ ရှိမှာပါပဲ။ ကျွန်တော် သေတဲ့အတွက် နှမြောတမ်းတမယ့်သူ မရှိလေတော့ နစ်နာမယ့်သူလည်း မကျန်ရစ်ပါဘူး။ ကမ္ဘာလောကကြီးမှာ ကျွန်တော့်ဟာ လူပိုတစ်ယောက် ဖြစ်လေတော့ ကျွန်တော် သေသွားလို့ရှိရင် ကျွန်တော့်နေရာကို ကျွန်တော့်ထက် ထိုက်တန်သူတစ်ယောက်က ယူရစ်ရုံရှိမှာပါခင်ဗျာ"ဟု ပြန်ပြောလေ၏။

ထို့နောက် နပန်းလုံးပွဲ အစပြုလေ၏။ ဆီလီယာသည် ထိုလူငယ် ထိခိုက်နာကျင်ခြင်း မရှိစေဖို့ မေတ္တာပို့လျက်ရှိရာ၊ ရိုဇာလင်ကမူ ထိုမျှမကပင် စိတ်အားထက်သန်စွာနှင့် ဆုတောင်းမေတ္တာပို့လျက်ရှိ၏။ ထိုလူငယ်က မိမိ၌ ချစ်ခင်ကြည်နာမည့်သူ မရှိသဖြင့် သေလိုပါတော့သည်ဟု ပြောသွားသော စကားများအတွက် ရိုဇာလင်သည် မိမိကဲ့သို့ပင် ကံမကောင်းသူ တစ်ယောက် ဖြစ်ရှာသည်ဟု ယူဆကာ လွန်စွာ သနားမိ၏။ ရိုဇာလင်သည် ကိုယ်ချင်းစာသဘောနှင့် ထိုလူငယ်၏ အဖြစ်ဆိုးကို သနားကရုဏာ ဖြစ်မိရာမှ နပန်းပွဲကို ကြည့်ရင်း သနားကရုဏာမှသည် ချစ်ခင်သော မေတ္တာအဖြစ်သို့ တစ်ဆင့် တက်၍ သွားပြန်လေတော့သည်။

ထိုလူငယ်သည် မိမိအား ချောမောလှပသည့် မိန်းမပျိုနှစ်ယောက်တို့၏ ကြင်နာသနားခြင်းကို သိရှိရသည်ဖြစ်၍ နပန်းပွဲ လုံးသတ်ရာတွင် တအားဘက်လာသည့်အလျောက် အံ့ဩလောက်အောင် ကျင်လည်စွာ လုံးသတ်လေရာ၊ နောက်ဆုံး၌ ထွားကျိုင်းသန်မာလှသော နပန်းသမားကြီးကို အနိုင်ရလေ၏။ ထိုလူကြီးမှာ အလွန်တရာ နာကျင်လှသောကြောင့် လှုပ်လည်းမလှုပ်နိုင်၊ စကားလည်းမပြောနိုင် လဲလျက် ရှိလေ၏။

နယ်စားကြီးသည် ထိုလူငယ်၏ သတ္တိကောင်းခြင်းနှင့် ကျင်လည်ခြင်းတို့ကို နှစ်သက်အားရသည်ဖြစ်၍ ၎င်းအား ရာထူးတစ်ခု ပေးခြင်းအားဖြင့် ချီးမြှောက်ရန်အကြံနှင့် လူငယ်၏ အမျိုးအမည်ကို မေးမြန်းလေ၏။ လူငယ်က





မိမိအမည်မှာ အော်လန်ဒိုဖြစ်၍ ဆာရိုလန်ဒီဗွိုက်စ်၏ အငယ်ဆုံးသော သားဖြစ်ပါသည်ဟု ပြောလေ၏။

အော်လန်ဒို၏ ဖခင် ဆာရိုလန်မှာ နှစ်ပေါင်းအတန်ကြာကပင် ကွယ်လွန်ခဲ့ပြီးလေပြီ။ အသက်ရှင်လျက်ရှိစဉ်ကမူ ဆာရိုလန်သည် တိုင်းပြည်မှ နှင်ထုတ်ထားသည့် နောင်တော် နယ်စားကြီးနှင့် ချစ်ကျွမ်းဝင်သော မိတ်ဆွေတစ်ယောက်ဖြစ်သည်။ သို့ဖြစ်၍ နယ်စား ဖရက်ဒရစ်သည် နောင်တော်ကြီး၏ မိတ်ဆွေ ဆာရိုလန်၏ သားအော်လန်ဒို ဖြစ်ကြောင်းသိရှိရသောအခါ ထိုလူငယ်ကို သဘောကျလျက်ရှိရာမှ ချက်ချင်းမုန်းတီးလာပြီးလျှင် မျက်နှာထားသုန်မှုန်စွာနှင့် ထသွားလေ၏။ ဖရက်ဒရစ်သည် နောင်တော်၏မိတ်ဆွေဆိုလျှင် နာမည်ကိုမျှ မကြားလိုသော်လည်း လူငယ်၏ သတ္တိကို သဘောကျလှသည်ဖြစ်၍ "အော်လန်ဒိုဟာ အခြားလူတစ်ယောက်၏ သားဖြစ်လျှင် ကောင်းလေစွ၊ ကောင်းလေစွ"ဟူ၍ တီးတိုးပြောဆိုသွားလေ၏။

ရိုဇာလင်သည် ထိုလူငယ်မှာ ဖခင်၏ မိတ်ဆွေတစ်ယောက်မှ ပေါက်ဖွားသော သားတစ်ယောက် ဖြစ်ကြောင်း သိရှိရသည်တွင် ဝမ်းမြောက်ဝမ်းသာဖြစ်၍ ဆီလီယာအား ပြောသည်မှာ . . .

"ခမည်းတော်က ဆာရိုလန်ကို အင်မတန်ချစ်တယ် ဆီလီယာ၊ ဒီလူငယ်ဟာ ဆာရိုလန်ရဲ့ သားဖြစ်တယ်လို့ အစကသိရရင် ယခုလို ရိုးရိုးမတောင်းပန်ဘဲ ငိုပြီးတော့တောင် တောင်းပန်မိသေးရဲ့"ဟု ပြောလေ၏။

ညီအစ်မနှစ်ယောက်တို့သည် အော်လန်ဒိုအနီးသို့ ချဉ်းကပ်ကြလေရာ အော်လန်ဒိုမှာ နယ်စားကြီး၏ မုန်းတီးခြင်းကို သိလိုက်ရသည်နှင့် မျက်နှာမသာမယာ ရှိနေစဉ် ညီအစ်မနှစ်ယောက်တို့က ကြင်နာသော အမူအရာနှင့် အားပေးစကား ပြောကြလေ၏။ ထို့နောက် ညီအစ်မ နှစ်ယောက်တို့သည် အော်လန်ဒိုအနီးမှ ထွက်ခွာသွားကြမည်ပြုစဉ် ရိုဇာလင်သည် အော်လန်ဒိုဘက်သို့လှည့်ကာ မိမိဖခင်၏ မိတ်ဆွေဟောင်းအနေဖြင့် နှုတ်ဆက်စကားပြော၍ မိမိ၏ လည်ပင်းမှ ဆွဲကြိုးတစ်ကုံးကိုဖြုတ်လျက်

"ကျွန်မကို သတိရတဲ့ အထိမ်းအမှတ်နဲ့ ဒီဆွဲကြိုးကို ဆွဲထားပါရှင်၊ ကျွန်မမှာ ပစ္စည်းဥစ္စာ ပါးရှားနေခိုက်မို့ ဒီဟာလောက်ကိုသာ ပေးနိုင်ပါတယ်။ သို့မဟုတ်ရင် ဒီထက်အဖိုးတန်တဲ့ လက်ဆောင်တစ်ခုခု ပေးချင်ပါသေးတယ်"ဟု ပြော၍ ဆွဲကြိုးကို ပေးလေ၏။

ညီအစ်မနှစ်ယောက်တို့သည် အော်လန်ဒိုထံမှ ထွက်လာကြ၍ နှစ်ယောက်တည်းရှိနေကြသောအခါ ရိုဇာလင်သည် အော်လန်ဒိုအကြောင်းကို မပြီးနိုင်အောင် ရှိရာတွင် ဆီလီယာသည် အော်လန်ဒိုအား ချစ်ကြိုက်နေဟန်



www.burmeseclassi.com

www.burmeseclassic.com



ရှိသော မိမိအစ်မ အကြောင်းကို ရိပ်မိ၍ "ဘယ်နှယ့်လဲမမရယ်၊ ချစ်တာကြိုက်တာကလည်း မြန်ဆန်လွန်းလှပါကလား"ဟု ပြော၏။

ရိုဇာလင်က "မမရဲ့ ဖေဖေနဲ့ အင်မတန် ချစ်ကြတာကိုး ညီမလေးရဲ့"ဟု ပြန်ပြော၏။

ဆီလီယာလည်း "ကိုယ့်အဖေနဲ့ သူ့အဖေ ချစ်ခင်ကြဖူးတာနဲ့ မမက သူ့ကို ချစ်ကြိုက်ရရောလားရှင်၊ ဒီလိုဆိုရင် ကျွန်မရဲ့ ဖေဖေက သူ့ဖေဖေကို မုန်းလေတော့ ကျွန်မက သူ့ကို မုန်းရတော့မလို ဖြစ်နေပြီကော"ဟု ပြော၏။

နယ်စားကြီး ဖရက်ဒရစ်သည် ဆာရိုလန်ဒီဗွိုက်စ်၏ သားဖြစ်သူ အော်လန်ဒိုကို မြင်လိုက်ရသောအခါ၌ မိမိ၏ နောင်တော်နယ်စားကြီးတွင် ချစ်ခင်သော မိတ်ဆွေကောင်းများ ပေါများသည့်အဖြစ်ကို သတိရသည်နှင့် စိတ်ချဉ်ပေါက်လျက်ရှိ၏။ ထို့ပြင် တိုင်းသူပြည်သားများသည် တူမရိုဇလင်၏ စိတ်သဘောကောင်းခြင်းကြောင့် ချီးမွမ်းကြခြင်းကိုလည်းကောင်း၊ နောင်တော်ကြီးကို တိုင်းပြည်မှ နှင်ထုတ်သည့်အတွက် ရိုဇာလင်အား သနားကရုဏာ ဖြစ်ကြခြင်းကိုလည်းကောင်း သတိရလာသည်နှင့် တူမကလေး ရိုဇာလင်အားလည်း နှုတ်တရက် မုန်းတီးသောစိတ်ဖြစ်ပေါ်လာလေ၏။

သို့ဖြစ်၍ သမီးဆီလီယာနှင့် တူမရိုဇလင်တို့သည် ၎င်းတို့၏ အဆောင်တွင် အော်လန်ဒိုအကြောင်းကို ပြောလျက်ရှိကြစဉ် ဖရက်ဒရစ်သည် အခန်းထဲသို့ ဝင်လာ၍ စိတ်ဆိုးသော မျက်နှာထားနှင့် ရိုဇာလင်အား ကြည့်ကာ အိမ်တော်မှ ထွက်ခွာပြီး ဘခင်နောက်သို့ လိုက်သွားရန် အမိန့်ပေးလေ၏။ ထိုအခါ ဆီလီယာသည် ရိုဇာလင်အား ထောက်ထားညှာတာဖို့ တောင်းပန်ရာတွင် ဖရက်ဒရစ်က ရိုဇာလင်ကို လက်ခံထားခြင်းမှာ သနားသောကြောင့် မဟုတ်၊ သမီးဆီလီယာအတွက် အဖော်ရအောင် ထားခြင်းမျှသာဖြစ်သည်ဟု ပြောလေ၏။ ဤတွင် ဆီလီယာက . . .

"ဟိုတုန်းက မမရိုဇာလင်ကို ဖေဖေ့သဘောနဲ့ ဖေဖေထားတာပါ။ ကျွန်မက တောင်းပန်လို့ ထားခြင်းမဟုတ်ပါ။ ဟိုတုန်းကတော့ ကျွန်မဟာ ငယ်သေးလို့ မမအကြောင်းကို ကောင်းကောင်းမသိသေးပါ။ အခုတော့ မမနဲ့ တူအိပ်၊ အတူထ၊ အတူစာကျက်၊ အတူကစား၊ အတူစားနေရလို့မို့ ဘယ်လောက် ချစ်စရာ ကောင်းတဲ့ မမတစ်ယောက်ဖြစ်တယ်လို့ သိလာရပါပြီ။ မမနဲ့ခွဲပြီး ကျွန်မ မနေနိုင်ပါ"ဟု ပြောလေ၏။

ထိုအခါ ဖရက်ဒရစ်က "သူက သိပ်ပါးတယ်နော်၊ ငါ့သမီး မသိဘူး၊ သူက ပြေပြေပြစ်ပြစ် ပြောတတ်တယ်၊ ပြောသင့်မှ ပြောတယ်၊ စိတ်ရှည်တယ်၊ အဲဒီအကြောင်းတွေကို တိုင်းသူပြည်သားတွေက သိကြလေတော့ သူ့ကို သနား





ကြင်နာကြတယ်၊ သမီးက ဒါတွေကို နားမလည်လို့ သူ့အတွက် တောင်းပန်နေရခြင်းဖြစ်တယ်။ သူမရှိလျှင် ငါ့သမီးရဲ့ အရည်အချင်းတွေဟာ ပေါ်လွင် ထင်ရှားလာလိမ့်မယ်။ ဒါကြောင့်သူ့အတွက် ကာကွယ်ပြီး တောင်းပန်မနေပါနဲ့တော့၊ ငါ အမိန့်ပေးတဲ့အတိုင်း တည်စေရမယ်လို့ ဆုံးဖြတ်ပြီးပြီ"ဟုပြောလေ၏။

ဆီလီယာသည် ရိုဇာလင်အတွက် မိမိဘခင်အား တောင်းပန်၍ မရကြောင်း သိရသောအခါ ရိုဇာလင်နှင့် အတူအိမ်တော်မှ ထွက်သွားရန် သံမိဌာန်ချမှတ်လိုက်လေ၏။ သို့ဖြစ်၍ ၎င်းညတွင် ဆီလီယာသည် ရိုဇာလင်နှင့် အတူ အိမ်တော်မှ တိတ်တဆိတ် ထွက်သွားကြ၍ တောအုပ်သို့ သွားကြလေ၏။

၎င်းတို့မထွက်ခွာမီ အဖိုးထိုက်တန်သော အဝတ်တန်ဆာများ ဝတ်လျက် တောလမ်းခရီးသို့ မိန်းကလေးနှစ်ယောက်တည်း သွားကြလျှင် အန္တရာယ်များလိမ့်မည်ဟု စဉ်းစားမိသည်နှင့် ဆီလီယာက တောသူကလေးများအသွင် ဝတ်ဆင်ကြရန် အကြံပေးလေ၏။ ဤတွင် ရိုဇာလင်က မိန်းကလေးများအသွင်ဖြင့် ခရီးသွားကြမည့်အစား တစ်ယောက်ယောက်က ယောကျ်ားကလေးအသွင် ဝတ်ဆင်သင့်ကြောင်း ပြောရာ၊ ၎င်းအကြံအတိုင်း အတည်ပြုကြ၍ အရပ်မြင့်သော ရိုဇာလင်က တောသားကလေး တစ်ယောက်အသွင်ဖြင့်လည်းကောင်း၊ ဆီလီယာကတောသူကလေးတစ်ယောက်အသွင်ဖြင့်လည်းကောင်းဝတ်ဆင်ကာ မောင်နှမနှစ်ယောက်အဖြစ်နှင့် သွားကြဖို့ ဆုံးဖြတ်ကြလေ၏။ ယောကျ်ားကလေးယောင်ဆောင်သော ရိုဇာလင်အား ဂနီမိဟူ၍လည်းကောင်း၊ ဆီလီယာအားလည်း အလီယန်နာ ဟူ၍လည်းကောင်း မှည့်ခေါ်ရန် သဘောတူကြလေ၏။ ညီအစ်မ နှစ်ယောက်တို့သည် အထက်ပါနည်းအတိုင်း ပြောင်းလဲ ဝတ်ဆင်၍ လမ်းစရိတ်အတွက် လက်ဝတ်လက်စားများနှင့် ငွေများကို ဆောင်ယူကာ ခရီး ထွက်လာကြလေရာ အာဒင်တောအုပ်မှာ ဖရက်ဒရစ်၏ နယ်နမိတ်အပြင်ဘက်၌ တည်ရှိသည်ဖြစ်သောကြောင့် ဝေးလံစွာ ခရီးသွားကြရလေ၏။

ဂနီမိခေါ် ရိုဇာလင်သည် ယောကျ်ားကလေးအသွင် ဝတ်စားထားသည့်အတိုင်း ယောကျ်ားအမူအရာမျိုးလည်း ဟန်ဆောင်ရလေသည်။ ဆီလီယာသည် ရိုဇာလင်နှင့်အတူ အိမ်တော်မှ ထွက်ခွာ၍ လိုက်ပါလာခဲ့ခြင်းအားဖြင့် အစ်မအပေါ်၌ မည်မျှ ချစ်ခင်ကြင်နာကြောင်းကို ရိုဇာလင် သိရှိလေရာ ယောကျ်ားယောင် ဆောင်ထားသော ရိုဇာလင်ကလည်း ညီမလေးအတွက် တကယ့်ယောကျ်ားကလေးသဖွယ် သတ္တိရှိစွာနှင့် အကာအကွယ်ပေးရမည့် တာဝန်ကို ယူဖို့ ဆုံးဖြတ်ထားလေ၏။

ညီအစ်မနှစ်ယောက်သည် လမ်းခရီးတွင် တည်းခိုရန် ဟော်တယ်များ စားစရာ ထမင်းဆိုင်များ တွေ့ရှိကြရသော်လည်း အာဒင်တောအုပ်သို့ရောက်



www.burmeseclassi.com

www.burmeseclassic.com



သောအခါ၌မူ သက်တောင့်သက်သာ တည်းခိုနိုင်သည့် ဟော်တယ်များနှင့် ထမင်းဆိုင်များ မတွေ့ရတော့သည်ဖြစ်သောကြောင့် အခက်အခဲများ ကြုံရလေ၏။ အာဒင်တောအုပ်ထဲ၌ အစာအာဟာရအတွက် အခက်အခဲ ကြုံရသောအခါတွင် လမ်းတစ်လျှောက်လုံး ညီမကလေးအား ရွှင်ရွှင်ပျပျနှင့် ပျော်စရာစကားများဖြင့် ဖျော်ဖြေနိုင်ခဲ့သော ရိုဇာလင်မှာ ယခင်ကဲ့သို့ ညီမကလေးအား နှစ်သိမ့်စေရန် မတတ်နိုင်တော့ဘဲ ယောကျ်ားအသွင် ဝတ်ဆင်ထားပါလျက် ယောကျ်ားပီပီ မကျင့်နိုင်သည်နှင့် ချုံးချုံးချ၍ ငိုလိုက်ချင်တော့သည်ဟု ဝန်ခံပြောဆိုလေ၏။ ဆီလီယာကလည်း ရှေ့သို့ဆက်၍ ခြေတစ်လှမ်းမျှပင် မသွားနိုင်အောင် မောဟိုက်ပင်ပန်းလှပါသည်ဟု ဝန်ခံလေ၏။ ဤတွင် ယောကျ်ားယောင်ဆောင်သော ရိုဇာလင်သည် ခွန်အားနည်းသော နှမကလေးအား ချော့မော့အားပေးရန် မိမိ၌ တာဝန်ရှိသည်ဟု သတိရလာသည်နှင့် ဆီလီယာအား

"စိတ်အားတင်းလိုက်စမ်းပါ ညီမလေးရယ်၊ အာဒင်တောအုပ်ထဲသို့ ရောက်လာပြီမို့ ခရီးအဆုံးရောက်လုပါပြီ"ဟု ပြောလေ၏။

ဤသို့ ပြောရသော်လည်း ရိုဇာလင်မှာ ယောကျ်ားစင်စစ် မဟုတ်သဖြင့် သတ္တိရှိသယောင် ဟန်ဆောင်ရခြင်းမျှသာ ဖြစ်လေရကား၊ မကြာမီ အတွင်း၌ စိတ်အား လျော့မြဲတိုင်း လျော့သွားလေ၏။ စင်စစ်မှာလည်း အာဒင်တောအုပ်ထဲသို့ ရောက်ကြပြီး မှန်သော်လည်း နယ်စားကြီးကို ရှာရန်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ နယ်စားကြီးတို့ နေထိုင်ရာဌာနကို အတိအကျမသိကြသည်ဖြစ်သောကြောင့် ရှာဖွေရင်းပင် အစာငတ်၍ အသက်သေဆုံးနိုင်လေသည်။ သို့ရာတွင် ထိုအချိန်၌ ကံကောင်းထောက်မသည်ဖြစ်၍ ညီအစ်မနှစ်ယောက်တို့သည် အာဟာရလည်းပြတ်၊ ခရီးကလည်းပန်းလှ၍ မြက်ခင်းပေါ်တွင် ချည့်နဲ့နွမ်းနယ်စွာ ထိုင်လျက်ရှိကြစဉ် တောသားတစ်ယောက်လျှောက်လာသည်ကို မြင်ကြရလေ၏။ ထိုအခါ ရိုဇာလင်က ယောကျ်ားတစ်ယောက်ကဲ့သို့ လေသံ ခပ်တင်းတင်းနှင့် "ဗျို့လူကြီး၊ စားစရာ ရနိုင်တဲ့နေရာ မရှိဘူးလားဗျာ၊ ကျုပ်နှမကလေးက ခရီးပန်းပြီး ဆာရှာလွန်းလို့ပါ၊ ကျုပ်တို့ကို လိုက်ပို့စမ်းပါဗျာ" ဟု ပြောလေ၏။

ထိုသူကလည်း မိမိမှာ သိုးကျောင်းသားတစ်ယောက်၏ အစေခံမျှသာဖြစ်ကြောင်း၊ မိမိဆရာ၏ နေအိမ်မှာလည်း ရောင်းတော့မည့်ဆဲဆဲ ဖြစ်နေသဖြင့် စားစရာ ကောင်းကောင်း မရှိကြောင်း၊ သို့သော် မိမိနှင့်အတူ လိုက်ခဲ့ကြပါက ရှိသမျှကလေးကို တတ်အားသမျှ ကျွေးမွေးမည်ဖြစ်ကြောင်းပြောလေ၏။ ညီအစ်မ နှစ်ယောက်တို့လည်း စားစရာရတော့မည်ဆိုသဖြင့် အားရှိလာကြ၍ ထိုလူနောက်သို့ လိုက်သွားကြပြီးလျှင် ရောင်းလိုသည်ဆိုသော အိမ်နှင့်





သိုးများကိုပါ သိုးကျောင်းသားထံမှ ဝယ်ယူလိုက်၍ လိုက်ပို့သောလူကိုလည်း အစေခံအဖြစ်နှင့် ငှားရမ်းလိုက်ကြလေ၏။ ဤနည်းအားဖြင့် နေစရာအိမ်နှင့် တကွ စားနပ်ရိက္ခာများပါ ရရှိကြသည်တွင် ညီအစ်မနှစ်ယောက်တို့သည် ထိုအိမ်တွင်နေကြ၍ နယ်စားကြီးကိုရှာဖွေကြရန် ဆုံးဖြတ်ကြလေ၏။

ညီအစ်မနှစ်ယောက်တို့သည် သိုးကျောင်းသားထံမှ ဝယ်ယူထားသည့် အိမ်ကလေးတွင် အပန်းဖြေကြပြီးနောက် ၎င်းအိမ်ကလေး၌ သိုးထိန်းများသဖွယ် နေထိုင်နည်းမျိုးကို အသစ်အဆန်းအနေဖြင့် နှစ်သက်ကြ၍ မိမိတို့ကိုယ်ကို သိုးထိန်းမောင်နှမအဖြစ်နှင့်ပင်မြင်လာကြလေသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌မူကား ရိုဇာလင်သည် ဆာရိုလန်၏သား အော်လန်ဒိုကို စုံမက်ဖူးကြောင်း သတိရ၍ မိုင်ပေါင်းများစွာ ဝေးကွာသောအရပ်၌ နေထိုင်ရှာသည့် အော်လန်ဒိုဟူ၍ မျှော်မှန်းလွမ်းဆွတ်လျက်ရှိ၏။ စင်စစ်သော်ကား အော်လန်ဒိုမှာ အာဒင်တောအုပ်၌ပင် ရှိနေသည်ဖြစ်၍ အောက်ပါနည်းအတိုင်း ထူးဆန်းစွာ တွေ့ဆုံကြရလေ၏။

အော်လန်ဒိုမှာ ဆာရိုလန်၏ သားအငယ် ဖြစ်လေရာ ဆာရိုလန်သည် သေခါနီးဆဲဆဲတွင် အော်လန်ဒိုအား သားအကြီးဖြစ်သူ အော်လီဗာ၏ လက်သို့အပ်၍ မိမိတို့ အမျိုးအနွယ် ဂုဏ်သိက္ခာနှင့် လိုက်လျောအောင် ပညာသင်ကြားပေးရန် မှာထားခဲ့လေ၏။ အော်လီဗာမှာ ဆိုးဝါးယုတ်မာသော အစ်ကိုတစ်ယောက်ဖြစ်၍ ဖခင်၏ မှာထားချက်များကို မလိုက်နာဘဲ ညီကလေးအား ကျောင်းသို့လည်း မပို့၊ ပညာလည်း မသင်၊ ယုတ်ညံ့သော အိမ်တွင်းအလုပ်များ၌ စေခိုင်းကာ တော်သလို လျော့သလို ပစ်ထားခဲ့လေ၏။

သို့ရာတွင် ညီငယ်အော်လန်ဒိုသည် ဖခင်ဆာရိုလန်ကဲ့သို့ စိတ်ထားမြင့်မြတ်သော သဘာဝရှိသည်ဖြစ်၍ ကျောင်း၌ ပညာသင်ကြားခြင်း မပြုခဲ့ရစေကာမူ သင်ကြားခဲ့ရသော လူငယ်တစ်ယောက်သို့ပင် တတ်သိနားလည်မှုရှိလေ၏။ အစ်ကိုဖြစ်သူ အော်လီဗာသည် ညီဖြစ်သူ အော်လန်ဒို၏ လှပကြံ့ခိုင်သော ကိုယ်ကာယနှင့် ပင်ကိုယ်အားဖြင့် ခံ့ညားခြင်းရှိသော အမူအယာတို့ကို အနာလို မရှုစိမ့် ဖြစ်လာသည်နှင့် ညီကလေးကို သေကြောင်းကြံလေ၏။ အော်လီဗာသည် ညီကလေးအား လူပေါင်းများစွာကို သေအောင် သတ်ခဲ့သည့် နာမည်ကျော် နပန်းသမားကြီးနှင့် လုံးသတ်ရန် မြှောက်ပေးမည့် လူများကိုရှာ၍ ညီကလေးအား မြှောက်ပေးစေ၏။ ဤသို့သော အချင်းအရာကြောင့် အော်လန်ဒိုသည် ညီအစ်မနှစ်ယောက်တို့နှင့် တွေ့စဉ်က ချစ်ခင်ကြင်နာသူ ကင်းမဲ့၍ သေချင်ပါသည်ဟု ပြောခဲ့ခြင်းဖြစ်လေ၏။

နပန်းပွဲ၌ အော်လန်ဒိုသည် အော်လီဗာဖြစ်စေလိုသည့်အတိုင်း



www.burmeseclassi.com

www.burmeseclassic.com



အသက်မသေသည့်ပြင် ၎င်းကပင် အနိုင်ရသည်ဟု သိရသောအခါ ယုတ်မာသော အော်လီဗာသည် ညီကလေး အိပ်သောအခန်းကို မီးရှို့မည်ဟု ကြုံးဝါးလေ၏။ ၎င်းကြုံးဝါးချက်ကို ဆာရိုလင်၏ သစ္စာရှိသော အစေခံကြီးသိရှိရလေရာ ထိုလူကြီးသည် ဖခင်နှင့်တူသော ညီအငယ်အော်လန်ဒိုအား ချစ်ခင်သူဖြစ်သည့်အလျောက် နယ်စားကြီး၏ နပန်းပွဲမှ ပြန်လာသော, အော်လန်ဒိုအား လမ်းခွတ်လတ်မှ ကြိုဆိုတွေ့ဆုံ၍ ဝမ်းနည်းစွာနှင့် သတင်းပေးလေ၏။ အစေခံကြီးသည် အော်လန်ဒို၏ ကာယဗလနှင့် သူရသတ္တိကိုလည်းကောင်း၊ သိမ်မွေ့သော စိတ်နေသဘောထားနှင့် အရည်အချင်းကိုလည်းကောင်း ချီးကျူးပြောဆိုပြီးလျှင် နပန်းပွဲတွင် အနိုင်ရခဲ့ခြင်းအတွက် အကောင်းမဖြစ်ရဘဲ အဆိုးဖြစ်ပေါ်လာတော့မည့်အကြောင်း ပြောလေရာ အော်လန်ဒိုက မည်သည့်အဓိပ္ပာယ်နှင့် ပြောပါသနည်းဟု မေး၏၊ ထိုအခါ အစေခံကြီးက "ဆိုးရွားယုတ်မာသော အစ်ကိုကြီး အော်လီဗာသည် နပန်းပွဲ၌ ညီကလေးက အနိုင်ရခဲ့ခြင်းကို ဝမ်းမသာသည့်အပြင် ညီကလေး၏ နာမည်ကြီးလာခြင်းကို မနာလိုသဖြင့် ၎င်း၏အိပ်ခန်းကို မီးရှို့ရန် စီမံလျက်ရှိကြောင်း၊ သို့ဖြစ်၍ အိမ်သို့မပြန်ဘဲ ဤနေရာမှပင် ထွက်ပြေးတိမ်းရှောင်သင့်ကြောင်း အကြံပေးတိုက်တွန်းပြီးလျှင် မိမိ တစ်သက်လုံး စုဆောင်းထားခဲ့သည့် ငွေများကို အော်လန်ဒိုအားပေးအပ်လေ၏။

ထိုလူကြီးက ဆက်လက်၍ "ကျွန်ုပ်၌ တစ်သက်လုံး စုဆောင်းထားတဲ့ ကရောင်း၁ဂ၀၊ ငါးရာရှိပါတယ်။ အိုစာမင်းစာအတွက် ရည်မှန်းခဲ့သော်လည်း သခင်ကလေးအား ကျွန်ုပ်ပေးပါရစေ၊ အားမနာပါနှင့်၊ ယူသာယူပါ။ ကျွန်ုပ်ကိုယ်တိုင်လည်း သခင်လေးနှင့်အတူလိုက်၍ အမှုကြီးငယ်ကို ဆောင်ရွက်ပါရစေ။ အသက်ကြီးသော်လည်း လူငယ်တစ်ယောက်ကဲ့သို့ ဖျတ်လတ်လျင်မြန်ပါသေးသည်။ ခိုင်းလိုရာခိုင်းပါ၊ စိတ်တိုင်းကျအောင် ဆောင်ရွက်ပေးပါမည်"ဟု ပြောလေ၏။

ထိုအခါ အော်လန်ဒိုက အစေခံကြီး၏ ကြင်နာမှုနှင့် သစ္စာရှိခြင်းတို့ကို ချီးကျူးပြောဆို၍ မိမိနှင့် အတူလိုက်လိုသည်ဆိုခြင်းကို လက်ခံပြီးလျှင် ထိုလူကြီးပေးသော ငွေများအကုန်မီ မိမိတို့နှစ်ယောက်အတွက် စားသောက်လောက်အောင် အလုပ်အကိုင်တစ်ခုခု ရနိုင်ဖို့ မျှော်လင့်ကြောင်းပြောလေ၏။ ထိုသူကြီး၏အမည်မှာ အာဒမ်ဟု ခေါ်လေသည်။

အော်လန်ဒိုနှင့် အာဒမ်တို့သည် မည်သည့်အရပ်သို့ သွားမည်ဟု ရည်ရွယ်ချက်မရှိဘဲ ခြေဦးတည့်ရာသို့ ထွက်လာခဲ့ကြရာ အာဒင်တောအုပ်သို့ ရောက်လာကြလေ၏။ ထိုနေရာတွင် ဆရာ၊ တပည့်နှစ်ယောက်တို့မှာ ရိုဇာလင်တို့ ညီအစ်မနှစ်ယောက်ကဲ့သို့ပင် အစာငတ်မွတ်သော ဒုက္ခနှင့်ကြုံတွေ့ရလေ၏။





၎င်းတို့သည် လူနေအိမ်ခြေ တွေ့ကောင်းပါ၏ဟူသော မျှော်လင့်ချက်ဖြင့် လိုက်လံရှာဖွေကြရာ နောက်ဆုံးတွင် ခရီးပန်းလှ၍ အစာငတ်သော အဖြစ်သို့ ရောက်နေကြလေပြီ။ အာဒမ်က "ကျွန်ုပ် ဆာလှပါပြီ သခင်ကလေး၊ သေရပါတော့မည်။ ခြေမလှမ်းနိုင်တော့ပါ"ဟုဆိုကာ မြေပေါ်သို့ ပစ်လှဲလိုက်လေသည်။ အာဒမ်၏ စိတ်၌ ဤနေရာသည် မိမိ၏ သင်္ချိုင်းပေတည်းဟု ယူဆပြီးလျှင် နောက်ဆုံးနှုတ်ဆက်ခြင်းအနေဖြင့် နှုတ်ဆက်လေသည်။ အော်လန်ဒိုသည် အားအင်ကုန်ခမ်းလျက်ရှိသော အာဒမ်ကို ပွေ့ချီလျက် သစ်ပင်ရိပ်သို့ ဆောင်ယူသွားပြီးလျှင် "မသေနိုင်သေးပါဘူး အာဒမ်၊ သေစကားမပြောပါနဲ့၊ ဒီနေရာမှာ အနားယူပြီး အပန်းဖြေလိုက်ရရင် အားအင်ပြည့်လာပြီး ကျွန်တော်နဲ့အတူ လိုက်နိုင်ဦးမှာပါဗျာ၊ အားမငယ်ပါနှင့်"ဟု အားပေးစကား ပြောလေ၏။

ထို့နောက် အော်လန်ဒိုသည် အစာရှာရန်အတွက် ထွက်သွားလေရာ တောအုပ်ကြီးထဲတွင် နယ်စားကြီးနေထိုင်ရာ အရပ်သို့ ရောက်သွားလေသည်။ ထိုအခိုက်၌ နယ်စားကြီးနှင့် ၎င်း၏ မိတ်ဆွေများသည် သစ်ပင်ကြီးများအောက်၌ မြက်ခင်းပေါ်တွင်ထိုင်ကာ ညစာစားသောက်လျက် ရှိကြ၏။

အလွန်တရာ ဆာလောင်မွတ်သိပ်လျက်ရှိသော အော်လန်ဒိုသည် ဖြစ်ချင်ရာ ဖြစ်စေဟူသော စိတ်ထားမျိုး သက်ဝင်လျက်ရှိသည်ဖြစ်၍ မိမိဓားကိုဆွဲထုတ်ကာ စားစရာများကို လုယူမည်အကြံနှင့် "မစားကြနဲ့ဗျို့၊ ပြန်ကြဒေါ့၊ ခင်ဗျားတို့ စားစရာတွေကို ကျုပ် ယူရလိမ့်မည်"ဟုဆို၏။ ထိုအခါ နယ်စားကြီးက ဤလူငယ်သည် ဒုက္ခရောက်သောကြောင့် ရမ်းကားခြင်းဖြစ်လေသလော၊ သို့တည်းမဟုတ် လူယဉ်ကျေးတို့၏ အမှုအရာကို နားမလည်သောကြောင့်ပေလောဟုမေး၏။ အော်လန်ဒိုကလည်း အစာပြတ်သဖြင့် သေလုမတတ် ငတ်မွတ်နေကြောင်းပြောရာတွင် နယ်စားကြီးက ၎င်းတို့နှင့်အတူ ဝင်၍စားရန် ဖိတ်ခေါ်လေသည်။ အော်လန်ဒိုသည် နယ်စားကြီး၏ ယဉ်ကျေးသိမ်မွေ့သော စကားများကို ကြားလိုက်သောအခါ မိမိ၏ ကြမ်းတမ်းသော စကားများအတွက် အရှက်ရ၍ မိမိဓားကို အိမ်ထဲသို့ ပြန်သွင်းထားလိုက်သည်။

ထို့နောက် အော်လန်ဒိုသည် "သည်းခံပါခင်ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ဒီဒေသမှာ လူရိုင်းတွေချည်းမှတ်လို့ ကျွန်တော်က ကြမ်းကြမ်းတမ်းတမ်းပြောမိခြင်းဖြစ်ပါတယ်။ ကျွန်တော်က အထင်မှားပြီး ကြမ်းတမ်းသော စကားကိုပြောမိစေကာမူ ဘကြီးတို့ လူစုဟာ လူယဉ်ကျေးများဖြစ်ခဲ့ပါလျှင် ဒုက္ခသည်ဖြစ်တဲ့ ကျွန်တော့်အား သနားကရုဏာထားပြီး ကူညီတော်မူကြပါ"ဟု ပြောလေ၏။ ထိုအခါ နယ်စားကြီးက "ငါတို့ကား အရိုင်းအစိုင်းများမဟုတ်၊ မြို့ကြီးသား လူယဉ်ကျေးများဖြစ်ကြသည်။ ငါတို့နှင့်အတူထိုင်၍ သင်အလိုရှိ



www.burmeseclassic.com

www.burmeseclassic.com



သလောက် စားပါလေ"ဟု ဖိတ်ခေါ်၏။ အော်လန်ဒိုက "ကျွန်တော်နှင့်အတူ အဘိုးကြီးတစ်ယောက် ပါပါသေးသည်။ အသက်ကလည်းကြီး၊ ခရီးကလည်း ပန်း၊ အစာကလည်း ပြတ်နေသောကြောင့် လဲနေရစ်ခဲ့ပါသည်။ သူမစားရသေးဘဲ ကျွန်တော် မစားပါရစေနဲ့"ဟု ပြော၏။ နယ်စားကြီးက "သွားပါ။ မောင့်အဘိုးကြီး ခေါ်ချေပါ။ မောင်တို့ မရောက်မချင်း ငါတို့မစားသေးဘဲ စောင့်နေပါ့မည်"ဟု ပြော၏။ ထိုအခါ အော်လန်ဒိုသည် ထိုနေရာမှ အပြေးအလွှားထွက်လာခဲ့သည်။ အာဒမ်ကို ပွေ့ချီ၍ ခေါ်လာခဲ့ရာ နယ်စားကြီးက "လာကြပါ၊ ထိုင်ကြပါ၊ နှစ်ယောက်စလုံး စားနိုင်ပါတယ်"ဟု ဖိတ်ခေါ်လေ၏။ ခရီးပန်းလာကြသော အော်လန်ဒိုနှင့် အာဒမ်တို့သည် နယ်စားကြီးက ကျွေးမွေးသော အစားအစာများကို စားသောက်ကြရသည်နှင့် အားအင်ပြည့်တင်း၍ ကြည်လင်ရွှင်ပျလာကြလေ၏။

နယ်စားကြီးက အော်လန်ဒိုအား မည်သူဖြစ်ပါသနည်းဟု မေး၏။ မိမိ၏ မိတ်ဆွေဟောင်း ဆာရိုလန်ဒီဗွိုက်(စ်)၏ သားဖြစ်ကြောင်း သိရသောအခါ မိမိတို့နှင့် အတူနေထိုင်ကြရန် ဖိတ်ခေါ်သည်ဖြစ်၍ အော်လန်ဒိုနှင့် အာဒမ်တို့သည် နယ်စားကြီးတို့ လူစုနှင့်အတူ နေထိုင်ကြလေ၏။

အော်လန်ဒိုတို့ ဆရာတပည့် ရောက်လာကြခြင်းမှာ ရိုဇာလင်တို့ ညီအစ်မ ဆိုက်ရောက်၍ သိုးထိန်းမောင်နှမနှစ်ယောက်အဖြစ်နှင့် အိမ်ကလေးတွင် နေထိုင်ကြသည့်နောက် များမကြာမီအတွင်း ဖြစ်လေသည်။

ရိုဇာလင်တို့ ညီအစ်မသည် သိုးကျောင်းထွက်ကြသောအခါများ၌ သစ်ပင်ကြီး၏ ပင်စည်တွင် 'ရိုဇာလင်' အမည်ထွင်းထားသည်များကို တွေ့ရ၏။ ညီအစ်မနှစ်ယောက်သည် မည်သူတို့က ထွင်းထားခြင်း ဖြစ်လေသနည်းဟု အံ့ဩတွေးတောလျက် ရှိကြ၏။ တစ်နေ့တွင် အော်လန်ဒိုနှင့် ဆုံမိကြ၍ ၎င်း၏ လည်ပင်း၌ ရိုဇာလင်ပေးထားသည့် ရွှေကြိုးတစ်ကုံးဆွဲထားခြင်းကိုလည်း တွေ့မြင်ရလေသည်။

အော်လန်ဒိုသည် သိုးကျောင်းသား ယောကျာ်းကလေးမှာ ရိုဇာလင်ဖြစ်သည်ဟု မထင်မိပေ။ ရိုဇာလင်၏ နှိမ့်ချစွာ လိုက်လျောခြင်း၊ ကြင်နာသော အမူအရာပြခြင်းတို့ကြောင့် အော်လန်ဒိုသည် ရိုဇာလင်အား ချစ်ခင်စုံမက်ခဲ့ရာတွင် သစ်ပင်ကြီးများ၏ ပင်စည်၌ ရိုဇာလင်၏အမည်ကို ထွင်းထုခြင်း၊ တေးထပ်များ စီကုံးရေးသားခြင်း စသည်ဖြင့် အချိန်ကုန်လျက်ရှိ၏။ ဤကဲ့သို့ မသိစေကာမူ သိုးကျောင်းသားလူငယ်၏ ယဉ်ကျေးသောအမူအရာကိုသဘောကျသည်နှင့် အော်လန်ဒိုသည် ထိုလူငယ်နှင့် စကားပြော၍ ရိုဇာလင်နှင့် တူလှသည်ဟု အောက်မေ့၏။ သို့ရာတွင် သိုးကျောင်းသားကလေးမှာ ရိုဇာလင်၏





ခံ့ညားသော အမူအရာမျိုး မရှိဟူ၍လည်း ထင်မိ၏။ အကြောင်းမူကား သိုးကျောင်းသားကလေးသည် လူပျိုပေါက်အရွယ်တွင် တွေ့မြင်ရတတ်သည့် ရဲတင်းသော ဟန်အမူအရာမျိုး ဆောင်လျက်ရှိသောကြောင့်ပေတည်း။

ရိုဇာလင်က ပြုံးတုံ့တုံ့ ပြီတီတီ မျက်နှာထားဖြင့် ပရိယာယ်ဝေဝုစ် အသုံးပြုကာ ဘယ်လိုလူတစ်ယောက်မဆိုနိုင် သစ်ပင်များပေါ်တွင် 'ရိုဇာလင်' အမည်ကို ထွင်းထုခြင်း၊ တေးထပ်များစီကုံးပြီး ချုံများ၌ ချိတ်ဆွဲထားခြင်းဖြင့် အချိန်ဖြုန်းနေခြင်းကို တွေ့ရသည်ဟု အော်လန်ဒိုအား ပြောပြလေ၏။ ထို့နောက် ဆက်လက်၍ သိုးကျောင်းသားယောင် ဆောင်ထားသော ရိုဇာလင်က "သည်လူကို ကျွန်တော် တွေ့စမ်းချင်တယ်ဗျာ၊ တွေ့များတွေ့ရင်တော့ သူမှာ အချစ်ရူး ရူးတဲ့ရောဂါပျောက်အောင် အကြံကောင်းတစ်ခုပေးချင်တယ်" ဟု ပြောလေ၏။

အော်လန်ဒိုကလည်း အချစ်ရူး ရူးသောလူမှာ မိမိပင်ဖြစ်ကြောင်း ဝန်ခံ၍ အကြံကောင်းပေးချင်သည်ဆိုသည့်အတိုင်း မိမိအားပေးပါရန် တောင်းပန်လေ၏။ ရိုဇာလင်ပေးသောအကြံမှာ အော်လန်ဒိုသည် မိမိတို့မောင်နှမ နေထိုင်ကြသော အိမ်ကလေးသို့ နေ့တိုင်းလာသင့်ကြောင်း၊ ထိုအခါ မိမိက ရိုဇာလင်ဟန်ဆောင်၍ ရိုဇာလင်အမှတ်ဖြင့် လူပျိုလှည့်ရမည်ဖြစ်ကြောင်း၊ မိမိကလည်း မိန်းကလေးတစ်ယောက်အနေဖြင့် စကားတုံ့ပြန်ပြောဆိုရာတွင် လူပျိုလှည့်သောသူမှာ ကိုယ့်ဟာကိုယ်ရှက်ပြီး ချစ်ကြိုက်သောရောဂါ ပျောက်ကင်းသွားလိမ့်မည်ဟု ပြောပြလေ၏။ အော်လန်ဒိုသည် သိုးကျောင်းသား၏ ကုပုံကုနည်းကို များစွာ မယုံကြည်လှသော်လည်း သူ့အကြံအတိုင်း ၎င်းတို့ အိမ်ကလေးသို့ နေ့တိုင်းလာ၍ လူပျိုလှည့်ချင်ယောင်ဆောင်ရန် သဘောတူလေ၏။ သို့ဖြစ်၍ အော်လန်ဒိုသည် သိုးကျောင်းသား မောင်နှမတို့ အိမ်သို့ နေ့တိုင်းလာ၍ လူပျိုက အပျိုကို ချစ်ခင်အောင် ပြောရာ၌ အသုံးပြုသော မြှောက်ပင့်စကားများဖြင့် လူပျိုလှည့်လေ၏။ သို့ရာတွင် သိုးကျောင်းသားသည် အော်လန်ဒိုအား အချစ်ရူး ရူးသည့်ရောဂါမှ ကင်းရှင်းအောင်ကုသပေးနိုင်သည့်လက္ခဏာမရှိချေ။

အော်လန်ဒိုသည် သိုးကျောင်းသားအား ရိုဇာလင်ပင်ဖြစ်သည်ဟု မရိပ်မိသည်နှင့် လူပျိုလှည့်တမ်းကစားသည်ဟူ၍ပင် မှတ်ထင်မိသော်လည်း ရိုဇာလင်အား မိမိပြောချင်သောစကားများကို ထုတ်ဖော်ပြောဆိုခွင့်ရသောကြောင့် နှစ်ဦးနှစ်ဖက်ပင် ကျေနပ်မှု ရှိကြလေ၏။ အော်လန်ဒိုမှာ ပြောချင်သော စကားကိုပြောရ၍ ကျေနပ်ခြင်းဖြစ်ရာ သိုးကျောင်းသားကလည်း ထိုစကားများသည် မိမိ (ရိုဇာလင်) အတွက် ပြောခြင်းဖြစ်သည်ဟု နှစ်သိမ့်ကျေနပ်ခြင်းရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤနည်းအားဖြင့် သိုးကျောင်းသားအသွင် ဆောင်သော ညီအစ်မနှစ်ယောက်နှင့် အော်လန်ဒိုတို့သည် ရက်ပေါင်းများစွာ အပျင်းဖြေလျက် ရှိကြလေ၏။ သဘောကောင်းသော ညီမ ဆီလီယာသည် ရိုဇာလင် ပျော်ရွှင်ခြင်းကို တွေ့မြင်ရသောအခါ ရိုဇာလင်တို့၏ လူပျိုလှည့်တမ်းကစားခြင်းကို အချိန်ဖြုန်းသည်ဟု သဘောမထားဘဲ သူ့သဘောအတိုင်း လုပ်ပါစေဟု အောက်မေ့ကာ အလိုလိုက်ထားလေ၏။ ရိုဇာလင်၏ ဘခင်ရှိနေသောနေရာကို ညီအစ်မနှစ်ယောက်တို့သည် အော်လန်ဒိုထံမှ သိရှိရပြီးဖြစ်သော်လည်း ဆီလီယာသည် ရိုဇလင်အား ဘခင်နှင့် မဆက်သွယ်ရသေးဘဲ အချိန်ဖြုန်းလျက်ရှိသည်ဟု ရိုဇာလင်အား သတိမပေးတော့ချေ။

တစ်နေ့သ၌ သိုးကျောင်းသားယောင် ဆောင်သည့် ရိုဇာလင်သည် ပြည်နယ်မှ နှင်ထုတ်ခြင်းခံရသော ဘခင်နှင့်တွေ့၍ စကားပြောကြရာ နယ်စားကြီးက သိုးကျောင်းသား၏ အနွယ်အဆက်ကိုမေး၏။ သိုးကျောင်းသားက မိမိမှာ နယ်စားကြီးကဲ့သို့ပင် မြင့်မြတ်သော အဆက်အနွယ်ရှိသူတစ်ယောက်ဖြစ်ကြောင်း ပြောလေရာ နယ်စားကြီးသည် သိုးကျောင်းသားကား မည်သူမည်ဝါဖြစ်သည်ဟု မသိသေးသည်နှင့် ပြုံးရယ်မိလေ၏။ ရိုဇာလင်သည် နယ်စားကြီး၏ အနှောင့်အယှက်ကင်းမဲ့၍ ငြိမ်းချမ်းသော အနေအထိုင်ကို တွေ့မြင်ရသည်နှင့် အကြောင်းချင်းရာအစုံအလင်ကို ရှင်းလင်းပြောပြခြင်းမပြုသေးမူ၍ ဤအတိုင်းပင် ရက်အနည်းငယ်မျှ ဆက်လက်နေထိုင်ရန် ဆုံးဖြတ်လေ၏။

တစ်နံနက်၌ အော်လန်ဒိုသည် ရိုဇာလင်တို့၏ အိမ်ကလေးသို့ အလည်သွားစဉ် လမ်းခရီး၌ မြေကြီးပေါ်တွင် အိပ်ပျော်လျက်ရှိသော လူတစ်ယောက်ကို တွေ့၍ ထိုလူ၏ လည်ပင်း၌ မြွေစိမ်းကြီးတစ်ကောင် ရစ်ပတ်လျက်ရှိခြင်းကို မြင်ရ၏။ မြွေကြီးလည်း အော်လန်ဒိုကို မြင်သည်နှင့် ချုံထဲသို့ ဝင်ပြေးလေ၏။ အော်လန်ဒိုသည် အနီးသို့ ချဉ်းကပ်သောအခါ ခြင်္သေ့တစ်ကောင်သည် မြေပေါ်တွင် ဝပ်လျက် ကြောင်တစ်ကောင်ကဲ့သို့ မြေပေါ်၌ ဦးခေါင်းချကာ ချောင်းလျက်ရှိခြင်းကို တွေ့ရ၏။ ခြင်္သေ့များသည် လူသေကိုသော်လည်းကောင်း၊ အိပ်ပျော်နေသူကိုလည်းကောင်း စားလေ့မရှိဟု ဆို၏။ အော်လန်ဒိုမှာ လူတစ်ယောက်အား နှစ်ထပ်ကွမ်း ဘေးအန္တရာယ်မှ ကယ်ဆယ်ရန်အတွက် ရောက်လာရခြင်းဖြစ်သည့်လက္ခဏာရှိ၏။ သို့ရာတွင် အော်လန်ဒိုသည် အိပ်ပျော်နေသောသူ၏ မျက်နှာကို သေချာစွာ ကြည့်လိုက်သောအခါတွင် မိမိအား ရက်စက်စွာ မီးရှို့သတ်ရန် ခြိမ်းခြောက်ဖူးသည့် အစ်ကိုအရင်း အော်လီဗာဖြစ်ကြောင်းတွေ့ရလေ၏။ ပထမ၌ အော်လန်ဒိုသည် အော်လီဗာအား ခြင်္သေ့စားစေတော့ဆိုကာ ပစ်ထားခဲ့မည် ကြံသေး၏။ သို့ရာတွင် အော်လန်ဒိုမှာ ကြင်နာ





တတ်သော သဘာဝရှိသည့်ပြင် အစ်ကိုအရင်း ဖြစ်ခြင်းကိုလည်း ဆင်ခြင်မိသည် ဖြစ်သောကြောင့် အော်လီဗာအပေါ်၌ မကျေမချမ်း ရှိသော ဒေါသစိတ်ကို ချိုးနှိမ်နိုင်လေ၏။

သို့ဖြစ်၍ အော်လန်ဒိုသည် မိမိ၏ဓားကို ဆွဲထုတ်ကာ ခြင်္သေ့ကို ထိုးခုတ်သတ်ဖြတ်လိုက်လေ၏။ ဤနည်းအားဖြင့် အော်လန်ဒိုသည် အော်လီဗာအား မြွေကြီး၏ အန္တရာယ်နှင့် ခြင်္သေ့၏ အန္တရာယ်တို့မှ ကယ်ဆယ်လိုက်ရလေပြီ။ သို့ရာတွင် ခြင်္သေ့သည် အော်လန်ဒိုနှင့် ထွေးလုံး သတ်ပုတ်ကြစဉ် အော်လန်ဒို၏ လက်တစ်ဘက်ကို ကုတ်ခြစ်မိခြင်းကြောင့် ဒဏ်ရာရစေခဲ့လေ၏။ အော်လန်ဒိုသည် ခြင်္သေ့နှင့် သတ်ပုတ်လျက်ရှိစဉ် အော်လီဗာနိုးလာ၍ မိမိပြစ်မှားခဲ့မိသော အော်လန်ဒိုက ခြင်္သေ့တစ်ကောင်၏ ရန်မှုခြင်းမှ အသက်ကိုစွန့်ကာ မိမိအား ကယ်ဆယ်ခြင်းအဖြစ်ကို သိရှိသည်နှင့် ရှက်လည်းရှက်၊ နောင်တလည်း ရ၍ မျက်ရည်များကျကာ အော်လန်ဒိုအား မိမိ၏အပြစ်ကို ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်လေ၏။

အော်လန်ဒိုသည် အစ်ကိုကြီး၏ နောင်တတရားရခြင်းကို ဝမ်းသာလှ၍ အလွယ်တကူပင် ခွင့်လွှတ်လိုက်လေ၏။ ညီအစ်ကိုနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ကြလေရာ ထိုအချိန်မှစ၍ အော်လီဗာသည် ညီကလေးကို တွေ့အောင်ရှာပြီး သတ်ဖြတ်ရန် ဤတောအုပ်ထဲသို့ လိုက်လံရှာဖွေခဲ့ခြင်း ဖြစ်သော်လည်း ညီအစ်ကိုအရင်းပီပီ ချစ်ခင်ကြင်နာသောစိတ် သက်ဝင်လာခဲ့လေ၏။

အော်လန်ဒို၏ လက်မောင်း၌ ရရှိသောဒဏ်ရာမှ သွေးများ ယိုစီးခြင်းကြောင့် အော်လန်ဒိုမှာ ခွန်အားနည်း၍ သိုးကျောင်းသား မောင်နှမ၏ အိမ်သို့ အလည်သွားရန် မတတ်နိုင်ဘဲ ရှိသည်တွင် အော်လီဗာအား ထိုအိမ်ကလေးသို့ သွား၍ မိမိ၌ထိခိုက်သော ဒဏ်ရာအကြောင်းကို ပြောပြရန် စေလွှတ်လိုက်လေ၏။

အော်လီဗာသည် စေခိုင်းသည့်အတိုင်းသွား၍ မိမိအသက်ကို အော်လန်ဒိုက ကယ်ဆယ်လိုက်ကြောင်း သိုးကျောင်းသားများအား ပြောပြပြီးနောက် အော်လန်ဒို၏ သူရသတ္တိအကြောင်း၊ မိမိကံကောင်း၍ အသက်ချမ်းသာရာရကြောင်းများကို ပြောပြပြီးလျှင် မိမိသည် အော်လန်ဒို၏ အစ်ကိုအရင်း ဖြစ်၍ ညီကလေးအား ရက်စက်စွာ သတ်ဖြတ်ဖို့ ကြံစည်မိကြောင်း ယခုမှာမူ မိမိတို့ ညီအစ်ကိုနှစ်ယောက် နားလည်မှုရှိကြ၍ ရန်ပြေပျောက်ပြီဖြစ်ကြောင်း ချစ်ခင်ကြင်နာစွာရှိကြောင်း ပြောပြလေ၏။

အော်လီဗာက မိမိအပြစ်များကို ရိုးသားစွာ ဝန်ခံနောင်တတရားရ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းအကြောင်းကို ဟုတ်မှန်သမျှအတိုင်း ဖြောင့်ချက်ပေးခြင်းများကို ဆီလီယာ၏ ကြင်နာတတ်သော စိတ်နှလုံး၌ များစွာထိခိုက်သည်ဖြစ်၍ အော်လီဗာအပေါ်၌ ကရုဏာသက်ရာမှသည် ချစ်ကြိုက်သော အဖြစ်သို့ မကြာမတင်ကူးပြောင်းသွားလေ၏။ အော်လီဗာကလည်း မိမိအပေါ်၌ ဆီလီယာ၏ ကရုဏာသက်ခြင်းကို တွေ့မြင်ရသည်နှင့် ဆီလီယာ့အပေါ်တွင် ချက်ချင်းပင် မေတ္တာသက်ဝင်လေတော့၏။ အော်လီဗာနှင့် ဆီလီယာသည် တစ်ယောက်နှင့်တစ်ယောက် မေတ္တာစိတ် ပျံ့နှံ့ကူးစက်လျက် ရှိကြစဉ် ရိုဇာလင်သည် အော်လန်ဒိုဒဏ်ရာရသည်ဆိုသော သတင်းကို ကြားသိရသည်နှင့် မူးမေ့သွားလေ၏။ သိုးကျောင်းသားယောင်ဆောင်သော ရိုဇာလင်သည် မူးမေ့ရာမှ သတိရလာသောအခါ မိမိမှာ အော်လန်ဒိုလာမည်ဆို၍ မိန်းမယောင်ဆောင်ထားရသည့်အတွက် မိန်းမနှင့် တူစေခြင်းငှာ မူးမေ့ချင်ယောင် ဆောင်ရခြင်းဖြစ်ကြောင်း ပြောပြ၍ အော်လီဗာအားလည်း "ကျွန်တော် မူးချင်ယောင်ဆောင်တာ ဘယ်လောက်သဘာဝကျတယ်ဆိုတာကို ခင်ဗျားညီကို ပြောပြလိုက်ပါ"ဟု ပြောလေ၏။ သို့ရာတွင် အော်လီဗာကမူ သိုးကျောင်းသား၏ တကယ်ဖျော့တော့သော မျက်နှာကိုမြင်ရ၍ မူးမေ့ခြင်းသည် ဟန်ဆောင်ခြင်းမဟုတ်၊ တကယ်ဖြစ်သည်ကို ရိပ်မိသည်နှင့် စိတ်ဓာတ်ပျော့သော သိုးကျောင်းသားကလေးပေတကားဟု အောက်မေ့မိ၏။ သို့ဖြစ်၍ အော်လီဗာက "ခင်ဗျား ဟန်ဆောင်တာဖြစ်ရင် စိတ်တင်းတင်းထားပြီး ယောကျ်ားနှင့်တူအောင် ဟန်ဆောင်ပါလားဗျာ"ဟု ပြောရာ သိုးကျောင်းသားက "ကျွန်တော်လည်း ကြိုးစားနေတာပဲ"ဟု မှန်သည့်အတိုင်း ပြန်ပြောသော်လည်း အော်လီဗာက မရိပ်မိချေ။ အကြောင်းမူကား အော်လီဗာသည် ရိုဇာလင်အား တကယ့် သိုးကျောင်းသားကလေးဟု မှတ်ထင်လျက်ရှိပေသောကြောင့်တည်း။

အော်လီဗာသည် သိုးကျောင်းသား မောင်နှမ၏ အိမ်၌ အချိန်ကြာရှည်စွာ လည်ပတ်ခဲ့၍ အော်လန်ဒိုထံသို့ ပြန်ရောက်လာသောအခါ၌ သတင်းစကားများစွာ ပါလာခဲ့လေ၏။ အော်လန်ဒို၏ ဒဏ်ရာအကြောင်းကို ပြောပြလိုက်သောအခါ၌ သိုးကျောင်းသားကလေး မူးမေ့သွားသည့် သတင်းအပြင် အော်လီဗာက သိုးကျောင်းသူကလေးနှင့် မိမိ ချစ်ကြိုက်ခဲ့ကြောင်း၊ မိန်းကလေးကလည်း မိမိ၏ မေတ္တာကို တုန့်ပြန်ကြောင်း ပြောပြလေ၏။ ဤမျှသာမကသေး။ အော်လီဗာက မိမိသည် သိုးကျောင်းသူကလေးကို လက်ထပ်၍ မိမိကိုယ်တိုင် သိုးကျောင်းသားအဖြစ်နှင့် ဤဒေသ၌ နေတော့မည့်အကြောင်း၊ မိမိတို့ နေရပ်၌ရှိသော အိမ်ယာနှင့်တကွ ပစ္စည်းဥစ္စာရှိသမျှကို အော်လန်ဒိုအား ပေးခဲ့တော့မည်ဖြစ်ကြောင်းကိုလည်း ပြောပြလေ၏။





ထိုအလါ အော်လန်ဒိုကလည်း ကျွန်တော် သဘောတူတယ် အစ်ကိုကြီး၊ နက်ဖြန်လက်ထပ်ချင် ထပ်နိုင်တယ်။ ကျွန်တော်က နယ်စားကြီးနဲ့ သူ့မိတ်ဆွေများကို ဖိတ်ခေါ်ပေးမယ်။ ခင်ဗျား သိုးကျောင်းသူမကိုသာ သဘောတူဖို့ ပြောချေတော့။ အိမ်မှာ သူတစ်ယောက်ထဲ ရှိလို့ ပြောဖို့ အခွင့်သာတယ်။ ဟောဟိုမှာ သူ့မောင် လာနေတယ်မြင်လား"ဟု ပြောလေ၏။ အော်လီဗာသည် သိုးကျောင်းသမီး (ဆီလီယာ)ရှိရာသို့သွားလေရာ သိုးကျောင်းသား (ရိုဇာလင်)သည်လည်း အောလန်ဒို၏ ဒဏ်ရာအကြောင်းကို မေးရန် ဝင်လာလေ၏။

အော်လန်ဒိုနှင့် သိုးကျောင်းသားသည် အော်လီဗာနှင့် သိုးကျောင်းသမီးတို့၏ လျင်မြန်လှသော မေတ္တာအကြောင်းကို ပြောပြလျက် ရှိကြစဉ် အော်လန်ဒိုက မိမိအစ်ကိုအား နက်ဖြန်ပင် လက်ထပ်ရန် အကြံပေးလိုက်ကြောင်း၊ မိမိလည်း ရိုဇာလင်နှင့် နက်ဖြန်ပင် နှစ်စုံတွဲ လက်ထပ်ရလျှင် ကောင်းလေစွဟု ဆုတောင်းလျက်ရှိကြောင်း ပြောလေ၏။ သိုးကျောင်းသားသည် အော်လန်ဒို၏ ဆန္ဒကို သဘောကျ၍ "ခင်ဗျားက ရိုဇာလင်ကို အဟုတ်တကယ် ချစ်ရိုးမှန်လျှင် ခင်ဗျားဆန္ဒအတိုင်း ပြည့်ပါစေ့မယ်၊ နက်ဖြန်မှာ ရိုဇာလင်ကို ကျွန်တော်ခေါ်ပေးပြီး ခင်ဗျားနဲ့ လက်ထပ်ဖို့ သဘောတူပါစေ့မယ်လို့ ကျွန်တော် တာဝန်ယူပါတယ်"ဟု ပြောလေ၏။

သိုးကျောင်းသား ပြောသည့်အတိုင်း ဖြစ်စေနိုင်ဖို့မှာ အလွန်ခဲယဉ်းသော အလုပ်တစ်ခု ဖြစ်လိမ့်မည်ဟု အော်လန်ဒိုက မှတ်ထင်လျက်ရှိခြင်းကို သိမြင်သည်ဖြစ်၍ သိုးကျောင်းသားက မိမိမှာ ဦးလေးဖြစ်သူ နာမည်ကျော်မှော်ဆရာကြီးထံမှ ပညာသင်ယူထားသည်ဖြစ်၍ မှော်အတတ်အားဖြင့် ဆန္ဒအတိုင်း ဖြစ်စေအောင် စီမံဆောင်ရွက်နိုင်ပါသည်ဟု ပြောလေ၏။

တန်းတန်းစွဲ ချစ်ကြိုက်လျက်ရှိသော အော်လန်ဒိုသည် သိုးကျောင်းသား၏ စကားကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်လျက်ရှိသည်နှင့် တကယ်အတည်ပြောခြင်း ဟုတ်ပါ၏လောဟု မေးရာ သိုးကျောင်းသားက "ခက်မှခက်ရပလေဗျာ၊ အတည်ပြောတာပါဗျ။ ဝတ်ကောင်းစားလှ ဝတ်ထားပြီး ခင်ဗျားနယ်စားကြီးနဲ့ အဖွဲ့ကိုသာ ဖိတ်ထားပါ။ ခင်ဗျားက ရိုဇာလင်နဲ့ နက်ဖြန်မှာတကယ် လက်ထပ်ချင်တယ် ဆိုလျှင် ရိုဇာလင် ရောက်လာပါစေ့မယ်"ဟု ပြောလေ၏။

နောက်တစ်နေ့နံနက်၌ အော်လီဗာသည် ဆီလီယာ၏ သဘောတူညီချက်ရရှိပြီး ဖြစ်၍ နယ်စားကြီး၏ ရှေ့မှောက်သို့ ဝင်လာကြရာ အော်လန်ဒိုလည်း ၎င်းတို့နှင့်အတူ လိုက်ပါလာလေ၏။

ပရိသတ်တို့သည် နှစ်စုံတွဲ လက်ထပ်ပွဲသို့ ရောက်နေကြစဉ် သူတို့



www.burmeseclassic.com

www.burmeseclassic.com



သမီးမှာ တစ်ယောက်တည်းသာ ရောက်သေးသည် ဖြစ်သောကြောင့် အမျိုးမျိုး အဖုံဖုံ တွေးတောပြောဆိုလျက် ရှိကြရာ အများအားဖြင့်မူ သိုးကျောင်းသားသည် အော်လန်ဒိုအား ပြက်ရယ်ပြုကာ တစ်ပတ်ရိုက်ခြင်းဖြစ်သည်ဟု ယူဆကြလေသည်။

နယ်စားကြီးသည် လက်ထပ်မည့်သူတို့သမီး ရိုဇာလင်မှာ မိမိ၏ သမီးဖြစ်သည်ဟု ကြားသိရသည်ဖြစ်၍ သိုးကျောင်းသားသည် သူပြောသည့်အတိုင်းဖြစ်အောင် လုပ်ပေးနိုင်သည့် အစွမ်းရှိပါ၏လောဟု အော်လန်ဒိုအား မေးလေ၏။ အော်လန်ဒိုက မိမိမပြောတတ်ပါကြောင်း ဖြေဆိုလျက်ရှိစဉ် သိုးကျောင်းသားဝင်လာ၍ နယ်စားကြီးအား ရိုဇာလင်ကို ခေါ်လာနိုင်ခဲ့လျှင် အော်လန်ဒိုနှင့် လက်ထပ်ခြင်းကို သဘောတူနိုင်ပါမည်လောဟု မေးလေ၏။ ထိုအခါ နယ်စားကြီးက "ငါ့သမီးကို လက်ဖွဲ့စရာ ငါ့မှာ နယ်ပေါင်း ဘယ်လောက်များများ ရှိစေဦးတော့ ငါကဖြင့် သဘောတူပါတယ်"ဟု ပြောလေ၏။ ထိုအခါ သိုးကျောင်းသားသည် အော်လန်ဒိုဘက်သို့ လှည့်ပြန်၍ . . .

"ရိုဇာလင်ကို ကျွန်တော် ခေါ်ခဲ့နိုင်လို့ရှိလျှင် ခင်ဗျားက လက်ထပ်ယူမယ်ပေါ့ ဟုတ်စ"ဟု မေးရာ အော်လန်ဒိုက -

"ပြည်နယ်တွေ အများကြီး စိုးပိုင်ရတဲ့ ရှင်ဘုရင်တစ်ပါး ဖြစ်စေဦးတော့ ကျုပ်ကဖြင့် လက်ထပ်မှာပဲ"ဟု ဖြေဆိုလေ၏။

သိုးကျောင်းသား မောင်နှမ နှစ်ယောက်တို့သည် အပြင်သို့ ထွက်သွားကြ၍ သိုးကျောင်းသားက ယောကျ်ားအဝတ်ကို ချွတ်ပြီး မိန်းမအဝတ်ကို လဲလှယ်လိုက်ရာတွင် ရိုဇာလင် ဖြစ်လာလေရာ နှမကလည်း တောသူ အဝတ်ကို ချွတ်၍ (မူလအတိုင်း) လှပသော အဝတ်များဖြင့် ဆင်ပြင်လိုက်ရာတွင် ဆီလီယာဖြစ်လာလေ၏။

မောင်နှမ နှစ်ယောက်သည် အပြင်၌ အဝတ်များ ပြောင်းလဲ ဝတ်ဆင်လျက်ရှိကြစဉ် နယ်စားကြီးက သိုးကျောင်းသားသည် မိမိ၏ သမီး ရိုဇာလင်နှင့် တူလှသည်ဟု အော်လန်ဒိုအား ပြောရာ၊ အော်လန်ဒိုကလည်း ဤသို့ပင် မိမိထင်မိကြောင်း ပြောလေ၏။

ပရိသတ်များသည် ဤလက်ထပ်ပွဲကား မည်ကဲ့သို့ အဆုံးသတ်မည်ကို မသိနိုင်သဖြင့် တွေးတော မှန်းဆလျက်ရှိကြစဉ် ရိုဇာလင်နှင့် ဆီလီယာတို့သည် မိမိတို့၏ "ပင်ကိုယ်"အဝတ်အစားများနှင့် ဝင်လာကြလေ၏။ ရိုဇာလင်သည် မှော်အတတ်ဖြင့် မိမိပေါ်လာရပါသည်ဟု ပရိယာယ်မသုံးတော့ဘဲ ဘခင်နယ်စားကြီး၏ ရှေ့၌ ဒူးထောက်ကာ မိမိအား ကောင်းချီးမင်္ဂလာ ပေးပါရန် တောင်းပန်လေ၏။ ရိုဇာလင်ပေါ်လာခြင်းမှာ လျင်မြန်လှသည်ဖြစ်သော





ကြောင့် ပရိသတ်များမှာ မှော်အတတ်ဖြင့် ရောက်လာရသည်ဆိုလျှင်လည်း ယုံကြည်ရမည်ဖြစ်လေသည်။ သို့ရာတွင် ရိုဇာလင်သည်ဘခင်အား ဆက်လက်လှည့်စားရန်မလိုတော့သည်ဖြစ်၍ ဘခင်နယ်စားကြီးအား မိမိနှင်ထုတ်ခံရပုံနှင့် ညီအစ်မနှစ်ယောက်တို့ သိုးကျောင်းသား မောင်နှမအသွင်နှင့် နေထိုင်ကြပုံ အကြောင်းအရာများကို ဟုတ်တိုင်းမှန်ရာ ဖွင့်ဟပြောပြလေ၏။

နယ်စားကြီးသည် သမီးရိုဇာလင်၏ လက်ထပ်ခြင်းကို သဘောတူပါသည်ဟု ပြောပြီးသည့် အတိုင်း ထပ်ဆင့် အတည်ပြု၍ သမီးနှင့် တူမတို့၏ မင်္ဂလာအခမ်းအနားကို ဆောင်ရွက်စေ၏။ သတို့သမီး နှစ်စုံတို့မှာ ၎င်းတို့နှင့် ထိုက်တန်သည့် အဆောင်အယောင် အခမ်းအနားဖြင့် ကြီးကြီးကျယ်ကျယ် စည်စည်ကားကား ကျင်းပရန် မဖြစ်နိုင်ဘဲ တောအရပ် ပီပီ ဆောင်ရွက်ကြရသော်လည်း ဤမင်္ဂလာဆောင်ထက် ပျော်ရွှင်သော မင်္ဂလာဆောင်ဟူ၍ကား မရှိနိုင်တော့ချေ။ မင်္ဂလာပွဲပရိသတ်များသည် သစ်ပင်ရိပ်ကြီးများအောက်၌ မြက်ခင်းပေါ်တွင် တောအလိုက် တည်ခင်းပြင်ဆင်ထားသည့် သမင်သား အစရှိသည်တို့ ပါဝင်သည့် မင်္ဂလာစားပွဲ ထိုင်လျက်ရှိကြသည်။ ခြေမြန်တော်တစ်ယောက် ရောက်လာ၍ မြို့စားကြီးပိုင်သည့်နယ်ကို မြို့စားကြီးအား ပြန်လည်အပ်နှင်းပါသည်ဟူသော သတင်းကောင်းတစ်ရပ် ပါလာလေ၏။

နောင်တော် နယ်စားကြီးကို တိုင်းပြည်မှ နှင်ထုတ်လိုက်ကာ ၎င်း၏ အရိုက်အရာကို လုယူနှင့်သော ညီယုတ်မာနယ်စားသည် လူကောင်းသူကောင်း ဟူသမျှ အာဒင်တောအုပ်သို့ လိုက်သွားကြ၍ နောင်တော်နှင့် အသင်းအပင်း ဖွဲ့ကာ အတူတကွ နေလိုကြကြောင်း သိရှိရသော အခါတွင် နောင်တော်အား ဤမျှလောက် ချစ်ခင်ကြည်ညိုသူ ပေါများရချေသလောဟု ဒေါသလည်းထွက်၊ ဤအတွက် ဣဿမစ္ဆရိယလည်း ဖိစီးနှိပ်စက်သည်နှင့် တပ်ထောင်တာ ဗိုလ်ထုဖြင့် လူစု၍ နောင်တော်နှင့် အဖွဲ့သားအားလုံးကို ချေမှုန်းသုတ်သင်ရန် အာဒင်တောအုပ်သို့ ချီတက်လာခဲ့ကြလေ၏။ တောအုပ်၏ အဝသို့ ရောက်သောအခါ ရသေ့ကြီးတစ်ပါး ပေါ်ထွက်လာ၍ ညီတော် နယ်စားအား တရားဓမ္မဟောပြ၍ ဆိုးရွားယုတ်မာလှသောသူ၏ အကြံအစည်ကို စွန့်လွှတ်ရန် ဟောပြောနားချသည်တွင် ညီတော်သည် ရသေ့ကြီး၏ ဆုံးမစကားများကို နားဝင်၍ နောင်တအကြီးအကျယ် ရပြီးလျှင် မိမိ၏ ယုတ်မာသော အကြံအစည်ကို စွန့်လွှတ်ကာ ရသေ့ပြုရန် သန္နိဋ္ဌာန်ချလိုက်လေ၏။ သို့ဖြစ်၍ ညီတော်သည် နောင်တော်ထံသို့ ခြေမြန်တော် စေလွှတ်ကာ နောင်တော်ကြီး၏ နယ်ကိုသာမက ၎င်း၏ မိတ်ဆွေများ ပိုင်ဆိုင်ကြသည့် စည်းစိမ်ဥစ္စာနှင့် လယ်ယာကိုင်းကျွန်းများကိုလည်း ဥစ္စာရှင်များသို့ ပြန်လည်ပေးအပ်မည် ဖြစ်ကြောင်းနှင့် သတင်းကောင်း



www.burmeseclassi.com

www.burmeseclassic.com



ပို့လိုက်ခြင်းဖြစ်လေသည်။

ဤသတင်းသည်ကား မင်္ဂလာစားပွဲ၌ ပျော်ရွှင်စွာ သုံးဆောင်စားသောက်လျက်ရှိသော မင်္ဂလာဧည့်သည်များအား တိုး၍ ပျော်ရွှင်အောင် ပြုလုပ်ပေးသကဲ့သို့ရှိလေ၏။ ဆီလီယာသည် အစ်မတော် ရိုဇာလင်၏ ကံကောင်းသောအဖြစ်ကို ကြားသိရသောအခါ မိမိသည် နယ်စားကြီးတစ်ယောက်၏ အမွေအနှစ်ကို ဆက်ခံရမည့် သမီးတစ်ယောက်အဖြစ်မှ တူမတစ်ယောက်အဖြစ်သို့ လျှောဆင်းသွားကြောင်း သိမြင်သော်လည်း ရိုဇာလင်အပေါ်၌ မနာလို ဝန်တိုသော စိတ်သော်လည်းကောင်း၊ ဂုဏ်တုဂုဏ်ပြိုင် လုပ်ချင်သော စိတ်သော်လည်းကောင်း အလျဉ်းကင်းစင်လျက် တရားနည်းလမ်းအတိုင်း ဖြစ်သင့်ဖြစ်ထိုက်သူသာလျှင် အမွေခံ အမွေစား ဖြစ်ထိုက်ပါပေသည်ဟု သဘောပိုက်ကာ ရိုဇာလင်အတွက် ကြည်ရွှင်ကျေနပ်ခြင်းဖြစ်မိရှာလေ၏။

နယ်စားကြီးသည် မိမိနှင့်အတူ တောထဲသို့ လိုက်ကာ သစ္စာရှိစွာနှင့် အတူတကွ နေထိုင်ဖော်ရပေသော မိတ်ဆွေများအား လာဘ်သပ်ပကာများဖြင့် ချီးမြှင့်ပေးကမ်းလေရာ မိတ်ဆွေများသည် နယ်စားကြီး နိမ့်ကျသည့်အခိုက်၌ ၎င်းနောက်သို့လိုက်ကာ "အေးအတူပူအမျှ" ဆိုသောစကားအရ ဆင်းရဲညှိုးငယ်စွာ နေထိုင်စားသောက်ကြရခြင်းကို မညည်းမညူဘဲ ကျေနပ်နှစ်သိမ့်စွာ နေလာခဲ့ကြသော်လည်း နေရင်းဌာနသို့ အတူတကွ ပြန်ကြ၍ နယ်စားကြီး၏ သူကောင်းပြုခြင်းခံကြရလျက် မကြောင့်မကျ၊ မတောင့်မတ၊ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်လုံလုံ နေကြရသောအခါတွင် ပျော်ရွှင်ဝမ်းသာခြင်း ရှိကြသည်သာ ဖြစ်ပါသတည်း။

*သွေးသောက်၊ အမှတ် (၁၈၂)၊ မတ်လ၊ ၁၉၆၁ ခုနှစ်။*

☐ ☐ ☐

## လီယာဘုရင်

ဗြိတိန်ပြည် ဘုရင်လီယာ၌ သမီးသုံးယောက်ရှိ၏။ ပထမသမီးတော်မှာ အယ်လ်ဘာနီနယ်စားကြီး၏ဇနီး ဂေါ်နာရီးလ်ဖြစ်၍ ဒုတိယသမီးတော်မှာ ကွန်ဝေါလ်နယ်စားကြီး၏ ဇနီးရီဂန်ဖြစ်ရာ၊ တတိယသမီးတော်မူကား ငယ်ရွယ်နုနယ်သော အပျိုကလေးကော်ဒီလီယာဖြစ်၍ ပြင်သစ်ပြည်ဘုရင်နှင့် ဘာဂန်ဒီနယ်စားကြီးတို့သည် ဗြိတိန်ဘုရင်နန်းတော်သို့ လာရောက်ခါ လီယာဘုရင်၏ သမီးချော ကော်ဒီလီယာအား ပိုးပန်းလျက်ရှိကြ၏။

လီယာဘုရင်မှာ အသက်(၈၀)ကျော်ပြီဖြစ်၍ အိုမင်းမစွမ်းရှိနေပြီဖြစ်သောကြောင့် တိုင်းပြည်အုပ်ချုပ်မှုတာဝန်ကို မိမိကိုယ်တိုင် မဆောင်ရွက်ဘဲလူငယ်များအား လွှဲအပ်ထားလေသည်။ တစ်နေ့သ၌ လီယာဘုရင်သည် သမီးတော်သုံးယောက်ကို ရှေ့တော်သို့ခေါ်ယူ၍ မိမိအားမည်သည့် သမီးကအချစ်ဆုံးဖြစ်သည်ဟု သိလိုသောဆန္ဒနှင့် စုံစမ်းတော်မူလေသည်။ ဘုရင်၏အကြံမှာ မိမိ၏သမီးသုံးယောက်အား နယ်ပယ်အမွေအနှစ် ခွဲဝေပေးရာတွင် မိမိအပေါ်၌ ချစ်ခင်မြတ်နိုးခြင်း ရှိကြသလောက် အချိုးကျခွဲဝေပေးရန်ဖြစ်လေသည်။

သီဟရတနာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးသမီး ဂေါ်နာရီးလ်က မိမိသည်ခမည်းတော်အား နှုတ်ဖြင့်ဖော်ထုတ်၍ ပြောမပြနိုင်လောက်အောင် ချစ်မြတ်နိုးကြောင်း၊ မိမိ၏မျက်လုံးများထက်ပင် ခမည်းတော်အား တန်ဖိုးထား၍အသက်ထက်လည်းကောင်း၊ လွတ်လပ်ခြင်းထက်လည်းကောင်း မြတ်နိုးပါကြောင်းနှင့် တင်လျှောက်လေ၏။ ဤစကားမျိုးမှာ အကယ်မြတ်နိုးသည်မဟုတ်ဘဲ စကားလုံးချောချောနှင့် ရဲရဲဝံ့ဝံ့ပြောလျှင် ဖြစ်နိုင်သောစကားမျိုးဖြစ်လေသည်။ လီယာဘုရင်သည် အကြီးဆုံးသမီးလျှောက်ထားသည့် စကားများကို အကယ်ပင်မှတ်ထင်ယုံကြည်သည်ဖြစ်၍ သမီးတော်နှင့် ၎င်း၏ခင်ပွန်းတို့အား မိမိ၏တိုင်းပြည်ကြီးကို သုံးပုံတစ်ပုံခွဲ၍ ဝေစုပေးလိုက်လေသည်။

ထို့နောက်ဘုရင်သည် ဒုတိယသမီးတော် ရီဂန်ကိုခေါ်၍မေးတော်မူ၏။ ရီဂန်မှာ ပထမသမီးတော်ကဲ့သို့ပင် ပရိယာယ်ဟန်ဆောင်တတ်သူဖြစ်၍ ခမည်းတော်အား စကားလှအောင်တင်လျှောက်တတ်၏။ ၎င်းက အစ်မတော်ဘုရား တင်လျှောက်သွားသော စကားများသည် မိမိစိတ်ထဲ၌ ခမည်းတော်အား ချစ်ခင်မြတ်နိုးသော အချင်းအရာကို မမှီနိုင်သေးကြောင်း၊ မိမိသည် ခမည်းတော်အား မည်မျှလောက် ကြင်နာမြတ်နိုးခြင်းရှိပါသနည်းဟူမူ ဤကမ္ဘာလောက၌ ခံစားရသမျှသော ပျော်ရွှင်မှုနှင့် သုခချမ်းသာဟူသမျှတို့သည် ခမည်းတော်ဘုရားအပေါ်၌ မိမိထားရှိသည့် မေတ္တာစိတ်ဓာတ်နှင့် နှိုင်းယှဉ်မည်ဆိုပါလျှင် အသက်မရှိသော အသေကောင်သဖွယ် ဖြစ်သွားနိုင်ကြောင်းနှင့် တင်လျှောက်လေ၏။

လီယာဘုရင်သည် သမီးတော်အငယ်ဆုံး ကော်ဒီလီယာဘက်သို့ လှည့်၍ မေးမြန်းတော်မူပြန်၏။ အငယ်ဆုံးသမီးတော်မှာ အချစ်ဆုံးသမီးတော်လည်းဖြစ်၍ အစ်မဘုရားတော်များထက် အဓိပ္ပာယ်လေးနက်သော စကားလုံးများဖြင့် မိမိ၏ချစ်ခင်ကြင်နာပုံများကို တင်လျှောက်သံကြားရလိမ့်မည်ဟု လီယာဘုရင်မျှော်လင့်၏။ သို့ရာတွင် ကော်ဒီလီယာကမူ အကယ်မဟုတ်ကြဘဲ ပရိယာယ်သုံးကာလှည့်ဖြား တင်လျှောက်ကြသော စကားကိုရွံရှာစက်ဆုပ်လှ၍ နယ်မြေကိုလိုချင်သည့်အတွက် မဟုတ်မတရား ကဲလွန်ပိုမောက်ကာ တင်လျှောက်ကြခြင်းဖြစ်သည်ကို သိပြီးဖြစ်သည်နှင့် ခမည်းတော်အား ခပ်ရိုးရိုးပင်တင်လျှောက်လေ၏။ ကော်ဒီလီယာက မိမိသည် ခမည်းတော်အား ဝတ္တရားအတိုင်း တိကျစွာချစ်ခင်ပါသည်။ ပိုလည်းမပို။ လျော့လည်းမလျော့ပါကြောင်း တင်လျှောက်လေ၏။

လီယာဘုရင်သည် အချစ်ဆုံးသမီးတော်၏ ကျေးဇူးကန်းပုံရသည့် စကားကို ကြားရသောအခါ လွန်စွာမကျေနပ်သည်ဖြစ်၍ သမီးတော်အား ပြန်





လည်စဉ်းစားပြီး ထပ်မံလျှောက်ထားရန် အမိန့်ပေးလေ၏။ ထိုအခါ ကော်ဒီလီယာက ခမည်းတော်သည် ခမည်းတော်၏ဝတ္တရားအလျောက် မိမိအားချစ်ခင်၍ ပညာသင်ပေးကြောင်း၊ မိမိကလည်း မိမိ၏ဝတ္တရားအတိုင်း တုန့်ပြန်ခြင်းအားဖြင့် ခမည်းတော်၏စကားကို နားထောင်ခြင်း၊ ချစ်ခင်ခြင်း၊ ရိုသေလေးစားခြင်း ရှိပါကြောင်း၊ သို့ရာတွင်မိမိသည် အစ်မတော်များကဲ့သို့ စကားလုံး ထွားထွားနှင့် အသားယူတင်လျှောက်ခြင်း မပြုတတ်ကြောင်း၊ ခမည်းတော်မှတစ်ပါး လောကကြီးတွင် မည်သူ့အားမျှ မချစ်ခင်ပါဟူ၍လည်း ကတိမပေးနိုင်ကြောင်း၊ အစ်မတော်များသည် ခမည်းတော်မှတစ်ပါး မည်သူ့အားမျှ ချစ်ခင်ကြင်နာခြင်း မရှိကြဟုဆိုပါလျှင် အဘယ့်ကြောင့် လင်ယောကျ်ားယူကြပါသနည်းဟု မေးလိုကြောင်း၊ မိမိအိမ်ထောင်ပြုခဲ့လျှင် မိမိခင်ပွန်းသည်အားအချစ်တစ်ဝက်ကိုလည်းကောင်း၊ ဂရုစိုက်မှုတစ်ဝက်ကိုလည်းကောင်း ခွဲဝေပေးရမည်ဖြစ် သောကြောင့် အစ်မတော်များကဲ့သို့အိမ်ထောင်ပြုနိုင်မည်မဟုတ်ကြောင်းလျှောက်ထားလေ၏။

ကော်ဒီလီယာသည် ခမည်းတော်အား အစ်မတော်များက ပါးစပ်မှပြောကြသလောက် ဝမ်းထဲမှတကယ်ချစ်သော သမီးတော်ကလေးဖြစ်လေရာ အခြားသော အချိန်အခါများ၌ ခမည်းတော်ကမေးခဲ့လျှင် ယခုထက်ပြေပြစ်စွာ တင်လျှောက်မည်ဖြစ်သည်။ ယခုမှာမူ အစ်မတော်များသည် ခမည်းတော်၏ နယ်မြေကိုလိုချင်ကြသည့်အတွက်ကြောင့် ဝမ်းထဲကတကယ်မချစ်ဘဲ ကဲမောက်ပိုမိုကာ တကယ်ချစ်လေဟန်ဖြင့် လှည့်ဖြားတင်လျှောက်ကြခြင်းကို စက်ဆုပ်ရွံရှာသည်ဖြစ်၍ ၎င်းတို့ရှေ့တွင် ခမည်းတော်အား ချစ်ခင်ကြင်နာမှုနှင့် ပတ်သတ်၍ လျှမ်းလျှမ်းတောက်စကားလုံးမျိုးမသုံးဘဲ ရိုးရိုးကလေးတင်လျှောက်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ထင်မိသည်။ ဤသို့ပြုခြင်းအားဖြင့် မိမိသည်ခမည်းတော်အား ချစ်ခင်ရာတွင် နယ်မြေအတွက်မဟုတ်၊ ရိုးရိုးသားသား ချစ်ခင်ကြောင်း ဖော်ပြရာရောက်သည်ဟု ယူဆသည်။ ထို့ကြောင့် မိမိ၏ချစ်ခင်ကြင်နာမှုကို စကားလုံးပိုမပါဘဲ ရိုးရိုးမှန်မှန်လျှောက်ထားလေလေ မေတ္တာစစ်မှန်ကြောင်း ထင်ရှားလေလေဖြစ်စေသည်ဟု ထင်မှတ်ရှာလေ၏။

လီယာဘုရင်သည် သူငယ်ပြန်သောအရွယ်သို့ ဆိုက်ရောက်နေပြီဖြစ်၍ မှန်ကန်စွာဆင်ခြင်ဆုံးဖြတ်ရန် မတတ်နိုင်ဘဲရှိနေသည်တွင် သမီးအထွေးကော်ဒီလီယာ တင်လျှောက်သည့်စကားများမှာ မာနကြီးသော အဓိပ္ပာယ်ရှိသည်ဟု ယူဆသည်ဖြစ်၍ ဒေါသအမျက်ထွက်ပြီးလျှင် ကျန်ရှိသောနယ်မြေသုံးပုံတစ်ပုံကို ကော်ဒီလီယာအားမပေးဘဲ သမီးတော်အကြီးနှစ်ယောက်တို့ အညီအမျှခွဲဝေပေးလိုက်ပြီးလျှင် သားမက်တော်နှစ်ယောက်တို့အား တိုင်းပြည်ကိုအုပ်ချုပ်စေလျက် မိမိကိုယ်တိုင်မှာ ရှင်ဘုရင်ဟူ၍အမည်ခံရုံမျှသာ ခံယူတော့သည်။



www.burmeseclassi.com

www.burmeseclassic.com



လီယာဘုရင်သည် အခွန်တော်နှင့်တကွ တန်ခိုးအာဏာဟူသမျှကို သမီးနှင့်သားမက်များသို့ စွန့်လွှတ်ပေးအပ်၍ စည်းကမ်းချက်တစ်ခုတည်းသာ သတ်မှတ်ထား၏။ ၎င်းစည်းကမ်းချက်မှာ မိမိနှင့်သူရဲကောင်းတစ်ရာတို့အား ညီအစ်မနှစ်ယောက်တို့၏ နန်းတော်တွင် တစ်လှည့်စီချေ့ခံ၍ ဝတ်ပြုကြရမည် ဖြစ်လေသည်။

နန်းတော်သူ နန်းတော်သားများသည် ဒေါသအလျောက်ဆုံးဖြတ်လိုက်သည့် လီယာဘုရင်၏စီမံချက်ကို ကြားသိရသောအခါ တရားမျှတမှုကင်းဝေးလှချေတကားဟုဆိုကာ အလွန်တရာ အံ့ဩဝမ်းနည်းခြင်းဖြစ်ကြရ၏။ သို့ရာတွင် လီယာဘုရင်အား နားဝင်အောင်လျှောက်ထားဝံ့သူဟူ၍ ကင့်မြို့စားကြီးတစ်ဦးသာလျှင် ပေါ်ပေါက်ခဲ့လေသည်။ မြို့စားကြီးက သမီးအထွေး ကော်ဒီလီယာအတွက် ခုခံလျှောက်ထားမည်ပြုသည်တွင် လီယာဘုရင်က လျှောက်ထားခွင့်မပေးဘဲ အသက်အန္တရာယ်ဖြင့်ပင် ခြိမ်းခြောက်လေ၏။ သို့ရာတွင် ကင့်မြို့စားကြီးသည် ဘုရင်၏ခြိမ်းခြောက်မှုကြောင့် တွန့်ဆုတ်ခြင်းမရှိချေ။ မြို့စားကြီးသည် ဘုရင်အား အရှင်သခင်အဖြစ်နှင့်လည်းကောင်း၊ မွေးသဖခင်ကဲ့သို့လည်းကောင်း ချစ်ခင်မြတ်နိုး၍ အခါခပ်သိမ်းသစ္စာရှိသူတစ်ယောက်ဖြစ်ခဲ့ရာ ဘုရင်၏နောက်တော်မှ အမြဲတမ်းလိုက်ပါလျက် မိမိ၏အသက်ကိုပဓာနမထားဘဲ ဘုရင်၏ရန်သူများကို တွန်းလှန်တိုက်ခိုက်လေ့ရှိ၏။ ယခုအချိန်တွင် လီယာဘုရင်သည် ကိုယ့်အကျိုးကိုယ် ပျက်စီးအောင်ပြုလျက်ရှိသည့် ရန်သူတစ်ဦးကဲ့သို့ ပြုမူလျက်ရှိရာတွင် ကင့်မြို့စားကြီးသည် လီယာဘုရင်၏ ရန်သူဖြစ်နေသော လီယာဘုရင်ဟုဆိုကာ မိမိ၏အရှင်သခင်ကို ကာကွယ်သည့်အနေဖြင့် သတိကင်းမဲ့သော လီယာဘုရင်အား အတိုက်အခံပြုဖို့ ဦးမလေးဘဲရှိတော့သည်။ သို့ဖြစ်၍ မြို့စားကြီးသည် သစ္စာရှိသော အကြံပေးအမတ်ကြီးဖြစ်သည့်အတိုင်း လီယာဘုရင်၏ မှားယွင်းသော အပြုအမူကို အတိုက်အခံပြုကာ အကြံပေးလျက်လီယာဘုရင်အား သူ၏အမှားကို ပြင်ဆင်ရန် တိုက်တွန်းလေ၏။

မြို့စားကြီးက လီယာဘုရင်အပေါ်၌ သမီးတော် ကော်ဒီလီယာက ချစ်ခင်မြတ်နိုးမှု နည်းပါးသည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း၊ သမီးတော်အကြီးနှစ်ယောက်က တကယ့်မေတ္တာစစ် မဟုတ်ဘဲ မြှောက်ပင့်ပြောဆိုကြခြင်းမျှသာဖြစ်ကြောင်း၊ အာဏာလက်ကိုင်ရှိသော ဘုရင်မင်းမြတ်က အလိုက်သင့်မြှောက်ပင့် ပြောဆိုကြသော စကားများကို ယုံကြည်သည့်အခါမျိုး၌ ရိုးသားသောသူတို့မှာ ရိုးရိုးသားသားနှင့် ဟုတ်တိုင်းမှန်ရာ တင်လျှောက်ရမည်ဖြစ်ကြောင်း၊ ဘုရင်က မိမိအားသတ်ပစ်မည်ဟု ခြိမ်းခြောက်သော်လည်း မိမိ၏အသက်ကို ဘုရင်





လက်ဝယ်သို့ အခါခပ်သိမ်း အပ်နှင်းထားပြီး ဖြစ်ပါသောကြောင့် တစ်စုံတစ်ရာမျှ အကြောင်းမထူးတော့ကြောင်း၊ မိမိအား မည်ကဲ့သို့ ခြိမ်းခြောက်သည်ဖြစ်စေ ဘုရင့်အား မိမိ၏ဝတ္တရားမတိုင်း ဟုတ်မှန်သည်ကို ဖော်ထုတ်တင်လျှောက်ရမည်ဖြစ်ကြောင်းနှင့် လျှောက်ထားလေ၏။

မြို့စားကြီးက ရိုးရိုးသားနှင့် လွတ်လပ်စွာတင်လျှောက်သော စကားများကြောင့် ဘုရင်လီယာသည် အမျက်ထွက်သည်ထက်ထွက်လာ၍ ဆေးဆရာကိုသတ်ပြီး ရောဂါကိုလက်ခံထားတတ်သည့် လူနာရူးကဲ့သို့ သစ္စာရှိသောမြို့စားကြီးအား ငါးရက်အတွင်း တိုင်းပြည်မှထွက်သွားရမည်ဟု တစ်ချက်လွှတ်အမိန့်ပေးလိုက်လေ၏။ ဆဋ္ဌမမြောက်နေ့၌ မြို့စားကြီးကို တိုင်းပြည်အတွင်း၌ တွေ့ရှိခဲ့လျှင် အဆုံးစီရင်မည်ဟူ၍လည်း ထပ်ဆင့်မိန့်မြွက်လိုက်လေ၏။ မြို့စားကြီးသည် လီယာဘုရင်ကို နှုတ်ဆက်၍ တိုင်းပြည်မှမထွက်သွားမီ မြင့်မြတ်သောစိတ်နှလုံးရှိသည့် သမီးတော်ကော်ဒီလီယာအား မြင့်မြတ်သလောက် ကောင်းစားရစ်ပါစေဟု ကောင်းချီးမင်္ဂလာဆုပေးပြီးလျှင် တိုင်းပြည်သစ်တစ်ခုသို့ ထွက်သွားလေ၏။

ထို့နောက် လီယာဘုရင်သည် သမီးတော်ကော်ဒီလီယာအား ပိုးပန်းလျက်ရှိကြသည့် ပြင်သစ်ပြည်ဘုရင်နှင့် ဘာဂန်ဒီနယ်စားကြီးတို့အား ရှေ့တော်သို့ခေါ်သွင်းပြီးလျှင် သမီးတော်ကော်ဒီလီယာမှာ နယ်မြေမရဘဲ အမွေပြတ်စဲသည်ဖြစ်သောကြောင့် ၎င်းအားထိမ်းမြားလက်ထပ်ရန် အလိုရှိကြပါသေးသလောဟုမေး၏။ ဘာဂန်ဒီနယ်စားကြီးသည် လီယာဘုရင်၏စကားကို ကြားရသောအခါ သမီးတော်ကော်ဒီလီယာအား ထိမ်းမြားလက်ထပ်ဖို့ ကြံရွယ်ချက်ကိုရုတ်သိမ်းလိုက်ပါပြီဟုပြော၏။ ပြင်သစ်ပြည်ဘုရင်ကမူ ဖြစ်ပျက်ပုံအချင်းအရာကို အလုံးစုံသိရှိရသည်ဖြစ်၍ ကော်ဒီလီယာ၏အပြစ်မှာ ခမည်းတော်ကိုမချစ်ခြင်းမဟုတ်၊ အစ်မတော်များကဲ့သို့ ကဲလွန်ပိုမောက်၍ မြှောက်ပင့်လျှောက်ထားခြင်း မပြုရုံမျှသာဖြစ်ကြောင်း သိသည်ဖြစ်၍ အမွေမရသော်လည်း ကော်ဒီလီယာ၏မြင့်မြတ်သော အရည်အချင်းများသည် ပြည်တန်သည်ဟုဆိုကာ ကော်ဒီလီယာအား ပြင်သစ်ပြည်မိဖုရားကြီးအဖြစ်နှင့် မိမိနှင့်အတူ စိုးစံနိုင်ပါမည်လောဟု မေးလေ၏။

ကော်ဒီလီယာသည် ပြင်သစ်ပြည်ဘုရင်၏စကားကို လက်ခံ၍ အစ်မတော်များအား မျက်ရည်စက်လက်ဖြင့် နှုတ်ဆက်စဉ် မိမိတို့၏ခမည်းတော်အား မိမိတို့ပြောစကားအတိုင်း ချစ်ခင်မြတ်နိုးခြင်း ရှိရစ်ကြဖို့မှာထားလေ၏။ အစ်မတော်များကမူ မိမိတို့ပေါ်၌ ဆရာလုပ်ဖို့မလိုကြောင်း၊ မိမိတို့၏ ဝတ္တရားကို မိမိတို့နားလည်ကြောင်း၊ အမွေမရသော မိန်းကလေးကိုလက်ထပ်ယူမည့်



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏လင်ယောကျ်ားကိုသာ စိတ်မပျက်စေရအောင် ကြိုးစားသင့်ကြောင်းနှင့် ငေါ့တော့တော့ပြောကြလေ၏။ ကော်ဒီလီယာသည် ခမည်းတော်အပေါ်၌ အစ်မတော်များ၏ ပရိယာယ်လုပ်ခြင်းနှင့် မေတ္တာစိတ်ခေါင်းပါးခြင်းကို သိပြီးဖြစ်၍ ခမည်းတော်၏ရှေ့မှ ရင်လေးစွာနှင့်ပင် ထွက်ခွာလာခဲ့ရလေ၏။

မေတ္တာရှိခြင်းနှင့် သစ္စာရှိခြင်းတို့မည်သည် မကောင်းပြုကျင့်မှုခံရသော်လည်း ပျက်ပြယ်ခြင်းမရှိနိုင်သကဲ့သို့ ခမ္ဘအစစ်မဟုတ်သည့် အယောင်ဆောင်ကြင်နာမှုတို့သည်လည်း မည်မျှကောင်းမွန်စွာ တုန့်ပြန်မှုရရှိသည်ဖြစ်စေ ပြောင်းလဲခြင်းမရှိတတ်ပေ။ ဤအချင်းအရာမှာ ကင့်မြို့စားကြီး၏ အပြုအမူတွင် အလွန်တရာထင်ရှားလှ၏။ မြို့စားကြီးသည် နှင်ထုတ်ခြင်းခံရ၍ တိုင်းပြည်အတွင်း၌ တွေ့ခဲ့လျှင် သတ်ပစ်မည်ဟု အမိန့်ထုတ်ဆင့်ခြင်းခံရသော်လည်း မိမိရှိနေခြင်းအတွက် အရှင်သခင်၌အကျိုးရှိမည် ဆိုခဲ့လျှင် ဖြစ်ချင်ရာဖြစ်စေ တိုင်းပြည်မှ မထွက်ခွာဘဲ ဇွတ်အတင်းနေလိမ့်မည်ဖြစ်၏။ သစ္စာရှိခြင်းတို့မည်သည် တိကျတဆိတ်ဆောင်ရွက်ရသော အလုပ်မျိုးကို ဆောင်ရွက်တန်က ဆောင်ရွက်ရသော်လည်း ယုတ်ညံ့သော အပြုအမူတစ်ခုဟူ၍မဆိုသာပေ။ သို့ဖြစ်၍ မြို့စားကြီးသည် မိမိကိုယ်ကို ရုပ်ဖျက်၍ဘုရင့်အပါးတော်၌ အမှုကြီးငယ်ဆောင်ရွက်ရသည့် ယုတ်ညံ့သော အမှုထမ်းတစ်ယောက်အဖြစ်နှင့် လျှောက်ထားရာ လီယာဘုရင်သည် ရုပ်ဖျက်ထားသောမြို့စားကြီးကို မမှတ်မိဘဲ မြို့စားကြီး၏ ပြတ်ပြတ်သတ်သတ်ပြောတတ်သော အမူအယာကိုသဘောကျသည်နှင့် ခန့်ထားလိုက်လေ၏။ မြို့စားကြီးမှုကား ရှေးယခင်ကကဲ့သို့ မင်းလိုလိုက်၍ မင်းကြိုက်တင်ဟူသော ဟန်အမူအယာမျိုးကို တမင်စွန့်ပယ်၍ ဒိုးဒိုးဒေါက်ဒေါက် ပြတ်ပြတ်သတ်သတ်ပြောတတ်သော အမူအယာများသို့ ပြောင်းလဲလိုက်ခြင်းဖြစ်လေသည်။

မြို့စားကြီးသည် သာမာန်ကျေးကျွန်တစ်ယောက်အဖြစ်ဖြင့် ဘုရင့်အပါးတော်၌ အမှုထမ်းလျက်ရှိစဉ် မိမိ၏အရှင်သခင်အပေါ်၌ သစ္စာရှိခြင်းကို ဖော်ပြနိုင်သည့် အခွင့်အရေးများ ဖြစ်ပေါ်လာ၏။ သမီးတော် ဂေါ်နာရီးလ်၏ ဘဏ္ဍာစိုးသည် လီယာဘုရင်အား မလေးမစား ပြုမူပြောဆိုခြင်းကို မြို့စားကြီးတွေ့ရသည်တွင် မခံမရပ်နိုင်ရှိသည်နှင့် စကားရှည်ရှည်မပြောဘဲ ဘဏ္ဍာစိုးကို ခွေးလှောင်အိမ်တစ်ခုထဲသို့ ထည့်ထားလိုက်လေ၏။ လီယာဘုရင်သည် ထိုအပြုအမူကို မြင်ရသောအခါ မြို့စားကြီးမှန်းမသိရ၍ အစေခံအား ပို၍သဘောကျလာလေ၏။

လီယာဘုရင်၏ဘက်တော်သားများမှာ မြို့စားကြီးတစ်ယောက်တည်းမဟုတ်ချေ။ လီယာဘုရင်၌ ရှေးဘုရင်တို့ ထုံးစံအတိုင်းဖျော်ဖြေရန်အတွက်





လူရွှင်တော်တစ်ယောက်ရှိရာ ဘုရင်၏လူရွှင်တော်များသည် ဘုရင်အားဖျော်ဖြေလိုသော ရည်ရွယ်ချက်ဖြင့် အခြားလူများမပြောဝံ့သည့် စကားမျိုးကို ပျက်လုံးအနေဖြင့် ပြောရဲကြပေသည်။

လီယာဘုရင်နှင့်အတူ လူရွှင်တော်တစ်ဦးပါလာခဲ့ရာ ထိုသူသည် မိမိ၏သရဖူကို သမီးတော်များအား ပေးပစ်ရက်သူ လီယာဘုရင်၏အပြုအမူကို အဓိပ္ပာယ်လည်းမရှိသည့် လူရူးလူမိုက်၏ အပြုအမူတစ်ခုအနေဖြင့် ပြက်ရယ်ပြုကာ တေးချင်းစပ်ဆိုလေ၏။ လူရွှင်တော်သည် လီယာဘုရင်ကိုသာမက သမီးတော် ဂေါ်နရီးလ်ကိုပါ ထိခိုက်စေလောက်သည့် စကားလုံးများဖြင့် ပြက်ရယ်ပြုသလိုနှင့် တေးချင်းစပ်ဆိုလေ့ရှိ၏။ ၎င်းစပ်ဆိုသည့် တေးချင်းတစ်ပုဒ်တွင် ဥဩငှက်ငယ်ကို မိမိ၏သားမဟုတ်ဘဲလျက် မွေးစားမိသည့်ငှက်မအားဥဩငှက်က ကြီးပြင်းလာသောအခါ၌ ဦးခေါင်းကို ဖြတ်၍စားတတ်ကြောင်း၊ နွားရှေ့ထွန်ကျူးဟူသော စကားကဲ့သို့ ပြုတတ်သူများသည် လောက၌ရှိကြသေးကြောင်း စသည်ဖြင့် တေးချင်းများစပ်ဆိုလေ၏။ အဓိပ္ပာယ်မှာ သမီးတော်သည် နွားနောက်ကလိုက်ရသော ထွန်ကဲ့သို့ မကျင့်သုံးဘဲ နွားရှေ့မှသွားချင်သော ထွန်ကဲ့သို့ ကျင့်သုံးသည့် အနေမျိုးဖြင့် စောင်းချိတ်လိုက်ခြင်းဖြစ်ပေသည်။ ထိုကဲ့သို့သော နှုတ်ရဲမှုများအတွက် ဤလူရွှင်တော်အား သမီးတော်က ကြိမ်ဒဏ်ပေးမည်ဟု တစ်ကြိမ်နှစ်ကြိမ် ခြိမ်းခြောက်ဘူးလေသည်။

သမီးများအား မိုက်မဲစွာအချစ်လွန်မိသော ဘုရင်သည် မိမိအပေါ်၌ သမီးတော်ဂေါ်နာရီးလ်က မရိုမသေ အေးစက်စက်ရှိသော အမူအယာမျိုးကို ဖော်ပြခြင်းခံရသည်မှာ အဆိုးရွားဆုံးမဟုတ်သေး၊ ထိုမျှမက ရှိချေသေး၏။ ဂေါ်နာရီးလ်က မိမိ၏နန်းတော်၌ သူရဲကောင်းတစ်ရာတို့နှင့် တည်းခိုနေထိုင်ခြင်းသည် မိမိအဖို့အလွန်တရာဝန်လေးကြောင်း၊ သူရဲကောင်းတစ်ရာတို့သည် အသုံးလည်းမဝင်၊ ၎င်းတို့အတွက်လည်း အကုန်အကျများသည့်ပြင် မိမိတို့၏နန်းတော်မှာလည်း ထိုသူတို့၏ သောက်စားမူးယစ်မှုများကြောင့် ဆူညံလျက်ရှိကြောင်း၊ သို့ဖြစ်၍ သူရဲကောင်းတစ်ရာကို လျှော့ပစ်ပြီး ခမည်းတော်နှင့် သက်တူရွယ်တူ အဘိုးကြီး အနည်းငယ်မျှလောက်ဆိုလျှင် လုံလောက်ပြီထင်ကြောင်း ပြောလေ၏။

ထိုအခါ၌ ဘုရင်ကြီးသည် မိမိနားကြားမှားလေသလော သို့တည်းမဟုတ် မိမိ၏သမီးတော်မှ ဟုတ်ပါလေ၏လောဟု ယုံမှားခြင်းဖြစ်မိလေ၏။ မိမိထံမှ နယ်မြေနှင့် သရဖူကိုပါ ဆက်ခံရရှိထားသည့် သမီးတော်က မိမိ၏အခြွေအရံ အရေအတွက်ကို လျှော့ပစ်ဖို့ စိမ်းကားရက်စက်စွာ ပြောမည်ဟု မယုံကြည်နိုင်အောင် ဖြစ်လေ၏။ ဂေါ်နာရီးလ်က သူရဲကောင်းအခြွေအရံများကို လျှော့



www.burmeseclassic.com

www.burmeseclassic.com



ပစ်ဖို့ အကြိမ်ကြိမ်အထပ်ထပ်တောင်းပန်သောအခါ၌မူကား လီယာဘုရင်သည် ဒေါသအလွန်ထွက်လာ၍ စက်ဆုပ်ဖွယ်ကောင်းသော မိန်းမယုတ် မိန်းမလိမ် တစ်ယောက်ဟူ၍ ခေါ်ဆိုလေ၏။ စင်စစ်မှာလည်း မိန်းမလိမ်ဟုခေါ်ခြင်းသည် မှန်ကန်၏။ အကြောင်းမူကား သူရဲကောင်းတစ်ရာတို့မှာ အလွန်တရာ ယဉ်ကျေးသိမ်မွေ့၍ ဝတ္တရားကို နားလည်သော အမျိုးကောင်းသားများဖြစ်ကြ၍ သောက်စားမူးယစ်ခါ ဆူညံကြသည်ဆိုခြင်းမှာ အလျဉ်းပင်မဟုတ်မှန်သောကြောင့်ပေတည်း။ သို့ဖြစ်၍ ဘုရင်သည် သမီးအလတ် ရီဂန်ထံသို့ သူရဲကောင်းတစ်ရာနှင့်အတူ ပြောင်းရွှေ့သွားတော့မည်ဟုဆိုကာ မြင်းများပြင်စေ၏။ လီယာဘုရင်သည် ဂေါ်နာရီးလ်အားလည်း ကျေးဇူးကန်း၍ နှလုံးသားမရှိသော သမီးယုတ်တစ်ယောက်ဟု ခေါ်ဆိုပြီးလျှင် သူ၌သားသမီး မထွန်းကားပါစေနှင့်။ သားသမီးရခဲ့လျှင်လည်း မိမိအပေါ်၌ ကျေးဇူးကန်းသကဲ့သို့ သူ့သမီးများကလည်း သူ့အားကျေးဇူးကန်းကြပါစေ၊ ရက်စက်ကြပါစေ စသည်ဖြင့် ကျိန်ဆဲလေ၏။ ဂေါ်နာရီးလ်၏ ခင်ပွန်းအယ်လ်ဘနီနယ်စားသည် ယောက္ခမကြီး၏ ရေရွတ်ကျိန်ဆဲခြင်းများကို ကြားရသောအခါ ဂေါ်နာရီးလ်၏ စိမ်းကားရက်စက်မှုများတွင် မိမိအလိုတူအလိုပါမဟုတ်ကြောင်း ရှင်းလင်းပြောပြမည်ပြုပေရာ လီယာဘုရင်သည် သားမက်၏စကားကို ဆုံးအောင်နားမထောင်ဘဲ မြင်းများပြင်ပြီးနောက် နောက်ပါများနှင့်အတူ ရီဂန်၏နန်းတော်သို့ ထွက်သွားကြလေ၏။ ထိုအခါတွင်မှ လီယာဘုရင်သည် သမီးအထွေး ကော်ဒီလီယာကို သတိရ၍ သူပြောသောစကားများသည် အပြစ်ဟူ၍ပင်ထားစေဦးတော့ ဂေါ်နာရီးလ်၏ အပြစ်နှင့်နှိုင်းစာလျှင် ပြောပလောက်အောင် မရှိချေပြီတကားဟု စဉ်းစားမိသဖြင့် ငိုကြွေးရှာလေ၏။

နောက်တစ်ခဏ၌ ဤသို့သောသမီးယုတ်တစ်ယောက်သည် မိမိအား မျက်ရည်ကြီးငယ်ကျအောင် လုပ်စွမ်းနိုင်ရချေသလောဟု သတိရသည်နှင့် မိမိကိုယ်မိမိရှက်မိလေ၏။

သမီးအလတ် ရီဂန်နှင့်ခင်ပွန်းတို့သည် ၎င်းတို့၏နန်းတော်၌ ခမ်းနားကြီးကျယ်စွာ နေထိုင်လျက်ရှိရာ လီယာဘုရင်သည် မိမိလက်အောက်တွင် သာမာန်အစေခံတစ်ယောက်အဖြစ်နှင့် ရုပ်ဖျက်၍အမှုထမ်းနေသော ကင့်မြို့စားကြီးအား သမီးတော်ထံစေလွှတ်၍ မိမိတို့လာရောက်မည့်အကြောင်းကိုကြိုတင်အကြောင်းကြားစေ၏။ သို့ရာတွင် ဤနေရာ၌လည်း သမီးအကြီးက လက်ချက်ဦးသွားခဲ့လေပြီ။ ဂေါ်နာရီးလ်သည် ညီမတော်ထံသို့ လူတစ်ဦးစေလွှတ်ကာ ခမည်းတော်မှာ မကြာခဏ စိတ်ကောက်တတ်၍ ဆူဆူပူပူလုပ်တတ်ကြောင်း သူနှင့်အတူ ပါလာမည့် သူရဲကောင်းတစ်ရာတို့ကို လက်သင့်မခံဖို့ အကြောင်း





အကြံပေးလိုက်လေ၏။ နန်းတော်အဝင်အဝ၌ ဘုရင်ကစေလွှတ်သည့် ကင့်မြို့စားကြီးနှင့် ဂေါ်နာရီးလ်ကစေလွှတ်သည့် စေတမာန်တို့ တွေ့ဆုံမိကြလေ၏။ သမီးတော်ကစေလွှတ်လိုက်သည့် မင်းစေမှာ အခြားသူမဟုတ် လီယာဘုရင်အား ပမာမခန့်ပြုခြင်းကြောင့် ကင့်မြို့စားကြီးက ခွေးလှောင်အိမ်ထဲတွင် ပိတ်လှောင်ထားဘူးသည့် ဘဏ္ဍာစိုးပင်ဖြစ်လေသည်။ ကင့်မြို့စားကြီးသည် ဘဏ္ဍာစိုး၏မျက်နှာထားကို မြင်သဖြင့် ကောင်းသောကိစ္စနှင့်လာရောက်ခြင်းမဟုတ်ဟု ရိပ်မိသဖြင့် ထိုသူနှင့် ရန်ဖြစ်အောင် တမင်ရန်စလေ၏။ ဘဏ္ဍာစိုးသည် မြို့စားကြီးနှင့် ရန်ဖြစ်ရန် မဝံ့ဘဲရှိလေသည်။ သည်တွင် မြို့စားကြီးက နာကျင်လောက်အောင် ထိုးသတ်ရိုက်နှက်လေ၏။ ရီဂန်တို့သမီးခင်ပွန်းသည် ဤအကြောင်းကိုကြားရသောအခါ ခမည်းတော် လီယာဘုရင်က စေလွှတ်လိုက်သူဖြစ်ကြောင်း သိလျက်နှင့်ပင် အချုပ်ခန်းသို့ သွတ်သွင်းပိတ်လှောင်ထားလိုက်လေ၏။ သို့ဖြစ်၍ လီယာဘုရင်သည် နန်းတော်သို့ ဆိုက်ရောက်လာသောအခါတွင် အချုပ်ခန်းထဲ၌ ပိတ်လှောင်ထားသည့် မိမိ၏သစ္စာရှိသော အစေခံကို တွေ့မြင်ရလေ၏။

ဤအချင်းအရာမှာ လီယာဘုရင်အား ညှဉ်းခံပြုစုရေးနှင့်ပတ်သတ်၍ မကောင်းသော အရိပ်နိမိတ်တစ်ခုဖြစ်လေရာ ဤမျှမက ဆိုးရွားသောနိမိတ်လက္ခဏာများလည်း ထပ်ဆင့်၍ဖြစ်ပေါ်လာလေ၏။ လီယာဘုရင်က သမီးတို့နှင့် သားမက်အကြောင်းမေးမြန်းရာတွင် ၎င်းတို့ သမီးခင်ပွန်းမှာ တညဉ့်ပတ်လုံး ခရီးသွားခဲ့ရသောကြောင့် ပင်ပန်းလှသဖြင့် ခမည်းတော်နှင့်မတွေ့နိုင်သေးကြောင်း ပြောလေ၏။ နောက်ဆုံး၌လီယာဘုရင်က မတွေ့ရဘဲမနေနိုင်၊ ယခုချက်ချင်း တွေ့လိုသည်ဟု ဒေါသတကြီးနှင့် ပြောသည်တွင်မှ ထွက်လာကြလေရာ ၎င်းတို့သမီးခင်ပွန်းနှင့်အတူ သမီးအကြီးလည်းပါလာလေ၏။ ဂေါ်နာရီးလ်သည် ခမည်းတော်အကြောင်းကို ညီမနှင့်မတ်တို့အား ကြိုတင်၍ မကောင်းသတင်း ပြောကြားထားနှင့်ရန်အတွက် ရောက်လာခဲ့ခြင်းဖြစ်လေသည်။

လီယာဘုရင်သည် ၎င်းတို့သုံးဦးကိုမြင်လိုက်ရသောအခါ စိတ်၌ထိခိုက်သွား၍ သမီးအလတ်က အကြီး၏လက်ကို ကိုင်ဆွဲကာလက်တွဲလျက်ရှိခြင်းကိုမြင်ရသဖြင့် သာ၍ထိခိုက်လေ၏။ လီယာဘုရင်က ဂေါ်နာရီးလ်အား မုတ်ဆိတ်များ ဖြူလျက်ရှိသည့် မိမိ၏မျက်နှာကို မြင်ရသည်အတွက် မရှက်တတ်သလောဟု မေးလိုက်၏။ သမီးအလတ်ကမူ ခမည်းတော်အား အစ်မတော်နှင့်အတူ သူ၏နန်းတော်သို့ ပြန်သွားသင့်ကြောင်း ၊ သူရဲကောင်းတစ်ရာအနက်မှ တစ်ဝက်လျှော့ပစ်၍ သမီးအကြီးနှင့် ငြိမ်းချမ်းစွာ အတူတကွနေထိုင်ပါစေဟု ဆိုကာ အစ်မတော်ထံတောင်းပန် ဝန်ချထိုက်ကြောင်း ခမည်းတော်အား အိုမင်းမ



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိပြီဖြစ်၍ ဆင်ခြင်တုံတရား နည်းပါးပြီဖြစ်သောကြောင့် ဆင်ခြင်တုံတရားရှိသူများ၏ စီမံခန့်ခွဲခြင်းကို ခံယူထိုက်ကြောင်းပြောလေ၏။ လီယာဘုရင်က သမီးတစ်ယောက်ထံ ဒူးထောက်၍ တောင်းပန်ရသည်ဆိုလျှင် မဖြစ်နိုင်ကြောင်းပြော၍ သမီးအကြီးနှင့်အတူလိုက်မည့်အစား သမီးအလတ်နှင့်ပင် ဤနန်းတော်တွင် မိမိ၏နောက်ပါ ၁၀၀-တို့နှင့် နေထိုင်တော့မည့်အကြောင်း မိမိသည်သမီးလတ်အား တိုင်းပြည်ကို တစ်ဝက်ခွဲ၍ပေးထားသည့်ပြင် သမီးအလတ်သည် ကြင်နာသော စိတ်သဘောရှိပုံရကြောင်း သမီးအကြီးနှင့်အတူလိုက်ပြီး နောက်ပါတစ်ဝက်ကို လျှော့ပစ်မည့်အစား ပြင်သစ်ပြည်သို့ကူးသွား၍ မြေတစ်ကွက်မျှအမွေမရသည့် သမီးအထွေး၏ ခင်ပွန်းပြင်သစ်ဘုရင်ထံတွင် အသနားခံ၍ တောင်းရမ်းစားသောက်တော့မည်ဖြစ်ကြောင်း ပြောလေ၏။

လီယာဘုရင်သည် သမီးအကြီးထက် အလတ်ကကြင်နာတတ်လိမ့်မည်ဟု ထင်မှတ်ခြင်းမှာ မှားခဲ့လေပြီ။ သမီးအလတ်သည် ကျေးဇူးကန်းခြင်းဖော်ပြရာတွင် အကြီးထက်တစ်ပန်းသာသေးသည်ဟု ဆိုလိုသည့်လက္ခဏာနှင့် နောက်ပါငါးဆယ်ဟူသော အရည်အတွက်မှာ များလွန်းကြောင်း နှစ်ဆယ့်ငါးယောက်ဆိုလျှင် လုံလောက်ပြီဖြစ်ကြောင်းပြောလေ၏။ ထိုအခါ အသဲနာလှသဖြင့် ရင်ကွဲမတတ်ရှိသော လီယာဘုရင်သည် သမီးအကြီးဘက်သို့လှည့်၍ နောက်ပါနှစ်ဆယ့်ငါးယောက်မျှသာ ခွင့်ပြုသောသမီးအလတ်ထက် ငါးဆယ်ခန့်မျှခွင့်ပြုသော သမီးအကြီးက တော်သေးကြောင်း နှစ်ဆချစ်ခင်သည့် သဘောရှိကြောင်းပြော၍ သမီးအကြီးနှင့်ပင် အတူလိုက်ရန်ပြင်ဆင်လေ၏။ သို့ရာတွင် သမီးအကြီးက ခမည်းတော်အတွက် နောက်ပါနှစ်ဆယ့်ငါးယောက်လည်းမလို၊ ဆယ်ယောက်လည်းမလို၊ ငါးယောက်လည်းမလိုကြောင်း၊ မိမိ၏ကျေးကျွန်များဖြစ်စေ၊ ညီမတော်၏ကျေးကျွန်များဖြစ်စေ၊ ခမည်းတော်အား ပြုစုစောင့်ရှောက်လျှင် လုံလောက်ပြီဖြစ်ကြောင်းပြောလေ၏။ သို့ဖြစ်၍ ကျေးဇူးကန်းသော သမီးယုတ်နှစ်ယောက်တို့သည် ဘုရင်အိုကြီးအပေါ်၌ မည်သူကပို၍ ရက်စက်နိုင်သည်ကို ပြိုင်ဆိုင်လိုဘိသကဲ့သို့ ခမည်းတော်ဘုရင်ကြီး၏ နောက်ပါအရေအတွက်ကို သူထက်ငါလျှော့ပစ်ဖို့ပြောကြလေ၏။ နောက်ပါအခြွေအရံပေါများရုံမျှနှင့် စိတ်ချမ်းသာမှုကို မဖြစ်စေနိုင်ခြင်းကား မှန်ပါသည်။ သို့ရာတွင် သန်းပေါင်းများစွာသော တိုင်းသူပြည်သားများအပေါ်၌ အမိန့်ပေး၍ ဩဇာညောင်းခဲ့ဘူးသော ရှင်ဘုရင်တစ်ပါးအဖို့ရာ၌ အခြွေအရံတစ်ယောက်မျှ မရှိသည့်သာမန်လူဆင်းရဲအဖြစ်သို့ လျှောဆင်းရမည်ဆိုလျှင် လွန်လွန်းလှပါသည်။ လီယာဘုရင်သည် အခြွေအရံမရှိဘဲ နေရမည့်အရေးထက် အခြွေအရံမထားနိုင်ဟူ၍ သမီးများက ငြင်းနိုင်လောက်အောင် ကျေးဇူးကန်းခြင်းအတွက် သူ၏အသဲနှလုံး





၌ ပိုမိုထိခိုက်ရှာ၏။ မည်မျှလောက်ထိခိုက်ရှနာသနည်းဟူမူ ဤကဲ့သို့နှစ်ထပ်ကွမ်း ကျေးဇူးကန်းကြခြင်းအတွက်ကြောင့် လီယာဘုရင်သည် မိမိ၏သဒ္ဒါလွန်ကဲခြင်းတည်းဟူသော မိုက်မဲမှုကို နောင်တအကြီးအကျယ်ရသည်နှင့် ဘာကိုပြောမိသည့် မသိသော အဖြစ်သို့ရောက်ကာ စိတ်ဖောက်ပြန် သွားရှာလေတော့သည်။ လီယာဘုရင်က ကျေးဇူးကန်းလှသော သမီးယုတ်နှစ်ယောက်အား တစ်ကမ္ဘာလုံး တုန်လှုပ်ချောက်ချားသွားသည့်တိုင်အောင် လက်စားချေမည်ဟု ကြုံးဝါးလေ၏။

လီယာဘုရင်သည် မိမိ၌တန်ခိုးအာဏာမရှိပါဘဲလျက် အခြောက်တိုက် ကြုံးဝါးလျက်ရှိစဉ် ညတိုင်ရောက်လာ၍ လေရောမိုးရောလျှပ်စစ်များပါ ထိန်ထိန်ဝင်းကာ ဆူညံစွာတိုက်ခတ်ရွာသွန်းလာလေ၏။ သမီးနှစ်ယောက်သည် ခမည်းတော်၏ ကိုယ်ရံတော်များကို လက်သင့်မခံနိုင်ကြောင်း ငြင်းဆန်လျက်ပင်ရှိကြရာတွင် လီယာဘုရင်သည် ကျေးဇူးကန်းသောသမီးများနှင့် အတူနေမည့်အစား လေကြီးမိုးကြီးထဲသို့ ယခုချက်ချင်း ထွက်သွားပါတော့မည်ဆိုကာ မြင်းများပြင်စေ၏။ သမီးများကမူ ထင်ရာလုပ်ချင်ကြသော လူများသည် မိမိတို့အပြစ်ဒဏ်ကို မိမိတို့သာခံရသည်ဟုဆိုကာ ဘုရင်အိုကြီးထွက်သွားသည်ကို မတားဆီးဘဲ တံခါးကိုပိတ်ထားလိုက်ကြလေ၏။

ဘုရင်အိုကြီးသည် သမီးတော်၏နန်းတော်မှ ထွက်လာသောအခါ မိုးရောလေပါ အလွန်ပြင်းထန်၍ တခဏထက်တခဏ တိုး၍ပြင်းထန်စွာ ရွာသွန်းတိုက်ခတ်လျက်ရှိလေ၏။ မိုင်ပေါင်းများစွာ ချုံတစ်ချုံမရှိ၊ သစ်ပင်တစ်ပင်မရှိသော လဟာပြင်ကြီးထဲတွင် မှောင်ကလည်းမိုက်၊ လေကလည်းတိုက်၊ မိုးကလည်းရွာလျက်ရှိစဉ် လီယာဘုရင်သည် စွတ်စိုခြင်းကိုလည်းကောင်း၊ လျှပ်စစ်များကိုလည်းကောင်း၊ မိုးကြိုးများထစ်ချုန်းခြင်းကိုလည်းကောင်း၊ ပမာနမထားဘဲ လှည့်လည်လျက်ရှိ၏။ ထိုအတောအတွင်း သူ၏ပါးစပ်ကလည်း ကျေးဇူးကန်းလှသော မနုဿလူသားများအား တစ်ယောက်မကျန်ဘဲ မျိုးပြုတ်သွားစေခြင်းငှာ ကမ္ဘာမြေကြီးတစ်ခုလုံး သမုဒ္ဒရာထဲသို့ လွင့်ကျသွားအောင်ဖြစ်စေ၊ မြေပေါ်သို့ ရေတွေတက်လာအောင်ဖြစ်စေ၊ လေပြင်းမုန်တိုင်း တိုက်ခတ်ပါစေသားဟူ၍ ရေရွတ်ကျိန်ဆဲလျက်ရှိလေ၏။ ထိုအခိုက်တွင် လီယာဘုရင်နှင့်အတူ လိုက်ပါလျက်ရှိသူမှာ လွတ်လပ်စွာ ပြောချင်ရာပြောခွင့်ရှိသည့် အပါးတော်မြဲ လူရွှင်တော်တစ်ယောက်မျှသာ ကျန်ရှိလေတော့၏။ လူရွှင်တော်မူကား မုန်တိုင်းကိုလည်းကောင်း၊ မိုးကြိုးကိုလည်းကောင်း ဂရုမစိုက်သည့် လက္ခဏာနှင့် ရွှတ်တီးရွှတ်တွတ် စကားများကို ပြောနိုင်ပေသေးသည်။

ယင်းကဲ့သို့ လှည့်လည်လျက်ရှိစဉ် အစေခံအဖြစ်နှင့် အမှုထမ်းလျက်

www.burmeseclassic.com



ရှိသော ကင့်မြို့စားကြီးနှင့် ဆုံမိကြလေရာ ဘုရင်သည် မြို့စားကြီး၏ အဖြစ်မှန်ကို မသိရှာဘဲ သာမန်ကျေးကျွန်တစ်ယောက် အဖြစ်နှင့်သာ ဆက်ဆံလျက်ရှိလေ၏။ ကင့်မြို့စားကြီးက အဟုန်ပြင်းစွာ တိုက်ခတ်လျက်ရှိသော မုန်တိုင်းကိုဂရုမစိုက်ဘဲ တောကြီးမျက်မဲ၌ လှည့်လည်ရပါသလောဟုမေးရာ လီယာဘုရင်က သမီးများ၏ကျေးဇူးကန်းခြင်းကြောင့် ရင်တွင်း၌မုန်တိုင်းတိုက်ခတ်နေသူအဖို့မှာ အပြင်မှတိုက်ခတ်သော မုန်တိုင်းကို ဂရုမစိုက်နိုင်ကြောင်း ပြန်ပြောလေ၏။

သို့ရာတွင် မြို့စားကြီးသည် မိုးရေလေပါ ရွာသွန်းလျက်ရှိသော လွင်ပြင်ကြီးထဲ၌မနေဘဲ အကာအကွယ်ယူဖို့ပြော၍ တစ်နေရာ၌ အဆင်သင့်တွေ့ရှိသော တဲကုပ်ကလေးတစ်ခုထဲသို့ ဝင်ကြရန်တောင်းပန်လေ၏။ ဘုရင်က သဘောတူ၍ လူရွှင်တော်ကရှေ့ဆုံးမှ ဝင်သွားရာ တစ္ဆေခြောက်သည်ဆို၍ ထွက်ပြေးလာလေ၏။ သေချာစွာကြည့်ရှုကြသောအခါ တစ္ဆေမဟုတ်ဘဲ ချောင်ထဲ၌ ကုပ်နေသော သူတောင်းစားတစ်ယောက် ဖြစ်နေကြောင်းတွေ့ကြရလေရာ သူတောင်းစားက လူရွှင်တော်အား တစ္ဆေတစ်ယောက်ဟန်ဆောင်၍ ခြောက်လိုက်ခြင်းမျှသာ ဖြစ်လေသည်။ ဤသူတောင်းစားမှာ ရူးချင်ယောင်ဆောင်၍ မိမိအားလူအများက သနားစေရန် လက်မောင်းများမှသွေးယိုစီးအောင် ဆူးသို့မဟုတ်သံချောင်းများနှင့်ခြစ်ကာ လှည့်လည်တောင်းရမ်းစားသောက်သူဖြစ်လေသည်။ တောသူတောင်သားများသည် ၎င်းကိုမြင်ကြသောအခါ ကြောက်ရွံ့၍ဖြစ်စေ၊ သနား၍ဖြစ်စေ ပေးကမ်းစွန့်ကြဲတတ်ကြလေသည်။ လီယာဘုရင်သည် တစ်ကိုယ်လုံးတွင် အဝတ်မရှိဘဲ စောင်စုတ်ကြီးတစ်ထည်ပတ်ထားသော သူတောင်းစားကိုမြင်ရသောအခါ ဤသူသည်လည်း ရှိသမျှသော ပစ္စည်းဥစ္စာများကို ကျေးဇူးကန်းသော သမီးများသို့ပုံ၍ ပေးမိခြင်းကြောင့် ဤသို့ဆင်းရဲချို့ငဲ့သော အဖြစ်မျိုးသို့ ရောက်ရှာရသည်ဟု မှတ်ထင်ခါ ရေရွတ်ပြောဆိုလျက် ရှိလေ၏။

ကင့်မြို့စားကြီးသည် ထင်ရာမြင်ရာကို တတွတ်တွတ် ရေရွတ်ပြောဆိုလျက်ရှိသောဘုရင်ကို မြင်သောအခါ သမီးများ၏ ကျေးဇူးကန်းမှုကြောင့် စိတ်ကိုထိခိုက်ပြီး ရူးသွပ်သွားရှာလေပြီဟု ယူဆလေ၏။ သို့ဖြစ်၍ မြို့စားကြီးသည် တစ်ချို့တစ်လေ ရှာတွေ့သေးသော သူရဲကောင်းများကို ခေါ်ယူ၍ မိမိ၏မိတ်ဆွေများရှိနေသည့် ဒိုဗာရဲတိုက်သို့ဘုရင်ကြီးအား ဘယ်ယူသွားကြရန် စီမံလေ၏။ ထို့နောက် မြို့စားကြီးသည် ပြင်သစ်ပြည်သို့သွား၍ သမီးအထွေးဖြစ်သော ကော်ဒီလီယာမိဖုရားကြီးအား အစ်မတော်များ၏ ညစ်ပတ်ယုတ်မာမှုများကြောင့် ဘုရင်အိုကြီးဒုက္ခအကြီးအကျယ်တွေ့ရပုံများကို သနားစဖွယ် ပြောပြ





လေ၏။ ကော်ဒီလီယာမိဖုရားသည် ခမည်းတော်အပေါ်၌ သနားကရုဏာ ကြီးစွာဖြစ်သည်နှင့် ခင်ပွန်းသည်ဘုရင်အား အဖြစ်အပျက်ကိုပြောပြ၍ အစ်မယုတ်နှစ်ယောက်နှင့် ၎င်းတို့၏လင်ယောက်ျားများပါ နှိမ်နင်းနိုင်လောက်အောင် လုံလောက်သောစစ်တပ်တစ်တပ် မိမိအားပေးပါရန် တောင်းခံလေရာ ဘုရင့်စစ်တပ်ကြီးကို ဦးစီးအုပ်ချုပ်လျက် ဗြိတိန်ပြည် ဒိုဗာဆိပ်ကမ်းသို့ ဆိုက်ရောက်လာလေ၏။

လီယာဘုရင်သည် ကောက်ရိုးဖြင့်လုပ်သော သရဖူကိုဆောင်း၍ တေးချင်းတကျော်ကျော်နှင့် လှည့်လည်လျက်ရှိလေ၏။ စစ်သားများသည် ဘုရင်အိုကြီးကို ခေါ်ဆောင်လာကြသောအခါ ကော်ဒီလီယာသည် ခမည်းတော်ကို ချက်ချင်းတွေ့လိုသော်လည်း သမားတော်ကြီးများက အဘိုးကြီးအား ဆေးဝါးကုသပြီးသောအခါမှ တွေ့ပါရန်အကြံပေးကြ၏။ ကော်ဒီလီယာက ဆုလာဘ်မြောက်များစွာ ပေးပါမည်ဟု ကတိထား၍ သမားတော်ကြီးများသည် ကြိုးစားပမ်းစားကုသကြလေရာ လီယာဘုရင်မှာ မကြာမီအတွင်း သမီးတော်နှင့်တွေ့နိုင်သည့် အခြေအနေသို့ ရောက်လာလေ၏။

သားအဖနှစ်ယောက် တွေ့ဆုံကြသည်မှာ မြင်ရသူများအဖို့ ကရုဏာဖြစ်ဖွယ်ရာကောင်းလှ၏။ လီယာဘုရင်သည် မိမိ၏အချစ်ဆုံးသမီးဖြစ်သော သမီးထွေးကို ပြန်တွေ့ရခြင်းအတွက် ဝမ်းသာခြင်းကားတစ်ဘက်၊ မိမိဒေါသအလျောက် အမွေမပေးဘဲ စွန့်ပစ်မိသည့် သမီးအထွေးက မိမိအားကြင်နာမြတ်နိုးခြင်းကို ထင်ရှားစွာဖော်ပြခြင်းကို မြင်ရခြင်းအတွက် ရှက်မိသည်ကားတစ်ဘက်ဖြစ်နေလေတော့၏။ ဝမ်းသာခြင်းနှင့် ရှက်ခြင်းတို့သည် မခိုင်မခန့်ရှိနေသည့် လီယာဘုရင်၏စိတ်နှလုံးကို လှုပ်ရမ်းဆွဲခါလိုက်သကဲ့သို့ရှိသည်တွင် စိတ်မနှံ့တစ်နှံ့ ရှိနေသေးသည့် ဘုရင်အိုကြီးမှာ သတိဖောက်ပြန်လစ်ဟင်း၍ မိမိဘယ်မှာရောက်နေသည်၊ မိမိအားကြင်နာစွာ စကားပြောလျက်ရှိသော မိန်းမသည် ဘယ်သူဘယ်ဝါဖြစ်သည် စသည်များကို မမှတ်မိအောင် ဖြစ်သွားရှာလေသည်။ နောက်တစ်ခဏ၌ ဘုရင်အိုကြီးက ဤမိန်းကလေးအား မိမိ၏သမီးအထွေးဟူ၍ အထင်မှားမိခြင်းအတွက် တောင်းပန်သေး၏။ နောက်တခဏ၌ ဘုရင်အိုကြီးသည် ကော်ဒီလီယာရှေ့မှောက်၌ ဒူးထောက်ကာ တောင်းပန်ပြန်လေ၏။

ကော်ဒီလီယာကမူ သမီးဖြစ်သူ မိမိအား ဒူးထောက်တောင်းပန်ဖို့မလိုကြောင်း မိမိကသာလျှင် ဒူးထောက်ရမည်ဖြစ်ကြောင်း ပြောလေ၏။ ကော်ဒီလီယာသည် ခမည်းတော် ဘုရင်အိုကြီးအား ကြိမ်ဖန်များစွာ နမ်းရှုံ့ရင်း ဤမျှလောက် ရာသီဥတုကြမ်းတမ်းသော အချိန်အခါကြီးတွင် မိမိတို့၏ဖွေးကိုပင် အပြင်သို့ထွက်စေမည်မဟုတ်ဘဲ မုတ်ဆိတ်များ ဖွေးဖွေးဖြူနေသော ဖခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အား ပေါက်တတ်ကရ သွားချင်ရာသွားစေဟု လွှတ်လိုက်ရက်သော အစ်မတော်နှစ်ယောက်တို့၏ မိုက်မဲပုံကိုလည်း ရေရွတ်မြည်တွန်လျက်ရှိ၏။

ထို့နောက် ကော်ဒီလီယာက ဆက်လက်၍ ခမည်းတော်အား အကူအညီပေးရန် ပြင်သစ်ပြည်မှ လာခဲ့ခြင်းဖြစ်ကြောင်းပြောရာ ဘုရင်အိုကြီးက အသက်ကြီးသဖြင့် စဉ်းစားဉာဏ်နည်း၍ လုပ်မိလုပ်ရာလုပ်ခဲ့မိသည့် မိမိ၏မိုက်မဲမှုအတွက် ခွင့်လွှတ်ပါရန်တောင်းပန်လေ၏။ ကော်ဒီလီယာကလည်း ခမည်းတော်အား ဘယ်အခါမှ မေတ္တာလည်းမပျက်၊ ကြည်ညိုလေးစားမှုလည်း လျော့ပါးခြင်းမရှိသောကြောင့် အပြစ်လွှတ်စရာ ဘာမျှမရှိကြောင်း ပြန်ပြောလေ၏။

ကျွန်ုပ်တို့သည် ဘုရင်အိုကြီးနှင့် သမီးတော်အား ဆေးဝါးကုသလျက်ရှိသော သမီးတော်များ၏ လက်တွင် ထားခဲ့၍ရက်စက်လှသော သမီးအကြီးနှစ်ယောက်တို့အကြောင်းကို ဖော်ပြရစ်ပါဦးအံ့။

ဤမိန်းမယုတ်နှစ်ယောက်တို့သည် မွေးသဖခင်အား ကျေးဇူးကန်းရက်ကြသည်ဖြစ်၍ ၎င်းတို့လင်သားများအပေါ်၌လည်း သစ္စာရှိကြလိမ့်မည်ဟု မျှော်လင့်မထိုက်ပေ။ ၎င်းတို့ညီအစ်မသည် လင်သားများကို ချစ်ခင်ကြင်နာခြင်းမရှိတော့ဘဲ မျောက်မဲ့ထားလျက် ရှိကြလေတော့သည်။ အဖြစ်ဆိုးလိုက်ပုံမှာလည်း ထိုညီအစ်မသည် တစ်ဦးတည်းသော လင်ငယ်ကို နှစ်ယောက်ပြိုင်တူကြိုက်လျက်ရှိ၏။ လင်ငယ်မှာ ဂလောက်စတာနယ်စား အက်ဒမန်ဖြစ်လေရာ ထိုသူသည် အမွေခံအစစ်ဖြစ်သော နောင်တော်အက်ဒဂါ၏ နေရာကိုလုယူခြင်းအားဖြင့် နယ်စားဖြစ်နေသူပင် ဖြစ်လေသည်။

အက်ဒမန်သည် ညစ်ပတ်ယုတ်မာလှသော ဂေါ်နာရီးလ်နှင့် ရီဂန်တို့ညီအစ်မနှစ်ယောက်နှင့် ထိုက်တန်အောင်ပင် ညစ်ပတ်ယုတ်မာသူဖြစ်၏။ ထိုအချိန်၌ သမီးအလတ်ရီဂန်၏ ခင်ပွန်းဖြစ်သူ ကွန်းဂေါလ်နယ်စားကြီး ကွယ်လွန်လေရာ ရီဂန်သည် ဂလောက်စတာနယ်စား အက်ဒမန်ကို ပြောင်ပြောင်ကြီး လက်ထပ်ယူရန်စီမံလေ၏။ အစ်မဖြစ်သူ ဂေါ်နာရီးလ်သည် ဤအကြောင်းကို သိရသောအခါ လင်လုဘက်ဖြစ်သော ညီမရီဂန်အား အဆိပ်ကျွေး၍သတ်ခြင်းအားဖြင့် လမ်းရှင်းလိုက်လေ၏။ ဂေါ်နာရီးလ်၏ခင်ပွန်းဖြစ်သော အယ်လ်ဘာနီနယ်စားသည် မယား၏ယုတ်မာသောအလုပ်ကို သိသည်ဖြစ်၍ ဂေါ်နာရီးလ်အား ထောင်သွင်းအကျဉ်းချထားလိုက်လေ၏။ နယ်စားကြီးသည် ဘယ်အတွက်ကြောင့် ညီမတစ်ယောက်လုံးကိုလည်း သတ်ဖြတ်သည်ဟူ၍လည်း ရိပ်မိ၏။ ဤတွင် ဂေါ်နာရီးလ်မှာ အလိုလည်းမပြည့်၊ အရှက်လည်းရ၍ ထောင်ထဲသို့ရောက်ခြင်းသည်သာ အဖတ်တင်သည်နှင့် မိမိကိုယ်ကို အဆုံး





စီရင်လိုက်လေ၏။ ဤသို့အားဖြင့် မိုက်ကန်းယုတ်မာသော လူတို့၏သွားရာလမ်းအတိုင်း လိုက်ကြကုန်လေ၏။

လူအများတို့သည် ညီအစ်မနှစ်ယောက်တို့၏ ဇာတ်သိမ်းပုံကား တရားနည်းလမ်း ကျပါပေသည်ဟု ချီးကျူးပြောဆိုလျက်ရှိကြစဉ် သစ္စာရှိ၍ စိတ်နှလုံးဖြူစင်သော သမီးထွေးကော်ဒီလီယာ၏ ဇာတ်သိမ်းပုံနှင့် ပတ်သက်၍ မူကား အံ့သြမဆုံးဖြစ်ကြရလေ၏။ ဤလောက၌ သစ္စာရှိခြင်းနှင့် စိတ်နှလုံးဖြူစင်ခြင်းတို့သည် အများအားဖြင့် အောင်မြင်သည်ဟု မဆိုနိုင်ဘဲ တစ်ခါတစ်ရံတွင် 'စုန်းပြူး'သော အဖြစ်မျိုးနှင့် ကြုံရတတ်ပေသည်။ ကော်ဒီလီယာ၏ဖြစ်အင်မှာ အဆိုပါစုန်းပြူးသော ဖြစ်အင်မျိုးပေတည်း။ ဂေါ်နာရီးလ်နှင့် ရီဂန်ညီအစ်မတို့က ကော်ဒီလီယာ၏ စစ်တပ်ကြီးကို တိုက်ခိုက်တွန်းလှန်ရန် ၎င်းတို့လက်အောက်ရှိ စစ်တပ်နှစ်ခုပေါင်းကို စေလွှတ်လိုက်စဉ် ထိုစစ်တပ်ကြီးကို ၎င်းတို့နှစ်ယောက်၏ လင်ငယ်ဂလောက်စတာ နယ်စားက အုပ်ချုပ်ကာချီတက်သွား၏။ ရန်သူစစ်တပ်ကြီးနှစ်တပ်သည် စစ်မြေပြင်၌ တွေ့ဆုံတိုက်ခိုက်ကြရာ ဂလောက်စတာနယ်စားက အနိုင်ရ၍ ကော်ဒီလီယာက ရှုံးနိမ့်သွားသဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်းခံရလေ၏။ ကော်ဒီလီယာသည် အကျဉ်းထောင်ထဲ၌ မိမိကိုယ်ကို အဆုံးစီရင်လိုက်ရာ ဤမိန်းကလေးမှာ မွေးသဖခင်အပေါ်၌ ချစ်ခင်မြတ်နိုးမှုရှိခြင်းကို ကမ္ဘာသူ ကမ္ဘာသားတို့အား တောက်ပြောင်သောနမူနာ ကြာရှည်စွာပြခွင့်မရဘဲ ခပ်စောစောပင် ဇာတ်သိမ်းသွားရှာလေသည်။ လီယာဘုရင်သည်လည်း ကော်ဒီလီယာကွယ်လွန်ပြီး နောက်များမကြာမီ ကွယ်လွန်ရှာလေ၏။

လီယာဘုရင်သည် မကွယ်လွန်မီ ကင့်မြို့စားကြီးသည် မိမိကားသာမန် ကျေးကျွန်တစ်ယောက်မဟုတ်၊ ရုပ်ဖျက်ထားသော ကင့်မြို့စားဖြစ်ကြောင်း ပြောပြလေ၏။ သို့ရာတွင် သူငယ်မပြန်တပြန်ရှိနေသော လီယာဘုရင်သည် ဆင်းရဲဒုက္ခအမျိုးမျိုးကြားထဲ၌ မြို့စားတစ်ယောက်လုံးက မင်းစေတစ်ယောက်ဖြစ်လာသည်ဆိုခြင်းကို သဘောမပေါက် နားမလည်နိုင်ရှာဘဲဖြစ်နေ၏။ မြို့စားကလည်း ဘုရင်အိုကြီးနားလည်အောင်ပြုလုပ်ရန် မတတ်နိုင်ချေ။ နောက်ဆုံး၌ လီယာဘုရင်ကွယ်လွန်ရာတွင် ကင့်မြို့စားကြီးသည် ဤလောက၌ မိမိအဖို့အလုပ်မရှိတော့ပြီဟု စိတ်အားလျော့ချလိုက်သည့် လက္ခဏာနှင့် မကြာမီပင် ဆရာ့နောက်သို့ လိုက်ရရှာလေ၏။

ဂလောက်စတာနယ်စား အက်ဒမန်သည် ကော်ဒီလီယာအပေါ်၌ အောင်မြင်လိုက်ရသော်လည်း နယ်စားအစစ်ဖြစ်သည့် နောင်တော်အက်ဒဂါနှင့် တစ်ယောက်ချင်း တိုက်ကြရာတွင် ကျဆုံးသွားလေ၏။ ဂေါ်နာရီးလ်၏ခင်



www.burmeseclassic.com

www.burmeseclassic.com



ပွန်း အယ်လ်ဘာနီနယ်စားကြီးမှာမူ မိမိ၏မယားဖြစ်သူက ခမည်းတော်ဘုရင်လီယာအပေါ်၌ မိုက်ကန်းယုတ်မာသည့်အလုပ်တွင်လည်း သဘောတူအားပေးခြင်းမရှိ။ သမီးထွေးကော်ဒီလီယာနှင့် တိုက်ခိုက်ရာတွင်လည်း အပါအဝင်မလုပ်ခဲ့ရာ ထိုနယ်စားသည် လီယာဘုရင် ကွယ်လွန်ရာတွင် ဗြိတိန်ပြည် ဘုရင်အဖြစ်နှင့် ဆက်ခံစိုးစံရလေတော့သတည်း။

သွေးသောက်၊ အမှတ် (၁၈၃)၊ မေလ၊ ၁၉၆၁ ခုနှစ်၊

□ □ □

## အဆုံးကောင်းခြင်းသည်သာ ပမာန

ရှုဘီလုံနယ်စား ဘာတရမ်သည် သူ၏ဘခင်ကွယ်လွန်သည့်နောက် ဘခင်၏အမွေကို ဆက်ခံရသူဖြစ်၏။ ပြင်သစ်ပြည် ဘုရင်သည် ဘာတရမ်၏ဘခင်ကွယ်လွန်သူနယ်စားကြီးနှင့် ခင်မင်ရင်းနှီးသူဖြစ်၍ နယ်စားကြီးကွယ်လွန်ကြောင်း ကြားသိရသောအခါ ဘာတရမ်အား ၎င်း၏တိုင်းပြည်သို့ ချက်ချင်းလာရောက်ရန် လူစေလွှတ်ခေါ်ငင်လေ၏။ ဘုရင်၏အကြံမှာ ဘခင်နယ်စားကြီးအား ချစ်ခင်မြတ်နိုးခဲ့ခြင်းကို ထောက်ထား၍ သားဖြစ်သူ ဘာတရမ်အား သူ၏နန်းတော်၌ ချီးမြှောက်သူကောင်းပြုရန်ဖြစ်လေသည်။

ပြင်သစ်ဘုရင်သည် ဘာတရမ်အား ခေါ်ငင်ရန် လဖူးအမည်ရှိ နန်းတော်သားတစ်ယောက်ကို စေလွှတ်လိုက်သောအခါ ဘာတရမ်သည် သူ၏မိခင်မုဆိုးမနှင့်အတူ နေထိုင်လျက်ရှိ၏။ ပြင်သစ်ပြည်ဘုရင်မှာ အသက်ဦးဆံပိုင်သောဘုရင်တစ်ပါးဖြစ်သည့်အလျောက် ဘာတရမ်အား ခေါ်ယူခြင်းဟူသည်မှာ မလာဘဲမနေရဟု အမိန့်ပေးသည့်သဘောပင်ဖြစ်၏။ လာချင်မှလာနိုင်သည်ဟူသော အဓိပ္ပာယ်မျိုးမဟုတ်ချေ။ သို့ဖြစ်၍ နယ်စားကတော်ကြီးသည် ၎င်း၏သားကို ဘုရင်ကခေါ်သည်ဆိုကတည်းက တစ်ရက်တစ်လေမျှ အချိန်ရွှေ့ဆိုင်းခြင်းငှာမဝံ့ဘဲ သားကလေးအား ချက်ချင်းထည့်လိုက်ရန် စီမံရလေ၏။ လာရောက်ခေါ်ငင်ရသော လဖူးသည်လည်း သားကလေးကို ချက်ချင်းထည့်လိုက်ရမည့်အတွက်ကြောင့် ကြေကွဲဝမ်းနည်းလျက်ရှိသော နယ်စားကတော်ကြီး၏စိတ်ကိုသိသည်ဖြစ်၍ နယ်စားကတော်ကြီးကို နှစ်သိမ့်စေမည့် စကားမျိုးကိုပြောပါ

သီဟရတနာစာပေတိုက်

www.burmeseclassi.com

www.burmeseclassic.com



ပေသည်။ လဖူးကမိမိ၏သခင် ပြင်သစ်ဘုရင်သည် ကွယ်လွန်သူနယ်စားကြီးအား ချစ်ခင်မြတ်နိုးသည့်အတွက်ကြောင့် ၎င်း၏သား ဘာတရမ်ကို မိမိ၏သားအရင်းကဲ့သို့ ဂရုတစိုက် ကြည့်ရှုခိုင်းစားလိမ့်မည်ဖြစ်ကြောင်း ပြောလေ၏။ ထို့ပြင် ပြင်သစ်ဘုရင်မှာ စိတ်အားငယ်သော ရောဂါတစ်မျိုး စွဲကပ်လျက်ရှိသဖြင့် ကုသ၍မရဟု သမားတော်ကြီးများက ထွက်ဆိုကြောင်းကိုလည်း ပြောပြလေသည်။ နယ်စားကတော်ကြီးသည် ဘုရင်၏ရောဂါအကြောင်းကို ကြားသိရသောအခါ ဝမ်းနည်းစကားပြောပြီးနောက် မိမိ၏အခြွေအရံတစ်ဦးဖြစ်သော ဟယ်လီနာ၏ ဘခင်အကြောင်းကို လဖူးအားပြောပြ၏။

ဟယ်လီနာ၏ဘခင်မှာ နာမည်ကျော်ဆေးဆရာကြီးတစ်ဦးဖြစ်၍ ထိုအခါ၌ ကွယ်လွန်လေပြီဖြစ်ရာ၊ အကယ်၍သာရင်းသမားတော်ကြီးရှိနေပါက ဘုရင်၏ရောဂါကို ကုသနိုင်ဖို့ ယုံမှားခြင်းမရှိကြောင်းပြောပြပြီးလျှင် ဟယ်လီနာအကြောင်းကို လဖူးအားပြောပြလေ၏။ ဟယ်လီနာမှာ ဆေးဆရာကြီး နာဘွန်၏ တစ်ယောက်တည်းသော သမီးကလေးဖြစ်၍ ဆေးဆရာကြီးသည် သေခါနီးဆဲဆဲတွင် သမီးကလေးအား စောင့်ရှောက်ပါရန် မိမိအားမှာထားတောင်းပန်ခဲ့သည့်အလျောက် ယခုအခါ၌ မိမိနှင့်အတူ နေထိုင်လျက်ရှိကြောင်း ပြောပြီးလျှင် ဟယ်လီနာ၏ စိတ်သဘောထား ကြီးရင့်မြင့်မြတ်ပုံများအကြောင်းကိုလည်း ပြောပြလေ၏။ ဤသို့ပြောပြစဉ် ဟယ်လီနာသည်လည်း အနီး၌ရှိနေသည်ဖြစ်၍ နယ်စားကတော်ကြီး၏ စကားအားလုံးကို ကြားရသည်နှင့် ငိုကြွေးလေရာ နယ်စားကတော်ကြီးက ကွယ်လွန်ပြီးသော ဘခင်အတွက်ဤမျှလောက် ပူဆွေးဒုက္ခ ရောက်ရချေသလောဟု ပြောလေ၏။

နောက်ဆုံး၌ ဘာတရမ်သည်မိခင်နယ်စားကတော်ကြီးအားနှုတ်ဆက်လေရာ မိခင်ကလည်း မျက်ရည်ကြီးငယ်ကျလျက် သားကလေး ကျန်းမာချမ်းသာပါစေဆိုသည့် အကြောင်းများနှင့် ဆုတောင်းမေတ္တာပို့သပြီးလျှင် လဖူးအားလည်း မိမိ၏သားမှာ ဘုရင့်နန်းတော်ကြီး၌ နေဘူးသူမဟုတ်သဖြင့် ထိန်းရေနန်းရေမဝသောကြောင့် အစစအရာရာတွင် သွန်သင်ဆုံးမသြဝါဒပေးပါမည့် အကြောင်းများနှင့် မှာထားလေ၏။

သွားခါနီး၌ ဘာတရမ်သည် ဟယ်လီနာအား နှုတ်ဆက်စကားပြောသော်လည်း ကိုယ်ချမ်းသာ စိတ်ချမ်းသာနှင့် ပြည့်စုံပါစေဆိုသည့် သာမာန်စကားမျိုးမျှသာ ဖြစ်လေသည်။ နောက်ဆုံး၌ ဘာတရမ်သည် ဟယ်လီနာအား မိမိ၏မိခင်ကို ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ရစ်ဖို့ အကြောင်းကိုလည်း မှာထားလေသည်။

ဟယ်လီနာသည် ဘာတရမ်အား ချစ်ခင်ကြင်နာလျက်ရှိသည်မှာ





အတော်ကြာခဲ့လေပြီ။ စင်စစ်မှာဟယ်လီနာသည်ကွယ်လွန်သူမွေးသဘခင်အားချစ်ခင်မြတ်နိုးသည်မှန်သော်လည်း ယခုစီးလျက်ရှိသောမျက်ရည်များမှာ ဘခင်အားလွမ်းဆွတ်သည့်အတွက်မဟုတ်၊ ဘာတရမ်နှင့် ခွဲခွာရမည့်အတွက် ပူဆွေးဒုက္ခရောက်သောကြောင့်ဖြစ်လေသည်။ ထိုအခိုက်၌ ဟယ်လီနာ၏ မျက်စိထဲတွင် တရေးရေးပေါ်လျက်ရှိသော ပုံသဏ္ဌာန်မှာ ဘခင်၏ပုံသဏ္ဌာန်မဟုတ်။ ဘာတရမ်၏ ပုံသဏ္ဌာန်ဖြစ်လေသည်။

ဖော်ပြခဲ့သည့်အတိုင်း ဟယ်လီနာသည် ဘာတရမ်ကိုချစ်ကြိုက်လာခဲ့သည်မှာ အတန်ကြာခဲ့ပြီဖြစ်ရာ မိမိတို့အဖြစ်ကိုလည်း မကြာခဏစဉ်းစားမိ၏။ စဉ်းစားပုံကား ဘာတရမ်သည် ဆွေကြီးမျိုးကြီးဖြစ်ရုံမက ရူဘီလုံနယ်စားလည်းဖြစ်သည်။ မိမိ၏အဆက်အနွယ်များကား ထင်ရှားကျော်ဇောခြင်းမရှိ။ အနုံညာတထဲက ဖြစ်သည်ဟုဆိုကာ သူ၏ကျေးကျွန်အခြွေအရံအဖြစ်နှင့် တစ်သက်ပတ်လုံးနေပါရစေ ဟူသည်မျှလောက်သာ ဆုတောင်းဝံ့၏။ ထိုထက်ပို၍ မျှော်လင့်ချက်ထားဝံ့သည် မဟုတ်ချေ။ မိမိ၏အခြေအနေနှင့် ဘာတရမ်၏ အခြေအနေမှာ အလွန်တရာကွာလွန်းလှသည် ဖြစ်သောကြောင့် "ငါသည်ဘာတရမ်ကို တောင့်တခဲ့လျှင် မိုးပေါ်ကကြယ်ကို တောင့်တမိသကဲ့သို့ အချည်းနှီးမျှသာ ဖြစ်ချေမည်"ဟု မိမိ၏ကိုယ်ကို တရားချမိလေသည်။

ဘာတရမ်ထွက်သွားသည့်နောက် ဟယ်လီနာ၏ မျက်လုံးများမှာ ဘာတရမ်ကို သတိရတိုင်း မျက်ရည်ပြည့်လျက် နှလုံးသားမှာလည်း ကြေကွဲမတတ် နာရရှာသည်။ ဟယ်လီနာသည် ဘာတရမ်နှင့် ပေါင်းဖက်ဖို့ ဘယ်အခါမှ မျှော်လင့်ချက်မထားသော်လည်း ဘာတရမ်ရှိနေခိုက်၌ သူ၏နက်မှောင်တောက်ပသော မျက်လုံးများ၊ ၎င်းတို့အထက်မှ ခုံးခုံးကြီးရှိကာ ထင်ရှားပြတ်သားသော မျက်ခုံးများ၊ ကော့လိပ်သော ဆံပင်များကို စိမ်းစိမ်းကြည့်ကာ မိမိ၏နှလုံးသားအပေါ်၌ ဓာတ်ပုံရိုက်ထားသကဲ့သို့ မှတ်သားထားနိုင်ခွင့် ရှိချေသေးသည်ဖြစ်ရာ ကွဲကွာလျက်ရှိသော ယခုအချိန်၌မူ နှလုံးသား၌ ရိုက်ကူးထားသည့် ထိုပုံသဏ္ဌာန်ဖြင့်သာ အလွမ်းဖြေရချေတော့သည်။ စကားစမြည်များဖြင့် မကြာခဏ စိတ်ကူးမိရှာလေတော့သည်။

ဟယ်လီနာ၏ဘခင် ဆေးဆရာကြီး နာဘွန်သည် သမီးကလေးအတွက် ဥစ္စာပစ္စည်း အမွေအနှစ်ဟူ၍ မထားခဲ့နိုင်၊ ဆေးနည်းအချို့ကိုသာ အမွေပေးခဲ့နိုင်၏။ သို့ရာတွင် ဆေးနည်းများမှာ ဆေးပညာနှင့်ပတ်သတ်၍ တစ်သက်ပတ်လုံး တပင်တပန်း လေ့လာစုံစမ်းခြင်းအားဖြင့် တွေ့ရသောဆေးနည်းများဖြစ်၍ သက်ဆိုင်ရာ ရောဂါဟူသမျှကို မချွတ်ဧကန် ပျောက်ကင်းစေနိုင်သည်ဟု ယုံကြည်စိတ်ချရသည့် အလွန်ထက်မြတ်သော တန်ခိုးသတ္တိရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆေးစွမ်းကောင်းများ ဖြစ်ကြလေသည်။ အဆိုပါဆေးစွမ်းကောင်းများအနက် တစ်လက်မှာ ပြင်သစ်ပြည်ရှင်ဘုရင်၌ စွဲကပ်လျက်ရှိသည့် ရောဂါမျိုးကို ကုသရန်အတွက်ဖြစ်လေသည်။ သို့ဖြစ်၍ ဟယ်လီနာသည် ဘုရင်၏ရောဂါအကြောင်းကို လဖူးကပြောပြ၍ ကြားရသောအခါ သာမာန်အားဖြင့် ရှုတတ်သောမိန်းကလေးတစ်ယောက်ဖြစ်သော်လည်း ပါရီမြို့သို့ ကိုယ်တိုင်သွား၍ ဘုရင်အားကုသပေးရန် ရဲတင်းသော စိတ်ကူးတစ်ခုဖြစ်ပေါ်လာလေ၏။ သို့ရာတွင် ဟယ်လီနာ၏လက်ဝယ်၌ ဆေးစွမ်းကောင်းတစ်လက်ရှိစေကာမူ ဘုရင်၏ရောဂါမှာ ကုသ၍မရနိုင်သော ရောဂါမျိုးဖြစ်သည်ဟု သမားတော်ကြီးများက ထွက်ဆိုထားကြသည့်ပြင် ဆေးသမားလည်း မဟုတ်သည့် အညတြ အမျိုးသမီးကလေးတစ်ဦးက ကုသနိုင်ပါသည်ဆိုခြင်းကို ယုံကြည်ဖို့ခဲယဉ်း၍ စမ်းသပ်ဖို့ပင် လက်ခံကြဖို့ အခက်အခဲရှိပေလိမ့်မည်။ ဟယ်လီနာမူကား မိမိသာကုခွင့်ရခဲ့လျှင် ဧကန္တပျောက်ကင်းရစေမည်ဟု တထစ်ချယုံကြည်လျက်ရှိ၏။ ဟယ်လီနာ၏ စိတ်ထဲ၌ ဤဆေးစွမ်းကောင်းမှာ မိမိအားဘာတရမ်နှင့် ရစေခြင်းအတွက် ကောင်းကင်၌ရှိသော နက္ခတ်တာရာအပေါင်းတို့က ဝိုင်းဝန်းဖန်တီးပေးလိုက်ခြင်း ဖြစ်သည်ဟူ၍လည်း စွဲမြဲစွာယုံကြည်လျက်ရှိ၏။

ပြင်သစ်ပြည်သို့ ဘာတရမ်ထွက်သွား၍ များမကြာမီအတွင်း တစ်နေ့သ၌ ဘဏ္ဍာစိုးသည် နယ်စားကတော်ကြီးအား ပြောသည်မှာ ဟယ်လီနာသည် ဘာတရမ်အားချစ်ကြိုက်လျက်ရှိ၍ ပါရီမြို့သို့ တစ်ယောက်တည်း လိုက်သွားဖို့ အကြံအစည်ရှိခြင်းကို သူ့ဟာသူတစ်ကိုယ်တည်း ပြောလျက်ရှိခြင်းကို မိမိကြားရကြောင်းကို ပြောပြလေ၏။ ဤတွင် နယ်စားကတော်ကြီးက ဟယ်လီနာအား မိမိထံသို့လွှတ်လိုက်ရန် စေခိုင်းလိုက်၏။ နယ်စားကတော်ကြီးသည် ဘဏ္ဍာစိုး၏ စကားကိုပြန်လှန်သုံးသပ်ရာတွင် မိမိငယ်ရွယ်စဉ်က အဖြစ်အပျက်များကို သတိရမိလေသည်။ "ငါငယ်ငယ်တုန်းကလည်း ဒီလိုပဲလေ၊ ချစ်ကြိုက်ပြီဆိုမှဖြင့် ကိုယ့်ဟာကိုယ်စိတ်ကူးယဉ်ပြီး တွေးချင်ရာတွေး၊ ကြံချင်ရာကြံ၊ ကိုယ့်ဟာကိုယ်တော့ ဟုတ်လှပြီထင်ခဲ့မိပေတာပဲ"ဟု စဉ်းစားမိလေ၏။

ဤသို့စဉ်းစားလျက်ရှိစဉ် ဟယ်လီနာသည် အခန်းထဲသို့ ဝင်လာသည်နှင့် နယ်စားကတော်ကြီးက. . . "ဟယ်လီနာရေ. . . ငါဟာ ညီးအပေါ်မှာ မိခင်တစ်ယောက်လို သဘောထားတယ်ဆိုတာ ညီးသိတယ်မဟုတ်လား. . . "ဟု ပြော၏။

နာ။ "သခင်မဟာ ကျွန်တော်မရဲ့ ချစ်မြတ်နိုးလှတဲ့ သခင်မကြီးဖြစ်တယ်လို့. . . ကျွန်တော်မသိပါသည်. . . "ဟုပြော၏။ ဤတွင် နယ်စားကတော်ကြီးက ထပ်ဆင့်လျက်. . .





နယ်။ "ငါဟာ ညီးအမေ. . .၊ ညီးဟာငါ့သမီးပဲ၊ ညီးကဘာ့ကြောင့် မျက်နှာပျက်သွားရတာလဲ"

ဟယ်လီနာသည် ဘာတရမ်အား မိမိကချစ်ကြိုက်ခြင်းကို နယ်စားကတော်ကြီး သိသွားလေပြီဟု ထိတ်လန့်တုန်လှုပ်လျက်ရှိသည်နှင့် ပြောသည်မှာ. . .

နာ။ "သည်းခံပါရှင်. . . သခင်မဟာ ကျွန်တော်မရဲ့ အမေမဟုတ်ပါ။ နယ်စားဘာတရမ်ဟာလည်း ကျွန်တော်မရဲ့မောင်မဟုတ် ရပါ. . .၊ကျွန်တော်မလည်း သခင်မရဲ့ သမီးမဟုတ်ရပါရှင့်. . . "

နယ်။ "သမီးမဟုတ်ပေမင့် ချွေးမဖြစ်နိုင်တယ်ကွဲ့၊ ငါ့ကိုမှန်မှန်ပြောလေ ညီးကငါ့သား ဘာတရမ်ကို ကြိုက်နေတယ်မဟုတ်လား"

နာ။ "သခင်မကကော သူ့ကိုချစ်တာပဲမဟုတ်လားရှင်"

နယ်။ "ငါ့ကို ဝေ့လည်ဝေ့လည်စကားမပြောစမ်းပါနဲ့၊ တည့်တည့်ပြောစမ်းပါ၊ ငါ့သားကို ညီးကြိုက်တယ်မဟုတ်ဘူးလား"

ထိုအခါ ဟယ်လီနာသည် နယ်စားကတော်၏ရှေ့တွင် ဒူးထောက်လျက် မိမိ၏ချစ်ကြိုက်လာခြင်းကို ဖွင့်ဟဝန်ခံ၍ သည့်အတွက်အပြစ်လွှတ်ပါရန်တောင်းပန်လေ၏။ ထို့နောက် ဟယ်လီနာက ဆက်လက်၍ မိမိနှင့်ဘာတရမ်တို့မှာ ဂုဏ်ရည်မတူသည့် အဖြစ်ကိုသိပါကြောင်း၊ ဘာတရမ်ကမူ မိမိ၏မေတ္တာအကြောင်းကို လုံးဝမသိကြောင်း၊ နေကိုကိုးကွယ်သော လူမျိုးတစ်ယောက်သည် နေကိုမော့၍ဖူးမျှော်သောအခါ နေကဘာမျှမသိသကဲ့သို့ ဘာတရမ်ကလည်း မိမိ၏မေတ္တာအကြောင်းကို အလျှဉ်းမသိကြောင်းမျိုးနှင့် နှိုင်းယှဉ်ဖော်ပြလေ၏။ နယ်စားကတော်က ပါရီမြို့သို့သွားရန် အကြံရှိပါသလောဟု ဟယ်လီနာအားမေးရာ ဟယ်လီနာက ပြင်သစ်ဘုရင်၏ရောဂါအကြောင်းကို လဖူးကပြောပြစဉ် ဤအကြံဖြစ်ပေါ်လာကြောင်းပြောပြ၏။

နယ်။ "ညီးကပါရီကိုသွားချင်တာ ဒီအတွက်ကြောင့်လား၊ ငါ့ကိုမှန်မှန်ပြောစမ်း"ဟုမေးရာ ဟယ်လီနာက ပါရီသို့သွားဖို့စိတ်ကူးပေါ်ရခြင်းမှာ ဘာတရမ်ကြောင့် ဖြစ်ပါကြောင်း၊ သို့မဟုတ်ခဲ့လျှင် ပါရီအကြောင်းကိုလည်းကောင်း၊ ဆေးနည်းအကြောင်းကိုလည်းကောင်း၊ ဘုရင်အကြောင်းကိုလည်းကောင်း မိမိလုံးဝ အကြံရမည်မဟုတ်ကြောင်း ရိုးသားစွာဝန်ခံလေ၏။ နယ်စားကတော်သည် ဟယ်လီနာဝန်ခံချက်ကို ကြားရသောအခါ ထောက်ခံချက်လည်းမပေး၊ အပြစ်လည်းမတင်ဘဲ ဤဆေးနည်းသည် ဘုရင်၏ရောဂါကို ပျောက်စေနိုင်သည်ဆိုခြင်း၏ ဖြစ်နိုင်မဖြစ်နိုင်အကြောင်းကိုသာ စုံစမ်းမေးမြန်းလေ၏။ ဤဆေးနည်းသည်ကား ဟယ်လီနာ၏ဖခင် ဆေးဆရာကြီး၏ အထူးယုံကြည်အား



www.burmeseclassic.com

www.burmeseclassic.com



ကိုးသော ဆေးနည်းတစ်လက်ဖြစ်ခြင်းကိုလည်းကောင်း၊ ဆေးဆရာကြီးသေခါနီး၌ သမီးဟယ်လီနာအား ပေးခဲ့ခြင်းဖြစ်သည်ကိုလည်းကောင်း သိရှိရသည့်ပြင် သမီးကလေး ဟယ်လီနာကို စောင့်ရှောက်ရစ်ပါမည်ဟု မိမိက ကတိပြုခဲ့ခြင်းကိုလည်း သတိရလေ၏။ ထို့ပြင် ပါရီသို့သွားရန်ဟူသော စိတ်ကူးမှာ မိန်းကလေးတစ်ယောက်၏ စိတ်ကူးသက်သက်မျှသာ ဖြစ်သောလည်း ပြင်သစ်ဘုရင်၏ ရောဂါပျောက်ကင်းမှုအတွက်နှင့် ဟယ်လီနာ၏ကြီးပွားရေးအတွက် ဘုရားသခင်၏ စီမံဖန်တီးချက်လည်း ဖြစ်နိုင်သည်ဟု နယ်စားကတော်ကြီး စဉ်းစားမိသည်ဖြစ်၍ ဟယ်လီနာအား ပါရီမြို့သို့သွားခွင့်ပြုရုံသာမက လိုအပ်သော အစီအစဉ်များ ကူညီပြုလုပ်ပေးပြီးလျှင် အဖော်များပင် ထည့်ပေးလိုက်သည်ဖြစ်သောကြောင့် ဟယ်လီနာမှာ နယ်စားကတော်၏ ကောင်းချီးမင်္ဂလာပေးခြင်းကို ခံယူကာ ပြင်သစ်ပြည်သို့ ထွက်လာနိုင်ခဲ့လေသည်။

ဟယ်လီနာသည် ပါရီမြို့သို့ဆိုက်ရောက်သောအခါ သိကျွမ်းဟောင်းဖြစ်သော လဖူး၏အကူအညီဖြင့် ဘုရင်၏ရှေ့တော်သို့ ဝင်ခွင့်ရခဲ့လေ၏။ သို့ရာတွင် ဘုရင်သည် မိန်းမပျိုကလေးတစ်ယောက်က မိမိ၏ရောဂါပျောက်အောင် ကုသနိုင်ပါသည်ဆိုခြင်းကို မယုံကြည်နိုင်သည့်အတွက်ကြောင့် ဟယ်လီနာမှာ အခက်အခဲ တွေ့လျက်ရှိ၏။ ဟယ်လီနာက မိမိသည်ဘုရင်ကြားဘူးသည့် ဆေးဆရာကြီးနာဘွန်၏ သမီးဖြစ်ကြောင်းကိုလည်းကောင်း၊ ဤဆေးသည် ဖခင်၏ တစ်သက်တာလုံး အတွေ့အကြုံနှင့် လေ့လာဆည်းပူးခဲ့သည့် ပညာဗဟုသုတ အနက်မှ ပေါ်ထွက်လာရသည့် ဆေးနည်းတစ်လက်ဖြစ်ခြင်းကို လည်းကောင်း၊ မိမိအားကုသခွင့်ပြုပါက နှစ်ရက်အတွင်း ရောဂါပျောက်ကင်းစေမည့် အကြောင်းကိုလည်းကောင်း၊ အကယ်၍ မိမိကုသပါလျက်နှင့် ဘုရင်၏ ရောဂါ ရှင်းရှင်းမပျောက်ဘဲ ရှိခဲ့ပါမူ မိမိ၏အသက်ကို အသတ်ခံဝံ့ပါသည်ဟူ၍လည်းကောင်း တင်လျှောက်လေ၏။ ဘုရင်သည် ဟယ်လီနာ၏ရဲဝံ့သော အာမခံချက်ကိုကြားရသောအခါ ကုသခွင့်ပေး၍ နှစ်ရက်စေ့ကုန်သည့်အခါ၌ ရောဂါမပျောက်ဘဲ ရှိနေပါလျှင်လည်း ဟယ်လီနာအား သတ်ပစ်ရန်ဖြစ်လေသည်။ အကယ်၍ ဘုရင်၏ရောဂါပျောက်ကင်းပါလျှင်လည်း ပြင်သစ်ပြည်ရှိ လူကုံတန်များအနက်မှ ဟယ်လီနာကြိုက်ရာ ယောကျ်ားတစ်ယောက်ကို လင်အဖြစ်နှင့် ရွေးယူနိုင်ဖို့ ခွင့်တောင်းလေရာ ဘုရင်ကလည်း(မင်းညီမင်းသားများ အနက်မှတစ်ပါး) ကြိုက်သည့်ယောကျ်ားတစ်ယောက်ကို ရွေးယူနိုင်ခွင့် ပေးပါမည်ဟု ကတိသစ္စာပြုလေ၏။

ဟယ်လီနာသည်ဖခင်၏ဆေးစွမ်းထက်မြက်ခြင်းကို ယုံကြည်ခြင်းမှာ မမှားချေ။ ကတိထားခဲ့သည့်နှစ်ရက်မှ မစေ့ကုန်မီ ဘုရင်၏ရောဂါသည် ရှင်း





ရှင်းကြီးပျောက်သွားလေ၏။ ဤတွင်ဘုရင်သည် မိမိ၏နန်းတော်အတွင်းရှိ အမျိုးမြင့်မြတ်သည့် လူပျိုဟူသမျှကို ဆင့်ခေါ်စုရုံး၍ ဟယ်လီနာအား မိမိနှစ်သက်ရာ လင်တစ်ယောက်ကို ရွေးယူစေ၏။ ဟယ်လီနာသည် လင်ရွေးယူရာ၌ အချိန်ကြာရှည်စွာ စဉ်းစားဖို့မလိုချေ။ အဘယ့်ကြောင့်ဆိုသော် စီတန်းလျက်ရှိသော လူပျိုများအနက်တွင် ရူဘီလုံနယ်စား ဘာတရမ်ပါရှိသောကြောင့်ပေတည်း။ သို့ဖြစ်၍ဟယ်လီနာသည် ဘာတရမ်ဘက်သို့လှည့်လျက် "သည်လူကို ကျွန်တော်မရွေးချယ်ပါသည်။ ရွေးချယ်သည်ဆိုရာ၌ ကျွန်တော်မ၏အကြိုက်ကို သူကလိုက်နာဖို့မဟုတ်၊ သူ၏သဘောအတိုင်း ကျွန်တော်မကလိုက်နာ၍ တစ်သက်ပတ်လုံး သူ၏အမှုကြီးငယ်ကို ဆောင်ရွက်ပါမည်"ဟုပြောလေ၏။ ထိုအခါ ဘုရင်က "ဒီလိုဆိုလျှင် ဘာတရမ်ကကောင်းတာပေါ့၊ ကိုင်း. . . မောင်မင်းရဲ့ မယားဖြစ်ပြီ ယူပါလေတော့"ဟုဆို၏။

ဘာတရမ်ကမူ ဘုရင်ကပေးအပ်ခြင်းကိုလည်းကောင်း၊ဟယ်လီနာက ရွေးချယ်ခြင်းကိုလည်းကောင်း၊ ဝမ်းသာခြင်းမရှိချေ။ သို့ဖြစ်၍ ဘာတရမ်က ဤမိန်းမသည် ဆေးဆရာ၏သမီးမျှသာဖြစ်၍၊ မိမိ၏ဖခင်က စောင့်ရှောက်ကျွေးမွေးခဲ့ရသည့်ပြင် ယခုတိုင်လည်း မိခင်ထံ၌ မှီခိုကပ်ရပ်နေရသူ တစ်ယောက်ဖြစ်ကြောင်းပြောလေ၏။ ဟယ်လီနာသည် ဘာတရမ်ကမိမိအား ရွတ်ချပြင်းပယ်သော စကားမျိုးကိုကြားရသောအခါ ဘုရင်၏ဘက်တော်သို့လှည့်လျက် "ဘုရင့်ရောဂါပျောက်ကင်းသည့်အတွက် ကျွန်တော်မျိုးမ ဝမ်းသာလှပါသည်။ ဆုချီးမြှင့်သည့်ကိစ္စကိုတော့ ရှုပ်ပါစေတော့ဘုရား"ဟုတင်လျှောက်လေ၏။ သို့ရာတွင် ဘုရင်ကမူ ဤမျှနှင့်မပြီးချေ။ မိမိ၏တိုင်းပြည်သား ယောကျ်ားတစ်ဦးတစ်ယောက်ကို မိမိပေးစားလိုသော အမျိုးသမီးတစ်ယောက်နှင့် ပေးစားနိုင်သော အခွင့်အရေးမှာ အသက်ဦးဆံကိုပိုင်သော ပြင်သစ်ပြည်ရှင်ဘုရင်တို့၏ လက်ဝယ်၌ တည်ရှိရကား ထိုနေ့၌ပင် ဘာတရမ်နှင့် ဟယ်လီနာတို့ကို လက် ထပ်ပေးစားလိုက်လေ၏။ သို့ရာတွင် ဟယ်လီနာခမျာမှာ ပါရီမြို့သို့လိုက်လာပြီး မိမိ၏အသက်ကိုစွန့်၍ ဘုရင်အားကုသခြင်းအားဖြင့် မိမိကိုချစ်သောလင်ကို ရရှိသော်လည်း မျှော်လင့်သလောက် အကျိုးကျေးဇူးမများလှချေ။ ဘုရင်သည်ယောကျ်ားတစ်ယောက်အား မိန်းမပေးစားနိုင်သော အာဏာရှိသော်လည်း မေတ္တာမရှိသည်ကို မေတ္တာရှိအောင် ပြုလုပ်နိုင်စွမ်းသည် မဟုတ်ချေ။

ဘာတရမ်သည်ဟယ်လီနာနှင့် လက်ထပ်ပြီးသည်နှင့်တပြိုင်နက် နန်းတော်သို့ အခစားမဝင်ဘဲ နေနိုင်ခွင့်ပြုပါရန် ဟယ်လီနာအား ဘုရင်ထံအခွင့်တောင်းဖို့ စေလွှတ်၏။ ဟယ်လီနာသည် ခိုင်းစေသည့်အတိုင်းသွား၍ ဘုရင်ထံမှ အခွင့်ရလာခဲ့သောအခါ ဘာတရမ်က မိမိသည်လက်ထပ်ရန်အတွက် ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပြီးမရှိသောကြောင့် ဤကဲ့သို့ရှုတ်တရက်ရှောင်တခင် လက်ထပ်လိုက်ရခြင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း၊ သို့ဖြစ်၍ မိမိပြုချင်သလိုပြုလုပ်ခြင်းအတွက် ဟယ်လီနာက အပြစ်မရသင့်ကြောင်း ပြောလေ၏။ ပြုချင်သလို ပြုလုပ်ခြင်းဟူသည်မှာ ဟယ်လီနာကိုစွန့်ပစ်၍ တစ်တိုင်းတစ်ပြည်သို့ ထွက်ခွာသွားရန်ဖြစ်သည်ဟု သိရှိရသောအခါ ဟယ်လီနာမှာ အပြစ်ဆိုချင်သောစိတ် မရှိသော်ငြားလည်း အကြီးအကျယ်ဝမ်းနည်းမိရှာသည်။ ထို့နောက် ဘာတရမ်က ဟယ်လီနာအား မိမိ၏မိခင်နယ်စားကတော်ကြီးထံသို့ ပြန်သွားရန်အမိန့်ပေးသောအခါ ဟယ်လီနာက ခိုင်းသမျှလုပ်၍ ပြုသမျှခံမည်ဖြစ်ကြောင်း ချစ်ကြိုက်သောယောကျ်ားကိုရ၍ ကံကောင်းသည်ဆိုသင့်သော်လည်း တစ်ဘက်ကံမကောင်းသဖြင့် ခံလေသမျှ သဲရေကျဖြစ်ရကြောင်းများနှင့် သနားစဖွယ်ငြီးတွားရှာလေရာ ဘာတရမ်မူကား ၎င်းစကားများအတွက် ကရုဏာမသက်သည့်ပြင်ဟယ်လီနာအား နှုတ်ပင်မဆက်ဘဲ သွားလိုရာသို့ထွက်သွားလေတော့သည်။

ဟယ်လီနာသည် ဘာတရမ်၏အမိန့်အတိုင်း နယ်စားကတော်ကြီးထံသို့ ပြန်သွားရှာလေသည်။ မိမိ၏ရည်မှန်းချက်အတိုင်း ဘုရင်၏ရောဂါကိုလည်း ပျောက်အောင်ကုခဲ့ပြီး၊ မိမိချစ်ကြိုက်သည့်ဘာတရမ်နှင့်လည်း လက်ထပ်ခဲ့ရပြီ။ သို့ပါသော်လည်း ဟယ်လီနာသည် ညှိုးငယ်သောမျက်နှာထားနှင့် ယောက္ခမကြီး၏နေအိမ်သို့ပြန်ရောက်လာခဲ့ရာ ခရီးရောက်မဆိုက်ပင် ဘာတရမ်ထံမှ စာတစ်စောင်ရောက်လာပြန်၍ ဟယ်လီနာ၏အသည်းနှလုံးကို ပွတ်ချေလိုက်သကဲ့သို့ နာကျည်းလောက်သည့် အဓိပ္ပာယ်မျိုးပါရှိလေသည်။

စိတ်နှလုံးကောင်းသော နယ်စားကတော်ကြီးသည် ဟယ်လီနာအား ကြည်ဖြူစွာခရီးဦးကြိုပြု၍ သားတော်မောင်ဘာတရမ်နှင့် နှစ်ဦးသဘောတူလက်ထပ်ခဲ့သည့် ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်သဖွယ် လက်ခံပြုစုပြီးလျှင် လက်ထပ်သည့်နေ့တွင်ပင် မိမိထံသို့ပြန်လွှတ်လိုက်သည့် ဘာတရမ်၏ စိမ်းကားရက်စက်သော အပြုအမူကိုအပြစ်ဆိုလျှက်ရှိလေသည်။ ယောက္ခမဖြစ်သူက ထိုကဲ့သို့ကြင်နာစွာလက်ခံပါသော်လည်း ဟယ်လီနာမှာစိတ်ကြည်ရွှင်ခြင်းမရှိနိုင်ရှာဘဲ "သခင်မကြီးရှင့်. . . ကျွန်တော်မယောကျ်ားတော့ ထွက်သွားရှာပြီ ပြန်မလာတော့ဘူး။ ဘယ်တော့မှပြန်မလာတော့ဘူးတဲ့"ဟု ပြောလေ၏။ ထို့နောက် ဟယ်လီနာသည် ခုနင်ကပင်ရရှိသည့် ဘာတရမ်ထံမှစာကို အောက်ပါအတိုင်း ဖတ်ပြလေ၏။

"ငါ့လက်ဝယ်၌ ဝတ်ထားသောလက်စွပ်ကို ချွတ်ယူနိုင်လျှင် ငါ့ကိုလင်ယောကျ်ားခေါ်နိုင်သည်။ သို့မဟုတ်ပါက မင်းနဲ့ငါဘာမှမဆိုင်ဟု မှတ်လေ





လော့"

"ဒီလိုဆိုတော့ ဘယ်လောက်ခဲယဉ်းသလဲ သခင်မကြီးရှင့်၊ ဘယ်မှာမျှော်လင့်ချက်ရှိပါတော့သလဲရှင်"

နယ်စားကတော်ကြီးသည် ဟယ်လီနာ၏ဝမ်းနည်းကြေကွဲခြင်းကိုမြင်၍ ကရုဏာဖြစ်သည်နှင့် ဟယ်လီနာနှစ်သိမ့်စေလောက်သော စကားများဖြင့်ချော့မော့ ပြောပြလေ၏။ နယ်စားကတော်ကြီးက စိတ်ရှည်ရှည်ထား၍ သည်းညည်းခံဖို့အကြောင်း၊ ဘာတရမ်မရှိလျှင် ဟယ်လီနာသည် မိမိ၏သမီးအဖြစ်ရောက်လာကြောင်း၊ ဟယ်လီနာသည် ဘာတရမ်ကဲ့သို့ ရိုင်းပြသောလူစားမျိုးနှစ်ဆယ်နှင့် တန်ဖိုးချင်းညီမျှသော လူယဉ်ကျေးမျိုးနှင့်သာ ထိုက်တန်ကြောင်းပြောပြလေ၏။ ဤနည်းအားဖြင့် နယ်စားကတော်ကြီးက ချော့ချည်တစ်ခါ မြှောက်ချည်တစ်လှည့်ဖြင့် နှစ်သိမ့်အောင်ပြောပါသော်လည်း ဟယ်လီနာမှာ ဝမ်းနည်းခြင်းပြေပျောက်ရန် မဖြစ်နိုင်ဘဲရှိနေ၏။ ဟယ်လီနာသည် ဘာတရမ်ပေးလိုက်သော စာတွင်ပါရှိသည့် အပိုဒ်တစ်ပိုဒ်ကို စိတ်ထဲတွင်ရွတ်ဆိုလျက်ရှိ၏။ ၎င်းစာပိုဒ်မှာကား. . . "ငါ့မှာမယားမရှိသော အဖြစ်သို့မရောက်သမျှကာလပတ်လုံး ပြင်သစ်ပြည်၌ ငါ့အတွက်ဘာမျှမရှိ"ဟုရေးသားလိုက်၏။ နယ်စားကတော်ကြီးက "သူ့စာထဲမှာ သည်လိုပါသလား သမီးရယ်. . . "ဟုမေးရာ ဟယ်လီနာက "ပါပါသည် သခင်မရှင်"ဟု ဝမ်းနည်းစွာ ပြန်ပြောလေ၏။

နောက်တစ်နေ့၌ ဟယ်လီနာမှာ အိမ်၌မတွေ့ရဘဲ ပျောက်ကွယ်သွားလေ၏။ ဟယ်လီနာသည် နယ်စားကတော်ကြီးအတွက် စာတစ်စောင်ရေးထားခဲ့၍ အိမ်မှမိမိထွက်သွားရခြင်းအကြောင်းကို စာထဲ၌ရေးသားဖော်ပြခဲ့၏။ စာတွင်ပါရှိသည်မှာကား မိမိသည်ဘာတရမ်အား အိမ်သို့မကပ်ချင်အောင် ပြုလုပ်မိရာရောက်သည့်အတွက် အပြစ်ပြေပျောက်စေခြင်းငှာ သူတော်ကောင်းစိန်ဂျက်လီဂရန်၏အရိုးအိုးသို့ သွား၍ဖူးမြော်ကန်တော့မည်ဖြစ်ကြောင်း ရေးသားပြီးလျှင် နိဂုံးချုပ်အနေဖြင့် ဘာတရမ်အား ပြောပြရစ်ရန်မှာထားခဲ့ပုံမှာ ဤမျှလောက်စက်ဆုပ်ရွံရှာသည့် သူ၏မယားသည် အိမ်၌မနေတော့ဘဲ ရပ်ဝေးသို့ တစ်ခါတည်းလွင့်စင်သွားပါလေပြီဟု သားတော်မောင်အား ပြောပြရစ်ရန် နယ်စားကတော်ကြီးအား မှာထားခဲ့လေ၏။

ဘာတရမ်သည် ပါရီမြို့မှထွက်လာသောအခါ ဖလော်ရင့်မြို့သို့သွား၍ ဖလော်ရင့်နယ်စားကြီး၏ လက်အောက်၌စစ်မှုထမ်းလေ၏။ ဤသို့ရှိစဉ် ဘာတရမ်သည် စစ်ပွဲများ၌ မိမိ၏အသက်ကို ပမာနမထားဘဲ စွန့်စားတိုက်ခိုက်သဖြင့် စစ်ပွဲပေါင်းများစွာတို့တွင် နာမည်ကောင်းရသည်ဖြစ်၍ ဖလော်ရင့်နယ်စားကြီး၏ ချီးမြှောက်သူကောင်းပြုခြင်းကို ခံယူရရှိလေ၏။ ထိုအခေါအတွင်း



www.burmeseclassic.com

www.burmeseclassic.com



မိခင်နယ်စားကတော်ကြီးထံမှ စာများရရှိလေရာ ၎င်းတွင် ဟယ်လီနာသည် နေအိမ်မှတစ်ခါတည်း အပြီးထွက်သွားသည်ဆိုသည့် သတင်းလည်းပါရှိလေသည်။ ဘာတရမ်သည် ဤသတင်းကိုကြားသိရသည်တွင် မိခင်ထံသို့ပြန်ချင်စိတ်ပေါက်လာ၍ ပြန်ဖို့ပြင်ဆင်လျက်ရှိစဉ် ဟယ်လီနာသည်လည်း ဘုရားဖူးသွားသည့် ဝတ်စုံဖြင့် ဖလော်ရင့်မြို့သို့ ဆိုက်ရောက်လာလေ၏။

စိန်ဂျက်လီဂရန်၏ အရိုးအိုးသို့ဖူးမြော်ရန် သွားကြသောခရီးသည်များသည် ဖလော်ရင့်မြို့မှ ဖြတ်သန်းသွားလာကြရ၏။ ဟယ်လီနာသည် ၎င်းမြို့သို့ ဆိုက်ရောက်လာသောအခါ ဤမြို့တွင်စေတနာ သဒ္ဓါတရားကောင်းလှသော မုဆိုးမကြီးတစ်ယောက်ရှိကြောင်း၊ စိန်ဂျက်လီဂရန်၏ အရိုးအိုးသို့ဖူးမြော်ရန်သွားကြသည့် အမျိုးသမီးခရီးသည်များအား ၎င်း၏နေအိမ်တွင် တည်းခိုစေ၍ ကျွေးမွေးပြုစုကြောင်း ကြားသိရလေ၏။ သို့ဖြစ်၍ ဟယ်လီနာသည် ထိုမုဆိုးမကြီး၏ နေအိမ်သို့သွားလေရာ မုဆိုးမကြီးသည် ဟယ်လီနာအား တည်းခိုနေထိုင်ခွင့်ပြုရုံသာမက ဖလော်ရင့်မြို့ကြီးအတွင်း ကြည့်ရှုဖွယ်ရာများကို လိုက်၍ပြသလေ၏။ ဤမျှသာမကသေး ဖလော်ရင့်နယ်စားကြီး၏ နာမည်ကျော်ကြားလှသော စစ်တပ်ကြီးကို ကြည့်သွားသင့်ကြောင်းပြော၍ လိုက်ပို့ရန်ပြင်ဆင်လေသည်။ မုဆိုးမကြီးက "မိန်းကလေးတို့နယ်သားရှုဘီလုံနယ်စားလည်း ရောက်နေတယ်၊ ဒီလူငယ်က ဖလော်ရင့်နယ်စားကြီးရဲ့ စစ်မှုရေးရာတွေမှာ. . အထူးအောင်မြင်နေလေတော့ ဒီနယ်မှာသိပ်ပြီး နာမည်ကြီးတာပဲ. . ."ဟူ၍လည်းပြောလေ၏။ စစ်တပ်ကိုကြည့်လျှင်ဘာတရမ်ကိုလည်း တွေ့မြင်ရမည်ဟုသိရသောအခါ ဟယ်လီနာမှာ နှစ်ခါတိုက်တွန်းဖို့ မလိုဘဲ စစ်တပ်ကိုကြည့်ရန်သဘောတူလေ၏။ သို့ဖြစ်၍ မုဆိုးမကြီးနှင့်အတူ လိုက်ပါပြီး ဘာတရမ်၏မျက်နှာကိုမြင်ရသောအခါ ဟယ်လီနာမှာ နှစ်သိမ့်ကျေနပ်ခြင်းနှင့်အတူ ဝမ်းနည်းခြင်းလည်းတွဲဖက်လျက်ရှိ၏။ မုဆိုးမကြီးက "စစ်ဗိုလ်ကလေးက ချောလိုက်တာနော်. . ."ဟုပြောသောအခါ ဟယ်လီနာက "ဟုတ်ကဲ့ သဘောကျလောက်စရာလူတစ်ယောက်ပါပဲ" ဟူ၍ မှန်သည့်အတိုင်း ပြောမိလေ၏။ အတူတကွလမ်းလျှောက်လာကြစဉ် မုဆိုးမကြီးသည် စစ်ဗိုလ်ကလေး ဘာတရမ်အကြောင်းကို ပြော၍မဝနိုင်အောင်ရှိနေ၏။ မုဆိုးမကြီးက ဘာတရမ်၌ လက်ထပ်ပြီးမယားတစ်ယောက်ရှိကြောင်း၊ သူ့မယားကို မချစ်နိုင်၍ ပစ်ထားခဲ့ပြီး နယ်စားကြီး၏စစ်တပ်ထဲသို့ဝင်၍ စစ်မှုထမ်းခြင်းဖြစ်ကြောင်း ပြောပြလေ၏။ ဟယ်လီနာသည် အလွန်စကားပြောချင်သော မုဆိုးမကြီး၏စကားများကို သည်းခံ၍နားထောင်ရလေရာ နောက်ဆုံး၌ ဟယ်လီနာအဖို့ အလွန်တရာနားဝင်ဆိုးလှသည့် အကြောင်းအရာတစ်ခုကို ပြောပြလေ၏။ ထိုအကြောင်းမှာ စစ်ဗိုလ်ကလေး





ဘာတရမ်သည် မိမိ၏သမီးဒိုင်ယာနာကို ပိုးပမ်းလျှက်ရှိခြင်းအကြောင်းပင်ဖြစ်လေသည်။

ဘာတရမ်သည် အတင်းပေးစားခြင်းခံရသည့် ဟယ်လီနာကို မချစ်ကြိုက်နိုင်သော်လည်း သူ၌ချစ်ကြိုက်တတ်သော စိတ်ဓာတ်ကင်းမဲ့သည် မဟုတ်ချေ။ ဖလော်ရင့်နယ်သို့ရောက်၍ စစ်မှုထမ်းလျက်ရှိစဉ် ဘာတရမ်သည် မုဆိုးမကြီး၏သမီး ဒိုင်ယာနာအား တပ်မက်စွဲလမ်းလျက်ရှိ၏။ ဘာတရမ်သည် ညအချိန်များတွင် ဒိုင်ယာနာ၏အိမ်ခန်းပြူတင်းပေါက်အောက်သို့လာ၍ မိမိရေးစပ်ထားသည့် မေတ္တာစာများကို နှုတ်ကသီဆိုရင်း လက်ကလည်း တီးမှုတ်လေ့ရှိ၏။ သူ၏တေးချင်းအဓိပ္ပာယ်မှာ လူကြီးများအိပ်ကြသည့် ညဥ့်အချိန်တွင် မိမိအားဒိုင်ယာနာ၏ အခန်းသို့တိတ်တဆိတ် ဝင်ခွင့်ပြုပြီး ပြောစရာရှိသောစကားများကို နားထောင်ပါရန် တောင်းပန်သည့်သဘော ပါရှိလေသည်။ သို့ရာတွင် ဒိုင်ယာနာကမူ သူ၏တောင်းခံချက်မှာ မလျော်ကန်သောကြောင့်တစ်ကြောင်း၊ ဘာတရမ်၌ လက်ထပ်ထားသည့် မယားရှိသည်ဟု ကြားရဘူးသည်တစ်ကြောင်းကြောင့် သူ၏တောင်းခံချက်ကို ခွင့်မပြုဘဲရှိနေ၏။ ဒိုင်ယာနာ၏မိခင်မှာလည်း ကပ္ပလက်မျိုးမှ ဆင်းသက်လာခဲ့သည့် အမျိုးကောင်းသမီးကြီးတစ်ယောက်ဖြစ်သည့်အတိုင်း သမီး၏အနေအထိုင် အပြုအမူစသည်တို့နှင့်ပတ်သက်၍ သိပ်သည်းခြင်းရှိစေရန် သွန်သင်ဆုံးမဩဝါဒပေးလာခဲ့သည့် မိန်းမကြီးတစ်ယောက်ဖြစ်လေသည်။

မုဆိုးမကြီးသည် မိမိ၏သမီးအကြောင်းကိုလည်း အမွှန်းတင်ကာ ဟယ်လီနာအားပြောပြရင်း စစ်ဗိုလ်ကလေးဘာတရမ်က မိမိမှာနက်ဖြန်တွင် ဖလော်ရင့်မြို့မှ ထွက်ခွာမည်ဖြစ်သောကြောင့် မိမိတောင်းခံထားသည့်အတိုင်း ဒိုင်ယာနာနှင့် ယနေ့ညနှစ်ယောက်တည်း တွေ့ပါရစေဟု နားပူလျက်ရှိကြောင်းများနှင့်လည်း ပြောပြလေ၏။

ဟယ်လီနာသည် ဒိုင်ယာနာအား ဘာတရမ်ကချစ်ကြိုက်လျက်ရှိသည်ဟူသော သတင်းကိုကြားရ၍ စိတ်မသက်သာလှသော်လည်း မိမိအတွက်အကြံတစ်ခု ဖြစ်ပေါ်လာ၏။ ဟယ်လီနာသည် ဘာတရမ်စွန့်ပစ်သွားသောမယားဆိုသည်မှာ မိမိပင်ဖြစ်ကြောင်းကို မုဆိုးမကြီးအား ပြောပြ၍ဘာတရမ်တောင်းခံသည့်အတိုင်း ဒိုင်ယာနာ၏အခန်းသို့ ဝင်ခွင့်ပြုပါမည့်အကြောင်း၊ သို့သော် ဘာတရမ်ကို ဒိုင်ယာနာကိုယ်တိုင် အတွေ့ခံဖို့မလို၊ ဒိုင်ယာနာကိုယ်စား မိမိကအတွေ့ခံမည့်အကြောင်း၊ ဤနည်းအားဖြင့် မိမိချစ်ခင်လှသော လင်ယောကျာ်းနှင့် မိမိပြန်ပေါင်းထုတ်ရအောင် ဖန်တီးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းပြောပြလေ၏။ ထို့ပြင်ဟယ်လီနာက မိမိ၏အကြံမှာ ဘာတရမ်၏လက်



www.burmeseclassic.com

www.burmeseclassic.com



မှ လက်စွပ်ကိုရအောင်ယူရန်ဖြစ်ကြောင်း၊ ဤသို့ပြုလုပ်ရခြင်းမှာ သူ၏လက်စွပ်ကို မိမိရအောင်စွမ်းဆောင်နိုင်ခဲ့လျှင် သားမယားအဖြစ်နှင့် ပေါင်းသင်းပါမည်ဟု ဘာတရမ်ကပြောဘူးသောကြောင့် ဖြစ်ကြောင်းဟူ၍ ရှင်းလင်းပြောပြလေ၏။

မုဆိုးမသားအမိနှစ်ယောက်တို့သည် ဟယ်လီနာ၏အကြံအစည်ကို သိရှိကြရသောအခါ လင်ပစ်ခံရသော ဟယ်လီနာအား သနားကြသည်တစ်ကြောင်း၊ ဟယ်လီနာကလည်း ငွေကြေးအမြောက်အများ ပေးပါမည်ဟု ကတိပြုသည့်ပြင် ချက်ချင်းလက်ငင်းလည်းငွေတစ်အိတ်ကို စရံအဖြစ်နှင့် ထုတ်ပေးသည့်တစ်ကြောင်းကြောင့် ဟယ်လီနာအားကူညီရန် သဘောတူညီကြလေ၏။ ထိုနေ့အတွင်း၌ပင် ဟယ်လီနာသည် မိမိသေရှာပြီဟူသောသတင်းကို ဘာတရမ်၏နားသို့ ရောက်အောင်ကြိုးစားစီမံလေ၏။ ၎င်း၏ရည်ရွယ်ချက်မှာ မယားဟယ်လီနာသေဆုံးပြီဟု ထင်မှတ်သောအခါ၌ နောက်ထပ်အိမ်ထောင်ပြုဖို့ လွတ်လပ်ခွင့်ရသည့်အလျောက် ဒိုင်ယာနာယောင်ဆောင်ထားသည့် မိမိအားလက်ထပ်ဖို့ပြောလိမ့်မည်ဟု မျှော်လင့်သောကြောင့် ဖြစ်လေသည်။ ၎င်းအကြံအတိုင်း ဘာတရမ်က ချစ်ကြိုက်စကားပြောသောအခါတွင် သူ၏လက်မှလက်စွပ်ကို ကတိပေးသောအနေဖြင့် ရအောင်တောင်းမည်ဖြစ်ကြောင်း၊ အကယ်၍ လက်စွပ်ကို ရအောင်တောင်းယူနိုင်ခဲ့လျှင် မိမိအဖို့ ဧကန်မုချကျေးဇူးထူးရမည်ဟူ၍ ဟယ်လီနာယုံကြည်လေသည်။

ထိုညဉ့်၌ ဘာတရမ်သည် အိမ်ရှင်များ ခွင့်ပြုချက်အရ ဒိုင်ယာနာ၏အခန်းတွင်းသို့ ဝင်ပြီးနောက်. . . ဒိုင်ယာနာယောင်ဆောင်၍ အခန်းထဲမှစောင့်နေလေ၏။ ဘာတရမ်က မိမိ၏မေတ္တာအကြောင်းနှင့် အမျိုးသမီး၏ဂုဏ်ပုဒ်များအကြောင်းကို ချီးကျူးပြောဆိုလေရာ ထိုစကားများသည် ဒိုင်ယာနာအတွက် ရည်ရွယ်သည်ဟု သိရှိသော်လည်း ဟယ်လီနာမှာ ကြားရခဲလှသောစကားလုံးများဖြစ်သည့် အတွက်ကြောင့် အလွန်တရာနားဝင်ချိုလျက်ရှိ၏။ ဘာတရမ်သည် ဒိုင်ယာနာအနေဖြင့် ဧည့်ခံသောဟယ်လီနာအား အလွန်သဘောကျသည်ဖြစ်၍ လက်ထပ်ရန်ပြောပြီးလျှင် ရာသက်ပန်ပေါင်းသင်းပါမည်ဟူသော ပဋိညာဉ်ကိုလည်း လှိုက်လှဲစွာပေးလေတော့သည်။ ဟယ်လီနာကမူ မိမိ၏ပြောပုံဆိုပုံ ဧည့်ခံပုံကို ယခုသဘောကျ၍ မိမိတို့လင်မယား ပြန်ပေါင်းထုတ်သောအခါ၌လည်း သဘောတူရမည့် နိမိတ်လက္ခဏာပင် ဖြစ်သည်ဟု နှစ်သိမ့်ကြည်နူးလျက်ရှိလေ၏။

ဘာတရမ်သည် ဟယ်လီနာ၏ စဉ်းစားဉာဏ်ရှိသောအဖြစ်ကို မသိချေ။ သိခဲ့ပါမူ ဟယ်လီနာအား ဤကဲ့သို့ ပစ်ပစ်ခါခါ မထီမဲ့မြင် ပြုကောင်း





မှ ပြုပေလိမ့်မည်။ ထို့ပြင် ဟယ်လီနာနှင့်အတူတကွ နေကြရ၍ နေ့စဉ်မြင်တွေ့ခဲ့ရသည့်အတွက်ကြောင့် ဟယ်လီနာ၏ချောမောလှပခြင်းကိုလည်း ဂရုမစိုက်မိသဖြင့် မြင်တတ်ဟန်မတူချေ။ လူသတ္တဝါတို့မည်သည် ချောမောလှပခြင်းကိုဖြစ်စေ၊ အရုပ်ဆိုးခြင်းကိုဖြစ်စေ ပထမအကြိမ် တွေ့မြင်ရသောအခါ၌ ဂရုတစိုက်သတိပြုမိသော်လည်း ရိုးလာသောအခါ၌မူ ပထမအကြိမ် မြင်တွေ့ရစဉ်ကကဲ့သို့ စိတ်၌ထိခိုက်ခြင်းမရှိဘဲ အမှတ်မဲ့ဖြစ်သွားတတ်သည့် သဘာဝရှိ၏။ ထို့ပြင် ဟယ်လီနာသည် ဘာတရမ်အား ချစ်ကြိုက်နေရုံမျှသာမက ကြည်ညိုလေးစားခြင်းလည်းရှိသည် ဖြစ်သောကြောင့် ဘာတရမ်၏ရှေ့တွင် နှုတ်ဆိတ်၍နေတတ်သဖြင့် ဟယ်လီနာ၏တတ်သိနားလည်မှု ရှိခြင်းကို ဘာတရမ်မသိဘဲရှိခဲ့လေသည်။ ထိုညဉ့်၌ ဒိုင်ယာနာ၏အခန်းတွင် ဘာတရမ်နှင့်တွေ့ဆုံရသော အခါ၌မူကား မိမိအပေါ်၌ဘာတရမ်က အထင်အမြင်ကြီးအောင် ပြုလုပ်မှသာလျှင် မိမိ၏အကြံအစည် အောင်မြင်တော့မည်ဟု သိရှိသည်ဖြစ်သောကြောင့် ဟယ်လီနာသည် မိမိ၏အရည်အချင်းကို ဘာတရမ်သိလောက်အောင် အစွမ်းကုန်ပြဖို့ကြိုးစားလေ၏။ ဟယ်လီနာ၏ပြောပုံဆိုပုံနှင့် အမူအယာတို့မှာ ရိုးရိုးကလေးနှင့် ချစ်စဖွယ်ကောင်းလှခြင်းကို ဘာတရမ်သိမြင်ရာတွင် ဤမိန်းမကို ရအောင်ယူမည်ဟု သန္နိဋ္ဌာန်ချလိုက်လေ၏။ ဟယ်လီနာက မိမိအားတကယ် ချစ်ခင်စုံမက်ပါမူ စုံမက်ခြင်းကိုဖော်ပြသည့် အထိမ်းအမှတ်ဖြင့် လက်စွပ်ကိုပေးခဲ့ဖို့တောင်းခံလေရာ ဘာတရမ်ကလည်း ချွတ်ပေးလေ၏။ ဟယ်လီနာကလည်း အတုန့်အပြန် မြတ်နိုးသည့်သဘောဖြင့် ဘုရင်ကပေးသနားခဲ့ဘူးသော လက်စွပ်ကို ဘာတရမ်အား ချွတ်ပေးလေ၏။ နံနက်မိုးလင်းခါနီးလတ်သော် ဟယ်လီနာသည် ဘာတရမ်အား အခန်းမှထွက်ခွာဖို့ ပြောလေရာ ဘာတရမ်ကလည်း ချက်ချင်းပင် ထွက်လာခဲ့၍ မိခင်နယ်စားကတော်ကြီးထံသို့ ထွက်ရန်ပြင်ဆင်လေ၏။ ဟယ်လီနာသည် အကြံတစ်ခုရှိသည်ဖြစ်၍ မုဆိုးမသားအမိနှစ်ယောက်အား မိမိနှင့်အတူ ပါရီမြို့သို့ လိုက်ခဲ့ကြရန် ခေါ်ငင်လေရာ သားအမိနှစ်ယောက်တို့လည်း လိုက်ပါသွားကြလေ၏။ ပါရီမြို့တော်သို့ ရောက်ကြသောအခါ ဘုရင်သည် မြို့တော်၌မရှိဘဲ ရူဘီလုံနယ်စားကတော်ကြီးထံသို့ အလည်အပတ်ကြွရောက်လျက်ရှိရာ ဟယ်လီနာသည် သားအမိနှစ်ယောက်နှင့်အတူ နယ်စားကတော်ကြီး (ယောက္ခမကြီး) ထံသို့ လိုက်သွားကြလေ၏။

ဘုရင်သည် ကျန်းမာချမ်းသာစွာရှိနေသည်ဖြစ်၍ မိမိအားကုသပေးသော ဟယ်လီနာ၏ ကျေးဇူးကိုမမေ့နိုင်ဘဲရှိသည်နှင့် နယ်စားကတော်ကြီးအား ဟယ်လီနာအကြောင်းကို ချီးကျူးပြောဆိုလေ၏။ ဘုရင်က ဟယ်လီနာမှာ



www.burmeseclassi.com

www.burmeseclassic.com



အလွန်အဖိုးထိုက်တန်သည့် ကျောက်မျက်ရတနာကဲ့သို့ ရှိနေပါလျက် ဘာတရမ်၏မသိဆိုးရွားမှုကြောင့် ဆုံးရှုံးရသည့်အတွက် နှမြောဖွယ်ကောင်းလှသည်ဟု မိန့်တော်မူ၏။ နယ်စားကတော်ကြီးသည် ဘုရင်၏စကားကို ကြားရသောအခါ ကွယ်လွန်လေပြီဟု မှတ်ထင်လျက်ရှိသည့် ချွေးမဟယ်လီနာအတွက် ဝမ်းနည်းသည်နှင့် မျက်နှာပျက်သွားခြင်းကို ဘုရင်ကမြင်သဖြင့် "ကျွန်ုပ်ကား အားလုံးကို အပြစ်လွှတ်၍ မေ့ပျောက်ပစ်လိုက်ပါပြီ"ဟု အမိန့်ရှိလေ၏။ ဤစကားကိုကြားရသောအခါ စိတ်သဘောကောင်းလှသော လဖူးသည်(သူလည်းလိုက်ပါလာသည်) ဤမျှလောက် အဖိုးထိုက်တန်သည့် အမျိုးသမီးဟယ်လီနာ ကွယ်လွန်ခြင်းအတွက် ပေါ့ပေါ့ဆဆနှင့် မေ့ပျောက်ပစ်လိုက်ကြသည်ဆိုခြင်းကို မခံချင်သည်နှင့် ဝင်ရောက်တင်လျှောက်လေ၏။ လဖူးက ဘာတရမ်သည် ဘုရင်မင်းမြတ်အားလည်းကောင်း၊ မိခင် နယ်စားကြီးအားလည်းကောင်း၊ ဟယ်လီနာအားလည်းကောင်း အကြီးအကျယ် ပြစ်မှားခဲ့သူတစ်ယောက်ဖြစ်ကြောင်း၊ သို့ရာတွင် အခြားသူများအား ပြစ်မှားခြင်းထက် သူ့ကိုယ်သူ ပြစ်မှားခြင်းက သာ၍ဆိုးပြီး သူသာလျှင် အနစ်နာဆုံးဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဘာတရမ်သည် လူတိုင်းအံ့ဩရလောက်အောင် ချောမောလှပပြီး လူတိုင်းနားဝင်ချိုလောက်အောင် ပြောတတ်သည့် မိန်းကလေးတစ်ယောက် ဆုံးရှုံးရခြင်းဖြစ်၍ ဤသို့သော မိန်းကလေးမျိုးကို သူ့တစ်သက်လုံး ရနိုင်တော့မည်မဟုတ်ကြောင်းနှင့် စိတ်အားထက်သန်စွာ ပြောလေ၏။

ထိုအခါ ဘုရင်ကလည်း ကွယ်လွန်ပြီး၍ ပြန်မတွေ့နိုင်သောသူကို ချီးကျူးသည့်အခါ သူ၏တန်ဖိုးတက်လာ၍ သာပြီးနှမြောစရာကောင်းလှကြောင်း ပြောပြီးလျှင် ဘာတရမ်ကို ရှေ့တော်သို့သွင်းခဲ့ရန် အမိန့်ပေးလေ၏။ ဘာတရမ်ရောက်လာ၍ ဟယ်လီနာအပေါ်၌ မိမိဆိုးခဲ့ခြင်းအတွက် ဝမ်းနည်းစကားတင်လျှောက်ရာတွင် ဘုရင်သည် ကွယ်လွန်သူနယ်စားကြီးအား ခင်မင်ရင်းနှီးခဲ့ခြင်းနှင့် နယ်စားကတော်ကြီးအား လေးစားလျက်ရှိခြင်းတို့ကို ထောက်ညှာသောအားဖြင့် ဘာတရမ်အား အပြစ်လွှတ်လိုက်ပြီဖြစ်ကြောင်း မိန့်တော်မူလေ၏။ ယင်းသို့ရှိစဉ် ဘုရင်သည် ဟယ်လီနာအားမိမိပေးသနားခဲ့ဘူးသော လက်စွပ်ကို ဘာတရမ်၏လက်တွင် မြင်သည်နှင့် မျက်နှာထားပြောင်းလဲသွား၏။ လက်စွပ်ကို ဟယ်လီနာအား ပေးသနားစဉ်က ဟယ်လီနာက မိမိသည် ဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရသည်အခါ ဤလက်စွပ်ကို ဘုရင့်ထံသို့ ပို့လိုက်မည်ဖြစ်ကြောင်း၊ အခြားနည်းအားဖြင့် ဤလက်စွပ်ကို မည်သူ့အားမျှ ချွတ်ပေးလိမ့်မည် မဟုတ်ကြောင်းနှင့် သစ္စာပြုဘူးသောကြောင့် ဖြစ်ရလေသည်။ ဘုရင်သည် ဘာတရမ်အား ဤလက်စွပ်ကို မည်သည့်နည်းနှင့်ရရှိကြောင်းမေး





မြန်းရာတွင် ဘာတရမ်က အမျိုးသမီးတစ်ယောက်သည် လက်စွပ်ကို အိမ်ပြူတင်းပေါက်မှ မိမိထံသို့ ပစ်ချပေးပါသည်ဟု မဟုတ်မဟုတ်လျှောက်ထားသည့်ပြင် ဟယ်လီနာအား လက်ထပ်ပြီးသည့်နေ့မှစ၍ တစ်ကြိမ်တစ်ခါမှ မတွေ့ရဖူးပါကြောင်းနှင့် တင်လျှောက်လေ၏။ ဘုရင်ကမူ ဘာတရမ်သည် မယားဟယ်လီနာအား ရွံရှာမုန်းတီးခြင်းကိုသိသည်နှင့် ဘာတရမ်သည်မိမိ၏မယားကို တစ်နည်းနည်းနှင့် သတ်ပစ်ခဲ့ခြင်းဖြစ်ရမည်ဟု တွေးထင်တော်မူလေသည်။ သို့ဖြစ်၍ ဘုရင်သည်အမှုထမ်းများကိုခေါ်၍ ဘာတရမ်အားဖမ်းဆီးချုပ်နှောင် စေ၏။ ထိုခဏ၌ ဒိုင်ယာနာတို့ သားအမိနှစ်ယောက် ဝင်လာ၍ မိခင်က ဘုရင်အား တင်လျှောက်သည်မှာ ဘာတရမ်သည် မိမိ၏သမီးဒိုင်ယာနာအား လက်ထပ်ပါမည်ဟု ကတိပေးထားပြီးဖြစ်သောကြောင့် ၎င်းကတိအတိုင်းတည်စေရန် ဘာတရမ်အား အတင်းအကြပ် တိုက်တွန်းပေးတော်မူပါမည့်အကြောင်း လျှောက်ထားလေ၏။ ဘာတရမ်ကမူ ဘုရင်၏အမျက်တော်ပွားရမည့်အရေးကို ကြောက်ရွံ့သည်နှင့် မဟုတ်ရကြောင်း ငြင်းကွယ်လေ၏။ ထိုအခါ ဒိုင်ယာနာသည် ဘာတရမ်ကတိပျက်ကွက်ပါသည်ဟု မိခင်ပြောသည့်စကား မှန်ကန်ကြောင်းကို အထောက်အထားပြုသော အနေဖြင့် (ဟယ်လီနာကပေးထားသော) လက်စွပ်ကို ဘုရင်အား ထုတ်ပြ၍ ဘာတရမ်နှင့် မိမိတို့လက်စွပ်ချင်း လဲလှယ်ဖူးပါသည်ဟု လျှောက်ထားလေ၏။ ဘုရင်သည် ဘာတရမ်၏စကားနှင့် ဒိုင်ယာနာ၏စကားကွဲလွဲခြင်းကိုတွေ့ရ၍ နှစ်ဦးစလုံးအားမသင်္ကာသည်နှင့် နှစ်ယောက်စလုံးကို ဖမ်းဆီးရန်အမိန့်ပေးလေ၏။ ထို့နောက်ဘုရင်က ဟယ်လီနာ၏လက်စွပ်ကို မည်သည့်နည်းနှင့် ရသည်ဟု အမှန်အတိုင်းမပြောပြလျှင် နှစ်ယောက်စလုံးကိုသေဒဏ်ပေးမည်ဟုအမိန့်တော်ရှိလေသည်။ ဤတွင် ဒိုင်ယာနာက မိမိ၏လက်စွပ် ဝယ်ယူခဲ့ဘူးသည့် ရွှေကုန်သည်ကို သက်သေအဖြစ်နှင့် တင်ပြလိုပါသောကြောင့် ရွှေကုန်သည်ကို ခေါ်ရန်အတွက် မိခင်အားစေလွှတ်ခွင့်တောင်း၍ ဘုရင်ကခွင့်ပြုရာတွင် မုဆိုးမကြီးထွက်သွား၍ မကြာမီဟယ်လီနာကို ခေါ်သွင်းလာခဲ့လေ၏။

နယ်စားကတော်ကြီးသည် ဟယ်လီနာကို ဘာတရမ်ကသတ်ပစ်ခဲ့သည်အထင်နှင့် သားအတွက်လည်းကောင်း၊ ချွေးမအတွက်လည်းကောင်း၊ စိတ်ဒုက္ခရောက်လျက်ရှိစဉ် သမီးတမျှနှမြောတသလျက်ရှိသည့် ဟယ်လီနာမသေဘဲ ပြန်ရောက်လာခြင်းကို မြင်ရသောအခါ မထိန်းသိမ်းနိုင်မတတ် ဝမ်းသာလုံးဆို့လျက်ရှိလေ၏။ ဘုရင်သည်လည်း ဟယ်လီနာကို မြင်ရသောအခါ "ဒီမိန်းကလေးဟာ ဘာတရမ်ရဲ့မယား ဟုတ်ကြရဲ့လားကွယ်တို့..."ဟု အံ့ဩစွာနှင့်မေးလေ၏။ ထိုအခါ ဟယ်လီနာသည် မိမိအား မယားအဖြစ်နှင့်

www.burmeseclassic.com



ဘာတရမ်က အသိအမှတ်မပြုခြင်းကို သတိရသည်နှင့် "မဟုတ်ရပါ အရှင်ဘုရား၊ ကျွန်တော်မျိုးဟာ အမည်ခံမယားတစ်ယောက်သာ ဖြစ်ပါသည်၊ မယားအစစ်မဟုတ်ပါဘုရား. . . "ဟု တင်လျှောက်လေ၏။

ထိုအခါ ဘာတရမ်ကအမည်ခံရုံသာမက၊ မယားအစစ်ဖြစ်ပါကြောင်း လျှောက်ထားလေ၏။ ဟယ်လီနာကလည်း ဒိုင်ယာနာအယောင်ဆောင်စဉ်က မိမိအားအလွန်တရာ ကြင်နာချစ်ခင်၍ လက်စွပ်ကိုပေးကြောင်း၊ လက်စွပ်ကို ရအောင်ယူနိုင်လျှင် မယားအဖြစ်နှင့် အသိအမှတ်ပြုမည်ဟု စာရေးဘူးသည့် အတိုင်း (စာကိုဖတ်ပြသည်) လက်စွပ်ကို မိမိရပြီဖြစ်သောကြောင့် ကတိအတိုင်း တည်စေလိုကြောင်း၊ မိမိသည် ချစ်ကြိုက်သော ယောကျ်ားတစ်ယောက်ကို ရစေရန်အတွက် နှစ်ကြိမ်တိုင်တိုင် အကြံဉာဏ်ထုတ်ခဲ့ရခြင်း ဖြစ်သောကြောင့်၊ အခြားလင်ယောကျ်ားမျိုးထက် နှစ်ဆပို၍ ချစ်ခင်မြတ်နိုးသင့်ပါကြောင်း ပြောလေ၏။

ထိုအခါ ဘာတရမ်က ဟယ်လီနာသည် ထိုညဉ့်က မိမိနှင့်စကားပြောသောမိန်းမ, စင်စစ်ဖြစ်ကြောင်းကို ထင်ရှားအောင် သက်သေသာဓကပြနိုင်ခဲ့လျှင် တစ်သက်ပတ်လုံး ဘယ်အခါမှမခွဲဘဲ ပေါင်းသင်းပါမည်ဟု ပြောလေ၏။

ဤအလုပ်မှာ ဟယ်လီနာအဖို့ ခက်ခဲသည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ဟယ်လီနာသည် ဒိုင်ယာနာတို့ သားအမိကို ဤကိစ္စအတွက် ခေါ်လာခဲ့ခြင်း ဖြစ်ပေသောကြောင့်တည်း။ ဘုရင်သည် မိမိအလွန်ကျေးဇူးတင်သည့် ဟယ်လီနာအား ကူညီရန်အတွက် လိုက်လာသည့် ဒိုင်ယာနာ၏ အပြုအမူကို သဘောကျလှသည်ဖြစ်၍ ၎င်းအားလည်း မိမိ၏နန်းတော်အတွင်းမှ နှစ်သက်ရာယောကျ်ားတစ်ယောက်ကို ရွေးယူနိုင်သည့် ဆုလာဘ်ကို ဟယ်လီနာနည်းတူ ပေးသနားတော်မူလေ၏။ ဘုရင်သည် ဟယ်လီနာတို့ စုံတွဲ၏အောင်မြင်ခြင်းကို တွေ့ရှိရ၍ မိမိအတွက်တစ်စုံတစ်ရာ ဆောင်ရွက်ပေးသည့် မိန်းမချောကလေးများအား ဤနည်းဖြင့် ချီးမြှင့်ခြင်းသည် အလွန်ကောင်းသော နည်းတစ်နည်းဖြစ်သည်ဟု သဘောကျလျက်ရှိလေ၏။

ဤနည်းအားဖြင့် ဟယ်လီနာသည် မိမိအားမွေးသဘခင်က ပေးခဲ့သည့် အမွေအနှစ်မှာ အလွန်တရာလာဘ်ကောင်းကြောင်း တွေ့ရှိရလေ၏။ အကြောင်းမူကား ဟယ်လီနာမှာ မိမိချစ်မြတ်နိုးလှသော ဘာတရမ်ကိုရ၍ နယ်စားကတော်ကြီး၏ ချွေးမဖြစ်လာရသည့်ပြင် မိမိကိုယ်တိုင်လည်း နယ်စားကတော်ဖြစ်လာခြင်းကို တွေ့ရှိရသောကြောင့် ဖြစ်ပေသတည်း။

သွေးသောက်၊ အမှတ် (၁၈၅)၊ ဇွန်လ၊ ၁၉၆၁ ခုနှစ်။

□ □ □

## တိုင်ယာမြို့မှ ပါရိကလစ်မင်းသား

ဂရိတ်အင်ပိုင်ယာကြီးကို အင်ပါယာအန္တီယိုခက်ခ်အုပ်ချုပ်စဉ်အခါက ၎င်း၏လက်အောက်တွင် တိုင်ယာမြို့စား ပါရိကလစ်အမည်ရှိ မင်းသားတစ်ပါးရှိ၏။ ထိုမင်းသားသည် အင်ပါယာ အန္တီယိုခက်ခ်၏ လျှို့ဝှက်စွာပြုကျင့်ဘူးသည့် ယုတ်မာသော အပြုအမူကိုသိရှိထားသည်ဖြစ်၍ အင်ပါယာဘုရင်သည် မင်းသားအပေါ်၌ ရန်ငြိုးဖွဲ့ကာ အဆုံးစီရင်မည်ကြံစည်ခြင်းကို မင်းသားရိပ်မိသည်နှင့် တိုင်းပြည်မှထွက်ပြေးတိမ်းရှောင်ကာ ပုန်းအောင်းနေခဲ့ရလေသည်။ ကြီးကျယ်သော ပုဂ္ဂိုလ်များ၏ညစ်ပတ်ယုတ်မာသော အပြုအမူကိုသိအောင် စုံစမ်းမိသောသူတို့မှာ ဤအတိုင်းခံရတတ်ခြင်းကား လောကဓမ္မတာပေတည်း။ မင်းသားသည် မိမိ၏မြို့နယ်အုပ်ချုပ်မှုကို ရိုးသားသော ဝန်ကြီးဟဲလီကေနက်စ်သို့ လွှဲအပ်ခဲ့၍ အင်ပါယာဘုရင် အန္တီယိုခက်ခ် အမျက်ပြေပျောက်သောအခါမှ ပြန်လာမည်ဟူသော အကြံဖြင့်ထွက်ပြေးခဲ့ခြင်းဖြစ်လေသည်။

မင်းသားသည် ရှေးဦးစွာ တာဆတ်မြို့သို့သွားရာတွင် ၎င်းမြို့ကြီးမှာ ငတ်မွတ်ခေါင်းပါးသောကပ်ကြီး ဆိုက်ရောက်လျက်ရှိသည်ဟု ကြားသည်နှင့် စားနပ်ရိက္ခာများကို သင်္ဘောနှင့်အပြည့်တင်ဆောင်သွား၏။ မင်းသား ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသောအခါ တာဆတ်မြို့သူမြို့သားများမှာ အတိဒုက္ခရောက်လျက်ရှိကြလေရာ မင်းသားက မိမိတင်ဆောင်လာခဲ့သော ရိက္ခာများကို ရက်ရောစွာဝေငှပေးကမ်းခြင်းအားဖြင့် ကူညီသည်ဖြစ်သောကြောင့် မြို့စားကြီးကလီယံနှင့်တကွ မြို့သူမြို့သား အပေါင်းတို့က မင်းသားအား ကျေးဇူးတင်၍မဆုံးအောင်ရှိကြလေသည်။ မင်းသားသည် တာဆတ်မြို့သို့ရောက်၍ ရက်များမကြာမီအတွင်း တိုင်ယာမြို့၌ အုပ်ချုပ်ရေးအတွက် တာဝန်လွှဲအပ်ထားခဲ့သည့် ဝန်ကြီးဟဲလီကေနက်စ်ထံမှ သတင်းတစ်ခုရရှိလေ၏။ ထိုသတင်းမှာ အင်ပါယာဘုရင်သည် တာဆတ်မြို့သို့ မင်းသားဆိုက်ရောက်နေကြောင်းကို ကြားသိ၍ အသက်ကိုလုပ်ကြံရန်အတွက် လူဆိုးများစေလွှတ်လိုက်သည် ဆိုခြင်းပင်ဖြစ်၏။ မင်းသားသည် ၎င်းသတင်းကို ကြားသိရသောအခါ တာဆတ်မြို့၌မနေဝံ့တော့ဘဲ သင်္ဘောလွှင့်ရပြန်လေရာ မြို့သူမြို့သား အပေါင်းတို့ကလည်း မင်းသား၏ ကျေးဇူးကို မမေ့နိုင်ကြဘဲ ဆုတောင်းမေတ္တာပို့သကာ လွမ်းဆွတ်၍ ကျန်ရစ်ခဲ့ကြလေ၏။

သင်္ဘောလွှင့်ခဲ့ကြ၍ များမကြာမီ လေပြင်းမုန်တိုင်းမိ၍ နစ်မြုပ်ပျက်စီးသွားလေရာ မင်းသားမှတစ်ပါး အားလုံးသေဆုံးကြပြီးလျှင် မင်းသားမှာလည်းပင်လယ်ကမ်းတစ်နေရာသို့ လှိုင်းများပုတ်ခတ်သဖြင့် အဝတ်မပါ ဗလာဟင်းလျက်ရှိလေ၏။ ကံအားလျော်စွာ တံငါသည်အချို့သည် မင်းသားကိုတွေ့ကြ၍ မိမိတို့၏နေအိမ်သို့ ခေါ်သွားပြီးလျှင် အဝတ်အစားများ ဆင်ယင်၍ စားစရာများ ကျွေးမွေးကြလေ၏။ တံငါသည်များက မိမိတို့တိုင်းပြည်အမည်မှာ ပင်တာပိုလစ်ခေါ်၍ ဆိုင်မွန်နိုက်အမည်ရှိ ဘုရင်ကအုပ်ချုပ်ကြောင်း၊ အလွန်သဘောကောင်းသော ဘုရင်ဖြစ်၍ တိုင်းသူပြည်သားများက ချစ်မြတ်နိုးကြကြောင်း၊ ဘုရင်၌ အလွန်လှပသည့် သမီးတော်တစ်ပါးရှိ၍ နက်ဖြန်တွင် သမီးတော်မွေးနေ့အတွက် ပွဲလမ်းသဘင် အခမ်းအနားကျင်းပမည့်အကြောင်း၊ ၎င်းအခမ်းအနားတွင် အရပ်ရပ်မှ ဂုဏ်သရေရှိလူငယ်များ၊ လူစွမ်းကောင်းများ၊ မင်းညီမင်းသားများလည်း လာရောက်ကြ၍ လက်နက်နှင့်အသတ်အပုတ် လူစွမ်းပြသည့် 'ဘုန်းနမင့်' ပွဲကြီးကျင်းပမည့်အကြောင်း ပြောပြကြလေ၏။ မင်းသားသည် လူစွမ်းပြပွဲကြီး ပါရှိကြောင်းကို ကြားရသောအခါ ၎င်းပွဲတွင်ဝင်၍ လူစွမ်းပြလိုသောဆန္ဒဖြစ်ပေါ်လာသော်လည်း မိမိ၏သံကြပ်အကျီမှာ သင်္ဘောပျက်ရာတွင် နစ်မြုပ်ပျောက်ဆုံးခဲ့ပြီ ဖြစ်သောကြောင့် မိမိအဖို့ ပြိုင်ပွဲမဝင်နိုင်သဖြင့် ဝမ်းနည်းမိလေသည်။ ထိုခဏ၌ တံငါသည်တစ်ယောက်သည် ပင်လယ်ထဲ၌ ပိုက်ကွန်ပစ်ရင်း မင်းသားပျောက်ဆုံးခဲ့သော သံကိုယ်ကြပ်ကိုတွေ့ရှိ၍ ထမ်းယူသယ်ပိုးလာခဲ့ရာ မင်းသားသည် သံကိုယ်ကြပ်ကိုမြင်ရသောအခါမိမိ၏ဘခင်ကိုယ်တိုင်ဝတ်၍

သီဟရတနာစာပေတိုက်



သူသေသောအခါ၌ မိမိအားအမွေပေးခဲ့သည့် သံကိုယ်ကြပ်ဖြစ်သည်ဆိုကာ ဝမ်းမြောက်ဝမ်းသာလက်ခံ၍ လူစွမ်းပြပွဲဝင်ရန် ပြင်ဆင်လေ၏။

နောက်တစ်နေ့၌ မင်းသားသည် ဘခင်၏သံကိုယ်ကြပ်ကိုဝတ်လျက် မင်းသမီး၏မွေးနေ့ လူစွမ်းပြပွဲသို့သွားပြီးလျှင် လာသမျှသော လူကုံတန်များ၊ လူစွမ်းကောင်းများ၊ မင်းသားများစသည်တို့နှင့် ဖက်ပြိုင်သတ်ပုတ်ကာ လူစွမ်းပြိုင်လေရာ အားလုံးကို အနိုင်ရ၍ ချန်ပီယံဖြစ်လာလေ၏။ ထိုခေတ်ထုံးစံမှာ အမျိုးသမီး တစ်ဦးတစ်ယောက်အား ဂုဏ်ပြုပွဲတစ်ခု၌ တစ်ယောက်သောယောကျ်ားသည် အခြားသောယောကျ်ားများအားလုံးကို နိုင်နင်းအောင်သတ်ပုတ်ကာ အစွမ်းအကောင်းဆုံး ဖြစ်ကြောင်းကို ထင်ရှားအောင်ပြနိုင်သောအခါ အဆိုပါအမျိုးသမီးသည် ချန်ပီယံဖြစ်လာသော ယောကျ်ားအား လေးစားမြတ်နိုးပါသည်ဆိုခြင်းကို ဖော်ပြရန်ထုံးစံရှိ၏။ ဆိုင်မွန်နိုက်၏သမီးတော် သိုက်စာသည်လည်း ၎င်းထုံးစံအရ လိုက်နာပြုကျင့်ရလေသည်။ သို့ဖြစ်ရာ သမီးတော် သိုက်စာသည် အားလုံးသော ယှဉ်ပြိုင်သူများအနက်မှ မင်းသားချန်ပီယံကို ရွေးထုတ်ပြီးလျှင် လေးစားဂုဏ်ပြုသောအနေဖြင့် ချန်ပီယံ၏ဦးခေါင်းထက်တွင် ပန်းခွေစွပ်ပေးရလေသည်။ (ကျွန်ုပ်တို့ အရှေ့တိုင်းထုံးစံမှာ လည်ပင်းကို ပန်းကုံးစွပ်သည်ဆိုရာ အနောက်တိုင်းတွင်မူကား ဦးခေါင်းတွင် 'ပန်းခွေ'စွပ်ကြလေသည်။ "ပန်း" စွပ်သည့် စိတ်ကူးချင်းတူကြပုံကား သတိပြုစရာပင်) မင်းသား၏ မေတ္တာကို လက်ခံ၍ တုန့်ပြန်သည်ဟု ဆိုလေသည်။

ဘုရင်ဆိုင်မွန်နိုက်သည် ပါရီကလစ်အား သာမာန်အရပ်သား တစ်ယောက်မျှသာ မှတ်ထင်လျက်ရှိရာ ပါရီကလစ်ကလည်း သူ၏သတင်းကို ဂရိတ်အင်ပါယာဘုရင် ကြားသိမည်စိုးသောကြောင့် မိမိ၏ရာထူးကို ဖွင့်မပြောခင် တိုင်ယာမြို့သား လူကုံတန်တစ်ယောက်ဟူ၍သာ အသိပေးထား၏။ သို့ရာတွင် ဆိုင်မွန်နိုက်ဘုရင်သည် ပါရီကလစ်၏ စွမ်းရည်သတ္တိနှင့်တကွ ကိုယ်ဟန်အမူအယာတို့ကို သဘောကျသည့်ပြင် သမီးတော်ကလည်း စုံမက်ပုံရခြင်းကို ရိပ်မိသည်နှင့် ၎င်းတို့နှစ်ဦးကို လက်ထပ်ပေးစားရန် သဘောတူလေသည်။

ပါရီကလစ်နှင့် သိုက်စာတို့ လက်ထပ်ကြ၍ လပေါင်းများစွာ မကြာမီ ဂရိတ်ပြည်မှ သတင်းတစ်ခုရောက်လာ၏။ ၎င်းသတင်းမှာ ဂရိတ်အင်ပါယာဘုရင် အန္တီယိုခက်ခ် နတ်ရွာစံကြောင်း၊ ပါရီကလစ်မင်းသားအုပ်ချုပ်ခဲ့သော တိုင်ယာမြို့သူမြို့သားများသည် ပါရီကလစ်မင်းသား ပြန်မလာဘဲ အကြာကြီး တိမ်းရှောင်နေခဲ့သည့် အတွက်ကြောင့် မကျေမနပ်ဖြစ်ကြပြီးလျှင် မင်းသား[illegible]လစ်အပ်ထားခဲ့သည့် ဝန်ကြီးဟဲလီကေနက်စ်ကိုပင် တင်မြှောက်ရန် စီစဉ်လျက်ရှိကြောင်း၊ သို့ရာတွင် သစ္စာရှိသော ဟဲလီကေနက်စ်ကမူ လူအများက တင်

သီဟရတနာစာပေတိုက်

www.burmeseclassi.com

www.burmeseclassic.com



မြှောက်ကြခြင်းကို လက်မခံဘဲ၊ ပါရီကလစ်အား အမြန်လာရောက်ရန် မှာထားလိုက်ကြောင်း ကြားသိရလေ၏။ ဆိုင်မွန်နိုက်ဘုရင်သည် ဤအကြောင်းကို ကြားရသောအခါ မိမိ၏သားမက်တော်သည် လူသာမာန်တစ်ယောက်မဟုတ်၊ မင်းသားတစ်ပါးဖြစ်သည်ဟု သိရ၍ ဝမ်းမြောက်ခြင်းကားတစ်ဘက်၊ ၎င်း၏တိုင်းပြည်သို့ ပြန်သွား၍ ဘုရင်ခံလုပ်ရပါမူ သမီးရောသားမက်ပါ မိမိနှင့်ခွဲခွာရမည့် အတွက်ကြောင့် ဝမ်းနည်းခြင်းကား တစ်ဘက်ဖြစ်နေ၏။ ပါရီကလစ်က သိုက်စာအား ခမည်းတော် စိတ်ကျေနပ်စေရန် ဤပြည်၌ခေတ္တနေရစ်ဖို့ပြောသော်လည်း မင်းသမီးက သဘောမတူနိုင်ဘဲ လင်တော်မောင်နှင့် အတူလိုက်ဖို့ပူဆာလျက်ရှိ၏။ သို့ဖြစ်၍ ပါရီကလစ်နှင့် သိုက်စာတို့သည် တိုင်ယာမြို့သို့ အတူတကွသွားကြရန် ပြင်ဆင်ကြရလေ၏။

ပါရီကလစ်မင်းသားမှာ ပင်လယ်နှင့်သင့်မြတ်သည့် လက္ခဏာမရှိချေ။ ပထမအကြိမ် သင်္ဘောနှင့်ထွက်ခဲ့စဉ်က လူအားလုံး သေကြေပျက်စီး၍ တစ်ကိုယ်တည်း ကျန်ရစ်ခဲ့ရာ၊ ဤတစ်ကြိမ်တွင်လည်း မုန်တိုင်းမိပြန်၍ သိုက်စာမင်းသမီးမှာ ကြောက်ဖျားလန့်ဖျား ဖျားရလေ၏။ များမကြာမီ သိုက်စာ၏အထိန်းတော် လိုင်ရီဒါသည် မင်းသားထံသို့လာ၍ သိုက်စာမင်းသမီးမှာ ရုတ်တရက်ကလေးဖွားမြင်ပြီးသည်နှင့် တပြိုင်နက်သေဆုံးသွား၍ သမီးကလေးသာ ကျန်ရစ်ပါသည်ဆိုကာ ပွေ့ချီလာသောကလေးကို မင်းသား၏လက်သို့ ပေးအပ်လေ၏။ မင်းသားသည် ဇနီးကွယ်လွန်ကြောင်း ရုတ်တရက်သိရသောအခါ မည်မျှလောက်ပူဆွေးဒုက္ခ ရောက်ရသည်ကို ပြောမပြနိုင်အောင်ရှိတော့၏။ နှစ်သက်ဖွယ်သော အရာများကို ခဏကလေးပြပြီး ချက်ချင်းရုပ်သိမ်းသွားတော့သည်ဆိုကာ နတ်များအားလည်း ရေရွတ်ကြိမ်းမောင်း၏။ ထိုအခါ အထိန်းတော် လိုင်ရီဒါက ကျန်ရစ်သောရင်သွေးတော်ကလေးအား ထောက်ထားခြင်းအားဖြင့် စိတ်ကိုတင်းပြီး၊ သတ္တိရှိရှိနှင့် ဒုက္ခကိုရင်ဆိုင်ပါရန် မင်းသားအား သတိပေးလေ၏။ ထိုအခါ မင်းသားသည် သမီးကလေးကိုလှမ်းယူကာ ပွေ့ချီလျက် မွေးဖွားစအချိန်၌ ဒုက္ခအကြီးအကျယ် ကြုံတွေ့ရသလောက် ကြီးပြင်းသောအခါ၌ ငြိမ်းချမ်းမှုကို တွေ့ရပါစေသတည်း။ ယခုအချိန်၌ ဆင်းရဲသလောက် နောင်အခါ၌ ချမ်းသာတွေ့ရပါစေသတည်း စသည်ဖြင့် စိတ်ထဲက ဆုတောင်းပတ္ထနာပြုလေ၏။

ထိုအတောအတွင်း၌ မုန်တိုင်းသည် ဆက်လက်ပြင်းထန်စွာ တိုက်ခတ်လျက်ရှိလေရာ၊ သင်္ဘောသားများသည် သင်္ဘောပေါ်၌ အလောင်းရှိနေသမျှ ကာလပတ်လုံး လေပြင်းမယုတ်လျော့ဘဲ ဆက်လက်ပြင်းထန်စွာ တိုက်ခတ်လိမ့်မည်ဟု အယူသည်းသော ယုံကြည်မှုရှိသည်ဖြစ်၍ မင်းသားထံသို့လာကြ





ပြီးလျှင် မင်းသမီး၏အလောင်းကို ပင်လယ်ထဲသို့ ပစ်ချလိုက်ဖို့ တိုက်တွန်းတောင်းပန်ကြလေ၏။ မင်းသားသည် သင်္ဘောသားများ၏စကားကို ကြားရသောအခါ အသိပညာနည်းပါးသော သင်္ဘောသားများ၏ အယူသည်းမှုမျှသာဖြစ်သည်ဟု ယုံကြည်သော်လည်း၊ ၎င်းတို့၏တိုက်တွန်းချက်ကို မပယ်ဘဲလိုက်နာမှကောင်းမည်ဟု စဉ်းစားမိလေ၏။ သို့ဖြစ်၍ မင်းသားသည် ဇနီး၏အလောင်းကို နောက်ဆုံးသောကြည့်ခြင်းဖြင့် ကြည့်ပြီးနောက် ဖာကြီးတစ်လုံးထဲသို့ မင်းသမီးအလောင်းနှင့်တကွ၊ ၎င်းဝတ်ဆင်ခဲ့သည့် လက်ဝတ်လက်စား ကျောက်သံပတ္တမြားများကိုပါ ထည့်ပြီးလျှင်၊ စာတစ်စောင်ကိုလည်း ရေးထည့်လေ၏။ ၎င်းစာ၌ မင်းသမီး၏အမည်နာမကို ဖော်ပြ၍မည်သူမဆို ဤအလောင်းကို တွေ့ခဲ့လျှင် ကောင်းမွန်စွာ ဖုတ်ကျဉ်းသင်္ဂြိုဟ်ပါမည့် အကြောင်းနှင့်လည်း မှာထားလေသည်။ ထို့နောက် မင်းသားသည် မင်းသမီး၏အလောင်းကို အမွှေးအကြိုင်များနှင့် ပက်ဖျန်းပြီးလျှင် ဖာကြီးကိုပိတ်၍ သူကိုယ်တိုင် သင်္ဘောပေါ်မှ ပင်လယ်ထဲသို့ ပစ်ချလိုက်လေ၏။ လေမုန်တိုင်း ငြိမ်သက်သွားသောအခါ မင်းသားသည် သင်္ဘောကို တိုင်ယာမြို့သို့တိုက်ရိုက်မလွှင့်ဘဲ တာဆတ်မြို့သို့ ရှေးဦးစွာသွားကြရန် သင်္ဘောသားများကို အမိန့်ပေးလေ၏။ မင်းသား၏အကြံမှာ ခရီးဝေးသော တိုင်ယာမြို့သို့ တိုက်ရိုက်ရွက်လွှင့်ကြပါမူ နုနယ်သော သမီးငယ်ကလေးမှာ ခံနိုင်ဖွယ်ရာမရှိသောကြောင့် တာဆတ်သို့ဝင်၍ သမီးငယ်အား ထားပစ်ခဲ့ရန်ဖြစ်လေသည်။

သိုက်စာ၏အလောင်းပါသော ဖာကြီးကို ပင်လယ်ထဲသို့ ပစ်ချပြီးသည့် နောက်တစ်နေ့ နံနက်စောစော၌ အိဖိဆတ်မြို့သား ဆေးဆရာကြီး ဆီရီမုန်သည် ပင်လယ်ကမ်းအနီး၌ ရပ်လျက်ရှိသည်။ သူ၏တပည့်များသည် လှိုင်းများပုတ်၍ ကမ်းပေါ်သို့တက်နေသော ဖာကြီးတစ်လုံးကို တွေ့ကြသည်နှင့် ဆီရီမုန်ထံသို့ ယူလာကြ၏။ တပည့်တစ်ယောက်ကမူ ဤဖာကြီးကို ကမ်းသို့ပုတ်တင်သော လှိုင်းလုံးကဲ့သို့ ကြီးမားသောလှိုင်းလုံးကို မမြင်ဘူးကြောင်းပြောလေ၏။ ဆီရီမုန်သည် ဖာကြီးကိုအိမ်သို့သယ်ယူစေ၍ ဖွင့်ကြည့်သောအခါ မိန်းမချောကလေးတစ်ယောက်၏ အလောင်းနှင့်တကွ မွှေးကြိုင်သောအနံ့နှင့် ကျောက်သံပတ္တမြားများကို တွေ့ရှိရသည်နှင့် လူသာမာန်တစ်ဦးတစ်ယောက်၏ အလောင်းမဟုတ်နိုင်ဟု တွေးမိလေ၏။ ဆက်လက်မွှေနှောက်ရှာဖွေကြ၍ တွေ့ရှိသာစာကို ဖတ်ကြည့်ကြရာတွင် တိုင်ယာမြို့ ပါရီကလစ်မင်းသား၏ ဇနီးလောင်းဖြစ်ကြောင်းကို သိရလေ၏။ ဆေးဆရာကြီး ဆီရီမုန်သည် သိုက်စာ၏အလောင်းကို ဆက်လက်၍ သေချာစွာကြည့်ရှုပြန်ရာတွင် အလောင်းမှာ အလွန်လတ်ဆက်လျက်ရှိကြောင်း တွေ့သည်နှင့် အသက်မကုန်သေးမီ အလျှင်စ



www.burmeseclassic.com

www.burmeseclassic.com

လို ပင်လယ်ထဲသို့ ပစ်ချခြင်းဖြစ်တန်ရာသည်ဟု တွေးမိလေ၏။ ထို့နောက် ဆေးဆရာကြီးသည် တပည့်များအား မီးတစ်ပုံဖိုစေ၍ ဆေးဝါးများ အဆင်သင့်ယူခဲ့စေပြီးလျှင် သာယာသော တေးသွားများကိုလည်း တီးမှုတ်စေ၏။ ထို့နောက် ဆေးဆရာကြီးသည် လေကောင်းလေသန့် ရစေရန် တပည့်များအား သိုက်စာအနီးမှ ဖယ်ရှားစေလျက် မိမိကိုယ်တိုင် စေ့စေ့စောင့်ကြည့်နေစဉ် သိုက်စာသည် မျက်နှာ၌ သွေးလျှောက်ကာ နီမြန်းလာရာမှ မျက်တောင်ခတ်လာခြင်းကို တွေ့ရလေ၏။ ဤတွင် ဆေးဆရာကြီးသည် မိမိထင်သည့်အတိုင်း အသက်သေခြင်းမဟုတ်၊ နစ်မျောသွားခြင်းမျှသာ ဖြစ်သည်ဟု ဝမ်းမြောက်စွာသိရှိရလေ၏။ တစ်ခဏမျှကြာသောအခါ မင်းသမီးသည်အသက်ရှူရှိုက်၍ သတိရလာပြီးလျှင် "ကျွန်မဘယ်ရောက်နေပါလိမ့် မောင်တော်ဘယ်မှာလဲ ဒီဟာတွေကဘာတွေလဲ" စသည်ဖြင့် တစ်ခွန်းချင်းမေးမြန်းလေရာ ဆေးဆရာကြီးသည် အဖြစ်အပျက်အမှန်ကို တစ်ခါတည်းမပြောဘဲ တစ်ဖြည်းဖြည်းပြောပြလေ၏။ ထို့နောက်မှ ဆေးဆရာကြီးက ကျောက်သံပတ္တာများနှင့်တကွ ဖာကြီးထဲမှတွေ့ရသော စာကိုလည်းပြလေ၏။ မင်းသမီးသည် စာကိုဖတ်ကြည့်၍ "ဒီဟာမောင်တော်ဘုရားလက်ရေးပဲ သင်္ဘောနဲ့ခရီးထွက်လာကြတာကိုတော့ မှတ်မိတယ်။ သားဖွားခြင်းကိုတော့ မမှတ်မိဘူး။ ဘာပဲဖြစ်ဖြစ် မောင်တော့်ကို တွေ့ရတော့မှာ မဟုတ်တဲ့အတူတူ လူ့ဘောင်မှာမနေချင်တော့ပါဘူး၊ သီလရှင်ဝတ်ပါတော့မယ်" ဟုပြောလေ၏။ ထိုအခါ ဆေးဆရာကြီးက သီလရှင်ဝတ်လိုခဲ့လျှင် အနီးအပါး၌ပင် ဒိုင်ယာနာ သီလရှင်ကျောင်းရှိကြောင်း၊ မိမိ၏တူမကလေးတစ်ယောက်ကိုလည်း မင်းသမီးအားစောင့်ရှောက်ပြုစုဖို့ ထည့်ပေးလိုက်မည့်အကြောင်းပြောပြလေ၏။ မင်းသမီးသည် ဆေးဆရာကြီး၏ အစီအစဉ်ကို ကျေးဇူးတင်စွာနှင့် လက်ခံ၍ သီလရှင်ဝတ်လေရာ မောင်တော်ဘုရားအား နေ့စဉ်သတိရသည့်အလျောက် ၎င်းအတွက်ရည်စူးကာဖြင့် တရားများကျင့်သုံးဆောက်တည်ရင်း အလွန်ဖြူစင်သော သီလရှင်တစ်ဦးဖြစ်လာလေ၏။

ပါရီကလစ် မင်းသားသည် (မာရီနာဟု အမည်ပေးထားသည့်) မိမိ၏ သမီးကလေးကို တာဆတ်မြို့တွင်ထားခဲ့၍ ဘုရင်ကလီယံနှင့် ၎င်း၏မိဖုရားတို့ထံ အပ်နှံထားခဲ့လေ၏။ သူ၏မျှော်လင့်ချက်ကား ဤမြို့သူမြို့သားများ ငတ်မွတ်ခေါင်းပါးသော ကပ်ကြီးဆိုက်ရောက်စဉ်က မိမိကျွေးမွေးပြုစုခဲ့ဘူးသည့် ကျေးဇူးကြောင့် သမီးကလေးအား ဂရုတစိုက်ပြုစုစောင့်ရှောက်ကြလိမ့်မည်ဟု ယုံကြည်၏။ ကလီယံဘုရင်သည် ပါရီကလစ်နှင့်တွေ့၍ အဖြစ်အပျက်ကို ကြားသိရသောအခါ သိုက်စာမင်းသမီးကို ဤမြို့သို့မခေါ်ခဲ့ရသဖြင့် မိမိမမြင်လိုက်ရသည့်အတွက် အလွန်တရာဝမ်းနည်းကြောင်းပြော၏။ ထိုအခါ ပါရီက





လစ်က လွန်ပြီးသောဆုံးရှုံးမှုအတွက် မိမိညည်းတွားနေရှတ်နေသော်လည်း အချည်းနှီးသာ ရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွန်ပြီးအကြောင်းအရာကို ဖယ်ထား၍ လက်ရှိသမီးကလေး မာရီနာကို ဤမြို့၌ခေတ္တထားခဲ့ပြီး ဘုရင်နှင့်မိဖုရားတို့က ၎င်းအားပြုစုစောင့်ရှောက်၍ သွန်သင်ပြသ ဆုံးမပေးကြပါက အလွန်ကျေးဇူးကြီးမည်ဖြစ်ကြောင်း ပြောပြလေ၏။ ထို့နောက် ပါရီကလစ်သည် မိဖုရားဘက်သို့လှည့်လျက် မိမိ၏သမီးကလေးအား မင်းသွေးဖြစ်သည့်အလျောက် ယဉ်ကျေးလိမ္မာမှုအရပ်ရပ်တို့ကို သင်ပြပေးပါရန် ထပ်လောင်းမှာထားလေရာ မိဖုရားကလည်း မိမိ၌သမီးတစ်ယောက်ရှိ၍ မင်းသား၏သမီးကလေးကိုလည်း မိမိ၏သမီးနှင့်ထပ်တူထပ်မျှ ချစ်ခင်စောင့်ရှောက်ပါမည်ဟု ကတိပြုလေ၏။ ထိုအခါ ဘုရင်ကလီယံကလည်း (ကတိပြုသည့်အခါတွင် မိဖုရားထက် အည့ံမခံလိုသည့် လက္ခဏာနှင့်) မိမိ၏တိုင်းပြည်၌ ငတ်မွတ်ခေါင်းပါးသော ကပ်ကြီးဆိုက်ရောက်စဉ်အခါက တိုင်းသူပြည်သားများအား ဖြူစင်သောစေတနာဖြင့် ရက်ရောစွာ ကျွေးမွေးခဲ့ဘူးသည့် ကျေးဇူးကြောင့် သမီးကလေးအပေါ်၌ ကျေးဇူးတုန့်ပြန်ရမည်ဖြစ်ကြောင်း၊ တိုင်းသူပြည်သားအပေါင်းတို့ကလည်း မင်းသားအားနေ့စဉ် ဆုတောင်းမေတ္တာပို့သလျက်ရှိကြောင်း၊ အကယ်၍ မင်းသား၏ ကျေးဇူးကို မိမိကမေ့စေဦးတော့ တိုင်းသူပြည်သားများက မိမိကျေးဇူးကန်းခြင်းကို ခံနေကြလိမ့်မည်မဟုတ်ကြောင်း၊ ဤမျှနှင့် မလုံလောက်သေးပါလျှင်လည်း ကျေးဇူးကန်းမိသော မိမိအား နတ်များသည် မိမိနှင့်တကွ မိမိ၏သားစဉ်မြေးဆက်အပေါ်၌ အပြစ်ပေးခြင်းအားဖြင့် ဒဏ်ခတ်ကြပါစေသတည်းဟူ၍ ပြောလေသည်။ ပါရီကလစ်မင်းသားသည် ဘုရင်နှင့်မိဖုရားတို့က သမီးကလေးအတွက် စိတ်ချလောက်အောင် ကတိပေးကြသော စကားများကို ကြားရသောအခါ နှစ်ထောင်းအားရရှိ၍ သမီးကလေးနှင့်တကွ အထိန်းတော် ကိုင်ခိုရီဒါတို့အား ထိုပြည်၌ထားပစ်ခဲ့လေ၏။ သမီးကလေးသည် သိတတ်သောအရွယ်မဟုတ်သဖြင့် ဘာမျှမသိရှာသော်လည်း မင်းသားထွက်လာသောအခါ၌ အထိန်းတော်မှာမူ ကြေကွဲဝမ်းနည်းခြင်းဖြစ်ရလေ၏။ ထိုအခါ မင်းသားက "မငိုပါနဲ့ ကိုင်ခိုရီဒါ၊ သမီးတော်ကလေးကိုသာ စောင့်ရှောက်ရစ်ပါ၊ ငါ့သမီးကလေးဟာ သင့်အဖို့ တစ်သက်လုံး အားကိုးရာကြီးဖြစ်လိမ့်မယ်"ဟုပြောလေ၏။

ပါရီကလစ်မင်းသားသည် တိုင်ယာမြို့သို့ ချောမောစွာဆိုက်ရောက်၍ နန်းထိုင်လျက်ရှိစဉ် ဇနီးဖြစ်သည့် သိုက်စာမင်းသမီးမှာ အီဖိဆတ်မြို့၌ ရှိနေလေ၏။ သမီးတော်ကလေး မာရီနာမှာမူ ကလီယံဘုရင်က မင်းသမီးနှင့်ထိုက်တန်သည့် အဆောင်အယောင်ဖြင့် ပြုစုထိန်းသိမ်းထားလေ၏။ ကလီယံဘုရင်သည် မာရီနာမင်းသမီးကလေးအား အတတ်ပညာများကို ကောင်းစွာသင်ကြား


www.burmeseclassic.com

www.burmeseclassic.com



ပေးထားသည် ဖြစ်သောကြောင့် မာရီနာသည် ၁၄-နှစ်သမီးအရွယ်သို့ရောက်သောအခါတွင် ထိုပြည်၌အတတ်ဆုံးသောပညာရှိများသည်ပင် မာရီနာထက်ပို၍တတ်သည်ဟု မပြောနိုင်အောင်ရှိတော့၏။ က,ခုန်ခြင်း၊ သီဆိုခြင်းတည်းဟူသော အနုပညာများ၌လည်း မာရီနာသည် နတ်သမီးများသဖွယ် ကျွမ်းကျင်သည်ဟုဆိုလောက်၏။ ဇာထိုးခြင်း၊ ပန်းထိုးခြင်း အလုပ်မျိုး၌လည်း မာရီနာသည် အလွန်ကျင်လည်တတ်မြောက်သည်ဖြစ်၍ သူထိုးသည့်ငှက်ကောင်ကလေးများ၊ ပန်းပွင့်များ၊ အသီးအနှံများ စသည်တို့သည် ပကတိငှက်ကောင်၊ ပန်းပွင့်စသည်များနှင့် ခွဲမရအောင် သဘာဝကျ၍တူလှသည်ဟု ချီးကျူးရ၏။ လူအများသည် မာရီနာ၏တတ်မြောက်ခြင်း၊ ကျွမ်းကျင်လိမ္မာခြင်း၊ ထူးချွန်ခြင်းတည်းဟူသော အချင်းအရာတို့ကို ချီးကျူးပြောဆိုသောအခါ ကလီယုံဘုရင်၏မိဖုရားသည် မကြည့်ချင်မကြားချင်အောင် မနာလိုလျက်ရှိ၏။ အဘယ့်ကြောင့်ဆိုသော် မာရီနာနှင့် ရွယ်တူဖြစ်သော ၎င်း၏သမီးသည် မာရီနာနှင့် တစ်ဆရာတည်းအတူ သင်ရသူဖြစ်ပါလျက် မည်သည့်ပညာရပ်တွင်မှ မာရီနာနှင့်မယှဉ်နိုင်ဘဲ အလွန်ညံ့ဖျင်းထိုင်းမှိုင်းသောကြောင့် ဖြစ်လေသည်။ မိဖုရား၏ အထင်မှာမာရီနာရှိနေသောကြောင့်သာလျှင် မိမိ၏သမီး တိမ်မြုပ်ရသည်။ သူမရှိလျှင် လူချီးမွမ်းခံရနိုင်သည်ဟု စဉ်းစားမိသည်နှင့် မာရီနာကို ဖျောက်ဖျက်ရန် အကြံထုတ်လေ၏။ သို့ဖြစ်၍ မိဖုရားသည် လူဆိုးတစ်ယောက်ကိုငှား၍ မာရီနာကိုအသတ်ခိုင်း၏။ ထိုအချိန်မှာ အထိန်းတော် ကိုင်ခိုရီဒါသေဆုံးသော အချိန်ဖြစ်၏။ မာရီနာသည် အထိန်းတော်၏အလောင်းအနီး၌ ငိုကြွေးလျက်ရှိသည်။ မိဖုရားသည် လူဆိုးနှင့်စကားပြောလျက်ရှိ၏။ မာရီနာမှာ အလွန်တရာချစ်ခင်သူပေါများသော မိန်းကလေးတစ်ယောက်ဖြစ်၍ လူဆိုးသည်ပင်လျှင် မိဖုရားစေခိုင်းသည့်အတိုင်း မသတ်ရက်အောင် ဖြစ်နေသေး၏။

ဆိုး။ "မိန်းကလေးက ချောလွန်းလှလွန်းလို့ သတ်ရက်စရာမရှိပါဘူးဘုရား"

ရား။ "ချောတဲ့လှတဲ့သူကို နတ်ပြည်ပို့ပေးထိုက်တယ် မဟုတ်ဘူးလား၊ ဟော. . . သူ့အထိန်းတော် အလောင်းနားက ထ,လာပြီဟော့. . . ဘယ့်နှယ်လဲ လုပ်မယ်မဟုတ်လား"

ဆိုး။ "လုပ်ပါတော့မယ်ဘုရား"

မာရီနာသည် ပန်းခြင်းတောင်းတစ်ခုကို လက်ဆွဲလျက် လျှောက်လာလေရာ အထိန်းတော်၏အလောင်းကို မြှုပ်နှံပြီးသောအခါ၌လည်း ဤသို့သော ပန်းခြင်းတောင်းနှင့် သင်္ချိုင်းသို့သွား၍ အထိန်းတော်၏မြေပုံပေါ်တွင် ပန်းများကို စီခင်းပေးရန် အကြံရှိလေသည်။





ရား။ "ဘယ့်နှယ်လဲ မာရီနာ တစ်ယောက်တည်းငိုနေသလား၊ သမီးတော်ကို အဖော်မခေါ်ခဲ့ဘဲကိုး. . . အထိန်းတော်သေတာနဲ့ ဒီလောက်ဝမ်းမနည်းပါနဲ့ကွယ်၊ ငါတစ်ယောက်လုံးရှိပါသေးတယ်၊ သူမရှိပေမင့် ငါကစောင့်ရှောက်မယ်ပေါ့၊ ဘာပူစရာရှိသလဲ သမီးရယ်. . . တငိုတည်းငိုမနေနဲ့လေ. . . အလှတွေပျက်ကုန်တော့မပေါ့၊ ကိုင်း. . . ကိုင်း ပန်းတွေပေးထားခဲ့လေ၊ လေတိုက်လို့နွမ်းကုန်တော့မယ်၊ ထိုင်ရတာညောင်းလှပြီ၊ ဟောဒီကကျေးကျွန်နဲ့ အပြင်ထွက်ပြီး လမ်းလျှောက်ချေကြပါဦးလား၊ ဟဲ့လူ မာရီနာနှင့် လမ်းလျှောက်ချေကြ၊ ခေါ်သွားလေ"

နာ။ "တော်ပါပြီ မယ်တော်ဘုရား"

ရား။ "မတော်ပါနဲ့လေ အညောင်းမိပြီး အဖျားအနာရှိမှဖြင့် ကိုယ့်ခမည်းတော်က ငါတို့ကို အပြစ်တင်နေပါဦးမယ်၊ သွားပါသွားပါ၊ အညောင်းမိပြီးအလှတွေပျက်ကုန်မှဖြင့် မင်းသားက အပြစ်တင်နေပါဦးမယ်၊ ကိုင်း. . . ကိုင်း . . . ထွက်ကြထွက်ကြ"ဟုပြော၍ လူဆိုးအားခေါ်သွားစေလေ၏။

မာရီနာသည် မိဖုရားကစေတနာကောင်းနှင့် တိုက်တွန်းလိုက်သောကြောင့် ငြင်းပယ်ဖို့ခဲယဉ်းသည်နှင့် လူဆိုးနှင့်အတူ ထွက်လာကြလေ၏။ (လူဆိုးမှာ အခြားသူမဟုတ် မိဖုရား၏ အခိုင်းအစေကျေးကျွန် တစ်ယောက်ဖြစ်လေသည်) ထွက်ခါနီး၌ မိဖုရားကလူဆိုးအား "ငါပြောတာ မမေ့နဲ့နော်"ဟု တီးတိုးမှာလိုက်လေသည်။

မာရီနာသည် မိမိမွေးဖွားရာဖြစ်သော ပင်လယ်ပြင်ကြီးကိုကြည့်လျက် . . .

နာ။ "အခုတိုက်နေတဲ့လေဟာ အနောက်ဘက်ကလားရှင်"

ဆိုး။ "မဟုတ်ပါ၊ အနောက်တောင်ဘက်ကပါ"

နာ။ "ကျွန်မဖွားတုန်းကတော့ မြောက်လေကြီးတိုက်နေတယ်တဲ့၊ အထိန်းတော်က ပြောဘူးတယ်"

ဤတွင်မာရီနာသည် အထိန်းတော်ပြောပြခဲ့ဘူးသည့် လေမုန်တိုင်းအကြောင်း၊ မိခင်အကြောင်း၊ ဖခင်အကြောင်း၊ စသည်တို့ကို စိတ်ထဲတွင် သတိရလာလေ၏။

နာ။ "အထိန်းတော်ကြီးက ပြောဘူးတယ်၊ လေမုန်တိုင်းတိုက်တုန်းက ခမည်းတော်ဟာ လုံးဝမကြောက်ဘူးတဲ့၊ သင်္ဘောသားတွေကို အားပေးပြီး သူကိုယ်တိုက် လက်တွေပေါက်ပြဲကုန်သည့်တိုင်အောင် သင်္ဘောနဲ့အတူ ရွက်ကြိုးတွေကို ဝင်ဆွဲသတဲ့. . ."

ဆိုး။ "ဒီဟာဘယ်တုန်းက ဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နာ။ "ကျွန်မကို မယ်တော်ကဖွားတုန်းကတဲ့၊ ဒီတုန်းကလေ လေရော၊ လှိုင်းရောပြင်းထန်လိုက်တာ ဒါမျိုးတစ်ခါမှ မကြုံရဘူးတဲ့"

ထို့နောက် မာရီနာသည် အထိန်းတော်ပြောပြခဲ့ဘူးသည့် အကြောင်းချင်းရာများကို လူဆိုးအားအသေးစိတ်ပြန်ပြောင်းပြောပြလေ၏။ အထိန်းတော်သည် ဤအကြောင်းအရာကို မာရီနာအား ကြိမ်ဖန်များစွာ ပြောပြဘူးသည်ဖြစ်၍ မာရီနာ၏နှလုံးထဲတွင်စွဲလျက် မျက်စိထဲ၌ပင်မြင်ယောင်မိ၏။ ထိုခဏ၌ လူဆိုးသည် မာရီနာအား စကားဖြတ်ပြီး ဘုရားသခင်ထံ ဆုတောင်းရန် ပြောလေရာ. . .

နာ။ "ဘာပြုလို့လဲရှင်. . ."

ဆိုး။ "မိန်းကလေး ဆုတောင်းချင်လျှင် အချိန်နဲနဲပေးနိုင်တယ်၊ သို့သော် ရှည်ရှည်ကြီး မလုပ်နဲ့နော် မြန်မြန်ကိစ္စပြီးအောင် လုပ်ပါ့မယ်လို့ တာဝန်ခံခဲ့တယ်. . ."

နာ။ "ကျွန်မကိုသတ်တော့မလို့လား. . . ဘာကြောင့်လဲရှင်. . ."

ဆိုး။ "မိဖုရားကခိုင်းလို့. . ."

နာ။ "ဘာ့ကြောင့် သတ်ခိုင်းတာတဲ့လဲရှင်. . . ကျွန်မကသူ့ကိုတစ်ခါမှ နစ်နာအောင် လုပ်လည်းမလုပ်ဖူးဘူး၊ ပြောလည်းမပြောဖူးပါလားရှင်၊ သူ့ကိုသာမဟုတ်ဘူး၊ ဘယ်သူ့ကိုမှ ကျွန်မမလုပ်ပါဘူးရှင်၊ လူကိုမဆိုထားနဲ့ ကြွက်တစ်ကောင်၊ ယင်ကောင်ကလေးတစ်ကောင်ကိုတောင် နာကျင်အောင် ကျွန်မမလုပ်ခဲ့ဖူးပါဘူးရှင်၊ တစ်ခါက တီကောင်တစ်ကောင်ကို မတော်တဆနင်းမလို့သေသွားရှာတော့ ကျွန်မငိုလိုက်ရတာရှင်၊ ကျွန်မသူ့စိတ်ဆိုးအောင် ဘာများပြုခဲ့ဘူးလို့လဲရှင်. . ."

ဆိုး။ "ကျုပ်ဝတ္တရားက အကျိုးအကြောင်း ရှင်းလင်းပြနေဖို့မဟုတ်ဘူး. . . အလုပ်လုပ်ဖို့ပဲရှိတယ် မိန်းကလေး. . ."

လူဆိုးသည် ဤသို့ပြောပြီးနောက် မာရီနာကိုသတ်တော့မည်ပြုဆဲတွင် ပင်လယ်ဓါးပြတစ်စုသည် ကမ်းသို့ဆိုက်ကပ်၍ မာရီနာကိုမြင်သည်နှင့် သင်္ဘောသို့ခေါ် ဆောင်သွားကြလေ၏။

မာရီနာကို ဖမ်းဆီးသွားသော ဓါးပြသည် မိတလင်းမြို့သို့ခေါ် ဆောင်သွား၍ ကျွန်မအဖြစ်နှင့်ရောင်းစားလိုက်ရာ မာရီနာမှာကျွန်မတစ်ယောက်အနေဖြင့်ပင် ရုပ်အဆင်းနှင့်ဉာဏ်ပညာ အရည်အချင်းအတွက်ကြောင့် ကျော်ဇောသတင်း ဖြစ်လျက်ရှိလေ၏။ မာရီနာကို ဝယ်ယူသူလူမှာလည်း မာရီနာကရှာပေးသောငွေနှင့်ပင် သူဌေးတစ်ယောက်ဖြစ်လာတော့သည်။ မာရီနာသည် က,ခြင်း၊ သီဆိုခြင်း၊ ဇာထိုးပန်းထိုးခြင်းစသော အတတ်များကိုသင်ပြပေးခြင်း





အားဖြင့် တပည့်များထံမှ အခကြေးငွေရရှိလေရာ ၎င်းတို့ကို သခင်နှင့်သခင်မတို့ကို ပေးအပ်လေ၏။ မာရီနာ၏ ကျော်ဇောသတင်းသည် တစ်နေ့တစ်ခြားပြန့်နှံ့လျက်ရှိရာ နောက်ဆုံး၌ မိတလင်မြို့စား ကိုင်စီမခတ်သည် ဤအကြောင်းကိုကြား၍ မာရီနာကိုတွေ့မြင်လိုသည်နှင့် ၎င်း၏နေအိမ်သို့လာ၍ ကြည့်လေ၏။ ကိုင်စီမခတ်သည် မာရီနာနှင့် စကားပြောကြည့်ရာတွင် အလွန်သဘောကျလျက်ရှိ၏။ ဤမိန်းကလေး၏ ကောင်းသတင်းများကို ကြားရဘူးခဲ့သော်လည်း ဤမျှလောက်ဉာဏ်ကောင်း၍ အသိတရားနှင့် ပြည့်စုံလိမ့်မည်ဟူ၍လည်းကောင်း၊ ဤမျှလောက် စိတ်နှလုံးကောင်း၍ အရည်အချင်းရှိလိမ့်မည်ဟူ၍လည်းကောင်း မမျှော်လင့်ခဲ့ချေ။ သို့ဖြစ်၍ ကိုင်စီမခတ်သည် မာရီနာနှင့်ခွဲခွာသောအခါ မိမိထံမှ သတင်းကြားရလျှင် ကောင်းသတင်းသာကြားရမည့်အကြောင်း၊ ဤအတိုင်းပင်ဆက်လက်၍ နာမည်ကောင်းပြီး သတင်းမွှေးအောင်ကြိုးစားဖို့အကြောင်း မှာထားခဲ့လေ၏။ စင်စစ်သော်ကား ကိုင်မစီခတ်သည် မာရီနာ၏ရုပ်အဆင်းကိုသာမက အတွင်းရောအပြင်ပါ အရည်အချင်းပြည့်ဝသောမိန်းကလေးတစ်ယောက်ဖြစ်သည်ဟုစိတ်နှလုံးတုံးတုံးချ၍ ဆုံးဖြတ်ပြီးသည့်အလျောက် လက်ထပ်ဖို့စိတ်ကူးလျက်ရှိလေပြီ။ မာရီနာမှာ အလွန်နိမ့်ကျသော ကျွန်မအဖြစ်၌ ရှိနေသော်လည်း ဧကန်မုချ အမျိုးမြတ်သူတစ်ယောက်ဖြစ်ရမည်ဟု ကိုင်စီမခတ် ယုံကြည်၏။ ၎င်းကမာရီနာအား အဆက်အနွယ်ကို မေးသောအခါ၌ မာရီနာသည် ငိုယိုလျက်သာ နေလေ၏။

ထိုအတောအတွင်း၌ တာဆတ်မြို့တွင် မိဖုရားသည် မိမိခိုင်းလိုက်သော လူဆိုးအား မာရီနာအကြောင်းမေးသောအခါ လူဆိုးသည် မိဖုရားကိုကြောက်သည်နှင့် သတ်ခဲ့ပါပြီဟု လိမ်၍ပြော၏။ သို့ဖြစ်၍ ယုတ်မာသောမိဖုရားသည် မာရီနာသေပြီဟု သတင်းလွှင့်၍ ဟန်ဆောင်ဈာပနပြုလုပ်ပြီးလျှင် မာရီနာ၏ အရိုးအိုးဟူ၍ တခမ်းတနားတည်ထားလေ၏။ နောက်များမကြာမီ ပါရီကလစ်သည် သစ္စာရှိသော ဝန်ကြီးဟဲလီကေနတ်စ်နှင့်အတူ တာဆတ်မြို့သို့ သင်္ဘောလွှင့်လာကြရာ မင်းသား၏အကြံမှာ သမီးတော်မာရီနာကို ခေါ်ဆောင်ခဲ့ရန်ဖြစ်လေသည်။ မင်းသားသည် ငယ်ငယ်ကတည်းက ခွဲခွာထားခဲ့ရသည့် သမီးတော်မာရီနာကို မြင်ရချေတော့မည်ဆိုကာ အလွန်ဝမ်းသာလျက်ရှိ၏။ သို့ရာတွင် တာဆတ်မြို့သို့ရောက်ကြ၍ မာရီနာသေရှာသည့်အကြောင်းပြောပြပြီး အရိုးအိုးကိုပြကြရာတွင် မင်းသားမှာ စိတ်ထိခိုက်လှသည်နှင့် ချက်ချင်းပြန်လှည့်၍ သင်္ဘောသို့ဆင်းပြီးလျှင် တာဆတ်မြို့မှ ထွက်ခွာလာခဲ့လေ၏။ လမ်းခရီးတစ်လျှောက်လုံး၌ မင်းသားသည် မည်သူနှင့်မျှ စကားမပြောတော့ဘဲ အလွန်ညှိုးငယ်သောမျက်နှာနှင့် လိုက်ပါလာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တာဆတ်မြို့မှ တိုင်ယာမြို့သို့ သင်္ဘောလွှင့်ခဲ့ရာတွင် မာရီနာရှိနေသည့် မိတလင်းမြို့ကို ဖြတ်ကျော်ရလေရာ၊ ၎င်းမြို့စား ကိုင်စီမခတ်သည် မည် သူ၏သင်္ဘောဖြစ်သည်ကို သိလို၍ လှေကြီးတစ်စင်းဖြင့် ထွက်လာပြီးလျှင် သင်္ဘောသို့ချဉ်းကပ်လေ၏။ ဝန်ကြီးဟဲလီကနက်စ်သည် မြို့စားအားကြိုဆိုဧည့်ခံ၍ မင်းသားပါရီကလစ်၏ သင်္ဘောဖြစ်ကြောင်း မင်းသားကိုယ်တိုင်လိုက်ပါ၍ တိုင်ယာမြို့သို့သွားကြမည်ဖြစ်ကြောင်း ပြောပြလေ၏။ မြို့စားကထပ်ဆင့်မေးမြန်းရာတွင် ဟဲလီကနက်စ်က မိမိ၏မင်းသား စကားမပြောဘဲ နေလာခဲ့သည်မှာ သုံးလကျော်ပြီဖြစ်ကြောင်း သမီးတော်တစ်ပါးနှင့် ဇနီးဆုံးရှုံးရသည့်အတွက်ကြောင့် စိတ်ထိခိုက်ပြီး ဤကဲ့သို့ဖြစ်ရကြောင်း ပြောပြလေ၏။ ကိုင်စီမခတ်သည် ပါရီကလစ်နှင့် တွေ့ဖို့အခွင့်တောင်း၍ တွေ့ရသောအခါ တစ်ကြိမ်တစ်ခါက လူချောလူလှလူကောင်းတစ်ယောက်ဖြစ်သည်ဟု ရိပ်မိ၍အားပေးစကားပြောကာ နှုတ်ခွန်းဆက်သလေ၏။

သို့ရာတွင် ပါရီကလစ်သည် ကိုင်စီမခတ်အား လုံးဝအသိအမှတ်လည်းမပြု၊ စကားလည်းမပြောဘဲ ဆိတ်ဆိတ်နေလေ၏။ ထိုအခါ ကိုင်စီမခတ်သည် အရည်အချင်းအမျိုးမျိုးနှင့် ပြည့်စုံသော မာရီနာကိုသတိရ၍ ထိုမိန်းကလေး၏ ချိုသာသောအသံနှင့် သာယာနာပျော်ဖွယ်ရှိသော စကားတို့ကို ကြားလိုက်ရလျှင် စကားတုန့်ပြန်၍ ပြောလိမ့်မည်ဟု စိတ်ကူးဖြစ်ပေါ်လာ၏။ သို့ဖြစ်၍ ကိုင်စီမခတ်သည် ဟဲလီကနက်စ်၏အခွင့်တောင်းပြီးလျှင် မာရီနာကိုခေါ်ခိုင်းလိုက်ရာ မာရီနာရောက်လာသည်ဆိုလျှင်ပင် သင်္ဘောပေါ်မှလူများသည် မင်းသမီးကိုသိပြီးဖြစ်သည်နှင့် ခရီးဦးကြိုပြုကြ၍ “အင်မတန်တော်တဲ့မိန်းကလေးပဲ” ဟုချီးမွမ်းပြောဆိုမိကြလေ၏။ ကိုင်စီမခတ်သည် လူများ၏ချီးမွမ်းခြင်းကို ကြားရသောအခါ သူတို့၏ချီးမွမ်းစကားကို ထောက်ခံ၍ ဤမိန်းကလေး၏အမျိုးမြတ်ခြင်းကို မိမိစိတ်ချရပါမူ မိမိကိုယ်တိုင် ထိမ်းမြားလက်ထပ်ယူဖို့ အသင့်ရှိကြောင်းပြောလေ၏။ ထို့နောက် ကိုင်စီမခတ်သည် မာရီနာအနီးသို့ ချဉ်းကပ်၍ ကျွန်မတစ်ယောက်ကဲ့သို့ မဟုတ်ဘဲ ဂုဏ်ရည်တူမိန်းမတစ်ယောက်အားပြောဘိသကဲ့သို့ ယဉ်ကျေးစွာစကားပြောလေ၏။ ကိုင်စီမခတ်က ဤသင်္ဘောပေါ်တွင် မင်းသားတစ်ပါးသည် စိတ်ထိခိုက်ခြင်းကြောင့် အလွန်ညှိုးနွမ်း၍ စကားမပြောဘဲရှိကြောင်း၊ မာရီနာတတ်နိုင်ပါလျှင် မင်းသားအား ရောဂါပျောက်အောင်ကုသပေးဖို့ တောင်းပန်ပါကြောင်းပြောလေ၏။ ထိုအခါ မာရီနာက မင်းသားအနီးသို့ မိမိနှင့်နောက်ပါ မိန်းမတစ်ယောက်မှတပါး မည်သူမျှ မချဉ်းကပ်စေပါလျှင် မိမိအစွမ်းရှိသမျှ ကြိုးစား၍ကုသပါမည်ဟုပြောလေ၏။

မာရီနာသည် မိတလင်းမြို့တွင် မိမိ၏မျိုးရိုးဇာတိအကြောင်းကို





ပြောပြရန်ရှက်သည်နှင့် မပြောဘဲဖုံးကွယ်ထားခဲ့ရာမှ ပါရီကလစ်နှင့်တွေ့ရသောအခါ၌မူ မိမိ၏အဖြစ်အပျက်ကိုဖော်ထုတ်၍ ကံမကောင်းအကြောင်းမလှသဖြင့် အခြေအနေ လျှောဆင်းနိမ့်ကျလျက်ရှိပုံများကို ပြောပြလေ၏။ ဤသို့ပြောပြခြင်းမှာ မာရီနာသည် မိမိ၏ဘခင်ဟု သိသောကြောင့်မဟုတ်။ ကံမကောင်းသဖြင့် ဆင်းရဲဒုက္ခရောက်သော လူတို့မည်သည် အခြားလူများ၏ဒုက္ခရောက်ခြင်းအကြောင်းကို ကြားရသောအခါ၌ စိတ်ဝင်စားခြင်းရှိတတ်ကြောင်းကို သိသောကြောင့်မျှသာဖြစ်၏။ ပါရီကလစ်သည် မာရီနာ၏သာယာချိုအေးသော အသံကိုကြားလိုက်ရသောအခါ အောက်သို့အမြဲစိုက်ကြည့်လေ့ရှိသော မျက်လုံးများကို အထက်သို့လှန်ကာ မာရီနာ၏မျက်နှာကို မော့ကြည့်လိုက်သည်တွင် မာရီနာ၏မျက်နှာမှာ မိခင်သိုက်စာ၏မျက်နှာနှင့် တူလှသောကြောင့် ပါရီကလစ်သည် စိုက်ငေး၍ကြည့်နေ၏။ ထို့နောက် လပေါင်းကြာရှည်စွာစကားမပြောဘဲ ဆိတ်ဆိတ်နေလာခဲ့သော ပါရီကလစ်က “ငါ့ကြင်ယာတော်နဲ့တူလိုက်လေနော်၊ ငါ့သမီးတော်လဲ ခုနေရှိလျှင် ဒီရုပ်မျိုးဖြစ်ရမှာပဲ၊ ဒီမျက်ခုံးမျိုး၊ ဒီအလုံးအရပ် မျိုး၊ ဒီအသံမျိုး၊ ဒီမျက်လုံးမျိုးရှိရှာမှာပဲ။ မိန်းကလေးဘယ်မှာနေသလဲကွယ်။ ဘယ်လိုမျိုးရိုးထဲကလဲ။ မိဘကဘယ်သူလဲ။ မိန်းကလေးမှာလဲ ဒုက္ခအမျိုးမျိုး တွေ့ခဲ့ရတယ်ဆို၊ ငါ့လိုပဲဒုက္ခရောက်ခဲ့ရတယ်ဆို ပြောပြစမ်းပါဦးကွယ်”ဟု မေးလေ၏။

“မှန်ပါတယ်. . . ကျွန်မမှတ်မိသလောက် ပြောပြခြင်းဖြစ်ပါတယ်”

“မိန်းကလေးပြောတဲ့အတိုင်း တကယ်ဒုက္ခရောက်ခဲ့ရိုးမှန်လျှင် မိန်းကလေးက ယောကျ်ားလိုစိတ်တင်းပြီး ငါကမိန်းမလို စိတ်ပျော့ရာရောက်နေတော့တာပေါ့၊ မိန်းကလေးနာမည် ဘယ်သူတဲ့၊ အဖြစ်အပျက်ကို အသေးစိတ်ပြန်ပြောစမ်းပါဦးကွယ်. . . လာပါဒီအနားမှာ ထိုင်စမ်းပါ”

မိန်းကလေးက မိမိ၏အမည်မှာ မာရီနာခေါ်ကြောင်းပြောလိုက်သောအခါ မင်းသားသည် အလွန်အံ့ဩ၏။ အဘယ့်ကြောင့်ဆိုသော် ဤနာမည်မှာ သူငါကစမှည့်ကြသော အမည်မျိုးမဟုတ်။ ပင်လယ်ထဲ၌ မွေးဖွားသူဟု အဓိပ္ပာယ်ရှိ၍ မင်းသားကိုယ်တိုင် ကြံဆမှည့်ခေါ်ခဲ့သော အမည်ဖြစ်ပေသောကြောင့်တည်း။ သို့ဖြစ်၍ မင်းသားက “ငါ့ကိုသရော်လိုက်တာလားကွယ်. . . လူရယ်စရာဖြစ်အောင် မကောင်းဆိုးရွားများက လွှတ်လိုက်ပြီး ငါ့ကိုအရူးလုပ်နေကြတာများလားကွယ်”

“သီးခံပါရှင်. . . နို့မဟုတ်လျှင် ကျွန်မစကားဆက်မပြောဘဲ နေရပါလိမ့်မယ်”

“မလုပ်ပါနဲ့မိန်းကလေးရယ်. . . ကြားပါရစေကွယ်၊ မိန်းကလေးက



www.burmeseclassic.com

www.burmeseclassic.com



မာရီနာလို့ပြောလိုက်တော့ ငါဘယ်လောက်အံ့ဩသွားတယ်ဆိုတာ မင်းမသိဘူး"

"ဒီနာမည်မှည့်ခဲ့သူဟာ ကျွန်မရဲ့ခမည်းတော်ဘုရင်ဖြစ်ပါတယ်ရှင်"

"အလိုမိန်းကလေးက ဘုရင့်သမီးတော်တစ်ပါးလား၊ မာရီနာတဲ့လား၊ နေစမ်းပါဦး၊ မိန်းကလေးက လူသားမှဟုတ်ရဲ့လား၊ နတ်သမီးလား၊ ကောင်းကင်ဘုံကလားကွယ် ပြောစမ်းပါဦး၊ ဘယ်မှာမွေးတာလဲ ဘာ့ကြောင့်မာရီနာလို့မှည့်တာတဲ့လဲ"

"ပင်လယ်မှာမွေးတဲ့အတွက်ကြောင့် မာရီနာလို့ မှည့်ပါသတဲ့ရှင်၊ ကျွန်မရဲ့မယ်တော်ဟာ ဘုရင့်သမီးတော်တစ်ပါးဖြစ်ပါတယ်၊ မယ်တော်ဟာ ကျွန်မကိုဖွားပြီးပြီးချင်း ကွယ်လွန်သွားရှာတယ်လို့ အထိန်းတော်ကြီး လိုင်ခိုရီဒါက ပြောဘူးပါတယ်၊ ကျွန်မခမည်းတော်က တာဆတ်မြို့မှာ ဘုရင်ကလီယုံထံအပ်ထားခဲ့ပြီး၊ သူ့မိဖုရားက ကျွန်မကိုသေကြောင်းကြံပါတယ်၊ ကျွန်မကိုသတ်မယ်လုပ်တုန်း ပင်လယ်ဓားပြတွေရောက်လာလို့ ကျွန်မကိုကယ်ပြီး မိတလင်းမြို့ကို ခေါ်လာကြပါတယ်၊ ဘာ့ကြောင့် ငိုတာလဲရှင်၊ ကျွန်မက မဟုတ်တာတွေ ဖန်တီးပြီးလျှောက်ပြောနေတယ်လို့များ ထင်လို့လားရှင်၊ အမှန်စင်စစ်ကတော့ကျွန်မဟာ ပါရီကလစ်ဘုရင်ရဲ့ သမီးတော်တစ်ပါးပါရှင်။ ခမည်းတော်ဟာ အသက်ရှင်လျက် ရှိလေသေးသလားတော့ ကျွန်မမသိရပါဘူး"

ထိုအခါ ပါရီကလစ်သည် ဝမ်းသာဖွယ်ကောင်းလှသော ဤအကြောင်းအရာများကို ကြားသိရသောအခါ ကောင်းလွန်းအားကြီးသောကြောင့် ဟုတ်မှဟုတ်ပါလေ၏လောဟု ယုံမှားသံသယဖြစ်သည်နှင့် ကျေးကျွန်များအား ဟစ်အော်၍ခေါ်လိုက်ရာ ကျေးကျွန်များသည် ဘုရင်၏အသံကို မကြားရစဖူးကြားလိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာပြေးလာကြလေ၏။ ဘုရင်က ဝန်ကြီးဟဲလီကနက်စ် "ဝန်ကြီးရဲ့ ကျုပ်ကိုနှိပ်စမ်းပါဦး၊ ကျုပ်ဝမ်းသာလုံးဆို့ပြီး တက်လို့သေရချေရဲ့၊ သမီးတော်ကော လာစမ်းပါဦးဟဲ့၊ ပင်လယ်ထဲမှာမွေးပြီး ပင်လယ်ထဲမှာ ပြန်တွေ့ရတဲ့ သမီးကလေးရဲ့ ဟဲလီကနက်စ်ရေ၊ ဒီဟာကျုပ်သမီးတော်ပဲဗျ၊ နှုတ်ဆက်လိုက်ပါဦး သူ့ကိုတာဆတ်မြို့က မိဖုရားယုတ်က သေကြောင်းကြံစည်တာ ကံကောင်းထောက်မလို့ မသေဘဲပြန်တွေ့ရတဲ့သမီးဗျ၊ အလို. . . သူက ဘယ်သူပါလိမ့်"

ပါရီကလစ်သည် မိတလင်းမြို့စား ကိုင်စီမခတ်ကိုမြင်၍ မေးခြင်းဖြစ်ရာ ဝန်ကြီးဟဲလီကနက်စ်က မိတလင်းမြို့စား ကိုင်စီမခတ်ဖြစ်၍ ဘုရင်ကိုတွေ့ရန်လာခြင်းဖြစ်ကြောင်း လျှောက်လေ၏။ ထိုအခါ ဘုရင်ကတွေ့ရသည့်အတွက် ဝမ်းသာကြောင်းပြော၍ ဝန်ကြီးအား "ဝတ်လဲတော်များယူခဲ့ပါ သမီးတော်





နဲ့တွေ့ရလို့ ကျုပ်ရောဂါပျောက်ပါပြီ၊ အလိုဒါကဘာသံတွေပါလိမ့်" ဟုမေးကာ ရပ်တန့်နေ၏။ အသံဆိုသည်မှာ ဘုရင်၏စိတ်ထဲ၌ အလွန်အကြူးမြူးတူးပျော်ရွှင်လျက်ရှိခြင်းကြောင့် ထင်ရခြင်းဖြစ်ဟန်တူပေရာ ဝန်ကြီးကမည်သည့်အသံမျှမကြားရကြောင်း လျှောက်ထား၏။ ထိုအခါ ဘုရင်က "ကျုပ်နားထဲမှာ အလွန်သာယာတဲ့ တီးသံမှုတ်သံတွေကြားနေရပါတယ်။ သြော်. . . တန်တော့သိပြီ ကောင်းကင်တမန်များက ကျုပ်ကိုကောင်းချီးပေးတဲ့ သဘောနဲ့တီးကြ၊ မှုတ်ကြ၊ သီဆိုကြဟန်တူတယ်. . ." ဟု ပြောလေ၏။ ကိုင်စီမခတ်ကမူ ဘုရင်သည် ဝမ်းသာလွန်းအားကြီးသည်နှင့် စိတ်ဖောက်ပြန်ပြီး ကြားချင်ရာကြားရှာသည်ဟု မှတ်ထင်သည်နှင့် "နေပါစေ ငြင်းမနေကြပါနဲ့ သူကြားချင်တာကြားပါစေ"ဟု ဝန်ကြီးအား တီးတိုးသတိပေးလေ၏။ သို့ဖြစ်၍ ဝန်ကြီးက "မှန်ပါသည် တီးသံမှုတ်သံများ ကြားရပါသည်"ဟုပြောသည်တွင် ဘုရင်သည်စိတ်ကျေနပ်မှုရှိ၍ "ဒါကြောင့်ပြောတယ် ဟုတ်သားပဲ"ဟု ပြောရင်း ငိုက်ပြီးလာလေရာ သူ၏ခေါင်းအောက်သို့ ခေါင်းအုံးထိုးပေးလိုက်သည်နှင့် တပြိုင်နက် အိပ်ပျော်သွား၍ မာရီနာက ယပ်တောင်ခတ်ပေးလေ၏။

ပါရီကလစ်သည် အိပ်ပျော်လျက်ရှိစဉ် အိပ်မက်မြင်မက်သည်နှင့် အီဖိ ဆတ်မြို့သို့ ချက်ချင်းသွားရန် ဆုံးဖြတ်လေ၏။ အိပ်မက်ထဲ၌ ဒိုင်ယာနာနတ်သမီးနှင့်တွေ့၍ ဒိုင်ယာနာက ပါရီကလစ်အား အီဖိဆတ်မြို့သို့သွားပြီးလျှင် ဗိမာန်တော်ရှေ့၌ မိမိဒုက္ခရောက်ရပုံ အချင်းအရာများကို ပြန်ပြောင်းပြောပြဖို့ တိုက်တွန်းကြောင်း စေခိုင်းသည့်အတိုင်း ဆောင်ရွက်ခဲ့လျှင် မကြုံဘူးသော သုခချမ်းသာမျိုးနှင့် တွေ့ကြုံရလိမ့်မည်ဟု ဒိုင်ယာနာနတ်သမီးက ပြောကြောင်း ပြန်ပြောလေ၏။ သို့ဖြစ်၍ ပါရီကလစ်သည် အိပ်မက်ထဲ၌ ဒိုင်ယာနာက ခိုင်းသည့်အတိုင်း အီဖိဆတ်မြို့သို့သွားရန် ပြင်ဆင်စေ၏။

ထိုကဲ့သို့ ခရီးမထွက်သေးမီ ကိုင်စီမခတ်သည် ပါရီကလစ်အား မိတလင်းမြို့ထဲသို့ ဖိတ်ခေါ်၍ပွဲလမ်းသဘင်များဖြင့် သားနားစွာဧည့်ခံသဖြင့် တစ်ရက်နှစ်ရက် အချိန်ကုန်သွား၏။ ကိုင်စီမခတ်သည် မာရီနာအား ချစ်ကြိုက်လျက်ရှိသည်ဖြစ်၍ မာရီနာ၏ခမည်းတော်ဧည့်ခံပွဲအတွက် မည်မျှလောက် အကုန်အကျခံ၍ ခမ်းနားကြီးကျယ်အောင် စီမံလိမ့်မည်ဆိုခြင်းကို တွေးဆနိုင်ဖွယ်ရာရှိပေ၏။ ကိုင်စီမခတ်က မာရီနာအားကျွန်မတစ်ယောက်ဟူ၍ မှတ်ထင်ရစဉ်ကပင် မည်မျှလောက် လေးစားခဲ့ကြောင်းကို ပါရီကလစ်သိရှိရသည်တွင် သမီးတော်ကို တောင်းသောအခါ၌ ဖခင်ကသဘောတူညီခြင်းနှင့်အတူ သမီးတော်ကလည်း သူ၏မေတ္တာကို တုန့်ပြန်လေ၏။ ပါရီကလစ်သည် သမီးတော်နှင့် သားမက်လောင်းတို့ကို အီဖိဆတ်မြို့သို့ခေါ်သွား၍ ဒိုင်ယာနာနတ်သမီး၏



www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂုအညီကြောင့် လေကြောင်းဖြောင့်ဖြောင့်နှင့် သင်္ဘောလွှင့်ကြရသဖြင့် ရက်သတ္တပတ် အနည်းငယ်အတွင်း အီဖိဆတ်မြို့သို့ ချောမောစွာဆိုက်ရောက်လာကြလေ၏။

ပါရီကလစ်နှင့် နောက်ပါတို့သည် ဗိမာန်တော်အတွင်းသို့ ဝင်သွားကြသောအခါ ပါရီကလစ်၏မိဖုရား သိုက်စာကို အသက်ရှင်လာအောင် ကုသပေးသည့် ဆေးဆရာကြီး ဆိရိမုန်သည် ယဇ်ပလ္လင်အနီးတွင် ရပ်လျက်ရှိ၏။ သိုက်စာမှာ ဗိမာန်တော်၌ သီလရှင်ဝတ်လျက်ရှိရာ ၎င်းသည်လည်း ပလ္လင်၏ရှေ့တွင် ရပ်လျက်ရှိ၏။ ပါရီကလစ်မှာ သိုက်စာအတွက် နှစ်ပေါင်းများစွာ ပူဆွေးဒုက္ခရောက်ခဲ့ရသဖြင့် ရုပ်ပြောင်းလဲခြင်းရှိသော်လည်း သိုက်စာသည် ပါရီကလစ်ကို မြင်လိုက်ရသောအခါ ဤမျက်နှာကို မြင်ဘူးပါသည်ဟု ထင်လိုက်မိ၏။ ထို့နောက် ပါရီကလစ်သည် ပလ္လင်အနီးသို့ ချဉ်းကပ်၍ စကားပြောသောအခါ သိုက်စာက ဤအသံကိုကြားဘူးပါသည်ဟုထင်၍ သူပြောသော စကားလုံးများကို အံ့ဩခြင်း၊ ဝမ်းသာခြင်းတို့ဖြင့် နားထောင်လျက်ရှိ၏။ ပါရီကလစ် ပြောသောစကားများမှာ ဒိုင်ယာနာနတ်သမီး၏ အမိန့်အရ ဤဌာနသို့လာ၍ မိမိသည် တိုင်ယာမြို့ကို အုပ်စိုးသော မင်းသားပါရီကလစ်ဖြစ်ခြင်းကို ဝန်ခံပါကြောင်း၊ အင်ပါယာဘုရင်ကို ကြောက်သည်နှင့် တိမ်းရှောက်ထွက်ပြေး၍ သိုက်စာမင်းသမီးနှင့် လက်ထပ်ပါကြောင်း၊ မင်းသမီးမှာ ပင်လယ်ခရီး၌ သေဆုံး၍ မာရီနာအမည်ရှိ သမီးကလေးတစ်ယောက် ကျန်ရစ်ပါကြောင်း၊ သမီးကလေးမှာ တာဆတ်မြို့၌ ထားခဲ့ရ၍ မိဖုရားက ပြုစုစောင့်ရှောက်ဖို့ တာဝန်ယူလိုက်ပါကြောင်း၊ ၁၄-နှစ်သမီးအရွယ်တွင် မိဖုရားသည် သမီးကလေးအား သေကြောင်းကြံသော်လည်း မသေရှာဘဲ မိတလင်းမြို့သို့ရောက်နေကြောင်း၊ ၎င်းမြို့သို့မိမိကိုယ်တိုင် ကံအားလျော်စွာ ရောက်သွားရာတွင် သမီးတော်သည် သင်္ဘောပေါ်သို့လာ၍ မှတ်မိသမျှကိုပြောပြရာတွင်မှ မိမိ၏သမီးတော်ဖြစ်ခြင်းကို သိရပါကြောင်း စသည်ဖြင့် ပြောပြလေ၏။

သိုက်စာသည် ပါရီကလစ်၏ စကားကိုနားထောင်လျက်ရှိရာမှ ဝမ်းသာ လှသည်နှင့် "ဟုတ်ပြီ. . . ဟုတ်ပြီ သူပဲ သူပဲ"ဟုဆိုကာမူးမေ့သွားလေ၏။ ထိုအခါ ပါရီကလစ်က "ဒီသီလရှင်က ဘာပြောတာလဲ ဟော. . . ဟော သေရှာပြီထင်တယ်၊ လုပ်ကြပါဦး. . လုပ်ကြပါဦး"ဟုပြော၏။ ဤတွင်ဆိရိမုန်က "အရှင်မင်းသား ပြောစကားအတိုင်းမှန်လျှင် သည်ဟာမင်းသားရဲ့ ကြင်ယာတော် မင်းသမီးဖြစ်ပါတယ်"ဟုပြော၏။

ပါရီကလစ်က "ဘယ့်နှယ်ဖြစ်နိုင်မှာလဲ ဘုန်းကြီး သိုက်စာကို ဟောဒီလက်နဲ့ ပင်လယ်ထဲသို့ ကိုယ်တိုင်ပစ်ချခဲ့ပါသည်"ဟုပြော၏။ ထိုအခါ ဆိရိမုန်





က လှိုင်းထမ်းပိုးများ ထကြွလျက်ရှိသော တစ်နံနက်တွင် အီဖိဆတ်ကမ်းခြေသို့ ဖာကြီးတစ်လုံးလှိုင်းပုတ်၍ တင်လာကြောင်း၊ ဖာကြီးကိုဖွင့်ကြည့်လိုက်သောအခါ သိုက်စာနှင့်အတူ ကျောက်သံပတ္တမြားနှင့် စာတစ်စောင်ကိုတွေ့ရကြောင်း၊ သိုက်စာကို ကုသပြီးနောက် ဤသီလရှင်ကျောင်းသို့ ပို့ထားကြောင်းပြောပြလေ၏။ ထိုအခါသိုက်စာသည် မူးမေ့ရာမှသတိရလာ၍ "ပါရီကလစ်မဟုတ်ပါလား. . . မောင်တော်ဘုရား၊ ခုနင်တုံးက ပြောတဲ့စကားထဲမှာ မုန်တိုင်းကြီးတိုက်ခတ်တဲ့အကြောင်း၊ ဖွားမြင်တဲ့အကြောင်း၊ သေဆုံးတဲ့အကြောင်းတွေလဲ ပါတယ်မဟုတ်ပါလား မောင်တော်၊ လူပုံချင်းလည်းတူတယ်၊ အသံချင်းလည်းတူတယ်၊ ပါရီကလစ်မဟုတ်ပါလား မောင်တော်"ဟုမေး၏။ ပါရီကလစ်သည် အလွန်အံ့ဩလျက် "သိုက်စာရဲ့အသံနဲ့တူလိုက်တာနော်. . . "ဟုပြော၍ သိုက်စာက "မှန်ပါတယ်မောင်တော် သိုက်စာအစစ်ပါပဲ၊ သေပြီထင်ပြီး ပင်လယ်ထဲပစ်ချလိုက်တဲ့ သိုက်စာဟာ နှမလေးပါပဲ. . . "ဟုပြော၏။ ထိုအခါမှ ပါရီကလစ်က "အောင်မယ်မင်း. . . မှန်လိုက်တဲ့ ဒိုင်ယာနာနတ်သမီးဟဲ့နော်"ဟု အိပ်မက်ကို သတိရ၍ ပြောလေ၏။

သိုက်စာသည် ပါရီကလစ်၏လက်၌ ဝတ်ထားသောလက်စွပ်ကို မြင်သည်နှင့် "ဟုတ်ပါပြီ. . . ဟုတ်ပါပြီ. . . ယုံမှားစရာဘာမှမရှိပါဘူး၊ မောင်တော့်လက်က လက်စွပ်ဟာ ခမည်းတော်ဘုရင်က ခွဲခါနီးမှာ ပေးသနားလိုက်တဲ့လက်စွပ်မဟုတ်ဘူးလား. . . "ဟု မေးသည်နှင့် ပါရီကလစ်က "ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်၊ ဟိုတုန်းကဒုက္ခရောက်ခဲ့ရတာတွေ ဒီတစ်ခါအားလုံးပျောက်ပြီး တကယ့်ပျော်စရာ ဝမ်းသာစရာကြီး တွေ့နေရပါပြီတကား"ဟုဆိုကာ သိုက်စာအား ဝမ်းမြောက်ဝမ်းသာ ပွေ့ဖက်လေ၏။

သမီးတော်မာရီနာက "သမီးတော်ရဲ့ နှလုံးသားဟာ မယ်တော့်ရင်ခွင်ထဲ ဝင်ချင်လွန်းလို့ ခုန်ခုန်ပြီးတိုးနေပါတယ် မယ်တော်ဘုရား"ဟုပြော၏။

ထိုအခါ ပါရီကလစ်သည် သမီးတော်မာရီနာကို သိုက်စာအားပြလျက် "ဟိုမှာ. . . ကြည့်စမ်း၊ ဒူးထောက်နေတာ ဘယ်သူထင်သလဲ၊ ပင်လယ်မှာဖွားခဲ့တဲ့ ကိုယ့်ရင်သွေးလေ. . . မာရီနာတဲ့"ဟုပြော၏။

သိုက်စာက "အောင်မယ်မင်း. . . ဝမ်းသာလိုက်ပါဘိ သမီးတော်ကလေးရယ်. . . "ဟုဆိုကာ ပွေ့ဖက်ပြီး နမ်းမဝနိုင်အောင်ရှိပါတော့သည်။

ပါရီကလစ်သည် ပလ္လင်ရှေ့တွင် ဒူးထောက်လျက် "ဖြူစင်သန့်ရှင်းလိုက်တဲ့ ဒိုင်ယာနာနတ်သမီး ကျွန်ုပ်ကိုအိပ်မက်ပေးပြီး သည်နေရာရောက်အောင်ပို့တဲ့အတွက် ကျေးဇူးတင်လို့မဆုံးနိုင်အောင် ရှိပါတော့သည်။ သင့်ကို ညတိုင်း ပူဇော်ကန်တော့ပါမည်. . . "ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပါရီကလစ်သည် သိုက်စာ၏အခွင့်တောင်းယူ၍ သမီးတော် မာရီနာနှင့် မိတလင်းမြို့စား ကိုင်စီမခတ်တို့ကို ထိမ်းမြားလက်ထပ်ဖို့သဘော တူညီလိုက်လေ၏။

ကျွန်ုပ်တို့သည် ပါရီကလစ်မင်းသား၊ သိုက်စာမင်းသမီးနှင့် သမီးတော် မာရီနာတို့၏ အဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် စိတ်နှလုံးကောင်းသော လူများသည် ဆင်းရဲဒုက္ခ အကြီးအကျယ်တွေ့ကြုံရသော်လည်း နောက်ဆုံး၌ အောင်မြင်၍ ချမ်းသာသုခ ခံစားကြရကြောင်းကို တွေ့ကြရလေပြီ။ ဆေးဆရာကြီးဆီရီမုန်မှာလည်း စိတ်နှလုံးကောင်းခြင်းနှင့် အတတ်ပညာတို့ တွဲဖက်နိုင်သည့်အခါ လူသားပင်ဖြစ်သော်လည်း မိမိတို့လူသားအချင်းချင်းအပေါ်တွင် နတ်သိကြားတမျှ အကျိုးဆောင်နိုင်ခြင်း၊ ကျေးဇူးပြုနိုင်ခြင်းတည်းဟူသော အစွမ်းသတ္တိရှိခြင်းကို တွေ့ကြရလေပြီ။ ကလီယုံဘုရင်၏ ဖိဖုရားမှာလည်း မိမိ၏ယုတ်မာသော စိတ်ထားအတိုင်း ထိုက်တန်သောအပြစ်ဒဏ်ခံရခြင်းကို တွေ့ရ၏။ တိုင်းသူပြည်သားများသည် မိမိတို့ငတ်မွတ်ရာတွင် ကျေးမွေးဘူးသည့် မင်းသား၏သမီးတော်ကလေးအား သေကြောင်းကြံစည်သော မိဖုရားမိုက်ဟူ၍ သိရှိသောအခါ နန်းတော်ကို မီးရှို့ဖျက်ဆီးလိုက်ခြင်းအားဖြင့် ဘုရင်ရောမိဖုရားပါ မီးလောင်တိုက်သွင်းလိုက်ကြလေတော့သတည်း။

*သွေးသောက်၊ အမှတ် (၁၈၆)၊ ဇူလိုင်လ၊ ၁၉၆၁ ခုနှစ်။*

□ □ □

## အမွှာမွေးနှစ်စုံ

ဆိုင်ရာကုစ်ပြည်နှင့် အက်ဖိဆတ်စ်ပြည်တို့သည် တစ်ပြည်နှင့်တစ်ပြည် မသင့်မမြတ်ရှိနေကြသည်ဖြစ်၍ အက်ဖိဆတ်စ်ပြည်၌ ဥပဒေတစ်ခုပြုလုပ်ထား၏။ ၎င်းဥပဒေအရမှာ ဆိုင်ရာကုစ်ပြည်နယ်မှ ကုန်သည်တစ်ဦးတစ်ယောက်သည် အက်ဖိဆတ်စ်မြို့ထဲ၌ရောက်နေပါက အသက်ဖိုးမတ်ဒင်္ဂါးတစ်ထောင် ပေးဆောင်နိုင်လျှင်ဆောင်စေ၊ သို့မဟုတ်က အသက်ဆုံးရှုံးအောင် စီရင်မည်ဟူသည်ပင် ဖြစ်လေသည်။

တစ်နေ့သ၌ ဆိုင်ရာကုစ်နယ်သား ကုန်သည်ကြီးတစ်ဦးဖြစ်သော အေဂျီယွန်မှာ အက်ဖိဆတ်စ်မြို့ထဲသို့ရောက်နေကြောင်း တွေ့ရှိရသည်တွင် မြို့ဝန်ရှေ့သို့ ဖမ်းဆီးခေါ်ဆောင်သွားကြ၍ မြို့ဝန်ကဒဏ်ငွေတစ်ထောင် ဆောင်လျှင်ဆောင်စေ၊ မဆောင်နိုင်က အသက်ဖိုးဆုံးရှုံးစေရမည်ဟု စီရင်ချက်ချမှတ်လေ၏။

အေဂျီယွန်မှာ ဒဏ်ငွေတစ်ထောင် မဆောင်နိုင်သည်နှင့် အဆုံးစီရင်ရန် အမိန့်ချရတော့မည်ဖြစ်သည်။ သို့ရာတွင် ထိုကဲ့သို့မစီရင်မီ မြို့ဝန်ကအေဂျီယွန်အား ဤမြို့သို့ဝင်လာခဲ့လျှင် သေရမည်ဟုသိပါလျက်နှင့် မည်သို့သောအကြောင်းကိစ္စကြောင့် ဝင်ရောက်လာရသည်ကိုသိလို၍ ၎င်း၏အတ္ထုပ္ပတ္တိကို မေးမြန်းလေ၏။

သီဟရတနာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အေဂျီယွန်ကမိမိမှာ ဆင်းရဲဒုက္ခကြုံရဖန်များသောကြောင့် လူ့ပြည်၌ငြီးငွေ့၍ သေရမည်ကိုမကြောက်ကြောင်း၊ မိမိ၏ကံဆိုးလှသော ဘဝအကြောင်းပြောပြရမည့်အချက်သာ ဝန်လေးကြောင်း စကားပလ္လင်ခံပြီးနောက် အောက်ပါအဖြစ်အပျက်ကို ပြောပြလေ၏။

ကျွန်တော်မျိုးသည် ဆိုင်ရာကုစ်မြို့မှာမွေးဖွားပြီး ကုန်သည်အလုပ်ဖြင့်အသက်မွေးပါသည်။ အိမ်ထောင်ပြုပြီးနောက် မယားနှင့်သင့်မြတ်ပျော်ရွှင်စွာ နေထိုင်ခဲ့ပါသည်။ ထိုအခါတွင် အက်ပီဒမ်နန်မြို့သို့ ကိစ္စတစ်ခုနှင့်သွားရ၍ ၆-လခန့်ကြာသောအခါ ကိစ္စမပြီးသေးသည်နှင့် ဇနီးအားလိုက်လာခဲ့ဖို့မှာယူပါသည်။ ဇနီးရောက်လာပြီးနောက် များမကြာမီအမွှာညီနောင်နှစ်ယောက်ကို ဖွားမြင်၍ တစ်ယောက်နှင့်တစ်ယောက် ခွဲမရအောင်တူညီသော ညီအစ်ကိုဖြစ်ပါသည်။ ကျွန်တော်မျိုး၏ဇနီး တည်းခိုသောဟော်တယ်၌ ၎င်းညတွင်မိန်းမတစ်ယောက်သည် အမွှာပူးသားကလေး ၂-ယောက်မွေးဖွား၍ သူတို့ညီအစ်ကိုမှာလည်း ကျွန်တော်မျိုးတို့၏သား ၂-ယောက်ကဲ့သို့ပင် တစ်ယောက်နှင့်တစ်ယောက် အလွန်တူကြပါသည်။ ထိုမိန်းမသည် အလွန်ဆင်းရဲသည်နှင့် သူ၏သား ၂-ယောက်ကို ကျွန်တော်မျိုးကဝယ်ယူပြီး ကျွန်တော်မျိုး၏သား ၂-ယောက်အတွက် အစေအပါးမျိုးအဖြစ်နှင့် မွေးမြူထားပါသည်။ ကျွန်တော်မျိုး၏သား ၂-ယောက်မှာ လူချောကလေးများဖြစ်၍ သူတို့မိခင်ကအလွန်ချစ်မြတ်နိုးပါသည်။ ဇနီးကသူ့ဌာနီသို့ပြန်ချင်လှကြောင်းပူဆာသည်နှင့် ကျွန်တော်မျိုးကအလိုလိုက်ပြီး အားလုံးအတူတကွ သင်္ဘောနှင့်ပြန်ကြပါသည်။ အက်ပီဒမ်နန်မြို့မှ ထွက်ခွာကြ၍ သုံးမိုင်ခရီးမျှမရောက်သေးမီ လေပြင်းမုန်တိုင်းမိ၍ သင်္ဘောသားများက လှေကလေးဖြင့်ထွက်ပြေးကြပြီး ကျွန်တော်မျိုးတို့အား သင်္ဘောပေါ်တွင် ပစ်ထားခဲ့ပါသည်။

ကျွန်တော်မျိုးတို့မိသားတစ်စု ကျန်ရစ်သောအခါ၊ မယားကငို၊ ကလေးတွေကအော်၊ လေကတိုက်၊ လှိုင်းကကြီး၊ ကျွန်တော်မျိုးအလွန်စိတ်ညစ်ပါသည်။ သေရမည်ကိုမကြောက်၊ သူတို့တစ်တွေအတွက် စိတ်ညစ်ပါသည်။ သူတို့ကိုဘယ်လိုကယ်ရပါမည်နည်းဟု အကြံထုတ်ပါသည်။ နောက်ဆုံး၌အကြံတစ်ခုရ၍ သင်္ဘောသားများအသက်ကယ်ဆယ်ရေးအတွက် အသုံးပြုသည့် ရွက်တိုင်ပိုကလေးတစ်ခုတွင် တစ်ဘက်စွန်း၌ကျွန်တော်မျိုး၏ သားအငယ်ကို ချည်၍ အခြားတစ်ဘက်စွန်း၌ ကျွန်ညီနောင်အနက်မှညီအငယ်ကို ချည်ပြီး အလယ်တွင် ကျွန်တော်မျိုးကိုယ်ကိုကျွန်တော်မျိုး ချည်တုပ်ပါသည်။ ကျွန်တော်မျိုး၏ မယားကိုလည်း သားအကြီးနှင့် ကျွန်အကြီးတို့အလားတူချည်စေပြီး သူ့ကိုယ်ကိုအလယ်၌ ချည်ဖို့ပြောပါသည်။ များမကြာမီသင်္ဘောသည်





ကျောက်ဆောင်ကြီးတစ်ခုနှင့် တိုက်မိ၍အစိတ်စိတ်အမွှာမွှာ ကွဲသွားပြီးရွက်တိုင်ပိုတစ်ခုမှာ သုံးယောက်စီကပ်ပါ၍ တကွဲစီမျောသွားကြပါသည်။ ထို့နောက်တွင် မယားနှင့်ကလေး ၂-ယောက်ကို တံငါလှေကလေးတစ်စင်းက ဆယ်ယူသွားခြင်းကို ကျွန်တော်မျိုးမြင်လိုက်ရပါသည်။ သူတို့ကတော့ ကျွန်တော်မျိုးတို့ကို မမြင်ပါ။ ကျွန်တော်မျိုးမှာ ကလေးအငယ်နှစ်ယောက်နှင့်အတူ ရွက်တိုင်နှင့်မျောပါ၍ လွတ်ရာလွတ်ကြောင်း ကြိုးစားရပါသည်။ နောက်ဆုံး၌ ကျွန်တော်မျိုးတို့သုံးယောက်ကို သင်္ဘောတစ်စင်းကမြင်၍ ဆယ်ယူပြီးနောက်ဆိုင်ရာကုစ်ကမ်းခြေသို့ တင်ပို့ခဲ့ပါသည်။ ထိုအချိန်မှစ၍ မယားနှင့်ကလေးငယ်နှစ်ယောက်ကို တွေ့လည်းမတွေ့ရ၊ ဘယ်ဆီရောက်ကြသည်ဟူ၍လည်း မသိရပါ။ ကျွန်တော်မျိုး၏သားအငယ် အသက်၁၈-နှစ်သားအရွယ်သို့ ရောက်သောအခါ ကျွန်တော်မျိုးအား စုံစမ်းမေးမြန်း၍ အဖြစ်အပျက်ကိုပြောပြရာတွင် သူ့မိခင်နှင့် သူ့အစ်ကိုတို့အား ၎င်းတို့နှစ်ယောက်လိုက်၍ ရှာပါရစေဟုခွင့်တောင်းသည်နှင့် ခွင့်ပြုလိုက်ရပါသည်။ အမှန်မှာ ကျွန်တော်မျိုးသည် မယားနှင့်သားကို တွေ့လိုသော်လည်း ၎င်းတို့ကိုရှာရန် သူငယ်နှစ်ယောက်ကို လွှတ်လိုက်ပါက သူတို့ပါပျောက်ဆုံးမည်ကိုလည်း စိုးရိမ်ပါသေးသည်။ သူတို့ထွက်သွားကြသည်မှာ (၇)နှစ်ကြာပြီဖြစ်၍ ကျွန်တော်မျိုးက သူတို့ကိုလိုက်ရှာခဲ့သည်မှာလည်း (၅)နှစ်ကြာသွားပြီ။ ကျွန်တော်မျိုးသည် ဂရိပြည်အစွန်ကိုဖောက်ထွက်ပြီး အာရှတိုက်သို့လည်းနှံ့ခဲ့၍ နောက်ဆုံးတွင် အက်ဖိဆတ်စ်နယ်သို့ ရောက်လာခြင်းဖြစ်ပါသည်။ ကျွန်တော်မျိုး၏ခရီးစဉ်မှာ ယနေ့ဤနေရာ၌ အဆုံးသတ်ရပါတော့မည်။ ကျွန်တော်မျိုးအတွက် မပူပင်ပါ။ မိန်းမနှင့်ကလေးများ အသက်ရှည်လျက်ရှိကြောင်းသိရလျှင် ကျွန်တော်မျိုးဖြောင့်ဖြောင့် သေနိုင်သည်ဟုပြောလေ၏။

ကံဆိုးသောအေဂျီယွန်သည် သူ၏အဖြစ်အပျက်ကိုပြောပြ၍ ပြီးဆုံးသောအခါ မြို့စားကြီးသည် သားနှင့်မယားအတွက် အသက်စွန့်၍ ရှာဖွေသူတစ်ယောက်ဖြစ်သည်ဆိုကာ ကရုဏာသက်သည်နှင့် ဤသို့ပြန်ပြော၏။ မိမိမှာ ဤပြည်၌ပြုလုပ်ထားသည့် ဥပဒေကို ချိုးဖောက်ရန်မဖြစ်နိုင်သဖြင့် ငွေဒဏ်မဆောင်နိုင်လျှင် အသက်ကိုချမ်းသာပေးဖို့ မတတ်နိုင်ကြောင်း။ သို့ရာတွင် ထောက်ထားညှာတာသောအားဖြင့် ချက်ချင်းမစီရင်ပဲ ငွေတစ်ထောင်ရအောင် မိတ်ဆွေများထံမှ လိုက်လံစုဆောင်းနိုင်ရန်အတွက် တစ်ရက်မျှအချိန်ပေးမည်ဖြစ်ကြောင်း အမိန့်ရှိလေ၏။

အချိန်တစ်ရက်ခွင့်ပြုခြင်းမှာ အေဂျီယွန်အဖို့များစွာအကြောင်းထူးလှမည်မဟုတ်ချေ။ အကြောင်းမူကား ဆွေမျိုးမရှိ အသိမိတ်ဆွေလည်းမရှိသော ဤမြို့ကြီးတွင် အဘယ်သူသည် ၎င်းအားငွေတစ်ထောင်ပေးဖို့ဖြစ်အံ့နည်း၊ ချေးဖို့



www.burmeseclassi.com

www.burmeseclassic.com



ဖြစ်စေ စိတ်ကူးထည့်ပါလိမ့်မည်နည်း။ သို့ရာတွင် အောဂျီယွန်သည်မြို့ဝန်ကြီးက ခွင့်ပြုလိုက်ခြင်းဖြစ်သောကြောင့် မည်သို့မျှပြန်မဖြေဘဲ ထောင်မှူးတစ်ယောက်နှင့်အတူ မြို့ဝန်ကြီးရှေ့မှ ထွက်လာခဲ့လေ၏။

အောဂျီယွန်က ဤမြို့၌အသိမိတ်ဆွေမျှပင် မရှိဟုမှတ်ထင်လျက်ရှိသော်လည်း စင်စစ်မှာသူကခွင့်ပြုလိုက်သဖြင့် အစ်ကိုနှင့်မိခင်တို့ကိုရှာရန် ထွက်လာခဲ့သော သားအငယ်နှင့်သူ၏အဖော်တို့သည် ထိုအချိန်တွင် အက်ဖိဆတ်စ်မြို့ကြီးသို့ ရောက်လျက်ရှိကြလေ၏။

အောဂျီယွန်၏သားနှစ်ယောက်မှာ ရုပ်ဆင်းသဏ္ဍာန် အလွန်တူကြရုံသာမက နာမည်ချင်းလည်းတူလျက်ရှိရာ နှစ်ယောက်လုံးအား အန္တီဖိုလတ်စ်ဟု မှည့်ခေါ်ထား၍ ကျွန်ညီအစ်ကိုနှစ်ယောက်မှာလည်း ဒရိုမီယိုဟူ၍ နာမည်တူမှည့်လျက်သား ကြုံလျက်ရှိနေ၏။ အောဂျီယွန်လိုက်၍ရှာသော သားအငယ်သည် အက်ဖိဆတ်စ်မြို့သို့ ထိုနေ့ညနေ၌ပင် တပည့်ဒရိုမီယိုနှင့်အတူ ဆိုက်ရောက်လာကြ၏။ သားအငယ်မှာလည်း ဆိုင်ရာကုစ်နယ်သားပင်ဖြစ်၍ ဟုတ်မှန်သည့်အတိုင်းပြောခဲ့လျှင် အဖမ်းခံရမည်ဖြစ်၏။ သို့ရာတွင် သားအငယ်သည် အသိတစ်ယောက်နှင့်တွေ့၍ ဤမြို့၌ ဆိုင်ရာကုစ်မှကုန်သည်ကြီးတစ်ယောက်ကို ဖမ်းဆီးထားကြောင်း၊ မိမိကိုယ်ကိုဆိုင်ရာကုစ်မြို့သားဟု မပြောဘဲ အက်ပီဒမ်နမ်မြို့သားတစ်ယောက်ဟု ပြောဖို့အကြောင်းမှာထားသည်နှင့် ဤအတိုင်းပြောသဖြင့် အဖမ်းမခံရဘဲရှိ၏။ သားအငယ်သည် ဆိုင်ရာကုစ်မြို့သားကြီးတစ်ယောက် အဖမ်းခံရသည်ဆိုသောကြောင့် သနားမိသော်လည်း မိမိ၏ဘခင်ပင် ဖြစ်သည်ဟူ၍ကား မသိရှာချေ။

အောဂျီယွန်၏သားအကြီးမှာ မိခင်နှင့်အတူအက်ဖိဆတ်စ်မြို့သို့ရောက်နေကြသည်မှာ နှစ်ပေါင်း-၂၀ကျော်ပြီဖြစ်၍ ကြွယ်ဝသောလူတစ်ယောက်ဖြစ်နေ၏။ သားအကြီးသည် မိမိ၏ဖခင်အားဒဏ်ရိုက်ထားသည့် ဒဏ်ငွေတစ်ထောင်ကို ပေးဆောင်နိုင်သော အခြေအနေရှိသော်လည်း မိမိ၏ဖခင်ကိုလည်းမသိ၊ ဤမြို့သို့ဆိုက်ရောက်လျက်ရှိခြင်းကိုလည်း မသိရှာချေ။ တံငါသည်များသည် သားအမိသုံးယောက်တို့ကို ပင်လယ်ထဲမှဆယ်ယူပြီးသောအခါ ကလေးနှစ်ယောက်အား ကျွန်အဖြစ်နှင့်ရောင်းစားရန်အလို့ငှာ မိခင်နှင့်ခွဲခွာထားလိုက်သဖြင့် မိခင်ဖြစ်သူမှာ ဝမ်းနည်းပက်လက် ဖြစ်ခဲ့ရဘူးလေသည်။

တံငါသည်များသည် ကလေး၂-ယောက်တို့ကို နာမည်ကျော်စစ်သူကြီးတစ်ဦးဖြစ်သည့် မီနာဖုန်နယ်စားသို့ ရောင်းလိုက်လေ၏။ မီနာဖုန်နယ်စားစစ်သူကြီးသည်လည်း အက်ဖိဆတ်စ်မြို့ဝန်၏ ဦးလေးတစ်ယောက်ဖြစ်လေရာ စစ်သူကြီးသည်တူဖြစ်သူ အက်ဖိဆတ်စ်မြို့ဝန်ထံသို့ အလည်အပတ်သွားသော





အခါတွင် သူငယ်နှစ်ယောက်တို့ကို ခေါ်ဆောင်သွားလေသည်။

အက်ဖိဆတ်စ်မြို့ဝန်သည် သားအငယ်အန္တီဖိုလတ်စ်ကို မြင်သောအခါ အလွန်ချစ်မြတ်နိုးသည်ဖြစ်၍ ကြီးပြင်းလာလျှင် သူ၏စစ်တပ်၌ စစ်ဗိုလ်တစ်ယောက်အဖြစ်နှင့် အမှုထမ်းစေ၏။ အန္တီဖိုလတ်စ်သည် ဗိုလ်မှူးကလေးဖြစ်လာ၍ သူရသတ္တိနှင့် ပြည့်စုံသည့်ပြင်မြို့ဝန်ကြီး၏ အသက်ကိုပင်စစ်ပွဲ၌ ကယ်ဆယ်ဘူးသည်နှင့် သူဌေးသမီး အနွရီယားနားနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်လေ၏။ ယခုအချိန်၌ အန္တီဖိုလတ်စ်သည် သူဌေးသမီးနှင့် အတူနေထိုင်လျက်ရှိရာ တပည့်ဒရိုမီယိုသည်လည်း သူ့ဆရာနှင့်အတူပင်ရှိနေ၏။ လူငယ်နှစ်ယောက်တို့သည် အောဂျီယွန်ကိုလည်းကောင်း၊ သူ့အကြောင်းကိုလည်းကောင်း၊ အဖမ်းခံရခြင်းကိုလည်းကောင်း ဘာမျှမသိကြပေ။

(အန္တီဖိုလတ်စ် ညီနောင်နှစ်ယောက်ရှိသည့်အနက် အကြီးမှာသူဌေးသမီးနှင့်ရ၍ အငယ်မှာထိုနေ့ညနေကပင် အက်ဖိဆတ်စ်မြို့သို့ ဆိုက်ရောက်လာခြင်းကိုလည်းကောင်း၊ ကျွန်ညီနောင်ရှိသည့်အနက် ဒရိုမီယိုအကြီးသည် သူဌေးဖြစ်နေသော အန္တီဖိုလတ်စ်(အကြီး)နှင့် အတူနေ၍၊ ဒရိုမီယို(အငယ်)မှာ အန္တီဖိုလတ်စ်(အငယ်)နှင့် ဆိုက်ရောက်လာခြင်းဖြစ်ကြောင်းကိုလည်းကောင်း၊ မမေ့သင့်ကြပေ။ ဆိုက်ရောက်ခါစဖြစ်သော အန္တီဖိုလတ်စ်(ငယ်)သည် မိမိ၏တပည့် ဒရိုမီယို(ငယ်)အား ငွေအနည်းငယ်ပေး၍ မိမိတို့ထမင်းစားမည့်ဆိုင်သို့ လွှတ်လိုက်ပြီးလျှင် မြို့၏အခြေအနေကို တစ်ယောက်တည်းလျှောက်၍ ကြည့်လေ၏။

ဒရိုမီယို(ငယ်)မှာ အူရွှင်သော လူငယ်တစ်ယောက်ဖြစ်၏၊ သူ၏ဆရာ အန္တီဖိုလတ်စ်(ငယ်)သည် နှုတ်ဆိတ်သူတစ်ယောက်ဖြစ်လေရာ တပည့်သည် ဆရာအား ရယ်မောစရာစကားများဖြင့် အပျင်းပြေအောင် ဖျော်ဖြေလေ့ရှိရာတွင် ၎င်းတို့ဆရာတပည့်မှာ အခြားသောဆရာတပည့်များထက် အရောတဝင် ပျော်ပျော်ရွှင်ရွှင် နေလေ့ရှိကြလေသည်။

အန္တီဖိုလတ်စ်(ငယ်)သည် ဒရိုမီယို(ငယ်)ကို စေလွှတ်ပြီးနောက် တစ်ယောက်တည်း လှည့်လည်ကြည့်ရှုလျက်ရှိစဉ် မိမိရှာဖွေလျက်ရှိသော မိခင်နှင့်နောင်တော်တို့ကို သတိရ၍၊ ခေတ္တမျှရပ်နားရင်း ဤသို့စဉ်းစားစိတ်ကူးမိ၏။ သမုဒ္ဒရာထဲ၌ အဖော်ရေတစ်စက်ကိုလိုက်၍ရှာသော ရေစက်ငယ်သည် အခြားရေစက်များနှင့်ရောနှောပြီး ပျောက်ပျက်သွားရသည့်အလား ငါမှာလည်း မိခင်နှင့်အစ်ကိုကိုလိုက်၍ရှာရဆဲတွင် ရှာသူကိုမတွေ့ရဘဲ အခြားလူတွေနှင့်ရောနှောထွေးယှက်ခြင်းသို့ ရောက်ရချေမည်တကား၊ စသည်တို့ဖြင့် တွေးတောလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အန္တိဖိုလတ်စ်(ငယ်)သည် အထက်ပါအတိုင်း စိတ်ကူးတွေးတောလျက်ရှိသည်။ ဒရိုမီယိုကို အဝေးမှမြင်ရ၍ မြန်လှချေတကားဟု အောက်မေ့လျက် "ပိုက်ဆံကို ဘယ်မှာထားသလဲ-"ဟုမေးလိုက်၏။ စင်စစ်မှာ ဤဒရိုမီယိုသည် သူသိသောဒရိုမီယို(ငယ်)မဟုတ်၊ ဒရိုမီယို(ကြီး)ဖြစ်နေ၏။ အန္တိဖိုလတ်စ်ညီနောင်နှင့် ဒရိုမီယိုညီအစ်ကိုတို့မှာ ယနေ့တိုင်လည်း အေဂျီယွန်ပြောပြဘူးသော အခါကကဲ့သို့ပင် တစ်ယောက်နှင့်တစ်ယောက် "ချွတ်ရုံစွပ်ထားသကဲ့သို့" တူညီလျက်ပင် ရှိကြလေသေး၏။ သို့ဖြစ်၍ အန္တိဖိုလတ်စ်က လူမှားပြီး"ပိုက်ဆံကို ဘယ်မှာထားခဲ့သလဲ-"ဟု မေးမိခြင်းဖြစ်ရာ လူမှားနေသော ဒရိုမီယိုကလည်း "သခင်မက ထမင်းပွဲအေးကုန်ပါတော့မယ်၊ စားရအောင် မြန်မြန်ပြန်ခဲ့ပါလို့ မှာလိုက်ပါတယ်-"ဟု ပြန်ပြောလေ၏။

ဤအခါ ဆရာက "နေရာတကာတိုင်း ရွှတ်တွတ်တွတ် မလုပ်စမ်းပါနဲ့ကွယ်၊ "ရွှတ်သင့်တဲ့အခါမှ ရွှတ်ရတယ်ကွဲ့၊ ပိုက်ဆံကိုဘယ်မှာထားခဲ့သလဲ"

တပည့်. . . ၊

"သခင်မက ဆရာ့ကို မြန်မြန်ခေါ်ချေပါတဲ့ ဆရာရဲ့-"

ဆရာ-"ဘယ်ကသခင်မလဲကွဲ့-"

တပည့်-"ခက်ရပလေခင်ဗျ၊ ဆရာ့မယားပေါ့ ဆရာရဲ့-"

အန္တိဖိုလတ်စ်မှာ လူပျိုတစ်ယောက်ဖြစ်ရာ မယားဟုပြောသောအခါတွင် အလွန်စိတ်ဆိုးလာလေ၏။

"ဆရာ- အရောဝင် အရိုသေတန့်ဆိုတာမျိုး မဖြစ်စေနဲ့ဟေ့နော်၊ တည်တည်ပြောဖို့နေရာမှာ တည်တည်ပြောရတယ်ကွဲ့၊ နေရာတိုင်း ရွှတ်တွတ်တွတ် နောက်တောက်တောက် မလုပ်ရဘူးကွဲ့၊ ကြားလားငါပေးလိုက်တဲ့ ပိုက်ဆံကို ဘယ်မှာထားခဲ့သလဲ၊ ငါတို့မှာ အသိအကျွမ်း ဘယ်သူများရှိလို့ ပိုက်ဆံကိုပေးပစ် ထားခဲ့ရတာလဲ-"

ဒရိုမီယိုသည် အသိအကျွမ်းမရှိဟူသော စကားကိုကြားရသောအခါ ရယ်ချင်လာသည်နှင့်. . .

တပည့်-"ကျွန်တော်ကရွှတ်သလား၊ ဆရာကဘဲ ရွှတ်သလားမေးကြည့်ပါဆရာ၊ ဘယ်သူကို ခုံတင်ပြီးမေးမလဲ။ သို့သော်ဒါတွေကို အသာထားပြီး သခင်မကမှာလိုက်တဲ့စကားကို နားဆင်ပါဦးဆရာ၊ ထမင်းပွဲလဲပြင်ပြီးပြီ။ သူ့ညီမလဲ ရောက်နေပြီ၊ ဒါကြောင့် မြန်မြန်ကြီး လာခဲ့ပါတဲ့ဆရာရေ့"

ဤတွင် အန္တိဖိုလတ်စ်သည် တပည့်၏နောက်ပြောင်ခြင်းအတွက် စိတ်မရှည်နိုင်တော့ဘဲ ဒေါသထွက်လာသည်နှင့် ဒရိုမီယိုအား လက်သီးနှင့်ထိုးလေရာ ဒရိုမီယိုသည် အိမ်သို့ပြန်ပြေးပြီးလျှင် သူ့၌မယားလည်းမရှိ၊ အိမ်လည်း





မရှိ၊ ထမင်းစားပြန်ဖို့လည်း မလိုဟုဖြေလိုက်ကြောင်းနှင့် သခင်မအားတိုင်ကြားလေ၏။

အန္တိဖိုလတ်စ်(ကြီး)၏မယား အဒ္ဒရိယာနားမှာ လင်ယောကျာ်းအား အလွယ်တကူ မယုံကြည်တတ်သည့် မိန်းမတစ်ယောက် ဖြစ်လေရကား ဒရိုမီယိုကမယားမရှိဟု ပြောလွှတ်လိုက်သည်ဆိုခြင်းကို ကြားလိုက်ရသည်တွင် ဧကန်မုချ သူ့၌ချစ်ကြိုက်သူ အခြားမိန်းမတစ်ယောက် ရှိသောကြောင့်သာလျှင် မိမိအား ဤကဲ့သို့ စိမ်းစိမ်းကားကား၊ ပစ်ပစ်ခါခါ ပြောလွှတ်လိုက်ခြင်း ဖြစ်ရမည်ဟု တွေးဆပြီးလျှင် လင်ပေါ်၌အကြီးအကျယ် စိတ်ကောက်လျက်ရှိ၏။ ညီမဖြစ်သူ လူစီယာနာက "သူတစ်ဘက်သားကို ဤမျှလောက်အလွယ်တကူနှင့် အလွဲမထင်စမ်းပါနှင့်"ဟု ဖျောင်းဖျပြောဆိုသော်လည်း အချည်းအနှီးဖြစ်တော့၏။

အန္တိဖိုလတ်စ်(ငယ်)သည် ထမင်းဆိုင်သို့ပြန်သွားသောအခါ တပည့်ဒရိုမီယိုကိုအပ်ထားသော ပိုက်ဆံနှင့်တကွတွေ့၍ ဆရာသမားအား နေရာတကာတိုင်း ရွှတ်နောက်ပြောင်ခြင်း၏ မိုက်မဲပုံကို"လက်ချာ"ပေးဦးမည်ပြုစဉ် အန္တိဖိုလတ်စ်(ကြီး)၏မယား အဒ္ဒရိယာနားရောက်လာ၍ မိမိ၏လင်ယောကျာ်းအမှတ်နှင့် ဆူပူလေတော့သည်။ အဒ္ဒရိယာနားက မိမိအားသူစိမ်းပြင်ပြင်တစ်ယောက်ကဲ့သို့ ကြည့်နေရက်သည့်အတွက် အံ့ဩကြောင်း (အန္တိဖိုလတ်စ်ငယ်ကမူ အဒ္ဒရိယာနားကို မမြင်ဘူးသောကြောင့် စိမ်းစိမ်းကားကား ကြည့်သည်ဆိုခြင်းမှာလည်း ဟုတ်ပေလိမ့်မည်။) ညားခါစ၌ ချစ်လှကြိုက်လှပါသည်ဟုပြောပြီး၊ ယခုမှာစိမ်းကားစွာ ကြည့်နေရက်သဖြင့် အချစ်တွေ ပျက်ပြယ်ကုန်ပြီ ထင်ကြောင်း၊ ဟုတ်လည်းဟုတ်ပေမည်။ ယခုမှာ မိန်းမအသစ်ကလေး တွေ့နေ ဟန်တူကြောင်း၊ အသစ်တွေ့သောကြောင့် အဟောင်းကိုမေ့တော့မလား မောင်ရေ-ဟု အဆက်မပြတ်ရန်တွေ့လေရာ အန္တိဖိုလတ်စ်(ငယ်)မှာ ကြောင်တောင်တောင်ကြီး ငေးလျက်ကြည့်နေလေ၏။

ထို့နောက်မှ အန္တိဖိုလတ်စ်(ငယ်)က မိမိမှာသူ၏ လင်ယောကျာ်းမဟုတ်ကြောင်း၊ ဤမြို့သို့ဆိုက်ရောက်လာသည်မှာ နှစ်နာရီခန့်မျှသာရှိသေးကြောင်းပြောပြလေရာ၊ အဒ္ဒရိယာနားက မယုံမကြည်ဖြစ်နေသဖြင့် အန္တိဖိုလတ်စ်အားအိမ်သို့အတင်းခေါ်လေ၏။ နောက်ဆုံး၌ အန္တိဖိုလတ်စ်(ငယ်)သည် ရှင်းလင်းပြောပြ၍ မရသည့်အတူတူ တတ်နိုင်ပါဘူးဟုအောက်မေ့ကာအိမ်သို့ လိုက်သွား၍ အဒ္ဒရိယာနားညီအစ်မနှစ်ယောက်တို့နှင့်အတူ ထမင်းစားရလေ၏။အဒ္ဒရိယာနားကအန္တိဖိုလတ်စ်(ငယ်)အား လင်ယောကျာ်းအဖြစ်နှင့်လည်းကောင်း၊ ညီမလူစီယာနာက ခဲအိုအနေဖြင့်လည်းကောင်း ခေါ်ဝေါ်စကားပြောကြလေရာ အန္တိဖိုလတ်စ်မှာ ဤအဖြစ်အပျက်များသည် တကယ်မဟုတ်နိုင်၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မျှသာ ဖြစ်သည်ဆိုကာ အလိုက်သင့်အလျားသင့် ပြုမူပြောဆိုနေရလေတော့၏။ တပည့်ဖြစ်သူ ဒရိုမီယိုမှာလည်း ဆရာနှင့်အတူ လိုက်ပါလာရလေရာ၊ ၎င်းမှာလည်း ဤအဖြစ်အပျက်များအတွက် အလွန်အံ့သြလျက်ရှိ၏။ ဤအိမ်၌ ထမင်းချက်မိန်းမသည် ဒရိုမီယို(ကြီး)၏မယားဖြစ်လေရာ ၎င်းကလည်း ဒရိုမီယို(ငယ်)အား မိမိ၏လင်ယောကျ်ားမှတ်ထင်သဖြင့် အရေးတဝင် ခေါ်ငင်ပြောဆိုလျက်ရှိလေ၏။

အန္တိဖိုလတ်စ်(ငယ်)သည် အနှုရီယားနားနှင့်အတူ စားပွဲထိုင်လျက်ရှိသည်။ အနှုရီယားနား၏ လင်ယောကျ်ားအန္တိဖိုလတ်စ်(ကြီး)သည် အိမ်သို့ပြန်ရောက်လာ၍ ၎င်း၏တပည့် ဒရိုမီယို(ကြီး)လည်း ပါလာလေ၏။ သို့ရာတွင် သခင်မသည်အစေခံများအား မည်သူ့ကိုမျှ တံခါးဖွင့်မပေးရဟု မှာထားသည်နှင့် အိမ်ရှင်အစစ်ဖြစ်သော ဆရာတပည့်နှစ်ယောက်တို့က မိမိတို့မှာ အန္တိဖိုလတ်စ်နှင့် ဒရိုမီယိုတို့ဖြစ်ကြောင်း ပြောပြသောအခါ အစေခံများသည် ရယ်မောကြလျက် မိမိတို့၏သခင်မှာ သခင်မနှင့်အတူ စားပွဲထိုင်လျက်ရှိကြောင်း ပြောပြလေ၏။ နောက်ဆုံး၌ အန္တိဖိုလတ်စ်(ကြီး)သည် အတန်တန်ပြောပြပါလျက်နှင့် မယုံကြည်ကြသဖြင့် တံခါးဖွင့်မပေးဘဲနေကြရာတွင် အလွန်စိတ်ဆိုးပြီးအိမ်မှ လှည့်ထွက်သွားလေ၏။ မိမိ၏မယားသည် လူတစ်ယောက်နှင့်အတူ စားပွဲထိုင်လျက်ရှိသည်ဟု ပြောပြသည့်အတွက် သာ၍ပင်ဒေါသဖြစ်လျက်ရှိလေ၏။

အန္တိဖိုလတ်စ်(ငယ်)သည် စားသောက်ပြီးသောအခါ၌လည်း အနှုရီယားနားက မိမိအားလင်ယောကျ်ားအဖြစ်နှင့်လည်းကောင်း၊ ထမင်းချက်မိန်းမက တပည့်ဒရိုမီယိုအား သူ့လင်အဖြစ်နှင့်လည်းကောင်း ပြုမူခေါ်ငင်နေကြခြင်းအတွက် အနေရခက်သည်နှင့် ဥပါယ်တမည်နှင့် အိမ်မှထွက်လာခဲ့ကြလေ၏။ အမှန်မှာ အန္တိဖိုလတ်စ်(ငယ်)သည် ညီမလူစီယားနားကို သဘောကျသော်လည်း အစ်မကြီးအနှုရီယားနား၏ ပြုစုတတ်သောသဘောကို မကြိုက်နိုင်ဘဲရှိနေ၏။ တပည့်ဒရိုမီယိုမှာလည်း မီးဖိုချောင်မှထမင်းချက်မိန်းမ၏ အရေးတဝင်အမူအယာနှင့် ချော့မြူခြင်းများကို သဘောမကျနိုင်ဘဲဖြစ်နေ၏။ သို့ဖြစ်၍ ဆရာတပည့်နှစ်ယောက်တို့သည် အိမ်မှအလစ်တွင် ထွက်လာကြပြီး သုတ်ခြေတင်သွားကြလေတော့သည်။

အန္တိဖိုလတ်စ်(ငယ်)အိမ်မှ ထွက်ပြေးလာခဲ့ရာတွင် လမ်းခရီး၌ပန်းတိမ်သည် တစ်ယောက်နှင့်တွေ့၍ နာမည်ကိုခေါ်ကာ ရွှေကြိုးတစ်ကုံးပေးလေ၏။ အန္တိဖိုလတ်စ်(ငယ်)က မိမိ၏ပစ္စည်းမဟုတ်ကြောင်း ပြောမည်ပြုရာတွင် ပန်းတိမ်သည်က ၎င်းကိုယ်တိုင်မှာထားသော ရွှေကြိုးဖြစ်ကြောင်း ပြောပြောဆိုဆိုနှင့် ထွက်သွား၍ ရွှေကြိုးကိုပေးပစ်ခဲ့လေ၏။ ထိုအခါ အန္တိဖိုလတ်စ်(ငယ်)





သည် အလွန်ဆန်းကြယ်သော ဤမြို့၌ဆက်လက်နေထိုင်ခဲ့လျှင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကုန်ရချေတော့မည်ဟုဆိုကာ တပည့်ဖြစ်သူအား ပစ္စည်းများကို သင်္ဘောပေါ်သို့ တင်စေ၍ထွက်ခွာကြဖို့ စီစဉ်လေ၏။

ပန်းတိမ်သည်လည်း ရွှေကြိုးကို "အလွဲလူ"အား ပေးအပ်ခဲ့၍ လမ်းလျှောက်လာရာတွင် ကြွေးရှင်တစ်ယောက်က ကြွေးရစရာရှိသည်ဆိုကာ "ဝါးရမ်း" ဖမ်းလေ၏။ ထိုခဏ၌ ရွှေကြိုးကိုတကယ်မှာထားဘူးသည့် အန္တိဖိုလတ်စ်(ကြီး)သည် ထိုလမ်းမှလျှောက်လာလေရာ ပန်းတိမ်သည်ကမြင်သည်နှင့် မိမိမှာ အဖမ်းခံနေရသောကြောင့် မိမိပေးအပ်ခဲ့သော ရွှေကြိုးအတွက်သင့်ကျသောငွေကို ယခုပေးပါရန် တောင်းခံလေ၏။ အန္တိဖိုလတ်စ်(ကြီး)က ရွှေကြိုးကို မိမိမရကြောင်းပြောရာ ပန်းတိမ်သည်ကလည်း ခုနင်ကလေးတွင်ပေးအပ်လိုက်ရကြောင်းပြော၏။ သို့နှင့် အန္တိဖိုလတ်စ်နှင့် ပန်းတိမ်သည်တို့သည် ကိုယ်ဟာကိုယ် မှန်သည်ထင်ကြလျက် အကြောက်အကန် ငြင်းခုန်ကြ၍မည်သူကမျှ အလျှော့မပေးချေ။ နောက်ဆုံး၌ ပန်းတိမ်သည်က အန္တိဖိုလတ်စ်အပေါ်၌ ရွှေကြိုးဖိုးရစရာရှိပါသည်ဆိုကာ မိမိအားဖမ်းလာသော ပုလိပ်အရာရှိအား ပြောပြ၍ အန္တိဖိုလတ်စ်ကို ဖမ်းခိုင်းရာ အရာရှိသည် ပန်းတိမ်သည်ရောအန္တိဖိုလတ်စ်ကိုပါ နှစ်ယောက်လုံးကို ဖမ်းခေါ်သွားလေ၏။

အန္တိဖိုလတ်စ်(ကြီး)သည် အကျဉ်းထောင်သို့ လိုက်ပါသွားရစဉ် ဒရိုမီယို(ငယ်)နှင့်တွေ့၍ သခင်မထံသို့သွားပြီး၊ ကြွေးမှုအတွက်အလျင်အမြန် ငွေပို့လိုက်ရန်ပြောခိုင်းလေ၏။ ဒရိုမီယို(ငယ်)မှာ သင်္ဘောမှနေရာယူပြီး ပြန်လာခဲ့ခြင်းဖြစ်လေရာ ခုနင်ကပင် စိတ်ပျက်စွာနှင့် ထွက်ပြေးလာခဲ့ကြသည်။ အိမ်သို့ တဖန်ပြန်ပြီး ငွေယူခိုင်းရချေသလောဟု အံ့သြလျက်ရှိ၏။ သို့ရာတွင်ဆရာအား မည်သို့မျှပြန်မပြောဝံ့သည်နှင့် ခိုင်းစေသည့်အတိုင်း ဆောင်ရွက်ရန်ထွက်လာခဲ့လေ၏။ သူ၏စိတ်ထဲ၌ကား မီးဖိုချောင်မှဟာကြီးက ချော့လားမြူလား လုပ်ပြန်ချေဦးတော့မည်ဟု စက်ဆုတ်လျက်ရှိလေ၏။

အနှုယားနားသည် ဒရိုမီယိုတောင်းသောငွေကို ပေးလိုက်သဖြင့် ဒရိုမီယိုသည်ငွေကိုယူ၍ ပြန်လာသောအခါ အန္တိဖိုလတ်စ်(ငယ်)နှင့် တွေ့လေ၏။ အန္တိဖိုလတ်စ်(ငယ်)မှာလည်း ဘယ်လိုမြို့သူမြို့သားတွေပါလိမ့်ဟု အံ့သြစွာနှင့် လမ်းလျှောက်လာခိုက်ဖြစ်၏။ အံ့သြမိခြင်းမှာ မြို့သူမြို့သားများသည် (သူ၏အစ်ကိုကြီးထင်မှတ်ကြ၍) အကြွေးဆပ်သူကဆပ်၊ အရေးတဝင် နှုတ်ဆက်သူကဆက်၊ ကြည့်ရှုစောင်မဘူးသည့်အတွက် ကျေးဇူးတင်စကား ပြောသူကပြောသဖြင့် နားမလည်နိုင်အောင် ဖြစ်နေလေ၏။ တစ်ဦးသော အပ်ချုပ်သည်ကမူ သူမှာထားသော အထည်စရောက်လာပြီဖြစ်၍ အကျႌချုပ်ဖို့အတွက် အတိုင်းအ



www.burmeseclassic.com

www.burmeseclassic.com



ထွာကိုယူရန် အတင်းခေါ်လျက်ရှိလေ၏။

အန္တိဖိုလတ်စ်(ငယ်)မှာ မိမိသည်စုန်းများ၊ ကဝေများ၊ မှော်ဆရာများ နေထိုင်သော မြို့သို့ရောက်နေရချေပြီလောဟု အလွန်အံ့ဩလျက်ရှိ၏။ လူများ၏အပြုအမူကို လုံးဝနားမလည်နိုင်ဘဲ ဖြစ်နေရာတွင် တပည့်ဒရိုမီယို ရောက်လာ၍ ပုလိပ်အရာရှိလက်မှ ဘယ်နည်းနှင့် လွတ်လာသနည်းဟု မေးလျက်အန္တီယားနားထံမှ တောင်းယူလာခဲ့သော ငွေကိုထုတ်ပေးလေ၏။ ဤတွင် အန္တိဖိုလတ်စ်(ငယ်)မှာ ဦးဏှောက်ရှုပ်သည်ထက်ရှုပ်၍ ဆင်ခြင်စဉ်းစားရန်ပင် မတတ်နိုင်တော့ဘဲ "ငါ့တပည့်လည်းရူး၊ ငါလည်းရူး၊ တစ်မြို့လုံးလည်းရူး၊ အားလုံးအရူးတွေချည့် ဖြစ်ကုန်ကြပြီ ထင်ပါလားကွယ်တို့၊ ကယ်နိုင်သူများရှိလျှင် ကယ်တော်မူကြပါ အရှင်ဘုရားတို့"ဟု လက်မြှောက်သော အနေဖြင့်ရေရွတ်လိုက်လေတော့သည်။

ထိုခဏ၌ မိန်းမတစ်ယောက် လျှောက်လာ၍ အန္တိဖိုလတ်စ်ဟု နာမည်ကိုခေါ်၍ နှုတ်ဆက်ပြီးလျှင် မိမိနှင့်ထိုနေ့က ထမင်းတစ်နပ်အတူတူ စားကြကြောင်းပြော၍ မိမိအားကတိထားခဲ့သော ရွှေကြိုးကိုလုပ်ပြီးပါပြီလောဟု မေးလေ၏။ ထိုအခါ အန္တိဖိုလတ်စ်သည် စိတ်ဆိုးလာ၍ ထမင်းလည်းအတူမစားဘူးကြောင်း၊ ရွှေကြိုးပေးမည်ဟုလည်း ကတိမထားဘူးကြောင်း၊ မျက်နှာကိုပင် မမြင်ဘူးကြောင်းပြော၍ "စုန်းမ"ဟုခေါ်လေ၏။ မိန်းမကအတူတကွ ထမင်းစားဘူး၍ ရွှေကြိုးပေးမည်ဟု ကတိထားခဲ့ဘူးကြောင်း ထပ်လောင်း၍ ပြောပြန်ရာတွင် အန္တိဖိုလတ်စ်(ငယ်)က ငြင်းဆိုပြန်သည်နှင့် မိန်းမကလက်စွပ်တစ်ကွင်း ပေးထားရ၍ ရွှေကြိုးမပေးလျှင် မိမိ၏လက်စွပ်ကို ပြန်ပေးဖို့တောင်းလေ၏။ ဤတွင်အန္တိဖိုလတ်စ်(ငယ်)သည် အကြီးအကျယ်ဒေါသထွက်လာ၍ "စုန်းမ" "ကဝေမ"ဟု ခေါ်ပြီးလျှင် လူကိုလည်းမသိ၊ လက်စွပ်ကိုလည်းမသိ၊ ရွှေကြိုးကိုလည်းမသိကြောင်း ပြော၍ထွက်သွားလေ၏။ မိန်းမကမူ လက်စွပ်ပေးရန် ရွှေကြိုးပေးမည်ဟု ကတိထားဘူးကြောင်းသေချာသည်နှင့် အလွန်အံ့ဩ ငေးလျက်ရှိလေ၏။ စင်စစ်သော်ကား အန္တိဖိုလတ်စ်(ကြီး)သည် မိန်းမပြောသည့်အတိုင်း အားလုံးပြုဘူးသည်မှန်ပါလျက် လူမှားခြင်းသာဖြစ်လေသည်။

အန္တိဖိုလတ်စ်(ကြီး)သည် မိမိ၏အိမ်တွင်းသို့ ဝင်ခွင့်မရဘဲ တံခါးပိတ်ထားခြင်းကို တွေ့ရသောအခါ၊ မိမိ၏မယားသည် မိမိအားအခြားမိန်းမများနှင့် မသင်္ကာသည်နှင့် စိတ်ကောက်ပြီး(ဤသို့လည်း မကြာခဏဖြစ်ဘူးသည်)တံခါးပိတ်ထားသည်အထင်နှင့် မိန်းမအပေါ်၌ စိတ်ဆိုးလျက် အိမ်မှထွက်လာခဲ့လေ၏။ အန္တိဖိုလတ်စ်(ကြီး)သည် မိမိအပေါ်၌ အကြောင်းမဲ့စိတ်ကောက်သော မယားကို လက်တုန့်ပြန်လိုက်ဦးမည်ဟူသော အကြံနှင့်မိန်းမတစ်ယောက်၏ အိမ်





သို့အလည်သွားခြင်း၊ ထမင်းအတူစားခြင်း၊ လက်စွပ်နှင့်ရွှေကြိုးလဲလှယ်မည်ဟူသော ကတိထားခြင်းတည်းဟူသော အလုပ်တို့ကိုလုပ်ခဲ့ဘူးလေသည်။ ထို့ကြောင့်လည်း မိန်းမကအန္တိဖိုလတ်စ်(ငယ်)အား စွပ်စွဲခြင်းဖြစ်လေသည်။ အန္တိဖိုလတ်စ်(ကြီး)သည် ပထမ၌ ရွှေကြိုးကိုမယားအတွက် မှာထားခြင်းဖြစ်ရာ စိတ်ကောက်၍ထွက်လာခဲ့သောအခါမှ ထိုမိန်းမနှင့်တွေ့ပြီး စိတ်ကူးပြောင်းလဲသွားခြင်းဖြစ်လေသည်။ မိန်းမကမူ မိမိအားစိတ်ဆိုး၍ ထွက်သွားသော အန္တိဖိုလတ်စ်ကို ရူးသွပ်သည်အထင်နှင့် သူ၏မယား အန္ဒြီယားနားထံသို့သွား၍ ၎င်း၏ခင်ပွန်းမှာ စိတ်ဖောက်ပြန်လျက်ရှိကြောင်း ပြောပြလေ၏။ ဤသို့ရှိစဉ် အန္တိဖိုလတ်စ်(ကြီး)သည် အိမ်ထဲသို့ ဝင်လာလေရာ သူနှင့်အတူထောင်မှူးတစ်ယောက်လည်း ပါလာ၏။ ထောင်မှူးသည် ငွေယူရန်အိမ်သို့ပြန်ပါရစေဟု အန္တိဖိုလတ်စ်(ကြီး)က အခွင့်တောင်းသည့်အတိုင်း ခွင့်ပြု၍သူနှင့်အတူ လိုက်လာခြင်းဖြစ်လေသည်။ အန္ဒြီယားနားကမူ စောစောကတဲက ဒရိုမီယိုလာ၍ တောင်းသဖြင့် ငွေပေးလိုက်ရပြီးလေပြီ။

အန္တိဖိုလတ်စ်(ကြီး)သည် အိမ်ထဲသို့ရောက်သည်နှင့် တပြိုင်နက် အိမ်တံခါးမဖွင့်ပေးဘဲ ပိတ်ထားခြင်းအတွက် မယားဖြစ်သူ အန္ဒြီယားနားကိုပြစ်တင်ကြိမ်းမောင်းသည်တွင် အန္ဒြီယားနားသည် ရူးသွပ်သည်ဟု ထိုမိန်းမကပြောခြင်းမှာ မှန်လောက်သည်ဟု ယုံကြည်လေ၏။ ထို့ပြင်လည်း စောစောပိုင်းက အတူတကွစားသောက်ကြစဉ် မိမိသည်သူ၏ မယားမဟုတ်ကြောင်း ပြောခြင်းများကိုလည်း သတိရ၍ ရူးသွပ်သည်ဆိုခြင်းမှာ မှန်လောက်သည်ဟု ယူဆလေ၏။ သို့ဖြစ်၍ အန္ဒြီယားနားသည် လိုအပ်သောငွေကို ထောင်မှူးအားပေး၍ လွှတ်လိုက်ပြီးနောက် အန္တိဖိုလတ်စ်ကို ကြိုးဖြင့်တုပ်နှောင်ရန် အစေခံများအား အမိန့်ပေးလေ၏။ ထို့နောက် အန္ဒြီယားနားသည် အန္တိဖိုလတ်စ်အား အလင်းရောင်မဝင်နိုင်သော အခန်းတစ်ခန်းထဲသို့ သွင်းထားစေ၍ ရူးသွပ်သောရောဂါ ကုသရန်အတွက် ဆေးဆရာခေါ်ရန် အစေခံများအား စေလွှတ်လေလိုက်၏။ ဤအတောအတွင်း အန္တိဖိုလတ်စ်သည် မိမိအားမဟုတ်မတရား စွပ်စွဲရချေမည်လောဟု ဒေါပွကာဆူပူသော်လည်း အချည်းအနှီးပင်ရှိလေတော့သည်။ အန္တိဖိုလတ်စ်က ဆူပူလေလေ အန္ဒြီယားနားက ရူးသွပ်သည်ဟု ယုံကြည်လေလေ ဖြစ်နေလေရာ ဒရိုမီယိုက သူ့ဆရာဘက်မှ ထောက်ခံပြောဆိုသည်တွင် တပည့်လည်း ဆရာကဲ့သို့ပင် ရူးသွပ်နေပြီဆိုကာ ဆရာနှင့်အတူ ချည်နှောင်ချုပ်တီးထားလိုက်ကြလေ၏။

ဆရာတပည့်နှစ်ယောက်တို့အား ပိတ်လှောင်ထားလိုက်ပြီးဖြစ်၍ မကြာမီအတောအတွင်း အစေခံတစ်ယောက်က ၎င်းတို့နှစ်ယောက်ကို လမ်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



၌တွေ့ခဲ့ရသဖြင့် အခန်းထဲမှ လွတ်ထွက်သွားကြပြီထင်ကြောင်း ပြောလေ၏။ ထိုအခါ အန္တီယားနားသည် အစေခံများကိုခေါ်၍ ဆရာတပည့်နှစ်ယောက်ကို ဖမ်းဆီးရန်ထွက်သွားလေရာ ညီမလူစီယားနားလည်း အတူလိုက်သွား၏။ ၎င်းတို့သည် သီလရှင်ကျောင်းတစ်ကျောင်း၏ တံခါးဝသို့ ရောက်ကြသောအခါ အန္တိဖိုလတ်စ်(ငယ်)နှင့် ဒရိုမီယို(ငယ်)တို့ကို တွေ့မြင်ကြ၍ ယခင်အတိုင်း ဆက်လက်အထင်မှားလျက် ရှိကြပြန်လေ၏။

အန္တိဖိုလတ်စ်(ငယ်)မှာ လူမှားခြင်းပြဿနာကြောင့် အခက်ကြုံလျက် ပင်ရှိနေ၏။ သူ၏လည်ပင်း၌ ပန်းတိမ်သည်ကပေးသော ရွှေကြိုးကိုဆွဲလျက်ရှိရာ ပန်းတိမ်သည်ကလည်း မိမိထံမှရွှေကြိုးကိုရရှိ၍ လည်ပင်း၌ဆွဲထားခြင်းကို မြင်ရပါလျက်၊ မရပါဟုငြင်းကွယ်ပြီး ငွေလည်းမပေးဘဲ နေရချေလောဟု ဆူပူ တောင်းခံလျက်ရှိ၏။ အန္တိဖိုလတ်စ်ကလည်း ပန်းတိမ်သည်သည် မိမိအားရွှေကြိုးကို အလကားပေးထားခဲ့ခြင်း ဖြစ်ပါသည်ဟု ခုခံပြောဆိုလျက်ရှိ၏။

ထိုကဲ့သို့ တစ်ယောက်တစ်ခွန်း ငြင်းခုံပြောဆိုလျက်ရှိစဉ် အန္တီရီယားနားတို့ရောက်လာ၍ ဆရာတပည့်နှစ်ယောက်တို့အား အခန်းထဲမှ ထွက်ပြေးကြသည့်မိမိ၏ ယောက်ျားနှင့်တပည့်ဖြစ်သူတို့ဆိုကာ ဝိုင်းဝန်း ဖမ်းဆီးမည်ပြုရာတွင် ဆရာတပည့်နှစ်ယောက်တို့သည် သီလရှင်ကျောင်းထဲသို့ ဝင်ပြေးကြ၍ သီလရှင်ဆရာကြီးအား မိမိတို့ကိုကယ်ပါရန် အသနားခံကြလေ၏။

သီလရှင်ဆရာကြီးသည် ကျောင်းပြင်သို့ထွက်လာ၍ အဖြစ်အပျက်ကို စစ်ဆေးစုံစမ်းလေရာ ရှေးဦးစွာသီလရှင်ကြီးက အန္တီရီယားနားအား သူ့ယောက်ျားရူးသွပ်သည်ဆိုခြင်း အကြောင်းကိုစစ်ဆေးမေးမြန်း၏။

ရှင်။ "သင့်ယောက်ျား ချက်ချင်းရူးသွားပုံကို ပြောပြစမ်းပါဦး၊ အကြောင်းကဘယ်လိုလဲ၊ ပင်လယ်မှာ သင်္ဘောနစ်လို့ ပစ္စည်းများရုတ်တရက်ဆုံးရှုံးသွားဘူးလား၊ သို့တည်းမဟုတ် ချစ်ခင်တဲ့ဆွေမျိုးညာတိ အသိမိတ်ဆွေ တစ်ယောက်ယောက် သေဆုံးသွားလို့လား"ဟုမေးရာ အန္တီယားနားက ထိုကဲ့သို့ မဟုတ်ကြောင်း ပြောလေ၏။

ရှင်။ "ဒါမှမဟုတ်လျှင် သင့်ကိုမချစ်တော့ဘဲ အခြားမိန်းမတစ်ယောက်ယောက်ကို ချစ်ကြိုက်လေတော့ စိတ်ဖောက်ပြန်သွားခြင်း ဖြစ်လေသလား"ဟုမေးပြန်ရာ အန္တီရီယားနားအိမ်မှ ခဏခဏထွက်သွားပြီး အပြင်မှာ အချိန်ဖြုန်းခြင်းကို ထောက်ခြင်းအားဖြင့် မိန်းမတစ်ယောက်ယောက်နဲ့ ချစ်ကြိုက်နေသည်ဟု ထင်စရာရှိကြောင်း ပြန်ပြော၏။ အမှန်မှာအိမ်မှခဏခဏ ထွက်သွားခြင်းသည် အခြားမိန်းမတစ်ယောက်ယောက်နှင့် ချစ်ကြိုက်သောကြောင့်မဟုတ် မသက်ာတိုင်း စွပ်စွဲပြီးနားပူနားဆာ ပြုလုပ်ခြင်းအတွက်ကြောင့်





နားအေးစေ ရန်အတွက် ရှောင်ထွက်ခြင်းမျှသာ ဖြစ်လေသည်။ သီလရှင်ကြီးသည် ဤအကြောင်းကိုရိပ်မိသည့် လက္ခဏာနှင့် ဆက်လက်မေးမြန်းပြန်လေသည်။

ရှင်။ "သည်လိုဆိုလျှင် သူ့ကိုဆူပေးရုံရှိတာပေါ့၊ တော်တော်ဆူရဲ့မဟုတ်လား"

နား။ "ဆူပါတယ်သီလရှင်ကြီး"

ရှင်။ "လုံလောက်အောင် မဆူဘူးထင်တယ်၊ ကြပ်ကြပ်ကြီးဆူပေးရမယ်" ထိုအခါ အန္တီရီယားနားသည် ဆူပူခြင်းအလုပ်၌ မိမိ၏တာဝန်ကျေပွန်ကြောင်းကို သီလရှင်ကြီး သိစေလိုသည်ဖြစ်၍ ဤသို့ပြော၏။

နား။ "ဆူလိုက်ပုံတော့ မပြောပါနဲ့တော့ ဒီအကြောင်းကလွဲပြီး ဒိပြင်စကားတောင် ကျွန်မမပြောတော့ဘူး၊ ဒါကိုချည့် ထပ်ခါတလဲလဲပြောပါတယ်၊ ညအချိန်ဆိုလျှင်လဲ ကျွန်မကဆူလွန်းလို့ သူအိပ်တောင်မအိပ်ရဘူး၊ ထမင်းစားတုန်းလည်း ဆူတာပဲ၊ စားတောင်မစားနိုင်ဘူး၊ သူနဲ့ကျွန်မနှစ်ယောက်တည်းရှိတဲ့အခါများကျလျှင် ဒီပြင်အကြောင်းကို တစ်ခွန်းမှမပြောဘူး၊ ဒီအကြောင်းချည်း ကျွန်မကပြောတော့တာပဲ၊ လူတွေရှိလို့ တိုက်ရိုက်မပြောသာလျှင်လည်း စောင်းပါးရိပ်ခြည်ပြောတာပဲ"

ရှင်။ "ဘယ်လိုများပြောလဲ"

နား။ "ကျွန်မပြင်မှတစ်ပါး အခြားမိန်းမတစ်ယောက်ကို ချစ်ကြိုက်ခြင်းဟာ အင်မတန်ယုတ်မာကြောင်း၊ သစ္စာမဲ့ကြောင်း၊ ဆိုးရွားကြောင်း၊ အထပ်ထပ်ပြောပါတယ်"

သီလရှင်ကြီးသည် အန္တီရီယားနား၏ နှုတ်မှစကားရအောင် ပြေလည်စွာ 'ချူ'ယူလိုက်သဖြင့် အထက်ပါအတိုင်း 'ဖြောင့်ချက်'ထွက်လာရာတွင်...

ရှင်။ "ဩော်... ဩော်... လက်စသတ်တော့ သူ့ခမျာရူးရှာတာ ဒီလိုကြောင့်ကိုး... လင်ယောက်ျားကို မသင်္ကာလို့ မြည်တွန်ဆူပွက်လိုက်ပြီဆိုမှဖြင့် မယားပါးစပ်ကထွက်တဲ့ စကားတွေဟာ လင်တစ်ယောက်ကို ရူးအောင်လုပ်ဖို့ ခွေးရူးကိုက်တာထက်တောင် သေချာသေးတယ်အမိရေ၊ ထမင်းစားပွဲမှာလဲဆူ၊ အစားပျက်၊ အအိပ်ပျက်ဖြစ်ပြီဆိုမှဖြင့် ဘယ်သူခံနိုင်မှာလဲ၊ ရူးရောပေါ့ အမိရယ်၊ ရူးတယ်ဆိုတာ ဟုတ်မှာဘဲ၊ သို့သော် ရူးအောင်လုပ်တဲ့လူက တစ်ခြားလူမဟုတ်ဘူး၊ သူ့ဇနီးသည်မိန်းမ အမိပဲဖြစ်ရမှာပဲ"ဟု အပြစ်ဆိုလေ၏။

ထိုအခါ ညီမလူစီယားနားက အစ်မအားကာကွယ်သည့် သဘောနှင့် "မမကမြည်တွန်တောက်တီးတတ်တယ် ဆိုပေမင့်... ကြမ်းကြမ်းတမ်းတမ်း မဟုတ်ပါဘူး ဆရာကြီးရှင့်... ဖျောင်းဖျောင်းဖျဖျ ပြောခြင်းဖြစ်ပါတယ်"ဟု



www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ကြီးအား ပြောပြီးနောက် အန္ဒရီယားနားဘက်သို့လှည့်လျက် "ဘယ့်နှယ် လဲမမရဲ့၊ ဆရာကြီးပြောတာတွေ ဘာ့ကြောင့်ခေါင်းငုံ့ပြီး ခံနေရသလဲ ပြန်ပြော ပါတော့လား"ဟု အားပေးတိုက်တွန်းလေ၏။ သို့ရာတွင် အန္ဒရီယားနားကမူ"သီ လရှင်ကြီး ပြောပြတဲ့အပြစ်တွေဟာ ဟုတ်လည်းဟုတ်တာပဲညီမရဲ့"ဟု ပြန် ပြောလေသည်။

အန္ဒရီယားနားသည် သီလရှင်ကြီးဖော်ပြသည့် အတွက်ကြောင့် မိမိ၏ အပြစ်ကို မိမိမြင်၍ရှက်သော်လည်း မိမိ၏ယောကျ်ားကို မိမိ၏လက်သို့အပ်ဖို့ သီလရှင်ကြီးထံ တောင်းခံလေရာ၊ သီလရှင်ကြီးကမူအန္ဒရီယားနားတို့လူစုကို မိမိ၏ကျောင်းထဲသို့ အဝင်မခံဘဲ အန္တိဖိုလတ်စ်၏ရောဂါကို မိမိကိုယ်တိုင်ချော့ မော့၍ ကုသပေးမည်ဟုပြောလေ၏။ ထို့နောက် သီလရှင်ကြီးသည် မယုံသင်္ကာ အားကြီးလှသော အန္ဒရီယားနားနှင့် နောက်ပါများကို သီလရှင်ကျောင်းထဲသို့ ဝင်ခွင့်မပြုဘဲ တံခါးများပိတ်ထားလိုက်ရန် အမိန့်ပေးလေ၏။

ညီအစ်ကိုနှစ်ယောက်တို့၏ အသွင်တူမှုကြောင့် အမှားပေါင်းအထပ် ထပ်ဖြစ်ခဲ့ရသော ထိုနေ့သည်ကုန်ဆုံးလုနီးပြီဖြစ်ရာ ကုန်သည်ကြီးအေဂျီယွန်အ ဖို့ ငွေရှာရန်တစ်ရက်တာမျှပေးထားသော အချိန်သည်ကုန်ဆုံးလုနီးလာခဲ့လေ ပြီ။ အကယ်၍နေဝင်ချိန်တိုင်ရောက်သောအခါ၌ ငွေတစ်ထောင်ရအောင် မရှာ နိုင်ခဲ့လျှင် အေဂျီယွန်မှာ အသက်ဆုံးရှုံးအောင် စီရင်ခြင်းခံရမည် ဖြစ်လေ သည်။

အေဂျီယွန်အား သေဒဏ်အပြစ်ပေးမည့်နေရာမှာ သီလရှင်ကျောင်း အနီး၌တည်ရှိလေရာ သီလရှင်ကြီးသည် အန္ဒရီယားနားကို မဝင်နိုင်အောင် တံခါးကိုပိတ်လိုက်သောအချိန်တွင် အေဂျီယွန်နှင့် အာဏာသားများသည် တံ ခါးအနီးသို့ ရောက်လာကြလေ၏။ မြို့စားကြီးသည် အကယ်၍ အေဂျီယွန်အ တွက် ငွေတစ်ထောင်ပေးဆောင်လိုသူ ပေါ်ပေါက်ပါက ချက်ချင်းလွှတ်နိုင်စေ ခြင်းငှာ သူကိုယ်တိုင်လိုက်ပါလာလေ၏။

အန္ဒရီယားနားသည် မြို့စားကြီးကိုမြင်သောအခါ သီလရှင်ကြီးက မိမိ၏ရူးသွပ်သော လင်ယောကျ်ားကို မိမိလက်သို့မအပ်ဘဲ ဝှက်ထားပါသည်ဟု တိုင်တန်းလေ၏။ ထိုခဏ၌ အန္ဒရီယားနားကချုပ်လှောင်ထားခဲ့သည့် အန္တိဖို လတ်စ် (ကြီး)နှင့် ဒရိုမီယိုတို့သည် ထိုနေရာသို့ရောက်လာကြ၍ ဇနီးဖြစ်သူက မိမိအား ရူးသွပ်သည်ဆိုကာ ချုပ်လှောင်ထားရာမှ အစောင့်အရှောက်များအ လစ်တွင် ထွက်ပြေးလာခဲ့ရကြောင်းနှင့် မြို့စားကြီးအားတိုင်တန်းလေ၏။ အန္ဒ ရီယားနားသည် သီလရှင်ကျောင်းထဲ၌ ရှိသည်ထင်သော မိမိ၏ယောကျ်ားကို အပြင်၌တွေ့ရ၍ အံ့သြလျက်ငေးကြည့်နေ၏။





အေဂျီယွန်သည် အန္တိဖိုလတ်စ်(ကြီး)ကို မြင်သောအခါ မိခင်နှင့်သူ၏ အစ်ကိုကိုရှာရန် ထွက်သွားသော အန္တိဖိုလတ်စ်(ငယ်)ဖြစ်သည် ထင်မှတ်၍ မိမိ၏သားသည် မိမိအတွက်ပေးဆောင်ရန်ရှိသော ဒဏ်ငွေတစ်ထောင်ကို ထမ်း ဆောင်လိမ့်မည်ဟုမျှော်လင့်လျက်ရှိ၏။သို့ဖြစ်၍အေဂျီယွန်သည်အန္တိဖိုလတ်စ်(ကြီး) အား ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်၍ မိမိ၏အကျပ်အတည်းမှ ကယ်ဆယ် ပေတော့မည်ဟု ယုံကြည်မျှော်လင့်ကြောင်းပြော၏။ သို့ရာတွင် အန္တိဖို လတ်စ်(ကြီး)ကမူ သင်္ဘောပျက်အတည်းက ကွဲသွားကြခြင်းဖြစ်သည့်အလျောက် အေဂျီယွန်အားသိလည်းမသိ၊ မြင်လည်းမမြင်ဘူးကြောင်း ပြောသည်နှင့် အေဂျီ ယွန်မှာ အံ့အားသင့်လျက်ရှိ၏။ အေဂျီယွန်က မိမိ၏သားသည် ဒုက္ခကြုံတွေ့ ရခြင်းကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသောမိမိအား မမှတ်မိသောကြောင့် သော်လည်းကောင်း၊ သို့တည်းမဟုတ် လူရှေ့သူရှေ့တွင် ညစ်နွမ်းစုတ်ချာသော အဝတ်များဝတ်ဆင်ထားသူတစ်ယောက်ကို ဖခင်ဟူ၍အသိအမှတ်ပြုရန် ရှက် သောကြောင့်လည်းကောင်း၊ မသိချင်ပြုနေသည်အထင်နှင့် အန္တိဖိုလတ်စ်(ကြီး) အား ဝမ်းနည်းစကားပြောလျက်ရှိ၏။ ထိုခဏ၌ သီလရှင်ကြီးသည် ကျောင်းထဲ မှထွက်လာရာ ၎င်းနှင့်အတူ အန္တိဖိုလတ်စ်(ငယ်)နှင့် ဒရိုမီယိုတို့လည်းပါလာ ကြလေ၏။ သို့ဖြစ်၍ အန္ဒရီယားနားသည် အန္တိဖိုလတ်စ်ဆရာတပည့်နှစ်စုံကို မြင်ရသည်နှင့် မည်သူကားမိမိ၏လင်ယောကျ်ားဖြစ်သည်ဟု ပိုင်းခြားရန်မ တတ်နိုင်သဖြင့် အကြပ်ရိုက်လျက်ရှိလေ၏။

ထိုအချိန်မှစ၍ ဤလူစုအားရှုပ်ထွေးတွေဝေခြင်းဖြစ်စေခဲ့သည့် ပြဿနာကြီးတစ်ရပ်သည် ရှင်းလင်းစပြုလာခဲ့လေပြီ။ မြို့စားကြီးသည် အန္တိဖို လတ်စ်နှစ်ယောက်နှင့် ဒရိုမီယိုနှစ်ယောက်တို့ကို မြင်လိုက်ရသောအခါ နံနက် ပိုင်းက ကုန်သည်ကြီးအေဂျီယွန် ပြောပြဘူးသည့်အဖြစ်အပျက်တွင် ညီနောင် နှစ်စုံတို့၏ အသွင်တူပုံအကြောင်းကို သတိရသဖြင့် အမှားတွေအဆင့်ဆင့်ဖြစ် ခဲ့ကြရခြင်းနှင့် ပတ်သတ်၍ အလုံးစုံသဘောပေါက် နားလည်သွားခဲ့လေပြီ။

ထိုအချိန်တွင် မမျှော်လင့်သည့် ဝမ်းမြောက်စရာကြီးတစ်ခု ဖြစ်ပေါ် လာပြန်သေး၏။ နံနက်ခင်းအချိန်က သေဒဏ်အမိန့်ပေးခြင်းခံရခိုက်တွင် ကုန် သည်ကြီးအေဂျီယွန် စတင်ပြောပြခဲ့သော အဖြစ်အပျက်ဇာတ်လမ်းမှာ မင်္ဂလာ ရှိသော အဆုံးသတ်ခြင်းဖြင့် ဇာတ်သိမ်းရပေတော့မည်။ အကြောင်းမူကား သီလရှင်ကြီးသည် အခြားသူမဟုတ်၊ အန္တိဖိုလတ်စ်(ကြီးငယ်)နှစ်ယောက်တို့၏ မိခင် အေဂျီယွန်၏ဇနီးပင် ဖြစ်နေကြောင်းတွေ့ရှိရသောကြောင့်ပေတည်း။

တံငါသည်များသည် အန္တိဖိုလတ်စ်(ကြီး)နှင့်ဒရိုမီယို(ကြီး)တို့ကို မိခင် နှင့် ခွဲယူသွားကြသောအခါ မိခင်သည် သီလရှင်ကျောင်းတစ်ကျောင်းသို့ဝင်၍



www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ပြုလေရာ သူ၏သိက္ခာသမာဓိနှင့် အကျင့်စာရိတ္တကောင်းမွန်ခြင်းအတွက်ကြောင့် သီလရှင်ဆရာကြီးအဖြစ်သို့ တင်မြှောက်ခြင်းခံရလေ၏။ သီလရှင်ကြီးသည် ဧည့်သည်တစ်ယောက်အား နှိပ်စက်ကြသည်အထင်နှင့် သူ၏ကရုဏာအလျောက် အန္တီဖိုလတ်စ်(ငယ်)အား အကာအကွယ်ပေးခဲ့ရာ စင်စစ်အားဖြင့် သူ၏ရင်သွေးကိုပင် အကာအကွယ်ပေးမိလျက်သား ကြုံလျှက်ရှိလေတော့သည်။

နှစ်ပေါင်းကြာရှည်စွာ ကွဲကွာလျက်ရှိကြသော မိဘနှင့်သားများ ပြန်လည်တွေ့ဆုံကြရခြင်းအတွက်ကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြသည်။ အေဂျီယွန်တို့ မင်းပြစ်မင်းဒဏ်ခံဖို့ ရှိသေးသည့်အဖြစ်ကို မေ့လျော့လျက်ရှိကြ၏။ သို့ရာတွင် အလွန်အကျူးဝမ်းမြူးကြရာမှ စိတ်ငြိမ်သက်သော အခြေသို့ရောက်လာကြသောအခါ ဤအကြောင်းကိုသတိရကြ၍ အန္တီဖိုလတ်စ်(ကြီး)သည် ဖခင်အတွက် အသက်ဖိုးပေးဆောင်ရန်ရှိသော ဒဏ်ငွေတစ်ထောင်ကို မြို့စားကြီးအား ပေးဆောင်လေရာ မြို့စားကြီးကမူ ဒဏ်ငွေကိုမယူဘဲ အပြစ်မှ ချမ်းသာပေးလိုက်လေ၏။

ထို့နောက် မြို့စားကြီးသည် မိသားတစ်စုတို့နှင့်အတူ သီလရှင်ကျောင်းထဲသို့ ဝင်လိုက်သွား၍ ၎င်းတို့လေးဦးသား (ကျေးကျွန်နှစ်ယောက်ပါခြောက်ဦးသား) ပြန်လည်တွေ့ဆုံ ပေါင်းစည်းမိကြခြင်းအတွက် ပျော်ရွှင်စွာတစ်ယောက်တစ်ခွန်း ပြောကြခြင်းများကို နားထောင်လျက်ရှိ၏။ ကျေးကျွန်များဖြစ်ကြသော ဒရိုမီယိုညီနောင်တို့၏ ပျော်ရွှင်ဝမ်းမြောက်ကြခြင်းကိုလည်း မမေ့အပ်ပေ။ သူတို့ခမျာမှာလည်း အလွန်ဝမ်းသာလျက်ရှိကြသည့်ပြင် လူချောကလေးများ ဖြစ်လာကြသည့်အလျောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း သူချောသလို ငါလည်းချောသည်ဟု သိရှိခြင်းဖြင့် နှစ်ယောက်လုံး ပီတိသောမနဿ ဖြစ်လျက်ရှိကြလေ၏။

အန္တရိယားနားမှာလည်း သီလရှင်ယောက္ခမကြီး၏ ဆုံးမဩဝါဒကြောင့် နောင်တတရားရသည်ဖြစ်၍ လင်ယောက်ျားအန္တီဖိုလတ်စ်အပေါ်တွင် မယုံသင်္ကာစိတ်မျိုးထားရှိခြင်းကို ပယ်ဖျောက်ကာ စိတ်ရှည်၍ကြင်နာသော မယားကောင်းတစ်ယောက် ဖြစ်လာလေ၏။

အန္တီဖိုလတ်စ်(ငယ်)သည် အန္တရိယားနား၏ညီမ လူစီယားနားနှင့် မျက်စိကျပြီးဖြစ်သည့်အတိုင်း ထိမ်းမြားလက်ထပ်ကြလေ၏။ သို့နှင့် ကုန်သည်ကြီးအေဂျီယွန်သည် ၎င်း၏သားမယားများနှင့်အတူ အက်ဖိဆတ်စ်မြို့၌ နှစ်ပေါင်းများစွာ နေထိုင်လေ၏။ ရုပ်ချင်းတူလှသော ဆရာညီနောင်နှင့် တပည့်ညီအစ်ကိုတို့၏ လူမှားခြင်းပြဿနာသည် နောင်အဖို့တွင် တစ်ခါတည်း ရှင်း





လင်းသွားမည်မဟုတ်၊ ဆက်လက်ပေါ်ပေါက်သေးသော်လည်း ယခင်ကကဲ့သို့ ဒုက္ခဖြစ်စေလောက်အောင် ရှုပ်ထွေးခြင်းမျိုး မဟုတ်တော့ဘဲ ရယ်စရာဖန်တီးသော လူမှားခြင်းမျိုးလောက်ဖြင့်သာ ပြီးဆုံးရပါလေတော့သတည်း။

သွေးသောက်၊ အမှတ် (၁၈၇)၊ ဩဂုတ်လ၊ ၁၉၆၁ ခုနှစ်။


□ □ □

www.burmeseclassi.com

www.burmeseclassic.com

# ရှိတ်စပီးယားဝတ္ထုတိုများ

ရွှေဥဒေါင်း




BURMESE CLASSIC .com
www.burmeseclassi.com